www.burmeseclassic.com

နတ်ဘုရားကောင်းမြည့်

BURMESE CLASSIC .com

KALBE
fatigon
ဖတီဂွန်

နတ်ဘုရားကောင်းမြည့်မဂ္ဂဇင်း နှစ် (၁၁) ပြည့် အထူးထုတ်

www.burmeseclassic.com

www.burmeseclassic.com

နေ့ဟေ တာသ ဘဝဇော အရဟင်တော သမ္မာသမ္ဗုဒ္ဓသ

နက္ခတ္တရောင်ခြည်

နက္ခတ္တရောင်ခြည်

နက္ခတ္တရောင်ခြည်





ဣဋ္ဌာသယဂါထာတော်

အတီတေ တတ္တမာနေ၊ ကုသလော ဟကတော ယော၊
ကုဒ် ဟုည်ဝိဘာဝေါ်၊ ဒေဝတာနံ သုခါဃစ၊
တေနုညာနုဘာဝေန၊ သဗ္ဗရောဂါ ဝိမုစ္စတု၊
သမ္မဘယာဝိမုစ္စတု၊ သမ္မသောကာဝိမုစ္စတု၊
တေသံမေတ္တာနုဘာဝေန၊ လဒ္ဓလာဘာ ဘဝန္တုမေ၊
အနက် လဒ္ဓဘောဂါ လဒ္ဓသုခါ၊ လဒ္ဓဂုဏာ ဘဝန္တုမေ၊

အတီတေစ– အတိတ်အခါ၌ လည်းကောင်း၊ **တတ္တမာနေစ**–ယခု ဖြစ်ရပ်တွေ့ကုန်ဘဝ၌ လည်းကောင်း၊ **မယော**– ငါသည်၊ **ကုသလော**–ကောင်းသောအမှု ကုသိုလ်စုကို၊ **ဟကတော**–တက်စွမ်းသမျှဖြင့်အပ်ချုပ်၊ **ကုဒ်ဟုည်**–ဤသို့ ပေါင်းမြဲကောင်းမှုအစုကို၊ **ဒေဝတာနံ**–ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်စသော နတ်များ၊ ပွာတို့အား၊ **သုခါဃစ**–ချမ်းသာရန် အလို့ငှာလည်း၊ **ဝိဘာဝေဝိ**–အမျှဝေပါ၏။

တေနုညာနုဘာဝေန– ထို ကုသိုလ်ကောင်းမှုအစုစု၏ အာနုဘော်ကြောင့်၊ **သဗ္ဗရောဂါ**–ခပ်သိမ်း သော အနာရောဂါမှ၊ **ဝိမုစ္စတု**–လွတ်မြောက်စေသတည်း။ **သဗ္ဗဘယာ**–ခပ်သိမ်းသောဘေးမှ၊ **ဝိမုစ္စတု**–လွတ်မြောက် စေသတည်း။ **သဗ္ဗသောကာ**–ခပ်သိမ်းသော ဝိုင်ဝိုင်ငြိုးမှ၊ **ဝိမုစ္စတု**–လွတ်မြောက်စေသတည်း။

တေသံမေတ္တာနုဘာဝေန–ထိုနတ်တို့၏ မေတ္တာအာနုဘော်ကြောင့်၊ **မေ**–အကျွန်ုပ်အား၊ **လဒ္ဓလာဘာ**–ရအပ်သော လာဘ်လာဘကို ရှိကုန်သည်၊ **ဘဝန္တု**– ဖြစ်ပါစေကုန်သတည်း။ **လဒ္ဓဘောဂါ**– ရအပ်သော ချမ်းသာရှိကုန်သည်၊ **ဘဝန္တု**–ဖြစ်စေကုန်သတည်း။ **မေ**–အကျွန်ုပ်အား၊ **လဒ္ဓသုခါ**– ရအပ်သော ချမ်းသာရှိကုန်သည်၊ **ဘဝန္တု**–ဖြစ်စေကုန်သတည်း။ **လဒ္ဓဂုဏာ**–ရအပ်သော ဂုဏ်ရှိကုန်သည်၊ **ဘဝန္တု**–ဖြစ်စေကုန်သတည်း။

ခက်ခဲသော ပါဠိအသံထွက်

ဝတ္တ	= ဝတ်တ	ဝိမုစ္စတု	= ဝိမုတ်စတု
ကုဒ်ဟုည်	= အိဒ်ဟုန်ည်	မေတ္တာ	= မစ်တာ
ပုညာ	= ပုန်ညာ	လဒ္ဓ	= လတ်ဓ
သဗ္ဗ	= သဝ်ဗ	ဘဝန္တုမေ	= ဘဝန်တုမေ

လော ကီ ပ ညာ ရ သ စုံ မ ဂ္ဂ ဇင်း

www.burmeseclassic.com

www.burmeseclassic.com

နက္ခတ္တရောင်ခြည်

လောကီပညာရှင်သစ်မဂ္ဂဇင်း



မင်းဝံတောင်၏
အပြင်အဆင်းတောင်ထိပ်ရှိ
ရတနာထူဝဲ့ဒေါင်စေတီတော်အောင်မြတွင်...
စာ-၉၀

နာယကကြီး
အိုက်တာ အောင်နိုင်
M.B.B.S (Ygn)
ဒ-ဘာ-ဝ(တိုင်းရင်းဆေး)
M.Med.Sc (Pharmacology)
Advanced Pharmacokinetics
Training (London)
M.C.P.A, A.T.C.M
(Wuhan), D.M.A
Senior Fellowship of Aryuvedic
Medicine(India)

သာသနာ့အကျိုးဆောင်
ကေလာသ ဆရာအောင်

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ
အကြံပေး
အိုဝတ်ရည်ဆွေ
B.Sc(Bot), Dip.T.Med,
ဦးဝင်းထိန်ကျော်
B.A(Philos), Dip.T.Med.,
T.L.R.M (INDIA)

အနောက်တိုင်း ဆေးကလာ
အယ်ဒီတာ
ကိုကိုမောင်

စာတည်းချုပ်
ဦးကျော်မိုးသိန်း
တာဝန်ခံစာတည်း
မွေဒေဝ
နယ်လှည့်အယ်ဒီတာ
အောင်ဇ(LL.B)၊ကိုစိုးဆန်း၊
သန်းထွန်း(ဘားအံ)
ပါဠိဋ္ဌ အယ်ဒီတာ
* ဦးစံတင့်
(စတုနိကာယကောဒိန၊ဗိနယဧရ၊ ဓမ္မာစရိယ)
* ဦးသန်းအောင်ဌေ
[ဓမ္မာစရိယ (မဟာဝဏ္ဏိဒီ မြန်မာဂုဏ်ထူး)
ဒီဃဘာဏက-ဒီဃနိကာယကောဒိဒ
(နိကာယဝိပုလ)]
ဥပဒေအကြံပေး
ဦးထွန်းစိန်
B.A(Myanmar), H.G.P.R.L(Advocate)
ပန်းချီဒီဇိုင်းပညာရှင်
ကိုဇာဂဦး၊
တင်တင်နွယ်
မျက်နှာဖုံးပန်းချီ
မြတ်မင်းဟန်
ဖြန့်ချိရေးမှူး
ယဉ်ကျေးဝေ
ကွန်ပျူတာစာစီ
ပါဂမီ ကွန်ပျူတာစာစီလုပ်ငန်း

ထုတ်ဝေသူ
ဦးခင်မောင်ဝင်း(ခ)ဦးကျော်မိုးသိန်း(၀၀၇၃၉)
နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်၊
၂၀၉၊ ၂၉ လမ်း၊ ရန်ကုန်မြို့၊
အတွင်းနှင့် မျက်နှာဖုံးဖိုက်
ဦးကျော်ဝင်းစိုး(၀၇၃၃၆)၊ စိုးတွေဆန်းနိုင်တိုက်၊
အမှတ် ၁၇/က၊ ၅၆ လမ်း၊ ၂ ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊
မန္တလေးဖြန့်ချိရေး
နဂါးစာပေ
ရှမ်းတောင်ကယား ဖြန့်ချိရေး
မိလိုနာစာပေ (တောင်ကြီး)
ဂဠိနဒီစာပေဖြန့်ချိရေး(တောင်ကြီး)
မွန်ပြည်နယ်၊ တနင်္သာရီပြည်နယ်ဖြန့်ချိရေး
ကျော်ကျော်စာပေ(မော်လမြိုင်)
ဖြန့်ချိရေး
ကျော်မိုးသိန်းစာပေ ၂၀၉၊ ၂၉ လမ်း၊ ရန်ကုန်မြို့၊
☎- ၀၁၂၄၂၅၄

ကြော်ငြာဌာနမှူး - ကိုတင်မောင်မြင့်
မဂ်လာ မီးပွားရေး(ကြော်ငြာလုပ်ငန်း)

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ
အမှတ် ၃၆၀
တန်ဖိုး - ၂၂၀၀ကျပ် (ဖြန့်ချိရေး)
[နှစ်ထောင့်နှစ်ရာကျပ်]
အုပ်ရေ
၁၀၀၀
☎-၀၁ ၂၄၂၂၈၄

www.burmeseclassic.com

www.burmeseclassic.com

ဘုရင်ဝင်းခေါင်၏ အကောင်းမြှုပ်
ရန်အောင်ခုမ်းကွေးတောင် ဗုဒ္ဓဟူးတို့၌
ဘဝိဋ္ဌာန်ဖါဒ အောင်ခြင်းသူကောင်းရဲ့ဂုဏ်သတို့ကဲ့ ..... စာ-၆၅

ဇေတဝန်ကြီး ဆရာတော်ကြီး၏
အတ်တော်များကို
ထူးခြားစွာ ပူးတွေ့ရှိခဲ့သည် ..... စာ-၁၃၉

ဒဏ္ဍာရီခြင်းရောင်ခြည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်
နန်းစန္ဒာတိုင်းရင်းဆေးခန်း ဆရာမဒေါ်မြင့်စန်း
(တဆ-၀၁၁၅၇)၏ သွေးတိုးရောဂါ ကာကွယ်
စောင့်ရှောက်နည်းများ [မြောင်းမြ မောင်ယဉ်တင့်] ၁၇၁

ပညာပေးရောင်ခြည်

ဇနီးမောင်နှံ ရာသက်ပန်ဖြစ်ရန် အိမ်ထောင်ဖက်ကိန်း
တွက်ချက်ပုံ [ဟံသုရစော] ၁၀၃
လထီးဆောင်းခြင်းနှင့် နက္ခတ်တို့၏သဘာဝ [သမ္ဘုဏ္ဍ] ၁၂၅
သူရိယဗိပနိကျမ်းပေစာလာ လျော်လှုပ်အဟော
[မောင်ကံ-တံတားရွာ] ၁၈၉

လက္ခဏာရောင်ခြည်

အလုပ်အကိုင် အခွင့်အလမ်းနှင့် လက္ခဏာပညာ
[ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့] ၂၈
တုဒ္ဓေကြွယ် သူဌေးတစ်ဦး၏လက္ခဏာ ၆၁
လက္ခဏာပဟေဠိ အဖြေညီကြစို့ ၁၄၇
တစ်ချက်ကောင်းဟောကွက် [ဦးသော်ခင်-ဟသံတ] ၁၇၄
အမေးရှိ၍ အဖြေရှိခဲ့ရပါသည်
[ဆရာဦးခင်မောင်လင်း-B.Sc၊ ရွှေဘို] ၁၈၂
သူ ဘယ်လိုလူစားလဲ [သန်းပညာ] ၁၉၉

သမိုင်းဘွဲ့ရောင်ခြည်

မလွန်မြို့ဟောင်းမှ ပန်ထွာပြည့်ရွှင် မင်းပုန်းဥ
[ထက်မင်းကျော်စွာ] ၄၉
မင်းဝံတောင်ခြေမှ ကျွန်းပင်မောင်နှမ နတ်နန်း
[ခရီးသည်သုတေသီ] ၅၇
ဥမင်တောင်(သို့မဟုတ်)ရသေ့တောင်(၃)
[ဘိုသန်း-ကန့်ဘလူ] ၉၇
ဥဇ္ဈာဒက ရေပူဘုရားကြီးသို့ အလည်တစ်ခေါက်
[နိုင်မင်းညို] ၁၂၉

အဂ္ဂဟာယရောင်ခြည်

တောင်းဆုပြည့်ဝ ဂျုတ်စမ်းတောရ
[ဦးကိုကိုကြီး-စစ်ဆေးရေး၊ ကစစ(၁၂)ထုံးဘို] ၃၃
ရာဇာပြိယ်တောင်ကိုးလုံး ဆရာတော်ကြီးနှင့်
ဘဝတစ်လွှေ့တွင် မမျှော်လင့်ဘဲ တွေ့ကြုံခဲ့ရသော
ထူးခြားဆန်းကြယ်သည့် ဖြစ်ရပ်မှုန်များ(၃) [ဒေါ်ခိုး] ၁၀၀
ကျီကွမီနယ်မှ ကဒါတ်ထောက်ဝါးကျောင်းနှင့်
ဆရာတော်ဦးသုနှရ၏ ဘဝကောက်ကြောင်းများ(၅)
[ဘုန်းကျော်စွာ-မြိုင်တတ္တာသိုက်] ၁၁၈
နွားမှုန်တောင် ရွှေကျင်ဂူတောရနှင့် ထူးခြားသော
ရဟန်းနှစ်ပါး(၁) ၁၅၁

www.burmeseclassic.com

www.burmeseclassic.com

ဟိုးယခင်ထွေးရောင်ခြည်

အခြေခံကျန်းမာရေးဝန်ထမ်းဘဝ အတွေ့အကြုံများ
[ပရလောကမှ မှန်တိုင်းဒဏ်သင့်မှန်းတစ်ပွင့်] [နေဇော်–နဂါဟ] ၂၁၇
နှင်းပုလဲက လူပျံတော် လူခြောက်ညီနောင်(၁)
[အိကင်းဦးမြမောင်–မန္တလေး] ၂၄၄
နယ်ကျော် စုန်းကဲ့ဝေတစ်ဦး(၀) [ဝသုန် သက်လွင်] ၂၅၁

ကျင့်စဉ်ရောင်ခြည်

လူပျိုအပျို ဖူးစာဖက် မည်သူနည်း [ကျော်ဇင်ဖြူ] ၄၇
အဘဘိုးမင်းခေါင် ခိုးမြွင့်ခဲ့သော ကျင့်စဉ်အဓိဋ္ဌာန်နှင့်
မန္တန် [ဝင်းအင်ကြင်း] ၁၀၈
မဟာဘုတ်ခိန်ခွင်နှင့် ရန်ပြေကံသာအဓိဋ္ဌာန်ကျင့်စဉ်(၂)
[ဦးခင်မောင်နိုင်] ၁၃၅
အဂ္ဂကျင့်စဉ်ဂါထာတော်
[ရွှေကံကူ သာသနာပြု မယ်တော်ကြီး] ၁၅၅
ရသေ့ဆရာရှင် ပြောပြသည့် ဓာတ်သိမ်းခြင်း
[ရဲမျိုးသူ–ဗောဓိမြို့ငှ] ၂၈၉

အဆီအရောင်ခြည်

အဖြေရှာမရဖြစ်သော သောကတင်းဝေးစေနည်း
[ကသာ သင်းမွှေး] ၈၅
ထူးခြားတဲ့ သရဏဂုံကျင့်စဉ် လျှို့ဝှက်အစီအရင်
[ထက်မြက်မြင့်–ဝက်လက်] ၁၀၉
သီလရှင်ဆရာကြီး ဖွားကုလ္လာလ ပြောပြသည့်
မြွေဆိပ်ချနည်း [ငြိမ်းသော်တာ] ၁၂၁
သူငယ်နာအတက်ရောဂါ မကြောက်ပါနှင့်
[ပန်းတနော် နောင်လတ်] ၁၄၈
အိုးစည်ကို နံရံမှာချိတ်၍ နေတတ်ယူ
[မောင်ရင်ထွေး–မအူပင်] ၂၂၅
ကလေးအဖတ်တင်စေရန် ဂန္ဓိရနည်း [ဦးစိုး–မတ္တရာ] ၂၂၇
အဖေနဲ့နှင့် မြေကြီးပုစ္ဆာ [ရဲမျိုးသူ–ဗောဓိမြို့ငှ] ၂၃၃

အပျိုရတ်ရောင်ခြည်

ရွှေသေတ်သား လုံကျင်းစား
[ဆရာဦးစန်းယု–ခေတ်မီအဘိဓမ္မာတောင်သာ] ၃၀
ခြစ်ဆုံး ရွှေပြာသုံးနည်း
[မြန်မာသမားတော် မင်းတင်မောင်–
ဝိဇ္ဇာခရက္ခိရ ဓာတ်ဆေးပညာရှင်] ၁၅၀
လတ်တွေ့အဝိုရတ်လုပ်ရတ်(၀)[သွပ်ဖမ်းနည်း]
[နတ်မျက်စိ–ဝိဇ္ဇာခရေနယပညာ] ၁၅၈
ကာယသီဒိုလမ်း [တင်လှ–ဆမ၊ ငြိမ်း] ၁၆၆
ဦးဘညွှန့်၏ သွပ်ခတ္တ (၀) [ဦးမင်းဇင်–ရွှေနဝင်း] ၁၇၉
မော်လမြိုင် တန်ဆာသုတ်ဆရာတော် ဦးတိလောက
ထွက်ရပ်ပေါက်သည့် သံဝိဇ္ဇာလမ်း
[အောင်သန့်–ပုသိမ်ကြီး] ၁၈၄

ငယ်ဂက်သဲဟိတ်သင်္ဘာကြီးမှ
သူငယ်ချင်းပြည် ရွှေဘုံသာပုဇွန်ဘုရားရှိ
ဟိုးဒေတီမှပုံတောင်းပုံစက်လက္ခဏာများမှာ... စာ–၁၃

အဆီပင်ရှိပါက ရွှေတွယ်သလို
တွယ်ကပ်ငန်းကာ
အဆီပင်များကို စုပ်ယူသည်။ အဆီပင်ကုန်မှ... စာ–၂၂၂

www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီးဇနီးရှင်တော်မုဆည်း
ဘားမဲ့ဘာသာကေားခြင့် အဆက်မပြတ်
ဂွတ်ဆိုလျက်စီရင်တော်မူပါသည်... ◆စာ-၄၁

ဆေးထိုးစုတ်ဒင်များနှင့် ဆေးမျှောခြင်းသည်
ထွန်ခဲ့သော နှစ်(၄၀)ခန့်ကပင် တောင်းဝယ်သူများစွာရှိ၏
ရှေးဟောအတိုင်း ပေးမည်ဆို၏... ◆စာ-၁၂၂



*** ဂါထာပဒနိဒ္ဒေသများခြင်းညှိ ***

ဘားမဲ့ ဘားထီး ဘားမြို့က်၊ ဘားမော့ ဘားမွတ်ခေါ် ဘားတမွတ် ဆရာတော်ကြီးများ ကျင့်သုံးခဲ့သော စုဆို့ကွန်ရ အာဘယ ရှိမိုးဂါထာတော် [ရွှေဘီသိန်း] ၁၂၄
အဖွားစောဇီ၏ ခွေးဖူးဆိပ်ပြေဂါထာ [ခွန်စိုင်းဝမ်း] ၁၆၆
ဂါထာစွမ်းနှင့် ကိုးတံခါးပုတီးအစီအရင်
[ဗိုလ်ကျော်ကြီး-ဟသံတ] ၂၆၉
ပွေးအဖွက် စိတ်ညစ်နေကြသလား
[ကျော်ထင်ရာဇာ-အင်းရွာ] ၂၀၀

*** ဆေးနည်းဟိုးရောင်းခြင်းညှိ ***

ဝမ်းနုတ်ဆေး စားရမှာ ကြောက်သလား
[ဇလွင်မိုး] ၁၅၇
ဒူးနာအတွက် လက်တွေ့ပျောက်ဆေးနည်း
[သဏ်းဝင်း-ကြေးမြေ] ၁၇၆
ကျေးဇူးရှင်ဖခင်ကြီး၏ အသက်ကို ကယ်ခဲ့ဖူးပါသည်
[ပုလော ဝိုးအေး] ၁၉၆

◆ ဆေးဖေဒရောင်းခြင်းညှိ ◆

ဆေးဝါးအင်္ဂါ ပြည့်စုံစေကြောင်း
[ဆရာဆုစံ-မြိတ်၊ တိုင်းရင်းဆေး] ၁၅၂
ကြွက်ကိုက်အနာပျောက်ဆေး [ဆရာကြူ] ၁၈၃

*** ဂဏ္ဍီရုဝဏ္ဏရောင်းခြင်းညှိ ***

ရွှေနှင့်ငွေ ချစ်ပုံပြင် [နှတ်မောက် လှမြင့်သစ်] ၂၀၉
ပဏ္ဍာသိုက်က နွားတစ်ကောင်သား ဝုန်အောင်စားတဲ့ ဘီလူး [အောင်(သိဒ္ဓိရာဇာ)နဝင်း/မြို့တော်] ၂၅၇
ပရသောကနှင့် ဓမ္မလောက (၁) [နေဝန်းနို] ၂၇၃
ကျောက်ဘီလူးစောင့်သော ဘုရားကုန်းသိုက်
[မောင်ကံထွန်း-ပုသိမ်] ၂၈၁

● ဆိတ်ရွှဝ်းအင်းရောင်းခြင်းညှိ ●

ခမုံဆရာတော်ကြီးနှင့် ဆန်းကြယ်သော မနောစွမ်းအား
[ဇော်မင်းအောင်] ၂၄၉
သားအဖနှစ်ဦးမက်သော အိမ်မက်
[မောင်ဇင်သူ-ကျောက်စိမ်းတွင်း] ၂၆၃
အိမ်အိုကြီးမှ ထူးခြားအိမ်မက်များ [ကိုစနေ] ၂၉၂

✎ ယူးခြားးဘမ်ဖင်ရောင်းခြင်းညှိ ✎

ဘီးလင်းမြို့ ကျိုက်ထီးဆောင်းစေတီကုန်းမြေပေါ်က ထူးခြားဆန်းပြားသည့် အုန်းပင် [လှထွန်း-ခွေ-စက်စဲ] ၇၉
အိမ်ဧရာ ကျက်သရေ ဖြာဝေစေသည့် သာတိုင်းမွေးပန်းပင် [ခရီးသည်သုတေသီ] ၁၄၅
စီးပွားတိုးတက်ကြီးပွားဖက်တဲ့ ဝါးမင်း
[ဦးသူရဝိုး-ငါးသိုင်းလွှောင်း] ၂၃၂

www.burmeseclassic.com

www.burmeseclassic.com

✤ အထူးသတ်မှတ်ခြင်းမရှိ ✤

အလွယ်တူဆုံး ပျားရည်အတု,အစစ် ခွဲခြားနည်း
[အောင်ဆန်းလင်း–ဘီအေ] ၁၈၃

မြွေသဘာဝ ဝိုးစဉ်းသိသမျှ စကားဝိုင်း
[အောင်လှသန်း–မင်းဘူး] ၁၉၁

† ယူးခြားဝန္ထုဇဉ်းရောင်ခြင်းဆိုင် †

တိုးတက်လာဘ်ရှင် ကြက်ဥအမြွေတေ
[နတ်မောက် လှမြင့်သစ်] ၁၅၃

အာခံသံပြင့် ရရှိခဲ့သော ကျောက်မျက်နှာ
[အောင်ဇ–LL.B] ၁၆၄

✤ ဟုတ်ုးရောင်ခြင်းဆိုင် ✤

မနှိပ်သင့်သော နှိပ်တွဲတက်တစ်ကွက် [ယျာမင်းလှိုင်–သထုံ] ၁၆၇

✱ အပျိုးသီးအထူးရောင်ခြင်းဆိုင် ✱

ပြန်ဖွေးလှဲပသည့် မျှစ်ဆတ်ပြုလုပ်နည်း
[မင်းလွင်မောင်–မန်းချောင်း] ၁၈၁

○ သုတေဘန္ဓနရောင်ခြင်းဆိုင် ○

စိတ်ဝင်စားဖွယ်ကောင်းသော ထိုးပြိုလက်မှတ်များအကြောင်း
[ဆရာကြီး ဦးအောင်မြင့်–ဥပဒေဘွဲ့] ၁၅၅

မဟာဘုတ်ခြိုန်ခွင်နှင့် ကျေးဇူးရှင်ဆရာတော်ကြီးများ
[ဟသံတမြို့ အတွင်းပရိယတ္တိစာသင်တိုက်
မဟာနာယကဆရာတော် အဂ္ဂမဟာဂန္ထ ဝါစကပဏ္ဍိတ၊
အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု နိုင်ငံတော်
ဩဝါဒါစရိယ ဘဒ္ဒန္တအရိယဝံသမဟာထေရ်အား
ဂါထာပြု ပူဇော်ခြင်း] [သန်းပညာ] ၁၆၆

○ ခြစ်ချင်းကြိုးဆေးဝင်ဆေးခြစ်ရောင်ခြင်းဆိုင် ○

ငွေကြေးတောနှံ ဆေးတစ်ဖုံ
[ကျောက်ကပ်အတွက် ဟင်းနှုန်းဆူးပေါက်ပင်]
[မြဒင်–ဇင်းကျိုက်] ၂၀၅

တင်းအဆိပ်ဘုရင် ငြမ်းကြီးပင်(သို့မဟုတ်)မုဒ္ဓိပင်
[ကိုတွန်း–မင်းလှ] ၂၁၅

✱ ဟိရဏ္ဍာန်ရောင်ခြင်းဆိုင် ✱

တွဲ့နွား နားအတွင်း ယားနာများ(ကုလားမူရောဂါ)
[ငွေသိန်း–တိ/ဓမ္မ/ကု] ၁၁၉

မြင်း ချောင်းဆို့,ဆီးချပ်,ကျင်နောထ်,အပူလျှပ်,
ဝမ်းကျဉ်ပျောက် ဆေးနည်းများ [အေးရွှေ–ဇီးကုန်း] ၁၈၈



ဝှက်ထွင်းဂိုဏ်းကို စတင်ထူထောင်ခဲ့သည့်
ဆရာ့တော်ဦးပဏ္ဍဝ ကျင့်ကြံအားထုတ်ရာ
အဖိုကရအဓိဋ္ဌာန်အောင်မြေလိုက်ပုဇြန်ခံ ... စာ–၂၀

ကျောက်မျက်နှာကို
ကြေးနှိုးကြိုးမှ ကိုင်ရှဲလှုပ်ပေးလျှင်
ထွေထိုးကောင်းသည် ... စာ–၁၆၄

www.burmeseclassic.com

www.burmeseclassic.com

သိန္ဓိရွှင်မျှား
ဆေးကြိတ်
အင်းပေါက်
ကွန်းခိုခဲ့ရာ
ရှေးဟောင်း
လိုက်ဂူ
ကိုးခုမှ
တစ်ခုပြစ်သည်
စာ-၄၉



ဒိုကြက်ဥအပြုံအေဟာ
တာတမံတိုးတက်အောင်မြင်လာစံရှင်ပွဲ
ဒေးတမံတို့သုံကြွပြီးအမ်
စာ-၁၉၃

အချို့က တတိုင်းရွှေး(တ,တိုင်းရွှေး)ဟု
ခေါ်ဝေါ်ကြသော်လည်း
ရည်ရွယ်ချက်မှာ အသစ် ဖြစ်ပေသည်ဟု
စာ-၁၄၃

ကဗျာများ

ကျောက်သံပါတ်ဆင်ရွာကြီးမှ ဆုတောင်းပြည့် ရွှေတုံသာမုဒ္ဒေါဘုရား(၁) [ဘုန်းကျော်စွာ–မြို့ငြိတက္ကသိုလ်] ၉
ဘုရင့်မင်းခေါင်၏ ဆုတောင်းပြည့် ရန်အောင်ရွှမ်းပွားတော် [စင်ညိုငယ်] ၆၅

အောင်မြေ့ချောင်ခြည်

ငှက်တွင်းဆရာတော်ကြီး၏ မူလအောင်မြေ ငှက်တွင်းလိုဏ်သို့ [စင်ညိုငယ်] ၁၇
စစ်ကိုင်းတစ်ခွင် သမိုင်းဝင်စေတီများ၏ အောင်မြေနှင့် ရှိုးပုဇော် ဂါထာတော်များ(၄၁)[ရတနာတွင်္ဂမဲခေါင်စေတီတော်] [အောင်ရွှေမြတ်–စစ်ကိုင်းတောင်] ၈၉

ဗီဇေဒချောင်ခြည်

ထီကံပွင့် ဆုတောင်းပြည့်အဓိဋ္ဌာန် [သန်းခေါင်–ပညာရေး] ၂၃
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ထီထိုးလိုက ရွှေချယ်ပါ ဤဂဏန်း [ဆရာရဲထက်–သုတေသီ] ၂၁၆
၂၀၁၆ ခုနှစ်၊ ဇူလိုင်လတွင် ထီဆုကြီးများ ဆွတ်ခူးနိုင်ဖို့ [ထက်မင်းကျော်စွာ] ၂၈၈

နိုက်ထျိုးဇေးဒမျာင်ခြည်

ရွှောက်ပင်များ သီးချိန်တန်လျက် အဘီး မသီးခဲ့သော် [ဆရာကြည်မြို့–နတ်မောက်] ၆၂

အောင်မြင်ကွန်းမာစေးဒမျာင်ခြည်

သက်ရှည်ကွန်းမာစေရန် နေ့စဉ်ကျင့်ကြံရမည့် နည်းလမ်းများ [မြောင်းမြ မောင်ယဉ်တင့်] ၁၉၈

အင်းဒမဒမျာင်ခြည်

လင်နှင့်မယား မေတ္တာပါးသူများအတွက် [ဇော်မြင့်–မြင်းခြံ] ၁၉၃
လောကီ,လောကုတ် နှစ်လိုပြည့်စုံ မြတ်သရဏဝံ [ဝိဇ္ဇာမဟိဒ္ဓိ ဆရာဦးသန်းမြင့်–တိုင်းရင်းဆေး] ၂၀၁

ပုဗ္ဗိုးတိယူးဒမျာင်ခြည်

(၇)နှစ်ကြာသည့်တိုင် မပျက်စီးသော ဘုန်းတော်ကြီး ရွှပ်ကလာပ်တော် [အရဟံ ဆရာသိန်း–လပွတ္တာ] ၂၅
မြို့ငြိမြို့နယ်မှ ရဟန္တာဟု သမုတ်ခြင်းခံရသော မင်းကန်ရွာလယ်ကျောင်းဆရာတော် ဦးမာယိန္ဒအား ဂါရဝပြုပူဇော်ခြင်း(၄) [သံသရာခရီးသည်တစ်ဦး] ၈၁
တေဇောဇ္ဈာဆရာတော်ကြီး(၄) [ခင်ခင်ဝင်း–ကေသရတီ] ၁၃၇

www.burmeseclassic.com

www.burmeseclassic.com

✤ လူးခြားဆန်းကြယ်ရောင်ခြည် ✤

ခြေချုပ်ဂါထာတစ်ပုဒ်...လို [ဘိုမင်းဖြူ–ဥပဒေ] ၂၂၁
ဆန်းကြယ်စွာ ကြုံရဆုံရ မန်းသက်ရွာသူ အမေပု [တင်ဘုန်းဝင်း] ၂၃၇
သိုက်နန်းမှ ညီမလေးကို ကြိုနေမယ် [စလင်း ဦးကျော်] ၂၆၅

✪ အပေးအစေခြံရောင်ခြည် ✪

ဆင်အံ ကျောက်ဖြစ်ရပ်ကြောင်းပေလော သိရှိသူ
ပညာရှင်များမှ ဖြေကြားပေးပါရန် [သာထက်ဇော်–မကွေး] ၁၆၉

✂ နေ့ခင်းသုံး အာဏာစံးယွန်ရောင်ခြည် ✂

၂၀၁၆ ခုနှစ်၊ ဇူလိုင်လအတွက်
နေ့ကောင်းရက်သာ ရွေးချယ်ပါ [သုခစုစံ–ကျိုက်လတ်] ၅၅
၂၀၁၆ ခုနှစ်၊ ဇူလိုင်လအတွင်း
ပုံရိပ်ရှင်တို့၏ ကံကြမ္မာ [ဟူကျင်းဖို] ၆၃
၂၀၁၆ခုနှစ်၊ ဇူလိုင်လအတွင်း
လာဘ်လာဘရွှင်လန်းစေဖို့ [ထက်မင်းကျော်စွာ] ၂၀၀
၂၀၁၆ ခုနှစ်၊ ဇူလိုင်လအတွက်
ခုနှစ်ရက်သားသမီးဟောစာတမ်း [ဆရာ ရောင်ခြည်] ၂၀၇

✧ ပြုန်းတီးမှုဒဏ်များပေးရောင်ခြည် ✧

အရွယ်သုံးပါး ကံတွက်နည်း [မောင်ဗဟိန်း–အင်းတော်] ၇၀
လက်ထပ်သောနှစ်နှင့် လင်မယား ဥစ္စာရှိမရှိ
တွက်နည်းအဟော [ကောင်းခန့်–သခွတ်မြေ၊ ဝက်လက်] ၁၇၄

◆ ကျန်းမာရေး ဓာတ်အားရောင်ခြည် ◆

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ကျန်းမာရေးအတွက်
အကြံပေးချက်များ [ဆေးသုတေသီ] ၂၉၆

✧ ဗိဇ္ဇာပရမေရောင်ခြည် ✧

ကျွန်ုပ်နှင့် ဆရာအရှင်ပုဇ္ဈိလ်ထူးများ(၁)
[စစ်ကိုင်းတောင် သမဏသုခဆရာတော်ကြီး]
[အောင်ရွှေမြတ်–စစ်ကိုင်းတောင်] ၄
ပုပ္ပါးဘိုးမင်းခေါင်ကြီးနှင့် ကိုယ်တွေ့ဖြစ်ရပ်ဆန်းများ
[ဝိမလသိန္ဓိ] ၂၄၁

● ပရမေဟာဇရောင်ခြည် ●

အတွယ်အတာ [သီလ–ရေတံခွန်တောင်] ၂၁၄
မပြတ်သားတဲ့ သံယောဇဉ်ကြားက ပရလောကသားနဲ့
လူသား [ဒေါ်စန်းရည်–ကျောင်းအုပ်ကြီး] ၂၃၀
ပွဲတိုင်းကျော် [ထီလာကျော်] ၂၅၀
တိုက်ဆိုင်တော့လဲ ယုံစရာပါ [ဇီးကွက်] ၂၉၇
ဆိုင်ရာပိုင်ရာဒေသမှာ [စိုးလင်းအောင်–မြန်အောင်] ၃၀၀
သားပစ္စည်းလေး ယူပေးပါ [ခင်သစ္စာ–ဆက်သွယ်ရေး] ၃၀၄

ဇ နက္ခတ္တရောင်ခြည်မဏ္ဍင်း

ဘရာတော်ကြီးမှ အာရုံကျရာတွင် ရေတွင်း တူးခရာ ထူးခြားစွာ ရေခါး ပြန်နေလို့ စာ–၃၉

ဒီကျွန်းပင်ကြီးမှာ ထူးခြားတာတာ မြောက်ဘက် အကိုင်းက ခြောက်မြဲ ခြောက်ပျက်ရှိပြီး ကျန်တဲ့ အကိုင်းတွေက... စာ–၅၉

ကျီ လေးပွတ်ငင်းဝ ဒဲ့ လာရောက် အပူငွေ့ သံယောဇဉ် ရောဂါငေးနာများ ပျောက်ကင်းကြောင်း ယုံကြည်ပြီး... စာ–၁၃၃

www.burmeseclassic.com

www.burmeseclassic.com

ကျောက်သံပါတ်ဆင်ရွာကြီးမှ ဆုတောင်းပြည့်

ရွှေဘုံသာပူဇော်ကြွေး (၁)

မင်းရှင်စဝါကောင်မှူး ရုပ်ပွားတော်

"ကျောက်သံပါတ် ဆင်ရွာကြီး" ကား မန္တလေးမြို့ အရှေ့မြောက်ယွန်းယွန်း (၅)မိုင်ခန့်အကွာ၌ တည်ရှိ၏။

မန္တလေးမြို့ မြောက်ဘက် မတ္တရာစဉ်ကူးမြို့များသို့သွားရာ အဝေးပြေးလမ်းအတိုင်း(၂)မိုင်ခန့်အကွာ **"ဆယ်ပယ်တော"** ရွာအနီးမှ အရှေ့ဘက်လမ်းခွဲအတိုင်း (၂)မိုင်ခွဲခန့် ဝင်ရောက်ရသည်။

ဤရွာဝန်းကျင်ဒေသသည် ပုဂံခေတ်၊ အလောင်းစည်သူမင်း၏သားတော်ကြီး(ရတနာပုံမိဖုရားမှ မွေးသူ) **"မင်းရှင်စော"** ပြည်ရွာ တည်စဉ်က ဆင်တပ်ထားရှိရာ ဒေသဖြစ်သောကြောင့် ယခု ဆက်လက်တည်ရှိသော ကျေးရွာအများစုသည် ဆင်နှင့် ပတ်သက်နေကြ၏။

ဆင်ပွတ်ကြီး၊ ဆင်ပွတ်ကလေး၊ ဝဲကြီးဆင်ရွာ၊ ဆူးခါးဆင်ရွာ စဖြင့် **"ဆင်"** ပါရှိကြသည်ဖြစ်ရာ **"ဆင်ရွာကြီး"** ဟူ၍ ဝိသေသပြု ခေါ်တွင်ခဲ့ကြကြောင်း သိရ၏။

ရွာဦးတွင် ရှေးအခါက ကြီးမားသော ကျောက်ဆောင်ကြီးတစ်ခုရှိ၍ ယင်း၌ ငြိုက်အကျယ် လေးပေခန့်ရှိသည့် သံပါတ်ပြားကြီး ပတ်ထားသကဲ့သို့ ပါရှိနေသဖြင့် **"ကျောက်သံပါတ်"** ဟု ထုပ်မံ ရည်ညွှန်းခဲ့ခြင်းဖြစ်သည်ဆို၏။

ထိုရွာ၌ စံပယ်တော်မူသော ရွှေဘုံသာ ရွှေဥဒ္ဓေါဘွဲ့မည်ရှိ စေတီတော်နှင့် တကွ နောက်ခံဖြစ်စဉ်များကို လေ့လာပူဇော်နိုင်ရန်အတွက် ထိုရွာ ဈာတိဖွားဖြစ်သူ **စစ်ကိုင်း၊ ရွှေမင်းဝံ့၊ ရုပ်ကွက်** ဇမ္ဗူစိုးရတနာ ပေါ်တော်မူ ကျောက်တိုက် ဆရာတော်ဦးကုမာရကို ဒေသ ခန်းနေ ဦးပွင့်ဦးကုမာရကို ဒေသ

www.burmeseclassic.com

www.burmeseclassic.com

ဆင်ဖြူကြီးဘုရားမုခဒြာရာစေတီ

ခံ လမ်းညွှန်အဖြစ်အတူ လိုက်ပါစေကာ ကျောင်းပိုင်ကားဖြင့် ကူညီပေးတော်မူလေသည်။

စေတီနောက်ခံ ဖြစ်စဉ်ဟော

ကျောက်သံပါတ်ဆင်ရွာ၏ အရှေ့ယွန်းယွန်း ရွာဦးထိပ်၌ ကျယ်ပြန့်သော ရေကန်ကြီးတစ်ကန်ရှိ၏။ ထိုကန်၏ အရှေ့ဘက်ကပ်လျက်တွင် ရွှေဘုံသာစေတီကိန်းဝပ်တော်မူ၏။

စေတီအာရုံခံ တန်ဆောင်းအတွင်း သို့ ရောက်သောအခါ ဂေါပကအဖွဲ့ဝင် ဦးသန်းငြိမ်း၊ ဦးဝင်းမောင်တို့က လိုက်လဲစွာကြိုဆို၍ သိမှတ်ထားသမျှ ပြောဆို ကူညီပေးကြသည်။

ရွာခံ ဦးကုမာရနှင့် ကိုသန်းအေးတို့ ကလည်း လေ့လာမှတ်သားထားကြသည့် ရွာသားအချို့နှင့် တွေ့ဆုံပေးသဖြင့် စေတီတော်၏ နောက်ခံဖြစ်စဉ် အချို့ကို သိခွင့်ရခဲ့ပေသည်။

ဒေါ်ခင်ဇော်

ပုဂံခေတ်ကာလက ဤဒေသဝန်းကျင်၌ မြို့ပြပြည်ရွာ တည်ထောင်၍ မင်းပြုခဲ့သူကား မင်းရှင်စောဖြစ်သည်။ အလောင်းစည်သူမင်း၏ သားတော် အကြီးဖြစ်၏။

အလောင်းစည်သူမင်းသည် အထိန်းတော်သား အနန္တသူရိယအမတ်ကို မင်းညီမင်းသားများသာ ဝတ်ထိုက်သော ဒုယင်အခြေတပ်ဝတ်လုံကို ပေးတော်မူ၏။

ထိုဝတ်လုံကို အနန္တသူရိယအမတ် ဝတ်ဆင်၍ သာဝတ္ထိတက်လာသောအခါ မင်းရှင်စောမြင်၍...

'ဤမှုံကို မင်းညီမင်းသားတို့သာ ဝတ်ထိုက်သည်၊ မင်းဆိုးမင်းယတို့ ထိုက်သော အထပ်ယာတူ'

ဟုဆို၍ ချက်ချင်းပင် ချွတ်လဲစေ၏။ မင်းကြီးကြားသော်...

'ငါ့ဥပုန္ဒ ထက်သည်ကို ငါမသေမီကပင် ဤသို့ကျင့်၏၊ ငါမရှိ၍ မင်းဖြစ်သော် ငါ၏ သားသမီး ပုဏ္ဏားတို့ကို ညှဉ်းပန်းနှိပ်စက်ပေတော့မည်'

ဟု ဆိုလျက် စားကျေးစားလက်၊ အခြွေအရံ၊ ရွှေငွေဥစ္စာတို့ ရုပ်သိမ်း၍ နှောင်အိမ်သွင်းစေ၏။

မယ်တော်ရတနာပုံ မိဖုရားက မှူးမတ်များအား တောင်းပန်၍ အကြိမ်ကြိမ် နားတော်လျောက်စေသည်။ လျောက်ဖန်များလာသောအခါ

www.burmeseclassic.com

www.burmeseclassic.com

ရတနာတော်
အဘွဲ့ကျပြဋ္ဌေးများ ရုပ်ပွားတော်
ဟယ်ာအုပ်များ



အရာရှိမင်းမိုက်တွင်း ရုပ်ပွားတော်များ

ကွမ်းထောင်များ

နတ်ဘုရားရောင်ခြည်မတွေ့ရသော ဘဝ

နှောင်အိမ်မှ လွတ်သော်လည်း အလုံး
[illegible] ဆင်မြင်ဘွားပေး၍ ပုဂံမှ နှင်
[illegible]

[illegible]ကားသည် **ထွန်တုံးပူတက်အရပ်(ထရ ဗိုလ်တက်ကုန်းရွာ)**သို့ သွား၍ ပြည်ငယ်ထူထောင်သည်။ ***(မှန်နန်းရာဇဝင်ကြီး သုံးတွဲပေါင်း၊ စာမျက်နှာ ၁၈၄၊ ၁၈၅)***

မင်းရှင်စောသည် မြန်မာသက္ကရာဇ် ၅၂၀ ပြည့်နှစ်တွင် ထွန်တုံးပူတက်အရပ် ဝန်းကျင်ရှိရင်း ရေးစေတီများ၊ ကန်များကို ပြုပြင်ထူးဖော်ခဲ့ရာ မုဒ္ဒောစေတီများကိုလည်း မွမ်းမံတည်လုပ်၍ **"ရွှေဘုံသာ"**ဘွဲ့ မည်ကပ်လှူ၏။

ယခု မန္တလေးမြို့တွင်၌ (၅)ဆူကိန်း ဝပ်တော်မူ၏။ ***(မန္တလေးမြို့၊ ရွှေဘုံသာဘုရားငါးဆူ သမိုင်း စာမျက်နှာ ၄၀၊ စာမျက်နှာ၁၃၄)***

www.burmeseclassic.com

www.burmeseclassic.com



အာရုံခံငွေး ရုပ်မွာဆောက်များ

သာသနာ ၂၅၀၀ပြည့်နှစ်၌ မုဆောသည့် ကျောက်ဖြူရုပ်များ

မန္တလေးဝန်းကျင် မုဋ္ဌောစေတီများ

ယခု မန္တလေးမြို့ဝန်းကျင်ဒေသသည် ရှေးနှစ်ပေါင်း ၂၃၀၀ ကျော်ခန့်က သုနပရန္တတိုင်း၌ ပါဝင်ခဲ့သည်ဆိုတ်။ **မန္တလေး ရွှေဘုံသာဘုရားငါးဆူ သမိုင်းစာအုပ် စာမျက်နှာ ၈၃ တွင်** ဤသို့ ဖော်ပြထားတ်။

မဖျိမဒေသ၌ သုနအမည်ရှိသော မဟာသမ္မတမင်းသည် သားကြီးညြရသဖြစ်သော **"ကရပေါ်"** မင်းသားကို စစ်သည်ဗိုလ်ပါ အခြံအရံအပ်နှင်းပြီး တိုင်းသစ်ပြည်သစ် တည်ထောင်ရန် စေလွှတ်တော်မူသောကြောင့် ကရပေါ်မင်းသားသည် အခြွေအရံများနှင့်တကွ မြန်မာနိုင်ငံဘက်သို့ ပြောင်းရွှေ့လာခဲ့ပြီး ဟန်လင်းပျူခေတ်ကို စတင်တည်ထောင်စံနေတော်မူလေသည်။

ကရပေါ်မင်းသားသည် မဖျိမဒေသမှ ခမည်းတော်သုနမင်း၏ ဖဝါးတော်အောက် ခိုလှုံရသော "သုနပရန္တ" တိုင်းဟု သမုတ်ရေသည်။ ထိုသုနပရန္တတိုင်းတွင် ယခုရွှေတိုလွင်ပြင် ကျောက်ဆည်လွင်ပြင်နှင့် မန္တလေးလွင်ပြင်တို့ ပါဝင်လေသည်။

သာသနာ ၂၂၅ ခုနှစ်တွင် သီရိဓမ္မာ သောကမင်းသည် ကိုးတိုင်းကိုးဌာနသို့ သာသနာပြုရဟန္တာများ ကြွရောက်သာသနာပြုနိုင်ရန် ထောက်ပံ့ခြင်း၊ စေတီပေါင်း ၈၄၀၀၀တည်ဆည်စေခြင်းစသည်သာသနာတော်ကို ပြုစု အားပေးတော်မူသည်။

ထိုသို့စေတီများတည်ရာ၌ **လက်ရာဟု စတင်ဝမ်းချိန် ပန္နက်ရိုက်၌ ရာဟုမှ စတင်လွတ်သောအချိန်၌ အပြီးသတ် တည်ဆောက်စေသည်း ထို့ကြောင့် လွတ်မြောက်ခြင်း အဓိပ္ပါယ် မုဋ္ဌောစေတီများဟု အသိုးသိး သမုတ်တော်မူသည်း**

လက်ရာဟုဖမ်းချိန်(လငပုတ်ဖမ်းချိန်)ခေါ် လက်ကြတ်ချိန်သည် ဒေဿန်္တာအားဖြင့် **စက်နာရီအားဖြင့်(၃)နာရီ (၁၅)မိနစ် ဝန်းကျင်ခန့် ကြာမြင့်လေရာ ထိုမုဋ္ဌောစေတီများသည် အချင်း(၃)တောင် ဉာဏ်တော် အမြင့်(၅) တောင်ပမာဏခန့်**သာ ရှိကြလေသည်။

မုဋ္ဌောစေတီများသည် ကိုးဆူစီ ရှိထတ်၍ ယင်းတို့မှာ သီရိဓမ္မာသောကမင်းပေးပို့သော သရီရဓာတ်တော်များကို သက်ဆိုင်ရာ ဒေနရာဒေသ ထီးဖဆောင်းမင်းများက တည်ထား ပူဇော်ကြခြင်းဖြစ်သည်ဆိုတ်။

ဥပမာ ယောနကတိုင်း၊ နွယ်ပတ်မြို့ လန္တပါလမင်းတည်ခဲ့သော **မုဋ္ဌောကိုးဆူသည် ချင်းတွင်းမြစ် (အထက်ပိုင်း) အနောက်ဘက်ကမ်းနံဘေး ရွာစဉ်(၉) ရွာတွင် ကိန်းဝပ်တော်မူကြသည်း** "ကလေးဝ"မှ စကာ စဖို(ဝန်ပို)ရွာအထိ (၉)ရွာ (၉)ဆူရှိတ်။

သုနာပရန္တတိုင်းတွင်လည်း ထိုသို့ မုဋ္ဌောစေတီ(၉)ဆူ အစုများစွာရှိတ်။ ရွှေတိုလွင်ပြင် **"ထိပေသျင်"(၁၄၅၅ ခုနှစ်တွင် နရပတိစည်သူမင်းက "ဒီပဲယင်း"ဟု အမည်ပြောင်း၍ ခံတပ်ဖြိုကြီးအဖြစ် ပြန်လည် တည်ထောင်ခဲ့သည်း)**အရပ်ရှိ ကြည့်ကွင်းချစ်ဘုရား၊ တောကျောင်းဘုရားစသည့်

www.burmeseclassic.com

မုဋ္ဌောကိုးဆူ။

ကျောက်ဆည်ထွင်ပြင်–စဉ့်ကိုင်အရပ်တွင် တမုဆိုးမုဋ္ဌော၊ မြစ်မကိုင်းမုဋ္ဌောစသည့် မုဋ္ဌောကိုးဆူ။

မန္တလေးလွင်ပြင်– မြင်းခြံ၊ တလုတ်နယ်တွင် သဖန်းမုဋ္ဌော (တလုတ် သုံးပန်းလှဘုရားကြီး) ငွေးချို့ မုဋ္ဌော စသည့် မုဋ္ဌောကိုးဆူ။

စသည်ဖြင့် မုဋ္ဌောကိုးဆူ ကိန်းဝပ်ရာ အရပ်ဌာန များစွာရှိခဲ့သည်။

ယခု မန္တလေးမြို့တည်ရာအရပ်ကား ရှေးပုဂံခေတ်ကပင်လျှင် မိုတင်းနေထိုင်သူ ရှိခဲ့၍ **"ထီးပေါင်းကား"** အရပ်ဟု တွင်ခဲ့သည်။ ***(မန္တလေး ရွှေတိုသာ ငါးဆူသမိုင်းစာမျက်နှာ ၁၀၄)***

ထီးပေါင်းကား အရပ်ဝန်းကျင်၌လည်း မုဋ္ဌောစေတီကိုးဆူ ကိန်းဝပ်တော်မူခဲ့ရာ ယခုအခါ အောက်ပါအတိုင်းတွေ့ရ၏။

၁။ မန္တလေးတောင်ဦး ဆုတောင်းပြည့် ရွှေမုဋ္ဌော
၂။ ရုန်ကင်းတောင် ရွှေမုဋ္ဌော(အစ ကြိုးကြာဘုရားကြီး)
၃။ ကျောက်သံပါတ်ဆင်ရွာကြီး ရွှေတံသာမုဋ္ဌော
၄။ ကပ္ပန်းဟီဟော်ကုန်းရပ် ရွှေတံသာမုဋ္ဌော
၅။ မင်းတဲအိကင်းရပ် ရွှေတံသာမုဋ္ဌော
၆။ အမရပြာနီ သူရဲစေးရပ် ရွှေတံသာမုဋ္ဌော
၇။ သီရိပျာလာဆိုင်းတန်းရပ် ရွှေတံသာမုဋ္ဌော
၈။ ပြည်ကြီးမျက်တွယ် အနောက်ရပ် ရွှေတံသာမုဋ္ဌော
၉။ အမရပူရ ရွှေကြက်ယက်မုဋ္ဌော

စသည်တို့ဖြစ်ကြောင်း ဘိုးတော်မဒုံမင်းလက်ထက် ထပ်မံ ပြုပြင်ခဲ့သော **ရှေးဟောင်းစေတီများစာရင်း (ဖန်ချက်ဝန်မင်းထင် ပညာသိဒ္ဓိကျော်**

နာဂပ္ပဟာရောင်ခြည်ဆွဲငင်း ၁၃

www.burmeseclassic.com

www.burmeseclassic.com

◆ ပြည်တော်ရာသီစေတီ

◆ သာသနာ့ ရှေးဟောင်းအုတ် ထားစီထွဋ်ပင်

ခေါင် ပုရပိုက်မှတ်တမ်း)အရ သိရှိရသည် ဆိုလေသည်။

ယင်း၌ ရွှေဆံသာမုဒ္ဒေါများသည် မင်းရှင်စော မွမ်းမံပြုပြင်ပြီးနောက် ထပ်မံကပ်လှူသော ဘွဲ့မည်ဖြစ်ကြောင်း သိရ၏။ သို့ဖြစ်၍ ယခု မန္တလေးမြို့တွင်း၌ ရွှေဆံသာမုဒ္ဒေါ (၅)ဆူနှင့် မြို့ပြင်၊ အရှေ့မြောက်ယွန်းယွန်း (၂)တိုင်ကျော် (၅မိုင်ခန့်) အကွာရှိ **ကျောက်သံပါတ်ဆင်ရွာကြီးအနီး ရွှေဆံသာမုဒ္ဒေါ စေတီတစ်ဆူ**၊ စုစုပေါင်း(၆)ဆူရှိကြောင်း တွေ့ရပေသည်။

ကျန်သုံးဆူမှာ ယခုအခါ ရွှေဆံသာဟု ထင်ယှဉ်သွင်းခေါ်ဝေါ်ခြင်း မပြုကြတော့ဟု သိရလေသည်။

ဆင်ရွာကြီး ရွှေဆံသာမုဒ္ဒေါစေတီ

စေတီတော်မှာ လေးထောင့်ကုလားကျောင်းခံ အရှေ့လှည့်မုခ်နှင့် အထက်၌ ခေါင်းလောင်းမောက်စေတီငယ် ပေါက်ထားလျက် ထောင့်လေးထောင့်၌ ကလသာအိုးလေးလုံး ရံထားသည်။

မူလစေတီငယ်ကို ခေတ်အဆက်ဆက် ကုသိုလ်ရှင်တို့ (၆)ကြိမ်တိုင်တုံ့၍ မွမ်းမံခဲ့ကြောင်း ပြောပြကြသည်။ **ငလျင်ကြောင့် ပြိုပျက်သောနေရာမှ မူလစေတီပုံတော်ကို မှန်းဆနိုင်ခဲ့ရာ အချင်း(၃)တောင်၊ ဥဏှတော် (၅)တောင်ခန့်ရှိသည်** ဆိုလေသည်။

စေတီဝန်းကျင် အရှေ့တောင်ထောင့်အရပ်၊ အနောက်တောင်ထောင့်အရပ်နှင့် အရှေ့မြောက်ထောင့်အရပ်တို့တွင် ညောင်ပင်ကြီး သုံးပင်ပေါက်ရောက်လျက်ရှိကာ အရှေ့တောင်ထောင့်အရပ်တွင် ထန်းပင် တစ်ပင်ကို တွေ့ရသည်။

နှစ်ရာပေါင်းများစွာ သက်တမ်းရှိကာ မူလအပင်မှာ အခွံမျှ ကျန်ရှိ၍ အသစ် အစားထိုးပေါက်ရောက်သော ပင်မှားပင်လျှင် လူနှစ်ဖက်စာမျှ ကြီးမားနေသည်။

ထန်းပင်သည်လည်း ညောင်ပင်များနှင့် သက်တမ်းတူပင်ဖြစ်၍ မူလက ညောင်ပင်များနှင့် နှစ်ပင်စီတွဲ၍ သုံးပင်ရှိခဲ့ကာ နှစ်ပင်သေဆုံးသွားသဖြင့် တစ်ပင်သာ တွေ့ရကြောင်း ပြောပြကြသည်။

မင်းရှင်စောသည် မိမိ၏ ဆင်တပ်စခန်းတည်ရာအနီး စံပယ်တော်မူသော မုဒ္ဒောစေတီကို ရွှေဆံသာမုဒ္ဒေါစေတီအဖြစ် မွမ်းမံတည်ဆောက်ရာတွင် **ညောင်ပြိုင်ထန်းပြိုင်** စီစဉ်ပူဇော်ခဲ့သည်ဆို၏။

ထူးခြားသည်မှာ ပါပကြိုဟ်တိုင်တည်ရာ အရပ်များဖြစ်သော အရှေ့မြောက်ထောင့် (တနင်္ဂနွေကြိုဟ်တိုင်) အရပ်၊ အနောက်တောင်ထောင့်(စနေကြိုဟ်တိုင်)အရပ်နှင့် အရှေ့တောင်ထောင့်(အင်္ဂါကြိုဟ်တိုင်) အရပ်တို့တွင်သာ စိုက်ပျိုးထားခြင်းမရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



◆ ထွာဝ်ဂံ။

◆ တစ်ပင်တည်း ကျန်သည့် ထန်းပင်

ရာဟုဂြိုဟ်တိုင်ရှိရာ အနောက်မြောက်ထောင့်အရပ်ကို ချန်လှန်ထားသည်။ ထိုအရပ်တွင် ဆင်များ ရေကစားရာ **ဆင်လူးအိုင်(ယခု ရွှေဘုံသာရေကန်)၊ ဆင်များ မြူးထူးကြသည်။ ညောင်ပင်(ယခု ရွာဦးနတ်ကွန်း)**နှင့် **ဆင်ချည်တိုင် (ရွာတွင်းရှိသံကွင်းတစ် မန်ကျည်းပင်)** စသည် ကျန်ရစ်သော အထောက်အထားများအရ ဆင်တပ်တည်ရှိသည်ဟု ယူဆရလေရာ ဆင်တပ်ရှိရာအရပ် ဖြစ်၍ ချန်လှပ်ထားဟန်ရှိပေသည်။

ညောင်=အင်္ဂါ=ဂြိုဟ်သက် ဧနှစ် +**ထန်း**=စနေ=၁၀=၁၈ ပါပနဝင်း ဖြစ်နေ၏။ လျင်မြန်ပြောင်းလဲခြင်း သဘောဆောင်၏။

မင်းရှင်စော တည်ထောင်သည့် တိုင်းပြည်သစ် ထူထောင်မှုတွင် လျင်မြန်ခြင်းအကျိုးကို မျှော်လင့်ခြင်းဖြစ်နိုင်သည်။

သမိုင်းမှတ်စာမ်းများအရ မင်းရှင်စောသည် စေတီပုထိုးသိမ်မှုန်းစွာ ပြုပြင်မွမ်းမံ၍ ဝိဇ္ဇကတ်ကျနသော အရိယာသံဃာတော်တို့ကို ပင့်လျက် ကျမ်းပြုစာချ သင်ကြားရ၏။

ပစ္စည်းလေးပါး ထောက်ပံ့၍ သာသနာကို ထွန်းပစေသည်။ ကန်ဆည်၊ မြောင်းသွယ်၍ ဝတ်နှစ်သိမ်းစား ရ၏။ ဆင်လုံးမြင်းရင်း အခြွေအရံလည်း များ၏ ဟူ၍ ***(မှန်နှန်း မဟာရာဇဝင် စာမျက်နှာ ၁၈၅)*** တွေ့ရ၏။

ညောင်ပင်နှင့်ထန်းသည် အသက်ရှည် **ရှိ မြေများသော အပင်မျိုးဖြစ်ကြလေရာ သက္ကရာဇ်တွေ့ မိုးတော်ဆောင်ခြင်း သဘော အရ တိုင်းပြည်ဘို့ရွာ အချုပ်အခြာ တည်တံ့ခြင်း၊ ဘုန်းကံအိုးအိမ်ကြီးအပါ မြေမာခြင်းကို ဖော်ပြနိုင်သည်။**

မြတ်စွာဘုရားရှင်အား ရည်မှန်းပူဇော်အပ်သည့် ရွှေမုဇွော်စေတီအား အရိပ်အာဝါသပေးသည့် အနေဖြင့် ဝန်းရံ စိုက်ပျိုးထားသဖြင့် အရိပ်အာဝါသရရှိခြင်း၊ တူသောအကျိုးကို ရရှိနိုင်သည်။

ရွှေ့လ ဆက်တော်ပါရန်

ဘုန်းကျော်စွာ
(ဖြိုင်တက္ကသိုလ်)

နေ့စဉ်ဘာသာရေးဆောင်းပါးများ ၁၅၅

www.burmeseclassic.com

www.burmeseclassic.com

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း နှစ်(၃၀)ပြည့် အမှတ်တရအထူးထုတ်နှင့် စာတည်းချုပ်၏ကျေးဇူးတင်လွှာ

၂၀၁၆ ခုနှစ်၊ ဇူလိုင်လသည် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၏ နှစ်(၃၀)ပြည့် အမှတ်တရအထူးထုတ်လ ဖြစ်ပါသည်။

အနှစ်(၃၀)ခရီးရှည်ကြီးကို ပြန်ပြောင်းကြည့်ခဲ့လျှင် အခက်အခဲများကို ရင်ဆိုင် ကျော်လွှားရင်း အဆင့်ဆင့် ဖြတ်သန်းလာခဲ့ရပါသည်။

ဤနက္ခတ္တရောင်ခြည်မဂ္ဂဇင်း နှစ်(၃၀)ပြည့်သည်အထိ ရပ်တည်နိုင်အောင် ပိုင်းဝန်း ပံ့ပိုးပေးသူများအဖြစ် စာဖတ်ပရိသတ်ကြီးသည် အထူး ကျေးဇူးတင်ထိုက်သူများဖြစ်ပါသည်။ အထူးကျေးဇူးတင်ပါ၏။

နောက်ထပ် အထူးကျေးဇူးတင်ရမည့်သူများမှာ ပိုင်းဝန်းရေးသားပေးပို့ကြသော ဆောင်းပါးရှင်၊ ဝါသနာရှင်၊ ပညာရှင်၊ သုတေသီ စာရေးဆရာများဖြစ်ပါသည်။ ထိုသူများ၏ထားသော မေတ္တာစေတနာများကြောင့်သာ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကြီး ဤမျှ သက်တမ်းထိ ရပ်တည်နိုင်ခြင်း ဖြစ်ပါသည်။ သုတေသီပညာရှင်နှင့် ဆောင်းပါးရှင်များသည်လည်း အထူးကျေးဇူး တင်ထိုက်သူများ ဖြစ်ပါ၏။ အထူးကျေးဇူးတင်ပါသည်။

ထို့ပြင် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပတ်သက်၍ ကိုယ်စွမ်းဉာဏ်စွမ်း ရှိသမျှ ကူညီပေးခဲ့ကြသူအပေါင်း၏ မေတ္တာစေတနာကိုလည်း မမေ့ပါ။ အထူး ကျေးဇူးတင်ပါသည်။

ယခု အနှစ်(၃၀)ပြည့်မြောက်တွင် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို ပိုင်းဝန်းပံ့ပိုးကူညီပေးခဲ့သူအချို့ ကြွေလွင့်သွားခဲ့ပြီ ဖြစ်ပါသည်။ ထိုသူတို့အတွက် ကျွန်တော်ပြုခဲ့သည့် ကုသိုလ်ကောင်းမှုများကို အမျှပေးဝေပါသည်။ သာဓုခေါ်ဆိုနိုင်ကြပါစေသော်...။

ကျွန်းမာချမ်းသာကြပါစေ...

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

ဒွန်တွင်းဆရာတော်ကြီး၏ ပူလဒေါင်းပြ ဒွန်တွင်းကိုကော်သို့

ဒွန်တွင်းဆရာတော်ကြီးဆုတောက်

မင်းဝံဇောင်ရိုး ဒွက်တွင်းချောင်တည်နေရာကို စုံစမ်းသောအခါ **စစ်ကိုင်း ရွှေမင်းဝံပေါ်တော်မူ ကျောင်းဆရာတော် ဦးကုန္ဒက "ဒွက်တွင်းချောင်"** ဟူသော မူလအမည်ကို မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသက **"ဝေယန်ဘုံမြင့်ကျောင်းတိုက်"** ဟူ၍ ပြောင်းလဲခဲ့သည်ဟု ပြောပြသည်။

သို့ဖြစ်၍ မင်းကွန်းဘက်သို့သွားကာ ဝေယန်ဘုံမြင့်ကျောင်းတိုက်သို့ ဝင်ရောက်လေ့လာခဲ့သည်။

ဝေယန်ဘုံမြင့်ကျောင်း လက်ရှိဆရာတော် ဦးဃောသိတက ကောင်းစွာကြိုဆိုလက်ခံ၍ ခန်းနေဦးပဋ္ဌင်းတစ်ပါးအား လိုက်ပြစေသည်။

ကျောင်းဝင်းအစွန် တောင်ခါးပန်းတစ်ခုပေါ်၌ လိုဏ်ဂူအဝကို လှမ်းမြင်ရသည်။ တောင်ခါးပန်းကွက်လပ်မှာ အတန်အသင့် ကျယ်ဝန်း၍ ကုန်းမြင့်ပေါ်သို့ အုတ်လှေကား ဖောက်လုပ်ပေးထားသည်။

ဂူဝန်းစီး၌ **"ဒွက်တွင်းဆရာတော် တရားအားထုတ်သောဂူ"** ဟူ၍ ကပ္ပလည်းထိုးထားသည်။ လူတစ်ရပ်ကျော် ကောင်းစွာလွတ်သည့် ဥမင်လမ်းအစ၊ လက်ယာဘက်နံရံ၌ ကျောက်စာကပ္ပလည်းတစ်ခု တွေ့ရ၏။

ယင်းမှာ **"ဒွက်တွင်းဂူမြတ်"** ဟူ၍ ခေါင်းစီးတပ်ကာ...

ကုန်းဘောင်ခေတ် မင်းတုန်းမင်းတရားကြီးလက်ထက် **"ပညာဒီပကဝိဇဓ ဒီသာပါမောက္ခ တိဝိဋ္ဌကာလင်္ကာရ"** တံဆိပ်နာမ ဆက်ကပ်ခြင်းခံရသော ဆရာတော် ဦးပဏ္ဍာဝံသည် မန္တလေးရွှေမြို့တော် မင်းကျောင်းတိုက်ကြီး၌ စာချဆရာတော်အဖြစ် စာပေပရိယတ္တိများ ပို့ချမှုကို ရပ်နား တော်မူ၍ ၁၂၂၉ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ပရိကွဲရာရှစ်ပါး ယူဆောင်ပြီး မင်းဝံတောင်တန်း ပုစဉ်းထိုးဂုက်များ တွင်းတူးထားသော ဤနေရာ၌ (၁၅) နှစ်ကြာ ပရိယတ္တိကျင့်စဉ်များ စွမ်းစွမ်းတမံ ကျင့်ကြံ အားထုတ်တော်မူခဲ့သည်။

ဤလိုဏ်ဂူသည် နှစ်ကာလကြာ

www.burmeseclassic.com

www.burmeseclassic.com

ဖူလသိမ်ဆရာတော်

ဂုဏ်တွင်းဆရာတော်

လက်ရှိဆရာတော် ဦးဆေးသိဒ္ဓိ

ရှည် ပျက်စီးယိုယွင်းသဖြင့် ၁၃၇၃ ခုနှစ်(၂၀၁၂ ခုနှစ်)တွင် ရန်ကုန်၊ တောင်ဥက္ကလာပမြို့နယ်မှ မြင့်မိုရ်ဆွေမိသားစုများ ပြန်လည်မွမ်းမံကြောင်း ရေးထိုးထားသည်။

ဥမင်အတွင်းဝဲယာတွင် လိုဏ် အခန်းငယ် တစ်ခုစီရှိ၍ ဥမင်အဆုံးတွင် တင်ပျဉ်ခွေကျောက်ဆင်းတုတစ်ဆူကို မှခ်လိုဏ်နှင့်တကွ ပူဇော်ထားသည်။ အနီးတွင် ငှက်တွင်းဆရာတော် ဦးပဏ္ဍာဝ၏ ပုံတော်ကို ဖူးတွေ့ရသည်။

ဂူမျက်နှာကြက်တွင် အင်္ဂတေများဖြင့် မွမ်းမံထားသော်လည်း အနည်းငယ် ကျန်ရှိသည့် **ပုစဉ်းထိုးငှက်များ ထွင်းခဲ့သော ငှက်တွင်းချိုင့်ငယ်အချို့**ကို တွေ့ရသဖြင့် မှတ်တမ်းပြုခဲ့သည်။

ဆရာတော် ဦးဗဏ္ဍာဝသည် မန္တလေးနေပြည်တော်ရှိ သင်္ဃဆရာတော်ထံ ပညာသင်ယူကာ (၅)ဝါအရ တွင် ဆရာတော်ကြီး အားထားရသည့် ပထမ စာချဆရာတော် ဖြစ်လာခဲ့သည်။

ထိုအချိန်တွင် မင်းတုန်းမင်းသည် မြင်ကွန်းမြင်းခုန်တိုင် အရေးကိစ္စကြောင့် လူသူအများကို နှိပ်ကွပ်စီရင်ကာ စိတ်နလုံး ပူပန်တော်မူလေရာ ဆရာတော်များကို တစ်နေ့ တစ်ပါးကျ နန်းတော်သို့ ပင့်ဖိတ်ကာ တရားနာယူခဲ့သည်။

စာချဆရာတော်ကြီး ဦးပဏ္ဍာဝ အလှည့်တွင်...

'ဖြစ်ပြီးသည့်ကိစ္စတွင် သူကြောင့် ငါကြောင့် မင်းက ပညာရှိများနှင့် တိုင်ပင်၍ ဟူ၍ ပုဂ္ဂိုလ်ကို အပြစ်မဆိုသင့်၊ "ယောတံ ယဿယပ္ပန်"အကြောင်းရှိရှိသော အကျိုးဖြစ်ရသည်း ဖြစ်ခြင်းရှိရှိသော ပျက်ခြင်းဖြစ်ရသည်း

ကျွှန်တော်တို့ ပျက်စီးခြင်းမှုန်း နောက်ထပ် မဖြစ်စေရန် ထိုသံသရာ၌ ကျင်လည်စေတတ်သော အလုပ်ကိစ္စ ဟူသမျှ ရပ်တန့်ရမည် မင်းကြီး အပြစ်းလို နိဗ္ဗာန်ရလိုလျှင် သတိပဋ္ဌာန်တရားပွားများ၏'

ဟူ၍ ဟောကြားတော်မူသည်။

မင်းနှင့်တကွ အမှုထမ်းများ၊ အမတ်များ လွန်စွာ နှစ်သက်ကြ၏။ မင်းတုန်းမင်းက ပညာရှိများနှင့် တိုင်ပင်၍

www.burmeseclassic.com

www.burmeseclassic.com

ဆယ်ခါပြည်ကျောင်း အဝင်ပေါက်

ဥမင်အဆုံးမှ ရုပ်မွှားတော်

ဂုက်ထွင်းပိုက်ရိုးကျ အုတ်မြောင်း

လိုဏ်အဝင်

ဦးပဏ္ဍိတအား "**ပညာဒီပ ကဝိဝေ ဒီဆာပါမောက္ခ တိပိဋကာလင်္ကာရ**" ဘွဲ့တံဆိပ် ကပ်လှူတော်မူသည်။

ဘွဲ့တံဆိပ်တော်များသည်ကိုင်တွင် ဤသို့ ဘွဲ့တံဆိပ်ရှိကို ဦးပဏ္ဍိတ တစ်ပါးသာ လက်ခံတော်မူရသည်ဆိုလေသည်။

၁၂၂၉ ခုနှစ်၊ တန်ဆောင်မုန်းလ တွင် သင်္ဃာဆရာတော်အား ခွင့်ပန်ကာ ဤဂူဌာနတွင်းလိုဏ်ဂူသို့ ကြွရောက်တောထွက်တော်မူသည်။

ထိုစဉ်က ဆရာတော် သက်တော် (၃၆)နှစ်၊ ဝါတော်(၁၆)ဝါ ရှိပြီဖြစ်သည်။ လိုဏ်အတွင်း ကျင့်ကြံအားထုတ်၍ (၃)နှစ်အကြာတွင် ကြေးမြင်မိဖုရားနှင့် သမီးတော်ကြီး ထိပ်စုကြီးတို့က ဥမင်အနီး မြေကွက်လပ်၌ ကျောင်းဆောက်လှူဒါန်းခဲ့လေသည်။

ထိုကျောင်းမှာ ကုလားကြာရှည်ပြိုပျက်သွားပြီဖြစ်၍ မြေကွက်လပ်သာတွေ့ရတော့၏။ ဂုက်တွင်းလိုဏ်ဂူတွင်း ဦးပဏ္ဍိတ အလျင် ဆရာတော်နှစ်ပါး

www.burmeseclassic.com

www.burmeseclassic.com



ဂုတိတွင်းဥပုဒ်ကံ

ဂုတိတွင်းဆရာတော်

ပုထုဇဉ်ဆရာတော်ကြီး



ကျောက်ထွင်းပုထုဇဉ်

www.burmeseclassic.com

ဒုက်တွင်းကိုယ်က်
ဥမင်နံဘေးမှ အထိန်တစ်ခု
မိုးတုန်းသင်းခြင်းမျှော

သီတင်းသုံးကျင့်ကြံခဲ့ကြ၏။

ပထမဆုံး သာဒီဇာဆရာတော် သီတင်းသုံးခဲ့၍ နာမည်အမြတ် ယင်းတစ် တပည့် ဦးဇဋိလာဘသည် သီတင်းသုံး ကာ၊ ဦးပဇ္ဇောဝသည် တတိယမြောက် ကြွရောက်ကျွန်ကြွသော ဆရာတော် မြတ်သည်၊ ထို့ကြောင့် တတိယဒုက် တွင်းဆရာတော်ဟုလည်း ရေးသား တတ်ကြသည်။

ဆရာတော်သည် မိဖုရားနှင့် သမီး တော်တို့ လှူဒါန်းသည့်ကျောင်းတွင် (၁၅)ဝါ သီတင်းသုံးကာ သတိပဋ္ဌာန် တရားအားထုတ်နည်းများ သင်ကြား ပြသတော်မူရာ **"သတိပဋ္ဌာန်အစ ဒုက်တွင်းက"** ဟု ဆိုစမှတ်ပြုကြကာ ဆရာတော်အားလည်း ဒုက်တွင်း ဆရာတော်ဟုပင် ခေါ်ဝေါ်ထင်ရှား လာ၏။

ယင်းနောက် သီပေါမင်း ပါတော်မူ ၍ ၁၂၄၈ ခုနှစ်၊ ဝါဆိုလဆန်း(၈)ရက် နေ့တွင် ဆရာတော် ဦးပဇ္ဇောဝသည် တပည့်များကိုခေါ်၍ ကျွန်းလေ့ကြီး တစ်စင်းဖြင့် အောက်ပြည်အောက်ရွာ သို့ စုန်ခဲ့သည်။

လေပေါ်၌ ဝါဆိုသည်။ ကမ်းကပ်၍ ဆွမ်းခံကာ သတိပဋ္ဌာန်တရားများ ဟောပြောသည်။

နောက်ဆုံးတွင် ကွမ်းခြံကုန်းမြို့ လယ်ပေါ်ကျောင်းတိုက်သို့ ရောက်ရှိ သီတင်းသုံးကာ **"ဒုက်တွင်းဂိုဏ်း"** ဟူ၍ သတိပဋ္ဌာန်တရားများ ထူထောင် ဖြန့်ဝေသည်။

အိုခြင်း နာခြင်း သေခြင်း ပျက်စီးခြင်းကို ဘုံကြီးလေးခုမှာ တစ်စားဟောပြောသဖြင့် စတုဘူမိကဒုက်တွင်းဂိုဏ်းဟု ခေါ်သကဲ့သို့ လူပုဂ္ဂိုလ်တို့အား အာဇီဝဋ္ဌမကသီလ (သူတော်ကောင်းတို့ စောင့်ထိန်းအပ်သော ရှစ်ပါးသီလ) စောင့်ထိန်းစေသဖြင့် အာဇီဝ ဋ္ဌမကဂိုဏ်းဟုလည်း ခေါ်ကြလေသည်။

ဒုက်တွင်းဂိုဏ်း သံဃာများမှာ မြန်မာနိုင်ငံအနှံ့ ထင်ရှားအားကောင်း စွာရှိ၍ ကျောင်းခွဲများလည်း မြို့ရွာ အတန်များများ၌ ထူထောင်၍ ပဋိပတ္တိ သာသနာပြုကြသည်။

ဆရာတော် ကွမ်းခြံကုန်း လယ်ပေါ် ကျောင်းသို့ ရောက်စဉ်က သက်တော် (၅၄)နှစ်၊ ဝါတော်(၃၄)ဝါရှိသည်။

သက်တော်(၇၉)နှစ်သို့ ရောက်

www.burmeseclassic.com

www.burmeseclassic.com

● မိုးရေစုကန်



● အတွင်းမှ မိုးရေလှောင်ကန်

သောအခါ သထိုမြို့မှ တပည့်ဒါယကာများ ပင့်လျှောက်သဖြင့် သံဃာအားလုံးကို ခေါ်ဆောင်၍ ကြွရောက်သီတင်းသုံးတော်မူသည်။

၁၂၇၂ ခုနှစ်၊ ဝါဆိုလဆန်း(၈)ရက်နေ့တွင် ရန်ကုန် သရက်တောကျောင်းမှ သထုံ ရွှေစာရံဘုရားဝင်းတွင်း ကျောင်းတိုက်သို့ ကြွရောက်လျက် ကမ္ဘဋ္ဌာနာစရိယအဖြစ် မနေမနား ပြသပေးတော်မူသည်။

ထိုနှစ် သီတင်းကျွတ်လဆန်း(၁၀)ရက်နေ့တွင် ပဲခူးမြို့တော်မှရော ကြွင်းကျန်ရှိသော ရုပ်အလောင်းကို ဆေးသိမ်းအပြီး အရှေ့မြောက်ဆောင်အရပ်တွင် ၂၂ နာရီကျော်ခြည်မီးရှို့ပူဇော်ခဲ့ကြရာ ထိုဒေနဂ်ခ်ိန် စတုဘူမိကဒုတ်တွင်း သတိပဋ္ဌာန်ကျောင်းတိုက်တွင် ယနေ့တွင် တွေ့မြင်နိုင်ကြပေသည်။

ဖူးမြင်ရသမျှ

မူလကျောင်းဆောင်မှာ ပျက်စီးသွားပြီးဖြစ်ရာ ကျန်ရှိသမျှ သာသနိကအဆောက်အအုံအချို့ကို လေ့လာကြည့်သည်။ ဒုတ်တွင်းဂူအနီး တောင်ဆင်ခြေလျှောကို အင်္ဂတေဖြင့် မွမ်းမံထားသည်။

မိုးရေများ စီးဆင်းရန်ဖြစ်၍ အောက်တွင် ရေကန်ရှိ၏။ ကန်ဒေါင်တံတိုင်းအမြင့် ကာရံထားကာ အတွင်း၌ မိုးရေလှောင်ကန်ကို တွေ့ရ၏။

ဆရာတော်ကြီးရှိရာဥ မူလကန်တော်ဖြစ်ကြောင်း သိရသဖြင့် **နှစ်ပေါင်း(၁၂၀)ကျော်ပြီဟု မှန်းဆရသည်။ ရေကောင်းစွာလုံ၍ ဤရေကိုပင် အားပြုရကြောင်း သိရသည်။**

ထိုမှ အရှေ့ဘက်တွင် ဆရာတော် ဦးပဏ္ဍာဝ ဦးဆောင်သမုတ်ခဲ့သည့် သိမ်တော်နှင့် စေတီကို ဖူးမြင်ရသည်။ စေတီမှာ **"ဒုက်တွင်းစေတီ"** ဟုသာ ခေါ်၍ မူလဘွဲ့မည် မသိရပါဟု ဆို၏။

ဒုက်တွင်းလိုဏ်ဂုံသည်ကား **ဒုက်တွင်းဂိုဏ်းကို စတင် ထူထောင်ခဲ့သည့် ဆရာတော် ဦးပဏ္ဍာဝ ကျင့်ကြံအားထုတ်ရာ အဓိကရ အောင်မြေဖြစ်ရာ ဒုက်တွင်းဂိုဏ်းသံဃာတို့သည် မကြာခဏ ထာရောက်ကာ ဂါရဝပြု အထိမ်းအမှတ်ဒါနများ ပြုလေ့ရှိကြသည့် နေရာမြတ်တစ်ခု ဖြစ်လေသည်။**

စစ်ကိုင်း၊ မင်းကွန်းရှိ ဘုရားများ ဖူးမြော်ကြည့်ရှုလျက် **ဝေယန်ဘုံမြင့် ကျောင်းဝင်းအတွင်းရှိ ဒုက်တွင်းလိုဏ်ဂူအောင်မြေသို့** ဝင်ရောက် လေ့လာကြည့်ရှုနိုင်ရန် လမ်းညွှန် တင်ပြအပ်ပါသည်။

"ဒုက်တွင်း" ပညတ်အရ **တနလ်ာ+စနေ=၂+၇=၉** နဝင်းကျ၍ မြန်မာနိုင်ငံရှိ သံဃာဂိုဏ်းကြီး ဂိုဏ်းဂိုဏ်းတွင် အဝင်အပါဖြစ်သော စတုဘူမိကဒုက်တွင်းဂိုဏ်း၏ မူလ အစဖြစ်သော ဒုက်တွင်းလိုဏ်အောင်မြေတွင် အောင်နိမိတ်ယူလျက် အောင်ဆုပန်နိုင်ကြပေသည်။

ဇင်ညိုငယ်

www.burmeseclassic.com

www.burmeseclassic.com

ဆုတောင်းပြည့်အဓိဋ္ဌာန်

ထိုက်ပွင့် ဆုတောင်းပြည့်အဓိဋ္ဌာန်သည် ဦးစွာ ကံဇာတာ ရှင်လန်းလာဖို့၊ လာဘ်လာဘရှင်လန်းလာဖို့ကို ဦးတည်ဆောင်ရွက်ရပါတယ်။ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို အထွတ်တင်ပူဇော်ရတဲ့ နည်းစဉ်များလဲ ဖြစ်ပါတယ်။

"**ဥစ္စာလို ရန်ကြိုက်နော**" ဆိုတဲ့ စကားအရ ဤနည်းစဉ်တွင် "**ထီ**" ဖြစ်နေတဲ့အတွက် "**တမာ**"ဓာတ်ကို ဖော်ဆောင်ထားခြင်းလဲ ဖြစ်ပါတယ်။

ထို့ကြောင့်...

✤ ဗျာဒိတ်ပေးရုပ်ပွားတော်

✤ ဗောဓိပင်ဘုရားရုပ်ပွားတော် (စေတီတော်)

တို့တွင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ကြည့်ပါ...

ဂဟိရသဘော်အရကြည့်ရင်...



တွေ့ရမှာ ဖြစ်ပါတယ်။

ဤတွင်...

ထိုက်ကောင်းလိုသူများသည် သင်တို့၏မွေးနံ့ နံနက်ပိုင်းမှစတင်ပြီး ဗျာဒိတ်ပေးဘုရားရှေ့မှောက်တွင် **ပဌာန်းဥဒ္ဒေသ ပါဠိတော်** **နိဒ္ဒေသပါဠိတော်**များကို ရွတ်ဆိုမည်ဆိုရင်လဲ ရပါတယ်။

သို့သော်...

ဤနည်းစဉ်တွင် အာစရိယဝါဒ အရ...

ပုရေဇာတမစ္ဆယော

ပစ္ဆာဇာတမစ္ဆယော

ပဌာန်းပစ္စည်း ၂၄-မျိုးကို **နိဒ္ဒေသ အကျယ် ၉-ခေါက်** ရွတ်ဆိုရပါမယ်။ ပြီးရင် ပဒဓုဇ်တော်ကို ပုတီးတစ်လုံး ချသောနည်းအားဖြင့် ပုတီး ၉-ပတ် စိပ်ရပါမယ်။

ကြည့်ပါ...

ပု ဒ္ဓေါ = ၅ ၇

ထီ ပေါက် = ၇ ၅ ကက်ကင်း

ပြီးရင်...

ကုဆုန်ညောင်ရေ သွန်းလောင်းပွဲ ကျင်းပလေ့ရှိတဲ့ ဗောဓိညောင်ပင် တစ်ပင်ပင်တွင် စွမ်းနိုင်ရင် ထုံးသင်္ကန်း ကပ်လှူလိုက်ပါ။ ပြီးရင်...

ယခုဖော်ပြမည့် ဂါထာကို (၄၅) ခေါက် ရွတ်ဆိုပြီး ဆုတောင်းရမှာ ဖြစ်ပါတယ်။

အရဟံ ဗဟိ အန္တရဿ သုဂတံ၊
အဒိတံ၊ ဝိရဇံ၊ လလိတံ၊ အတုလံ
ရဏဲ ဘီဘဂူပသမံ၊ ယမကံ၊
သုခဒံ သရဏံ၊ ပဏာမမိ ဝိနံ၊
ခက်ခဲသောပါဠိအသံထွက်
ဗဟိအန္တရဿ = ဗဟိအန်တရဿ

၁။ **အရဟံ**၊ ပူဇော်အထူးကို ခံယူထိုက်သော။

၂။ **ဗဟိအန္တရဿ**၊ အတွင်းရန်၊ အပြင်ရန်တို့ကို အောင်မြင်တော်မူသော။

၃။ **သုဂတံ**၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော။

၄။ **အဒိတံ**၊ မနှိုင်းယှဉ်နိုင်သည့် တန်ခိုးတော် ရှိတော်မူသော။

၅။ **ဝိရဇံ**၊ ကိလေသာ ရမ္မက်မြူ ကင်းတော်မူသော။

၆။ **လလိတံ**၊ ရောင်ခြည်ခြောက် သွယ်ဖြင့် တင့်တယ်စံပယ်တော် မူသော။

၇။ **အတုလံ**၊ အတုမရှိတော်မူသော။

၈။ **ရဏဲ**၊ ရဏဇ(၁၅)ပါးနှင့် ပြည့်စုံတော်မူသော။

၉။ **ဘီဘဂူပသမံ**၊ ဘုံသုံးပါးဌဲ့ လောင်သော အပူမီးမှ ငြိမ်းတော် မူသော။

၁၀။ **ယမကံ**၊ ရေမီးအစုံ တန်ခိုး ပြာဋိဟာနှင့် ပြည့်စုံတော်မူသော။

၁၁။ **သုခဒံ**၊ ချမ်းသာကို ပေးစွမ်းနိုင် သော။

၁၂။ **သရဏံ**၊ ကိုးကွယ်ရာ အားထား ရာ ဖြစ်တော်မူသော။

၁၃။ **ဝိနံ**၊ မာရ်ငါးပါးကို အောင်မြင် တော်မူသော မြတ်စွာဘုရားကို **ပဏာမာမိ**၊ ရှိသေမြတ်နိုး လက်စုံ မိုးကာ ရှိခိုးပါ၏ ဘုရား။

[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တဆရာတော်ဂြိဟ်မဂ္ဂင်းနှင့် ပါရမီ မဂ္ဂင်းတို့၏ ပါဠိအယ်ဒီတာ ဆရာကြီး ဦးသန်းဆောင်တွေ့ မွေစရိယ(မဟာဝဂ်ပါ ပြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက-ဒီဃနိကာယကောဒိဒ(နိကာယပိဂုလ)]မှ ပြန်ဆိုပေးပါသည်။

အောပြုရင်မှာ ရှိပါစေး

သန်းခေါင်(ပညာရေး)

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

ကျားမှန်လျှင် အားသန်ရအောင်
ပြည်စိုး အမျိုးသားအားဆေးကိုဆောင်

အမှတ်တံဆိပ် တိုင်းရင်းဆေးဝါးမှတ်ပုံတင် TMR 009194(0814)
လိုင်စင်-၅/ ၂၁၁၀/ တဆထလ/ တိုး(၀၁၄၂)

"တိုမင်းဝေပါလား. . . ဓရွှင်မလန်းနဲ့ စိတ်ဝင်စန်းလူပင်ပန်းဖြစ်နေပုံရတယ်"

"ဟုတ်တယ်ဗျာ. . . စိတ်သွားတိုင်းကိုယ်မပါဘဲ ထိုရာဆန္ဒမပြည့်ဖြစ်နေတာ. . . ပွင့်ပွင့်လင်းလင်းပြောရရင် အမျိုးသားအားနည်းနေလို့ ဘယ်ဆေးစားပြီး ဘယ်ဆရာနဲ့ကုသရင်ကောင်းမလဲဆိုတာ အကြံပေးပါဦး"

"ရောဂါသိမှတော့ဆေးရှိပါတယ် ကိုမင်းဝေ. . . ကျွန်တော့်မိတ်ဆွေဆရာကြီး ဦးစံမြင့်ထ. . . ပြည်စိုးအမျိုးသားအားဆေးထုတ်လုပ်နေတဲ့အပြင် အမျိုးသားအားနည်းရောဂါ (ဝန်းညီးပန်းသေရောဂါ)၊ လိပ်ခေါင်းရောဂါ၊ လေငန်းလေဖြတ်ရောဂါတွေကို ဦးစားပေးကုသနေတာဗျ. . . ပြည်စိုးဆေးတိုက်ကို လမ်းညွှန်လိုက်မယ် ခင်များ သွားလိုက်ပါလား"

"ခင်များရဲ့မိတ်ဆွေဆိုတော့ ခင်များပါမှ ပို့ကောင်းတာပေါ့"

"စဲဆို. . . ပြည်စိုးဆေးတိုက်ကို အခုပဲသွားကြရအောင်'

❀ ❀ ❀ ❀ ❀

'"တိုမင်းမြတ်မောင်ပါလား. . . ဓလာတာကြာလို့ သတိရနေတာ. . . ညည်းသည်လဲပါလာတာတို့။ ကဲ. . . ထိုင်ကြပါ"

"ဆရာ. . . ဒါ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ တိုမင်းဝေပါ၊ စိတ်သွားတိုင်းကိုယ်မပါဘဲ အမျိုးသားအားနည်းနေလို့ ဆရာနဲ့ဆွေးနွေးပြီး အမျိုးသားအားဆေးလဲ လာဝယ်တာပါ"

"ကဲ. . . တိုမင်းဝေ ဒီရောဂါကြောင့်တော့ သိပ်လဲစိုးရိမ်သောကမဖြစ်ပါနဲ့. . . ကျွန်တော် ပြောပြတာတွေကို နားထောင်ပြီး ခင်များခံစားနေရတဲ့အရေတွေနဲ့ တိုက်ညီမှုရှိမရှိသိမှ ပို့ကောင်းတာပေါ့. . . အမျိုးသားအားနည်းရောဂါ ဖြစ်တတ်သူတွေဟာ (၁) မေထုန်မှုလွန်ကဲသူများ၊ (၂) သဘာဝမဟုတ်သောဟယ်ဖွေမေထုန်ပြုသူများ၊ (၃) ကုန်ခန်းသွားသောသုက်ဓာတ်နဲ့ အင်အားများကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည်မဖြည့်ဆည်းသူများ၊ (၄) အပျော်အပါးလိုက်စားသူများ၊ (၅) မြစ်ခြောက်နာရှိသူများ၊ (၆) သားကြောဖြတ်ထားသူများ၊ (၇) အဆုတ်ရောဂါရှိသူများ၊ (၈) လေဖြတ်ဖူးသူများနဲ့ လေငန်းရောဂါရှိသူများ၊ (၉) ဆီးချိုသွေးချိုရောဂါရှိသူများ၊ (၁၀) လိပ်ခေါင်းရောဂါရှိသူများ၊ (၁၁) အသက်အရွယ်ကြီးရင့်သူများ၊ ဝန်းညီးပန်းသေရောဂါ ဖြစ်တတ်ကြပါတယ်၊ ပန်းညီးရောဂါခံစားနေရပြီဆိုရင် (၁) ခန္ဓာကိုယ်ဝန်ထော်လည်း စိတ်ရောတိုလိပါ ရွှင်လန်းမှုမရှိခြင်း၊ (၂) မောပန်းလွယ်ခြင်း၊ (၃) အစားအသောက်ပျက်ခြင်း၊ (၄) ညည်ဉီးပိုင်းတွင် အိပ်မော်ထော်လည်း တရေးနိုးလျှင် အိပ်မရတတ်ခြင်း၊ (၅)သတိမေ့လျော့တတ်ခြင်း စတဲ့လက္ခဏာတွေရှိနေတတ်ပါတယ်"

"ဟုတ်ပါတယ်ဆရာ. . . ဆရာပြောပြတဲ့အရေတ်အလတ်အတော်များများနဲ့ ကိုက်ညီနေပါတယ်"

"ဒါဆိုရင် ပြည်စိုး အမျိုးသားအားဆေးကို ပုံမှန်သောက်သုံးပြီး အတြောပညာ၊ ဆေးပညာနဲ့ တုသဘွားမယ်ဆိုရင် တိုမင်းဝေခံစားနေရတဲ့ အမျိုးသားအားနည်းရောဂါဟာ တဖြည်းဖြည်း သက်သာပျောက်ကင်းသွားမှာပါ"

"ပြည်စိုးအမျိုးသားအားဆေးက ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေပါသလဲဆရာ"

"ပြည်စိုးအမျိုးသားအားဆေးဟာ အိပ်နေစဉ် သုတ်လွှတ်ခြင်း၊ သုတ်အားနည်းခြင်း၊ သုတ်လွှတ်မြန်ခြင်း၊ အတြောအားနည်းပြီး အတြောသန်စွမ်းမှုမရှိခြင်း၊ အမောမလုံခြင်း၊ နှစ်နှစ်မြို့တိုမြို့တိုက် အိပ်မပျော်ခြင်း၊ အစဉ်သဖြင့် အားအင်နုံးချည့်သလို ခံစားရခြင်းများကို သက်သာပျောက်ကင်းစေပါတယ်"

ဆရာကြီး ဦးစံမြင့်နဲ့ တွေ့ဆုံဆွေးနွေးပြီး "ပြည်စိုးအမျိုးသားအားဆေး ဝယ်သုရရှိနိုင်တဲ့နေရာတွေတဖော်...

ဆေးထုတ်လုပ်ပင်ရင်း
အမှတ် (၂၅၁၉/ခ)၊ ဗညားဒေလမ်း၊
(ဂျ) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)

ဆေးပြန့်ချိုရေး - ပြည်စိုး ဆေးကုဌာန
အမှတ် (၁၂)၊ ကျိုက္ကဆံဘုရားဝင်းတောင်ဘက်မြင်း
သယ်နန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

(၇)နှစ်ကြာသည့်တိုင် မပျက်စီးသော

ဘုန်းတော်ကြီး ရုပ်ကလာပ်တော်

ဘရဟ် ဆရာဝိန်း (လပွတ္တာ)

(၇)နှစ်ကြာမြို့ဆီသော
ဘုန်းတော်ကြီး ရုပ်ကလာပ်တော်

ဘုရားဖူးခရီးစဉ်အတွင်း အချိန်မမီ နောက်ကျသဖြင့် မင်းဘူးမြို့ တည်းခို ခန်းတွင် တစ်ည ဝင်ရောက်တည်းခို အနားယူကြသည်။ နောက်တစ်နေ့ နံနက်စောစော ခရီးစတင်ခဲ့ကြသည်။

ခရီးစဉ်က ရွှေစက်တော်ခရီးစဉ်ဖြစ် သည်။ မင်းဘူးမှ (၂၅)မိနစ်ခန့်သာ မောင်းသွားရသော ရွာကလေးတွင် ခေတ္တ ကားရပ်လိုက်ကြသည်။ အကြောင်းမှာ ကားလမ်း၏ လက်ဝဲ ဘက်ခြမ်းတွင် ကျောင်းဆောင်ငယ် တစ်ဆောင်နှင့် ဘုရားတစ်ဆူကို ဝင် ရောက် လေ့လာဖူးမြော်ရန်ဖြစ်သည်။

ကျောင်းဆောင်ငယ်ရှေ့တွင် ထိုင် နေသော လူတစ်ယောက် ရှိသဖြင့် မေးမြန်းစုံစမ်းကြသည်။ ရွာမှာ **မင်းဘူး စကုမြို့နယ်၊ ဆင်ခေါင်းကျေးရွာ**ဖြစ် ကြောင်း သိရသည်။

ဤစံကျောင်းတော်တွင် ဘုန်းကြီး တစ်ပါး မှန်ခေါင်းဖြင့် ပူဇော်ထား ကြောင်း သိရသည်။ ယင်းဘုန်းတော် ကြီး ရုပ်ကလာပ်တော်အကြောင်း ပြည့်ပြည့်စုံစုံ ထိုမိတ်ဆွေမှပင် ဆက် လက်ပြောပြသည်။

'အဲဒီဘုန်းတော်ကြီးက သက်တော် (၈၃)နှစ်၊ ဝါတော်(၁၆)ဝါ အရပ်အခေါ် ဆို့ရင်တော့ တောထွက်ဘုန်းကြီးပေါ့။ ဒါပေမယ့် တရားထိုင်တာကတော့ နေ့ည အမြဲ တရားထိုင်တယ်။

ပျံလွန်တော်မူခါနီးမှာ **''သူ့ အလောင်းကို မီးမရှို့နဲ့၊ ရေမမျှောနဲ့၊ မြေမမြှုပ်နဲ့''** မှာထားခဲ့တယ်။ ပျံလွန် တော်မူခါစက ကျောင်းပေါ်မှာ မှန်ခေါင်း နဲ့ (၂၇)ရက်ထားတယ်။ မပုပ်ဘူး။ ဘာအနံ့မှလဲ မထွက်ဘူး။ နဂိုပကတိ အတိုင်းပဲ။ ပျံလွန်တော်မူတာ ဘုရား ပြည့်နှစ်ဆိုတော့ အခု (၇)နှစ် ရှိပြီ

www.burmeseclassic.com

www.burmeseclassic.com

ဘိုးဘေးတို့၏ ပူဇော်ထားခဲ့သော ဘုရားဆင်းတုတော်



ထိုက်သူ့ဘုရား ဘုရားသမဝစ်တိတော်

က မကြာခဏ ရုပ်ကလာပ်တော်က မှန်ခေါင်းအတွင်းမှာ ကြွတက် နေတာကို ဖူးတွေ့ရတယ်။ ကြွတက်နေတာကို သိရတာက အပေါ်မှာ လွှမ်းထားတဲ့သက်နှံ့ကမှန်ခေါင်းတစ်တက်လောက် မြင့်ရာကနေ အပေါ်မှန်ဖုံးနားကို ကပ်သွားအောင် မြင့်တက် နေတတ်တယ်။

အဲဒါက ညဘက်မှာ ဖြစ်တာများတယ်။ နောက် ပြီးတော့ တစ်ဝက်လောက် ပြန်ကျနေတယ်။ အဲဒီလို မကြာခဏ ဖြစ်နေတယ်။ အဲဒါက ကျောင်းကြီးပေါ်မှာ တုန်းက ဖြစ်တာ။ ဒီစံကျောင်းကြီးပေါ်ရောက်တော့ မဖြစ်တော့ဘူး။

နောက် ထူးခြားတာက သက်နှံ့လဲပေးဖို့ အိပ်မက်ပေးတယ်။ အိပ်မက်ပေးရင် သက်နှံ့လဲပေးရတယ်။ အခုဒီကျောင်းမှာရှိတဲ့ ကျောင်းထိုင် ဘုန်းကြီးက ဒီဘုန်းတော်ကြီးရဲ့သားပဲ။ ကျောင်းကြီးက နှစ်ပေါင်းရာကျော်နေတဲ့ ရှေးဟောင်းကျောင်းကြီးပဲ'

ထိုသို့ ပြည့်ပြည့်စုံစုံ ရှင်းပြသူမှာ ဤကျောင်းမှ ကပ္ပိယဒကာ ဖြစ်နေမည်ထင်သည်။ ဘုန်းတော်ကြီး ရှိစဉ်က တရားထိုင်သော အုတ်တိုက်ဂူကိုလည်း လိုက်ပြသည်။ ရှေးဟောင်းကျောင်းကြီး၏ နောက်ဘက်တွင် အုတ်နှင့်တည်ဆောက်ပြီး အမိုးကို ဘိလပ်မြေဖြင့် စလစ်လောင်းထား

ဝင်ဖူးကြပါ'

ထိုသူက စိတ်ရှည်လက်ရှည် ရှင်းပြသည်။ ကျွန်ုပ်တို့အဖွဲ့လည်း စံကျောင်းအတွင်းဝင်ပြီး ဘုန်းတော်ကြီး၏ ရုပ်ကလာပ်ကို လေ့လာခြင်းဖြင့် ဖူးမြော်ကြည်ညိုကြသည်။

မှန်ခေါင်းအား အပြင်မှ သံဆန်ခါထပ်ကာထားသည်။ မီးရောင်းအလင်းရောင်ဖြင့် ထင်ရှားစွာ ဖူးတွေ့ရသည်။ (၇)နှစ်ကြာပြီ ဖြစ်သော်လည်း ဘုန်းတော်ကြီး၏ရုပ်အလောင်းမှာ ပကတိအသားအရေအတိုင်း ရှိနေသည်။ အပေါ်မျက်ခုံးမွေးများ ထင်ရှားပြတ်သားစွာ မြင်ရသည်။ ကိုယ်နီးစက်အိပ်ပျော်နေသည်နှင့်တူသည်။

ထူးခြားအံ့သြစရာဖြစ်သည်။ အချို့နှစ်ကြာသော ရုပ်ကလာပ်များသည် ခြောက်ကပ်၍ မည်းညစ်သွားတတ်ကြသည်။ ယခု ဖူးတွေ့ရသော ရုပ်ကလာပ်မှာ မည်းညစ်ခြောက်ကပ်မသွားဟုထင်သည်။ နဂိုပကတိအသားရောင်အတိုင်း ဖြစ်နေသည်။ သဘာဝကို ကျော်လွန်ဖြစ်တည်နေခြင်းသည် တရားဘာဝနာ အားထုတ်ခြင်း၏ အကျိုးဖြစ်မည်ထင်သည်။

ဘုန်းတော်ကြီး ဦးခေါင်းဘက်တွင် ဘုရားခန်းနှင့် ဘုရားရုပ်ပွားတော်တစ်ဆူ ဖူးတွေ့ရသည်။

'အဲဒီဘုရားခန်းနဲ့ ရုပ်ပွားတော်က ဒီစံကျောင်းမှာ ပထမက မရှိဘူး။ ဘုန်းတော်ကြီးရုပ်ကလာပ် ပူဇော်ထားပြီးမှ **ဘုရားခန်းနဲ့ ဘုရားတစ်ဆူ ပူဇော်ထားပေးပါ**လို့ အိပ်မက်ပေးတယ်။ ချက်ချင်းပဲ အလှူရှင်ပေါ်ပြီး ဘုရားရော ဘုရားခန်းပါ လှူသွားတယ်'

သူက ဆက်လက်၍ ရှင်းပြပေးပါသည်။

'ဆရာတော် ရုပ်ကလာပ်ကို ကျောင်းပေါ်မှာ (၂၇)ရက်ထားတုန်းပြီးတော့ တစ်ဝက်လောက် ပြန်ကျနေတယ်။ အဲဒီလို မကြာခဏ ဖြစ်နေတယ်။ အဲဒါက ကျောင်းကြီးပေါ်မှာ တုန်းက ဖြစ်တာ။ ဒီစံကျောင်းကြီးပေါ်ရောက်တော့ မဖြစ်တော့ဘူး။

နောက် ထူးခြားတာက သက်နှံ့လဲပေးဖို့ အိပ်မက်ပေးတယ်။ အိပ်မက်ပေးရင် သက်နှံ့လဲပေးရတယ်။ အခုဒီကျောင်းမှာရှိတဲ့ ကျောင်းထိုင် ဘုန်းကြီးက ဒီဘုန်းတော်ကြီးရဲ့သားပဲ။ ကျောင်းကြီးက နှစ်ပေါင်းရာကျော်နေတဲ့ ရှေးဟောင်းကျောင်းကြီးပဲ'

ထိုသို့ ပြည့်ပြည့်စုံစုံ ရှင်းပြသူမှာ ဤကျောင်းမှ ကပ္ပိယဒကာ ဖြစ်နေမည်ထင်သည်။ ဘုန်းတော်ကြီး ရှိစဉ်က တရားထိုင်သော အုတ်တိုက်ဂူကိုလည်း လိုက်ပြသည်။ ရှေးဟောင်းကျောင်းကြီး၏ နောက်ဘက်တွင် အုတ်နှင့်တည်ဆောက်ပြီး အမိုးကို ဘိလပ်မြေဖြင့် စလစ်လောင်းထား

www.burmeseclassic.com

www.burmeseclassic.com

ဘုန်းတော်ကြီးကျောင်းဆိုင်ရာ အုတ်အိုးကွဲများ



ဇရပ်ဟောင်း ကျောင်းတော်ကြီး

မြစ်ကမ်း သန့်ပါးပင်များ

သည်။

အတွင်းအပူသက်သာရန် ဖြစ်မည်ထင်သည်။ ရှေးဟောင်းကျောင်းကြီး၏ တစ်ဖက်တွင် စေတီတော်တစ်ဆူရှိသည်။ စေတီတော်၏ ဘွဲ့တော်မှာ ထိုက်သူစံရာ ကျစ္စာသယစေတီတော်ဖြစ်သည်။

စေတီတော်နှင့် ရှေးဟောင်းကျောင်းကြီးကြားရှိ မြေကွက်လပ်တွင် မြန်မာအမျိုးသမီးများ အလွန်နှစ်သက်သော သနပ်ခါးပင်များ တန်းစီစိုက်ထားသည်။ ကျွန်ုပ်တို့ မြစ်ဝကျွန်းပေါ်ဒေသတွင် မရှိသော သနပ်ခါးပင်များအား လေ့လာကြည့်ရှုမိကြသည်။

မင်းဘူးမြို့မှ မန်းရွှေစက်တော်သို့ ဘုရားဖူးသွားသူတိုင်း **ဂျင်ဆင်ခေါင်းကျွဲရွာ ကန်ဆွယ်ကျောင်းအနီးမှ** ဖြတ်သွားကြရသည်။ စာရေးသူတို့အဖွဲ့မှာ ရွှေစက်တော် ဘုရားဖူးခရီးသွားရင်း လမ်းကြုံတင်ရောက်၍ လေ့လာခဲ့ကြခြင်းဖြစ်သည်။

အချိန်မရသဖြင့် ဘုန်းတော်ကြီး၏ ဘဝခရီးဖြစ်စဉ်များကို ပြည့်ပြည့်စုံစုံ မတင်ပြနိုင်ခဲ့ခြင်းအတွက် စာဖတ်သူများအား တောင်းပန်အပ်ပါသည်။ ဓမ္မဗိတ်ဆွေများ လမ်းကြုံလျှင် အချိန်ရပါက ပြည့်ပြည့်စုံစုံ နောက်ဆက်တွဲတင်ပြနိုင်ပါက ဝမ်းသာစွာ ကြိုဆိုမျှော်လင့်ပါကြောင်း တင်ပြအပ်ပါသည်။

အရဟံ ဆရာသိန်း
(လမ္ဘတ္ထာ)

စာဖတ်သူ သုတေသီနှင့် ဒေသခံ စာရေးဆရာများခင်ဗျား...

ဒေသခံ စာရေးဆရာများမူလည်း၊ ဘုန်းတော်ကြီး၏ ကျင့်စဉ်စရိုက်များကို ဖော်ထုတ်ရေးသားပြီး နက္ခတ္တရောင်ခြည်မဂ္ဂဇင်းသို့ ပေးစို့မှုတ်တမ်းတင်ပေးပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

ထေးစာများဖြင့်...

ဦးကျော်ဝိုးသိန်း
စာတည်းမှူး
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

အလုပ်အကိုင်အခွင့်လမ်းနှင့်

ဆရာကြီးဦးနှောက်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

လက္ခဏာပညာ

အသက်(၃၀)အရွယ်၊ အမျိုးသား တစ်ဦးရဲ့ ဘယ်/ညာလက်ဖဝါးပြင် တို့ကို ဖော်ပြပေးလိုက်ပါတယ်။

ဟိုယခင်က သူဟာ အခြားအလုပ် တစ်ခု လုပ်ကိုင်နေခဲ့ရာက အခုပြောင်း လဲပြီးနောက် အလုပ်တစ်ခု လုပ်ချင်ပါ တယ်တဲ့။ အဲဒါ အဆင်ပြေနိုင်မလား တဲ့။

ပထမအလုပ်ကတော့ ပြည်တွင်း မှာပဲ လုပ်တာပါတဲ့။ နောက်အလုပ်က နိုင်ငံခြားနဲ့ပတ်သက်တဲ့ အလုပ်ပါတဲ့။

သူ့လက္ခဏာကို ကြည့်ရှုစစ်ဆေး တဲ့အခါ

ကံလမ်း ကြောင်းက ဘယ်ရောညာပါ **တနယ်ပြုဟ်နုံ ဘက်က စတင်တာ တွေ့ရတယ်။**

"က" အကွက်။

တနယ်ပြုဟ်ခုံဟာ ပြည်ပနိုင်ငံခြား ရေ ကြောင်း အနေညာစတဲ့ လုပ်ငန်းမျိုးထွေ နဲ့ သက်ဆိုင်ပါတယ်။

* * *



ဘယ်/ညာ လက်ဖဝါးပြင် ကံလမ်း ကြောင်း အသက်(၃၀)ခန့်နေရာမှာ လမ်းကြောင်း ထင်ပြတ်သဖြင့် ရှိ နေတယ်။ **"ခ" အကွက်။**

www.burmeseclassic.com

www.burmeseclassic.com



အခက်အခဲအနှောင့်အယှက်ကင်းရှင်းမယ်။ ဘေးရန်အန္တရာယ်အမှုအခင်းကင်းရှင်းမယ်။

* * *



အထက်ပါအချက်တွေအရ ဆိုရင် ပထမအလုပ်မှ ဒုတိယအလုပ်ကို အပြောင်းအလဲကိစ္စ အောင်မြင်အဆင်ပြေနိုင်တယ်။

နိုင်ငံခြားနဲ့ပတ်သက်တဲ့ အလုပ်အကိုင်သစ်ကို လုပ်ဖြစ်လိမ့်မယ်။ နိုင်ငံခြားခရီး သွားရတဲ့လုပ်ငန်း ဖြစ်မယ်လို့ ဟောလိုက်ရပါတယ်။

မှတ်ချက်။ ။အထက်ပါလက္ခဏာရှင် တိုင်းရင်းသားဟာနိုင်ငံခြားသင်္ကေတ တက်ဖို့ အထူးယတြာအစီအရင် တောင်းခံသွားပါတယ်။ မကြာခင် မှာပဲ HAN JIN သဘော်ကုမ္ပဏီပိုင် နိုင်ငံခြားသဘော်ကို- တက်ရောက်ခွင့် ရရှိသွားသူဖြစ်ပါတယ်။

လက္ခဏာပညာသုတ
တို့မှာကြပါစေ...။

ဆရာကြီးဦးအောင်မြိုင် (ဥပဒေဆွဲ)
လက္ခဏာဗေဒပညာ သုတေသီ

ဘယ်/ညာ အသက်လမ်းကြောင်းမှ ပြည်ပခရီးလမ်းကြောင်းများ ထင်ရှားစွာ ထွက်နေကြတယ်။ **"ဂ" အကွေ့ရာ။**

ဒီသဲ့ကတော့ ပြည်ပနိုင်ငံခြားခရီး ကိုနှိုးဆော်သွားရယ်။

ခရီးလမ်းကြောင်းပေါ်မှာ အဖျက်လမ်း လုံးဝမရှိတဲ့အတွက်၊ ထင်ရှားလွန်းတဲ့အတွက် ပြည်ပခရီးကိစ္စမှာ အဒိသက်တကတော့ ဒီအသက်ပိုင်းမှာ အလုပ်အကိုင်အပြောင်းအလဲ ဖြစ်ရမယ့် နိမိတ်ပါပဲ။

* * *



www.burmeseclassic.com

www.burmeseclassic.com

'ထူးမြေခ်လျှင်ပေါက် ကူးတတ်လျှင်
ရောက်'
'ဓာတ်ဓာတ်ချင်းကူး ဖြစ်ဖူးများစွာ
ပဒေသာ'
လက်ယာသွားလို-ထိုသည့်ပြိုဟ်-
ရွှေကို အရဲင်သတ်

ရွှေသေတ္တာသား

လုံကျင်းဆား

ရွှေတစ်မတ်သား တည်ရှိထား၊ ယမ်းဆားဒုတ်ဟင်း ကန့်လက်သွင်း
ခြောက်ပါးကိုးပုံ- အာကာလုံ-တုစ်ပုံ သုံးခါနှက်
ကိုးမတ်စီသာ- ချိန်စက်ပါ-ထောင်းကာ အမှုန့်ညက်
သတ္တဗီဇ- လုံပေါင်းရ တူမျှပိတုန်းနက်
ဘော်ဆီလုံခံ- သုဝဏ္ဏ- အမုန် ယွင်းမပျက်
အသက်ပေးရှိ လှူပါလေ ငါဆရာကိုလည်း အမျှဝေ

အခေါက်ရွှေစစ်စစ် တစ်မတ်သားကို တည်ပါ။

(ကျင်ရွှေသည် ပို၍ ကောင်းသည်) ပြီးလျှင် **ယမ်းစိမ်း၊ အိမ်သုံးဆား၊ ဒုတ္ထာ၊ ဟင်းရိုင်းနို့၊ ဇီးဖြူကန့်၊ လက်ချား** ဤဆေး (၆)ပါးကို ကိုးမတ်စီ(ဝါ) (၂)ကျပ် (၄)ပဲသားစီ ယူ၍ ညက်အောင်ထောင်းပါ။

ယင်းဆေးအမှုန့်တို့ကို ကိုးပုံပုံ၍ တစ်ပုံနှင့် အခေါက်ရွှေစစ်စစ် တစ်မတ်သားကို အထက်အောက်နှီး၍ လုံတစ်ခိုင်နှင့် သုံးလုံထိုးပါ။

အထက်ဖော်ပြပါ ဆေး(၉)ပုံ ကုန်သောအခါ လုံပေါင်း (၂၇)သတ္တဗီဇ ရရှိပြီး အခေါက်ရွှေသည် ပိတုန်းရောင် ကဲ့သို့ နက်ပြောင်၍ နေမည်။

ယင်း ရွှေသေတ္တာလုံးကို လုံသစ်တစ်လုံးတွင် ထိုးပြီး အအေးခံ၍ ရွှေသေတ္တာလုံးကို မှောက်ချ၍ ထုတ်ယူလိုက်ပြီး ယင်း ရွှေသေတ္တာလုံး ထိုးထားသော လုံခွံထဲသို့ မိုက်ဘော် ဖြစ်စေ၊ ပေါက်ပေါက်ဘော်ဖြစ်စေ (၄)ပဲသားထည့်၍ ကျင်းလျှင် ယခင်အတိုင်း ပကတိရွှေဖြစ်သွား၏။

မှတ်ချက်။ ။ ရွှေဓာတ်လုံး ကျိုထားသော လုံခွံအတွင်းသို့ လက်နှင့် မနှိုက်ယူရ။ "အဖထက် သားတစ်လ မကြီးစေရ" ဆိုသည်မှာ ရွှေသေတ္တာလုံး တစ်မတ်သားရှိလျှင် မိုက်ဘော်ဖြစ်စေ၊ ပေါက်ပေါက်ဘော်ဖြစ်စေ (၄)ပဲသားကျင်းယူသွားပါ။ (၄)ပဲသား အထက် မကျင်းယူရပါ။

တစ်ခါကျင်းလျှင် (၄)ပဲသား ကျင်းယူသွားပါ။ လုံခွံ တစ်ခုလျှင် ဘော်(၄)ပဲသား ကျင်း၍ ရပါသည်။

နောက်ထပ် ရွှေလိုအပ်လျှင် လုံခွံ အသစ်တစ်လုံးယူပြီး ရွှေသေတ္တာလုံး ထည့်၍ (၁)နာရီခန့်ထိုးပြီး အအေးခံ၍ ဓာတ်လုံးကို လက်မနှိုက်ဘဲ ထုတ်ယူပြီး ယင်းလုံခွံနှင့် **မိုက်ဘော် (၄)ပဲသား**ကို ထပ်ကျင်းရပါမည်။

ဤရွှေသေတ္တာလုံးဟာ လက်တွေ့လုပ်ကိုင်ဖူးသော ဆရာတော် ဦးပဏ္ဍိတက မေတ္တာစေတနာဖြင့် ပေးသွားသောနည်း ဖြစ်ပေသည်။

အဂ္ဂိရတ်ပါသနာရှင်များနှင့် ရိက္ခာထောက်စားလမ်း ပြုလုပ်လိုသူများအတွက် ဤနည်းပညာများကို ယူ၍ ပြုလုပ်နိုင်ပါကြောင်း မေတ္တာစေတနာ ရှေ့ထားပြီး တင်ပြရှိ မျှဝေပေးလိုက်ပါတယ်။

[ဤစာစုဖြင့် မေတ္တာစေတနာနှင့် ပညာပေးခဲ့သော ကျေးဇူးရှင် ဆရာတော် ဦးပဏ္ဍိတအား သက္ကစွ ဂါရဝ ပြုပါ၏။]

ဆရာဦးစန်းယု
ဓမ္မစိန်အတိဝမ္မာတောင်သာ-တိုင်းရင်းဆေး
ဝါးခယ်မမြို့၊ ကံကွင်း

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

ဆီး ဝမ်း လေမှန်၍ မျက်စိကြည် အကြောပြေပြီး အပူအပုပ် ကင်းစေတဲ့

စကြာမင်း

အမှတ်တံဆိပ်

မျက်စိကြည် အကြောပြေဆေး

ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် ဝ၁၁၂ YR ဝဝရ၉၉၃

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက(စာနယ်ဇင်း) ၆၅၅/ဝ၅၁၃

ကျွန်ုပ်သည် တစ်နေ့တွင် စိတ်ချမ်းသာကိုယ်ကျန်းမာ အသက်တစ်ရာ ကျင့်ကြံနေထိုင်နည်းစာမူ ရေးသားနေစဉ် ''ဟာ စာရေးဆရာကြီးကို တွေ့မှတွေ့ပါ့မလား'' ဟူသော အသံရှင်ကြောင့် ရေးလက်စ စာမူကို အသာချထားပြီး ပြန်လည် ခရီးဦးကြို နှုတ်ဆက်လိုက်သည်။

'ဩော် ကိုမျိုးမြင့်ပါလား၊ လာဗျာ'

'စာရေးဆရာ ကိုဘုန်းဝေကတော့ ဘယ်အချိန်တွေ့တွေ့ တက်ကြွလန်းဆန်းပြီး စာရေးစာဖတ်အပြုတမ်းမပြတ်ဘူးနော်'

'ဟဲ... ဟဲ... ဟဲ'

'ဟဲ... ဟဲ လုပ်မနေနဲ့ စာရေးဆရာကြီးရေ။ အခု စာရေးဆရာကြီးကို အကူအညီတောင်းချင်လို့ဗျ'

'ပြောလေ ကိုမျိုးမြင့်'

'ဒီလိုဗျ၊ ကျွန်တော် ရုံးမှာပဲဖြစ်ဖြစ်၊ အိမ်မှာပဲဖြစ်ဖြစ် နည်းနည်းလေး စာဖတ်မိတာတို့ အလုပ်ထဲကို အာရုံရူးစိုက်တာတို့ အထိုင်နည်းနည်းလေးကြာကြာ ထိုင်မိတာတို့ဆိုရင် မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ ခေါင်းမကြည် တော့ဘူး။ နောက်ကြောတက်၊ ဇက်ကြောထိုးလာတယ်။ အမြဲတမ်းလိုလို ကိုယ်လက်တွေ လေးလံထိုင်းမှိုင်းနေပြီး စိတ်ရောကိုယ်ပါ မလန်းဆန်းဘူး ဖြစ်နေလို့ဗျ။ အဲဒါ ဘာဆေးတွေများ သုံးစွဲရမလဲဆိုတာ စာရေးဆရာကြီးဆီမှာ အကြံဉာဏ် လာတောင်းတာ'

'ဧည့်သည်ဆိုလို့ ဘယ်သူများမှတ်တယ် ကိုမျိုးမြင့်ကိုး။ ကော်ဖီလေး သုံးဆောင်ပါဦး'

'ကျေးဇူးပဲ အစ်မ၊ ကိုဘုန်းဝေနဲ့ အစ်မ မအေးစိန်တို့ ဇနီးမောင်နှံကတော့ ကျွန်းမာရေး ပညာပေးစာပေတွေ ရေးသားနေသူတွေမို့လား မသိဘူး။ လန်းဆန်းကျန်းမာ လှုပနေတာကို တွေ့ရလို့ အားကျမိပါတယ်ဗျာ'

'ကိုမျိုးမြင့်ရေ ကျွန်တော်ရော အေးပါ အရင်တုန်းက ခင်ဗျားလိုပဲဗျ။ ကျွန်တော်ဆိုရင် စာလဲ မရေးနိုင်၊ စာလဲ မဖတ်နိုင် စာရေးစာဖတ်တိုင်း ခေါင်းတွေ အုံခဲလာပြီး စိတ်ရောလူရော အကြံဉာဏ်ပါ ထုံထိုင်းလေးလံနေတာပဲဗျ။ အေးဆိုရင်လဲ တစ်နေ့တခြား ဝေးလာတယ်။ ဇက်ကြောထိုး၊ နောက်ကြောတက်၊ ကိုယ်လက်ညောင်းညာ ကိုက်ခဲနေတယ်။ အထိုင်လေး၊ အလဲလေးနဲ့ ညဘက်ရောက်လာရင် သားသမီးတွေက နင်းပိုပေးရတယ်။ သူကြည့်ပြီး စိတ်မချမ်းသာ၊ ကိုယ်ကျတော့လဲ မကျန်းမာဘူး ဖြစ်နေခဲ့တာပါဗျာ'

နက္ခတ္တဆောင်းပြည်မဂ္ဂဇင်း ၅၁

www.burmeseclassic.com



'ဟာ ကိုဘုန်းဝေကလဲ လုပ်တော့မယ်။ အခု ဆရာဆိုလဲ ကျန်းမာလန်းဆန်းလို့၊ အစ်မဆိုရင်လဲ ခန္ဓာကိုယ် သွယ်လျပြီး သွက်လက်ပေါ့ပါးနေတဲ့ဥစ္စာ'

'ကိုမျိုးမြင့်ရေ၊ အခုလို ကျွန်မ အဆီတွေကျ၊ ကိုယ်ရေစစ်တာ၊ ခန္ဓာကိုယ် သွယ်လျပြီး ဇနီးမောင်နှံ ကျန်းမာရွှင်လန်းနေတာကတော့ ဆေးစွမ်းတစ်လက်ကြောင့်ပဲရှင်'

'ဒါဆိုရင် လုပ်ပါဦးဗျ၊ ဘာဆေးလဲ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးဗ၊လ'

'ကိုဘုန်းဝေကတော့ လုပ်ပြီ။ ဆေးပါးကောင်းတွေ့တာတောင် အသိမပေးဘူး'

'ဒီလိုဗျ၊ ကျွန်တော်လဲ စာဖတ်စာရေးတာနဲ့ မျက်စိ၊ မျက်ခုံး၊ မျက်လုံးတွေ့ လေးလံလာတယ်။ နောက်ကြောတက်၊ ဇက်ကြောထိုးပြီး ညောင်းညာလေးလံနေတယ်။ ဆီးဝမ်းလဲချုပ်၊ အပူလဲ ငုပ်နေပြီး ဒူလာ လိပ်ခေါင်းရောဂါပါ ဖြစ်စပြုလာနေတာဗျ။ တစ်နေ့မှာ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ မောင်မြင့်မောင် ရောက်လာပြီး ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးတစ်ဘူး လက်ဆောင်ပေးသွားတယ်။ ဆေးညွှန်းဖတ်ကြည့်တော့ ကျွန်တော်တို့ ဇနီးမောင်နှံဖြစ်နေတဲ့ ရောဂါလက္ခဏာတွေနဲ့ တစ်ထပ်တည်း တွေ့ရလို့ သုံးစွဲလိုက်တာ ဖြစ်ပေါ် ခံစားနေရတဲ့ ရောဂါတွေဟာ ကင်းစင်သွားပြီး အခုလို စိတ်ရောကိုယ်ပါ ကျန်းမာလန်းဆန်းနေတာပါ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးရဲ့ အာနိသင်လေး ပြောပြပါဦး'

'သမားတော် ဆရာကြီး ဆရာမြင့်ကတော့ ဤဆေးဟာ တိုင်းရင်းဆေးစစ်စစ်ဖြစ်ပြီး သဘာဝဆေးဖက်ဝင် ဆေးပစ္စည်းများနဲ့ စနစ်တကျ စီမံဖော်စပ်ထားတဲ့ ဆေးဖြစ်လို့ စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ပါတယ်လို့ ဆိုပါတယ်။

သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့ မျက်စိမှုန်ဝေခြင်း၊ မျက်စိအာရုံကြောများအားနည်းခြင်း၊ ခေါင်းမူး, ခေါင်းအုံ, ခေါင်းကိုက်ခြင်း၊ မျက်ခုံး, မျက်လုံးများ လေးခြင်း၊ မျက်ရိုးကိုက်ခြင်း၊ ဇနောက်ကြောတက် ဇက်ကြောထိုးခြင်း။ ကိုယ်လက်များ ညောင်းညာကိုက်ခဲခြင်း၊ မအီမသာ တိုင်းမိုင်းလေးလံနေခြင်း၊ သွေးတက်, သွေးတိုးဖြစ်ခြင်း၊ သွေးမသန့်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပြင်လိပ်ဖြစ်ခြင်း၊ ဒူလာကိုက် ညောင်းညာ ချည့်နဲ့ခြင်း၊ အပူခိုး အပုပ်ခိုးများ အပေါ်သို့တက်၍ မျက်ရည်ပူကျခြင်း၊ မျက်ဝတ်ထွက်ခြင်း၊ တိမ်သလာဖြစ်ခြင်း၊ အာခေါင်ခြောက်ခြင်း၊ လည်ချောင်းနာခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဆီးချုပ်ဆီးကျန်ဖြစ်ခြင်း၊ ဝမ်းချုပ်ဝမ်းကျန် စပြင်းခံခြင်း၊ လေချုပ်လေပွဖြစ်ခြင်း၊ အဝဲလွန်ခြင်း၊ ဗိုက်ခေါက်ထူ၍ အဆီပိုများ ပွားများနေခြင်း အသားအရေမွဲခြောက် ညစ်ထေးနေခြင်း စသော ရောဂါများကို သက်သာပျောက်ကင်းလို့ မျက်စိကြည် အကြောပြေကာ အမူအပုပ်များ ကင်းစင်လျက် ပိုလျှံနေတဲ့ အဆီများကို ကျဆင်းစေပြီး ဆီး, ဝမ်း, လေတို့ကို မှန်၍ ကျန်းမာပေါ့ပါး သွက်လက်လန်းဆန်းစေတဲ့ဆေး ဖြစ်တယ်ဗျ'

'ဒါဆို ဆရာမြင့်ရဲ့ စကြာမင်း မျက်စိကြည် အကြောပြေဆေးဟာ မျက်စိကို အသုံးပြုပြီး အလုပ်လုပ်ရသူတွေ၊ နေ့စဉ် စာရင်းဇယားတွေနဲ့ ရင်ဆိုင်နေရတဲ့သူတွေ၊ ရုံးမှာ ဝိမိတို့လုပ်ငန်းတွေမှာ ကြာမြင့်စွာ ထိုင်ကြပြီး အလုပ်လုပ်ကြရသူတွေနဲ့ ကာယ၊ ဉာဏ အလုပ်သမားတွေအတွက် နေ့စဉ် မီဝဲသုံးစွဲသင့်တဲ့ ဆေးပေါ့ပေါ့နော်'

'ပြောဖို့လိုသေးလား ကိုမျိုးမြင့်ရယ်၊ ဝမ်းတစ်လုံးကောင်းပြီး ခေါင်းမခဲဘဲ ဖွံ့ဖြိုးတိုးတက်နေတဲ့ ခေတ်ကြီးထဲမှာ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတွေ နောက်ကျကျန်မနေခဲ့အောင် အဖော်ကောင်းဖြစ်တဲ့ ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးကို ဆောင်ထားပါလို့ သင့်ကျန်းမာရေးအတွက် အကြံပြုပါရစေ'

'ကျေးဇူးပဲ ဆရာကိုဘုန်းဝေရေ၊ ကျန်းမာပျော်ရွှင် ပြည့်စုံကောင်းမွန်တဲ့ မိသားစုကမ္ဘာလေးဖြစ်အောင် "စကြာမင်း မျက်စိကြည် အကြောပြေဆေး" ကို ပြေးဝယ်လိုက်ဦးမယ်ဗျာ'

ပင်ရင်း--ဖြန့်ချိခွင့်ရသူ
စကြာမင်း
ကိုင်းရင်းဆေးထိုက်
အမှတ်(စ)/၆၆၆၊ သုတပ္ပလယ်မကြီး
သွန်းမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်၊
ဖုန်းထပ်ဂုဏ်၊ ၀၂၂၅၇၁

www.burmeseclassic.com

www.burmeseclassic.com

တောင်းဆုပြည့်ဝ ဦးကိုကိုကြီး (စစ်ဆေးရေး) ကစစ(ဒ၂)၊ ထုံးဘို

လူပျိုကြီးစိန် ဇတ်ရှု

သက်ဆောင်ဆရာများ ရိုးရှင်းကာ ဆရာတော်ကြီး ဦးဣန္ဒစာရဘိုးတော်

ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ထုံးဘိုမြို့နယ်၊ ထုံးဘိုမြို့အနီး "နှစ်မလည်တောင်"တွင် သီတင်းသုံးတော်မူသော**"ဦးဣန္ဒစာရ"**အား ပုဂ္ဂိုလ်ထူးဟု အများပြောဆိုသမုတ်နေကြပါသည်။

သမုတ်ခံရခြင်း၏ အကြောင်းရင်းကို တစ်စိတ်တစ်ဒေသမျှ ရေးသားဖော်ပြရပါလျှင်...

လွန်ခဲ့သည့် နှစ်(၄၀)ကျော်လောက်က **"ဆရာတော်ကြီးဦးဣန္ဒစာရ"**သည် နှစ်မလည်တောင်ပေါ်တွင် ဝါးကျောင်းလေးဆောက်လုပ်၍ ဝိပဿနာဘာဝနာကို တစိုက်မတ်မတ် ကျင့်ကြံအားထုတ်ကာ နေတော်မူလေသည်။

"စရဏစွမ်းအား" အင်မတန်မှကြီးမားသော ရဟန်းတစ်ပါး ဖြစ်ပါ၏။

တောင်ပေါ်မှ တောင်အောက်ရှိရွာသို့ ဆရာတော်ကြီး ဆွမ်းခံကြွသွားသည့်အခါ လူသာမန်တစ်ယောက်အသွား/အပြန် (၄၅)မိနစ်မျှကြာအောင် သွားရသော်လည်း ဆရာတော်ကြီးမှာ သပိတ်တွင် ဆွမ်းအပြည့်ဖြင့် အသွားအပြန် (၁၅)မိနစ်ခန့်မျှသာ ကြာသည်ကို လူတို့တွေ့ကြ၊ မြင်ကြရလေသည်။

ဣဒ္ဓိစမ်းတောရရှိဗိမာန်ကိုယ်တော် ဦးသောဘိတ ပြောပြချက်မှာ ဦးဣန္ဒစာရသည် လူတို့အသွားအပြန် (၂)နာရီမျှကြာအောင် သွားရသောရွာတစ်ရွာသို့ ဆွမ်းခံကြွပြီး အပြန်တွင် ထိုလမ်းတွင် ကားမောင်းနေသော ဆ.လ.ရ(၄) ယန္တရားဌာနမှ ဦးသင်းဆိုသူသည် ဆရာတော်ကြီးအား...

'တပည့်တော်ကျောင်းကို ကားနဲ့လိုက်ပို့ပေးပါမယ် ဘုရား'

ဟု လျှောက်ထားရာ ဆရာတော်ကြီးမှ....

'မပို့ပါနဲ့ ဒကာ... အညောင်းပြေအညာပြေ လမ်းလျှောက်ပြီး ပြန်ပါမယ်'

ဟုသာ ပြန်ဖြေကာ ခြေကျင်သာ ပြန်လေ၏။

ဆရာတော်ကြီး မလိုက်သဖြင့် ဦးသင်းလည်း ကားကို ဆက်မောင်းသွားလေသည်။

• မောင်းလာရင်း ဆရာတော်ကြီး သီတင်းသုံးသော တောင်နားသို့

www.burmeseclassic.com

www.burmeseclassic.com



◆ အောင်မြေးသောဇေတီတော်
(ကျော်စွမ်းထောက)



◆ အောင်ဇေယျဇေတီတော်
(ကျော်စွမ်းထောက)

◆ နှစ်ကိုင်ရုပ်ဆူဇေတီတော်
(ကျော်စွမ်းထောက)

ရောက်သောအခါ သူ၏ကားရှေ့ ခပ်လှမ်းလှမ်းတွင် ဆရာတော်ကြီးသည် သူ့ထုတ်စောင်္ဂ ရောက်နှင့်နေသည်ကို တွေ့လိုက်ရသဖြင့် ဆရာတော်ကြီး ဟုတ်မှဟုတ်ပါလေစဟု တွေးမိပြီး အံ့သြသွားရလေသည်။

သည်လိုနှင့် ဦးသင်းမှ ဒီဆရာတော်ကြီး ဟုတ်,မဟုတ် သေချာစေရန် နောက်တစ်နေ့တွင် သဇင်ဘီစကစ်မုန့်တစ်ထုပ်အား ဆရာတော်ကြီး ကြွရာလမ်းမှ စောင့်၍ လှူလိုက်လေသည်။

လှူပြီး ကားဆက်မောင်းလာရာ မနေ့ကကဲ့သို့ပင် ဆရာတော်ကြီးမှာ သူ့ရှေ့မှ ရောက်နှင့်နေသဖြင့် ကားရပ်ကာ လက်အုပ်ချီလျက်...

-'တပည့်တော်ထက် စောရောက်နေလို့ အံ့သြမိပါတယ်ဘုရား'

ဟု လျှောက်လေရာ...

'ဒီလိုပဲ လမ်းလျှောက်တာပါပဲ ဒကာရယ်'

ဟုသာ ပြန်ဖြေလိုက်ပါသည်။

ဦးသင်းမှလည်း ဆရာတော်ကြီး သပိတ်ပေါ်မှ သဇင်ဘီစကစ်အား လှမ်းကြည့်လိုက်ပြီး...

◆ ကျော်စွမ်းထောရဇကျောင်း

'ဟုတ်ပါတယ် ဒီဆရာတော်မှ ဒီဆရာတော်အစစ်ပါ'

ဟု တထစ်ချ တွေးလိုက်မိလေတော့သည်။

ထိုသည်မှစ၍ ဆရာတော်ကြီး၏ သတင်းသည် ရွာပေါင်းများစွာသို့ သင်းပျံ့သွားပါလေတော့သည်။

* * *

ကစစ(၁၂)ပစ္စတင် အလုပ်ရုံမှ ဆရာတော်ကြီးအား ကိုးကွယ်ဆည်းကပ်သော ''မခိုင်စောဃဉ်'' သူ့ကိုယ်တွေ့ ပြောပြမှုကတော့ တစ်နေ့တွင် ဆရာတော်ကြီး ဦးကွန်စုက္ကသည် တောင်ပေါ်၌ စကြံလျှောက်နေလေ၏။ ဆရာတော်ကြီးနေသော တောတောင်နက်ရှိုင်းသဖြင့် ကျားများပင် လာရောက်တတ်လေသည်။

စကြံလျှောက်နေစဉ်မှာပင် ကျားပါကြီးတစ်ကောင်သည် ဆရာတော်ကြီးထံ ချဉ်းကပ်လာပြီး အနားရောက်သည့်အခါ ဆရာတော်ကြီး၏ ခြေထောက်အား သူ၏ ဦးခေါင်းဖြင့်တိုက်ကာ ပွတ်သပ်လေတော့သည်။

ထိုအခြင်းအရာကို လှမ်းလေ့မြင်

www.burmeseclassic.com

www.burmeseclassic.com



ပန်းပေါင်းစုံဘုရားတိုတော်

(ဒေါ်)ဆွေဆေဘုရားတော်

ဆရာတော်ကြီး ဦးကုန္ဒစာရ၏ ရုပ်တုတော်

ဆရာတော်ကြီး ဦးကုန္ဒစာရ၏ ရုပ်တုမော်ကွန်းကျောင်းတော် (ကျော်စင်းဆောရာ)

သော လူတစ်ယောက်သည် ဆရာတော်ကြီးအား ကျားကိုက်တော့မည် အထင်ဖြင့် ကျောင်းတွင် ဝေယျာဝစ္စ ဝဲလုပ်နေသူများကို ပြေး၍ ခေါ်လေသည်။

လူစု၍ လူအများ ဆရာတော်ကြီးထံ ပြေးသွားကြပြီး ရောက်သောအခါ ဆရာတော်ကြီးသည် စင်္ကြံလျှောက်မြဲ တိုင်းလျှောက်နေသည်ကို တွေ့ရသဖြင့် တွေ့ရသဖြင့် စတင်တွေ့သော သူမှ...

'ဆရာတော်ဘုရားကို ကျားကိုက်တာမြင်လို့ တပည့်တော် လူစုပြီးလာတာပါဘုရား'

ဟု လျှောက်ထားရာ ဆရာတော်ကြီးမှ...

'ကျားကိုက်ပါတယ်ကွယ်၊ သူဘာသာဘဝလာရင်း တွေ့တာပါ။ အခု ထားထဲ ပြန်သွားပြီး ဘာတို့ကျောင်းကိုဟာ ပြန်ကြပါ'

ဟု မိန့်သဖြင့် စိုးရိမ်စိတ် အပြည့်ရှိနေသော လူအများမှာ သက်ပြင်းများ ချကာကျောင်းသို့ပြန်လှည့်ကြလေသည်။

ဆရာတော်ကြီး ဦးကုန္ဒစာရ၏ တူခြားမှ ဂုဏ်သတင်းများကို နေ့မည်ဆိုပါက များစွာမှပင် ကျန်ရှိနေပါသေးသည်။

အခွင့်အခါသင့်ပါက ထပ်မံရေးသား တင်ပြပါဦးမည်။ ယခုတော့ ဆက်လက်ရေးသားမည့်ကို စာရှုသူများ ဆက်လက်ဖတ်ရှုကြစေလိုပါသည်။

* * *

ဆရာတော်ကြီး ဦးကုန္ဒစာရသည် ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ စမ်းဝအုပ်စု၊ စမ်းဝကျေးရွာ ခမည်းတော် ဦးစိန်တုံး မယ်တော်ဒေါ်ငွေခိုင်တို့မှ **မြန်မာသက္ကရာဇ် ၁၂၉၆ ခုနှစ်၊ ကဆုန်လပြည့်ကျော်(၉)ရက် တနင်္ဂနွေနေ့** တွင်ဖွားမြင်သည့် သားကောင်းရတနာ ဖြစ်ပါသည်။

ထုံးဘိုမြို့၊ ကျေးရွာရှင် နန်းကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တဥတ္တမ မဟာဓေရ်မြတ်ကြီးအား ဥပဇ္ဈာယ်ပြု၍ သသနာ့ဝန်ထမ်း ရဟန်းဘဝ ဒုလ္လဘကို ရယူခဲ့ပါသည်။

ဆရာတော်ကြီးသည် နှစ်မလည် တောင်ပေါ်တွင် တောရသာသနာတော်ကြီးကို ဦးဆောင်ဦးရွက်ပြုကာ ချုံနွယ်ပိတ်ပေါင်းတို့ သုတ်သင်ရှင်း

www.burmeseclassic.com

www.burmeseclassic.com





ပလ္လင်သဏ္ဌာန်ဟောတော်အောက် (ကျောက်စိမ်းတောရ)

ကြာပင်၊ ကြာဖူးများနှင့် ပြည့်နှက်ရှိသော ဇရကန်ကြီးအလယ်မှ အရှင်ဥဒုမ္ဗရပုဏ္ဏားမင်းကြီး

လင်းစေပြီး လူအများ ကုသိုလ်ယူဖွယ်ရာ စေတီ၊ တန်ဆောင်း၊ ဘုရား၊ ကျောင်း၊ သိမ်၊ ဇရပ်၊ ရေတွင်း၊ ရေကန်များ ပြည့်စုံစွာဖြင့် **"တောရစခန်းကြီး"** ကို စတင် တည်ထောင်ခဲ့လေသည်။

တောင်အောက်တွင် ထန်းပင်ကွင်း ရှာဆိုသည့် ရှိသဖြင့် ဆရာတော်ကြီးမှ **"သက္ကဒိမဟာန်ကန်သာတောရ"** ဟု အမည်ပေးထားသော်လည်း **"ထန်းပင်ကွင်းတောရ"** ဟုသာ လူအများက ခေါ်ဝေါ်ကြပြီး ဆရာတော်ကြီးအား လည်း **"ထန်းပင်ကွင်းတောရဆရာတော်ကြီး"** ဟုသာ ခေါ်ဆိုကြပြန်ပါသည်။

ထန်းပင်ကွင်း တောရသာမက သရက်စိမ်းတောရ၊ မြင့်မြတ်တောင်တောရ၊ သက္ကယ်စိမ်းတောရ၊ သစ်ပုတ်တောရနှင့် ကျုတ်စိမ်းတောရစခန်းကြီးများကိုလည်း တောတောင်ကြီးများ ထူထပ်သော်လည်း မရရအောင် တည်ထောင်ပေးခဲ့လေသည်။

ထို တောရစခန်းကြီးများတွင်လည်း စေတီ၊ တန်ဆောင်း၊ ဘုရား၊ ကျောင်း၊ သိမ်၊ ရေတွင်း၊ ရေကန်ကြီးတို့ဖြင့် ပြည့်စုံ ကြည်ညိုဖွယ်ရာဖြစ်အောင် ဆောင်ရွက်အောင်မြင်ခဲ့ပါသည်။

ထို့ပြင် ထုံးဘိုမြို့အနီး တောမကျေးရွာရှိ အိုမင်းရင့်ရော်နေသော ခဝါချောင်းတံတားကြီးကိုလည်း သံကွန်ကရစ် တံတားသစ်ကြီးဖြစ် အောင် ဆောင်ရွက်ပေးပြန်ပါသည်။

ဇရောတီမြစ် အနောက်ဘက်ကမ်း နံဘေးက ရွေးကျောက်နံရံကပ် ရွေး ဘုရားများဖြင့် ကျောက်ကြားသော **"ထုံးဘို အကောက်တောင်"** တွင် **"ပဲခူးတိုင်းဦးစေတီတော်မြတ်ကြီး"** ကို တည်ထားပေးပြီး အများပြည်သူ သွားလာမှု လွယ်ကူစေရန်အတွက် ကားလမ်းကိုလည်း ၂၀၀၈ ခုနှစ်တွင် လမ်းကြမ်းကြီးပြီးအောင် ဖောက်လုပ်ပေးခဲ့ပြန်ပါသည်။

ဆရာတော်ကြီး တည်ပေးခဲ့သော စေတီပေါင်း(၄၀)ကျော် တည်ထားပေးခဲ့ပြီး ရွှေထီးတော်ကြီးများကိုလည်း တင်လှူပူဇော်ပေးခဲ့ပါသည်။

၁၃၆၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၈)ရက် စနေနေ့တွင် ထုံးဘိုမြို့ "ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး" ကို ခမ်းနားကြီးကျယ် စည်ကားသိုက်မြိုက်စွာ ရွှေထီးတော်တင်လှူပွဲကြီးကို ကျင်းပအောင်မြင်ခဲ့ပါသည်။

ထိုတွင်မက နာဂစ်လေဘေးသင့် ပြည်သူများကိုလည်း သိန်းပေါင်း(၅၀၀) ကျော် တန်ဖိုးရှိ ငွေသားနှင့် ဆန်, ဆီ, ဆား, အဝတ်အထည်များကို ဦးဆောင် စည်းရုံးရှာ၍ လှူဒါန်းပေးခဲ့ပြန်ပါသည်။

အနန္တကျေးဇူးရှင် ဘဒ္ဒန္တကုန္ဒစာရသည် လောကဓမ္မ နှစ်ဌာနအကျိုးသယ်ပိုးဆောင်ရွက်ပြီးနောက် **၁၃၇၀ ပြည့်နှစ်၊ ဝါဆိုင်းလဆန်း(၇)ရက်၊ (၈-၈-၂၀၀၈) သောကြာနေ့သည် (၉)နာရီအချိန်တွင် "တစ်ဘဝ တစ်ခန္ဓာ" ငြိမ်းအေးစွာဖြင့်** ခန္ဓာဝန်ကြီးကို အပြီးတိုင် ရုပ်သိမ်းတော်မူခဲ့ပါလေသည်။

ထိုအချိန်တွင် ဆရာတော်ကြီးသည် သက်တော်(၇၄)နှစ်၊ ဝါတော်(၅၄)ဝါ ဖြစ်ပါသည်။

သံဃဂ

ရှာလည်းမတွေ့၊
ကြာလည်းမမှဲ့၊
ငါလည်း တစ်နေ့ပါဘကား။

အထက်ဖော်ပြပါ ရေးသားထားမှုတို့သည် ဆရာတော်ကြီး ဦးကုန္ဒစာရ၏ အတ္ထုပ္ပတ္တိအား စာဖတ်ပရိသတ်များသိရှိကြစေရန်တင်ပြထားခြင်းဖြစ်ပါသည်။

* * *

ဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက် ၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်နေ့က အလှူဒါယကာ ဦးကျော်ဆန်းအောင်၊ အလှူဒါယိကာမ ဒေါ်စိုးမန်းတို့က "ကျုတ်စိမ်းတောရ" တွင် သီကျာထပ် ရဟန်းခံရှင်ပြု အလှူပြုလုပ်ကြ

www.burmeseclassic.com

www.burmeseclassic.com



ဆင်ခြင်ဉာဏ်ထက်သော (ကျော်စွမ်းတောရ)

ဆောင်ပိုးပိုးကြိုးပမ်းတဲ့ (ကျော်စွမ်းတောရ)

ပါသည်။

ထိုအလှူတွင် စာရေးသူအားလည်း ရဟန်းခံပေးကြမည် ဖြစ်သည့်အတွက် တောင်ပေါ်သို့ ရောက်ရှိနေပါသည်။

ကျတော်စမ်းတောရသည် ပဲခူးတိုင်း အေသကြီး၊ ပန်းတောင်းမြို့နယ်၊ ထုံးဘိုမြို့မှ (၁၀)မိုင်ခန့်အကွာရှိ **"တောင်ယံတောင်"** ပေါ်တွင် တည်ရှိပါသည်။

ထိုတောင်ပေါ်တွင် ဗိမာန်ကြီး ဆောက်လုပ်လျက် ဆရာတော်ကြီး ဦးကုန္ဒစက္ကာ၏ရုပ်တုအား တည်ထားကိုးကွယ်ထားရှိသည်ကို ဖူးတွေ့ရပါသည်။

အလှူရှင်တို့ ဇနီးမောင်နှံမှလည်း ဆရာတော်ကြီးထံ...

'ကျွန်တော်ဒယ်တွင် အလှူလုပ်ယူဖြစ်ကြောင်းနှင့် အလှူပွဲကြီး အစစ အဆင်ပြေရောမွေ့ ပြီးဆုံးစေရန်နှင့် အလှူတော်ကြီး အောင်မြင်အောင် ဆောင်ရွက်ထောက်မပါ ဆရာတော်ကြီးဘုရား'

ဟု ရေချမ်း၊ ပန်း၊ ဆီမီး အမွှေးတိုင် တို့ဖြင့် လှူဒါန်း လျှောက်ထားကြလေသည်။

အလှူကြီးကား ထူးခြားလှပါပေ၏။

သံဃာတော်များနှင့်တကွ လူပရိသတ်ပေါင်း (၄၀၀)ကျော်တို့အား ထမင်းကျွေး ဒါနပြုကြရာတွင် ဆန် (၂၄)ပြည်(၁-အိတ်)တောင် မကုန်ဘဲ ထမင်းများ ပိုရုံသာမက နောက်တစ်နေ့ ညနေအထိ မသိုးဘဲကျန်ရှိကာ လုပ်ကိုင်သည့် အဖွဲ့သားများ ထိုထမင်းကို စားကြရသည်မှာ အံ့သြစရာတွေ ဖြစ်ရပါသည်။

အဘယ်ကြောင့်ဆိုပါမူ...

လူတစ်ယောက်သည် နို့ဆီ(၁)တူးပဲ စားကြသည် ထားပါဦး... နို့ဆီအလုံး (၄၀၀) ချက်ရမည်ဖြစ်ပြီး ပြည်အားဖြင့် ဆိုလျှင် (၅၀)ပြည် ချက်ရပါမည်။

နို့ဆီဘူး(၄၀၀) မဟုတ်ဘဲ အနည်းဆုံး လျှော့ချတွက်မည်ဆိုပါက နို့ဆီဘူး အလုံး (၃၀၀)တော့ မဖြစ်မနေ ကုန်ကို ကုန်ပါမည်။ ပြည်အားဖြင့် တွက်လျှင်တော့ (၃၇)ပြည်တော့ ကုန်မှာ သေချာပါသည်။

အလှူရှင်မှ မလောက်မှာစိုး၍ ဆန်အိတ်တစ်အိတ် အပိုဆောင်ထားသော်လည်း မချက်ရဘဲ ဆန်(၁)အိတ် နှင့်သာ လောက်ခဲ့ရပါသည်။

ဟင်းများမှာလည်း လူ(၄၀၀)ကျော် ကျွေးသော်လည်း မကုန်နိုင်ဘဲ ကျန်ရှိသဖြင့် ချက်ပြုတ်ရေးအဖွဲ့များအား ဝေငှပေးခြင်း၊ အမျိုးအဆွေမျိုးများနှင့် မိတ်သင်္ဃများအား ဝေငှပေးခြင်းများပင် ပြုလုပ်ရသည်များကို စာရေးသူကိုယ်တွေ့ကြုံ၍ ပို၍ပင် ဆရာတော်ကြီးအား အလေးအမြတ်ထား ရှိသေကိုင်းရှိုင်း ဂါရဝပြုမိပါလေတော့၏။

* * *

ယခင်က ကျတ်စမ်းတောရသည် သစ်ပင်၊ ဝါးပင်၊ ချုံနွယ်ပိတ်ပေါင်းတို့ အင်မတန်မှ ထူထပ်သောနေရာဖြစ်ပြီး လူသူအရောက်အပေါက် မရှိသော နေရာ ဖြစ်ပါသည်။

ယခုအခါမှာတော့ ဆရာတော်ကြီး ဦးကုန္ဒစက္ကာ၏ သီလ၊ သမာဓိ၊ ပညာတို့ကြောင့် တောင်ငယ်တောင်ကြီးပေါ်တွင် ဘုရား၊ စေတီ၊ ကျောင်း သိမ်၊ ကန်တို့ ပြည့်စုံစွာဖြင့် တောရိပ်တောင်ရိပ်တို့တွင် တရားဘာဝနာ အားထုတ်သူများအဖို့ လွန်စွာမှ တရားအားထုတ်ဖွယ်ရာကောင်းသော ထူးခြားသည့် နေရာကောင်းတစ်ခု ဖြစ်ပေသည်။

ဆရာတော်ကြီး ဖျံလွန်တော်မူမီ နောက်ဆုံး သာသနာပြုခဲ့သော ကျတ်စမ်းတောရတောင် ဖြစ်ပါသည်။

ထို ကျတ်စမ်းတောရတောင်ပေါ်တွင် ဆရာတော်ကြီး ရှိစဉ်က ရုပ်ရှင်နှင့် ဗွီဒီယိုသရုပ်ဆောင် အဆိုတော် "တင့်တင့်ထွန်း" သည် "ဒေါ်ဓမ္မဝတီ" ဆိုသော သီလရှင်ဘဝဖြင့် စေတီတစ်ဆူ လာရောက်တည်ထားလှူဒါန်းခဲ့ပါသည်။

ထိုစေတီကို "(ဒေါ်)ဓမ္မဝတီ

www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှင်က ပဋ္ဌာန်းပို့ချနေပုံ (ကျောက်စိမ်းတောရ)

ကျောက်စိမ်းတောရတွင် ယခု သီတင်းသုံးနေကြသော ဦးဇဉ်းစဉ္ဇနာဘိဝံသတော်

တော်''ဟု အမည်တွင်လျက် ရှိပါသည်။ ထို့ပြင် ထိုတောင်ပေါ်တွင် ဆရာတော်ကြီး တည်ထားခဲ့သော စေတီများမှာ **ဆင်စီးမြင်းရံစေတီတော်၊ အောင်သုခစေတီတော်၊ ပလ္လင်္ကသတ္တာဟ စေတီတော်၊ အောင်ချမ်းသာစေတီတော်၊ နှစ်ကျိပ်ရွှစ်ဆူစေတီတော်နှင့် ပန်းပေါင်းစုံစေတီတော်များ** ဖြစ်ကြပြီး ကြည်ညိုစဖွယ် ဖူးတွေ့ရမှာ ဖြစ်ပါသည်။

ထိုမှတပဝ **နဂါးရုံဘုရား**နှင့် ဘုရားရှင်မှ ပဋ္ဌဝဂ္ဂိဂါဠိဉီးအား တရားဦးဟောနေဟန် ရုပ်ပွားတော်များနှင့်အတူ ရှင်ဥပဂုတ္တ ရုပ်တုတော်မြတ်သည် ကြာဖူး၊ ကြာပင်၊ ကြာပန်းများဖြင့် ပြည့်လျက်ရှိသော ရေကန်ကြီးအလယ်တွင် ကျောင်းဆောင် ဆောက်လုပ်ရှိသီတင်းသုံးနေပုံကိုလည်း ဖူးတွေ့နိုင်ပါသည်။

ထိုရေကန်ကြီးသည် တောရတွင် နွေ မိုး ဆောင်း ရေမပြတ်တောက်ဘဲ အသုံးပြုနိုင်စေရန် ဆရာတော်ကြီးမှ အမြော်အမြင် ကြီးစွာဖြင့် တောင်ကြို တောင်ကြားတွင် ခက်ခက်ခဲခဲ တူးဖော်ထားရှိခဲ့သော ရေကန်ကြီး ဖြစ်ပါသည်။

ထို့ပြင် ထားရာတည်းက ရေလွှတ်ကန် ဆင်သော တောင်ကြီးပေါ်တွင် ဆရာ တော်ကြီးမှ အာရုံကုန်ကုသွင် ရောဂါ တူးဆေး ထွေ့ရှိသောဆေးသည် သာမန် ဆေးမျိုး မဟုတ်ဘဲ ထူးခြားစွာ ရောဂါပြန် နေသည်ဖြင့် ထိုဆေးကိုအား သောသောစွာ ရောင်းအပြီး ထောင်ပွက်ကြွေး ထား အပြီး သုံးစွဲကြပါသည်။

တချို့သော ဘုရားလာဖူးသူများသည် ကားဖြင့် ထိုရေခဲ်းအား ဂါလန်ပုံးကြီးများဖြင့် မိမိတို့မြို့ရွာများသို့ သယ်ဆောင် သွားကြသည်ကိုလည်း တွေ့ခဲ့ရပါသည်။

ဒေသခံများကလည်း ဆရာတော်ကြီးသည် ထိုတောင်ကြီးပေါ်ဝယ် ယခုထိတိုင် တရားအားထုတ်လျက် သီတင်းသုံးကာ ရှိနေသေးကြောင်း ပြောကြပါသည်။

ကိုယ်တိုင်ကိုယ်ကျ တွေ့သူတစ်ဦး ပြောပြပုံမှာ သူ ရဟန်းဝတ်စဉ်က ည (၂)နာရီလောက်အချိန် အပေါ့အပါး သွားရန် အထတွင် ဆရာတော်ကြီး သည် သူနေသော အခန်းထဲတွင် မတ်မတ်ရပ်လျက် (၁၀)စက္ကန့်မျှ မြင်တွေ့ဖူးရပါကြောင်း ပြောပြပါသည်။

အလျှုအတန်း လုပ်သူများမှလည်း ဆရာတော်ကြီးတို့၏ ရုပ်တုရှေ့တွင် ဆီမီး၊ ပန်း၊ အမွှေးတိုင်များ ကပ်လှူ၍ လျှောက်ထားပြုလုပ်ပါကအစစအရာရာ အဆင်ပြေကြောင်း ပြောပြကြပါသည်။

ထိုတောင်ပေါ်တွင် တောင်ပိုင်ဘိုးဘိုးကြီးရုပ်တုကိုလည်း တွေ့နိုင်မှာ ဖြစ်ပါသည်။

တောင်ပိုင်ဘိုးဘိုးကြီးမှာ ဆရာတော်ကြီး ရှိစဉ်ကတည်းက ဆရာတော်ကြီးအား အနီးကပ် စောင့်ရှောက် အကူအညီပေးနေသော ပုဂ္ဂိုလ်ကြီး ဖြစ်ပါသည်။

ထိုတောင်ပေါ်တွင် ဘုရားပြေမလွတ်ကင်းသည့် နေရာများတွင် အပေါ့အပါးသွားမိပါက တောင်ပိုင်ကြီးမှ ဆုံးမတတ်ပါသည်။

ဆုံးမပုံမှာ ထိုဒေသမှ ''ပေါ်ဦး'' ဆိုသူ မဆင်မခြင် အပေါ့သွားမိရာ တစ်ည လုံး ဆီးအောင့်ကာ အော်ဟစ်နေရသဖြင့် တောင်ပိုင်ကြီးထံ ကန်တော့ပွဲနှင့် သွားရောက်တောင်းပန်စကား ပြော ဆိုကာမှ ဆီးအောင့်ခြင်းမှာ ယူပစ်ဆလို ပျောက်ကင်းသွားကြောင်းပြောပြပါသည်။

ဒေသခံ တောင်ယာတဲများနှင့် လာရောက်နေထိုင်ပါကလည်း မဆင်မခြင် ပြောဆိုနေထိုင်ပါက တောင်ပိုင်ကြီးမှ ဆုံးမတတ်သဖြင့် စည်းကမ်းတကျ နေထိုင်ကြရဲ့လေသည်။

ရပ်နီးရပ်ဝေးမှာ ရှိကြကုန်သော စာရှုသူ ဗုဒ္ဓဘာသာဝင်များအား စေတနာကောင်းဖြင့် အကြံပြုရပါသော **''တောင်းဆုပြည့်ဝ ကျောက်စိမ်းတောရ''** စခန်းကြီးတွင် သာသနာတော်ကြီး အဝန့်ရှည် တည်တံ့ခိုင်မြဲရန် ဆရာတော်ကြီးမှ လုံလ၊ ဝီရိယ၊ ခဲတို့ဖြင့် သာသနာပြုထားခဲ့ပြီး ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီး ဦးဣန္ဒကမ္ဘ၏ ထာဝရပွဲတော်ကျောက်စာ

သာသနာ့ပိုလကာရီညီမိတော် (ကျွတ်စမ်းတောရ)

ကိုရင်ဘိုက္ခု ဇရာဓိတွင်းအား လိုက်လံပြသပုံ(ကျွတ်စမ်းတောရ)

သို့ဖြစ်၍ သာသနာပြုလိုကြသည့် ယောဂီပုဂ္ဂိုလ်များ၊ ဘဝမှာ အကျပ်အတည်း အခက်အခဲတို့နှင့် ရင်ဆိုင်နေကြရသူများနှင့် ကျန်းမာရေးအတွက် ''ရေခါး''ယူလိုကြသူများ မပြောမရှိ မဖြစ်ရလေအောင် ''ကျွတ်စမ်းတောရ''သို့ ဘုရားဖူးသွားကြစေလိုပါကြောင်းနှင့် ဆရာတော်ကြီးအား ကန်တော့ကာ လိုရာဆုတောင်းပြည့်နိုင်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။

ထပ်ဆောင်း ရေးသားပြောလိုသည်က **''ဖူးတဲ့လူများ ထူးကြမှာ''** ဖြစ်သလို၊ **''ထူးမယ့်သူများကလည်း ဖူးကြမှာ''**ဖြစ်ပါသည်။

ကျွတ်စမ်းတောရသို့ ရောက်ပါက **ဦးကုန္ဒစက္ကဓ၏ တပည့်ရင်း ဦးပညာစက္ကမ္ဘလည်း** ကျွတ်စမ်းတောရ၏ သာသနာတော်ကြီးအား တာဝန်ယူအမွေဆက်ခံ ထိန်းသိမ်းစောင့်ရှောက်ရင်း ဝိပဿနာဘာဝနာများ ပွားများကာ သီတင်းသုံးလျက် ရှိပါသည်။

သံဘောထား ပြည့်ဝသော ရဟန်းတစ်ပါး ဖြစ်ပါသည်။

ထိုတောရတွင် ထူးထူးခြားခြား ရှုမျှင်းအင်မတန်တူသည့် **''ရှင်တိသနှင့် ရှင်ထိက''** ဆိုသည့် ကိုရင်အမြဲညီနောင်(၂)ပါး ရှိပါသည်။

ထိုကိုရင်နှစ်ပါးမှ ဘုရားဖူးများ တောင်ပေါ်ရှိ ဘုရားစုံ ဖူးနိုင်ကြစေရန် တောလမ်း၊ တောင်လမ်းများတွင် လမ်းပြပေးပါရန် အကူအညီတောင်းဆိုပါက လမ်းပြအကူအညီပေးရင်း ကုသိုလ်ယူကြသည်ကိုပါ တွေ့ကြရမည် ဖြစ်ပါသည်။

သွားမည်ဆိုပါက ကားဖြင့် ပြည်ပြိုမှ ရောဝတီအနောက်ဘက်ကမ်းသို့ နဝဒေးတံတားကြီးကို ကူးဖြတ်ပြီး တောင်ပတ်လမ်းတိုင်း မောင်းနှင်လာပြီး အုတ်သျှစ်ပင်မြို့သို့ရောက်လျှင် **ပုသိမ်–မုံရွာ လမ်းမကြီးအတိုင်း ပုသိမ်ဘက်သို့ နာရီဝက်သာသာမျှ မောင်းနှင်လာပါက ရေနောက်ရွာသို့** ရောက်ပါသည်။

ထိုရွာကို ဆင်းမေးပါကလည်း ရနိုင်သလို ရေနောက်ရွာကို ကျော်ဖြတ်လာပြီး (၁)မိနစ်ခန့် မောင်းလာပါက ''ကျွတ်စမ်းတောရသို့'' ဆိုသည့် ဆိုင်းဘုတ်ကို တွေ့ရပါမည်။

ဆိုင်းဘုတ်ရှိသည့် ဘယ်ဘက်သို့ ကားကို ချိုးကွေ့မောင်းလာပြီး ထိုလမ်းတစ်ရတည်းသာရှိသဖြင့် လမ်းမမှားနိုင်ဘဲ ကျွတ်စမ်းတောရတောင်ပေါ်သို့ချောမွေ့စွာ ရောက်ရှိသွားမည် ဖြစ်ပါသည်။

တောင်ပေါ်တက်သည့် လမ်းကို လည်း ဦးပညာစက္ကမ္ဘ ဦးစီးကာ ကွန်ကရစ်လမ်း ပြုလုပ်ထားသည် ဖြစ်ပါသည်။ ကားသည် အခက်အခဲမရှိ မောင်းနှင်နိုင်ပါသည်။

ပုသိမ်ဘက်မှ မောင်းလာပါက လည်း ဘက်ရပြို့သို့ရောက်လျှင် ပုသိမ်–မုံရွာလမ်းမကြီးအတိုင်း မောင်းနှင်လာပြီး **''လက်ပံခုံရွာ''** ရောက်ပါက ကားပေါ်မှ ဆင်းမေးလျှင်ဖြစ်စေ၊ မမေးဘဲ (၁)မိနစ်သာသာခန့် မောင်းလာလျှင်ဖြစ်စေ **''ကျွတ်စမ်းတောရ''** ဆိုင်းဘုတ်ကို ညာဘက်တွင် တွေ့ရှိရပါမည်။

တွေ့လျှင် ညာဘက်သို့ ချိုးကွေ့ဝင်ပြီး မြင်တွေ့ရသည့် လမ်းအတိုင်း မောင်းနှင်သွားရုံသာ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စာရှုသူများအား စာရေးသူအနေဖြင့် ကောင်းမြတ်ဖြူစင်သော စိတ်စေတနာကောင်းတို့ဖြင့် နောက်ဆုံးထား ရေးသားပြောဆိုလိုသည်ကတော့ ကျွတ်စမ်းတောရသို့ ဘုရားဖူးသွားဖြစ်အောင် သွားလိုက်ကြပါဟုသာ တိုက်တွန်းလိုက်ရပါပေသတည်း။

[နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကြီးနှင့်တကွ စာဖတ်ပရိသတ်များအား အစဉ်လေးစားလျက်...]

ဦးကိုကိုကြီး(စစ်ဆေးရေး)
ကစစ(၁၂)၊ ထုံးဘို

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

ဆေးစွမ်းထက်မြက်ကြောင်း အကြွားမဖိတဲ့

သမားစိုဆေးတိုက်

မြန်မာ့နန်းတွင်း သမားတော်ကြီး ဦးပန္နဒ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေးခေါင်းဆောင် ဆရာစံ(သမားတော်ကြီး ဦးစံရား)တို့ထံမှ လက်ဆင့်ကမ်းခဲ့ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို သမားတော်ကြီး ဦးနွယ်၏မြေး သမားတော် ဦးတင့်လွင်(ငြိမ်း/ဝိုလ်ကြီး)၊ ဇနီးဒေါ်ကျင်သိန်းမိသာစု (သမားအိုဆေးတိုက်) မှ အကြောင်းပြု ပေါင်းစုလျက် သမားအိုအမှတ်တံဆိပ် မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက်ရှိပါသည်။

မှတ္တုတ်လှပ်သော အစာအိမ်ရောဂါသောက်ဆေး ပါရမီရှင်ချောင်းဆိုးပျောက်ငုံဆေးပြား၊ ဉာဏ်ပျားရောဂါသောက်ဆေး၊ ယားနာရောဂါသောက်ဆေး အင်ဖြေကျော်လေးဆေးလျက်သား

ဤဆေးသည် ဉာဏ်ပျားနှင့် အဖျားရောဂါ အမျိုးမျိုးကို ထိရောက်စွာ သက်သာပျောက်ကင်းစေပါသည်။

ချွေးထွက်လျင် အအေးပြန်မတတ်စေရန် အဝတ်နှင့် သုတ်ပေးရပါမည်။ မည်သည့် အဖျားမဆို ဆေးသောက်ပြီးပါက အအေးခံခြင်း၊ ပင်ပန်းစွာလှုပ်ရှားခြင်းတို့ကို ရှောင်ရှားသင့်ပါသည်။ ဉာဏ်ဖျားနှင့် အအေးမိနာစေခြင်းတို့ကြောင့် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲခြင်းများအတွက် သောက်သုံးနိုင်ပါသည်။

ဦးခန့်တောင်း၏
သမားအို အမှတ်တံဆိပ်
ဉာဏ်ဖျားရောဂါသောက်ဆေး
ဝရာဝ Y၀၀၉၀၀၉

ဒေါ်စင်စင်ထွေး၏

သမားအို အမှတ်တံဆိပ် အစာအိမ်ရောဂါသောက်ဆေး ဝရာဝ Y၀၀၉၀၀၄

လူမှာအကျင့် ဝမ်းမှာအချင့် ဆိုသလို မသင့်သော အစားအစာများကို စားခြင်း၊ အချိန်မှန်မှန် မစားသောက်ခြင်း၊ အပူ,အစပ်၊ အချဉ်,အငန် စသည် အရသာများကို တာရှည်စွာ စားသောက်ခြင်း၊ ကြေညက်ခဲသော အစာများကို တာရှည်စွာစားသောက်ခြင်း၊ အလွန်အိပ်ရေးပျက်ခံသော်လည်း အစားပုံမှန် မစားခြင်း စသည့် အကြောင်းများ တာရှည်ရာမှ ပါစကဝမ်းပျက်ပြီး အစာအိမ်ရောဂါအမျိုးမျိုး ဖြစ်ပေါ်လာပါသည်။

ဤဆေးသည် အစာမကြေ၊ လေထိုးလေအောင့်၊ ရင်ပြည့်ရင်ကယ်၊ ရင်ခေါင်းနှင့် နံကြားတို့၌ ထိုးအောင့်နာကျင်ခြင်း၊ အုစာအိမ် အချဉ်ပေါက်ခြင်း၊ အစာအိမ်ရောင်ခြင်း၊ နာခြင်း၊ ပျို့အန်ခြင်း စသည့် အစာအိမ် လေနာအမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာ ပျောက်ကင်းစေပါသည်။

ဒေါ်စေစေထေးစု၏

သမားအို အမှတ်တံဆိပ် ပါရမီရှင် ချောင်းဆိုးဖျောက်ငုံဆေး ဝ၅၁၂ Y၀၀၉၆၆၆

ဤဆေးသည် ရာသီအကူးပြောင်း၌ ဖြစ်တတ်သော ချောင်းဆိုးခြင်း၊ ချွဲကျပ်၊ ရင်ကျပ်၊ သလိပ်ကပ်၊ လည်ချောင်းနာ၊ လည်ချောင်းယား၊ အသံဝင်၊ အသံပျက်၊ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ လည်ချောင်းနှင့် ရင်ဘတ်အတွင်း၌ သလိပ်များ ရွှဲရွှဲတက်ဖြစ်နေခြင်း၊ တရှိန်ရှိန်ပြည်နေခြင်းများကို ဆေးတစ်ပြားဆို ဆိုသလောက် သိသာလျင်မြန်စွာ သက်သာ ပျောက်ကင်းစေပါသည်။ ပထမတစ်ကြိမ် ငုံနေစဉ်မှာပင် ချဲသလိပ်များ ထွက်လာပြီး ရောဂါများ သက်သာလာကြောင်းကို လက်တွေ့သုံးဆောင်ခြင်းက သက်သေပြပါလိမ့်မည်။ ဤဆေးသည် အသံကို အထူးကြည်လင်စေသဖြင့် အဆိုတော်များ၊ စာပေသင်ကြားပို့ချနေသူများ၊ အသံဖြင့် အသက်မွေးဝမ်းကျောင်းနေသူများနှင့် လူတိုင်း အိမ်တိုင်း မရှိမဖြစ် ဆောင်ထားရမည့် ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

၄၀ နှစ်ကျော်ရောင်းခြင်းမရှက်ဂုဏ်း

ဦးခိုင်တောင်း၏
သမားအို အမှတ်တံဆိပ်
ဉာဏ်ဖျားရောဂါသောက်ဆေး
ဝရာဝ Y၀၀၉၀၀၉

ဒေါ်နုင်းနုင်းကြည်၏

သမားအို အမှတ်တံဆိပ် ယားနာသောက်ဆေး ဝရာဝ Y၀၀၉၀၀၂

ပိုးမွှားတိရစ္ဆာန်အချို့မှဖြစ်သော အဆိပ်သဖွယ် ယားယံမှုကြောင့် လည်းကောင်း၊ အပူ,အစပ်,အချို,အဆိပ် အရသာများ လွန်ကဲစွာ စားသောက်ပြီး ကိုယ်လက်လှုပ်ရှားမှုနည်းခြင်းကြောင့် လည်းကောင်း၊ ယခင်က ဝမ်းကိုက်,သွေးပျက်,ဝမ်းလျှော,အသည်းရောင်နှင့် သည်းခြေနာ အမျိုးမျိုးဖြစ်ခဲ့ဖူးရာမှ သွေး,သည်းခြေ ဖောက်ပြန်မှုကြောင့် လည်းကောင်း၊ တစ်ကိုယ်လုံး အနှံ့အပြားမှာ ဝဲကွဲသို့ ရေကြည်ဖုကလေးများဖြစ်ခြင်း၊ ပူစပ်ပူလောင်ယားယံပြီး အဖုအပိပ်နှင့် အင်ပျဉ်များ ဖြစ်လာရပါသည်။ ဤဆေးသည် အထက်ပါ ယားယံခြင်း အမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာပျောက်ကင်းစေသည့်အပြင် သွေးသား ညှိညွတ်စေပါသည်။

ဦးသန်းစော်၏

သမားအို အမှတ်တံဆိပ် အဖြေကျော်လေးဆေးလျက်ဆား ဝရာဝ Y၀၀၉၀၀၃

လူမှာအကျင့် ဝမ်းမှာအချင့်ဆိုသလို မသင့်သောအခါ မသင့်သော အစားအစာများစားမိ၍ အစာတောက်ခြင်း၊ အစာအဆိပ်သင့်ခြင်း၊ မူးဝေအော့အန်ဝမ်းကျွဲခြင်း၊ ဝမ်းလွှဲပါခြင်း၊ အထက်လှုန် အောက်လျှောဖြစ်ခြင်း စသည်တို့ဖြစ်ကာ အချိန်ကြာလာသော် ဝမ်းဗိုက်ခဲ့ရာမှ ဓာတ်လေးပါး ပျက်ပြီး အခြားခြားသောရောဂါများ နောက်ဆက်တွဲ ဖြစ်ပေါ်စေတတ်ပါသည်။ အထက်ပါ အစားမှား၊ အစာအဆိပ်ဖြစ်ခြင်း၊ အစာတောက်ခြင်း၊ အစာမကြေ ရင်ပြည့်ရင်ကယ် ဝမ်းရင်ထိုးအောင့်ခြင်း၊ အစာအိမ်အချဉ်ပေါက်ခြင်း၊ အစားမှား၍ သလိပ်ထခြင်း၊ အအေးမိ၍ ဖျားခြင်း၊ ဂုက်ခြားဖျားခြင်း၊ ချမ်းတစ်လှည့် ပူတစ်လှည့်ဖြစ်ခြင်း၊ ခြေဖဝါးလက်ဖဝါးပူခြင်း စသည့် ရောဂါများကို ထိရောက်စွာ သက်သာပျောက်ကင်းစေပါသည်။

ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းစော် (တဆ-၀၂၉၁၇) ဖုန်း-၀၉-၄၉၂၆၄၀၃၃၀ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။

သမားအို့ဆေးတိုက်

အမှတ်(၄၇)၊ (၁၁၆)လမ်း၊ ဟံလာဈေးအနီး၊ ဟံလာတောင်ညွန့်ပြိုင်ယံ၊ ရန်ကုန်၊ ဖုန်း-၂၉၆၀၃၀ အပြည်ပြည်ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်နှင့်

ဆရာအရှင်ပဂိုလ်ကြီးထူးများ (၁)

စစ်ကိုင်းတောင်

သမဏသုခဆရာတော်ကြီး

ဘွဲ့တော်

သမဏသုခ ဆရာထော်ကြီး အရှင်ဝါသဝ။

ဝါတော်

(၂၁)ဝါ။

မွေးနေ့

၁၂၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့် (၁၅)ရက် ဗုဒ္ဓဟူးနေ့။

ပို့လွန်တော်မူသောနေ့

၁၃၀၀ ပြည့်နှစ်၊ တန်ဆောင်မုန်း လပြည့်(၁၅)ရက်။

သက်တော်

(၉၂)နှစ်။

သီတင်းသုံးရာဌာန

သမဏသုခရောင်း၊ ဝက်ဘာတောင် အနီး စစ်ကိုင်းတောင်။

ခမည်းတော်၊ မယ်တော်

ဦးကျွန်း+ဒေါ်စံ (ထန်းတောကျေးရွာ၊ စစ်ကိုင်းမြို့)

ဆရာတော်ကြီးနှင့် ဆုံတွေ့ရခြင်း

ကျွန်ုပ်တွင် တပည့်ပေါင်းများစွာ ရှိနေခဲ့လေသည်။ တပည့်များမှာ အမျိုးအစား(၃)မျိုး ဖြစ်လေရာ အောက်ပါအတိုင်း ဖြစ်လေ၏။

၁။ ပန်းချီသင်ယူသော တပည့်များ။

၂။ ကဗျာစာပေ သင်ယူသောတပည့်များ

၃။ မြန်မာ့နန်းတွင်းရိုးရာသိုင်းပညာ သင်ယူသော တပည့်များ...

ဟူ၍ ကွဲပြားစွာ ရှိခဲ့ကြသော်လည်း

သမဏသုခဆရာတော်ကြီးဘွဲ့တော်ခံယူသည့် အနှစ်တာရပဲ့

ထိုတပည့်များမှာ ဝါသနာ မတူညီကြသော်လည်း အလွန် ရင်းနှီးချစ်ခင်ကြလေ၏။ ဓာစဉ်းကိုတစ်ဦး ကူညီစောင့်ရှောက်လေ့ ရှိကြပါ၏။

တပည့်များအနက် မောင်ခင်မော်မှာ ကျွန်ုပ်ထံမှ ရိုးရာသိုင်းပညာ သင်ယူခြင်း၊ ကဗျာနှင့်စာပေ လေ့လာရုံမျှ မက ဂဒ္ဓိရပညာရပ်များကို အထူး ဝါသနာပါလွန်းလှပေ၏။

ကျွန်ုပ်၏ ဆရာအရှင်ဖြစ်သော ဒီပဲယင်းဆရာတော်ကြီး ဦးဥတ္တမသိဒ္ဓိ ထံတွင်လည်း အစီအရင်ပညာများ၊ ကျင့်စဉ်များကို နည်းနာခံယူ၍ ကြိုးစားအားထုတ်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သောအခါ မောင်ခင်မော်သည် နံနက်အစောကြီး ရောက်ရှိလာလေ၏။ သူ၏အိမ်တွင် ဆွမ်းကပ်လှူမည်ဖြစ်၍ ကျွန်ုပ်အား လာရောက် ဖိတ်ကြားခြင်း ပြုလေ၏။

ထိုနေ့ နံနက်(၁၀း၃၀)နာရီ-အချိန်တွင် စစ်ကိုင်းမြို့၊ လေးကျွန်းမြေရပ်ကွက်၊ ၉–ပေ တံတားအနီး မောင်ခင်မော်+မသန်းသန်းဝင်းတို့၏ အိမ်ဂေဟာသို့ ရောက်ရှိခဲ့လေ၏။

ပင့်ဖိတ်ထားသော ဆရာတော်ကြီးမှာ ထိုစဉ်က သက်တော်(၈၅)နှစ်ရှိပြီဖြစ်သော သမဏသုခဆရာတော်ကြီး တစ်ပါးတည်း ဖြစ်လေ၏။

ဆရာတော်ကြီးမှာ တစ်ပါးနေကျောင်းကလေးတွင် တစ်ပါးတည်း သီတင်းသုံး နေထိုင်သောကြောင့် ခန်းဆန်၊ ကိုရင်၊ သာမဏေများ မရှိပါ။

ကျောင်းတည်ရာ ဌာနမှာလည်း **စစ်ကိုင်းတောင် မြောက်ဖျားဝိုင်း ပတ္တမြားစေတီတောင်နှင့် တောင်ဗီလာတို့၏ တောင်ကြားလမ်းအဝင် ဝက်ဘာတောင် ဖြစ်သောကြောင့်** အေးဆေးငြိမ်သက်လှသော ဒေသရာ ဌာနတစ်ခု ဖြစ်လေ၏။

ကျွန်ုပ်တို့ ဆရာတပည့် ကပ်လှူသော ဆွမ်းကွမ်းပွဲများကို လက်ခံဘုဉ်းပေးပြီးသောအခါ မောင်ခင်မော်က ဆရာတော်ကြီးနှင့် မိတ်ဆက်ပေးလေ၏။

သမဏသုခ ဆရာတော်ကြီးက ကျွန်ုပ်အား မောင်ခင်မော် ခေါ်သကဲ့သို့ **"ဆရာအောင်"** ဟူ၍သာ အမည်တပ်၍ နောက်ဆုံးအချိန်အထိ ခေါ်လေ့ရှိပါသည်။

ကျွန်ုပ်နှင့် မောင်ခင်မော်အား တရားချီးမြှင့်ပြီးသောအခါ မောင်ခင်မော်နှင့် စကားလက်ဆုံ ပြောလျက်

သမဏသုခဆရာတော်နှင့် အမြဲလွန်းအောင် "ဘူတိုးဘူးတိုး" စေတီတော်

ရှိနေလေ၏။

ကျွန်ုပ် လုံးဝ နားမလည်နိုင်သော ဘာသာစကားဖြင့် မောင်ခင်မော်နှင့် ဆရာတော်ကြီး ပြောဆိုလျက် ရှိနေလေရာ ကျွန်ုပ်မှာ မြန်မာစာတန်းထိုးမပါသော ထိုင်းဇာတ်ကားကို ကြည့်နေရသလိုသာ ဖြစ်နေလေတော့၏။

အတန်ကြာသောအခါ ဆရာတော်ကြီးက ဟားမဲ့အင်းတစ်ကွက် ချ၍ပေးပါသည်။ ထို့နောက် ကျွန်ုပ်အား **"ကမ္မလာနီ"** တစ်ထည် လာရောက် လှူရန် အမိန့်ရှိလေ၏။

ထိုကဲ့သို့ပင် ဒီပဲယင်းဆရာတော်ကြီး ဦးဥတ္တမသိဒ္ဓိကလည်း ကျွန်ုပ်အား လှူရန် အမိန့်ရှိဖူးသောကြောင့် လှူဒါန်းခဲ့ဖူးလေသည်။ ထူးဆန်းစွာ တိုက်ဆိုင်နေပါတော့၏။

ဘာအကြောင်းကြောင့် ဟူ၍မူကား မသိရပါ။

စကားစပ်မိ၍ ရေးရပါလျှင် ဒီပဲယင်း ဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက်တွင် .....သောအခါ ကျွန်ုပ်

www.burmeseclassic.com

www.burmeseclassic.com



ဒုဋ္ဌဂါမဏိ(ဂ-ခုစာအောင်)၂ မျိုးအား စီရင်ထားတော်မူ

သမဏသုခဆေးရာတော်ကြီးနှင့် အောင်ဘွဲ့မြင့်အမှတ်တရကုံ

လှူထားသော ထိုစောင်ကြီးသည် မန္တလေးမြို့နေ မိတ်ဆွေကြီးထံမှ ကျွန်ုပ်ထံသို့ ပြန်လည်ရောက်ရှိလာလေ၏။ ထိုကမ္မလာစောင်ကြီး၏ ဖြစ်ရပ်မှန်ကို သိရှိခြားရေးပါမည်။

ဆရာတော်ကြီး အမိန့်ရှိသောနေ့တွင် တပည့်များဖြစ်ကြသော မောင်ခင်မော်၊ ကိုကိုနိုင်၊ မအေးနှင်းနှင့် ကျွန်ုပ်တို့သည် သမဏသုခဆရာတော်ကြီး၏ သီတင်းသုံးရာကျောင်းတော်သို့ ရောက်ရှိခဲ့ကြလေသည်။

ဆရာတော်ကြီးမှ ပညာပေးခြင်း

ဆရာတော်ကြီး၏ ကျောင်းတွင် **ဗားခဲ့၊ ဗားထီး၊ ဗားမြို့ကြီး၊ ဗားတမော့ နှင့်ထက္က ဦးဇာဂရတို့အတွက်** ကန်တော့ပွဲ(၅)ပွဲ၊ ပုဏ္ဏကနတ်မင်းကြီး ပွဲ(၁)ပွဲနှင့် အခြားသော ဆိုင်ရာပွဲများ ဖြင့် ပြင်ဆင်၍ ဆရာတော်ကြီး၏ အခါပေးချိန်ကို စောင့်နေကြရလေ၏။

ကျွန်ုပ်က ထိုအချိန်မှာပင် ပါရှိလာသော **"ကမ္မလာနီ"** စောင်ကြီးကို ဆရာတော်ကြီးထံသို့ကိုယ်ထိလက်ရောက် လှူဒါန်းခွင့်ရရှိလေတော့သည်။

မင်္ဂလာအခါတော် မစမီမှာပင် ကျွန်ုပ်အား နားလည်နိုင်စွမ်းမရှိသော **"ဗားမဲ့ဘာသာ"** **အသံထွက်ဖြင့်** ဆရာတော်ကြီးမှ ဆုချီးမြှင့်တော်မူပါသည်။

ထို့နောက် ဖယောင်းဆီမီးများဖြင့် မောင်ခင်မော်အား ပူဇော်ရန် အမိန့်ရှိလေ၏။ အမွှေးနံ့သာ၊ ဖယောင်းတိုင်များကို အစီအစဉ်တကျ အောက်ပါအတိုင်း ထွန်းရလေ၏။

၁။ဟားလေးပါးအတွက်	၄-တိုင်
၂။နတ်မင်းကြီးလေးပါး	၄-တိုင်
၃။အင်းတော်စောင့်	၁-တိုင်
၄။ဆေးတော်စောင့်	၁-တိုင်
၅။ပုဂ္ဂိုလ်ထူးဦးဇာရ	၁-တိုင်
၆။တောင်တော်ဆောင့်ပုဏ္ဏကကြီး	၁-တိုင်
၇။တစ်ကျိပ်နှစ်ပါးသောနက်များ	၁၂-တိုင်
၈။နေ့ဂြိုဟ်ပါး	၅-တိုင်
၉။သောတာပန်နတ်ကြီး	၁-တိုင်
၁၀။ဗိဿမင်းကြီး	၁-တိုင်

[စုစုပေါင်း ၃၁-တိုင်]

ပူဇော်ဆက်ကပ်လှူဒါန်းခြင်း ပြီးစီးသောအခါ သမဏသုခဆရာတော်ကြီးသည် မိုင်းကိုင်စက္ကူခေါက်ကြီးပေါ်တွင် ဗားမဲ့အင်းတော်ကြီးများ စီရင်တော်မူလေ၏။

ဆရာတော်ကြီးမှာ (၈၅)နှစ်ရှိပြီဖြစ်ပါသည်။ သို့ဖြစ်၍ မျက်စိအားနည်းလှပါသည်။ သို့ရာတွင် အင်းစီရင်သောအခါ မျက်မှန်မတပ်ပါ။ တစ်ပါးနေတိုက်အိုကြီး ဖြစ်သောကြောင့် အလင်းရောင်လည်း သိပ်မရှိပါ။

မိုင်းကိုင်စက္ကူပေါ်တွင် အင်းများကို မျဉ်းသားသောအခါ ပေတံ၌ရှိသော အမှတ်အသားများအား ဂရုမပြုဘဲ သုံးခုစားအင်း(၉-ကွက်)အင်းကို လျင်မြန်စွာ ရေးဆွဲလေ၏။

နှုတ်မှလည်း **"ဗားမဲ့ဘာသာ စကား"** ဖြင့် အဆက်မပြတ် ရွတ်ဆိုလျက် စီရင်တော်မူပါသည်။ ဆရာတော်ကြီး မျက်စိများမှာ မိုတ်ထားသကဲ့သို့ ရှိနေလေ၏။

အင်းတော်ကြီးများမှာ ကျွန်ုပ်တို့မြင်တွေ့နေကျ ဆင်းဆန်များ၊ ဂဏန်းများ မဟုတ်ပါ။ ရွတ်ဆိုနေသော ဘာသာစကား၏ "အမှတ်အသားများ" ဟူ၍သာ မျော်မှန်းကြည့်ရပါသည်။ ယင်းသို့ "ဘာသာစကား"ဖြင့်ပင်

www.burmeseclassic.com

www.burmeseclassic.com



ဘုရားလေးဆူ အောင်တော်မူတော်မူအား တန်ခိုးကြီးပုံဖြင့် စီရင်ထားသော်

သိဒ္ဓိတင်ခြင်း၊ အင်းသက်သွင်းခြင်း၊ အမိန့်ပြန်ခြင်း၊ ဆုတောင်းခြင်း၊ မေတ္တာပို့ခြင်းများ ပြုတော်မူပါသည်။

မောင်ခင်မော်၏ အပြောအရ ပရိတ်ကြီး(၁၁)သုတ်ကိုလည်း ''ဗားမဲ့ဘာသာ'' ဖြင့် ရွတ်ဆိုလေ၏။

အင်းတော်ကြီးများ စီရင်ပြီးမြောက်သောအခါ ပြာပြု၍ ဖန်ခွက်အတွင်း ထည့်ပြီးနောက် မျက်စိ၊ နား၊ ဦးခေါင်း တို့အား လက်ခလယ်ဖြင့် တို့၍ တို့၍ တောက်လေ၏။

တချို့ကိုမူ ဆားအနည်းငယ်ထည့်၍ လည်းကောင်း၊ တချို့ကို သံပရာရည်ညှစ်ထည့်၍ လည်းကောင်း သောက်ကြရလေသည်။

ဤသို့အားဖြင့် ပထမနေ့ ပြီးစီးသွားလေ၏။

ဒုတိယနေ့တွင် **၄-ခုစားအင်း (၁၆-ကွက်)အင်း**ကို သောက်သုံးကြရလေ၏။

တတိယနေ့တွင် **၅-ခုစားအင်း (၂၅-ကွက်)အင်း**ကို တိုက်ကျွေးပြန်လေ၏။

စတုတ္ထနေ့တွင် **၆-ခုစားအင်း (၃၆-ကွက်)အင်းတော်**ကို သောက်မျိုရလေ၏။

ပဉ္စမမြောက်နေ့မှာ နောက်ဆုံးနေ့ဖြစ်၍ စနေနေ့နှင့်လည်း တိုက်ဆိုင်လေ၏။

ယနေ့တွင် **၇-ခုစားအင်း(၄၉-ကွက်)အင်းတော်ကြီး**အား ကျွန်ုပ်တို့ ဆရာတပည့်အားလုံး သောက်မျိုကြပြီးနောက် ကျောင်းတော်အနီးမှ နတ်ရဲမန်ကျည်းပင်အောက်တွင် ပုတီး(၂၇)ပတ် စိပ်ကြရလေ၏။

ဆရာတော်ကြီးမှ အောက်ပါဂါထာဖြင့် ပုတီးစိပ်ခိုင်းပါသည်။

'သိဒ္ဓံနမော ဗုဒ္ဓိယ ပုဒိအာ'

တစ်ခေါက်ရွတ် ပုတီးတစ်စေ့ချပြီး (၂၇)ပတ်စိပ်ခြင်းဖြစ်၏။ ဓမ္မတ္တသုတ် (၇)ခေါက် ရွတ်ဆို၍ မေတ္တာပို့ကြရလေ၏။

ပြီးစီးကြသောအခါ ပုဏ္ဏကနတ်ကြီး၏ လိုဏ်ဂူတွင် မီးပူဇော်၍ အထက်ပါဂါထာတော်ဖြင့်ပင် ပုတီး(၂၇)ပတ် စိပ်ကြရပြန်လေသည်။

ဤသို့သော အင်းအစီအရင်များဖြင့် (၅)ရက်စေ့အောင် **''ဗားမဲ့ဘာသာအင်း''**များကို သောက်မျိုခြင်း ပြီးစီး၍ ဆရာတော်ကြီးအား ကန်တော့ကြရလေ၏။

ထူးဆန်းသော ဖြစ်ရပ်များ

သမဏသုခ ဆရာတော်ကြီးက ကျွန်ုပ်အား ရှေ့တိုး၍ ကန်တော့ခဲ့ပါသည်။ ကန်တော့၍ လက်အုပ်မိုးထားစဉ် ကျွန်ုပ်၏ လက်နှစ်ဖက်အား

www.burmeseclassic.com

www.burmeseclassic.com



◆ ဘာမဲ့ဘာသာဖြင့် စီရင်ထားသော သမ္မုတိအောင်းတော်

တစ်စုံတစ်ဦးမှ အထက်ဘက်သို့ ဆွဲယူခြင်း ခံစားလိုက်ရလေ၏။

လက်နှစ်ဖက်မှာ အထက်သို့ လည်းကောင်း၊ ငဲ့ယာသို့လည်းကောင်း ဆွဲယူခံရသောကြောင့် ဆောင့်ကြောင့် ထိုင် အနေအထားမှ ယိမ်းယိုင်ကြွ မြောက်လျက် ရှိနေသောကြောင့် တပည့်နှစ်ဦးတို့မှ ဖေးကူထားကြလေ တော့၏။

ကျွန်ုပ်မှာ တပည့်များ၏ ဝန်းရံ ဖေးကူနေသည့်အချိန်မှာပင် ထိုင် လျက်အနေအထားမှ ခုန်ထွက်လိုက်မိ လေ၏။

ဝိုင်းထိုင်လျက်ရှိသော တပည့်များ ကို ကျော်လွန်၍ လက်တစ်ပြန်ခန့် ကွာသော ကန်တော့ပွဲများအနီးသို့ ကျရောက်သွားလေသည်။

ကျွန်ုပ်၏ ပုံဟန်အနေအထားမှာ ဆင်းတုတော်အား နဖူးလက်တင်၊ ညာဒူးတစ်ဖက်ထောင်၊ ဝဲခြေထောက် နောက်ပစ်ဟန်ပန်ဖြင့် မိမိပါးစပ်မှ ထူးဆန်းသော စကားသံများဖြင့် ကျယ်လောင်စွာ ရွတ်ဆိုပူဇော်လျက် ရှိလေတော့၏။

ကျွန်ုပ်မှာ လူနှင့် မလိုက်ဖက်အောင် ခက်ထန်မာကျောလျက် ရှိနေလေ၏။ မကြာမီမှာပင် ကျွန်ုပ်အား တပည့် နှစ်ဦး၏ ကိုင်တွယ်ထားသည့် အချိန်၌ ပုံမှန်အနေအထားသို့ ရောက်ရှိသွား သော်လည်း တစ်ကိုယ်လုံး ချွေးများ စိုရွှဲလျက် မောပန်းနေလေတော့သည်။

မောင်ခင်မော်မှ ဆရာတော်ကြီး လက်ကမ်းပေးလာသော ရေစင်ခွက် ဖြင့် ကျွန်ုပ်အား တိုက်ကျွေးလေ၏။

တပည့်မကလေး မအေးနှင်းမှာ လည်း ယိမ်းထိုးလှုပ်ရှားလျက် ရှိနေ လေသည်။ အခြားသော သူများမှာ ထူးခြားမှု ဘာမှ မမြင်တွေ့ရပါ။

မကြာမီ မအေးနှင်းမှာ ထိုင်ရာမှ လဲကျသွားသောကြောင့် ခင်ပွန်းဖြစ် သော မောင်နိုင်မှ ဆွဲကူထားဆဲမှာပင် သတိရသွားလေတော့၏။

ထိုနေ့က ဘာမဲ့အင်းတော်ကြီးများ သောက်မျိုပွဲမှာ နောက်ဆုံးနေ့အောင် ပွဲလည်း ဖြစ်ပါသည်။ ပွဲကြီးပြီးမြောက် သွားသော်လည်း ကျွန်ုပ်တို့မှာ ''ဘာမဲ့ဘာသာပညာရပ်ကြီး'' ကို မည် သို့ပင် ကြိုးစားအားထုတ်သည်ဖြစ်စေ အောင်မြင်ပေါက်မြောက်ခြင်း မရှိကြ ပါ။

ကျွန်ုပ်သာမက တပည့်များလည်း အောင်မြင်ခြင်း လုံးဝ မရှိပါချေ။

ဘာမဲ့ဘာသာ ပညာရပ်ကြီးသည် ကား ဘဝအဆက်ဆက်တွင် အနွယ်

www.burmeseclassic.com

www.burmeseclassic.com

တော် မဟုတ်ခဲ့လျှင်ဖြစ်စေ၊ ဆည်းပူးခဲ့သော ပညာပါရမီ နည်းပါးပါက အောင်မြင်မှု မရရှိနိုင်ဟု ထင်မိပါသည်။

တစ်နည်းအားဖြင့် ကျွန်ုပ် အပါအဝင် တပည့်အရင်းများမှာ လမ်းစဉ်မကူညီကြပါ။ **"မဟာသာရ၊ ဘေသရဆေးဂိုဏ်းတော်ကြီး"** ၏ **ဂိုဏ်းချုပ်ကြီးဖြစ်သူ သိုင်းဦးသျှောင်ဆရာကြီး ဦးတော့် (မြန်မာ့နန်းတွင်းပင်မသိုင်းအဖွဲ့)**၏ အနှစ်ပါသိက တပည့်ရင်းများ ဖြစ်ကြလေ၏။

မဟာသာရ၊ ဘေသရ ဆေးဂိုဏ်းတော်ကြီးနှင့် တွဲဖက်ဆင်းသက်လာသော နန်းတွင်းသိုင်းပညာရပ်ဖြစ်သည့်အတိုင်း အစဉ်အလာကို လက်ဆင့်ကမ်း ရယူနေဆဲဖြစ်လေ၏။

ဗားမဲ့ဘာသာ ပညာရပ်များမှာ ကျွန်ုပ်တို့ကဲ့သို့ ကြမ်းတမ်းသော သိုင်းအနှယ်ဝင်များအတွက် အလွန် နှုးညံ့သိမ်မွေ့လွန်းလှပေတော့သည်။

သမဏသုခ ဆရာတော်ကြီးမှ ကျွန်ုပ်တို့အား ထိုးနှံထားသော ဆေးတော်ကြီးများ၊ သောက်မျိုထားသော အင်းတော်များနှင့် အစောင့်အရှောက်များကို ပါယ်ဖျက်ပြီးမှသာလျှင် **"ဗားမဲ့ဘာသာပညာရပ်"** လက်ခံရရှိနိုင်မည် ဖြစ်ကြောင်း မိန့်ဟလာပါသည်။

ကျွန်ုပ်တို့မှာ သိုင်းပညာနှင့် ဆိုင်ရာ အထက်ပါကိစ္စရပ်များ ကိုယ်စီရှိကြလေရာ...

၁။ မဟာသာရနက်ဖြူကြီး
၂။ အဘွားကနက်ဖြူကြီး
၃။ အဋ္ဌရသနက်ဖြူကြီး
၄။ ပုပ္ပါးဘုမ္မာအေဝီ
၅။ သီဟိုဠ်ဘုမ္မာဒေဝ
၆။ တစ်ကိုယ်နှစ်ပါးသော ဆေးများ

အစရှိသော ဂိုဏ်းတော်စောင့်

သမဏသုခဆရာကြီးအဝင်မှ ထုတ်ပြားသမျှသော သိုင်းပင်ကြီးမှာ ယခင်က တပ်ပင်လုံသော်လည်း ယခုအခါ ခုတ်ယူကြသဖြင့် မရှိတော့ပါ

စသော ပညာအထောက်အပံ့များကို အပြီးတိုင် ဖျက်သိမ်းပြီးမှသာ **"ဗားမဲ့ဘာသာပညာရပ်ကြီး"** ကို ရရှိရန် အခွင့်အလမ်းရှိသောကြောင့် လက်လျှော့လိုက်ကြရလေသည်။

အထူးသဖြင့် ကျွန်ုပ်တို့မှာ "သူများဝိုင် သားမယားအား သိလျက်နှင့် ပြစ်မှားကျူးလွန်ခြင်း မပြုပါ။ မူးယစ်သေရည် စသော ဆေးဝါးများကို ထုံးဝမသုံးစွဲပါ" ဟူ၍ သစ္စာ (၂)ချက် အားစောင့်ထိန်းသူများ ဖြစ်ကြလေသည်။

ဆရာတော်ကြီးထံ၌မူ ကံငါးပါးကို အထူးစောင့်ထိန်းကြပါမည်ဟု သစ္စာမပြုနိုင်ခြင်းမှာလည်း အခက်အခဲတစ်ရပ် ဖြစ်လေ၏။

သူငယ်ချင်းဖြစ်သူ ရှင်သီရိကမူသူ၏ဒုတိယဆရာဖြစ်သူ ဆားဒုးကြီး၏ အဆိုအတိုင်း တောတောင်ခရီး၌ ဂန္ဓာရီလှည့်ရာတွင် တုတ်သိုင်းပညာဖြင့် ကျော်ဖြတ်ရန် ဆုံးဖြတ်ထားသူ ဖြစ်လေ၏။

မည်သို့ပင် ဖြစ်စေကာမူ ကျွန်ုပ်တို့ ဆရာတပည့်တစ်စုသည် သမဏသုခ ဆရာတော်ကြီး၏ မေတ္တာဓာတ်ဖြင့် ရှေးဟောင်း စေတီတော်များ၏ အောင်မြေများသို့ သွားရောက်ခဲ့ကြရလေ၏။ ဗားမဲ့နှင့် ဆက်နွယ်သော စေတီများ ဖြစ်လေသည်။

ပထမဦးဆုံးစေတီမှာ ဗားမဲ့အစီအရင်ဖြင့် တည်ထားသော စစ်ကိုင်းတောင်မှ **"တောင်ဘီလူး ဆုထောင်းပြည့်စေတီ"** ၏ **"ရှင်စောပုစေတီ"** ဖြစ်ပါသည်။

ရှင်စောပုစေတီတော်တွင် ကျွန်ုပ်မှာ ဆရာတော်ကြီး၏ အဲန်းဆုံးမှာ နေရာယူ၍၊ အခြားတစ်ဖက်တွင် မောင်ခင်မော်က နေရာယူ အားထုတ်ကြလေ၏။

မေတ္တာပို့ခြင်း၊ မေတ္တာခံယူခြင်း ပရိတ်တော်များ ရွတ်ဆိုပူဇော်၍ ပုတီးစိပ်ကြရလေ၏။ ဆရာတော်ကြီးနှင့် မောင်ခင်မော်တို့မှာ "ဗားမဲ့ဘာသာ" ဖြင့်သာ ရွတ်ဆိုပူဇော်လျက် ရှိကြလေသည်။

ရေးသားတင်ပြသူ

အောင်ရွှေမြတ်
(စစ်ကိုင်းတောင်)

www.burmeseclassic.com

www.burmeseclassic.com

လူမျိုးအမျိုး မူးစားပေက်စေခြင်းများ

ကျွန်ုပ်၏အဘိုးဖြစ်သူသည် တစ်ချိန်က ကျိုက်လတ်မြို့တွင် မြို့မျက်နှာဖုံးကြေးရတတ် သဘော်ဝိုင်ရှင်၊ ဆန်စက်ဝိုင်ရှင်၊ သံဃဒါနဆေးရုံ အလှူရှင် တစ်ဦးဖြစ်သည်။

အချိန်များက လွန်ခဲ့သော နှစ်ပေါင်း (၅၀)ကျော်ခန့်က အဘိုးဖြစ်သူ၏ ဘဝဖြစ်စဉ်မှာ လွန်စွာ ထူးဆန်းလှပါသည်။

ဤအကြောင်းကို နက္ခတ္တရောင်ခြည် မဂ္ဂဇင်း ဇွန်လ ၂၀၁၅ ခုနှစ်တွင် ရေးသားခဲ့ပါသည်။ ***(လယ်တဲစောင့်ပေးသော ရွှေအိုး)***

၁၉၆၂ ခုနှစ်၊ လွန်ခဲ့သော နှစ်ပေါင်း (၅၀)ခန့်က ဖြစ်သည်။ မောင်နမသုံး ယောက်သာရှိသော ကျွန်ုပ်၏ အဘိုး မိသားစုတွင် အဘိုးက အကြီးဆုံးဖြစ်ပါသည်။ မိဘများဝိုင် လယ်ထဲတွင် ထိုခေတ်က လယ်တဲစောင့်ပေးသော ရွှေအိုး(၃)လုံးရရှိပြီး ကျိုက်လတ်မြို့တက်ပြီး စီးပွားရေးလုပ်ရာ အောင်မြင်ဖြစ်ထွန်းခဲ့သလောက် သမက်တော်ချင်သူတွေ ပေါများသော်လည်း ကျွန်ုပ်၏ အဘိုးဦးလှသည် အသက်(၅၀)ကျော်မှ ဖူးစာရှင်တွေ့ခဲ့ပြီး အိမ်ထောင်ဖက် တံခေခဲ့သူ ဖြစ်ပါသည်။

အဘိုး၏ ဘဝဖြစ်စဉ် မှတ်တမ်းတွင် လည်း အသက်(၅၀)ကျော်မှ ဖူးစာရှင် တွေ့မည့် ဇာတာဖြစ်ကြောင်း၊ သူ၏ ဘဝဖူးစာရှင်မှာလည်း သူ့ထက် အသက်ငယ်ရွယ်သူဖြစ်မည်ဟု အိမ်မက်ထဲတွင် သူ့ကိုပြောကြောင်း သိရပါသည်။

အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်၏ အဘိုးဖြစ်သူအား ငယ်စဉ်က သမက်တော်ချင်သူ၊ ရွှေလမ်းငွေလမ်း ဖောက်ချင်သူ ဝိုင်းဝိုင်းလည်နေသော်လည်း အဘိုးနှင့် ရွှေလမ်းငွေလမ်းဖောက်မည့် သူ အိမ်ထောင်ဖက်ကို မိဘများက ရွေးချယ် စီမံတိုင်း တစ်နည်းမဟုတ် တစ်နည်း စေ့စပ်ကြောင်းလမ်းခြင်းများ ပျက်စီးခဲ့ရသည်မှာ အဘိုး၏ ကံဇာတာ ကြောင့်များလား မသိ။

တစ်ညတွင် အဘိုးအား အိမ်မက် ပေးသည်မှာ...

'ဟေ့...မောင်လှ မင်းရဲ့ဖူးစာရှင်ကို သိလိုသလား...အသက်(၅၀)ကျော်မှ မင်း ဖူးစာရှင်ကို တွေ့ရလိမ့်မယ်။ ဒီကြားထဲ မင်း ဘယ်လောက် ကြီးစားကြီးစား အရည်း အနီးပဲ-မင်း ဖူးစာရှင်က မင်းထက် ငယ်လိမ့်မယ်၊ ယုံရင် မင်း ဖူးစာရှင်ကို ဟောဒီ ဇာတ်ယပ်ခြည်သာ တွေ့ရလိမ့်မယ်' ဆိုပြီး ဖူးစာရှင်ရှာသည့်နည်းကို အိမ်မက်ထဲတွင် ပေးသွားပါသည်။

ကျွန်ုပ်အဘိုးကလည်း မယုံတစ်ဝက် ယုံတစ်ဝက်နှင့် ဖူးစာရှင်ကို အိမ်မက်ထဲက ပေးသည့်နည်းအတိုင်း ရှာခဲ့ပါသည်။ တကယ် တွေ့ခဲ့ပါသည်။

ဖူးစာဖက်ရှာနည်း

◎ ထိုခေတ်က ကြေးဖလားများသုံး၍ ကြေးဖလားထဲသို့ ရေထည့်ပါ။ ပြည့်လျှံအောင် မထည့်ရ။

◎ ကြေးဖလားပေါ်တွင် နှီးပြား တစ်ချောင်းကို တင်ထားပါ၊ ဦးလျှင် စံပယ်ပန်း(သို့မဟုတ်) အဖြူရောင် စကြာ(သို့မဟုတ်)ခရေ ပန်း(၃)ပွင့်ကို ရေမမြုပ်အောင် ထည့်လိုက်ပါ။

◎ ဦးလျှင် အိမ်မက်စေ၊ဂါထာ (သူရဿတီဂါထာ)ကို ရွတ်ပါ။ မရလည်း ကိစ္စမရှိပါ။ မိမိ၏ ဖူးစာဖက်ကို အိမ်မက်တွင် ကိုယ်ထင်ပြရန်၊ တောင်းဆိုရန် ဖြစ်သည်။

ဤနည်းဖြင့် ဖူးစာဖက်ရှာခဲ့ရာ ကျွန်ုပ်၏အဘိုးသည် နောင်တွင် သူ့ထက် အသက်ငယ်သော အမျိုးသမီးနှင့် ဖူးစာဖက်ဆုံခဲ့ရပါသည်ကို ရေးသား တင်ပြလိုက်ရပါသည်။

ထပ်ဆင့် မှာကြားချက်

ရွှေလက်ဆောင် သူရဿတီဂါထာ

'ဥို သူရဿတီ နန်းတံဆောင်နှင့် ယယ်ဒေဝီ ပလီရာဇာ နတ်တကာနှင့် သတ္တဝါအများ လူတစ်လျှာကို သနားချစ်ခင် ပေတ္တာဝင် အောင်ကြည့်ဆောင်အိမ်ကြီးတို့ ဃော့... မာတာ မာတာ ချစ်စေတနာနှင့် ကမ္ဘာဘဝ ဆုတောင်းကြလျက် စဉ့်ပယျက်အောင် ကျွန်ုပ်စသည် ငွေမယယ်မယ် အလောကြယ်ရန် ခဏမျှကြာ ကျွန်ုပ်ကို အိမ်မက်တွင် (ဖူးစာရှင်)အမှန်ပြပါလော့ အမှန်ပေးပါလော့' ထိုဂါထာနှင့်

◎ **ထိဂါထာန်း ရယူရန်အတွက် (၅) ရက်၊ (၇)ရက် အဝိဋ္ဌာန်ဝင်ပါ။ သားကြီးငါးကြိုး ရောင်ကြဉ်ပါ။ မေတ္တာသုတ်ကို ရွတ်ပါ။ မှတ်ချက်။ ။** ယခုခေတ်တွင် ကြေးဇေးကောင်း၍ ကြေးဖလားများကို မသုံးစွဲနိုင်တော့ပါ။ အနီဖလားတောင့် အနီးနိုင် ဖြစ်နေပါ၍ မည်သည့် ရေခွက်မဆို သုံးနိုင်ပါသည်။ ဖူးစာဖက် မှန်စွာ တွေ့ရှိပါမည်။

ချစ်သူတိုင်း ပေါင်းရပါစေသတည်း

ကျော်ငေါ်ဖြူ

မှတ်ချက်

❖ **အိမ်ထောင်ရှိသူများ၊**

❖ **မလွတ်လပ်သူများ ဆုတောင်းခြင်း မရပါ။**

www.burmeseclassic.com

www.burmeseclassic.com

နှလုံးရောဂါ ကင်းဝေးအောင်

မဲ့ရွာဆရာမိုး အမောလုံ နှလုံးအားဆေးကိုဆောင်

မှတ်မုံတင် - ဝဒသင့် မဝဝကွပ် လိုင်စင် ဂု၂၉၁၁၊ တဆထလကိုး (၁၃၁၂)

အမှတ်တံဆိပ်

"ဆရာကိုယဉ်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညဘက်လည်း ဒိန်ပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးနေရာက' အောင့်တယ်။ ကိုယဉ်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ဆန်းစစ်ပါဦး"

"ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကဲ့ပီတ်၊ ဥ တု၊ အာဟာရဆိုတဲ့ သမုဒ္ဒာန်လေးပါး ညီညွတ်မှုတအောင် နေထိုင်စားသောက်မှုမရှိတဲ့ အတွက် ဖြစ်ရတဲ့ဒုရောဂါပါ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ ဇလာဘ၊ ဒေါသ၊ မောဟ လွန်ကဲတဲ့သူတွေ ပရိဒေဝမီးတောက်လောင်ပြီး၊ နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ"

"နှလုံးဒုရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်။ ဆက်ပြောပါဦး"

"နှလုံးဟာ ဓမ္မဇွားသည်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်စုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန့်ပါတ်နှလုံးဒုရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ ပူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူမှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ ဆွသလို နာကျင်ခြင်း၊ လက်သည်းခွံအောင်မမှန်ခြင်း၊ လက်သည်းများပြာ နှမ်းလာခြင်း၊ အိပ်မနေရင်း 'ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး အေးဆက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ်ကိုချစ်ဆွေ"

"ကိုယဉ်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက 'ကျွန်တော် ခံစား နေရတဲ့ အချက်သုံးချိုးနဲ့ တူတယ်ဗျာ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ"

"ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာ မကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါ သက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့"

"ကျွန်တော် ခံစားနေရတာ ဆယ့်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ်"

"ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ်"

"သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးစားရင် ကောင်းမယ် ဆိုတာ ကိုယဉ်တင့် ညွှန်ပြပေးပါဦး"

"သမားတော်ကြီး မဲ့ရွာဆရာမိုး ကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ **မဲ့ရွာဆရာမိုး အမှတ်တံဆိပ် အမောလုံနှလုံးအားဆေး** သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းသွားမှာ သေချာပါတယ်"

"ဒါဆို မဲ့ရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးသောက်မယ်ဗျာ။ ဆေးအညွှန်းကို သိပါရစေ"

"ကဲ ကိုချစ်ဆွေ နားထောင်ပြောပြမယ်။ အညွှန်းက နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွှန့်ဥ ဝူး၍ အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း။ နှလုံးတုန်ရင်ခုန်မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း။ ရောင်ခြင်း။ အနည်းငယ်လွဲပ်ရှားရုံဖြင့် မောပန်းခြင်း။ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းခြင်း ပူးတခြင်း။ စိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ စားမဝင်၊ စိတ်မကြည်ခြင်း။ အားအင်ကုန်ခမ်းစိတ်မရှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့"

"ကိုယဉ်တင့် ညွှန်မှတော့ မဲ့ရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားတိုးဆေးဟာ ဆေးစွမ်းဖက်ကောင်းတစ်လက်ဖြစ်တာ သေချာတယ်။ သောက်မယ်ဗျာ။ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရင်ရနိုင်မှာလဲ"

"အဆီကျ၊ အကြောပြေ၊ ဆီး ဝမ်း မှန်စေတဲ့ မဲ့ရွာဆရာမိုးရဲ့ ရောက်တစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီးသားဖို့ အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တဖန် ထုတ်လုပ်ပို့ကတဲ့ မဲ့ရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုလည်း မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါတယ်။ ကဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ခင်ဗျား ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ်"

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိရေးပေနပါပြီ။

ပင်ရင်း

မဲ့ရွာဆရာမိုး တိုင်းရင်းဆေးဝါးဆုတ်လုပ်ရေး

အမှတ်-(ဇ/၃၅၆)ဃတိုလမ်းကြီး ကြောက်ညွတ္တလာမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်းဝ၀-မြဝ၁၀၇ ၊ ဝ၉-၅၁၀၈၆၃၂

ကြွင်းရွှေ ဆောင်ယဉ်စာ

www.burmeseclassic.com

www.burmeseclassic.com

မလွန်မြို့ဟောင်းမှ

ထက်မင်းကျော်စွာ

ပန်းတွေပြည့်ရှင် မင်းပုန်းဂူ



မင်းပုန်းဂူမျက်နှာစာမြင်ကွင်း

ဝင်ပေါက်နှစ် မြင်ရသော ဥမင်တွင်းမြင်ကွင်း

မင်းပုန်းဂူမှာ မလွန်မြို့ရှိ ဂူကိုးဂူတွင် တစ်ခု အပါအဝင်ဖြစ်၍ အခမ်းအနားဆုံး ဇရိယာကျယ်ပြန့်ဆုံးဂူ ဖြစ်သည်။

မလွန်မြို့သည် ရှေးအထက်ကာလက စိမ့်ကြီးမြိုင်ကြီး နက်ရှိုင်းစွာ ပိတ်ဆီး၍ ဝိဇ္ဇာဇော်ဂျီတာပသီတို့ ကျင်လည်ကျက်စားရာ နေရာဒေသ ဖြစ်ခဲ့သည်။

ထို့ကြောင့် သိဒ္ဓိရှင်များနှင့် **ရှေးခေတ် ဘုန်းသမ္ဘာကြီး ဆေးကြိတ်၊ အင်းပေါက်၊ ကွန်းခိုခဲ့ရာ ရှေးဟောင်း ဥမင်လိုဏ်ဂူ ကိုးခု ရှိခဲ့သည်ဟု ထွန်မြသပိတ်စေတီ သမိုင်း၌ ဖော်ပြထားသည်။**

ယခုအခါ ထိုဥမင်လိုဏ်ဂူ(၉)ခု ထဲမှ ကိုကို ပြန်လည် တူးဖော်ပြီးဖြစ်ရာ မင်းပုန်းဂူမှာ အကြီးဆုံး အခမ်းနားဆုံး ဖြစ်ကြောင်း သိရသည့်အပြင် ပန်ထွာပြည့်ရှင် ဝိဿနိုးဘုရင်မ ကွန်းခိုစံမြန်းခဲ့ရာ နေရာဖြစ်သည်ဟု ဆိုသဖြင့် သွားရောက်လေ့လာဖြစ်ခဲ့သည်။

မင်းလှမြို့မှလာလျှင် လုပ်သားဆေးရုံ မရောက်မီ (ယခင်တိုးဂိတ်ဟောင်းနေရာ)တွင် လက်ယာဘက်သို့ ချိုးကွေ့သွားသော လမ်းအတိုင်း ဝင်ရောက်ရသည်။

မီးရထားသံလမ်းများကို ဖြတ်ကျော်လိုက်သည်နှင့် ကုန်းထိပ်တွင် မင်းပုန်းဂူကို တွေ့ရသည်။ လိုဏ်ဝင်အနီး၌ ဓမ္မဓရလိုဏ်ဂူဟူသောကမ္ပည်းကိုမြင်ရသည်။

အနီး၌ ကမ္ပည်းကျောက်စာတစ်ခု ရှိ၏။

ဓမ္မဓရလိုဏ်ဂူနှင့်
ဘုန်းတော်ကြီးကျောင်း
သန္တကာ(ဦးပိုင်) ဖြစ်မှုမှတ်တမ်း

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် မလွန်စခန်း အမှတ်(၂) ကာကွယ်ရေးပစ္စည်း စက်ရုံဇရိယာ အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် မင်းပုန်းဂူခေါ် ဓမ္မဓရလိုဏ်ဂူကြီးအား စက်ရုံမှူး ဦးဆောင်၍ အရာထမ်း ဝန်ထမ်း မိသားစုအပေါင်းတို့မှ မူလဂူဟောင်းကို ထာဝရပိုင်ခဲ့အောင် မွမ်းမံပြင်ဆင် ပြုလုပ်ခြင်း၊ အသစ်တိုးချဲ့ဖောက်လုပ်ခြင်း၊ သတ္တဋ္ဌာနစံနေဟန် ပြုလုပ်ပူဇော်ခြင်းနှင့် အခြားတစ်ပါး ဆင်းတုရုပ်ပွားတော်များ ထားရှိပူဇော်ခြင်း စသည့် ပြုလုပ်ဖွယ် အစုံအလင်ကို ပြုလုပ်ကြပြီးလျှင် လိုဏ်ဂူ၏ ဝင်ပေါက်မျက်နှာစာအနီးတွင် ရဟန်းသံဃာတော်များ သီတင်းသုံးနေထိုင်ရန်အတွက် ဘုန်းတော်ကြီးကျောင်းကို ပါ အဦးအစ ဆောက်လုပ်ခဲ့ရာ ၁၃၆၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၉)ရက်နေ့တွင် ပြီးစီးခဲ့ပါသည်။

F.7A. July, 2016.

www.burmeseclassic.com

www.burmeseclassic.com



ဦးဇာနိကာ ဘုန်းကြီးကျောင်း

ရတနာစင်္ကြံမဟာသက္ကာယမြေတော်ပေါ်ရှိ ဗုဒ္ဓရုပ်တု

ခမ္မခရလိုဏ်ဂူတော်ကြီးနှင့် ဘုန်းတော်ကြီးကျောင်း ဂရုလဟုဘဏ် ပစ္စည်းများကို အမှတ်(၂) ကာကွယ်ရေးပစ္စည်း စက်ရုံ၏ ထာဝရသန္တာန (ဦးပိုင်) ခံယူသတ်မှတ်ပါသည်။

သီတင်းသုံးဆောင်နေထိုင်ကြမည့် ရဟန်းသံဃာတော်တို့ကို တာဝကာလိက အနေဖြင့် ကိုးကွယ်ပူဇော်ကြမည် ဖြစ်ကြောင်းကို အသိအမှတ်ပြု မှတ်တမ်းတင်အပ်ပါသည်။

၁၃၆၉ ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော်(၁၃)ရက်၊ ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ(၇)ရက်၊ မြို့နယ်သံဃာ့နာယကအဖွဲ့ အထက်မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး

ဟူ၍ ဖော်ပြပါရှိလေသည်။

လိုဏ်ဂူအနီးတွင် လိုဏ်ဂူကျောင်းရှိ၍ ဆရာတော်တစ်ပါး သီတင်းသုံးကြောင်း သိရသဖြင့် ဝင်ရောက်ဖူးမြော်ရာ ကျောင်းသားတစ်ဦးက **"ဆရာတော် အပြင်ခဏသွားပါတယ်"** ဟု ဆိုလျှက် လိုဏ်ဂူတံခါးခေါက်ရန် ဖွင့်ပေးသည်။

ကိုယ်တိုင်လည်း လိုဏ်ပါ၍ လျှပ်စစ်မီးများဖွင့်ပေးခြင်း၊ **(လိုဏ်ဂူမှာ ဝက်ပါသဖွယ် ဖြစ်နေသဖြင့်)** လမ်းညွှန်ခြင်းများ ပြုလုပ်ကူညီပေးလေသည်။

ဥမင်လမ်းအဆုံးနှင့် ဝဲယာတို့တွင် အခန်းငယ်ကလေးများ ထွင်း၍ သတ္တဋ္ဌာန စံပယ်တော်မူဟန်၊ ရုပ်ပွားတော်များကို ပူဇော်ထားသည်။ ဆိုင်ရာသတ္တဟာ စံပယ်ပုံကိုလည်း နှံ့ရံတွင် ကမ္ဘည်းစာတန်း ရေးထိုးထားသည်။

ဥပမာ ။ ။ စတုတ္ထ၊ ရတနာဃရသတ္တာဟ။

နတ်တို့ ဖန်ဆင်းအပ်သော် ရတနာဃရ ရွှေကျောင်းတော်(စံအိမ်)၌ (၇)ရက်ပတ်လုံး အဘိဓမ္မာ(၇)ကျမ်းကို ဆင်ခြင်တော်မူပုံ။

ရတနာစင်္ကြန်၏အနောက် ဗောဓိပင်၌ အနောက်မြောက်ထောင့် အတောင်(၄၈)ကွာသော အရပ်ရှိ နတ်တို့ ဖန်ဆင်းအပ်သော ရတနာဃရ ရွှေအိမ်၌ ထက်ဝယ်ဖွဲ့ခွေတော်မူပြီး **ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်** ဤခြောက်ကျမ်းတို့ကို ဆင်ခြင်သုံးသပ်တော်မူပြီး ပဋ္ဌာန်းကျမ်းတော်ကြီးကို သုံးသပ် ဆင်ခြင်တော်မူသောအခါ (၆)သွယ်သော ရောင်ခြည်တို့သည် ကွန့်မြူးတော်မူသည်။

အဘိဓမ္မာ(၇)ကျမ်းကို သုံးသပ်ဆင်ခြင်၍ (၇)ရက်တာ သီတင်းသုံးတော်မူသော ဤဌာနသည် **စတုတ္ထ ရတနာဃရသတ္တာဟ**မည်၏ စသည်ဖြင့် (၇)ဌာနကို ကမ္ဘည်းစာအရ ရေးထိုးထား၏။

လိုဏ်အမိုးတွင် ခြေတော်ရာပါဒ စေတီကို စက်လက်ဆာ (၁၀၈)ကွက် ပြည့်စုံစွာ ရေးခြယ်ပူဇော်ထားသည်ကို လည်း ဖူးတွေ့ရသည်။

နောက်ခံဖြစ်စဉ်

ပြည်မြို့ ရွှေဆံတော်စေတီသမိုင်းဟောင်း စာအုပ်တွင် ဖော်ပြပါရှိသည်ကား သာသနာနှစ် ၆၆ ခုနှစ်တွင် ပျူတို့၏နိုင်ငံ (နိုင်ငံအမည် မပါရှိပါ) ဘုရင် မဟာသမ္မတ ကံတော်ကုန်၍ ညီတော်စဉ္စသမ္ဘဝ မင်းဖြစ်၏။ မင်းတော် ဘေဒါရိကိုပင် မိဖုရားမြှောက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဥမင်ဂူက်နားကြက်မုခ် ပါဒစေတီ



ဥမင်အတွင်း ဆက်သွယ်သားသော်လမ်း

ထိုအခါ အိမ်ရှေ့မင်းအဖြစ်ကပင် လုပ်ကျွေးခဲ့သော် **စန္ဒမုခီ**(ဘီလူးမ) သည် ဝမ်းနည်းသောအားဖြင့် ထိုမင်းနှင့်ဖြစ်သော သန္ဓေကိုလွယ်ကာ ပန်ထွာပြည် တံခါးဝအနီး ညောင်ကျွတ်ပင်အနီး၌နေ၏။

ပြည့်ရှင်မင်း ထွက်လာသောအခါ ချောမောလှပသော လူမိန်းမအသွင် ဖန်ဆင်းပြလေရာ ဘုရင်နှစ်သက်၍ မိဖုရားမြှောက်၏။ ညောင်ကျွတ်ပင် အနီးမှ ရသဖြင့် ပိပွလိဒေဝီတွင်၏။

ဘေဒါရီမိဖုရားသည် မဟာသမ္မတ နှင့်ရသော သန္ဓေကိုဖွားရာ ဒွတ္တဘောင်မင်းသားဟုတွင်၏။ တစ်ချိန်တည်းပင် **စန္ဒမုခီသည် ဂူဥသမ္ဘဝနှင့်ရသော သန္ဓေကို ဖွားမြင်ရာ ပိဿတိုး (သို့မဟုတ်) ပိဿနီးမင်းသမီးတွင်၏။**

[မှန်နန်းရာဇဝင်နှင့် ဦးကုလား ရာဇဝင်တို့၌ စန္ဒမုခီတွင် ထိုမင်း (ဂူဥသမ္ဘဝ)နှင့်မြင်သော "သား ပိဿနီး" ဟု ဖော်ပြ၍ တွင်းတွင်း ရာဇဝင်၌ "ပိဿနီးသား" ဟု ဖော်ပြ ထားကာ ပန်ထွာပြည်အကြောင်း ဖော်ပြထားခြင်း မရှိပေ။]

ပိဿနီးမင်းသမီး အရွယ်ရောက်သောအခါ ပန်ထွာပြည့်ရှင်ဘုရင် ကံကုန်၍ ပိဿနီးဘုရင်မ ဖြစ်လာသည်။ ယင်း ပန်ထွာပြည်တွင် ထူးခြားသော စည်ကြီးတစ်လုံးရှိ၏။ ရန်သူများ ဝန်းရံလာပါလျှင် ထိုစည်ကြီးကို တီးခတ်ပါက ရေကြီး၍ ရန်သူများအားလုံး ရေနှင့် မျောပါသွား၏။

ထိုအချိန်တွင် သရေခေတ္တရာနိုင်ငံကို ထူထောင်ခဲ့သည့် ဒွတ္တဘောင်မင်းသည် ပန်ထွာနိုင်ငံကို လုပ်ကြံသော်လည်း ထိုစည်ကြီးကြောင့် မအောင်မြင်ခဲ့ချေ။

ထို့ကြောင့် လက်စွဲအမတ်နှစ်ပါး ဖြစ်သော ပဉ္စင်းဖြူနှင့် ပဉ္စင်းညိုတို့ကို ရဟန်းယောင်ဆောင်စေ၍ ထိုစည်ကြီးကို ဖျက်ဆီးစေ၏။

ရှင်ယောင်နှစ်ပါးလည်း ပန်ထွာပြည့်ရှင်အား အယုံသွင်းကာ စည်ကြီးကို မုကောင်းသော အစီအမံများ ပြုလုပ်လေရာ စည်တီးသော်လည်း ရေမကြီး အာနိသင် ပျက်ယွင်းလေလျှင် ပန်ထွာပြည်မှ ရှောင်တိမ်းထွက်ပြေးကြလေသည်။

စည်ကြီးအာနိသင် ပျက်ယွင်းသော အခါ ပိဿနီးဘုရင်မလည်း ရှေ့သူ့အင်အားကြီးမားသော ဒွတ္တဘောင်

နောက်ဆက်တွဲ ရှေးဟောင်းဂူများ ၅၁

www.burmeseclassic.com

www.burmeseclassic.com



ဥမင်စာနှိပ်ပုံ

လိုဏ်ဂူထဲမှ ကမ္ဘည်စာ

မှင်း၏ရန်ကို ကြောက်ရွံ့သဖြင့် ပန်ထွာပြည်ကို စွန့်ခွာ၍ မြို့တော်၏ အနောက်ဘူးစူး ရောဝတီမြစ် အနောက်ဘက်ကမ်းသို့ တိမ်းရှောင်ခဲ့သည်။

ဦးစွာ(ယခု သရက်မြို့ မြောက်ဘက် (၄၈)မိုင်ခန့်အကွာရှိ) ကင်းတောင်၏ တောင်ဘက် အောင်းလယ်ဆိုး(လယ်ယာစိုက်ပျိုး၍ မရသော မြေရိုင်းချိုင့်ဝှမ်း)တွင် ပုန်းအောင်းနေရ၏။

ထိုသို့ ပုန်းအောင်း၍ ဒွတ္တဘောင်၏ တပ်များကို စောင့်ကြည့်ရသည့် ကင်းစခန်းချရာတောင်ကို ကင်းတောင်ဟု ခေါ်ခြင်းဖြစ်သည်။ ၁၃၄၈ ခုနှစ်တွင် ဓမ္မိကတောရ ဆရာတော် ဦးသာသနာကြွရောက်၍ ပဋိပတ္တိသာသနာပြုသော အခါ **မြကင်းတောင်တောရ**ဟု ခေါ်တွင်စေခဲ့၏။

ထိုနေရာမှတစ်ဖန် တောတောင်လျှိုမြောင် ထူထပ်သဖြင့် ဝိုမိုစိတ်ချရသည်ဟု ယူဆရသော (ယခု) မလွန်မြို့နေရာသို့ ရွှေ့ပြောင်းကာ မြေအောက် ဥမင်လိုဏ်ဖွဲ့၍ ပုန်းခိုနေထိုင်သဖြင့် **မင်းပုန်းဥမင်**ဟု တွင်ခဲ့သည်ဆို၏။

မင်းပုန်းဥမင်မှ ရောဝတီမြစ်ကြောင်း ချင်းတွင်းမြစ်ကြောင်းများ ဆန့်တက်၍ (မုံရွာခရိုင်) မဟာမြိုင်တောသို့တိုင်အောင် ထွက်ပြေးတိမ်းရှောင်ခဲ့၏။

ယင်းနောက်တွင် လက်စားချေရန် အကြိုဖြင့် ဒွတ္တဘောင်မင်းနှင့် အလွန်သင့်အောင် နေထိုင်ပေါင်းသင်းခဲ့သည်။ ကာလကြာလေမှ မကောင်းသောစီရင်ခြင်းဖြင့် ဒွတ္တဘောင်မင်း၏ နဖူးမဲ့ရှင်ကို ကွယ်စေ၏။

ထို့နောက်ပိုင်းတွင် ဒွတ္တဘောင်သည် ပြဖူးသော ကုသိုလ်ကံ ကုန်ခြင်းသို့ရောက်၍ **မင်းစည်းစိမ် နှစ်ခုနှစ်ဆယ်၊ သက်တော်(၁၀၅)နှစ်၊ သာသနာ ၁၈၁ ခုနှစ်တွင် နဂိုးတို့ ဆောင်ယူလေသည်။)(ကံကုန်ခြင်းကို ဆိုလိုသည်။)**

ဤဖြစ်စဉ်ကို သရက်၊ မင်းလှနှင့် မဟာမြိုင်ဒေသခံတို့ သက်ဝင်ယုံကြည်စွာဖြင့် ဘိုးဘွားမိဘ သားမြေးစဉ်ဆက် လက်ဆင့်ကမ်း သိမှတ်ခဲ့ကြသည်။

မဟာမြိုင်တောတွင် ပန်ထွာပြည့်ရှင် ဝိဿနိုးဘုရင်မကို **မဟာမြိုင်သခင်မ**အဖြစ် ယနေ့တိုင် ပူဇော်ပသလေ့ရှိကြောင်း ကြားသိရသည်။

ကြယ်စုံစံနမူ မင်းပုန်းဂူ

ဥမင်ဝင်ပေါက် အပြင်နံရံတွင် စိုက်ထူထားသော ကမ္ဘည်းစာအရ ဥမင်ကို အသစ်တိုးချဲ့ ဖောက်လုပ်ခြင်းနှင့် ပတ်သက်၍ ကျောင်းသားလူငယ်ကို မေးမြန်းကြည့်သည်။

ဥမင်နံရံနှင့် မျက်နှာကြက်ပိုင်းကို ရေရည်ခံစေရန် အင်္ဂတေများဖြင့် မွမ်းမံခြင်း၊ မွန်းတည့်ပေါက်ခေါ် အလင်းဝင်လေဝင်ပေါက်တွင် အထက်မှ လေလှည့်ရဟတ်များဖြင့် မိုးလုံ၍ ဥမင်အတွင်း လေဝင်လေထွက်ရရှိရန် ပြုလုပ်ထားသည်။

ထို့ပြင် ဥမင်၏အပေါ်ဘက် တောင်ကုန်းမြေပြင်၌ သံကုန်ကန်ရစ်ခင်းလျက် အထက်မြေထု အလေးချိန်ကြောင့် ဥမင်ပြုပိတ်မှုမှ ကာကွယ်ခြင်းတို့သာ ပြုလုပ်ခြင်းဖြစ်သည်။

ဥမင် တည်ရှိပုံမှာ မူလအခြေအနေအတိုင်း ဖြစ်သည်ဟု ရှင်းပြသည်။ လိုဏ်ဥမင် တည်ရှိဟန်ကို စနစ်ပုံရေးဆွဲ၍ ဥမင်နံရံ၌ ပြသထားသည်။

ထိုပုံစံမှာ (ယခု) တောင်တွင်းကြီးနယ် ဝိဿနိုး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် တည်ရှိသော အဆောက်

www.burmeseclassic.com

www.burmeseclassic.com

အခုံများ၏ စနစ်ပုံကဲ့သို့ပင် သေသပ်၍ နည်းစနစ်ကျနကာ ကောင်းကင်ကြယ်စု နက္ခတ်တာရာများနှင့် ဆက်နွယ်နေသည်ကို တွေ့ရသည်။

မင်းပုန်းဂူ တည်ဆောက်ထားပုံမှာ နေမင်း မကာရရာသီ ရောက်ခိုက် **မြန်မာပြက္ခဒိန်ပြာသိုလ**[ခရစ်ပြက္ခဒိန် ဒီဇင်ဘာလ (၂၁)မှ ဇန်နီဝါရီလ(၁၉) ရက်အတွင်း] **ည(၁)ချက်တီးအချိန်** [စက်နာရီဖြင့် (၂၁)နာရီ သို့မဟုတ် ည(၉)နာရီအချိန်] ကောင်းကင်ပြင်၌ တွေ့ရသည့် ကြယ်စုများ ပုံဟန်ကို စံနမူနာပြုထားသည်။ သို့မဟုတ် တိုက်ဆိုင်နေသည်ကို မြင်တွေ့ရပေသည်။ **မကာရရာသီညအခါ ကောင်းကင်ကြယ်စုများဟာည်ဟာန်**

* * *



မင်းပုန်းဥမင်ဟာည်ဟာန်စနစ်ပုံ

* * * ——→

မကာရရာသီ ညဦးအခါ ကောင်းကင်သို့ မော်ကြည့်ပါက ထိပ်တည့်တည့်မှ အနောက်ဘက်တွင် **ဆော့ကြယ်၏ သဘော်ကြယ်**ကို တွေ့ရပါမည်။ လက်ယာဘက်ကြယ်သည် **"ဦး"**၊ အလယ်ကြယ်သည် **"ချက်"**၊ လက်ဝဲဘက်သည် **"ပဲ့"** ဖြစ်သည်။

* * *



သဘော်ဦးကြယ်နှင့် ယှဉ်နေသော ကြယ်မှာ ပုန္နဂုဿနက္ခတ်ဖြစ်သည်။

ထိုကြယ်နှစ်လုံးသည် မေထုန်ရာသီ ရှင်ဖြစ်သော အပျို–လူပျို နှစ်ဦး၏ ခြေဖျားဖြစ်၏။

ခြေဖဝါးဦးချင်း ထိပ်ဆိုင်ထားပုံဖြစ်သည်။ မေထုန်ရုပ်နှစ်ရုပ်သည် ဇောက်ထိုးပုံရှိ၍ အောက်တွင် ငဲ့ယာလက်နှစ်ဖက်ပုံစံ ကြယ်နှစ်လုံးပါရှိပါသည်။

မေထုန်ရာသီမှာ အရှေ့မြောက်ယွန်းယွန်း **ဟသ်ာတာရာရှိ**၏။ ကြယ်စုများပုံ၌ ကြည့်ပါ။ ဟသ်ာတာရာ၏ အရှေ့မြောက် ယွန်းယွန်းတွင်ကား **ကြေးမုံတာရာရှိ**၏။ ကြေးမုံတာရာ၏ လက်ဂိုင်ရိုးအစွန်သည် **ရုပ်ကြယ်** ဖြစ်လေသည်။

ဆိုလိုသည်ကား မေထုန်ရာသီကြယ်စု၊ ဟသ်ာတာရာကြယ်စုနှင့် ကြေးမုံတာရာကြယ်စုတို့ အရှေ့မြောက်ယွန်းယွန်းအတိုင်း စီတန်းလျက် ရှိကြလေသည်။

ဤ နက္ခတ်တာရာများအကြောင်း အနည်းငယ် ရှင်းပြပေးပါမည်။

ညအခါ ကောင်းကင်တွင် မှိတ်တုတ်မှိတ်တုတ် မျက်တောင်ခတ်နေကြသော လက်လက်ကလေးများသည် ကြယ်များဖြစ်ကြ၏။ ဂြိုဟ်များက မျက်တောင်မခတ် အလင်းရောင် တသမတ်တည်းရှိကြ၏။

ကြယ်များအနက်၊ လသွားလမ်းတွင်ရှိသော ကြယ်စုတို့သည် **နက္ခတ်အမည်ရကြ**၏။ **နက္ခတ်အမည်မရသော(လသွားလမ်း ပြင်ပတွင်ရှိသော)** ကြယ်စုများသည် **တာရာ**အမည်ရ၏။

လသွားလမ်း မြောက်ဘက်ရှိ တာရာများကို **အပြင်တာရာဟုခေါ်၍** တောင်ဘက်ရှိ တာရာများ ဖြစ်ကြ၏။

အထက်၌ ဖော်ပြခဲ့သော ဟသ်ာတာရာနှင့် ကြေးမုံတာရာတို့သည် အပြင်တာရာများ ဖြစ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဥမင်ဖွဲ့စည်းပုံတွင် ကြည့်ပါက အနောက်တောင်ထောင့် ဝင်ပေါက်မှ ဝင်ရောက်သွားပါက ထောင့်မှန်စတုဂံပုံစံ ဥမင်လိုဏ်ပတ်လမ်း ဖွဲ့စည်းထားတာ။ ယင်းပတ်ဝန်းကျင်ရှိ လိုဏ်ခန်းများအတွင်း ရုပ်ပွားတော်များ ပူဇော်ထားတာ။

သတ္တဋ္ဌာန စံပယ်ဟန် မဟုတ်ကြသဖြင့် အက္ခရာများဖြင့် **က၊ ခ၊ ဂ၊ ဃ၊ င** ဟူ၍ ပြထားတာ။ ထိုမှ အရှေ့ဘက်သို့ ဥမင်လမ်းအတိုင်း ဆက်သွားပါက လက်ယာဘက်တွင် (၇)သတ္တမသတ္တာဟ စံပယ်ဟန် ရုပ်ပွားတော်ကို ဖူးတွေ့ရတာ။

ထိုမှ လက်ဝဲဘက်တွင် (စ)ရုပ်ပွားတော်တစ်ဆူ စံပယ်တာ။ ရှေ့ဆက်၍ လက်ယာဘက် လိုဏ်ခန်း၌ (၆)ဆန္ဒမသတ္တာဟရုပ်ပွားတော်၊ ယင်းမှ မြောက်ဘက် လက်ဝဲဘက်သို့ ချိုးကွေ့သွား၍ ထောင့်ကျယ်ပုံ လမ်းချိုးရောက်တာ။ ရုပ်တုရုပ်ပွားမရှိ။ ထိုထောင့်ချိုးကို (ဆ)ဟု သတ်မှတ်ပါမည်။

ထိုမှ (၅)ပဥ္စမသတ္တာဟရုပ်ပွားနှင့် (ဇ)ရုပ်ပွားတော်တို့အား ကျော်လွန်ကာ စတုဂံပုံပတ်လမ်းအတွင်း (၁)ပထမသတ္တာဟ၊ (၄)စတုတ္ထသတ္တာဟ၊ (၃)တတိယသတ္တာဟ၊ (၂)ဒုတိယသတ္တာဟ ရုပ်ပွားတော်များကို ဆက်တိုက်ဖူးမြော်နိုင်တာ။

တတိယသတ္တာဟ ရုပ်ပွားတော်၏ မျက်နှာချင်းဆိုင်၌ (ဋ)ရုပ်ပွားတော် စံပယ်တာ။ ထိုမှ (ည)နှင့် (ဈ)ရုပ်ပွားတော်တို့အားကျော်လွန်ကာ (၁)ပထမသတ္တာဟ ရုပ်ပွားရှေ့သို့ ပြန်ရောက်၍ ဝင်လာသည့်လမ်းအတိုင်း ပြန်ထွက်ရသည်။

ထိုကြောင့် (၁)မှ (၅)အထိမှာ သတ္တာဟ စံပယ်ဟန် ရုပ်ပွားတော်များဖြစ်၍ အက္ခရာများသည် အခြားရုပ်ပွားတော်များကို ရည်ညွှန်းလေသည်။

ဤဥမင် တည်ဟန်သည် ကောင်းကင်ကြယ်စုများကို စံနမူနာပြုမူပုံမှာ ဝင်ပေါက်အစ ထောင့်မှန်စတုဂံပုံရုပ်ပွား **က၊ ခ၊ ဂ၊ ဃ** တို့ စံပယ်ပုံသည် မေထုန်ရာသီတည်ဟန်ဖြစ်သည်။ (စ) (၆) (၅) (ဇ)တို့သည် ဟသ်ာတာရာပုံသဏ္ဌာန်ဖြစ်တာ။

(၁) (၄) (၃) (၂) (ည) (ဈ) စတုဂံနှင့် (ဇ) (၅) (ဆ)တို့သည် ကြေးမုံတာရာပုံသဏ္ဌာန်ဖြစ်တာ။ မေထုန်ရာသီသည် လျှို့ဝှက်ကြစည်ခြင်း ပရိယာယ်ရှိတာ။

ပုန္နဗသုသျှနက္ခတ်ကား ရသမျှနှင့် ရောင့်ရဲခြင်း၊ ပရိယာယ်ကြွယ်ဝခြင်း အနက်ရှိတာ။ **ဟသ်ာတာရာ**ကား လျင်မြန်ခြင်းသဘော ဆောင်တာ။ **ကြေးမုံတာရာ**ကား ပြုသမျှအကြောင်းတို့၏ အကျိုးရလဒ်ကို ခံစားရစေတာ။ ပုံရိပ်ပြန်တာ။

ထို့ပြင် ထိုရာသီ၌ ကောင်းကင်ပြင် တောင်အရပ်ကို မျှော်ကြည့်ပါက ကြယ်စုအမှန်ကလေးများ စုဝေးနေကြသည့် နဂါးငွေ့တန်းသည် အနောက်မြောက်နှင့် အရှေ့တောင်သို့ သွယ်တန်းကာ ဦးခေါင်းက တောင်အရပ်၌ရှိသည်ကို တွေ့မြင်နိုင်တာ။

ယင်းသည် မြန်မာမှုတွင် အသုံးတွင်ကျယ်လှသော နဂါးလှည့်ပင်ဖြစ်သည်။ မကာရရာသီသည် ဓါဃာမာသအားဖြင့် ပြာသိုလဖြစ်တာ။

နဂါးလှည့်ကား နတ်၊ ပြာ၊ တွဲတောင်ဟုဆိုတာ။ နတ်တော်၊ ပြာသို၊ တပို့တွဲလများတွင် နဂါးခေါင်းတော်သို့ လှည့်သည်ဟု ဆိုလိုတာ။ နဂါးဦးရှိသည့်အရပ်မှ အပြီးသို့ ဦးတည်၍ ခရီးသွားပါက နဂါးခံတွင်းဝင်ခြင်း ဖြစ်တာ။ ဘေးတွေ့ရတတ်သည်။

နဂါးအမြီးမှ နဂါးဦးသို့ ဦးတည်၍ သွားလာပါက နဂါးကျောလျှောက်တာ။ ကြစည်လုပ်ကိုင်ခြင်းများ ဖင့်နွဲ့ကြန့်ကြာ၍ မအောင်မြင်နိုင်ဟု ဆိုတာ။

နဂါးလှည့်နှင့် ကန့်လန့်ဖြတ် ဦးတည်ရာသို့ သွားလာလုပ်ကိုင်ပါက နဂါးဝမ်းဗောက်တာ။ ကြစည်လုပ်ကိုင်သမျှ အောင်မြင်စေတာ။

အမြင်နက္ခတ်အရ နဂါးငွေ့တန်း အရှေ့တောင်နှင့် အနောက်မြောက်သို့ သွယ်တန်း တည်ရှိနေစဉ် **မင်းပုန်းဂူတည်ဟန်က** အနောက်တောင်နှင့် အရှေ့မြောက်သို့ သွယ်တန်းသော ကြယ်စုပုံစံရှိတာ။ နဂါးငွေ့တန်းကို ကန့်လန့်ဖြတ်ထားခြင်း ဖြစ်လေသည်။

သို့ဖြစ်လေရာ ဤမင်းပုန်းဂူတွင် ပုန်းအောင်းနေထိုင်ခဲ့သော ပန်ထွာပြည့်ရှင် ဝိဿနိုးဘုရင်မသည် ဒွတ္တဘောင်မင်းအပေါ် လက်စားချေရန် ပရိယာယ်ဉာဏ်ဆင်၍ လျှို့ဝှက်ကြစည်မှုကို (နောက်ပိုင်းတွင်) အောင်မြင်ခဲ့ရသည်ဟု (အမြင်)နက္ခတ် ရှုထောင့်မှ သုံးသပ်တင်ပြရပါသည်။

မင်းပုန်းဂူခေါ် ဓမ္မရေလိုဏ်ဂူသည် မလွန်မြို့ဟောင်းရှိ ဂူ(၉)ဂူအနက် အကြီးမား အကျယ်ပြန့်ဆုံးနှင့် တည်ဆောက်ပုံ စနစ်ကျ ထူးခြားလှသည် ဖြစ်ရာ မင်းလှ၊ မလွန်မြို့များသို့ ရောက်ခဲ့ပါက အလေးအနက်ထား၍ သွားရောက်လေ့လာ ကြည့်ရှုသင့်လှပေသည်။

တပ်မြေပိုင်နက်အတွင်း ရှိသော်လည်း မည်သူမဆို လွတ်လပ်စွာ ဖူးမြော်ကြည့်ရှုနိုင်သည်ဟု သိရှိဆင့်ကမ်းပို့ကိုရပေသည်။

ထက်မင်းကျော်စွာ

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၆ ခုနှစ်၊ ဇူလိုင်လမှာ

နေ့ကောင်းရက်သာ ရွှေဆောင်ပြယ်ပါ

ကျွန်ုပ်တို့သည် နံနက် မိုးလင်းအိပ်ရာမှထ မျက်စိနှစ်လုံး စဖွင့်သည်မှစ၍ ဤနေ့ဤရက်သည် ငါ့အတွက် ကံကောင်းသော နေ့တစ်နေ့ ဖြစ်မည်လော...၊

ဤနေ့ ဤရက်သည် ငါ့အတွက် ကံမကောင်းတတ်သော နေ့တစ်နေ့ ဖြစ်မည်လော...၊ စသည်ဖြင့် မိမိတို့၏ နေ့စဉ် ကံကြမ္မာ အကောင်းအဆိုးကို လူတိုင်းလိုလိုပင် သိချင်ကြပေလိမ့်မည် ဖြစ်ပေသည်။

ထို့ကြောင့် ကျွန်ုပ်သည် စာဖတ်ပရိသတ်ကြီးအား ဤနေ့ဤရက်သည် သင့်အတွက် ကံကောင်းနိုင်သည်၊ ဘာပဲလုပ်လုပ် အဆင်ပြေ အောင်မြင်နေမည်။ အရေးကြီးသော လုပ်ငန်းဆောင်တာများကိုလုပ်ပါ။

ဤနေ့ ဤရက်သည် မကောင်း၊ ပြဿနာများ တစ်ခုပြီးတစ်ခု ကြုံတွေ့ရတတ်သည်။ တက်နိုင်သမျှ ငြိမ်ငြိမ်လေးနေပါ။ အရေးကြီးသော လုပ်ငန်းတွေ ဘာမှ မလုပ်မိပါစေနဲ့...ဟု ထိတိရောက် ရောက် အနီးကပ် ကူညီပံ့ပိုး အကြံပေးလို၍ တစ်ဦးစီ တစ်ဦးစီ၏ ကိုယ်ပိုင် ကံကောင်းသော နေ့ရက်များနှင့် ကံဆိုးသောနေ့ရက်များကို သေချာဂရုသိရှိစေရန်အလို့ငှာစေတနာရှေ့ထားလက်ဆောင်ပါးကာ ရေးသားလိုက်ခြင်းဖြစ်ပါသည်။

ဂဏန်းဖြင့် ဖော်ပြထားပါသည်။ ယင်းနေ့များကို လွှမ်းမိုးနေသော စိုးမိုးဂဏန်းများကိုမူ မြန်မာဂဏန်းဖြင့် ဖော်ပြထားပါသည်။ တွက်ပုံတွက်နည်းမှာ သင်၏ အင်္ဂလိပ်မွေးရက်နှင့် တွက်လိုသောနေ့၏ စိုးမိုးဂဏန်းကို ပေါင်းပါ။ တစ်လုံးတည်း ကျန်အောင်ပေါင်းပါ။

ဥပမာ။ ။ အင်္ဂလိပ် (၂၃)ရက်နေ့တွင် မွေးဖွားသူဆိုပါစို့။

ဇူလိုင်လ (၇)ရက်နေ့ကို တွက်လိုသည် ဆိုပါစို့။ (၇) ရက်နေ့၏စိုးမိုးဂဏန်းမှာ (၂)ဟု တွေ့ရပေလိမ့်မည်။ ယင်း မွေးရက် (၂၃)နှင့်ပေါင်းလျှင် (၂၅) ရ၏။ ယင်း(၂၅)ကို တစ်လုံးတည်း ဖြစ်အောင် ပေါင်းလျှင် ၂ + ၅ = ၇ ရ၏။ ထို့ကြောင့် ထိုသူအတွက် **ဇူလိုင်လ(၇)**ရက်နေ့တွင် **(၇)ဂဏန်း** ကြီးစိုးနေ၏။

၁-ဂဏန်း ကြီးစိုးသောနေ့တွင် အသစ်စတင်ခြင်း၊ တိထွင်ဖန်တီးခြင်းများ ကြုံရတတ်၏။ သော အကူအညီများရရှိခြင်း၊ မိဘက အကူအညီ ပေးခြင်းများ ကြုံရတတ်၏။

၂-ဂဏန်း ကြီးစိုးသောနေ့တွင် ရည်မှန်းသည့် အတိုင်း အောင်မြင်မှုများ ကြုံရတတ်၏။

၄-ဂဏန်း ကြီးစိုးသောနေ့တွင် အကျိုးအပြုများ၊ စိတ်ညစ်စရာများ ကြုံရတတ်၏။

၅-ဂဏန်း ကြီးစိုးသောနေ့တွင် ပျော်ရွှင်ကြည်နူးစရာများ ကြုံရတတ်၏။

၆-ဂဏန်း ကြီးစိုးသောနေ့တွင် လွှမ်းမောတသဖွယ် အမြဲအပျက်များ၊ တိုးပိုးတန်းလန်းဖြစ်ခြင်းများ ကြုံရတတ်၏။

၇-ဂဏန်း ကြီးစိုးသောနေ့တွင် ထူးဆန်းအံ့သြဖွယ်များ၊ ပထဝိမ့်တသော ဖြစ်ရပ်များ ကြုံရတတ်၏။

၈-ဂဏန်း ကြီးစိုးသောနေ့တွင် စိတ်ညစ်ရခြင်း၊ ထွက်ပေါက်ပိတ်ခြင်း၊ ရည်ရွယ်ချက် ပျက်စီးခြင်းများ ကြုံရတတ်၏။

၉-ဂဏန်း ကြီးစိုးသောနေ့တွင် ဘာသာရေး၊ ပညာရေး ဆရာသမားနှင့် ပတ်သက်သော ကိစ္စများ ကြုံရတတ်၏။

ဓိတ်ဆွေအနေနှင့် **၄၊ ၈၊ ၆ ဂဏန်း**ရသော ရက်များကို သတိပြု ရှောင်ကြဉ်သင့်ပါသည်။ အကောင်းဆုံးမှာ **၃၊ ၅** ဂဏန်းရသော ရက်များပင် ဖြစ်ပါသည်။ ဒုတိယ အကောင်းဆုံးမှာမူ **၁၊ ၂၊ ၇၊ ၉ ဂဏန်း**ရသော ရက်များပင် ဖြစ်ပေတော့သတည်း။

မကောင်းရက်ရှောင်၊ ကောင်းရက်ဆောင်ကာ ပြားမြောင်ကိစ္စ ဆောင်ရွက်ကြလျှင် ဆန္ဒပြည့်ဝ လူလုံးလှကာ လောကအလယ် ဂုဏ်ဝင့်ကြွယ်သည် လောကီပညာအကျိုးတည်း။

ကောင်းမှုအကြောင်းပြု တောင်းဆုပြည့်ပါစေး

သုခစုစံ(ကျိုက်လတ်)

❖ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ❖

တနင်္ဂနွေ	တနင်္လာ	အင်္ဂါ	ဗုဒ္ဓဟူး	ကြာသပတေး	သောကြာ	စနေ
31 ၂					1 ၈	2 ၉
3 ၁	4 ၂	5 ၃	6 ၄	7 ၅	8 ၆	9 ၇
10 ၈	11 ၉	12 ၁	13 ၂	14 ၃	15 ၄	16 ၅
17 ၆	18 ၇	19 ၈	20 ၉	21 ၁	22 ၂	23 ၃
24 ၄	25 ၅	26 ၆	27 ၇	28 ၈	29 ၉	30 ၁

မူလပြက္ခဒိန်ရက်စွဲများကို အင်္ဂလိပ် ၂-ဂဏန်း ကြီးစိုးသောနေ့တွင် ကောင်းထား

www.burmeseclassic.com

www.burmeseclassic.com

အမျိုးသားများ အားအင်ကုန်ခန်း စိတ်မရှင်လန်းရင်

စကြာမင်း

အမှတ်တံဆိပ်

အားတိုးဆေး ရှိသလား

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် (၀၇၁၁ YR ၀၀၆၀၂၄)

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝ(စာနယ်ဇင်း)
၅၃/၀၅၁၃

'ဟော့ ကိုကြီးကောင်း အိမ်တွင်းပုန်း လုပ်နေတာလားဗျ'

'အိမ်တွင်းပုန်းနေတာ မဟုတ်ဘူး။ စိတ်ဓာတ်ကျနေတာပဗျို့'

'ကဲ ဆိုစမ်းပါဦး၊ စိတ်ဓာတ်ကျစရာ ဘယ်လိုအကြောင်းတွေများ ရှိလို့လဲ'

'ပြောရရင်တော့ ရွက်စရာကြီးပါဗျာ၊ ဒါပေမယ့် ခင်ဗျားက ဗဟုသုတစုံသူ ဆိုတော့ အကြံဉာဏ်များပေးနိုင်ကောင်းရဲ့ ဆိုပြီး ရွေ့မျက်နှာ နောက်ထားပြီး ပြောမယ်ဗျာ။ ကျွန်တော့်မှာ အမျိုးသားအားနည်းရောဂါ ဖြစ်နေလို့ပဗျ။ အဲဒါ လုပ်ပါဦး။ ဘယ်လိုလုပ်ရင် ကောင်းမလဲ'

'ဆေးတွေ မသုံးစွဲဘူးလား'

'သုံးစွဲတာမှ ရှိသမျှအားဆေးတွေ စုံနေပြီ။ ထူးခြားမှုမရှိဘူး ကိုဘုန်းရ'

'ဒါဆိုရင် ကျွန်တော်လဲ အမျိုးသားအားနည်းရောဂါ ဖြစ်နေရလို့ ခင်ဗျားလိုပဲ စိတ်ဓာတ်ကျနေတဲ့အချိန်မှာ ဆရာကြီး ဆရာမြင့် (စကြာမင်း) ရေးသားပြုစုထားတဲ့ "အမျိုးသားရောဂါ သိကောင်း စရာနဲ့ ကာကွယ်ကုသနည်းများ" ဆိုတဲ့ အမျိုးသားများအတွက် ကျန်းမာရေး ပညာပေးစာအုပ်ကို ဖတ်မှတ်မိရာမှ အားတက်သွားပြီး ဆရာမြင့်ထံ အပြေးကလေး သွားရောက်ဆွေးနွေးမိတယ်ဗျ။

အဲဒီမှာ ဆရာမြင့်က စကြာမင်းအားတိုးဆေးပေးပြီး တစ်နေ့ (၂)ကြိမ် မုန်မုန်သောက်ရင် မင်းရဲ့ရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းပါလိမ့်မယ်လို့ ညွှန်ကြားလိုက်တယ်။ ဒါနဲ့ ကျွန်တော်လဲ ဆရာ့ရဲ့ ညွှန်ကြားချက် ဆေးညွှန်းပါ အညွှန်းအတိုင်း သောက်သုံးလိုက်တာ အခုဆိုရင် လန်းဆန်းပြီး အကြောအားတွေ ကောင်းလိုက်တာမှ ဒေါင်ဒေါင်မြည်ပဲဗျ'

'ဆေးရဲ့ အစွမ်းအာနိသင်က ဘာတွေကောင်းလဲ'

'ဘာတွေကောင်းလဲဆိုရင် ခန္ဓာကိုယ်အတွက် တစ်နေ့တာ ကုန်ခန်းသွားတဲ့ အားအင်များကို အလျင်အမြန် ပြန်လည်ပြီး ဖြည့်တင်းပေးနိုင်တဲ့ အစွမ်းသတ္တိထူးရှိလို့ သွေးသစ်၊ အားသစ်၊ ခွန်အားသစ်၊ ဓာတ်ပစ္စည်းအသစ်များ ဖြစ်ထွန်းတည်ဆောက်ပေးနိုင်တယ်။

ပန်းသေ၊ ပန်းညှိုးဖြစ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ သုက်ဓာတ်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အိပ်နေစဉ်အလိုလို သုက်လွှတ်ခြင်း၊ ပင်ပန်းနွမ်းနယ်နေခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ အကြောအားနည်းခြင်း၊ နှစ်ခြိုက်စွာအိပ်မပျော်ခြင်း၊ စားမကောင်းခြင်း၊ ကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းခြင်း၊ အာရုံကြောအားနည်းခြင်းနဲ့ အဆုတ်အား၊ နှလုံးအား၊ သွေးအားနည်းခြင်းများကို သက်သာပျောက်ကင်းစေပြီး အမောလုံ့၍ စိတ်ဓာတ်အား၊ ဆန္ဒအား၊ အကြောအား၊ ပန်းအားများကို တက်ကြွလန်းဆန်းစေလျက် ဆန္ဒသုခ အိပ်ထောင်ရေးရသတို့ကို ပြည့်စုံစွာ ပေးစွမ်းနိုင်သော ရသာယနဆေး ဖြစ်ပါတယ်။ ပြီးတော့ နေ့စဉ်သုံးစွဲပါက ဒဲ့အပြင် ခန္ဓာကိုယ်အတွင်းရှိ ဓာတ်ပစ္စည်းများကို ညီညွတ်မျှတစေပါတယ်'

'ကျွန်တော်လဲ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေးကို သုံးစွဲချင်လို့ ဆေးဆိုင်တွေမှာ မေးကြည့်တော့ မရှိဘူးလို့ ပြောပြောနေတော့ ခက်တယ်ဗျ'

'မခက်ပါနဲ့ဗျာ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်စေဖို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။ ခင်ဗျားလဲ နီးစပ်ရာ ဆေးမျိုးစုံဆိုင်သာ ပြေးပြီးဝယ်ပေတော့'

ဟော အခုတော့ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေး အစွမ်းထက်မှုကြောင့် စိတ်ရောကိုယ်ပါ လန်းဆန်းတက်ကြွနေတဲ့အပြင် အကြောအားတွေလဲ ကောင်းမကောင်းပဲ။

အဲဒါကြောင့် ဘဝတူအမျိုးသားများ အကျိုးများပြီး အင်အားတိုးပွားကာ အမြဲတမ်းတက်ကြွလန်းဆန်း သန်မာစွာနဲ့ နေနိုင်စေဖို့ အသက်ရှည်ရာ အနာဂတ်ရေး သော့ချက်ဖြစ်တဲ့ စကြာမင်း စိတ်ပျိုကိုယ်နှ အားတိုးဆေးစွမ်းတစ်လက်ကို နီးစပ်ရာ ဆေးဆိုင်များမှာ ဝယ်ယူသုံးကြည့်ပါလို့ အကြံပြုပါရစေ။

အဲ ဆရာမြင့်နဲ့ ကိုယ်တိုင်တွေ့ဆုံ ဆွေးနွေးချင်ကြရင်တော့...

ဆရာမြင့်
စကြာမင်းတိုင်းရင်းဆေးတိုက်
အမှတ် (စ/၆၆၆)၊ သုဝဏ္ဏလမ်းမကြီး သွန်လာမှတ်တိုင်အနီး
(စ)ရပ်ကွက်၊ မြို့ကလေးပြိုင်ပွဲလမ်း၊ ဖုန်းဂု၂၂၅၇၁

ကိုကြီးကောင်း

၅၆ နာဂပ္ပရောင်ခြည်မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

မင်းဝံတောင်ခြေမှ

ကျွန်းပင်မောင်နှမ နတ်နန်း

ခရီးသည်သုတေသီ



ကျွန်းပင်မောင်နှမနန်း

မြည်တော်အောစတီ

မင်းကွန်းအဝင်မိုးမိတ်ကုန်းတော်အနီး စစ်ကိုင်း။ မင်းကွန်းကားလမ်းနံဘေးတွင် ကျွန်းပင်မောင်နှမနန်းရှိ၏။ ပါခေါင်လဆန်း(၁)ရက်နေ့တွင် ကျွန်းပင်မောင်နှမနတ်ပွဲ ရှိသည်။

ထိုမှဆက်ကာ အခြားနတ်ပွဲများဆက်တိုက်ကျင်းပကြလေရာ **''နတ်ပွဲအစ ကျွန်းပင်က''**ဟု ဆိုစမှတ်ပြုကြသည်။ **တစ်နှစ်တာနတ်ပွဲရာသီတွင် ပထမဆုံးကျင်းပသောနတ်ပွဲဖြစ်သည်။**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆွမ်းကပ်လှူပွဲ ကျင်းပလေ့ရှိသော ဘုရားစေတီများကဲ့သို့ပင် နတ်ပွဲများတွင်လည်း ရက်စွဲများအလိုက် ကျင်းပကြလေရာ **ဆယ့်နှစ်ပွဲဈေးသည် (ပွဲများ၌ လိုက်လံ၍ ဈေးရောင်းချကြသူများ)**များသည် ထိုနတ်ပွဲအစီအစဉ်ကို အလွတ်ရအောင် ကျက်မှတ်ထားကြသည်ဆိုလေသည်။

ကျွန်းပင်မောင်နှမဖြစ်စဉ်

ကျွန်းပင်မောင်နှမနတ်နန်းသို့ ဝင်ရောက်၍ တွေ့ရှိရသော အမျိုးသမီးနှစ်ဦးကို မေးမြန်းကြည့်၏။

'နန်းထိန်းတွေလား'

'ဟုတ်ပါတယ်။ နန်းထိန်းအဆက်အနွယ်တွေပါ။ ဘာကိစ္စရှိပါသလဲ'

'ကျွန်းပင် မောင်နှမအကြောင်း သိချင်လို့ပါ'

'ကျွန်မတို့ ဦးလေးကို ခေါ်ပေးမယ်။ လက်ဖက်ရည်ဖိုး ရေစင်ဖိုးတွေ ဖဲ့ပေးရမယ်နော်'

'ဟုတ်ပါပြီ။ ခေါ်ပေးပါဦး'

(၁၀)မိနစ်မျှအကြာတွင် အမျိုးသားကြီးတစ်ဦး ရောက်လာသည်။

'ကျွန်တော် ဦးသက်တင်ပါ။အသက် (၇၀)ရှိပါပြီ။ **ဒီနန်းကို စတင်တည်ခဲ့တဲ့ ဘွားစံရွှေရဲ့မြေးပါ။** ကျွန်းပင်မောင်နှမအကြောင်းကို အဘွားတွေပြောသလောက် အနည်းအကျဉ်းပဲ သိရပါတယ်။ ဇာတ်မင်းသားရွှေနန်းတင်ကတော့ ကျွန်းပင်မောင်နှမ ဇာတ်ထုပ်ရေးပြီး ကိုယ်တိုင်ကပြလေ့ရှိလို့ သူကမှ စေ့စေ့စပ်စပ်သိပါတယ်'

'ပွင့်လင်းရာသီ ပွဲရာသီက ဇာတ်မင်းသားကို ဘယ်လို ရှာရပါ့မလဲ။ ခင်များသိသလောက်ပဲ ပြောပြပါဦး'

'သူတို့က မိုးမိတ်စော်ဘွားကြီးရဲ့မြေး၊ (၁၅)နှစ်အရွယ် စောနန်းသွယ်နဲ့ (၁၃)နှစ်အရွယ် စောနန်းအောင်ပါ။ မိုးမိတ်၊ မိုးညှင်း၊ မိုးကောင်းစတဲ့ ''မိုး'' ပါတဲ့ မြို့(၉)မြို့ကို အပိုင်စားရတယ်။

www.burmeseclassic.com

www.burmeseclassic.com

အဆောက်အတင်ရုပ်

မောင်ဆောက်အတင်ရုပ်

ရောဝတီ မြစ်ဂိုးတစ်လျှောက်မှာရှိတဲ့ ကျွန်းဆယ်နှစ်ကျွန်းကိုလဲ အပိုင်စား ရတဲ့ မောင်နှမပါ။

တစ်နေ့မှာ မြစ်အတွင်း ရေဆင်းကစားရင်း ဂိုးသက်မှန်တိုင်းကျိုး ကျွန်းပင်ကြီးတစ်ခု အမှိုပြုလို့ မျောပါလာကြသတဲ့။ ဟိုးအထက် ဒိုးပင် (ငါးအိုးရွာအောက်နား၌ ရှိ၏။) ရွာကမ်းမှာ တစ်ထောက်နား ရပ်တန့်သေးတယ်။

ဒါကြောင့် **''ဒိုးပင်''** ရွာမှာလဲ ကျွန်းပင်မောင်နှမ နှန်းတစ်ဆောင် ရှိပါတယ်။ ကျွန်းပင်ကြီးဟာ ဒိုးပင်က အောက်ကို စုန်မျောလာပြီး ဒီနားက ချုံတောထဲမှာ ငြိရပ်နေပါတယ်။

ဒီနောက် အတွားစံရှေ့ကို အိပ်မက်ပေးပြီး နှန်းတစ်ခုဆောက်ပေးဖို့ တောင်းတယ်။

အတွားလဲ နှန်းငယ်ငယ်လေးဆောက်ပေးပါတယ်။ ကျွန်းပင်ကြီးဟာ နှန်းဆောက်ပြီးနောက် နှန်းရှေ့နားမှာ အဆက်အလက် အဆစ်တွေထွက်ပြီး ပြန်ရှင်လာတယ်။ ဒီရက္ခာ ကျွန်းပင်ကြီးပါပဲ။

ထူးခြားတာက မြောက်ဘက်အကိုင်းက ခြောက်ပြခြောက်လှန့်ရှိပြီး ကျန်တဲ့ အကိုင်းတွေဟာ ရွက်နုစေ့ဆောဆော ထွက်ပါတယ်'

'ကျွန်းပင်ကြီးရောက်လာတာ ဘယ်နှစ်လောက်ကလဲ'

'အဲဒါတော့ မသိလိုက်ပါဘူး။ ဂျပန်ခေတ်မတိုင်မီကတည်းက ဒီကွန်းရှိနေပြီဆိုပါတယ်'

ပွဲတော်ကာလ

နတ်ပွဲကျင်းပသည့် ဝါခေါင်လဆန်း (၁)ရက်နေ့တွင် ပန်းမော်၊ မိုးကုတ်၊ ရန်ကုန်စသည်ဖြင့် မြန်မာပြည်အနှံ့ အပြားမှ နတ်ကတော်များ လာရောက် စုဝေးကြသည်။ ပွဲကြည့်ပရိသတ်လည်း အထူး များပြားလှသည်။

ထိုကာလတွင် မင်းကွန်းသို့သွားလို ပါက တောင်ကြား၊ ချောင်းကြားများမှ ကွေ့ပတ်ကွင်း၍ သွားကြရသည်။ နတ်ပွဲတကာတွင် အစည်ကားဆုံးပွဲ ဖြစ်သည် ဆို၏။

ဝါခေါင်လဆန်း (၁)ရက်နေ့တွင် နတ်ကွန်းအနီးရှိ ပြည်တော်အေးစေတီတော်အား ဆွမ်းတော်ဆက်ကပ်ကြသည်။

ထိုနေ့တွင် **''ကိုး''** ထားသူများ (အကြောင်းကိစ္စတစ်စုံတစ်ရာရသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



◆ ဆန်းမောင်

◆ မြန်လည်ရှင်သန်လာသော ကျွန်းပင်

နတ်ကွန်းသို့ လာရောက်ကာ အဆင်ပြေ အောင်မြင်စေရန် ကျည်ပေးပါ။ အောင်မြင်ပါက မည်ကဲ့သို့ပြန်လည်ကျေးဇူးဆပ်ပါမည်ဟု တောင်းပန်ထားသူများ)နတ်ကတော်များ ရုံညီစွာ တက်ရောက်ကြရသည်။

နှစ်ရက်နေ့တွင် မင်းကွန်းဘိုးဘိုးကြီးအား သွားရောက် ဂါရဝပြုရသည်။ နတ်မောင်နှမအား မင်းကွန်းဘိုးဘိုး နန်းမှ ပြန်ပင့်လာပြီးနောက် မြစ်အတွင်းသို့ ပို့ဆောင်ရသည်။ ချီးတော်သုံးသည်ဆို၏။

သုံးရက်နေ့တွင် ပုံတော်များ ဒန်းစီးပေးရ၏။

လေးရက်နေ့တွင် လူများ(နတ်ကတော်များ) ဒန်းစီးရသည်။ မောင်းမဒန်းစီးသည်ဆို၏။

ငါးရက်နေ့တွင် နတ်ကွန်းနှင့် စေတီအကြား မြေကွက်လပ်၌ သစ်ပင်ပန်းမန်များနေရာချ၍ ဥယျာဉ်သဏ္ဌာန် ဖန်တီးရသည်။ ပုံတော်များ ပင့်ဆောင်လှည့်လည်၏။ ပန်းဥယျာဉ်လှည့်သည်ဆို၏။

ခြောက်ရက်နေ့တွင်ကား မင်းကွန်း(မင်းဝံ)တောင်ရိုး၌ သီတင်းသုံးကြသော သံဃာများကို ပင့်ဖိတ်၍ ဆွမ်းတော်ကြီး လောင်းလှူကြသည်။ ထို့နောက် **သပြေပင်ခုတ်၍ နတ်ပွဲပြီးစီးလေသည်။**

အမရပူရမြို့ရှိ ရတနာရွှေဘုရားပွဲနှင့် မင်းညီနောင် (ရွှေဖျင်းကြီး၊ ရွှေဖျင်းကလေး) နတ်ပွဲတွင်မူ ထိန်ပင်အားခုတ်၍ နတ်ပွဲ အပြီးသတ်လေ့ရှိကြသည်။ **မင်းညီနောင်နှစ်ပါး၏ ဘွဲ့စားပေးခြင်း အနောက်ရထားမင်းသည် ထိန်ပင်စောင့် နတ်ကာ ကျဲ့ဃာတ်ထောင်၍ ဆော်သြခြင်း သေးသုံးရက်။ ထိုးကြွေး လက်စားချေသည့်အားနှင့် ထိန်ပင်နတ်ကြွခြင်းသည်။**

ကျွန်းပင်မောင်နှမ နတ်ပွဲတွင်လည်း ဤသဘောဆောင်၍ ထိန်ပင်အစား သပြေပင်ကို ခုတ်ကြသော်လည်း **"ထိန်ခုတ်ပွဲ"**ဟုပင် ခေါ်ကြသည်ဆိုလေသည်။ **"ထိန်"အစား "သပြေ"ကို သုံးရသည့် ရည်ရွယ်ချက်ကိုမူ မသိရှိခဲ့ရပေ။**

လေ့လာရသမျှ

ယင်းနောက် နတ်ကွန်းတွင်းရှိ နတ်မောင်နှမပုံတော်အား လေ့လာသည်။ အခန်းနှုဖူးစီးတွင် **"ရွှေကျွန်းပင် မောင်နှမဟော်နန်း"**ဟု ကမ္ဘည်းတင်ထားသည်။ **"ကျယ်ခေါင်"**မြို့မှ ကျောက်မျက်ရတနာပွဲရုံပိုင်ရှင်မိသားစုလှူဒါန်းသည်ဆို၏။

အခန်းတွင်း နတ်စင်ထက်၌ နတ်ရုပ်ပုံတော်များ ပူဇော်ထားသည်။ လက်ဝဲဘက်တွင် **အမတော် စောနန်းသွယ်ပုံတော်**၊ လက်ယာဘက်တွင် မောင်တော် **စောနန်းအောင်ပုံတော်**များ ရှိကြသည်။ ယင်းတို့၏ နောက်ဘက် အလယ်နား၌ မနဲ့လေးရုပ်တုရှိ၏။

"မနဲ့လေးက နတ်ကွန်းတိုင်းမှာ ထားရတာယ်"ဟု နန်းထိန်းအမျိုးသမီးက ပြောပြသည်။ အကြောင်းရင်းကိုမူ မသိရှိရပေ။

ရေစင်ဖိုးသာ တွင်တွင်တောင်းနေသဖြင့် ဓာတ်ပုံမှတ်တမ်းများအပြီးတွင် ထုတ်ပေးရသည်။ ဝယဝုဒ္ဓိအားဖြင့် ကြီးမြင့်မှုကို အလေးထားကာ ကျွန်းပင်မောင်နှမအား ဂါရဝပြု မေတ္တာပို့ အမျှပေးဝေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ခန်းဓာတွင်းမြင်ကွင်း

အတွန်းထွက်သည့် မြောက်ဘက်အဂိုး

မနဲဝေးရပ်တဲ့

အခြားသော ကွန်သည်ဒိုစား၊ အမှုထမ်းများလဲ လာရောက်ဘတ်ကြသည်ဟု သိရ၏။

နတ်နန်း အစောင့်အရှောက်များသည် မင်းကွန်းဆရာတော်ကြီး၏ မေတ္တာရပ်ခံမှုကြောင့်ယခင်ကလောက် ကြမ်းတမ်းခြင်း မရှိတော့သော်လည်း နတ်မောင်နှမအား မရိုမသေပြုခြင်း၊ ဖောင်မျှော်လာသူတို့သည်နန်းအထက် မြစ်ညာတွင် ဖောင်ကပ်ရပ်နားခြင်း စသည် မပြုကြရဟုဆို၏။ မရိုမသေပြုမူစော်ကားကြသူတို့မှာ ဒုက္ခကောင်းစွာ တွေ့ကြုံရ၏။

ဖောင်သမားတို့နားက မသိရှိခြင်း၊ သိလျက်နှင့်ခြင်း စသည်ဖြင့် နန်းထက်ကမြောက်ဘက်ကျော်ရှိရာ နန်းအောက်သို့ ရောက်သော် ပိုးထိုးခြင်း၊ ကြိုးဆွဲခြင်း စသည် ကြိုးပမ်းစရာမလိုဘဲ အလိုအလျောက် ကမ်းတက်ထိုက်နားခြင်းကြသည် ဆိုပေသည်။

ခရီးသည်သုတေသီ

နတ်ကွန်းရှေ့မျက်နှာစာ လှေကားတစ်ဖက်စီတွင် **ကျားရုပ်နှင့် မြွေရုပ်များ**ကို သံတိုင်ဖြင့် ကာရံထားသည်။ နတ်မောင်နှမ၏ အစေအပါးများ ဖြစ်ကြသည်။

နန်းတော်သို့ ဝိုးပင်၊ ထင်းပင်း၊ ဦးထုပ်မလွှာဘဲ မြောက်သန်းခြင်း၊ မြောက်ဦး ၌ မြတ်သန်းခြင်း၊ ဇနီးဖောင်နှံ့ယှဉ်တွဲ မြောက်သန်းခြင်းများ မြန်မိုးက ဖျက်ဆီး နာကျောက်ကြသည်ဟုဆို၏။

မင်းကွန်း ဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသက အထူး မေတ္တာရပ်ခံ၍ သံတိုင်ဖြင့် ကာရံထား

လေမှ ထိုအဖြစ်များ မကြုံကြရတော့ဟု ဦးသက်တင်က ပြောပြသည်။

ဦးသက်တင်သည် ပထမနန်းထိန်းဘွားစံရှေ့၏သမီး ဘွားငွေမြိုင်မှ မွေးဖွားသူ နန်းထိန်းအဆက်အနွယ်တစ်ဦး ဖြစ်ပေသည်။

ကျွန်းပင်မောင်နှမနန်းကား နတ်ဝံလေ့ ကိုးကွယ်ယုံကြည်သူတို့ အဦးအမြတ်ထားကာ လာရောက်လေ့ရှိကြသော နတ်နန်းနတ်ပွဲ ဖြစ်သည်။

အထူးသဖြင့် ကျွန်းပင်မောင်နှမနန်းတော်သက်တန်းကြာရှည်တို့ အလားများ၍

www.burmeseclassic.com

ကုဋေကြွယ်

ဘုရားတစ်ဦး၏ လက္ခဏာ

သရော်ဒီဒီနှင့်အောင်မြင့် (ဥပဒေဘွဲ့) လက္ခဏာဗေဒပညာသုတေသီ

ယခု ဆောင်းပါးနဲ့အတူ ဖော်ပြပေးလိုက်တာက ငွေကြေးဥစ္စာ ကုဋ္ဌေပေါင်းများစွာ ချမ်းသာကြွယ်ဝတဲ့ အမျိုးသားတစ်ဦးရဲ့လက္ခဏာဖြစ်ပါတယ်။

လွန်ခဲ့တဲ့ (၁၅)နှစ်က ကျွန်ုပ်နဲ့ဆွေ့ဆုံပြီး ကျောက်စိမ်းလုပ်ငန်းနဲ့ ကားလုပ်ငန်းကြီးတွေလုပ်ကိုင်ဖို့ မေးမြန်းဆွေးနွေးခဲ့သူ ဖြစ်တယ်။

အဲဒီအချိန်က မြန်မာနိုင်ငံထဲ တင်သွင်းခွင့်ရရှိတဲ့ ကားအမျိုးအစားတွေထဲက တန်ဖိုးအမြင့်ဆုံး အဇကာင်းဆုံးဆိုတဲ့ကားကြီးကိုစီးပြီး လာခဲ့တာပါ။ အဲဒီတုန်းက သူ့အသက် သုံးဆယ်ဝန်းကျင်သာ ရှိသေးတယ်။

"က" အက္ခရာနဲ့ ညွှန်ပြထားတာဟာ အသက်လမ်းကြောင်းအတွင်းဘက် သောကြာဂြိုဟ်ခုံအောက်ခြေက **ငွေအိတ်သဏ္ဌာန်နဲ့ အစပြုထွက်ပေါ်တဲ့ ကံလမ်းကြောင်းဖြစ်ပါတယ်။**

အဲဒီလမ်းကြောင်းမျိုး သဏ်္ဌာန်မျိုး ရှိသူတွေဟာ ဘိုးဘွားမိတာ အမွေအနှစ်ကောင်းတွေ ရရှိကြပါတယ်။

* * *





www.burmeseclassic.com

www.burmeseclassic.com

"ခ" အကွေ့ရာနဲ့ ညွှန်ပြထားတာဟာ တနလ်ာကြိုဟ်ခုံဘက်မှာ အသက်လမ်းကြောင်း ထင်ရှားစတင်ခြင်း ဖြစ်ပါတယ်။

အဲဒီသင်္ကေတပို့ကဟာ ပြည်ပနိုင်ငံခြားမှာ မွေးဖွားခြင်း၊ ပြည်ပကို သွားရောက်လုပ်ကိုင်နေထိုင်အခြေချခြင်း၊ ပြည်ပနဲ့ သွားလာဆက်သွယ်လုပ်ကိုင်မှု အကျိုးပေးခြင်းတွေ ဖြစ်ကြတယ်။

အများအားဖြင့်တော့ မြန်မာနိုင်ငံသားရော၊ ပြည်ပနိုင်ငံတစ်ခုရဲ့ နိုင်ငံသားရော တစ်ပြိုင်တည်း ခံယူထားသူမျိုး ဖြစ်တတ်တယ်။ ပြည်ပမှာ မွေးဖွားခဲ့သူဆိုရင် မြန်မာနိုင်ငံမှာ အခြေချနေထိုင်မယ်။ မြန်မာနိုင်ငံမှာ မွေးသူဆိုရင် ပြည်ပထွက်သွားပြီး အခြေချနေထိုင်မယ်။

"ဂ" အကွေ့ရာနဲ့ ညွှန်ပြထားတာဟာ အသက်လမ်းကြောင်းက ထွက်တဲ့ တိုးတက်မှုလမ်းဟာ ဦးခေါင်းလမ်းကို ထိခြင်း ဖြစ်တယ်။ ရတနာဘာဏ်တိုက် သင်္ကေတ ဖြစ်ပေါ်တယ်။

* * *



အသက်(၃၀)ဝန်းကျင်မှာ အမွေရ ဌေးအရုအပုံရ ချမ်းသာကြွယ်ဝမယ့်နိမိတ် ဖြစ်တယ်။

'ဃ" အကွေ့ရာနဲ့ ညွှန်ပြထားတာဟာ လက်သူကြွယ်အောက် နှလုံးလမ်းကြောင်းအထက်ကပ်လျက် အပြိုင်လမ်းကြောင်း ထင်ရှားပါရှိခြင်း ဖြစ်တယ်။

* * *

၆၅ နက္ခတ္တဗေဒာရောင်ခြည်မဂ္ဂဇင်း

အဲဒီသင်္ကေတပို့ကဟာ ပိဆင် (သို့မဟုတ်) အတွားရဲ့ အကူအညီများစွာ ရနိုင်တယ်။ သူတို့ရဲ့အပွေ့အနှစ် ရနိုင်တယ်။

'c" အကွေ့ရာနဲ့ ညွှန်ပြထားတာဟာ လက်သူကြွယ်ထိပ်မှာ ခရုပတ်ပွေ ရှိခြင်း။ လက်သူကြွယ်လက်ချောင်းထိပ်က လက်ညှိုးလက်ချောင်းထိပ်ထက် သိသိသာသာ ပိုရှည်ခြင်း ဖြစ်ပါတယ်။

* * *



ဒီသင်္ကေတပို့ရှိသူဟာ ပွေ့ချာကောင်းပယ်။ ဝွေဝင်ကောင်းပယ်။ နာမည်ကျော်သတင်းထင်ရှားကျော်ကြားပယ်။ ချမ်းသာကြွယ်ဝမယ်။ အယ့်ဉာဏ်ပြိုင်တွေကို အနိုင်ရမယ်။ ကုဋေကြွယ်သူဌေး ဖြစ်ဖို့ဆိုတာ အတိတ်ဘဝကပြုခဲ့တဲ့ ကုသိုလ်ကောင်းမှု၊ ဒါနကုသိုလ်တွေ ပါလာဖို့ လိုတယ်ဆိုတာ ဒီလက္ခဏာမှာ တွေ့ရပါတယ်။

လက္ခဏာပညာသုတ တိုးမွားကြပါစေး

အောင်မြင်ကျော်ကြား ချမ်းသာကြီးမွားအောင်...

ဆရာကြီး ဦးအောင်မြိုင်
(ဥပဒေဘွဲ့)
(လက္ခဏာဗေဒင်ဆုတော်)



ရောက်ပင်များ

သီးခြိုင်္ဂဏန်းလူထု အသိ မယိုးခဲ့သော်

စာရေးသူ၏ အိမ်ဝိုင်းထဲတွင် ရောက်ပင်များ စိုက်ပျိုးထားရာ (၃)နှစ်ကျော်(၄) နှစ်ထဲပင်ရောက် နေချေပြီ။ အပင်များလည်းသန်စွမ်းပါ၏။သို့သော် ရောက်ပင်များက တစ်ပင်မျှမသီး။

စာရေးသူမှာ ရောက်ပင်များကို နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် မှန်မှန် ရေလောင်းပေးနေရသော်လည်း အသီး မသီး၍ စိတ်ဓာတ်ကျနေမိပါသည်။

တစ်နေ့တွင် **နတ်မောက်မြို့နယ်၊ ရေးရစ်ကွက် ဥယျာဉ်မှူးဘော်ဖါမှ စာရေးသူ၏ဝါဒီနှင့် ဒွေးမျိုးစတော်စပ်သူ ဦးနောင်ဆိုသူ** စာရေးသူ၏ အိမ်သို့ ရောက်ရှိလာပါသည်။

ဦးနောင်က သူ့ကို အိမ်ဝိုင်းထဲက ရောက်ပင်မျိုးများ အသီးသီးမှိုက်နှံနှက် မသီးခြင်း အကြောင်း အရင်းပေါင်း များစွာကို ရောက်ပင်မျိုးများ၏ ပင်စည် အောက်ခြေများတွင် ချည်နောင်းပေးပိုက်ရကြောင်း...

ထိုနည်းကိုလည်း **နတ်မောက်မြို့နယ်၊ သမန်းကုန်းကြီးကျေးရွာမှ ကျောင်းသား မိဘတစ်ဦးက သူ့ကို ပြောပြ၍ လိုက်နာလုပ်ဆောင်ခဲ့မိကြောင်း...**

ထိုသို့ ရောက်ပင်ပျိုကလေးများကို ထဘီစ ချည်နောင်ပေးလိုက်သောနှစ်မှာပင် သူတို့အိမ်ဝိုင်းထဲမှ ရောက်ပင်ပျိုများ အသီးစတင်သီးခဲ့ကြောင်း စာရေးသူကို ပြောပြပါသည်။

စာရေးသူလည်း ဦးနောင်၏နည်းကို လက်တွေ့အသုံးချကြည့်ရာ ယခုအခါ စာရေးသူ၏ အိမ်ဝိုင်းထဲမှ ရောက်ပင်ပျိုများ အသီးစတင်သီးလာပြီ၊ ကျေးဇူးတင်လိုက်တာ ဦးနောင်ရာ...။

ဆရာကြည်မြိုင်(နတ်မောက်)

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၆ ခုနှစ်၊ ဇူလိုင်လအတွက် ဝုဇိုဝ်ရှင်တို့၏

ကံကြမ္မာ



✣ ကြွက်နှစ်ဖွား

အကြွေအစည်အဆုံ အောင်မြင်မည်။ နေအိမ်ခြံမြေ လုံခြုံရေးအတွက် သတိပြု ကာကွယ်သင့်သည်။

ကြွေထည်မြေထည် ပစ္စည်းများနှင့် ပတ်သက်၍ ငွေကြေးအကျိုးအမြတ်ရရှိနိုင်သည်။ အိမ်ထောင်ရေး၊ ချစ်မှုရေးရာကိစ္စများတွင် အမှတ်ရ ကြည်နူးဖွယ်ရာများ ပေါ်ပေါက်တတ်သည်။

✣ နွားနှစ်ဖွား

ဖိမ်ခံပစ္စည်းအချို့ ဝင်တတ်သည်။ ကြေး၊ သံ၊ စတီး စသည့် သတ္တုပစ္စည်းများ အကျိုးပေးသောကာလ ဖြစ်သည်။ စည်သွတ်ပစ္စည်း၊ စားဖွယ်ပစ္စည်းများ လက်ဆောင်ရရှိနိုင်သည်။ ရပ်ဝေးမှ မျှော်လင့်နေသော သတင်းစကားများ ကြားသိရလိမ့်မည်။

✣ ကျားနှစ်ဖွား

ကြံစည်လုပ်ကိုင်သမျှ အောင်မြင် ဖြစ်ထွန်းသောကာလ ဖြစ်သည်။ ရင်ဆိုင်တွေ့ကြုံနေရသော အခက်အခဲ၊ ပြဿနာများ ပြေလည်သွားမည်။

ရပ်ဝေးမြေခြား ရောက်နေစဉ်တို့မှာ မျက်နှာပန်းလှဲစွာဖြင့် အိမ်မြန်ရောက်ရက်နီးရှိသည်။ ရေထွက်ပစ္စည်းအကျိုးပေးမည်။

✣ ယုန်နှစ်ဖွား

ရေခြားမြေခြားမှ ဆွေမျိုးခင်တ်သင်္ဘာများနှင့် ပြန်လည်ဆုံတွေ့ရမည်။ မြစ်ကူးချောင်းခြား ခရီးလမ်းများ သွားလာရတတ်သည်။

ဆိုးဆေး၊ အဖျော်ယမကာ၊ သောက်သုံးရေသယ်ပစ္စည်းများကြောင့် ငွေကြေးဝင်နိုင်သည်။ နှလုံးရောဂါနှင့် အူသိမ်ဆိုင်ရာ ဝေဒနာများ သတိထားပါ။

✣ နဂါးနှစ်ဖွား

အမွေအနှစ်နှင့် ပတ်သက်၍ စကား ပြောဆိုရတတ်သည်။ နေအိမ်သို့ ဧည့်ကောင်းစောင်ကောင်းများ ဆောက်လာနိုင်သည်။

ရွှေပုံကားချပ်များ၊ လက်ကိုင်ဖုန်း၊ ဆောင်းဘောက်စသည်တို့ လက်ဆောင်ရရှိသည်။ အရိုးအကြောဝေဒနာများ ဂရုစိုက် ကုသကာကွယ်ပါ။

✣ မြွေနှစ်ဖွား

ပတ်ဝန်းကျင်နှင့် ကတောက်ကဆတ် ဖြစ်ရတတ်သည်။ မျက်စိအာရုံကြောဆိုင်ရာ ဝေဒနာများ သတိပြုပါ။

စိတ်ပျက်ငြီးငွေ့ဖွယ် အနိဋ္ဌာရုံမြင်ကွင်း အဖြစ်အပျက်များ မြင်တွေ့ရဖွယ်ရှိသည်။ သစ်ဝါးကြိမ်ထည်ပစ္စည်းများနှင့် ပတ်သက်၍ အကျိုးအမြတ်ရရှိနိုင်ကြသည်။

✣ မြင်းနှစ်ဖွား

ပညာရေး၊ စီးပွားရေးပျက်နှာစာများ၌ အကူအညီ အထောက်အပံ့များရရှိမည်။

စက္ကူ၊ အထည်အလိပ်များနှင့် ပတ်သက်၍ ငွေကြေးအမြတ်အစွန်းရရှိမည်။ မိခင်၏ ဆွေမျိုးသားချင်းများအတွင်း သုမင်္ဂလာကိစ္စ ပေါ်ပေါက် ကူညီပေးရတတ်သည်။

✣ ဆိတ်နှစ်ဖွား

လူနေမှု အဆင့်အတန်း မြင့်မားလာမည်။ ဂုဏ်ပြုချီးမွမ်းခြင်း ခံရတတ်သည်။ နားကျပ်၊ ရွှဲသံစက်များ လက်ဆောင်ရဖွယ်ရှိသည်။

ကျောက်ကပ်နှင့် ဆီးအိမ်ဆိုင်ရာ ဝေဒနာများ သတိထားကာကွယ်ပါ။ စီးပွားရေးတွင် ရပ်ဝေးပြည်ပ အဆက်အသွယ်များ ရရှိနိုင်သည်။

✣ မျောက်နှစ်ဖွား

ငွေကြေးအခက်အခဲ ကြုံရတတ်သည်။ ငွေပမာဏ မြောက်မြားစွာနှင့် ပတ်သက်၊ ထိတွေ့ရပါက သတိကြီးစွာထားပါ။

ဝိသမလောဘကြောင့် ငွေကြေးဥစ္စာ ဆုံးရှုံးနိုင်သည်။ စက်ဘီး၊ အင်ဂျင်စက်စသည့် စွမ်းအင်မဲ့စက်များနှင့် ပတ်သက်၍ အကျိုးပေးနိုင်သည်။

✣ ကြက်နှစ်ဖွား

လာဘ်လာဘ အတိုအထွာ ကလေး များများ ဝေဝေဆာဆာ ဝင်ရောက်နိုင်သည်။ ကူညီပေးခဲ့ဖူးသူတို့ထံမှ တုံ့ပြန် ကျေးဇူးဆပ်ခြင်း ခံစားရဖွယ်ရှိသည်။

ကြေး၊ သံ၊ သွပ် စသည့် သတ္တုပစ္စည်းများနှင့်ပတ်သက်၍ အကျိုးပေး ထက်သန်သောကာလဖြစ်သည်။

✣ ခွေးနှစ်ဖွား

စည်းစိမ်ဥစ္စာ တိုးပွားမည့် ကာလဖြစ်သည်။ နေအိမ်တွင် ဖိမ်ခံပစ္စည်းများ တိုးပွားလာမည်။

အဏ္ဏဝါထွက်ပစ္စည်းများ အကျိုးပေးလိမ့်မည်။ အမွေအနှစ်ရတတ်သည်။ အမျိုးသမီးတို့မှာ ဆင်ပွန်းရကိန်းရှိ၍ အမျိုးသားတို့မှာ သားသမီး တိုးပွားလာဖွယ်ရှိသည်။

✣ ဝက်နှစ်ဖွား

မျှော်လင့် ခန့်မှန်းမှုများ လွဲချော် မှားယွင်းနိုင်သည်။ ကောန်ရှိသော အခြေအနေကိုသာ အလေးထားပါ။

တွင်းဆိုးကျင်းဆိုး ခလုတ်တိတ်သင်းများကြောင့် ထိခိုက်ဒဏ်ရာရတတ်သည်။ တွင်းတွဲကပ်ပစ္စည်းများ အကျိုးပေးနိုင်ပါသည်။

ဤလတွင် ကံကြမ္မာမေးမှိန်နေသူတို့သည် သောကြာနေ့တွင် သက်ငယ်ပိုင်း အမျိုးသားတစ်ဦးအား အညိုရောင် အသုံးအဆောင်ပစ္စည်းတစ်ခု စွန့်ကြဲ လူးဒါန်းပေးပါ။ ပါပဆိုးကျိုး အာနိသင်တို့ လျော့ပါးသွားပါလိမ့်မည်။

ကြဆောင်သမျှ ဆောင်မြင်ကြပါစေး

ဟူဂျင်းဖီ(Hu Jin Zhi)

www.burmeseclassic.com

www.burmeseclassic.com

ထာဝစဉ်ကျန်းမာပြီး ရင်တွင်းလန်းချင်ရင် အင်ကြင်းပန်း သွေးတိုးကျဆေးကိုသောက်ပါ

ဆရာဝန်ကြီး
ဒေါက်တာ (စာနယ်ဇင်း) ဝ၂၁/ဇ၈၁၄

ဒုတိယအကြိမ် (ပိုင်) ၁၁၀၈ (ပိုင်း) ၁၀၂၄၂၃ ထိုင်းခေါင် ၁၀၇၈ (တို့)

"ကိုမင်းကျော်ပါလား . . . . မတွေ့တာကြာပြီ"

"ဆရာကိုယ်တင့်နဲ့ ဆရာတိုဇော်ရဲနိုင်တို့ကို . . စိတ်ထဲကတွေ့ချင်နေတာနဲ့ တိုက်တိုက်ဆိုင်ဆိုင်လာတွေ့တာ . . . ကံကောင်းတာပဲဗျို့"

"ကျွန်တော်တို့ဘာအကူပေးရမလဲပြောပါဦး"

"တခြားတော့မဟုတ်ပါဘူး . . . . ဆရာတို့က တိုင်းရင်းဆေးသုတေသီတွေဆို တော့ . . . . သွေးတိုးရောဂါခံစားနေရတဲ့ ကျွန်တော့်ကို သွေးတိုးကျဆေးကောင်း တစ်လက် . . . ဆေးလမ်းညွှန်ပေးဖို့ပါ"

"ကိုမင်းကျော်သွေးတိုးက . . . ဘယ်အဆင့်မှာရှိနေပြီလဲ"

"အပေါ်သွေးအောက်သွေး ၁၆၀ နဲ့ ၉၀ ရှိတယ် . . . နိုင်ငံတကာဆေးတွေသောက်တာ . . . တက်လိုက်ကျလိုက်နဲ့ သံသရာလည်နေတာပဲ . . . "

"မပျံနဲ့ကိုမင်းကျော် . . . သွေးတိုးကျဆေးကောင်းကောင်းသောက်ဖို့လိုအပ်နေပြီး . . .

"ဒါဆို . . . ကျွန်တော်ဘယ်ဆေးသောက်ရင်ကောင်းမှာလဲဆိုတာ လမ်းညွှန်ပေးပါဦး"

ကိုမင်းကျော်ပြောသလိုတိုက်တိုက်ဆိုင်ဆိုင်ပဲ . . . အခုလဲ ကျွန်တော့်မိတ်ဆွေ . . . တိုင်ရင်းဆေးဆရာမ ဒေါ်ဝင်းဝင်းဇော် ထုတ်လုပ်တဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ်သွေးတိုးကျဆေးပါ လာတယ် . . . ဆရာမဒေါ်ဝင်းဝင်းဇော် . . . က သမားတော်ကြီးတွေဆီမှာ နှစ်ပေါင်းများစွာနည်းနာခံယူပြီး၊ ဆေးကုသက် (၁၅) နှစ်အတွင်း . . . သွေးတိုးရောဂါရှင် ပေါင်းများစွာကိုကုသအောင်မြင်ခဲ့တဲ့ဆေးဖြစ်တဲ့အတွက် . . . သွေးတိုးရောဂါရှင်တွေရဲ့ တောင်းဆိုချက်အရ ထုတ်လုပ်လိုက်တဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ် သွေးတိုးကျဆေးပဲ"

"ဆရာတို့ကိုတွေ့ချင်နေတာနဲ့တွေလိုက်ရလို့ကံကောင်းသလို . . . ကျွန်တော်ခံစားနေရတဲ့ သွေးတိုးရောဂါအတွက် ဆေးလည်းပါလာတယ်ဆိုတော့ . . . ကံကောင်းပြီးရှင် . . . ကံကောင်းတာပဲဗျို့"

"ဒါနဲ့တစ်ခုလောက်မေးမယ် . . . ခင်ဗျား နိုင်ငံတကာသွေးတိုးကျဆေးတွေစားပြီး . . . အစားအသောက် အနေအထိုင် ဆင်ခြင်ရဲ့လား"

"ရှောင်ကြဉ်ရမယ့်အစားအစာနဲ့စားသောက်ရမယ့်အစားစာတွေခွဲခြားမသိလို့ . . . အသိမိတ်ဆွေ တစ်ယောက်ကစား ချင်တာစား . . . ဒီဆေးဆောင်ထားဆိုတာနဲ့ သူပြောတဲ့ဆေးက . . . "

"ကျွန်တော်ပြောမယ်ကိုမင်းကျော် ကဲ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့သမုဒ္ဒာန်တရား (၄) ပါးကို၊ လွန်၊ ယုတ်၊ လွဲမှားပြုဖန်မှားရင် . . . မဖြစ်သေးတဲ့ရောဂါတွေဖြစ်လာပြီး . . . ဖြစ်နေတဲ့ ရောဂါလဲ သံသရာလည်နေမှာပဲ . . . အုန်းနို့ခေါက်ဆွဲနဲ့ ဒံပေါက်ထမင်းစားပြီးဆေးစားလဲ . . . ရောဂါမတိုးချင်သာနေမယ် . . . သက်သာပျောက်ကင်းမှာ မဟုတ်ဘူး . . . အပ်နဲ့ထွင်းရမယ့်နေရာမှာ ပုဆိန်နဲ့ထွင်းရမယ့်ကိန်းဆိုက်လိမ့်မယ် . . .

"ဟုတ်ပါတယ်ဆရာ ကျန်းမာရေး အသိနဲ့ကျန်းမာရေးသတိမရှိလို့သွေးတိုးရောဂါထဲမှာသံသရာလည်နေတာ ပါ"

" ပြောနေတာနဲ့လိုရာ မရောက်ဘူးခုပါလာတဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ်သွေးတိုးကျဆေးကို တစ်နေ့ (၂) ကြိမ် သောက်ရင် . . . အပေါ်သွေးအောက်သွေး ၁၂၀ နဲ့ ၈၀ ကြားမှာ ရှိစေတဲ့ဖြန့်မာဆေးစွမ်းကောင်းတစ်လက်ပဲ . . . အဲဒီဆေးကသွေးတိုးရောဂါကြောင့် ကိုယ်လက်လေးလံထိုင်းမှိုင်းခြင်း၊ အိပ်မပျော်စားမဝင်ခြင်း၊ ဇက်ကြောတက်၊ နောက်ကြောတက်ခြင်း၊ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ မူးဝေခြင်း၊ ခြေဖျားအေးခြင်း၊ ဆီးဝါ, ဆီးနည်းခြင်း၊ ဆီး၊ ဝမ်း၊ လေချုပ်ခြင်းတို့ကိုသက်သာပျောက်ကင်းစေပြီး၊ သွေးတိုးကိုပုံမှန်ဖြစ်အောင်ထိန်းပေးနိုင်တဲ့ ဆေးကောင်းတစ်လက်ပဲ . . . ရွေးချယ်မှုမှန်ကန်ဖို့တော့လိုတယ် ကိုမင်းကျော် . . . သွေးတိုးရောဂါကို ပုံမှန်ထိန်းပေးနိုင်တဲ့ဆေးဖြစ်လို့ . . . နှစ်ထပ်ရှိမှုမှတ်မိမယ်ဆိုရင် . . . ထပ်ပြောလိုက်မယ် . . . **ထာဝစဉ်ကျန်းမာပြီးရင်တွင်းလန်းချင်ရင် . . အင်ကြင်းပန်း အမှတ်တံဆိပ်သွေးတိုးကျဆေးကိုသောက်ပါ။ . . . . .** "

ပင်ရင်း '**ဝင်း**' ဆေးကုံကော်

ဖုန်း – ၀၁ ၅၃၀၅၅၈

ဖြန့်ချိရေး – အောင်သိဒ္ဓိဆေးဆိုင်

www.burmeseclassic.com

www.burmeseclassic.com

ဘုရင်မင်းခေါင်၏ ဆုတောင်းပြည့်

ရန်ကုန်အောင်ရုပ်ဖွားတော်

စင်ကိုင်းယ်

ရန်အောင်ရုပ်မွားတော်

နိဒါန်း

အိပ်၌ မပျော်တစ်ချက်၊ ပျော်တစ်ချက်ဖြင့် မျောက်မျဉ်းလျက်ရှိစဉ် မော်တော်ယာဉ် စက်သတ်ကာ ရပ်နားလိုက်သဖြင့် နာရီကိုကြည့်ရာ နံနက် (၁၂၀)နာရီသို့ ညွှန်ပြနေလေသည်။

'ခရီးသွားများခင်ဗျာ... မလိုင်ဂိတ်က မနက်(၄)နာရီထိုးမှ ဖြတ်သန်းခွင့်ရမှာဖြစ်လို့ (၂၈၄)မိုင်စခန်းမှာ ခေတ္တရပ်နားပါမယ်။ ညလယ်စာနဲ့ ကျန်းမာရေးအတွက် ဆန္ဒရှိသူတွေ အောက်ဆင်းလို့ရပါတယ်။ ကားပေါ်မှာပဲ အိပ်နေလို့လဲ ရပါတယ်။ ကားပြန်တွက်ရင် အသံချဲ့စက်နဲ့ ကြေညာပေးပါ့မယ်'

ယာဉ်မှူး၏စကားကို နားမရှင်းလင်းသဖြင့် နံဘေးထိုင်ခုံမှ ခရီးဖော် သက်တော်(၆၀)ကျော်ခန့်ရှိသည့် ရဟန်းတော်အား မေးလျှောက်ကြည့်သည်။

'ဘာကြောင့် (၄)နာရီကျော်မှ သွားခွင့်ပြုတာလဲ အရှင်ဘုရား'

'မတ်လတုန်းက မိတ္ထီလာမှာ ဖြစ်သွားတဲ့ မငြိမ်သက်မှုကြောင့် "ကာဖျူး"အမိန့် ထုတ်ထားတာ ဆက်ဝင်နေတုန်းပဲလေ။ မိတ္ထီလာခရိုင်ထဲမှာ သွားလာမှုက နည်းနည်းတော့ ကသိကအောက် ဖြစ်နိုင်တယ်။ အဝေးပြေးလမ်းမှာတော့ လွတ်လွတ်လပ်လပ် သွားနိုင်ပါတယ်'

'အရှင်ဘုရားက မြင်းခြံမှာ သီတင်းသုံးထားလား ဘုရား'

'ကြာပါပြီ။ လွန်ခဲ့တဲ့ (၃၅)နှစ်ကျော် လောက်တုန်းက မြင်းခြံ တောင်သာ၊ နွားထိုးကြီး၊ ပြင်စည်နယ်တွေက တောတောင်တွေမှာ အဓိဋ္ဌာန်ဝင်ဖူးပါရဲ့။ အခုယေသူငယ်ချင်း ဦးပဥ္စင်း နာမကျန်းဖြစ်တယ်ဆိုလို့ ခဏ လာတွေ့တာပါ'

'အခန့်သင့်လို့ မေးလျှောက်ပါရစေ။ တပည့်တော်က နယ်လှည့်စာသမားဘဝမို့ မင်းစုံတောင်ဆိုတာ ဘယ်ကရပ်သွား

www.burmeseclassic.com

www.burmeseclassic.com



ရန်အောင်မြင်ဆင်ဝိဿုတ်

ရသလဲ ဘုရား'

'မင်းစုံတောင်ဆိုတာ **နွားထိုးကြီး နဲ့ ပြင်စည်အကြားမှာရှိတယ်။** ကား လမ်းဘေးမှာ **မင်းစုံတောင်သွားတဲ့ မြေလမ်းကလေး ရှိပါတယ်။** ဟိုတုန်းက လမ်းညွှန်ဆိုင်းဘုတ်ကလေး ရှိတယ်။ အခုလဲရှိမှာပါ။ **ဝိဇ္ဇာရုဏ်သောင်း ဆရာပေါင်းတို့ အဓိဋ္ဌာန်ဝင် ကျင့်ကြံရာတောင်လို့တော့ ဆိုကြပါရဲ့**'

'နောက်ပြီး ရေအိပ်ကျင်းဆရာတော် ဆိုတာ ကြားဖူးသလား ဘုရား'

'ဘယ်မြို့နယ်လောက်မှာ ရှိတာလဲ'

'မလှိုင်နယ်လို့ ထင်ပါတယ် ဘုရား'

'ဦးပဉ္စင်း မကြားမိဘူး။ ဟိုရောက်တော့ တခြားလူတွေဆီ စုံစမ်းကြည့်ပါဦး။ အဲ...ဒကာက စာရေးဆရာဆိုတော့ ဦးပဉ္စင်း သိထားတဲ့ ဘုရားတစ်ဆူအကြောင်း ပြောပြပါ့မယ်။

နွားထိုးကြီးနဲ့ မြို့သာမြို့ကြား အလယ် ဗဟိုလောက်မှာရှိတယ်။ "**ဆုတောင်းပြည့်မင်းခေါင်ရန်အောင်ဘုရား**" တဲ့။ တင်ပျဉ်ခွေ ရုပ်ပွားတော်ကြီးပါ။

ကျောက်ပုထိုး အနောက်ကျောင်းဝင်း၊ ဝက်လှူးရွာနားမှာ အင်းဝခေတ် လက်ရာဘုရားကြီး။ စေတီတော်က အတော့်ကို ပျက်စီးနေတယ်။ အခုလောက်ဆိုရင် ပြန်ပြုပြင်သူ ပေါ်ချင် ပေါ်နေလောက်တယ်'

မွန်ပြည်နယ်တစ်နေရာတွင် တစ်ပါးတည်း တောရဆောက်တည် ကျင့်ကြံနေတော်မူသော ဆရာတော် အရှင်မုနိန္ဒက ဤသို့ အစချီကာ ဖြစ်စဉ်တော် နောက်ခံကြောင်းများ မိန့်ကြားတော်မူခဲ့သဖြင့် မြင်ခြံသို့ ရောက်လျှင် သွားရောက် ကြည်ညိုပူဇော်ရန် မှတ်သားထားခဲ့လေသည်။

ရှေ့ဖော်မှောက်သို့

မြင်းခြံသို့ ရောက်ရှိပြီးနောက် အကြောင်းတိုက်ဆိုင်စွာပင် ဝက်လှူး အရှေ့တောကျောင်း ဆရာတော် ဦးလက္ခဏာအား သွားရောက် ကြည်ညိုပူဇော်ခဲ့ရာ ဝက်လှူးရွာအနီးရှိ ကျောက်ပုထိုး အနောက်ကျောင်းသို့ လည်း ဝင်ရောက်ဖြစ်ခဲ့သည်။

ကျောက်ပုထိုး အနောက်ကျောင်း ဆရာတော် ဦးကောဝိဒက လိုအပ် သည်များကို မိန့်ကြားကူညီပေးတော်မူ သည်။

ရုပ်ပွားတော်ကြီးသည် ကျောင်းဝင်း အဝင်တွင်ပင် ခံ့ညားထည်ဝါစွာ မွမ်းမံ ပြီးစီးသည့် စေတီတော်အတွင်း ကိန်းဝပ်တော်မူသည်။ ဤစေတီတော် ကို ဆရာတော်ဦးကောဝိဒ ဦးဆောင် ကာ **၁၃၆၀ ပြည့်နှစ်တွင်** ပြုပြင်မွမ်းမံ ခဲ့ကြောင်း သိရသည်။

www.burmeseclassic.com



ကျောက်ပုထိုးအဆောက်အကျန်များ

ဓာတ်ပုံများရှာဖွေ ပြုစုတင်ဆက်သူ

ရွေးမူလဘွဲ့တော်ကို မသိရှိရပါ။ ယခုအခါ ရန်အောင်မြင့်စေတီဟု ဘွဲ့မည် ကပ်လှူထားသည်ဟုဆို၏။ စေတီ၏ မူလအုတ်ချပ်များသည် (၈)လက်မ၊ (၁၂)လက်မ ရွေးအုတ်ချပ်များဖြစ်ရာ ခေတ်အုပ်များ အစားထိုးရှိစေတီလိုဏ်ကို အနည်းငယ်, ချဲ့ထွင်ထားသည်မှလွဲ၍ ရုပ်ပွားတော်ကြီး၏ ပုံသဏ္ဌာန်မှာ ရွေးလက်ရာအတိုင်းဖြစ်ကြောင်း မိန့်ကြားတော်မူသည်။

ရုပ်ပွားတော်ကြီးမှာ **ဘူမိဇသမုဒ္ဒြာတင်ပျဉ်ခွေရုပ်ပွားတော်**ဖြစ်၍ ရောင်လွှဲတော် ဖွဲ့စည်းပုံနှင့် မျက်နှာတော်များအရ အင်းဝခေတ် ဗိသုကာလက်ရာဟု ယူဆဖွယ်ရှိသည်။ နွှတ်ခမ်းတော် ပြုံးယောင်သဖွယ်စွာ ဖူးတွေ့ရသည်။

နောက်ခံဖြစ်စဉ်အော်

ဆရာတော် ဦးမုနိန္ဒ မိန့်ကြားချက်အရ ဤနေရာဝန်းကျင်တွင် သီရိမဟာသောကမင်း၏ခကျောက်စေတီငယ်တစ်ဆူ ကိန်းဝပ်တော်မူသဖြင့် **"ကျောက်ပုထိုး"**ဟု ခေါ်ခဲ့ကြသည်။

နောင်းခေတ်အဆက်ဆက် ပြုပြင်မွမ်းမံမှုများအရ ကျောက်စေတီကိုငုံ၍ အုတ်စေတီကြီးအဖြစ် မွမ်းမံပူဇော်ခဲ့ကြသော်လည်း မူလအတိုင်း ကျောက်ပုထိုးဟု ခေါ်ဝေါ်ကြသည်။

ယခု ရုပ်ပွားတော်ကြီး ကိန်းဝပ်တော်မူရာ ကျောင်းတိုက်သည် ထိုစေတီ၏ အနောက်ဘက်၌ရှိသဖြင့် **"ကျောက်ပုထိုးအနောက်ကျောင်း"**ဟု ခေါ်ကြသည်ဆို၏။ ဦးမုနိန္ဒက ဤသို့ မိန့်တော်မူခဲ့သည်။

အင်းဝဘုရင် မင်းကြီးစွာစော်ကဲမှာ သားသုံးပါးရှိတယ်။ အကြီးဆုံးက အိမ်ရှေ့စံဆင်ဖြူရှင်တဲ့။ ဒုတိယ မင်းဆွေ၊ ရှင်သိဒ္ဓတ်က သားအထွေးပေါ့။ သားအငယ်နှစ်ယောက် လူမှန်းသိစအရွယ်မှာ မင်းကြီးစွာက...

'သားတော်ကြီး ဘုရင်ဖြစ်ရင် သားတော်ငယ်နှစ်ပါး အညှဉ်းပန်းခံရလိမ့်ယယ်'

လို့ တွေးတော ပူပန်ပြီး အထိန်းတော်တွေနဲ့ အဝေးပို့ထားတယ်။

မင်းဆွေ(၉)နှစ်၊ ရှင်သိဒ္ဓတ်(၇)နှစ် အရွယ်ရောက်လာတော့ **"ကံစီမံရာအတိုင်းသာ ရှိစေတော့"**လို့ သဘောပိုက်ပြီး အပါးတော်ပြန်ခေါ် သံဃရာဇာဆရာတော်ကြီးဆီ ပညာသင်ဖို့ အပ်နှံတယ်။

ဆရာတော်ကြီးက ဝိဇ္ဇာကတ်ဗေဒင်ကျွမ်းကျင်လို့ မင်းသားတွေရဲ့ဇာတာကို ကြည့်ပြီး အလျင်အမြန် အောင်မြင်ကြီးပွားစေတဲ့ ပုတီးစိပ်ဂါထာကို သင်ပေးတယ်။

မင်းဆွေ (၁၂)နှစ်သားမှာ အိပ်မက်မက်တယ်။ သူဝမ်းထဲက အူတွေထွက်လာပြီး အင်းဝတစ်မြို့လုံးကို ရစ်ပတ်ထားတယ်တဲ့။ အိပ်မက်အကြောင်း ဆရာတော်ကိုလျှောက်တော့ ဆရာတော်က ရုတ်တရက်ထပြီး ခြေနဲ့ကန်ကျောက်တယ်။

'ဆရာတော်တုန်း...ဘာကြောင့် ဒီလိုလုပ်ရတာလဲ'

ဆိုတော့...

'အဲယင်းသား... ငါဟူ(၅)ပါအရ

www.burmeseclassic.com

www.burmeseclassic.com

ကောင်းလှမှာ စာသင်နေဟုန်း လေအတိုက်မှာ ကျွတ်ကျလာတဲ့ ဦးထုပ်ကို နင်းမိတယ်။ ပင်းဆရာဖြစ်ပယ့်နိုမိတ်ပဲ၊ ပင်းသားရဲ့ဒေါသမက်က ပကြာခင် ဘုရင်ဖြစ်လိမ့်ပယ်။ ပေ့ဟုစိုးလို့ ပါးခြန့် ကန်ကျောက်တယ်'

လို့ မိန့်တော်မူပါတယ်။

မင်းဆွေ(၁၂)နှစ်သားမှာပဲ မင်းကြီးစွာက ရဲမက်(၃၃)ဦးနဲ့ **"ပြင်စည်"** မြို့ကို ပေးတယ်။ ပြင်စည်မြို့စားမင်းဆွေက တစ်ချိန်မှာ ပုဂံရွှေစည်းခုံကို သွားဖူးတော့ အဂီထောင့်က သိကြားမင်းထုလုပ်တဲ့ ခြင်္သေ့ကြီးက အမြီးလှုပ်၊ ခေါင်းလှုပ်ပြီး ကပြတယ်။

ဒီတော့ ကေန် မင်းဖြစ်လိမ့်မယ်လို့ အားရဝမ်းသာနဲ့ ပြင်စည်မြို့ကိုအပြန် ကျောက်ပုထိုးနားရောက်မှာ ကန်ကျောက်ပြီး သတိပေးခဲ့တဲ့ သံဃရာဇာ ဆရာတော်ကို ပြန်သတိရတယ်။

ဒါကြောင့် ဘုရင်ဖြစ်ရင် အဲဒီနေရာမှာ ရန်အောင်အထိမ်းအမှတ် ဘုရားတည်ပါ့မယ်လို့ အဓိဋ္ဌာန်ပြုခဲ့တယ်။ အဲဒီညမှာ **"မင်းခေါင်ခံလေ"** လို့ အိပ်မက်ရတယ်။ ဒါနဲ့ မင်းဆွေအဖြစ်ကနေ **"မင်းခေါင်"** လို့ အမည်ပြောင်းတယ်။

မကြာမီ သက်တော်(၂၈)နှစ်၊ သက္ကရာဇ် (၇၆၃)ခုနှစ်မှာ မင်းခေါင် အင်းဝဘုရင် ဖြစ်လာတယ်။ ဒါကြောင့် ၇၆၄ ခုနှစ်မှာ ညီတော်ရှင်သိဒ္ဓတ်ကို **"သီရိဇေယျသူရ"** ဘွဲ့မည်နဲ့ ခိုးမြောက်တယ်။

နောက်ပါရဲမက်တွေကိုလဲ သင့်ရာ မြို့ရွာပေးတယ်။ အဓိဋ္ဌာန်ရှိခဲ့တဲ့အတိုင်း ကျောက်ပုထိုး အနောက်ဘက်နားမှာ **"ရန်အောင်စေတီ"** နဲ့ ရုပ်ပွားတော်ကို တည်ဆောက်ပူဇော်ခဲ့တယ်။ ဆရာတော်ကိုလဲ မင်းဆရာအဖြစ် ပူဇော်

ကျောက်ပုထိုး အနောက်ဘက်ခြမ်း ဆရာတော် ဦးကောဝိဒ

ဆည်းကပ်ပါတယ်။

'အဲဒီ သမိုင်းစာအုပ်ရှိရင် ဘယ်မှာ ရနိုင်ပါသလဲ အရှင်ဘုရား'

'ဦးပဉ္စင်းရဲ့ ဆရာဘုန်းကြီးက ကျောက်စာကနေ ကူးယူထားလို့ သိရတာပါ။ ဦးပဉ္စင်းရောက်သွားတော့ ကျောက်စာလဲ မတွေ့တော့ပါဘူး။ ပျောက်သွားသလား။ ဖျက်သွားသလား မပြောတတ်ပါဘူး'

ပူးပြော်ရစဉ်

ဘုရင်မင်းခေါင်၏ **"ရန်အောင်"** စေတီခေါ် **"ရန်အောင်ပြင်"** စေတီတော်သည် အောက်ခြေ ကုလားကျောက်လိုဏ် တိုက်မ,ခံ၍ အထက်ပစ္စယံသုံးဆင့်တင်ကာ ကွမ်းတောင်ပေါက်ထားသည်။ ကွမ်းတောင်အထက်တွင်မှ ခေါင်းလောင်းမှောက်စေတီတင်လျှ ပူဇော်ထားလေသည်။

ကွမ်းတောင်ပေါက်စေတီသည် ပုဂံခေတ်လက်ရာဖြစ်၍ ကုလားကျောင်းတိုက်မအထက် တန်ဆာ ဆင်တတ်ကြသည်။ ခေါင်းလောင်းမှောက်စေတီမှာ မြေစိုက်စေတီများ၌ တွေ့ရလေ့ရှိသည်။ ဤနှစ်ခု တွဲ၍ ပူဇော်ခြင်းကား (၂၁)ရာစု လက်ရာဖြစ်သည်ကို သတိထားမိသည်။

စေတီတော်တွင် အရှေ့လှည့် မုခ်နှင့် အရှေ့အာရုံခံတန်ဆောင်း တစ်ခု ပါဝင်သည်။ အာရုံခံတန်ဆောင်း ရှေ့မှ ခြင်္သေ့နှစ်ကောင်မှာ ပုဂံရွှေစည်းခုံစေတီ အဂီထောင့်ရှိ ခြင်္သေ့နှင့် "ဟန်" အားဖြင့် ဆင်တူသော်လည်း တန်ဆာဆင်ထားသည့် ကနုတ်များကား ကွဲပြားနေလေသည်။

ဆရာတော် ဦးကောဝိဒ...

'ဒီခြင်္သေ့တွေလဲ မူလလက်ရာ အတိုင်းပါပဲ၊ နှစ်ကြာရှည် ယိုယွင်းလာလို့ ပြုပြင်မွမ်းမံတဲ့အခါ ကနုတ်ပန်းထွေကတော့ အသစ်ပြုလုပ်ထားပါတယ်' ဟု မိန့်တော်မူလေသည်။

ပြင်စည်မင်းသား မင်းခေါင်ဘဝက ရွှေစည်းခုံစေတီတွင် မြင်တွေ့ခဲ့ရသည့် ခြင်္သေ့နိမိတ်အရ ခြင်္သေ့ကို သွန်းလုပ်ခဲ့သည်ဟု ယူဆဖွယ်ရှိပါသည်။

စေတီသမိုင်းဖြစ်စဉ်တော်နှင့် ပတ်သက်၍ အညွှန်း သက္ကရာဇ်၊ သင်္ကေတ၊ ရွေးအထောက်အထားစသည် တစ်စုံတစ်ရာ တွေ့ရှိနိုးဖြင့် ရှာဖွေကြည့်သော်လဲ မတွေ့ရှိရချေ။

ထို့ကြောင့် ဆရာတော် ဦးကောဝိဒ အား မေးလျှောက်ကြည့်သည်။

'ဆရာတော်ဘုရား... ဒီဘုရား သမိုင်း ကျောက်စာရှိခဲ့တယ်လို့ ကြားဖူးပါတယ် အရှင်ဘုရား၊ သိထားမှတ်ထားတာရှိသလား'

'အရင်က ရှိခဲ့တယ် ပြောတယ်။ ဦးပဉ္စင်းသိရတဲ့အချိန်မှ "သင်းတီး" ရောက်နေတယ်ကြားလို့ သွားဖတ်ကြည့်တယ်။ ဖတ်ရလောက်အောင် ကြွေနေပါပြီး သတ္တရာဇ်

www.burmeseclassic.com

www.burmeseclassic.com

ထင်မိခဲ့ ၆၇၄ ဆိုလား ရေးရေးတော့ တွဲ့ ရတယ်'

'တပည့်တော် မှန်းဆရသလောက် ပြောရရင် **၆၇၄ ခုနှစ်ဆိုတာ ပုဂံ ခေတ်နှောင်းပိုင်းပါဘုရား။** ရုပ်ပွား တော် ထုလုပ်ပုံလက်ရာအရ အင်းဝ ခေတ်လို့ ယူဆရပါတယ်။ ''အင်းဝ''ကို ၎၂၆ ခုနှစ်မှာ သတိုးမင်းဖျား စတင် ထူထောင်ပါတယ်ဘုရား။ သက္ကရာဇ် ၎၂၆ နောက်ပိုင်း ဖြစ်နိုင်ခြေရှိပါတယ် အရှင်ဘုရား'

'အင်းလေ...စာတွေက ဖတ်မရ လောက်အောင် ပျက်နေတော့ တိတိ ကျကျ မပြောနိုင်ပါဘူး'

'လွန်ခဲ့တဲ့ (၃၅)နှစ်ကျော်လောက်က ဦးမုနိန္ဒဆိုတဲ့ ဦးပဉ္စင်းတစ်ပါးနဲ့ ဆုံဖြစ် သေးလား။ အဲဒီတုန်းက သက်တော် (၄၀)နီးပါးလောက်ရှိမယ် ထင်ပါတယ်'

'ဦးပဉ္စင်းက စာသင်သွားနေတာ ၁၃၃၈ ခုနှစ်မှ ဒီကို ပြန်ရောက်ပါတယ် ဒကာ'

ထို့နောက်တွင် ဆရာတော်က ကျောင်းပေါ်သို့ ခေါ်ဆောင်သွားကာ ဝက်လူးအရှေ့တောကျောင်း ဆရာ တော် ဦးလက္ခဏနှင့် ပတ်သက်၍ သိ သမျှ မိန့်ကြားပေးတော်မူလေသည်။

ဆုတောင်းပြည့်ရုပ်ပွားတော်

မင်းခေါင်ရန်အောင် ရုပ်ပွားတော် ကြီးသည် မြန်မာရာဇဝင်တွင် ဘုန်း တန်ခိုးထွန်းတောက်ခဲ့သည့် **အင်းဝ ဘုရင်မင်းခေါင်၏ ရန်အောင် အထိမ်းအမှတ်** ရုပ်ပွားတော်သည် မှန်ရာကို သံစွာဆို၍ အဓိဋ္ဌာန်ပါက အောင်မြင် ဆုတောင်းပြည့်ဝသည်ဟု ကျော်ကြားကြောင်း ခရီးဖော် ဆရာ တော် အရှင်မုနိန္ဒက ကြားသိခဲ့ရသမျှ မြန်လည် မိန့်ကြားတော်မူခဲ့သည်။

ရန်အောင်ရုပ်ပွားတော်၏ နဖူး သင်းကျစ်တော်တွင် ဘုရင်မင်းခေါင် ပူဇော်သည်ဟု ယူဆရသော ကျောက် မျက်ရတနာများ စီခြယ်ထားကာ ဟန် တော်မှာ တင့်တယ်သပ်ပိုယ်လှပါသည်။

ဖူးမြင်သူတို့အတွက် သောကပူပန်မှု များ မရှိကြလင့်ဟု အားပေးတော်မူ သည့်ပမာ ပြုံးယောင်နှုတ်ခမ်းတော် ရှိသည်။

အရှေ့သို့ မျက်နှာပြုသော ရုပ်ပွား တော်ဖြစ်၍ ဘဝအခြေအနေ တိုးတက် ပြင်မားစေရန် ဆုတောင်းအဓိဋ္ဌာန်ပြုနိုင် သော ရုပ်ပွားတော်ဖြစ်သည်။

ထို့အပြင် **''ရန်အောင်''** ဘွဲ့မည် ပညတ်အရ ဂြိုဟ်သက်ပေါင်းကြည့်သောအခါ **ဗုဒ္ဓဟူး+တနင်္ဂနွေ = ၁၈ + ၆= ၂၃ ရတ်။** မှန်နန်းရောဇဝင် ဖော်ပြချက်အရ မင်းခေါင်၏ နံတော် အင်္ဂါဖြစ်သည်။

အင်္ဂါဂြိုဟ်သက်နှင့် ထပ်ပေါင်းလျှင် **၂၃ + ၈ = ၃၁ ÷ ၇ = ၄ လဒ်၊ ၃ ကြွင်း နံတော်အင်္ဂါပင် ပြန်ရတ်။ နံပေါ် ဓာတ်ရက်နိုးဆိုက်တ်။**

ထိုးကြွက်မင်းများ ဤရုပ်များအောက် တည်ဆောက်ပူဇော်ရသည့် ဘုရားမင်းဆင်းသည့် ဘုန်းသမ္ဘာဝဆွန်းတောက်၍ ရုပ်များ ဆော်အား ပုဇော်အဓိဋ္ဌာန်သူတို့ ဆုတောင်း ပြည့်ဖြောင့်ဖြောင့်သည်ဟု ယူဆရသည်။

ဘုရင်မင်းခေါင်၏ ရန်အောင်ရုပ် ပွားတော်ကို ဖူးမြော်ကြည်ညိုလိုပါ က မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့ အရှေ့ဘက်အထွက်နားရှိ ပဲခူက်၊ သင်းတီး၊ ဝက်လူး လမ်းခွဲအတိုင်း ကျောက်ပုထိုး အနောက်ကျောင်းဝင်း ဘို့ သွားရောက်နိုင်ကြပါသည်။ *(လမ်း ညွှန် မိန့်ကြားပေးသော အရှင်မုနိန္ဒ၏ ဓာတ်ပုံနှင့် သီတင်းသုံးရာနေရာတို့ကို ကာယက်ရွင်၏ဆန္ဒအရ ချန်လှပ်ထားခဲ့ ပါသည်။)*

ဇင်ညိုငယ်

စာမျက်နှာ (၇၀)မှ အဆက်

ဆိုနိုင်ပါသည်။

အကြွင်း(၃)ခုကို ပေါင်းသော်→ ၅+၂+၀=၇ ရပါသည်။ အဆိုပါ အကြွင်း(၉)ခုပေါင်း (၇)ကို (၂)ဖြင့် စားသော်...

* * *

၂ | ၇ | ၃
၆
၁ ကြွင်း

(၁)ကြွင်း၌ သားသမီးအကျိုး ကျေးဇူးခံစားရမည်ဖြစ်ပါသည်။

နောက်တစ်နည်းမှာ...

* * *

၁၃၁၄ (ဗမ္မားသက္ကရာဇ်)
+ ၂ (ဗမ္မာနှစ်)
၃ | ၁၃၁၆ | ၁၄၆
-၃
၄၁
-၃၆
၅၆
-၅၄
၂ ကြွင်း

ဗမ္မာနှစ်(၂)ကြွင်း၌ ကောင်းမည်။ ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ် ကောင်းစားမည် ဖြစ် ပါသည်။

ယနေ့ထိ မြန်မာ့ကျေးလက်တော ရွာများမှာ လက်တန်းပြော စိတ်တွက် ဖြင့် ပြောဟောနေကြပါသေးသည်။ ပျော့ကွက် ဟာကွက်များ ရှိမည်အမှန် ဖြစ်သော်လည်း ရာခိုင်နှုန်း တော်တော် များများ မှန်ကန်သော ဟောကွက် ဖြစ်ပါသည်။

အာယု ဝဏ္ဏော သုခ ဗလံ

မောင်ဗဟိန်း(အင်းတော်)

www.burmeseclassic.com

အရွယ်သုံးပါး ကံ

ထွက်နှုန်း



ဖောင်ပယ်နှုန်း (အင်းတော်)

သည်းကောင်း စားရပါမည်။

၄။ **ပထမအဖော်တွင် ပါပကြွင်းမူ** ပထမအရွယ် ကောင်းစားပါမည်။

၅။ **ဒုတိယအဖော်တွင် ပါပကြွင်းမူ** ဒုတိယအရွယ် ကောင်းစားပါမည်။

၆။ **တတိယအဖော်တွင် ပါပကြွင်းမူ** တတိယအရွယ် ကောင်းစားပါမည်။

၇။ **ရ, ဓ, ဉ** ဖြင့်စားသည့် အကြွင်း (၃)ခုကို ပေါင်းပါ။

၈။ **စုစုပေါင်းလဒ်**ကို (၂)ဖြင့် ပြန်စားပါ။

၉။ **(၁)ကြွင်းမူ** သားသမီးအကျိုး သည်းကြွင်းလျှင်ဖြစ်စေ၊ မွေးနှံကြွင်းလျှင်ဖြစ်စေ ကောင်းစားမည်ဟု ပြောဆိုနိုင်ပါသည်။ ပထမ၊ ဒုတိယ၊ တတိယ အရွယ် သုံးပါးစလုံး ကောင်းစားမည် ဖြစ်ပါသည်။

ဥပမာ တွက်ပြပါမည်။

၁၃၁၄ ခုနှစ် တနလ်းသား/သမီး ဆိုပါစို့။

* * *

ပထမအဖော်→၁၃၁၄	ဒုတိယအဖော်→၁၃၁၄	တတိယအဖော်→၁၃၁၄
ရ | ၁၃၁၄ | ၁၈၇၂	ဓ | ၁၃၁၄ | ၁၆၄	ဉ | ၁၃၁၄ | ၁၄၆
-၇	-၈	-၉
၆၁	၅၁	၄၁
-၅၆	-၄၈	-၃၆
၅၄	၃၄	၅၄
-၄၉	-၃၂	-၅၄
၅ ကြွင်း	၂ ကြွင်း	၀ ကြွင်း

၁၀။ **သည်းမူ** (သို့မဟုတ်) **သည်းကြွင်းမူ** မယားကျေးဇူး ခံစားရပါမည်။

၁၁။ နောက်တစ်နည်းမှာ **မိဓိမွေး သက္ကရာဇ်မှာ မွေးနံ့ရောပါ။** (၉)ဖြင့်စားပါ။

၁၃၁၄ ခုနှစ်ဖွားသူ တနလ်းသားသမီးမှာ ပထမအဖော်နှင့် ဒုတိယအဖော်တို့မှာ (၅)နှင့် (၂)ကြွင်းသဖြင့် သောမဖြိုဟ်ဖြစ်ပြီး တတိယအဖော်မှာ သည်းကြွင်းသဖြင့် ပါပဖြိုဟ်ကြွင်း၍ တတိယအရွယ် ကောင်းစားမည်ဟု

စာမျက်နှာ (၆၇) သို့

လူရဲလိမ္မာ ဖြစ်လာကြလျှင် ပထမအရွယ် ကောင်းစားမလား၊ ဒုတိယအရွယ် ကောင်းစားမလား၊ တတိယအရွယ် ကောင်းစားမလား သိချင်ကြသည်မှာ အမှန်ဖြစ်သည်။

အရွယ်သုံးပါးတွင် သုံးပါးစလုံး ကောင်းမွန်သူများ ရှိကြသော်လည်း နည်းပါးသည်။

ပထမအရွယ်ညံ့ပြီး ဒုတိယ၊ တတိယအရွယ် ကောင်းစားသူများ ရှိကြသကဲ့သို့ ပထမအရွယ်၊ ဒုတိယအရွယ် ညံ့ပြီး၊ တတိယအရွယ်ရောက်မှ ကောင်းစားကြသည်။

ထိုပုဂ္ဂိုလ်အမျိုးအစားသည် သားထောက်သမီးကဲ့ ကောင်းစားသူများ ဖြစ်ပါသည်။ အချို့မူ အရွယ်သုံးပါးစလုံး မကောင်းဘဲ ဘဝတွင် အဆုံးသတ်သွားသူများလည်း ရှိပါသည်။ ဘဝကံဟု ဆိုရမည်လည်းဖြစ်သည်။

ဗေဒင်ပညာတွင်မူ မြန်မာ့မူလက်ဆန်းနည်းအရလည်း အရွယ်သုံးပါးကံဇာတာ ကောင်းမကောင်း စာဖတ်ပရိသတ်အား တင်ပြသွားလိုပါသည်။

အချိန်ကုန်၊ လူမပန်း၊ တစ်မုံဟုတ်ချင်း အဖြေတန်းသိနိုင်သော တွက်နည်းများမှာ မြန်မာ့ရိုးရာလက်ဆန်းနည်းများ၏ စာမျက်နှာများ၌သာ ရှိပါသည်။

ဤတွက်နည်းမှာ **နားနောင်ဆရာတော်ဦးကလျာဏ၏ လက်ဆန်းနည်းမှတ်စုမှ** ဖော်ပြသွားလိုပါသည်။

၁။ မူလသက္ကရာဇ် တည်ရပါမည်။

၂။ မူလသက္ကရာဇ်ကို (၃)ဖော်ထားပါ။

၃။ အစဉ်အတိုင်း ပထမအဖော်ကို (၇)ဖြင့် လည်းကောင်း၊ ဒုတိယအဖော်ကို (၈)ဖြင့် လည်းကောင်း၊ တတိယအဖော်ကို (၉)ဖြင့်

www.burmeseclassic.com

အဆိုကျ အလုပို ဆီး,ဝမ်း မှန်စေလိုလျှင် ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို မှီဝဲပါ

ကျွန်မတို့လို မိန်းမသားတွေဟာ အမျိုးသားတွေ ထက် အနာရောဂါပိုပြီး ဖြစ်လေ့ဖြစ်ထရှိပါတယ်။ အမျိုးသမီးများ အနေနဲ့ အထူးအလေးပေး ဂရုတစိုက်ရှိတာကတော့ ဓမ္မတာ ခေါ် လစဉ် ၂၈ ရက်တစ်ကြိမ် ဆင်းသက်လာတဲ့ သွေးသားကိုပါ။ အဲဒီသွေးသား ဓမ္မတာမမှန်ကန်ဖောက်ပြန်ခြင်းကြောင့် ရောဂါပေါင်းမြောက်များစွာ ဖြစ်ပေါ် ခံစားရသလို သွေးသားမှန်ကန်နေရင်လည်း အသားအရေ စိုပြေဝင်းပကျန်းမာပြီး လှပတင့်တယ်လို့နေပြန်ပါတယ်ရှင်။

ယနေ့ခေတ်မှာ ခေတ်မီသော အမျိုးသမီးများအတွက် ပဋိသန္ဓေတားဆေးတွေ သုံးစွဲခြင်းကြောင့်လည်း ရောဂါတစ်ခု မဟုတ်တစ်ခု ဖြစ်ပေါ် ခံစားနေရတယ်လို့ သမားတော်ကြီး ဆရာမြင့်မှ ပြောပြခဲ့ဖူးပါတယ်။ အလွန်မှန်ကန်တဲ့ ကျန်းမာရေးပညာပေးစကားဖြစ်ပါတယ်။ ယင်းပဋိသန္ဓေတားဆေးများ သုံးစွဲခြင်းကြောင့် ၂၈ ရက် တစ်ကြိမ် သွေးဖွားရမည့် လကျော့ နှစ်ကျော်တဲ့အထိ ဓမ္မတာသွေးဟာ ဖွားခြင်းဆင်းခြင်းမဖြစ်ဘဲ ခန္ဓာကိုယ်တွင်း ခိုအောင်းနေတတ်ကြပါတယ်။

ဒီလို သွေးဟောင်းလည်း မဆင်း၊ သွေးသစ်လည်း မပေါ်၊ လနှစ်ကြာလာသော် ကျွန်မတို့လို အမျိုးသမီးများမှာ အသားအရေ မကြည်လင်တော့၊ ပွယောင်ယောင်နှင့် ညှိုမြောရောင်သန်းလာပြီး ဝိုက်ခေါက်ထူကာ ဝ,သထက် ဝ, လာကြပါတော့တယ်။ ခန္ဓာကိုယ် ဝ,လာတာနှင့်အမျှ ရောဂါတာလည်း ခုတစ်မျိုး၊ တော်ကြာတစ်မျိုးနဲ့ အမျိုးမျိုးဖြစ်လာတော့တာပေါ့ရှင်။

ကြာတော့ လူလည်း အလှပျက်၊ အသားအရေလည်း မကြည်လင်၊ ဝိုက်ပူနုံကား ငါးစိပူခါးလို ပုံကပျက်၊ ရောဂါကတက်တော့ စိတ်ပျက်ရတော့တာပေါ့။ ဒီလိုနဲ့ သင့်တော်မယ့် ဆေးကို ရှာမိပါတယ်။ ဒါနဲ့ပဲ သမားတော်ဆရာမြင့်ထံ ရောက်သွားပါတယ်။ ဆရာ့ကို ဖြစ်ဖျက်ခံစားနေရတာတွေကို အကုန်ပြောပြဆွေးနွေးမိတော့ ဆရာက-

"မကေသီအောင်ရေ အခုခေတ်မှာတော့ အများစုသော အမျိုးသမီးတွေ ဖြစ်ပေါ် ခံစားတွေ့ကြုံနေရတဲ့ ခေတ်မီရောဂါပေါ့ဟျာ" တဲ့လေ. . ။

"ဆရာရယ် ဘယ်လိုကြောင့် ဒီလိုဖြစ်ရတာလဲညီး" ဆိုတော့ -

"မကေသီအောင်ရေ၊ မကေသီအောင် ပြောသလို ပဋိသန္ဓေတားဆေးတွေကြောင့် ပါသလို နေ့စဉ် စားသောက်နေရတဲ့ အစားအသောက်တွေကြောင့်လည်း ပါပါတယ်။ ပြီးတော့ လူနေထိုင်မှုပုံစံ၊ နောက် ပတ်ဝန်းကျင်စတဲ့ အကြောင်းတွေကြောင့်လည်း ဒီလိုဖြစ်တတ်ပါတယ်"

"ကျွန်မတို့လို အိမ်ထောင်ရှင်အမျိုးသမီးများ အနေနဲ့ မကင်းနိုင်တဲ့ ပဋိသန္ဓေတားဆေးတွေကြောင့် လစဉ်ဓမ္မတာ မလာတာကနေစပြီး အမျိုးသမီးတွေ ဝ,လာတယ်၊ ရောဂါတွေ ပိုထူပြောလာတယ်လို့ ခံစားရပါတယ် ဆရာ၊ အဲ့ဒါကို ဘယ်လိုကုသပြီး ဘယ်လိုဆေးမျိုးတွေ သုံးစွဲသင့်ပါလဲ ဆရာ" ဆိုတော့

"မကေသီအောင်မေးတဲ့ မေးခွန်းက ကောင်းပါတယ်။ အမျိုးသားတွေနဲ့ အမျိုးသမီးတွေရဲ့ စွန့်ထုတ်ပစ္စည်းမလကွာခြားချက်က ဓမ္မတာသွေးသားပဲ ဖြစ်ပါတယ်။ ကျန်တာကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး တွေဟာ အမျိုးသားရော အမျိုးသမီးပါ တူညီနေပါတယ်"

"ဟုတ်တဲ့ ဆရာ"

"ဒီတော့ အမျိုးသမီးအနေနဲ့ အထူးသဖြင့် ပဋိသန္ဓေတားဆေးတွေ သုံးလို့ပဲဖြစ်ဖြစ် အစားအသောက် အနေအထိုင်တွေကြောင့်ပဲဖြစ်ဖြစ် ဓမ္မတာမမှန် ထိန်ကျန်ချုပ် ငုပ်နေတာ ကြာလာတဲ့အမျှ ရောဂါတစ်ခု မဟုတ်တစ်ခုတော့ စွဲကပ်လာပါတယ်။ ဒီလိုအခါမျိုးမှာ တားဆေးတွေကြောင့် ဓမ္မတာမပေါ်တာကို ကုစားဖို့လိုပါမယ်"

"ဘယ်လိုများ ကုစားရမလဲဆရာ"

"စောစောက ဆရာပြောခဲ့သလိုပေါ့ လူသားတွေ အနေနဲ့ နေ့စဉ်စွန့်ထုတ် ဖယ်ရှားပေးရမယ့် မလအဆိပ် ဓာတ်တွေရှိပါတယ်။ ဒါတွေကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး ပြီးတော့ အမျိုးသမီးတွေလစဉ်စွန့်ပေးရတဲ့ သွေးသားဓမ္မတာပေါ့။ သွေးသားဓမ္မတာကတော့ တားဆေးတွေကြောင့် ဖြစ်ဖြစ်၊ အစားအသောက်ကြောင့်ဖြစ်ဖြစ် လစဉ်မပေါ် ဘူးဆိုရင် ကျန်တဲ့ ဆီး၊ ဝမ်း၊ လေ၊ချွေးတွေ မှန်နေဖို့လိုပါတယ်။ ဒီမလလေးမျိုးထဲက ဆီးနဲ့ဝမ်းဟာ အဓိကဖြစ်ပါတယ်။ နေ့စဉ် ဆီး၊ ဝမ်း မှန်စေရန် ဂရုတစိုက် ပြုပြင်နေထိုင်ရပါမယ်။ အဲဒီလိုတားဆေးသုံးသူတွေရော၊ တားဆေးမသုံးသူတွေ

www.burmeseclassic.com

www.burmeseclassic.com

ပါ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဗိုက်ပူခြင်း၊ ဗိုက်ခေါက်တွေထူလာခြင်း၊ အဆီတွေ ဝမ်းဗိုက်ပြင်မှာ စုလာခြင်း၊ အသားအရေစိုပြည်မှု မရှိခြင်း၊ ကြည်လင်တောက်ပဝင်းလက်မှုမရှိခြင်း၊ နောက် ကြောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူး၊ ခေါင်းအုံဖြစ်ခြင်း၊ ကိုယ်လက်များ လေးလံထိုင်းမှိုင်းခြင်း၊ ညောင်းညာကိုက်ခဲခြင်း၊ ပေါ့ပါးသွက်လက်မှု မရှိခြင်း၊ ဆီးချို သွေးတိုး အသည်းအဆီဖုံး၊ နှလုံးသွေးကြောကျဉ်း စတဲ့ ရောဂါများနဲ့ အမျိုးသမီးရောဂါများကို ဖြစ်ပေါ် လာစေပါတယ်။ ဒါကြောင့် ဆီး၊ ဝမ်း၊ သွေး၊ လေ၊ ချွေးတို့ကို မှန်မှန်စွန့်ထုတ်နိုင်စေရန် နေထိုင်စားသောက်ရပါမယ်။ အကယ်၍ ကျန်းမာပြီး စိုပြည်လှပ အချိုးအစားကျတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ ဆီးနဲ့ဝမ်းကိုတော့ မှန်ကို မှန်နေအောင် ပြုပြင်နေထိုင်ရပါမယ် မကေသီအောင်"

"ဒါဆို တားဆေးတွေကြောင့် သွေးသားမပေါ် ရင် ဆီး၊ ဝမ်းမှန်အောင် ပြုပြင်ပေးရင် အဝလွန်ခြင်း၊ ဗိုက်ပူခြင်း၊ အသားအရေညစ်ထေခြင်း၊ အကြောတက်ညောင်းညာခြင်းများနဲ့အတူ အခြားသောရောဂါတွေပါ ဖြစ်ပွားမလာအောင် တားဆီးနိုင်တာပေါ့ နော်. . . ဆရာ"

"ဟုတ်ပါ့ဗျာ. . ."

ရန် နတ္ထရောင်ခြည်မရှိဇင်း

"အဲဒါဆို ဘာဆေးသောက်မလဲ ဆရာ"

"ဆရာ့ဆီလာတော့လဲ ဟောဒီ **မြင့်မြွှန်မာ တောရောက်သီး အကြောပြေဝမ်းမှန်ဆေး**ကိုပဲ ညွှန်ရမှာပဲဗျ"

"မြင့်မြွှန်မာ အကြောပြေဝမ်းမှန်ဆေးက ဘာတွေကောင်းလဲဆရာ"

"ဘာတွေကောင်းလဲဆိုတော့ ဆီးချို၊ ဝမ်းချု၊ လေချုပ် ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ,ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေလေးလံညောင်းညာကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအုပ်များခြင်း၊ ဆီးချုပ်,ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေမဲ့ခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများကျခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ၊ မှည့်ခြောက်ထွက်ခြင်း၊ သွေးဓာတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအုပ်များ ကင်းစင်လျက် ပိုလှနေသော အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်မှုကန်စေပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြွှန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာဝင်ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက်ကင်းသက်သာပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီးသားဖြစ်စေပါတယ်" **(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေရရှိအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့်ဆေးပါ ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆရာ"

ပင်ရင်း - **စကြာမင်းဆေးတိုက်**
အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သံုးမျှာလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း - ၀၁၆၉၃၀၉၃၊ ၀၉၇၃၁၉၉၂၂။

www.burmeseclassic.com

www.burmeseclassic.com

ကုဒဏ္ဍိုဟ်တောင်ကိုးလုံးဆရာတော်ကြီး

နှင့် ဘဝတစ်လျှောက်တွင်မမျှော်လင့်ဘဲ တွေ့ကြုံခဲ့ရသော ထူးခြားဆန်းကြယ်သည့် ဖြစ်ရပ်မှန်များ (၃)

ယခင်လမှ အဆက်

ဘွားလေးကလဲ သူ့မှာပါတဲ့ စာတ်လုံးကို သိန္ဓိတင်ခိုင်းပြန်ပါတယ်။ သက်တော်ရှည် ဆရာတော်ကြီးက ထုံးစံအတိုင်းပဲ **"ငါ့ကို ပေးမလား"** လို့ မေးပြန်ပါတယ်။ ဘွားလေးကလဲ **"ပေးပါတယ် ဘုရား"** လို့ ချက်ချင်း ပြန်လျှောက်တင်ပါတယ်။

အလိုလောဘနည်းတဲ့ ဘာသာ, သာသနာအကျိုး ကိုယ်ကျိုးမဖက် ဆောင်ရွက်နေတဲ့ ပါရမီရှင်တွေရဲ့ လုပ်ရပ်လေးတွေဟာ အတော် အတုယူစရာ ကောင်းလှတာကို ထက်တွေ့ မြင်တွေ့ခဲ့ရပါတယ်။

သက်တော်ရှည် ဆရာတော်ကြီးက...

'ငါက အလကားစားတာပါ။ နှစ်တို့ဓာတ်လုံး ငါ မယူရဘူးပါဟူး ကောင်းတယ်... ကောင်းတယ်'

နဲ့ဆိုပြီး ခေါင်းတညိတ်ညိတ်နဲ့ ပြုံးနေပါတယ်။ ခဏနေတော့ ဘုန်းဘုန်း ဦးဆင်္ဂနဲ့ ဘွားလေးတို့က အောင်မြေနေရာမှာ ပုတီးသွားစိပ်လိုက်ဦးမယ် ဆိုပြီး ထွက်သွားကြပါတယ်။

စာရေးသူက သက်တော်ရှည် ဆရာတော်ကြီးနားမှာ နေရစ်ခဲ့ပါတယ်။ အဲဒီအချိန်မှာပဲ အဘဦးညီ အောင်က "ငါ့သမီးရေ...ထမင်းစားရအောင်ဟေ့ ညည်းမိတ်ဆွေတွေကိုလဲ ခေါ်ဟေ့ ရှိထမင်း ရှိဟင်းပေါ့ကွာ ဝိုင်းကြတာပေါ့" ဆိုပြီး ထမင်းစားဖို့ လာခေါ်ပါတယ်။



ပေဒါရှိ

▲ ကဆာဒြို့, ဂုဏ်ဒြိုဟ်တောင်ဆရာတော်
ဘဏ္ဍန္တဝရာဘာသ သက်တော်(၁၀၃)နှစ်၊ ဝါတော်(၇၃) သာသနာ ဂုဏ်

စာရေးသူကလဲ ဓမ္မာရုံကြီးထဲက အထွက် မမဌေးတို့ကလဲ ကားနားမှာ ရောက်ရှိနေပြီမို့ "မမဌေးရေ အတော်ပဲ ထမင်းစားလာခေါ်တော့မလို့ လာသွား

www.burmeseclassic.com

www.burmeseclassic.com

ကြစို့ထန်းလက်တဲအောက်ကို'' ဆိုပြီး စာရေးသူက ခေါ်လိုက်တော့ အားလုံး လိုက်လာကြပါတယ်။

စေတီတော်ကြီးရဲ့ မုခ်ဦးကြီး အောက်အရောက်မှာ မမဌေးက ခပ်တိုးတိုးနဲ့ **''ငါ့ညီမကို ပြရဦးမယ်၊ ဒီမယ် ဘာလဲ ကြည့်စမ်း''** ဆိုပြီး သူ့လက်ထဲက ဓာတ်လုံးလေးကို ထုတ်ပြပါတယ်။ ကြည့်လိုက်တော့ ဘုန်းဘုန်းဦးဝိဇ္ဇာရဲ့ ဓာတ်လုံးအတိုင်းပါပဲ။

'မမဌေး ဒါ ဘယ်ကရတာလဲ'

'အရုဏ်းတပေါ် ဝါတိုက်းထဲက ထက်ဝေလှုံက ဖိနပ်ယူယင်ဆိုပြီး ကားပေါ်တက်သွားတော့ ကားပေါ်က ဘီးလုံးအိုပေါ်မှာ ဖျာက ခေါက်တင်နေတော့ အဲဒီ ဖျာခေါက်ကွန်းလေးရဲ့ အောက်မှာ တွေ့ရတာ၊ အရမ်းထူးခြားတယ်နော်၊ ဘယ်သူမှ မမြင်ရတာ၊ ကလေးပဲ မြင်ရတာ'

[ကလေးက (၁၀)နှစ်သားလေးပါ။ မမဌေးတို့ရဲ့ တစ်ဦးတည်းသော မြေးလေး ဖြစ်ပါတယ်။ အရွယ်နဲ့ မလိုက်အောင် ထွားကျိုင်းသန်မာပြီး ဥပဓိရုပ်က အရမ်းကို ထူးခြားပြီး ချစ်စရာကောင်းလှပါတယ်။]

'ဟုတ်ပြီ ကျွန်တော်သိပြီ နေဦး ခဏ'

လို့ ဆိုပြီး မမဌေးလက်ထဲက ဓာတ်လုံးကိုယူပြီး ဘွားလေးတို့ရှိရာ အောင်မြေနေရာဘက်ကို ပြေးသွားလိုက်ပါတယ်။

'ဘုန်းဘုန်း... ဘုန်းဘုန်းရဲ့ ဓာတ်လုံး ရှိလား'

'ရှိတာပေါ့ ဘာဖြစ်လို့လဲ'

'ရှိရင် ခဏပြပါဘုရား'

စာရေးသူက ပျာပျာသလဲ ပြောလိုက်တော့ ဘုန်းဘုန်းက သူ့အိတ်ထောင်ထဲကနေ ချက်ချင်းထုတ်ပြပါတယ်။

'ဟုတ်ပြီ ဘုန်းဘုန်းကြီးက ဓာတ်လုံးပွားပေးလိုက်ပြီ၊ ထက်ဝေလှုံတော့ ကံကောင်းတာပဲ'

'ဟုတ်လား...ဘယ်မလဲ ငါ့ကို ပြပါဦး'

'ဒီယပ် ဘုန်းဘုန်း...ဘုန်းဘုန်းဓာတ်လုံးနဲ့ တထေရာတည်း၊ အောက်ခြေက ချိုင့်လေး မသိမသာပါတာကလွဲလို့ အကုန်တူတယ်၊ တယ်တော် ဆည်းကပ်ကိုးကွယ်ခဲ့တာ နှစ်ပေါင်းကြာပါပြီ၊

ဒီလိုပို့ သို့ဒါ ယာဒို့ ကုဋ္ဌိ ပညာရပ်တွေကို ပေါ်ပေါ်ထင်ထင်ပြသတာ တစ်ခါမှ ကိုယ်တွေ့ မကြုံခင် မမြင်ခဲ့ဖူးဘူး၊ ဒါ ဘယ်ဆိုးဆုံးအကြိမ် ပြင်ဖူးတာပဲ၊ အကြောင်းရှိလို့လာ တတ်လုံးကို ပွားပြီး ချိုးပြုတ်ထားပဲနေမှာနော်'

'အေး...ဟုတ်တယ်'

'ဘုန်းဘုန်း... တပည့်တော်တို့ ထမင်းသွားစားလိုက်ပါဦးမယ် ဘုရား'

ဆိုပြီး စာရေးသူက မမဌေးတို့ဆီ အပြေးသွားပြီး အဆင်သင့် ပြင်ဆင်ပေးထားတဲ့ ထမင်းကို စားလိုက်ပါတယ်။

စာရေးသူက ထမင်းကို စားသောက်နေရတယ်။ စိတ်က သက်တော်ရှည် ဆရာတော်ကြီးဆီကို ရောက်နေပါတယ်။ ဓာတ်လုံးအကြောင်း မေးချင်လို့ပါ။

ဒီလိုနဲ့ ထမင်းစားပြီးကြပြီဖြစ်လို့ အုပ်စုလိုက်ကြီး သက်တော်ရှည်ဆရာတော်ကြီးရှေ့ သွားထိုင်ကြပြန်ပါတယ်။ ဒါနဲ့ပါ စာရေးသူက သိချင်တာကို မေးလျှောက်မိပါတော့တယ်။

'ဘုန်းဘုန်းကြီး...ဒီယပ် တတ်လုံးပွားပေးလိုက်ပြီလား'

မျက်နှာက ပြုံးပြုံးကြီးနဲ့ **''ဘယ်မလဲ ပြစမ်းပါဦး''** လို့ ဆိုပြီး ညာဘက်လက်ပါ ဆန့်တန်းပေးတာမို့ စာရေးသူက မမဌေးလက်ထဲက ဓာတ်လုံးပွားလေးကို ယူပြီး ပေးလိုက်ပါတယ်။

'ဩော်...ဒါလေးလား'

ဆိုပြီး မသိသလိုလုပ်ပြီး သူ့အိတ်ထောင်လေးထဲကို ထည့်လိုက်ပါတယ်။

'ဘုန်းဘုန်းကြီးက မျက်နှာလိုက်တယ်'

လို့ စာရေးသူက ခပ်ပြုံးပြုံးနဲ့ အဓိပ္ပါယ်ပါပါ ဆိုလိုက်တော့...

'ငါ မျက်နှာမလိုက်ပါဘူး၊ သူ့ကံအကြောင်းနဲ့သူကိုး'

လို့ ပြုံးပြီးပြန်ဝန်ခံပါတယ်။ ပြီးတော့...

'လာ...လာ...ရှေ့ကိုတိုး ကလေး'

ဆိုပြီး ထက်ဝေလှုံရဲ့ ခေါင်းကို ပုတ်ပေးလိုက်ပါတယ်။ ကျောတွေကိုလဲ တဖုန်းဖုန်း ပုတ်ပေးလိုက်တော့ ကလေးက ငိုပါတော့တယ်။

မမဌေးက...

'သား ပင်ပန်းလေ၊ ဘာလို့ထားလဲ၊ ဘုန်းဘုန်းကြီးက သားကို အန္တရာယ်ကင်းအောင်လို့ ပုတ်ပေးထားလေ'

လို့ ချော့နေပါထယ်။

'သား နာတယ် ဖီး...ဖီး...ဖီး...'

ကလေးရဲ့ စကားကြောင့် ဘေးနားမှာရှိကြတဲ့ ပရိသတ်တွေရော မမဌေးတို့ကပါ တဟားဟားနဲ့ ရယ်မောပြီး သဘောကျနေကြပါတယ်။

အဲဒီမှာ ဘုန်းဘုန်းကြီးက...

'မင်း ယောကျ်ားပဲကွာ၊ ငါရိုက်တာ မနာပါဘူး။ ရိုက်တာ မဟုတ်ဘူးနော်၊ ရိုက်တာ မဟုတ်ဘူးနော်...သိလား'

ဆိုပြီး ကလေးရဲ့ ဦးခေါင်းလေးကို ပွတ်ပြီး ပြောနေရှာပါတယ်။

စာရေးသူက...

'ဘုန်းဘုန်းကြီး ထက်ဝေလှုံက သူ့ဓာတ်လုံးလေး ပြန်လိုချင်လို့နဲ့ ဟုတ်တယ်။ အဲဒါကြောင့်မို့ ငိုတာဖြစ်မှာပါ ဟုတ်တယ်မဟုတ်လား ထက်ဝေလှုံ'

www.burmeseclassic.com

www.burmeseclassic.com



◆ Diplomaကျောင်းသူတော်တော်များများက ဖိုက်ယူခဲ့သော ရန်ကုန်ပြည်သူ့တက္ကသိုလ်ကြီး ထီးဆောင်တိုက်ကဲ့

လို့ ဆိုလိုက်တော့ ကလေးက ခေါင်းညိတ်ပြပါတယ်။

'ဟား...ဟား...မင်းက အလည်ပဲကွ'

လို့ဆိုပြီး ဘုန်းဘုန်းကြီးက သူ့အိတ်ထောင်ထဲ ထည့်ထားတဲ့ ဓာတ်လုံးပွားလေးကို ပြန်ထုတ်ပေးလိုက်ပါတယ်။ နောက်ထပ် ဘာစကားမှ မပြောတော့ဘဲ ပြုံးလို့ပဲ နေပါတော့တယ်။

အဲဒီမှာ ဆရာတော်ကြီး နောက်ပါးတ ပါလာခဲ့တဲ့ တပည့်ဖြစ်တဲ့ ဦးပဉ္စင်းက ဘုန်ကြီးကို ထက်ဝေလျှံကို သူ့ရှေ့မှာ ထိုင်ခိုင်းပြီး ကလေးရဲ့ ခေါင်းပေါ်ကို သူညာဘက်လက်တင်ကာ ရွတ်ဖတ်ပေးပါတယ်။ ဘာတွေ ရွတ်ဖတ်ပေးလိုက်သလဲဆိုတာ မမှတ်မိတော့ပါဘူး။

စာရေးသူ တစ်ခု သိရှိနားလည်လိုက်တာကတော့ **"နောင်တစ်ချိန်မှာ အချို့။ ဘာသာ၊ သာသနာတော် အတွက် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်မယ့် ကလေးတစ်ယောက်ဖြစ်လာလိမ့်မယ်"** ဆိုတာကို စာရေးသူ ဉာဏ်မီသလောက် တွေးဆကြည့်လိုက်မိတာကိုပါပဲ။

စာရေးသူတို့တစ်တွေလဲ ပြန်ကြတော့မှာမို့ ဘုန်းဘုန်းကြီးခြေတော်ရင်း ဦးတိုက် ရှိခိုးလိုက်ကြပါတယ်။

'ဘုန်းဘုန်းကြီး တပည့်တော်တို့ကို ခွင့်ပြုပါဦးဘုရား'

'အေး...'

အထက်က ဆိုခဲ့သလို ထူးခြားတဲ့ သက်တော်ရှည် ရာဇဝင်ဂုဏ်ဆရာတော်ကြီးဟာ **ပထမအင်းဝမင်းခေါင် ဘုရင်ကြီး တည်ထားကိုးကွယ်ခဲ့တဲ့ ရန်အောင်မြင်စေတီတော်ကြီးရှိရာ** အချိန်ရရင် ရသလို လာရောက် ဓာတ်ပန့်က်ချသာသနာပြုခဲ့ပါတယ်။ *(ဆရာတော်ကြီးဟာ ပထမအင်းဝမင်းခေါင် ဘုရင်ကြီး ဖြစ်ခဲ့တယ်လို့လဲ ဆိုပါတယ်။)*

စာရေးသူဟာ ဆရာတော်ကြီး ရောက်လာပြီလို့ သတင်းကြားတိုင်း ခေါက်တိုင်း မဟုတ်တောင် အတတ်နိုင်ဆုံးတော့ မရောက် ရောက်အောင် သွားရောက် တွေ့ဆုံဖူးမြော်ခဲ့ပါတယ်။

ဒီတစ်ခါရောက်ရှိခဲ့ရတာက လိုက်ထရပ်ကား(၁)စီး၊ ဆန်နီပစ်ကပ် (၁)စီး စုစုပေါင်း ကား(၂)စီးပေါ်မှာ လူ(၃၅) ယောက်နဲ့ပါ။

ရန်ကုန်ပြည့်က တက္ကသိုလ်တစ်ခုမှာ တာဝန်ထမ်းဆောင်နေတဲ့ ကထိက ဆရာမကြီးတစ်ဦးက မန္တလေးက သူငယ်ချင်းဆရာမ (စာရေးသူနေတဲ့ အဆောင်ရဲ့ အဆောင်မှူး)ထံ အလည်လာရာမှာ သူ့သူငယ်ချင်းနဲ့အတူ ဘုရားဖူးထွက်ဖို့ စီမံရင်း အဆောင်က ဒီပလိုမာ ကျောင်းသူလေးတွေကပါ

www.burmeseclassic.com

www.burmeseclassic.com

လိုက်ချင်ကြလို့ ကုသိုလ်ယူ ဘုရားဖူးလိုက်ပို့ခြင်း ဖြစ်ပါတယ်။ အားလုံး မနက်အစောကြီးထပြီး တက်တက်ကြွကြွနဲ့ ဘုရားဖူးထွက်ခဲ့ကြတာပါ။

တကယ်တမ်းဆို ဒီရန်အောင်မြင်စေတီတော်ကြီးဆီကို ရောက်လာကြမှာ မဟုတ်ပါဘူး။ သူတို့က ဒီစေတီတော်ကြီး ပြန်လည်ပြုပြင်တည်နေတာကို မသိကြပါဘူး။ စာရေးသူက...

'အင်းဆတ်လဲ ထောက်မှာဆိုရင် ဒီစေတီတော်ကြီးဆီ ဖြတ်ထိပြီး ဘုရားဖူးကြရအောင်'

လို့ စေ့ဆော်လို့ ရောက်လာကြတာပါ။ ဒီလို နိမ့်မာန်ဆော် လုပ်ရတာကို အထူး ကျေနပ်မိပါတယ်။

နောက်ပြီး စာရေးသူက ဘုရားဖူးမထွက်မီညမှာ အဓိဌာန်တစ်ခု ပြုလုပ်ကြည့်ပါတယ်။ အခု ဘုရားဖူးထွက်မယ့်သူတွေဟာ ဒီရန်အောင်မြင်စေတီတော်ကြီးကို ဖူးမြော်ရဖို့ ကံပါလာရင် ထူးခြားတဲ့ အတိတ်နိမိတ် ပြပေးပါဆိုပြီး ပြုလုပ်ကာ ဆုတောင်းမေတ္တာပို့သပြီး အိပ်လိုက်ပါတယ်။

မနက်(၄)နာရီလောက်မှာ အိပ်မက်လိုလို၊ အဟုတ်တကယ်လိုလိုနဲ့ စာရေးသူအိပ်တဲ့ ခုတင်ရဲ့ ညာဘက်ဘေးမှာ အမျိုးသမီးကြီးတစ်ယောက်က မတ်တတ်ရပ်ပြီး စာရေးသူကို ကြည့်နေပါတယ်။

အမျိုးသမီးလိုပုံစံ မြင်ရလို့ အဲဒီလို သုံးနှုန်းလိုက်ရပေမယ့် တကယ်တော့ **လူမဟုတ်ပါဘူး ဘီလူးပေါ်။ အစွယ်တွေဘာတွေ မမြင်ရပေမယ့် ဘီလူးမှန်းတော့ အတပ်သိထိုက်ပါတယ်။**

စာရေးသူကို ကြည့်နေတဲ့ အကြည့်က ရန်လိုတဲ့အကြည့် မဟုတ်ဘဲ အေးငြိမ်တဲ့အကြည့်နဲ့ ကြည့်နေတာပါ။ သူမရဲ့ ညာဘက်လက်နဲ့ စာရေးသူရဲ့ ညာဘက်လက်ဟာ ထိနေပါတယ်။ အဲဒီလက် ထိနေတာလဲ တကယ် အပြင်မှာ ထိနေသလိုမျိုး ခံစားရတာပါ။ ခွေးထွေးနေပါတယ်။

စာရေးသူဟာ အကျင့်စရဏတွေ နှေစဉ်မပြတ် တတ်စွမ်းနိုင်သမျှ ပြုလုပ်နေပေမယ့်လဲ ဘီလူးမပါလားဆိုတဲ့ အသိကြောင့် ဖျတ်ခနဲ လန့်သွားမိတာကို ရိုးသားစွာပဲ ဝန်ခံရမှာ ဖြစ်ပါတယ်။

ဒါပေမယ့် ချက်ချင်း သတိရပြီး ပြုလုပ်ခဲ့တဲ့ ကုသိုလ်များကို အမျှပေးဝေလိုက်ပါတယ်။ အဲဒီမှာ မျက်စိရှေ့မှောက်က ချက်ချင်း ပျောက်သွားခဲ့ပါတယ်။

ဘာများပါလိမ့်ဆိုပြီး ဆက်အိပ်လို့ မရတော့လို့ အိပ်ရာမှ ထပြီး ရေမိုးချိုး ဘုရားကန်တော့ရင်း ဘုရားဖူးထွက်ခွာမယ့်အချိန်ကို စောင့်နေလိုက်ပါတယ်။

မနက် (၅း၃၀)နာရီကျော်ကျော် လောက်မှာ စတင်ထွက်ခွာပြီး ပထမဦးဆုံး ဘုရားကို ဝင်ဖူးဖြစ်တာက မနက်(၆း၁၅)နာရီမှာ ရောက်ရှိခဲ့တဲ့ ကျောက်ဆည်ဘက်က **"ရွှေသိမ်တော် ဘုရား"** ပါ။

အဆိုးရဆားမြင်ကြီး တည်ဆားကို ကယ်ခဲ့တာကြောင့် အဓိဌာန်သူများမှာ အဓိဌာန်အောင်မြင်ကြတယ်လို့ နားလည်ကြီး ထင်ရှားကျော်ကြားတဲ့ ဘီလိုကြီး ဘုရားတော်ကြီး ဖြစ်ပါတယ်။

အဲဒီကနေ မနက်(၈း၃၀)နာရီမှာ ကျောက်ဆည်ဘက်မှာပဲ ရှိတဲ့ **"ထမုတ်ရွှင်ပင် ရွှေဂူကြီးဘုရား"** နဲ့ မနက်(၉း၂၀)နာရီမှာ **"ရွှင်ပင်ဆတ်သွားဘုရား"** တို့ကို ရောက်ရှိဖူးမြော်ကြပါတယ်။

အဲဒီဘုရားတွေဖူးပြီး **တိတ်ဦးပြုနယ်၊ သဲမောင်းကန်ရွာအနီးရှိ "ရန်အောင်မြင်စေတီတော်ကြီး"** ကို မနက်(၁၁း၁၀)နာရီမှာ ရောက်ရှိဖူးမြော်ကြပါတယ်။

စာရေးသူက ရောက်ရောက်ချင်းပဲ အဘဦးမင်းလွင်နဲ့ အဘပန်တို့ကို ဘီလူးမအကြောင်း ပြောပြမိပါတယ်။ အဲဒီတော့မှ ဒီစေတီတော်ကြီးမှာ စောင့်ကြပ်နေတဲ့ **"မယ်ယက္ခကြီး"** မှန်း သိလိုက်ရတော့တာပါပဲ။

တကယ်တော့ စာရေးသူက ဒီစေတီတော်ကြီးမှာ ဘယ်လိုအစောင့်အရှောက်တွေရှိမှန်း ဘာမှ မသိတတ်ပါဘူး။ တိုက်ဆိုင်မှု မဟုတ်တဲ့ ပဋ္ဌာန်းဆက် အကြောင်းတရားတွေကတော့ ထူးဆန်းတယ်လို့ ပြောရင်လဲ ရတာပဲ မဟုတ်ပါလား။

ပြန်ခါနီးမှာ အဘပန်က မေတ္တာပို့ဆုတောင်းများကို ရွှေ့က တိုင်တည်ပေးလို့ လိုက်ဆိုကြပြီး မြင်အပ်၊ မမြင်အပ် ပုဂ္ဂိုလ်များအတွက် ကုသိုလ်အဖို့တွေကို ပေးဝေဖြစ်ခဲ့ကြပါတယ်။ အဘပန်တို့က အားလုံးကို သက်တော်ရှည်ဆရာတော်ကြီးရဲ့ ဓာတ်ပုံလေးများကို ဝေငှပေးလိုက်ပါတယ်။

နေ့လယ်(၁း၁၅)နာရီမှာ အင်းဝမယ်နဒုတ်ကျောင်းကို ရောက်ရှိကြပါတယ်။ (၁း၃၀)နာရီမှာ သက္ကရာဇ် ၄၂၇ ခုနှစ်က **"မင်းကျန်စစ်"** တည်ထားကိုးကွယ်ခဲ့တဲ့ **"ထီးထိုင်ရွှင်ဘုရား"** ကို ရောက်ရှိ ဖူးမြော်ကြပါတယ်။ (၂း၁၀)နာရီမှာတော့ **"မဟာလောကသရဖူဘုရား"** ကို ရောက်ရှိ ဖူးမြော်ကြပါတယ်။

မဟာလောကသရဖူ ဘုရားဟာ မြန်မာသက္ကရာဇ် ၁၀၉၂ ခုနှစ်မှာ တနင်္ဂနွေမင်း တည်ထားကိုးကွယ်ခဲ့တာ ဖြစ်ပါတယ်။ မပြီးစီးမီမှာပဲ နတ်ရွာစံ ကံတော်ကုန်သွားတဲ့အတွက် သားတော် မဟာဓမ္မရာဇာက ၁၀၉၃ ခုနှစ်မှာ အပြီးတည်လားခဲ့တယ်လို့

www.burmeseclassic.com

www.burmeseclassic.com

လေ့လာသိရှိရပါတယ်။

စေတီတော်ရဲ့ ထူးခြားချက်အနေနဲ့ ကတော့ အရှေ့ဘက် ဂန္ဓကုဋီတိုက် အတွင်း စကျင်ကျောက်သား တန်ခိုန် (၇၉၀.၃၆)တန်နဲ့ ထုဆစ်ထားတဲ့ **ကျောက်ဆင်းတုကြီးပဲ** ဖြစ်ပါတယ်။

ဘုရားတွေ လှည့်ဖူးကြပြီးလို့ ညနေ (၃း၁၅)နာရီမှာ တောင်သမန်အင်းထဲရှိ ဦးပိန်တံတားကို သွားရောက်ကြပြီး အပန်းဖြေကြပါတယ်။ အဆောင်ကို ရောက်ရှိချိန်မှာတော့ ညနေ(၅)နာရီ ထိုးပြီးနေပါပြီ။

မန္တလေးပြန်ရောက်ဖဲတော့ ကထိက ဆရာမကြီးက သက်တော်ရှည် ဆရာတော်ကြီးကို မဖူးမြော်ဖူးဘူး၊ ဖူးမြော်ချင်တယ်လို့ ဆိုပါတယ်။ စာရေးသူကလဲ...

'ရပါတယ် တီချာ၊ ဆရာတော်ကြီးက ရန်ကုန်က သူ့ဒကာ၊ ဒကာမတွေ ပင့်လို့ရှိရင် မကြာမကြာ ကြွတတ်ပါတယ်။ ရန်ကုန်ရောက်နေတယ်လို့ ကြားရင် ကျွန်တော် ဆက်သွယ်ပြီး တီချာ ဖူးမြော်ခွင့်ရအောင် ကြဲဆောင်ပေးပါ့မယ်'

လို့ ကတိပေးထားလိုက်ပါတယ်။

နောက်မနက်မှာတော့ ''ရန်အောင်မြင်စေတီတော်ကြီး''နဲ့ ပတ်သက်တဲ့ အကြောင်းအရာကို သင်တန်းသူလေး မဇင်နန်း (ကချင်တိုင်းရင်းသူလေး၊ ခရစ်ယာန်ဘာသာဝင်)က အိပ်မက် မက်တယ်ဆိုပြီး စာရေးသူတို့ကို ပြောပြပါတယ်။

အိပ်မက်ထဲမှာ ဇင်နန်းက ညောင်ပင်ကြီးနားမှာ ရပ်နေတုန်း သူ့ကို လှမ်းခေါ်သံကြားလို့ ကြည့်လိုက်တော့ နွေဝင်းက မေတ္တာပို့ဆုတောင်းတွေကို လိုက်ဆိုခိုင်းတဲ့ အဘကြီး(အဘပန် ကို ပြောတာပါ) ဖြစ်နေတယ်လို့ ဆိုပါတယ်။

အဘပန်က ဇင်နန်းကို ခေါ်သွားပြီး **''ငါ့သမီး ဒီကို ကြည့်လိုက်စမ်းလို့''** ဆိုလို့ ကြည့်လိုက်တာ စေတီတော်ကြီးရဲ့ အောက်ခြေတည့်တည့်မှာ ကြီးမားကျယ်ပြန့်ပြီး စိမ်းညို့နေတဲ့ ရေကန်တော်ကြီး ရှိနေပြီး အဲဒီရေကန်ထဲမှာ နဂါးတွေကို မြင်တွေ့ခဲ့ရတယ်လို့လဲ ဆိုပါတယ်။

ကန်ပေါင်ရဲ့ အရှေ့ဘက်နားမှာ အဘပန်နဲ့ ဇင်နန်းတို့ဟာ စကားတွေ အများကြီး ပြောဆိုနေကြတာပါတဲ့။ ဘာတွေ ပြောကြသလဲဆိုတာ ဘာမှ မမှတ်မိခဲ့ဘူးလို့ ပြောပြပါတယ်။

ထူးဆန်းတာက လူပေါင်း (၃၅) ယောက် ဘုရားဖူး သွားကြတာမှာ ဘာသာခြားဖြစ်တဲ့သူကိုမှ အိပ်မက်ပေး ပြောပြခြင်းပါပဲ။ ရှေးဟောင်းစေတီတော်ကြီးဖြစ်လို့ မြင်အပ်၊ မမြင်အပ် ပုဂ္ဂိုလ်များ ပြည့်နှက်စွာ ရှိနေကြလိမ့်မယ်လို့ ထင်ပါတယ်။

၂၀၁၀ ခုနှစ်၊ (၁၀)လပိုင်းရဲ့ တစ်ရက်သော ရက်တစ်ရက်မှာ ရန်အောင်မြင် စေတီတော်ကြီး တည်ရှိရာ သဲမောင်းကန်ရွာဘက်ကို တစ်ယောက်တည်း ခရီးထပ်ထွက်ခဲ့ပါတယ်။ (၁၂)ခေါက် မြောက် ထပ်မံ ရောက်ရှိသွားခဲ့ရတာပါ။

နေ့လယ်(၁၁း၀၀)နာရီမှာ ရောက်ရှိခဲ့ပြီး အဘတို့နဲ့ ခဏစကားစမြည် ပြောဆိုပြီး ထမင်းစား၊ တနင်္ဂနွေထောင့်မှာရှိတဲ့ အောင်မြေနေရာက မြတ်စွာဘုရားကို ဦးသုံးကြိမ်ခု၊ ငါးပါးသီလ ဆောက်တည်ပြီး အနီးမှာရှိတဲ့ ညောင်ပင် အုပ်အုပ်ဆိုင်းဆိုင်းကြီး အောက်မှာ ပုတီးစိပ်ပါတယ်။

ညနေ(၄း၀၀)နာရီမှာ ပုတီးစိပ်ပြီးတော့ အဘပန်တို့နဲ့ ဘုရားရှေ့မှာ ရင်ပြင်ရှေ့က ဆက်တိုခဲ့တွေချ ဝါးပက်လက် ကုလားထိုင်တွေ ချထားပြီး စကားပြောဆိုဖြစ်ခဲ့ကြတဲ့ အကြောင်းအရာတွေက ဒီလိုပါ။

ရန်အောင်မြင် စေတီတော်ကြီးကို ကောဇာသက္ကရာဇ် ၎၆၂–၎၆၃ ခုနှစ်မှာ ပထမအင်းစဝင်းခေါင်ဘုရင်က တည်ထားကိုးကွယ်ခဲ့တာ ဖြစ်ပါတယ်။ စေတီတော်ကြီးရဲ့ အနောက်မြောက်ထောင့် ကိုက်(၁၀၀)အကွာမှာ ကျောက်စာ(၂)ချပ်ကို တွေ့ရှိရပါတယ်။

စေတီတော်ကြီးရဲ့ ပတ်ပတ်လည်ဟာ (၁၆၄–ပေ)စီ ရှိပါတယ်။ စေတီတော်ကြီးအမြင့်က (၉၆)ပေမြင့်ပြီး မူလ အရွယ်အစားက အလွန်ကြီးမားပါတယ်။ အောက်ခြေဖိနှင်ဆုံမှာ စိန်ဖူးတော် အထိ ဥာဏ်တော်အမြင့်က (၁၀၈)ပေ ရှိပါတယ်။ **အမှန်တကယ်က မူလ ဥာဏ်တော်က ဒီထက်မက မြင့်မားလုပါတယ်။**

စေတီတော်ကြီး မူလအတိုင်း တင့်တယ်သပ်ပိယ်ဖို့ အနီးကပ် ဦးစီးလုပ်ကိုင်နေကြတာက **''မင်းစိတ်ကြိုက် ညီအောင်ပန် ဗုဒ္ဓသာသနာပြုအဖွဲ့''** ပဲ ဖြစ်ပါတယ်။

ရန်အောင်မြင် စေတီတော်ကြီးကို ပန်းတင်တဲ့ ရက်က(၂၇–၆–၂၀၁၀) ရက်နေ့ ဖြစ်ပါတယ်။ အုတ်စီမင်္ဂလာ ကျင်းပတဲ့ ရက်က(၁၃–၇–၂၀၁၀)ဖြစ်ပြီး လက်ရှိ ဥာဏ်တော်(၉၉)ပေထိပြီးဆုံးတဲ့ရက်က (၄–၁–၂၀၁၁) ဖြစ်ပါတယ်။

မင်းစိတ်ကြိုက်ညီအောင်ပန် ဗုဒ္ဓသာသနာပြုအဖွဲ့ဟာ မြစ်သားမြို့နယ်၊ မြစ်ဆုံကြီးအုပ်စု၊ ကြွပင်ခြံရွာ အနီးရှိ အနော်ရထာမင်းတရားကြီး တည်ထား ကိုးကွယ်ခဲ့တဲ့ ပျက်စီးနေတဲ့ စေတီတော်ကြီး(၁)ဆူအား ပြုပြင်နေစဉ်

www.burmeseclassic.com

www.burmeseclassic.com

ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များမှ ပြုပြင်ဆဲ **"ပြည်လုံးချမ်းသာစေတီတော်ကြီး" ကို ရပ်ဆိုင်းထားခဲ့ပြီး** တံတားဦးမြို့နယ်၊ သဲမောင်ကန်ရွာအနီး (နိုင်ငံတကာလေယာဉ်ကွင်း၏ အရှေ့မြောက်ထောင့်)ရှိ ပထမအင်းဝမင်းခေါင် ဘုရင်ကြီး တည်ထားကိုးကွယ်ခဲ့တဲ့ ရန်အောင်မြင် စေတီတော်ကြီးရှိရာသို့ သွားရောက် တရားအားထုတ်ရန် ညွှန်ကြားခဲ့တယ်လို့ ဆိုပါတယ်။

စေလွှတ်ခဲ့တဲ့ နေ့ကတော့ ၁၃၆၈ ခုနှစ်၊ နယုန်လပြည့်ကျော်(၃)ရက်နေ့ ဖြစ်ပါတယ်။

မင်းကြိုက်ညီအောင်ပန် ဗုဒ္ဓသာသနာပြုအဖွဲ့ဟာ ရန်အောင်မြင် စေတီတော်ကြီးကို ထိန်းသိမ်းနေတဲ့ သံဃာတော်၊ ဆရာတော်များနဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးကို ဖွင့်တောင်းပြီး နယုန်လပြည့်ကျော် (၃၊ ၄၊ ၅)ရက် နေ့မှစ၍ တရားအားထုတ်ခဲ့ကြပါတယ်။

အဲဒီလို တရားအားထုတ်နေစဉ် ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များမှ **"ရန်အောင်မြင်စေတီတော်ကြီးကို သွေးစစ်သားစစ်၊ ပဋ္ဌာန်းစစ် ပဋ္ဌာန်းမှန်၊ ဓာတ်စစ်ဓာတ်မှန်ဖြစ်တဲ့ ဗို့သားတော်ကြီးများ ဦးစီးပြုပြင်မှသာ လျှင် အောင်မြင်စွာ ပြုပြင်နိုင်မည် ဖြစ်ကြောင်း"** သြဝါဒပေးပြီး လစဉ် လတိုင်း လဆန်း(၈၊ ၉၊ ၁၀)ရက်နေ့များ တွင် တရားအားထုတ်ရန် ညွှန်ကြားခဲ့ ပါတယ်။

မင်းစိတ်ကြိုက်ညီအောင်ပန် ဗုဒ္ဓ သာသနာပြုအဖွဲ့သည် ပျက်စီးယိုယွင်း နေသော ရန်အောင်မြင်စေတီတော် ကြီးအား အရပ်လေးမျက်နှာမှ ဓာတ်ပုံ များ ရိုက်ယူ၍ ဆဏပြန်သွားကြပါတယ်။

စေတီတော်ပြုပြင်ရာမှာ လျှပ်ဒါန်းလို့ တဲ့ ကုသိုလ်ရှင် ဘုရားဒါယကာ၊ ဒါယိကာမများ ပေါ်ပေါက်လာတဲ့ အတွက် ၁၃၆၈ ခုနှစ်၊ ပထမဝါဆို လဆုတ်(၉)ရက်နေ့မှာ တံတားဦးမြို့ နယ် သံဃနာယကဥက္ကဋ္ဌနဲ့ သဲမောင်း ကန်ကျေးရွာ သံဃာ့နာယက ဆရာ တော်အား ပင့်၍ နိုင်ငံတော်မှ ခွင့်ပြု ချက်ရပါက စေတီတော်ကြီးကို ပြုပြင် လိုပါကြောင်း သြဝါဒ ခံယူကြပါတယ်။

အဲဒီလို သြဝါဒ ခံယူပြီးတဲ့နောက် ၁၃၇၁ ခုနှစ်၊ ဖွန်လတိုင်အောင် လစဉ် လတိုင်း လဆန်း(၈၊ ၉၊ ၁၀)ရက်နေ့များ မှာ မင်းစိတ်ကြိုက်ညီအောင်ပန် ဗုဒ္ဓ သာသနာပြုအဖွဲ့သား အဓိဋ္ဌာန်ဝင် တရားအားထုတ်ခဲ့ကြပါတယ်။

ထိုသို့ အဓိဋ္ဌာန်စဉ် စေတီတော်ကြီး ပြုပြင်ခွင့်ရအောင် အကြိမ်ကြိမ် အခါခါ ကြိုးစား အားထုတ်ခဲ့ကြရပါတယ်။ **(၅-၆-၂၀၀၉)ရက်နေ့မှာ** နေပြောင်း ယဉ်ကျေးမှုဌာနမှ ပြုပြင်ရန် ခွင့်ပြုခဲ့ ပါတယ်။

ရာဇဂြိုဟ်တောင်ကိုးလုံး သက် တော်ရှည်ဆရာတော်ကြီး လာရောက် ဓာတ်ပန္နက်ချမှုဖြင့် မင်းစိတ်ကြိုက် ညီအောင်ပန် ဗုဒ္ဓသာသနာပြုအဖွဲ့ သည် စေတီတော်ကြီး ပြုပြင်မည်ဖြစ် ကြောင်းကို တီဗွီ၊ သတင်းစာ၊ ဂျာနယ် များ စတဲ့ မီဒီယာများတွင် ကြေညာ ခြင်းမပြုခဲ့ဘဲ မနက်(၉)နာရီ၊ နေ့(၃) နာရီ၊ ည(၉)နာရီနဲ့ လင်းအားကြီး မနက်(၃)နာရီအချိန်များမှာ စည်တော် ကြီးကို (၉)ချက်တီး၍ ပဋ္ဌာန်းဆက်ရှု တဲ့ လူ၊ နတ်၊ ဗြဟ္မာ၊ (၇)ရက်သား သမီးတို့အား ဖိတ်ခေါ်ခဲ့ပါတယ်။

ရှေ့လဆက်ဖတ်ပါရန်

ဓေဒါရိ

စာရှည်သူ...သူငယ်ချင်း...ပညာရှင်များသို့...

ကျွန်ုပ်တော်ပါသည် ရာဇဂြိုဟ်တောင်ကိုးလုံး သက်တော်ရှည်ဆရာတော်ကြီး ဦးစေနွာဘာသမာ အင်းတော်ကြီးဘုရား၊ အင်းတော်ကြီးဒေသနှင့် ပဋ္ဌာန်းဆက်များ ရှိသည်ဟု ကြားသိပြီးပါသည်။

သို့ပါ၍ ဒေသခံနှင့် ဆရာတော်ကြီးအကြောင်း သိခဲ့သူရှိများမှ ရေးသားပေးပို့ကြပါရန် မေတ္တာရပ်ခံ ပန်ကြား အပ်ပါသည်။

လေးစားစွာဖြင့်...

ဦးကျော်မိုးသိန်း

စာတည်းရေးမှူး

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

ဘီးလင်းမြို့

ကျိုက်ထီးဆောင်းတောင်ကုန်းပြောပါက

ထူးခြားဆန်းကြယ်သည့်

မွန်ပြည်နယ်သည် သဘာဝ ပထဝီအနေအထားအရ နေချင်စဖွယ်ကောင်းသော ပြည်နယ်ဖြစ်သည်။

နိုင်ငံကျော် တန်ခိုးကြီးဘုရားများ၊ အပန်းဖြေစရာကမ်းခြေများ၊ မြို့ပေါ်များ၊ ရေပူစမ်းနှင့် လေ့လာစရာနေရာများစွာ ရှိသည်။

နိုင်ငံကျော် ဆံတော်ရှင် ကျိုက်ထီးဆောင်းစေတီတော်မြတ်ကြီးသည် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ် ဇုတ်သုတ်စံပြကျေးရွာတွင် တည်ရှိသည်။

စေတီတော်မြတ်ကြီးကို ဂဝံကျောက်ဆစ်တုံးများဖြင့် တည်ဆောက်ထားပြီး ဘုရားပရိဝုဏ်အတွင်းတွင် ဂဝံယဉ်ကျေးမှု အနုလက်ရာမြောက်မြားစွာကို တွေ့ရသည်။

ကျိုက်ထီးဆောင်း ဆံတော်ရှင် စေတီကို ယခင်က **"ထီးစောင်းစေတီ"** ဟု ခေါ်ကြသည်။

မြန်မာသက္ကရာဇ် ၁၃၃၅ ခုနှစ်တွင် ယခု ပုံလွန်တော်မူသွားပြီးဖြစ်သော ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညာဒီပမှ အဓိဋ္ဌာန်ပြု၍ ထီးတော်အသစ် တင်လှူခဲ့သည်။

ထိုအခါ ထီးတော်သည် ယခင်ကကဲ့သို့ စောင်းမနေတော့ဘဲ တည့်မတ်စွာ တည်ရှိနေသောကြောင့် ကျိုက်ထီးဆောင်းစေတီဟု အမည်သစ်တွင်ကာ နာမည်ကျော်ကြားလာခဲ့သည်။

ကျိုက်ထီးဆောင်း ဆရာတော် ဘဒ္ဒန္တပညာဒီပသည် ရသေ့ဝတ်ဖြင့် တောတောင်အနှံ့ နေရာတော်တော်များများသို့ တရားအားထုတ် ကျင့်ကြံခရီးထွက်တော်မူခဲ့သည်။

ဥပဇ္ဈာယ်ဆရာတော် ကျန်းမာရေးအခြေအနေကြောင့် အာ၊ ဒကာမများ လျှောက်ထား တောင်းပန်မှုအရ ကျိုက်ထီးဆောင်းစေတီပေါ်ရှိ သေနေသော မျောက်လုတ်ပင်ခြေရင်းတွင် စံကျောင်းအဖြစ် သတ်မှတ်ကာ ဂဝံကျောက်တုံးကို ခေါင်းအုံးအဖြစ် သတ်မှတ်၍ တရားကျင့်ကြံအားထုတ်ခဲ့သည်။

ထိုအခါ မျောက်လုတ်ပင်သည်သေနေရာမှပြန်လည်ရှင်သန်လာပြီး ကျိုက်ထီးဆောင်းစေတီကိုလည်း ဘက်စုံပြုပြင်မွမ်းမံခဲ့သည်ဟု သိရှိရပါသည်။

ထို့ပြင် ကေလာသတောင်တန်းပေါ်ရှိရှေးဟောင်းဘုရားများကိုလည်း ဘက်စုံပြုပြင်မွမ်းမံပြီး ကတ္တရာလမ်းများ ခင်းနိုင်ရေးအတွက် ကိုယ်တိုင်ကြီးကြပ်လမ်းညွှန်မှုပေးနိုင်ခဲ့သည်။

သာသနိက အဆောက်အအုံများကိုလည်း ပြုပြင်မွမ်းမံတော်မူသည့် ဆရာတော်ဘဒ္ဒန္တပညာဒီပ၏ အဓိဋ္ဌာန် အောင်မြင်ခြင်းလည်း ဖြစ်ပါသည်။

ဘုရားပရိဝုဏ်အတွင်းတွင် ထူးဆန်းသော အရာများစွာရှိသည့်အနက် အုန်းပင်တစ်ပင်လည်း ပါဝင်သည်။ အထူးသဖြင့် အုန်းပင်၊ ကွမ်းသီးပင်၊ ထန်းပင်တို့မှာ ပင်စည်မှ ခွဲထွက်ပြီး သားတက်ထွက်သည့် ထုံးစံမရှိချေ။

သို့သော် ခါးလည်မှ သားတက်(၃)ခု ခွဲထွက်သော အုန်းပင်ကို ထူးဆန်းစွာ တွေ့မြင်ရသည်။ ဆံတော်ရှင် ကျိုက်ထီးဆောင်းစေတီကို လာရောက် ဖူးမြော်ကြသူတိုင်း တွေ့မြင်နိုင်ပါသည်။

အကယ်၍များ နက္ခတ္တရောင်ခြည် မဂ္ဂဇင်း စာဖတ်သူပရိသတ်များ မွန်ပြည်နယ်သို့ရောက်ရှိခဲ့ပါက **ကျိုက်ထီးဆောင်းဆံတော်ရှင်စေတီနှင့် ဆရာတော်ဘဒ္ဒန္တပညာဒီပ၏ အဓိဋ္ဌာန်အောင်ရာနေရာ မျောက်လုတ်ပင်နှင့် ထူးခြားသည့် အုန်းပင်**ကိုလည်း လာရောက်ဖူးမြော် လေ့လာနိုင်ပါကြောင်း တင်ပြလိုက်ရပေသည်။

(ဓာတ်ပုံမှတ်တမ်း ရရှိအောင် Viber ဖြင့်ပို့ပေးသော ညီလေး ဦးအောင်နိုင်၊ ဒုတိယမြို့နယ် ပညာရေးမှူး မော်လမြိုင်မြို့နယ် ပညာရေးမှူးရုံးအား အထူး ကျေးဇူးတင်ရှိပါသည်။)

လှထွန်းနွေ(စက်ရံ)

www.burmeseclassic.com

www.burmeseclassic.com

注册 商標

ရိပို့– ကျားရတနာဆေးသည်
တရုတ်ပြည် ရှေးခေတ် ကေရာဗမ်းဒေသ

နှန်းတွင်းတွင် အသုံးပြုသော
ဆေးတော်မြတ်ဖြစ်သည်။





龍鳳寶

ရိပို့– အမျိုးသားအားဆေး
ကျားရတနာဆေး

မြန်မာတိုင်းရင်းဆေးဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။

နာဂါးဈာမထီရတနာ (လုံဖုန့်ပေါင်)

(ဗယာဂ်္ဃားသုံးအဆင့်မြင့်အားဆေး) မှတ်ပုံတင်အမှတ် TMR-009365 (1014)

ရိပို့– ကျားရတနာဆေး (မူလအမည်။ နဂါးကျားအားမာန်ဆေးလုံး)သည် တရုတ်ပြည် ရှေးခေတ်ကေရာဗမ်း နှန်းတွင်းတွင် အသုံးပြုသော ဆေးတော်မြတ်ဖြစ်သည်။ ၎င်းသည် ဘုရင်မှ မောင်းမခံသမျှား။ ချောမောလှပသည့် မိဇုရားတို့နှင့် ကာမဂျော်ပါးရာတွင် သီးသန့်အသုံးချရန် ဖြစ်သည်။

ဤလျှို့ဝှက်ဆေးနည်းသည် ယခုအထိ စဉ်ဆက်မပြတ် ဆက်ခံလာသည်မှာ အနှစ်(၄၀၀)ကျော်ရှိပြီ ဖြစ်ပြီး။ သူ့လောက၏ နတ်သိကြား. ဆေးဟု တင်စားခြင်းခံရပေသည်။ ဤဆေးကို ရရှည်ဖိုဝဲသုံးစွဲပါက အသက်ရှည်၍ အစဉ်နုပျိုစေပါမည်။ မန်ချူးမင်းဆက် ကေရာဗ် ချန်လုံသည် ကာမစည်းစိမ်ပျော်စံ၍ အသက်(၈၉)နှစ်အထိ နေထိုင်နိုင်ခဲ့ခြင်းမှာ ရိပို့–ကျားရတနာဆေးကို ရရှည်ဖိုဝဲသုံးစွဲခြင်းကြောင့် ဖြစ်သည်။

အဓိကကုသမှု ။ ယောကျ်ား ကျောက်ကပ်အားချို့တဲ့၍ သုက်ရည်နည်းခြင်း။ ပန်းညှိ၍ မထိန်းနိုင်ဘဲ သုက်ယွင်စောခြင်း။
အာနိသင် ။ ကာမရာဂဖိတ် ဝိုစေ၍ နုပျိုလာစေမည်။ ကျောက်ကပ်အားပေး၍ လူသန်စွမ်းကာ အသက်ရှည်စေသည်။

ဖြန့်ချိရေး– ဦးမြင့်ဆွေ(သားမျှား)– မြန်မာဆေးမှုစုံလိုင်း C-264(D)ရုံ မြေအောက်ထပ်၊ သိမ်ကြီးရွေ့။ ဖုန်း–၂၅၄၇၂၅၊ ၀၁၉၈၉၀။ ❖ဆိုင်အမှတ်(၂၈) ရေးကြီး၊ မော်လမြိုင်ပြို့။ ဖုန်း ၀၃၂–၂၃၁၁၄။ ❖ဒေါ်ဆယ်ဆေးတိုက်–အမှတ်(၆၉၉)၊တရုတ်တန်း၊ ပြည်ပြို့။ ဖုန်း–၂၁၂၆၂။ ❖မဂ္ဂုရီမြန်မာဆေးဆိုင်–(၂၉)လမ်းနှင့်(၈၄)လမ်းထောင့်၊ မန္တလေး။ ❖ပြန်နှာဆေးဆိုင်–အမှတ်(၁၀)၊မင်းလမ်း၊ ဝိုင်းကဝိုင်းတောင်၊ ပဲခူးပြို့။ ဖုန်း–၂၂၁၀၆။ ❖မောင်မျိုးဆေးဆိုင်–၄/ကျောင်းလမ်း၊ ပြောက်ဥက္ကလာ။❖ကန့်ကော်ရုံး၊ အမှတ်(၈၁/၈၂)၊လာရှိုးပြို့မရွေ့။ ဖုန်း–၀၈၂–၂၂၁၁၆။ ❖နေလကြယ်ဆေးတိုက်–(၆)လမ်း၊ တောင်ငူပြို့။ ဖုန်း–၀၄၄–၂၁၀၃၉။❖အခန်း(၈) အဝေးပြေးဂိတ်ဝင်း၊ ကင်မလင်းကျွန်း၊ ပုသိမ်ပြို့။ဖုန်း–၂၁၄၂၁။ ❖ကိုသိန်းရွှေ–အမှတ်(၁၈၇)၊ရွှေပြည်သာရွေ့။ ပုသိမ်ပြို့။ ❖ရွှေစွန်ညီစတိုး–ဒေါ်ခင်စန်းမိ(၃၁/အေ)၊ ကုန်းသည်လမ်း၊ပုသိမ်ပြို့။ ဖုန်း–၂၁၃၁၅။ ❖ရောစ်–အမှတ်(၅၂/၈)၊ ကုန်းသည်လမ်း၊ ပုသိမ်ပြို့။ ❖ဇော်ထွန်းဦး–ည/၁၄၀၊ ဦးကြီးခမ်းလော်လမ်း၊ ဦးကြီးအမ်း၊ တောင်ကြီးပြို့။ ဖုန်း–၀၈၁–၂၃၀၂၄။ ❖မြတ်မွန်ဆေးဆိုင်၊ မြစ်ကြီးနာ။ ဖုန်း–၀၇၄–၂၂၉၉၅။ ❖ပါးယမ်းပြို့ အမှတ်၆၂/၆၃၊ ဈေးရုံ(၈)၊ဈေးရပ်ကွက်–ဦးကျော်လင်း။ ❖အမှတ်(၁၂၂)၊ရာဇာလမ်း၊ ပိန်းကန်ရွာ ခရမ်းပြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း–၂၄၄၃၀၄။ ❖စကားဝါဆေးနှင့် ဆေးပစ္စည်းဆိုင်–အမှတ်(၃)၊ မြင်းခြံပြို့။ ဖုန်း–၀၆၆–၂၁၄၄၁။❖Topကုန်မာဆိုင်– လားရှိုးလမ်း(နာရီစင်အနီး) ပြင်ဦးလွင်ပြို့။ ဖုန်း–၀၈၅–၂၁၂၄၆။ ❖ဒေါ်ဆယ်ဆေးတိုက်–အမှတ်(၆၉၉)၊တရုတ်တန်း၊ ပြည်ပြို့။ ဖုန်း–၂၁၂၆၂၊ ၀၈၅–၂၁၂၄၆။ ❖ဦးစိန်သန်း+ဒေါ်နီနီဝင်း–ဆေးပဒေသာ၊ ရတနာမာရိတောင်ရပ်၊ စိတ္တသုခဂေဟာ၊ ရတနာမာရိတောင်ဘုရားအနီး၊ မိတ္ထီလာပြို့–ဖုန်း၂၁၃၉၂။ ဦးအောင်ပြင့်နှင့်သားသမီးများ(ဆေးပစ္စည်းဆိုင်)အမှတ် (မ/၁၂၂)၊ ဘူတာတောင်ဘက်လမ်း၊ အရှေ့ပြင်ရပ်၊ မိတ္ထီလာ–ဖုန်း–၂၂၀၄။ တက်နေဝန်းမြန်မာ့ဆေးလုပ်ငန်း–ရေနံအရှေ့ဘက်၊ နေပြည်တော်လမ်း၊ စစ်ကိုင်းဖုန်း–၀၇၂–၂၂၀၂၂။ ထွန်းသောင်စတိုး–ဖုန်း–၂၁၆၉၃၊ ဆောင်းဟောမာန်ဆေးပစ္စည်း ပြို့မ ၆၃၊ အင်းတာရပ်ရွေ့၊ မြစ်ကြီးနာ။ ဖုန်း–၂၂၁၀၆။❖ပျဉ်းမနာပြို့၊ ပွဲကတော်ဆေးဆိုင်၊ အမှတ်(၁၁၁)၊ (၃)လမ်း၊ မင်္ဂလာရပ်ကွက်–ဦးထင်ဦး+ဒေါ်ပြသန်း။ ❖ဦးကျော် ကွန်ပျူတာဆိုင်–ဝိုလ်ချွတ်လမ်း၊ ဝမ်ကောင်းရပ်၊ တာချီလိတ်ပြို့။ ဖုန်း–၆၁၂၂၊ ပဲခူးတိုင်း သာယာဝတီပြို့၊ ဈေးအတွင်း–ဒို့ညီနောင်ဆေးဆိုင်။ ❖ ကရုဏာဆေးဆိုင်–၃၂/အားကားဒေါင့်၊ သထုံတံတားလမ်း၊ မော်လမြိုင်ပြို့။ ဖုန်း–၀၃၂–၂၂၇၃။❖ဇာတ္တန်းစတိုး–မြန်မာ့ဆေးချိုးစုံနှင့်အလှကုန်ဆိုင်(၃)ရုံ၊ လိုင်း(အေ)၊❖ဆိုင်အမှတ်–(၂၈)ဈေးကြီး၊ မော်လမြိုင်ပြို့။ ဖုန်း–၀၃၂–၂၃၁၁၄၊❖ကိုအင်ငယ် (ဆေးတိုက်) ထုံတိုလိစိမ်း၊ ဆိပ်ငယ်ရပ်၊ ဖြိတ်ပြို့။ ဖုန်း–၀၃၆–၄၁၆၀၄။

ပင်ရင်းဖြန့်ချိရေး – ရိပို့ဆေးတိုက်အမှတ်(၁၄)၊ ပထမထပ်၊ ထီးထန်း(၂)လမ်း၊ ကမ်းနားလမ်း၊ သီရိမင်္ဂလာဈေးအနီး၊ ဟုတ်လမ်းမှတ်တိုင်အနီး၊
ကြည်မြင့်တိုင်ပြို့နယ်၊ ရန်ကုန်ပြို့။ ဖုန်း–၀၉–၅၂၀ ၉၈၆၀၆၊ ၀၉–၅၀၅ ၀၈၁၂၊ ၀၉–၇၉၄ ၉၀၁၅၀၁၊
Ph- 09-730 98606, 09-505 8108, 09-4200 18721, 09-794 550507.

www.burmeseclassic.com

www.burmeseclassic.com

ဖြိုင်မြို့နယ်မှ ရဟန္တာဟု သမုတ်ခြင်းခံရသော မင်းကန်ဘုရားလယ်ကျောင်းဆရာတော်

ဦးပဉ္စာဘိဝံသ

ဂါရဝပြု ပူဇော်ခြင်း (၄)

သံသရာခရီးသည်တစ်ဦး



ကျောင်းတော် လက်ရှိပြင်ကွင်း

ယခင်လမ္ဘ အာဆက်

မင်းကန်ရွာနှင့် အလှမ်းမဝေးလှသော ညောင်ဦးမြို့နယ် လောကနန္ဒာစေတီ အနီးတစ်ဝိုက်နေရာသည် ရှေးယခင်ကပင် သတ္တဝါများ ခိုလှုံဘေးကင်းရာ အဓိကရ အောင်မြေဖြစ်ကြောင်း မိန့်ကြားလေ့ရှိ၏။

သေဉ်လည်ကြောင်မင်း လက်ထက်တွင် ဘကောင်းမှ မောင်တင့်တယ်မောင်နှမ ရိုနားသော စံကားပင်အား ရောဝတီမြစ်တွင်း မျှောချခဲ့ရာ လောကနန္ဒာဆိပ်ကမ်းတွင် တင်ကျန်သဖြင့် ဘုရင်က နတ်မောင်နှမ ရုပ်တုထုကာ ပုပ္ပါးတွင် နေရာပေးထားသည်။

အနော်ရထာမင်း လက်ထက်တွင် သီဟိဠ(သီရိလင်္ကာ)မှ စွယ်တော်ပွားတစ်ဆူ လှူဒါန်းရာ ဤဆိပ်ကမ်းတွင် ဘုရင်ကိုယ်တိုင် လည်ပင်းမြှုပ်သည်အထိ ရေထဲဆင်း၍ ပင့်ဆောင်တော်မူခဲ့သည်။

အလောင်းစည်သူ မင်းကလည်း အဓိဋ္ဌာန် ကျွန်းနက်ပင်တစ်ပင် စိုက်ပျိုးခဲ့ရာ ယခု စေတီကုန်းတော်၏ လှမ်းတစ်ဖက် ရောက်အနီး၌ ရှိဆဲဖြစ်သည်စသည်ဖြင့် မိန့်ကြားလျက် ဘေးမဲ့တော ဖြစ်လာစေရန် ဆန္ဒရှိတော်မူသည်။

မကြာမီ ယခင်အစိုးရလက်ထက် နိုင်ငံအကြီးအကဲ ပုဂံ ညောင်ဦးသို့ ရောက်လာရာ ဦးတင်ဆန်းက တင်ပြသဖြင့် ဆရာတော်ကြီးဆန္ဒအတိုင်း လောကနန္ဒာဘေးမဲ့တော ရေယာ (၈၀)ကျော်ခန့် ပေါ်ထွက်ခဲ့ကြောင်း ဦးတင်ဆန်းက တယ်လီဖုန်းမှတစ်ဆင့် ပြောပြခဲ့သည်။

(လောကနန္ဒာ ဘေးမဲ့တောတွင်းရှိ နယ်ချဲ့တော်လှန်ရေး ခေါင်းဆောင် ဗိုလ်ချို ပုန်းအောင်းခဲ့သော ဂူပြောက် ဘုရားနှင့် ကမ္ဘာက အထူးစိတ်ဝင်စားရှု မြန်မာနိုင်ငံတွင်သာ ရှိသည့် ကြယ်လိပ်မွေးမြူရေး လုပ်ငန်း အကြောင်းတို့ကို နက္ခတ္တရောင်ခြည် မဂ္ဂဇင်း စာမျက်နှာပေါ်တွင် တင်ပြခဲ့

www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးဆီက ကျန်ဆော်



ဆရာဘဉ်ဆောက်ခြံမှ ကျန်ခြံဆီက

ပြီး ဖြစ်ပါသည်။)

ဘေးမဲ့တောမြေပုံကိုလည်း စိုက်ထူထားရာ တောရကျောင်းမှာ သတ်မှတ်မြေ၏ အနောက်မြောက်ထောင့်အစွန်းဌ်ရှိကြောင်း တွေ့ရသည်။

အိုင်းမ–ပန်းတိုင်းတော သွားလမ်းနှင့် ညောင်တွင်း–ပန်းတိုင်းတော သွားလမ်း နှစ်ခုအကြား မြေလွတ်မြေရိုင်းကို ဆရာတော်က တောရဆောက်တည် စောင့်ရှောက်ခဲ့ခြင်း ဖြစ်သည်။

ညောင်တွင်းရွာသည် ဆရာတော်၏ ခမည်းတော် နာမကျန်းဖြစ်စဉ် နေထိုင်ပြုစုခဲ့ရာ ရွာဖြစ်သည်။ တောရ၏အရှေ့ထောင်ထောင့် ရှိပေသည်။

တောရတွင်းဝယ်

ဘေးမဲ့တော ဆိုင်းဘုတ်အနီးတွင် သောက်ရေကန်ကြီး တစ်ကန့် တူးဖော်ထားသည်။ ရပ်နီးရပ်ဝေး ဒါယကာများ ဝိုင်းဝန်းကုသိုလ်ပြုကြရာ စုစုပေါင်း ကျပ်သိန်း(၂၀၀)ကျော် ကုန်ကျခဲ့ပြီး ဖြစ်သည်ဆို၏။

စက်ယန္တရားများဖြင့် တူးဖော်ခဲ့သော်လည်း အောက်ခံ သဲမြေထုကြောင့် ရေမနေ၊ ရေမမြဲကြောင်း သိရသည်။ ဦးအုန်းရွှင်က ဤသို့ ရှင်းပြသည်။

'ဦးတင်ဆန်းက ကွယ်လွန်သွားတဲ့ သူ့သမီးကို ရည်စူးပြီး ဆရာတော်ကြီး အတွက် နဝကမ္မ သိန်း(၂၀)၊ ကျောင်းအုတ်တံတိုင်းအတွက်(၁၀)သိန်း၊ ဓရကန်အတွက်လဲ ကုန်ကျငွေတွေ လျှပါတယ်။

ဒါကြောင့် ဆရာတော်ဘုရား အဲဒီဝတ္ထုထဲက တောရကျောင်းမှာ ခေါင်မိုးကကျတဲ့ မိုးရေကို လှောင်ဖို့ အုတ်ကန်အလတ်စားတစ်ကန် လုပ်ထားရင် တောရကျောင်းမှာ ရေအခက်အခဲ မရှိတော့ဘူးပေါ့။ နွေရာသီရောက်ရင် ပတ်ဝန်းကျင်ရွာတွေက ရေစည်လှည်းတွေနဲ့ တိုက်ပြီး လာလှူနေရတာမျ။

ဆရာတော်က ဘာပြန်ပြောသလဲ ဆိုတော့...

"အဲဒီဆိုင် ဝါတစ်ယောက်တည်း ယောက်ရှာပေါ့။ ရေကန်တူးတဲ့အထဲ ထည့်လိုက်ရင် သတ္တဝါအများ သောက်နိုင်တယ်။ သစ်ပင်ဆွေလဲ ရရတယ်"

လို့ ဆိုပါတယ်'

ဦးတင်ဆန်းကလည်း...

'တောရကျောင်းမှာ ဆရာတော်က ထန်းလက်မိုးတဲကလေးနဲ့ပဲ နေတယ်။ ကျွန်တော့်နှမတစ်ယောက်က ဖရဲလေးတစ်ဆောင် ဆောက်ပါရစေလို့ ခွင့်တောင်းတယ်။ အမှန်က ဆရာတော် သီတင်းသုံးနိုင်မယ့်ကျောင်း ခိုင်ခိုင်ခံ့ခံ့ကလေး ဖြစ်စေချင်လို့ပါ။ ခွင့်ပြုလို့ ဆောက်ပြီးတော့ ကျွန်တော်တို့တွေ ရောက်သွားကြတယ်။

အဲဒီမှာ ရေကန်တူးလက်စ အခြေအနေပါ။ ဆရာတော်ဘုရား ဒီတောဝန်းကျင်မှာ ထန်းသမားတွေလောက်ပဲနေတယ်။ သူတို့လဲရှိလှ ဆယ့်လေး, ငါးဦးပါ။ ဒီရေကန်ကြီး တူးပြီး ဘာလုပ်မှာလဲလို့ လျှောက်တော့ **"ရေရှိမှ သစ်ပင်တွေ စိမ်းလန်းစိုပြည်မယ်။ သတ္တဝါလေးတွေလဲ အသက်ဆက်နိုင်တာပေါ့"** လို့ မိန့်တော်မူပါတယ်။

သူ့အတွက် သူနဲ့ ပတ်သက်တဲ့ လူတစ်စုအတွက် မဟုတ်ဘူး။ အများအတွက် ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် မွန်မြတ်တဲ့ စေတနာပါ'

ဟူ၍ ပြောပြခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဟောရုဇကျောင်းဆောင်သစ်

သောက်ရေကန်ပေါင်မှ တောရကျောင်းဆီသို့ ဆင်းလာခဲ့ကြရာ သွပ်မိုး၊ ဇလီကာ တစ်ထပ်အဆောက်အအုံကို တွေ့ရသည်။ နောက်မှ ဆောက်လုပ်ကြသော ကျောင်းဖြစ်သည်။ အတွင်း၌ တင်ပျဉ်ခွေရုပ်ပွားတော်တစ်ဆူ ပူဇော်ထားသည်။

ဆရာတော်၏ ဇနီးလက်ကျောင်းကလေးမှာ ထိုကျောင်း၏ လက်ဝဲတက် အရှေ့ထောင့်နားတွင် ရှိခဲ့သည်။

အကာမရှိ ထန်းလက်မိုး ဝါးကပ်ခင်းကျောင်းဖြစ်ရာ ပူပြင်းသော ကာလမီးလောင်ပါက ကျောင်းကြီး အပါအဝင် ပတ်ဝန်းကျင် သစ်ပင်များပါ တောမီးကူးစက်နိုင်ကြောင်း ဦးအုန်းရှင်က လျှောက်ထား ခွင့်တောင်းကာ တဲကျောင်းကလေးကို ကန်ဦးစေတီကုန်းတော်အောက်သို့ ရွှေ့ပြောင်းခဲ့ကြောင်း သိရသည်။

၁၃၂၂ ခုနှစ်၊ ဆောင်းဦးကာလတွင် တောရကျောင်းသစ် ဆောက်လုပ်ပြီးချိန် ရောက်ချသောအခါ ကျောင်းအနီးကုန်းမြေကွက်လပ်သို့ သမင်ငါးကောင် လာရောက်ကာ ဆရာတော်အား စတ်ပြုသကဲ့သို့ ပြိမ်သက်နေခဲ့ကြသည်ဟု ပြောပြကြသည်။

သာမန်အချိန်တွင်ကား အေးမြသည့် ချုံနွယ်သစ်ရိပ်ရှိရာ လျှိုများအတွင်း နားခိုနေလေ့ ရှိကြသည်။

၁၄-၉-၂၀၁၃ နေ့တွင် ချောင်းပုံကန် ဘေးမဲ့တော ဖွင့်ပွဲအခမ်းအနားပြုလုပ်ရာတွင် ရုပ်သံရိုက်ကူးရေးအဖွဲ့က သမင်များရှိကြောင်း သိရသဖြင့် ရှာဖွေရိုက်ကူးရာ လျှိုများအတွင်း နားနေကြသည့် သမင်အချို့ကို မှတ်တမ်းတင်နိုင်ခဲ့သည်ဆို၏။

ဘေးမဲ့အဆောင်

တောရမြေတွင် လောက်စာလုံးအရွယ် ကျစ်စာလုံးအချို့ တွေ့ရှိရသည်။ ခွဲကြည့်ပါက အတွင်း၌ နီညိုရောင်သတ္တုရော ပါဝင်ဟန် မြင်တွေ့ရသည်။

သံလိုက်တုံးနှင့် စမ်းကြည့်သောအခါ သံမလိုက်ပါ။ သံမဟုတ်သော အခြားသတ္တုစုပ်တစ်မျိုး ဖြစ်ဟန်ရှိသည်။ဒေသခံများက **"ဘီလူးမထမင်းအိုး"** ဟု ခေါ်ကြသည်။

အိမ်ဂေဟာများတွင် ရေအိုးစင်အောက်၌ ထားချ ဘေးရန်ကင်းဝေးစေသည့် အဆောင်အဖြစ် အသုံးပြုကြသည်။

ဆရာတော်၏ ဘေးမဲ့တောရအတွင်းမှ အမြုတေမြေလုံးများဖြစ်ရာ ဘေးမဲ့အဆောင်ပြုခြင်းမှာ သင့်မြတ်လှပါသည်။

စားဖိုဆောင်တွင် ထားပါက စားနပ်ရိက္ခာအတွက် အခက်အခဲ မကြုံနိုင်သည့်အပြင် ခရီးလမ်းပန်း ဘေးကင်းစေရန်အတွက်လည်း သုံးနိုင်သည်ဆို၏။

သီးပင်အချို့

တောရမြေအတွင်း ဩဇာပင်၊ ခံပင် (အမ) စသည် သစ်ပင် ဝေဝေဆာဆာ တွေ့ရသည်။ ဦးသိန်းလွင်နှင့် ဦးအုန်းရှင်တို့က ရင့်နေပြီဖြစ်သော ဩဇာသီးအချို့ ခူးဆွတ်၍ လက်ဆောင်ပေးရာ မှည့်သောအခါ အလွန်ချိုမြိန်လှကြောင်း တွေ့ရသည်။

ခံပင်မှာ ဒေသခံတို့က တောခံပင်ဟု ခေါ်သော အမပင်ဖြစ်သည်။ အသီးသေး၍ မှည့်သောအခါ အလွန်ချိသည်။

ခံပင် အဖိုပင်မှာ အရွက်ပုံ အပွင့်နှင့် ခူးပါသည်ခြင်း တူညီသော်လည်း အသီးမှာ ဆီးသီးအရွယ်ရှိ၏။ အမပင် အသီးထက် ကြီး၍ မှည့်သောအခါတွင် အရသာမှာ အမပင် အသီးထက် အချို နည်းသည်။

အလားတူပင် **ပုဏ္ဏမသီးများ**ကို အနိုင်လိုက် တွေ့ရသည်။ အညာဒေသ ပေါက်ပင် ဖြစ်ဟန်ရှိသည်။ ချဉ်ပင်မျိုး ဖြစ်သည်။

အသီးမှာ ကုလားပဲခြမ်းအရွယ်ရှိ၍ ရင့်မှည့်လျှင် အညိုရောင် ပြောင်းသွားသည်။ ယင်းကို ကိုက်ဝါးကြည့်ပါက ချဉ်ပြုံးပြုံး အရသာရှိ၏။ နွားကျောင်း

www.burmeseclassic.com

www.burmeseclassic.com



◆ အရှေ့ဘက်ကုန်းစောင်းမှ ဆောက်လက်စ ဘန်ဆောင်း

စေတီမြင်ကွင်း ၃

သားများအတွက် **သဘာဝသရေစာ** ဖြစ်သည်ဆိုတ်။ ဆေးကျမ်းများတွင် ရှာမတွေ့ပါ။

နာနတ်ရိုင်းပင်ခေါ် တောနာနတ်ပင်များကိုမူ ပေါများစွာ တွေ့ရသည်။ အဖူးထွက်သော ဖူးတံ၏ အူတိုင်ကို နွားစာအဖြစ် သုံးကြသည်။ ယင်းအူတိုင်နှင့် ထန်းလျက်ဖြင့် ယိုထိုးစားလေ့ရှိကြသည်။

အညာဒေသ သရေစာဖြစ်ကာ ဝမ်းကိုက်နာအတွက် ဆေးလည်း ဖြစ်သည်။ အရွက်၏ အမျှင်ကလေးများမှာ အလွန်ခိုင်ခံ့သည်။ နာနတ်မျှင်နှင့် ဝါချည်ရောထားသော နာနတ်ချည်သည် နိုင်လွန်ချည်များ မပေါ်မီက အခိုင်ခံ့ဆုံး အဝတ်ချည် ဖြစ်ခဲ့လေသည်။

ချောင်းပုံကန်စေတီ

တောရကျောင်းနှင့် မဝေးလှသော ကုန်းမြင့်ထက်တွင် ချောင်းပုံကန်စေတီ ရှိသည်။ ဆရာတော် ဦးမာယိန္ဒသည် သ၂၁ ခုနှစ်မှ စတင်ကာ ဤတောရသို့ ရောက်လာတိုင်း ကျောက်တုံး တစ်တုံးစီ သယ်ကာ ကုန်းမြင့်ထက် ပုံထားခဲ့သည်။ စေတီတည်ရန်ဟု သိရသဖြင့် နီးစပ်ရာ ဒကာတို့ကလည်း လမ်းကြုံလျှင် သယ်လာပေးကြသည်။

ဆယ်နှစ်အကြာတွင်ကား ညောင်တွင်းဆရာတော်ထံ ခွင့်ပန်ကာ ဤစေတီနှင့်အနီးရှိ ရေကန်ကို တည်ဆောက်ဖြစ်ခဲ့သည်။

ပန်းရန်ဆရာမခေါ် ဆရာတော်ကိုယ်တိုင် တည်လုပ်ခဲ့သည်ဆို၏။ မူလပုံစံမှာ ကျောက်တုံးများကို စည်ပိုင်းပုံထုလုံးရှည်အုတ်ဖိနပ် ခံကာ အထက်၌ သဲပုံစေတီသဏ္ဌာန် တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ ဉာဏ်တော်အမြင့်(၁၂) ပေခန့် ရှိခဲ့သည်။

ထိုစေတီကို ၁၃၃၂ ခုနှစ်၊ ဝါဆိုလဆန်း(၈)ရက်နေ့တွင် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာ ကျင်းပ ပူဇော်ရာ စိုတွင်းရွာ ကံသာအေးကျောင်း ဆရာတော် ဦးကုန္ဒောဘာသက မိမိအပါအဝင် သံဃာငါးပါး လှည်းဖြင့် ကြွရောက်၍ အနေကဇာတင်ကြကြောင်း မှတ်တမ်းပြုထားသည်။

(ကုန်းတော်ရှိ ကျောက်စာကပ္ပည်းတွင်မူ ၁၃၃၀ ပြည့်နှစ်တွင် ဦးမာယိန္ဒ စတင် တည်ထားကြောင်း မှတ်တမ်းပြုထားသည်ကို တွေ့ရ၏။ လ,ရက်များ မပါရှိသဖြင့် မှန်းဆဖော်ပြထားဟန်ရှိ၏။)

အနေကဇာတင်ပွဲတွင် သံဃာများအား နေ့ဆွမ်းကပ်လှူကာ ပရိသတ်များအားလည်း ထမင်းဟင်းများ ကျွေးမွေးခဲ့ကြောင်း ဖတ်ရှုရ၏။

အသွားအလာ နည်းပါးသေးသည့် ထိုစဉ်ကာလကပင် ချောင်းပုံကန်စေတီပွင့်ထွန်းတော်မူသည်ကို ပရိသတ်အများ ဝမ်းမြောက်ဝမ်းသာ လာရောက်ပူဇော်ခဲ့ကြောင်း ယူဆဖွယ်ရှိ၏။ ယခုအခါ နှစ်စဉ် တပို့တွဲလဆုတ်(၁)ရက်နေ့တွင် စေတီပူဇနီယပွဲတော်ကို စည်ကားစွာ ကျင်းပလေ့ရှိသည် ဆို၏။

မူလစေတီကို အောက်ခြေ ရှစ်မျက်နှာ၊ ရှစ်မုခ်ပါ စေတီအဖြစ် ၁၃၀၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၀) ရက်နေ့တွင် ပြန်လည်မွမ်းမံခဲ့ကြကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



၁ အရောင်ရှိသည့် တောင်သီးများ

၂ အကြီးရဲ့ခြင်္သေ့ ပျားသီးများ

အိပ်စက်မိပါကဆွဲယူဖယ်ရှားခြင်း ခံရလေ့ရှိသည်။ အနီးအနား၌ ဆီးသွားခြင်း စသည် မဖွယ်မရာ ပြုမိပါကလည်း ယင်းကဲ့သို့ပင် ခံစားကြရသည် ဆို၏။

ဆရာတော်သည် တောရအတွင်း ဆိတ်ငြိမ်သော ဤကဲ့သို့ လှုံမြောင်များ၌ ရက္ခမူဓုတင်ဆောင်၍ တရားရှုမှတ်လေ့ရှိသည်။ တစ်ခါသော် ယုန်လိုက်သူတစ်ဦးသည် တောရအတွင်း သို့ ခွေးများနှင့်အတူ ယုန်လိုက်ထွက်ရာ လှုံတစ်ခုအတွင်း ခွေးဟောင်သံများ ကြားရသဖြင့် မိန်းကို ကိုင်ကာ ဝမ်းသာအားရ ပြေးသွားသည်။

အနီးသို့ ရောက်သောအခါ ခွေးများ ဝိုင်းဟောင်နေသည်မှာ ယုန်မဟုတ်ဘဲ ဆရာတော်ကြီး ဖြစ်နေသည်။ သို့ဖြင့် ခွေးများ ခေါ်ယူကာ အခြားလှုံတစ်ခုသို့ ထွက်ခွာသွား၏။ မကြာမီ ခွေးဟောင်သံများကြားရသဖြင့် သွားကြည့်ရာ ဆရာတော်ပင် ဖြစ်နေသည်။

ထိုနေ့က တောရအနှံ့ သူရောက်လေသမျှ လှုံမြောင်များတွင် ဆရာတော်က ကြိုတင်ရောက်နှင့်နေသည်ကို ကြုံရသဖြင့် ကြောက်ရွံ့ထိတ်လန့်စွာ ရှိခိုးတောင်းပန်၍ တောရမြေတွင် ယုန်လိုက်ခြင်း မပြုတော့ပါဟု ကတိပေးလေသည်။ ***(ဦးသန်းထွန်းက ယုန်လိုက်သူအမည်ကို ပြောပြသော်လည်း ပုဂ္ဂိုလ်ရေးအရ ချန်လှပ်ခဲ့ပါသည်။)***

ဘုန်းကြီး ခိုးပုံကြသူများ

ချောင်းပုံကန်တောရတွင် လေ့လာမှတ်တမ်းပြုပြီးနောက် မင်းကန်ရွာသို့ ပြန်လာကြရာ ဦးသိန်းလွင်က ဆရာတော် ရိတ်သင်ထားသည့် ဆံတော်များ လုံးခဲနေသည်ကို ယူပြပေးသည်။

ထို့နောက် ဆရာတော်နှင့် ပတ်သက်၍ သူ၏ အတွေ့အကြုံကို ပြောပြသည်။

'ဆရာတော်က ချမ်းသာဆင်းရဲ မျက်နှာကြီးငယ် မခွဲခြားလို့ ကိုးကွယ်ဖြစ်ပါတယ်။ ဆရာတော် အိပ်ရာပေါ်လဲနေတော့ ဦးအုန်းရွှင်နဲ့ တိုင်ပင်ပြီး အထူးသူနာပြုငှားဖို့ တိုင်ဝင်တယ်။

နောက်တော့ ဦးဆီလာသဆီသွားပြီး တပည့်တော်တို့က ငွေအားလူအား ကုသိုလ်ပြုပါမယ်။ အခိုးပြည့် ကြီးကြပ်ပေးပါဆိုတော့ သဘောတူ

www.burmeseclassic.com

www.burmeseclassic.com

ဆော်အစီရိုရောက် လက်ရှိမြင်ကွင်း

တယ်။ ဒါနဲ့ အထူးသူနာပြုကို သုံးရက် တစ်ယောက်နှုန်းနဲ့ မပြတ်လပ်ရအောင် ဝါယမစိုက်ကြတယ်။

ဦးအုန်းရှင်ကလဲ သူ့တောင်သူ အလုပ်နဲ့။ ကျွန်တော်က ကျောင်းဆရာ တာဝန်တစ်ဖက်၊ ပန်းပဲလုပ်ငန်း တစ်ဖက်နဲ့ဆိုတော့ အနီးကပ်ကြီးကြပ် ဖို့ရာ ကျောင်းက ဦးပဉ္စင်းတွေကိုပဲ တောင်းပန်ရပါတယ်။

ပန်းပဲလုပ်သားတွေကလဲ ဆရာ တော်ကို ကြည်ညိုရင်းစွဲရှိတာမို့ ကျွန်တော် နောက်ဆံမတင်းရအောင် ညီညီညွတ်ညွတ်နဲ့ တာဝန်ကျကြပါ တယ်။

ကျွန်တော်က လောကီသဘာဝ ဖပါ့လေ။ မိသားစုအတွက် ကားလေး တစ်စီးလောက်တော့ လိုချင်တယ်။ တော်သင့်ရုံပေါ့။ ငွေက မစုမိနိုင်ဘူး ဖြစ်နေတယ်။ ဆရာတော်ကို ပြုစုလို့ (၅)လလောက်အကြာမှာ အစ်မဖြစ်သူ က ဟောဒီ Light Truakကားကလေး ကို ဈေးရင်းအတိုင်း ရောင်းပေးတယ်။

အဲဒီအချိန်မှာ ပန်းပဲလုပ်ငန်းကလဲ အဆင်ပြေတယ်။ သံတိုသံစတွေက အစ ရောင်းထွက်သွားလို့ အတွင်း ပစ္စည်း ထုခွဲစရာမလိုဘဲ ကားတစ်စီး ရခဲ့တယ်။

ဆရာတော်ကို ပြုစုရတဲ့အကျိုး ဆရာတော်ရဲ့ ဘုန်းရိပ်လုံလို့ ရတာပဲလို့ ယုံကြည်ပါတယ်။ လက်တွဲလုပ်ခဲ့တဲ့ ဦးအုန်းရှင်လဲ ကျွန်တော့်လိုပဲ ကား တစ်စီး ဝယ်နိုင်ခဲ့ပါတယ်'

အလားတူပင် / တောရအတွင်း ဧသောက်ရေကန်အတွက် သိန်းများစွာ အကုန်အကျခံကာ ယန္တရားစက် ငှားရမ်း တူးဖော်ပေးသော ဒကာသည် လည်း ကန်တူးနေစဉ်ပင် သိန်းထောင် ချီသော ကျောက်အောင်သဖြင့် လျင်မြန် စွာပြန်၍ စိမ်ခန့်ခွဲခဲ့ရသည်ဆို၏။

ဦးတင်ဆန်းသည်လည်း ဆရာ တော်အား သဒ္ဓါပြည့်ဝစွာ လှူဒါန်း ဆည်းကပ် ကိုးကွယ်ရသည့် နောက် ဝိုင်း ကျောက်မျက်လုပ်ငန်းတွင် အထူး အောင်မြင်မှုရခဲ့သည်ဟု သူ၏ မိတ်ဆွေများက ပြောပြသည်။

ဦးဝိလာသကမူ ဤသို့ မိန့်သည်။

'ဆရာတော်နဲ့အတူ မန္တလေး သွားရ တော့ ကင်မရာလေးတစ်လုံး ဝယ်လာ တယ်။ တစ်နေ့မှာ အဲဒီကင်မရာလေး ရှာမတွေ့တော့ဘူး။ ဖြစ်နိုင်တာက ကျောင်းပြင်လမ်းမှာ ကျခဲ့ဟန်တူပါ တယ်။ သာသနာရေး၊ ကုသိုလ်ရေး ကိစ္စတွေမှာ ဆရာတော်ကြီးတွေ ကိုယ်စား သွားလာလှုပ်ရှားနိုင်တဲ့ ဦးပဉ္စင်းတို့အရှယ်တွေက သွားလာ လုပ်ကိုင်ပေးရတော့ ခရီးက များတယ် လေ။

ဒါနဲ့ ဆရာတော်ကြီးကို တိုင်တည်ပြီး ရွှင့်ကြဲရင် ပြန်ရလိုကြောင်း စိတ်နဲ့ လျှောက်တယ်။ နောက်တစ်နေ့မှာ ကျောင်းသူကလေး တစ်ယောက် ကောက်ရလို့တဲ့ ဆရာမက လာပို့သွား လို့ ကင်မရာ ပြန်ရတယ်။

ဒါထက် ကြီးကျယ်တာ ရှိသေး တယ်။ ဒကာ,ဒကာမတွေစုပြီး လှူ ထားတဲ့ ဆိုင်ကယ်တစ်စီးရှိတယ်။ ဒါကို စီးတော့ ဆရာတော်ကြီးက **"ခြေကျင် သွားရင်တောင် လမ်းပေါ်က ပိုးမွှား သတ္တဝါတွေ သတိထား ရှောင်နေရ တာ။ ဆိုင်ကယ်နဲ့ဆိုရင် မင်းမှာ အကုသိုလ်တွေ အများကြီးဖြစ်တော့ မှာပဲလို့"**. မိန့်တော်မူတယ်။

တစ်နေ့တော့ ရွာလမ်းမှာ မိုးရေနဲ့ ဗွက်ကလဲ ရှိနေတော့ လူတစ်ယောက် နဲ့ တိုက်မိတယ်။ နံရိုးကျိုးသွားတာများ။ ဖြစ်မှတော့ ထောင်ကျရုံ ရှိတာပဲ။ လာမယ့်ဘေး ပြေးတွေ့မယ်ပေါ့။

ဒါပေမယ့် ပြဿနာ ငြိမ်းအေး အောင် ကူညီတော်မူပါလို့ ဆရာတော် ကို တိုင်တည်၊ မိဘနှစ်ပါးကို လှုပ်ကွေး ခဲ့ပါတယ်ပေါ့လေ။ ပြုခဲ့တဲ့ကောင်းမှုကို သစ္စာပြုတယ်။

ရှေ့လ ဆက်ဖတ်ပါရန်

သံသရာဝဋ်းသည်တစ်ဦး

www.burmeseclassic.com

www.burmeseclassic.com

အဖြေရှာရခြင်းဖြစ်သော

သောကကင်းဝေးဝေနည်း

၂၀၁၆ ခုနှစ်၊ နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတွင်ပါသော **"မောင်ရင်ထွေး (မအူပင်)"** ရေးသားထားသည့် **"သောကကင်းဖို့ အစီအရင်တစ်ခု"** ဆောင်းပါးကို ဖတ်ရပြီးနောက် စာရေးသူသည် လွန်ခဲ့သော နှစ်ပေါင်း (၄၀)ကျော် ငယ်စဉ်ကျောင်းသားဘဝက တွေ့ခဲ့ရသည်ကို အဖြေရှာမရ၊ တွေးရှိမရသည်ကို တွေးတောစဉ်းစားကြည့်ရာမှ အဖြေရှာသိခဲ့ရပါသည်။

"မောင်ရင်ထွေး(မအူပင်)" ဆောင်းပါး **"သောကကင်းဖို့ အစီအရင်တစ်ခု"**ကို အကျဉ်းချုပ် ဖော်ပြရလျှင် ငွေတစ်သိန်းနီးပါး ပျောက်သဖြင့် စိတ်ညစ်နေစဉ် ဘကြီးဦးတင်ငွေက ပျံလွန်တော်မူပြီးသွားသော ဆရာတော် ဦးဇဝန၏ သောကပြေပျောက်စေသော အစီအရင်ကို ပြောပြပါသည်။

"မည်သည့်နေ့မဆို နံနက်(၆)နာရီမှ (၉) နာရီအတွင်း ကြွေပန်းကန်ထဲတွင် သစ်ခွပန်းဆိုက်ထားသော ကြက်သွန်ဥကို ထည့်ထားရမည်။

ကြွေပန်းကန်ရှေ့မှ ဖယောင်းတိုင်တွန်းပြီး ဘုရားလှူကာ လူနတ်ပြဟ္မာသတ္တဝါတွေကို မေတ္တာပို့ပြီး ကိုယ်ခံစားနေရသော သောကတွေ ပြေပျောက်ဖို့ ဆုတောင်းရပါမည်။

သောက၊ သူဋ္ဌိ၊ ကြက်သွန်၊ သစ်ခွဆိုသည်မှာ ကက်ကင်းဓာတ်များ ဖြစ်သလို ကြွေပန်းကန်ထဲထည့်ပြီး လှူတာကတော့ ကြွေဆိုတဲ့ မည်တ်သဘောနဲ့ သောကတွေ ကြွေအောင် လုပ်ခိုင်းသည့် သဘောဟု ဆရာတော်ကြီးက ပြန်ဖွင့်ခဲ့ခြင်း ဖြစ်ပါသည်။

အထက်ပါဆောင်းပါးကို ဖတ်ရပြီးနောက် စာရေးသူ တွေ့ကြုံခဲ့ရသည်ကိုလည်း ဖော်ပြပါမည်။

စာရေးသူသည် ငယ်စဉ်ကတည်းက မိဘများနှင့်အတူ ကသာမြို့တွင် နေထိုင်သည် မှန်ကန်သော်လည်း မွေးရပ်ဇာတိဖြစ်သော ထီးချိုင့်မြို့သို့ ရက်ရှည်ကျောင်းပိတ်တိုင်း ဆွေမျိုးများထံ ရောက်နေမြဲဖြစ်ပါသည်။

တစ်ခါသော် အမေမောင်ဝမ်းကွဲတော်သည့် လေးလေးအိမ်သို့ရောက်သွားပါသည်။ ထိုအိမ်တွင် ဘုရားတင်လှူထားသည်ကို မြင်ရပြီးနောက် အကြောင်းရှာ၍မရခဲ့ပါ။

ဘုရားဆွမ်းတော်ကပ်၊ ရေတော်ကပ်၊ သစ်သီး၊ မုန့်၊ စားဖွယ်၊ ဆီမီးလှူသည်မှာ မထူးဆန်းပါ။ ယနေ့မြင်တွေ့ရသည်က **ကြွေပန်းကန်ပြား ပေါ်တွင် သစ်သားပြား တင်ထား၍ သစ်သားပြားပေါ် သံကွင်းချထားသည်။ သံကွင်းထဲ သကြားများ ထည့်ပုံပြီး၊ သကြားပုံပေါ် ကြက်သွန်ဥ တင်ထားသည်။**

ဖယောင်းတိုင်တစ်တိုင် ထွန်းထားပြီး ရေဖန်ခွက်တစ်ခွက်ကို လည်း လှူထားသည်။

ထို့ကြောင့် မည်သည့်အစီအရင်လား၊ ယတြာချေတာလား၊ စသည်တွေးမိပြီး ပန်းလှူတာ၊ ဆွမ်းလှူတာ ဆိုလျှင် မဆန်းပါ။

ယခု မြင်ရသည်က သကြားပုံပေါ် ကြက်သွန်ဥ တင်လှူထားခြင်း ဖြစ်နေသည်။ ထိုအခြင်းအရာကို တွေးမိတိုင်း စာရေးသူသည် အဖြေမပေါ်ခဲ့ပါ။

မောင်ရင်ထွေး(မအူပင်)ကို ဖတ်ရမှ အဖြေပေါ်ခဲ့ပါသည်။ သို့သော် မတူကွဲပြားနေပါသည်။

ကက်ကင်းဓာတ်သဘောအရ လှူထားခြင်းဖြစ်ပါမည်။ သစ်သားပြားသည် ကျွန်းသား ဖြစ်ပါက ကျွန်းသား၊ သံကွင်း သကြား၊ ကြက်သွန်တို့သည် အောက်ပါအတိုင်း ဖြစ်နိုင်ပါသည်။ ကက်ကင်းဓာတ်လည်း ကျပါသည်။

ကျွန်းသား – ၂.၆
သံကွင်း – ၆.၂
သကြား – ၆.၂
ကြက်သွန် – ၂.၆

ကြွေပန်းကန်ပြားပေါ် တင်ထားခြင်းနှင့် ဖယောင်းတိုင်(မီးပူဇော်)ထွန်းထားသည်တို့လည်း တူပါသည်။ ရေတော်တစ်ခွက် လှူထားသည်က ပိုပါသည်။ ရေတော်လှူခြင်းက အေးချမ်းငြိမ်းအေးစေသည့်သဘော ဖြစ်ပါသည်။

စာရေးသူ တွေးပြီး အဖြေရှာမရခဲ့သော်လည်း ယခု အဖြေရှာရသဖြင့် "မောင်ရင်ထွေး(မအူပင်)"၏ သောကကင်းဝေဖို့ အစီအရင်ကို ဖြည့်စွက်ခြင်း ဖြစ်ပါသည်။

လိုတာထက် ပိုသွားမည်သာဟု လည်း တွေးမိပါသည်။ တစ်ဖန် သစ်ခွပန်းဆိုသည်မှာ အချိန်မရွေး ရှာ၍မရပါ။ **သကြားဆိုသည်က အချိန်မရွေး ဝယ်၍ ရနိုင်ပါသည်။**

သို့ဖြစ်၍ **ကျွန်းသားနှင့် သံကွင်း မပါချင်နေ၊ သကြားပုံပေါ် ကြက်သွန်ဥတင်လျှင်လည်း ရနိုင်လိမ့်မည်ဟု ထင်ပါသည်။**

သူဋ္ဌိဘေးမှ ကင်းဝေးကြ၍ သောကအပေါင်း ကင်းပျောက်ကြပါစေဟု ဆုတောင်းမေတ္တာ ပို့သပါသည်။

ကာသာ သင်းမွှေး

www.burmeseclassic.com

www.burmeseclassic.com

ဆေးစွမ်းထက်မြက်ကြောင်း အကြားမပိုတဲ့

သမားအိုဆေးထိုက်

မှ ထုတ်လုပ်သော နှုန်းတွင်းလိမ်းဆေး၊ လေးဖက်နာဆေး၊ နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး

သီပေါမင်း ပါတော်မူပြီး နောက်နှစ်တွင်းသမားတော်ကြီးများ ပြို့နယ်အသီးသီးသို့ ပြန့်ကျဲရောက်ရှိခဲ့ကြရာ ဘီလူးကျွန်း။ ကမာပွန်ရွာသို့ ရောက်ရှိခဲ့ကြသည့် နန်းတွင်း သမားတော်ကြီး ဦးပန္ဓ၀၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ် တော်လှန်ရေး ခေါင်းဆောင် ဆရာစံ (သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို **သမားတော်ကြီး ဦးနွယ်၏မြေး သမားတော်ကြီး ဦးတင့်လွင်(ပြည်မ/ဗိုလ်ကြီး) စနစ်အဆင့်ကျင်သိန်း။ တိုင်းရင်းသမားတော် ဦးသန်းဇော်၊ ညီမအေးခင် ခင်ထွေး**တို့ အကြောင်းပြု ပေါင်းစုလျက် သမားအိုဆေးတိုက်မှ ပြန်မှာဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

သမားအို နှန်းတွင်းလိမ်းဆေးကြီး

[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ၀၅၁၀ YR ၀၀၀၉၉၇]

[လိုင်စင်အမှတ် ၁၀/၂၀၀၈ တဆထလ တိုး(၀၁၂၁)]

မြန်မာ့နန်းတွင်း အစဉ်အဆက် သုံးစွဲခဲ့သည့် လိမ်းဆေးဖြစ်ပြီး **ပရတ်၊ မင်သော် စသည့် ဆေးဂူများ မပါရှိသော** ဆေးအေးဖြစ်၍ ဘေးထွက်ဆိုးကျိုး လုံး၀ မပါရှိဘဲ အပူနာများကိုပါ သက်သာပျောက်ကင်းစေကြောင်း အာမခံသည့် လိမ်းဆေးတစ်လက်ဖြစ်သည်။

ပျောက်ကင်းစေသော ရောဂါများ

သမားအို နန်းတွင်းလိမ်းဆေးကြီးသည် အဆစ်၊ အမြစ်၊ အကြောရောင်/နာ၊ ကိုက်ခဲခြင်း၊ ဒူးနာ၊ ခါးနာ၊ လေးဖက်နာ၊ ဂေါက်နာ၊ ဇက်ထိုး၊ ခေါင်းမှဲ၊ ခေါင်းကိုက်၊ ပန်းနာ၊ ရင်ကျပ်၊ နှာစေး၊ နှာပိတ်၊ ထိပ်ကပ်နာ၊ အရိုးကျိုး၊ အဆစ်လွဲ၊ အဆစ်ပာ၊ ဒဏ်နာဖြစ်၊ လက်ကပ်ခြင်းနှင့် အပူလောင်ခြင်းများကို သက်သာပျောက်ကင်းစေပါသည်။

အသားပစ်ခြင်း၊ အသားကွဲခြင်း၊ ဝက်ပြဲ၊ တင်းတိပ်၊ နေလောင်ကွက်များကို ညအိပ်ရာဝင်ချိန်၌ မျက်နှာအား ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပြီးမှ ဆေးလိမ်း တစ်ရှူးကပ် အိပ်ပါ။

နေ့စဉ်ရက်ဆက် လိမ်းပေးခြင်းဖြင့် **"အသားအရေ ဖြူနုရောမွတ်ပြီး မကြုတ်မှုးအောင် အလှထူးစေသည်"** ကဲ့သို့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ မန္တလေးတောင်ကျိုက်ထီးရိုးတောင်ပုပ္ပါးတောင်ကဲ့သို့ အလေ့အကျင့်မရှိသော တောင်တက်ဘုရားဖူးခရီးသည်များ သုံးစွဲလျှင် ထုံကျဉ်ညောင်းညာ ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းစေသည့်အပြင် ကျိုးပေါင်းရောဂါ၀ေဒနာရှင်များ အသားထဲ စိမ့်ဝင်အောင် ညှပ်သာစွာ လိမ်းပေးခြင်းဖြင့် ကျိုးပေါင်းရောဂါ၀ေဒနာများ အချိန်တိုအတွင်း သက်သာပျောက်ကင်းစေပါသည်။

ဓာတ် နက္ခတ္တဗေဒာင်ခြည်ဓာတ္တဇင်း

သမားအို

လေးဖက်နာဆေး

[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ၀၃၀၅ YR ၀၀၀၆၃]

လူတစ်ယောက်၏ခန္ဓာကိုယ်အား သိပ်ပံနည်းကျ သွေးစစ်ကြည့်ခြင်းဖြင့် **ယူရစ်အက်စစ် အလွန် များနေခြင်း။ အေအက်စစ်အို သီတာယူနစ်(၂၀၀)ထက် ရှိခြင်း။ နောက်ဆုံး အာအေ စစ်သပ်မှုၦ (+) အပေါင်းလက္ခဏာတွေ့ရှိခြင်း**စသည်ဖြင့် လေးဖက်နာရောဂါအဆင့်ဆင့်တို့ကိုသိရှိနိုင်ပေသည်။

လေးဖက်နာရောဂါ၏ ဆင့်မြှင့်အရောဂါများမြောက်သော နှလုံး၊ ဦးနှောက်၊ ဦးပေါင်းရောဂါများ မခြောက်မှားအောင်ရန် ကြိုတင်ကာကွယ်သည့်ဆေးဂုဏ်များ သမားအို လေးဖက်နာဆေးတွင် ထည့်သွင်း ဖော်စပ်ထားပါသည်။

သမားအိုလေးဖက်နာဆေးတွင် သက်စောင့်ဆေးဖက်များ ပါရှိသည့်အတွက် ရာသီဥတုဇောခိုင်ပြီး တရားထိုင်သူများ၊ ယာဉ်မောင်းသူများ၊ စက်ချုပ်သမားများ၊ လက်နှိပ်စက်နှင့် ကွန်ပျူတာ အော်ပရေတာများ ဤဆေးကို မှန်မှန် စားသုံးသွားပါက ဆီး၀င်၊ လေမှန်ကန်ပြီး ကျန်းမာရေးနှင့် ညီညွတ်ကာ ကိုယ်လက်ပေါ့ပါး သွက်လက်စေပါသည်။

သမားအို နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး

[တိုင်းရင်းဆေးမှတ်ပုံတင် ၀၃၁၁ YR ၀၀၃၀၆၂]

မြန်မာ့နန်းတွင်းသမားတော်ကြီးများ အသုံးပြုခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်သည်။ **နှလုံးသွေးကြောကျဉ်းခြင်း။ ကျယ်ခြင်း။ နှလုံးကျပ်ခြင်း။ နှလုံးဆုံးလွှန်းခြင်း။ မောပန်းခြင်း။နှလုံးအားနည်းခြင်း။ နှလုံးရောင်ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုး**တို့ကို သက်သာပျောက်ကင်းစေပြီး စိတ်ဓာတ်ကို ကြည်လင် လန်းဆန်း၍ ဉာဏ်ရည်ထက်မြက်စေသော **"သတ္တဂုဏ်"** နှင့် ပြည့်စုံသော ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသူကျောင်းသားများနှင့် ရဟန်းသံဃာ အရှင်မြတ်များ စာမေးပွဲနီးသော အခါ၌ လည်းကောင်း၊ ပရိယတ္တိ၊ ပဋိပတ္တိ ဝန်ဆောင်ရာ၌ လည်းကောင်း အစဉ်အလာအားဖြင့် အောင်မြင်စွာ သုံးစွဲခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ-၀၂၉၃၃) ဝန်း-၀၉-၄၉၂၆၄၃၀၃ သို့ ဆွေးနွေး၊ ကိုင်ပင်နိုင်ပါသည်။

သမားအို ဆေးဘိုက်

အမှတ်(၄၇)၊ (၁၀)လမ်း၊ မင်္ဂလာဒုံအနီး

မင်္ဂလာတောင်ညွန့်ပြိုငယ်၊ ရန်ကုန်မြို့

ဖုန်း ၂၉၀၆၃၀ အပြီးပြီရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကြည်ညိုဖို့မယ်ရာ ရတနာထွဋ်ခေါင်စေတီကြီးအား အထေးမူပြီးလို့

ဘောင်ကြွယ်မြတ်
(စစ်ကိုင်းတောင်)

စစ်ကိုင်းတောင်ခွင် သမိုင်းဝင်စေတီများ

၏ အောင်ပြေနှင့် ဂြိုဟ်ပူဇော် ပါဏာယော်များ (၄၁)

ရတနာထွဋ်ခေါင်စေတီတော်

**နမောတဿ ဘဂဝတောအရဟ
ထော သမ္မာသမ္ဗုဒ္ဓဿ။**

[၃–ကြိမ် ရွတ်ဆိုပါ။]

ရာနာထွင်ခေါင် ပါမောက္ခ
နာနာတဟို တနက်။
ရာဟုလာဒေဝီ ယာဝိတံ၊
ဇနာပိ သိရ သာဒရံ။

ခြုံငုံအဓိပ္ပာယ်

အတံ–"..." နာမသမုတ် အကျွန်ုပ်သည်၊

ရာဟုလာဒေဝီ– ရာဟုလာဒေဝီခေါ် စိုးမင်းကိုယ်တော်ကြီးသည်၊

ဓာဝိတံ– ငါးထောင်သာသနာ ထိုးကြွားအောင် ရည်ကာ သတ်မှတ်ထည့်ထားအပ်သော၊

နာနာဓာတု နိဓာနကံ–ရှင်တော်မြတ်ဘုရား၏ ဓာတ်တော်မွေတော်တို့ဖြင့် ဌာပနာအပ်ပါသော၊

ရတနာထွဋ်ခေါင် ပါမောက္ခံ– ရတနာထွဋ်ခေါင် လူ့ဘောင် ကျော်ကြား စေတီတော်မြတ်ကြီးအား၊

သိရသာ–ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊

အာဒရံ– လေးမြတ်ကြည်ညိုရိုသေလှစွာ၊

ဝန္ဒာမိ–ဂြိုဟ်ပူဇော် ဖူးမြော်မာန်လျော့ကန်တော့ပါ၏ ဘုရား။

ဘုရားတည်နှစ်။ ။ သက္ကရာဇ် ၆၈၂ ခုနှစ်ခန့်။

ဘုရားဒါယကာ။ ။ ရာဟုလာဒေဝီခေါ် စိုးမင်းကိုယ်တော်ကြီး။

တည်နေရာ။ ။ မင်းဝံတောင်ထိပ်၊ ထွဋ်ခေါင်ရွာ၊ စစ်ကိုင်းမြို့။

ပွဲတော်ရက်။ ။နှစ်စဉ် နတ်တော်လဆန်း (၇)ရက်၊ (၈)ရက်။

အောင်ပြေ။ ။ တနင်္ဂနွေထောင့်ခြေသုံးကြိမ်အနီး။

အစောင့်အရှောက်။ ။ ရွှေမင်းဝံဘိုးဘိုးကြီး။

ထူးခြားချက်။ ။ ရတနာထွဋ်ခေါင်စေတီတော်ကြီးသည် စစ်ကိုင်းမြို့၏ **"ရတနာကိုးဆူ"** တွင် **အမှတ်စဉ် "တစ်"** အဖြစ် မှတ်တမ်းဝင် စေတီဖြစ်လေ၏။

စစ်ကိုင်းတောင်၏ အနောက်ဘက်တွင် အပြိုင်သွယ်တန်းလျက်ရှိသော မင်းဝံတောင်ထိပ်၏ အမြင့်ဆုံးတောင်ထွတ်ပေါ်၌ တည်ရှိလေ၏။

စစ်ကိုင်းတောင်နှင့် မင်းဝံတောင်မှာ ညီနောင်သဖွယ် အလွန်လှပစွာ အပြိုင်သွယ်တန်းလျက်ရှိနေရုံမျှမက အမြဲ

www.burmeseclassic.com

www.burmeseclassic.com

ရောဇတီမြစ်ကြီးကလည်း ထွေးပိုက်ထားလေ၏။

ဘုရားရှင်၏ ဝံသူတော်ဘဝ၊ **ယုန်မင်းဘဝ၊ ရွှေသမင်ဘဝ၊ ကြက်မင်းဘဝ၊ ခိုမင်းနှင့် ခါမင်းဘဝတို့**တွင် အန္တရာယ်မရှိ ပျော်ရွှင်စွာ ရှင်သန်ခဲ့ရသော သာသနာအောင်မြေ တောင်တော်များဖြစ်လေသည်။

မင်းဝံတောင်၏ အောင်မြေဌာနတွင် **"ရတနာထွဋ်ခေါင် စေတီတော်"** မြတ်ကြီးကို သက္ကရာဇ် ၆၇၇ ခုနှစ်၊ စစ်ကိုင်းမြို့တည် နန်းတည် အသခ်ယာ စောယွမ်းမင်း၏သမီးတော် ရာဟုလာဒေဝီခေါ် သတိုးမင်းဖျား၏ မယ်တော် စိုးမင်းကိုယ်တော်ကြီးက မိမိတို့ ဆောက်လုပ် လှူဒါန်းထားသော စက်ကျောင်းအနီးတွင် တည်ထားကိုးကွယ်ခဲ့လေသည်။

မင်းဝံတောင်၏ အမြင့်ဆုံးနှင့် အလှပဆုံးတောင်ထိပ်တွင် စေတီတော် တည်ထားခဲ့သောကြောင့် ဘုရား၏ ဘွဲ့တော်ကိုလည်း **"ရတနာထွဋ်ခေါင် စေတီတော်"**ဟု သမုတ်တော်မူ၏။ စေတီတော်၏ ခြေတော်ရင်းမှ ရွာကိုလည်း ထွဋ်ခေါင်ရွာဟု ယနေ့တိုင် တွင်လေ၏။

ကျမ်းမြတ်ရွှေစာပေါင်း များစွာ ရေးသားပြုစုတော်မူသော နာမည်ကျော် ထွဋ်ခေါင်ဆရာတော်ကြီး အရှင် ဉာဏဝံသ သီတင်းသုံးသွားခဲ့သော ကြောင့် အထူးပင် နာမည်ဂုဏ်သတင်း ကျော်ကြားခြင်း ဖြစ်ပေ၏။

ထွဋ်ခေါင် ဆရာတော်ကြီးသည် ကား မင်းတုန်းမင်း ဆက်ကပ်သော **"ရာဇဂုရုဆွေ"**ကိုပင်ငြင်းတော်မူပါသည်။

အသခ်ယာ စောယွမ်းမင်းက သက္ကရာဇ် ၆၈၂ ခုနှစ် တန်ဆောင်မုန်းလဆန်း(၂)ရက်နေ့တွင် စက်ကျောင်းနှင့်တကွ မြေယာများကို လှူဒါန်းခဲ့လေ၏။

သမီးတော် စိုးမင်းကြီးကိုယ်တော်ကလည်း စေတီတော်၊ ရေကန်တော်နှင့်တကွ ကျောင်းတော်ကြီးကို တည်

ရတနာထွဋ်ခေါင်စေတီတော်ကြီး အဆီးကပ် ပုံမြင်ရစဉ်

ရတနာထွဋ်ခေါင်စေတီတော် ထောင်အပြ

ထွဋ်ခေါင်ဆရာတော်ကြီး တရားအားထုတ်ခဲ့သော ကိုက်ဂူတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com

ရာဇာနာထွဋ်ဆင်းရဟတ်ဘိဓိ အရာရှိဘဂင်္ဂမှ
ထောင်ပေါင်းများစွာသော စစ်ကိုင်းတောင်တောတို့ကြီး

ထောင်တောတို့ ပြောက်ဘက်မှ မင်းဆံတောင်ပို့ဆီ
ရှုမြင်ရပုံသာ. ခြင်္ကွင်းတန်ဆဲ

ရာဇာနာထွဋ်ဆင်းစေတီတော်ကြီး၏
အရံစေတီတော်တန်းလျားသော
ထူးခြားလှသည့် နဂါးစေတီထက်

ရာဇာနာထွဋ်ဆင်းစေတီတော်ထက်ဘက်မှ

ရာဇာနာထွဋ်ဆင်းစေတီတော်
အနီးမှ သစ်ကွင်းမျှားခြင် ထူးခြားလှသော မန်ကျည်းပင်ကြီး

www.burmeseclassic.com

www.burmeseclassic.com

ဆောက် ပါရမီဖြည့် ပူဇော်ခဲ့လေ၏။

အရံစေတီတော်များအဖြစ်...

အောင်ချမ်းသာစေတီတော်၊
ပြည်လုံးအေးစေတီတော်၊
ပြစေတီတော်၊
ရတနာဟောင်စေတီတော်
အောင်ဆေတီတော်၊
တစ်ဝဂုဏေတီတော်၊
နဂါးစေတီတော်နှင့် နေ့လယ်စွာ လိုက်ဂူ စေတီ၊

အထက်ပါ အရံစေတီတော်(၇)ဆူမှာ တစ်ဆူစီ၌ အဓိဋ္ဌာန်ယူ အားထုတ်ကြသူတိုင်း ပါရမီအရသော်လည်းကောင်း ခံယူသော သစ္စာအားဖြင့် သော်လဲညီးကောင်း သီလသမာဓိ အားပြု၍ ဆိုင်ရာကိစ္စရပ်များ အောင်မြင်ကြကြောင်း သိရလေ၏။

စေတီတော်ကြီး၏ မြောက်ဘက် ခြေတော်ရင်းမှ ရတနာထွဋ်ခေါင် ရေကန်တော်ကြီးကား သမိုးတော် စိုးမင်းကိုယ်တော်ကြီး အလှူတော် ဖြစ်လေ၏။

ဤရေကန်တော်ကြီး၌ လွန်ခဲ့သော နှစ်(၄၀)ခန့် (သက္ကရာဇ် ၃၃၃၃ ခုနှစ်က) **"အရှင်ဇောတိက"** ဘွဲ့တော်ရှိသော ရွာသစ်ကြီးမှ ရဟန်းတော်လေးတစ်ပါး သည် ရေကသိုက်း ရှုမှတ်အားထုတ်လေ၏။

- ၃၃၃၉ ခုနှစ်တွင် ရဟန်းတော်လေး အရှင်ဇောတိကသည် ရေကသိုက်း ပေါက်မြောက်သွားလေတော့၏။

ထိုရဟန်းလေးက ဤနှစ်ပ်အား...

'ဒကာကြီး... ရေကသိုက်းကို အားထုတ်ပွားများပါ။ အလွန် ကျေနပ်စရာတွေ ရှိပါလိမ့်မယ်။ ထိစိတ် သည် နာရီပေါင်းများစွာ ရက်ပေါင်းများစွာ မည်မျှကြာသော်လည်း ပုဂ်္ဂိုလ်ကြွေခြင်း ကင်း၍ ဒေသ၊ ဃာနဉ် ကိလေသာတို့မှ ကင်းဆန်းသာစေပါကား'

ဟု မိန့်တော်မူပါသည်။

ယခုအခါ မည်သည့်အရပ်တွင် သီတင်းသုံးနေကြောင်း မသိရပါ။

အရံစေတီတစ်ဆူ ဖြစ်သော **"အောင်စေတီ"**၏ အောက်ခြေတွင်



အရံစေတီတော်နှင့် ဝေဂုအောဆုတော်ရာ စေတီလိုက်ဂူတော်

ရတနာထွဋ်ခေါင်စေတီတော်၏ ထောင်ဘက်အရပ်မှ မြင်သံတောင်ထက်ရှိ အောင်စေတီ

ထွဋ်ခေါင်ဆရာတော်ကြီး စကြီးလျှောက်တော်မူခဲ့သော အုတ်ဂိုဟင်းကာလေးအား မြင်တွေ့ရပုံ

www.burmeseclassic.com

www.burmeseclassic.com



◆ စေတီတော်အတွင်းလိုဏ်အတွင်းမှ ရုပ်ပွားတော်များ

ရေးဆရာတော်ကြီးများ တရားကျင့် အားထုတ်ခဲ့ရာ လိုဏ်ဂူတော်ကြီးကို စိတ်ဝင်စားဖွယ်ရာ လေ့လာ တွေ့မြင် နိုင်ကြလေ၏။

ရတနာမောဠိစေတီမှာ ရတုနာ ထွဋ်ခေါင်စေတီတော်ကြီး၏ တောင် ဘက်စကြံကျောင်းအတွင်း တည်ရှိ လေ၏။ ထိုအရံစေတီကို မင်းတုန်းမင်း၏ အနောက်နန်းမိဖုရားကြီးက လှူ ဒါန်းထားလေ၏။

မြောက်ဘက်တွင် မြစေတီတော်ကို ကြည်ညိုဖွယ်ရာ ဖူးမြင်နိုင်ကြလေ၏။

ရတနာထွဋ်ခေါင် ဆရာတော်ကြီး အရှင်ဉာဏဝံသမထေရ်သည် သက် တော်(၂၈)နှစ်အရွယ်ကမင် တရား အားထုတ်ခဲ့လေရာ ဤမင်းဝံတောင် ထိပ်ရှိ ရတနာထွဋ်ခေါင်စေတီတော် ကြီး၏ အနီးတွင် သီတင်းသုံးခဲ့ခြင်း ကြောင့် စေတီတော်ကြီး၏ ဘွဲ့အမည် တော်နှင့် ကျော်ကြားခဲ့ခြင်းဖြစ်ကြောင်း မှတ်သားရလေ၏။

ရတနာထွဋ်ခေါင်စေတီကြီးမှ ရောင် ခြည်တော်များ ကွန့်မြူးခဲ့သောကြောင့် ညောင်ပင်သာ ဆရာတော်ကြီး ဦးပုည က သူ၏ ထုပဝင်တေးထဝ်တွင် ထိပ် ဆုံးမှ ဖော်ပြမှတ်တမ်းတင်ထားသည် ကို ဖတ်ရှုနိုင်ကြပါသည်။

❋ 'ရတနာထွဋ်ခေါင်
ခြောက်ရောင် မြူးတယ်
ရတနာဝံဦး နှိုင်းပမျှော်
ရတနာမုနိ လွန်ထင်ပေါ်သည်
ရတနာစံကျော် ကိုးဂဏ်ထူး
ရတနာဂိရိ ဖာလိမပြူတယ်
ရတနာပဌမ သုံးဘုံကိုင်ထူး
ရတနာပဝိစည် ထွန်းလှုံစုံတယ်
ရတနာပြတ်စည်ခုံ ဘဂဝ်မြူး

ရတနာပုံ ဝီးဟန်ဂူလို
ဖောင်မြူးလူး ထွန်းလှုံကြည်
ရတနာကိုးဆူ စိန်ဆွေယူ
စစ်ကိုင်းဌာန တတ်ပေါင်းမွေတော်စည်...

ဟူ၍ မှတ်တမ်းတင်ထားပုံကို **စစ်ကိုင်း သာသနာဝင်ကျမ်းတွင်** ဖော်ပြထားလေသည်။

ရတနာထွဋ်ခေါင် ကန်တော်ကြီး သည် လည်းကောင်း၊ ဆရာတော်ကြီး ကျင့်ကြံအားထုတ်ရာ လိုဏ်ဂူတော် ကြီးသည်လည်းကောင်း ဆရာတော် ကြီး တောရမှီခဲ့သော ဤနေရာ သာသနာမြေသည်ကား ရှေးဖြစ် ဟောင်း အောင်းမေ့ဖွယ်ရာ၊ လွမ်းမော ဖွယ်ရာ စခန်းသာလေး ဖြစ်လေ၏။

စေတီတော်မြတ်ကြီး၏ ပုံဟန်မှာ ကုလားကျောင်းခံ လိုဏ်မုခ်လေးဖက် ဖြင့် အလွန်ခမ်းနားလှပါပေသည်။

အရှေ့ဘက်မှ အဝင်ပြဿာဒ်တော် ကြီးကို စေတီတော်၏ မျက်နှာစာတွင် ဝင်ပေါက်သုံးမျက်နှာဖြင့် သီးခြားတည် ဆောက်ထားလေ၏။ မုခ်ဦး၏ အထက် တွင် ဘုံငါးဆင့်ထပ်တန်၍ တန်ဆာ ဆင် ပူဇော်ထားပါသည်။

အဝင်အထွက် မရောယှက်နိုင်ရန် ဝဲယာတွင် ပန်းထောင်ပေါက် ပန်းကနုတ်များဖြင့် ဖွင့်ထားလေ၏။

စေတီတော်ကြီး၏ ပင်မကျောင်း တော်ကြီးကို မုခ်ပလ္လင်တစ်ခုလျှင် ရုပ်ပွားတော်တစ်ဆူစီဖြင့် အပူဇော်ခံ ထားရှိလေ၏။

လိုဏ်မုခ်များ၏ အထက်ကွမ်း

◆ ရတနာထွဋ်ခေါင်စေတီမြောက်ဘက်မှ ထွဋ်ခေါင်ရွာကလေး

◆ ထွဋ်ခေါင်သရာဆောက်ကြီး သီတင်းသုံးခဲ့ရာ ကျောင်းဟောင်းလေး

www.burmeseclassic.com

www.burmeseclassic.com



◆ ရတနာတွင်ဆင်းစေတီတော်၏ အရှေ့စေတီပြန်သည့် ပုဂ္ဂိုလ်ထူးများ တရားအားထုတ်ရာ တစ်ထူးစေတီတော်

◆ ရတနာတွင်ဆင်းစေတီတော်ဝင်ပို့ အထက်လမ်းကလေး

◆ အင်းဝခေတ်၏ ပြောင်မြောက်လှပသော မိုးကုတ်ပျဉ်ချွန်ပြ တွင်ဆင်း တရားစခန်းတော်ကြီး၏ အနေအထားကို တွေ့မြင်ရလုံ



ထောင်တွင် ရာမလက်ညှိုးနှင့် ဒေါင်းရင်ဘတ်၌ သိကြားမင်းပုံဖြင့် စာဆာလှပစွာ ဆင်ယင်ထားပါသည်။

တောင်မြောက်နှင့် အနောက်ဘက် မုခ်တိုင်များ၏ထိပ်တွင် လေဒဏ် မိုးဒဏ်တို့အား ကြံ့ကြံ့ခံနိုင်သော မကင်းရုပ်များဖြင့် ကာကွယ်ထားရှိလေ၏။

ကျောင်းတော်ကြီး၏ အထက်ပထမပစ္စယံတွင် **ရွှေစေတီတော်(၄) ဆူတို့**ကို ရံထားလေ၏။

ဒုတိယပစ္စယံတွင် လည်းကောင်း၊ အထက်ဆုံး တတိယပစ္စယံတို့၌လည်း ကောင်း အမြဲကြက်ရေစင်အိုးသဏ္ဌာန် **ရွှေကြာသွတ်အိုးများ**ဖြင့် မြတ်စွာဘုရားအား ပူဇော်ထားလေ၏။

ထူးခြားချက်တစ်ခုမှာ မုခ်ဦးသုံးဖက်ရှိ ခေါင်ရိုးများတွင် ဘုံသုံးဆင့် ပါရှိသော အရံစေတီများဖြင့် တည်ဆောက်ထားဟန်မှာ ရှားပါးလှပသည်။

စေတီတော်ကြီး၏ ဖိနပ်တော် ပါပတောင့်များတွင် လှပသော ခြသေ့ပျိုတို့ဖြင့် အုတ်ခုံပေါ်၌ အစောင့်သဖွယ် ပါရှိလေ၏။

ခေါင်းလောင်းတော်၏ ခါးစည်းအထက်တွင် **ဗောဓိညောင်ရွက်တော်ကြီး ရွှစ်ရွက်ကို အထက်ထောင်လျက် တန်ဆာဆင်ထားပုံမှာ** မြတ်စွာဘုရားရှင်သည် အရပ်ရှစ်မျက်နှာ၌ မည်သည့်အရပ်ကိုမဆို မျက်နှာပြုတော်မူကြောင်း ဖော်ညွှန်းလေ၏။

ခါးစည်း၏အောက်၌ **နတ်ဘီလူးမင်းကြီးရှစ်ဦး၏ အစောင့်အရှောက်ကို** ဖော်ပြနေဟန် ဖြစ်လေ၏။

ဖောင်းရစ်များမှာ ခုနစ်ရစ် ထပ်ဆင့်ထားရှိလေ၏။ ယင်းသို့ ခုနစ်ဆင့်ထားရှိခြင်းမှာ ရတနာ(၇)ပါး၏ အမှတ်အသားဖြစ်လေရာ စေတီတော်ကြီး၏ ဘွဲ့မည်ဖြစ်သော **"ရတနာတွင်ဆင်ခေါင်"** ကို တင်စားထားခြင်းသာ ဖြစ်လေ၏။

ထုပိကာ၏လည်တိုင်မှာ အရပ်လေးမျက်နှာကို တိကျစွာ ညွှန်ပြထားလေ၏။ ကြာမောက်၊ ကြာလှန် နှစ်ထပ်စီဖြင့် ပင့်တင်ထားသော ခရေသီး၏ အထက်၌ သိကြားမင်းကြီး၏ ဥဿျောင်သဏ္ဌာန် ရွှေထီးတော်ကြီးဖြင့် အထွတ်တင် ပူဇော်ထားလေ၏။

စစ်ကိုင်းတောင်ထိပ်မှ ဆင်ယင်ပုံသည်

www.burmeseclassic.com

www.burmeseclassic.com

ရတနာထွဋ်ခေါင် ဘုရားတိုက် ဘုရားရှေ့ဆောင်



ရတနာထွဋ်ခေါင်ခေတ်တော်အဆီး

ရတနာထွဋ်ခေါင် ဘုရားတော်ကြီး

ရတနာထွဋ်ခေါင်ဘုရားတော်မှ ဘုရင်မတော်ကုံ

ရှင် ဧစေတီတော်ကြီး၏ ရွှေထီးတော်ကြီး အတိုင်း ဖြစ်လေသည်။

ရတနာထွဋ်ခေါင် စေတီတော်ကြီး သည်ကား မင်းဝံတောင်၏ အမြင့်ဆုံး အောင်မြေနေရာမြတ်တွင် တစ်ဆူ တည်း ထူးထူးခြားခြား တည်ရှိသော ကြောင့် ကောင်းကင်ယံ တိမ်တိုက် များထဲ ရောက်ရှိနေသကဲ့သို့ ခံစားကြရ လေ၏။

တောင်တော်မှ အရှေ့တစ်လွှား မျှော်ကြည့်ပါက ရတနာဘန်းဝင် **ပဏ္ဍိုများစေတီတော်**အား လည်း ကောင်း၊ တောင်ဗီလာဆရာတော်ကြီး ၏ **''လေးကျွန်းဆိပ်မီး''** ခေါ် **''တောင် ဗီလာစေတီတော်''** တို့ကို လည်း ကောင်း အလွန်လှပသော ဆေးရောင်စုံ ပန်းချီကားကြီးသဖွယ် စစ်ကိုင်းတောင် တော်နှင့် ကြည်နူးစရာ မြင်တွေ့နိုင်ပါ သည်။

စေတီရင်ပြင်တော်မှ တောင်ဘက် တစ်ကြော ရှုမြင်ကြည့်လိုက်ပါ မင်းဝံ တောင်ကြောဇ၏ တောင်ထွတ်များပေါ် မှ **''အောင်စေတီတော်''**၊ **''ရွှေဘုန်း ပွင့်စေတီတော်''** တို့အား တအံ့တသြ ရင်သပ်ရှုမောဖွယ်ရာ ဖူးမြင်နိုင်ပါသည်။

ရင်ပြင်တော်၏ အနောက်ဘက်တွင် ကား **''ရွှေမင်းဝံမုဋ္ဌောစေတီတော်''** မြတ်ကို စိမ်းစိုသာယာလှပသော တော ရိပ်တောတန်းများ၏ အထက်တွင် ဖူးလို့မဝ ကြည်နူးမဆုံး စိတ်နှလုံးကို အေးမြစေပါလိမ့်မည်။

တောင်တော်၏ မြောက်စူးစူးသို့ မျှော်ကြည့်မည်ဆိုပါလျှင် စစ်ကိုင်း တောင်တန်းကြီး၏ အလှဆုံး မြင်ကွင်း များနှင့်အတူ မင်းဝံတောင်၏ ရှုမဆုံး သော ပုံရိပ်များပေါ်တွင် အလွန် တင့်တယ်လှသော အခင်းအကျင်းများ နှင့်အတူ ရေခဲ့ဇောင်ထက်ဆီမှ မုဋ္ဌောစာရင်းဝင် **''ရွှေမြင့်မိစေတီတော် မြတ်''** အား ဖူးမြော်နိုင်ကြလေ၏။

စေတီတော်ကြီး၏ အရှေ့မြောက် ထောင့် အောင်မြေနေရာတွင် ခြေစုံရပ် ၍ စေတီတော်ကြီး၏ ဌာပနာတိုက် တော်အား အာရုံယူကြည့်စေချင်ပါ သည်။

မိမိကျင့်ကြံအားထုတ်ခဲ့သော သီလ သမာဓိ သစ္စာတို့၏ ပါရမီအလျောက် ထိုက်တန်သော အတွေ့အမြင်များကို ရရှိခံစား ဝမ်းမြောက်နိုင်ကြပါသည်။

ခံစားရရှိသော နိမိတ်များ၊ အာရုံ ထင်မြင်သော အကြောင်းအရာများမှာ တစ်ဦးနှင့်တစ်ဦး လုံးဝ ကွဲပြားခြားနား ကြမည်သာ ဖြစ်လေ၏။

ရရှိသော အာရုံအကြောင်းခြင်းရာ များသည် မိမိအတွက် ဘဝလမ်းညွှန် များသော်လည်းကောင်း၊ အခြားသူ တစ်ဦးတစ်ရာ၏ အောင်မြင်မှုရလဒ် များသော်လည်းကောင်း မြတ်နိုးကြောင်း ကိုယ်တိုင်အားထုတ်ခဲ့ တိုက်တွန်းလိုက် ရပါသည်။

စစ်ကိုင်းတောင်သို့ ဘုရားဖူးဖြစ်စေ၊ ဂန္ဓာရီခရီးဖြစ်စေ၊ သုတေသနခရီး အဖြစ် ဖြစ်စေ ရောက်ရှိခဲ့ပါက မဖြစ် မနေ ရောက်ရှိကြရမည့် အောင်မြေ နေရာထူးလည်း ဖြစ်ပါသည်။

တောပျော် ခါင်ကာလေးများ။ စစ်ကိုင်းတောင်တွင် ပေါက်ဖွားသော မောက်တင်ဂုက်ရောင်စုံများ။ တောင်ပိ စူးဂုက်ကလေးများနှင့် တစ်နှစ်ပတ်လုံး တွန်ကျူးတေးဆိုနေသော ဥဩငှက် တို့၏ ချစ်စရာအလှများကိုလည်း ပျော် ရွှင်စွာ ခံစားရရှိနိုင်လေ၏။

ရတနာထွဋ်ခေါင် စေတီတော်မြတ် ကြီးသည်ကား အမြဲဌာန်စည်း၊ ဘာဝနာ စည်း၊ သာသနာစည်းတို့ဖြင့် ထုံမွှမ်း လျက် ပြည့်စုံသောဌာန ဖြစ်လေ၏။

မိမိတို့၏ ဘဝခရီးတစ်လျှောက် ခံစားကျော်လွှားခဲ့ရသော အဆိုး အကောင်း၊ သောင်းပြောင်းထွေလာ စိတ်ရှုပ်စရာများ မေ့ဖျောက်နိုင်ကြမည့် နေရာထူးနေရာမြတ် ဖြစ်ပါသည်။

တစ်ခါတစ်ခေါက် လာရောက် ဖူးမြော်ရင်း စိတ်အပန်းဖြေနိုင်ကြဖို့ ဖိတ်ခေါ်လမ်းညွှန် ဒါနပြုလိုက်ရပါ သည်။

အဝဝရာဘေးမဝ အေးမြချမ်းသာ ကြပါစေ...

အောင်ရွှေမြတ်
(စစ်ကိုင်းတောင်)

www.burmeseclassic.com

www.burmeseclassic.com

အာရုံကြောနှင့် အကြောအားနည်းသူများအတွက်

ဝကြာမင်း

အမှတ်တံဆိပ်

အကြောအားဆေး

(ယာယီ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၇၁၀YR ၀၀၆၀ ၂၅)

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၂/၀၅၁၃

'မင်္ဂလာပါ ဆရာ'

'မင်္ဂလာပါပျာ။ ဘယ်သူတွေများလဲ မှတ်တယ် ရှေ့နေကြီး ဦးအောင်ဝင်းနိုင်တို့ကိုး။ ဘယ်က လုည့်လာကြတုံး'

'ဆရာ့ဆီ သက်သက်လာတာပါ။ ဒီ ကျွန်တော့်မိတ်ဆွေ ဦးဇော်ထွန်းက ရုံးဝန်ထမ်းဆိုတော့ အလုပ်များ၊ အထိုင်များလို့ပဲ တူတယ်။ ထိုင်မိုင်းလေးလံနေပြီး အမြဲတမ်း ညောင်းညာကိုက်ခဲကာ အကြောတွေတက်နေလို့ ညတိုင်းလိုလို နင်းခိုင်း၊ နှိပ်ခိုင်းနေတာ ဇတ္တဲ့တာနဲ့ ဆရာ့ဆီ ခေါ်လာတာ'

'ဒါဆိုရင် ဦးဇော်ထွန်းရဲ့ ညာဘက်လက် တစ်ချက်လောက် ပြပါဦး။ ကျွန်တော် သွေးစမ်း အဖြေရှာကြည့်မယ်'

'ဟုတ်ကဲ့ ဆရာ။ လိုအပ်သလိုသာ ကုသပေးပါ'

'ဪ... ဦးဇော်ထွန်းမှာ အာရုံကြောအားတွေ၊ အကြောအား တွေ နည်းလာလို့ အခုလို ဖြစ်လာတာပါ'

'အာရုံကြောအားနည်းရင် ဒီလိုမျိုး ခံစားရသလား ဆရာ'

'အာရုံကြောတွေ၊ အကြောတွေ အားနည်းလာရင် နောက်ကြောတက်၊ ဇက်ကြောထိုးခြင်း။ ခြေလက်တွေ အားမရှိသလိုဖြစ်ခြင်း၊ ခြေလက်တွေ တုန်ယင်လာတတ်ခြင်း၊ အမြဲတမ်း လေးလံထိုင်မိုင်းနေခြင်း။ ခြေကုန်လက်ပန်းကျသလို ခံစားရခြင်း။ အမြဲတမ်း လိုလို ခြေလက်တွေ ညောင်းညာတောင့်တင်းခြင်း။ ခြေလက်တွေ ကပ်ခြင်း၊ လုပ်ချင်ကိုင်ချင်စိတ်တွေ လျော့နည်းလာပြီး နုံးချည့် သလိုမျိုး ခံစားရတတ်ပါတယ်။

အာရုံကြောနဲ့ အကြောတွေ အားနည်းတော့ ကြွက်သားတွေ အဆစ်အဆက်အရွတ်တွေပါ အားနည်းသွားစေပါတယ်။ ဒီအခါမှာ လေးလံထိုင်းမှိုင်း ကိုက်ခဲခြင်း၊ အားမရှိသလိုမျိုး ခံစားရခြင်း၊ အကြောတက် ညောင်းညာခြင်း၊ လေဖြန်း၊ လေဖြတ်၊ သွက်ချာပါဒ ရောဂါတွေ ဖြစ်ပေါ်ခြင်း၊ ခြေတုန်,လက်တုန်၊ လည်ပင်း,ဦးခေါင်း တွေ၊ တုန်ယင်ခြင်းတွေ ဖြစ်ပေါ်ခံစားရတတ်ပါတယ်'

'ဟုတ်လား ဆရာ။ ကျွန်တော့်ကို အကောင်းဆုံးဆေးတွေ လမ်းညွှန်ပေးပါ'

'ဦးဇော်ထွန်းအတွက် အကောင်းဆုံးဆေး ပေးရမယ်ဆိုရင် အာရုံကြောနဲ့ အကြောအား အဆစ်အရွတ် ကြွက်သားအားတွေ အထူးကောင်းမွန်စေတဲ့ စကြာမင်း အကြောအားဆေးကိုသာ ပို့ပဲပါ'

'စကြာမင်း အကြောအားဆေးက ဘာတွေကောင်းလဲ ဆရာ'

'ဘာတွေကောင်းလဲဆိုရင်တော့ အာရုံကြောနဲ့ အကြောများ ပိတ်ဆို့ရောင်ရမ်းပြီး နောက်ကြောတက် ဇက်ကြောထိုးခြင်း၊ သတိမှတ်ဉာဏ်နည်းခြင်း၊ အာရုံကြောများ၊ အကြောများ၊ ကြွက်သားများ အားနည်းရောင်ရမ်းခြင်း၊ အရိုးကျိုးပေါင်းတက်ခြင်း၊ လက်ခြေများ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ ခြေကပ်လက်ကပ်ဖြစ်ခြင်း၊ လက်မြောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ အောက်ပိုင်းများ ထုံကျဉ်လေးလံညောင်းညာကိုက်ခဲခြင်း၊ ခြေလက်မသယ်နိုင်ခြင်း၊ အထိုင်အထလေးလံခြင်း၊ အမျိုးသားများ ပန်းသေ ပန်းညှိုး ဖြစ်ခြင်း၊ အကြောသေခြင်း၊ ဒူးနာ၊ ဒူးကိုက်၊ ဒူးရောင်ခြင်း၊ ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အဆစ်ရောင်၊ အဆစ်နာ၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း။ အတက်စာနည်း နည်းစားရုံနဲ့ အကြောတက် ညောင်းညာလာခြင်း တစ်ကိုယ်လုံး သွက်လက် ပေါ့ပါးမှုမရှိခြင်းများကို သက်သာပျောက်ကင်းပြီး ကျန်းမာသန်စွမ်းကာ သွက်လက်ပေါ့ပါးစေတဲ့ဆေး ဖြစ်ပါတယ်။ ဒါ့အပြင် လေဖြတ်၊ လေငန်း၊ သွက်ချာပါဒရောဂါများအတွက်လဲ ကာကွယ် ဆေးအဖြစ် တစ်နေ့တစ်ကြိမ် ဆေး(၅)ပြား မှီဝဲပြီး ကြိုတင် ကာကွယ်နိုင်ပါတယ်'

'ဒီဆေးဟာ ဆရာ့ဆေးတိုက်မှာပဲ ရသလား ဆရာ'

'ကျွန်တော့်ဆေးတိုက်အပြင် အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံ ဆိုင်တိုင်းမှာ ရနိုင်ပါတယ်'

'အခုဆိုရင် ကျွန်တော့်မှာ စကြာမင်း အကြောအားဆေးအစွမ်း ကြောင့် ကျန်းမာသန်စွမ်းပြီး သွက်လက်ပေါ့ပါးနေပါပြီ။ အာရုံကြော အားနည်းနေသူများ၊ အကြောအားနည်းသူများ၊ အဆစ်အရွတ် ကြွက်သားအားနည်းသူများ၊ အသက်(၄၀)ကျော်သူများနဲ့ အာရုံကြောအားနည်းတဲ့ ကလေးလူကြီး၊ အမျိုးသား၊ အမျိုးသမီးများအတွက် အကောင်းဆုံး အဖော်မွန်ဖြစ်တဲ့ စကြာမင်း အကြောအားဆေးကို အိမ်တိုင်းဆောင်ထားပြီး မှီဝဲကြပါလို့ အကြံပြုပါရစေ'

ဆရာမြင့်
စကြာမင်းဆေးတိုက်
အမှတ်စ/၆၆၆၊ သုခမွာလမ်းမကြီး သွန်းမှတ်တိုင်အနီး
မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၂၂၅၅၁

ဦးဇော်ထွန်း

www.burmeseclassic.com

www.burmeseclassic.com

ရုပ်ရှင်ကြီးဆီတင်းချုံးကားမှ

ဥမင်တောင်

ဒိုးယန်း (ကန့်ဘလူ)

(သိုဖျတ်) ရဟန္တာတောင် (၃)

ယခင်လမှ အဆက်

ဒီတောမှာ တောင်ဆိတ် ဆယ့်ငါး ကောင်လောက်ရှိတယ် လှလို့။ ကြာမျောခိုင်၊ သရက်သီးလေးတွေ ဂူထဲ အမှည့်ခံထားရင် ကိုယ်တော်ချော ချောက်လွှဲချော်တွေ ဝင်...ဝင်ခိုးစား ကြတို့ရသေ့တစ်ဝက် မျောက်တစ်ဝက် ဖြစ်စေးလိုက်ရတော့တာပဲ ဒကာ သန်းရေ။

တောသရက်တွေကပေါ်၊ လက်ပံ၊ ဒီကြစ်သစ်ပင်တွေပေါ်မှာ ပျားအုံ အခွံများတော့ ဝံတွေလဲပေါတယ်' **EISA. July, 2016.**

စာရေးသူ ။။ 'တပည့်တော်က သံစ်ထုတ်ရေးကမို့ သိချင်လှတဲ့ တောဆင်တွေရဲ့ခြေနေလေး အမိန့်ရှိပေးပါ ဘုရား'

ရသေ့ကြီး။။ 'တော ငှက်ပျောတော တွေ၊ ကိုင်းတောကြီး တွေ၊ ဝါးရုံဒိုက်တွေနဲ့ ဆင်စာကလဲ ပေါတယ်။ ရှေ့မောင်း နောက်မောင်း အတော်ကြီးထွားတုတ်ခိုင်တဲ့ စွယ် ကောက်ကြီးနဲ့ ထီးကွဲဆင်ကြီးတစ်ကောင် ရှိတယ်။ သူတစ်ကောင်တည်း ကြမ်း ကြမ်းရမ်းရမ်း အဖော်မပါ စိတ်လွတ် ကိုယ်လွတ် သွားလာနေတယ်'

ဒီတောမှာရှိတဲ့ ဆင်တွေရဲ့ ခေါင်းဆောင်ပါပဲ။ တောဆင်သုံးဆယ် ကျော်လောက်ရှိတယ်။ ကျန်ဆင်တွေ ကတော့ အဖွဲ့ငါးဖွဲ့လောက်ခွဲပြီး သူ့အစုလေးနဲ့သူနေကြတယ်။ သင်းကွဲ ဆင်တွေ ညပိုင်း တစ်ခါတလေ ကျွဲ ဂူဘက် ရောက်လာပြီး ဂူဘေး အိမ် သွားတတ်တယ်။

မနက်ကျတော့ သူတို့ မစင်တွေ ဆိမ်းရဆည်းရတာ အမောပါပဲ။ ကျား ကတော့ ဒီဂူက ပြောင်းသွားတဲ့ ကျား

www.burmeseclassic.com

www.burmeseclassic.com

ထီးတစ်ကောင်ပဲရှိတယ်။ ကျုပ်နဲ့ မကြာမကြာ တောပေါ် တွေ့ရပါတယ်။ တရင်းတနှီးပါပဲ။ အတိတ်ကို မေ့ထားခဲ့ကြပါတယ်။ တောမပစ်ဖို့၊ သစ်, ဝါး, ထင်းမခုတ်ဖို့ တစ်တောလုံး စာကပ်ထားတယ်'

စာရေးသူ ။။ 'မုဆိုးနဲ့ ,သစ်ခုတ်တွေ အပေါ် အရှင်ဘုရား မေတ္တာရပ် ပိတ်ပင်ထားတဲ့ ဆိုင်းဘုတ်တွေ လမ်းတစ်လျှောက် တွေ့ခဲ့ရပါတယ်ဘုရား၊ တောပေါ်မှာ တွေ့ကြုံဆုံစည်းခဲ့ရတဲ့ ထူးခြားဖြစ်ရပ်ဆန်းလေးတွေ ရှိခဲ့ရင် အမိန့်ရှိပါဦးဘုရား'

ရသေ့ကြီး ။။ 'ကျုပ် ခုနေတဲ့ဂူက အထူးအဆန်း။ အတွင်းခန်း၊ အပြင်ခန်းလေးနဲ့ဗျ၊ အလယ်မှာ ကျောက်ကန့်လန့်ကာလို ကန့်ခြားထားတယ်။ အတွင်းခန်းမှာ ကျုပ်အိပ်တယ်။ အပြင်ခန်းက ကျောက်ပလ္လင်ပေါ်မှာ တရားအားထုတ်တဲ့ယ်။ သဘာဝကျောက်ဆစ်ဆရာကြီး အမွေပေးခဲ့တဲ့ ကျောက်ဆစ် တရားပလ္လင်လေးပါပဲ။

ဒီရောက်လို့ မှတ်မှတ်ရရ ဆယ်ရက်မြောက်ညမှာ ဂူမီးလင်းဖို့ ကညင်ဆီပွဲလျက်မီးတိုင်လေးတွေစွဲပြီး တရားထိုင်တဲ့ညက အဖြစ်လေးပါပဲ။ နွေဝိုင်းမို့ ဖက်ရွက်ခြောက်တွေပေါ်ကနေ တဝေါဝေါနဲ့ တောသံပေးလို့ သတ္တဝါကြီးတစ်ကောင် ကျုပ်ဂူဘက် တရွေ့ရွေ့နဲ့ လာနေသံကို ကြားလိုက်ရတယ်။

မကြာမတင် ကျုပ်ဂူပေါက်ထဲ ရောမ ငန်းမြွေကြီးတစ်ကောင် လျှောခနဲ တွားဝင်လာတာ မြင်လိုက်ရတယ်။ ကျုပ် သမာဓိမပြတ် စိတ်ကို တရားထဲ စူးစိုက်ထိန်းချုပ်ပြီး တရားကို ဆက်လုပ်နေပါတယ်။

ကျုပ်လက်စွဲတော် မန္တန်ကို မပြတ် ရွတ်ဆို မြွေကြီး မေတ္တာပို့နေပါတယ်။ ကျုပ် တရားထိုင်နေတဲ့ ပလ္လင်ကို တစ်တောင် အကွာလောက်ကနေ လူလေချွန်သံလို တရှိုးရှိုးနဲ့ နှာကြီးမှုတ်လို့ ဖြည်းဖြည်းလေးလေး တစ်ပတ်ရစ်ပြီး ငန်းမြွေကြီး အပြင်ပြန်ထွက်သွားတယ်'

စာရေးသူ ။။ 'နောက်ထပ် ငန်းမြွေကြီး အရှင်ဘုရားဂူ ရောက်လာ သေးလားဘုရား'

ရသေ့ကြီး ။။ 'လာတာပေါ့ ဗျာ၊ နောက်နွေညလဲ အဲဒီအချိန်ပဲ ပေါက်ချလာပြန်တယ်။ ဒီတစ်ခါတော့ ပလ္လင်အောက်ခြေကို မာန်ဖီရစ်ပတ် ပါးပျဉ်းကြီးတစ်တောင်လောက် နှိမ့်လိုက်မြင့်လိုက်ထောင်ပြီး ကျုပ်ကို တရွေ့ရွေ့နဲ့ ဝဲဝိုက်လှည့်ပတ်ကြည့်နေတယ်။

ကညင်ဆီ ၃ မီးရောင်အောက်မှာ လျှာကြီး တစ်လစ် တစ်လစ်နဲ့ မျက်လုံးကြီးနှစ်လုံးကလဲ ဟသံပဒါးရောင်လို တဖိတ်ဖိတ်တောက်နေတယ်။

ပလ္လင်ကို တစ်ပတ်ရစ် ပြီးမှ ပါးပျဉ်းပြန်ချ။ အိပဲ့...အိပဲ့နဲ့ မသွားချင်သွားချင် ဂူပြင် ပြန်ထွက်သွားလေရဲ့'

စာရေးသူ ။။ 'ငန်းမြွေကြီး နှစ်ကြိမ်ဆက်တိုက် လာတာ ကတော့ အံ့သြစရာပဲဘုရား'

ရသေ့ကြီး ။။ 'နှစ်ကြိမ် ဘယ်ကမှာလဲ၊ သုံးညတိတိ ဆက်တိုက်လာခဲ့တာ ဒကာသန်းရဲ့၊ နောက်ဆုံးညကတော့ အသည်းယားရှင်ဖို့စရာပဲ။ ဂူထဲ မြွေကြီး ရောက်လာတာနဲ့ တန်းပြီး ပလ္လင်ပေါ်တက်တော့တာပဲဗျို့။

ပလ္လင်ကနေ ကျုပ်ပေါင်ပေါ်မေးကြီးတင်လို့ ရွှစိရွှစိနဲ့ ကျုပ်ခန္ဓာကိုယ်ပေါ် တက်လာခဲ့တယ်။ ကျုပ်လဲ မန္တန်ကို အသက်အောင့်ရွတ်ဆို မလှုပ်မယှက် တရားရှမှတ်နေလိုက်ရတယ်။

ဒီတစ်ခါ မြွေကြီး ပါးပျဉ်းမထောင်နှာမမှုတ်တော့တာကို အထူးအဆန်းတွေ့လိုက်ရတယ်။ ပေါင်ပေါ်ကနေ တဲအိအိနဲ့ ခါးပိုင်းကို စိတ်ရှိလက်ရှိ နှစ်ကြိမ်တိတိ ခပ်ဖွဖွရစ်ပြီး လျှာကြီး တစ်လစ်နဲ့ ပလ္လင်ပေါ်ကနေ လျှောဆင်းချသွားတယ်။

ကျုပ်လဲ မြွေကြီးကို မေတ္တာပို့အမျှအတန်း ပေးဝေလိုက်ပါတယ်။ အရေပြားပေါ်မှာ မြွေကြီးရဲ့ အေးစက်စက် အိတိတိ အထိအတွေ့ကို ခံစားလိုက်ရပါတယ်။ ကြောက်လန့်စိတ်တော့ မဖြစ်မိပါဘူး။

ကျုပ်က ယားတတ်တော့ ခန္ဓာကိုယ်ခါးပိုင်းကို မြွေကြီးရစ်ပတ် တွားတက်နေတုန်း အနာလောက်ပိုးထိုးသလို စစ်စစ် စစ်စစ် ယားကျိ ယားကျိနဲ့ အနေထိုင်လေး ခက်နေတာပဲရှိပါတယ်။ နောက် ဒီမြွေကြီး ကျုပ်ဂူကို လုံးဝ မလာတော့ပါဘူး'

စာရေးသူ ။။ 'သုံးကြိမ်တိတိ အရှင်ဘုရား သမာဓိအားကို တောစောင့်နတ်၊ တောင်စောင့်နတ်တွေနဲ့ အထက်ပုဂ္ဂိုလ်တွေကလာပြီး စမ်းသပ်တဲ့ သဘောလို့ ထင်မိပါတယ် ဘုရား'

ရသေ့ကြီး ။။ 'တောပေါ် နေလာခဲ့တဲ့ သုံးလအရှည်ကာလပိုင်း တရားထိုင်ခါနီး ငန်းမြွေကြီးလာချိန်

www.burmeseclassic.com

www.burmeseclassic.com

လောက် **အရပ်ရှည်ရှည် ပိန်ပိန်သွယ်သွယ်နဲ့ ရဟန်းပျိုတစ်ပါး ဆိုးညတိတိ အချိန်မှန် ကျူပ်ဂူထဲ ဝင်လာခဲ့တယ်။**

ကျောက်သွေးရိုက်တဲ့ ကျောက်ထရံနား ကျောပေးရပ်ပြီး တွေတွေကြီး ကျူပ်တရားထိုင်တာကို ငေးစိုက်ကြည့်နေတယ်။ ရန်မူချင်တဲ့ အပြုအမူတော့ မပါဘူး။ ကျူပ် ရဟန်းပျိုကို မေတ္တာပို့အမျှအတန်း ပေးဝေလိုက်ပါတယ်။

မြွေကြီးလို သုံးခါလာပြီး အဲဒီရဟန်းလဲ ကျွတ်တမ်းဝင်သွားသလား မသိဘူး။ ခုချိန်ထိ ကိုယ်ထင်မပြဘူး။ လွဲဆိပ် ဘိုးလပြည့်ကတော့ တရားသေပဲဗျို့၊ အရပ်ရှည်ရှည် ပိန်ပိန်ပါးပါး ရဟန်းဆိုရင် အရှင်ခေတ်ပျက်ကာလ စာပြတွေ လာသတ်သွားတဲ့ ကိုရင်ကြီးမှ ကိုရင်ကြီးအစစ်လို့ တစ်ယူသန်ပြောနေလေရဲ့'

စာရေးသူ ။။ 'ဘိုးလပြည့် အထင်အတွေး မှားတယ်လို့လဲ ပြောမရဘူး ဘုရား၊ အခြားထူးထွေဆန်းပြား အတွေ့ထူးဘာလေးတွေလဲ အမိန့်ရှိပါဦး ဘုရား'

ရသေ့ကြီး ။။ 'ဘုရားမတည်ခင် လူနီလေးတွေ တောင်ကလပ် ကျောက်ဖျာကြီးပေါ်မှာ ထုပ်ဆီးတိုးစားနေတာ၊ ဖန်ပုတ်တမ်းကစားနေကြတာကို မကြာခဏ ဆုံစည်းခွင့်ရဖူးတယ်။ ကျောင်းဝတ်စုံနဲ့ လွယ်အိတ်ကိုယ်စီလွယ်ပြီး ကျူပ်ဂူဘက် ကျောင်းသားလေးတွေ တက်...တက်လာတတ်ပါတယ်။

အစတော့ အနီးအနားရွာက ကျောင်းသားလေးတွေ မျက်စိလည်မှားနှား ရောက်လာကြတယ်ထင်ပြီး ဂရုထွက် နောက်က ခေါ်ကြည့်လိုက်

တော့ လက်ကလေးတွေ ဝှေ့ယမ်းပြပြီး တောင်ခြေဘက်အရောက် ဆတ်ခနဲ ကိုယ်ရောင်တွေ ပျောက်သွားပါတယ်။

ကျောင်းစိမ်းလေးတွေကို အသွင်သဏ္ဌာန် အမျိုးမျိုးနဲ့ လေး, ငါးကြိမ်လောက် တွေ့ခဲ့မြင်ခဲ့ရပါတယ်။ ဘုရား တည်ပြီးနောက် လူနီလေးတွေနဲ့ ကျောင်းစိမ်းလေးတွေကို တစ်ခါမှ မတွေ့မမြင်ရတော့ဘူးဗျ။ ဘယ် ပျောက်ကုန်ကြတယ် မသိဘူး'

စာရေးသူ ။။ 'ဘုရား တည်နေစဉ် အတွေ့ဆန်းလေးတွေ ရှိခဲ့သေးပါသလား ဘုရား'

ရသေ့ကြီး ။။ 'ဘုရားတည်မဲ့ ပန္နက်နေရာမှာ ငန်းတော်ကြားနဲ့ စပါးကြီးမြွေကြီး နှစ်ကောင် တွေ့ရတယ်။ နောက်ဆုံး ထီးတင်ပြီး ဆွမ်းလောင်းပွဲလုပ်ဖို့ ရက်သတ္တပတ်အလို ညပိုင်း ကျူပ် ဘုရားဝတ်ပြု အမျှအတန်းပေးဝေ သစ်စည်ထိုးလိုက်ရင်ပဲ ဆင်အော်သံတွေ၊ ကျားဟိန်းသံတွေ အဲဒီညက ထူးထူးဆန်းဆန်း ကြားလိုက်ရတယ်။

သားကောင်တွေရဲ့ စူးစူးဝါးဝါး အော်သံတွေ တိတ်သွားလို့ မကြာမတင်ဘဲ မောင်းသံတွေ တဒုန်ဒုန် ဆိုင်းသံ ပုံသံ အတီးအမှုတ်တွေနဲ့ ကျူပ်ဂူဘက် ညကြီးမင်းကြီး လူတွေ လာနေသံကို ကြားလိုက်ရတယ်။

ဦးဘချုပ်နဲ့ ဦးဝင်းမောင်တို့ နှစ်ယောက် ကျူပ်ဂူဆီ ရောက်လာပြီး မောင်းသံတွေ ဆိုင်းသံတွေ တီးခတ်လို့ လူတွေ တပည့်တော်တို့ဆီ လာနေကြောင်း လာပြောကြပါတယ်။ ရောက်လာရင် သူတို့ကို ဧည့်ဝတ်ပြုဖို့ နေရာထိုင်ခင်း ရှင်းလင်းပြီး ဦးဘချုပ်တို့ ရေနွေးတည်ထားနှင့်ကြပါတယ်။

မောင်းသံတွေ ဆိုင်းသံတွေ လူသံတွေ တဖြည်းဖြည်း ဂူဘက် ဝဲပါလာခဲ့ပါပြီ။ နောက် အသံတွေ ဝေးဝေးပြီးတော့ ကမ်းသီတာချောင်းဘက်မှာ အသံတွေ တစ်စတစ်စ ပျောက်ကွယ်သွားပါတယ်။ ဦးဘချုပ်နဲ့ ဦးဝင်းမောင်တို့ ကိုယ်တွေ့ပါပဲ'

ဦးဘချုပ် နှင့် ဦးဝင်းမောင်မှ...

'ဟုတ်ပါတယ် ကျူပ်တို့ ကိုယ်တွေ့ပါပဲ။ အဲဒီအချိန်မှာ ရသေ့ကြီးနဲ့အတူ ရှိနေကြပါတယ်။

စာရေးသူ ။။ 'ဘုရား တည်ပြီး အတွေ့ဆန်းလေးတွေလဲ အမိန့်ရှိပါဦး ဘုရား'

ရသေ့ကြီး ။။ 'အချိန်က နေဝင်ခါနီးပြီ။ တောင်ပေါ်အေးစေတီရှေ့မှာ ကျူပ် စကြံလျှောက်နေတယ်။ အုတ်ကန်ဘေးက တောင်တက်လမ်းလေးအတိုင်း စေတီဘက်ကို အဝါရောင်ပတ်လည်စင်း ထဘီဆင်တူ ဆံပင်ကျောလယ်ချလေးတွေနဲ့ ညီအစ်မဖြစ်ဟန်တူတဲ့ မိန်းကလေး နှစ်ယောက် ဘုရားပန်းလေးတွေ

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်စီကိုင်ပြီး ဘုရားဘက် လာနေကြတာ တွေ့လိုက်ရတယ်။

အစတော့ အနီးအနားရွာက ဘုရားလာဖူးတဲ့ မိန်းကလေးတွေလို့ ပဲ့ပဲ့ထင်မှတ်ခဲ့ပါတယ်။ ဘုရားလာဖူးကြတာလဲ မိန်းကလေးနှစ်ယောက်တည်း အချိန်အခါ မဟုတ်လို့ နောက်မှ စိတ်ထဲ စနိုးစနောင့်ဖြစ်မိသား။

သူတို့ ဘုရားနား အတော်ကပ်လာခဲ့ပါပြီ။ စကြံ့လျှောက်ရာကနေ သူတို့ ဘက်လှည့်အကြည့်လိုက် မိန်းကလေးနှစ်ယောက် မရှိတော့ဘူး။ ပျောက်သွားကြတယ်'

စာရေးသူ ။။ 'နောက်... ဒီညီအစ်မကို ထပ်တွေ့သေးလား ဘုရား'

ရသေ့ကြီး ။။ 'နောက် တစ်လလောက်အကြာ ကျုပ် ဘုရားမှာ ဆီမီးပူဇော်ဖို့ ညနေစောင်းလေး ကျောက်ဖျာပေါ် တက်လာခဲ့ပါတယ်။ ကျုပ် ဘုရားနားအရောက် ဟိုတစ်ခါ တွေ့ခဲ့ဖူးတဲ့ အဝါရောင် ပတ်လည်စင်း ညီအစ်မနှစ်ယောက် အရင်ဝတ်စားထားပုံအတိုင်း ဘုရားရှေ့ ပုဆစ်လေးတွေတုပ်ပြီး ဘုရားဝတ်ပြုနေကြတာ အထင်အရှား တွေ့လိုက်ရပါတယ်။

ကျုပ်လဲ အသံမပေးဘဲ မလှုပ်မယှက် သူတို့ အခြေအနေကို မျက်တောင်မခတ် စောင့်ကြည့်နေခဲ့မိပါတယ်။

ဘုရားဝတ်ပြုပြီး သူတို့ညီအစ်မ ပြိုင်တူပြန်အထလိုက် ရိပ်ခနဲ ကျုပ် မျက်စိအောက်က ပျောက်သွားကြတယ်။ မယုံကြည်နိုင်စရာ ထူးခြားချက်တစ်ခုကတော့ ကျုပ် မကြိုက်လို့ ဘယ်တုန်းကမှ မကပ်လှူ မပူဇော်ဘူးတဲ့ အင်ကြင်းပန်းတွေ၊ လူတွေ ဘုရားပေါ် ရောက်မလာဘဲ ဘုရားရှေ့ ပန်းအိုးထဲ မကြာ...မကြာ တွေ့...တွေ့နေရတဲ့ကိစ္စပဲ'

စာရေးသူ ။။ 'သိုက်က ဟာတွေများဖြစ်နေရော့လား ဘုရား။ သူတို့ ဒီမှာရှိနေတာ အရှင်ဘုရား သိအောင် ကိုယ်ထင်လာပြတယ်လို့ ထင်တာပဲ ဘုရား။

ဘုရားထီးတင်ခါနီး ဆိုင်းသံ ပုံသံ မောင်းသံတွေ တဒုဒုနဲ့ လာကြတဲ့ အဖွဲ့ကတော့ ဘုရားတည်တဲ့ အရှင် ဘုရားဆီ သိုက်ပြောင်းရွှေ့လာကြတယ်လို့ ထင်မိတယ် ဘုရား။

ကျောက်ဖျာပေါ်က လူနီလေးတွေ၊ ကျောင်းစိမ်းလေးတွေကတော့ ကျတ်သရဲလေးတွေနဲ့ တူတယ်ဘုရား။ အရှင်ဘုရား ဘုရားတည်လိုက်တာနဲ့ သနားစရာ သူတို့ခမျာ ကျတ်တမ်းဝင် သွားကြပုံရတယ်။ ဘုရားတည်ပြီး နောက်ပိုင်း သူတို့ကို အရှင်ဘုရား မတွေ့ရတော့တာ။

တပည့်တော်အနေနဲ့ အံ့သြစရာတွေ အပြည့်အသိပ်ရှိနေတဲ့ ဒီဥမင် တောင်ကျောင်းကို အပိုအလိုမပါဘဲ မျက်မြင်ကိုယ်တွေ့ ကြားသိရတဲ့ အတိုင်း **''နက္ခတ္တရောင်ခြည်မဂ္ဂင်း''** မှာ ဓမ္မမိတ်ဆွေအပေါင်း သိရှိစေဖို့ ဖော်ပြရေးသားချင်ပါတယ်။ အရှင် ဘုရားမှ ခွင့်ပြုပေးပါရန် ရိုကျိုးစွာဖြင့် ခွင့်ပြုချက် တောင်းခံပါတယ်ဘုရား'

ရသေ့ကြီး ။။ 'ကောင်းတာ လုပ်တာပဲ။ ကန့်ကွက်စရာ မရှိပါဘူး။ ဒါပေမယ့် အမှန်အကန် ရိုးရိုးသားသားဖြစ်ဖို့ အထူးပြောချင်တယ်။ ဂုဏ်ပစ်တောင်ကိုလဲ ထစ်ရေးလို့ရတယ်'

စာရေးသူ ။။ 'ဒီကိစ္စပေါ် တပည့်တော် လုံးဝ တာဝန်ယူလိုက်နာလေးစားပါ့မယ် ဘုရား။ အရှင် ဘုရားလဲ တရားလုပ်ငန်း မပြတ်မလပ် လုပ်နေတဲ့ကြားက တပည့်တော်တို့ကို အချိန်ပေး ဥဿံခံစကားပြောနေတာကိုပဲ အားတို့အားနာ ဖြစ်မိပါတယ်။

နောက်ဆုံးအနေနဲ့ အရှင်ဘုရား ဥတောင်ပေါ်မှာ နေစဉ် ကျင့်ကြံအားထုတ်နေခဲ့တဲ့ တရားဘာဝနာအကြောင်း လေးကို သည်းခံပြီး အမိန့်ရှိပေးပါ ဘုရား'

ရသေ့ကြီး ။။ 'ကျုပ် နာရီစက္ကန့်မခြားအမြဲ လုပ်ကိုင်နေတာကတော့ မေတ္တာအလုပ်ပါပဲ။ မေတ္တာတရားဟာ တုန်ခိုင်းစရာမရှိတဲ့ လက်နက်ကောင်းကြီးတစ်ခုပါ။ တရားကို အချိန်ပူ လုပ်ချင်လို့ အရာရာကို စွန့်ခွာပြီး ဒီဂူထဲ ရောက်လာတာပဲ။ အကျိုးကျေးဇူးရှိအောင် နေ့စဉ် စစ်ဆေးဝေဖန်လို့ အကုသိုလ်ကင်းကင်း ကျင့်ကြံနေထိုင်ပါတယ်။

နေ့စဉ်မပြတ် တောစောင့်နတ်၊ တောင်စောင့်နတ်၊ အတူနေ သားရဲတောကောင်တွေနဲ့ အရင်းဆယ်မျက်နှာက ဝေနေယျသတ္တဝါအပေါင်းကို မေတ္တာပို့ အမျှပေးဝေနေပါတယ်။

အချိန်ရှိတိုင်း လက်ထဲက စိပ်ပုတီးကို တကျောက်ကျောက် စိပ်ရင်း ပရိတ်ကြီး(၁၁)သုတ်၊ ပဌာန်း၊ သမ္မဒ္ဓေဂါထာ၊ ရှင်အရဟံဂါထာတို့ကို အမြဲမပြတ် ရွတ်ဖတ်နေပါတယ်။ အချိန်ကို ပိုင်းဆစ်ပြီး သတိပဋ္ဌာန်ဝိပဿနာကို တစ်ဖက်က ဖောင်းပေး လုပ်ခဲ့ပါတယ်'

စာရေးသူ ။။ 'အရှင်ဘုရားရဲ့ လက်ရဲ့တော် ရေသန့်ဇန်တော်ကိုလဲ တပည့်တော်တို့ကို စွန့်ကြဲပါပြီး

www.burmeseclassic.com

www.burmeseclassic.com

ဘုရား။

ရသေ့ကြီး ။။ 'ကျုပ် တပ်ထဲနေစဉ် ရှမ်းပြည်နယ် ဘက်က ဆရာရသေ့ကြီးတစ်ပါးထံက ရခဲ့တဲ့ မန္တန်ကိုတော့ ယုံယုံကြည်ကြည်နဲ့ အမြဲမပြတ် ကျုပ် လက်စွဲ ရွတ်ဆိုနေခဲ့ပါတယ်။ အဲဒီမန္တန်ကတော့ ဘိုးဘေး ရသေ့ကြီးတွေရဲ့ လက်ကသုံးမန္တန်ပါပဲ။

ဥံ နောက်ပင်းလာ စန္ဒာ စန္ဒီ သွားဟုံး
ဥံ ဖြာက်ပင်းလာ စန္ဒာ စန္ဒီ သွားဟား
ဥံ ရှေ့ပင်းလာ စန္ဒာ စန္ဒီ သွားဟုံး
ဥံ တောင်ပင်းလာ စန္ဒာ စန္ဒီ သွားဟား

ဒီမန္တန်ကို ကျုပ် နေ့စဉ် အိပ်ရာထဲမှာ ကိုးခေါက်၊ အိပ်ရာဝင်မှာကိုးခေါက် ရွတ်ပါတယ်။ လက်တွေ့ရရှိတဲ့ အကျိုးထူးအာနိသင်တွေကတော့ တောတွင်း သားရဲတိရစ္ဆာန်တွေ ကိုယ့်အပေါ် နီးစပ်စကား ကို နာခံတယ်။ ဆေးစူးတယ်။ အာဏာစက် ထက်မြက်တယ်။ တောကောင်တွေရဲ့ ဘေးဥပဒ်နဲ့ ကင်းဝေးတယ်'

စာရေးသူ ။။ 'အရှင်ဘုရား အနေနဲ့ လူသူမရှိတဲ့ ဟေမဝါ မြို့ငြိတောမှာ စိတ်အေးချမ်းသာ တရားအလုပ်ကို မပြတ်တမ်း အချိန်ယူလုပ်နိုင်တာပေါ့ ဘုရား။ အရှင်ဘုရားဘဝက ငြိမ်းအေးသာယာလှပါတယ်'

ရသေ့ကြီး ။။ 'ဟုတ်ပါတယ်၊ ဒီမှာ စကားပြောစရာ လူလဲ မရှိဘူး။ ရန်ဖြစ်စရာလူလဲ မရှိဘူး။ ငိုယိုပူဆာမယ့်သူလဲ မရှိဘူး။ ကျုပ်တော့ တစ်ယောက်တည်း ငြိမ်းအေးချမ်းသာတဲ့ အရသာထူးကို အများနဲ့ မတူ တစ်မူဆန်းပြား ခံစားနေရပါတယ်။

အညောင်းအညာပြေ ကျောက်ဖျာကြီးပေါ်တက် ဓမ္မပီတိသောမနဿတွေ စီးဖြန်းပွားများလို့ အေးစေတီဘုရားဝေယျာဝစ္စတွေကို စဆ်မပျက် နေ့စဉ် ဆောင်ရွက်နေခဲ့ပါတယ်။

လူတွေအတွက် ပရဆေးပင်တွေ တောင်ပေါ်တက်ရှာ၊ ဇီဝိတဒါနလုပ်ဖို့


ဥမင်တောင်မြေပုံညွှန်း
ရွှေဆို-မြစ်ကြီးနား
ဖြစ်ဆဲဖို့
(၁၀)မိုင်
မြန်မာနိုင်ငံအလယ်ဗဟို
ဖျားတာ ထားလစ်မကြီး
(၅)မိုင်
(၅)မိုင်
စံပယ်နို့သာ
(၅)မိုင်
(၅)မိုင်
(၅)မိုင်

www.burmeseclassic.com

ဆေးတွေ ထုထောင်းဖော်စပ်နေခဲ့တယ်။

ကျုပ် လူတွေကို ကူညီနိုင်ခဲ့တာကတော့ မေတ္တာရေမန်းနဲ့ ဒီတောဖေါ်ကရတဲ့ အစစ်အမှန် ပရဆေးတွေပါပဲ။

ဘယ်သူဘယ်ဝါ ဘာရောဂါတွေ ဒက်ထိပျောက်တယ်။ တရားအဆင့် ဘယ်အထိ ပေါက်သွားပြီဆိုတဲ့ဆေး တရားကြော်ငြာတွေ လက်ဆင့်ကမ်းပြီး နှမ်းဖြူစကားတွေ မပြောပါရစေနဲ့။ ညှဉ်လိန်ကိုလုပ်ပြီ။ ဒီလောက်ဆိုရင် ပြည့်စုံကောင်းပါရဲ့၊ ကျန်းမာချမ်းသာကြပါစေ'

ဟု ရသေ့ကြီး စကားကို နိဂုံးချုပ်လိုက်ပါတော့သည်။ နာရီကြည့်လိုက်တော့ ညဆယ့်နှစ်နာရီကျော်ကျော်။ ခွင့်ပြုချက်နှင့် ရသေ့ကြီးပုံအား စာတ်ပုံရိုက်ယူလိုက်သည်။

တောင်တော်အကြောင်း စေ့စုံနှံစပ် ညှဉ်နက်သန်းခေါင်ကျော်တိုင် အသေးစိတ် စိတ်ရှည်လက်ရှည် အချိန်ပေးစကားပြောခဲ့သော ရသေ့ကြီးအား ရိုကျိုးစွာ 'ရှိခိုးဝတ်ချလိုက်ကြသည်။

မေတ္တာရေမန်း ပုလင်းများနှင့် ပရဆေးမျိုးစုံကို စာရေးသူတို့အား ရသေ့ကြီးမှ ပေးကမ်းစွန့်ကြလိုက်သည်။ စာရေးသူတို့အဖွဲ့ တည်းခိုဂူရှိရာ လက်နှိပ်မီးကိုယ်စီဖြင့် ပြန်ခဲ့ကြပါတော့သည်။

ဖြတ်ခေါ်ပါသည် ရသေ့တောင်ဆီ

တောတောင်၏ ဖွဲ့တည်မှုကို စာဖွဲ့ရလျှင် (၁၀)ကောကျော် ကျောက်သားအတိ ကျောက်ဖျာကြီးနှင့် အံ့ဘာနန်း ကျောက်ဂူကြီး ကိုးလုံးကလည်း ထူးခြားလှသည်။

ရသေ့ကြီးနှင့်အတူ ထူးခြားဆန်းကြယ် တောတွင်းဖြစ်ရပ်ဆန်းများ၊ ရှုမငြီးစဖွယ် တောရိပ်တောင်ရိပ် ရှုခင်းများ၊ အတိတ်တဘောင်နှင့်အညီ ရှေဘိုမြောက်မှ တင့်မောဖွယ် ရသေ့တောင်တော်ဆီသို့ တစ်ခါတစ်ခေါက် လာရောက်စေချင်ပါသည်။

မြန်မာနိုင်ငံအဝန်းမှ ဓမ္မမိတ်ဆွေ သူတော်စင်အပေါင်း သွားရောက် လေ့လာ ကုသိုလ်ယူ ကြည်ညိုနိုင်ရန် စေတနာဖြင့် တင်ပြလိုက်ပါတော့သည်။

ဘိုသန်း(ကန့်ဘလူ)

[မှတ်ချက် ။။ အများသူငါ တောင်တော်အား အသံထွက်လွယ်လွယ်ဖြင့် **"အုန်းပင်တောင်"** ဟု အခေါ်များ၊ အခေါ်များနေကြ၏။

တောင်တော်မှ ဥမင်လိုဏ်ဂူများ ကို အစွဲအညာပြု၍ တောင်တော်၏ မူလပြကတော့ အမည်ရင်းမှာ **"ဥမင်တောင်"** သာ ဖြစ်ပါသည်။]

စာရှုသူ သုတေသီနှင့် ပညာရှင်များသို့...

ဤဆောင်းပါးမှာ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်သို့ ၂၀၀၃ခုနှစ်က ရောက်ရှိလာသော စာမူဖြစ်ပါသည်။ ယခင်က အကြောင်းကြောင်းကြောင့် မဖော်ပြနိုင်ခဲ့ပါ။ ယခုအခါ ဖော်ပြလိုက်ပါသည်။

ယခု ၂၀၁၅၊ ၂၀၁၆ ခုနှစ်ဝန်းကျင် ဥမင်တောင်၏ အခြေအနေကို သိရှိသူ ဒေသခံပုဂ္ဂိုလ်များမှ တောင်တော်အခြေအနေကို ရေးသားပေးပို့ပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်...

ဦးကျော်ဝိုးသိန်း
စာစီစာရိုက်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်မောင်နဲ့ ထုံးဖက်ပန်ဖြေရန်

အိမ်ထောင်ဖက်ကိန်း

ထွဏ်ချုဏ်ဝံ

လောကကြီးတွင် အိမ်ရာထူထောင်လူတို့ဘောင် ဆိုသည့်အတိုင်း တစ်မိသားနှင့် တစ်မိသားပါ ဆက်ဆံရသည့်အခါစကားဆိုရိုးများ ရှိခဲ့ပါသည်။

ရှေးလူကြီးများသည် အိမ်ထောင်မှု ဘုရားတည် ဆေးမင်ရည်စုတ်ထိုးဤ(၃)ချက်မပိုင်လျှင် နောင်ပြင်ရန် ခက် ဆိုခဲ့ကြပါသည်။

ဤသည်မှာ လောကကြီးတွင် တစ်ခါပြုခဲ့ဖူးလျှင် နောင်ပြင်ရန် ခက်သည့်အထဲ၌ ဘုရားတည်ခြင်း၊ အိမ်ရာထူထောင်ခြင်း၊ ဆေးမင်ရည် စုတ်ထိုးခြင်းတို့သည် အမိကကျလှကြောင်းကို ဆိုလိုခြင်းဖြစ်၏။

ယခု ကျွန်ုပ် ရေးပြမည့် အကြောင်းအရာသည် ထိုအချက်(၃)ချက်ထဲမှ အိမ်ရာထူထောင်ခြင်း အချက်နှင့်များစွာ သက်ဆိုင်ပါသည်။

အိမျိုးသား၊ အမျိုးသမီး နှစ်ဦးနှစ်ဖက် အိမ်ထောင်ဖက် ရွေးချယ်တော့မည်ဆိုပါက ရှေးဦးစွာ မိမိနှင့် ဖူးစာဖက်နှင့် မိမိတို့၏ နေ့နံ့(၂)ခုကို ပေါင်း၍ (၅)နှင့် မြှောက်ရပါမည်။ ပြီးလျှင် (၇)နှင့်စားပါ။

ဥပမာ ။ ။ အိမ်ထောင်ဖက်နှစ်ဦးသည် တစ်ဦးက အင်္ဂါနေ့နံ့(၃)၊ တစ်ဦးက ကြာသပတေး(နေ့နံ့ဂဏန်း=၅) ဆိုပါက...

* * *

နံအင်္ဂါ = ၃

နေ့နံ့/ကြာတေး = ၅

ပေါင်းရကိန်း ၈ × ၅ = ၄၀ ÷ ၇

၅
၇) ၄၀
၃၅
၅ ကြွင်း

အကြွင်း (၅)ကြွင်းပါသည်။

ထိုအကြွင်းများကို ဟောရာတွင် အောက်ပါအတိုင်း ယူရပါမည်။

၁–ကြွင်းပါက သာယာချမ်းမြေ့သော အိမ်ထောင်ရေးဖြစ်ပြီး တူနှစ်ကိုယ် အချစ်တူမျှသော ရွှေလက်တွဲရမည့်ကိန်း ဖြစ်ပါသည်။

၂–ကြွင်းပါက မိမိ၏အိမ်ထောင်ဖက်ဖူးစာရှင်နှင့် အိမ်ရာထူထောင်ခရီးတွင် မူရင်းနဂိုကရှိသည့် စီးပွားမှာ အမှတ်မထင် ပျက်စီးပျက်လတ္တံ့ကိန်း ရှိတတ်၏။

၃–ကြွင်း ဖူးစာရှင်နှစ်ဦးတို့ အဖို့မှာ လွန်စွာမှကောင်းမွန်သော အိမ်ထောင်ဖက် ချစ်ခရီးလမ်း လျှောက်ရပါမည်။ သားသမီးရတနာ ပွားစီးပြီး အကျိုးထူးခံစားရမည်။

ဘဝတစ်သက်တာ တူနှစ်ကိုယ် ချစ်ခရီးလမ်းမှာ တစ်သက်တာ ထာဝရအဆင်ပြေစွာ ကြီးပွားတိုးတက်ပါမည်။

လွန်စွာကောင်းမွန်သော အိမ်ထောင်ရေး ကံထူးသူများဖြစ်၏။

၄–ကြွင်းသမျာ၏ အိမ်ထောင်ဖက်မှာ ကံမကောင်းတတ်ပါ။ အသွားအလာ ယာဉ် ရေလမ်းခရီး ဥပဒ်တွေ့ရတတ်၏။ (သို့မဟုတ်) အဖျားအနာ နာတာရှည်ရောဂါ ဝေဒနာ စွဲကပ်တတ်သူများ ဖြစ်တတ်၏။

၅–ကြွင်းသမား အိမ်ထောင်ဖက် နှစ်ဦးသည် ကံလွန်စွာ ထူးလှ၏။ ဥစ္စာဝန ပေါကြွယ်ဝသော ဖောတိကအလား ချမ်းသာကြီးပွားတိုးတက်မည့်သူများ ဖြစ်၏။

၆–ကြွင်းသမားများသည် ဝေဒနာရောဂါ ရွေးကြောရေမျှ ကိုယ်နှင့်မမျှပေါများ ထူထပ်တတ်သဖြင့် စီးပွားဖြုန်း အိမ်တွင်းသူခိုး ရောဂါနှိပ်စက်မည့်အပြင် ကံကြမ္မာကလည်း အစွမ်းအစ မဖော်ဆောင်နိုင် ရေခဲတုံးမျှ အေးတိအေးစက် ဖြစ်ပါသည်။

၀–ကြွင်းသမားများတို့မှာ အိမ်မှာ အေးအေးလူလူ ထိုင်မနေရပါ။ ကြက်များကဲ့သို့ လှုပ်ရှားရမှာ သေချာ၊ မွေ့မွေ့သိမ်သိမ်မရှိ၊ စိတ်ဂနာမငြိမ် စိတ်ကစားတတ်သဖြင့် မကြာခဏ အိမ်ထောင်ရေး အရှုပ်အရှင်း ချစ်သူအရေးအခင်းများ ဖြစ်တတ်၏။

တစ်နည်း သဘောကောင်း သဘောလွယ်တတ်သဖြင့် တစ်ဖက်သားမှ အခွင့်အရေး အလွယ်တကူ ယူတတ်တာကို ခံရတတ်ပါသည်။

သို့ပါ၍ ခရီးရာသက်ပန် အိမ်ထောင်ဘက်တူညီမျှသော ဖူးစာဖက်များကို ရွေးချယ်နိုင်ကြပါရန် ဤစာစုဖြင့် ရေးသားကူညီလိုက်ပါသည်။

ဟံသုရစော

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687
လိုင်စင် ၇/၂၀၀၈၊ တာဆီလေ့(တိုး)-၁၃၁၂

အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

မုံရွာ ဆရာမိုး ရဲ့
ရွှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုမှတ်အမှတ် တဆဝက (စာနယ်ဇင်း) ၁၃၀/၀၁၁၃၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ၊ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်၊ ဆေးကောင်းတစ်လက်တွေ့ ထားပြီထင်တယ်၊ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုး**ရဲ့ **ရွှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ၊ ကျန်းမာရေးရှုထောင့် ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား၊ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မှုတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်၊ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်၊ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့ မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရွှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆဲပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ သွေးနဲ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်၊

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းတာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရွှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့၊ ကျွန်တော်လည်း သုံးမယ်ဗျာ၊ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့, ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့ မန္တလေးမြို့နှင့် မုံရွာမြို့ မော်လမြိုင်မြို့ မြန်မာ့ဆေးဝါးစုံဖြန်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန်ချိပေးနေပါပြီ။

ပင်ရင်း - **မုံရွာ-ဆရာမိုး** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

အမှတ်-၈၂/၃၇၆၊ မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၀၈၆၁၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၃၄၇)၊ ၆၉၁၀၄၅၆ လိုင်းခွဲ (၃၄၇)

www.burmeseclassic.com

www.burmeseclassic.com

လမျိုးနွယ်ကမ်းခြေမော်ဒိုးအုပ်

ဟန်ကိုနဲ့ဝေဟင်သို့အပျံ

အဓိဋ္ဌာန်ပြု ပုဇော်မှုခရီး (၂)

ယဉ်ခင်လမ်းအာဆော်

ရင်ဦးမောင်စေတီ

"ကြက်ကိုင်း"စေတီအား ဖူးမြော်မှတ်တမ်းပြုပြီးနောက် အဝေးပြေးကားလမ်းဆီသို့ ပြန်လာကာ ငှက်ပျောတောရွာဦး ရင်ဦးမောင်စေတီသို့ သွားရောက် ဖူးမြော်သည်။

ခရီးတာ(၄)မိုင်ခန့်ဝေးကွာ၍ လမျိုချောင်းကမ်းပါးအတိုင်း ကွေ့ဝိုက်နိမ့်မြင့် တည်ရှိသည်။ မြေလမ်းဖြင့် သွားရောက်ရသည်။

ရင်ဦးမောင်စေတီ ကုန်းတော်သည်ကား ဘုရားရှင်အလောင်းတော်ဘဝ "သာလိကာ"မင်းဖြစ်၍ ကျင်လည်ကျက်စားခဲ့ရာဌာနဖြစ်သည် ဆို၏။ ဘုရားရှင်၏ ရင်သားမောက်တော်ကို ဌာပနာပြုလျက် တည်ထားသော စေတီဖြစ်သည်။

အနီးဝန်းကျင်၌ **"ရင်ဦးရွာ"**ဟူ၍ တည်ရှိခဲ့ကာ ကာလရှည်ကြာ၍ လူနေနည်းပါး ပျောက်ကွယ်သွားပြီးနောက် **"ငှက်ပျောတော"**ရွာသစ်ကိုထပ်မံတည်ဆောင် နေထိုင်ကြသည်ဟု သိရသည်။

မအီရွာမတွင် ဗိုလ်ဝင်ခံ(လူသူ စုဆောင်း)၍ မင်းတုန်း၊ စက္၊ စလင်း၊ ဆင်ပြေကျွန်း၊ ပြည်မြို့များကို တိုက်ခိုက် သိမ်းပိုက်နိုင်ခဲ့သော စန္ဒဝိဇယမင်းသည် အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မအီရွာမ၌ အောင်စေတီနှင့် သိမ်တော်ကို ၁၀၈၁ ခုနှစ်၌ တည်ထားခဲ့သည်။

ထိုသို့ တည်ဆောက်ရာ၌ ငှက်ပျောတော၊ ရင်ဦးမောင်စေတီတို့ သီတင်းသုံးနေသော ကျမ်းတတ်အကျော် ရင်ဦးဆရာတော် ဦးဆောင်၍ သံဃာ(၁၀၈)ပါးနှင့်အတူ သိမ်သမုတ်ခြင်း၊ စေတီတည်ခြင်းတို့ ဆောင်ရွက်ပေးတော်မူသည်ဟု **မအီသိမ်တောင် သာသနာသမိုင်း၌** တွေ့ရှိရပေသည်။

ထို့ကြောင့် ငှက်ပျောတောရွာသည် ၁၀၈၁ ခုနှစ်မတိုင်မီကပင် တည်ရှိပြီးဖြစ်သည်ဟု မှန်းဆရပေသည်။



ရင်ဦးမောင်စေတီတော်

www.burmeseclassic.com

www.burmeseclassic.com

ရင်ဆောတ်ဆစတီဆတ် မျောရုံကွင်မှ တရားဦးဟောကြားခန် ရုပ်ပွားရုပ်တုများ



ရင်ဆောတ်ဆစတီမုန်ဦး

မျောရုံကုန်းမှ ဂိုဒိတ်ဝေးယမြေပုံ ရုပ်ကြွများ

ဖူးမြော်ရစဉ်

ရင်ဆောတ်စေတီမှာ ပစ္စယံသုံးဆင့် အထက် ခေါင်းလောင်းမောက်စေတီ ပေါက်ကာ ထုထည်အားကောင်း၍ ခံ့ထည် သပ္ပါယ်လှသော စေတီဖြစ်သည်။

ပထမပစ္စယံတွင် မုခ်လိုဏ်လေးခု နှင့် တင်ပျဉ်ခွေရုပ်ပွားတော်(၄)ဆူ၊ ပစ္စယံထောင့်များ၌ ခြင်္သေ့လေးကောင် စီ ပူဇော်ထားသည်။ ဒုတိယနှင့် တတိယ ပစ္စယံထောင့်များတွင်လည်း အရံစေတီတစ်ဆူစီ ဝန်းရံထားသည်။

အနီးရှိ ဓမ္မာရုံအတွင်း၌ ပဋ္ဌဝင်္ဂပါဠိဦး နှင့် ဘုရားရှင် တရားဦး ဟောကြား ဟန် ဓမ္မစက္ကမုဒြာရုပ်ပွားတော်ကို ဖူး တွေ့ရသည်။ ဓမ္မာရုံနံရံတွင် ဗုဒ္ဓဝင် ဖြစ်စဉ်တော်များကို ပန်းတော့ရုပ်ကြွ များဖြင့် သရုပ်ဖော်ထားလေသည်။

စေတီရင်ပြင်၊ ချောင်းကမ်းပါးထိပ် ဘက်တွင် ရှင်ဥပဂုတ္တ၏ကြေးပြာသာဒ် ကျောင်းတော်နှင့် စေတီအနီး၌ ရှင်သီဝလိရုပ်တုတော်များ တန်ဆာ ဆင် ပူဇော်ထားရာ ရှင်သီဝလိရဟန္တာ အား မျောက်၊ ယုန် စသည့် တိရစ္ဆာန် များ သစ်သီးဝလံ ဆက်ကပ် သရုပ် ဖော်ထားသည်။

လူသူကင်းဝေးသော တောတောင် ခရီးလမ်း ကြွချီရာတွင် တောနေ တိရစ္ဆာန်များ ဆွမ်းကပ်လှူကြသည့် လာဘ်လာဘအရာ၌ ဇာတဂ်ရရှိခြင်း ကို ညွှန်းဆိုသော တန်ဆာဆင်မှု ဖြစ်ပေသည်။

ရင်ဆောတ်စေတီတော်ကို လပြည့် လကွယ်၊ အခါကြီးရက်ကြီးများ၌ ရွာနီး ချုပ်စပ်မှသာမက ရပ်ဝေးမှ ဒါယကာ ပရိသတ်များလည်း လာရောက် ဖူး မြော်၍ ဥပုသ်သီတင်းဆောက်တည် ကြသည်ဟု သိရသည်။

ရှင်ပြင်တော်တွင် ဘုရား ခုနှစ်၊ တန်ခူးလဆုတ်(၄)ရက်နေ့ မွန်းမံပြုပြင် ကြောင်းကမ္ဘည်းစာတမ်း တွေ့ရှိရသည်။

လတ်ဆတ်သော ပန်းရေချမ်းများ နှင့် ကုန်းတော်တခွင် သန့်ရှင်းသပ်ရပ် နေမှုများကြောင့် ပူဇော်ဝတ်ပြုသူ များပြတ်ရှိကြောင်း ယူဆဖွယ်ရှိသည်။

ရင်ဆောတ်စေတီသည် ဘုရားရှင်၏ ရင်သားဓာတ်တော်ကို ဌာပနာပြု ပူဇော်သည့် စေတီဖြစ်သောကြောင့် မိသားစု၊ ဇနီးမောင်နှံရေးရာကိစ္စများ

www.burmeseclassic.com

www.burmeseclassic.com

ရာဇာဓိရာဇာတော်ကြီးတော်မှ ရှင်ဥပဂုတ္တ

ရှင်သီဃိအား တိရစ္ဆာန်များ ဆွမ်းကပ်ပုံ

အတွက် အထူးပြု ဆုပန်လေ့ရှိကြသည်ဟု သိရသည်။

ထေရဂ္ဂထောင့်မှူဇော်ပါက **"ကိုရွာ"** အတွင်းမိတ်ဆောင်သဖြင့် မိသားစု၊ အိမ်တွင်းရေး၊ နှလုံးသားရေးရာကိစ္စများအတွက် ကောင်းမြတ်သော နိမိတ်ဆောင်နေသည်။

စေတီဘွဲ့မည် **"ရင်ပူ"** ဓာတ်စေတီ၏ တနလ်းနံနှင့် အလောင်းတော်တာဝ **"သာလိကာ"** မင်း တနလ်းနံတို့ မြတ်သောအစုအဖြစ် နံတူထပ်ကာ "လမ္ဘ" ချောင်းကမ်းပါး ကြာသပတေးနံနှင့် ဂဇ္ဇေဓာတ်မိတ်ဆောင်နေသည်ကို တွေ့ရသည်။ ထို့ကြောင့် စည်တံခိုင်မြဲခြင်း အကျိုးထူးကို ခံစားရနိုင်ကြပေသည်။

အသခံများ၏ ပြောပြချက်အရ ရင်ဓာတ်စေတီတော်တွင် ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးစသည်တို့တွင် (၇)ခု အရေအတွက် ပြည့်အောင် ပူဇော်ပါက ဆိုးလမ်းပန်းတွင် လည်းကောင်း၊ အဝေးရောက် သံယောဇဉ်ရှိသူနှင့် နေအိမ်ကေဟာအတွက် လည်းကောင်း သောကင်းလုံခြုံမှုကို ဆုတောင်းပြည့်ဝနိုင်သည် ဆိုလေသည်။

ဆန်းစစ်ကြည့်သောအခါ အန္တရာယ်မရှိ၊ ဘေးမငြိသည်၊ မုန်မြတ်လောင်း၊ ဖြစ်တော်ပေါင်းစု (၁၆)ခုဝယ် (သာဠိကာသတ္တ) သာလိကာဘဝ (၇) ဘဝ ဖြစ်တော်မူခဲ့သည်ကို ရည်ညွှန်းပူဇော်ခြင်းဖြစ်သည်ဟု ယူဆရပေသည်။

ထို့နောက်တွင် စေတီသုံးဆူ ပူဇော်မှုပြီးဆုံးပြီဖြစ်၍ ဓမ္မလက်ဆောင်ပေးခဲ့သူ အဘက္ခန်ရှိုးအောင်မှ အစပြု၍ မြင်အပ်၊ မမြင်အပ်သော ဝေနေယျသတ္တဝါအားလုံးတို့အား ကုသိုလ် အမျှပေးဝေလျက် ပူဇော်မှု အဆုံးသတ်ခဲ့သည်။

လက်တွေ့အကျိုးထူး

တနလ်းနံတူ ဆင့်နေသည့် ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်တွင်းရှိ ကြာသပတေးပညတ်ရှိသော "လမ္ဘ" ချောင်းကမ်းပါးတစ်လျှောက် စံပယ်တော်မူကြသည့် တနလ်းနံဘွဲ့မည် ရှေးဟောင်းစေတီသုံးဆူအား အဓိဋ္ဌာန်ပြု ပူဇော်ခြင်းကြောင့် ငွေကြေးအစရှိသည့် တနလ်းဂြိုဟ် ပရိယာယ်ဆိုင်ရာ ကိစ္စများသာမက "ဂဇ္ဇေ" ပထဝီဓာတ်မိတ်ကြောင့် အရာရာ ကောင်းကျိုးဖြစ်ထွန်းစေကြောင်း အဘက္ခန်ရှိုးအောင်က အမှာပါးခဲ့သည်။

ပူဇော်မှုအပြီးတွင် ထိုအကျိုးကို ဒိဋ္ဌဓမ္မ ခံစားရသည်ဟု ဆိုနိုင်ပါသည်။

ညအိပ်တည်းခိုရန် အခက်အခဲရှိသဖြင့် ကိုထွန်းသိန်းက ကားဂိတ်ထမင်းဆိုင်များ၌ စုံစမ်းပေးသော်လည်း အဆင်မပြေခဲ့ပေ။ မအီ သို့မဟုတ် တောင်ကုတ်မြို့များသာ အနီးဆုံးတည်ရှိလေရာ သွားလေရာမှာလည်း အချိန်ယူစောင့်ဆိုင်းရသည်။

ရန်ကုန်–ကျောက်ဖြူ အဝေးပြေးကားများလည်း အချိန်လွန်ပြီဖြစ်ရာ အခတ်တွေ့နေစဉ် "ရွှေမော်"ထမင်းဆိုင်ရှင် အမေကြီးက ဘုရားဖူးကားများ တွေ့တိုင်း စုံစမ်းပေးသည်။ နောက်ဆုံးတွင် ကိုယ်ပိုင်ကား တစ်စီးက လိုလားစွာပင် တင်ဆောင် ကူညီပေးခဲ့သည်။

ဆိုင်ရှင်အမေကြီးအား ကျေးဇူးအထူးတင်ရှိကြောင်း နှုတ်ဆက်ကာ ထိုကားဖြင့် လိုက်ပါခဲ့သည်။ ကားပေါ်၌ တစ်ဦးနှင့် တစ်ဦး မိတ်ဆက်ပြောဆိုရာမှ ကားပိုင်ရှင် လူလတ်ပိုင်း အမျိုးသားက နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်တစ်ဦး ဖြစ်ကြောင်းနှင့် လမ်းပန်းအဆက်အသွယ် ဖွံ့ဖြိုးမှုနည်းပါးနေသေးသည့် ရခိုင်ပြည်နယ်တွင်းမှ ရွေးဟောင်းစေတီ ပုထိုးများအား ဖော်ထုတ်ရေးသားခြင်းအတွက် ကျေးဇူးတင် ဝမ်းမြောက်ကြောင်း ပြောကြားလေသည်။

ထို့ပြင် ဇံတောင်ကုတ်–ရန်ကုန် အဝေးပြေးကား မထွက်ခွာမီ အချိန်မီ အောင် ကြိုးစား မောင်းနှင်ပေးကာ ယာဉ်စီးခွင့် လက်မှတ်ရသည်အထိ လိုက်ပါ ကူညီပေးခဲ့လေသည်။

ငြိမ်းသော်တာ

www.burmeseclassic.com

www.burmeseclassic.com

အဘဘိုးမင်းခေါင် ချီးမြှင့်ခဲ့သော

ကျင့်စဉ်အဓိဋ္ဌာန်၌နှင့် မန္တန်

ဝင်းဆင်းစာပေ

စာရေးသူ ရေးသားတင်ပြမည့် အဘဘိုးမင်းခေါင် ချီးမြှင့်ခဲ့သော ဂါထာမန္တန်မှာ စာရေးသူ၏ ဆရာသမားမိခင်ကြီး ရှိစဉ်က လက်ဆင့်ကမ်း သင်ကြားပေးခဲ့သော အဓိဋ္ဌာန် ကျင့်စဉ်တစ်ခု ဖြစ်ပါသည်။

ကျင့်စဉ်ပါ သက်နဲလျှခြင်းကြောင့် အကျိုးကျေးဇူးများကို လက်ရှိဘဝတွင်ပင် ခံစားရသောအဓိဋ္ဌာန်ဖြစ်ပါသည်။ (၇)ရက်သားသမီး စာဖတ်ပရိသတ်များအတွက် ခမ္မလက်ဆောင်အဖြစ် ရေးသားတင်ပြခြင်း ဖြစ်ပါသည်။

လွန်ခဲ့သော(၁၅)နှစ်ခန့်၊ ခရစ်နှစ်အားဖြင့် ၂၀၀၀ပြည့်နှစ် တနင်္ဂနွေနံနက် တစ်ခုတွင် ကျေးဇူးရှင်ဆရာသမား မိခင်ကြီး လူကြုံနှင့်အမှာပါး၍ ကျိုက္ကဆံဘုရားသို့ ရောက်ရှိခဲ့ပါသည်။

'မာမီ... သမီးကို ခေါ်တယ်ဆို အကြောင်းထူးများ ရှိလို့လား'

'ဟုတ်တယ် သမီးရေ...' သမီးကို အဓိဋ္ဌာန်တစ်ခုပေးမလို့ ဂါထာပေးတော်းဖြစ်မှာစိုးလို့ လူတိုင်းကို မာမီ မပေးခဲ့ဘူး။ သမီးရဲ့ သီလသမာဓိကို ယုံကြည်လို့ မာမီပေးခဲ့မယ်။ နေ့စဉ် ယုံကြည်စွာ ရွတ်ဆိုရမယ်နော်'

'ဟုတ်ကဲ့ပါ... မာမီပေးတဲ့ ကျင့်စဉ် အဓိဋ္ဌာန်အတိုင်း သမီး သေချာကြိုးစား ခဲ့တာ မှာမီအသိပါ။ အခုအဓိဋ္ဌာန် သမီးကို ပြောပြပေးပါ လိုက်နာကျင့်ကြံပါမယ်'

'အခု အဓိဋ္ဌာန်က မာမီကို အဘဘိုးမင်းခေါင်ချီးမြှင့်တဲ့ အဓိဋ္ဌာန်၊ မာမီကလဲ သားသမီးတွေကို ပြန်လည် လက်ဆင့်ကမ်းတဲ့ အဓိဋ္ဌာန်ပဲ သမီးရေ... သမီး သေသေချာချာ နားထောင်ပြီး မှတ်ထားနော်။

ပထမဦးဆုံး သမီးအိမ်မှာ ပူဇော်ထားတဲ့ မြတ်စွာဘုရားနဲ့ သင့်တော်မယ့် သက်နဲ့တစ်ထည်ဝယ်ရမယ်။ ဘုရားစေတီတွေမှာ မြတ်စွာဘုရား ဆင်းတုတော်နဲ့သင့်လျော်တဲ့ဝိုးသက်နဲ့တွေရှိတယ်။ ကပ်လျှမယ့်သက်နဲ့နဲ့ ဘုရားဆင်းတုတော် လိုက်ဖက်ညီဖို့ လိုတယ်နော်။

ပြီးရင် ဘုရားကို နေ့စဉ်သောက်တော်ရေချမ်း၊ ပန်း၊ ဆီမီး အမွှေးတိုင်နဲ့ ဆွမ်းတို့နဲ့အတူ သက်နဲ့ကို ကပ်ရမယ်။ အဲဒီအချိန်မှာ ပူဇော်ရမယ့် ဂါထာမန္တန်က...

'ဣတောပိ ကုမာရိ ကာသာဝံပဘ ဘာဂါ ဖဿိတွာ'

လို့ ရွတ်ဆိုပူဇော်ရမယ်။ အဲဒီနေ့က စပြီး အဓိဋ္ဌာန်နဲ့ ရွတ်ဆိုပူဇော် ဒါမှ မဟုတ် ပုတီးစိပ်လို့လဲ ရတယ်။ ဂါထာတစ်ခေါက် ပုတီးတစ်လုံးချနဲ့ (၁၀၈)လုံးပုတီး တစ်ပတ်စိပ်ပေါ့။ သက်နဲ့ကိုတော့တန်ဆောင်မုန်းလပြည့်နေ့ မနက်တိုင်း အသစ်ကပ်လှူရမယ်။ ခုလဲ တန်ဆောင်မုန်းလပြည့်ချိန် နီးလာလို့ သမီးကို လှူကြဖို့ မှာလိုက်ရတာ'

'ဟုတ်ကဲ့ပါ မာမီ၊ သမီး မာမီပြောတဲ့အတိုင်း လိုက်နာဆောင်ရွက်ကျင့်ကြံပါ့မယ်။ ဆင်းတုတော်မှာ သက်နဲ့ကပ်လှူပူဇော်ရတဲ့ အကျိုးကျေးဇူးတွေကို သမီးသိပါရစေ'

'သိရမှာပေါ့ သမီးရယ်။ မြတ်စွာဘုရားဆင်းတုတော်မှာသက်နဲ့ကပ်လှူပူဇော်ခြင်းရဲ့ အကျိုးကျေးဇူးတွေကတော့...

၁။ ဖြူအသင်းနဲ့တူသော အသင်းရှိခြင်း
၂။ မြူအသင်းအကြေး ကင်းစင်ခြင်း၊
၃။ ပြီးပြီးပြောက်ပြောက် အရောင်ထွက်ခြင်း
၄။ ဘုန်းတန်ခိုးကြီးမား ခြင်း
၅။ ခန္ဓာကိုယ် ပြေပြစ်ခြင်း
၆။ အမြဲ အပါ အနီအသင်းတို့ကိုရခြင်း

စာမျက်နှာ (၁၁၀) သို့

www.burmeseclassic.com

www.burmeseclassic.com

ထူးခြားတဲ့

သရဏာကုံကျင့်စဉ်

လျှို့ဝှက်ချက်အစီအရင်

တက်မြက်မြင့် (ဇော်လက်)

၁။ ပထမဂါထာတွင် **"သဇပုရဿာဒ္ဓံ ထံဝိ"**

၂။ ဒုတိယဂါထာတွင် **"သဂဓရဿာမ္ဗံ ထံဝိ"**

၃။ တတိယဂါထာတွင် **"သဂသံ ရဿာယံ ထံဝိ"**

၄။ **"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"** ဂါထာကို (၉)ပတ် (၉)ရက်

၅။ **"ဓမ္မံ သရဏံ ဂစ္ဆာမိ"** ဂါထာကို (၆)ပတ် (၆)ရက်

၆။ **"သံဃံ သရဏံ ဂစ္ဆာမိ"** ဂါထာကို (၉)ပတ် (၉)ရက်

၇။ ပုတီးပတ်ရေ **[၈၁+၃၆+၈၁=၁၉၈]** ပတ်

၈။ ပုတီးစိပ်ရမည့်ရက်ပေါင်း (၂၄) ရက်

၉။ ကာယကံသီလ၊ ဝစီကံသီလ၊ မနောကံသီလ၊

၁၀။ မေတ္တာဘာဝနာ

အထက်ပါအချက်များ၏ အဓိပ္ပါယ်များမှာ...

၁။ ပထမဂါထာတွင် **"သဂဇုရဿာဒ္ဓံ ထံဝိ"**

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" ကို ကွန်ချာသဖွယ် စီရင်ပါသည်။ **"သ"**သည် **"သရဏံ"**မှ **"သ"**ကို ယူပါသည်။ **"ဂ"**သည် **"ဂစ္ဆာမိ"**မှ **"ဂ"**ကို ယူပါသည်။

"ဗု"သည် **"ဗုဒ္ဓံ"**မှ **"ဗု"**ကို ယူပါသည်။ **"ရ"**သည် **"သရဏံ"**မှ **"ရ"**ကို ယူပါသည်။ **"စ္ဆာ"**သည် **"ဂစ္ဆာမိ"**မှ **"စ္ဆာ"**ကို ယူပါသည်။ **"ဒ္ဓံ"**သည် **"ဗုဒ္ဓံ"**မှ **"ဒ္ဓံ"**ကို ယူပါသည်။ **"ထံ"**သည် **"သရဏံ"**မှ **"ထံ"**ကို ယူပါသည်။

"ဝိ"သည် **"ဂစ္ဆာမိ"**မှ **"ဝိ"**ကို ယူပါသည်။ ယူထားသည့် အစဉ်အတိုင်း ချရေးလိုက်လျှင် **"သဂဇုရဿာဒ္ဓံ ထံဝိ"** ဖြစ်လာပါသည်။

၂။ ဒုတိယဂါထာတွင် **"သဂဓရဿာမ္ဗံ ထံဝိ"**

"ဓမ္မံ သရဏံ ဂစ္ဆာမိ"ကို ကွန်ချာသဖွယ် စီရင်ပါသည်။ **"သ"**သည် **"သရဏံ"**မှ **"သ"**ကို ယူပါသည်။ **"ဂ"**သည် **"ဂစ္ဆာမိ"**မှ **"ဂ"**ကို ယူပါသည်။ **"ဓ"**သည် **"ဓမ္မံ"**မှ **"ဓ"**ကို ယူပါသည်။ **"ရ"**သည် **"သရဏံ"**မှ **"ရ"**ကို ယူပါသည်။

"စ္ဆာ"သည် **"ဂစ္ဆာမိ"**မှ **"စ္ဆာ"**ကို ယူပါသည်။ **"မ္ဗံ"**သည် **"ဓမ္မံ"**မှ **"မ္ဗံ"**ကို ယူပါသည်။

၂၀၁၆ ခုနှစ်၊ ဧန်နဝါရီလ၊ အမှတ် (၃၄၅)၊ စာမျက်နှာ(၁၃၂) နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် **"ထူးခြားတဲ့ သရဏာကုံကျင့်စဉ်"** ဆောင်းပါးကို ဆောင်းပါးရှင် အောင်ထက်(ဧရာအနောက်မြို့တော်)က ရေးသားပြီး ဆောင်းပါးပါ သရဏာကုံပုတီးစိပ်နည်း၏ လျှို့ဝှက်ချက်အစီအရင်ကို သိသူများမှ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းသို့ ရေးသားပေးပို့ရန် စာတည်းချုပ် ဦးကျော်မိုးသိန်းက ဆောင်းပါးအဆုံးတွင် ဖော်ပြမေတ္တာရပ်ခံခဲ့ပါသည်။

သို့ပါ၍ ဆောင်းပါးပါ သရဏာကုံပုတီးစိပ်နည်း၏ လျှို့ဝှက်ချက်အစီအရင်ကို ကျွန်တော့် ဉာဏ်မီသမျှ လေ့လာထားရှိသလောက် ရေးသားတင်ပြလိုပါသည်။ ဆောင်းပါးရှင်၏ သရဏာကုံပုတီးစိပ်နည်းကို ဦးစွာ တင်ပြချင်ပါသည်။

ပုတီးစိပ်ရသော သရဏာကုံ

✷ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
သဂဇုရဿာဒ္ဓံ ထံဝိ၊
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

✷ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သဂဓရဿာမ္ဗံ ထံဝိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊

✷ သံဃံ သရဏံ ဂစ္ဆာမိ၊
သဂသံရဿာယံ ထံဝိ၊
သံဃံ သရဏံ ဂစ္ဆာမိ၊

အထက်ပါ ပုတီးစိပ်နည်းသည် ကွန်ချာဖြစ်ပါသည်။ ကွန်ချာဆိုသည်မှာ တောင်တန်းဆရာတော်ကြီး မိန့်သလို ကွန်ယက်သဖွယ် ဖြစ်ပါသည်။

ကျွန်တော် သတိပြုမိသော လျှို့ဝှက်ချက်အစီအရင်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

"**ထံ**"သည် "**သရဏံ**"မှ "**ထံ**" ကို ယူပါသည်။ "**မိ**"သည် "**ဂစ္ဆာမိ**" မှ "**မိ**"ကို ယူပါသည်။

ယူထားသည့် စာလုံးများကို ချရေးလိုက်သောအခါ "**သဂဇရစ္ဆာမွံ ထံမိ**" ဖြစ်လာပါသည်။

၃။ တတိယဂါထာတွင် "**သဂသံ ရစ္ဆာဃံထံမိ**" "**သံဃံ သရဏံ ဂစ္ဆာမိ**"ကို ကွန်ချာသဖွယ် စီရင်ပါသည်။ "**သ**" သည် "**သရဏံ**"မှ "**သ**"ကို ယူပါသည်။ "**ဂ**"သည် "**ဂစ္ဆာမိ**"မှ "**ဂ**"ကို ယူပါသည်။ "**သံ**"သည် "**သံဃံ**"မှ "**သံ**"ကို ယူပါသည်။

"**ရ**"သည် "**သရဏံ**"မှ "**ရ**"ကို ယူပါသည်။ "**စ္ဆာ**"သည် "**ဂစ္ဆာမိ**"မှ "**စ္ဆာ**"ကို ယူပါသည်။

"**ဃံ**"သည် "**သံဃံ**"မှ "**ဃံ**"ကို ယူပါသည်။ "**ထံ**"သည် "**သရဏံ**" မှ "**ထံ**"ကို ယူပါသည်။ "**မိ**"သည် "**ဂစ္ဆာမိ**"မှ "**မိ**"ကို ယူပါသည်။

ထိုအခါ ယူထားသည့် စာလုံးများကို ချရေးလိုက်သောအခါ "**သဂသံ ရစ္ဆာဃံထံမိ**" ဖြစ်လာပါသည်။

၄။ "**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ**" ဂါထာကို (၉)ပတ် (၉)ရက် ပုတီးစိပ်ရန်။

ဘုရားဂုဏ်တော်(၉)ပါးရှိ၍ (၉) ဂဏန်းကို ယူပါသည်။

၅။ "**ဓမ္မံ သရဏံ ဂစ္ဆာမိ**" ဂါထာကို ပုတီးပတ်ရေ (၆)ပတ် (၆)ရက် စိပ်ရန်။

တရားဂုဏ်တော်(၆)ပါးရှိ၍ (၆) ဂဏန်းကို ယူပါသည်။

၆။ "**သံဃံ သရဏံ ဂစ္ဆာမိ**"ကို ပုတီးပတ်ရေ (၉)ပတ် (၉)ရက် စိပ်ရန်။

သံဃာဂုဏ်တော်(၉)ပါးရှိ၍ (၉) ဂဏန်းကို ယူမိပါသည်။

ဂ။ ပုတီးပတ်ရေ [၈၁+၃၆+၈၁=၁၉၈] ပတ်

၁၉၈=၁+၉+၈=၁၈

၁၈=၁+၈=၉

နဝင်းကျေ ဖြစ်ပါသည်။

၈။ သရဏာဂုံ ပုတီးစိပ်လျှင် ကြာမည့် ရက်ပေါင်း (၂၄)ရက်၊ ဘုရားဂုဏ်တော်(၉)ပါး၊ တရားဂုဏ်တော်(၆)ပါး သံဃာဂုဏ်တော်(၉)ပါး အားလုံးပေါင်းလျှင် (၉+၆+၉=၂၄) ဖြစ်ပါသည်။

၉။ **ကာယကံသီလ၊ ဝစီကံသီလ၊ မနောကံသီလ**

သီလဝိသုဒ္ဓိဖြစ်လျှင် စိတ္တဝိသုဒ္ဓိ ဖြစ်ပါသည်။ ဝိသုဒ္ဓိသည် စင်ကြယ်ခြင်းအနက်ဖြစ်၍ သီလစင်ကြယ်လျှင် စိတ်စင်ကြယ်ပါသည်။ စင်ကြယ်သော သီလနှင့် သမာဓိစခန်း၊ ပညာစခန်းသို့ ဆက်၍ ကျင့်ကြံအားထုတ်လျှင် သီလ၊ သမာဓိ၊ ပညာတည်းဟူသော သိက္ခာ (၃)ပါးနှင့် ပြည့်စုံပြီး နိဗ္ဗာန်သို့ ပို့ဆောင်ပါသည်။

၁၀။ **မေတ္တာဘာဝနာ**

သမထဘာဝနာ၊ ဝိပဿနာ ဘာဝနာ တရားအားထုတ်လျှင် သီလ ဆောက်တည်ခြင်းနှင့် မေတ္တာဘာဝနာ ပွားများခြင်းသည် အခြေခံအကျဆုံး နှင့် အရေးကြီးဆုံး ဖြစ်ပါသည်။

ဆောင်းပါးရှင် အောင်ထက်(ရောအနောက်မြို့တော်) ရေးသားသော "သရဏာဂုံကျင့်စဉ်"သည် သမာဓိ စခန်း ကျင့်ကြံပေါက်ရောက် အောင်မြင်ပြီးသူများသာ စီရင်နိုင်ပါသည်။

သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံကြပါစေ...

ထက်မြက်မြင့်(ဝက်လက်)

စာမျက်နှာ (၁၀၈)မှ အဆက်

ဂု။ ပို့အထည်၊ ကမ္ဘလာအထည်တို့ကိုရခြင်း

ဃ။ ဆေးရည်၊ ပိန္နဲသီးတို့ကိုရခြင်း

လို့ တျမ်းဂန်များမှာ ဖော်ပြထားတာကို အဘာဘိုးမင်းခေါင်က မိန့်ကြားခဲ့တယ်သမီး။

စေတနာ သဒ္ဓါတရားပေါ် မူတည်ပြီးတော့ ပေးသလောက်ပြန်ရမယ်သမီးရေ။ မာမီကို မွေမိတ်ဆွေ အဘတစ်ယောက် ပြောဖူးတဲ့စကားရှိတယ်။

"မရှင့် ရှင့်ရှင့် ကျွန်းသာကျွတ် အရှင့် ဖြစ်ပြီးယား"

"လိုရှာသလောက် မပေါက်ရောက်၊ လုပ်သလောက် ရပြီးယာ"

တဲ့...

'မှတ်ထားနော် သမီး'

'ဟုတ်ကဲ့ပါ မာမီ... သမီး ယုံကြည်လေးစားစွာ ရွတ်ဆိုပူဇော်ပါ့မယ်'

စာရေးသူလည်း လွန်ခဲ့သော (၁၅)နှစ် တန်ဆောင်မုန်းလပြည့် နေ့မှစပြီး အဓိဋ္ဌာန်ထား ရွတ်ဆိုပူဇော်ခဲ့ပါသည်။

စာရေးသူအနေနှင့် တန်ဖိုးရှိသော အဝတ်အထည် ပေါများခြင်း၊ ကျန်းမာခြင်းနှင့် ပြည့်စုံခြင်း။ ပြောဆိုသမျှ အောင်မြင်ခြင်း၊ ဃသည့် အကျိုးကျေးဇူးများကို ခံစားရပါသည်။

စာဖတ်သူ မွေမိတ်ဆွေများလည်း အဓိဋ္ဌာန်ယူပူဇော်နိုင်ရန်၊ စာရေးသူ၏ ဆရာသမားမိခင်ကြီး လက်ဆင့်ကမ်းခဲ့သော အဘာဘိုးမင်းခေါင် ဦးမြင့်ခဲ့သည့် ကျင့်စဉ်အဓိဋ္ဌာန်နှင့် မန္တန်တော်ကို ဝမ္မလက်ဆောင်အဖြစ် ရေးသားတင်ပြလိုက်ရပါသည်။

စေတနာသည် ကံမည်၏

ချမ်းသာကိုယ်စိတ် ပြုကြပါစေ...

စင်းအင်ကြင်း

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အသည်းရောဂါအတွက် ကိုယ်တိုင်ကုသထုတ်လုပ်ထားတဲ့

မန်းရာဇာ အသည်းအားဆေး

အမှတ်တံဆိပ်

(တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ဝဂဃဃ ၄/ ပဘဝ၆/၇၂) (တာဘဝက(စာနယ်ဇင်း) ဝဝဂ/ဝ၂၁၂) ဦးအိုက်စံ(လားရှိုး)

ယနေ့ခေတ်၊ ယနေ့အခါတွင် ရောဂါများသည်ခေတ်နှင့်အပြိုင်လိုက်၍ ထူးထွေဆန်းပြားစွာ ပေါ်ပေါက်၍လာပေသည်။ ထိုကဲ့သို့ ပေါ်ပေါက်စွဲကပ်လာသော ရောဂါများအနက်လွယ်ကူစွာ ကုသပေးနိုင်သော ရောဂါများရှိသကဲ့သို့ ခက်ခဲနက်နဲပြီး လုံးဝပျောက်ကင်းသက်သာအောင်ကုသမရသဲလျက်သက်သာရုံ ရောဂါကို ထိန်းချုပ်ထားရုံမျှသာ တတ်နိုင်သော ရောဂါများလည်းရှိ၏။

ထိုခေတ်နှင့်အပြိုင် ဆန်းပြားထွေလာသော်ရောဂါများအနက်မှ အသည်းနှင့်ပတ်သက်သောရောဂါသည်လည်း ယနေ့အချိန်အခါတွင် ခေတ်စားအဖြစ်များသော် ရောဂါတစ်မျိုးပင်ဖြစ်သည်။ အချို့အသည်းရောဂါများသည် ကာကွယ်ရုံမျှသာစွမ်းနိုင်ပြီး ဖြစ်ပေါ်လာခဲ့လျှင် လုံးဝပျောက်ကင်းအောင်ကုသမှုခံယူရန် မဖြစ်နိုင်ဘဲလျက် ရောဂါကို ထိန်းထားရုံမျှသာ စွမ်းနိုင်သောရောဂါဖြစ်ပါသည်။

လွန်ခဲ့သောနှစ်နှစ်ကျော်လောက်က ကျွန်တော်၏ဝမ်းဗိုက်အထူးသဖြင့် ညာဘက်ခြမ်းနံရိုးဆုံးမှ အောင့်နာသည်။ ရင်ဘခါင်းတောင့်၏။ ပျို့အန်၏။ အစားအစာများစားချင်သောက်ချင်စိတ်မရှိ၊ ဝမ်းဗိုက်ထဲမှလေသံများ တဂျုံးဂျုံး ကြားနေရ၏။ မျက်စိနှင့် အသားအရေများ ဝါဖျော့လာ၏။ ဆီးနည်းလာ၏။ ရဲခါဝမ်းချုပ်၍ ခဲခါ အပူဝမ်းကဲ့သို့ နည်းနည်းနှင့် ပျော့ပျော့သွား၏။ အားအင်နည်းလာ၏။ အိပ်မပျော်ဖြစ်လာ၏။ အစားပျက်၊ အအိပ်ပျက်ကာ ပိန်ခြုံးလာ၏။ လူကလာပိန်လာသော်လည်း ဝမ်းဗိုက်ကလေးကတော့ ပူတင်းနေ၏။ ဘာမှန်းမသိရသော ရောဂါတစ်မျိုးကို ကျွန်တော်ခံစားလာရသည်။

အစာမစားနိုင်သည်မှာ နှစ်လလောက် ဖြစ်လာတော့ အစာအိမ်ရောဂါလို့ထင်ခဲ့၏။ သည်လိုနှင့် ကျွမ်းကျင်သော အထူးကုသမားတော်ကြီးများနှင့် ပြသကြည့်တော့ လိုအပ်သော ဆေးစစ်ဆေးမှုများခံယူခိုင်း၏။ သည်မှာ ကျွန်တော်ကို နှစ်လဖက်ကျော်နိုင်စက်နေသော အနီးရန်သူသည် B-ပိုး ဖြစ်နေ၏။ ယင်းပိုးကြောင့် ကျွန်တော်၏အသည်းမှာ မာခြောက်နေ၏ဟု ဆရာဝန်ကြီးကဖိန်ကြား၏။ ထိုခဏမှာပင် ကျွန်တော်နှင့် ဇနီးဖြစ်သူတို့မှာ နွေခေါင်ခေါင် မိုးကြိုးပစ်ခံလိုက်ရသလို ခံစားလိုက်ရ၏။

ကျွန်တော့်ရောဂါအတွက် ရောဂါနှင့် ရောဂါကိုဖြစ်စေသော လက်သည်ကိုတော့ တွေ့ပါ၏။ သို့သော် ထိုလက်သည် B-ပိုးနှင့် အသည်းမာခြောက်သောရောဂါကို လုံးဝကင်းစင်သွားအောင် ကုသနိုင်သောဆေးဝါးက နတ္ထိတဲ့လေ။ အသည်းပျက်စီးမှုကို မြန်မြန်မပျက်စီးစေရန်၊ ထိန်းထားရုံနှင့် B-ပိုးကို အကောင်ငေ့ လျှော့ချုံ့မျှသာစွမ်းနိုင်၏ဟု သမားတော်ကြီးက ဆိုလာလေတော့ ဆောက်တည်ရာမရခံစားရပြန်သည်။

သည်လိုနှင့် ဟိုဆရာ ဟိုဆေးကောင်းနိုးနိုး၊ သည်ဆရာသည်ဆေးကောင်းနိုးနိုးနှင့် လိုက်ကုလိုက်တာ ရန်ကုန်ကို ရောက်လာပါလေရော။ ခေတ်မီဆေးဝါးများနှင့် ပျောက်ကင်းအောင် ကုသမှုမပေးနိုင်ဘူးဆိုတော့ ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်ကို ရှာရ၏။ မိတ်ဆွေတစ်ဦး၏အကြံပေးမှုကြောင့် တိုင်းရင်းဆေးနှင့် ကုသရန် ဆုံးဖြတ်လိုက်၏။ သည်လိုနှင့် ထိုမိတ်ဆွေမှ အရိုးကျိုးပေါင်းရောဂါ အထူးကုပေးနေသကဲ့သို့ ဆေးကျမ်းများစွာလည်း ရေးသားနေသော သမားတော်ဆရာမြင့်ရိုရာ စကြာမင်း တိုင်းရင်းဆေးကုခန်းသို့ လိုက်ပို့ပေး၏။ သမားတော် ဆရာမြင့်ထံရောက်တော့ ဆရာက "ကျွန်တော်က အရိုးကျိုးပေါင်းရောဂါကိုပဲ အဓိက ကုသပေးနေတာပါ။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါတုန်းကလိုပဲ ယနေ့ခေတ်မှာအဖြစ်များပြီး ဆေးတွေ့ဖို့ခက်ခဲနေတဲ့ အသည်းရောဂါအတွက်လည်း ကုထုံးဆေးဝါးတွေ တစ်နိုင်တစ်ပိုင်

နာတ္ထရောင်ခြည်းကူးဆင်း ဘဘဘ

www.burmeseclassic.com

www.burmeseclassic.com

ကုသရင်း သုတေသနပြုနေပါတယ်။ အခုတော့ အသည်းရောဂါအတွက် ဆေးတစ်လက်တော့ တွေ့ထားတယ်။ အဲဒါ ဦးအိုက်စံ ယူသွားပြီး တစ်ကြိမ် ဆေး ၅ ပြား တစ်နေ့ ၃ ကြိမ် သောက်ပေးပေါ့။ သဘာဝ တိုင်းရင်းဆေးဖြစ်လို့ ဘေးထွက် ဆိုးကျိုးမရှိပါဘူး။ "ဟုတ်ကဲ့ပါ။ ကျေးဇူးအများကြီး တင်ပါတယ်" ဟု ဆရာ့ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ပါသည်။

အိမ်ရောက်တော့ သမားတော်ဆရာမြင့် ပြောကြားသည့် အတိုင်း ငါးအတွက် အကျိုးတော့မယုတ်တန်ကောင်းဘူး ဆိုပြီး သမားတော်ဆရာမြင့်ပေးလိုက်တဲ့ဆေးကို ညွှန်ကြား ချက်အတိုင်း ပုံမှန်သုံးစွဲမိသည်။ သည်လိုနှင့် တဖြည်းဖြည်းနှင့် ကျွန်တော် စောစောကပြောခဲ့တဲ့ ကျွန်တော်ခံစားနေရတဲ့ ရောဂါလက္ခဏာတွေ တစ်စတစ်စ သက်သာလာတာကို သတိပြုမိလာသည်။ ပုံမှန် အိပ်ရသည်။ ပုံမှန်စားကောင်း လာသည်။ ဝမ်းဗိုက်၏ ညာဘက် နံဘိုး အဆုံးနားမှာ တစ်မျှင်း မျှင်းနှင့် အောင့်နာနေသော နာကျင်မှုမရှိတော့။ ဒါနှင့် အား တက်သွားပြီး ဂရုတစိုက်ဆေးကို သောက်မိ၏။ ဆေးသောက် လို့ ၆ လလောက်ကြာတော့ ကျွန်တော် အတော်လေး ကျန်းမာ ဝပြိုးလာသည်။ ပုံမှန် အသားအရေနှင့် နဂိုအတိုင်း အားအင် အပြည့်နှင့် လုပ်ငန်းဆောင်တာတွေကို လုပ်လာနိုင်သည်။

ကျွန်တော်လည်း ကျေးဇူးရှင် သမားတော်ဆရာမြင့်ရှိရာ ရန်ကုန်သို့ မီရာ မန်းလေပြည်ကားနှင့် လိုက်လာခဲ့မိသည်။ ဆရာထံ ရောက်တော့ "ဆရာ့ရဲ့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်းကို မသိ တော့ပါဘူး" လို့ ဆိုတော့ ဆရာက တွေတွေလေးစိုက်ပြီး ကျွန်တော့်ကို ကြည့်နေတယ်။ "ဆရာ ကျွန်တော့်ကို မမှတ် မိဘူးလား။ ကျွန်တော် အိုက်စံလေ။ အသည်းရောဂါဖြစ်လို့ ဆရာ့ဆီလာပြတာ ဆရာ ပေးလိုက်တဲ့ဆေးကြောင့် အခု ကျွန်တော်ရဲ့အသည်းရောဂါဟာ သက်သာကင်းဝေးသွားပြီ ဆရာ" ဆိုမှ "ဩော် မှတ်မိပြီ ဦးအိုက်စံကိုး အခုလို ကြားရတာ ဝမ်းသာပါတယ်ဗျာ" "ဆရာ့ကို ကျွန်တော် တစ်ခု လောက် တောင်းဆိုချင်ပါတယ်ဆရာ" "ပြောပါ၊ ကျွန်တော် ဘာကူညီရမလဲ" "ဒီလိုပါဆရာ၊ ကျွန်တော့်လို အသည်း ရောဂါရှင်တွေအတွက် ကျွန်တော့်ကိုပေးတဲ့ဆေးကို ထုတ်လုပ် ဖြန့်ဖြူးပေးပါလားဆရာ" "အင်း...ဦးအိုက်စံအနေနဲ့ အသည်း ရောဂါသည်တွေအပေါ်ထားတဲ့ စိတ်စေတနာကို ကျွန်တော် လေးစားပါတယ်။ ဒါပေမယ့် ကျွန်တော့်မှာက ဆေးကုခန်း ကတစ်ဖက်၊ အခြား ထုတ်လုပ်ဖြန့်ချိနေတဲ့ဆေးတွေက တစ်ဖက်ဆိုတော့ ဒီအသည်းဆေးကို ထုတ်လုပ်ဖို့ မလွယ် ကူသေးပါဘူး"

"ဆရာ့ခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော်လို စိတ်ရော ကိုယ်ပါ နာကျင်ခံစားနေရတဲ့ အသည်းရောဂါဝေဒနာရှင်တွေ အတွက် ကူညီပေးချင်လို့ ဆရာမထုတ်ရင် ဒီအသည်းဆေးကို ကျွန်တော် ထုတ်လုပ်ချင်ပါတယ်ဆရာ။ အသည်းရောဂါ ဝေဒနာရှင်များ အလွယ်တကူသုံးစွဲနိုင်အောင်လို့ပါ။ "ဟာ... ကောင်းတဲ့အကြံပဲဗျာ။ ဦးအိုက်စံထုတ်လုပ်ချင်ရင် ထုတ်ပါ" "ဖော်မြူလာဆရာက ပေးမှာလား။" "ပေးပါ့ဗျာ၊ ပေးပါ့၊ ဖော်မြူလာတင်မဟုတ်ဘူး လိုအပ်တဲ့အရာတွေကိုလဲ ကူညီ ပေးပါ့မယ်" "မြင့်မြတ်တဲ့ ဆရာ့စိတ်ထားကို အရမ်းလေး စားပါတယ် ဆရာ"

ကဲ ကျွန်တော့်လိုအသည်းနှင့်ပတ်သက်၍ ဝေဒနာခံစား နေကြရသော အသည်းရောဂါရှင်များ...သမားတော် ဆရာမြင့် ရဲ့စေတနာ၊ ကျွန်တော်ကိုယ်တိုင် အသည်းရောဂါရဲ့ နှိပ်စက်မှု ကို ခံစားခဲ့ရသည်မှလွဲတပြောက်၍ ရရှိခဲ့သော ပျော်ရွှင်မှု အရသာကို အသည်းရောဂါရှင်များထံ ဖြန့်ဝေပေးလိုက်ပါ သည်။ ကျွန်တော့်ကို အသည်းရောဂါဝေဒနာ ဘေးဒုက္ခမှ လွတ်မြောက်စေသော ဆေးစွမ်းကောင်းတစ်လက်ကတော့ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**ပဲ ဖြစ်ပါသည်။ ဤ**မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**၏ အာနိသင် ကတော့ အသည်းအားနည်းခြင်း။ အသည်းရောင်အသားဝါ ရောဂါဖြစ်ခြင်း။ အသည်းအဆီဖုံးခြင်း။ အသည်းမာ၊ အသည်း ကြီး။ အသည်းခြောက် ရောဂါဖြစ်ခြင်း။ အသည်းတစ်ဝိုက် အောင့်နာနေခြင်း။ ပျို့အန်ခြင်း။ ပိုးကြောင့်ဖြစ်သောရောဂါ များအတွက် ထိရောက်သောဆေးဖြစ်သည်။ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေးကို** အသည်းရောဂါအမျိုးမျိုး ခံစားနေရသူများ၊ အသည်းကိုထိခိုက်စေတဲ့ အရက်သေစာနှင့် မကင်းနိုင်သူများ အသည်းမပျက်စီးအောင် ကာကွယ်လိုသူများ မဖြစ်မနေသုံးစွဲသင့်တဲ့ဆေးကတော့ **မန်းရာဇာအမှတ်တံဆိပ် အသည်းအားဆေးပဲ**ဖြစ်၏ ဖော်၍ သတင်းကောင်းလေး ပါး လိုက်ပါသည်။

ဦးအိုက်စံ (လားရှိုး)

ဤဆေးသည် သဘာဝဆေးဖက်ဝင်ပစ္စည်းများဖြင့် စီမံဖော်စပ်ထားခြင်းကြောင့် အသည်းပျက်စီးခြင်းတို့ကို ကာကွယ်ပေးနိုင်သော ဆေးဖြစ်ပါသည်။

ပင်ရင်း-မန်းရာဇာတိုင်းရင်းဆေးဝါးဆိုင်လမ်းရေး
အမှတ်(၃၂/၃၆၀) သာယာရာ(ဂ)လမ်း မ/ဘက္ကလာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁၆၉၃၁၀၉၃၊ ၀၉၇၃၂၂၄၃၃၃

ရုံးချုပ်ရုံး/ပြန်ဖြန့်ချိရေး-
အမှတ်(၂၅/၀၉) ဘူတာလမ်း ရပ်ကွက်-၁၀၊ လားရှိုးမြို့။
ဖုန်း-၀၈၅ ၂၅၂၂၂၊ ၀၉၄၃၂၂၂၂၃

www.burmeseclassic.com

www.burmeseclassic.com

ကျိုက္ခမီနယ်မှ ကဒါတ်ထောက်ပါးကျောင်းနှင့် ဘန်းရော့ကွစ်ကွာ (မြိုင်တက္ကသိုလ်)

ဆရာတော် ဦးဘဉ္ဇနကုရဲ့ ဘဝအကျဉ်းချုပ် (၅)

ယခင်လမှ အဆက်

ကျိုက္ခမီကမ်းခြေနှင့် စက်ဝိကမ်းခြေ အဋ္ဌနန်နှစ်ခုအကြား ပ,စောက်ပုံချိုင့် ခွက်နေသော ပင်လယ်ကွေ့နေရာ ကလေးဖြစ်သည်။

လှိုင်းလေပြင်းထန်ကာ အနီး အနားဝန်းကျင် ပင်လယ်ပြင်အတွင်း ယုန်စီးမျောပါသော သက်ရှိသက်မဲ့ အရာအားလုံး ဤသောင်ပြင်တွင် (ရေကျသွားချိန်၌) တင်ကျန်ရစ်လေ့ ရှိသည်။

ဆရာတော် ဦးသုန္ဒရသည် ကမ်း တင်ကျန်ရစ်သည့် ရုပ်အလောင်းများ ဗွာကို ကိုယ်တိုင် မြေမြှုပ်သင်္ဂြိုဟ်ပေး ခဲ့ရသည်။

ယုဉ်းကတိုးပင်ကဲ့သို့ နှစ်ရှည်ခံသစ် ပင်များစိုက်ပျိုးကာ **"ဤအပင်၌ နေပေတော့"** ဟူ၍ ဝိနာမှိတ်တွယ်စရာ နေရာပေးလေ ရှိသည်။

ကျိုက္ခမီမှ ဦးထွန်းငြိမ်းက အောက် ပါအတိုင်း ပြောပြခဲ့သည်။

ဆရာတော်ရှိစဉ်က တရားစခန်း တွေ မကြာခဏဖွင့်ပြီး တရားပြပေး တယ်။ ပါးခင်း၊ ဖက်မိုး ကမ္မဋ္ဌာန်း ကျောင်းတွေဆောက်ပြီး အမျိုးသား ယောဂီဆိုရင်တစ်ယောက်တစ်ကျောင်း၊ အမျိုးသမီးဆိုရင် နှစ်ယောက် တစ်ကျောင်း နေရာချပေးတယ်။

ကမ်းပါး၊ ကုန်းမြင့်ပေါ်မှာ ပါး ကျောင်းကလေးတွေ သုံးလေးဆယ် လောက်အထိရှိတတ်တယ်။ အဲဒီအခါ ဦးတင်ငွေဆိုတဲ့ဦးကြီးက နိဗ္ဗာန်ဆော် ထုပ်လေ့ရှိတယ်။ နံနက်လေးနာရီ



ကမ်ဘာဆောက်ပါးကျောင်းဆရာတော် ဦးဘဉ္ဇနာ

ထိုးတာနဲ့ ကြေးစည်တစ်လုံးနဲ့ ကျောင်းဆောင်အနှံ့လည်ပြီးနှိုးပေးတယ်။

တစ်နေ့ နံနက် ကြေးစည်ကလေး ကိုင်ပြီး သူတဲ့ကျောင်းကထွက်လာ တော့ ယောဂီတွေအားလုံး နှိုးပြီး တရားဝင်ဖို့ ပြင်ဆင်နေကြတယ်။ ဦးတင်ငွေအိပ်ပျော်နေလို့ သူ့ကိုယ်စား တစ်ယောက်ယောက်က နှိုးပေးတာပါ။

ယောဂီတချို့ကတော့ ဦးတင်ငွေ ကိုယ်တိုင် ကြေးစည်တီးသွားတာ မြင်လိုက်ရတယ်လို့ ဆိုကြပါတယ်။

အချိန်တန်လို့ တရားမထိုင်ဘဲ တဲကျောင်းထဲမှာအိပ်နေရင် ခြေထောက်ကို တစ်ယောက်ယောက်က လာဆွဲသလို ခံစားရလို့ မအိပ်ဝံ့ကြ တော့ဘူး။ ဆရာတော်က နည်းပေးမိန့် ကြားပြီးရင် လူသူဝေးတဲ့ တစ်နေရာ ရာသွားပြီး အားထုတ်တတ်တယ်။

စောင့်ကြည့်မယ်သူမရှိလို့ ထိုင်နေ ရင်း မသိမသာ ထ,ထွက်မိရင် လဲထဲ

www.burmeseclassic.com

www.burmeseclassic.com

မှာ မမြင်ရတဲ့ တစ်ခုခုနဲ့တိုက်မိပြီး ပြန်ထိုင်ရတယ်။

လူအများနဲ့ဆိုတော့ သိပ်ပြီး ကြောက်လန့်တဲ့စိတ် မပေါ်ပေမယ့် ကျောင်းပြေးတာ ဆရာမိသွားတဲ့ ကျောင်းသားလို ရှက်ပြီးကလေးနဲ့ပေါ့။

ပရလောကသားတွေ ပေါများပေမယ့် ဆရာတော်ရဲ့ မေတ္တာတန်ခိုးကြောင့် ထိတ်လန့်ကြောက်ရွံ့အောင် မလုပ်ကြပါဘူး။ တရားထိုင်ဖြစ်အောင် ကူညီတဲ့သဘောပဲ ရှိပါတယ်။

ဤသို့ ကြားသိခဲ့ရသဖြင့် ကဒါတ် ထောက်ကမ်းခြေအနီးတစ်ဝိုက်ဒီတင်း နေထိုင်ကြသော ဝေနေယျအားလုံးသို့ ကျွန်ုပ်ပြုပြီးသမျှ ကုသိုလ်အဖို့ကို အမျှဝေလျက် မေတ္တာပို့သပေးခဲ့လေသည်။

နိဗ္ဗောဓံစေတီ

သောင်ပြင်တစ်ဖက်စွန်း ကမ်းပါးအခြေတွင် စေတီတစ်ဆူ ကိန်းဝပ်တော်မူသည်ကို ဖူးတွေ့ရသည်။ **နိဗ္ဗောဓံ**ဘွဲ့မည်ရှိကြောင်း သိရသည်။

ဆရာတော်ရောက်စဉ်က ဤနေရာတွင် ဒေသခံမွန်လူမျိုးများ၏ ထုံးဝေလ့အစဉ်အလာအရ တည်ထားသော သဲပုံစေတီတစ်ဆူရှိသည်။

ကမ်းပါးယံအောက်ခြေ သဲသောင်စပ်အနီးဌာနရှိသော်လည်း ဒီရေတက်ချိန်တွင် သဲများ ပြိုပျက် မျောပါသွားခြင်းမရှိပေ။

ကာရကာစွမ်းအင် ထူးခြားသဖြင့် ရေရှည်တည်တံ့မည့် အုတ်စေတီတည်ရန် သစ္စာအဓိဌာန်ပြု၍ တရားအား ထုတ်ရာ ခြင်များပိုင်းအုံကိုက်ခဲခြင်းကို ခံခဲ့ရသည်။

ဖွဲ့နဘဲကြီးလှသော ဆရာတော်သည် ဇကသီဝတ်ရုံသင်္ကန်းကို ဖယ်ရှားကာ သင်းပိုင် ခါးတောင်းကျိုက်လျက် တရားအားထုတ်သည်။

ရက်အနည်းငယ်ကြာသော် ခြင်ဒဏ်ကို ခံနိုင်ရည်ရှိလာကြောင်း တပည့်ဒါယကာတို့အား ပြောပြလေသည်။

ထိုသို့သစ္စာပြု အဓိဌာန်ဝင် အားထုတ်စဉ် ဆရာတော်၏ ပခုံးမှ အလင်းတန်းများ ထွက်ပေါ်လေ့ရှိသည်ကို ဒါယကာအများ မြင်တွေ့ရသည်ဆို၏။

ဆရာတော်သည် ဓာတ်တော်များ ပင့်ဆောင်ရန် ခရီးထွက်ခြင်း၊ ကျောင်းကန်ဘုရား တည်ဆောက်ခြင်း စသည် တစ်စုံတစ်ခု ပြုဖွယ်ရှိတိုင်း ဦးစွာ သစ္စာဆိုအဓိဌာန်ဝင်ပြီးမှ ပြုလုပ်ဆောင်ရွက်၏။ ထိုအချိန်တွင် နေ့မနား ညမနား ပြင်းပြင်းထန်ထန် ကြိုးစား သဖြင့် အားပြတ်၍ လဲသည်လည်း ကြုံရတတ်သည်ဟု ပြောပြကြသည်။

သဲပုံစေတီမှ အုတ်စေတီအဖြစ် တည်ဆောက်ပူဇော်ရာတွင် ဌာပနာပြုရန် ဓာတ်တော်များ ရှာဖွေသောအခါ အခက်အခဲများ ကြုံတွေ့ရသဖြင့် ဓာတ်တော်အများအပြား ရှာဖွေပင့်ဆောင်ကာ ဓာတ်တော်တိုက်ကြီး တည်ဆောက်ပူဇော်ရန် သန္နိဋ္ဌာန် ချခဲ့ခြင်းဖြစ်လေသည်။

၁၃၅၁ ခုနှစ်၊ နှောင်းတန်ခူးလပြည့်နေ့တွင် ဆရာတော်နှင့် တပည့်ဒါယကာများ စုပေါင်း ကြိုးစားပင့်ဆောင်ခဲ့ရသည့် ဘုရားရှင်၏ သရီရအဲသားတော်ဓာတ်(၁)ဆူ၊ အသွေးတော်ဓာတ်(၄)ဆူ၊ အရိုးတော်ဓာတ်(၂)ဆူ၊ ရှင်မောဂ္ဂလာန် ဓာတ်(၆)ဆူ၊ ရှင်သီဝလိဓာတ်(၁)ဆူတို့ကို ဌာပနာပြု၍ အုတ်စေတီတော် တည်ဆောက်ပူဇော်နိုင်ခဲ့သည်။ နိဗ္ဗောဓံစေတီဟု ဘွဲ့မည်ကပ်လျက်ခဲ့သည်။

မြတ်စွာဘုရားရှင်သည် ဆွေတော်မျိုးတော်တို့ကို သင်္ကြိုဟ်ထောက်ပံ့ခြင်း အကျိုးငှာကပိလဝတ်ပြည်နိဗ္ဗောဓံကျောင်း၌ ပန္နရသမဝါ (စုဒ္ဓသမခေါ်တစ်ဆယ့်ငါးခုမြောက်ဝါ) ဆိုတော်မူသည်ကို အကြောင်းပြု၍ သံသရာတွင် တော်စပ်ခဲ့ဖူးကြသော ဆွေတော်မျိုးတော်အပေါင်းကို ရည်ရွယ်ကပ်လှူသောဘွဲ့မည်ဖြစ်၏။

စေတီအနီးတွင် **"ဤနေရာသို့ ရောက်ရှိကျင့်ကြံသူ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရ၊ ရမည်း၊ အရိယာ ဖြစ်ရမည်"** ဟူ၍ ကမ္ဘည်းကျောက်စာတိုင် စိုက်ထူတော်မူသည်။

ဆရာတော် ပျံလွန်တော်မူသော အခါ တပည့်ဒါယကာအချို့က အရိုး ဓာတ်အနည်းငယ်ကို ကျောက်စာတိုင် အခြေတွင် မြှုပ်နှံ၍ အထိမ်းအမှတ် အုတ်ဂူပြုလုပ် ကိုးကွယ်ထားကြသည်။

သို့သော် ရွှေကျင်ဂိုဏ်းထုံးစံအရ ဤသို့မပြုကောင်းဟု ဆရာတော်ကြီးများ မိန့်တော်မူကြသဖြင့် ဝမ်းနည်းကြေကွဲစွာ ဖြိုဖျက်ခဲ့ရသည်တွင် ကျောက်စာတိုင်လည်း ပျက်စီးသွားရသည်ဟု ပြောပြကြသည်။

ဒေါ်ခင်ခင်ဝင်းသည်လည်း ဆရာတော်အား စတင်ဖူးတွေ့ရစဉ်က ဤစေတီကို ပူဇော်ရသောအခါ သံသရာတစ်ဘဝက ဆွေမျိုးတော်စပ်ခဲ့သူများကို စုဝေးခြင်းဖြစ်ပေမည်။

ထို့ကြောင့် ဆရာတော် ကြိုးမားစွာ ဆန္ဒရှိခဲ့သော ဓာတ်တော်တိုက်ကြီး ပေါ်ပေါက်စေရန်၊ တတ်စွမ်းနိုင်နင်းသည့် ကုသိုလ်ရှင် ဒါယကာများနှင့် ဆက်သွယ်ပေးနိုင်သည့် တံတားပမာ ဖြစ်ရပေါလိုဇ်ဟု ဆုတောင်းခဲ့သည် ဆိုလေသည်။

စေတီတော်မှာ သောင်ပြင်တွင် ကျောက်တံတိုင်းစီ ဖိနပ်ခံကာ လေးထောင့်အလုံပိတ် တိုက်မအထက် ရှစ်မြောင့်ပစ္စယံသုံးဆင့်နှင့် ခေါင်းလောင်းမောက်စေတီပေါက်ထားသည်။

ရင်ပြင်တော်၌ နာမောင်းပင့်မြောက်ထားသော ဆင်ရုပ်နှင့် ယင်း၏အောက်တွင် ကမ္ဘည်းကျောက်စာတိုင်ကို တွေ့ရသည်။

ကမ္ဘည်းစာမှာ ပထမဝါးကျောင်း ဆရာတော် ဦးသုန္ဒရ တည်ဆောက်ကိုးကွယ်ခဲ့သော စေတီကိုဝဲ၍

www.burmeseclassic.com

www.burmeseclassic.com

ကဗျာဆရာ ဝါးကျောင်းသိမ်းတော်

မော်လမြိုင် ဟိတဝရဆရာတော် ဦးဝိမလာဘိဝံသနှင့် ဒုတိယ ဝါးကျောင်းဆရာတော် ဦးကုန္ဒေါ ဘာသ အပါအဝင် တပည့်သံဃာများ၊ ဒါယကာများ ကူညီပံ့ပိုးကာ ၁၃၆၂ ခုနှစ်၊ တပေါင်းလဆုတ် (၁၁) ရက်တွင် ဥဏ်တော်အမြင့် (၂၁)သို့ တိုးမြင့်တည်ဆောက်ရာ ၁၃၆၃ ခုနှစ်၊ တဆုန်လပြည့်နေ့တွင် ထီးတော် တင်လှူကြောင်း မှတ်တမ်းပြုထားခြင်း ဖြစ်လေသည်။

နိဂြောဓရုံစေတီ ပွင့်ထွန်းပြီး တစ်လခန့်အကြာ ၁၃၆၂ ခုနှစ်ဆန်းကာလ အတာသကြွန်ပွဲတော်အပြီး ရက်များတွင် စေတီအောက်ခြေ သောင်ပြင်ပေါ်၌ မြွေနဂါးတစ်ကောင်၏ ကိုယ်လုံးစွပ်ကြောင်းကြီး ထင်ကျန်ရစ်သည်ကို ဦးထွန်းငြိမ်း၊ ဦးအုန်းသွင် အပါအဝင် လူ(၃၀)ကျော်ခန့်က မြင်တွေ့ကြရသည်။

ဂျက်အကျယ် တစ်တောင်ခန့်ရှိ၍ စေတီအား ဖူးမြော်ဖူဖော်သည့်ပမာ လူးလွန့်လှုပ်ရှားက ပင်လယ်ပြင်သို့ ဦးတည်ဆင်းသက်သွားသည်ဟု ခန့်မှန်းကြလေသည်။

စေတီရင်ပြင်အစွန်း ကမ်းပါးစောင်းနံရံတွင် အုတ်၊ အင်တေများဖြင့် ပြုလုပ်ထားသော ကမ္ဘဏ်းလိုဏ်ဂူ အချို့ကို တွေ့ရသည်။

၁၃၇၃ ခုနှစ်တွင်မှ ဆောက်လုပ်လှူဒါန်းကြခြင်းဖြစ်ကာ...

'ဤလိုဏ်ဂူ၌ တရားအားထုတ်လိုသူမှန် သမျှ ယုတ်သူမဆို ချမ်းသာစွာ တရားအားထုတ်နိုင်ပါသည်'

ဟူသော စာတမ်းကို ရေးထိုးထားလေသည်။

လိုဏ်ဂူများအနီး၌ ပင်လယ်ပြင်ဆီသို့ တူရူပြုထားသော နဂါးရုံတင်ပျဉ်ခွေရုပ်ပွားတစ်ဆူ ပူဇော်ထားသည်။

လက်ရှိ ဒုတိယဝါးကျောင်းဆရာတော်လက်ထက်ကောင်းမှုဖြစ်၍ နဂါးတို့ကို **"ရေနတ်မင်း"** ဟု တင်စားလေ့ရှိသည်ဖြစ်ရာ ဝန်းကျင်အခြေအနေ (ပင်လယ်ကမ်းခြေဒေသ)နှင့် လိုက်လျောညီထွေရှိသော ပူဇော်မှုဖြစ်ပေသည်။

စေတီဝန်းကျင် လေ့လာကြည့်ရှုပြီးနောက် ကျောင်းမြေကုန်းတော် (ကမ်းပါးယံ)ပေါ်သို့ ပြန်တက်ကာ ဝေဠုဝန်ကျောင်းဆောင်ဆီသို့ လျှောက်လာခဲ့ရာ အရှေ့ဘက်ကုန်းမြင့်ထက်တွင် အုတ်တိုက် သိမ်တစ်ဆောင်ကို မြင်ရသည်။

လက်ရှိဆရာတော်လက်ထက်၌ ပေါ်ထွန်းလာခြင်းဖြစ်သည်။ ဤဆရာတော်သည် မူလဆရာတော်၏ ပဋိပတ္တိသာသနာပြုစုဖြန့်ဝေရာ ဝါးကျောင်းသာသနာမြေကို **"ဝေဠုဝန် စာသင်တိုက်"** ဟု အမည်ပြောင်းလဲကာ ပရိယတ္တိ သာသနာပျိုပွားအောင် ကြိုးပမ်းခဲ့ရာတွင် စာသင်သားရဟန်း သာမဏေအပါး (၃၀)ကျော်ခန့်နှင့် ကုသိုလ်ပြု လှူဒါန်းကြသော ပရိသတ် ဒါယကာ စည်ကားသိုက်မြိုက်စွာ ရှိကြောင်း ကဒါတ်ထောက်ရွာသားများက ပြောပြကြသည်။

အုတ်ကျောင်း၏ အနောက်ဘက် ကပ်လျက်တွင် ပျဉ်ထောင်ဆွမ်းစားကျောင်းဆောင်တစ်ခုကို တွေ့ရသည်။ ဆွမ်းစားကျောင်းအနီး ကမ်းပါးထိပ် မြေကွက်ငယ်တွင်ယခင်ကဆရာတော် ဦးသုန္ဒရသီတင်းသုံးရာ ဝါးကျောင်းငယ် ရှိခဲ့ကာ ယခုအခါ ပြိုပျက်သွားပြီ ဖြစ်ကြောင်း သိရသည်။

နိဂြောဓရုံ

ကဗျာဆရာတော်နှင့် ဦးသုန္ဒရ

ဘုရားရှင်သည် ဆွေတော်မျိုးတော်တို့ကို သင်္ဂြိုဟ်ထောက်ပံ့ခြင်းငှာ ကပိလဝတ်ပြည် နိဂြောဓရုံကျောင်း၌ တစ်ဆယ့်ငါးခုမြောက်ဝါကို ကပ်ဆိုကာ **"ဤကျောင်းရာတွင် ဌေးသောအခါက ဈာန်ချမ်းသာဖြင့် ငါနေပူးပြီ"** ဟု ကဗျာဆရာတော်ကို ဟောတော်မူသည်။

ပြဟ္မဒတ်မင်းလက်ထက် ဟိမဝန္တာနေ ဘုရားလောင်း ကဗျာရသေ့သည် နဘဲပင်ရင်း၌ နဘဲသီး၊ အပွင့်၊ အရွက် အခေါက်များစားလျက် အလွန် ခြိုးခြံစွာနေ၏။ သိကြားမင်းသည် သူထံလာ၍ တရားနာပြီးသော် လွန်စွာနှစ်သက်လှသဖြင့် **"အလိုရှိရာ ဆုခြောက်ခုကို တောင်းလော့"** ဟုဆို၏။

ရသေ့သည် ပစ္စည်းလေးပါးနှင့် ပတ်သက်သည့်ဆုများကို မတောင်းဘဲ ဈာန်နှင့်ပတ်သက်သောဆုများကိုသာ ယူ၏။ သိကြားမင်းနှစ်သက်၍

www.burmeseclassic.com

www.burmeseclassic.com

နဘဲဝင်ကို ချိုသောအသီးသီးအောင်ပြု၍ ရှိခိုးကာ ပြန်သွား၏။

သံသရာအဆက်ဆက် ဆွေတော်မျိုးတော်တို့အကျိုးငှာ နိဗ္ဗြာဓာရုံစေတီတည်ထားကိုးကွယ်သည့် ဆရာတော် ဦးသုန္ဒရသည် ကဏ္ဍရသေ့ကဲ့သို့ပင် လောဘကို နှိမ်နင်း၏။

ပဉ္စဝေါင်ကျောင်း အုတ်ကျောင်းများ လှူဒါန်းသော်လည်း လက်မခံဘဲ ဓနိဖက်မိုး၊ ဝါးကျောင်းငယ်ဖြင့်သာ သီတင်းသုံး၏။

ဓာတ်တော်များ ကိန်းဝပ်တော်မူရန်ဟု အကြောင်းပြကာ ပဉ္စဝေါင်ကျောင်း ဆောက်လှူသောအခါ ရှောရှောရှူရှူ ခွင့်ပေးတော်မူသည်။

သို့သော် ဆွမ်းစားကျောင်းအဖြစ် သာထား၍ ဝါးကျောင်းငယ်သာ သီတင်းသုံးမြဲ ဖြစ်လေသည်။

ကျွေး၍မကုန်သည့် မုန့်ဟင်းခါး

ဆပ်သွားဖူးကျွန်းတွင် (၄၅)ရက် အဓိဋ္ဌာန်ဝင်စဉ်က ထူးခြားသော ဆွမ်းဟင်းခွက်များ ရောက်လာသကဲ့သို့ ကဒါတ်ထောက်ကမ်းခြေ ကုန်းပေါ်၌ သီတင်းသုံးသော အခါတွင်လည်း ထိုသို့ ထူးခြားမှုမျိုးစွာ ရှိခဲ့ပါသည်။

ဆရာတော်သည် စုဆောင်းပင့်ဆောင်ရသမျှ ဓာတ်တော်များ၊ ရုပ်တု၊ ရုပ်ပွားတော်များကို နှစ်စဉ် တန်ခူးလပြည့်နေ့တွင် ပူဇနီယပွဲတော်ကျင်းပလေ့ရှိသည်။

ဓာတ်တော်ပူဇော်ပွဲဟု ခေါ်တွင်ကာ အနီးဝန်းကျင် မြို့ရွာများသာမက ရပ်ဝေးမှ ဆရာတော်၊ သံဃာတော်များ၊ ဒါယကာ ပရိသတ်များစွာ လာရောက်၍ ဖူးမြော်ပူဇော်ကြသည်။

ထိုနေ့တွင် ကြွရောက်လာသော ရဟန်းရှင်လူ ပရိသတ်အား မုန့်ဟင်းခါး ခေါက်ဆွဲ၊ ထမင်းဟင်းစသည် အလျဉ်းသင့်သလို ကျွေးမွေးလှူဒါန်းသည်။

တစ်ကြိမ်တွင်မူ ရပ်ဝေး အာဂန္တု ဓာတ်ပြားသဖြင့် မျှော်မှန်းပြင်ဆင်ထားသည့် မုန့်ဟင်းခါးများ ရုတ်တရက် ပြတ်လပ်သွားသည်။

မုန့်ဖတ်နှင့် ဟင်းခါးရည်မှာ ဆယ်ပွဲကျော်မျှသာ ကျန်တော့၍ စောင့်ဆိုင်းနေသည့် ပရိသတ်မှာ ရာနှင့်ချီ ရှိနေသေးရာ ကျွေးမွေးခြင်း အစီအစဉ်ကို ရပ်ဆိုင်းရပေတော့မည်။

ထိုအကြောင်းကို ဆရာတော်အား လျှောက်ထားသောအခါ **"အင်း လောက်ပါတယ်ကွာ ဆက်သာ ကျွေးပါ"** ဟု မိန့်လျက် မုန့်ဖတ်အနည်းငယ်၊ ဟင်းခါးရည် အနည်းငယ်တို့ကို ယူငင် ဘုဉ်းပေးသည်။

ဆက်၍ ကျွေးမွေးသောအခါ ရာကျော်ပရိသတ်တို့အား လုံး ဝလင်စွာ စားသုံးကြရသည့်အပြင် မုန့်များမှာ မယုတ်လျော့တဲ့ ဆယ်ပွဲစာမျှ ကျန်ရှိမြဲဖြစ်သည်ကို တွေ့ကြရလေသည်။

ထိုနေ့နံနက်မလင်းမီ ကဒါတ်ထောက်ကမ်းခြေ ပင်လယ်ပြင်အတွင်း ငါးဖမ်းထွက်ကြသည့် ငါးဖမ်းလေ့များက ဓာတ်တော်တိုက်တစ်ဆောင်လုံး အမှောင်ထုကြွေး၌ လင်းထိန်နေသည်ကို တွေ့ကြရသည်ဟုဆို၏။

ဝန်းကျင်မနီးမဝေး ကုန်းမြင့်၊ ကုန်းထိပ်များ၌ နေထိုင်သူများကလည်း တွေ့ရတတ်သည်။ ရောင်ခြည်တော် ကွန့်မြူးခြင်းဖြစ်သည်ဟု ဆိုကြလေသည်။

ဓာတ်တော်များ ရောင်ခြည်တော် ကွန့်မြူးသည်ကို ပင်လယ်ပြင်တွင် သွားလာကြသူများ၊ ဝန်းကျင်ကုန်းမြင့်ထက်ရှိသူများသာမက ဓာတ်တော်တိုက်သို့ ညကပင် ကြွတင်၍ ညအိပ် လာရောက်ဖူးမြော်သူများစွာကလည်း ဖူးမြော်ခွင့် ရကြသည်ဟု သိရသည်။

ဝေဿန္တရာမင်းကြီးပမာ

ရန်ကုန်တိုင်းဒေသကြီး မြို့နယ်တစ်ခုတွင် သီတင်းသုံးနေထိုင်သော ဆရာတော်တစ်ပါးသည် ယင်း၏ ကျောင်းဝိဟာရဒေသတွင်း ဓာတ်တော်တိုက်ကြီးတစ်ဆောင် ပြုလုပ်ပူဇော်ရန် ကဒါတ်ထောက် ဝါးကျောင်းသို့ မကြာခဏ လာရောက်၍ ဓာတ်တော်များကို ပင့်ဆောင်လေ့ရှိသည်။

ကြိမ်ဖန်များလာသောအခါ ဆရာတော် ဦးသုန္ဒရက ဤသို့မိန့်သည်။

'သံဃာက ဆွေတော်မျိုးတော်တွေကို အကြောင်းပြုပြီး နိဗ္ဗြာဓာရုံစေတီ တည်ခဲ့တယ်။ ဘုရားရှင်ဟာ နိဗ္ဗြာဓာရုံကျောင်းမှာ ဝါဆိုစဉ်က ကဏ္ဍဇာတ်ကို ဟောခဲ့တဲ့အပြင် ဆွေမျိုးတွေရဲ့တဲ့အချိန် ပေါ်ကွရထပိုးရွာတာကို အကြောင်းပြုပြီး ဝေဿန္တရာဇာတ်တော်ကိုလဲ ဟောပါတယ်။ ဘုန်းကြီးလဲ ဝေဿန္တရာမင်းကြီးလို ဖြစ်နေရပြီ။ နေ့ပုံရောင် ပိုးရွာရောင် ငေးလဲ့တဲ့ဒေသအနှံ့ ခြေတိုအောင်သွားပြီး တာတ်တော်တွေ စုခဲ့ရတယ်။ အလှူပစ္စည်းလို့ သပိတ်ဆေးရေနဲ့ ဆွမ်းကိုရွာပြီးရတာလဲ မရေတွက်နိုင်ဘူး။ ဒီဆရာတော်ကျတော့ ယပ်မယ်းလေးသာ ကိုင်၊ ကားပြီး ပေးပြီး ပေးပြီးနဲ့ အကြိပ်ကြိပ်အခါခါဆိုတော့ ခက်သားပဲ ဒကာများကြီး'

မော်လမြိုင်မှ ဒါယိကာမအရင်းအချာတစ်ဦးအား ညည်းညူမိန့်ကြားတော်မူခြင်းဖြစ်သည်။ အကင်းပါးသော ယင်းဒါယိကာမက အဆိုပါ ဆရာတော်အား သာယာချေစ်စွာဖြင့် အကျိုးသင့်အကြောင်းသင့် လျှောက်ထားပေးခဲ့ရာ နောင် လာရောက်ပင့်ဆောင်ခြင်းမရှိတော့ဟု သိရ၏။

(ပုဂ္ဂိုလ်ရေးအရ ငဲ့ကွက်သောအားဖြင့် ရဟန်း၊ လူ ဘွဲ့မည်ပညတ်တို့ကို ချန်လှပ်ထားခြင်း ဖြစ်ပါသည်။)

ဓောဝဏ်တလျင် မကြောင့်ကြစေရ

ဆောင်းအကုန် နွေအကူး တပို့တွဲ တပေါင်းကာလ နွေတစ်နေ့၏(၉)နာရီခွဲခန့်အချိန်တွင် ဒါယကာ ဦးထွန်းငြိမ်နှင့် စကားပြောဆိုနေရာမှ ဆရာတော်က **"အင်း ဖားသားဟင်းလဲ စားလို့ကောင်းသား"** ဟု လွှတ်ခနဲ မိန့်ဆိုမိ

www.burmeseclassic.com



ဇရပ်ဆောင်သင်္ကြံကုန်း (အတ်ဆကျောင်း)

သည်။

ငယ်သူငယ်ချင်းများ ဖြစ်လေရာ ငယ်စဉ် လူ့ဘဝဖြစ်စဉ်များကို ပြန်လည်ပြောဆိုရှိ၍ စကားစပ်သင့်ခိုက် လွှတ်ခနဲ ထွက်သွားခြင်းဖြစ်သည်။

မကြာမီ ရွာသားများ ဆွမ်းလာပို့ကြရာ ဖားသားဟင်းတစ်ခွက်ပါလာသည်ကို တွေ့ရသည်ဟု ဦးထွန်းငြိမ်းက ပြောပြလေသည်။

"ဖားသားဟင်း ကောင်းသား" ဟု ဆိုသော်လည်း ဆရာတော်သည် ဖားအရှင်ကိုမူ အလွန် ကြောက်ရွံ့ရွံရာတတ်သည်။

မြန်မာပြည် နေရာဒေသအနှံ့ ကြွရောက်၍ တရားအားထုတ်ခြင်း၊ ဂန္ဓိရပစ္စည်းများနှင့် ဓာတ်တော်များ ပင့်ဆောင်ခြင်းစသည် ဆောင်ရွက်လေ့ရှိရာ သက်ရှိသက်မဲ့များ၊ ပရဂလောက သားများအပါအဝင် မည်သည်ကိုမျှ ကြောက်ရွံ့ခြင်း မရှိသော်လည်း "ဖား" အရှင်ကိုမူ မည်သို့မှ ပြောင်းလဲနှလုံးသွင်း၍မရဟု ဆိုလေသည်။

ဆွမ်းစားဆောင် သို့မဟုတ်

ဓာတ်တော်တိုက်

ထို့နောက်တွင် သံဃာတော်များ ဆွမ်းဘုဉ်းပေးပြီးဖြစ်၍ ကျောင်းပေါ်တက်၍ ဆရာတော် ဦးကွန္ဒေဘာသအားဂါရဝပြုဖူးတွေ့သည်။ဆရာတော်က နေထိုင်ပြောဆိုပုံ ရိုးသားပါသည်။

ဆရာတော် ဦးသုန္ဒရ ပျံတော်မူပြီး တစ်လအကြာတွင် ကျောင်းကို ဆက်ခံကာ ဦးသုန္ဒရ၏ ပဋိပတ္တိ အမွေနှင့် အကြောင်းချင်းရာများကို ကျယ်ပြန့်စွာ မသိရှိခဲ့ရပါ။

မိမိသင်ယူထားသော စာပေများကို ပြန်လည်သင်ကြားပို့ချ၍ကဒါတ်ထောက် ဝါးကျောင်းသာသနာမြေ စည်ကားပွင့်လင်းစေရန် ဆက်လက်ကြိုးပမ်းနေကြောင်း မိန့်ကြားလျက် ကော်ဖီ၊မုန့်၊ နဲ့သာဖူးငှက်ပျောသီး စသည်တို့ကို ရက်ရောစွာ စွန့်လှူ ဧည့်ဝတ်ပြုတော်မူသည်။

ဓာတ်တော်များမှာ ဆရာတော် ဦးသုန္ဒရ နေမကောင်းဖြစ်၍ မယ်တော် အိမ်သို့ ကြွရောက်ဆေးဝါးကုသမှု ခံယူရာ၌ အချို့ကို ပင့်ဆောင်သွားကာ ကျောင်းတွင် တချို့ကိုစစ်ဝက် ထားရှိခဲ့သည်။

ထိုကျန်ရှိသမျှ ဓာတ်တော်များကို ဆက်လက် ထိမ်းသိန်းထားကြောင်း မိန့်ကြားလျက် ဆွမ်းစားဆောင် ဘုရားခန်းသို့ လိုက်ပါပြသပေးသည်။

ဘုရားခန်းတွင် တင်ပျဉ်ခွေရုပ်ပွား တော်ကြီးတစ်ဆူနှင့် ဒက္ခိဏာသာခါ ရုပ်ပွားအပါအဝင် ရုပ်ပွားငယ် ငါးဆူခန့် ဖူးတွေ့ရသည်။

ဓာတ်တော်အချို့ကို ဖန်ပေါင်းချောင်ဖြင့် ပူဇော်ထားကာ ဖန်ပြားဝိုင်း ကလပ်လေးခုတွင်လည်း ဓာတ်တော်အနည်းငယ် ဖူးတွေ့ရသည်။

ဖန်ပြားဝိုင်း ကလပ်တစ်ခုတွင် ဝါဂွမ်းခံလျက် လက်လေးသစ်ခန့်ရှိသော ဆံတော်တစ်ဆူကိန်းဝပ်တော်မူလေသည်။

ဤဆံတော်မှာ တယည့် ဦးအုန်းသွင် မှတစ်ဆင့် အလိုအလျောက် ကြွလာတော်မူခြင်းဖြစ်၍ (နေမကောင်းဖြစ်စဉ် ပင့်ဆောင်သွားသဖြင့်) မယ်တော် ဒေါ်သေးသေး၏ နေအိမ်ဘုရားခန်းလည်း ဆံတော်တစ်ဆူ စံပယ်တော်မူကြောင်း သိရပေသည်။

အပြန်လက်ဆောင်

ဓာတ်တော်များအား ပူဇော်မှတ်တမ်းပြုပြီးသောအခါလက်ရှိဆရာတော် ဦးကွန္ဒေဘာသက အိမ်အပြန်လက်ဆောင်အဖြစ် "ရသေ့အံ" ကျောက်အနည်းငယ်စီ စွန့်လှူပေးသည်။

"ဆရာတော် ဦးသုန္ဒရ စုဆောင်းထားတဲ့ ပစ္စည်းတွေထဲမှာ ရသေ့အံကျောက်ကတော့ အတော်ကလေး ကျန်ပါတယ်။ သူ့အကြောင်းနဲ့ ဆေးအလုံးပြုပုံကို နက္ခတ္တရောင်ခြည်ဟုတ်မှာဖော်ရလို့ ဘုန်းကြီးလဲ ကူးရေးထားပါရဲ့။ အခု အသိမ်းလွန်ပြီး ရှာမတွေ့တော့ဘူး"

လက်တွေ့သုံးစွဲနေနဲ့ကတော့ သွေးကင်ဆာဒေဒနာရှင်တွေအတွက် ရသေ့အံကျောက်ကို ပဟုမကျဲသွေးပြီး ဟင်းသောက်ဖွန်းတစ်ဖွန်းလောက် နေ့စဉ်သောက်သုံးပေးရင် ရက်ပိုင်းအတွင်း သိသာတယ်။ လုံးဝပျောက်ကင်းတဲ့အထိ စွမ်းဆောင်နိုင်ကြောင်း ဆရာတော် ဦးသုန္ဒရက ပြန်ကြားခဲ့သတဲ့။ ဘုန်းကြီးကတော့ "ရှိန်ဂို" ကလေး နည်းနည်းစွက်ပြီး သောက်တာတွေ ကြုံဖူးတယ်။ သက်သာပါတယ်။

နက္ခတ္တရောင်ခြည်လျှံကြီး ၁၁၅

www.burmeseclassic.com

www.burmeseclassic.com

ပါးစပ်နဲ့ ဒွါရတွေက သွေးဆွတ်ကျတဲ့ သွေးအန်သွေးပါ၊ သွေးကျ ရောဂါဆွေလဲ ပျောက်ကင်းပါတယ်'

ဟူ၍ မိန့်ကြားတော်မူသည်။

ပကားမြေကြွမ်းကို ဆရာတော် ဦးသုန္ဒရက ပန်းများ ဝေဆာပွင့်ဖူးသည့် **''ကဒါတ်ထောက်ပါးကျောင်းသာသနာမြေ''** အဖြစ် ဖန်တီးခဲ့ရာ ဆက်ခံသောဆရာတော် ဦးကွန္ဒေါ ဘာသလက်ထက်တွင် မူလ အခြေအနေသို့ ပြန်လည်ဆုတ်ယုတ်သွားခြင်းမရှိဘဲ သာသနာ၏ အသက်ဖြစ်သော ပရိယတ္တိပန်းများ ဝေဆာပွင့်ဖူးသည့် သာသနာမြေအဖြစ် ဆက်လက်စည်ကားနေခြင်းအတွက် ဝမ်းမြောက်စွာဖြင့် ဆရာတော်အား နူတ်ဆက်ကန်တော့လျက် ပြန်လာခဲ့ကြသည်။

(ပကားမြေသည် ပကတ်(နို်ဝ်စက်အဝ်သော) ပါဠိမှ ရွှေ့လျောလာခြင်းဖြစ်၍ အမနသ္သတို့ ကြီးစိုးနိုဝ်စက်သောမြေဟု ဆိုလိုခြင်းဖြစ်သည်။ ထိုမြေ၌ လူတို့နေထိုင်ခြင်း။ သွားလာခြင်း စိုက်ပျိုးခြင်း မပြုစုံကြဘဲ ရှောင် ကွင်းလေ့ ရှိကြပါသည်။)

(ပကားမြေကြွမ်းနှင့် ပတ်သက်၍ ဒေါ်ညွန့်ညွန့် ရေးသည့် မုံရွာကြေးမုံ ရွေမြင့်တင်တောင် သမိုင်းစာအုပ်စာမျက်နှာ (၂၉,၃၀)၌လည်း လေ့လာနိုင်ပါသည်။)

မပြီးပြီးသူ၏ အာသီသ

'ဖေဖေဦးပဉ္စင်း ကျန်းမာရေးချို့ယွင်းလာလို့ သွားရေးလာရေး လွယ်ကူတဲ့ ဘွားဘွား (ဆရာတော်၏မယ်တော်) အိမ်ကိုပင့်လာတော့ သူ နှစ်ရှည်လများ ပင်ပင်ပန်းပန်း ရှာဖွေစုဆောင်းထားခဲ့တဲ့ ရှားပါးဓာတ်တော်အများစုကို တစ်ပါတည်း ပင့်လာပါတယ်။

ဒါကြောင့် ဝါးကျောင်းမှာ ဓာတ်တော်အနည်းအကျဉ်းပဲ ကျန်တော့တယ်။

ဓာတ်စေတီတိုက် ဖြစ်လာဖို့ ကျိုက္ခမီဂေါပကအဖွဲ့ကို လွှဲအပ်ခဲ့ပေမယ့် ဂေါပကအဖွဲ့ကလဲ သက်တမ်းအရ အပြောင်းအလဲ လုပ်ရတာမို့ မူလ လူကြီးတချို့လဲ မရှိကြတော့တူး။ ဓာတ်တော်တိုက်လဲ အကြမ်းထည်သာ ရှိသေးတာမို့ ဘွားဘွားက အိမ်မှာ ဆက်ထိန်းသိမ်းပေးထားတယ်။

လွန်ခဲ့တဲ့ သုံးနှစ်လောက်က ဘွားဘွားဆုံးသွားပြန်တော့ ဒီဓာတ်တော်တွေ မပျောက်မပျက် မလျော့ပါး ရအောင် တာဝန်က သမီးပခုံးပေါ် လုံးလုံးကျလာတယ်။

တချို့က မက်မောလောက်အောင် ငွေတွေပုံပေးပြီး ဓာတ်တော်တွေအား လုံး ယူသွားချင်ကြတယ်။ သမီး ငွေ မလိုချင်ပါဘူး။ ဖေဖေဦးပဉ္စင်း ဖြစ်ချင် လွန်းတဲ့ ဓာတ်တော်တိုက်ကြီးပဲ ပေါ် ပေါက်စေချင်ပါတယ်။

စိတ်ချယုံကြည်ရလောက်တဲ့ ပုဂ္ဂိုလ်၊ ဥပမာ သီလ, သိက္ခာ ပြည့်စုံတဲ့ ဆရာတော်တစ်ပါးပေါ့။ အဲဒီလိုပုဂ္ဂိုလ်မျိုးက ခိုင်ခိုင်မာမာ တာဝန်ယူ ထိန်းသိမ်းတဲ့ ဓာတ်တော်တိုက်ကြီး မဖြစ်မချင်း အစွမ်းကုန် စောင့်ရှောက်သွားမှာပါ။ အမှန်တကယ် စေတီတည် ဌာပနာပြုချင်လို့ လာပင့်တာ သေချာတယ် ဆိုရင်တော့ သင့်တင့်မျှတအောင် လျှော့ဒါန်းပေးခဲ့ပါတယ်'

ဆရာတော်ဦးသုန္ဒရ (ဦးသန်းထွန်း)၏ သမီးဖြစ်သူ မမိုးမိုးသူက အထက်ပါအတိုင်းဖွင့်ဟပြောဆိုခဲ့ခြင်းဖြစ်သည်။

ဝါးကျောင်းဆောင် ဘေးတိုက်မြင်ကွင်း

တိုက်တွန်းချက်

ကျိုက္ခမီဆံတော်ရှင် ဘုရားကမ်းခြေကုန်းတော်တွင် မုခ်ဦးကမ္ပည်းနှင့်တကွ မြင်တွေ့ခဲ့ရသော ဓာတ်တော်တိုက် (အကြမ်းထည် အဆောက်အအုံ)နှင့် ဆက်စပ်ကာ ဓာတ်တော်တိုက် ဆရာတော်(ခေါ်) ကဒါတ်ထောက်ပါးကျောင်းဆရာတော် ဦးသုန္ဒရ၏ ထူးခြားသော ဘဝဖြစ်စဉ်တော်အချို့ကို စုဆောင်းရသမျှ တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

ဝိုမိုသိရှိသူများက အမှာ(ရှိက) ပြင်ဆင်ဖြည့်စွက် ပေးကြပါရန် တိုက်တွန်းလျက် နိဂုံးချုပ်အပ်ပါသည်။

[ဤပုစ္ဆာမူခရီးအတွက် ကူညီပေးခဲ့ကြသော ဆရာတော်၏ တပည့်သာဝကဒါယကာ၊ ဒါယိကာမအား လုံးသို့ ကျေးဇူးတင်စွာဖြင့်...]

ဘုန်းကျော်စွာ(မြိုင်တက္ကသိုလ်)

www.burmeseclassic.com

www.burmeseclassic.com

ဏ္ဍိ. နွား

နွားအတွင်း ယားနာများ

(ကုလားမူထောဂါ)

ကျွန်တော် မြင်ခဲ့ဖြို့နယ်၊ ဆီဖီးခုံမှာ တာဝန် ထမ်းဆောင်စဉ်တုန်းကပေါ့။ တစ်နေ့တော့ ကျွန်တော်နေတဲ့အိမ်နဲ့ သုံးအိမ်လောက်ပဲခြားတဲ့ ကိုခင်မောင်သန်းတို့အိမ်က ဦးနွားကြီး ရုတ်တရက် လဲသွားလို့ဆိုပြီး ကိုခင်မောင်သန်း တစ်ယောက် အလန့်တကြား အော်ပြီး အိမ်ရောက်လာပါတယ်။

"ဆရာလေး အိမ်ကို လိုက်ခဲ့ပါဦး အိမ်က နွားကြီးလဲသွား" လို့တဲ့။ ကျွန်တော်လဲ ဆေးအိတ်ဆွဲပြီး ချက်ချင်း လိုက်သွားပါတယ်။

အိမ်ရောက်တော့ မြင်ကွင်းက မကောင်းပါဘူး။ နွားကြီးက လဲနေပြီး ခြေကကန်၊ လက်ကကန်နဲ့ မျက်လုံးကြီး ပြူးနေပါပြီ။ ကျွန်တော့်နှာခေါင်းထဲမှာလဲ ဝါဆေးပြန်းတဲ့ အင်ဒရင်းဆေးနံ့တွေ ရနေပါတယ်။

ဘယ်လိုဖြစ်တာတုန်း မေးလိုက်တော့ ခင်မောင်သန်းတို့အဖေက ပြောပါတယ်။ ကျွန်တော်နွားကြီးရဲ့ နားထဲကို အင်ဒရင်းဆေး ထည့်လိုက်တာတဲ့။ ဘာဖြစ်လို့လုပ်တာလဲလို့ ကျွန်တော်က မေးတော့ နွားကြီးရဲ့ နားထဲမှာ ကုလားမူဖြစ်နေလို့တဲ့၊ ကုလားမူဆိုတာက သူတို့ အရပ်ခေါ် **အမှန်ကတော့ နွားရဲ့နားထဲမှာ ယားနာတွေပြစ်နေတာ၊** နွားရဲ့ နားထဲက အနာက ယားတော့ နွားက နီးစပ်ရာ ငုတ်တို့၊ သစ်ပင်တို့နဲ့ နားကို ပွတ်တယ်၊ ကြာတော့ အနာဖြစ်ရော...

အနာကို ယင်ကောင်အုံတော့ လောက်ကောင်ကျတော့တာပေါ့၊ ပိုးကျတယ်လို့ ခေါ်ကြတယ်။ နွားက ပို ဆိုးသွားပြီး ခေါင်းခါနေတော့တာပဲ။ အဲဒါကို ပိုင်ရှင်လုပ်တဲ့လူက နားထဲက ပိုးကောင်လဲ သေအောင်၊ အနာလဲ ပျောက်အောင်ဆိုပြီး ကြားဖူးနားဝဆေးမြီးတိုနဲ့ အင်ဒရင်းလောင်းထည့် လိုက်တာပဲ။

အင်ဒရင်းဆိုတာ အင်မတန်ပြင်းတဲ့ အဆိပ်ပဲ။ အင်ဒရင်းကြောင့် လူတွေ၊ တိရစ္ဆာန်တွေ သေပေါင်းများပြီး နားထဲကတစ်ဆင့် ပါးစပ်ထဲ,ဝမ်းထဲ ရောက်ပြီး နွားသေသွားတာပဲ သိပ်မြန်တာပဲ။

ကျွန်တော်တို့ အမေးအဖြေလုပ်နေတုန်း နွားက သေသွားပြီ၊ သိပ်နှမြော ဖို့ကောင်းတဲ့ဦးနွားကြီး၊ မိသားစုတစ်တွေ ငိုလိုက်ကြတာ အိမ်က မိသားစုတစ်ယောက် သေသွားသလိုပါပဲ။

သူတို့ရဲ့ ခြံပေါက်ကလေးကိုး၊ ကျွန်တော်ရဲ့ ခန္ဓာကိုယ်ကို လှုပ်ယမ်းပြီး ဆရာရေ...ကယ်ပါဦးတဲ့၊ မတတ်နိုင်တော့ဘူးလားတဲ့။ ခင်မောင်သန်းရဲ့ အစ်မ ငိုလိုက်တာ မပြောပါနဲ့တော့၊ ကျွန်တော်တောင် မျက်ရည်ဝဲလာပြီ။ ဝမ်းနည်းပူဆွေးမှုဆိုတာက ကူးတတ်တဲ့အမျိုးကိုး...

ဆေးမြီးတိုတိုင်းလည်း ကောင်းတာ မဟုတ်ဘူး။ အမှတ်မှားသွားတာ၊ **ကျွန်တော် လေ့လာကြည့်တော့ အင်ဒရင်းဆေးတစ်စက်ကို ဆီ တစ်ဆယ်ကျပ်သားနဲ့ရောပြီး ရောဂါဖြစ်နေတဲ့ နွားရဲ့ အတွင်းထဲကို ပါးပါးလေး လိမ်းပေးရမှာတဲ့။**

ဘာပဲပြောပြော အင်ဒရင်းဆိုတာ အင်မတန် အန္တရာယ်များပါတယ်။ မသုံးသင့်ပါဘူး။

တကယ်သုံးသင့်တာက ထင်းရှူးဆီလို့ခေါ်တဲ့ တာပင်တိုင်ဆီပါ။

တာပင်တိုင်ဆီ ဆေးတစ်ပွင့်ကို ဆီ(၁၀) ပွင့်နဲ့ ရောပြီး နွားရဲ့နားထဲကို တစ်နေ့(၃) ကြိမ် ထည့်ပေးရင် (၃)ရက်နဲ့ ပျောက်ပါတယ်။ နံနက်တစ်ကြိမ်၊ နေ့တစ်ကြိမ်၊ ည တစ်ကြိမ်ပေါ့။

တာပင်တိုင်ဆီက ရှမ်းပြည်နယ်က အထွက်များပါတယ်။

တချို့ကလဲ အဆောက်အအုံတွေ ဆေးသုတ်တဲ့အခါ တာပင်တိုင်ရောပြီး သုတ်ကြပါတယ်။ အိမ်ဆောက်ပစ္စည်း ဆိုင်တွေမှာ ဝယ်လို့ရပါတယ်။ **တာပင်တိုင်ဆီကတော့ ကျွဲ,နွားတိရစ္ဆာန်ရှိတဲ့အိမ်တိုင်းမှာ ထားသင့်တဲ့ ဆေးတစ်လက်ပါပဲ။**

ဒွေသိန်း(ထီ/မွေး/ကု)

www.burmeseclassic.com

www.burmeseclassic.com

စကြာငြာဆောင်းပါး

လေးဖက်နာရောဂါအတွက်

စကြာမင်း

အမှတ်တံဆိပ်

လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေး

(ယာယီတိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်-တရား .YR ၀၀၆၀ ၂၇)

(ယာယီတိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်-၀၆၁၃ Y ၀၁၀၅၂၉)

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၇/၀၅၁၃

"မမမျိုးရေ မမမျိုး"

"ဟဲ့ ဘယ်သူတုံး"

"ညီမလေး ခင်ခင်ပါ"

"ဩော် ညီမငယ်လေး လာ အထဲကို ဝင်ခဲ့ဟယ်"

"မမမျိုး အပြင်တောင် မထွက်နိုင်အောင် ဘာရောဂါတွေ ဖြစ်နေလို့လဲ"

"အခန်းပြင်ထွက်ဖို့ နေနေသာသာ လက်ဆစ်ခြေဆစ်တွေ ရောင်ရမ်းနာကျင်ကိုက်ခဲနေလို့ အိပ်ရာထဲ ဟိုဘက်၊ ဒီဘက် လှည့်တာတောင် မချိမဆံ့ ခံစားရပြီး အမယ်လေး တ၊နေရတယ်"

"ဒီလောက်ဖြစ်နေတာ ဆေးခန်းမပြဘူးလား"

"ဆေးခန်းလဲပြတယ်။ လိုအပ်တဲ့ စစ်ဆေးမှုတွေလဲ ခံယူတယ်"

"မမမျိုးဖြစ်တာ ဘာရောဂါတဲ့လဲ"

"ဆေးပညာရှင်တွေ ကတော့ လေးဖက်နာရောဂါတဲ့။ ဆေးမတွေ့ဘူး ဖြစ်နေတယ်။ အဲဒါကြောင့် ဟိုတစ်ခါ ညီမလေး အစ်မလို လေးဖက်နာရောဂါ ဖြစ်တုန်းက သောက်သုံးပြီး သက်သာပျောက်ကင်းသွားတဲ့ဆေးက ဘာဆေးလဲလို့ သိချင်လို့ ခေါ်ခိုင်းလိုက်ရတာပဲ"

"ဩော် ဟုတ်ပါရဲ့။ အဲဒီဆေးကတော့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးပဲ အစ်မရဲ့"

"ဟုတ်လား ဒီဆေးက ဒီလောက်တောင် စွမ်းသလား"

"စွမ်းဆို စကြာမင်း လေးဖက်နာဆေး ထုတ်လုပ်ဖြန့်ချိတဲ့ ဆရာမြင့်ဆိုတာ အရိုးကျိုးပေါင်းရောဂါ၊ လေးဖက်နာရောဂါတို့ကို ကိုယ်တိုင် စနစ်တကျ ကုသမှုတွေပေးနေတဲ့ ဆရာလေ။

ဆေးခန်းကို လာရောက် မကုသနိုင်တဲ့ လေးဖက်နာရောဂါရှင်တွေအတွက် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပါပြီ"

"အဲဒီ စကြာမင်း လေးဖက်နာဆေးရဲ့ အညွှန်းလေးလဲ ပြောပြပါဦး"

"စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေးရဲ့ အစွမ်းအာနိသင်ကတော့ သွေးအနည်ထိုင်ရှိဖြစ်တဲ့ အဆစ်နာ၊ အဆစ်ရောင်၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း။ လက်ဖဝါး၊ ခြေဖဝါးများ တင်းခြင်း။ ကျိန်းခြင်း။ အဆစ်အမျက်များ ကိုက်ခဲနာကျင်ခြင်း၊ ခြေဆစ်၊ လက်ဆစ်များ ရောင်ပွပြီး ကြီးနေခြင်း။ နံနက်အိပ်ရာထနဲ့ ကြာကြာထိုင်ပြီး ပြန်အထများတွင် လက်ဖဝါး၊ ခြေဖဝါး ပို၍ ထင်းခြင်း၊ ကျိန်းခြင်း၊ နာကျင်မှု ပိုများခြင်း။

အဆစ်အမျက်များ အနည်းငယ် လှုပ်ရှားရုံဖြင့် နာကျင်ခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်း နှေးကွေးခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ တင်ပါးခွက်ကြောနှင့် ပေါင်တွင်းကြောများ ထုံကျဉ်ကိုက်ခဲခြင်း၊ ဒူးနာ၊ ဒူးကိုက်၊ ဒူးဆစ်ရောင်ခြင်း၊ တံကောက်ခွက်ကြော တင်းခြင်း။

ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အောက်ပိုင်းများ လေးလံ ညောင်းညာ ကိုက်ခဲနေခြင်း၊ လက်ခြေများ မသယ်နိုင်ခြင်း၊ အာရုံကြောနဲ့ အကြောများ အားနည်းခြင်း၊ လေအားနည်းခြင်း၊ လေဖြတ်၊ လေငန်း၊ သွက်ချာပါဒဖြစ်ခြင်း၊ အရိုးကျိုးပေါင်းရောဂါ အမျိုးမျိုးဖြစ်ခြင်းနဲ့ အရိုးအဆစ်အကြောနဲ့ လေးဖက်နာရောဂါများကို သက်သာပျောက်ကင်းစေတဲ့ဆေး ဖြစ်ပါတယ်"

ကဲ စာဖတ်ပရိသတ်များ ညီမလေး ခင်ခင် အညွှန်းကောင်းတာနဲ့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို သုံးစွဲလိုက်တာဟာ အခု ကျွန်မ ခံစားဖြစ်ပေါ်နေတဲ့ လေးဖက်နာရောဂါဟာ သက်သာပျောက်ကင်းသွားပါပြီ။ အဲဒါကြောင့် ဆေးစွမ်းကောင်းတစ်လက်ကို သတင်းကောင်းလေး ပါးရတာလေ။

"မှတ်ထားနော် လေးဖက်နာရောဂါဖြစ်ရင် စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို မမေ့နဲ့နော်"

ဆရာမြင့်
စကြာမင်းတိုင်းရင်းဆေးတိုက်
အမှတ်-၉/၆၆၆၊ သုဓမ္မာလမ်းမကြီး၊
သန္တာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်၊
ဖုန်း-၇၂၂၅၅၀

www.burmeseclassic.com

www.burmeseclassic.com

သီလရှင်ဆရာကြီး

မှားကူးလွှဲလို

ဖြေကြားသော

ပြောပြသည့်

မြွေဆိပ်ချနိုင်ခြင်း

အဖွားကုလားလ(ဧ-နှစ်)

စစ်ကိုင်းတောင်ရိုး၊ ဝါးချက်ရွာအနီး ကေတုမတီချောင်မှ သီလရှင်ကြီး အဖွားစော(ခေါ်)ဖွားကုလားလ ပြောပြသည့် လက်တွေ့ယောက်ကင်းသော မြွေဆိပ်ချ(ဖြေ)နည်းဖြစ်သည်။

အဖွားသည် မြန်မာ့တိုင်းရင်းဆေးဆရာမျိုးရိုးမှ ဆင်းသက်လာသူဖြစ်သည်။

* * *

အဖွားစော၏ မိုးဆက်ဇယား



အဖွားက **လက်မတစ်ဆစ်ခန့် ရှည်မျောမျော အနုက်ရောင် ကျောက်တုံးကလေးကို ထုတ်ပြသည်။** ဘိုးဘေးဆရာများ အဆက်ဆက် လက်ဆင့်ကမ်းရရှိသော **"ဆေးမျှော့"** ဖြစ်သည်။

~~မြွေကိုက်ခံရပါက ကိုက်ခံရာ အင်္ဂါရာသိုပို့ ဆေးမျှော့ကို တင်ထား ရသည်၊ အဆိပ်ရှိပါက ဖျော့တွယ်သဖို့ တွယ်ကပ်ရာက အဆိပ်များကို စုပ်ယူ သည်၊ အဆိပ်ကုန်မှ ကွာကျလာသည်။~~

ဆေးမျှော့ ကွာကျသွားလျှင် လူနာမှာ အကောင်းဟုတိုဖြစ်ပါပြီ။ အဆိပ်မရှိပါက . ဆေးမျှော့တွယ်ကပ်ခြင်း မရှိဟု သိရသည်။

ဆေးမျှော့ မရှိသော်လည်း မြွေကိုက်သည့်နေ့အရ မြွေဆိပ်ချနိုင်သော ဂါထာရှိပါသည်။

F.16A. July, 2016.

www.burmeseclassic.com

www.burmeseclassic.com



◆ ထောင်ပိုးကုတ်ခြင်းများနှင့် ထောင်ပျော့

◆ ထောင်ပျော့



ဖြေဆိုချက်ထားများ

တနင်္ဂနွေနေ့တွင် ကိုက်ခဲခံရပါက...

"ဦး အာနန္ဒာ ဟိလိဟိလိ စဲယုစဲယု သွားဟ" *(အရှေ့မှ)*

တနင်္လာနေ့...

"ဦး ကောသုံး ဟိလိဟိလိ စဲယုစဲယု သွားဟ" *(အနောက်မှ)*

အင်္ဂါနေ့...

www.burmeseclassic.com

www.burmeseclassic.com



◆ ဟောတူမတီဆူဂျာ သီလရှင်ဘကျောင်း

◆ ဆူဂျာကျောင်း

''ဦ့ ကတ္တလံ ဟိလိဟိလိ စံယျစံယျ သွာဟာ'*(မြောက်မှ)*

ပုဒ္ဓပ္ပါးနေ့...

''ဦ့ တလုထက် ဟိလိဟိလိ စံယျစံယျ သွာဟာ'*(တောင်မှ)*

ကြာသပတေးနေ့...

''ဦ့ ဝိဿက် ဟိလိဟိလိ စံယျစံယျ သွာဟာ' *(မြောက်မှ)*

သောကြာနှင့်စနေနေ့...

''ဦ့ ပဟာပန္န ဟိလိဟိလိ စံယျစံယျ သွာဟာ'*(တောင်မှ)*

လူနာကို မြွေကိုက်ခံရသည့်နေ့ အလိုက် ညွှန်းသောအရပ်သို့ မျက်နှာမူစေကာ ခြေဆင်းထိုင်ခိုင်းပါ။ ငယ်ထိပ်ပေါ် လက်ဝါးအုပ်၍ ဂါထာကို ''ဦ့''ပြင်းပြင်းခံ၍ (၇)အုပ်မန်းပါ။**ရေကို လည်း (၇)အုပ်မန်း၍ တိုက်ပါ။**

ဥပမာ ။ ။တနင်္ဂနွေနေ့တွင်ကိုက်ခံခံရပါကအရှေ့အရပ်သို့ မျက်နှာမူစေကာ...

''ဦ့ အနန္နာ ဟိလိဟိလိ စံယျစံယျ သွာဟာ'

(၇)အုပ်မန်းရမည်ဟုဆိုသည်။ လက်တွေ့ ကယ်မပေးနေသော အဖွားစောဏ် ပွဲတွေ့ဆေးနည်းဂါထာ ဖြစ်ကြောင်း သိရသည်။

အကယ်၍ မြွေကိုက်ခံရသည့် လူနာမလာနိုင်ပါက လာပင့်သူအား ရေမန်းတိုက်ခြင်းဖြင့်လည်း ဝေဒနာရှင်၏ မြွေဆိပ်ကျစေနိုင်ပါသည်။

ဂါထာမှာ...

ဦ့ ဟောပုံဟောင်ထဲ၊ ဖဲဆိပ်ခွာ၊ လာလာမိုင်းမိုင်း၊ ညည်ညွှတ်တည်။

ဦ့ ဟောပုံဟောင်၊ ပုလဲဆိပ်ခွာ၊ လာလာမင်းမင်း။

ဦ့ ပြွတ်ပြွတ် ကျဆရာကျ။

ဤဂါထာဖြင့် ရေကို (၇)အုပ်မန်းကာ တိုက်ပေးရသည်။ နေ့နံ့မရွေး၊ အရပ်မျက်နှာ ရွေးစရာမလိုပါဟု ပြောပြသည်။

ယင်းနောက် အဖွားက သိမ်းဆည်းထားသော အုဝတ်ထုပ်တစ်ခုကို ယူပြသည်။ အဝတ်စကို ဖြေလိုက်သော အခါ **ဆေးထိုးစုတ်ဒင်(ပြန်မာစုတ်ဆေး ထိုးရာတွင် အလေးချိန်စီးဝေရန် စုတ်အရင်းခံ ထပ်ပိုးပေးသည့် အစိတ်အပိုင်း)**များဖြစ်သည်ကို တွေ့ရသည်။

သုံးစုံရှိသည်။ နှစ်ရာမှာ အရုပ်များသွန်းလုပ်ထား၍ ကျန်တစ်ရာမှာ မတ်လုံပုံစံပြင်သည်။ လောဘာစပ်များ မြှေကြသည်။

လွန်ခဲ့သော နှစ်(၄၀)ခန့်ကပင် လာရှိတောင်းဝယ်သူ များစွာရှိ၏။ ရွှေဈေးအတိုင်းပေးမည်ဆို၏။ ဘိုးဘွားအမွေဖြစ်၍မရောင်းရက်သဖြင့်ငြင်းပယ်ခဲ့သည်။

ယခုအခါ အသက်အရွယ်(၈၀) ကျော်ပြီဖြစ်ကာ နောက်ဆုံးကာလများ၌ လူနာဒါန်းနိုင်ရန် သင့်သောဈေးနှုန်းဖြင့် ဝယ်သူရှိကရောင်းချလိုကြောင်း ပြောပြလေသည်။

ငြိမ်းသော်တာ

www.burmeseclassic.com

www.burmeseclassic.com

မားမဲ့၊ မားထီး၊ မားမြိုက်၊ မားမော့၊ မားမွတ် (ခေါ်) မားတမွတ်ဆရာတော်ကြီးများ ကျင့်သုံးခဲ့သော

အစိုးရအာဘာယ ဒိဋ္ဌိးကိစ္စတော်

ကျွန်တော်ငယ်စဉ်အခါ **မော်ဘီမြို့၊ ဘုရားသုံးဆူကျောင်း**တွင် ဘုန်းကြီးကျောင်းသားဘဝဖြင့် နေစဉ်က တောပျော်ရသေ့ကြီးတစ်ပါး ပေးခဲ့သော...

မားမဲ့၊ မားထီး၊ မားမြိုက်၊ မားမော့၊ မားမွတ်ခေါ် မားတမွတ်ဆရာတော်ကြီးများ ဆရာတော်ဦးခန္ဓဇောတိ၊ ဦးနန္ဒိယတို့ ကျင့်သုံးခဲ့သော အောက်ဖော်ပြပါ **"ငတ်မွတ်ခေါင်းပါးခြင်းဘေး ကင်းစေနိုင်သော ဒုဿီကန္တရ အာဘယရှိုးဂါထာ"**အား မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဝင်များအား သိစေရန် တင်ပြအပ်ပါသည်။

ငတ်မွတ်ခေါင်းပါးခြင်း

ဘေးကင်းစေနိုင်သော ဒုဿီကန္တရ

အာဘယရှိုးဂါထာ

❖ ဩဟာတော ပုတ္တဒါရာနိ၊
ဩဟာရိ နဂရာနိစ၊
ဩဟာပေတွာန ပါပိနိ၊
ဩဟာရိ ဝဠဒုက္ခတော။

❖ ဩဘာယော လောကပဇ္ဇောတော၊
ဩဘာယော ဒေဝမနုနံ၊
ဩဘာယော မဂ္ဂ မဂ္ဂဿ
ဩဘာယော ပန တေနဟော။

ခက်ခဲသော ပါဠိအသံထွက်

ဩ = အော

ပုတ္တဒါရာနိ = ပုတ်တဒါရာနိ
ပေတွာန = ပစ်တဝါန
ဝဠဒုက္ခတော = ဝတ်တဒုတ်ခတော
ပဇ္ဇောတော = ပစ်ဇောတော
မဂ္ဂ = မက်ဂ
မဂ္ဂဿ = မက်ဂတ်သ

အနက်အဓိပ္ပါယ်

ပုတ္တဒါရာနိ – ကိလေသာ, ကာမ, ပေမ ပွားများ သားမယားတို့ကို၊ **ဩဟာတော**–မည်သာမထောက် ဖြတ်တောက်ရှောင်ကွယ် ပယ်ခဲ့ခြင်း။

နဂရာနိစ–ရွှေနန်းစည်းစိမ် ရိပ်ငြိမ်ချမ်းသာ ခန်းဝါစိုစို မြို့တို့ကိုလည်း၊ **ဩဟာရိ**–တံတွေးနိမိတ် ခွါသလိပ်ပုံ မခုံမမင် မကြင်လှက်လွှတ် စွန့်ခဲ့ပြီ၊ **ပါပိနိ**–အကုသိုလ်ဒုစရိုက် အမိုက်

ရွှေဘိုနန်း

ပေါင်းစု မကောင်းမှုတို့ကို၊ **ဩဟာပေတွာန**– အာရုံကင်းပြတ် မထပ် မကွန့် ဖယ်ခွာစွန့်၍၊ **ဝဠဒုက္ခတော**– သံသရာဝဋ်ဆင်းရဲမှ၊ **ဩဟာရိ**–ခွာရှောင်ကင်းလွတ် ကွင်းလွတ်ကျွတ်၍ စွန့်တော်မူပြီ၊

လောက ပဇ္ဇောတော – လောကအာရုံ ကာမဂုဏ်ရေပွေက် ကျေပျက်မြန်လပ် တံလျှပ်ဝင်းပြောင် အလင်းရောင်သည်၊ **ဩဘာယော**– လှိုင်းလေမိုးသက် သဲပွက်ထူစွာ ဒုက္ခာရွှပ်ထွေးဘေးရှိ၏။

ဒေဝမနုနံ–တို့အတူ၊ **ဒေဝမနုနံ**– သတ္တလောက မည်ကြွေပါဝူ နတ်နှင့်လူတို့အား၊ **ဩဘာယော**–မီးဆယ်တစ်တန် ရန်ရွှပ်ထွေးဘေးရှိ၏၊ **မဂ္ဂ မဂ္ဂဿ**– ရွှစ်ပါးထင်ထင် မက်အစဉ်အား (ဝါ) သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ အပြည့် ရွှစ်ပါး မက်အစဉ်အား၊ **ဩဘာယော** – ရွှစ်ပါးမက်ကို ပြန်လျက်ပိတ်ကာ မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါစာ, မိစ္ဆာကမ္မန္တ, မိစ္ဆာအာဇီဝ, မိစ္ဆာဝါယာမ, မိစ္ဆာသတိ, မိစ္ဆာသမာဓိတည်းဟူသော မဂ္ဂင်တရား၏ ဆန့်ကျင်ဘက် အဖျက်

စာမျက်နှာ (၁၂၆) သို့

www.burmeseclassic.com

www.burmeseclassic.com

ကိုးကောင်းကြီးနှင့် နက္ခတ်တို့၏ သဘာဝ

စကြဝဠာကြီးသည် လူတို့ လိုက်မမီနိုင်အောင် ထူးခြားသော သဘာဝတရားစုကြီး ဖြစ်ပါ၏။ မိုးကောင်းကင်ကြီးကို ကျွန်ုပ်တို့ မော့ကြည့်ဖူးကြပေ၏။

လူသာမန်တို့က ကောင်းကင်သည် ကောင်းကင်ကြီးသာဖြစ်ပြီး၊ ကမ္ဘာမြေကြီးမှာလည်း ကမ္ဘာမြေကြီးဟုသာ သိကြ၏။

ထိုထက်ပို၍ တွေးခေါ်ခြင်း၊ လေ့လာခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း၊ ဗဟုသုတရှာမှီးခြင်း မရှိခဲ့ကြပါ။

အမှန်ဆိုလျှင် စကြဝဠာကြီးကို ကြည့်လျှင် ကျွန်ုပ်တို့သည် အလွန်ကြီးမားသော အုပ်ဆောင်းကြီးအောက်၌ နေရသော လူသားကမ္ဘာကြီးကို တွေ့ရနိုင်၏။

ထိုကမ္ဘာလောကကြီး၏ ဖြစ်စဉ်နိယာမတရားများသည် စကြဝဠာ၏ ထိန်းချုပ်မှုသဘော အောက်၌သာရှိ၏။ ကမ္ဘာလောကကြီး၌ မိုတင်းနေထိုင်သူတို့သည် စကြာဝဠာကြီး၏ ထိန်းချုပ်ခံမှု သတ္တဝါများသာ ဖြစ်ကြပါ၏။

စကြဝဠာ၏ သဘောကား နက်နဲလှိုက်ချက် များလှစွာ၏။ ထိုအခြင်းအရာကို ဝိဇ္ဇာဉာဏ်ရှင်တို့သာ ခွဲခြမ်းစိတ်ဖြာ လေ့လာနိုင်စွမ်းကြပါ၏။

ကျွန်ုပ်သည် ဤဆောင်းပါးဖြင့် စကြဝဠာကြီး၏ အစိတ်အပိုင်းဖြစ်စဉ်များဖြစ်သော **''လထီးဆောင်ခြင်းနှင့် နက္ခတ်တို့၏သဘာဝ''**ကို တင်ပြနိုင်ရုံပါသည်။

ထိုဖြစ်စဉ်များကို တင်ပြရာတွင် ယနေ့ သိပ္ပံပညာရှင်၊ နက္ခတ္တဗေဒဆရာရှင်တို့နှင့် တူခြင်းမရှိနိုင်ဟု ဆိုနိုင်ပါ၏။

အဘယ်ကြောင့်ဆိုသော် ဤတင်ပြချက်များသည် **မဟာဖြိုင်တောကြီး အတွင်း ဝင်ဘာတေး၊ ဝိဇ္ဇာလှိုက်ဝှက်ခန်းရှိ ဝိဇ္ဇာရှင်ဦးကောဝိဒ ပြောဆိုခြင်းများသာ** ဖြစ်သောကြောင့်ဟု ဆိုရပါမည်။

လထီးဆောင်ခြင်း

'ဖြစ်ရပ်မှန်ကို လုပ်ကြံ၍ ငါ မပြောလိုပါ။ သိသင့်သော အမှန်သဘောကိုသာ ငါ ဂေါဝိအရှင် ပြောပြပါမည်'

ဟု ဝိဇ္ဇာဝိရိဉီးကောဝိဒက နိဒါန်းစကားဆိုရ၍ ပြောပြပါ၏။

လထီးဆောင်းလျှင်...

၁။ ဆန်ရောဝါး ရွာ၏။
၂။ စေနေသားတို့ ထောသင့်၏။
၃။ စေနေတံလျှပ် ထဝေ၏။(စေနေသည် နေမင်းကို ကိုးကွယ်စားပြု၏။)
၄။ ထီဘာဆောဘွင် ပျက်စီးတတ်၏။
၅။ ကောင်းကင်တွင် မြိတ်မြည့် အရိပ်ရိပ် အလင်းလင်း ရှိပ်ထွေး၏။
၆။ သူဆော်ဆင်များ ပျော်ရွှင်ခြင်းရှိကြ၏။
၇။ စေနေနံးဆွေးတို့ ပျက်ရှ(ထောက်ခဲ့ ဘက်တွေတို့ အောင်မြင်ခြင်းရှိ၏။ ထန်းလျက်လုပ်ငန်း၊ ထင်းလုပ်ငန်း၊ ထောင်ထန်းလုပ်ငန်း စသည်တို့ ထိခိုက်၏။)
၈။ မိဘွာန်ဇရာက်ကြောင်း ရဟန္တာတို့ ထပ်ထွန်းတတ်၏။
၉။ ယိမ်းခွဲဟန် ထောင်ကင်ဆက်ကြွေးတို့ သွားလာ၏။ ဂုဏ်ဥတု ကြည်လင်ထောင်မွန်၏။

ဖော်ပြပါ အကြောင်းခြင်းရာများတွင် အပျက်နှင့်အဖြစ်တို့၏ ဒွန်တွဲမှု ရှိသော သဘောကိုတွေ့ရ၏။

စနေသားသမီးတို့နှင့် လောကီဝိဇ္ဇာရှင်တို့အတွက် ပျက်စီးခြင်းသဘော ဆောင်သော်လည်း၊ ဗုဒ္ဓမြတ်စွာတရားတော်အရ ကျင့်ကြံအားထုတ်ကုန်သော ပုဂ္ဂိုလ်မြတ် သူတော်စင်သူတော်ကောင်းတို့မှာ ပျက်စီးခြင်းနှင့် မသက်ဆိုင်သော ကောင်းမှု ကောင်းကျိုးများကို ခံစားရသည်ကို သတိပြုဖွယ်တွေ့ရ၏။

ဤအယူအဆသည် ဝိဇ္ဇာရှင် ဦးကောဝိဒ၏ အယူအဆများဟု မှတ်တမ်းတင်သူ သစ္စာဗလက ဆိုထားပါ၏။

နက္ခတ်တို့၏သဘော

နက္ခတ်တို့၏ သဘောက ပြောမည်ဆိုအောင် တော်သုံးထောင် ဆိုသကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com

များပြားထူးခြားစွာ ရှိပါ၏။ ထိုမှ လိုရင်းကို တင်ပြရသော် ကောင်းကင်မိုးဝ အာကာသတွင်...

၁။ နတ်မြင်းပုံရထား၊ စီးသွားလှည်းပြန်၊ ထိုပုံဟန်က၊ နက္ခတ်သဏ္ဌာန်ကြယ်၊ ဂြိုဟ်တို့၏ သဘာဝများဖြစ်သည်။

၂။ ပို့ဆောင်လိုင်း၊ စိုးပိုင်ခွင့်၊ ကြယ်ကြွေခြင်း၊ ဥက္ကာပုံခြင်းတို့ဖြစ်၏။

၃။ ပို့ဆောင်လိုင်း၊ ကောင်းကင်ပိုင်းခြင်းက၊ စိတ်ပိုင်းဝင်သော ကောင်းကင်သဏ္ဌာန်တဖြစ်၏။

၄။ ပို့ဆောင်မှုကို နတ်တန်ခိုးဖြင့်၊ ရှင်းလင်းကယပ်မှ စိတ်စင်ကြယ်၍ ကောင်းကင်နက္ခတ် စုံလင်ခြင်းကိုပြု၏။

ဤတွင် နက္ခတ်တို့၏ ဖြစ်ရိုးဖြစ်စဉ် မဟုတ်ခြင်းသည် လူတို့၏ စရိုက်ဆိုး မိစ္ဆာစက် နှိုးထခြင်းဖြစ်ကြောင်း သိအပ်ပါ၏။ လထီးဆောင်းခြင်း သဘောနှင့် ချိန်ထိုးကြည့်လျှင် နက္ခတ်အသွားအလာ မည်ညွှတ်ခြင်းကြောင့် လ၏အရိပ်တွင် မိစ္ဆာစက် လွှမ်းမိုးထားခြင်းသဘောဖျိုး ဖြစ်သည်။

နက္ခတ်အသွားအလာ ရှုပ်ထွေးနေခြင်း၊ လကွဇာဟု မှတ်ယူရပါသည်။

မှတ်အပ်ဖွယ်ရာ နက္ခတ္တပညာ

၁။ နက္ခတ္တပညာသည် ခက်ခဲသည်မှန်သော်လည်း စိတ်ဝင်စားသူ၊ သတိရှိသူ၊ ကောင်းကင်၏ ဖြူစင်ခြင်းသဘောကို မြတ်နိုးသူတို့ အတွက် စိတ်ဝင်စားဖွယ်ရာ မှတ်စုမှတ်တမ်းပြု စုထားသင့်သောပညာ ဖြစ်၏။

၂။ နက္ခတ်တို့၏ အသွားအလာကို ကြည့်ရာတွင် ဂူဝံကြယ်၊ ခုနစ်စင်ကြယ်တို့ကို ကြည့်ရှုရ၏။ ယင်းကြယ်စုတို့ကို ပြဟ္မာကြယ်ဟု ခေါ်၏။

၃။ မိစ္ဆာကြယ်စုတို့ အားကောင်းသောအခါ ထိုကြယ်စုတို့သည် ညှိုးမှိန်ကုန်၏။ **မိစ္ဆာကြယ်စုတို့၏ သဘောအင်ရဝ်များမှာ...**

(က) ပုံမှန်မဟုတ်ဘဲ နက္ခတ်များ သွားလာခြင်း

(ခ) ရပ်တည်ပုံ မူမမှန်ခြင်း

(ဂ) မှေးမှိန်နေတတ်ခြင်း၊ ထိုပု ရုတ်တရက် တောက်ပလာတတ်ခြင်း

(ဃ) အောက်ဆင်း အပေါ်တက်နှင့် ယောကိုဒ်လာ ရှုပ်ကြိုးတို့၏ စိတ်ယန္တရားအတွက်ဖြင့် ကောင်းကင်စက်လွှတ်ခြင်းကို ထိတွေ့စေခြင်းတို့ကို ဖြစ်စေပါ၏။

ထိုသဘောဖြစ်စဉ်များသည် သာမန်လူတိုင်း လေ့လာကြည့်ရှုနိုင်သော ကောင်းကင်ပြင်၌ ဖြစ်ထွန်းနေသည့် နက္ခတ်တို့၏ အကြောင်းတရားများသာ ဖြစ်ပါ၏။

နက္ခတ်တို့၏ သဘာဝကို အခြေခံသဘောပေါက် ကြည့်ရှုကတတ်ရုံနှင့် လောကဖြစ်စဉ်များကို ခန့်မှန်းချိန်ဆနိုင်မည် ဖြစ်ပါ၏။

ဤ လထီးဆောင်းခြင်းနှင့် နက္ခတ်တို့၏ သဘာဝများကို စာရေးသူသည် သစ္စာဗလဆိုသူ၏ ဝိဇ္ဇာခရမ္ဘတ်တမ်းများမှ ကောက်နုတ်တင်ပြခြင်းသာ ဖြစ်ပါ၏။

ပညာရှင်တို့ အလိုက္ခ ဖြစ်ချင်မှ ဖြစ်ပါလိမ့်မည်။ လိုသော် သုံး၍ မလိုသော် မသုံးဘဲ ဗိမိတို့ ဆန္ဒအတိုင်းသာ လက်ခံအတည်ပြုကြရန် အစီရင်ခံ တင်ပြပါ၏။

ကောင်းကင်နက္ခတ် ကြည်လင်ထွန်းပ၍ အဓိနိုင်ငံ ကြည်သာ ဝပြောပါစေကြောင်း ဆုမွန်တောင်းပါသည်။

မေတ္တာရည်လျက်....

သမ္မုဇ္ဇ

စာမျက်နှာ (၁၂၄)မှ အဆက်

ရှုပ်ထွေး အမဂ္ဂအင်္ဂစာဘေးလည်း ရှိ၏။

ဥဒ္ဒေသော - ဆန့်ကျင်ဘက် အမျက်ရှုပ်ထွေး အမဂ္ဂအင်္ဂစာဘေးတို့ကို မဂ္ဂင်္ဂစာဆောများဖြင့် တိုက်ဖျောက်ရန် စိတ်က မဘေးသော့ ကိစ္စဘေးလည်း ရှိတော်မူသော၊ **တေပန**-ကြာအနသတ္တဝါတွေကို မဟာကရုဏာ စိတ်ကပြေး၍ ကိစ္စဘေးရှိတော်မူသော ထို မြတ်စွာဘုရားအား ကာ။ **အဟံ**-(နာဂစေါသ)မည်ခေါ် တပည့်တော်သည်၊

နမော-ဝဏ္ဏတွင်းကိစ္စ ခုကွပြတ်ကျိုး သဖွါနိုင်း၍ ရှိခိုးပါ၏ အရှင်ဘုရား။

နုတ်ချက်။ ။ (နာဂစေါသ)မှာ ဆို ထားသော နေရာတွင် ရှိခိုးသူ၏ အမည်နာမကို ထည့်သွင်း ရှိခိုးရပါသည်။

အချို့ လောကီပညာသမားများမှာ ဂါထာရွတ်တွင် (၃)ခဲ့၍ မန္တန်အဖြစ် အသုံးပြုကြပါသည်။

ဤဘုရားရှိခိုးဂါထာကို ရှိခိုး၍ ဘုရားတွင် ခုနစ်၊ ဗေဒင်ပါရီလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ပါရှိသော ဆောင်းပါးရှင် ကောင်းစံလင်း (ရန်ကုန်)၏ "ဘုရား ခုနစ်မှာ ကံကောင်းအောင်" ဆောင်းပါးတွင် ပါရှိသော အချက်များအတိုင်း လိုက်ပါဆောင်ရွက်ပါက စားဝတ်နေရေး အထူးပြည့်စုံပါကြောင်း တွေ့ရှိရပါသည်။

ဖြစ်သာကြပါစေ။

ရွှေဘိသိန်း

www.burmeseclassic.com

www.burmeseclassic.com

ဝမ်းတစ်လုံးကောင်း ခေါင်းမခဲရအောင် ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမုန်ဆေးကို ဆောင်

(ဆောင်းပြာစာရေးသမား)

"ဆရာကို တွေ့မှတွေ့ပါ့မလားလို့"

"အော် အင်ဂျင်နီယာကြီး ကိုနိုင်ဦးပါလား၊ လာဗျာ ထိုင်"

"ဆရာကို အကူအညီလေး တောင်းချင်လို့"

"ရပါ့ဗျာ. . . ပြောလေ"

"ဒီလိုပါ ဆရာ၊ ကျွန်တော် ကိုယ်လက်တွေ့လေးလံ ပြောင်းညာပြီး ဦးခေါင်းထွေလည်း အုံခဲနေတယ် ဆရာ။ အဲဒါ ဘာဖြစ်လို့များလည်းလို့ပါ"

"ကိုနိုင်ဦး ညာဘက်လက်လေးခဏပြဗျာ၊ သွေးစမ်းကြည့်ရအောင်"

"ဟုတ်ကဲ့ ဆရာ"

"တွေ့ပြီကိုနိုင်ဦးရေ- ခင်ဗျားမြောသလို ခေါင်းတွေအုံခဲနေမယ်။ မျက်လုံးမျက်ခွံတွေ လေးနေမယ်။ တစ်ကိုယ်လုံး လေးလံပြောင်းညာနေတာတွေဟာ ဝမ်းတစ်လုံးမကောင်းလို့ဗျ"

"ဆရာပြောတာ ကျွန်တော်နားမရှင်းဘူးဖြစ်နေတယ်"

"ဒီလိုလေ ကိုနိုင်ဦးရဲ့၊ လူတစ်ဦးဟာ ကျန်းမာတယ် မကျန်းမာဘူးဆိုတာကို သိချင်ရင် ဆီး,ဝမ်း,လေ, ချွေးလို့ ပြောတဲ့ မလကြီးလေးပါးကို စိစစ်ရမယ်ဗျ။ ခင်ဗျားမှာက အဲ့ဒီမလကြီးလေးပါးထဲက အဓိကအကျဆုံးဖြစ်တဲ့ ဝမ်းလို့ ခေါ်တဲ့ ဓာတ်ချုပ်တတ်တဲ့ လက္ခဏာတွေ့ရတယ်လေ"

"အော် ဟုတ်တယ်၊ ဟုတ်တယ်။ ကျွန်တော်က Construction လုပ်ငန်းကို လုပ်ကိုင်တာဆိုတော့ Site ထဲမှာ အလေးအပင်သွားချင်တဲ့အခါ အဆင်မပြေတာနဲ့ မသွားဖြစ်ဘူး၊ ဒီတော့ ဝမ်းကချုပ်တတ်တဲ့ အလေ့အကျင့်ဖြစ်နေပြီ ဆရာ"

"အင်းပေါ့ဗျာ. . . မတားအပ်တဲ့အဟုန်ထဲမှာ ဆီး၊ဝမ်း၊ လေတို့ပါနေတော့ ဒီထဲက အထူးသဖြင့် ဝမ်းကို တားဆီးထိုက်တော့ မကောင်းတဲ့ ဆီးအဆိပ်၊ ဝမ်းအဆိပ်၊ လေအဆိပ် တွေဟာ ခန္ဓာကိုယ်အပြင်ကို မရောက်တော့ပဲ ခန္ဓာကိုယ်ထဲ ပြန်လည်ပြီး စီးဆင်းပျံ့နှံ့ရာက ဦးခေါင်းပိုင်းရောက်ရင် ခေါင်းတိုက်တာ၊ ခေါင်းအုံတာ၊ ဇက်ကြောတက်၊ နောက်ကြောတင်းတာ၊ မျက်လုံးမျက်ခုံးများလေးတာတွေ ဖြစ်စေတဲ့အပြင် ခန္ဓာကိုယ်အနှံ့ ပျံ့နှံ့ပါက ကိုယ်လက်တွေ့ လေးလံ ညောင်းညာတာတို့၊ ထုံကျဉ်ကိုက်ခဲတာတို့၊ မအီမသာ ဖြစ်ပေါ်ခံစားရတတ်ပါတယ်"

"ဟုတ်ကဲ့ဆရာ၊ အခုလို ဆရာပြောပြတော့မှ ဆီး, ဝမ်း, လေတွေနဲ့ ကျန်းမာရေးဟာ ဆက်စပ်နေတယ်ဆိုတာ သိရတော့တယ်"

"ဟုတ်တယ် ကိုနိုင်ဦးရေ၊ ဒါကြောင့် ရှေးကသမားတော်ကြီးတွေက ဝမ်းတစ်လုံးကောင်း၊ ခေါင်းမခဲဘူးလို့ မိန့်ခဲ့တာပေါ့ဗျ"

"ဟုတ်ကဲ့ ဆရာပြောမှ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ ဆိုရိုးစကားရဲ့ အဓိပ္ပာယ်ကို သိရတော့တယ်။ လူသားတွေရဲ့ ကျန်းမာရေးဟာ ဒီ ဆီး,ဝမ်း,လေတွေနဲ့ ဆက်စပ်နေတယ်နော် ဆရာ"

"သိပ်ပြီး ဆက်စပ်နေတာပေါ့၊ လူတစ်ယောက်ဟာ မကျန်းမာဖြစ်တော့မယ်ဆိုရင် အရင်ဆုံး Sign ပြတာက ဆီးနီနည်းတာတို့၊ ဒါမှမဟုတ် ဆီးဖြူများတာတို့ ဝမ်းချုပ်တာ၊ ဝမ်းပျက်တာ၊ စမြင်းခံတာ၊ ဝမ်းကိုက်တာ၊ အပူဝမ်းသွားတာ၊ လေချုပ်တာ၊ ချွေးငုပ်တာတို့ဆိုတဲ့ လက္ခဏာတွေ ပြတတ်တယ်ဗျ"

"ဟုတ်ကဲ့ ဆရာ"

"အဲ. . . အဲ့ဒီထဲမှာ ဝမ်းပျက်ဝမ်းလျှောတာ၊ ဝမ်းကိုက်တာတွေက ထင်ရှားတဲ့လက္ခဏာ ချက်ချင်းကုသရတဲ့ ရောဂါ အဆင့်ပေါ် လွင်နေတော့ အများက သတိထားမိကြတယ်ဗျ၊ ဝမ်းချုပ်၊ စမြင်းခံတဲ့အခြေအနေကိုတော့ အမှုမဲ့၊ အမှတ်မဲ့နေတတ်ကြတယ်။ ဒီလိုဖြစ်တာ ကြာလာတာနဲ့အမျှ အဆိပ်အတောက် အဆင့်ရောက်နေတဲ့ ဆီး,ဝမ်း,လေ ဆိုတဲ့ မလအညစ် အကြေးတွေဟာ ခန္ဓာကိုယ်အတွင်းမှာ ပျံ့နှံ့စီးဆင်းကာ ကိုယ်တွင်းရှိ အတွင်းအင်္ဂါစုများဖြစ်တဲ့ ဦးနှောက်၊ နှလုံး၊ အသည်း၊ အဆုတ်၊ ကျောက်ကပ်၊ အစာအိမ်၊ ပန်ကရိယစတဲ့ ခန္ဓာကိုယ်အတွက် အရေးကြီးဆုံး အင်္ဂါစုများသို့ စုဝင်ရောက်ရှိ ခိုအောင်းအပြစ်ပြု ရာကစလို့ စောစောကပြောခဲ့တဲ့ သာမန်ရောဂါလေးမှစပြီး ကင်ဆာလိုမျိုးရောဂါများအပြင် ကုသ

www.burmeseclassic.com

ဆီးဝမ်းမှန်၍ လေလည်းရ အဆီကျလို့ အကြောလည်းပြေတဲ့ မြင့်မြန်မာ ဝမ်းမှန်ဆေး...

ရခက်ခဲတဲ့ရောဂါတွေ စွဲကပ်ဖြစ်ပေါ်စေပါတယ်"

"ဟာ . . ဟုတ်လားဆရာ၊ ကျွန်တော်တို့က ပေါ့ပေါ့တန်တန်ထားတဲ့ ဒီဝမ်းချုပ်ခြင်း၊ ဆီးနည်းခြင်းတွေဟာ အလွန် မတန်ကြောက်စရာကောင်းတဲ့ ရောဂါကြီးတွေရဲ့ ရှေ့ပြေးလက္ခဏာတွေပေါ့နော်"

"ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ"

"ဒါဆို နေ့စဉ် ဆီး၊ ဝမ်း၊ လေ၊ ချွေးတွေ မှန်နေအောင် ကျွန်တော်ဘာဆေးတွေ စားသင့်လဲဆရာ"

"ဆီး၊ ဝမ်းမှန်လို့လေရ အဆီပို့များကျပြီး ခန္ဓာကိုယ်ပေါ်ပါးကျန်းမာအောင်အတွက်ကတော့ ရော့. . ဒီမှာ **မြင့်မြန်မာ ထောရှောက်သီး အကြောပြေဝမ်းမှန်ဆေး**ကို သုံးစွဲပေးပေါ့ဗျာ"

ဤကြော်ငြာကို ပြုလုပ်သူများအဖွဲ့ (ကဆောက်(ကန်ဘဲငံး)) (၁၁၂/၁၂၂)

သို့မဟုတ် နာဂမျှောရောင်ခြည်မရှာင်း

"ဒီမြင့်မြန်မာအကြောပြေဝမ်းမှန်ဆေးရဲ့ အာနိသင်ကိုလည်း ပြောပါဦးဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးရဲ့ အစွမ်းကတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့၊ ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေ လေးလံညောင်းညာ ကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ်၊ ဆီးကျန် ဝမ်းချုပ်၊ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေမွဲခြောက်ခြင်း၊ အဖု အပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများကျခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ၊ မှည့်ခြောက်ထွက်ခြင်း၊ သွေးဓာတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပို့များကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ် မှန်ကန်စေပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာဝင် ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက် ကင်းသက်သာပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီး သားဖြစ်စေပါတယ်"

(ဝမ်းနတ်ဆေးမဟုတ်၍ နေ့ စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်။)

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေ ရရှိအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့် ဆေးပါညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆရာ"

ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊ မြောက်ဥက္ကလာပ၊ ဖုန်း - ၀၁၆၉၁၀၉၃၊ ၀၉၇၁၃၉၅၅၂၂။

www.burmeseclassic.com

www.burmeseclassic.com

ဥရောဒက ရေပူဘုရားကြီးသို့

အလည်တစ်ခေါက်



ဥရောဒကဘုရားကြီး



ဘုရားကြီးအတွင်းရှိ ကုလားဘုရားကြီးများ (အရှေ့ဘက်မှမြင်)

ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေပြို့နယ် အင်းလေးကန်ကြီးရဲ့ အနောက်ကမ်းမှာဆိုရင် အထင်ကရ တန်ခိုးကြီးဘုရားများစွာကို ဖူးတွေ့နိုင်ပါတယ်။

အနောက်ကမ်း ဖယ်ခုံအင်းကနေ စလောပိုက်ရင် **သမိုင်းဝင်ရွှေအင်းတိမ်ဘုရား၊ ရွှေသန်းတောင်ဘုရား၊ မြွေကြီးနှစ်ကောင် ရောက်ရှိလာတဲ့ ရွှေပြင်ထင်ဘုရား၊ ခေါင်တိုင်ဘုရား၊ အပန်းဖြေရေပူစခန်းရှိရာနဲ့ ကပ်လျက်က ဥဏှောဒကတောင်ပေါ်ဘုရား၊ ပေါ်ဝိုင်ဘုရား၊ ရွှေကြက်ဥဘုရား**တို့အပြင်...

စာရေးသူ မရောက်ရှိ၊ မကြားသိခဲ့သေးတဲ့ အခြားအခြားသော သမိုင်းဝင်ဘုရားများစွာ ရှိတဲ့အနက်က **"ဥဏှောဒကရေပူ ဘုရားကြီး"** အကြောင်း ရေးသားတင်ပြလိုပါတယ်။

အရင် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ဖတ်ရှုသူများကို တင်ပြဖူးတဲ့အတိုင်း အလောင်းစည်သူမင်းကြီး ကိုယ်တော်တိုင် ရှမ်းကိုးပြည်ထောင် မိုင်းမောဒေသကြီးမှာ ဘုရားဓာတ်တော်, မွေတော်များနဲ့ တည်ထားကိုးကွယ်ခဲ့တဲ့ **ဘုရားစေတီပုထိုးပေါင်း (၄၂)ဆူ**ရှိတဲ့အထဲက ယခုတင်ပြမယ့် ဥဏှောဒကရေပူ ဘုရားကြီးတစ်ဆူလဲ အပါအဝင်ဖြစ်ပါတယ်။

"ဥဏှော"ကို ပါဠိလို **"ရေပူ"**လို့ အနက်ရပြီး **"ဒက"**ကို **"တွင်း"**လို့ အနက်ရကြောင်း မှတ်သားရလို့ **(ဥဏှော+ဒက=ရေပူတွင်း)** များလို့ သိရပါတယ်။

ဒီအနက်အဓိပ္ပါယ် မှန်, မမှန်ဆိုတာကိုတော့ စာချစ်သူတို့ ရောက်ခဲ့ရင် မြင်တွေ့ရမှာ ဖြစ်ပေမယ့် စာရေးသူက ကြိုတင်လေ့လာလို့ ပွေဆော်ဦး သတင်းစကားလေး ပါးထားချင်လို့ပါ။

ရှမ်းပြည်နယ်တောင်ပိုင်း **ဟဲဟိုးမြို့**ကို ကျော်ဖြတ်ပြီး **မကြာမီ ခေါင်တိုင်လမ်းခွဲသို့ဆိုတဲ့ လမ်းညွှန်ဆိုင်းဘုတ်အတိုင်း** အင်းလေးကန်ကြီး အနောက်ခြမ်းအတိုင်း တောင်ဘက်(ရ)မိုင်အကွာအဝေးမှာ ရှိပါတယ်။

အဲဒီလို သွားရာကနေ ပြည့်တွင်းပြည်ပ ညီညီသည်များ အပန်းဖြေ အလည်အပတ်ခရီး လာရောက်လည်ပတ်လေ့ရှိတဲ့ ခေါင်တိုင်ရေပူစမ်း မရောက်မီ **"ရေနွေး"**အမည်ရှိတဲ့ တောင်ရိုးနဲ့ အင်းတိုင်းရင်းသားတို့ စုစည်းနေထိုင်ရာ ရွာတစ်ရွာရှိပါတယ်။

အဲဒီ ရေနွေးရွာလေးရယ်၊ ခေါင်တိုင် ရေပူစမ်းရယ်၊ စာရေးသူ တင်ပြမယ့် ဥဏှောဒကရေပူ ဘုရားကြီးရယ်က တစ်ဆက်တစ်စပ်တည်းရယ်ပါ။

သမိုင်းအထောက်အထားအရ တိတိကျကျ ဖော်ပြလို့ရမယ့် အထောက်အထား ဘာမှ မရှိလို့ မရခဲ့ပေမယ့် သဘာဝအလျောက် ဖြစ်တည်နေတဲ့ ရေနွေးဆိုတဲ့ရွာ၊ ခေါင်တိုင် ရေပူစမ်းနဲ့

www.burmeseclassic.com

www.burmeseclassic.com

◆ အဆောက်အအုံမှ မူဆရာဘုရား



◆ ဂူဦးပတ္တာကိုယ်တော်နှင့် အောင်သုခချမ်းသာဆောင်တိုက်ကြီး

◆ အရာဘာကမှ အထက်ဆယ်ကား

တောင်ပေါ်မှာရှိတဲ့ လေယူတွင်းများက စာချစ်သူတို့အတွက် စိတ်ဝင်စားနိုင်မယ်လို့ မျှော်လင့်ပြီး ရေးဖြစ်ခဲ့တာပါ။ အထက်မှာ တင်ပြခဲ့သလို တောင်

◆ အရာဘာကမဆိုင်တိုင်းကျူးစစ်ခဲ့ဆိုခြင်း

◆ လွတ်မြောက်ရေးအတိုက်ခံခြင်း



www.burmeseclassic.com

www.burmeseclassic.com





◆ ဘုရားကြီးတွင်း မွန်ဘုရားကြီးအရှိ
ဗဟုသုတမှတ်စရာ(ရှေးလက်ရာများ)

◆ အရှေ့ဘက်လှေကားအောက်
လက်ယာဘက်မှ
"ရှင်မွန်ဘုရားအင်းကျွန်ဘုရား"

ကြီးတစ်ခုလုံးရဲ့ ပတ်ပတ်လည်မှာ ဒါနဲ့ ဆက်စပ်ပြီး ပုဂံပြည့်ရှင်ဘုရင် ရေပူတွင်းများ၊ ရေပူစမ်းများနဲ့ လေပူ တစ်ပါးဖြစ်ခဲ့သူ အလောင်းစည်သူမင်း မှုတ်တွင်းတွေဟာ ရှေးရှေးသော ကြီးကိုယ်တိုင် တောင်ပေါ်မှာ တည် ကာလကတည်းက တည်ရှိခဲ့ပါတယ်။ ထားကိုးကွယ်ခဲ့လို့ ဘုရားကြီးကို

◆ ရှင်မွန်ဘုရားအင်းကျွန် ဘုရားဆောက်ရှိ အင်မှုန်း







www.burmeseclassic.com

www.burmeseclassic.com

▲ အရောက်ဘက် ထောင်ထောင်ပေါက်နေ နတ်နန်းများ

အရှေ့ဘက်မြင်ကွင်းဆီမှ

အင်းလေးကန်ကြီးနှင့် ဘုရားပေါင်းများစွာ နတ်မြို့တရုတ်ဆန်းကားပင်ကြီး ▼

ဥဏှောဒကဘုရားကြီး (တောင်ပေါ်ရေပူဘုရား)လို့ ဘုရားဘွဲ့တော် ဆက်ကပ်ခဲ့တာ ဖြစ်ပါလိမ့်မယ်။

ဘုရားကြီး အောက်ဘက်လမ်း အရှေ့ဘက် ခေါင်တိုင်ရေပူစမ်းကို ပြည်တွင်းပြည်ပ ခရီးသွားများ လာရောက် အပန်းဖြေအနားယူသလို တောင်ပေါ်က လေပူတွင်းများရှိရာ ဘုရားကြီးဆီကိုလဲ လာရောက်ဖူးမြော်ကြည်ညိုသူ များလှပါတယ်။

စာရေးသူ သွားရောက်လေ့လာစဉ်မှာ ကမ္ဘာလှည့်ခရီးသွား ညွှေ့သည်တစ်ဦးဖြစ်သူ နော်ဝေးနိုင်ငံမှ "မစ္စကော်လင်းကော်တာ" ဆိုသူနဲ့ သွားဆုံတွေ့ပြီး လေပူတွင်းဆီ အတူသွားကြည့်ခဲ့တာပါ။ နိုင်ငံခြားသား ညွှေ့သည်များ အထူး စိတ်ဝင်စားတဲ့ နေရာတစ်ခုပါပဲ။

အရှေ့ဘက် ခေါင်တိုင်ရေပူစမ်းကနေ ဘုရားကြီးပေါ်ကို လှေကားထစ်များအတိုင်း တည့်တည့်တက်လာလို့ မကြာခင်လေးမှာ လမ်းညာဘက်မှာ ရှိတဲ့ ရှစ်မျက်နှာ ကပ်ကျော်ဘုရား စေတီငယ်ရဲ့ မြောက်ဘက်အထက်နားဆီက အခြားအခြားသော ဘုရားစေတီတွေမှာ တွေ့မြင်ရခဲတဲ့ **"အင်း" ဘုရားပါ။**

အင်းကွက်လေးကွက်ကို အရပ်လေးမျက်နှာစလုံးမှာ ထွင်းထုရေးဆွဲထားတာကို တွေ့ရပါတယ်။ အင်းလေးကန်ကြီးရှိရာ အရှေ့ဘက်မှာ **"ဘုရားငါးဆူအင်း"**၊ တောင်ဘက်မှာ **"အသောကအင်း"**၊ ရေပူတွင်း ဘုရားကြီးရှိရာ အနောက်ဘက်မှာ **"နဝရတ်အင်း"**နဲ့ မြောက်ဘက်မှာတော့ **"အသောကအင်း"**ကို ထင်ဖွယ် ထွင်းထုထားတာကို တွေ့ရပါတယ်။

စိတ်ဝင်စားဖို့ ကောင်းတာက အဲဒီအင်းကွက်တွေကို ဘယ်သူက ဘယ်လိုအဓိပ္ပါယ်ကို ဆောင်ယူပြီး ထွင်းထုခဲ့တယ်ဆိုတာကို ဒေသခံအရှိုနဲ့ ဘုရားဖူးခရီးသွားများက သိချင်ကြတာကို တွေ့ရပါတယ်။

ဒီနေရာမှာ စာရေးသူ မေးမြန်းခဲ့ပြီး အကူအညီ ထောင်းပိုသည်မှာ အဲဒီအင်းတွေရဲ့ အဓိပ္ပါယ်ကို တတ်သိနားလည်တဲ့ ယူဂျင်မျက်မှာ နာဂမြတ် ဒေါက်ခြည်မဟုတ်ပေါင်းမှတစ်ဆင့် တော်မြတ် ဘေးစေလိုဝင်ကြောင်း ဒေးစားရွာမြင့် ပန်ကြားအောင်ပါတယ်။

အဲဒီအင်းဘုရားအပေါ်ကို ဆက်သွားမယ်ဆိုရင် ရှင်ဥပဂုတ္တရုပ်ပွားတော်နဲ့ အောင်ချမ်းသာဆုတောင်းပြည့်စေတီကြီးကို ဖူးတွေ့နိုင်ပြီ။

အဆိုပါ အောင်ချမ်းသာဆုတောင်းပြည့်စေတီရဲ့ မြောက်ဘက်အဆင်းကို ကိုက်အနည်းငယ် ဆက်သွားလိုက်ရင် **သဘာဝလေပူတွင်း**(Nature Hot Air Carter)ကို ညွှန်ပြတဲ့ ဆိုင်းဘုတ်လေးကို ဦးစွာ မြင်ရပါလိမ့်မယ်။

ရှေ့နားဆီမှာတော့ လာရောက်လေ့လာသူများ စိတ်အေးချမ်းသာစွာ ကြည့်ရှုနိုင်ရန်အတွက် အလှူရှင် တစ်ဦးက လှူဒါန်းထားတဲ့ အဆောက်အအုံက လေပူတွင်းကို တွေ့မြင်ရမှာပါ။ သေချာကြည့်မယ်ဆိုရင်တော့ လေပူမှုတ်ထွက်လာတဲ့ လေပူစီးကြောင်းကိုတောင် သေချာမြင်တွေ့နိုင်ပါတယ်။

လေပူတွင်းရဲ့ အဝအကျယ်ကတော့ **နှစ်ပေပတ်လည်လောက်ရှိပြီး** တွင်းနှုတ်ခမ်းမှာ **အပြာရောင်ပြဒါး။ အဝါရောင် ဆာလဟာနဲ့ အပြူရောင် သလင်းကျောက်ပုံဆောင်ခဲလေး**များကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။

ဒေသခံများရဲ့ ပြောဆိုမှုအရ ကိုယ်လက်မအီမသာဖြစ်ပြီး နေထိုင်မကောင်းခြင်းဖြစ်နေသူများ၊ ကိုယ်လက် ကိုက်ခဲနာကျင်နေသူများနဲ့

www.burmeseclassic.com

လေယူတွင်းလမ်းကြုန်းထိပ်ဆုံက ထောတွင်တစ်ခုရာ

လေယူတွင်းအား အလှူရှင်တစ်ဦးမှ အမိုးကာရံပေးထား

နောက်ဆိုင်ဝံမှ "ထောလင်ကာတာ"မှ စိမ်ဆင်တားစား ကြည့်ရှုရလွယ်

ချွေးပုပ်အောင်း၍ အနေခက်နေသူများက အဆိုပါ လေယူတွင်းဝ၌ လာရောက်အပူဇွေ့ခံပေးပါက ရောဂါဝေဒနာများ ပျောက်ကင်းကြောင်း ယုံကြည်ပြီး လာရောက် တွင်းဇွေခံကြတယ်လို့ ကြားသိရပါတယ်။

သဘာဝ လေယူတွင်းကနေမှ အနောက်ဘက်အတိုင်း တက်သွားရင် တော့ ဥဏှောဒကဘုရားကြီးဆီ ရောက်ပါပြီ။

ဘုရားကြီးထဲ ဝင်လိုက်တာနဲ့ အရှေ့ဘက်မုခ်နဲ့ အနောက်ဘက်မုခ် နှစ်ခုမှာ ရှေးဘုရားဆင်းတုတော်ကြီး နှစ်ဆူကို ဖူးတွေ့ရမှာဖြစ်ပြီး နံရံတွေမှာ ရှေးလက်ရာ ပုဒ္ဓဝင်ဇာတ်တော် ပန်းချီကားကြီးများကို ဖူးတွေ့နိုင်မှာပါ။

ဘုရားပေါ်မှာ ဘုန်းတော်ကြီးကျောင်းမရှိဘဲ ဘုရားစေတီသက်သက်သာဖြစ်ပြီး ဆွမ်း၊ ကွမ်း၊ ရေချမ်းနဲ့ဆီမီးကို ရွာထဲမှ အလှူရှင်ကျ လာရောက်လို့ ဆက်ကပ်ပါတယ်။ ဂေါပကအဖွဲ့ဝင်များထဲက အလှူရှင်ကျလာရောက် စောင့်ရှောက်ပါတယ်။ ဘုန်းတော်ကြီးကျောင်းနဲ့ ကျောင်းထိုင်ဆရာတော်က ရွာဦးဘုန်းကြီးကျောင်းမှာပဲ သီတင်းသုံးတာ ဖြစ်ပါတယ်။

ဘုရားကုန်းတော်ရဲ့ အနောက်ဘက်မှာတော့ **သာသနာ့ဝင်တော်ကြီးတစ်ခုရှိပြီး** စင်တော်ရဲ့တောင်ဘက်မှာ လူဝိဇ္ဇာနဲ့ မြောက်ဘက်မှာတော့ နတ်ဝိဇ္ဇာကြီးများကို တွေ့နိုင်ပြီး အနောက်ဘက် ကျောက်တောင်များပေါ်မှာတော့ အဘကိုးမြို့ရှင်နတ်နန်း၊ တောင်ပိုင်ဘိုးဘိုးကြီးနတ်နန်းနဲ့ ဆိုင်ရာပိုင်ရာများကို ပသပူဇော်ထားတဲ့ နတ်နန်းတွေကို တွေ့မြင်ရမှာပါ။

ဘုရားကြီးတောင်ဘက် သက်တမ်းရင့်တရုတ်စံကားပင်ကြီး၊ ဇရပ်ပေါ်ကနေ ‘တောင်တွေ ကာရံထားတဲ့အရှေ့ဘက် အင်းလေးကန်ပြေငြာကျယ်ကြီးကို လှမ်းမျှော်ကြည့်ရင်း အမည်မဖော်နိုင်တဲ့ ခံစားမှုလေးတွေကို စာချစ်သူတို့ အဓိပ္ပါယ်အမျိုးမျိုး ဖွင့်ဆိုကြည့်နိုင်ပါတယ်။

ဘုရားပေါ်ကနေမှ မြောက်ဘက်တောင်ကြောအတိုင်း ဆက်ဆင်းသွားမယ်ဆိုရင် **၂၀၁၅ ခုနှစ်၊ ဖွန်ထိုင်းမှာ နောက်ထပ် သဘာဝလေယူတွင်း အသစ်တစ်တွင်း ထပ်ံ တွေ့ရှိခဲ့တာ** ကို ဂေါပကအဖွဲ့ဝင်တစ်ဦးက စာရေးသူကို လိုက်လံပြသပါတယ်။

ဒီနေရာမှာ စာချစ်သူတို့ကို သဘာဝရေယူစိမ်ခြင်း၊ ချိုးခြင်းအားဖြင့် ရရှိလာတဲ့ ကျန်းမာရေးအကျိုး သက်ရောက်မှုတွေကို တင်ပြလိုပါတယ်။

ရေယူတွင်းဘုရားကြီး တောင်ခြေအရှေ့ဘက်မှာရှိတဲ့ ခေါင်တိုင်ရေယူစိမ်းမှာ ဖော်ပြထားတဲ့အတိုင်း ပြန်လည်တင်ပြပေးလိုက်ပါတယ်။ ရေယူစိမ်း ရေချိုးခြင်းရဲ့ အကျိုးအာနိသင်များဆိုပြီး...

၁။ **သဘာဝရေယူစိမ်း (Nature Hot Spring)**၏ ရေရိုးရိုးတွင် ဓာတ်ပစ္စည်း အနည်းငယ်သာ ပါရှိပြီး ခန္ဓာကိုယ်အား နွေးထွေးစေပါသည်။

သွေးအသွားအလာ ကောင်းမွန်ခြင်းနှင့် အမျိုးမျိုးသော ကိုက်ခဲနာကျင်မှုများမှ သက်သာမှုရှိခြင်း စသည့် အစွမ်းသတ္တိများ ရှိပါသည်။

၂။ ကာဗွန်နစ်အက်စစ်၊ ကာဗွန်ဒိုင်အောက်ဆိုက် ပါရှိသော ရေကန်တွင် ရေချိုးပါက ရှန့်ဝိန်အရက်တွင် စိမ်ထားခြင်း ခံရသကဲ့သို့ အေးမြမြအရသာ ရှိသည်ဟု ဆိုသည်။

ကာဗွန်နစ်အက်စစ်ကို အစားကျဆေးအဖြစ် ခန္ဓာကိုယ်အတွင်း၌

www.burmeseclassic.com

www.burmeseclassic.com

◆ အပြာရောင်ပြာသီ၊ အဝါရောင်ထက်လင်းနှင့် အပြာရောင်းလင်းများ ထွေ့ရသည့် ကျူတွင်း အဖေါက်ဝ

◆ ၂၀၀၅ ဇွန်၊ (ပြ)လမ်းမှ အသစ်ထပ်မံ ထွေ့ရှိသည့် ထောင်ဆက်ခြင်္သေ့ရုပ် ထယူတွင်းသစ်

◆ ကျူစမ်းများ မြင်ကွင်း သီးသန့်အခန်းများခြင်းသည်



အသုံးပြုသည်။

၃။ အယ်ကာလီဘိုင် ကာဘိုနိတ် အော့ဖ် ဆိုဒါသည် မီးလောင်ခြင်းနှင့် ဒဏ်ရာအနာတရများအတွက် သင့်တော်ပေသည်။

၄။ **ဆားဓာတ်**သည် သွေးလည့်ပတ်ခြင်းနှင့် အာရုံကြော နာခြင်းများအတွက် ကောင်းမွန်ပါသည်။

၅။ **ဆာလ်ဖာ(Sulpur)**ကန့် ပါရှိသော ရေပူစမ်းများသို့ အဆစ်ရောင် ရောဂါတစ်မျိုးဖြစ်သော ဂေါက် (Gout)ဝေဒနာ ခံစားနေရသူများ မကြာခဏ သွားကြသည်။ အပူချိန် မြင့်ပြီး၊ အက်စစ်ဓာတ်ပါသော ရေပူစမ်းကို တကယ်တမ်း နေထိုင် မကောင်းသူများအတွက် အသုံးပြုကြသည်။

၆။ **အေလမ်း(Alum)** ကျောက်ချဉ် ဓာတ်သည် ချုပ်စေ၊ ဖန်စေသော သတ္တိရှိသဖြင့် အလွန်အမင်း မများစေရန် သတိပြုရမည်။

၇။ **ရေဒီယမ်(Radium)**ကို အရေပြား ရောဂါနှင့် အဆစ်ရောင်ရောဂါ (Phelmatism)များကို ကုသရာတွင် အသုံးပြုသည်။ ရေဒီယမ်ဓာတ်ပါသော ရေပူစမ်းသည် အသက်ရှူခြင်းဆိုင်ရာ အခက်အခဲများမှ သက်သာစေသည်။

၈။ သံဓာတ်သည် အမျိုးသမီးရောဂါများအတွက် သင့်လျော်စေသည်။

၉။ ရေပူစမ်းတွင် အထက်ဖော်ပြပါ ဒြပ်စင်များ ပါဝင်သည်။ ဤရေပူစမ်းရေ ချိုးခြင်းဖြင့် သင့်အတွက် ကျန်းမာမှုကို ဖြစ်စေသည်...

ဆိုပြီး ဖော်ပြထားပါတယ်။

လာရောက်လည်ပတ်သူ ပြည်တွင်းပြည်ပခရီးသွားများ ရေပူစမ်း စိမ်လိုရင်တော့ သတ်မှတ်ဝင်ကြေးယူပါတယ်။ ဝင်ကြေးကတော့ ရိုးရိုးရေစိမ် ကန် (ကျား) တစ်နာရီ (၁၀၀၀)ကျပ်၊ ရိုးရိုးရေစိမ်ကန် (မ)တစ်နာရီ (၁၀၀၀)ကျပ်။

သီးသန့်ရေစိမ်ကန် ကျား(၃)ဦး စိမ်နိုင်ပြီး စာစ်နာရီ(၃၀၀၀)ကျပ်၊ သီးသန့်ရေစိမ်ကန် မ(၃)ဦးစိမ်နိုင်ပြီး တစ်နာရီ(၃၀၀၀)ကျပ်၊ သီးသန့်ရေစိမ်ကန် ကျား/မ တစ်နာရီ (၃၀၀၀)ကျပ်၊

အထူးရေစိမ်ကန် ကျား/မ တစ်နာရီ(၁၀၀၀၀)ကျပ်၊ အထူးရေစိမ်ကန် နှင်းခြားသား အမေရိကန်ဒေါ်လာ (၁၀)ဖြင့် နှစ်နာရီ ဝင်ရောက်စိမ်ချိုးနိုင်ကြောင်း သိရပါတယ်။

ဒါကြောင့် ဘုရားလေဖူးရင်း လိပ်ဥလဲတူးရင်း ဆိုသလိုပါပဲ ကျန်းမာရေးအတွက် များစွာ အကျိုးသက်ရောက်မှုဖြစ်စေတဲ့ ခေါင်တိုင်ရေပူစမ်းမှာ စိမ်ချိုးရင်း အလောင်းစည်သူမင်းကြီး တည်ထားခဲ့တဲ့ ဥဇ္ဈောဒကရေပူဘုရားကြီး လဲဖူးရင်း စာချစ်သူများကို အလည်တစ်ခေါက်လာရောက် လည်ပတ်စေချင်ကြောင်းကို ဖိတ်ခေါ်ရင်းဖြင့် စာနိဂုံး ချုပ်ပါရစေ။

နိုင်မင်းညို

www.burmeseclassic.com

www.burmeseclassic.com

မဟာဘုတ်ချိန်ခွင်နှင့်

ရန်ပြေကံသာ အဓိဋ္ဌာန်ကျင့်ဝတ် (၂)

ရန်ပြေကံသာကျင့်စဉ်သည် အကြွင်းမဟာဘုတ်အရ ဆောင်ရွက်ရသော အဓိဋ္ဌာန်ကျင့်စဉ် ဖြစ်ပါတယ်။

ဦးစွာ...

၂-ကြွင်းမဟာဘုတ်ကိုကြည့်ပါ။

* * *

	၆	
၁	၄	၀
၅	၂	၃

၂-ကြွင်းမဟာဘုတ်အရ ကြည့်ရင်...

၅-တေး (ကြာသပတေးဂြိုဟ်) သည် **မရဏာဘိမ်၌** ရပ်တည်နေသဖြင့် **၂-ကြွင်း မဟာဘုတ်ဝိုင်ရှင်**များအတွက် ဆိုးအား အများဆုံးဂြိုဟ်လဲ ဖြစ်ပါတယ်။

ဒီတော့...

၂-ကြွင်း မဟာဘုတ်ဝိုင်ရှင်များသည်...

- ✤ ယဉ်ကျေးမှု အဂတိအခဲကြုံရခြင်း
- ✤ အတွေးအခေါ် မှားယွင်းတတ်ခြင်း
- ✤ အစွန်းရောက်သည့် သဘောများ လွယ်ကူးထားခြင်း
- ✤ ပိတ်ကောင်းမွေကောင်းနည်းပါးခြင်း
- ✤ ဆရာကောင်း၊သမားကောင်းနှင့် ကြုံရခဲခြင်း...

တို့ ဖြစ်ရတတ်ပါတယ်။

ကဲ...ဒီတော့...

ရန်ပြေကံသာကျင့်စဉ်ကို...

"ဆင်စီးမြင်းရဲဘုရား" တစ်ဆူဆူရဲ့ ရှေ့မှောက်တွင် ဆောင်ရွက်ရပါမယ်။ **"ဆင်းစီးမြင်ရဲ"** ရုပ်ပွားတော်အား **ပန်းရောင်မွေးသောပန်း ၁၉-ပွင့်** ကိုလျှူပါ။

ပြီးရင်...

ဤဂါထာတော်မြတ်ဖြင့် (၂၇) ခေါက် ရွတ်ဆိုရှိခိုး ကန်တော့လိုက်ပါ။

ဝိနော နော သြုပနေယျိကား
ဗျဲ့ ဒေသေတိ သုနုရံ၊
ဗဲ့ ဒေသေန္တမည နှ
တီတေ ပသာမ ဒိနိစ၊
ဇတေန သစ္စေန သုဝတ္ထိဟောတု။

ခက်ခဲသော ပါဠိအသံထွက်

သြုပနေယျိက = အောပနေယိက
ဗျဲ့ = ဗမ်ဲ့
ဒေသေန္တမည = ဒေသင်တမင်ည
ပသာမ = ပတ်သာမ
သစ္စေန = သစ်စေန
သုဝတ္ထိ = သုဝတ်ထိ

အနက်

ဝိနော – မြတ်စွာဘုရားသည်၊ **နော**–ငါတို့အား။ **သုနုရံ**–ကောင်းမြတ်သော၊ **သြုပနေယျိကဗျဲ့**–ကိုယ်၌ မပြတ် ကပ်ဆောင်ထားထိုက်သော တရားကို၊ **ဒေသေတိ**–ဟောကြား တော်မူ၏။ **ဒဝံ**–ဤသို့ ဟောကြား တော်မူတတ်သော၊ **အညံ**–အခြားသော ပညာရှိပုဂ္ဂိုလ်ကို၊ **အတီတေစ**–ရှေးအခါ၌လည်းကောင်း။ **ဒါနိစ**–ယခုအခါ၌ လည်းကောင်း။ **နပဿာမ**–မတွေ့မမြင်ကြရကုန်၊ **ဇတေနသစ္စေန**–ဤမှန်သော သစ္စာစကားကြောင့်၊ **သုဝတ္ထိဟောတု**–သတ္တဝါတွေ ချမ်းသာပါစေ။

*[ဤဂါထာတော် ပါဠိအနက်ကို နာဂတ္ထရောင်ခြည်မဂ္ဂဇင်းနှင့် ပါရဒီမဂ္ဂဇင်း တို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ့ မွာစရိယ(မဟာဝဂ္ဂါဒိဗြန်မာဂုဏ်တူး)၊ ဒီဃဘာဏက–ဒီဃနိကာယ ကောဒံ(နိကာယဝိပုလ)]*ရှု ပြန်ဆိုပေးပါသည်။*

ပြီးရင်...

စာအုပ်၊ ခဲတံ၊ တောလပင် စသည့် စာရေးကိရိယာ တစ်ခုခုကို လှူလိုက်ပါဦး။

ပြီးရင်...

သင့်ရဲ့ မွေးနေ့ အရပ်၊ ထောင့်တွင် ပျဉ်းမည်နှင့် (၉)ညှင့်လှူ ရေးသွင်းပြီး ဆုတောင်းလိုက်ပါ။

သင်ဇော်ဘဝ သာယာချမ်းမြေ့ပါစေ။

ဦးခင်မောင်နိုင်

www.burmeseclassic.com

www.burmeseclassic.com

သွေးတိုးရောဂါရှင်များ . .

စကြာမင်း

အမှတ်တံဆိပ်

သွေးတိုးကျဆေး

ကိုဆောင်ထား

ဟိုင်းရင်းအားမာန်ဆိုင်ရာအမှတ်-0112 YR 007991

"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ဟေ့" "ဒေါ် မမမြင့်၊ လာ တစ်ခါထဲဝင်စားလိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမမြင့်ရေ့ မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲဒါ သားကြီးက အုန်းနို့ခေါက်ဆွဲ စားချင်တယ်ဆိုလို့ ထမင်းလွတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုး ချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမမြင့်ကလဲ ရောဂါရှိရင် ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစား၊ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား၊ အခုတော့ စားချင်တာစားလို့ရပြီ မမမြင့်ရဲ့" "အေး အဲဒါကြောင့် ငါအုံသြ နေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့သြဘနန်းပဲ" "ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားမှားတာနဲ့ သွေး ကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင် တာနဲ့ အစားအသောက်ကို ဂရုတစိုက် ရှောင်ကြဉ်စားသောက် ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမမြင့်ရဲ့" "ဟင် ဟုတ်လား။ တစ်ယောက်ထဲ ကျိတ်ပြီး သုံးစွဲ မနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါ မမမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်းသလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့ မလုပ်ပါဘူး" "စိတ်ချလက်ချသာစားပါ မမမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီးတာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရောမယားပါ ဒီ လောက်ညွှန်းနေမှတော့ စားပြီပေ့၊ များများသာထည့်" "ဟား ဟား၊ ဟင်း ဟင်း ဟင်း"

"မြတ်တို့ဇနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြုစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပါ့မယ်မမမြင့်ရယ်၊ ရော့ ရော့၊ ၅ ပြားသောက်လိုက်" "မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေး**ကိုး"

"ဟုတ်တယ်မမမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအပြဆောင်ထား သင့်တဲ့ ဆေးကတော့ **ဆရာမြင့်**ရဲ့ **စကြာမင်း**အမှတ်တံဆိပ် **သွေးတိုး ကျဆေး**ပဲ ဖြစ်ပါသတဲ့ခင်ဗျ" "သမားတော် **ဆရာမြင့်**ရဲ့ **စကြာမင်း သွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်။ ဒါနဲ့အခြား ဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့ သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အပြတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်း အုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ် ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်း စားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်း စတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင် ကျော်ပါပေါ့လား။ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမမြင့်" "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေးတိုး စာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ်ပ တော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်းနို့ ခေါက်ဆွဲ ယူသွားအုန်းမှပဲ" "ဒီမှာ မမမြင့်ရေ အဆင်သင့်ထည့် ထားပြီးပြီ။ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး** ကိုရဲကိုလဲ ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့"

"အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်"

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတနာ မေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုး ရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်း ချမ်းသာရာရခဲ့ပါပြီ။ ဒါ့ကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျွန်မာ ခြင်း ဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်နော်၊ ဒါပေမဲ့...**စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့တော့ လိုလိမ့်မယ့်..." **ကိုရဲ**

ပင်ရင်း – **စကြာမင်းဆေးတိုက်**
အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုခမွှာလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း – ၆၉၁၀၉၁၊ ၇၂၂၅၇။

www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီးဘုရားပေါက်ကြား (၄)

ဃောသိတ

ဓာတ်သွင်းအားဖြည့်စည်းချရန်ကာ စာတမ်း ဖြစ်ပေါ်လာပုံ

ဆရာတော်တေဇော်ဘိအား **ဘားအံဆရာတော်ကြီး**က တိုက်တွန်းသဖြင့် **"ဝိပဿနာအစွမ်း မုတ်တမ်းကြီး"** စာအုပ်ကို ရေးသားပြုစုတော်မူသည်။

ထိုစာအုပ်ထဲတွင် အထက်တွင် ရေးသားခဲ့သည့်အတိုင်း လောကီလောကုတ္တရာ နှစ်ဖြာလုံး အကျိုးရှိကြပါသဖြင့် ဝိပဿနာကို အားထုတ်ခြင်းကို ယုံယုံကြည်ကြည် အားထုတ်သူများပြားလာကြသည်။

ဆရာတော်ကိုယ်တွေ့ အတိုက် အခိုက်ခံရသဖြင့် ဤ ဓာတ်သွင်းအားဖြည့်စည်းချရန်ကာစာတမ်းကို တွေးရင်း တွေးရင်း ရွတ်သည်။

ထို အနှောင့်အယှက်ပြုသူ(အစိမ်းသရဲ)တိုက်၍ သုံးကြိမ်တိတိ တေဇော်ဘိဆရာတော်ကို ရွတ်မယ်၊ ဆုံးမမယ်ဆိုကာ ကျောင်းပေါ်သို့ လာခဲ့သည်။

ရွာမှ လူများကြားအောင်လည်း ကြေညာခဲ့သဖြင့် လူ(၃၀၀၀)ခန့် ကျောင်းမဆံ့အောင် လာကြည့်ကြသည်။

ထိုအချိန်သည်ကား ဆရာတော်ကြီး တရားထူးရပြီး (၁)နှစ်ပြည့်မြောက်သော ၁၃၀၁ ခုနှစ်၊ ဘီလူးကျွန်း၊ ကွမ်သဲရွာ တေဇော်ဘိကမ္မဋ္ဌာန်း ကျောင်းတိုက်အတွင်းမှာ ဖြစ်ပါသည်။

ဆရာတော်သည် စိတ်အာရုံတွင် ဘွားခနဲပေါ်လာသော ဓာတ်သွင်းအားဖြည့်စာကို ချောမွေ့ပြေပြစ်အောင်



ဆရာတော်ကြီးဘုရားပေါက်ကြား သက်တော်(၇၅)နှစ်က ရိုက်ကူးထားသောဓာတ်

ရေးပြီး (၃)ပုဒ် ရွတ်ဆိုလိုက်ပါသည်။

ထို အစိမ်းတိုက် နှောင့်ယှက်သူမှာ ညတွင် ဂဝံကျောက်တုံးများ မိုးပေါ်မှ ခေါင်မိုးပေါ်သို့ အလိုလိုကျလာပြီး နံနက်တွင် ဝမ်းရောဂါရ သေဆုံးရကြောင်း ကြားသိရသည်။

ထို့ကြောင့် ဆရာတော် တပည့်စဉ်ဆက်သည် သူတစ်ပါးကိုလည်း မကောင်းမကြံကြပါ။ ထိုဓာတ်သွင်းရန်ကာစာကိုလည်း အမြဲနှုတ်ရွတ်ဆို

www.burmeseclassic.com

www.burmeseclassic.com



◆ ထားဝယ်ဒေသရှေးဟောင်းကြွေထိန် ဓာတ်ပုံတော်၊ ထံတော်မှူး(မုဆို)

ကြသည်။ တရားမထိုင်မီလည်း ဓာတ်သွင်းအားထည့်စည်းချရန် ရွတ်ဆိုကြပါသည်။ ထိုသုံးပုဒ်မှာ...

၁။ပထမအကြိမ် ဓာတ်သွင်းအားထည့်စည်းချရန်...

"ယာနိဗ္ဗာန်သို့ ထိစ်တော်မူကြကုန်သော ဘုရားရှင်အနန္တ၊ တရားတော်အနန္တ၊ သံဃာတော်အနန္တ၊ ပစ္စေကဗုဒ္ဓအနန္တ၊ ဓာတ်တော်မွေတော်အနန္တ၊ ဓေတီပုထိုးတော်အနန္တ၊ ကုဋေကိုးထောင်ကျော် သိက္ခာပုဒ်တော် အားလုံး ပိဋကတ်သုံးပုံ၊ နိကာယ်ငါးပြား၊ အင်္ဂါကိုးတန်၊ ဝမ္မဂ္ဂန္ဓာပေါင်း ရှစ်ထောင်းလေးထောင်အားဖြင့် တစ်ဆယ့်သုံးဌာန အားလုံးတို့သည်...

တပည့်တော်၏ ခန္ဓာကိုယ်၌ ယနေ့ကစ၍ နိဗ္ဗာန်သို့ ဝင်သည့်တိုင်အောင် ကြွရောက်တည်နေတော်မူကြကုန်၍ အရှင်ဘုရားတို့၏ တန်ခိုးတေဇော်အာနုဘော်ကြောင့် ထိတ်သမျှ လာလာသမျှ အကုသိုလ်နှင့် ကိလေသာတို့ကို ကုန်ခန်းပျောက်ပြယ်စေတော်မူ...

မြတ်စွာဘုရား စသော တစ်ဆယ့်သုံးဌာန အားလုံးကြီးတို့ဖြင့် ယနေ့ကစ၍ နိဗ္ဗာန်အထိ တံတိုင်းကြီး ဝည်းရိုးကြီး သိဒ္ဓာ(၇)တန် ဟောင်စဉ်(၇)ထပ် အလယ်ဆီစီ အနန္တဗီ ကာသီ၍ စည်းချပါ၏။

ဤစည်းများအတွင်းသို့ ဘုရားမကြိုက်၊ တရားမကြိုက်၊ သံဃာမကြိုက်၊ မင်္ဂလာမကြိုက်၊ ဗိုလ်မကြိုက်၊ နိဗ္ဗာန်မကြိုက်သော အကုသိုလ်ကိလေသာ ဝိပါက်မှန်သမျှ အနန္တတို့သည် စင်ခွင့်မရ၊ လာခွင့်မရ၊ သိခွင့်မရ၊ နှိပ်စက်ခွင့်မရကြဘဲ ရှိသမျှတို့ပါ ချာပန်ပြာကျပါစေသတည်း။

ရှိနာပ်ဝမ္မသဒ်ါရတို့ကို ဘုရားရှင်တိုင်း မြင်သလို မြင်ရပါစေသတည်း။ အရိယာတိုင်း မြင်သလို မြင်ရပါစေသတည်း။ ပစ္စေကဗုဒ္ဓါတိုင်း မြင်သလို မြင်ရပါစေသတည်း။ ဆွေရာပါစေသတည်း။ ယုက်မှားပြုနေပါစေသတည်း...အရှင်မြတ်ကြီးတို့ဘုရား"

၂။ဒုတိယအကြိမ် ဓာတ်သွင်းအားထည့်စည်းချရန်...

"ကမ္ဘာတိုင်းက သတ္တဝါတိုင်း သတ္တဝါတိုင်း ပြုသမျှသော ကုသိုလ်အစုတို့အဖို့ ယူပါကုန်၏။ စက္ကဝဠာအနန္တတိုင်းက သတ္တဝါတိုင်း သတ္တဝါတိုင်း ပြုသမျှသော ကုသိုလ်အစုအဖို့ ယူပါကုန်၏။

နှစ်ဆယ့်လေးသောခေါ် ကုဋေခြောက်ဆယ် ဗိုလ်ခြေတစ်သိန်း ကျွတ်တမ်းဝင်ကြကုန်သော ကမ္ဘာပထမတန်း အာဇာနည်အရိယာပုဂ္ဂိုလ်ကြီးတို့၏ ဝိဇ္ဇာကုသိုလ်၊ အတိညဉ်ကုသိုလ်၊ သမာပတ်ကုသိုလ်၊ ပဋိသမ္ဘိဒါကုသိုလ်၊ ဈာန်ဂိုဏ်ဈာန်ကုသိုလ်၊ ပါရမီကုသိုလ် အားလုံးတို့ကို တစ်ခုမကျန် သိုင်းကျုံ၍ အဖို့ယူပါကုန်၏။

မြတ်စွာဘုရား ပွင့်တော်မူသမျှနေ့ကစ၍

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီးဆရာတော်ကြီး၏ ဓာတ်ဆောင်များ(ဟုံ)

ယနေ့တိုင်အောင် သာသနာပြုကြကုန်သော သာသနာပြုကုသိုလ်အားလုံးတို့ကို အဖို့ယူပါကုန်ဟိန်း

ဂါဝိသဲလုံးအမျှ ပွင့်တော်မူကြကုန်သော ဘုရားရှင်တိုင်းပြည်သောကုသိုလ် အရိယာတိုင်းပြည်သောကုသိုလ်၊ ပစ္စေကဗုဒ္ဓါတိုင်းပြည်သောကုသိုလ်၊ (၇)ဌာနသော ကုသိုလ်ကြီးတို့သည် ယနေ့ကစ၍ နိဗ္ဗာန်အထိ တံတိုင်းကြီး စည်းရိုးကြီး သီတာ(၇)တန် ဆောင်စဉ်(၇)ထပ် အဃနေ့ဓိ ကာဝီး၌ စည်းချယ်ပါ၏။

ဤစည်းများအတွင်းသို့ ဘုရားမကြီးက၊ တရားမကြီးက၊ သံဃာမကြီးက၊ မဂ်မကြီးက၊ ဖိုလ်မကြီးက၊ နိဗ္ဗာန်မကြီးကသော အကုသိုလ်ကိလေသာ ဝိပါက်မှန်သမျှ အနန္တတို့သည် ဝဋ်ခွင့်မရ၊ လာခွင့်မရ၊ သိခွင့်မရ၊ နှိပ်စက်ခွင့်မရကြဘဲ ရှိသမျှတို့ပါ စုပန်းဖြင့် ပြာကျပါစေသတည်း

ချစ်ဆယ်ပွသော်ရတို့ကို ဘုရားရှင်တိုင်းပြည်သို့ ပြန်ရပါစေသတည်း အရိယာတိုင်းပြည်သို့ ပြန်ရပါစေတည်း ပစ္စေကဗုဒ္ဓါတိုင်းပြည်သို့ ပြန်ရပါစေသတည်း တွေ့ရပါစေသတည်း မျက်မှောက်ပြုရပါစေသတည်း...အရှင်မြတ်ကြီးတို့တုရား"

၃။ တတိယအကြိမ် ဓာတ်သွင်းအား ထည့်စည်းချရန်...

"အကျွန်ုပ်ကိုယ်တိုင် အနုမတ္တသံသရာကစ၍ ယခုတိုင်အောင် ပြုလုပ်လာခဲ့သော သာသနာပြုကုသိုလ်အနန္တတို့သည် လည်းကောင်း ယခု တစ်တာလုံး၊ တစ်သက်လုံး ပြုလုပ်ခဲ့သော သာသနာပြုကုသိုလ်အနန္တတို့သည် လည်းကောင်း...

ယနေ့အိုင်ဒီ သားတော်ရာဟုလာကဲ့သို့ အမွေခံကျင့်ကြံခဲ့သော အမွေခံကုသိုလ် အနန္တတို့သည်လည်းကောင်း...

အကျွန်ုပ်မနွားကိုယ်၌ ယနေ့ကစ၍ နိဗ္ဗာန်တိုင်အောင် အပြီတည်၍ ဆောင့်ရွှက်ကူညီကြပြီးလျှင် လာလာသမျှ၊ ဝင်ဝင်သမျှ အကုသိုလ်နှင့် ကိလေသာတို့ကို ကုန်ခန်းချုပ်ပြီး ကင်းဝေးစေ၍...

ဤ(၇)ဌာနသော ကုသိုလ်တို့ဖြင့် ယနေ့ကစ၍ နိဗ္ဗာန်အထိ တံတိုင်းကြီး စည်းရိုးကြီး သီတာ(၇)တန် ဆောင်စဉ်(၇)ထပ် အဃနေ့ဓိ အနန္တဓိ ကာဝီး၌ စည်းချပါ၏။

ဤစည်းများအတွင်းသို့ ဘုရားမကြီးက၊ တရားမကြီးက၊ သံဃာမကြီးက၊ မဂ်မကြီးက၊ ဖိုလ်မကြီးက၊ နိဗ္ဗာန်မကြီးကသော အကုသိုလ်ကိလေသာ ဝိပါက်မှန်သမျှ အနန္တတို့သည် ဝဋ်ခွင့်မရ၊ လာခွင့်မရ၊ သိခွင့်မရ၊ နှိပ်စက်ခွင့်မရကြဘဲ ရှိသမျှတို့ပါ စုပန်းဖြင့် ပြာကျပါစေသတည်း

ဆရာတော်ကြီး၏ တရားစခန်းများတွင် ယောဂီများက **"ပထမအကြိမ် ဓာတ်သွင်းအားထည့် စည်းချရန်"** တစ်ပုဒ်ကိုသာ ရွတ်ဆိုစည်းချခြင်းဖြင့်လည်း လုံလောက်သည်ဟု ဆိုရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ရုပ်ရှင်ရုံ၊ သံသရာထက်ချာအောင်ခင်ထရဲ

◆ မုဆိုးမအစိုးသာကျော်၊ သံသရာတော်များ

ကယ်ဆယ်ထိုက်သူများကို အာထူးပြု၍ ကယ်ဆယ်ကြရမည်

သင်္ဂီယနာ ခြောက်တန်တင်ခဲ့သည်။ သံဃရာဖိသံဃဆရာ ရဟန္တာများသည် စာပေနှင့် ကျမ်းဂန်နှင့်ညှိပြီး ဆုံးဖြတ်ချက်ချနိုင်ရန် ကြိုးကြိုးတင်တင် ပြုပြင်ထားတာဖြစ်၏။

'ယောဂါအာနန္ဒ၊ ပယာဇပ္ပေါစ ဒေသိတော ဝိနယောစ ပညတ္တော၊ သောဓါ မစ္စယေန တုံမှာကံ သတ္ထာ'

ဘုရားစာနှင့် ဆုံးဖြတ်ဖို့ထားခဲ့သည်။ လွန်ခဲ့သော (၇)ကမ္ဘာကစပြီး ကမ္ဘာရန်ဖြစ်ခဲ့သော ဘုရားနှင့် ဒေဝဒတ်တို့တွေ့ကြသည်။

ဘုရားဖြစ်သောဘဝ၌ တွေ့သော အခါ ဗုဒ္ဓမြတ်စွာဘုရားရှင်က ရန်သူတော် ဒေဝဒတ်ကို ရဟန်းပြုပေးခြင်း၊ စာပေကျမ်းဂန်များ သင်ပေးခြင်း၊ ဝိဇ္ဇာကတ်နိကာယ်များ ဆောင်ရွက်ပေးခြင်း၊ စွာန်အဘိညာဉ် သမာပတ် စသော တန်ခိုးကြွွယ်ပါဒ်တွေကို ရစေခြင်း၊ နောက်ဝိတ်ဆုံး၌ ဒေဝဒတ်ကို အဋ္ဌသရပေစွေကဗုဒ္ဓါအထိပင် ကယ်တင်၍သွားခဲ့သည်။ *[ကယ်ဆယ်ပုံများ*

စာအုပ်(တေဇော်ဘီဆရာတော်)]

သဲလုံးအမျှ ပွင့်တော်မူကြသော ဘုရားရှင်သည် တစ်ဆူလျှင်(၂၄) သနေ့၊ ကုန်ရှေ့(၆၀) ဝိလ်ခြေတစ်သိန်းစီ ကယ်တင်သွားကြသည်။

ရှင်မဟာမောဂ္ဂလာန်ကြီးသည် ငရဲပြည်သို့သွားပြီး မိမိ၏ တန်ခိုးကျွှဒ္ဓိပါဒ်ဖြင့် ငရဲ၌ ခံနေရသော သတ္တဝါတို့အား သက်သာစေရန် "အေးအေးမြမြရှိစေသတည်း" ဟု အဓိဋ္ဌာန်ပြု၍ နေသည်။ လှည်းဘီးပမာရှိသော ကြာပွင့်ကြီးပေါ်၌ ထိုင်နေကာ ငရဲသားတို့အား တရားဟောပြတော်မူသည်။

စိတ္တံ စေတံ ထေရဿ နိဝုယံ ဂန္တ္ဝ အတ္တနော ဂုဟ္ဟိဗလေန နေရယိကာနံ သတ္တာနံ အဿာသ ဇနနတ္ထံ သီတံ အဓိဋ္ဌာယ စက္က မတ္တံ ဗုဒ္ဓံ ဟာပေတာ ဗုဒ္ဓ ကတ္ထိယံ နိသိဒိတ္ထာ ဝမ္မပဒံ ကထေသိ။

[ဓကအဂ်ံတ္ထရ အဋ္ဌကထာ]

မြတ်စွာဘုရားရှင်ပင် ရန်အပေါင်းတို့နှင့် ကြုံဆုံပြီးမှ အောင်မြင်ရသေးသည်။ (ရန်ဖြစ်ရသေးသည်)သာဓကမှာ မေတ္တာလက်နက်ဖြင့် အောင်မြင်တော်မူသော **အပြင်အောင်ခြင်း(၈)ပါး၊ အတွင်းအောင်ခြင်း(၈)ပါး** စသည်များ အထင်အရှား ရှိပါသည်။

အာဘိဓမ္မာဝိနည်း၊ စာမတတ်ဘဲ ဝိပဿနာတရားကျင့်နိုင်လား

'စာမတတ်ဘဲ၊ ဝိနည်းမသင်ဘဲ ဝိပဿနာတရားကို ကျင့်သော် မဂ်ဖိုလ် နိဗ္ဗာန် ရောက်မည်လား...တဲ့။

စဉ်းစားကြည့်ကြပါ။ မြတ်စွာဘုရားက အဘိဓမ္မာနည်းကို (၇)ဝါမြောက်ဝါဆိုမှ ဟောတာ လူတိုင်းအသိပဲ။ ဘုရားပွင့်သည်မှစ၍ (၆)ဝါအတွင်း အဘိဓမ္မာစာနည်းနာမရှိဘဲ ရဟန္တာတွေ ဖြစ်ဖြစ်နေကြတာ အဖြေပါပဲ။

ဝိနည်းမတတ်ဘဲ ဝိပဿနာတရားကျင့်တာ မဂ်ရမလား...တဲ့။ စဉ်းစားကြည့်ကြပါ။ မြတ်စွာဘုရားက ဝါ(၂၀)မှ ဝိနည်းကို ဟောသည်။ ဘုရားပွင့်ပြီး (၁၉)ဝါအထိ ဝိနည်းတရားကို မဟောသေးဘူး။

မဟောရသေးပေမယ့် (၁၉)ဝါအတွင်း မဂ်ဖိုလ်ရကြတာ ကုဋေကမ္ပာမကပါ။ အသင်္ချေ အသင်္ချာလဲမကပါ။ ဒါဟာ အဖြေပါပဲ။

ကလေးတွေ (၇)နှစ်ကလေးတွေတောင် ရဟန္တာဖြစ်ရသေးတာပဲ။ ကိုရင်ငယ် ရှင်ရဝတသည် ဘုရားရှင်ရော ရဟန္တာကြီးများပါ ဂုဏ်ပြုရသော ရဟန္တာလေးဖြစ်သည်။

ဝိပဿနာတရားကျင့်လျှင် စာမတတ်, မသိလည်း မဂ်ဖိုလ်နိဗ္ဗာန် ရောက်နိုင်ကြောင်း အဖြေပါပဲ'

ဟု **တေဇော်ဘီဆရာတော်ကြီး ကယ်ဆယ်ပုံများ** စာအုပ်တွင် ဆရာတော်ကြီး ရေးသားထားပါသည်။

တေဇော်ဘီ သာသနာပြုအဖွဲ့ပေါင်း များစွာ ပေါ်ပေါက်လာခြင်း

ဆရာတော် ဦးတေဇလင်္ကာရ၏

www.burmeseclassic.com

ဝိပဿနာတရားပြသခြင်းကို နှစ်သက်ကြသဖြင့် ရန်ကုန်ပြို့၊ သမိုင်း ရှစ်မိုင်တွင် တေဇောက္ကိဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်ကြီးကို ဗဟိုပြု၍ မြန်မာနိုင်ငံ တစ်နိုင်ငံလုံး တေဇောက္ကီ မဟာထေရ် သာသနာပြုခဲ့ရာ အဖွဲ့ပေါင်းကြီး၊ လတ်၊ ငယ်ပေါင်း (၅၅၀)ဖွဲ့ ပေါ်ပေါက်လာခဲ့လေသည်။

ဆရာတော်ကိုယ်တိုင် မနားမနေသွားရောက် တရားပြသခြင်းနှင့်အတူ တရားစာ အမျိုးပေါင်း၊ ကျမ်းပေါင်း (၈၀၀)ကျော် ထုတ်ဝေရေးသားခဲ့ပါသည်။

စာအုပ်တစ်မျိုးကို ထုတ်လျှင် အုပ်ရေ (၇၀၀၀)မှ (၅၀၀၀)ထိ ထုတ်ဝေ၍ ပထမအကြိမ်၊ ဒုတိယအကြိမ် ထုတ်ဝေခြင်းတွေလည်း တွေ့ရပါသည်။

ဝိဇ္ဇာကတ်စာပေ ဓမ္မဒါနအဖွဲ့များကလည်း စာအုပ်မထွက်မီကပင် ကြိုတင် ဓမ္မဒါန ရန်ပုံငွေ လှူထားကြသူများအားလုံး၏ အမည်၊ နေရပ်၊ လိပ်စာ၊ အလှူငွေ စသည်များ အသေးစိတ်၊ စာအုပ်များ၏ နောက်ဆုံးတွင် လေးလေးစားစား ဖော်ပြပေးထားသည်မှာ အံ့သြဖွယ်ပြု သာဓုခေါ်ထိုက်ပါပေသည်။

ထစ်ခါတစ်ရံ စာရွက်ကုန်ကြမ်းအခက်အခဲရှိပါ၍ နောက်ထုတ်မည့် စာအုပ်မှာ အလှူရှင်စာရင်း ထည့်ပေးနိုင်ဦးမည်ဟု ဖော်ပြထားသည်လည်း ဖတ်ရသဖြင့် ထိုခေတ်၏ အခြေအနေကို သိမှတ်ရပါသည်။

စာအုပ်ထုတ်ဝေသော အကျိုးဆောင်အဖွဲ့၏ ပန်ကြားလွှာတွင် စက္ကူများ အလိုရှိသလို ဝယ်ယူခြင်းငှာ မရပါသောငြားဟု **"အဟောသိကံ အဟံ ဇီအရီယာဖြစ်ပြီထား"** စာအုပ်၏ နောက်ဆုံးတွင် ဖော်ပြထားပါသည်။

ပုံတူကူးအရိပ်သာကျောင်း သီလရှင်များ

စာအုပ်များကို တစ်ဦး တစ်ယောက်ချင်း အမှာစာများ ရောက်ရှိသော်လည်း မပို့နိုင်သဖြင့် အဖွဲ့လိုက် မှာယူကြပါရန် သည်းခံရန် မေတ္တာရပ်ခံပါသည်ဟု တွေ့ရှိရပါသည်။

သက္ကရာဇ် ၁၃၁၂-၁၃၁၃ ခုနှစ်မှာ ထုတ်ဝေသည့် စာအုပ်များတွင် ဖြစ်ပါသည်။ **"ငါအရီယာ ဖြစ်ပြီထား" စာအုပ်သည် (၃)ကြိမ် ထုတ်ဝေရ၏**

ဘွဲ့တံဆိပ်ဟော်များ ဆက်ကပ်
ခံရခြင်းနှင့် သာသနာ့တာဝန်များ

အထက်ပါအတိုင်း မြန်မာတစ်နိုင်ငံလုံး ကိုးကွယ်ဆည်းကပ်ခြင်းပြုကြသဖြင့် ဆရာတော်တေဇောက္ကီအား သက္ကရာဇ် ၁၃၁၀ ပြည့်နှစ်တွင် သာသနာ့ဟိတဓရ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်တော်မူပြီး ၁၃၁၃ ခုနှစ်တွင် အစိုးရအဖွဲ့၊ ဗုဒ္ဓသာသနာအဖွဲ့မှ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ကြီးကို ဆက်ကပ်တော်မူသည်။

ခရစ်နှစ် ၁၉၉၂ ခုနှစ်တွင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ(ပထမ)ဆင့် ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ခံရပါသည်။

သာသနာ့တာဝန်များမှာ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗုဒ္ဓဘာသာအဖွဲ့ ကမ္မဋ္ဌာနာစရိယ၊ မော်လမြိုင်မြို့ ပဋိပတ္တိ ဝိပဿနာသာသနာပြုအသင်းကြီး၏ ဩဝါဒါစရိယ၊ မဟာနာယက ဆရာတော်...

ဘီလူးကျွန်း ချောင်းဆုံမြို့နယ်၊ ကွမ်သဲရွာ တေဇောက္ကီကျောင်းတိုက်ကြီး၏ ကမ္မဋ္ဌာနာစရိယဆရာတော်၊ ရန်ကုန်ပြို့ (၈)မိုင် တေဇောက္ကီကျောင်းတိုက်ကြီး၏ ကမ္မဋ္ဌာနာစရိယ ဆရာတော်...

စစ်ကိုင်း တေဇောက္ကီသာသနာရိပ်သာ ကမ္မဋ္ဌာနာစရိယဆရာတော်၊ သရက် တေဇောက္ကီသာသနရိပ်သာ ကမ္မဋ္ဌာနာစရိယ ဆရာတော်အဖြစ် သာသနာ့တာဝန်များ ထမ်းရွက်တော်မူသည်။

ဦးတေဇဟု စာသင်စာချ ဆရာတော် ဦးပဉ္စင်းလေးအဖြစ် ဝါ(၂၀) စာချခဲ့ပြီး ၁၃၀၀ ပြည့်နှစ်၊ တော်သလင်းလပြည့်နေ့ တရားထူးရရှိခဲ့ပြီးနောက် ဘီလူးကျွန်း ကွမ်သဲရွာ တေဇောက္ကီကမ္မဋ္ဌာန်းကျောင်းတိုက်ကြီးမှ ထွက်ခဲ့သည်။

သထုံ၊ ပဲခူး၊ ရန်ကုန်၊ ရွှေကျင်စသည်ဖြင့် တိုင်းပြည်အနှံ့ အိမ်ကြွ

www.burmeseclassic.com

www.burmeseclassic.com

◆ တောဇကြီးဆရာတော်ကြီး၏ ရုပ်ဘုန်းဆရာမြတ်ကြီး(မုခဲ့)



◆ တောဇကြီးဆရာမြတ်ကြီး(မုခဲ့)

အိမ်ကြား။ ဇရပ်တန်ဆောင်း၊ ရပ်ကွက်မကျန် ကိုယ့်စရိတ်နှင့်ကိုယ်၊ သာသနာပြု တရားဟောတရားပြခဲ့သည်။

၁၃၀၈ ခုနှစ်မှာ ဟံသာဝတီကမ္မဋ္ဌာန်းတိုက်ကြီးကို ထူထောင်သည်။

၁၃၁၀ ပြည့်နှစ်မှာ မော်လမြိုင်မြို့ ရွှေမြိုင် ဓမ္မပဒီပတိုက်ရိပ်သာကို ထူထောင်သည်။

၁၃၁၂ ခုနှစ်မှာ ရန်ကုန် ဂူစိမိုင် ကမ္မဋ္ဌာန်းရိပ်သာကို ထူထောင်သည်။

၁၃၂၃ ခုနှစ်မှာ တောဇကြီရိပ်သာကို ထူထောင်သည်။

၁၃၃၀ ပြည့်နှစ်မှာ သရက်တောဇကြီရိပ်သာကို ထူထောင် သည်။

ဤသို့ဖြင့် တောဇကြီတိုက်ခွဲပေါင်း (၅၅၀)ကျောင်းပေါင်း တည်ထောင် သာသနာပြုခဲ့သည်။ ရန်ကုန် (၈)မိုင်၊ စစ်ကိုင်း သရက်၊ ကွမ်သိတို့တွင် တစ်နှစ်စီ အလှည့်ကျ ဝါကပ်တော်မူသည်။

နိုင်ငံတော်အစိုးရက တောဇကြီဆရာတော်ကြီး၏ သီလ၊ သမာဓိ၊ ပညာ၊ ဂုဏ်တို့ကို ပူဇော်သည့်အနေနှင့် **"အဂ္ဂမဟာ ပဏ္ဍိတဘွဲ့"** တံဆိပ်ဆက်ကပ်တာကို လက်ခံတော်မမူဘဲ ငြင်းပယ်လိုက်ပါသည်။

"တခြား ရသင့်ရထိုက်သော ဆံရာတော်တစ်ပါးအား ပေးလှူပါ"ဟု မိန့်တော်မူသတဲ့။

သက္ကရာဇ် ၁၃၅၃ ခုနှစ်၊ တန်ခူးလဆုတ်(၁)ရက်နေ့တွင် သက်တော်ရှည် တောဇကြီဆရာတော်ကြီးအား မုခဲ့မြို့ ဗုဒ္ဓအေးရိပ်သာ တောဇကြီ ကမ္မဋ္ဌာန်းတိုက်အတွက် မြေဒါယကာ ဦးအောင်ဝင်းက ရေစက်သွန်းချ လှူဒါန်းခဲ့ပါသည်။

၁၃၅၃ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း (၁၀)ရက်နေ့ နံနက်(၉)နာရီတွင် ရိပ်သာကို စတင် ဖွင့်လှစ်ခဲ့ပါသည်။

၁၃၅၃ ခုနှစ်၊ သီတင်းကျွတ်လဆုတ်(၄)ရက်နေ့တွင် ဆရာတော်ကြီးနှင့် နောက်ပါ သံဃာ(၅၀)ခန့်တို့သည် သုံးလောကမာန်အောင်မြေ ဓာတ်ပေါင်းစုဝေတိုကို ထီးတင်ခဲ့ပါသည်။

၁၃၅၃ ခုနှစ်၊ သီတင်းကျွတ်လဆုတ်(၈)ရက်နေ့တွင် နယ်မြေကျောင်းပေါင်း(၁၉)ကျောင်းမှ ဂိုဏ်းပေါင်းစုံ ဆရာတော်များ၏ စုညီဆန္ဒ ပံ့ပိုးမှုများဖြင့် ဆရာတော်ကြီးကိုယ်တိုင် ဦးစီးရွှေ့ သိမ်သမုတ်တော်မူခဲ့သည်။

ထိုသိမ်တော်ကြီးကို **တောဇကြီ ဥဏ္ဏာသိမ်တော်ကြီး**ဟု ဆရာတော်ကြီးက မော်ကွန်းတင်ခဲ့ပါသည်။ ဆရာတော်ကြီး နောက်ဆုံး သာသနာပြု ကမ္မဋ္ဌာန်းရိပ်သာ ထူထောင်ခဲ့ခြင်း ဖြစ်သည်။

မုခဲ့မြို့ မြဟောဝန်လမ်း မြို့မ(၄) ရပ်ကွက်၊ စာစင်ကွင်း၊ ဗုဒ္ဓအေးရိပ်သာ တောဇကြီ ကမ္မဋ္ဌာန်းကျောင်းတိုက်ကြီး၏ တည်တောင်မှ (၂၅)နှစ်ပြည့် ငွေရတုအမှတ်တရ ဝါတွင်း(၃)လ တရားစခန်းဖွင့်ပွဲသို့ ကျွန်မ သွားရောက် ပူဇော်ပါသည်။

ထိုအခါ ဆရာကောင်းတပည့် ပန်းကောင်းပန်း ဆိုစကားအတိုင်း ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တမဏိ ဇောတသီရိ ဆရာတော်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သမ္မတ ဆက်ကပ်လှူဒါန်းသော ကမ္မဋ္ဌာနာစရိယဘွဲ့တော်ကို (၄-၁-၂၀၁၃)နေ့က အလှူခံတော်မူထားသည်ကို ဖူးတွေ့ရပါသည်။

အုတ်ဖိုရိဆရာတော်ကြီး၏ မူလဒွါရမဟာနိကာယဂိုဏ်း ဖြစ်သဖြင့် အုတ်ဖိုရိဆရာတော်ကြီးနှင့် တပည့်စဉ် ဆက် ဝိနည်းကျင့်ဝတ်အစဉ်အလာ ကြီးလှပေသည်။

ရွှေလ ဆက်ဖတ်ပါရန်

ခင်ခင်ဝင်း(မောရဝတီ)

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အရိုးကျိုးပေါင်းရောဂါအတွက် စကြာမင်း

အမှတ်တံဆိပ်

ဆေးစွမ်းဂကောင်းနှစ်လက်

ဦးဘသာထွန်းဦးရဲ့ (စက်မှု-၁)

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်–၀၅၁၃ YR ၀၀၅၃၉၉

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆစက(စာနယ်ဇင်း) ၅၆/၀၅၁၃

'ဟော့... ကိုဉာဏ်ထွန်းရှိန် ရုံးမတက်ဘူးလား'

'ညော့... စာရေးဆရာကြီး မောင်ကိုဇော် (ဥက္ကလာ)ပါလား။ လာထိုင်ဗျာ၊ ကျွန်တော် ခွင့်ယူထားရတယ်ဗျ။ နေမကောင်းလို့'

'ကိုဉာဏ်ထွန်းရှိန်က ဘာရောဂါတွေ ဖြစ်နေလို့တုံး'

'မသိပါဘူးဗျာ။ ဓာတ်မှန်ရိုက်ပြီး ဆေးစစ်ချက်အရက္ခတော့ ကျွန်တော် ကုပ်ဆက်ရိုးအဆစ် (၄ + ၅ + ၆ + ၇)မှာနဲ့ ခါးဆက်ဖို့ (၄ + ၅) အဆစ်တွေမှာ အရိုးကျိုးပေါင်းတက်တဲ့ရောဂါလို့ ပြောကြတာပဲ'

'ဆေး မကုဘူးလား'

'ကုတာမှ စုံနေတာပဲ။ လေ့ကျင့်ခန်းတွေလဲ လုပ်တယ်။ အံပေမယ့် အရိုးကျိုးပေါင်းရောဂါကတော့ ကျွန်တော့်ကို နှိပ်စက်နေတုန်းပဲ'

'ဒါဆို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းထဲမှာ ကျွန်တော် ဖတ်လိုက်ရတဲ့ ကိုယ်တိုင် အရိုးကျိုးပေါင်းရောဂါ သက်သာပျောက်ကင်းသွားကြတဲ့ ကိုဘုန်းဝေ၊ ပြီးတော့ ရွှေနေကြီး ဦးညွှန့်လှိုင် (ရေပြင်)တို့ ကုသကြ၊ သုံးစွဲကြတဲ့ ဆရာမြင့် ကိုယ်တိုင်ကု၊ ထုတ်လုပ်ထားတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါအတွက် သောက်ဆေး၊ လိမ်းဆေးတစ်စုံကို သုံးစွဲကြည့်ပါလား။။

ဒီဆေးဟာဆိုရင် အရိုးကျိုးပေါင်းရောဂါရှင်တွေကို စနစ်တကျ ကုသပေးရာမှ စနစ်တကျ ဖော်စပ်ထုတ်လုပ်ထားတဲ့ ဆေးဖြစ်လို့ ခင်ဗျားအတွက် အကျိုးမယုတ်နိုင်ပါဘူး'

'ဒါဖြင့် အဲဒီဆရာကြီး ဆရာမြင့်ဆီ ကျွန်တော့်ကို လိုက်ပို့ပေးဗျာ'

'ကဲ... လာ သွားကြမယ်'

* * * * * *

'သိပ်လဲ မဝေးရိမ်ပါနဲ့ ကိုဉာဏ်ထွန်းရှိန်ရယ်။ အနာရှိရင် ဆေးရှိပါတယ်။ ဒီခေတ်မှာတော့ ဇက်ကျိုးပေါင်းတို့ ခါးကျိုးပေါင်း၊ နဖူးကျိုးပေါင်းတို့၊ ခြေဖနောင့် အတက်ထွက်တာတို့ ဆိုတဲ့ အခြေအတင် ပျက်စီးရာမှ အလွတ်တွေ၊ အကြောတွေ၊ အာရုံကြောတွေ မှန်းပြန်ကြွက်သားတွေ ချိုနွဲယွင်းပျက်စီးတဲ့ အရိုးကျိုးပေါင်းရောဂါဟာ တော်တော် အဖြစ်များနေတဲ့ ရောဂါတစ်ခု ဖြစ်ပါတယ်။ ဘွန်တော့်ဆေးကုခန်းမှာလဲ အရိုးကျိုးပေါင်းရောဂါ အမျိုးမျိုးကို နေ့စဉ် ကုသပေးနေရပါတယ်'

'ဇက်ရိုးကျိုးပေါင်းနဲ့ ခါးရိုးကျိုးပေါင်း လက္ခဏာတွေက ဘယ်လိုမျိုးလဲ ဆရာ'

'ကုပ်ဆက်မှာ ကျိုးပေါင်းတက်လာရင်တော့ ဇက်ကြောတွေ တက်ခြင်း၊ ထိုးခြင်း၊ ခေါင်းမကြည့်လင်ခြင်း နားထင်ကြောတွေ မျက်ကြောတွေထိုးခြင်း၊ ကိုက်ခြင်း၊ ခေါင်းဒူးရင် နောက်ကြောတက်ခြင်း၊ ဆွဲထားသလိုဖြစ်ခြင်း၊ မိုက်ခနဲမူးခြင်း၊ ချာချာလည် အောင်မူးခြင်း၊ ဟိုဘက်ဒီဘက် ခေါင်းလှည့်ရောက်ခြင်း၊ ဇက်ပိုင်ခြင်း၊ ခေါင်းငုံ့မရခြင်း၊ လက်ပြင်ကြော မကြာခဏ ငုပ်တုတ်ခြင်း၊ မကြာခဏ အုံးလွဲခြင်း၊ လက်ကြောများကိုက်ခြင်း၊ လက်ဖျားများ ထုံကျဉ်ခြင်း၊ ကြာလာတဲ့အခါ လက်တွေ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ စိတ်ကြည်လင်မှုမရှိခြင်း၊ ဗဟို အာရုံကြောကြီးတွေကို အရိုးကျိုးပေါင်းများမှ ဖိတောက်ပိတ်ဆို့မှုပြုနေရင် အောက်ပိုင်းလေးခြင်း၊ ဆွဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်းများကို ဖြစ်ပေါ် ခံစားရတတ်ပါတယ်။

ခါးဆစ်မှာ ကျိုးပေါင်းတက်နေရင်တော့ ခါး မကြာခဏနာခြင်း၊ တောင့်တင်းကိုက်ခဲခြင်း၊ တင်ပါးဆုံထဲက အောင့်ခြင်း၊ ကိုက်ခြင်း၊ ခြေထောက်အကြောတွေ ကိုက်ခြင်း၊ တင်းခြင်း၊ ခြေဖျားတွေ ထုံကျဉ်လေးလံတတ်ခြင်း၊ ကြာလာပါက ခြေထောက်တွေလာ သွားရလာရ အားမရှိသလိုဖြစ်ခြင်း စတဲ့ လက္ခဏာတွေကို

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ၁၄၃

www.burmeseclassic.com

www.burmeseclassic.com

ယာယီတိုင်းရင်းဆေးဝါးမုတ်ပုံတင်အမှတ်–၀၆၁၂/YR ၀၀၆၇၀၈

ခံစားရတတ်ပါတယ်။ ပြင်းထန်လာပါက အောက်ပိုင်းတွေ ချည့်သွားစေနိုင်သလို အကြောလုံးဝ သေသွားတဲ့အထိလဲ ဖြစ်ပေါ်စေနိုင်ပါတယ်'

'ဟုတ်ကဲ့ပါဆရာ ကျွန်တော်ဖြစ်နေတာတွေနဲ့ တစ်ထပ်တည်းပါပဲ။ ကျွန်တော့်ကို လိုအပ်တဲ့ အကောင်းဆုံး ကုသမှုတွေ ပေးပါဆရာ'

'လိုအပ်တဲ့ ကုသမှုတွေ ပေးရမယ်ဆိုရင် ကျွန်တော့်ရဲ့ ကုထုံးစနစ်က နှစ်မျိုးရှိတယ်ဗျ။ ပထမစနစ်က စကြာမင်း အရိုးကျိုးပေါင်းပျောက်သောက်ဆေး လိမ်းဆေးနဲ့ ကုသတဲ့နည်း။ ဒီနည်းစနစ်က ကျွန်တော်တို့ရဲ့ဆေးခန်းမှာ အရိုးကျိုးပေါင်းရောဂါ ရှင်ပေါင်းများစွာကို သုတေသနပြု ကုသရင်းမှ အရိုးကျိုးပေါင်းရောဂါကို ထိရောက်ပျောက်ကင်းတဲ့အတွက် ကျွန်တော့်ဆေးတိုက်က ထုတ်လုပ်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် (သောက်ဆေး)နဲ့ လိမ်းဆေးကို ဝယ်ယူပြီး ဆေးညွှန်းအတိုင်း သုံးစွဲတဲ့နည်း ဖြစ်ပါတယ်။

ဒုတိယနည်းကတော့ အစွမ်းထက်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်ဆေး (သောက်ဆေး) လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး အနာရောက်ရာ၊ ဆေးရောက်ရာဆိုတဲ့ ရောဂါကို အလျင်အမြန် နှိမ်နင်းတဲ့ ကုထုံးစနစ် ဖြစ်ပါတယ်။

ဒီနည်းစနစ်ကုထုံးကတော့ အရိုးကျိုးပေါင်းဖြစ်ရာ အစိတ်အပိုင်းကို ဆေးကြော်ထုပ်တွေထိုးပေးခြင်း၊ ကျိုးပေါင်းဖြစ်ရာ နေရာရှိ ပျက်စီးနေတဲ့ အရွတ်တွေနဲ့ ပိုလျှံ အရိုးကျိုးပေါင်းတွေကို ခြေဖျက်ပေးနိုင်ပြီး အာရုံကြောတွေ အကြောတွေကို အားရှိပွင့်လန်းစေတဲ့ ဆေးတွေ အုံပြီး စည်းပေးတဲ့စနစ် ဖြစ်ပါတယ်။

ဒီကုထုံးစနစ်နဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်သောက်ဆေး လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး ကုသမှုခံယူရင်တော့ နှစ်ပတ်အတွင်း သက်သာပြီး လေးပတ်မှ ခြောက်ပတ်အတွင်း သက်သာ ပျောက်ကင်းစေပါတယ်'

ကျွန်တော်လဲ အားတက်သွားပြီး စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေးရော လိမ်းဆေးပါ သောက်, လိမ်းပြီး ဆရာမြင့်ရဲ့ ဒုတိယကုထုံးစနစ်နဲ့လဲ ကုသမှု ခံယူလိုက်တာ နှစ်ပတ်အတွင်းမှာ သိသိသာသာ သက်သာလာပြီး တစ်လ အတွင်းမှာ ကျွန်တော် ခံစားနေရတဲ့ အရိုးကျိုးပေါင်းရောဂါဟာ သက်သာ ပျောက်ကင်းချမ်းသာမှု ရခဲ့ပါပြီ။

'ဆရာကို အရမ်း ကျေးဇူးတင်တာပဲခင်ဗျာ။ ကျွန်တော် ကတော့ တစ်သက်လုံး မပျောက်တဲ့ရောဂါမှ ငါ့ကို လာဖြစ်ရတယ်လို့ စိတ်ဓာတ်ကျနေတာ အခု ဆရာရဲ့ စကြာမင်းဆေးစွမ်းကောင်းနှစ်လက်ကြောင့် ဇက်ကျိုးပေါင်းရောဂါ၊ ခါးရိုးကျိုးပေါင်းရောဂါဘေးမှ စိတ်ရောဂါယ်ပါ လွတ်မြောက်ခဲ့တာပါ ဆရာ'

''ဒီလိုပေါ့ဗျာ အနာမသိတော့ ဆေးမရှိ၊ အနာသိရင် ဆေးရှိတယ်ဆိုတဲ့ ရှေးတိုင်းရင်း ဆေးပညာရှင်ကြီးတွေရဲ့ အဆိုအမိန့် အတိုင်းပေါ့လေ။ အရိုးကျိုးပေါင်းရောဂါလို့ သိရတော့ ဆေးတွေပြီး ဦးလေးရဲ့ရောဂါဟာ သက်သာ ပျောက်ကင်းသွားတာပေါ့'

'ကျွန်တော့်လို ဆရာ့ဆီလာရောက်ပြီး မကုသနိုင်တဲ့ အရိုးကျိုးပေါင်းရောဂါရှင်တွေအတွက် ကိုယ်ချင်းစာမိတယ်ဆရာ'

'ဒီအတွက်တော့ ဘာမှ စိတ်မပူပါနဲ့ ကိုဉာဏ်ထွန်းရှိန် ခင်ဗျားလိုပဲ အများရဲ့ တောင်းဆိုတိုက်တွန်းချက်ကြောင့် ကိုယ်တိုင်ကျပြီး လက်တွေ့ပျောက်တဲ့ စကြာမင်း အရိုးကျိုးပေါင်းပျောက်ဆေးကို ဗဟို တိုင်းရင်းဆေးဝါး မှတ်ပုံတင်ဌာနသို့ မှတ်ပုံတင်စစ်ဆေးမှု ခံယူပြီး ဗဟိုတိုင်းရင်းဆေးဝါးမှတ်ပုံတင်နဲ့ ထုတ်လုပ်ဖြန့်ဖြူးခွင့် ရရှိထားလို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။

ကျွန်တော့်ဆေးခန်းကို လာရောက်ပြီး ကုသမှု မခံယူနိုင်တဲ့ အရိုးကျိုးပေါင်းရောဂါရှင်တွေအနေနဲ့ အမြဲတမြဲ အနယ်နယ်ရှိ ဆေးမျိုးစုံဆိုင်ကြီးများနဲ့ မိမိတို့ရဲ့ လက်တစ်ကမ်းရှိ ဆေးမျိုးစုံဆိုင်များမှာ စကြာမင်း အရိုးကျိုးပေါင်းပျောက်ဆေး၊ သောက်ဆေး၊ လိမ်းဆေးတစ်စုံကို လွယ်လင့်တကူ ဝယ်ယူပြီး ဆေးညွှန်းပါ အတိုင်း စနစ်တကျ သောက်ကြလိမ်းကြရင် အရိုးကျိုးပေါင်းရောဂါ ဘေးဒုက္ခမှ ကင်းဝေးကြပါလိမ့်မယ်'

'ကဲ... အရိုးကျိုးပေါင်းရောဂါရှင်များ ပေါ့ပေါ့ဆဆ မနေကြပါနဲ့။ ကျွန်တော်ရဲ့ ဇက်ကျိုးပေါင်း၊ ခါးရိုးဆစ်ကျိုးပေါင်းရောဂါကတော့ ဆရာကြီး ဆရာမြင့်ရဲ့ ကုသမှုနဲ့ ကိုယ်တိုင်ကု လက်တွေ့ပျောက်ကင်းတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်တဲ့ သောက်ဆေး၊ လိမ်းဆေး ဆေးစွမ်းကောင်းနှစ်လက်ကြောင့် ကင်းဝေးခဲ့ပါပြီ။

ကျွန်တော့်လို ဘဝတူ အရိုးကျိုးပေါင်းရောဂါရှင်များအနေနဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေး တစ်စုံလောက်ကို သုံးစွဲကြည့်ပေါ့ပါ။ အရိုးကျိုးပေါင်းရောဂါ ဘေးမှ ကင်းဝေးကြမှာ အမုန်ပဲ ဖြစ်ပါတယ်။

မှတ်ထားနော် ''စကြာမင်း'' လို့ မေးဝယ်ပါ။

ဆရာမြင့်
စကြာမင်းဆေးတိုက်
အမှတ်–စ/၆၆၆၆ သုဝဏ္ဏာလမ်းမကြီး
သန္တာမုတ်တိုင်အနီး
မြောက်ဥက္ကလာပမြို့နယ်။

ဦးဉာဏ်ထွန်းရှိန် (စက်မှုဝန်)

www.burmeseclassic.com

အိမ်ဖေတာ ကျက်သရေ ဖြာဝေစေသည့်

သာတိုင်းဖွားယန်းပင်

ခရိုးသက်ကုလားတီ

● သာတိုင်းဖွဲ့အရွက်များ

● ရင့်နုည့်နေသော အသီးများ

မင်းကွန်းဝမ္မနာဒ ကျောင်းတော်ကြီးမှ တောင်ပေါ်ဆီသို့ ဆက်တက်လာပါက နာရီဝက်မျှအကြာတွင် **"ရန်ကုန်အိမ်ကြီးချောင်"**သို့ ရောက်ပါမည်။

ထူးကာ ဂူကလေးချောင် အဝင်အပါ မြစ်ခဲ့၍ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ သာသနာမယ်တော် ဒေါ်ဝမ္မစာရီ ဇနပိုင်ရာမှ အမည်အပြောင်းလဲခဲ့ကြ မြန်သည်အထိ။

ဒေါ်ဝမ္မစာရီ ဖြစ်လာမည့် မတုတ်တုတ်(၁၇)နှစ်အရွယ် ၁၂၅၇ ခုနှစ်တွင် မိဘမောင်နှမများ အတန်တန် တားမြစ်သည့်ကြားမှ ကွမ်းရေတော်ဦးဖေ၏ အကူအညီဖြင့် သီလရှင်ဝတ် ဖြစ်ခဲ့သည်။

(၁၄)နှစ်အရွယ်ကပင် တရားဝမ္မလိုက်စားကာ ဘာသာတရားကိုင်းရှိုင်းသဖြင့် ဦးဖေက အင်းဝ၌ အတူနေခဲ့ဖူးသည့် မိတ်ဆွေ ဦးထူအား...

'ဒီကလေး သီလရှင်ထပ်လိမ့်မယ်'

ဟု ပြောပြခဲ့သည်။ ဦးထူက...

'သီလရှင်ထက်ဖြစ်ကာ ကျောင်းဆောက်လှူမယ်'

ဟု ကတိပေးခဲ့သည်။

မတုတ်တုတ် သီလရှင်ဝတ်သောအခါ ကျိုက်လတ်ရောက်နေသော ဦးထူက ဂူကလေးချောင်တွင် အုတ်ခဲကျွန်းသား နှစ်ထပ်ကျောင်း ဆောက်လှူခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီး၊ သံလွင်မြို့မှ မြေပိုင်ရှင် ဒေါ်ပုတ်ဆုံကထည်း ဂူကလေးချောင်အရှေ့ဖျားတွင် သွပ်မိုးနှစ်ထပ်ကျောင်း လှူ၏။

ထိုကျောင်းကို **"ရန်ကုန်အိမ်ကြီး"** ဟု ခေါ်ဝေါ်ကြသည်။ ထိုမှ အနီးဝန်းကျင်ကိုလည်း **"ရန်ကုန်အိမ်ကြီးချောင်"** ဟု ခေါ်တွင်လာခဲ့ကြသည်။

ဒေါ်ဝမ္မစာရီသည် **သက်တော် (၉၃)နှစ်၊ ၁၃၃၃ ခုနှစ်၌ ကွယ်လွန်သည်အထိ** ဤအိမ်ကြီး၌ နေထိုင်အားထုတ်သွားခဲ့ကြောင်း သိရ၏။

ဒေါ်ဝမ္မစာရီ မရှိသည့်နောက် ဒေါ်ဝိမလ ဆက်လက်နေထိုင်၍ ချောင်ဆရာအဖြစ် တာဝန်ယူလျက် ရှိကြောင်း ဤကျောင်း၌ နေထိုင်သူ ဒေါ်နိမလ(၇၇-နှစ်) ပြောပြ၏။

• အိမ်ကြီးနံဘေးတွင် မဏ္ဍပ်ပမာ ဖြစ်နေသော ပန်းချီကြီးရှိ၍ (၁၀၀)ပေ

www.burmeseclassic.com

www.burmeseclassic.com



သာတိုင်းမွေး မျိုးစေ့

သာတိုင်းမွေးပန်းဥယျာဉ်

မင်းခံတောင်ရိုးမှ ရုံးကုန်ကြီးကြည့်

×ပေ(၂၀)ခန့် ကျယ်ဝန်းသည်။

သာတိုင်းမွေးပန်းပင်ကို မဏ္ဍာပ်စင်ခံကာ အရိပ်ရနားခိုနိုင်ရန် စီမံထားခြင်းဖြစ်သည်။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တာကိုယ်တိုင် မဏ္ဍာပ်တိုင်များ ပြုလုပ်ပေးခဲ့သည်ဟု ဆို၏။

မိုးတွင်အပင်အပြောက်၊ အပွင့်အလေးများမွှန်၍ အပွင့်များ အကျောင်အိလာသောအခါ တွေ့ရသော ရနံ့များသင်းပျံ့မှာ ထွက်ပေါ်ပါ။ သီးစေ့များက ဖျာသိန်းနှင့် ထင်တူ၍ အောက်ပြ ရင်အားစေသည်ဆိုပါ။

ပိုသာသည်၊ အခွင့်သာသည်၊ ဝမ်းသာသည်၊ လသာသည်၊ နေသာသည်၊ သာယာသည် စသဖြင့် နိမိတ်ကောင်းတွင် အစေ့အင့ မွေးပျိုစေသည်ဟု ကောင်းမွန်သော ပညတ် **(သာတိုင်းမွေး)**ဖြစ်လေရာ အိမ်ဂေဟာကျောင်းတွင်းရှိသူတို့ အစေ့အင့ကောင်းကျိုးခံစားရ၍ ကျက်သရေဝေဖြာစေသည့်အနက်ဆောင်ပေသည်။

အချို့က တတိုင်းမွေး(တ,တိုင်းမွေး)ဟုလည်း ခေါ်ဝေါ်ကြ၏။ ရည်မျှော်တမ်းတာသမျှ ပြည့်ဝစေသည့် နိမိတ်လည်းဆောင်ဖေသည်။

အသီးများ မှည့်ကြွေချိန်ဖြစ်ရာ ထိုအစေ့များကို သိမ်းဆည်းထား၍ မိုးဦးကျကာလ၌ စိုက်ပျိုးနိုင်ကြသည်ဟု သိရသဖြင့် သာတိုင်းမွေး အစေ့အချို့ကို အဘွားနီမလထံမှ ခွင့်တောင်း၍ စွန့်ယူလာခဲ့သည်။

သစ္စာဝါဒီဦးကာကျမ်းပြု ဒေါ်ဝမ္မစာရီနှင့် မင်းကွန်းဆရာတော်ကြီးတို့ကိုယ်တိုင် ပြုစုစိုက်ပျိုးခဲ့သော **''သာတိုင်းမွေးပင်''** ဖြစ်လေရာ ''မည်တော်သာမက ''ဓာတ်သက်''ပါ ကောင်းမွန်လှသောကြောင့် အလေးအမြတ်ပြုယူဆောင်လာခြင်း ဖြစ်လေသည်။

ခရီးသည်သုတေသီ

www.burmeseclassic.com

www.burmeseclassic.com

လက္ခဏပဟေဠိ

အဖြေညှိကြစို့

သရဖြိုးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒပညာသုတေသီ

ယခုလအတွက် ဖော်ပြပေးလိုက်သော ညာဘက်လက်ဖဝါးပုံစံပိုင်ရှင်မှာ အသက်ငါးဆယ်ကျော် အမျိုးသားတစ်ဦး ဖြစ်ပါတယ်။ လက်ဖဝါးပြင်ကို သေချာစွာ လေ့လာကြည့်ရှု စစ်ဆေးပြီးမှ အောက်ပါမေးခွန်းများကို ဖြေကြည့်ပါ။

၁။ အိမ်ထောင်ကွဲမလား (သို့မဟုတ်) နလုံးရောဂါကြောင့် သေဆုံးမလား၊ ဘာကြောင့်ပါလဲ။

၂။ ကိုယ်ပိုင်အိမ်ခြံမြေ ပိုင်ဆိုင်ပြည့်စုံမလား (သို့မဟုတ်) အိုးမဲ့အိမ်မဲ့ ဖြစ်မလား။ ဘာကြောင့်ပါလဲ။

၃။ တောကြိုးအုံကြားမှာ အခြေချနေထိုင်ရမလား၊ ပြို့ကြီးပြကြီးမှာ အခြေချ နေထိုင်ရမလား၊

ဘာကြောင့်ပါလဲ။

မိမိတို့ရဲ့ အဖြေများကို သီးခြားစာရွက်လွတ်မှာ ရေးမှတ်ပြီးမှသာ လက္ခဏာပဟေဠိ အဖြေများနဲ့ ညှိနှိုင်း တိုက်ဆိုင်ကြဖို့ အကြံပေးအပ်ပါတယ်။

ပဟေဠိ အဖြေများကို
စာမျက်နှာ(၁၄၉)တွင်
ကြည့်ရှုပါရန်။

www.burmeseclassic.com

www.burmeseclassic.com

သူငယ်နာအတက်ရောဂါ

မကြောက်ဝါနှင့်

ပန်းတနော် နောဝယ်လတ်

ဘဲဥ ဒါမှမဟုတ် **ကြက်ဥနှစ်လုံးနှင့် ကွမ်းရွက်တစ်ဆယ်သားသာ** ယူသွားရကြောင်း သတင်းကောင်း ရရှိခဲ့သည်။ ထိုရှမ်းတိုင်းရင်းသား ရဲဘော်၏ အကူအညီဖြင့် ဒေါ်မဖြူက သူမ၏ တစ်နှစ်ခွဲအရွယ် အတက်ရောဂါဖြစ်နေသော ကလေးကို ကုသမှု ခံယူရာ ဆရာမ ဒေါ်တင်မိုးခိုင် သည်လည်း ဗဟုသုတ ရယူလိုသူ ဖြစ်သောကြောင့် သွားရောက်လိုက်ပါ လေ့လာကြည့်ရှုခဲ့ပါသည်။

'အပူကြီးပြီး မျက်ဖြူလန်လန်တက်တဲ့ ကလေးသူငယ်နာ အတက်ရောဂါကို ကွမ်းရွက်(၇)ရွက် ကြက်ဥ(၂)လုံး သန့်ရှင်းတဲ့ လက်ကိုင်ပဝါ(၁)ထည်၊ ကြေးပြား(၁)ပြားနဲ့ မှုန်ညင်းဆီနည်းနည်း အသင့်ဆောင်ထားပါ။

ကွမ်းရွက်(၇)ရွက်ကို လက်ဝါးပေါ်ထပ်ပြီး တင်ထားပါ။ အပေါ်ဆုံး ကွမ်းရွက်အပေါ်ကို မှုန်ညင်းဆီထည့်ပါ။ ထည့်ပြီးတာနဲ့ ကွမ်းရွက်နဲ့ရောတဲ့ မှုန်ညင်းဆီအားလုံး ကျွေးတဲ့အထိ ပွတ်ချေပါ။

ရာဲ့ ကွမ်းရွက်အရည်ကို တက်နေတဲ့ ကလေးရဲ့ ခေါင်းကို အဝိုင်းထား ပွတ်လိမ်းပေးပါ။ ဗိုက်နဲ့ ခြေဖျားတွေကို ပွတ်လိမ်းပြီး သပ်ချပေးပါ။ ပြီးမှ ကလေးရဲ့ တက်ကိုယ်ထုံအနံ့ လိမ်းပေးပါ။

ရောဝတီတိုင်းဒေသကြီး၊ မအုပင်ခရိုင်၊ ပန်းတနော်မြို့နယ်၊ ချောင်းကလေးအုပ်စု အ.မ.ကဘုရားရှေ့ မူလတန်းပြဆရာမ တာဝန်မထမ်းဆောင်မီ ဆရာမ ဒေါ်တင်မိုးခိုင်သည် ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စမ်မြို့သို့ သွားရောက်ခဲ့ဖူးသည်။

သွားရောက်ခဲ့ခြင်းမှာ အမှတ်(၉၃၀) ထောက်ပို့တပ်ရင်းတွင် တပ်ကြပ်ကြီး/စာရေးတာဝန် ထမ်းဆောင်နေသော ဆရာကြီး ချစ်စန်းထွေးသည် ဆရာမ ဒေါ်တင်မိုးခိုင်၏ အစ်ကိုဖြစ်သော ကြောင့်တည်း။

ဆရာကြီးချစ်စန်းထွေး၏ ဇနီးက ဒေါ်ချစ်ဒါလီယန်း အစ်ကိုနှင့် ယောက်မ၏ ဖိတ်ကြားခြင်းကြောင့် အလည်ရောက်ခဲ့သော ဆရာမ ဒေါ်တင်မိုးခိုင်သည် သူငယ်နာအတက်ရောဂါ ပြင်းပြင်းထန်ထန် ခံစားနေရသော ကလေးတစ်ယောက်ကို တွေ့ခဲ့သည်။

သူငယ်နာအတက်ရောဂါ ပြင်းပြင်းထန်ထန် ခံစားခဲ့ရသော့ ကလေးမှာ အသက်တစ်နှစ်ခွဲသာ ရှိသေးသည်။ လိုင်းဆန်းတွင်နေသော ဆရာကြီး ချစ်စန်းထွေးတို့နှင့် အခန်းချင်းကပ်ရှိ ဒေါ်ဖြူလေး၏သား။

ကလေးက အပူကြီးလွန်းပြီး မျက်ဖြူ လန်လန်တက်သွားသည်။ မိဘများက တပ်တွင်းဆေးရုံတွင်ကုသည်။ သက်သာသလို ရှိသော်လည်း ရောဂါမပျောက်။ ထို့ကြောင့် တပ်၏ ခွင့်ပြုချက်ယူပြီး နမ့်စမ်မြို့ဆေးရုံတင်သည်။

နမ့်စမ်မြို့ဆေးရုံတွင်လည်း သက်သာသလို ရှိသော်လည်း ရောဂါ မပျောက်၊ တောင်ကြီးမြို့ဆေးရုံသို့ ပို့ဆောင်ကုသခဲ့သည့်တိုင် ရောဂါ မပျောက်။

မိဘများက ဘာလုပ်လို့ ဘာကိုင် ရမှန်းမသိ။ **ကလေးက တက်တိုင်း မျက်ဖြူလန်နေဆဲ။** ထိုစဉ် တပ်တွင်းရှိ ရှမ်းတိုင်းရင်းသား ရဲဘော်တစ်ယောက် ထံမှ နမ့်စမ်မြို့ထဲ၌ ရှမ်းဆရာမကြီး တစ်ဦးရှိကြောင်း၊ ကလေးသူငယ်နာ အတက်ရောဂါများကို မေတ္တာသက် သက်ဖြင့် ကုသပေးနေကြောင်း ဆေးဖိုးဝါးခကို မတောင်းကြောင်း...

စေတနာသဒ္ဓါတရားရှိသမျှ လူသမျှကိုသာယူကြောင်း၊ ပျောက်ကင်း သူများစွာရှိကြောင်း၊ ဆရာမကြီးနှင့် ကုသမည်ဆိုလျှင် သူ လိုက်ပို့ပေးမည် ဖြစ်ကြောင်း၊ ကလေးကို ခေါ်သွားဖို့လို ကြောင်း...

www.burmeseclassic.com

www.burmeseclassic.com

အဲဒီလို မလုပ်ခင် ကြက်ဥ(၂)လုံးကို ပြုတ်ထားရပါမယ်။ ပြုတ်ပြီးသား ကြက်ဥတွေကို အခွံခွာပြီး ထက်ခြမ်းခွဲပါ။

ထက်ခြမ်းခွဲထားတဲ့ ကြက်ဥတစ်ခြမ်းပေါ်ကို ကြေးပြားအုပ်ပြီး နောက်တစ်ခြမ်း ပြန်ဖုံးအုပ်ပါ။

ကြက်ဥပြုတ်နှစ်ခြမ်း ပြန်ပြုတ်မထွက်အောင် လက်ကိုင်ပဝါသန့်သန့်နဲ့ ကြပ်ထုပ်ပုံစံဖြစ်အောင် စည်းပါ။ ကြပ်ထုပ်ကို ကလေးရဲ့ဗိုက်ကို ပွတ်တိုက်ပေးပါ။ နောက်ပြီး ကလေးရဲ့ တစ်ကိုယ်လုံးကို ပွတ်တိုက်ပါ။

ကြက်ဥပြုတ်(၁)လုံးနဲ့ အရင်လုပ်ပါ။ လုပ်ကြည့်ပြီး ကြပ်ထုပ်ကို ပြန်ဖြေပြီး ကြက်ဥပြုတ်ကိုကြည့် ကြက်ဥအကာက အဖြူရောင်ရှိခဲ့တဲ့ ကြက်ဥအကာက အမည်းရောင်ဖြစ်နေရင် ရောဂါပျောက်ကင်းပါပြီ။

တကယ်လို့ အဲဒီကြက်ဥအကာ အမည်းရောင် မဖြစ်သေးဘဲ ဖြူပြိန်နေတယ်ဆိုရင် နောက်ထပ်ပြုတ်ထားတဲ့ ကြက်ဥကို စောစောက ပြောသလို ကြေးပြားနဲ့ ပြန်လုပ်၊ ကြက်ဥပြုတ်ကို ပြန်ကြည့်။

အကာက မည်းနက်မနေရင်တောင်မှ ဖြူဖွေးမနေဘဲ ပြာမည်းမည်း အရောင်ရှိတာကို တွေ့ရမယ်။ မတွေ့ရမှာ မယူနဲ့၊ ဒုတ်ကိုတွေ့ရမယ်။ အဲဒီလို တွေ့တာက ရောဂါပျောက်တာပါပဲ'

* * *

သားသမီးကဲ့သို့ ခင်မင်ရင်းနှီးသော ဆရာမ ဒေါ်တင်မိုးမိုင်၏ **"သူငယ်နာ အတက်ရောဂါပျောက်သော ဆေးနည်း"**ကို ဤသို့ ကြားနာခဲ့ဖူးပါသည်။

ပန်းတနော် နောင်လတ်

စာမျက်နှာ (၁၄၇)မှ အဆက်

လက္ခဏာပစေဟဒ္ဒိ အစဖြေများ

၁။ အိမ်ထောင်မကွဲပါ၊ နှလုံးရောဂါကြောင့်လဲ မသေဆုံးပါ။

အဘယ်ကြောင့်ဆိုသော်... နှလုံးလမ်းကြောင်း ပြတ်တောက်နေသော်လဲ ထိုအပြတ်ပေါ်မှ သရဖူသကေတ အုပ်ကာပေးထားခြင်းကြောင့် ဖြစ်ပါတယ်။ **"က" အကွက်**

* * *



၂။ ကိုယ်ဝိုင်အိမ်ခြံမြေ ဝိုင်ဆိုင်ပြည့်စုံမည်၊ အိုးမဲ့အိမ်မဲ့ မဖြစ်ပါ။

အဘယ်ကြောင့်ဆိုသော်... နှလုံးလမ်းကြောင်းနဲ့ ဦးခေါင်းလမ်းကြောင်းကြား စတုဂံလွှာပြင်မှာ **စတုဂံပုံဗိမာန်သကေတ မင်္ဂလာအခြေအရံ** ထင်ရှားရှိနေခြင်းကြောင့် ဖြစ်ပါတယ်။ **"ခ" အကွက်**

* * *



၃။ တောကြီးအုံကြား အခြေချမနေ ထိုင်ရပါဘူး။ မြို့ကြီးပြကြီးမှာ အခြေချနေထိုင်ရမှာပါ။

ဘာကြောင့်လဲဆိုရင်...အသက်လမ်းအောက်ခြေမှာ **ငါးကြင်းပြီးသကေတ** ထင်ရှားစွာ ပါရှိခြင်းကြောင့် ဖြစ်ပါတယ်။ **"ဂ" အကွက်**

* * *



(လက္ခဏာပညာသုတ တိုးမှားကြပါစေး)

အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...

ဆရာကြီး ဦးအောင်မြိုင် (ဥပဒေဘွဲ့) လက္ခဏာဗေဒပညာသုတေသီ

www.burmeseclassic.com

www.burmeseclassic.com

ကျေးငှဲးတောင်ပါသည့် နက္ခတ်ကောင်းခြည်

ပုန်းအာသမားဟော်မင်းဟောင်းမောင်
(ဝိဇ္ဇာ,ဓရဏီဆရာတော်ဆေးပညာရှင်)
မော်လမြိုင်မြို့

အကျွန်ုပ်သည် (ဒ.ဘ.ဗ–တဆ–၄၂၂၆)တိုင်းရင်းမြန်မာ သမားတော်တစ်ဦး ဖြစ်ပါသည်။ ဆေးကုသခြင်း လုပ်ငန်းတစ်ခုနှင့်သာ ဘဝရပ်တည်နေသော သမားတော်တစ်ဦးဖြစ်ပါ၏။

၁၉၉၆ ခုနှစ်မှစ၍ ဓာတ်ဆေးပညာတစ်မျိုးကို စမ်းသပ် ဖော်ထုတ်ခဲ့ရာ (၂၆–ဂ–၂၀၀၂)ဗုဒ္ဓနေ့ ယနေ့တွင်မှ အောင်မြင်စွာ ဖော်ထုတ်ရရှိ၏။

ဓာတ်ဆေးပညာတွင် အခက်ခဲဆုံးသော **ပြဒါးဆုံးဓာတ်–ပြဒါးပြာနှင့် ရွှေပြာကို** အောင်မြင်စွာ ရရှိဖော်ထုတ်နိုင်ခြင်းကြောင့် အကျွန်ုပ်၏ အသိဉာဏ်ပညာကို လျှပ်စီးလက်သကဲ့သို့ ရှေးဦးစွာ ပို့ဆောင်ပေးလိုက်သော နက္ခတ္တရောင်ခြည်မဂ္ဂဇင်းသို့ အထူးကျေးဇူးတင်ကြောင်း ဦးစွာ ပြောလိုပါ၏။

အကျွန်ုပ်သည် **၁၉၉၆ ခုနှစ်၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာအုပ်အမှတ်(၁၂၀) ဇူလိုင်လ ထုတ်ဝေသော မဂ္ဂဇင်းစာအုပ်တွင် ''သိရိသိဒ္ဓမ,ကရဒ္ဓဇ–ရွှေပြာစီရင်နည်း''** ကို ဖတ်ရှုရပြီးသည့် အချိန်မှစ၍ စမ်းသပ် ဖော်ထုတ်ဓာတ်ထိုးခဲ့ရာမှ အောင်မြင်စွာ ရရှိခဲ့ပါသည်။

ထိုမှ ခက်ခဲသော ဝေဒနာရောဂါများ လွယ်ကူစွာ ပျောက်ကင်းခြင်းအကျိုးကျေးဇူးများကြောင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းသို့ ကျေးဇူးအထူးတင်ကြောင်း ပြောလိုပါ၏။

အကျွန်ုပ်သည် **၁၉၆၉ ခုနှစ်၊ အသက်(၂၄)နှစ်အရွယ်** ဆေးပညာ(၃)ဘာသာ စာမေးပွဲအောင်ပြီးသည့် အချိန်မှစ၍ ရွှေပြာပြဒါးပြာ သိဒ္ဓိဝင် ဓာတ်ပြာများကို' ဖော်ထုတ်ရယူလိုမှုဟာ အရိုးစွဲနေပါ၏။

၁၉၇၀ ပြည့်နှစ်တွင် မိတ်ဆွေတစ်ဦးထံမှ **ဝိဇ္ဇာဝရ ဓာတ်ကျမ်း(၉) စောင်တွဲ**ကို ဖတ်ရှုရာတွင် **''ရွှေပြာစီရင်နည်း''** ကို ရရှိခဲ့ပါ၏။

ထိုရွှေပြာစီရင်နည်းကိုတော့ မဖော်ထုတ်နိုင်ပါ။ ဘာကြောင့်လဲဆိုရင် (ကိတ်–ရွှေ–တစ်မတ်) ထည့်ထုတ်ရမှာ ဖြစ်လို့ပါပဲ။

ထို ရွှေပြာစီရင်နည်းကို ဖော်ပြပါ၏စေ။

၁။ စိန်နီ	(၂)ပဲသား။
၂။ ပြဒါး	(၂)ပဲသား
၃။ ကျောက်ဆူး	(၂)ပဲသား။
၄။ ကန်	(၂)ပဲသား။
၅။ ယမ်းဆီပီး	(၂)ပဲသား။
၆။ ဆေးဒန်း	(၂)ပဲသား။
၇။ ဒုတ္တာ	(၂)ပဲသား။
၈။ လက်ချား	(၂)ပဲသား။
၉။ ဟင်းရိုး	(၂)ပဲသား။
၁၀။ ထက်သာ	(၂)ပဲသား။
၁၁။ ကိတ်ရွှေ	(၄)ပဲ တစ်မက်သား။

အထက်ပါ ဆေး(၁၁)ပါးကို **သမဓေ** အောင် ကြိတ်ပြီးလျှင် လုံတွင်းထည့်၍ ဖော်(၃)ထပ်မံပါ။

ရှေးဦးစွာ' ဖွဲတစ်စလယ်၊ နောက်

www.burmeseclassic.com

www.burmeseclassic.com

တစ်ခွက်၊ တစ်ပြည်၊ (၂)ပြည်၊ (၄)ပြည်၊ (၈)ပြည်၊ (၁၆)ပြည်၊ (၂)တင်း၊ (၄)တင်း ဖုတ်ပါက ပြာနုကျမည်။

ယင်းပြာနု မကျသေးလျှင် ထပ်၍ ဖုတ်ပါ။ ယင်းပြာ (၆)ရွေး၊ ပျားရည် (၁၀)ကျပ်သားမှာ တစ်ညစိမ်၍ ထားလျှင် ပျားရည်သည် ရေဖြစ်၏။

ဝါမှည့်နေသော ငှက်ပျောသီးအခွံကို ဖောက်၍ ကွမ်းရိုးတစ်တို့ခန့် တို့ပါက မူလအတိုင်း ပြန်စိမ်း၏။

ယင်းပြာကို တစ်နေ့တစ်ရွေး စားသုံးပါက အာယုသိဒ္ဓိပေါက်၏။

ယင်းပြာနှင့် ပန်းသေးပြီးသော သံကို ထိုးက အနှစ်သိဒ္ဓိရောက်၏။

သံ(၃)မူးကို ပြာ(၁)ပဲသားနှင့် လုံးဝိတ်ထိုးပြီး အအေးခံ၍ ခွဲကြည့်ပါက ကြယ်ရောင်, လရောင်ကဲ့သို့ အလင်းထွက်၏။

လေးကြိမ်ကျွေး၍ ထိုးသော် ဖမ်း၍ မရ၊ သိဒ္ဓိမြောက်၍ အာယုပေါက်၏။

ထိုပြာ စားရန်နည်း

"ဇီဝလူများစွာ၊ သတ္တဝါတို့ ရည်ကြေ နေရက် ကွယ်ပျောက်လည်း အသက်ခန္ဓာ၊ ကိုယ်မကွာ၍ ရောဂါမရှိ၊ ပကတိဖြစ်၊ စွမ်း ဘိဂုဏ်အင် ကျေးဇူးရှင်မည့် စီရင်ကနည်း နိုသျှည်းကို ရှေးနည်းဖွေရာ၊ ပညာဂါကို ပြုဒိုးပြုမှ သံပြာခရမ်းရွေပြာကျအောင်ရသာ ပေါင်းလဲ နောင်ယွဲ့အောင် စာတ်ခံအားလုံး သိမ်းကျုံးယူ၍ စားသုံးကြရန် နိဒါန်းပြုပြီး ဂိမ္ဗဝေသ ဟောမ္မဟုသုံးရတုဥာဏ်ဖြင့်ရှု၍ မဟုတ်ကာ ကြံရည်မှာလျှင် စိမ်ကာ သံပြာက်၊ နွေကို သောက်ရှင့်၊

နွားနို့ထောပတ်ရသာပြုတ်ကိုပိုးနှတ်ပစ္စန်း ကပြုးခန်၍ အပ္ပန်ရွာသွန်းခဲမှ-နေ့ည သုံးဆောင်-ကြယ်အရောင်သို့ အခေါင်းသိဒ္ဓိ ပြီးကြောင်းရှိသည် လောကီစဉ်ဆက် ကျမ်းကထာည်း'

ဤကား **ဝိဇ္ဇာရေ- ဓ စောင်တွဲ- ဓာတ်ကျမ်းမှ ရွှေပြာစီရင်နည်း** ဖြစ်၏။

၁၉၉၆ ခုနှစ်၊ နက္ခတ္တရောင်ခြည် မဂ္ဂဇင်းစာအုပ်အမှတ် (၁၂၀)၊ ဇူလိုင်လ ထုတ် မဂ္ဂဇင်းစာအုပ်မှ **"သီရိသိဒ္ဓမ, ကာရဒ္ဓဇ-ရွှေပြာစီရင်နည်း"** မှာကား **"ရသဓာရိနီ- ဓာတ်သမုဒ္ဒရာ ကျမ်း ကြီး၏** စာမျက်နှာ(၁၁၁)(စာပိုဒ် ၂၃၈-၂၄၄)တွင် **မကရဒ္ဓဇ-စီမံပုံ**ဟု ရွှေပြာစီရင်နည်းကို ဓာတ်ဆေးသန့်စင်ပုံ၊ ပေါင်းစပ်ပုံ ဆေးဖုတ်ခြင်းနည်း ပညာရရှိအပ်သော ဓာတ်ဆေး၏ အရောင်အဆင်း အရသာမှအစ အကျိုးကျေးဇူး ခံစားရရှိပုံများကို စုံစုံလင်လင် ရေးသားထားပါ၏။

ထိုဓာတ်သမုဒ္ဒရာယ ကျမ်းကြီး၏ စာမျက်နှာ(၂၇၂) စာပိုဒ် ၈၁-၈၀တွင် ဖော်ပြထားသော **ရွှေပြာ ပြဒါးဆုံး ဓာတ်ပြာ၏ ဂုဏ်ထူး** အကျိုး ကျေးဇူးများ အနည်းငယ် ဖော်ပြပါအံ့။

ရွှေပြာသည် ပြေပြစ်၏၊ သုက်သွေးကို တိုးပွားစေ၏။ ခွန်အားကို ပြုတတ်၏။ ခန္ဓာကိုယ်သို့ ရောက်သော အလုံးစုံသော အဆိပ်တို့ကို ပယ်ဖျောက်တတ်၏။ လေဖောက်ပြန်ခြင်းကို ငြိမ်းစေတတ်၏။

ဦးခေါင်းသို့ သွေးလေလှုပ်ရှား၊ သွားလာမှုများခြင်းကြောင့် ဖြစ်သော စိတ်နောက်ကျိခြင်း၊ ရူးသွပ်ခြင်း၊ စိတ်မခိုင်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း-နာတာရှည် ကာလသားရောဂါများ အရိုးထိခိုက်ခြင်း၊ အရိုးရောင်ခြင်း၊ အရိုးခြောက်ခြင်းများကို ငြိမ်းစေ ပျောက်ကင်းစေ၏။

အထူးအားဖြင့် ခယရုပ်နာဖျား ရောဂါများ၊ သန္ဓိပါတ်အဖျားရောဂါများ ပယ်ဖျောက်တတ်၏။

ရွှေပြာကို မှီဝဲခြင်းကြောင့် ချည့်နဲ့နေသောအကြော ကုန်ခန်းလျော့ပါသောသွေးအားကို တောင့်တင်း တိုးပွား ခိုင်မာစေ၍ ခန္ဓာကိုယ်၏ အမှုကိစ္စကို ပြုလုပ်စေ၏။

အားနည်းသောအာရုံကြော အသိဉာဏ်အားနည်းသော မှတ်ဉာဏ် အသိတရားရှိသူများသည် ရွှေပြာမှတစ်ပါး အခြားဆေး မရှိပြီတည်း။

ရွှေပြာသည် ပိုး အဆိပ်ကြောင့်ဖြစ်သော ခယရုပ်ရောဂါအတွက် ပထမဆေးဖြစ်၏။ အခြားရောဂါများအတွက် ဒုတိယဆေးအဖြစ် အသုံးပြုကြ၏။

ဤကား အနည်းအကျဉ်းမျှသော ရွှေပြာ၏ဂုဏ်ထူး အကျိုးကျေးဇူးကို ဖော်ပြခြင်းသာဖြစ်၏။ အကျယ်သိလိုမူ ဓာတ်သမုဒ္ဒရာကျမ်းကြီးတွင် ရှုကြည့်တော်မူကြပါကုန်...

အကျွန်ုပ် အောင်မြင်ပြီးသော ပြဒါးဆုံး ရွှေပြာနည်းကာ...

၁။ ပြဒါးသန့်စင် (၃)ကျပ်သား
၂။ ကန့်သန့်စင် (၁)ကျပ်သား
၃။ ရွှေရာဆိုင်း (၄)ဆိုင်း

မီးညှဉ့် (၆)နာရီ၊ မီးလတ်(၆)နာရီ၊ မီးပြင်း(၆)နာရီ၊ မီးလွှန်(၆)နာရီ မီးနေ မီးများ ထိုးဖုတ်ခြင်းဖြစ်၏။ နည်းပညာကား ဓာတ်သမုဒ္ဒရာကျမ်းကြီးတွင် အကျယ်ကြည့်ရှုတော်မူကြပါကုန်...

လူနတ်မြတ်ဟူသာ သတ္တဝါအနန္တ ကျန်းမာချမ်းသာတော်မူကြပါစေး

ပြန်မာသမားတော် မင်းတင်မောင်
(ဝိဇ္ဇာ,ဝရ,ဂန္ဓိရ ဓာတ်ဆေးပညာရှင်)
မော်လမြိုင်မြို့

www.burmeseclassic.com

www.burmeseclassic.com

ဆေးဝါးအကျိုး

"ဘုမသိ ဘမသိ၊ မူးမသိ မတ်မသိ" စကား ကြားဖူးကြမည် ထင်ပါသည်။ အနက်အဓိပ္ပာယ်ကို ဆိုင်ရာကိစ္စ၊ အကြောင်းတရားနှင့် ယှဉ်၍ သေချာစွာ စေ့ငုလေ့လာ မသိခဲ့ရပါလျှင်ဖြင့် ရမ်းကားမှန်းဆ ပြုကြလျှင်ဖြင့် အကျိုး ပေးမှုကား နှုန်းမီစံကိုက် ရလိမ့်မည် မဟုတ်ပါ။

သတိမထားမိသော အကြောင်း တစ်ရပ်ကို သိကြားပြီးနောက် ဘဝတူ ဆေးသမားများနှင့် ဆေးကျမ်းများ ဖတ်ရှု၍ ဆေးဝါးဖော်စပ်နေကြသူများ အား သတိမမူ၍ ဂူမတွေ့ခြင်း မဖြစ်ရ လေအောင်နှင့် သတိပေး၍ မြူကလေး ကိုပင် မြင်စေချင်သော စေတနာနှင့် အညီ ဤဆောင်းပါးကို ရေးသားရာ တွင် ပညာရှင်တို့အား ဆရာလုပ်ခြင်း မဟုတ်ရပါ။ မျှဝေခံစားခြင်းသာပါ တည်း။

မြန်မာမှုနယ်ပယ်တွင် အသပြာ ငွေကြေး လဲလှယ်မှု စံနှုန်းနှင့် အလေး ချိန် လဲလှယ်မှု ရှိပါသည်။ ဆေးဝါး ဖော်စပ်သူတိုင်း အလေးချိန်နှင့် မကင်း ကြပါ။

မိမိဖော်စပ်မည့် ဆေးဝါးတွင် ဆေးမည်တစ်ခုလျှင် ငါးမူး(၅၂း)သား ထည့်စပ်ရမည် ဆိုပါစို့။ ထိုအခါ များသောအားဖြင့် ၅ ။း(ငါးမူး)သည် ဒ/(တစ်ကျပ်)၏ တစ်ဝက်ဟု ယူဆပြီး (၅၀)ပြားအလေးနှင့်ချိန်၍ ထည့်လိုက် ပါတော့သည်။ မှားလေစ့။

ငါးမူး(၅၂း)သားနှင့် - ငါးဆယ်ပြား (၅၀ါး)အလေးမတူပါ။ တစ်ခါ နှမ်းဆီ (၁၀)ကျပ်ဟု ကျမ်းက ဆိုသဖြင့် (၁၀)ကျပ်သား အလေးဖြင့် ချိန်၍ ထည့်သည်။ မှားနေပြန်ပါပြီ။ ဆီ၊ နို့၊ သတ္တုရည် စသော အရည်မျိုးတို့ကို ခြင်ခွက်ဖြင့်သာ ခြင်တွယ်ရပါသည်။

ဆေးတစ်မည်လျှင် ငါးမူးသားနှင့် ငါးဆယ်ပြားသား မှားပြီဖြစ်ရာ ဆေး တစ်ဖုံတွင် ပါဝင်သော ငါးမူးသား အစုဆေးမည်များတွင် မည်မျှယွင်းမှား လေမည်နည်း။

ရှေးအခါ ဘုရားရှင်နှင့် ဘုရင်များ ခေတ်က နန်းတွင်းသမားတော်များ၏ ဆေးတို့ကား အစွမ်းထက်မြက်ခဲ့ကြပါ ပေ၏။

ယခုအခါ ဆေးဝါးတွေသည် အစွမ်း အာနိသင် နည်းပါးရခြင်းမှာ ဘာ ကြောင့်နည်းဟူသော ပုစ္ဆာ၏ အဖြေ တစ်ခုအား တွေ့ရှိလာပါသည်။ ဤ သည်ကား အခြားမဟုတ် အလေးချိန် မမှန်ကန်ခြင်းကြောင့်တည်း။

ဆေးကောင်းတစ်ဖုံ ဖော်စပ်ရာတွင် ဆေး၏ အင်္ဂါရုပ်နှင့် ညီညွတ်စေရန် အလေးချိန် လဲလှယ်မှုစံနှုန်းစနစ်ကို အသပြာငွေကြေး လဲလှယ်မှုစံနှုန်း စနစ် နှင့် နှိုင်းယှဉ်၍ ဖော်ပြပေးပါမည်။

၁။ ငွေကြေးလဲလှယ်မှုစံနှုန်းစနစ်

၁ပြား × ၁၀ = ၁၀ပြား
၁၀ပြား × ၅ = ၅၀ပြား*(ငါးမူး)*
၁ပြား × ၅ = ၅ပြား
၅ပြား × ၅ = ၂၅ပြား*(၁ မတ်)*
၅၀ပြား × ၂ = ၁ကျပ်
၂၅ပြား × ၂ = ၅၀ပြား*(ငါးမူး)*
(၂ မတ် မခေါ်ပါ။)
၂၅ပြား × ၃ = ၇၅ပြား*(၃မတ်)*
၂၅ပြား × ၄ = ၁ကျပ်
(ပြား-၁၀၀ မခေါ်ပါ)

ပြည့်စုံစေကြောင်း

၂။ အလေးချိန်လဲလှယ်မှုစံနှုန်းစနစ်

၁ရွေးလေး × ၂ = ၁ရွေး(၁ ရွေးကြီး)
၄ရွေး = ပဲ၀က်(၃ ပဲ)
၈ရွေး = ဝဲ(၁ပဲ)
၂(၂ပဲ) = ၁။း(၁မူး)
၂။း(၂မူး) = ၁မတ် = ၃(၃ပဲ)
၄။း(၄မူး) = ၂မတ် = ၈(၈ပဲ)
၆။း(၆မူး) = ၃မတ်
။း = ၁(၁ကျပ်)
၁၂ရွေး=၁၆ပဲ=၄မတ်=၈မူး=၁ကျပ်

ငွေကြေးလဲလှယ်မှုတွင် ငါးမူးကို သုံးထားသလို အလေးချိန် တွင်လည်း ၁မူး၊ ၂မူးကို သုံးထားပါသည်။

ငွေကြေးလဲလှယ်မှု စံနှုန်းစနစ်အလို ငါးမူးသည် ငါးဆယ်ပြား(၂ မတ်) ဖြစ်ပေမယ့် အလေးချိန် လဲလှယ်မှု နှုန်းစနစ်တွင် **ငါးမူးသည်** ကျပ်ဝက်/ ၂မတ်/၈ပဲ မဟုတ်ပါ။ ၁။း(၁မူး)လျှင် ၂(၂ပဲ)နှင့် ညီမျှသဖြင့် ငါးမူးဆိုသော အလေးချိန်ကို တွက်ကြည့်မည်ဆိုပါ က...

၁မူး × ၅ = ၅မူး
(၁မူး = ၂ပဲ) × ၅ = ၁၀ပဲသာ ဖြစ်ရ ပါမည်။

ဆေးဝါးကောင်းတစ်လက် ပေါ် ထွက်လာစေရန် နှုန်းမီစံကိုက် ဖော်စပ် ဖို့ အရေးကြီးလှသဖြင့် ဆေးဝါးဖော်စပ် ရာတွင် ပြည့်စုံရမည်ဆိုသော အင်္ဂါရုပ် များအနက် အလေးချိန် မှန်ကန်စေရေး ကို ဖော်ထုတ်ရေးသားလိုက်ရပါသည်။

ဆေးသမားတို့၏ သစ္စာဖြင့်...

ဆရာဆုစံ(မြိတ်)
(တိုင်းရင်းဆေး)

www.burmeseclassic.com

www.burmeseclassic.com

တိုးတက်လာဘိုရွှင်

ကြက်ဥအမြုတေ

ကြက်မတယ်ကျွန်ုပ်နဲ့ ကြက်ဥအမြုတော(၃)ကြက်ဥအမြုတော

(၁၀-၁-၂၀၁၆) တနင်္ဂနွေနေ့ နံနက်ကိုးနာရီခန့်တွင် ဖြစ်ပါသည်။ ကျွန်တော် အိမ်ရှေ့မန်ကျည်းပင်ရိပ်တွင် ဟက် လက်ကုလားထိုင်နှင့် ထိုင်နေစဉ် လူ တစ်ယောက် ရောက်လာသည်။ အသက်(၅၀)ခန့်ဟု ခန့်မှန်းရပါသည်။

'ကျွန်တော် စမ်းတောရွာကပါ။ စာရေးဆရာ ဦးလှမြင့်သစ်နဲ့ တွေ့ချင်လို့ပါ။ ဝင်ခွင့်ပြုပါခင်ဗျ'

ထိုသူက အတော်ကြိုးစား၍ ယဉ်ကျေးစွာ ပြောဆိုနေသည်မှာ သိသာလှပါသည်။

'ဝင်ခဲ့ပါဗျာ...ထိုင်ပါဦး။ ကျွန်တော် ပါပဲမျာ ခင်ဗျားတွေ့ချင်တဲ့ လှမြင့်သစ် ဆိုတာ'

'ရွှေမြို့သွား စျေးနဲ့ ကြုံပြီပေါ့။ ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရတော့ တာပဲဗျာ။ **ကျုပ်က ဦးအုန်းမောင်ပါ။ စမ်းတောရွာကနေ** တမင် ဆရာနဲ့ တွေ့ရ၊ ပြောရအောင် လာခဲ့တာပါ။ စည်ရွာက ဦးအောင်မြင့်သန်းက လမ်းညွှန်လိုက်လို့ လာခဲ့တာပါ'

'ဩော်... ဦးအောင်မြင့်သန်းက တွန်တော့်မိတ်ဆွေရင်းပါ။ စာရေးဖော် ရေဖက်ပါ။ သူ စာမရေးတာကြာပြီဗျ'

'ဟုတ်တယ် ဆရာရေ၊ အခုလဲ သူ့ဆီသွားတာ သူ ရေးမလားဆိုပြီး၊ သူ စာရေးဖို့ အချိန်မပေးနိုင်တာကြာပြီ ဆရာ့ဆီ သွားပါနဲ့ လမ်းညွှန်လိုက်လို့ပါ'

'ဟုတ်လား... ဘာအကြောင်း ဘာရေးရမှာလဲ'

ထိုအခါမှ ဦးအုန်းမောင်ဆိုသူက သူ့လွယ်အိတ်ထဲမှ စာအုပ်တစ်အုပ် ထုတ်လိုက်ပြီး စာအုပ်ကြားတွင် ညှပ်ထားသော ဖော်ပြပါ ဓာတ်ပုံနှစ်ပုံကို ထုတ်ပြပါသည်။

'ဒီအကြောင်းပါဆရာ... လွန်ခဲ့တဲ့ သုံးလလောက်က ကျွန်တော့်အိမ်က ကြက်မကြီး တစ်ကောင်ဥတဲ့ ကြက်ဥအမြုတော(အမြုတေ)ပါပဲ။

ကျွန်တော့်သားက ဖုန်းကင်မရာနဲ့ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ပေးတာပါ။ ပြီးတော့ သားက...

"ဒါ ကြက်ဥအမြုတေဟု အဖေရ၊ သားတို့ ဟောင်ကုမ အလုပ်ရ အိမ်မှာ လာဘ်ရှင် လာဘ်ဝင်တော့မယ်" ဆိုပြီး ဒီကြက်ဥ အမြုတေကို ဝယ်ကျင်းထဲကယူပြီး ဇရပ္ပေးမှန်း ဘုရားစင်မှာ တင်လှူထားတာဗျ။

မှန်တာပြောရရင် ဆရာရယ်...ကျုပ်က ဒါတွေ သိပ်ယုံတာ၊ လက်ခံတာ မဟုတ်ပါဘူး။ သားအဖချင်း ကတောက်ကဆတ် စကားမပြောချင်တာနဲ့ပဲ သူယုံကြည်တာ သူလုပ်ဆိုပြီး ဆိတ်ဆိတ်ပဲ နေခဲ့တာပါ'

'ဟုတ်ကဲ့...အဲဒါနဲ့ အခု ဘယ်လို ထူးခြားလဲ၊ ခင်ဗျားက ဂဃနဏ ပြောပြမှ ကျွန်တော်က ရေးလို့ရမှာ။ အပြည့်အစုံ ပြောပြလေ'

'ပြောပြမှာပေါ့ ဆရာရယ်၊ ပြောချင်လွန်းလို့ကို တမင်တကာ တခုတ်တရ ကျုပ် လာခဲ့တာပါ။ ထူးခြားတာက ဒီလိုဗျ...'

ဟု ဆိုကာ ဦးအုန်းမောင်က ပြောပြသဖြင့် စာစီပြု ရေးချယ်တင်ပြုအပ်ပါသည်။

F.20A. July, 2016.

www.burmeseclassic.com

www.burmeseclassic.com



ကြက်ဥအမြူထော(အမထော)အနီးကပ်ပုံ

ဦးအုန်းမောင်တွင် သားတစ်ယောက်၊ သမီးနှစ်ယောက် ရှိပြီး သားအကြီးဆုံးမှာ သိပ္ပံဘွဲ့ရထားပြီး ဒုတိယသမီးမှာ ဝိဇ္ဇာဘွဲ့ ရထားသည်။ အငယ်ဆုံးသမီးမှာ ဆယ်တန်းတက် နေဆဲဖြစ်သည်။

သားနှင့်သမီးတို့မှာ နိုင်ငံတော်ဝန်ထမ်း လုပ်လိုကြသဖြင့် သတင်းစာ၊ ရေဒီယို၊ တီဗွီမှ အလုပ်ခေါ်သည့် သတင်းသိရတိုင်း အလုပ်လျှောက်ထား။ ရေးဖြေ၊ နှုတ်ဖြေများ ဖြေခဲ့သော်လည်း အလုပ် မရခဲ့ပေ။ ကျရှုံးခဲ့သည် ချည်းဖြစ်သည်။

ယခု ပုံတွင်ဖော်ပြထားသည့် ကြက်ဥအမြူတေ ရရှိပြီး တစ်ပတ်ခန့် အကြာတွင် (P.P.T.T) ကျောင်းဆရာ အလုပ်များ ခေါ်ရာ သွားရောက် လျှောက်ထားဖြေဆိုခဲ့ရာ မောင်နမန်စ်ယောက်လုံး ရေးဖြေအောင်ပြီး လူတွေ့ စစ်ဆေးရာတွင်လည်း အောင်မြင်ကာ ယခု သင်တန်းတက် နေပြီဖြစ်သည်။

'အဲဒီလို ဆရာရေ...ကျုပ်တို့ရွာက ဘွဲ့ရခုနစ်ယောက် သွားဖြေတာ ကျုပ် သားနဲ့သမီး မောင်နမန်စ်ယောက်ပဲ အောင်မြင် အလုပ်ဝင်ခဲ့ရတာ။ တစ်ရွာလုံးက ဘာအဆောင်ပစ္စည်းရှိလဲ၊ ဘာဂါထာမန္တန်တွေ ရွတ်ဖတ်လဲ။

တစ်အိမ်တည်း တစ်ပြိုင်တည်း မောင်နမန်စ်ယောက်လုံး အလုပ်ဝင်နိုင် အောင်မြင်တယ်ဆိုပြီး လာမေးကြလို့ ဒီကြက်ဥအမြူတေကို ပြရတာ အလုပ်ကို ကောင်းကောင်း မလုပ်ရဘူး။

အဲဒါနဲ့ မပြီးဘူး။ တိုက်ဆိုင်တာလား မသိဘူးဗျ၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ကျုပ် ညီဝမ်းကွဲတစ်ယောက်က စံပယ်ဖြူမျိုးနှမ်းတစ်တင်း ကျုပ်ဆီက ချေးသွားတယ်။ ဆွတ်ဆွတ်ဖြူတဲ့ အဖြူနှမ်းမျိုးပါ။

နှမ်းအဖြူတစ်တင်း ငါးသောင်း၊ ခြောက်သောင်းအထိ ဈေးပေါက်နေချိန်ပေါ့ဗျာ။ ချေးသွားပြီး ပေးချိန်တန် ပြန်မပေးတော့ သုံး,လေးကြိမ် သွားတောင်းပိတယ်။

နောက်ဆုံးကျတော့ ရန်စကိုးပြောလွှတ်တယ်ဗျာ။ ကျုပ်ပေးချင်တဲ့အချိန် လာပေးမယ်။ ခုမပေးတော့ ဘာလုပ်ချင်လဲတဲ့ဗျာ။ ကျုပ် ဒေါသတွေ မျိုချပြီး ပြန်ခဲ့ရတယ်။

အင်း...အကြွေးယူစဉ်က ကျေးဇူးရှင်၊ ကြွေးပြန်ဆပ်တော့ ရန်သူထင်ဆိုတာ ဒါမျိုးပါလားလို့ မှတ်ချက်ပြုလိုက်ရတယ်။

အဲဒါဗျာ... အခု သုံးနှစ်ရှိတော့ ကျုပ်ညီဝမ်းကွဲဟာ နှမ်းတစ်တင်း ချေးတာကို နှမ်းသုံးတင်း နွားလှည်းနဲ့ တိုက်ယူလာပြီး...

"အစ်ကိုကြီး ကျုပ်ကို ခွင့်လွှတ်ပါ"

ဆိုပြီး ငှက်ပျောပွဲ၊ အုန်းပွဲနဲ့ ကန်တော့ပြီး ပြန်ပေးသွားတယ်။ ဟား... ကြက်ဥအမြူတေကတော့ အစွမ်းပြနေပြီဟေ့လို့ ကျုပ် ယူဆယုံကြည်လိုက်တယ်ဗျ။

သားနဲ့သမီးလဲ အလုပ်ရ၊ သုံးနှစ်လောက်ကကြွေး ဆုံးပြီး၊ မတောင်းတော့ဘူးလို့ထားတာ၊ လာပေးရုံမကဘူး... ကန်တော့တောင်းပန်ပေးသွားတယ်ဆိုတော့ ဒီကြက်ဥအမြူတေဟာ တကယ် တိုးတက်အောင်မြင် လာဘ်ရွှင်မှု ပေးတယ်လို့ ကျုပ် တထစ်ချ ယုံကြည်လိုက်ပါတယ်။

ဒါကြောင့် ဆရာရေးဖြစ်ရင် ရေးပါ။ ဒီဓာတ်ပုံနှစ်ပုံလဲ ထည့်ပါဆရာ။ ဆရာရော ဘယ်လိုယူဆလဲ၊ ကျုပ်ကို ပြောပြပါ'

'ယုံကြည်မှုဟာ အောင်မြင်မှုကို ဖြစ်စေပါတယ်ဗျာ၊ မိမိရဲ့စိတ် မိမိယုံရင် ကြည်တာပါပဲဗျာ'

ထို့မှသာ ကျွန်တော်အဖြေပေးလိုက်ပြီး ဦးအုန်းမောင်ပေးခဲ့သည့် ဓာတ်ပုံနှစ်ပုံနှင့်အတူ ယခု ဤစာမူကို မူရင်းမပျက် ရေးသားတင်ဆက်အပ်ပါသည်။

နတ်မောက် လှမြင့်သစ်

www.burmeseclassic.com

www.burmeseclassic.com

စိတ်ဝင်စားဖွယ်ကောင်းသော

ထိုးပြဲလက်မှတ်များအကြောင်း

သရော်တိုက်ဦးဆောင်မှုဖြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

၁။ * * *

ယခုလအတွက် နံပါတ်(၁)နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးပြဲလက်မှတ်ပိုင်ရှင်ကတော့ **ကဝဖြို့မှ "မစန်းစန်းဦး"** ဖြစ်ပါတယ်။

ထိုးပြဲလက်မှတ်ကို မြန်မာလို ထိုးထားတာပါ။ လက်မှတ်ပုံသဏ္ဌာန်ညံ့ပါတယ်။ အောက်မှာ မျဉ်းပြိုင်သင်္ကေတရှိခြင်း၊ လက်မှတ်မှာ **မြန်မာဂဏန်း "၂" ထည့်**ထားခြင်းတို့က အိမ်ထောင်ရေး ကံမကောင်းဘူး။ **လုံးကြီးထင်ပုံ ကြိုးလွန်းခြင်းက မနိုင်ဝန် ထမ်းရတတ်တယ်။**

အိတ်ဖောက် အညွှန့်ရှည်ပုံကြောင့် ငွေမမြဲ အသည်းကွဲ ဖြစ်တတ်တယ်။ **"စန်း+ဦး"** ပါပ အက္ခရာတွေကို သံရှည်နဲ့ နာမည်ပေးခြင်းမှားသလို၊ **"စ"ဝိုအက္ခရာကို**၊ နာမည်အစစာလုံးသုံးထားလို့ ယောကျ်ားတစ်ယောက်လို ဦးဆောင် လုပ်ကိုင်ပင်ပန်းခံရတတ်တယ်။

အိမ်ထောင်ကွဲပြီး . သားသမီးတွေကို ပင်ပန်းစွာ လုပ်ကိုင်ကျွေးမွေးပြုစုရတတ်တဲ့ နာမည်မျိုးဖြစ်ပါတယ်။

သူမရဲ့မွေးသက္ကရာဇ်ဟာ **မြန်မာလို ၁၃၇၅ခုနှစ်၊ တပေါင်းထား အင်္ဂါသမီး** ဖြစ်တဲ့အတွက် မူလမဟာဘုတ်ခွင်၊ နာမက္ခရတိုင်စဉ်၊ ဝုဒ္ဓိစဉ်တို့ ချကြည့်ရင် အောက်ပါအတိုင်း တွေ့ရှိရမယ်။

* * * [နံပါတ်-၁]

အင်္ဂါရာဖွားကို **အင်္ဂါ+တနင်္ဂနွေ-ရာစ+မရဏ-ဂုဏ္ဍ+အင်္ဂီဋ္ဌ**နာမည်ပေးညံ့တယ်။ နာမက္ခရတိုင်စဉ်မှာ။ ဝုဒ္ဓိအပြန်ဖြစ်လို့ အလွန်ညံ့တဲ့ နာမည်သုံးလုံးကို လက်မှတ်အပြည့် ရွေးထိုးတာမှားတယ်။

ဒီနာမည်နှစ်မျိုးမှာ **ရာဇဋ္ဌာနက နာမည်(၂)လုံးအနက်** တစ်လုံးကိုသာ ရွေးထိုးရင် အညံ့အပျက်တွေ တစ်ဝက်

မက သက်သာပျောက်သွားနိုင်တယ်။

* * *

- ကြိုက်ပုံ ထွင်အိတ်သင်္ကေတဆွဲရင် အညံ့အပျက်တွေကို ကာကွယ်ပေးနိုင်တယ်။
- အညွှန့်နေရာမှာ ပွင့်ဖတ်(၃)ခုပါတဲ့ ပန်းပွင့်သင်္ကေတထည့်ရင် ကံကောင်းခြင်းတွေ အပြန်အလှန် ဖန်တီးပြစ်ပေါ်လာယယ်။

၂။ * * *



www.burmeseclassic.com

www.burmeseclassic.com

ယခုလအတွက် နံပါတ်(၂)နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးပြဲလက်မှတ်ပိုင်ရှင်ကတော့ **မင်္ဂလာဒုံမြို့နယ်မှ ဦးဇင်တိုးဆိုသူ**ဖြစ်ပါတယ်။

နာမည်ထိပ်ဆုံးစာလုံး **''ဇ''**ကို အင်္ဂလိပ်အက္ခရာနဲ့ ရေးထိုးထားတာပါ။ အပေါ်ထောင်၊ အောက်ထိုးဆင်းသကေ်တနဲ့ အညွှန့်ရှည်လျားလွန်းတဲ့ ပုံသဏ္ဌာန်က အိမ်မှာဖြစ်စေ၊ လုပ်ငန်းခွင်မှာ ဖြစ်စေ၊ အဆင်မပြေ ဖြစ်မယ်။

ဇွေဝင်ကောင်းလဲ ဇွေထွက်များမယ်။ အစကောင်းလဲအနောင်းညံ့မယ်။

ထိုးပြဲလက်မှတ်ရှင်ရဲ့ **မွေးသက္ကရာဇ်ဟာ ပြန်မာလို ၁၃၃၈ ခုနှစ်၊ ဝါခေါင်လ၊ တနင်္လာဖွား**ဖြစ်လို့ မူလမဟာဘုတ်ခွင်၊ နာမက္ခရတိုင်စဉ်၊ ဝုဒ္ဓိစဉ်တို့ ချကြည့်ရင် အောက်ပါအတိုင်း တွေ့ရှိရမယ်။

* * * [နံပါတ်-၂]

တနင်္လာပုတိဖွားကို **တနင်္လာ+စနေ= အနိဋ္ဌ+ကုဋ္ဌ** နာမည်ပေးထားပြီး နာမက္ခရတိုင်စဉ်မှနံတဲ့အတွက် အထိုက်အဓ်ေလျောက်တော့ ကောင်းပါတယ်။ ဒါပေမယ့် ဝုဒ္ဓိအပြန်ဖြစ်လို့ အညှဉ်လဲ ရှိပါမယ်။

ထိုးပြဲလက်မှတ်ကို နာမည်အစစာလုံး၊ ပုတီးဌာန တနင်္လာနံ **''ဇ''**ကို ရွေးချယ်တာ မှားပါတယ်။ ဒီလက်မှတ်ပုံသဏ္ဌာန်နဲ့ စာလုံးကြောင့် ဘယ်တော့မှ ဇွေမမြနိုင်ဘူး။ စိတ်အပြောင်းအလဲမြန်မယ်။

ဒီနာမည်မျိုးမှာ နာမည်နောက်ဆုံးစာလုံး၊ အထွန်းဌာနက စနေနံအက္ခရာစာလုံး **''တိုး''**ကို လက်မှတ်ရွေးထိုးရင် ပိုပြီး ကံကောင်းနိုင်ပါတယ်။

* * *



- ဇွေအိတ်ဆောက်တ ကြိုးကြိုးတည့်တည့် လုပ်ချဲ့ပါ။
- အညှွန့်မရှည်စေနဲ့။
- လက်မှတ်အောက်က မျဉ်းမသားသင့်ပါ။

၃။ * * *

ယခုလအတွက် **နံပါတ်(၃)**နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးပြဲလက်မှတ်ပိုင်ရှင်က **တောင်ငူမြို့မှ ''ဒေါ်အုန်းဆွေ''** ဖြစ်ပါတယ်။

နာမည်ထိပ်ဆုံးစာလုံး **''အုန်း''**ကို လက်မှတ်ရေးထိုးထားတာပါ။ လက်မှတ်စာလုံး သေးလွန်းတဲ့အတွက် အလွန်နှမြောစိစစ်တတ်တဲ့ ပင်ကိုယ်ဗီဇ ရှိလိမ့်မယ်။

လက်မှတ်အောက်မှာ မျဉ်းပိတ်ထားတဲ့အတွက် အလွန်စိုးရိမ်ကြီးတတ်မယ်။ ချွေတာ စုဆောင်းတတ်သူဖြစ်မယ်။

ဒါကြောင့် ဘဝမှာအထိုက်အလျောက် ဇွေကြေးဥစ္စာပြည့်စုံနိုင်ပေမယ့် မစွန့်စားရဲလို့ အလွန်ချမ်းသာကြွယ်ဝဖို့ မဖြစ်နိုင်ဘူး။

သူမရဲ့ **မွေးသက္ကရာဇ်ဟာ**



www.burmeseclassic.com

www.burmeseclassic.com

မြန်မာလို ၁၃၁၈ခုနှစ်၊ တပို့တွဲလ၊ တနင်္ဂနွေဖွားဖြစ်လို့ မူလမဟာဘုတ်ခွင်၊ နာမက္ခရထိုင်စဉ်၊ ဝုဒ္ဓိအစဉ်ချကြည့်ရင် အောက်ပါအတိုင်း တွေ့ရမယ်။

* * * [နံပါတ်-၃]

တနင်္ဂနွေဘင်္ဂါးကို **တနင်္ဂနွေ+အင်္ဂါ=ဘင်္ဂါ+သို့က်=အနိဋ္ဌ+ကုဋ္ဌ** နာမည်ပေးထားခြင်း၊ နာမက္ခရထိုင်စဉ်မှန်၊ ဝုဒ္ဓိမှန်ခြင်းတို့ကြောင့် နာမည်ပေးမည့်ပါဘူး။

ဒါပေမယ့် ထိုးမြဲလက်မှတ်က ဘင်္ဂါအပျက်ဌာနရှိ တနင်္ဂနွေနံစာလုံးကို ရွေးထိုးထားတာ မှားနေတယ်။

အမှန်တော့ ဘယ်မိန်းမကိုမဆို **[လု၊ စန်း၊ အုန်း၊ နွယ်၊ မို့]** ဆိုတဲ့ စာလုံးတွေနဲ့ နာမည်စတင်မပေးသင့်ဘူး။ အများအားဖြင့် အိမ်ထောင်ရေးကို အညံ့အပျက် ကြုံစေတတ်လို့ပါ။

ဒီနာမည်မှာ နာမည်ရဲ့ နောက်ဆုံးစာလုံး၊ **သိုက်ဌာနမှ အင်္ဂါနံ ''ဆွေ''** ဆိုတဲ့ စာလုံးကို လက်မှတ်ရွေးထိုးရင် ဘဝမှာ တည်ငြိမ်အေးချမ်း၊ ပြည့်စုံကံကောင်းမှုတွေ ပိုမို ရရှိနိုင်ပါတယ်။

* * *



- လက်မှတ်ကို မြန်မာလို မထယ်လွန်း မကြီးလွန်း ထိုး။
- ထွေအိတ်ဆက်တ တည်ငြိတည့်လှလွန်းဆွဲပါ။
- အညွှန်နေရာမှာ ပွင့်ဆာ(၅)ဆိုသော ပန်းပွင့်ပုံဆက်တ ထည့်ပါ။
- လက်မှတ်အောက်က မျဉ်းမသားရဘူး။

ဒီလ ဒီမျှနှင့်သာ ကျေနပ်နိုင်ကြပါစေ...

ဆရာကြီး ဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒပညာသုတေသီ

ဝမ်းနှုတ်ဆေး တန်ရေးမှာ

ကြောက်သလား

ဗိုက်ပေါ်တင်ရုံနှင့် ဝမ်းသွားရမည်။ မယုံမရှိနှင့် လက်တွေ့မို့ ဝမ်းနုတ်ဆေး စားရမှာ ကြောက်သူများအတွက် ရည်စူး၍ ရေးသားဖိနပြုလိုက်ပါသည်။

ကျွန်တော် လူမှန်းသူမှန်း သိတတ်သည့်အရွယ်မှစ၍ ဝမ်းချုပ်လျှင် အထူးသဖြင့် မိုးဦးကျတစ်ကြိမ်၊ ဆောင်းဝင်တစ်ကြိမ် မိဘများက ဝမ်းနုတ်ဆေး တိုက်ကျွေးလေ့ ရှိခဲ့ပါသည်။

ဆေးတိုက်တိုင်း ပြဿနာဖြစ်ခဲ့ရသည်။ အချို့ဆေးများမှာ အမှုန့်ဖြစ်၍၊ အချို့ဆေးများမှာ တေဆေးဖြစ်ပြီး အနံ့ကလည်း နံသည့်အပြင် အဝင်ကလည်း ဆိုးလိုက်သည့်ဖြစ်ခြင်း၊ အမှုန့်ကလည်း အာခေါင်၊ ပါးစောင်များကပ်တတ်ပြီး၊ တေဆေးကလည်း ပျော့တီပျော့ဖတ်နှင့် သောက်မရ ပျို့အန်တတ်ပါသည်။

မိဘတို့က အမြဲ ဆေးတိုက်တိုင်း သဟောက်သဟန်း ရိုက်မောင်းပုတ်မောင်းဖြင့်ငိုခဲ့ရမျက်ရည်ကျခဲ့ရပါသည်။

တစ်နေ့ ကျွန်တော့်အဖေ၏ ညီဝမ်းကွဲတော်စပ်သူ **မြေလတ်မြို့ နွယ် ဥယျာဉ်ရွာဘုန်းတော်ကြီး ကြွရောက်တော်မူလာရာ** အဖေက စကားစပ်မိပြီး ကလေးများ ဝမ်းနုတ်ဆေးတိုက်သည့်အကြောင်း လျှောက်ထားမိပါသည်။

ထိုအခါ ဘုန်းတော်ကြီးမှ ငွေကုန်သက်သာသည့်အပြင် သောက်မှိုခြင်း မပြုရဘဲ ဝမ်းသွားလိုလျှင် ဗိုက်ပေါ်၌ တင်ရုံဖြင့် ဝမ်းသွားသောနည်းကိုပါ ပေးသဖြင့် ဆေးကြောက်သူများ အတွက် ဖော်ပြပါသည်။

နည်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

အုန်းသီးကြီးကြီးရှင့်၊ တစ်လုံးကို အခွံနွာ၍ ထိပ်မှ နတ်ပေါက်တစ်ပေါက်ကို ဖောက်။ ထို့နောက် လတ်ဆတ်သော ကနုဒိအဆန် ငါးကျပ်သား(၅-ကျပ်သား) ထည့်ပြီး နတ်ပေါက်ကို စိုပိတ်။ ပြီးလျှင် ရှဉ့်ဖွက်တွင် ခုနစ်ရက်ထိ မြှုပ်ထားလိုက်ပါ။

ရက်သတ္တမတ်ပြည့်လျှင် အုန်းသီးအားဖော်၍ နတ်ပေါက်စို့ကိုဖွင့်ပြီး အုန်းသီးအတွင်းမှ အရည်များကို ပုလင်းတစ်လုံးထဲ ထည့်ထားပါ။

ဝမ်းသွားလိုသည့်အခါ **ပုလင်းကို ဗိုက်ပေါ်တွင် ချက်အထက်၌ တင်ထားလျှင် မကြာမီ ဝမ်းသွားလေတော့သည်။**

ပုလင်းကို သိမ်းထားပါ။ လိုသည့်အခါ အသုံးပြုနိုင်ပါသည်။

ထိုတွင်မက **အုန်းသီးအတွင်း ကျန်ရှိနေသော အုန်းဆန်နှင့် ကနုဒိစေ့များ**ကို ညှက်ညှက်ကြိတ်ပြီး နေလှန်းထားပါ။

ကလေးသူငယ်များ ချဲထ ချဲတက် ကြက်ညှာရောဂါ ဖြစ်ပွားခဲ့ပါက **နှမ်းဆီစစ်နှင့် ရင်ညွန့်မှ ဆီးစပ်ထိ နံနက်တစ်ကြိမ်၊ ညဥ့်တစ်ကြိမ် လူးပေးပါက** သက်သာပျောက်ကင်း ချမ်းသာနိုင်ပါကြောင်း စေတနာကောင်းဖြင့် ရေးသားပေးပို့ပါသည်။

မှတ်ချက် ။ ဘဝနတ်ထံ ပျံလွန်တော်မူပြီး ဖြစ်သော ဥယျာဉ်ရွာ မူလဘုန်းတော်ကြီး ဆရာတော်ကြီးအား ရှိခိုးဦးတင် အပ်ပါသည်ဘုရား...

ဇံလွင်မိုး

www.burmeseclassic.com

www.burmeseclassic.com

နတ်မျက်ခြိ
(ဒီဇွာရေနုယပညာ)

ဃက်တွေ့

အင်္ဂရိတ်လုပ်ရတ် (၁)

သွပ်ဖမ်းနည်း

သံဃာ မြိုတယ (ဓာတ်ပြင်ဓာတ်ပုံ)

အင်္ဂရိတ် လေ့လာလိုက်စားကြပါကုန်သော ပညာသည် အပေါင်းတို့သည် အဓိက အချက်အချာဖြစ်သော မီးနေမီးထားကို သိရန် အထူးလိုအပ်ပါ၏။

မီးနေမီးထား သိရှိပါသော်လည်း ဓာတ်သတ်ရန် ဆေးပစ္စည်း အစစ်အမှန် လိုပေရာ ဖားနိုထဲထည့်ထိုးသမျှက ထွက်ပေါက်က ဗျိုင်းစောင့်ကာ ငါးကို ဖမ်းစား သကဲ့သို့ ပမာပြု၍ ဓာတ်အသီးသီးကို မီးက စားသွားခံကြရချေသည်။

ကျွန်ုပ်သည် ယနေ့မျက်မှောက်ခေတ်၌ အင်္ဂရိတ်လုပ်ရတ်ပညာသည် ပေါင်း မြောက်မြားစွာကို အမြို့မြို့ အနယ်နယ်တွင် တွေ့ဖူး ကြုံဖူးခဲ့ရာတွင် ထိုထို ပညာသည် လုပ်ရတ်ဒဏ်များတို့သည် တစ်ယောက်တစ်မျိုး ဓာတ်သတ္တုကို သတ်ကြလေကုန်၏။

အချို့ကား လက်ဝဲလက်ယာ ပြုလုပ်ကြသလို၊ အချို့ကား ဓာတ်ကြီးလိုင်း ကိုင်နေကြသည်ဟု ဆိုကြပါချေ၏။

သို့သော် အောင်မြင်သူ၊ ပေါက်ရောက်သူ အလွန်အင်မတန် ရှားပါးလှပါ၏။

သို့ဆိုရလျှင် အင်္ဂရိတ်လုပ်ရတ်သည် တကယ်မရှိပြီးလော့ဟု မေးစရာ ရှိချေ၏

တကယ်ရှိပါ၏။ ကျွန်ုပ်သည် အင်္ဂရိတ်လုပ်ရတ်ပညာကို ရှေးကျမ်းပေါင်း(၅၀)ကျော်၊ ရှားပါးတိမ်မြုပ်နေသည့် လက်ရေးပေမူတွေကို ပထမဦးစွာ ဖတ်ရှုလေ့လာ၏။

ယင်းနောက်တကယ် သိလေ့သမာမိ၊ ပညာတို့ဖြင့် ပြီးပြည့်စုံသော သူတော်စင်ပညာရှင်တို့ထံ အခြေခံအစ မီးပညာကို သင်ကြားခဲ့ရပါလေ၏။

ဤကဲ့သို့ အင်္ဂရိတ်လုပ်ရတ်လမ်းကို နှစ်ပေါင်း(၃၀)ကျော် လက်တွေ့လေ့လာပြုလုပ်ကိုင်ခဲ့ပါသဖြင့် ဓာတ်သတ္တုအကြောင်းကို ကောင်းကောင်းကြီး သိခဲ့ရ၏။

ရန်ကုန်မြို့တွင်းရှိ အင်္ဂရိတ်လုပ်ရတ်ဆရာအတော်များများကို သိ၏၊ မြင်၏။ ထို့အတူ မြန်မာနိုင်ငံတစ်လွှား အင်္ဂရိတ်ပညာသည် အပေါင်းတို့ကို ကျွန်ုပ် မြို့အနှံ့ အစဉ်ခရီးသွားလာနေပါသဖြင့် လိမ်ညာနေကြသူတွေကိုလည်း သိ၏။

တကယ် အားကြိုးမာန်တက် ကြိုးကြိုးစားစား ပြုလုပ်နေကြသူတွေကိုလည်း သိနေပါချေ၏။

ထိုထို အင်္ဂရိတ်ပညာသည်တွေထဲထူးထူးခြားခြားပင် **ရာဇမတ်ထဲဝင်ကာ အင်္ဂရိတ်ဖိုထိုးကြပါသော အမျိုးသမီး (၁၀)ဦးလောက်ကိုလည်း တွေ့ခဲ့ရလူးချေ၏။**

ပြောချင်သော စကားမှာ အင်္ဂရိတ်

၁၅၈ နယူးရောင်ခြည်မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

လိုက်စားကြသူတွေသည် ဘာ့ဓာတ်ညာဓာတ်၊ ဘာသိဒ္ဓိ၊ ညာသိဒ္ဓိဟုသာတွင်တွင် ပါးစပ်က ရွတ်ဆိုပြောကြားနေကြသူတွေသည် မိမိ မဖြစ်တာကို မဖြစ်ကြောင်း တပည့်တွေရှေ့တွင် မပြောရဲကြပါဘဲ၊ ထိုထို အင်္ဂရတ်ပညာရှင်က တပည့်တွေထံက ပိုက်ဆံငွေကြေးယူကာ ရန်ကုန်မြို့လယ်၌ ဆရာကြီးတစ်ဆူ လုပ်နေတာလည်း ကျွန်ုပ် တွေ့ဖူးပါ၏။

ထို့အတူ ထိုထို ကျွမ်းကျင်လုပ်ပါချည့်ရဲ့ဟု အင်္ဂရတ်ဆရာကြီးအမည်ခံ ပညာသည်ကို ကျွန်ုပ်က...

'ဘာဖမ်းနေတာလဲဗျ'

'ပြဒါးဖမ်းနေတာ ဒီပြဒါးကိစ္စပြီးရင် အားလုံး ကိစ္စပြီးပြီ'

ဟု ဆိုပါချေ၏။ ကျွန်ုပ်သည် ထို ပညာရှင်ဆရာကြီး ဆိုသူကို အလွန် သနားခြင်း ဖြစ်မိ၏။

'ဆရာကြီးဆီမှာ ပြဒါးအစိမ်း ရှိပါသလား'

'ရော...ဒါ ပြဒါးအစိမ်းပဲ'

ကျွန်ုပ်က သူလှမ်းကာပေးသော ပြဒါးကို ပုလင်းအဖုံးဖွင့်၍ အထဲ၌ ရှိသော် ပြဒါးရည်တွေကို သမံတလင်း ပေါ် လောင်းချလိုက်၏။

'ဘာလုပ်တာလဲ...ကုန်ပါပြီ'

ဟု ပြဒါးအရည်များကို ကြည့်ကာ ထိုဆရာကြီးဆိုသူ ညည်းကာ ပြ၏။ ကျွန်ုပ်က...

'ဆရာကြီး အဲဒီ ပြဒါးအရည်ကို ဘာ ဝါတ်သေးပစ္စည်းမှ ယုံးပါဘဲ ဒီပုလင်း အလွတ်ထဲကို ပြန်ထည့်ပေးနိုင်သလား'

'ဘယ်လို ယူလို့ ဖမ်းလို့ ရမှာလဲ။ ဆော်နဲ့ လိုက်ဖမ်းထည့်ရင် ပိတောင် ပြဒါးပြေးသွားမှာပေါ့။ အရူးလားကွ'

ဟု ဆိုချေ၏။ ကျွန်ုပ်သည် ထို ဆရာကြီးနှင့် သူ၏ တပည့်အပေါင်း တို့၏ရှေ့၌ ကျပြန့်နေသော ပြဒါးများကို ပုလင်းထဲသို့ လက်ဖြင့် ကောက်ထည့်ပြီး ပြဒါးပုလင်းကို သူ့အား ပေးလိုက်၏။

ထိုဆရာကြီးသည် အလွန် အံ့ဩစွာဖြင့် ကျွန်ုပ်အား ကြည့်၏။ ခြေသုတ် ပုဆိုး မြွေစွယ်ကျိုးသကဲ့သို့လည်း ဖြစ်နေ၏။

'ခင်ဗျားရဲ့ အဃာအရှယ်နဲ့ ယုံးကို ကျွန်တော် လေးစားပါတယ်။ သို့သော် အပြင်၌ ပြန့်ကျဲနေတဲ့ ပြဒါးအစိမ်း သက်သက်ကိုတော်မှ ခင်ဗျား ဝိုးအောင် ဖမ်း နိုင်တဲ့ဥစ္စာ ဝိုးထဲထည့် ဖိုးဝိုးပြီး ပြဒါးဖမ်းပြီး ခင်ဗျားက ကိစ္စပြီးတော့ယ်ဆိုတော့ ယွန်နေသလားလို့ပါ'

ဤကဲ့သို့သော အရာဖြင့် ကျွန်ုပ် ပြောခဲ့ဖူးချေ၏။ ဤသူတို့ထံမှောက်၌ တကယ်တမ်း အင်္ဂရတ်လုပ်ရတ်သည် ပညာအစစ်အမှန် မဟုတ်ကြောင်း ကျွန်ုပ် သိခဲ့ရပါသဖြင့် ရှောင်ရှားနေခဲ့သည်။

ကျွန်ုပ်၏ မိတ်ဆွေတစ်ဦးရှိသည်။ လွန်ခဲ့သော နှစ်ပေါင်း(၄၀)ကျော် ကတည်းက အင်္ဂရတ်လုပ်ရတ်ကို တစ်စိုက်မတ်မတ်ဖြင့် ကြိုးစားကာ ဓာတ်များစွာကို ဖမ်းချေ၏။

စိတ်စေဓာနာ အလွန်ကောင်းကာ သီလ,သမာ,ပညာတို့ဖြင့်လည်း ပြည့်စုံပါချေ၏။ သူသည် ဒေါက်တာ၊ ခေတ် ပညာတတ်တစ်ဦး ဖြစ်ပါသော်လည်း အင်္ဂရတ်ပညာကို တကယ်ကြိုးကုတ် သူ ဖြစ်ပါချေ၏။

ဓာတ်ပစ္စည်း မြောက်များစွာကို ဓာတ်ခွဲစမ်းသပ်ကာ သိပ္ပံနည်းကျကျ ဖြင့် အင်္ဂရတ်ဝိဇ္ဇာဖိုကိုလည်း ဆောင်ရွက်နေချေ၏။

သူ၏ ဆရာသမားများသည် အင်္ဂရတ်အတတ်ပညာ တစ်ဖတ်ကမ်း ခတ်ပါ၏။ သူ၏ ဆရာသမားများထံ နည်းနာယူ၍ အင်္ဂရတ်ပညာတွင် တတ်တစ်ခုပြီးတစ်ခု ဖြစ်မြောက် အောင်မြင်အောင် ဇလုပ်ဆောင်ချေ၏။

သူသည် ဘယ်သောအခါမှ မည်သူ့ကိုမျှ အင်္ဂရတ်တတ်ကြောင်း မဟာ။ ပညာကို လျှို့ဝှက်ပါချေ၏။ ကျွန်ုပ် သူနှင့် ကွဲကွာနေခဲ့ရသည့် နှစ်မှာ (၂၀)နှစ်ကျော်ပါချေ၏။ သူ၏အမည်မှာ **ဒေါက်တာစိန်ရီ**(တိုင်းရင်းဆေးညွှန်ကြားရေးမှူးချုပ်–ငြိမ်း) ဖြစ်ပါ၏။

ဤကဲ့သို့ အင်္ဂရတ်အတတ်ပညာသည် လုပ်ရတ်သမားတို့သည် များစွာ ရှိကြပါလေ၏။ ယနေ့အချိန်ထိ ဆိုရပါသော် သူသည် တစ်ခုခုတော့ အောင်မြင်နေချေ၏။

ဆိုလိုသည်မှာ အင်္ဂရတ်စခန်းသို့ လှမ်းကြရာ၌ အခက်အခဲ အမျိုးမျိုး အဖုံဖုံတို့သည် ဒုနှင့်ဒေး ရှိနေကြပါ၏၊

ဘိုးဘိုးအောင်၏ စိမ်ရေးသားခဲ့သည့် ကျမ်းကြီးတွင် **"ပါရမီနဂိုရီ မရင့်သူကို ကုသိုလ်ကံဟု မဟော လိုက်စေနှင့်"** တဲ့။ မှာကြားဆုံးမဖူးသော ကျမ်းအဆောင်ဆောင် ရှိကြသည်ကို ဖတ်ရှုကြစေကုန်။

ထို့အတူ ကျမ်းအစောင်စောင် ဖတ်ရှုရှုလည်း ကျမ်းလျှောက်နေသမျှ ကျမ်းမပေါက်နိုင်ပါလေ၏။

ထို့ကြောင့် ကျွန်ုပ် ဖော်ပြလတ္တံ့သော အင်္ဂရတ်လုပ်ရတ်သည် တကယ်ထတ်ကျမ်းသော ဆရာကြီးများ အတွက် မဟုတ်ပါ။ လေ့လာလိုက်စား အင်္ဂရတ်ပညာသည်တို့အတွက် ကျွန်ုပ် လက်တွေ့လုပ်ရတ်များကို ထုတ်ပြ ရေးသားလိုက်ရပါချေ၏။

www.burmeseclassic.com

www.burmeseclassic.com

သွပ်ဓာတ်ဖြင့် ဆိုင်ရာ လက်တွေ့ လုပ်ထုံးများအကြောင်းမှာ ဓာတ်သတ် ရန်အတွက် ဆေးဖက်ပစ္စည်းများကို အရင်ဆုံး ရှာဖွေ စုဆောင်းထားရန် လိုအပ်ပါ၏။ ထိုဆေးမှာ...

၁။ ဆီးပြူးခေါက် (၅)ကျပ်သား
၂။ နွားစာထုတ် (၅)ကျပ်သား
၃။ ဆင်သမန္တယ်ဥ (၅)ကျပ်သား
၄။ ဝရံပတူမြစ် (၅)ကျပ်သား
၅။ ထင်ရူးဆီ (၅)ကျပ်သား
၆။ စပ်စီ(စပ်စေး) (၅)ကျပ်သား
၇။ လက်ဖက်ခြောက် (၅)ကျပ်သား
၈။ ကွမ်းရွက် (၅)ကျပ်သား
၉။ ကြက်သွန်နီ (၅)ကျပ်သား
၁၀။ အောက်ခင်းစာရွက် (၅)ကျပ်သား
၁၁။ နန္တဝန်းဆိပ်မြစ် (၅)ကျပ်သား
၁၂။ ဆေးကောင်းရွက် (၅)ကျပ်သား

အထက်ဖော်ပြပါ ဆေးအမည်(၁၂) မျိုးကို ရှာဖွေစုဆောင်းပြီး ဆေး တစ်မည်စီကို ကျောက်ပျဉ်၌ ညက်စွာ ကြိတ်ခြေလိုက်ပါ။

(၁၂)မျိုးစလုံး ကြိတ်ခြေပြီးနောက် စားသော **ထန်းလျက်**ဖြင့် ထိုဆေးထဲသို့ ပေါင်းစပ်ပြီး ကြိတ်ခြေလိုက်ပါ။ ဆေးကြိတ်ခြင်းအမှုသည် ပြီးမြောက် သွားပါ၏။

ဒုတိယလုပ်ဆောင်ရန်မှာ **သွပ်ဆီမီးခွက်(၁၀)ကျပ်သားကို ထုခြေ ခြင်း**။ သင့်သော်ဆုံသော လုံကြီးတွင် ထည့် အထက်ဖော်ပြပါ ဆေးများဖြင့် သိပ်ကာ မံပါ။

ထိုလုံကို နေပူတွင် နေလှန်းပေး လိုက်၊ ဖော်မံလိုက်၊ နေပူလှန်းလိုက် ဖြင့် (၃)ကြိမ်လုပ်။

မီး များပြီး အက်ကွဲတတ်ပါသဖြင့် မအက်မကွဲရလေအောင် ကျနစွာ ဖော်မံပါလေ။

ခြောက်သွေ့သွားပါက ဖွဲ့(၁၀)တင်း ဖြင့် မီးတွင်ဖုတ်၊ ဖွဲ့(၁၀)တင်း ကုန် သွားသော် ထင်းမီးဖြင့် တစ်နေကုန် မီးပြင်းပြင်းတိုက်၊ လုံကို အလိုချမ်း သောအခါ၌ ယူ၍ ခွဲကြည့်။

သွပ်ဓာတ်သည် ဘင်ကဲ့သို့ နေရောင်,လရောင်,ကြယ်ရောင် ထွက် လျက် ပျဉ်းစွာသေနေသည်ကို ကျွန်ုပ် လက်တွေ့ လုပ်ခဲ့ဖူးခြေ၏။

မပြေးအောင်
ရွှက်ဆောင်နည်း ချုပ်နည်း

၁။ စပ်ကြီးပြစ်
၂။ နန္တဝန်းဆိပ်မြစ်
၃။ လင်းနေပြစ်
၄။ သြဇာပြစ်
၅။ ဆေးကောင်းရွက်

ထိုဖော်ပြပါ ဆေး(၅)ပါးကို ချုပ်ရ သော ဆေးအဖြစ် အသုံးပြု၍ သွပ်လုံး အချိန်အတိုင်း ပမာပြုရပါသော် **သွပ်(၅)ကျပ်သားလျှင် ဆေး(၅) ကျပ်သားစီ အချိန်အလေးပြု**၊

ဆေးအားလုံးကို ညက်စွာကြိတ်ခြေ ပြီး အစုလိုက် အလေးချိန်တူ (၃)စုပုံ၊ တစ်ပုံကို လုံထဲထည့်၍ အထက်, အောက် နှိုးလိုက်ပါ။ ဖိုဖြင့် ထိုလုံကို မီးဖြင့် ထိုးပါခြေ။

ဆေးအုံ (၂)စုကျန်နေသည်။ နောက်ထပ်(၁)ပုံကို ဓာတ်သားအား ဖြူး၍ ဖြူး၍ ထိုးပေး။

တစ်စုကျန်နေသည်ကို **ခံချည် လောင်းရန်**အတွက် ခံချည်ပြု၍ လောင်း။ ဓာတ်ကို (၇)မီးထိုး၊ (၇)မီး သွန်ရပါမည်။

ဓာတ်သား အနေအထားကိုကြည့် လျှင် သိလိမ့်မည်။ အင်္ဂရက်လုပ်ရတဲ့ သမားများ လက်ဝဲလမ်းသွားချင်ရင် ရပါ၏။ လက်ယာလမ်းသို့ သွားလို သော် ရပါခြေ၏။

မိမိတို့၏ စိတ်ကြိုက်ဓာတ်ကို စီရင် ပါလေ။

ဤကဲ့သို့ ဖော်ပြရာ၌ ဉာဏ်နှံ့သူ လိုက်မမီခြေ။ ဖမ်းပြီးသော သွပ်ကို ချုပ်၍ ဖမ်းပါသဖြင့် ထွက်ကာ မသွား တော့ပါ။ သေ၏။

နောက်ထပ် တစ်နည်းမှာ...

သွပ်(၁)ကျပ်သားရှိသော အလေး ချိန်ထဲသို့ **သုတ(၁)ကျပ်သား**ကို သွင်းလိုက်ပါ။

သွင်း၍ အသွင်တူ အိမ်သူ ဖြစ်သွား ပြီးနောက် ယင်းနှစ်ပါးတို့ကို အမှုန့် ထောင်းလိုက်ပါ။ မုန့်မုန့်ညက်ညက် ဖြစ်သွားပါလိမ့်မည်။

ယင်းနောက်...

၁။ ကန့် (၁)ကျပ်သား
၂။ ဇာတ်သာ (၁)ကျပ်သား
၃။ လက်ချား (၁)ကျပ်သား
၄။ ယမ်း (၁)ကျပ်သား

ဆေး(၄)မျိုးကို ပေါင်းစပ်ရောနှော ကာ သံပရာရည်ဖြင့် ကြိတ်ခြေလိုက် ပါ။ ယင်းနောက် လုံထဲသို့ **သွပ်၊ သုတ အမှုန့်ကို ထည့်၍** ထိုဆေးများကို အပေါ်က ဖိသိပ်၍ထည့်ပြီး မီးဖြင့် ဖုတ်လိုက်ပါလျှင် အလွန်နူးညံ့သော ပြာနုကျပါလေတော့၏။ လိုရာတက် လှမ်းနိုင်ကြပါစေ...

ဤလအတွင်း၌ နက္ခတ္တရောင်ခြည် မဂ္ဂင်း စာဖတ်ပရိသတ်နှင့် အင်္ဂရက် လိုက်စား ပညာသည်များကို လျှို့ဝှက် ချက်ပညာရပ်ကို ဆရာစားမချန် လက်တွေ့ လုပ်နည်းအား တင်ပြရေး သားလိုက်ရပါခြေတော့သတည်း။

နတ်မျက်စိ(ဗိဇ္ဇာရေနယ်ညာ)

www.burmeseclassic.com

www.burmeseclassic.com

ဒွန်းမှုန်တောင်

ရွှေကျင်ရှုထောရ

နှင့် ထူးခြားသော ဂုဟာန်းနှစ်ပါး (၁)

ဂုဟာ မြင်ရသော ဂုတ္တိဟာန်



ပဋ္ဌသာက လိုဏ်ဂူဟာဝင်ဝ

ကုန်းဘောင်ခေတ် နောက်ဆုံးမင်း ဖြစ်သော သီပေါမင်းသည် ကောဇာ ၁၂၄၄ ခုနှစ်၊ တပေါင်းလဆန်း(၁)ရက်၊ အင်္ဂါနေ့(၆–၂–၁၈၈၃)တွင် တောင်တော် ဆရာတော်ဦးမာလာအား **"မာလာလင်္ကာရ သာသနဓဇ ဓမ္မ သေနာပတိ မဟာဓမ္မ ရာဇာဓိရာဇ ဂုရု"** တံဆိပ်တော်နှင့်..

ရွှေကျင်ဆရာတော် ဦးဇာဂရအား **"ဇာဂရာဘိဓဇ သာသနပါလ ဓမ္မ သေနာပတိ မဟာဓမ္မရာဇာဓိရာဇ ဂုရု"** တံဆိပ်တော်များကို သုဓမ္မာတော်တွင် တံဆိပ်တော်ရ ဆရာတော်တို့ အစုံအညီ လှူဒါန်းပြီးလျှင် သာသနာပြု(သာသနာပိုင်)အဝပ်သည့် အမိန့်တော် ပြန်တမ်းကို ဖတ်ကြားစေလျက် သာသနာပြု(သာသနာပိုင်) အပ်နှင်းတော်မူသည်။

ရွှေကျင်ဆရာတော်ကြီးကား ထို ဘွဲ့တံဆိပ်တော်နှင့် သာသနာပိုင် အဖြစ်များကို သည်းခံတော်မမူဘဲ ရှောင်လွှဲတော်မူပြီးကာ **အပ္ပေါသုက္က ဥပေက္ခီတစိတ္တ**– (ကြောင့်ကြမဲ့ လှုပ်လှုပ်ရှားသောစိတ်)ဖြင့် မြို့တော်မှ ခွာ၍ တောတောင်ခိုဝင်ကာ နေထိုင်တော်မူ၏။

ရွှေကျင် ဆရာတော်ကြီးသည် ခင်းတုန်းမင်းလှူဒါန်းသော ဘွဲ့တံဆိပ်တော်ကိုလည်း လက်မခံ၊ ငြင်းပယ်တော်မူဖူးခဲ့လေသည်။

ဆရာတော်ကြီးသည် မြစ်ကွေ့မြို့ (မကွေးမြို့) အရှေ့တောင်ထောင့်ယွန်း ယွန်း(၇)တိုင် (၁၄ မိုင်ခန့်)ကွာဝေးသော ဝါးရုံချောင်၊ နွားမှန်တောင်ထက် ဝယ် တဲကျောင်းကလေးဖြင့် သီတင်းသုံးကာ **"ပဋ္ဌသာက"** ဥမင်လိုဏ်ဂူတွင် တရားကမ္မဋ္ဌာန်း ကျင့်ကြံ အား ထုတ်တော်မူသည်။

ရွှေကျင်ဆရာတော်သည် တောင်တော် ဆရာတော်ဦးမာလာထက် ဝါငယ်သော်လည်း စာပေအရာတွင် ထူးချွန်ထက်မြက်သဖြင့် ရှိမှကားရွာ၌ သီတင်းသုံးစဉ် ဦးမာလာက ချဉ်းကပ်၍ ပညာသင်ယူခဲ့ဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com

ဆောရာစာမ်း ဆိုင်ဆုတ်
လိုက်တွင်ဆရာစာမ်း

ရတနာပုံနေပြည်တော် ရွှေကျင်တိုက်မတွင် သီတင်းသုံးသောအခါတွင် လည်း ဦးမာလာသည် (ပျူရွှေဟောင်းမြို့)ဟန်လင်းရွာ၌ သာသနာပြုနေရာမှ ရွှေကျင်ဆရာတော်ထံ လာရောက်၍ နှုတ်ဆက်အဝဝကို ဆည်းပူးသင်ယူသည်။

မင်းတုန်းမင်း၏ညီတော် အိမ်ရှေ့စံ ကနောင်မင်းသားသည် ရတနာပုံနေပြည်တော် နန္ဒာကန်တော် အရှေ့မြောက်ထောင့်အရပ်ရှိ **"ရင်ခတ် ထောင်"**တွင် ကျောင်းတည်ဆောက်ကာ ကျောင်းထိုင်ဆရာတော် ရလိုကြောင်း ရွှေကျင်ဆရာတော်ကြီးထံ လျှောက်ထား တောင်းခံခဲ့သည်။

ရွှေကျင်ဆရာတော်က ဦးမာလာအား တာဝန်ပေးသဖြင့် အိမ်ရှေ့မင်းကျောင်း၌ သီတင်းသုံးတော်မူရသည်။

မင်းတုန်းမင်းသည် ရွှေကျင်ဆရာတော်နှင့် တောင်တော်ဆရာတော် နှစ်ပါးအား လွန်စွာ လေးမြတ်လှသဖြင့် ဘွဲ့တံဆိပ်တော်များ ကပ်လှူဖူဇော်ရာ တောင်တော် ဆရာတော်ကသာ လက်ခံ၍ ရွှေကျင်ဆရာတော်က ငြင်းပယ်တော်မူခဲ့လေသည်။

ရွှေကျင်ဂူတောရ

ဆရာဦးအံ့ကျော် ရေးသားသည့် မြန်မာမင်းများလက်ထက်၊ နောက်ဆုံး သာသနာပိုင်၊ တောင်တော်ဆရာတော် အကြောင်း ဆောင်းပါးတွင် အဆက်ပါအတိုင်း ဖတ်ရှုခဲ့ရပါသည်။

ထို့နောက် နွေနှောင်းကာလတစ်ခုတွင် မကွေးမြို့နယ်၊ သာစည်ကျေးရွာသို့ အလည်အပတ်ရောက်ခဲ့စဉ် သာစည်ရွာသား မောင်ထွန်းလင်းအောင် ကူညီပို့ဆောင်ပေးသဖြင့် ရွှေကျင်ဆရာတော်ကြီး တောဝင် သီတင်းသုံးတော်မူသော ရွှေကျင်ဂူတောရသို့ သွားရောက် လေ့လာဖြစ်ခဲ့သည်။

မကွေး မိကျောင်းရဲ့ ကားလမ်းအတိုင်း (၁၂)မိုင်ခန့်အကွာတွင် ကွေ့ချောင်းခံတပ်သို့ လမ်းညွှန်ဆိုင်းဘုတ်နှင့်အတူ လမ်းခွဲကို တွေ့ရ၏။

ထိုလမ်းခွဲမှတ်တိုင်မှ မိကျောင်းရဲ့ ကားလမ်းအတိုင်း နှစ်မိုင်ခန့် ခရီးဆက်သောအခါ ရွှေကျင်ဂူတောရအဝင် လမ်းခွဲသို့ ရောက်လေသည်။

အတွင်းသို့ (၅)မိနစ်ခန့်သာ (ဆိုင်ကယ်မောင်း) ဝင်ရသည်။ ရွှေကျင်ဂူတောရဟူသော ဆိုင်းဘုတ်နှင့် တောရကျောင်းတိုက်ကြီးကို တွေ့ရ၏။

ကျောင်းတိုက်ရှေ့ သစ်ပင်ရိပ်တွင် ဝါးကုလားထိုင်တစ်လုံးဖြင့် သီတင်းသုံးနေသည့် ခန်းနေဦးပဉ္စင်း ဦးဝိမလအား ဖူးတွေ့ ဧလျောက်ထားရာ လိုလားစွာပင် လိုက်ပါကူညီပေးသည်။

ရွှေကျင်ဂူတောရ၏ လက်ရှိကျောင်းထိုင်ဆရာတော်မှာ ဦးပညာတမဖြစ်၍ ပြည်မြို့ ဗာရာဏသီစာသင်တိုက်တွင် သီတင်းသုံးတော်မူစဉ် ရွှေကျင်ဂိုဏ်း ဆရာတော်ကြီးများ တာဝန်ပေးသဖြင့် ကြွရောက် တာဝန်ယူရခြင်းဖြစ်ကြောင်း သိရသည်။

ယင်းဆရာတော်မှာ ခရီးထွက်ကြွနေခိုက်ဖြစ်၍ ဖူးတွေ့ရခြင်းမရှိပေ။

ပဉ္စဃကလိုဏ်ဂူ

ဦးပဉ္စင်းမှာ တပ်မတော်မှ အနားယူ

www.burmeseclassic.com

www.burmeseclassic.com

ပြီးနောက် ရဟန်းဘောင် ဝင်ရောက်ကာ ဤတောရ၌ သီတင်းသုံး အားထုတ်နေသည်မှာ (၁၅)ဝါရှိပြီဖြစ်ကြောင်း သိရပေသည်။

ဦးပဉ္စင်းက ရွှေကျင် ဆရာတော်ကြီး ကမ္မဋ္ဌာန်း အားထုတ်ခဲ့သည့် **"ပဥ္စသက"** ဥမင်လိုဏ်ဂူရှိရာသို့ ခေါ်ဆောင် ပြသပေးသည်။

ဥမင်အဝတွင် သွပ်မိုး စောင်းတန်းတည်လုပ်ထား၏။ အတွင်းသို့ နိမ့်ဆင်းသွားသော ဥမင်လိုဏ်မှာ အကျယ်(၇) ပေ၊ အလျား(၁၂)ပေခန့် ရှိသည်။ နံရံအနီးတွင် ဘုရားစင်ပြုလုပ်ကာ တင်ပျဉ်ခွေရုပ်ပွားတော်အချို့ ပူဇော်ထားသည်။

မကွေးဒေသ၏ ပြင်းထန်လှသော နွေနေခင်း အပူဇောမှ ကင်းလွတ်ခွင့်ရသောနေရာဖြစ်ကာ ဆောင်းရာသီတွင်လည်း နွေးထွေးသည့် ဆိတ်ငြိမ်ရာနေရာဖြစ်ကြောင်း သိရ၏။

တဲကျောင်းရာ

လိုဏ်ဂူမှ ပြန်ထွက်လာပြီးနောက် ဦးပဉ္စင်းက ဆွမ်းစားဆောင်အနီးမှ ဖြတ်ကျော်ဝင်ရောက်၍ ဝါးတုတ်တစ်ချောင်းကို ကောက်ယူ၏။

'အသက်(၈၀)နီးလာတော့ ဒူးတွေ မကောင်းတော့ဘူး၊ တောင်ဆင်းလမ်းပို့တောင်အားပြုမှ ရတယ်'

ပြောပြောဆိုဆိုပင် ဆွမ်းစားဆောင် အစွန် တောင်ကုန်းအဆင်းလမ်းအတိုင်း ရှေ့ဆောင်သွားသဖြင့် နောက်မှ လိုက်ပါခဲ့သည်။ ဆယ်မိနစ်ခန့် ကြာသော် လက်ဝဲဘက်တောင်ကုန်းသို့ တက်ပြေန်သည်။

'ရွှေကျင်ဆရာတော်ကြီး သီတင်းသုံးစဉ်က ဆိုရင် ဒီတောင်ခြေအထိ ဇရပ်ရောက်သတဲ့။ ဇရပ်ကိုဆိုက်ပေါ့။ ပြစ်ရော တောင်ခြေကို ရစိုက်ပြီး စီးဆင်းတယ်။

အခု နှစ်ပေါင်း(၃၀)ခံကျော်ကြာတော့ မြစ်ကြောင်းပြောင်းပြီး တောင်ဘက်ဝေးဝေးကို ရောက်သွားပြီ။ ဟိုတုန်းက ကုန်းလမ်းခရီး မရှိသေးဘူး။ ဆရာတော်ကြီးက လှေနဲ့ ကြွလာရတယ် ဆိုပါတယ်'

ဤတောင်ကား **နွားမှုန်တောင်**ပေတည်း။

အတက် ကမူတွင် အသက်ရှူမြန်စပြုခြင်းမှာ ကုန်းထိပ်သို့ ရောက်၏။

ရွှေကျင်ဘုရားကျောင်းတိုက်

ရွှေကျင်ဆရာတော်ကြီး၏ တဲကျောင်းရာ

ရွှေကြွေများ မင်းမူလျက်ရှိသော ကမူထိပ် မြေကွက်လပ်ကို ညွှန်လျက်...

'ရွှေကျင်ဆရာတော်ကြီးရဲ့ တဲကျောင်းအရာပဲ။ တဲကျောင်းကတော့ ပြိုပျက်သွားပါပြီ'

ဟု မိန့်ကြား၏။

ရွှေလ ဆက်တင်ပါရန်

ဘုန်းကျော်စွာ
(ဖြိုင်တက္ကသိုလ်)

www.burmeseclassic.com

www.burmeseclassic.com

မောင်ဇော (LL.B)

အာရုံသိပြင့် ထွဋ်ခဲ့သော

ကျောက်မျက်နှာ



ကျောက်မျက်နှာ၏ အရောင်အဆင်းမှ တွေ့မြင်ရပုံ

လူအောင်းအဓိဋ္ဌာန် (၇၉)ရက်ပြည့် သောနေ့၏ ညနေပိုင်းတွင် အဓိဋ္ဌာန် ဝင်စဉ် ထူးခြားသော အာရုံတစ်ခု ပေါ်လာသည်။ ဝတ်ဖြူစင်ကြယ်၊ ဝတ်ဆင်ထားသောလူတစ်ဦး၊ ဂူ၏ အနောက်ဘက် သစ်ပင်အောက်မှာ ရပ်နေသည်။

မိမိကို သူညာလက်ဖြင့် လက်ယပ် ခေါ်နေသည်။ သူ့မျက်နှာကို အနီးကပ် မြင်ရသောအခါ အကူအညီတစ်ခုခု တောင်းချင်ပုံရသည်။

သို့သော် သူ့နှုတ်က မည်သည့် စကားသံမှ ထွက်ပေါ်လာခြင်း မရှိပေ။ ထို့နောက်အာရုံထဲမှပျောက်သွားသည်။

အဓိဋ္ဌာန်ဖြုတ်ပြီးသည်နှင့် ထိုနေရာ ကို သွားကြည့်မိသောအခါ အာရုံထဲမှ ဝတ်ဖြူစင်ကြယ်နှင့်လူ ရပ်နေသော သစ်ပင်အောက်တွင် ခါးလောက်မြင့် သော ခြံတောင်ပို့ကို တွေ့ရှိရသည်။

ထို ခြံတောင်ပို့ပေါ်မှာ ထောင်လျက် ရှိနေသော **ဖြူပါရောင်ကျောက်သား မျက်နှာပုံတစ်ခုကို** အံ့သြဖွယ် တွေ့ မြင်ရပေသည်။

ပထမတွေ့စက ကြောက်ရွံ့မိသည်။ မျက်လုံးဟောက်ပက်နှင့် ခေါင်းတစ် ခြမ်း ခုတ်ဖဲ့ခံထားရသလို၊ နားရွက် တစ်ဖက်ပြတ်နေသော ပါးစပ်ပေါက် ကျဉ်းကျဉ်းနှင့် လူအရိုးခေါင်းပုံနှင့် တူခြင်းကြောင့်ဖြစ်သည်။

သေသေချာချာ ဂူးစိုက်ကြည့်လိုက် တော့မှ ကြောက်ရွံ့စိတ်ပျောက်သွား ပြီး ကရုဏာစိတ်ဝင်မိပေသည်။ သူ့ မျက်နှာပုံက အကူအညီတစ်ခုခု လိုချင် နေပုံဟု ထင်မိသောကြောင့်ဖြစ်သည်။

ခေတ္တမျှအာရုံပြုကြည့်ရာ သူ့ကို ဤနေရာမှ ယူဆောင်သွားစေလို သော ဆန္ဒရှိကြောင်း အာရုံမှာ ထင်ပြင် လာသဖြင့် ထိုကျောက်မျက်နှာကို ယူဆောင်လာခဲ့ပါတော့သည်။

ထိုကျောက်မျက်နှာ၏ အလျားမှာ ၁၆ လက်မခွဲခန့်ရှိပြီး မျက်နှာအကျယ် မှာ သုံးလက်မခွဲခန့်သာ ရှိသည်။ အလေးချိန်မှာ ငါးဆယ်သားကျော် မည်ဟု ခန့်မှန်းရသည်။

ကိုယ့်နေရာပြန်ရောက်တော့ ဗီရိုထဲ မှာ ထည့်ထားလိုက်သည်။ အပြင်မှာ တော့ မထားရဲပါ။ ကိုယ့်ဆီလာသူများ က ဤကျောက်မျက်နှာကို ရုတ်တရက် မြင်ကြလျှင် ကြောက်ရွံ့စိတ်၊ ရွံရှာစိတ် ဖြစ်နိုင်သလို၊ ကျက်သရေမရှိသော ပစ္စည်းအဖြစ် ဝေဖန်ကဲ့ရဲ့ကြမည်ကို စိုးရိမ်သောကြောင့်လည်း ဖြစ်သည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုကျောက် မျက်နှာကို ရရှိပြီးချိန်မှစ၍ အဆင်မပြေ တာတွေ တစ်ခုပြီးတစ်ခု ကြုံရသည်။ အထက်လူကြီး၏ ပြိုင်ပွဲခံရခြင်း၊ ရင်းနှီးသူများ၏ အထင်လွဲခံရခြင်း၊ ယခင်လို လာဘ်လာဘမရှင်ခြင်း စသည်ဖြင့် အခက်အခဲ အကျပ် အတည်းတွေ ဖြစ်ပေါ်လာပါသည်။

အာရုံ ပြုကြည့်လိုက်သောအခါ ကျောက်မျက်နှာက အလိုမကျသောပုံ၊ မပျော်မရွှင်ဖြစ်နေသောပုံ မြင်ရသည်။ ထို့ကြောင့် ကျောက်မျက်နှာကို လွှင့်ပစ်ရမလား (သို့မဟုတ်) တစ်စုံ တစ်ယောက်ထံ ပို့ပေးရမလား၊ ဘယ် မှာ သွားထားသင့်လည်းတို့ကို အာရုံခံ ကြည့်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

ရင်းနှီးသော အမျိုးသားကြီးတစ်ဦး ထံသွားပို့ရန် အာရုံမှာ ထင်မြင်လာသဖြင့် အချိန်မဆိုင်းတော့ဘဲ ထိုကျောက်မျက်နှာကို ယူဆောင်၍ အာရုံမှာထင်လာသော အမျိုးသားကြီး အိမ်သို့ သွားရောက်ပို့ဆောင်ကာ အကျိုးအကြောင်း ပြောပြခဲ့ပါသည်။

ထိုကျောက်မျက်နှာ သွားပို့ပြီးတော့မှ အဆင်မပြေမှုများ လျော့နည်းသက်သာကာ ရင်းနှီးသူများ၏ အမြင်ကြည်လင်လာခြင်း၊ လာဘ်လာဘယခင်လို ရွှင်လန်းလာခြင်း ပြန်ဖြစ်လာပေသည်။

အထက်ပါ ကျောက်မျက်နှာကို **ကရင်ပြည်နယ်၊ မြဝတီမြို့၏ အနောက်မြောက်ဘက်ရှိ မဲ့ပလယ်တောင်မှ ရရှိခဲ့ခြင်းဖြစ်ပြီး [ကျောက်မျက်နှာ ရရှိခဲ့သူမှာ တောရဟန်းတစ်ပါး ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလအတွင်း ကြုံတွေ့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။]**

လွန်ခဲ့သောတစ်နှစ်ခန့်က စတင်သိကျွမ်းရင်းနှီးခဲ့သော ကရင်ပြည်နယ်မှ တောရိပ်ပြည်းပဉ္စင်းတစ်ပါး လာရောက်ပေးအပ်သွားသည့် လူမျက်နှာနှင့် တူသော ကျောက်မျက်နှာကို ကျွန်ုပ်၏ နေအိမ်ဧည့်ခန်းရှိ မှန်ဗီရိုအတွင်း ထည့်သွင်းထားလိုက်သည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုကျောက်သားမျက်နှာ အိမ်ကိုရောက်လာသည့် နေ့မှစ၍ (၃)ရက်တိတိ ငွေလုံးဝမဝင်ဘဲ ထွက်ငွေ အထူးပိုများကြောင်း တွေ့ရှိရပါသည်။

ကျွန်ုပ်လည်း ထိုကျောက်မျက်နှာကို မှန်ဗီရိုအတွင်းမှ ပြန်ထုတ်ယူ၍ ပါးစပ်ပေါက်နေရာတွင် ကြေးနန်းကြိုးသွင်းကာ အိမ်အပြင်ဘက် အမြင့်တစ်နေရာမှာ ပြောင်းပြန်တန်းလန်း ချိတ်ထားလိုက်ပါသည်။

အမှန်တော့ သုတေသနပြုကြည့်ခြင်း ဖြစ်ပါသည်။

ကျောက်မျက်နှာ၏ အနောက်ဘက်မှ ထွေ့မြင်ရပုံ

ကျောက်မျက်နှာကို အတည့်ထောင်ထားပြီး အိမ်အတွင်း၊ ဗီရိုအတွင်းထည့်ထားသည့်အခါ ငွေမဝင် လာဘ်မရွှင် ငွေထွက်များသဖြင့် ထိုကျောက်မျက်နှာကို ဗီရိုအပြင် အိမ်အပြင်ထုတ်၍ ပြောင်းပြန်စောက်ထိုး ထားခြင်းမှာ ကက်ကင်းရိုက်ခြင်းပင် ဖြစ်သည်။

ထူးခြားမှုကို ကြုံတွေ့ရသည်။ ထိုနေ့ထိုအချိန်မှစတင်ကာ ယခင်ထက်ပိုပြီး ငွေဝင်လာဘ်ရွှင် ဖြစ်လာသည်။ ငွေထွက် နည်းသည်။ ကျောက်မျက်နှာကို ကြေးနန်းကြိုးမှကိုင်၍ လှုပ်ပေးလျှင် ငွေဝင်ပိုကောင်းသည်။

ယခင်က (၁)လကြာအောင် ရှာဖွေရသည့်ငွေကြေးကို ယခု (၃)ရက်ခန့်နှင့်ပင် ရရှိသည်။ (၁)လစာကို (၃)ရက်ခန့်နှင့်ရရှိပြီးနောက်ပိုင်း ထပ်၍ များများမရတော့ပါ။

ဤကျောက်မျက်နှာ၏ အစွမ်းသတ္တိက ယခင်ရရှိနေကျငွေကို ပို၍ ပြန်ပြန်ရရှိအောင် ပံ့ပိုးပေးနိုင်သော်လည်း များစွာပိုလျှံအောင် မစွမ်းနိုင်ကြောင်း တွေ့ရှိရသည်။

သူ့ကို ဆက်၍ သုတေသနပြုကြည့်ရပါဦးမည်။ ဤလောကတွင် ကျွန်ုပ်တို့ သာမန်လူသားများ၏ အသိ၊ အမြင်ဖြင့် လက်လှမ်းမမှီနိုင်သေးသော အထူးအဆန်းများစွာရှိနေကြောင်း လက်ခံရပါလိမ့်မည်။

အသုံးချတတ်လျှင် အသုံးဝင်ပြီး အကျိုးရှိနိုင်သလို၊ အသုံးမချတတ်လျှင် အသုံးမဝင် အကျိုးမရှိသည့်အပြင် အကျိုးဆုတ်ယုတ်ခြင်းကိုပင် ဖြစ်စေတတ်ကြောင်း ဤဖြစ်ရပ်က သာဓကတစ်ခုသာ ဖြစ်ပေသည်။

ကျောက်မျက်နှာနှင့် ပတ်သက်၍ နောက်ဆက်တွဲ အကြောင်းထူးရှိလျှင် ထပ်မံ ဖော်ပြပေးပါဦးမည်။

စာဖတ်သူများအနေဖြင့် ယခုလို ကျောက်မျက်နှာမျိုးဖြစ်စဉ် မတိမ်းမယိမ်းတူညီသော အတွေ့အကြုံမျိုး ဖြစ်ခဲ့ဖူးပါက ဆောင်းပါးရေးသားတင်ပြပေးပါရန် မေတ္တာရပ်ခံလိုက်ပါသည်။

စေတနာမှန်လျှင် ကံကောင်းမည်။

အောင်စ (LL.B)

နယ်မြေများရောင်းဖြေးမည့်လုပ်ငန်း ၁၈၅

www.burmeseclassic.com

www.burmeseclassic.com

အဖွားစောရဲ့ ရွှေရူးဆိပ်ပြေးကိစ္စ

သုန်ခိုင်ဝင်း

အဖွားကုလားလေး(၈၀-နှစ်)

စစ်ကိုင်းတောင်ရိုး၊ ငါးချက်ရွာအနီးရှိ ကေတုမတီချောင်မှ အသက် (၈၁)နှစ်ရှိပြီဖြစ်သော အဖွားစောခေါ် သီလရှင်ကြီး ဖွားကုဏ္ဍလသည် ဆေးဆရာမျိုးဆက်ဖြစ်ကာ ရှေးမြန်မာဘုရင်ခေတ် ရက္ခစိုးမှော်အောင်သည်ဟု ကျော်ကြားသည့် သမားတော်ဆရာကောက်၏ မြစ်တော်သူဖြစ်သည်။

အဖွားထံသို့ သူ၏ မောင်ဖြစ်သူ **ဦးအောင်သန်း (ကလောင်အမည် စိန်မြရွှေ)**က လမ်းညွှန်လိုက်သဖြင့် သွားရောက် တွေ့ဆုံဖြစ်ခဲ့သည်။

ခွေးရူးဆိပ်ခ(ဖြေ)ရာတွင် နာမည်ကျော်ကြားသည့် အဘွားစောက ဤသို့ ပြောပြသည်။

အဖွားစော၏ ဘကြီး(ဖခင်ဦးယုံ)၏ အစ်ကိုဦးဖဲ့သည် ရောဝတီမြစ်အတွင်း လောင်းလှေတစ်စီးဖြင့် လှော်ခတ်သွားစဉ် မမျှော်လင့်ဘဲ ဝဲဂယက်တစ်ခုတွင်း ဝင်မိကာ ချာချာလည်နေတော့သည်။

သို့ဖြစ်စဉ် လှေဦးကို ဝဲအလယ်ဗဟို သို့ ဦးတည်၍ အားကုန်လှော်ခတ်ရာ မကြာမီ ဗဟိုရေအောက်သို့ လှေနှင့်အတူ ဦးဖိုက်ဆင်းသွားလေသည်။

အတန်ကြာအောင် ဆင်းသက်၍ မြေပြင်သို့ လှေဦးစိုက်ချိန်တွင် ပတ်ဝန်းကျင်၌ ရေများ မရှိတော့ဘဲ လိုဏ်ဂူအတွင်းသို့ ရောက်နေသည်ကို တွေ့ရ၏။ အတွင်း၌ ဝိတ်ဖြူဝတ် အဘိုးအိုတစ်ဦးစောင့်ကြိုနေသည်။

'ငါ့မြေး... သီလတော့ လုံခဖယ်နော်'

'ဟုတ်ကဲ့ လုံခြုံအောင် ထိန်းပါတယ်အဘိုး'

ဆရာဖုံမှာ ထိုစဉ်က အသက်(၃၀) အရွယ်ခန့်ရှိ၍ ဆေးဆရာအဖြစ် အသက်မွေးသည်ဖြစ်ရာ သီလကို လုံခြုံအောင် ထိန်းသိမ်းဖြစ်ပါသည်။

'ကဲ... ဒီဟာကြည့် ပဖန့်နော် ဟေဟေရာ ချွာမှတ်သွား'

အဘိုးအို ပြောသမျှ တစ်လုံးမကျန် နားထောင်၍ လုပ်ကိုင်သည်များကို လည်း သေချာစွာ မှတ်သားခဲ့သည်။

ထို့နောက် အဘိုးအိုက ဥမင်လမ်း တစ်ခုအတိုင်း ဦးဆောင်ခေါ်ငင်သွားရာ ဥမင်ဆုံးသောအခါ မိမိနေထိုင်ရာ အနီးတောစပ်သို့ ရောက်နေသည်ကို တွေ့မြင်ရလေသည်။

'ဒီလိုနဲ့ ဘကြီးဖုံက **ခွေးရူးဆိပ်ရေ နည်း**ကို ရခဲ့တယ်။ သူ့စည်းကမ်းက...

၁။ တခြားဘဝဦးတစ်ယောက်ကို ပြန်ပြီး မယင်ပေးရတာ။

၂။ လူနာရှင်က ဆန်တစ်ပြည်၊ ငွေတစ်မတ်၊ လက်ဖက်စိမ်းတစ်ထုပ် ပွဲတင်ရတယ်။

၃။ ဆရာအပေါ် ယုံကြည်ရမယ်။ ယုံကြည်ရင် လုပ်ပေးလို့ မရဘူး။ ပျောက်ပို့မလားလို့ စိတ်ထင့်နေရင် သံသယရှိနေရင် လုံးဝ မအောင်မြင်ဘူး။ ဆရာအပေါ် အကြွင်းမဲ့ ယုံကြည်ရပါတယ်။

၄။ အသိပေးချင်းတဲ့နေ့ကစလို့ သုံးရက်အတွင်း ရေမချိုးရဘူး၊ ပိုးရေတစ်ပေါက်ထောင် မထိရဘူး။ အဲဒါမစားရဘူး၊ ရေနွေးကြမ်းတောင် မသောက်ရဘူး။ ကျန်တဲ့ ချိန္ဒိုင်ခန့်မှန်းဆိုပ်တာတွေ အကုန်စားလို့ရတယ်။

အနောက်တိုင်းဆေး၊ မြန်မာဆေး ဘာဆေးမှ မထိုးရ၊ မစားရဘူး။ တခြားဆရာနဲ့ ထပ်မကုရဘူး'

'အခုခေတ်မှာ ငွေတစ်မတ် ရှာရခက်သွားပြီလေ။ ခေတ်လဲပြောင်းလာပြီဆိုတော့ တစ်မတ်အစား တစ်ထောင်တို့၊ ငါးထောင်တို့ တင်လို့မရဘူးလား'

'မရဘူးကွယ့် ငွေတစ်မတ်ကို ရှာထားရတယ်။ တစ်ယောက်ယောက်က ယူပြီး လူနာကိုယ်စားပေးရတာပေါ့။ ဆရာကိုယ်တိုင်ဆော့ စိုက်ပေးလို့ မရဘူး'

'ရောဂါပျောက်လို့ ကန်တော့ရင်ကော'

'မယူရဘူး... ဒါနဲ့ပတ်သက်ပြီး ငွေပစ္စည်း၊ စားစရာ ဘာမှ မယူရဘူး။ ယူခဲ့ရင် ဆုံးပေါက်ပြီး ဆရာ "ခိုက်" တယ်။ မကောင်းတာ တစ်ခုခုကြုံရတယ်'

သင်ပေးချမရဟု ဆိုသဖြင့် အဘွားစော သရုပ်ပြသမျှ လိုက်မှတ်ရ၏။ **''အဖွားတို့လဲ ဘကြီးလုပ်ကားကို ခိုးပြီး မှတ်ခဲ့ရတယ်''** ဟု ကြိုတင် ပြောထားလေသည်။

စာမျက်နှာ (၁၆၇) သို့

www.burmeseclassic.com

www.burmeseclassic.com

မနှိပ်အင့်အော နှိပ်ကျက်တစ်ကျက်



ကျွန်ုပ်သဲ့ည် တစ်ချိန်က အားကစား သမားတစ်ဦး ဖြစ်ခဲ့သလို ယနေ့တွင်လည်း အားကစားလောကနှင့် မျက်ခြည်မပြတ် အမြဲ လေ့လာလျက် ရှိပါသည်။ လူငယ်အားကစားသမား များသည် အရည်အချင်းရှိလျက်နှင့် မထင်မှတ်သော အကြောင်းအရာ တစ်ခုကို သတိမပြုမိသောကြောင့် အရေးနိမ့် ဆုံးရှုံးတတ်ကြပါသည်။

ထိုကဲ့သို့ အရေးနိမ့်ဆုံးရှုံးခြင်းမှ ကင်းဝေးကြစေရန် ရည်ရွယ်ပြီး **မနှိပ်သင့်သော - နှိပ်ကျက်တစ်ကျက်ကို** စေတနာဖြင့် မေတ္တာထားကာ ရေးသားအပ်ပါသည်။

မြန်မာ့အကြောပြင်ကျမ်းမှ
မနှိပ်သင့်သော နှိပ်ကျက်တစ်ကျက်

အားကစား (ကာယလေ့ကျင့်)သော သူများသည် ခြေသလုံးမောင်းထိပ်ကြောကို လုံးဝ မနှိပ်ရ။ အထူးသတိပြုပါ။

ထိုအကြောကိုနှိပ်ပြီး ပြေးပွဲဝင်ပါက ပထမ တာထွက်စတွင် အထူးလျင်မြန်သော်လည်း တဖြည်းဖြည်း ခြေထောက် လေဟာသွားပြီး လုံးဝ ပြေးမရသော အခြေအနေသို့ ရောက်သွားမည် ဖြစ်ပေသည်။

သွေးအားနည်းသော သူများကိုလည်း လုံးဝ မနှိပ်ရ။ ခြေထောက်ဆွဲသွားတတ်သည်ဟူ၍ မြန်မာ့အကြောပြင်ကျမ်းတွင် ဖော်ပြထားသည်။

ထို့ပြင် ကျွန်ုပ်ကိုယ်တွေ့မှာ... တစ်နေ့သဲ့ ကျွန်ုပ်တို့ ဘောလုံးအသင်းကန်ကြရာတွင် ပွဲမစတင်မီ ခြေကန်အားကောင်းသော ကျွန်ုပ်တို့ ၏ ဘောလုံးအသင်းခေါင်းဆောင်ကို ဘောလုံးကန်ရာတွင် ခြေဝိုမိုပေါ်လွင်စေရန်အတွက် ခြေသလုံးအား နှိပ်ပေးကြရာတွင် ခြေသလုံးမောင်းထိပ်ကြောကို မသိနားမလည်ဘဲ နှိပ်ပေးမိပါသည်။

ထို့ကြောင့် ပွဲစစခြင်း ခြေကန်အား နှင့် အပေးအယူ ကောင်းမွန်နေသော်လည်း ကျွန်ုပ်တို့၏ တိုက်စစ်မှူးမှာ ကြာလာသောအခါ ခြေဟာလာပြီး လိုရာသို့ စိတ်တိုင်းကျ အပေးအယူ မလုပ်နိုင်တော့သဖြင့် ကျွန်ုပ်တို့ ဘောလုံးတစ်သင်းလုံး အရေးနိမ့်ကာ ဆုံးရှုံးခဲ့ဖူးပါသည်။

အထက်ပါ ကျွန်ုပ်ကိုယ်တွေ့အဖြစ် အမျက်ကို မြန်မာ့အကြောပြင်ကျမ်း အရှိုပါ ပေါင်းစပ်ပြီး ယနေ့ အားကစား သမားများ သတိလစ်ပြီး ခြေသလုံး မောင်းထိပ်ကြောကို မှားနှိပ်တတ်သော မထင်မှတ်သော် နှိပ်ကွက်တစ်ကွက် သည် များစွာ နစ်နာနိုင်သောကြောင့် ယနေ့လူငယ်အားကစားများ သတိလက်လွတ် မပြုလုပ်မိစေရန် ရည်ရွယ်ပြီး မေတ္တာရှေ့ထားကာ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ စေတနာဖြင့် ရေးသားအပ်ပါသည်။

ယျာမင်းထွဋ်(ဆတုံ)

စာမျက်နှာ (၁၆၆)မှ အဆက်

ဘယ်လိပ်နှိပ်(နီးတုပ်ရာတွင် လက်ယာရစ်သော် လိပ်လေ့ရှိ၏။ ဘယ်လိပ်နှိပ် လက်ဝဲရစ်လိပ်သော နီးချက်အစကို ဖြတ်ယူထားခြင်း ဖြစ်၏။) ဖြင့် ထုံးတို့ကာ ခြေဖဝါးရှိ (ဖနောင့်မှစ၍) ဝ,ကွက်သည်။ (ဝလုံးပုံစံ ရေးသည်) ယင်းနောက် ဂါထာရေး၏။ ဂါထာဆုံးသော် ဝ,ပြန်ဝိတ်၏။ ဆရာဖြစ်သူ၏ ခြေဖြင့် ရေးခြင်းဖြစ်သည်။

'ဝ ဟူ ကြရေး ကြွရယ် သွာဟ ဝ'

ဟူ၍ ရေးပြီးသောအခါ ထိုဂါထာဖြင့် ပင် (၇)အုပ်မန်းသည်။ ယင်းနောက် လူနာကို ကျောအထက် ပလာကျင်း၍ (မိန်းမဖြစ်လျှင် ရင်ဂျာ၌) ထိုင်စေ၏။

ဆရာက နောက်မှ ရပ်လျက်...

'ဂါထာတော်နှင့်ဆင်းရဲ... ကျန်းသား (ဒွေးကိုက်)ရောဂါ လူနာ၏ နေ့ရဲ့ကယ် ဒွေးထိပ်များ ဖယ်ရှားလိုပါ၏။ ဆန်တစ်ပြည် ငွေထပ်တံ၊ လက်ဖက်တစ်ထုပ် ပူတော်ပါ၏။ ဒွေးထိပ်များ ဖယ်ရှားပေးပါ'

ဟု တိုင်တည်သည်။ ထို့နောက် လူနာအား...

'ယုံကြည်ရဲ့လား'

ဟု မေး၍ လူနာက **"ယုံကြည်ပါတယ်"** ဟု ဖြေသည်။ သုံးကြိမ်သုံးခါ မေးပြီးသောအခါမှ ခန္ဓာကိုယ်လက်ဝဲဘက်တွင် အကိုက်ခံရပါက ကျောတွင် လက်ယာဘက်၊ ခန္ဓာကိုယ် လက်ယာဘက်တွင် အကိုက်ခံရပါက ကျောတွင် လက်ဝဲဘက်၌ **ဆရာက ဆေးမန်း(ထုံးရေ)ထားသော ခြေဖဝါးဖြင့် အသက်အောင့်လျက် (၇) ချက်ခန်းပေးလေသည်။**

ဒွေးထိပ် ရှင်းပြီးပါပြီ။ သုံးရက် အတွင်း ပကတိ ပြန်လည်ကောင်းမွန်သည်ဆို၏။ ဆရာကိုယ်တိုင် လက်ထပ် (တိုက်ရိုက်)သင်ကြားပေးခြင်းမပြုရဟု တားမြစ်ထားသည့်ဂျာကုထုံးကို အဘွားစော သရဖီပြသမျှ မှတ်သားတင်ပြခြင်း ဖြစ် ပါသည်။ အစွင်းထက် မြန်မာ့ဂျာထုံး တစ်ခုအဖြစ် မှတ်တင်းကျန်ရှိပေမည်ဟု ယုံဆမျော်လင့်လျက်...

ဝွန်ဝိုင်းဝမ်း

www.burmeseclassic.com

www.burmeseclassic.com

ကိန္နရီ အမှတ်တံဆိပ် ကန္တရဝတီ ဆေးတိုက်

ကြက်လည်ဆံ ဆီးဆေး

Vitex-Penduncularis

သုံးစွဲနိုင်သောရောဂါများ

ဆီးချို၊ ဆီးကျောက်တည်
ဆီး(နီ၊ဝါ၊လွန်၊နည်း၊များ) ခြင်း၊
ဆီးမထိန်းနိုင်ခြင်း၊ ဆီး(ကျဉ်၊အောင့်)
ဆီးပူညောင်းကျ၊ဆီးကြောင့် မျက်စိ
မှုန်ပြာဝေခြင်း၊ သွေးတိုး၊ ဇက်ကြော
တက်၊အသည်းရောင်အသားဝါ
ရောဂါများအတွက်သက်သာစေပါသည်။

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်

TMR 007860 (1114)

Diseases to be applied
Diabetes,urine-stone, urine (red, yellow, excess,minimization, mixtimization),uncontrollabe urine, urine (tingling, cramping), heating,dimming eyes due to urine, hypertension, nape pain, hepatitis can be relieved.

TMR 007860 (1114)

Source-741, Dana Theikdi street,
Ward 8, Mayangone Township,
Yangon, Myanmar,
Ph: 095140389/09420007085

ပင်ရင်း-ကိန္နရီ အမှတ်တံဆိပ်၊ကန္တရဝတီဆေးတိုက်၊အမှတ်-၇၄၁၊ဓနသိဒ္ဓိလမ်း
(၈)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၁၄၀၃၈၉ ၊ ၀၉ ၄၂၀၀၀၇၀၈၅

www.burmeseclassic.com

www.burmeseclassic.com



အဆင်ဘက်မှာက်နာပြန်ကို ထွေ့ရစဉ်

ကျောဘက်မှာက်နာပြန်ကို ထွေ့ရစဉ်

သာယာကုန်း (မကွေး)

ဆင်းရဲ ကျောက်ပြတ်ခုပ်ကြွေးပေးဆပ်

သိရှိသူ ပညာရှင်များမှ ဖြေကြားပေးပါရန်

တစ်နေ့သော အခါသမယတွင် ကျွန်တော်သည် **မကွေးမြို့နယ်၊ မြင်ကွန်းအုပ်စုအတွင်းရှိ သာယာကုန်း**ဟူသည့် ဇာတိချက်ကြေ မွေးရပ်မြေရွာကလေးသို့ အလည်တစ်ခေါက် ပြန်ခဲ့လေသည်။

ထိုသို့ ပြန်လာခဲ့ရာ လမ်းတွင် အထက်မင်းလှမြို့နယ် အတွင်းရှိ ညောင်ပင်သာရွာ (အရှေ့ရွာ)ကို ဖြတ်သန်း၍ ပြန်ရပေ၏။

ထိုရွာတွင် ကျွန်တော်နှင့် ဆွေမျိုးရင်းချာပမာ ခင်မင်ရင်းနှီးကြသည့် ကိုအေးသိန်း၊ မသင်းသင်းခိုင်(စေတီပုံကျောက်တုံးလေး၊ နက္ခတ္တရောင်ခြည် မဂ္ဂဇင်း၊ ဇူလိုင်လ အထူးထုတ်)တို့ နေထိုင်ကြသည်။

'ဗျို့ တို့ဆရာ့ သာယာကုန်း ပြန်မလို့လား၊ ရေနွေးကြမ်းနဲ့ ယုန်သားကြော်လေး သုံးဆောင်သွားပါဦး'

ရောဝတီမြစ်ကမ်းနဖူး၏ မြေနှင်းမှာ ကိုင်းထွန်နေသော လူတစ်ယောက်က ညောင်ပင်သာရွာထိပ်ကနေ ထွက်လာသည့် ကျွန်တော်တို့ မိသားစုသုံးယောက်ကို လှမ်းအော်ခေါ်၍ နှုတ်ဆက်လိုက်သည်။

'ဩော်... ကိုအေးသိန်းတို့ ဇနီးမောင်နှံပါလား'

'ကျေးဇူးတင်ပါတယ်ဗျာ၊ ပဲ့ထောင် (စက်လေ့) မမီမှာစိုးလို့'

ဟု ကျွန်တော်က ပြန်ပြောလိုက်၏။

ထိုအခါ ကိုအေးသိန်း၏...

'မလာလို့ မရဘူးဆရာ၊ ဟောဒီမှာ ဆရာစာရေးဖို့အတွက် ကျနော်တို့မှာ

www.burmeseclassic.com

www.burmeseclassic.com

ဆေးဘက်ဆိုင်ရာအပြင်းကို ထွေ့ရစဉ်

ဆေးဘက်ဆိုင်ရာအပြင်းကို ထွေ့ရစဉ်

ပစ္စည်းတစ်ခု အခုလေးတင် ကိုင်းထွန်နေရင်း တွေ့ထားလို့'

ဟု ပြန်လည်ပြီး အော်ပြောလေသည်။ စာရေးဖို့ကုန်ကြမ်း ဆိုသည့် အသံ ကြားလိုက်သည်နှင့် တစ်ပြိုင်နက် လျှောက်လက်စ ကျွန်တော့် ခြေလှမ်းများ တုံ့ခနဲ ရပ်သွားသည်။

ထို့ကြောင့် ဇနီးသည်နှင့် သားကို မျက်နှာချိုသွေးရင်း ကိုအေးသိန်းရှိရာ သွားရန် ခွင့်တောင်းလိုက်သည်။

'တို့ဆရာရယ် ဟောဒီမှာ အေးအေး ဆေးဆေး ထိုင်စပ်ပါပြီး ကျုပ် ခုနလေးကတင် ကိုင်းထွန်နေတုန်း ဒီကျောက်ဖြစ် ရုပ်ကြွင်းသည်ကြီး ပေါ်လာတော့လို့ ကြည့်စမ်းပါဦး ဟယ်လို သတ္တဝါတစ်ကောင်ရဲ့ အိမ်သွားကြီးလဲဆိုတာ'

ကိုအေးသိန်း ပြောစကားကြောင့် ကျွန်တော်သည် သွားကြီးကို ဖုန်မှုန့်သဲများ ကင်းစင်အောင် အသေအချာ ရေဆေးကြောပြီး ကြည့်ရှုနေမိသည်။

ကျွန်တော့် ထင်မြင်ယူဆချက် အရမူ ဆင်တစ်ကောင်ကောင်၏သွားဟု ကောက်ချက်ချမိသည်။

အဘယ်ကြောင့်ဆိုပါမူ မြင်ကွန်း အစိုးရ အထက်တန်းကျောင်းတွင် လည်း ယခုကဲ့သို့ သွားကြီးသုံးချောင်း ရှိသည်ကို တွေ့မြင်ခဲ့ဖူးသည်။

ထိုသွားကြီးများမှာ (၂ပေ ၆လက်မ)၊ (၁ ပေ ၉ လက်မ)၊ (၁၀ လက်မ) အသီးသီးရှိကြသည်။ (နောင် အလျဉ်း သင့်ပါက ရေးသားဖော်ပြပါဦးမည်။)

'ကျွန်တော်ကတော့ ဆင်ကြီးတစ်ကောင်ရဲ့ သွားလို့ ထင်တာပဲ၊ ကြဲတုန်း ကြဲခိုက် ပြောရဦးမယ်ဗျ၊ အာဖရိက ဆင်တွေက ကျွန်တော်တို့ အာရှတိုက်က ဆင်တွေထက် ပိုကြီးကြတယ်။

အာရှဆင်တွေက (၁၀)ပေလောက်သာ မြင့်မားကြပြီး အာဖရိကဆင်တွေကတော့ (၁၁)ပေအထိ မြင့်မားကြတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အာရှတိုက်ဆင်တွေပဲ ရှိတယ်။ ဆင်တွေဟာ (၅)ကောင်ကနေ (၁၅)ကောင်အထိ တောထဲမှာ အုပ်စုဖွဲ့ နေထိုင်လေ့ ရှိကြတယ်။

တစ်ခါတစ်ရံမှာတော့ အကောင် (၂၀၀)လောက်အထိ အုပ်စုဖွဲ့နေထိုင် ကြတာမျိုးလဲ တွေ့ရတတ်တယ်။ သူတို့ရဲ့ သက်တမ်းက (၁၀၀)ကျော် အထိ ရှည်တတ်ကြတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့

www.burmeseclassic.com

www.burmeseclassic.com

ဝန်ကွန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ နှန်းစန္ဒာတိုင်းရင်းဆေးခန်း

ဆရာမ ဒေါ်မြင့်စန်း

(၈၁၁-၈၁၅၅) နှင့် တွေ့ဆုံဆွေးနွေးခဲ့သော

သွေးတိုးရောဂါ

ကာကွယ်စောင့်ရှောက်နည်းများ

မြောင်းမြ အောင်ယာဉ်တင်

◆ ဆရာမ ဒေါ်မြင့်စန်း(တာဝေ-ဝေခ၅)

သွေးတိုးရောဂါဟာ ကမ္ဘာနဲ့ အဝန်းဖြစ်ပွားနေပြီး မရိုးနိုင်တဲ့ရောဂါ ဖြစ်ပါတယ်။ သိပ်ဆေးပညာရှင်များက အသံတိတ်လူသတ်သမား (Silent Killer)လို့ တင်စားခေါ်ဆိုတတ်ကြပါတယ်။

သွေးတိုးရောဂါကတစ်ဆင့် ရောဂါအမျိုးမျိုး ဆင့်ပွားဖြစ်တတ်ပါတယ်။ အဲဒီသွေးတိုးရောဂါကို ကြိုတင်ကာကွယ် စောင့်ရှောက်နိုင်ဖို့အတွက် စမ်းချောင်းမြို့နယ်ကို ရောက်တဲ့အခါ **ဆရာမ ဒေါ်မြင့်စန်း(သိမ်ဖြူ)**နဲ့ တွေ့ဆုံ ဆွေးနွေးခဲ့ပါတယ်။

ဆရာမဒေါ်မြင့်စန်းက "နှဂိုးနှစ်ကောင်" အမှတ်တံဆိပ် နှလုံးဆေး၊ သကြားရေစင်ဆေး၊ မျက်စိအားဆေးများကို ထုတ်လုပ်လျက်ရှိတဲ့ လုပ်ငန်းရှင်တစ်ဦးလဲဖြစ်ပြီး၊ သိမ်ဖြူဆရာတော်ကြီး ရှင်နာဂသေနာဘိဝံသနဲ့ ဆရာကြီး ဦးအောင်ကျော်တို့ရဲ့ တပည့်တစ်ဦးဖြစ်ပါတယ်။

ဆေးကုသက် နှစ်(၃၀)ကျော်ရှိနေပြီဖြစ်တဲ့ ဆရာမ ဒေါ်မြင့်စန်း(သိမ်ဖြူ)နဲ့ တွေ့ဆုံဆွေးနွေး မေးမြန်းခဲ့သမျှ ပြန်လည် တင်ပြလိုက်ပါတယ်။

■ "ဒေါက်တာ ဆရာမရဲ့ ထွေးထွေးကျော်တဲ့ ဆရာကြီးက ကျွန်တော့်ကို ဘာကြောင့် ကာကွယ်စောင့်ရှောက်နည်းများကို ထွေးထွေးမှာ ပြောပါသလဲ။ ၃ ပထမထွေးကို ဆရာကြီးပြတဲ့ အကြောင်းရင်းများကို မေးမြန်းပေးပါ"

❑ "သွေးတိုးရောဂါ ဖြစ်စေတဲ့ အကြောင်းရင်းများကို ဆေးကုသနှစ်(၃၀)ကျော်အရ သိရှိရတဲ့ အတွေ့အကြုံများကို ပေါင်းစပ်ပြီး ပြောပြပေးပါမယ်။ ကျွန်မတို့ အာယုဗေဒ သိမ်ဖြူဆေးသိပ္ပံ ဆရာတော်ကြီးများရဲ့ သြဝါဒအရတော့ (ရတ္တစယ)လို့ ခေါ်တဲ့ သွေးတိုးရောဂါဟာ မနုဿဓိဇ္ဈကြောင့်လဲ သွေးတိုးရောဂါ ဖြစ်မယ်။ တိကွအဓိဇ္ဈကြောင့်လဲ သွေးတိုးသွေးတက် ဖြစ်မယ်။ သွေးဝမ်းရောဂါ၊ မြင်းသွရိုက်ရောဂါ၊ သွေးအန်သွေးလွှဲရောဂါများကြောင့်လဲ သွေးတိုးရောဂါ ဖြစ်စေတယ်လို့ ဆိုပါတယ်။

ရသာရည် ပွားများခြင်းကြောင့်လဲ သွေးတိုးရောဂါကို ဖြစ်စေပါတယ်။ ဆီးချိရောဂါ၊ အဆီတိုးရောဂါ၊ အသားတိုးရောဂါ၊ ဗီးယပ်ရောဂါနဲ့ အစာအာဟာရတို့ကြောင့်လဲ တိုးပါတယ်။

စိတ်ကြောင့်လဲ သွေးတိုးရောဂါ ဖြစ်စေနိုင်တယ်လို့ ဆိုပါတယ်။ အဲဒီသွေးတိုးရောဂါ ဖြစ်စေတဲ့ အကြောင်းတရားများကတော့...

၁။ ဘဲဥသား၊ ဂက်သား၊ အရိုးနို့ ထမင်း(ဆီပန်)

www.burmeseclassic.com

www.burmeseclassic.com

ကောက်ညှင်းစတဲ့ အသီးအစေးများသော အစားအစားများ လွန်ကဲစွာ စားသောက်ခြင်း။

၂။ အညီအဟောက်များ အစားများခြင်း။

၃။ အေးခဲသော အစားအစာများ လွန်ကျူးစွာ စားသောက်ခြင်း။

၄။ လေအေးစက်၊ ပန်ကာလေတို့နှင့် နေထိုင်ပူများခြင်း။

၅။ ငိုခြင်း၊ ငိုသံပြောက်၊ ငိုသံဟောက် ဆူးပုပ်ရွက် တည်ဆီး၊ ကြက်ဟင်းခါးဆီ စသော တက်စာများ ငန်လွန်းသော အစားအစာများ စားသောက်ပူများခြင်း။

၆။ အရက်၊ ဆေးလိပ်၊ မူးယစ်ဆေးများ သုံးစွဲပူများခြင်း။

၇။ ကိုယ်လက်လှုပ်ရှားမှုနည်းပြီး၊ ဝိရိယမပူများခြင်း။

၈။ စိတ်သောက၊ ပူပန်ပူများခြင်း။

၉။ စိတ်တိုခြင်း၊ ထိတ်လန့်ခြင်း။

၁၀။ မိုးရိုလိုက်ခြင်း...

စသည်တို့ဟာ သွေးတိုးရောဂါကို ဖြစ်စေသော အကြောင်းတရားများ ဖြစ်ပါတယ်။

သွေးတိုးရောဂါကို ဖြစ်စေတဲ့ အကြောင်းတရားတွေ အနက်က အထူးထင်ရှားပြီး အဖြစ်များတဲ့ အကြောင်းတွေလဲ ရှိပါတယ်။

အဲဒါတွေကတော့ ကျောက်ကပ်ရောဂါဖြစ်ခြင်းကြောင့် လည်းကောင်း၊ ဆီးချိုရောဂါ, လေဖက်နာရောဂါတို့မှ လည်းကောင်း၊ အကိုက်အခဲပျောက်ဆေးများ သုံးစွဲမှုများ၍ လည်းကောင်း...

ပဋိသန္ဓေတားဆေးများကို တာရှည်စွာ သုံးစွဲခြင်းကြောင့် လည်းကောင်း၊ ကိုယ်ဝန်ဆောင် အဆိပ်တက်ခြင်းမှ လည်းကောင်း အင်္ဂါသွေးများ သွင်းထားခြင်း စသည်တို့ကြောင့် သွေးတိုးရောဂါကို ဖြစ်စေသော အကြောင်းတရားများ ဖြစ်ပါတယ်'

သွေးတိုးနဲ့ သွေးတက် ဘယ်လိုကွာခြားပါသလဲဆိုရင် သွေးတက်တာက လေ အထက်တက်တဲ့ လက္ခဏာပါပဲ...

■ **'သွေးတိုးရောဂါ ရဲ့ မရှိ ဘယ်လို သိနိုင်ပါသလဲ'**

❑ 'ယေဘုယျအားဖြင့်တော့ သွေးချိန်တိုင်းကိရိယာနဲ့ တိုင်းကြည့်လိုက်ရင် **အပေါ်သွေး(၁၄၀)နဲ့ အောက်သွေး(၉၀)ရဲ့ အထက်မှာ** ရှိနေပြီဆိုရင် သွေးတိုးရောဂါရှိနေပြီလို့ ပြောနိုင်ပါတယ်'

■ **'သွေးတိုးရောဂါဖြစ်ဆဲမှာ ပြတဲ့ လက္ခဏာတွေကို ဆက်ပြီး ပြောပြပေးပါဦး'**

❑ 'သွေးတိုးရောဂါဖြစ်ဆဲမှာ ပြတဲ့ လက္ခဏာတွေကို အာကျဉ်းချုပ်အားဖြင့် (၃)မျိုး ခွဲခြားလို့ ရပါတယ်။ အဲဒါတွေကတော့ **(၁)ဝိညာဏဂ္ဂိစယ၊ (၂)မန္ဒဂ္ဂိစ္ဆယ၊ (၃)ဝိသမဂ္ဂိစ္ဆယ** ဆိုပြီး (၃)မျိုးဖြစ်ပါတယ်။

ဝိညာဏသွေးတိုး (သွေးတက်တိုး) မှာ အမြဲတမ်း အိပ်ချင်နေပါတယ်။ အိပ်သော်လဲ မပျော်ခြင်း၊ ခေါင်းအမြဲမူးနေခြင်း၊ မကြာခဏ သမ်းဝေခြင်း၊ အိပ်ရာမှအထတွင် မူးမိုက်ခြင်း၊ ထိုင်ရာမှအထတွင်လည်းကောင်း အမြင့်မှ အနိမ့်သို့ ငုံ့ကြည့်ရာတွင် လည်းကောင်း မူးမိုက်ခြင်းတွေ ဖြစ်ပါမယ်။

ဇက်ထိုး၊ ဇက်ကြောတက်၊ ခေါင်းချွေးထွက်ခြင်း၊ နားလေထွက်ခြင်း၊ မျက်စိဝေခြင်း၊ ရင်တုန်ခြင်း နှာခေါင်းသွေးထွက်ခြင်း၊ နှာမွန်ချေခြင်းများ ဖြစ်တတ်ပြီး ဝမ်းချုပ်ပါမယ်။

မန္ဒသွေးတိုး (သွေးမှားတိုး) **လက္ခဏာ**ကတော့ ချွေးမထွက်ပါဘူး။ တစ်ခါတစ်ရံမှာတော့ ချွေးစေးများ ထွက်ပြီး၊ ဆီးများပြီး ဆီးဖြူပါမယ်။ ရုပ်လေးပြီး အကြောများ တင်းပါမယ်။ ရုပ်ရည်ဝဖြိုးပြီး နှလုံးခုန်မြန်ပါမယ်။

တစ်ကိုယ်လုံး လေးလံနေတတ်ပါမယ်။ ကိုယ်သားကိုယ်ရေ အေးပြီး မျက်စိမျက်နှာ ညစ်ထေးနေတတ်ပါတယ်။ တစ်ကိုယ်လုံး လေးလံပြီး အသားအရေများ ဖောင်းပွဖျော့တော့ဖြစ်တတ်ပါမယ်။ သွေးဖိအား များပါမယ်။

ဝိသမသွေးတိုးကတော့ တိကွနဲ့ မန္ဒ လက္ခဏာများကို ရောယှက်လျက် တွေ့ရပါတယ်'

■ **'သွေးတိုးနဲ့ သွေးတက် ဘယ်လိုကွာခြားပါသလဲ ဆရာ။ ရှင်းပြပေးပါဦး'**

❑ 'သွေးတိုး လက္ခဏာတွေကို အထက်မှာ ပြောခဲ့ပြီးပြီမို့ သွေးတက်တဲ့ လက္ခဏာကို ပြောပြပါမယ်။ သွေးတက်တယ်ဆိုတာ လေအထက်ကိုတက်တဲ့ လက္ခဏာပါပဲ။ **အဝေါဂမလေဟာ ခုဒ္ဒံဝါတ အထက်သို့** ဆောင်ခြင်း၊ အထက်သို့ ပင့်တင်ခြင်း ဖြစ်ပါတယ်။

စားလိုက်တဲ့ ကြေကျွေကျခဲသော တက်စာများဖြစ်တဲ့ ဆူးပုပ်၊ ကြက်ဟင်းခါးဆီ၊ တည်ဆီး၊ ငါးသားလာဏ် စတဲ့ အစားအစာတွေဟာ မကြေကျွေ

www.burmeseclassic.com

တဲ့အတွက် အောက်သို့ မသက်ဘဲ အထက်ကိုသာ ဆောင်နေခြင်းကို သွေးတက်တယ်။ သွေးနဲ့ လေနဲ့ ပြိုင်တက်တယ်လို့ ခေါ်ပါတယ်။

သွေးချည်း သက်သက်တိုးတာ မဟုတ်ဘဲ လေက အထက်သို့ ဆောင့်၍ ပင့်တင်ခြင်းကြောင့် သွေးတက်ခြင်း။ သွေးတက်တိုးခြင်းလို့ ခေါ်ဆိုရခြင်းပဲ ဖြစ်ပါတယ်'

■ **'သွေးတိုးရောဂါကတစ်ဆင့် ဆင့်ပွားပြန်ဖြစ်တဲ့ ရောဂါများကို ထက်ဝီစွာ ပြောပြပေးပါဦး'**

❑ 'သွေးတိုးရောဂါကတစ်ဆင့် ဖြစ်ပွားနိုင်တဲ့ ဆင့်ပွားရောဂါတွေကတော့...

၁။ ဦးနှောက်သွေးကြောပြတ်ခြင်း၊ ပါက်ခြင်းနှင့် ရုတ်တရက် သေဆုံးခြင်း။

၂။ ဦးနှောက်သွေးကြောပိတ်ခြင်းနှင့် လေပြတ်ခြင်း။

၃။ ဦးနှောက် ရောင်ရမ်းခြင်း။

၄။ နှလုံးသွေးကြောကျဉ်းခြင်း။

၅။ နှလုံးလေကျုပ်ခြင်း။

၆။ ကျောက်ကပ်ရောဂါဖြစ်ခြင်း...

တို့ပဲ ဖြစ်ပါတယ်'

■ **'သွေးတိုးရောဂါ ကြိုတင် ကာကွယ် ဆောင်ရွက်နည်းများကို ထက်ဝီစွာ ပြောပြပေးပါဦး'**

❑ 'သွေးတိုးရောဂါကို ကြိုတင် ကာကွယ်ဖို့ကတော့...

၁။ နေ့စဉ် ကိုယ်လက်လှုပ်ရှားမှု မှန်မှန် ပြုလုပ်ပေးရပါမယ်။

၂။ ဆေးလိပ်၊ အရက်၊ မူးယစ်ဆေးများ လုံးဝ ရှောင်ကြဉ်ရပါမယ်။

၃။ ဆေး၊ ချို၊ ဆိမ့်၊ ဖန်၊ ခွဲ အစာအာဟာရများ။ အဆီ, အစေးများသော အစားအစာများ၊ ပူစပ်, ခါး, ငန်, ချဉ် စတဲ့ အစားအစာများကို ရှောင်ကြဉ်ရပါမယ်။ အထူးသဖြင့် တည်ဆီး၊ ကြက်ဟင်းခါးသီး၊ ဆူးပုပ်ရွက်များကို လုံးဝရှောင်ကြဉ်ရပါမယ်။

၄။ စိတ်သောက ဖိစီးမှုများကို ဆင်ခြင်ရပါမယ်။

၅။ ဆီး, ဝမ်း, လေ, သွေး မှန်အောင် ပြုလုပ်ပေးရပါမယ်။(ဝမ်းမီးကောင်းအောင် ဂရုစိုက်ပေးရပါမယ်။)

၆။ တစ်လတစ်ကြိမ် သွေးပေါင်ချိန် မှန်မှန်ချိန်ကြည့်ရပါမယ်။

အချုပ်ပြောရရင် ကဲ, စိတ်, ဥတု, အာဟာရဆိုတဲ့ သမုဋ္ဌာန်တရား(၄)ပါး မျှတစွာ နေထိုင်စားသောက်ပြီး ဥတုနဲ့ သဘာဝကို လွန်ယုတ်လွဲမှားစွာ မပြုကျင့်ဘူးဆိုရင် သွေးတိုးရောဂါကို ကြိုတင်ကာကွယ်ရာ ရောက်ပါတယ်'

■ **'ဆရာမဒေါ်မြင့်စန်း(သိမ်ဖြူ)နဲ့ ဆက်သွယ်နိုင်တဲ့ လိပ်စာကတော့...**

ဆရာမ ဒေါ်မြင့်စန်း(သိမ်ဖြူ)
နန်းစန္ဒာတိုင်းရင်းဆေးကုခန်း
အမှတ်-၂၃၊ ပင်လယ်ပန်း
စိန်ချောင်ပြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁ ၅၁၀၇၈၊ ၀၉ ၇၈၁၇၉၇၀၈
ဆေးခန်းဖွင့်ချိန်
နံနက်(၇)နာရီ မှ ညနေ(၅)နာရီထိ
(ဥပုသ်နေ့တိုင်း ပိတ်ပါသည်။)

မြောင်းမြ မောင်ယဉ်တင့်

စာမျက်နှာ (၁၇၀)မှ အဆက်

သစ်ထုတ်လုပ်ရေးလုပ်ငန်းမှာ ဆင်ဟာ မပါမဖြိုပဲ။ ရှေးခေတ် ပထေဝီတိုက်နယ်ကဆို ဆင်စွယ်ကို လူ့အသုံးအဆောင်ပစ္စည်း အမျိုးမျိုးအဖြစ် ထုတ်လုပ်သုံးစွဲခဲ့ကြတယ်။

အင်ဒိယက အထင်ရှားဆုံး ဟိန္ဒူလိတစ်ဦးကို ပြုပါဆိုရင် ဆော်လမွန် ဘုရင်ကြီးကို ပြလေမိုမယ်။ သူ့ရဲ့ ရာဇလျှောင်တစ်ခုလုံးကို ဆင်စွယ် တွေနဲ့ချည်း ထုလုပ်ခဲ့တယ်။

နိုင်ငံတွေထဲကဆိုရင် အီဂျစ်၊ အဆီးရီးယန်း၊ တရုတ်နိုင်ငံတွေ ဟာလဲ ဆင်စွယ်ကို အမြတ်တနိုး တန်ဖိုးထား သုံးစွဲခဲ့ကြတယ်ဗျ။

ကျွန်တော်တို့ ဒီဘက်ခေတ်ကာလမှာလဲ ဆင်စွယ်ကို စန္ဒရား ခလုတ်၊ ဘီလိယက်ဘောလုံး၊ စာအိတ်ဖွင့်ဓား၊ ပန်းဆက်၊ ပန်းဇွယ်၊ ထီးရိုး၊ ဝေးရိုး၊ ရုပ်လုံးရုပ်ကြွတွေ လုပ်လာကြတာ တွေ့ရတယ်။

မြန်မာရာဇဝင်မှာဆို မြန်မာရှင်ဘုရင်တွေဟာ ဆင်ဖြူရှင်ဘွဲ့ကို တန်ဖိုးထားခဲ့ကြတာ လေလာတွေ့ရှိရတယ်။ ကဲ ကိုအေးသိန်း အမြင်ကတော့ ဘယ်လိုယူဆလဲ၊ ဆိုစမ်းပါဦး'

'ကျွန်တော်ကတော့ ဆရာလို စာပေ သဘောထားရုံနဲ့ ပမ်းပြောက်ပါဘူး။ ဒီဆင်ဒ (သို့မဟုတ်) သတ္တဝါကြီး ထစ်ကောင်ကောထဲ ကျောက်မြစ်ရုပ်ကြွင်းသွားဟာ ဒီနေရာမှာ နေထိုင်ခဲ့တဲ့ သတ္တဝါ(သို့မဟုတ်) မနေခဲ့ဘူးယေယျ ပြစ်ရစ်နဲ့ ပေးထားပြီး ပြန်ကြီးတဲ့ နမ်းပြုခဲ့တဲ့ ထွားပဲ ဖြစ်ရမယ်။ ဘာပဲဖြစ်ဖြစ်ပေါ့ ဆရာရယ်၊ ဆေးဝါးအနေနဲ့ အသုံးဝင်တာမဲ့ ဖြစ်ဖြစ်၊ သိပ္ပံနည်းအရ အသုံးဝင်တာပဲ ဖြစ်ဖြစ်၊ ကျွဲရသာတောနဲ့ အကျိုးဆင်တာပဲဖြစ်ဖြစ် ဆရာ့အတွက်တော့ ရေးစရာတစ်ပုဒ် ရသွားတာပေါ့ဗျာ။ **နက္ခတ္တရောင်ခြည်ပစ္စင်းတ နေပြီးလဲ သိတဲ့သူများ ဖော်ထုတ်ပေးကြပို့ ထိုက်တန်းပေးပါဦး'**

ကျွန်တော်သည် ယင်းသွားကို ဓာတ်ပုံမှတ်တမ်း ရိုက်ယူလိုက်သည်။ ဦးနှောက် ပေတံပြင့် တိုင်းတာကြည့်ရာ **အထွား (၉)လက်မရှိကာ အနံအနေပြင့် (၃)လက်မခန့် ရှိသည်ကို** တွေ့ရှိခဲ့ရပေသည်။

[ဤဆောင်းပါးပြုခွင့် ညှောင်ပင်သာရွာမှ ကိုအေးသိန်းအား ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါ၏။]

ဝေမြော ဟဝေ ရက္ခတိ ဝမ္မစာရီ

• သာထက်ဇော်(မကွေး)

www.burmeseclassic.com

www.burmeseclassic.com

ဘယ်ရောက်ဘယ်နှိုး ဟောရော်

ကြည့်ပါ။

✪ **တနယ်ာကြိုဟ်ခုံမှာ** ရေလိုင်း သဏ္ဌာန် တွေ့ရတယ်။(A.A)

ဒါကတော့...

*ရေလမ်းခရီး သွားရမယ်။

*မကြာခဏ ခရီးသွားရမယ်။

*ရေပြားပြည်ကားခရီးနဲ့ အကျိုးပေးတယ်။

*ရေလုပ်ငန်းနဲ့ အကျိုးပေးတယ်။

*သင်္ဘော စတဲ့ ရေကြောင်းဆိုင်ရာ လုပ်ငန်းနဲ့ အကျိုးဖြစ်ထွန်းတယ်။

စသည်ဖြင့် ဟောပြောလို့ ရပါတယ်။ လက္ခဏာရှင်ရဲ့ အမေးကိုကြည့်ပြီး အဖြေပေးလိုက်ရုံပါပဲ။ ဗဟုသုတ အဖြစ် ပြောပြခြင်းပါပဲ။

လက္ခဏာရှင်သည် **ရ.၁၆,၂၅** ရက် မွေးဖွားသူ ဖြစ်ခဲ့ရင်တော့ သေချာပေါက် ရေကြောင်းဆိုင်ရာ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများနဲ့ စီးပွားဖြစ်ထွန်းမှာ ဖြစ်ပါတယ်။

ပရိ ရက္ခန္တော အတ္ထာနံ ရက္ခတိ

ဦးစောသီဝင်(ဟသံဘာ)

www.burmeseclassic.com

www.burmeseclassic.com

လက်ထပ်သင့်သောနှစ်ကို

လင်မယား ဥစ္စာရှိ၊ မရှိ တွက်နည်းအဟော

'အိမ်ထောင်မှု ဘုရားတည် ဆေးမှင်ရည် စုတ်ထိုး ဂျင်းနိုးအချက်ပိုင်ရာ ဇနာပြုရန်ခက်သည့်အရိုး'

ရှေးဆိုရိုးစကား ရှိသည်နှင့်အညီ အသက်အရွယ် ငယ်သေးသော မောင်မယ်တို့အတွက် အိမ်ထောင်ပြု မမှားကြစေရန် စေတနာအမှန်နှင့် ဤတွက်နည်းလေးကို ရေးသားလိုက်ရပါသည်။

ဤတွက်နည်းသည် မင်္ဂလာရက်မြတ် လက်ထပ်လိုသော မောင်နှင့် မယ်တို့၏ ရောက်သက်ချင်း ပေါင်းယူကာ တွက်ယူရသောနည်း ဖြစ်သဖြင့် တစ်ဦးချင်း၊ တစ်ယောက်ချင်းနှင့် မသက်ဆိုင်ပါ။ လက်ထပ်လိုသော နှစ်နှင့် လက်ထပ်မည့် မောင်နှင့်မယ်တို့ အတွက်သာ ဖြစ်ပါသည်။

အကြောင်းဆက် ပေါင်းဖက်ပြီးသား အိမ်ထောင်သည်တို့အနေနှင့်လည်း အပျင်းပြေ တွက်ယူ၍ရပါသည်။

မိမိတို့ လက်ထပ်ခဲ့စဉ်က နှစ်တွင် မိမိတို့နှစ်ဦး ရောက်သက်ကိုယူ၍ တွက်ကြည့်ရပါမည်။

သို့သော် အကောင်းအဆိုးကို ပြန်လည်ပြုပြင်၍တော့ ရသော အရာ မဟုတ်ပါ။ ကံ၊ ဥာဏ်၊ ဝီရိယ ပိုး၍ ကြိုးစားရတော့မည်သာဖြစ်၏။

ယခုတွက်နည်းသည် အင်မတန် လွယ်သောနည်း ဖြစ်ပါသည်။

တွက်လိုသော မောင်နှံ့မယ်တို့၏ ရောက်သက်နှစ်ခုကို ပေါင်း။ ထိုသို့ ပေါင်းပြီးကို (၇)နှင့် စား။ အကြွင်းသံချိုကို ယူ၍ ဟောရမည်ဖြစ်၏။

အဟောမှာ...

၁။ **၁-ခုကြွင်းသော နှစ်ဖြစ်မှ** ထိုနှစ်၌ မကောင်း အလွန် ပင်ပန်းဆင်းရဲတတ်၏။

၂။ **၂-ခု, ၃-ခု ကြွင်းသော နှစ်ဖြစ်မှ** မဆင်းရဲလွန်း၊ မချမ်းသာလွန်း၊ အလယ်အလတ် အဆင့်သာရှိမည်။

၃။ **၄-ခု, ၅-ခု, ၆-ခု ကြွင်းသော နှစ်ဖြစ်မှ** စည်းစိမ်ဥစ္စာ အလွန်ပင် ချမ်းသာစေတတ်သော နှစ်ဖြစ်၏။

၄။ **၀(သုည)ကြွင်းသော နှစ်ဖြစ်မှကား** လင်မယားအချင်းချင်း မကြာခဏ ခိုက်ရန်ဖြစ်တတ်ခြင်း၊ အလွန်ပင်ပန်းဆင်းရဲခြင်း၊ သက်ဆုံးတိုင် မမြဲတတ်ခြင်းတို့နှင့် ကြုံစေရတတ်ပါသည်။

ရှင်းလင်းစွာ သိရှိနိုင်ရန် ဥပမာ နမူနာတွက်ပြပါမည်။

ဥပမာ ယောကျ်ားလေး အသက် (၂၃)နှစ်၊ မိန်းကလေး အသက် (၂၀) နှစ်တို့ လက်ထပ်မည် ဆိုပါစို့...

* * * ——→

နမူနာအဖြစ် တွက်ကြည့်သော ထိုမောင်မယ်နှစ်ဦးတို့တွင် **၁-ခုကြွင်းသောနှစ် ဖြစ်သဖြင့် ပင်ပန်းဆင်းရဲမည်ဟု** ဆိုထားပါသည်။

ထို့ကြောင့် စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာစေဖို့ အကြောင်းဆက် ပေါင်းဖက်ရန် မင်္ဂလာလက်ထပ်ပွဲကို တစ်နှစ်တန်သည်၊ နှစ်, နှစ်တန်သည် ရွှေပြောင်းဆိုင်းငံ့သင့်သည် မဟုတ်ပါလား။

မင်္ဂလာမောင်မယ်များအတွက် ခကောင်းသောနှစ်နှင့်ကြုံရှိ ကောင်းကျိုးသုခ ရရှိနိုင်ကြပါစေး

ကောင်းခန့်(သစ္စတ်မြေ)
ဝက်လက်

ကျား, အသက် ၂၃
မ, အသက် + ၂၀
စားရေ ၎ ၄၃-၆-လဒ်မလို
၄၂
၁-အကြွင်းသံချိုကိုယူပါ

www.burmeseclassic.com

www.burmeseclassic.com

ဒဏ္ဍာ

လတ်တွေ့ဖျောက်ဆေးနည်း

ကျွန်တော့်ဒူး ခဏခဏ နာတတ်ပါသည်။ အထူးသဖြင့် ညဘက်ဒူးမှာ ပို၍ အနာများပါသည်။ လိမ်းဆေးအမျိုးမျိုး လိမ်းသော်လည်း မသက်သာပါ။

တစ်ရက် ဒူးနာနေသည့်ရက်တွင် လမ်းမလျှောက်၍ ဒူးနာသည်အထင် နှင့် နံနက်စောစောရေချိုးကာ အိမ်ရှေ့ လမ်းတွင် တောင်ဝှေးတစ်ချောင်းဖြင့် လမ်းလျှောက်နေစဉ်တွင် တစ်ရပ်ကွက်တည်းနေ ဒေါ်စိန်တစ်ယောက် ဈေးခြင်းလေးကိုင်ကာ ကျွန်တော့်နားရောက်လာသည်။

'ဟင်...မင်း သန်းဝင်းမဟုတ်လား။ တောင်ဝှေးကြိုးနဲ့ ဘာဖြစ်တာတုံး'

'ဟုတ်တယ် အမေစိန် ကျွန်တော် သန်းဝင်းပါ... ဒူးနာလို့ပါ။ ခဏခဏ နာတာများ။ ဘယ်ဘက်က နာလိုက်၊ ညာဘက်က နာလိုက်နဲ့ အထူးသဖြင့် တော့ ညာဘက်က ပိုနာတယ်'

'အမယ်လေးကွယ်... ဒါလေးများ အခု အမေစိန် ဈေးသွားမှာ မင်း အတွက် ဆေးဖော်ဖို့ရာ ဝယ်ခဲ့မယ်၊ ခဏစောင့် ပျောက်သွားမှာပါကွယ်။ ကဲ...ဈေးသွားလိုက်ဦးမယ်'

ဒေါ်စိန် ဈေးသို့ ဆက်သွားစဉ် ကျွန်တော်လဲ လမ်းလျှောက်တာ ရပ်ပြီး အိမ်ထဲ ဧည့်ခန်းတွင် အနားယူနေလိုက်သည်။ နာရီဝက်ခန့်ကြာမည်ထင့် ဒေါ်စိန် ဈေးမှ ပြန်ရောက်လာသည်။ အိမ်ထဲသို့ ဝင်လာပြီး...

'သန်းဝင်းရေ... ဆေးဖော်ရအောင် ပါလာတယ်ဟေ့၊ မင်းတို့အိမ်ကလဲ လုပ်ပေးမယ့်သူတစ်ယောက်မှမမြင်ပါလား'

'ဟုတ်တယ် အမေစိန်ရေ... ကျွန်တော် တစ်ယောက်တည်း ရှိတာ အားလုံး အလုပ်သွားကြတယ်'

'ဒါဆိုလဲ ငါ့ဟာငါ လုပ်ပေးရတော့ မှာပေါ့၊ ကြက်သွန်လိုး ဓားတစ်ချောင်း ပေးကွယ်'

ကျွန်တော်လဲ ကြက်သွန်လိုးတား ယူပေးကာ ဒေါ်စိန် ဆေးဖော်နေသည်ကို ကြည့်နေခဲ့သည်။

~~ပထမဆုံး ချွန်ဘက်လက်သုံးလုံးခန့်ကို အတိုင်းများတာဖြင့်ဖြတ်ထွာလိုက်သည်။~~

~~ထိုချွန်ဘက်ကို အတုံးခပ်သေးသေး လေးများတုံးကာ ဇရပ်ဆီး ရောဆုံထဲသို့ အထက်အတန် ညက်အောင် ထောင်းလိုက်သည်။~~

~~ထို့နောက် ယင်းချွန်ထက်မျှားကို ဆယ်ယူကာ လက်ဝက်ရည် ပန်းကန်လုံးထဲထည့် ၍ သံပရာသီးတစ်လုံးကို ဖိတ်ကာ ထိုချွန်ထက်မျှားဖြင့် အရည်ညှစ်ထည့်ပါသည်။ ချွန်ဘက်နှင့် သံပရာသီးစာ ပန်းကန်အတွင်းသို့ လက်ဖြန့်ဖိသိပ်ကာ...~~

'ဟဲ့ သန်းဝင်း...ဘယ်နှစ်နာရီ ထိုးပြီလဲ'

'မနက် (၁၀)နာရီထိုးတော့မယ်ဗျ အမေစိန်'

'အေး... ဒါဆို **နေ့မွန်းတည့်(၁၂) နာရီလောက်မှ ပန်းကန်ထဲက အပေါ် အရည်ကြည်လေးတွေကို လိမ်း၊ နောက် ညအိပ်ရာဝင်တစ်ခါ ထပ် လိမ်းလိုက်ဦး**။ မင်းရောဂါ (၃)ရက်ဆို သက်သာ ပျောက်ကင်းပါသကွယ်။ ကဲ... အမေစိန် သွားမယ်နော်'

ကျွန်တော်လည်း အမေစိန်ပြော သလို တစ်သဝေမတိမ်း လိုက်နာလိမ်း ခဲ့ရာ ကိုယ်တွေ့ ဒူးနာပျောက်ကင်း ကြောင်း မျှဝေလိုက်ရပါသည်။

သထိုးဝင်း(ကြေးမြေ)

ကာယသိဒ္ဓိလမ်း

ဂန္ဓိရဟညာရှင်များသည် ကာယသိဒ္ဓိလမ်းများကို ထားရှိခဲ့ပါသည်။

အင်္ဂါရုတ်လမ်းကို မှန်းထိုး၊ ရမ်းထိုး နေကြမည့်အစား ရှေးဆရာကြီးများ လမ်းစဉ်အတိုင်း ထိုးပြီး လက်တွေ့ စမ်းသပ်ကြည့်သင့်ပါသည်။

ဓာတ်လုံး ရရှိပါက ငှက်ပျောဖူးတွင် ထည့်၍ စမ်းသပ်ပါက ကျည်မထွက်ပါ။ ဓာတ်အချိန်အခါ မိပါက မြန်ပါသည်။

လွယ်ကူသော နည်းကို ဖော်ပြပါ မည်။

၁။ **ကြေးနီစစ်(၁)ကျပ်သား**ကို တံစဉ်းစာချထားပါ။

၂။ **ကျောက်ရည်(၁)ကျပ်သား**။ ဇဝက်သာ (၁)ကျပ်သား။ **ကန့်(၁)ကျပ်သား**။ **ယမံး (၁)ကျပ်သား** အမှုန့်ထောင်းထားပါ။

၃။ အထက်ပါ အမှတ်စဉ် (၁)နှင့်(၂) ကို သန့်ရှင်းပြီး ထည့်နိုင်လောက်သော ဖန်ခွက် တွင်ထည့်ပါ။

ရှောက်ရည်၊ သံပရာရည်လောင်း၍ (၇)ရက်ခန့် စိမ်ထားပါ။ (၇)ရက် စေ့ပါက အစအနများ မရှိတော့ဘဲ နွဲ့ဖြစ်နေလိမ့်မည်။ ရရှိသော နွဲ့ဖတ်ကို နေခြောက်အောင် လှန်းပါ။

ဆန့်သော လုံတွင်ထည့်၍ ဖိသိပ်ပါ။ ယင်းအပေါ်မှ လက်ချားမီးပေါက် သိပ်၍ ဖော်(၃)ထပ် မံပါ။

မီးလုံးနာရီဝက်၊ နွားခမ်းတိုက် နာရီဝက်၊ ခါးတိုက်နာရီဝက် လုံးတစ်ခိုင်ထိုးပါ။ အေး၍ ခွဲကြည့်ပါ။ ပိတုန်းရောင် တောက်နေသော ဓာတ်လုံးကို ရရှိပါမည်။

ကြေးသေဓာတ်လုံးသည် အဆိပ်နိုင်ပါသည်။ ဆောင်ဓာတ်လုံးအဖြစ်လည်း သုံးနိုင်ပါသည်။ သံပရာရည်နှင့် သွေးလိမ်းပါက အဆိပ်ကျ၏။

ဓာတ်လုံးကို ရှောက်(၉)ဒီး၊ သံပရာ (၉)ဒီး၊ ထောပတ်(၉)ဒီး၊ ဝက်ဆီ(၉)ဒီး အစဉ်လိုက် လောင်းပြီးပါက ကာယသိဒ္ဓိ ပေါက်ပါသည်။

တင်လှ (ဆ-မည်းခြံ)

www.burmeseclassic.com

www.burmeseclassic.com

အဂ္ဂကျင့်စဉ် ဂါထာတော်

ရွှေဂံကူ သာသနာ့မဟာတော်ကြီး



ကျွန်ုပ်တို့အိမ်တွင် ပွင့်ထွန်း ပေါ်ပေါက် သီတင်းသုံး စံပယ်တော်မူသော ရွှေဂံကူလေယျံသစ်တော် ရုပ်ရှင်တော် မြတ်ကြီးသည် မြန်မာနိုင်ငံအနှံ့ တိုင်းနှင့် ပြည်နယ်အသီးသီးမှ ပင့်ဆောင် ပူဇော်ကြရာ ၂၀၀၀ ခုနှစ်တွင် နေပြည်တော် စ,သုံးလုံး ညွှန်ကြားရေးမှူးချုပ် ဦးအောင်စောဝင်း+ ဒေါ်သန်းသန်းဝင်း မိသားစုမှ ပင့်ဆောင် ပူဇော်ပါသည်။

ထိုပူဇော်ပွဲတွင် ဦးအောင်စောဝင်း+ ဒေါ်သန်းသန်းဝင်းတို့က ဘုရား အနေကဖာတင် ပူဇော်ကြရာ နေပြည်တော် ပျဉ်းမနားမှ လယ်တီဆရာတော်ကြီး၊ ပါဠိကျောင်းတိုက်မှ ဆရာတော်ကြီးများအပါအဝင် ဆရာတော်ကြီး ငါးပါး ကြွရောက်ကာ ပူဇော်ကြပါသည်။ ဘုရားအနေကဖာတင်ပြီး တရားနာပြီးသောအခါ ပါဠိကျောင်းတိုက် ဆရာတော်ကြီး ဦးဝိမလဝုဒ္ဓိမှ...

'ဘုရားအမကြီး... ဒီဘုရားကြီးမှာ ဘယ်ပုံရိုက်တွေ ဓောင့်သတုန်းဟု'

ဟု မေးမြန်းရာ ကျွန်ုပ်မှ သိသင့်သလောက် သိသော်လည်း ဆရာတော်ကြီး မိန့်ကြားသည်ကို သိလို သဖြင့် **''အရှင်ဘုရား မိန့်တော်မူပါဘုရား''** ဟု လျှောက်ထားလိုက်ရာ...

'ရှင်ယသဆရာတော်ကြီး ပါတယ်ဟု ရယ်ကြီး ဦးမွှေလဲပါတယ်ဟု ယက္ခမင်းကြီးတွေနဲ့ သိကြားမင်းကြီးလဲ လာဖူးပြီး ဓောင့်ရှောက်တယ်ဟု ရှင်ယသဆရာတော်က အဂ္ဂကျင့်စဉ် ပုတီးစိပ်ခိုင်းနေတယ်'

ဟု မိန့်ကြားကာ အဂ္ဂကျင့်စဉ် ပုတီးစိပ်ကို (၁၂)ပတ် တစ်ထိုင်တည်း စိပ်ပါသည်။

ပုတီးစိပ်ပြီးသောအခါ **''ဘုရားအမကြီးတို့ရော၊ ဒီအိမ်က ဒါယကာကြီးတို့မိသားစုရော ဒီအဂ္ဂကျင့်စဉ်ကို စိပ်ပါ''** ဟု ပြောကာ ရေးပေးဖါသည်။

အဂ္ဂကျင့်စဉ် ဂါထာတော်

၁။ နမော အဂ္ဂဿ၊
နမော အဂ္ဂဿ၊
၂။ အဂ္ဂါမေ သီသေတိဋ္ဌတု၊
အဂ္ဂါမေ သီသေဟိဋ္ဌတု၊
၃။ အဂ္ဂါမယံ အဂ္ဂဒေတု၊
အဂ္ဂါမယံ အဂ္ဂဒေတု၊

ခက်ခဲသော ပါဠိအသံထွက်

အဂ္ဂဿ =အက်ဂ်တ်သ
အဂ္ဂဿ =အက်ဃတ်သ
အဂ္ဂါမေ =အက်ဃောမေ
သီသေတိဋ္ဌတု =သီသေတိတ်တတု
အဂ္ဂါမယံ =အက်ဂေါမယ်ရံ
အဂ္ဂါမယံ =အက်ဃောမယ်ရံ
အဂ္ဂဒေတု =အက်ဂ်ဒေတု
အဂ္ဂဒေတု =အက်ဃဒေတု

အနက်အဓိပ္ပါယ်

၁။ **အဂ္ဂဿ**– အထွတ်ခေါင်ဖျား မြတ်စွာဘုရားအား၊ **နမော**–ရှိခိုးပါ၏၊ **အဂ္ဂဿ**–အဓိဋ္ဌာန်သော (ဝါ) တန်ဖိုးကြီးမားသော ဘုရားရတနာအား၊ **နမော**–ရှိခိုးပါ၏။

၂။ **အဂ္ဂါ**–အထွတ်ခေါင်ဖျား မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်၏၊ **သီသေ**–ဦးခေါင်း၌၊ **တိဋ္ဌတု**–တည်တော်မူပါစေသတည်း။

၃။ **အဂ္ဂါ**– အထွတ်ခေါင်ဖျား မြတ်စွာဘုရားသည်၊ **မယံ**–အကျွန်ုပ်အား၊ **အဂ္ဂံ**–အထွတ်အဖျား အကျိုးတရားကို၊ **ဒေတု**–ပေးတော်မူပါစေသတည်း။

အဂ္ဂါ– တန်ဖိုးကြီးမားသော ဘုရားရတနာမြတ်သည်၊ **မယံ**–အကျွန်ုပ်အား၊ **အဂ္ဂံ**–စာန်ဖိုးကြီးမား အကျိုးတရားကို၊ **ဒေတု**–ပေးတော်မူပါစေသတည်း။

ဟူ၍ ဖြစ်ပါသည်။ အားလုံးပြီးမှ ပုတီးတစ်လုံးချနှင့် (၁၂)ပတ်တိတိ တစ်ထိုင်တည်း စိပ်ရပါသည်။

ကျွန်ုပ် ထိုပုတီးစိပ်နည်းကို တော်တော်ကြာကြာ စိပ်ခဲ့ပါသည်။ အမှန်ပင် အောင်မြင်မှုများ ရရှိခဲ့ပါသည်။

ပြီးလျှင် ဘဝတု သုံးဂါထာကို ပါဠိအနက် ပူဇော်၍ အမျှဝေရန် ဖြစ်ပါသည်။

၁။ ဘဝတု သဗ္ဗမင်္ဂလံ
ရက္ခန္တု သဗ္ဗဒေဝတာ
သဗ္ဗဗုဒ္ဓါနုဘာဝေန
သဒါ သုခီ ဘဝန္တု တေ။

www.burmeseclassic.com

www.burmeseclassic.com

၂ ဘဝတု သဗ္ဗမင်္ဂလံ
ရက္ခန္တု သဗ္ဗဒေဝတာ
သဗ္ဗမ္မာနုဘာဝေန
သဒါ သုခီ ဘဝန္တု တေ။
၃ ဘဝတု သဗ္ဗမင်္ဂလံ
ရက္ခန္တု သဗ္ဗဒေဝတာ
သဗ္ဗသံဃာနုဘာဝေန
သဒါ သုခီ ဘဝန္တု တေ။

အနက်အဓိပ္ပါယ်

၁။ **သဗ္ဗမင်္ဂလံ**– မင်္ဂလာအပေါင်း အကောင်းမှန်သမျှသည်၊ **ဘဝတု**– ဖြစ်ပါစေသတည်း၊ **သဗ္ဗဒေဝတာ**– အလုံးစုံသော နတ်တို့သည်၊ **ရက္ခန္တု**–စောင့်ရှောက်ကြပါစေကုန်သတည်း၊ **သဗ္ဗဗုဒ္ဓါ နုဘာဝေန**– အလုံးစုံသော ဘုရားရှင်တို့၏ တန်ခိုးအာနုဘော်ကြောင့်၊ **တေ**– ထိုသတ္တဝါတို့သည်၊ **သဒါ**– အခါခပ်သိမ်း၊ **သုခီ**– ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်းရှိကုန်သည်၊ **ဘဝန္တု**– ဖြစ်ကြပါစေကုန်သတည်း။

၂။ **သဗ္ဗမင်္ဂလံ**– မင်္ဂလာအပေါင်း အကောင်းမှန်သမျှသည်၊ **ဘဝတု**– ဖြစ်ပါစေသတည်း၊ **သဗ္ဗဒေဝတာ**– အလုံးစုံသော နတ်တို့သည်၊ **ရက္ခန္တု**–စောင့်ရှောက်ကြပါစေကုန်သတည်း၊ **သဗ္ဗဓမ္မာနုဘာဝေန**– အလုံးစုံသော တရားတော်တို့၏ အစွမ်းအာနုဘော်ကြောင့်၊ **တေ**– ထိုသတ္တဝါတို့သည်၊ **သဒါ**– အခါခပ်သိမ်း၊ **သုခီ**– ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်းရှိကုန်သည်၊ **ဘဝန္တု**– ဖြစ်ကြပါစေကုန်သတည်း။

၃။ **သဗ္ဗမင်္ဂလံ**– မင်္ဂလာအပေါင်း အကောင်းမှန်သမျှသည်၊ **ဘဝတု**– ဖြစ်ပါစေသတည်း၊ **သဗ္ဗဒေဝတာ**– အလုံးစုံသောနတ်တို့သည်၊ **ရက္ခန္တု**–စောင့်ရှောက် ကြပါစေကုန်သတည်း၊ **သဗ္ဗသံဃာနုဘာဝေန**– အလုံးစုံသော သံဃာတော်တို့၏ အစွမ်းအာနုဘော်ကြောင့်၊ **တေ**– ထိုသတ္တဝါတို့သည်၊ **သဒါ**– အခါခပ်သိမ်း၊ **သုခီ**– ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်းရှိကုန်သည်၊ **ဘဝန္တု**– ဖြစ်ကြပါစေကုန်သတည်း၊။

[ဤဂါထာတော်များ ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရဂူမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ဌေး မွေဝစရိယ(မဟာဝဂ္ဂါဒီဖြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယ ကောဒိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။

အစီအစဉ် ပြီးစီးပါ၍ ဤကုသိုလ်ကို (၃၁)ဘုံသားများကို အမျှဝေပါ၏။ မိမိလိုသောဆုများ တောင်းပါ။ အားလုံး၏ မေတ္တာဓာတ်ကိုလည်း ခံယူပါ။

အားလုံး သာယာ ချမ်းမြေ့ကြပါစေး

ရွှေကံကူ သာသနာပြု
မယ်တော်ကြီး

ထူးတာတွေတော့ ပြောချင်ပြချင်

ထပ်ပြောချင်ပါသေးတယ်

၂၀၁၅ ခုနှစ်၊ ဖွန်လ၊ အမှတ်(၃၄၇)၊ စာမျက်နှာ(၁၄) နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ **"ထူးတာတွေတော့ ပြောချင်ပြချင်"** ဆောင်းပါးမှ **မောင်ကံ(တံတားရွာ)**၏ ထူးတာတွေတော့ ပြောချင်ပြချင်ကို ဖတ်၍ ဤစာကို ရေးဖြစ်ပါသည်။

ကျွန်ုပ်၏အိမ်သည် (၂)ထပ်အိမ်ဖြစ်ပါသည်။ လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ခန့်က အိမ်အောက်ထပ်တွင် အပေါ်ထပ်မှ ရေမှောက်ကျသလိုမျိုး ရေတစ်ပေါက်ပေါက် ကျလာပါသည်။

သောက်ရေတစ်ခွက်စာခန့် ရေကျပြီး ရပ်သွားပါသည်။ ကျွန်ုပ် အိမ်ပေါ် တက်ကြည့်ရာ အိမ်ပေါ် ကြမ်းပြင်၌ ရေစိုသော နေရာမရှိခဲ့ပါ။

အဲဒီနောက် လအနည်းငယ်အကြာတွင် ကျွန်ုပ်ကလေး အိမ်နေသော ပုခက်အောက်တွင် ရေတစ်ခွက်စာခန့် စိုနေသည်ကိုတွေ့၍ ကလေးသေးပါသည်ထင်၍ အနီးလဲရန် ကလေးကို ပွေ့၍ အနီးကိုကြည့်ရာ ကလေးအနီး ခြောက်သွေ့၍ နေသည်ကို တွေ့ရပါသည်၊

ယခု အသက်ကြီးလာတော့ ကျွန်ုပ်၏ ခန္ဓာကိုယ်ကို ရေနှင့်တောက်သလို (လက်ကို ရေနှစ်၍ ခါလိုက်သလိုမျိုး)

နှစ်ကြိမ်ခန့် ကြုံတွေ့ရပါသည်။ ကျွန်ုပ်လည်း အဖြေရှာရခက်ပါသည်။

သိရှိသူ ပညာရှင်များမှ အဖြေထုတ်ပေးကြပါဦးလို့...

ကေတီ(ရောင်းဦး)

www.burmeseclassic.com

www.burmeseclassic.com

"ဦးဘညွန့်ရဲ့ ချစ်ခုက္ခ" ဆိုသည့် သီချင်းကိုတော့ ကြားဖူးကြမည် ထင်ပါသည်။ ယခု နှစ်တင်ပြပေးမည့် အကြောင်းက အင်္ဂရိတ်ယဉ်ကျေးမှုနှင့် ပတ်သက်နေသည်မို့ စာရေးသူမှ **"ဦးဘညွန့်၏ သွပ်ခုက္ခ"**ဟု နာမည်ပေးလိုက်ပါတော့မည်။

ဇာတ်လမ်းအစကတော့ ဟိုး... **လွန်ခဲ့သော နှစ်ပေါင်း (၆၀)ကျော်ကာလ**ကပင် အစတည်ခဲ့သည်ဟု ဆိုရပေမည်။

ထိုအချိန်တုန်းက အသက် (၃၀)ဝန်းကျင် ကိုဘညွန့် တစ်ယောက် အိမ်ထောင်ကျပြီးခါစ နှစ်ဖက်မိဘ လက်ဖွဲ့ပေးလိုက်သည့် နွားတစ်ရှဉ်း၊ လယ်တစ်တုံး၊ ထွန်(၁၆)ကောကို ဦးစီးလုပ်ကိုင် ထုပ်ပန်းဝင်နေသည့် အချိန်...

ဒါဆို ဒါခေါင် ပျိုးနုတ် ကောက်စိုက် ထွန်တုံးပိတ်ပြီးပြီမို့ လယ်သမားတို့ သဘာဝခေတ္တ အားလပ်သည့်အချိန် ဒါ ဖြစ်နေလေတော့... မတွေ့တာကြာ ခြင်းစသည့် ငယ်သူငယ်ချင်း ကျောင်းဆရာ, အေးမောင်ကလည်း မြို့ ကျောင်းပိတ်ရက် ကလေးတွေ စာသင်ဖို့ မရှိသည်နှင့် ရွာသို့ အလည် ခြေဆောက်နေချိန်...

သူငယ်ချင်းနှစ်ယောက် ရေနွေးကြမ်းသောက် အမြည်းစားပြီး အစအဆုံးဆေးဆေး စကားလက်ဆုံ ပြောဖြစ်ကြသည်။

ဒီမှာတင် အေးမောင်က ထူးထူးခြားခြား စကားတစ်ခု ပြောလာသည်။

"အေး...ဘညွန့် မင်းက လယ်ပိုင်ရှင်ဆိုတော့ ငွေအိတ်သုံးဆယ်လောက် မင်းမှာ

ဦးဘညွန့်၏

သွပ်ခုက္ခ

ဒဂုံမင်းဝင်(ရွှေနဝင်း)

အပိုင်း(၁)

အပိုအလျဲတွေ မရှိဘူးလား'

ဟု မေးလေသည်။ ကိုဘညွန့်က လည်း...

'ငါ့မှာ အရေးပေါ်သုံးဖို့စွဲဖို့ ငွေ (၄၀/၅၀)လောက်တော့ စုထားတာ ရှိပါတယ်။ မင်းက ဘာအတွက် သုံးချင်လို့ မေးတာလဲ'

ဟု ပြန်ပြောလိုက်တော့...

'ဟာ...ဒါဆို ဟန်ကျတာပဲ။ ငါ့မှာက အကြိုအစည်သာရှိပြီး၊ ကျောင်းဆရာဆိုတော့ ငွေပိုငွေလျဲက မရှိဘူးလေကွာ။ ဒါကြောင့် မင်းနဲ့ငါ နှစ်ယောက်ပေါင်းပြီး သူငွေးအမြန်ဖြစ်တဲ့ အလုပ်တစ်ခု စပ်တူ စုပြီး လုပ်ကြရအောင်'

'မင်းဟာက ဘာအလုပ်မို့ သူငွေး အမြန်ဖြစ်မယ်လို့ ပြောရတာလဲကွ'

'ဒီလိုကွ...မြို့ပေါ်မှာ ငါ တည်းခိုပြီး နေတဲ့ ဘုန်းကြီးကျောင်းက ဆရာတော်က အင်္ဂရိတ်မှာ နာမည်ကြီး ဆရာတော်ကွ။ သူ သက်လတ်ပိုင်း အရွယ်က အင်္ဂရိတ်တတ်လမ်းတစ်ခုကို အောင်မြင်အောင် လုပ်ဆောင်ခဲ့ဖူးတယ်တဲ့။

* အဲဒီလမ်းစဉ်ကို ငါ့ကို သံယောဇဉ် ရှိလို့ အသေးစိတ် နည်းလမ်းပေးသား

www.burmeseclassic.com

တယ်။ ဆရာတော်ကြီးကတော့ အခု သက်တော်(၈၀)ကျော်နေပြီဆိုတော့ အင်္ဂါရုတ်ဖိုခွင် မဝင်နိုင်တော့ဘူးလေ။

ငါက အဲဒီနည်းလမ်းကို အရမ်း အကောင်အထည် ဖော်ချင်နေတာ။ ဒါကြောင့် မင်းကို အဖော်စပ်တာပဲ သူငယ်ချင်းရာ'

'တော်ပါတော့ ကျောင်းဆရာရယ်၊ **"အင်္ဂို...အင်္ဂို...မက်မိလျှင် သူပြောင်"** လို့ဆိုပြီး စာစပ်ထားတာ မင်း မကြားမိဘူးလားကွ... ငါ့ဟာငါ အေးအေးဆေးဆေး လယ်ပဲ စိုက်စားထာကောင်းပါတယ်ကွာ'

ပထမနီဒါန်း ဤနေရာမှာပင် ရပ်သွားပါသည်။ ဒါပေသိ ကျောင်းဆရာအေးမောင်ကလည်း ဖွဲ့မလျှော့။ သီတင်းကျွတ် ကျောင်းပိတ်တော့ ရွာသို့ပြန်လာပြီး ပထမနီဒါန်းကို ပြန်၍ နှိုးပြီး ကိုဘညွှန့်ကို အင်္ဂါရုတ်စားလမ်းကို စပ်တူလုပ်ရန် အဖော်ထပ်ညှိပြန်သည်။

ဒါကိုလည်း ကိုဘညွှန့်က စိတ်မဝင်စားလေတော့ အထမမြောက်သေးပေ။ တန်ဆောင်တိုင်ကျတော့လည်း ကျောင်းဆရာ တစ်ခါ ရွာပြန်လာပြီး သူငယ်ချင်းဘညွှန့်ကို နားချပြန်ပါသည်။

နောက်...ငယ်သူငယ်ချင်း အရင်းအခြာဆိုသည့် သံယောဇဉ်ကြောင့် ကိုဘညွှန့် စိတ်မပါတပါနှင့် ထို အင်္ဂါရုတ်ဓာတ်လမ်းကို လုပ်ကိုင်ရန် သဘောတူ၍ ငွေ(၃၀)ကျပ် ထုတ်ပေးလိုက်ပါတော့သည်။

ကျောင်းဆရာလည်း သူ့ဆန္ဒပြည့်ဝ၍ ဝမ်းသာအားရဖြင့်....

'ကဲ...ပန်းပြန် ပြီးသွားပြီး လိုအပ်တဲ့ ဓာတ်ပစ္စည်းတွေ သွားဝယ်ကြမယ်ကွာ၊ ဖားဖိုနဲ့ ပီးသွေးကိစ္စကတော့ ရွာဦးကျောင်း

က ဖိုးသူတော်ကြီးရဲ့ ဖိုရုံကိုပဲ အကူအညီ ထောင်းပြီး ပီးသွေး(၄၅)တင်း ထယ်ထေး လိုက်ယင်ကွာ။ ဒါဆို အားလုံး အဆင်ပြေသွားပြီ'

သည်လိုနှင့် ကျောင်းဆရာက ရှေ့က ဦးဆောင်လုပ်ကိုင်သွားပြီး ကိုဘညွှန့်ကတော့ စိတ်မပါတပါနှင့် နောက်လိုက်အနေ ဖြစ်နေခဲ့သည်။

သူငယ်ချင်းနှစ်ယောက် တန်ဆောင်တိုင် ကျောင်းပိတ်ရက် (၁)ပတ် အတွင်း ရွာဦးကျောင်းက ဦးသူတော်ကြီး၏ ဓာတ်ခန်းဖိုရုံမှာ နေ့မီးညမီး ဆက်ပြီး အားကြိုးမာန်တက် လုပ်ဆောင်လိုက်ကြတာ အင်္ဂါရုတ်ဓာတ်လမ်းစဉ် စာညွှန်းအတိုင်း ဓာတ်လုံး အရောင်မှာ အနက်ရောင် မကျတကျသို့ ရောက်လာခဲ့ပြီ။

သို့ဖြစ်၍ ဓာတ်လမ်းစဉ်အတိုင်း **ဘော်(၁)ကျပ်သားကို အရည်ကျိုပြီး ယင်းဓာတ်လုံးကို မီးကင် အပူပေးပြီး** ထည့်လိုက်တော့...

ဘော်ရည်ထဲသို့ ငုတ်ဝင်သွားပြီး (၅)မိနစ်ခန့်အကြာ လုံးထဲမှာ ပတ်ချာလည်ပြီး ဓာတ်လုံး ပြန်ပေါ်လာတော့မှ ညှပ်ဖြင့် ပြန်ဆယ်ယူလိုက်ပြီး ဘော်အရည်ပျော်နေသည့် လုံးကို အအေးခံပြီး လုံခွံကြည့်လိုက်သည့်အခါမှာ ဘော်ဓာတ်သားမှာ အလုံးလိုက် ဝါထိန်နေသည်ကို တွေ့လိုက်ရပါသည်။

သို့နှင့် ကျောင်းဆရာလေး ထပြီး ခုန်လိုက်တာ ဖိုရုံထုပ်တန်းနှင့် နဖူးတောင် ဆောင့်မိသွားလေရဲ့ "ငါတို့ အင်္ဂါရုတ်ဓာတ်လမ်းတော့ အောင်မြင်ပြီပေါ့!" ဒီမှာတင် ဖိုးသူတော်ကြီးက အတွေ့အကြုံ ရင့်ကျက်သူပီပီ....

'ဟဲ...ဟဲ...အေးဟေ့ နင် စွတ်ပြီးတော့ ဟော်မနေနဲ့ဦး။ လေချာအောင် မှတ်စွဲ ငရဲချကြည့်ပါဦးဟာ'

ဟု ဆိုမှ အင်္ဂါရုတ်စားလမ်း မှတ်တိုင်ထူရန် **ဘော်ဝါဓာတ်လုံး**ကို မှတ်တိုက် ငရဲမီးချလိုက်တော့ မှတ်မှာ **ဖြူဖန့်ဖန့် ရဲတင်လိုက်တော့ အိုးမည်းတန်း သာသာလေးသာ** ကျန်တော့လေသည်။

ကျောင်းဆရာလည်း တစ်ချက်တည်း ငိုင်ကျသွားတော့သည်။ ဦးသူတော်ကြီးက ဘော်ဝါဓာတ်သားကို ပေပေါ်မှာတင်ပြီး ဆို့နှင့် ဖြတ်ကြည့်လိုက်တော့ အပေါ်ယံအသား အဝါရည်ပတ်နေပြီး အထဲသားမှာ ဖြူဖွေးနေသည်ကို လက်တွေ့မြင်လိုက်ရသည်။

'ဟေ့ကောင်တွေ...မင်းတို့တက်က သင်္ဘောနည်းနေလို့ ဟော်ကို အဝါရည် မရူးဖြစ်နေတာ မီးလိုတာဖြစ်မယ်'

ဟု သုံးသပ်ပြပါသည်။

သည်တစ်ခါမှာတော့ ကိုဘညွှန့်က သူငယ်သူငယ်ချင်း အေးမောင်ကို ကြည့်ပြီး အတော်စိတ်မကောင်း ဖြစ်သွားရသည်။

ဓာတ်လမ်း အစကတည်းက နေ့တစ်ချိန်လုံး အလွန်ဆန္ဒပြင်းပြစွာနဲ့ တက်ကြွလှုပ်ရှားနေသည့်သူ သည် အချိန်မှာတော့ လင်းတက်ကြီး လည်ထားသလိုဖြစ်ပြီး စကားပင် မပြောနိုင် ဖြစ်နေလေရာ...

'ကဲပါကွာ... ဘယ်လို...နဲ့ အစကတော့ ဒီလိုပါပဲ။ အဆင်မ

www.burmeseclassic.com

www.burmeseclassic.com

တာတွေဖြစ်တတ်ပါတယ်။

မင်း... ဘာမှ စိတ်မကောင်းဖြစ်နေနဲ့။ ဒီကုန်သွားတဲ့ငွေလဲ ငါ ဘယ်လိုမှ သဘောမထားဘူး။ မင်းစိတ်ကို သက်သာအောင်နေပါကွာ'

ဟု အားပေးရလေသည်။

ကျောင်းဆရာလည်း သူ့လုပ်ရပ် မအောင်မြင်ခဲ့လေတော့ ကိုဘညွန့်ကို အလွန်ပင် အားနာမိလေသည်။

ဇာတ်လမ်းက ဒီမှာတင် စခန်းရပ်သွားရမည်ဖြစ်သည်။ သို့သော် ကိုဘညွန့်၏ ပင်ကိုဗီဇစရိုက်က ဒီမှာပြန်၍ နိဂုံးထလာခဲ့သည်။

အပေါ်ယံကိုကြည့်လျှင် အေးဆေး၍ စိတ်ပျော့သည်ဟု- ထင်ရသော်လည်း တကယ်တမ်းကျတော့ ကိုဘညွန့်သည် အတော်ခေါင်းကျောမာသူ တစ်ယောက် ဖြစ်နေသည်။

ဘယ်ကိစ္စမဆို လွယ်လွယ်နှင့် အလျှော့မပေးတတ်သည့် ညာဉ်ကြောင့် ယခု အင်္ဂရိတ်ဓာတ်လမ်းကိုလည်း တစ်မိုဘ်စိမ့်တွားကြည့်ပြီး ဘယ်နေရာကများ လမ်းဟာအားနည်းသွားသလဲဆိုပြီး အခဲမကျစိတ် ဖြစ်နေသည်။

သူကိုယ်တိုင် လုံကို ခွဲလိုက်စဉ် ဘော်ဓာတ်လုံးတစ်ခုလုံး ဝါထိုနေတာကို တွေ့လိုက်ပြီးမှအထဲကျမှအရည်မဝင်အရောင်မရှိ ဖြစ်ရသည့်ကိစ္စ... ဘော်ဓာတ်လုံးတစ်ခုလုံး အဝါရောင်ဖြစ်ဖို့ အတော်နီးစပ်နေပြီဟု တွေးထင်မိသည်။

ဒီတစ်ခါ ကိုဘညွန့်ကိုယ်တိုင် ကျောင်းဆရာနေသည့်မြို့ပေါ်အထိ လိုက်သွားပြီး...

'ကဲ...သူငယ်ချင်း နွေစပါးတလင်းသိမ်းပြီးတဲ့အချိန်၊ မင်းလဲ နွေကျောင်းပိတ်တဲ့အခါမှာ ငါတို့ ဒီဓာတ်လမ်းကို တစ်ခါပြန်ပြီး လုပ်ကြ တာပေါ့ကွာ။ မဖြစ်ဖြစ်အောင်ကို လုပ်ကြမယ်ကွာ'

ဟု ပြောပါလေတော့သည်။

ကျောင်းဆရာကလည်း သူ့အားနည်းချက်ကြောင့် မပြောသာ၍ မပြောခဲ့သော်လည်း ဤဓာတ်လမ်းကို နောက်တစ်ခါ ထပ်လုပ်ကြည့်ဖို့ကို အမြဲတွေးနေသည်မို့ ''သူတော်ချင်းချင်း သိတင်းလွေ့'' ဖြစ်သွားချေပြီ။

[အဝိုင်း(၂)ကို ရွှေလထွင် ဆက်လက် တင်ပြပါမည်။]

ဦးမင်းဇင် *(ရွှေနဝင်း)*

ဖြူဖွေးလှပသည့်

မျှစ်ဆတ်၏ ပြုလုပ်နည်း

တစ်နေ့သ၌ စာရေးသူတို့ အိမ်ရှေ့လမ်းမပေါ်တွင် ဒေါ်စန်းနွဲ့ဆိုသည့် မိန်းမကြီးသည် သူ၏ ရောင်းကုန်များဖြစ်သော **မျှစ်ပြုတ်, မျှစ်ဆတ်**များကို အာပေါင်အာရင်းသန်သန်နှင့် အော်ဟစ်၍ ရောင်းချနေလေ၏။။

မကြာမီပင် ဝယ်ယူမည့်သူများ ဝိုင်းအုံလာပြီး ဒေါ်စန်းနွဲ့၏ မျှစ်ပြုတ်မျှစ်ဆတ်များကို သူ့ထက်ငါ အလုအယက် ဝယ်ယူကြလေတော့၏။

ထိုယူနေရင်း ပါးစပ်အငြိမ်မနေနိုင်ဘဲ ဒေါ်စန်းနွဲ့၏ မျှစ်ဆတ်တွေက ဖယောင်းတိုင်လေးတွေလို၊ မြေဖြူချောင်းလေးတွေလို လှပဖြူဖွေးပြီး မြင်ရုံနှင့်ပင် စားချင်စရာ ကောင်းကြောင်း၊ သန့်ရှင်းသပ်ရပ်ကြောင်း...

မျှစ်ပြုတ် ကလေးတွေကလည်း မုန်လာဥနီကလေးများနှင့် တူပြီး စားကောင်းလှကြောင်း၊ ထို့ကြောင့် ရောင်းမလောက်အောင် ဝယ်လိုအားကကောင်းနေကြောင်းများကို ဆူညံစွာဖြင့် တစ်ယောက်တစ်ပေါက် ပြောဆို၍ နေကြ၏။။

စာရေးသူလည်း မျှစ်ဆတ် ဝယ်ယူသူတို့၏ ပြောစကားများကို မယုံကြည်၍ ကိုယ်တိုင်ထွက်ကြည့်တော့မှ ပြောကြသည့်အတိုင်း အမှန်တကယ်ပင် ဖြူဖွေးလှပသော မျှစ်ဆတ်များကို တွေ့ရလေ၏။

ထိုအခါမှ မျှစ်ဆတ်သည် မိန်းမကြီး ဒေါ်စန်းနွဲ့အား ယခုကဲ့သို့ လှပသည့် မျှစ်ဆတ်များ ပြုလုပ်နည်း၏ လျှို့ဝှက်ချက်ကို ပြောပြပါရန် တောင်းဆို မေးမြန်းရာ ဒေါ်စန်းနွဲ့မှ အောက်ပါအတိုင်း ရှင်းပြပါသည်။

မျှစ်ဆတ်ကို ပြေအိုနှင့်သာ စိမ်ပါ။ ပုံမှန်စိမ်နေကျ အိုးနှင့်သာ အပြဲစိမ်ပါ။ မျှစ်ဆတ်စိမ်ထည့်အိုးနှင့် အပြား သစ်ပုံ၊ သစ်ဖုံး သစ်သီး သစ်ရွက်တို့ မစိမ်းရပါ။ မျှစ်ဆတ်ကို ဆန်ဆေးရည်သန့်သန့်နှင့် စိမ်ပါ။

ဆန်ဆေးရည်ချည်း မရနိုင်လျှင် ရေအေးနှင့် ဆန်ဆေးရည် ရောစပ်၍ စိမ်ပါ။ ရေချည်းသက်သက်ဖြင့် စိမ်လျှင် အရောင် မလှပဘဲ ရေစိမ်းနံ့ နံတတ်သည်။

ယုတ်စွအဆုံး ရေရှိရှိဆဲသို့ ဆန်ဆေးရည် အနည်းငယ်ဖြစ်စေ ပါပါဖြစ် ထည့်ပေးမှသာ အရောင်လှပ၍ အနံ့ကောင်းပါမည်။

သို့ရာတွင် အဓိကအချက်မှာ မျှစ်စိမ်းချောင်းများကို ဆန်ဆေးရည်ထဲတွင် စိတ်ချလက်ချ မြှုပ်အောင် သတိထားစိမ်ရန် ဖြစ်သည်။

မျှစ်စိမ်းသည် ရေပေါ်တွင် ပေါ်နေပါက ပေါ်သည့်နေရာက လေနှင့် ထိတွေ့ပြီး အရောင်မလှပဘဲ ညိုညစ်ညစ် မှုန်မှိုင်းမှိုင်း ဖြစ်နေပါမည်။

[နည်းလမ်းပြောပြသည့် ဒေါ်စန်းနွဲ့အား ကျေးဇူးတင်ထျက်...]

မင်းလွင်မောင် *(မန်းချောင်း)*

www.burmeseclassic.com

www.burmeseclassic.com

လက်ဝါးဗေဒ

အဖြေရှိခဲ့ရပါသည်

'ကာယနည်းပြဆရာတစ်ဦး ဖြစ်နိုင်ပါ့မလား'
ကြည့်ပါ။

✤ ဘဂဏ်လမ်းကြောင်းသည် **လက်ဝါး တစ်ဖက်စွန်း**ထိ ရောက်နေတယ်။
ဒါကတော့...
စိတ်မြန်တယ်၊ တက်ဘက်ကြွက်လုပ်ယ်၊ ဖင်လေးမနေတတ်ဘူး။ ပိရိယဲကောင်းတယ်။

✤ **လက်ဝါးက လေးထောင့်ကျပြီး** အနည်းငယ် ဝိုက်နေတယ်။
ဒါကတော့...
• အရာရာမှာ လက်တွေ့ဆန်တယ်၊ စိတ်ကူးယဉ်မဆန်ဘူး၊ လက်တွေ့ကျကျ လုပ်ချင်တဲ့သူ၊ အပြောသမား မဟုတ်ဘူး၊ လုပ်ရှားမှုနဲ့ အကျိုးပေးတယ်။
ကဲ...ဒါဆိုရင်

ကာယနည်းပြ
တစ်ဦးဖြစ်ဖို့
သေချာနေပါပြီ။

သာယာ ချမ်းမြေ့ပါစေး

ဆရာ ဦးခင်မောင်လင်း
(B.Sc၊ ရွှေဘို)
(လက္ခဏာ–မဟာဆုတ်သုတေသီ)

www.burmeseclassic.com

www.burmeseclassic.com

အလွယ်ကူဆုံး

ဟင်းချက်နည်း အစုံ အစစ် ခွဲခြားနည်း

လောကၠ အတုနှင့် အစစ်သည် အစဉ်ဒွန်တွဲနေလေ့ရှိသည်။ အထူးသဖြင့် တန်ဖိုးကြီးပြီး လူကြိုက်များသော အုရာဝတ္ထုပစ္စည်းများဖြစ်လျှင် မကြာခဏ အတုပေါ်ပေါက်လာလေ့ရှိတတ်လေသည်။

ပျားရည်သည်လည်း အလွန်ဆေးဖက်ဝင်ပြီး တန်ဖိုးကြီးသဖြင့် ထုံးစံအတိုင်း ဝိသမလောဘသမားများက စီးပွားပိုမိုတွက်ခြေကိုက်အောင် တစ်ဆကို နှစ်ဆပွားနိုင်ရန် အရောအနှောပြုကြလေသည်။

ထို့ကြောင့် အတုကို အစစ်ထင်မှတ်ပြီး ဝယ်ယူမိသူအတွက် ပျားရည်၏ မူလအာနိသင်ဆေးနည်းသောပျားရည် အတုကြောင့် ဆေးအဖြစ် ဆီးစွမ်းထက်သင့်သလောက် မထက်တော့ပေ။

ပျားရည်ကို စစ်,မစစ် ခွဲခြားနည်းကား များစွာရှိ၏။

ဥပမာ ရေနွေးကြမ်းပန်းကန်ထဲသို့ ရေနွေးကြမ်း ထည့်ထားပြီးနောက်တွင် ပျားရည်တစ်စက်ခန့် ချကြည့်ပါ။ **ပျားရည်သည် အပုံမပျက် ရေနွေးကြမ်းထဲတွင် တွေ့မြင်နေရလျှင် စစ်၏။ ရေနွေးကြမ်းတွင် ပျော်ဝင်သွားသကဲ့သို့ ရှိလျှင်ကား မစစ်ပေ။**

ပျားရည်ကို မှိုင်းခံစက္ကူပေါ်သို့ တစ်စက်ခန့်တင်ကြည့်လျှင် **စက္ကူပေါ်၌ အပုံမပျက်တည်ရှိနေလျှင် စစ်၏။** နံ့သော်သို့ပြန့်ကားသွားလျှင် ပျားရည်မစစ်တော့ပေ။

ထိုနည်းလမ်းများသည် ပျားရည်ကို စစ်,မစစ် ခွဲခြားရန် နည်းလမ်းကောင်းများဖြစ်ကြသည်မှာ မှန်ကန်သော်လည်း လက်တွေ့ပြုလုပ်ရန်အတွက် ရေနွေးကြမ်းပန်းကန်၊ ရေနွေးကြမ်း၊ မှိုင်းခံစက္ကူတို့ကို ရရှိအောင် ရှာဖွေနေရသဖြင့် ကြန့်ကြာနိုင်လေသည်။

ပျားရည် အတုနှင့်အစစ်ကွဲပြားရန် သင်၏ **လက်မလက်သည်းခွံပေါ်တွင် ပျားရည်အနည်းငယ်မျှသာ တို့ယူ၍ ပုံထားကြည့်လိုက်ပါ။** အချိန်အနည်းငယ်ကြာသည်အထိ စောင့်ကြည့်၍ အပုံမပျက် တည်ရှိနေက ပျားရည်စစ်ပါသည်။ ထိုသို့မဟုတ်ဘဲ အပုံပျက်သွားအောင် နံ့သော်သို့ ပြန့်ကားသွားပါက ထိုပျားရည်မစစ်ကြောင်းသဘောပေါက်သင့်ပါသည်။

ပျားရည်တစ်ပုလင်းမှ နှစ်ပုလင်းဖြစ်သွားအောင် အဓိကကျသော အရောအနှောကား သကြားကို ရေနှင့်ကြိုပြီး ရောနှောလိုက်ခြင်းတည်း။

အောင်ဆန်းလင်း (ဘီအေ)

ကြောက်ကိုက်အမှာ ပျောက်ဆေး

ဤဆေးနည်းသည် ကျွန်တော်တာဝန်ကျတဲ့ကျောင်းမှ ကျောင်းလုပ်သားတစ်ဦးမှ လက်တွေ့ပျောက်ကင်းတဲ့ ဆေးနည်းဖြစ်သည်။

ကျောင်းလုပ်သား၏ ခြေထောက်ကို **ကြွက်ကတိုး(ကြွက်စုတ်)တိကောင် မမျော်လင့်ဘဲ ကိုက်လိုက်တဲ့ အနာဟာ ဆေးမတွေ့ဘဲ အနာအမြဲတမ်း ကိုက်ခဲနာကျင်နေသည်။**

နောက်တော့ ဆေးနည်းကောင်းကို မမျော်လင့်ဘဲ ရရှိခဲ့တယ်။ ဆေးနည်းကတော့...

ကြောင်ရိုးကိုပါး၊ ကြောင်ရိုးကိုကွေးပြီး အနာကိုလိမ်းပေးလိုက်ရာ(၂)ရက်လောက် အကြာမှာ သက်သာပျောက်ကင်းကြောင်း နက္ခတ္တရောဂြိုဟ်မဂ္ဂဇင်းမှတစ်ဆင့် တင်ပြပေးလိုက်ပါသည်။

ဆရာဖြူ

www.burmeseclassic.com

www.burmeseclassic.com

မော်လမြိုင် ကျိုက်သုတ်ဆရာတော် ဦးတိလောက ထွက်ရပ်ပေါက်သည့်

သံဝိဇ္ဇာလမ်း



၁၉၉၇ ခုနှစ်တွင် ကျွန်တော် အစိုးရဝန်ထမ်းဘဝက အငြိမ်းစားယူသည်။ အားလပ်ချိန် များများရသဖြင့် အဂ္ဂိရတ်ထိုးခြင်း လုပ်ငန်းကို ဝါသနာအလျောက် စိတ်ဝင်စားစွာဖြင့် ကြိုးပမ်းလျက်ရှိ၏။

တစ်နေ့တွင် မိတ်ဆွေတစ်ဦး၏ တိုက်တွန်းချက်အရ **ရန်ကင်းတောင်မြောက်ဘက်ရှိ မီးဖြူပင်ဘုန်းတော်ကြီးကျောင်း**သို့ မိတ်ဆွေနှင့်အတူ ရောက်ရှိခဲ့ပြီး ဆရာတော်အား တွေ့ဆုံဦးခိုက်ဖူးမျှော်၍ အဂ္ဂိရတ်ပညာဆိုင်ရာ ကိစ္စများကို ရောက်တတ်ရာရာ ဆွေးနွေးခဲ့ကြပါသည်။

'သံလုံးထိုးတာနဲ့ ပတ်သက်တဲ့ အတွေ့အကြုံကောင်းလေးများရှိရင် ကယည့်တော်ကို ပို့ပြပြီးဦးဘုရား'

ဟု လျှောက်ထားရာ ဆရာတော်က...

'ကျုပ်ထိတ်သွေ့ ဆရာတော်တစ်ပါးက ကျုပ်ကို ပေးထားတဲ့ ထွက်ရပ်ပေါက်ဆရာတော် ဦးတိလောကရဲ့ သံလုံးထိုးနည်း ရထားတာ ရှိတယ်။ ရထားတာ ကြာပါပြီ' အာကြီး စိတ်ဝင်စားရင် ပို့ပြပြီးပို့ပါ့မယ်'

ဟု ဆို၍ ယခုဖော်ပြပေးမည့် **ထွက်ရပ်ပေါက် သံဝိဇ္ဇာလမ်း**ကို ပေးအပ်လိုက်ခြင်း ဖြစ်ပါသည်။

ကျွန်တော် လေ့လာကြည့်ရာ သုံးစွဲရမည့် ဆေးအမည်မများခြင်း၊ လိုက်နာဆောင်ရွက်ရန် လွယ်ကူခြင်းတို့ကြောင့် သံဝိဇ္ဇာလမ်းကို စိတ်ဝင်စားသူများ၊ အဂ္ဂိရတ်ပညာကို လေ့လာဆည်းပူးနေသူများ အားလုံး သိရှိဆောင်ရွက်နိုင်ကြစေရန် စိတ်ရင်းစေတနာအမှန်ဖြင့် ကျွန်တော် မျှဝေပေးလိုက်ပါသည်။

ပထမဦးစွာ သံလုံးကို မထိုးမီ သံပြဒါးကို ချုပ်သတ်နိုင်စွမ်းရှိသည့် **ချုပ်ဆေး, သတ်ဆေး**ကို ဖော်စပ်ရပါသည်။ **လက်ချာ(၂)ကျပ်သား။ ဆား(၃)ကျပ်သား။ ကန့်(၂)ကျပ်သား။ ယမ်း(၂)ကျပ်သား** စုစုပေါင်း ဆေး(၄)မျိုး အလေးချိန်အားဖြင့် (၉) ကျပ်သားကို ယူ၍ မဟော်ထုံးရည်ကြည် (၁၀)ကျပ်သားနှင့် မီးအေးအေး ပေးကာ ချက်ရသည်။

ထုံးရည်ကြည်များ ကုန်ခန်းသွားပြီး ဆေးများ ခဲပျစ်လာလျှင် **သံပရာရည်** (၁၀)ကျပ်သား ထပ်ထည့်၍ ချက်ပါ။ သံပရာရည်များ ကုန်ခန်းသွားသည် ဆိုပါက သံကို ချုပ်သတ်နိုင်သည့် ချုပ်ဆေး, သတ်ဆေးကို ရ၏။

ဤတွင် သံအမျိုးအစား ကောင်းသည့် သံကောင်းကောင်း **သံရေနုနုကို (ပြဒါးအချိုးအဆ များများပါဝင်သည့် ခြသံတစ်မျိုးမျိုးကို ရပါက ကောင်းမွန်ပါသည်။)** မိမိ အလိုရှိသလောက် (၁)ကျပ် (၈)ပဲသားခန့် ချိန်ယူပြီး အထက်ဖော်ပြပါ ချုပ်ဆေး သတ်ဆေးကို **လေးတူထည့်ကာ (၇)လုံပြည့်အောင်** ထိုးသွားရမည်။

ဤဆေးဖြင့် (၇)လုံ ထိုးလိုက်ပါက မိမိအသုံးပြုသော သံအမျိုးအစား ကောင်းလျှင် ကျန်လိမ့်မည်။ အမျိုးအစား မကောင်းသော သံဖြစ်ပါက ဆေးကစားပစ်၍ သံကုန်သွားတတ်၏။ ပြဒါးဓာတ် များများ ကိန်းအောင်းပါဝင်နေသော သံနုနုဖြစ်ပါက ကောင်းမွန်သော သံပြဒါးကို မိပါသည်။

ချုပ်ဆေး သတ်ဆေးဖြင့် (၇)လုံ ထိုးပြီးချိန်တွင် **ဘော်(၇)မူးရည်ပါ၏**။ ထိုသံလုံးလုံခွံဖြင့် ကြေးကို ကျင်းကြည့်လျှင် ကြေးကို ဘော်ဖြစ်စေ၏။ ဤအဆင့်သို့ရောက်လျှင် ထိုသံလုံးအား ခံရည်လောင်းပြီး အဆင့်ဆင့်ဆက်၍ တက်သွားရမည်။

ခံရည်လောင်းရန်မှာ သံပရာရည်နှင့် ဆီကို ရောစပ်၍ ဖျော်ထားသော ခံရည်တွင် (၁၂)ကြိမ် လောင်းရ၏။ ပြီးက တက်ဆီတွင် (၁၂)ကြိမ်လောင်းပါ။ ထောပတ်တွင်(၁၂)ကြိမ် လောင်းပါ။ လူး၊ နွား ကျင်ငယ်ရည်ကို ပေါင်းခွေး ခံယူ၍ ခံရည်(၁၂)ကြိမ်လောင်းပြီး နောက်ဆုံး ပျားရည်တွင် (၁၂)ကြိမ် ခံရည်လောင်းပါက သံလုံးသည် **အစွမ်းသတ္တိပြည့်စုံသော ဝပ်ပေါဘထို့** ရောက်ပြီဖြစ်ကြောင်း ဖော်ပြထားသည်။

အားလုံး အောင်မြင်ကြပါစေ ဆရာ့လျှောက်...

အောင်သန့်(ပုသိမ်ကြီး)

www.burmeseclassic.com

www.burmeseclassic.com

ဟသ်ာတမြို့
အတွင်းပရိယတ္တိစာသင်တိုက်
မဟာနာယကဆရာတော်
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊
အဂ္ဂမဟာပဏ္ဍိတ၊
အဘိဓဇမဟာရဋ္ဌဂုရု၊
နိုင်ငံတော်ဩဝါဒါစရိယ
ဘဒ္ဒန္တအာရိယဝံသမဟာထေရ်အား
ဂါရဝပြု ပူဇော်ခြင်း

ဆရာတော်ကြီးသည် ၁၂၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော်(၈)ရက် တနင်္လာနေ့တွင် ဖွားမြင်တော်မူရာ မဟာဘုတ်အရ...

၅-ကြွင်း မဟာဘုတ်ပိုင်ရှင် တနင်္လာနေ့သားဖြစ်၍ **"မရဏ"** ဖွားလဲဖြစ်ပါတယ်။

"မရဏ" ဖွားတို့ရဲ့ ထုံးစံအတိုင်း **"ကြီးလျှင် ရွှေထီးဆောင်း"** ရမည်ဆိုသကဲ့သို့ပင် ပစ္စုပ္ပန်ရဲ့ဘဝ တစ်ထပ်တည်း ကျနေရသဖြင့် ယနေ့အခါဝယ် သက်တော်ရှည် ဆရာတော်တစ်ပါး အဖြစ် ကြည်ညိုဖွယ်ရာ ဖူးတွေ့နေရခြင်းသည် အထင်အရှား ဖြစ်ပါတယ်။

* * *

	၂	
၄	၀	၃
၁	၅	၆

၅-ကြွင်းမဟာဘုတ်

သို့သော်...

၁-နွေ (တနင်္လာနွေဂြိုဟ်)သည် ရေဏုအိမ်၌ ရပ်တည်နေသဖြင့်...

- ဇလဓိ အကျိုးကျေးဇူးကို မခံစားရတတ်ခြင်း
- ဇလ ဦးစွာကွယ်လွန်တတ်ခြင်း

F.24A. July, 2016.

မဟာဘုတ်ဆိုင်ရာ နှိုင်း

ဥပမာ

ကျေးဇူးရှင်ဆရာတော်ကြီးများ

- လုပ်ငန်းခွင် အောက်အခဲများ ကြုံခြင်း
- လုပ်ငန်းခွင် ပဋိပက္ခမကင်းခြင်း
- အောပ်ပြင်ပ လွယ်လွယ်နှင့် မရတတ်ခြင်း

စသည်တို့ပါပဲ။

၂-လာ (တနင်္လာဂြိုဟ်)သည် အဓိပတိအိမ်၌ ရပ်တည်နေသဖြင့်...

- မိခင်ရဲ့ အကျိုးကျေးဇူးကို ခံစားခြင်း
- ဝတ္ထုငွေကြေး အလှူခံရလွယ်ခြင်း
- ကြည်ညိုသူ ပေါများစေခြင်း
- ယာဉ်ကား ပိုင်ဆိုင်ခွင့်ကြုံခြင်း
- ရပ်ဝေးရပ်နီး မကြာခဏခရီးကြွခြင်း

စသည်တို့ပါပဲ။

၃-ဂါ(အင်္ဂါဂြိုဟ်)သည် ရာဇအိမ်၌ ရပ်တည်နေသဖြင့်...

- စိတ်စောနာ ကောင်းမွန်ခြင်း
- သတ္တိပုတ္တိနှင့် ပြည့်စုံစေခြင်း
- စိတ်ပိုင်းဆိုင်ရာ ကြံဖိုခြင်း ထက်ပြက်ခြင်း
- စိတ်စွမ်းအားကောင်းစေခြင်း
- ဆုံးဖြတ်ချက်ပြတ်သားခြင်း
- စာပေလုပ်ငန်းများ အကျိုးပေးခြင်း
- ပင်ရိုရာဇများ၏ ဆည်းကပ်ကိုးကွယ်မှုကို ခံရခြင်း

စသည်တို့ပါပဲ။

၄-ဟူး(ဗုဒ္ဓဟူးဂြိုဟ်)သည် အတွန်းအိမ်၌ ရပ်တည်နေသဖြင့်...

- ရုပိုင်းဆိုင်ရာ ခံညားထည်ပိုစေခြင်း
- လှူဒေးကိစ္စရပ်များ ဆောင်ရွက်ရခြင်း
- လူ့ပရိသတ်,ရွှေရံသင်းပင်း ပေါများစေခြင်း
- ကဗျာလင်္ကာ သီကုံးရေးဖွဲ့နိုင်ခြင်း၊ ပါဌနာပါခြင်း
- အသံသြဇာကောင်းစေခြင်း



- ဓမ္မကထိကတရား ဟောပြောခြင်းလုပ်ငန်းနှင့် အကျိုးပေးခြင်း

စသည်တို့ပါပဲ။

၅-တေး (ကြာသပတေးဂြိုဟ်)သည် ဘင်္ဂအိမ်၌ ရပ်တည်နေသဖြင့်...

- ဆရာကောင်းများနဲ့ ဆုံဖော ဆည်းကပ်ခွင့်ရခြင်း
- ဗိတ်ကောင်းတွေကောင်းများနဲ့ ခွဲခွာရတတ်ခြင်း
- ပညာရေးနဲ့ ပတ်သက်ပြီး အကျိုးပေးတတ်ခြင်း
- အတွေးအမြော် ထူခြားနေခြင်း
- ပရဟိတလုပ်ငန်းများနဲ့ အကျိုးပေးခြင်း

စသည်တို့ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

ငါးနှံပင်များ ပြုံးလာစေရန်

ငါးအမိုင်နိုအက်စစ်အားဆေး (Fish Amino Acid Solution)

မရောက်တာကြာပြီဖြစ်တဲ့ စိုက်ပျိုးရေးမိတ်ဆွေတစ်ဦးထံ ဒီတစ်ပတ် သွားရောက် လည်ပတ်ဖြစ်ပါတယ်။ သူ အဓိကစိုက်ပျိုး ထုတ်လုပ်နေတဲ့ သီးနှံကတော့ လူတိုင်းကြိုက်နှစ်သက်စွာ ဝယ်ယူစားသုံးတဲ့ စတော်ဘယ်ရီပင်ပါ။

ဒါပေမယ့် တစ်ခုထူးခြားတာကတော့ သူစိုက်တဲ့ စတော်ဘယ်ရီသီးက စာရေးသူတို့မြို့နယ်မှာ အဖွဲထွားဆုံးနဲ့ အချိုဆုံးလို့ နာမည်ကြီးနေပါတယ်။

ဒါကြောင့် စာရေးသူလဲ သူများတွေနဲ့မတူ သူ့အပင်နဲ့အသီးတွေက ဘာကြောင့် အခုလို တမူထူးပြီး ကြီးထွားနေရတယ်ဆိုတာ သွားရောက် လေ့လာ မေးမြန်း ဖြစ်ပါတယ်။ အဲဒီမှာ သူက အခုလို ရှင်းပြပါတယ်။

"ကျွန်တော်စိုက်တဲ့ စတော်ဘယ်ရီသီးဆိုတာမျိုးက ရင့်မှည့်လာရင် အသီးကို တိုက်ရိုက်စားသုံးတဲ့ အသီးမျိုးဖြစ်တော့ ဓာတုဆေးတွေကို သုံးစွဲလို့ မဖြစ်ဘူး။ ဓာတုနည်းပညာနဲ့ ထုတ်လုပ်ထားတဲ့ ဓာတ်မြေဩဇာနဲ့ ရွက်ဖျန်းအားဆေးတွေ သုံးရတာလဲ စားသုံးသူတွေအတွက် အန္တရာယ်များလွန်းတယ်။ အပင်ကို သန်စွမ်းပြီး အသီးလဲ ကောင်းလိုတော့ တကယ်အစွမ်းထက်တဲ့ ငါးချဉ်ဖောက်ရည်ကို ဖော်စပ်အသုံးပြုခဲ့တာပါ။

ဒီနည်းပညာကတော့ ဓာတုကင်းလွတ် အော်ဂဲနစ် နည်းစနစ်တွေထဲက တစ်ခုဖြစ်ပါတယ်။ အမိုင်နိုအက်စစ်ဆိုတာကတော့ မြေဩဇာရဲ့ အခြေခံကုန်ကြမ်းက ထွက်ရှိတဲ့ နိုက်ထြိုဂျင်ဖြစ်ပါတယ်။

လတ်လတ်ဆတ်ဆတ် ငါးစွန့်ပစ်ပစ္စည်းတွေကနေ ထုတ်လုပ်ထားပြီး သစ်ပင်ပန်းမန်များနဲ့ မြေဆီလွှာထဲက အကျိုးပြုအဏုဇီဝပိုးများရဲ့ သည်းခြေကြိုက်ပါလို့'

လို့ ပြောပြပြီး သူ လက်တွေ့လုပ်နေတဲ့ နည်းပညာကို မျှဝေပေးပါတယ်။

လိုအပ်တဲ့ ကုန်ကြမ်းတွေကတော့ **စဉ့်အိုးငယ်တစ်လုံး၊ ဈေးလေးငါးစိမ်းတန်းဆီက ရသမျှ ငါးအကြွင်းအကျန်**

ငါးအမိုင်နို အက်ဆစ်အားဆေး (Fish Amino Acid)

ကြာသားအားဆေး(ဆီ)တင်လဲနည်းနှင့် ပြုလုပ်သည့် ငါးအမိုင်နို



www.burmeseclassic.com

www.burmeseclassic.com

ခုတ်စဖြတ်စများနဲ့ ကြဲသကာဖြစ်စေ၊ တင်လဲရည်(ခေါ်) ကြဲသကာရည် (သို့မဟုတ်) ထန်းလျက်ဖြစ်စေ စသည်တို့ လိုအပ်ပါတယ်။

ပြုလုပ်ပုံကတော့ ဈေးငါးစိမ်းတန်းကနေ ဝယ်ယူရရှိလာတဲ့ ငါးခေါင်း၊ အူ၊ အကြေးခွံ၊ အရိုးစတဲ့ စွန့်ပစ်ပစ္စည်းလတ်လတ်ဆတ်ဆတ်နဲ့ ကြဲသကာ ဒါမှမဟုတ် ထန်းလျက်ခဲ ဆတူကို ရောမွှေရပါမယ်။ ဒီနေရာမှာ ကုန်ကြမ်းဆတူ(Same Amount Material)ဆိုတာမှာ အလေးချိန်ကို ပြောတာ မဟုတ်ပါဘူး။ **ပစ္စည်းရဲ့ ပုံထားတဲ့ ထူထည်ပမာဏ အချိုးတူကို ဆိုလိုတာ ဖြစ်ပါတယ်။**

အဲဒီရောထားတဲ့ ကုန်ကြမ်းဆတူကို စည်အိုးထဲထည့်ပြီး အပေါ်ကနေ စက္ကူနဲ့ လုံအောင် အုပ်ပြီး ကြိုးချည်ထားပါ။ သုံးရက်ခန့်အထိတော့ ငါးစိမ်းညှိနဲ့ နံပါလိမ့်မယ်။

သုံးရက်မြောက်ပြီးရင်တော့ ငါးမှာပါတဲ့ အဏုဇီဝိုးလေးတွေနဲ့ ကြဲသကာအချိုနဲ့ ဓာတ်ပြုပြီး သင်းပျံ့ပြီးချိုအီတဲ့ မွှေးရနံ့တွက်လာပါပြီ။

အဲဒီအချိန်မှာ အိုးကို ကြောင်၊ ဝက်၊ ခွေး အစရှိတဲ့ တိရစ္ဆာန်လေးတွေ ရဲရန်ကနေ လွတ်ကင်းအောင် ဂရုစိုက်ရပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီ ငါးအမှိုင်နံအက်စစ်ကို သူတို့ အရမ်းကြိုက်လို့ ဖြစ်ပါတယ်။

အဲဒီလိုနဲ့ (၇)ရက်လောက်ထားပြီးရင်တော့ အသုံးပြုလို့ရတဲ့အဆင့် ရောက်ပြီ ဖြစ်ပါတယ်။ ဆန်ကာကျဲနဲ့ စစ်ပြီး အသုံးပြုနိုင်ပါပြီ။ ကျန်ရှိတဲ့ ငါးအနှစ်တွေကိုတော့ နောက်ထပ် **ကြဲသကာ၊ ထန်းလျက်၊ သကြားညို တစ်ခုခုနဲ့** ထပ်မံ ရောမွှေပြီး ထပ်စိမ်ထားလို့ရသလို မသန့်စွမ်းတဲ့ သစ်သီးပင်တွေမှာ ရေဖျော်ပြီး ပက်ဖျန်းလောင်းပေးနိုင်တယ်။

ဘိုကာရှိ သစ်ဆွေးမုံ ပြုလုပ်ရင်း

ထည့်သွင်း အသုံးပြုနိုင်သလို ဝက်သို့မဟုတ် နွားစာတွေထဲမှာ ထည့်ကျွေးရင် ပရိုတိန်းဓာတ်ပါတဲ့အတွက် အလွန်နှစ်သက်စွာ စားသုံးကြတာကို တွေ့ရမှာပါ။

အသုံးပြုနည်းနဲ့ အကျိုးအာနိသင်တွေကတော့ ရေတစ်ဂါလန်မှာ ငါးအမှိုင်နှံ ထမင်းစားဇွန်း နှစ်ဇွန်းကိုရောစပ်ပြီး သီးနှံပင်တွေအပေါ်ကို နှံ့စပ်အောင် ပက်ဖျန်း အသုံးပြုနိုင်ပြီး ညှံ့ဖျင်းတဲ့ မြေဆီလွှာတွေ ပြန်ကောင်းလို့ ရင်တော့ ရေတစ်ဂါလန်မှာ ထမင်းစားဇွန်း ငါးဇွန်းရောမွှေပြီး မြေမျက်နှာပြင်ပေါ်ကို ပက်ဖျန်း အသုံးပြုနိုင်ပါတယ်။

ပင်ပိုင်းကြီးထွားမှုကို အားပေးတဲ့ အတွက် အပွင့်ပွင့်ချိန်မှာ ခေတ္တခဏ ရပ်ထားပြီး အပင်ရှေ့ပြောင်း ဖိုက်ပျိုးပြီးလို့ အမြစ်စွဲစခန့် အရွက်အသီးများ ဝေဆာချိန်မှာ တစ်ပတ် တစ်ကြိမ် အသုံးပြုနိုင်တယ်။

ထုံးဓာတ် ပြည့်ဝစွာပါတဲ့အတွက် ကြောင့်လဲ အသီးပင်များ ဖွံ့ဖြိုးကြီးထွားပြီး ပိုမို ချိုမြိန်တာကို တွေ့ရမှာပါ။

ဒါ့အပြင် ဒေသတွင်း သစ်ဆွေးမြေပြုလုပ်ရာမှာ ထည့်သွင်း အသုံးပြုခြင်းဖြင့် ဆွေးမြည့်ချိန် လျင်မြန်ပြီး အပင်အတွက် အာဟာရတန်ဖိုးများ မြင့်မားစွာ ပါဝင်ကြောင်း တွေ့ရလို့ နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်း စာဖျံ့သူ တောင်သူကြီးများအတွက် လေ့လာ ရေးသား တင်ပြအပ်ပါတယ်။

တနိုင်းခ



www.burmeseclassic.com

www.burmeseclassic.com



မြင်းကျောင်းဆိုး၊ ဆိုးကျော်၊

ကျင်နောက်၊ အပူလျှပ်၊ ဝမ်းကျဉ်းတို့ ဆေးနည်းများ

လွန်ခဲ့တဲ့နှစ်က စာရေးသူ ရှမ်းပြည် နယ်တောင်ပိုင်းရှိ ဟိုပုန်းကို ရောက်ခဲ့ပါတယ်။ မတွေ့ရတာ ကြာပြီဖြစ်တဲ့ သိန္နီဘက်က ပြောင်းလာတဲ့ မိတ်ဆွေကြီး ဇာလိန္ဒနဲ့ တွေ့ရအောင်ပါ။

ဇာလိန္ဒဆိုတာ စာရေးသူနဲ့အတူတူ နိုင်ငံတော်တာဝန်တွေကို ထမ်းဆောင်လာခဲ့သူဖြစ်ပြီး ညီရင်းအစ်ကိုတမျှလဲ ခင်မင်ခဲ့ကြသူ ဖြစ်ပါတယ်။

နိုင်ငံတော်တာဝန်တွေက အနားယူပြီးတဲ့နောက် ဇာလိန္ဒက ဟိုပုန်းဘက် ပြောင်းလာပြီး လက်ဖက်ခြံလုပ်ငန်း လုပ်နေပါတယ်။ ဒါပေမယ့် ဒီတစ်ခေါက်ရောက်တော့ ဇာလိန္ဒက လက်ဖက်ခြံအပြင် မြင်းမွေးမြူရေးကိုပါ ပူးတွဲလုပ်ကိုင်နေတာ တွေ့ရပါတယ်။

'ပေါလိန်းရေ...မင်းတို့ မြေပြန့်မှာ ကော မြင်းတွေ ရှိတယ်နော်'

လို့ ပြောလို့ စာရေးသူက မြန်မာ တစ်နိုင်ငံလုံး မြင်းမရှိတဲ့ အရပ်မရှိ ကြောင်း၊ မြင်းဆိုတာ မြို့တိုင်း နယ်တိုင်းမှာ အနည်းအကျဉ်းဖြစ်ဖြစ် ရှိကြောင်း ပြန်ပြောတော့...

'ဒါဆို ငါ မင်းကို မြင်းဆေးနည်းတွေ ပြောလိုက်ဦးမယ်။ မင်းမှာ မြင်းရှိလဲ သုံးပေါ့။ မရှိလဲ မြင်းသမားတွေကို တစ်ဆင့် ဖောက်သည်ချပေါ့ကွာ။ အကျိုးရှိတဲ့ လုပ်ငန်းပဲ'

လို့ သူ ပြောတတ်သလို ပြောပါ တယ်။

'ဟာ...ကောင်းတာပေါ့ ဇာလိန္ဒရာ၊ မြင်းနဲ့ပတ်သက်တဲ့ ဆေးဝါးတွေ သိထားတော့ မြင်းမှာ ရောဂါဖြစ်ရင် အလွယ်တကူ ကုသနိုင်တာပေါ့။ မဆုံးရှုံးသင့်တာ မဆုံးရှုံးနိုင်တာပေါ့ ကွာ'

စာရေးသူလဲ အဲသလို ပြန်ပြောပြီး ဇာလိန္ဒဆီက မြင်းဆေးနည်းတွေကို စာနဲ့ ရေးယူလာခဲ့ပါတယ်။

ဇာလိန္ဒ ပြောပြတဲ့ မြင်းဆေးနည်း လေးတွေကိုလဲ လိုအပ်သူများတွက် ပြန်လည် ဖောက်သည်ချလိုက်ပါတယ်။

မြင်းချောင်းဆိုးပျောက်ဆေး

စစ်သိမ်ပင်အခေါက် အမှုန့်ထောင်း လက်ဖက်ရည်ပန်းကန် တစ်လုံး လောက်ရရင် သံရာရည်နဲ့နယ်၊ အစာ နဲ့ရောကျွေး၊ တစ်နေ့(၂)ကြိမ်။

မြင်းဆီးချုပ်ပျောက်ဆေး

၁။ **လက်ဖက်ခေါင်းပုပ်** ၁–ပဲသား
၂။ **မုန့်ညင်းဥ** ၁–ဝိဿာ
၃။ **သိန္ဓော** ၁–ဝိဿာ

အားလုံးပေါင်း ဆန်ဆေးရည်နဲ့ တိုက်။

မြင်းကျင်ငယ်နောက်သော် ပျောက်ဆေး

၁။ **ထန်းငယ်မြစ်** ၁–ကျပ်သား
၂။ **ငရုတ်မိုးမျှော်** ၁–ကျပ်သား
၃။ **ချင်း** ၁–ကျပ်သား
၄။ **ဇာတိပို့လ်** ၁–ကျပ်သား
၅။ **စမုန်မျိုးငါးပါး** ၁–ကျပ်သား

ထိုဆေးအမျှစုရှိ စမုန်နှက် ၅–ကျပ်သားနှင့်ရော၊ ညက်စွာကြိတ်ရှိ မြင်းအပူလျှပ်သော်၊ အပူကပ်သော်၊ မြင်းကျင်ငယ်နောက်သော် တိုက်။ အစာမစားဘဲ ဝမ်းခိုင်နေပါက ဆားကျက်အရည် အနည်းငယ်ထည့်တိုက်။

မြင်းဝမ်းကျဉ်းပျောက်ဆေး

၁။ **ဆားထော်** ၁–ကျပ်သား
၂။ **ဆီးဆန်** ၁–ကျပ်သား
၃။ **မုတ်** ၁–ကျပ်သား
၄။ **ရွာစောင်းလက်ပတ်** ၁–ကျပ်သား
၅။ **ထန်းလျက်** ၁–ကျပ်သား

ယင်းဆေးငါးပါး အမျှစု၊ ညက်စွာကြိတ်၊ ဆန်ဆေးရည်နဲ့တိုက်။

အားလုံး နှလုံးစိတ်ဝမ်း ပြိမ်းချမ်းနိုင်ကြပါစေ။

အေးရွှေ(ဒီးကုန်း)

www.burmeseclassic.com

www.burmeseclassic.com

သူရိယဒီဇနီကျမ်းဝေစာလာ

ဆောင်းပါး (တံတားရွာ)

လျှောက်လှမ်းအဟော

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် စာရေးဆရာ ဗိုလ်မင်း(မင်းလှ)၏ **''ကြယ်တံခွန် နိမိတ်ဖတ်နည်း''** ဆောင်းပါးနှင့် ၂၀၁၆ ခုနှစ်၊ မတ်လထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ဗိုလ်မင်း(မင်းလှ)၏ **''တိမ်တံခွန် နိမိတ်ဖတ်နည်း''** ဆောင်းပါးတို့ကို ဖတ်ရှုရာ ဗဟုသုတ ရရှိခဲ့ပါသည်။

နက္ခတ်၊ ဂြိုဟ်၊ တာရာတို့ကို ကြည့်ရှုပြီး ပညာရှိများက လူ့လောက၏ ကောင်းမှု,မကောင်းမှုတို့ကို ကြိုတင် နိမိတ်ဖတ်နိုင်သည်ဖြစ်၍ လာမည့် ကာလအတွင်း ကမ္ဘာကြီးအတွက် ဖြစ်စေ၊ နိုင်ငံတစ်နိုင်ငံအတွက်ဖြစ်စေ၊ နိုင်ငံကို အုပ်ချုပ်သူ ခေါင်းဆောင်အတွက်ဖြစ်စေ၊ ရေ့ပြေးနိမိတ်အဟောများကို ပညာရှင်များက ကြိုတင် ဟောကိန်းများ ထုတ်လေ့ရှိသည်ကို တွေ့ရပါသည်။

တော်လည်းခြင်း၊ ငလျင်လှုပ်ခြင်း။ မိုးသီးများကြွေခြင်း၊ ကြယ်တံခွန်ထွက်ပေါ်ခြင်း၊ ဝါးပင်ပေပင်များ သီးပွင့်ခြင်း စသည်တို့သည် သဘာဝတရားကြောင့် ဖြစ်ပေါ်လာကြသော်လည်း တစ်ခါတစ်ရံမှသာ ဖြစ်တတ်ရာ ထိုသို့ ဖြစ်ပေါ်လျှင် ထိုဒေသ၌ ထူးခြားမှုတစ်ခုခု ဖြစ်လိမ့်မည်ကို နိမိတ်ပြနေသည်နှင့် တူပါသည်။ နိမိတ်ပြပြီးနောက်ပိုင်းတွင်လည်း ထူးခြားမှု ရှိကြပါသည်။

ကျွန်တော်နှစ်သက်သည်မှာ ''ဥရောပ ဒုက္ခ ဖန်ချောသီတွင် ခိုင်ခံတွင်း၊ ဗေးရာအနံ့ အပြာရှိ ငါးပင်များ သီးစေသည်ကို တွေ့ ကြုံရခြင်း'' ဆုတော ဒုက္ခတွင် တစ်ဘိုင်း ပြည်လုံး၊ ကြောက်စရာကောင်းလှသည့် ရွှံ့ဖလားလုံး အရောအဝင်ကြီး ပြစ်ပါ ခဲ့ပါသည်။

ယခု ကျွန်တော်တင်ပြမည့် နိမိတ်မှာ လအလိုက်၊ နေ့အလိုက်၊ ငလျင်လှုပ်လျှင် ဖြစ်ပေါ်လာမည့် ငလျင်လှုပ်အဟောပင်ဖြစ်ပါသည်။

ငလျင်လှုပ်အဟောကို မဂ္ဂဇင်းများတွင် တစ်ကြိမ်မျှ မဖတ်ဘူးပါ။ မရေးသား၍လည်း ဖြစ်နိုင်သလို ရေးသားသော်လည်း ကျွန်တော် စာဖတ်မစုံ၍ လည်းဖြစ်နိုင်ပါသည်။

ငလျင်လှုပ်အဟောသည် ကျမ်းပြုသူ ဆရာ၏ ပညာရပ်အရ ရေးသားခဲ့ခြင်းဖြစ်၍ ကျွန်တော် ရေးသားဖော်ပြမည့် ငလျင်လှုပ်အဟောနှင့် အခြားသူများ ရေးသားသည့် ငလျင်လှုပ်အဟောတို့ ကွဲလွဲမှုများ ရှိနိုင်ပါသည်။

ကွဲလွဲမှုများရှိပါက ပညာရှင်တစ်ဦး မဟုတ်သော ကျွန်တော့်အနေဖြင့် မိမိသဘောနှင့် ရေးသားမှု တစ်စုံတစ်ရာ မပါဘဲ **မှတ်သားထားသည့် ကျမ်းစာလာအတိုင်းသာ** ရေးသားဖော်ပြခြင်း ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

ကျမ်းစာရင်းပုံ

ကျွန်တော်၏ဇာတိ ကျောက်တန်းမြို့နယ်၊ တံတားရွာ ယခု(တံတားမြို့)တွင် မိဘများနှင့်အတူ နေထိုင်ပြီး ဇာတိရွာအနီးရှိ စင်မကော်ရွာတွင် ကျေးရွာ စာရေးတာဝန်ထမ်းဆောင် နေချိန်ဖြစ်ပါသည်။

ကျွန်တော်၏နေအိမ်သည် တံတားရွာတောင်ဘက်ကမ်း။ ရေတွင်းချောင်ပိုင်းရှိ မြတ်စောညီနောင်စေတီတော်(၂)ဆူနှင့် ခြံစည်းရိုးသာခြားရာ ဘုရားသို့ နေ့စဉ် ရောက်ပါသည်။

စေတီတော်(၂)ဆူတွင် တောင်ဘက်ရှိ စေတီထော်မှာ အရပ်(၈)မျက်နှာ၌ မုခ်ပေါက်(၁)ခုစီရှိရာ မုခ်ပေါက်သည် (၃)ပေခန့် ကျယ်ဝန်းပြီး အတွင်း၌ (၁၅)ပေခန့်ရှိ ကျောက်ဆင်းတုတော်(၁)ဆူစီ ပူဇော်ထားပါသည်။

တစ်နေ့တွင် စေတီ(၂)ဆူကို လှည့်

www.burmeseclassic.com

www.burmeseclassic.com

ပတ်လမ်းလျှောက်နေစဉ် မုခ်ပေါက်(၁)ခုအတွင်း၌ ကစ္ဆပါအနီစ(အဟောင်း)ဖြင့် ထုပ်ပိုးထားသည့် ပေစာထုပ်(၁)ထုပ်ကို တွေ့ရပါသည်။

မည်သူက မည်သည့်အကြောင်းကြောင့် မည်သည့်အချိန်တွင် လာထားသည်ကို မသိပါ။

နေအိမ်တစ်ခုခုတွင် ရှေးခေတ်ဘိုးဘွားတို့လက်ထက်မှ ကျန်ခဲ့သည့် ပေစာထုပ်ကို ယခုခေတ် မြေးမြစ်တို့က ဘာသာရေးနှင့် ဆက်စပ်သော်ပစ္စည်းဖြစ်၍ နေအိမ်တွင် မထားလိုသဖြင့် စေတီတော်မုခ်အတွင်းသို့ လာထားသည်ဟု ထင်မိပါသည်။

ကတ္တီပါစကို ဖြေကြည့်သောအခါ အတွင်း၌ ပေစာရွက်များကို ရှေးခေတ် ပေစာများ ချုပ်ထားသည့်အတိုင်း သေသပ်စွာ ချုပ်ထားပြီး ညီညာသော လက်ရေးများဖြင့် စာမျက်နှာစဉ်လိုက် ရေးထားသည်ကို တွေ့ရပါသည်။

ပေစာ၏ ပထမဆုံးစာရွက်ကို ဖတ်ကြည့်သောအခါ **"သူဋ္ဌီယဇီပနီကျမ်း"** ဟူ၍ တွေ့ရပါသည်။ ထိုအချိန်က သတိထားမကြည့်မိ၍ ကျမ်းပြုသူ အမည်ပါသည်၊ မပါသည်ကို မသိခဲ့ပါ။

ပေစာထုပ်ကို ကျွန်တော်(၁)ရွက် ချင်း ဖတ်ပါသည်။ သို့သော် အသက် ငယ်သေးခြင်း၊ ပါဠိစာပေ မတတ်ခြင်း၊ စာပေရေးရာများကို မလေ့လာသေးသည့်အရွယ်ဖြစ်ခြင်းကြောင့် နားမလည်သည်က များပါသည်။

နားမလည်သည့်စာများ အနက်မှ နားလည်နိုင်သည့် လောကီရေးရာနှင့် သက်ဆိုင်သော လက်ာများကို ဖတ်ရုံသာမက ကျွန်တော့်မှတ်စု စာအုပ်တွင် လည်း ကူးယူထားပါသည်။

ကူးယူထားသည့် လက်ာများ အနက်မှ **အပြိတ္တာစုတ်ရက်ရွေးနည်း လက်ာကို "ကျွန်တော်သိထားသော အပြိတ္တာစုတ်ရက်"** ဟူသော ခေါင်းစဉ်ဖြင့် ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ရေးသားဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ယခုထပ်မံ၍ မည်သည့်လတွင် လျော်လှူပ်လျှင် မည်သို့ဖြစ်မည်၊ မည်သည့်နေ့တွင် လျော်လှူပ်လျှင် မည်သို့ဖြစ်မည်ဆိုသည်ကို ကျမ်းစာပါ အဟောအတိုင်း ဖော်ပြပါသည်။ **စာလုံးပေါင်းများမှာ ပေစာပါအတိုင်း ဖြစ်ပါသည်။**

***

လအလိုက် လျော်လှူပ်အဟောလက်ာ

တန်ခူးလယိပ်လို့ မြေပြိုလျှင်တဲ့ ရန်ဟန်ကုန်
ကဆုန်မှာ ပန်းပွင့်ညီး သီးပွင့်အစုံ
နယုန်လ မုရဏာလွှဲတဲ့
နွယ်ကာကြဲ ပြည်ခြောက်ခြားတည့်
လနဲတာစည်းစိမ်ပျက် များသည့်ရွှေတဲ့
တော်သလင်း မြေသင်းဆစ်လို့ရိုး...
ဘေးတွေကြုံ ဘိကျွန်းငယ်တို့...
လန္ဓလူပ်မှုတား များတတ်ဘယာ
တန်ဆောင်မုန်း ပျက်ဆုံးပဏာဂါးတူသာ
စစ်မက်ကြွယ် နတ္ထောဆိုလို့
လပြာသိုရာဇာဘေး ရှေးအတိတ်လာ
တပို့တွဲလှူပ်ခဲလှူပ်ရာ ပျောက်ပျက်စွန့်အသီး
တပေါင်းမှာ သူပုန်ကန်လို့...
စစ်မက်ထန်ရန်ဟန်ထွက်တယ်
ကိုင်းပျက်လုနီး

အထက်ပါလက်ာအရ တန်ခူးလမှ တပေါင်းလအထိ (၁၂)လအတွင်း လျော်လှူပ်သည့်အခါ မည်သည့်လ လှူပ်လျှင် မည်သို့ဖြစ်မည်ကို ကျမ်းပြုသူ ပညာရှင်က ဖော်ပြထားပါသည်။

ဆက်လက်၍ **နေ့အလိုက် လျော်လှူပ်အဟောလက်ာ**ကို ဖော်ပြပါမည်။

***

နေ့အလိုက်

လျော်လှူပ်အဟောလက်ာ

ဂျွန်မှာ ဝမ်းပျိုလို့
ဗျာကွာတဲ့ သစ်ထူးပေါ်
သားသူတော်လွန်ကျော်ဖော
ဘေမ ပုန်ကန်
ဆင်ဆင်ဖြူ ကညာဆက်ပေလိမ့်
ကြွက်ဇွဲ ပဇွန်ကံ စကြာပုံ သန္ဓေဦး
ပူးရက်သောကြာ ပညာရှိကဝိတဲ့ဓောက်ရာ
စနေမှာ ဘယ်သို့ ဟူရာဗေဒင်နှင့်...
ကြိမ်းသေရှင် လူလျှပ်ညှိကြီး ညည်းတာ်ဘုကို၊

အထက်ပါလက်ာအရ တနင်္ဂနွေနေ့မှ စနေနေ့အထိ ငလျော်လှူပ်သည့်အခါ မည်သည့်ရက်တွင် လှူပ်လျှင် မည်သို့ဖြစ်မည်ကို ဖော်ပြထားပါသည်။ ကြာသပတေးနေ့အတွက် အဟော အဓိပ္ပါယ်ကို ကျွန်တော်မသိပါ။

ပေစာများထဲမှ လိုအပ်သည်များကို ကူးယူပြီးနောက် မူလလာထားသည့် ဝိုင်ရှင်ကဲ့သို့ပင် ကျွန်တော်လည်း အိမ်တွင် မထားရဲသဖြင့် ပေစာထုပ်ကို ယူလာသည့်မုခ်အတွင်း၌ပင် ကတ္တီပါစနှင့် လိပ်ပြီး ဖြန့်ထားလိုက်ပါသည်။

(၃,၄)ရက်အကြာတွင် ပေစာထုပ်ကိုကြည့်ရာ ကလေးများ ဆော့ကစားကြ၍ တစ်စစီဖြစ်နေသည်ကို တွေ့ရပါသည်။

ယခင်က မည်သို့မျှ မခံစားရသော်လည်း ယခု ကိုယ်တိုင် စာရေးသည့် အရွယ်ရောက်မှ တွေးပြီး နှမြောမိပါသည်။ ပေစာထုပ်မှ ကူးယူထားသမျှ ကိုသာ အပြတ်ကျန်သည်ဟု ဖြေသိမ့်ရပါတော့သည်။

မောင်ကံ(တိထား-ရွာ)

www.burmeseclassic.com

www.burmeseclassic.com

ပြေးသတ္တဝါ

စိုးစဉ်းသိမ့်မှု စကားပိုင်း

အောင်လွန်းဆန်း
(မင်းဘူး)

တပေါင်းလ တောင်လေဖြူးလာလျှင် နှစ်ရှည် တမာပင်ကြီးကလည်း အဖူးအပွင့်တွေနှင့် ကြိုင်လို့၊ လိုင်လို့ မြိုင်လို့ပါလား...

တမာပင်ကြီးအောက် ဝါးကြမ်းခင်း ဆင့်လေးပေါ်မှာ ဗိုက်ကြီးကျင်မောင် (မော်ကွန်းဝင်ပထမဆင့်)နှင့် လူငယ်များ ဇရေနွေးကြမ်းစကားဝိုင်းကလည်း တွေ့ခဲ့ရ၊ ကြုံခဲ့ရ၊ သိခဲ့ရသည့် မြေအကြောင်းကို ပြောဆိုနေလိုက်ကြတာ တောင်လေးနှင့်အတူ စကားတွေ ဖောင်ဖွဲ့လို့။ ဗိုလ်ကြီးကျင်မောင်ကလည်း စီးကရက်ကို မီးခိုးမပြတ် ဖွာရှိုက်ပြီး ပြုံးပြုံးကြီး နားထောင်လို့...

ပထမလူငယ် ။ ။ 'ကျွန်တော်တို့ ရွာက အနောက်ရိုးမနဲ့နီးတော့ ငန်းမြွေကိုတွေ့ရင် တစ်ရွာလုံးဝိုင်းလိုက်ကြတဲ့ အလေ့အထရှိတယ် ဗိုလ်ကြီးရေ...'

ငန်းမြွေ သဘာဝက ခြတောင်ပို့ အအိုအဟောင်းပေါက်တို့၊ မြက်ဒိုက်မြက်အုံတို့၊ ထူးပေါက်ကျင်းကြီးတွေထဲမှာတို့၊ ဝါးရုံပင်ကြီးတွေအပေါ်မှာလဲ ခွေဖွဲ့ပြီး ငန်းသိုက် လုပ်လေ့ရှိပါတယ်။

ကျွန်တော်ကတော့ မြက်စပ်ရိုင်းတောတောင်ထဲမှာ ငန်းမြွေအသိုက်ကို တွေ့ခဲ့ရဖူးပါတယ်။ လေးတောင်သာသာအရွယ်ရှိတဲ့ ငန်းမြွေဟာ 'လေးဆောင်သာသာပတ်လည် အောက်ခြေမြက်စပ် ထုတစ်တောင်လောက်ရှိတဲ့ ငန်းမြွေအသိုက်ထဲမှာ ဥချပြီး(၁၇)လုံးတွေ့ခဲ့ရပါတယ်။

ငန်းမြွေဥက ရှည်တောက်တောက် ဘဲဥအရွယ်လောက်ပါ။ 'ငန်းမြွေက တစ်ကြိမ် ဥ,ချရင် အတော်များများဥပြီး ငန်းဥတွေ ပေါက်ခါနီးရင် မိုးကြီးမရွာဘဲ တန့်ပေးရပါသတဲ့'။

လူက ငန်းမြွေနဲ့တွေ့ရင် လူက ဦးရင် နတ်နှစ်(နွားနှင့်တံဝါးသည်းတုတ်) ငန်းဦးရင် တစ်ပြန်ပါတဲ့'။ လူဦး နတန် ဆိုတာက ပါလာတဲ့ နွားနှင့်တံဝါးသည်းတုတ်နဲ့ အလုံး ထွန့်တုံးလောက်ရှိတဲ့ အတုတ်ရှိတဲ့ ငန်းမြွေဦးခေါင်းနောက် ၂(၁-တောင်)အတွင်း ရိုက်လိုက်ပါက ငန်းမြွေရဲ့ လည်ပင်းက အရိုးအဆက်တွေက ပြုတ်လွယ်ပြီး ငန်းမြွေက အသည်းငယ်တတ်တော့ (နာတတ်တော့) အသေမြန်ရပါသတဲ့'။

'ငန်းနတန်(နှင့်တံ)နဲ့ ကိုက်တစ်လံ တောင်မပြေးနိုင်ပါဘူးတဲ့'။ ငန်းဦး တစ်ပြန်ဆိုတာကတော့ ငန်းကိုယ် အရှည်တစ်ပြန်အတွင်း လူက ရောက်ပါက မလွတ်အောင် ကိုက်တတ်ပါလေသတဲ့'

ဒုတိယလူငယ် ။ ။ 'ကျွန်တော်တို့ ရွာမှာ အသက်(၇၀) ကျော် ဘကြီးဆွေတင်ဆိုတာရှိတယ်ဗိုလ်ကြီးရေ၊ ဘကြီးဆွေတင်ရဲ့ ထူးခြားတဲ့ အနုံအာရုံ ခံစားမှုက လေယ်ထဲ

www.burmeseclassic.com

www.burmeseclassic.com

ယာထဲသွားရင် မြွေအနှံ့ကို သိတယ်။ သူကမှ မြွေအနှံ့ရလို့ အတူသွားတဲ့ သူတွေကို...

"ဟော့...မြွေနှံ့ရတယ်ဟေ့ ရရိုက်သွား"

လို့ သတိပေးရင် မကြာပါဘူး။

ကိုင်းပင်ကောက်ပင် လမ်းဘေး ချုံယောင်ယောင် အပင်အောက်တွေမှာ မြွေတွေ့တွေ့တော့တာပါပဲ။ အဲဒါနဲ့ ကျွန်တော်က...

"ဘကြီးဆွဲတင် မြွေနှံ့ကာ ဘယ်လိုအနှံ့လဲ"

လို့ မေးတော့ မြွေပွေးက မြေပြင် ပေါ်ကိုက်ဖို့ မာန်သွင်းနေတဲ့အချိန်မှာ စိမ်းရွှေရွှေအနှံ့ ထွက်ပါသတဲ့။

ရေအောက်ရေစပ်မှာ ဖြစ်စေ၊ မြွေတွင်းထဲ ဝင်နေတဲ့အချိန်မှာဖြစ်စေ အဲဒီအချိန်တွေမှာ အုံအောက်အောက် ညှီစို့စို့အနှံ့ ရပါသတဲ့။ မြွေဟောက်က အမြဲတမ်း အညှီနံ့တွဲနေပါသတဲ့'

တတိယလူငယ် ။ ။ 'ကျွန်တော်တို့ ရွာမှာ မြွေဖမ်းသမားက မြွေညှပ်နဲ့ညှပ်ပြီး လင်းမြွေနဲ့ မြွေပွေးကို တောင်းတစ်ခုထဲအတူ ထည့်ထားတာ လင်းမြွေက မြွေပွေးကို ပတ်ပါလေရောလား။

လင်းမြွေက အရစ်အပတ်အညှစ်အား သန်တယ်တဲ့ ဗိုလ်ကြီးရေ၊ ဒါကြောင့် လင်းမြွေရှိရင် မြွေဆိုးမလာနိုင်ဘူးလို့ ပြောတာမှန်ပါတယ်'

စတုတ္ထလူငယ် ။ ။ 'ကျွန်တော် တို့ ဘကြီးက ခေတ်အဆက်ဆက် အစိုးရဝန်ထမ်းလုပ်ခဲ့တယ် ဗိုလ်ကြီးရေ၊

အဲဒါ ဘကြီး သုံးပင်တဲအိမ်ကလေးက ငှက်ပျောခြံနဲ့ စပ်နေတော့ နယုန်လ မိုးဦးလေဦးကျစ နေ့တစ်နေ့မှာ ဘကြီးရဲ့ သုံးပင်တဲလေးထဲကို လင်းမြွေကြီး နှစ်ကောင် ဝင်လာပြီး မိတ်လိုက်နေကြတယ်။

ကျွန်တော့်ဘကြီးကလဲ လာဘ်ကောင်းတယ်ဆိုပြီး မောင်းမထုတ်ပါဘူးတဲ့။ နောက် မကြာပါဘူး ဗိုလ်ကြီးရေ...ကျွန်တော့်ဘကြီး စစ်ပြေး လာစာတွေ ပြန်ထုတ်ရပါသတဲ့။

အဲဒီတော့ မြွေလာရင် ငွေပါတယ်လို့ ပြောရမှာလိုပါဘဲတဲ့'

ဗိုလ်ကြီးကျင်မောင် ။ ။ 'ကျုပ် ငယ်ငယ် ကပ္ပေါ်ပေါ်မှာ မြန်အောင်မြို့ ရပ်ကွက်တစ်ခုမှာ ကာလသားတွေ ထန်းရည်ခါးနဲ့ ကြက်သားဟင်း အမြည်းလုပ်ပြီး ဝိုင်းဖွဲ့စကားဝိုင်းကောင်းနေတုန်း ကာလသားကြီးတစ်ယောက်က အဝါနဲ့ အနက် ရစ်ထားတဲ့ ငန်းတော်ကျား မြွေသူတော်တစ်ကောင်ကို မွေ့လာပြီး ထန်းရည်ဝိုင်းအလယ် လာချသဗျာ။

ကာလသားတွေ လန့်ပြီးပြေးတော့ ကြက်သားဟင်းတွေ အကုန်စားသွားတာကို တွေ့ဖူးသဗျ။

ငန်းတော်ကျား မြွေသူတော်က ရုတ်တရက် မကိုက်တတ်ဘူးဗျ။ ကိုက်မိရင်လဲ ဆေးမရှိပါဘူးတဲ့။

ကျုပ်တို့ မြန်အောင်မြို့မှာ ငှန်းတော်ကျား မြွေသူတော်ကို ရိုက်လို့ မြွေသေရင် အင်္ဂလိပ် ကိုလိုနီခေတ်က ဒဏ်ငွေ(၅)ကျပ် ဒဏ်ရိုက်ခံရသဗျ။

ဘာကြောင့်လဲဆိုတော့ ငန်းတော်ကျားမြွေသူတော် အရိုက်ခံရလို့ ဆေးရင် အိမ်နှစ် အိမ်ဆယ်မှာ ဖိုးဆိတ်တယ်လို့ ဆေးပုံကြည့်ရှုက် ရှိသေးဗျ။

ငန်းတော်ကျား မြွေသူတော်က မွန်းတည့်ပြီးရင် အစာ မစားဘူးတဲ့ဗျ။ မွန်းတည့်ခါနီးလို့ မြွေသူတော် စိတ်ညှတ်လိုက်ရင် မြွေကျင်နီကောင်သေးသေးလေးတွေ၊ ဖက်လျှောမြွေ အကောင်သေးသေးလေးတွေက သူ့ကို မျိုဖို့အတွက် လာရသတဲ့ဗျ။

နောက် မြွေတိုင်းကို နှတ်မစောင့်ပါဘူးတဲ့။ မြွေသူတော်ကို နှတ်စောင့်ပါသတဲ့။ ဒါကြောင့် မြွေသူတော်ကို သတ်မိသူမှာ ချက်ချင်းအကုသိုလ် ဝင်တတ်တယ်လို့ ဒေသယုံကြည်ချက် ရှိပါသဗျာ့။

အဲဒီတော့ လူငယ်များတို့ မြွေကို မေတ္တာထားတဲ့အနေနဲ့ ရှေးသူတော်ကောင်းကြီးများ ကျင့်စဉ်ကျင့်ထုံးနဲ့ အညီ မြွေတွေ့ရင်မသတ်ပါ။ မြွေသားမစားပါ။ မြွေရှိတဲ့နေရာကို မပြောပါဆိုတဲ့ မြွေနဲ့ ပတ်သက်ပြီး ကာယကံမှု၊ ဝစီကံမှုကို စောင့်ထိန်းကြပါစို့လို့ တိုက်တွန်းရင်း... ဘဝတူ သဗ္ဗမင်္ဂလာနဲ့ မြွေစကားဝိုင်းကို သိမ်းကြပါစို့..."

အောင်လှသန်း(မင်းဘူး)

www.burmeseclassic.com

www.burmeseclassic.com

လင်နှင့်မယား

ပေတံကပါးသူများအတွက်

ဖေဖော်ဝါရီ (မြင်းခြံ)



နက္ခတ်ဗေဒင်ဆရာ ဦးအောင်သန်းသည် ရွှေယုံလေးဆေးပေါ်လိပ်ကို ဖြည်ပြီးလျှင် တစ်ဖွာ, နှစ်ဖွာမက ထပ်တလဲလဲ ဖွာလန်ကြဲအောင် ခိုက်ရှူလျက် အိမ်အတွင်းမှာ ခေါက်တုံ့ခေါက်ပြန် သွားနေရာက ထိုင်ခုံပေါ်မှာ ထိုင်လိုက်သည်။

ဆေးပေါ်လိပ်ကို ခွက်ထဲသို့ ချလိုက်ပြီးနောက် တစ်နေရာကို အမှတ်တမဲ့ကြည့်နေလျက်ရှိသည်။

နာရီကို ကြည့်လျှင် အိမ်မြှောင်ထက်တံသည် ည(၁၀)နာရီသို့ ရောက်ခဲ့နေလေသည်။

သူသည်...

လွန်ခဲ့သောရက်က တပည့်ဖြစ်သော မောင်ထွန်းဝင်း+မိလိုင် အကြောင်း ပြန်ပြောင်းစဉ်းစားလျက် အတွေးစိတ်များ ဖြန့်ဝင်နေခြင်း ဖြစ်သည်။

မောင်ထွန်းဝင်းသည်...

နက္ခတ်ဗေဒင် လက်ရိုးလက်ဆန်း ဖွက်နည်းများ တော်သကဲ့သို့ ဟောပြောရာမှာလည်း ခေတ်နှင့်အညီ ဟောပြောတတ်သူ ဖြစ်သောကြောင့် အထွဋ်က ဆရာ့ထက် ပညာလက်စွမ်းအစ် ထက်သူဟူ၍ ပြောက မှားမည် ဆုတ်ပေ။

သူက လုပ်ငန်းဖြစ်သည်။ ဝင်ငွေက ကောင်းသည်။ အပေါင်းအသင်း အထွဋ်များသည်။ လူငယ်ဖြစ်သည့် အပြင် သူ၏အိမ်မှာ လူစုံသည်။ ချွေတာသည် မရှိလှ။ မိမိမှာ ဆရာဖြစ်သော်လည်း ဗေဒင်မေးလာသူသည် ကြဲကွဲသာရှိသည်။

အထွဋ်များခြင်း။ အပေါင်းအသင်း ကြီးခြင်းသည် သူ့ဘဝကို သံချေး တက်လာသည်နှင့်တူ၏။ ကောင်းသူထက်၊ မကောင်းသည့် လူတွေက အလာများသည်။ သံကို သံချေးတက်လာပါက သံချေးကပင် သံကို တဖြည်းဖြည်း စားလာတတ်ခြင်းကို မောင်ထွန်းဝင်းသည် သတိထားမိဟန် မတူပေ။

စကားစမြည် လူများများနှင့် ပြောနေရသည်ကို ကျေနပ်ဂုဏ်ယူနေဟန် တူသည်။

ပညာရပ် ကောင်းပါလျက်နှင့်...

သံကို သံချေးတက်လာခြင်း အကြောင်းရင်းကိစ္စကို ဆရာဦးအောင်သန်းသည် အတွေးဝင် စဉ်းစားနေခြင်း ဖြစ်သည်။ ဆေးလိပ်သည် မီးခိုး တလွှင့်လွှင့် ထွက်နေလေ၏။

* * *

မောင်ထွန်းဝင်းသည် နက္ခတ်ဗေဒင် ဆရာဦးအောင်သန်း၏ အိမ်ထဲသို့ ဝင်ရောက်လာပြီးနောက် ထိုင်ခုံပေါ်တွင် လက်ပစ်ခြေပစ် ထိုင်လိုက်သည်။

ခဏတာမျှ ထိုင်နေသော်လည်း ဟိုကြည့်ဒီကြည့် ကွန်ပြူတာ ထဲသွား တော့မလိုနှင့် ဟန်ပြင်နေသည်ကို ဦးအောင်သန်းကမြင်တွေ့ရလေ၏။ မောင်ထွန်းဝင်း၏အမူအရာကို မြင်ရသဖြင့်...

'ဟေ့...မောင်ထွန်းဝင်း ငါ့ကို ဘာပြောမလို့လဲ'

'ပြောတော့. ပြောမလို့ဘဲ...မပြောတော့ပါဘူး ဆရာရယ်'

'မင်း ဘာများဖြစ်နေပြန်ပြီလဲ ငါ့ကို ပြောစမ်းပါဦး အကြံဉာဏ်လေးပေးနိုင်ရင် ပေးရတာပေါ့'

'မိလိုင် သူ့အမေရဲ့ ရွာကို ပြန်သွားလို့ ဆရာ'

'မင်းနှယ်...ကိုယ့်မိန်းမ ရွာကို ပြန်သွားတာများ အဆန်းလုပ်ပြီးတော့ ပြောနေရသေး...အံ့ရော'

'အခု ပြန်သွားတာက ကျွန်တော်နဲ့ စိတ်ဆိုးပြီး ထွက်သွားတာ ဆရာရဲ့'

'လင်နဲ့မယားပဲ စိတ်ဆိုးတော့လဲ ခဏပါ... ပြန်လာပါလိမ့်မယ်'

ဟု ကျွန်ုပ်က သူ့စိတ်ဖြေသိမ့်လိုက်သည်။

'ဆရာထင်သလို ဟုတ်မယ် မထင်ဘူး။ သူ့အကြောင်းကို ကျွန်တော့် သိတယ်။ မိလိုင်က စိတ်ကြီးတယ်။ မာနစိတ်လဲ ရှိတယ်။ ပြတ်ဆိုရင် ပြတ်နိုင်တဲ့စိတ်ရှိတယ် ဆရာ'

'မီလိုင်အကြောင်း ငါက သိထားတော့ မင်းပြောတာလဲ ဖြစ်တော့ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com

နိုင်တာပဲ။ မင်းမိန်းမ လင်ကို ဆန့်ကျင်ဘက် မလုပ်ဘူး၊ ကြိမ်းတမ်းတဲ့ စကား မပြောဘူး။ မယားဝတ္တရား ကျေပွန်တယ်။ အိမ်မှုကိစ္စ တာဝန်ကျေတယ်။ အခု စိတ်ဆိုးထွက်သွားရတာ ဘယ်လို ဖြစ်လို့တုန်း...ပြောစမ်းပါဦး'

ဟု ကျွန်ုပ်က မေးလိုက်သည်။

'ဆရာလဲ သိတန်သလောက်သိမှာ ကျွန်တော့် အိမ်မှာကတော့ ဘောလုံးဆမား၊ နှစ်လုံး,သုံးလုံးသမားတွေနဲ့ တွက်ကြ ရေးကြ မှတ်ကြနဲ့ လူက ပြတ်တယ် မရှိလှဘူး။

အခါတိုင်ထူတယ်။ ဦးပုညရဲ့ လောင်းကစားပဋ္ဌလဂ်ကိန်းပါ မချန် တွက်နေကြတာ ပေဒင်မေးသူလာတော့ ဝတ်ကျေတမ်းကျေ ဟောတော့ လူလာစာကာ နည်းသွားတာပဲ။

လာတဲ့လူအချို့ကလဲ အထင်မြင်သေးအကြည့်နဲ့ ကြည့်သွားတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး စကားအချီအချ ပြောရာက စိတ်ဆိုးထွက်သွားတာ ဆရာ'

'ကိန်းပေါင်းစုံနဲ့ တွက်လို့ မှန်ကောမှန်ရဲ့လား ထွန်းဝင်းရာ'

ကျွန်ုပ်က အသံလေးလေးဖြင့် ကြားဖြတ်မေးလိုက်သည်။

'မှန်တဲ့အခါမှန်၊ မှားတဲ့အခါလဲ မှားပြန်ရော တထစ်ချမှန်ကန်တဲ့ ကိန်းကို ရှာနေတာ မတွေ့သေးဘူး ဆရာ'

ဟု ဦးငွေ့စွာဖြင့် ဖြေလိုက်သည်။

'ရှိမှ မရှိဘဲ၊ ငါ့တပည့်က ချစ်တီးရဲ့ ခေါင်းကို သန်းရှာနေတဲ့ လူလိုပါလား'

ဟု လှောင်ပြောင် ပြောလိုက်သည်။

ထွန်းဝင်းသည် စကားကို ပြန်၍ မပြောချေ။ ဦးခေါင်းကို ငုံ့လျက် ရှိနေသည်။

'လောင်းကစားကိစ္စကို အခွင့်သင့်လာလို့ ပြောရဦးမယ်...မင်းက ဆရာရယ်လို့ နာမည်ခံရသူ လူတစ်ယောက်က အများယုံကြည်အောင်၊ လေးစားအောင် နေမှ လူရှိသေ ရှင်ရှိသေမယ်။

လောင်းကစားတွေနဲ့ ပတ်သက်တာတော့ မကောင်းဘူး။ မြင်တွေ့ရတဲ့ လူတိုင်း အထင်မြင်သေးမယ်။ ဥပဒေနဲ့လဲ မလွတ်ကင်းဘူး။

လောင်းကစား ကျူးခြင်းကို **အကွဝုတ္ထ**၊ အရက်သေစာ သောက်ခြင်းကို **သုရာဝုတ္ထ**၊ မိန်းမ ပွေတာ ရွှပ်တာကို **ကုတ္ထိဝုတ္ထ**လို့ခေါ်တယ်။

အဲဒီ ဝုတ်သုံးဝုတ်ကို ဆရာတွေက ပို့ရှောင်သင့်တယ်။ ဝုတ်သုံးဆောတ်ကို မရှောင်လို့ကတော့ တစ်နေ့တစ်ချိန်မှာ စီးပွားပျက်သွားမယ်။ အိမ်ထောင်ရေး ထိခိုက်လာမယ်။ လူမှုရေးတွေ ဆုတ်ယုတ်လာမယ်။ ပတ်ဝန်းကျင်မှာ ရှိကျိုးသူတွေ နည်းသွားပြီး နောက်မဲ့ပြောကျသွားမယ်'

ဟု ကျွန်ုပ်က စိတ်ထဲ ပေါ်လာသည့် အတိုင်း တရစပ် ပြောလိုက်သည်။ ထွန်းဝင်းသည် ဦးခေါင်းကို မော့လျက် နဖူးမှာ ချွေးတို့ကို သုတ်ပြီး ခေါင်းပြန် ငုံ့သွားသည်။

ခေါင်းငုံ့နေသော ထွန်းဝင်းက ''ဘာများ ပြောဦးမလဲ'' ဟူသော အတွေးစိတ်ဖြင့် စေ့စေ့ကြည့်နေမိသည်။

'ဆရာ'ဆုံးမသတိပေးတာ ကျေးဇူးပါဆရာ'

ဟု မျက်နှာမော့ပြောသည်။

'ငါ...ဆုံးမတာ နားထောင်မှာဆိုရင် လောင်းကစားတွေဖြတ်လိုက်'

ဟု စကားတုံးတို ပြောလိုက်သည်။

'အပေါင်းသင်းတွေကို တဖြည်းဖြည်း လမ်းခွဲလိုက်ပါမယ် ဆရာ။ နောင်ကာလ လောင်းကစားတွေ လုပ်သံကြားရင် ဆရာ ကြိုက်သလို ဆုံးမနိုင်ပါတယ်။ လောင်းကစား မလုပ်ဖို့ကို ဆုံးဖြတ်လိုက်ပါပြီ'

'**သာဓု...သာဓု**...လို့ နှစ်ကြိမ်တော့ ခေါ်ထားပေးမယ်။ ငါ့တပည့် အခြေအနေကြည့်ပြီးမှ နောက်တစ်ခွန်း ခေါ်မယ်'

မျက်နှာပိုးသေသေနှင့် နားစိုက်ထောင်နေသဖြင့် ဝမ်းသာနေသည်။ သူ့မျက်နှာကို စေ့စေ့ကြည့်လိုက်ပြီး နောက်...

'လင်နဲ့မယားဆိုတာ တစ်ဦးမကြိုက်တာ တစ်ဦးက ရှောင်ရမယ်၊ လေးစားရမယ်၊ မရိုမသေ မလုပ်ရဘူး။

ငါက ထွေရာပေးနေတာဆိုပြီး အလွဲသုံးမယူနဲ့၊ မင်္ဂိုလ်းမှာလဲ အိမ်မှုကိစ္စထဲ လုံးဝလိုက်နေမှာဆိုတာ သိရဲ့လား

လင်နဲ့မယားဆိုတာ တာဝန်ကိုယ်စီကိုယ်ငယူနေကြရတာ၊ သာတယ် နာတယ် တွဲလို့ရတာ၊ မေတ္တာပယ်ကွဲနဲ့ မေတ္တာပယ်ကြဲ ဟော...ကြားလား'

ဟု ပြောလိုက်ရာ ထွန်းဝင်းက ပြုံးလိုက်လေ၏။

'မင်း...ဘာပြုံးတာလဲ ထွန်းဝင်း'

ဟု ပြန်မေးလိုက်လေ၏။

'သြော်...ဆရာက မေတ္တာမပွားဆိုလို့ ပြုံးတာ'

ဟု ပြောလိုက်လေ၏။

''**လင်နှင့်မယား မေတ္တာ**

www.burmeseclassic.com

www.burmeseclassic.com

ကြားသမား ကောက်သည်ခေတ်'' ဆိုတဲ့အတိုင်း ကိုယ့်မယား သူများ မယား ဖြစ်သွားနိုင်တယ် သတိထား'

ဟု ပြောလိုက်လေ၏။

ထွန်းဝင်းသည် အဝေးသို့ ကြည့်လျက် သက်ပြင်းတစ်ချက် ချလိုက်ပြီးနောက် ခေါင်းကို ကုတ်ခြစ်နေလေ၏။

'မိလှိုင်ကို လိုက်ခေါ်မှ ကောင်းမယ် ထင်တယ်...ဆရာ'

'ငါ့တပည့် လောင်းကစားတွေ ကိုယ်တိုင်လဲ မလုပ်ဘူး၊ သူများကိုလဲ တွက်ချက်မပေးဘူးလို့ ကတိပေးနိုင်ရင် မိလှိုင် ပြန်လာအောင် ဆရာ လုပ်ပေးနိုင်တယ်'

'ကနေ့ကစပြီး လောင်းကစား မလုပ်တော့ပါဘူးလို့ ကတိပေးပါတယ် ဆရာ့'

ဟု ထွန်းဝင်းက ဖြေလေ၏။

'မင်းရဲ့ ကတိပေးမှတော့ မိလှိုင် အိမ်ကို ခုနစ်ရက်အတွင်း ပြန်ရောက်မယ့်နည်း ပေးလိုက်မယ်'

ဦးအောင်သန်းသည် စာအုပ်ပုံအတွင်းမှ စာတစ်အုပ်ကို ဆွဲထုတ်လိုက်သည်ကို မြင်လိုက်ရသည်။

'ရော့ ဟော့...ထွန်းဝင်း ဒီမှတ်စုကို ကူးသွား မှတ်စုထဲကအတိုင်း စီရင်လိုက်၊ မင့်ရဲ့မိန်းမ ပြန်လာမယ်... ငါ အာမခံတယ်'

ဆရာပေးသော နည်းမှာ...

အိမ်ထောင်ရေး အဆင်မပြေဖြစ်နေပါက ကျောက်သင်ပုန်းငယ်ငယ် လေးတစ်ခုပေါ်မှာ...

'ဦ ဆွေနာယ်လျှ အိုမောင်မ'

ဟူသော အင်းဆန်းကို (၃)ကွက်တွက်လည်မှာ **မြင်းသွားရေ** အလယ်တွက်မှာ **မိန်းမ**၏ **နေ့နံ့ကိုသွင်းထား**း

'ဦ ဆွေနာယ်လျှ အိရှင်မ'

ဟူသော အင်းဆန်းကို အထက်ပါအတိုင်း အလယ်ကွက်မှာ ယောက်ျားနေ့နံ့ကို သွင်းအင်းချထားပြီး ပုံစံကို မြင်ရသည်မှာ...

* * *

ယောက်ျားအင်း		
ဦ	မယ်	ဖောင်
အို	နံ့	ဆွေ
နာ	မ	လျှ

မိန်းမအင်း		
ဦ	မယ်	ရှင်
အို	နံ့	ဆွေ
နာ	မ	လျှ

အင်းသွား		
၁	၄	၇
၆	နံ့	၂
၃	၈	၉

ယင်း(၂)အင်းကို စီရင်ပြီးလျှင် မိန်းမအင်း၏ အပေါ်က ယောက်ျားအင်းကိုထပ် အပ်ချည်နှင့် လေးဖက်လေးတန် ပတ်ပါ။

မိမိတို့နှင့် အကျမ်းဝင်သော နတ်ကတော်၏ အိမ်မှာ ခွင့်တောင်းပြီး ပြန်ပေါင်းထုပ်(၂)ထုပ်ကို နတ်တင်ပါ။ အင်း(၂)အင်းကို ရေရှိသော နတ်အိုးထဲမှာ ထည့်ထားခဲ့ပါ။ ကွဲကွာနေသော အိမ်ထောင်ဘက်များ ခရီးအနီးအဝေး အလျောက် ပြန်လည် ရောက်လာပါမည်။ သင့်မြတ်မည်။

ဤနည်းသည် **အနုနတ်တိုက်နည်း** ဖြစ်သည်။ ပြုလုပ်သောသူနှင့် ပြုလုပ်ခံရသူပါ ဘေးဥပဒေ မဖြစ်ပါ။ ဘေးဥပဒေ မပေးသော နည်းဖြစ်၍ ခေတ္တကွဲကွာနေသော အိမ်ထောင်ရှင်များ စီရင်နိုင်သည်။

ထွန်းဝင်းသည် အင်းကို သေချာစွာ ရေးကူးနေသည်ကို မြင်ရလေ၏။

'မင်းလို ဗဟုသုတရှိတဲ့လူ မပြီး သေးဘူးလား'

ဟု လှမ်း၍ မေးလိုက်လေ၏။

'ပြီးပါပြီဆရာ... မှတ်မိသွားအောင် ကြည့်နေတာ'

'ဒီစီရင်နည်းကို နားလည်ရဲ့လား'

'ဟုတ်ကဲ့ နားလည်တယ်ဆရာ'

'နားလည်အောင်မှတ်၊ သေသေချာစီရင် ဖြစ်ကိုဖြစ်ရမယ်'

ဟု ကျွန်ုပ်က ပြောလိုက်ရလေသည်။

ထွန်းဝင်းသည် ရေးကူးထားသော စာရွက်ကို အမှတ်ထင်ထင် အကျီအိတ်ကပ်တွင်းသို့ ထည့်လိုက်လေတော့၏။

ထွန်းဝင်းမျက်နှာကို မြင်ရသည်မှာ ကျေနပ်သလို၊ မကျေနပ်သလို အမူအရာ နှစ်မျိုးကို မြင်တွေ့နေရသည်။

ရက်အတန်ကြာကပင် သူသည် စိတ်အလို မကျဖြစ်နေပုံရသည်။ မိမိအနေဖြင့် ဖြေပြေရာဖြေပြေကြောင်း နည်းကို ပေးပြီးဖြစ်သည်။

'ဆရာ ကျွန်တော် အိမ်ပြန်ပါဦးမယ်'

ဟု နှုတ်ဆက်ပြီး ထိုင်ခုံမှ ထရန် ဟန်ပြင်လိုက်သည်။ ကျွန်ုပ်ကလည်း ဝတ်ကျေတမ်းကျေ ခေါင်းညိတ်ပြီးနောက်...

'အေး...ပြန်တော့ ထွန်းဝင်း'

ဟု ပြောလိုက်သည်။

ထွန်းဝင်းသည် ထိုင်ခုံမှ ထပြီးနောက် အိမ်၏အတွင်းမှ ထွက်သွားလေ၏။ သူ၏ ကျောကုန်းကို ကြည့်ပြီး ခုတ်(၁)ခုတ် ဖေဒ်ဆရာတစ်ယောက် ဖြစ်နေပုံကို တွေးတောနေမိတော့သည်။

ဇော်မြင့် (မြင်ဇို)

www.burmeseclassic.com

www.burmeseclassic.com

စကျွေးရှင်မစခင်ကြီး၏ အသေကောင်ကို

ကယ်ခဲ့ဖူးပါသည်

ပုလဲ ဦးဇော်

ပညာလက်ဆာ (ပန်းပု) ဂျွန်းဆောဒါကြီး၏ တောရောင်ညှာ မှန်ညှာ(ဂိုဏ်း)

ပုလောပြို့ ရုံးတစ်ရုံးတွင် အမှုထမ်းဆောင်စဉ်က ဖြစ်ပါသည်။ ဇာတိမြေ ဘီလူးကျွန်း ကွမ်လာရွာနေ ညီမဖြစ်သူက ပေးပို့ခဲ့သော **"အဖေ အသည်းအသန် အမြန်လာပါ"** ဟူသော ကြေးနန်းစာကို လက်ခံရရှိခဲ့ ၏။ ထိုစဉ်က တယ်လီဖုန်း မတပ်ဆင်သေးပါ။

နောက်တစ်နေ့ ရုံးတွင် ခွင့်(၁၀) ရက်ယူပြီး အတူနေ ညီဖြစ်သူ (၁၀) တန်းကျောင်းသား မောင်သောင်းရုံကို ခေါ်၍ ကုန်းလမ်းက ကားဖြင့် လာရာ (၄)ညအိပ်မှ မော်လမြိုင်ရောက်၏။ ယခုတော့ နေ့ချင်းပေါက်ပါပြီ။

ဘီလူးကျွန်းဆင်းရန် သဘော်အဆင်ပြေတာနှင့်ခရီးဆက်၏။ ညနေ (၄)နာရီတွင် ရွာကို ရောက်သည်။ တစ်အိမ်လုံး ကြိုဆိုနေကြ၏။

အရိုးပေါ်အရေတင်ပြီး ကမ္ဘာနှင်းရုပ်ပေါက်နေသောအဖေကို အိပ်ရာပေါ်တွင် တွေ့ရ၍ ရင်ထဲ ဆို့နစ်သွားရလေသည်။ အနားတွင် ထိုင်နေသော မိခင်ကြီးမှ **"သားတွေ့ရောက်လာပြီ"** ဟု အဖေ့ကို အသာအယာ လှုပ်၍ အသိပေး၏။

မျက်လုံး အနည်းငယ်ပွင့်လာပြီး သားနှစ်ယောက်ကို မြင်၍ အားတက်သွားပုံရ၏။ မျက်နှာ ပြုံးရောင်သန်းပြီး မျက်စိပြန်မှိတ်သွားသည်။ အဖေ့ကို အားပေးစကားပြောပြီး ဝတ္ထုရားကျေအားနာစွာဖြင့် အရိုးစုခန္ဓာကိုယ်ကြီးကို အသာအယာ နှိပ်ပေး၏။

ခဏအကြာ အမေ့ကို မျက်ရိပ်ပြပြီး အခန်းထဲမှ ခေါ်ထုတ်သွား၏။

'အမေ... အဖေကို ဆေးရုံမပို့ဘူးလား။ ဖြစ်နေတာရော ဘယ်လောက်ကြာပြီလဲ'

ဟု မေးရာ အမေမှ...

'တရောင်ရောင် ဖြစ်နေတာ ဟော့ ကြာပါပြီ သားရယ်... (၃)လလောက်ရှိပြီထင်တယ်။ ဟိုတက် ကမာကေးရွာက ဆေးမှုန့်နဲ့ ဆေးခေါ်ထိုးတာလဲ မကြာခဏပါပဲ။ ဆရာက ဆွေးဆုံဆေးရုံ ပို့ပါလို့ပြောတာနဲ့ ဆေးရုံပို့တာ တစ်လလောက်ကြာတယ်။

နောက်ဆုံး ဆရာဝန်ကြီးက အိမ်ပြန်ယူသွားလိုပါက ယူနိုင်ကြောင်း ပြောလို့ အိမ်ပြန်ယူလာတာ (၅)ရက်ရှိပြီး အခြေအနေ မကောင်းတာနဲ့ မင်းတို့ ညီအစ်ကိုဆီ ကြေးနန်းရိုက်ပို့ကြတာပဲ။ မင်းတို့အဖေ ဒီတောင်ကို မကျော်နိုင်ဆော့ဘူးထင်တယ် သားရယ်'

ဆိုပြီး မျက်ရည်ကျရှာ၏။

အမေနှင့် အတူ တရှုပ်ရှုပ် ငိုနေသော ညီမ မမေမေဝင်းကိုလည်း နှစ်သိမ့်စကားပြောပြီး အဖေ့ကိုစွ အမှန်ပေါ်တော့မှာဖို့ အိမ်သန့်ရှင်းရေး တွေလုပ် လိုအပ်သည်များကို အဆင်သင့် ပြင်ဆင်ရပါတော့သည်။

စုရုံးရောက်ရှိလာကြသော ဆွေမျိုးရင်းချာများနှင့် တိုင်ပင်ပြီး အစီအစဉ်များ ပြုလုပ်ရပါ၏။

အမေပြောပုံအရ အစားအသောက် မစားတာ (၅)ရက်ရှိပြီ၊ ရေသာ အနည်းငယ် သောက်နေပြီဆိုတော့ ဒီညလား၊ မနက်လား၊ မိုးလင်းလား ဆိုပြီး စိတ်ထဲ မှန်းဆနေကြရ၏။

တစ်ညလုံး သတိနှင့်အိပ်ကြသည် နံနက်မိုးလင်းသည်အထိ ဘာမှ မထူးခြားသေးပါ။ အမေက...

'နင့်အဖေ အကြောတွေ ထ ကိုက်တယ်နဲ့တူတယ် တအား နှိပ်ခိုင်းတယ်။ အရိုးစုကြီးကို နှိပ် ရသလို ဖြစ်နေတော့ နှိပ်နေရ အားနာနေရတယ်'

ပြောရှာ၏။

နံနက်စာစားပြီး အဖေ့ကို အ အသောက် အနည်းငယ်စားရန် ပ မော့ပြောဆို၏။ အဖေမှ မ ကြောင်း ခေါင်းခါပြ၏။

အဖေ့ကို နှိပ်နေရင်း ခေါင်းရင်

www.burmeseclassic.com

www.burmeseclassic.com

တွင် ရှိနေသော စာအုပ်ပုံမှ အဘိုး ကိုယ်တိုင် ခဲတံနှင့်ရေးထားသော ဆေးနည်းတိုစာအုပ်ကို အပြင်းပြေလွန်လျှောက်ဖတ်ကြည့်သည်။ ဆေးနည်းတွေက စုံနေတာပါပဲ။ စိတ်ဝင်စားစရာ ဆေးနည်းတစ်ခုတွေ့၏။ ဆေးနည်းမှာ...

'လူများသည် ကျား,ပ ပရွေး အထက် အရွယ်ကြီးလာသည့်အခါ ရင်ထဲမှ ခွဲလယ်ပျားကို အလွယ်တကူ ပြန်ထုတ်နိုင်အောင် ကရိကထသင့်သည်။ အပြင်ပထွက်ဝဲ တဖြည်းဖြည်း ရင်ခေါင်းထဲ စုပေါင်းရှိ အိုင်အဝဲဖြစ်လာပါက သလိပ်ပုပ်များ ဖြစ်လာပြီး အစားအသောက်များ ပျက်ကာ ဖြည်းဖြည်းချင်း လူကို ဒုက္ခပေးတော့၏။

နောက်ဆုံး လုံးပါးပါးရင်၊ လူနာသည် အကြောအချုပ်များဆက်ပြီး မပြတ် နိပ်နယ်ခိုင်း၏။ ဤသို့ ဖြစ်လာပါက "ယညာလက်ံာ" အမြဲတိုက်ကို ဆွေးရှ ကြွေးနှင့် တစ်ဖွန်းခန့်ကို ဆားအနည်းငယ် ထည့်ပြီးတိုက်ပါ။ အောက်သို့ယည်ပြီး ဝမ်းသွားပါက သက်သာရာရပြီး အစားအသောက်များ ပြန်ရှ ဝင်လာမည်' ဟု ပါရှိပါ၏။

အဘိုး၏ ဆေးစာအရ အဖေ၏ ရောဂါအခြေအနေနှင့် ကိုက်ညီနေသဖြင့် အဖေနှင့်တိုင်ပင်ပြီး ညီဖြစ်သူအား (၅)မိုင်ခန့်ဝေးသော မူးရော်ကလေးရွာ ဦးညီပရဆေးဆိုင်သို့ **"ပညာလက်ံာအမြစ်"** ဝယ်ရန် စေလွှတ်လိုက်ပါသည်။

မိုးကုန်ခါနီးဖြစ်၍ စက်ဘီးနှင့် သွား၍ မရအောင် ဆိုးပါ၏။ ယခုတော့ ကတ္တရာစေးလမ်း ဖြောင့်ဖြူးသာယာနေလေပြီ။ ခြေကျင်သွား၍၍ ညီဖြစ်သူမှ အသွားအပြန် (၂)နာရီလောက် ကြာမှ ရောက်လာ၏။

ဆေးမြစ်တစ်ကျပ်သားကို (၂)ကျပ် ဖိုးပေး၍ ဝယ်ယူခဲ့၏။ အရွယ်အစားမှာ အရှည်လက်လေးသစ်ခန့်၊ လုံးပတ်မှာ ယမ်းမီးခြစ်ဆံထက် အနည်းငယ်ကြီး၏။ နှစ်ကြာနေပြီဟု ထင်ပါသည်။ အခေါက်အပွေးများ မရှိတော့ပါ။

အဖြူရောင်သန်းနေသော အမြစ် (၄,၅)ချောင်းကို စုံ၍ ကျောက်ပျဉ်တွင်သွေး၏။ ကြွေဖွန်းတစ်ဖွန်းစာ ရသောအခါ ဆားအနည်းငယ်ထည့်ပြီး အဖေ့အား တဖြည်းဖြည်း တိုက်ရ၏။ ခါးသောအရသာ ရှိ၏။

အခြေအနေကို စောင့်ကြည့်ရ၏။ တစ်နာရီခန့်ကြာသောအခါ ဝမ်းသွားမည်ဟု လေသံနှင့်ပြော၍ အမေနှင့် တကွ အားလုံး ဝမ်းသာအံ့သြရပါသည်။ ဆီး အနည်းငယ်သာသွားပြီး ဝမ်းမသွားတာကြာပြီဟု သိရ၏။

ညီအစ်ကိုနှစ်ယောက် ချီ့ မပြီး အိမ်သာခွက်တွင် ထိုင်စေသည်။ အလိုလေး အနံ့အသက် ဆိုးဝါးလှသော အခွဲသလိပ်များနှင့် မစင်လက်သီးဆုပ်ခန့် ထွက်ကျလာ၏။

ရင်ထဲတွင် ပေါ့ပါးသွားကြောင်း ပြော၏။ အဆင်သင့် ပြုလုပ်ထားသော ကြက်ပြုတ်ရည်ကို တိုက်၏။ သောက်ပါ၏။ အဆင်ပြေလိုက်သည်ဖြစ်ခြင်း၊ နောက်ထပ်ဖွန်းတစ်ဝက်ခန့် ထပ်တိုက်၏။ ဝမ်းအနည်းငယ်မျှ သွား၏။

တိုတိုပဲပြောကြပါစို့မျာ... ဒီဆေးနည်းနှင့်ပင် အဖေ သက်သာရာ ရသွား၏။ **နောက်ထပ် (၁၃)နှစ်ခန့် နေပြီး အသက်(၈၀)ကျော်တွင် လူကြီးရောဂါ**ဖြင့် ကွယ်လွန်အနိစ္စ ရောက်သွား၏။

[မှတ်ချက်။ ။ လွန်ခဲ့သော အနှစ် (၄၀)ကျော်မှ ကိုယ်တွေ့ဖြစ်ရပ်မှန်ကို ရေးသားခြင်းဖြစ်ပါသည်။]

ကျန်းမာရေးသာကြပါစေ။

ပုလော ဖိုးအေး

စာမျက်နှာ (၁၉၈)မှ အဆက်

ဝိုင်း၊ ခြေဝိုင်း)တို့မှ နီးနောဖလှယ်ချိန်ဖြစ်ပါသည်။

၁၀။ **ည(၁၁)နာရီမှ (၃)နာရီအတွင်းတွင်** အသည်း အလုပ်လုပ်ချိန်ဖြစ်သောကြောင့် (၁၁)နာရီထက် နောက်ကျ၍ အိပ်စက်ခြင်းမှ ရှောင်ကြဉ်သင့်ပါသည်။ ည(၁၁) နာရီ မတိုင်မီ အိပ်စက်ခြင်းဖြင့် အသည်းအတွက်အနားယူသင့်ပါသည်။

၁၁။ **ည/နံနက် (၁၁)နာရီမှ ၂(၁)နာရီထိ** သည်းခြေမှအလုပ်လုပ်ချိန်ဖြစ်ပါသည်။ သည်းခြေပျက်စေသည့် ထိတ်လန့်မှုများ၊ လောဘ,ဒေါသ,မောဟ,သောကတရားများကို ရှောင်ရှား၍ မြဟ္မစိုရ်တရား လုပ်ကိုင်ထားရပါမည်။

၁၂။ **နံနက်(၃)နာရီမှ နံနက်(၅)နာရီ** အချက်တက်ချိန်တွင် အဆုတ်မှအလုပ်လုပ်ချိန်ဖြစ်သောကြောင့် (၅)နာရီထိ နှစ်နှပြီက်ပြီက် အိပ်ပျော်သင့်ပါသည်။ နေ့စဉ် ည(၁၀)နာရီမှ နံနက်(၆)နာရီထိ အိပ်စက် အနားယူသင့်ပါသည်။

အစားလည်းဆေး ဆေးလည်းအစာ ဆိုသည့်အတိုင်း ဝိဝိမျှန်းမာရေးအတွက် အာဟာရဖြစ်စေမည့် အစားအစာများကို နေ့စဉ် စားသောက်ရပါမည်။ ပူလွန်း၊ စပ်လွန်း၊ ချိုလွန်း၊ ဆိမ့်လွန်း၊ ငန်လွန်းသော အစားအစာများကို ရှောင်ကြဉ်ပြီး ရသာ (၆)ပါးမျှတအောင် စားသောက်ရပါမည်။

အရက်, ဆေးလိပ်, မူးယစ်ဆေးများ၊ မေထုန်မှုလွန်ကဲမှုများ၊ လောဘ, ဒေါသ, မောဟ, သောကတရားများ ရှောင်ရှား၍ တရားဝမ္မနှင့် မွေ့လျော်ကာ အထက်ပါ နည်းလမ်းများအတိုင်း နေထိုင်ကျင့်ကြံသွားလျှင် မည်သည့်ဆေးမှ ဝိဝဲရန် မလိုပါ။

လူသားတိုင်း အသက်ရှည် ကျန်းမာစေရန် ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိရှိပြီး အထက်ပါနည်းလမ်းများအတိုင်း နေ့စဉ်နေ့တိုင်း ကျင့်ကြံရမည့် နည်းလမ်းကောင်းများကို ရေးသားဝေငှပြလိုက်ရပါသည်။

ကိုးကား။ ။ သာဘာဝတွေ ဆရာဦးသန်းထွေထွန်းအံ့ဆော်ထပ်
နေ့ထား (၂၄)နာရီ ကျန်းမာရေးဆောင်ရောက်နည်း ပြောကြားချက်များ

ပြောင်းမြေ ဓောင်ယဉ်လင့်

www.burmeseclassic.com

www.burmeseclassic.com

သက်ရည်ကျွန်းမာစေရန်

နေ့စဉ်ဈေးဝယ်ကြရမည့် နည်းလမ်းများ

မြတ်မြတ် မောင်ယုဉာဏ်

လူသားတိုင်း ကျန်းမာစေရန် ကဲ့, စိတ်, ဥတု, အာဟာရ ဆိုသည့် သမုဒ္ဒာန်တရား(၄)ပါးကို လွန်, ယုတ်, လွဲမှား မပြုလုပ်ရန် လိုအပ်ပါသည်။ လူသားတိုင်း ကျန်းမာစေရန် အောက်ပါနည်းလမ်းများကို သိရှိလိုက်နာဖို့ လိုအပ်ပါသည်။

၁။နံနက်(၅)နာရီမှ (၇)နာရီအတွင်း

အူမကြီး အလုပ် လုပ်ချိန် ဖြစ်သောကြောင့် အိပ်ရာမှ ထထချင်း ရေတစ်ခွက်သောက်ရန် လိုအပ်ပါသည်။ ဝမ်းမှန်မှန်သွားရပါမည်။

ထိုအချိန်တွင် ဝမ်းမှန်မှန် မသွားခြင်းမှာ အူမကြီး ညစ်အားနည်းခြင်းကြောင့် ဖြစ်ပါသည်။ အူမကြီး ညစ်အားကောင်းစေရန် အမျှင်ရှိသော အစားအစာများ စားရပါမည်။

ဥပမာ – ငှက်ပျောသီး၊ ပန်းသီး၊ နာနတ်သီး၊ သစ်တော်သီး၊ ဆီးသီး (ဒိန်းသီး)၊ ထောပတ်သီး၊ သဘော်သီး များဖြစ်သည်။ နေ့စဉ် အလျဉ်းသင့်သလို စားရပါမည်။

၂။နံနက်(၇)နာရီမှ (၉)နာရီအတွင်း

အစာအိမ်မှ အလုပ် လုပ်ချိန်ဖြစ်၍ အစားအစာ စားရန် လိုအပ်ပါသည်။ ထမင်းစားသကဲ့သို့ အများကြီး မစားဘဲ အဆောပေ အာဟာရပြည့်စုံသည့် အစားအစာများ စားသောက်ရပါမည်။

ဥပမာ–နွားနို့နှင့်ပေါင်မုန့်ကို စားခြင်း။ ကြက်သားဆန်ပြုတ်သောက်ခြင်း။ မုန့်ဟင်းခါး၊ ခေါက်ဆွဲစားခြင်း။ (အုန်းနို့နှင့်ချက်သော အုန်းနို့ခေါက်ဆွဲ မစားဘဲ နို့နှင့်ချက်သော နို့ခေါက်ဆွဲ စားသင့်ပါသည်။)

၃။နံနက် (၉)နာရီမှ (၁၁)နာရီထိ

ဘေလုံးမှ အလုပ် လုပ်ပါသည်။ နံနက်စာ စားပြီး အမြန်ပြေးခြင်း။ ပြင်းထန်သော ကိုယ်လက် လေ့ကျင့်ခန်းများ မလုပ်သင့်ပါ။

၄။နံနက် (၁၁)နာရီမှ နေ့လယ် (၁)နာရီအတွင်း နှလုံး အလုပ် လုပ်ချိန် ဖြစ်ခြင်းကြောင့် ထမင်းစားပြီး အနည်းဆုံး မိနစ်(၂၀)မှ မိနစ်(၃၀)အထိ မျက်စိမှေးပြီး အနားယူပါ။

၅။နေ့လယ်(၁)နာရီမှ (၃)နာရီအတွင်း အူသိမ် အလုပ် လုပ်ချိန် ဖြစ်ခြင်းကြောင့် အတတ်နိုင်ဆုံး အလေးအပင်မ,ခြင်း မပြုလုပ်မိရန် ဆင်ခြင်ရပါမည်။

၆။ည(၃)နာရီမှ (၅)နာရီအတွင်း ဆီးအိမ်မှ ခန္ဓာကိုယ်အတွင်းတွင် ရှိသော အဆိပ်အတောက်များ ထုတ်ချိန်ဖြစ်၍ ရေများများ သောက်ရန် လိုအပ်ပါသည်။ အနည်းဆုံး (၁)လီတာမှ (၁.၅) လီတာ သောက်ရပါမည်။ တစ်နေ့တာတွင်း ရေမတ်ခွက်(၈)ခွက် သောက်သုံးသင့်ပါသည်။

၇။ည(၅)နာရီမှ ည(၇)နာရီထိ ကျောက်ကပ် အလုပ် လုပ်ချိန်ဖြစ်သည်။ ထိုအချိန်တွင် ရေချိုးနေစဉ် ဆီးသွားခြင်းမှ ရှောင်ကြဉ်ရပါမည်။ ရေချိုးစဉ် ဆီးသွားပါက ကျောက်ကပ်ပျက်စီးလွယ်ပါသည်။

ရေချိုးစနစ်ကို တင်ပြရလျှင် ဆောင်း(၁၀)၊ နွေ(၉)၊ မိုး(၁၁) ရေချိုးစနစ်အကျိုးဖြစ်၏ ဆိုသည့်အတိုင်း ဆောင်ဟုအတိုင်း ညနေနှင့် ညပိုင်းတွင် ရေမချိုးသင့်ပါ။ ခြေ, လက်, မျက်နှာ ဆေးကြောခြင်းသာ ပြုလုပ်သင့်ပါသည်။

ကျောက်ကပ် မပျက်စီးစေရန် အရက်၊ ဆေးလိပ်၊ ကွမ်း တည်ငင်းသီး လုံးဝ ရှောင်ကြဉ်ရပါမည်။

တို့ဧရာအဖြစ်စားသည့် တည်ငင်းသီးတွင် လူသားတို့ခန္ဓာကိုယ်အား အကျိုးပြုသည့် ဗီတာမင်ဓာတ် လုံးဝ မပါရှိဘဲ တည်ငင်းသီး လွန်ကျူးစွာ စားပါက ကျောက်ကပ် ပျက်စီးစေပါသည်။

၈။ည(၇)နာရီမှ ည(၉)နာရီထိ နှလုံးအမြေးပါး အလုပ် လုပ်ချိန် ဖြစ်သောကြောင့် ရယ်ရွှင်ဖွယ် ဟာသဗီဒီယိုကား၊ ရုပ်ရှင်များ ကြည့်ရှုသင့်ပါသည်။

၉။ည(၉)နာရီမှ (၁၁)နာရီအချိန်သည် ခန္ဓာကိုယ်တစ်ခုလုံးမှ အပိုင်း(၃)ပိုင်းဦးခေါင်းပိုင်း၊ ကိုယ်

စာမျက်နှာ (၁၈၄) သို့

www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုလူစားလဲ

ကြည့်ပါ။

◎ **လက်မထိပ်ဖိုင်းတွင် ထူထဲသည့် အသားစိုင်ကြီး** ရှိပါတယ်။ **(က)**

ဒါကတော့...

စိတ်ထွက်လွယ်မှုရဲ့ သင်္ကေတပါပဲ။

◎ **လက်သန်းတို** ပါတယ်။ **(ခ)**

ဒါကတော့...

ချွင်ချိန်နိုင်မှု အားနည်းတတ်တဲ့ သင်္ကေတပါပဲ။

◎ **ဉာဏ်လမ်းကြောင်း တနလ်ာ ဂြိုဟ်ခုံအောက်ခြေတိုင်** ရောက်နေတယ်။

ဒါကတော့...

ကို

အတွေးလွန်ကဲနေတတ်တဲ့ သင်္ကေတပါပဲ။

ကဲ...ဒါဆိုရင်... သူ... ဘယ်လို လူစားလဲဆိုတာ သိနိုင်လောက်ပါပြီ။

အေးပါစေ အောင်ပါစေ

သန်းပညာ

www.burmeseclassic.com

www.burmeseclassic.com

လာဘ်လာဘ

ရွှင်လန်းကြေးပါစေ

ကျဲလတွင်...

○ ဒီဿရာသီဖွား(မတ်လ ၂၁ရက်မှ ပြိုလ ၂၀ ရက်အတွင်းမွေးသူ)တို့သည်...

ရွက်လှုပန်း(၆)ရွက်၊ သီဟိုဠ်(၆)ညွှန့်၊ အောင်သပြေ(၆)ခက်နှင့် ဆွမ်းတော်ထမင်း(၄)ပန်းကန်တို့ကို ဗုဒ္ဓဟူးနေ့တွင် လူအများပူဇော်သည့် စေတီတစ်ဆူ၏ စနေဂြိုဟ်တိုင်မှ လှူလျက် လာဘ်လာဘရွှင်လန်းစေရန် ဆုတောင်းပါ။

○ ပြိဿရာသီဖွား(၀ပြိုလ ၂၁ ရက်မှ မေလ ၂၀ ရက်အတွင်းမွေးသူ)တို့သည်...

ဥသျှစ်ညွှန့်(၃)ညွှန့်၊ ဇီး(ဆီး) (၃)ညွှန့်၊ ပိတောက်ညွှန့်(၃)ခက်နှင့် တံခွန်ကြက်လျှာ(၆)ခုတို့ကို စနေနေ့တွင် စေတီတစ်ဆူ၏ တနလ်ဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

○ မေထုန်ရာသီဖွား(မေလ ၂၁ရက်မှ ဇွန်လ ၂၀ရက်အတွင်း မွေးသူ)တို့သည်...

နှင်းဆီ(၅)ပွင့်၊ စံပယ်ပန်း(၅)ကုံး၊ ခရေပန်း(၅)ကုံးနှင့် သောက်တော်ရေ(၃)ခွက်တို့ကို တနင်္ဂနွေနေ့တွင် ဘုရားစေတီတစ်ဆူ၏ သောကြာဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

○ ကရကဋ်ရာသီဖွား(ဇွန်လ ၂၁ ရက်မှ ဇူလိုင်လ ၂၁ရက်အတွင်း မွေးသူ)တို့သည်...

ပေါက်ပေါက်(၇)ပန်းကန်၊ တမာ(၇)ညွှန့်၊ သီဟိုဠ်(၇)ညွှန့်နှင့် ဖယောင်းတိုင်(၅)တိုင်တို့ကို တနလ်ာနေ့တွင် စေတီတစ်ဆူ၏ တနင်္ဂနွေဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

○ သိဟ်ရာသီဖွား(ဇူလိုင်လ ၂၂ ရက်မှ သြဂုတ်လ ၂၁ရက်အတွင်း မွေးသူ)တို့သည်...

ပိတောက်ညွှန့်(၁၀)ညွှန့်၊ တမာညွှန့်(၁၀)ညွှန့်၊ အုန်းလက်(၁၀)လက်၊ ဆွမ်းထမင်း(၇)ပန်းကန်တို့ကို သောကြာနေ့တွင် စေတီတစ်ဆူ၏ အင်္ဂါဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

○ ကန်ရာသီဖွား(သြဂုတ်လ ၂၂ရက်မှ စက်တင်ဘာလ ၂၁ရက် အတွင်း မွေးသူ)တို့သည်...

ဒေါန(၅)ခက်၊ အောင်သပြေ(၅)ခက်၊ အုန်းလက်(၅)လက်နှင့် တံခွန်ကြက်လျှာ(၁၀)ခုတို့ကို သောကြာနေ့တွင် စေတီတစ်ဆူ၏ အင်္ဂါဂြိုဟ်တိုင်မှ ကပ်လှူ ဆုတောင်းပါ။

○ တူရာသီဖွား (စက်တင်ဘာလ ၂၂ ရက်မှ အောက်တိုဘာလ ၂၂ရက် အတွင်းမွေးသူ)တို့သည်...

မြေပဲယို(၃)ခု၊ ဇီး(ဆီး)ယို(၃)ပန်းကန်၊ သီဟိုဠ်ဆန်(၃)ပန်းကန်နှင့် သောက်တော်ရေ (၅)ခွက်တို့ကို တနလ်ာနေ့တွင် စေတီတစ်ဆူ၏ တနင်္ဂနွေဂြိုဟ်တိုင်မှ ကပ်လှူ ဆုတောင်းပါ။

○ ဗြိစ္ဆာရာသီဖွား (အောက်တိုဘာလ ၂၃ ရက်မှ နိုဝင်ဘာလ ၂၁ ရက်အတွင်း မွေးသူ)တို့သည်...

သြဇာညွှန့်(၆)ညွှန့်၊ သီဟိုဠ်ညွှန့်(၆)ညွှန့်၊ ရွက်လှုပန်း(၆)ခက်နှင့် ဖယောင်းတိုင်(၃)တိုင်တို့ကို တနင်္ဂနွေနေ့တွင် သောကြာဂြိုဟ်တိုင်အနီးမှ ကပ်လှူ ဆုတောင်းပါ။

○ ဓနုရာသီဖွား (နိုဝင်ဘာလ ၂၂ ရက်မှ ဒီဇင်ဘာလ ၂၀ရက် အတွင်း မွေးသူ)တို့သည်...

ဥသျှစ်ညွှန့်(၈)ညွှန့်၊ ခရေညွှန့် (၈)ညွှန့်၊ ပိတောက်ညွှန့်(၈)ညွှန့်နှင့် ဆွမ်းထမင်း(၆)ပန်းကန်တို့ကို စနေနေ့တွင် စေတီတစ်ဆူ၏ တနလ်ာဂြိုဟ်တိုင် အနီးမှ ကပ်လှူဆုတောင်းပါ။

○ မကာရရာသီဖွား(ဒီဇင်ဘာလ ၂၁ ရက်မှ ဇန်နဝါရီလ ၁၉ ရက်အတွင်း မွေးသူ)တို့သည်...

ကောရဖညွှန့်(၂)ညွှန့်၊ ကံ့ကော်ညွှန့်(၂)ညွှန့်၊ အောင်သပြေ(၂)ခက်နှင့် ကြက်လျှာ(၈)ခုတို့ကို ဗုဒ္ဓဟူးနေ့တွင် စေတီတစ်ဆူ၏ စနေဂြိုဟ်တိုင်မှ ကပ်လှူ ဆုတောင်းပါ။

○ ကုံရာသီဖွား (ဇန်နဝါရီလ ၂၀ ရက်မှ ဖေဖော်ဝါရီလ ၁၈ရက် အတွင်း မွေးသူ)တို့သည်...

ကြံ(၁)ပိုင်း၊ အုန်းလက်(၁)ရွက်၊ သြဇာညွှန့်(၁)ညွှန့်နှင့် သောက်တော်ရေ(၂)ခွက်တို့ကို စေတီတစ်ဆူ၏ ကြာသပတေးဂြိုဟ်တိုင်မှနေ၍ ကြာသပတေးနေ့၌ ကပ်လှူ ဆုတောင်းပါ။

○ မိန်ရာသီဖွား (ဖေဖော်ဝါရီလ ၁၉ ရက်မှ မတ်လ ၂၀ရက်အတွင်း မွေးသူ)တို့သည်...

အုန်းလက်(၄)ရွက်၊ ကြာပန်း(၄)ပွင့်၊ ရွက်လှုပန်း(၄)ခက်နှင့် ဖယောင်းတိုင်(၁)တိုင်တို့ကို အင်္ဂါနေ့တွင် စေတီတစ်ဆူ၏ ဗုဒ္ဓဟူးဂြိုဟ်တိုင်မှ ကပ်လှူ ဆုတောင်းပါ။

ကံဆိုးပိတ်ပင်မှုများ ကွယ်ပျောက်၍ ရရန်ရှိသော ငွေကြေးလာဘ်လာဘများ လွယ်လင့်တကူ ဝင်ရောက်လာပါလိမ့်မည်။

ထက်မင်းကျော်စွာ

www.burmeseclassic.com

www.burmeseclassic.com

လောကုတ်၊ လောကီ နှစ်လိုပြည့်စုံ

ပြေပြစ်ချမ်းသာရကျေးဇူး

ဝိဇ္ဇာမဟာဒီ သာရဒီပသန်းမြင့်
(တိုင်းရင်းဆေး)



ဘေးရန်အန္တရာယ် အမျိုးမျိုးကို စိုးရွံ့ထိတ်လန့်နေကြကုန်သော လူတို့သည် ''တောင်'' တို့ကိုလည်းကောင်း၊ ''တော'' တို့ကိုလည်းကောင်း၊ အာရာမ်တို့ကိုလည်းကောင်း၊ အဓိကရ သစ်ပင်စသော ကိုးကွယ်ရာတို့ကိုလည်းကောင်း ကိုးကွယ်ကြကုန်၏ဟု သုံးလောကထွတ်ထား မြတ်စွာဘုရားမှ ဟောကြားခဲ့ပါ၏။

ဤ တောတောင် အာရာမ်၊ အဓိက သစ်ပင် စသော ကိုးကွယ်ရာဟူသမျှ တို့ကို ကိုးကွယ်ခြင်းသည် ဘေးကင်းသော ကိုးကွယ်ခြင်းမဟုတ်၊ မြတ်သော ကိုးကွယ်ခြင်းမဟုတ်၊ ဤကိုးကွယ်ရာဟူသမျှကို ကိုးကွယ် ခဲ့သည်းကပ်ခြင်းကြောင့် ဒုက္ခဝပ်သိမ်းမှ မလွတ်မြောက်နိုင်။

အကြင်သူသည် မြတ်စွာဘုရားကိုလည်းကောင်း၊ တရားတော်ကိုလည်းကောင်း၊ သံဃာတော်ကိုလည်းကောင်း ကိုးကွယ်ဆည်းကပ်၏။ ထိုသူသည် ဆင်းရဲအမှန် **''ဒုက္ခသစ္စာ''**၊ ဆင်းရဲခြင်း အကြောင်းရင်းအမှန် **''သမုဒယသစ္စာ''**၊ ဆင်းရဲလွတ်မြောက်ရာအမှန် **''နိရောဓသစ္စာ''**၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအမှန် အဂိုရှစ်ပါးရှိသော မြတ်သော **''မဂ္ဂသစ္စာ''** ဟူသော အရိယသစ္စာလေးပါးတို့ကို မဂ်ပညာဖြင့် ကောင်းစွာမြင်နိုင်၏။

ဤရတနာသုံးပါးကိုကိုးကွယ်ဆည်းကပ်ခြင်းသည် ဘေးမရှိသော ကိုးကွယ်ဆည်းကပ်ခြင်း မည်၏။ ဤရတနာသုံးပါးတို့ကို ကိုးကွယ်ဆည်းကပ်ခြင်းကြောင့် ဒုက္ခဝပ်သိမ်းမှ လွတ်မြောက်၏။

ဤသည်ကား သရဏဂုံသုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်း၏ အကျိုးကျေးဇူးကို လောကုတ္တရာဘက်မှ တစ်စိတ်တစ်ဒေသ ဖော်ပြခြင်းဖြစ်၏။

ဤသရဏဂုံသုံးပါးကိုပင်ကိန်းရပညာရှင်များကလောကီဘက်မှအသုံးပြုကြပြန်သည်။ ထို့ကြောင့် လောကုတ်၊ လောကီ နှစ်လိုပြည့်စုံသော မြတ်သရဏဂုံပင် ဖြစ်ပါသည်။

စာရေးသူ ဖော်ပြမည်မှာ ရှေးကမ္ဘီရပညာရှင်ကြီးများမှ သရဏဂုံသုံးပါးကို လက်တွေ့စီရင် အသုံးပြုနည်းကို နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှ စာဖတ်ပရိသတ်များ ပညာဗဟုသုတ တိုးပွားစေရန် ရေးသား ဖော်ပြလိုက်ပါသည်။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ

ဒုတိယဖွဲ့၊ တတိယဖွဲ့ ထည့်ပြီး ရွတ်ခြင်းကြောင့် သဝေမပါ (၉)ဂါထာဟု ခေါ်ဝေါ်ခြင်း ဖြစ်ပါသည်။

ဤသရဏဂုံသုံးပါးကို ရေတွင်မန်းပြီး မျက်နှာသစ်ပါက အန္တရာယ်ကင်းခြင်း၊ မျက်နှာမွှင်လန်းခြင်း၊ ရန်ပြေခြင်း၊ မုန်းသောသူပင် မိမိမျက်နှာ မြင်တွေ့ရပါက အမုန်းစိတ်များ ပြယ်ပျောက်ပြီး ချစ်ခင်မှုဖြစ်လာခြင်း စသည့် အကျိုးများ ခံစားရတတ်သည်။

နံနက်အိပ်ရာထ မျက်နှာသစ်တိုင်း နေ့စဉ် ပြုလုပ်ရမှာ ဖြစ်ပါသည်။

စာရေးသူ တပ်မတော်တွင် စစ်မှုထမ်းခဲ့စဉ်က ရှေ့တန်းတစ်နေရာတွင် တပ်စိတ်မှူး ကိုကျော်ဟန်ကို တွေ့ရပါသည်။ တပ်စိတ်မှူး ကိုကျော်ဟန်တတ်ဆင်ထားသော စစ်အင်္ကျီမှာ ကြယ်သီးပေါက်များ လွဲမှားပြီး တပ်ထား၍ ပုံပျက်နေသောကြောင့် စာရေးသူမှ...

'ကိုကျော်ဟန် ခင်ဗျားကိုယ်လဲ ပြန်ကြည့်ပါဦးဗျာ။ ကြယ်သီးပေါက်တောင် မှန်အောင် မတပ်နိုင်ပါလားဗျာ။ ဘာတွေများ ဒီလောက် အရေးကြီးနေလို့လဲ'

ဟု မေးလိုက်ရာ ကိုကျော်ဟန်မှ...

'ဟော့ကောင် ဒါ ရှေ့တန်းကွ၊ ရှေ့တန်းဆိုတာ မင်းတို့ ငါတို့ စစ်သားများအဖို့ အချိန်ပြည့် အရေးကြီးတဲ့ အချိန်ပေါ့ကွ။ ငါ့အင်္ကျီက ကြယ်သီးပေါက်ကို တမင် လွဲတပ်ထားတာကွ။ အဲဒါ ကျည်လွဲကွ။

ရန်သူက ငါ့ကို ဘာလက်နက်နဲ့ပစ်၊ ပစ် ငါ့ကို ကျည်ဆန်မမှန်ဘူးကွ။

www.burmeseclassic.com

www.burmeseclassic.com

ကျည်ဆံခံနိုင်လွန်းသွားမယ်။ အခု တို့သွားမှာက တိုက်ကင်းထွက်တာပဲကွ။ စစ်ရေးပြသွားမှာ မဟုတ်ဘူး။ ဂုဏ်ပြုတပ်ဖွဲ့လို ဘယ်အရောရှိကမှလဲ လာစစ်ဆေးမှာ မဟုတ်ဘူး'

ဟု ပြော၍ စာရေးသူမှ စိတ်ဝင်စားပြီး...

'ဩော်... ဒီလိုလား ကျည်ဆန်လွဲအောင် လုပ်ထားတာဆိုတော့ ကောင်းတာပေါ့ဗျာ။ ကျွန်တော်တို့ကို လုပ်ပေးစမ်းပါဗျာ'

ဟု ပြောရာ ကိုကျော်ဟန်မှ...

'မင်းတို့ဟာ မင်းတို့လုပ်ပေါ့ကွာ။ ငါလုပ်ပေးလို့ ဘယ်ရမလဲ။ ငါပြောပယ် မင်းတို့ဝတ်တဲ့ အင်္ကျီမှာ အပေါက ကြယ်သီးပေါက်ကို အောက်က ကြယ်သီးနဲ့ လွဲတာပဲ။ အောက်က ကြယ်သီးပေါက်ကို အပေါ်က ကြယ်သီးနဲ့ လွဲတာပဲ။

တပ်တဲ့အခါ ပထမတစ်လုံးကို ဗဟို့ သရဏ် ဂစ္ဆာမိလို့ ဆိုပြီးတပ်။ ဒုတိ့ သရဏ် ဂစ္ဆာမိလို့ ဆိုပြီး ဒုတိယကြယ်သီးကိုတပ်။ တတိယ သရဏ် ဂစ္ဆာမိလို့ ဆိုပြီး တတိယကြယ်သီးကိုထပ်သုံးလုံးတပ် ပြီးပြီပေါ့ကွာ။ မင်းရန်သူ ဖစ်စမ်းပါကွာ။ လူကို မှန်ဖို့နေနေသာသာ တို့နားကို ကျည်ဆန်ကောင် လာမကျတူးကွ'

ဟု ပြောပါသည်။

စာရေးသူတို့ တပ်စိတ်လည်း ကိုကျော်ဟန်ပြောသည့် နည်းအတိုင်း ကြယ်သီးပေါက် လွဲတပ်ကြရာ အနီးတစ်ဝိုက် ဗုဒ္ဓံ သရဏ် ဂစ္ဆာမိ၊ ဓမ္မံ သရဏ် ဂစ္ဆာမိ၊ သံဃံ သရဏ် ဂစ္ဆာမိ ဟု အသံများ ဆူညံသွားတော့ သည်။

ကိုကျော်ဟန်မှ...

'ဟေ့ကောင်တွေ ဒီလောက်ထိလဲ အော်ဆိုဖို့ မလိုပါဘူးကွာ။ နှုတ်ပွင့်ရုံလောက် ဆိုလဲ ရပါတယ်'

ဟု ပြောရတော့သည်။

မှတ်ချက်

ထို့နောက် အကြမ်းဖက် သောင်းကျန်းသူများနှင့် တွေ့ကြုံပြီး တိုက်ပွဲဖြစ်ပွားရာ စာရေးသူတို့အဖက်မှ ကျဆုံခြင်း၊ ထိခိုက်ဒဏ်ရာခြင်း လုံးဝမရှိပါ။ ရန်သူတို့ထံမှ အမေရိကန်ရိုင်ဖယ် နှစ်လက်ကို သိမ်းယူရရှိခဲ့သည်။

ဤသည်တို့ကား သရဏာဂုံသုံးပါး၏ ကောင်းကျိုးများပင် ဖြစ်ပါသည်။

ယခု ဆက်လက်ဖော်ပြမည်မှာ သရဏာဂုံသုံးပါးကို ဂရုစိုရပညာရှင်ကြီးများမှ အစီအရင်များ ဖြုလုပ်ခြင်းကို ဖော်ပြပါမည်။

* * *

၁ ဗု	၄ ရ	၇ ဏ္ဍာ
၆ ဂ		၂ ဒွံ
၉ သ	၈ မိ	၅ ဏံ

(၁)

၁ ဓ	၄ ရ	၇ ဏ္ဍာ
၆ ဂ		၂ မ္ဓံ
၉ သ	၈ မိ	၅ ဏံ

(၂)

၁ သံ	၄ ရ	၇ ဏ္ဍာ
၆ ဂ		၂ ဃံ
၉ သ	၈ မိ	၅ ဏံ

(၃)

နံပါတ်(၁)အင်းမှာ ဗုဒ္ဓံ သရဏ် ဂစ္ဆာမိကို မြင်းသွား, သွားထားပါသည်။ အင်းသွားကို ဂဏန်းဖြင့် ဖော်ပြထားပါသည်။

နံပါတ်(၂)အင်းမှာ ဓမ္မံ သရဏ် ဂစ္ဆာမိကို မြင်းသွား, သွားထားပါသည်။ အင်းသွားကို ဂဏန်းဖြင့် ဖော်ပြထားပါသည်။

နံပါတ်(၃)အင်းမှာ သံဃံ သရဏ် ဂစ္ဆာမိကို မြင်းသွား, သွားထားပါသည်။ အင်းသွားကို ဂဏန်းဖြင့် ဖော်ပြထားပါသည်။

အလယ်ကွက်လပ်တွင် **ဆောင်သူနံ** (သို့မဟုတ်) **အင်းသောက်သူ၏ နံ**ကို ထည့်ရမည်။

ဂုဏ်ဒေသရဏာဂုံ သုံးလုံးတွဲကို ရွေးပြား၊ ကြေးပြား စသည်တို့တွင် စီရင်ပြီး ဆောင်ပါက ဘယောဂ စသည် မပြုစား မဖမ်းစားနိုင်၊ ဘေးဥပဒ် အန္တရာယ်အပေါင်းမှ ကင်းလွတ်၏။

မိုင်းခံစက္ကူတွင် စီရင်ပြီး မွေးနေ့မှစ၍ ဂြိုဟ်သက်အလိုက် (၁၀၈)အင်း ပြည့်အောင် မီးရှို့ပြာပြုပြီး နွံသာရည်နှင့် သောက်ပါက ဝဲ့, နတ် ချစ်ခင်၏။ မျက်နှာပွင့်လန်း၏။ စိတ်ထားနူးညံ့ပျော့ပျောင်းလာ၏။ ဘုရား၊ တရား၊ သံဃာ အပေါ် ကြည်ညိုလေးစားလာ၏။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ (၁၀၈)အင်း၊
ဓမ္မံ သရဏံ ဂစ္ဆာမိ (၁၀၈)အင်း၊
သံဃံ သရဏံ ဂစ္ဆာမိ (၁၀၈)အင်း၊

မွေးနေ့မှစပြီး နေ့စဉ် ဂြိုဟ်သက်အလိုက် သောက်ရမည် ဖြစ်ပါသည်။

သရဏာဂုံ(၃)အင်းတွဲ

၁ ဗု	၁၄ ဂ	၉ ဝ	၂၀ ရ	၃ သ
၂၄ မိ	၁၉ သ	၂ ဒွံ	၁၅ ဏ္ဍာ	၁၀ မ္ဓံ
၁၃ ဏံ	၈ မိ		၄ ရ	၂၁ ဏံ
၁၈ ဃံ	၂၃ ဏ္ဍာ	၆ ဂ	၁၁ သ	၁၆ မိ
၇ ဏ္ဍာ	၁၂ ရ	၁၇ သံ	၂၂ ဂ	၅ ဏံ

အင်းသွားမှာ မြင်းသွားဖြစ်သည်။ ဂဏန်းဖြင့် ပြထားပါသည်။ အလယ်ကွက်တွင် ဆောင်သူ (သို့မဟုတ်)

www.burmeseclassic.com

www.burmeseclassic.com

အင်းသောက်သူနှင့်ကို ထည့်ရမည်။

ငင်းအင်းကို ပိုင်းခံစက္ကူတွင် စီရင်ပြီး မွေးနေ့မှစ၍ ကြိုဟ်သက်အလိုက် မီးရှို့ပြာပြု၍ နံ့သာရည်နှင့် (၁၀၈)အင်း ပြည့်အောင်သောက်။

သြဇာတိက္ကမ ကြီးမား၏။ နိမ့်ကျသောပညာရပ်ဖြင့် ပြုလုပ်ထားခြင်းများကို ငေါက်ငန်းရုံမျှဖြင့် နိုင်နင်း၏။

သရဏာဂုံးန်းဆွဲ (ပီယသိဒ္ဓိ)



အင်းသွားကို ဂဏန်းဖြင့် ပြထားပါသည်။

အလယ်ကွက်တွင် (ဂ)ရက်သားသမီးနေနံများ (၎) ချစ်စေခင်စေဟု ရေးသွင်းပါလေ။

ငင်းအင်းကို မြေအိုးအသစ် ဖင်တွင်လည်း ငင်းပုံအတိုင်း စီရင်ရမည်။ ထို့နောက် ပိုင်းခံစက္ကူတွင် ယင်းပုံအတိုင်း စီရင်ပြီး မြေအိုးအတွင်းတွင် ဖြန့်ခင်းထားပါ။ အင်းအပေါ်မှ...

နံ့သာမြူ	(၁) ကျပ်သား
နံ့သာနီ	(၁) ကျပ်သား
အကျော်	(၁) ကျပ်သား
ဈာ	(၁) ကျပ်သား
ကရူဏာ	(၁) ကျပ်သား
ဃောင်ဇလပ်နီ	(၁) ကျပ်သား

ငင်းဆေးအားလုံး အမှုန့်ပြုပြီး အိုးထွင်းသို့ထည့် မြေဖယောင်း ငါးကျပ်သား၊ အရေဘက်သို့ မျက်နှာပြုရောင်းသော ကိုယ်ဝန်ဆောင်အမျိုးသမီး ဈေးသည်ထံမှ မဆစ်ဆီ သုံးကျပ်သား။

ကတိုးစစ်နှစ်ရွေး နံ့သာဆီ၊ စံပယ်ဆီ၊ ဒေါနဆီ စသော အမွှေးနံ့သာများ ပါထည့်၍ ဇီး(ဆီး)သားထင်းနှင့်ချက်၊ ဇီး(ဆီး)သားယောက်မနှင့် မွှေပေးပါ။

ဆေးမွှေနေစဉ် အောက်ပါမန္တန်ကို အဆက်မပြတ် ရွတ်ရမည်။

ဟုဗ္ဗေဟိ ဟုဗ္ဗေဟိ မမ ဟုဗ္ဗေဟိ ပိယေဟိ ပိယေဟိ မမ ပိယေဟိ၊ သိန္ဓေဟံ သိန္ဓေဟံ မမ သိန္ဓေဟံ၊ ရာဇိတ္တံ ပိယံ ပိုင်းပိုင်း အမစ္စရာဇိတ္တံ ပိယံ ပိုင်းပိုင်း အမစ္စစိတ္တံ ပိယံပိုင်းပိုင်း အေစိတ္တံ ပိယံပိုင်းပိုင်း ဒေဝီစိတ္တံ ပိယံပိုင်းပိုင်း၊ ဟိုသစိတ္တံ ပိယံပိုင်းပိုင်း ဂဟဋ္ဌစိတ္တံ ပိယံပိုင်းပိုင်း သဒ္ဓစိတ္တံ ပိယံပိုင်းပိုင်း ပြောင်း ဟေ ဟေ ချဉ်းကျော်းပြောင်း ဟေ ဟေ ကပ်ကြာကပ်၊ ပြောင်း ဟေ ဟေ ချဉ်းကပ်စေ။

မှတ်ချက်

မြေဖယောင်းဆိုသည်မှာ မြေကြီးထဲတွင် နေသော ပျားများ၏ ပျားအုံမှရသော ဖယောင်းကို မြေဖယောင်းဟု ခေါ်ပါသည်။

သစ်ပင်ကြီးငယ်နှင့် အဆောက်အအုံတို့တွင် အုံဖွဲ့နေသော ပျားအုံမှရသော ဖယောင်းကို **ပျားဖယောင်း**ဟု ခေါ်ပါသည်။

ယခုဖယောင်းချက်မှာ မြေကြီးထဲပျားအုံမှရသော ဖယောင်းကို သုံးရမည် ဖြစ်ပါသည်။

မဆစ်ဆီဆိုသည်မှာ ဈေးသည် ပြောသည့် ဈေးနှုန်းအတိုင်း ဈေးမဆစ်ဘဲ မိမိအလိုရှိသလောက် ဝယ်ယူပါ။ ငင်းဆီသည် မဆစ်ဆီ ဖြစ်ပါသည်။

ဆေးဖယောင်းချက် အသုံးပြုနည်း

၁။ နဖူးဆံစပ်တွင် သုတ်လိမ်းသွားပါက (၇)ရက်သားသမီးများ ချစ်ခင်ဇာ။

၂။ တရားတံပေါင် အမှုအခင်းနှင့် ရင်ဆိုင်ရသော်ဆံစပ်နှုတ်ခမ်းတို့ကို သုတ်လိမ်းပြီး ရင်ဆိုင်ပါက ပြောသမျှစကား အောင်မြင်ဇာ။

၃။ ကြွေတောင်းသွားပါက နှုတ်ခမ်းကို သုတ်လိမ်းသွားပါ။

၄။ နားနောက်ကို သုတ်လိမ်းသွားပါက မိမိ၌ ကျရောက်မည့် အန္တရာယ် ရှိခဲ့ပါက ကြိုတင်ရှာသိဇာ။ မိမိနားသို့ အသံသေးသေးဖြင့် ပြောကြား၍ သိနိုင်ဇာ။ (သို့မဟုတ်) တစ်စုံတစ်ယောက်သောသူမှ လာရောက် ပြောခြင်းလည်း သိနိုင်ဇာ။

၅။ ရင်ဘတ်ကို သုတ်လိမ်းသွားပါက ဆွေမျိုးရင်းချာကဲ့သို့ ခင်မင်ကြဇာ။

၆။ ဝမ်းဗိုက်နှင့် ချက်ကို သုတ်လိမ်းသွားပါက အစားအသောက် ကောင်း စားရဇာ။

၇။ ဒူးကို သုတ်လိမ်းသွားပါက ခရီးသွား လျင်မြန်ဇာ။

၈။ ခြေခုံကို သုတ်လိမ်းသွားပါက အဆိပ်ရှိသော သတ္တဝါများ မကိုက်နိုင်။ အကျိုးကား များလှပါဇာ။ ဉာဏ်ရှိသလို အသုံးပြုနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

သရဏာဂုံမျက်စောင်းအင်း

(ကာလသိဒ္ဓိ)



အင်းသွားကို ဂဏန်းဖြင့် ပြထားပါသည်။

မြေအိုးအသစ်ဖင်တွင် ၎င်းအင်း အတိုင်း စီရင်ရမည်။ ၎င်းနောက် မှိုင်းခံစက္ကူတွင် အင်းစီရင်ပြီး အိုး အတွင်း ဖြန့်ခင်းထားပါ။

ကိုယ်ဝန်ဆောင် အမျိုးသမီး အရှေ့ အရပ်သို့ မျက်နှာပြုရောင်းသော ဆီကို စေ့မဆစ်ဘဲ ကိုးကျပ်သားဝယ် (မဆစ် ဆီ) အိုးထဲသို့ ထည့်ပါ။ ဖီး(ဆီး)သား ထင်းနှင့် ချက်ပါ။ ဖီး(ဆီး)သား ယောက်မနှင့် မွှေပါ။

ထိုသို့ မွှေနေစဉ်...

သမ္ဘုဒ္ဓေါ်ထာတော် (၁၀၈)အုပ်၊
သိရိသိဂ်ါထာတော် (၁၀၈)အုပ်၊
ဘုရားရတ်တော် (၁၀၈)အုပ်၊
တရားရတ်တော် (၁၀၈)အုပ်၊
သံဃာ့ရတ်တော် (၁၀၈)အုပ်၊
ဂျပစ္စည်း (၁၀၈)အုပ်

ရွတ်ဆိုရမည် ဖြစ်ပါသည်။ အားလုံး ပြီးပါက အောက်သို့ချပါ။ တစ်ညထား ပါ။ မနက်မိုးလင်းသော် ဆီများခဲ့နေ သည်ကို တွေ့ရပါမည်။ **(ကုက္ကိုပ္ပင်မှ ထွက်သော အစေးကဲ့သို့ ဆေး ကုလားမကဲ့သို့)** ခဲနေတတ်ပါသည်။

၎င်းဆီခဲကို မနက်အိပ်ရာထ ဘုရား ဝတ်ပြုကာ ရွှတ်လိုသော ပရိတ်တော် များရွတ်၍ မေတ္တာပို့ အမျှဝေပြီး လက် ဖက်စားဖွန်းနှင့် တစ်နေ့တစ်ဖွန်း မကုန် မချင်း စားပါ။

မှတ်ချက်

အရသာမှာ အလွန်ခါး၍ အန် ထွက်တတ်သည်။ အန်မထွက်ရ အောင် သတိထားပါ။

အင်း သောက်သူများအတွက် ပြိုဟ်သက်အလိုက် အင်းသောက် ရန်...

တနင်္ဂနွေနေ့	၆ အင်း
တနင်္လာနေ့	၁၅ အင်း
အင်္ဂါနေ့	၈ အင်း
ဗုဒ္ဓဟူးနေ့	၁၇ အင်း
ကြာသပတေးနေ့	၁၂ အင်း
သောကြာနေ့	၂၁ အင်း
စနေနေ့	၁၀ အင်း

စုစုပေါင်း (၁၀၈)အင်း ဖြစ်ပါသည်။

ဆင်းခဲ့ကင်းမျှောက် ချမ်းသာရောက် ကြပါစေ။

ဝိဇ္ဇာမဟိဒ္ဓိ ဆရာဦးသန်းမြင့်

(တိုင်းရင်းဆေး)

စာမျက်နှာ (၂၀၆)မှ အဆက်

ဩော်...ငါ့ညီ၊ အရေးကြီးတာတစ်ခု ကျန်သေးတယ်ဟ'

'ဘာများလဲ...ကိုညွန့်ဝေရဲ့ ဆရာစားတော့ ချန်မထားနဲ့နော်'

'မဟုတ်ရပါဘူး ငါ့ညီရယ်။ ဒီလိုကွ ဆေးသောက်တဲ့အခါ **ဆုန်းသီးအစိမ်းကို ရှားထဲ့အခါမှာ ဆုန်းသီးအရိုင်ဟာ တောင်ဘက်ကိုထွက်နေတဲ့အခိုင်က အဆီးကိုပဲ ရှားယူရမယ်တဲ့**'

'အဲဒါ ဘယ်လို ဓာတ်သဘောမျိုးတွေနဲ့ ပြုလုပ်တာလဲ ကိုညွန့်ဝေ'

'ဒါတော့ အစ်ကိုလဲ မသိပါဘူး။ မိတ်ဆွေက ဆေးနည်းပေးတုန်းက ဒီလိုပဲ သုံးရမယ်လို့ ပြောခဲ့လို့သာ အစ်ကိုလဲ ဤဆေးနည်းအတိုင်း ဖော်စပ်ခဲ့တယ်လေ။ ကဲ...ငါ့ညီ၊ ပြည့်စုံလောက်ပါပြီနော်။ မလှည်းတာရှိရင် မေးပါ'

'ဟာ...ရပါပြီဗျာ။ တော်တော်တော့ စုံသွားတာပဲ။ ကျေးဇူးတင်ပါတယ် ကိုညွန့်ဝေ'

အခုလို ငွေကုန်ကြေးကျနည်းတဲ့ ဆေးနည်းကောင်းတစ်ဖုံ ရလိုက်တဲ့အတွက် ကိုညွန့်ဝေဆိုသူအား စာရေးသူမှ ကျေးဇူးတင်စကားဆိုရင်းဖြင့် နွှတ်ဆက်၍ ထွက်ခွာခဲ့ကြလေသည်။

ကျောက်ကပ်ရောဂါ ဒေဒနာရှင်များအတွက် အထက်ပါဖော်ပြပေးခဲ့သော ဆေးပြီးတိုနည်းလမ်းကောင်းလေးအား စာရှုသူဟိသတ်များစေသို့ မျှဝေဖါနပြုလိုက်ရပါသည်။

[(ရ)ရက်ဆားသစ်ပေါင်းတို့ ရောဂါစင်သိမ်း ကင်းပြီမိုးနိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ရပါသည်။]

မြဒင် *(၈၄းကျိုက်)*

www.burmeseclassic.com

www.burmeseclassic.com

ငွေကြေးမကူနိုင် ဆေးတောင်စီးပဲ

ကျောက်ကပ်အတွက် ဟင်းနုနုယ်ဆူးပေါက်ဝင်



မြဒင် (ဇင်းကျီကျ်)

ဟင်းနုယ်ဆူးပေါက်ပင်အား ထွေ့ရစဉ်

ယခု - စာရေးသူ ဖော်ပြပေးမည့် ဆေးပြီးတိုသည် ငွေကြေးလည်းများစွာ မကုန်၊ ဘေးဥပဒ်လည်း မရှိစေဘဲ **ကျောက်ကပ်နှင့် ပတ်သက်သော** ရောဂါကို ပျောက်ကင်းစေခဲ့သည့် ထက်တွေ့ ဆေးကောင်းတစ်လက် ဖြစ်လေသည်။

ဤဆေးနည်းကို ကိုယ်တွေ့သုံးစွဲခဲ့သူတစ်ဦးထံမှ စာရှုသူများဆီသို့ မျှဝေရှဲ့ ပြန်လည်ဖါနုပြုလိုက်ရပါသည်။

ဤဆေးနည်းကို ရရှိခဲ့ပုံမှာ...

ချမ်းအေးလှသော ဇန်နဝါရီလ၏ တစ်နေ့သော နံနက်ခင်း၌ စာရေးသူသည် လမ်းလျှောက်ထွက်လာရင်းမှ ဇင်းကျီကျ်မြို့ ရဲစခန်းဘေးကပ်လျက်တွင် ဖွင့်လှစ်ထားသော -''ဓရွှင်း'' လက်ဖက်ရည်ဆိုင်တွင်းသို့ ဝင်ရောက်ခဲ့သည်။

ထိုအခိုက်တွင် လက်ဖက်ရည်ဆိုင်အတွင်းသို့ ဝင်ရောက်လာသော အသိမိတ်ဆွေတစ်ဦးဖြစ်သူ ''ကိုညွန့်ဝေ'' အား မြင်လိုက်သဖြင့် စာရေးသူမှ လှမ်း၍ နှုတ်ဆက်စကား ဆိုလိုက်သည်။

'ဗျို့...ကိုညွန့်ဝေ၊ လာဗျာ လက်ဖက်ရည်သောက်ရအောင်'

ဟု ဆိုကာ ဧည့်ဝတ်ပြုလိုက်လေသည်။ ကိုညွန့်ဝေလည်း စာရေးသူထိုင်နေသော စားပွဲခုံအရှေ့၊ မျက်နှာချင်းဆိုင်ခုံလွတ်တွင်ဝင်ထိုင်လေသည်။

'ကဲ... ကိုညွန့်ဝေ၊ ဘာသုံးဆောင်မလဲ မှာလိုက်လေ'

ဟု ပြောလိုက်သည်။ ထိုအချိန်၌ စာရေးသူတို့ထိုင်နေသော စားပွဲခုံရှိရာသို့ စားပွဲထိုးကောင်လေး ရောက်ရှိလာသည်နှင့် ကိုညွန့်ဝေက...

'အစ်ကို့အတွက် ပုံမှန်တစ်ခွက်နဲ့ ဆေးလိပ်တစ်ပွဲ ချပေးပါ'

ဟု မှာလိုက်သည်။

စာရေးသူတို့ နှစ်ဦးသားမှာလည်း စားပွဲထိုးကောင်လေး လာရောက်ချပေးခဲ့သော လက်ဖက်ရည်နှင့် စားစရာများ စားသောက်ရင်းဖြင့် တစ်ဦးနှင့်တစ်ဦး စကားမပြောဖြစ်သေးဘဲ တိတ်ဆိတ်နေလေသည်။

ခေတ္တမျှကြာသောအခါ စာရေးသူကပင်စ၍စကားစမြည်ပြောလိုက်လေသည်။

'ဒါနဲ့...ကိုညွန့်ဝေ၊ ကိုညွန့်ဝေဆီမှာ ဆေးပြီးတို ဆေးကောင်းတစ်လက်ရှိတယ်လို့ ကျွန်တော်ကြားထားတယ်ဗျ။ အဲဒီဆေးနည်းကို မျှဝေပေးပါလား'

'ဘာဆေးနည်းများလဲ ဦးညီ'

'ကျောက်ကပ်ဝေဒနာကို သက်သာပျောက်ကင်းစေတဲ့ ဆေးတစ်ခွက်လို့ ပြောလိုက်ရင် မှတ်မိမှာလား ကိုညွန့်ဝေ'

'ဩော်...မှတ်မိပြီ။ ဦးညီက အစအဆုံးမရှိ မေးလိုက်တော့ အစ်ကိုလဲ ကြောင်သွားတာပေါ့ကွ။ အချိန်က (၈)နှစ်လောက်ကြာမြင့်ခဲ့တယ်ဆိုတော့ နည်းနည်းတော့ မေ့တာပေါ့။ ပြောလေ ဦးညီ၊ အစ်ကိုက ဘယ်လို ကူညီပေးရမလဲ ပြောပါ'

'ကိုညွန့်ဝေနဲ့ဆုံရင် မေးမယ် မေးမယ်နဲ့ မမေးဖြစ်ဘူးဗျ၊ ဒီနေ့ တိုက်တိုက်ဆိုင်ဆိုင်ပဲ ဆုံဖြစ်လေတော့ မေးကြည့်မယ်နော်။

ကိုညွန့်ဝေပြောသလို လွန်ခဲ့သော (၈)နှစ်လောက်တုန်းက အစ်ကို့ရဲ့သား တစ်ယောက်မှာ''ကျောက်ကပ်'' ရောဂါ ဖြစ်ခဲ့ဖူးတယ်နော်'

'ဟုတ်ပါတယ်'

'အဲဒီတုန်းက ကိုညွန့်ဝေ ကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com

ပဲ သားအတွက် ဆေးပြီးတိုတစ်ဖုံ၊ ဖော်စပ်ပြီး ကုသတိုက်ကျွေးခဲ့တာကြောင့် လက်တွေ့ပျောက်ကင်းခဲ့တယ်လို့ သိရပါတယ်။

အစ်ကို့အနေနဲ့ ဒီဆေးနည်းကို အစကတည်းက ကိုယ်တိုင်သိခဲ့တာလား။ ဒါမှမဟုတ် တခြားလူတစ်ဦးထံမှ မျှဝေပေးခဲ့လို့ ရခဲ့တာလား'

'ဒီဆေးနည်းကို အစ်ကို့ရဲ့သား ကျောက်ကပ်ရောဂါ ခံစားရတုန်းက မိတ်ဆွေတစ်ဦးထံကနည်းလမ်းကောင်း ရခဲ့တာပါ'

'ဒါဖြင့်...အစ်ကို့ရဲ့သား ကျောက်ကပ်ရောဂါ ဖြစ်ခဲ့ဖူးတယ်ဆိုတော့ ဘယ်လိုရောဂါလက္ခဏာမျိုး တွေ့ရတာလဲ။

နောက်ပြီးတော့ ဖော်စပ်အသုံးပြုတဲ့ ဆေးပင်အမည်နဲ့ သုံးစွဲပုံလေးကိုပါ တဆတ်လောက် ရှင်းပြပေးပါလား။ ဒါမှလဲ စာရှုသူပရိသတ်တွေကို ဆင့်ပွားမျှဝေပို့ရမယ်လေ'

'ရပါတယ် ဦးညီရယ်၊ အစအဆုံး ရှင်းပြပေးပို့မယ်။ ကျောက်ကပ်ရောဂါ ဖြစ်တာချင်းအတူတူ ရောဂါရဲ့လက္ခဏာပုံက မတူညီကြပါဘူး။ တချို့က ဖောရောင်ခြင်းများ မရှိကြပါဘူး။ တချို့ကတော့ မျက်နှာ၊ ခြေလက်၊ ဝမ်းဗိုက်များမှာ ဖောရောင်တဲ့ လက္ခဏာများ တွေ့ရတတ်ပါတယ်။

အစ်ကို့ရဲ့သား ဖြစ်တုန်းကတော့ မျက်နှာတွေ၊ ခြေလက်၊ ဝမ်းဗိုက်တွေက ရောင်အန်းလို့နေပါတယ်။ နီးစပ်ရာ ဆေးခန်းတွေ ပြကြည့်တော့ ကျောက်ကပ်ရောင်တယ်လို့ ပြောပါတယ်။

ဒီလိုနဲ့ပဲ ဟိုလိုက်ကု၊ ဒီလိုက်ကုနဲ့ သက်သာမှုကို မရခဲ့ပါဘူး။ ငွေရေးကြေးရေးကလဲ အဆင်မပြေလေတော့ ပိုဆိုးလာခဲ့တယ်။

ဒီလိုနဲ့ တစ်နေ့မှာ မိတ်ဆွေတစ်ဦးနဲ့ဆုံပြီး စကားစပ်မိရာမှ အစ်ကို့ရဲ့သားအကြောင်းကို ပြောပြလိုက်တော့ ဒီဆေးနည်းလေးကို ပေးခဲ့ပါတယ်။

အစ်ကိုလဲ မိတ်ဆွေပေးခဲ့တဲ့ ဆေးနည်းလေးဟာ ငွေကုန်ကြေးကျလဲ မရှိခြင်းကြောင့်တစ်ကြောင်း၊ ဖော်စပ်ရမယ့် ဆေးပင်ကလဲ ဘေးဥပဒ်ဇဲ့ မရှိတာကြောင့် စိတ်ချလက်ချစွာပဲ ဖော်စပ် တိုက်ကျွေးခဲ့သည့်အတွက် သက်သာပျောက်ကင်းမှုကို ရရှိခဲ့ပါတယ်။

အသုံးပြုတဲ့ ဆေးပင်ကတော့ **"ဟင်းနုနယ်အရိုင်း (ခေါ်) ဟင်းနုနယ်ဆူးပေါက်ပင်"** ကို အသုံးပြုရပါတယ်။

ဟင်းနုနယ်ဆူးပေါက်ပင်ဟာ နှစ်မျိုး ရှိပါတယ်။ **အဖြူပင်နဲ့ အနီပင်** ဟူ၍ဖြစ်ပြီး၊ ပင်စည်နဲ့ အကိုင်းအခက်များမှာ ဆူးများပါရှိပြီး အပင်၏ အရွယ်အစားကတော့ အုပ်ပင်ကဲ့သို့ ကြီးထွားမှုမရှိဘဲ သေးငယ်သော အရွယ် ရှိပါတယ်။

ကျောက်ကပ်ရောဂါအတွက် ဆေးဖော်စပ်ရာတွင် ဟင်းနုနယ်ဆူးပေါက်ပင် တစ်မယ်တည်းမဟုတ်ဘဲ တွဲဖက်၍ အသုံးပြုမည့် အသီးတစ်မျိုးပါရှိသေးတယ်။ ထိုအသီးသည် ရှာဖွေရ အလွယ်ဆုံးဖြစ်သော **"အုန်းသီးစိမ်း"** ပင် ဖြစ်တယ်။

ဆေးဖော်စပ် အသုံးပြုပုံကတော့...

ပထမဦးစွာ ဟင်းနုနယ်ဆူးပေါက်ပင်ကို ယူငင်ပါအောင် နတ်ယူရမည်။ ပြီးနောက် ဖရစ်အောင်ဆေး၌ နှပ်စပ်ကာ နေရိပ်တွင် ခြောက်သွေ့အောင် လှန်းပေးရမည်။ ခြောက်သွေ့သောအခါ ဒယ်အိုးသန့်သန့် တစ်လုံးဖြင့် မီးကျွမ်းပြာကျအောင် လုပ်ပေး ရမည်။ ဆေးပင်ကို မီးအကျွမ်းလောက်သည့် အခါတွင် နည်းနည်းတော့ ခက်ခဲလုပ်ယူရသည်။ ထို့ကြောင့် လွယ်လွယ်နှင့် အဆင်ပြေအောင် လော်ထားသည့်ဆေးပင်ကို အပြင်သို့ထုတ်ယူ၍ ကြည်အောင် တစ်ဖန်ပြုလုပ်၍ အိုးအတွင်း၌ ပြန်လည်ထည့်ကာ လော်ပေးပါက ပို၍ ပြုဖြစ်ရန် ပြန်လိမ့်မည်။

ဆေးပင်ကို ပြုဖြစ်အောင်လော်ပြီး လျှင် အဝတ်စနဲ့ အမှုန့်စစ်ယူ၍ ပုလင်းသို့မဟုတ် ကော်ဘူးနဲ့ဖြစ်စေ လေလုံစွာ သိမ်းထားပါက အလိုရှိသည့်အခါ အချိန်မရွေး သုံးစွဲနိုင်ပါတယ်။

ဆေးသောက်ရန် အညွှန်းမှာ...

ဖန်ခွက်တစ်လုံးအတွင်းသို့ အုန်းသီးအစိမ်းတစ်လုံးကိုခွဲ၍ ထိုအုန်းသီးရည်အား ဖန်ခွက်ထဲသို့ အပြည့်ထည့်ပါ။ အုန်းသီးသည် အသားနုပြီး အရည်ပြည့်နေသော အုန်းသီးစိမ်းဖြစ်ရမည်။

ပြီးနောက် အုန်းစိမ်းရည်ထည့်ထား သော ဖန်ခွက်အတွင်းသို့ ဆေးပြားကို လက်ဖက်စားဇွန်းတစ်ဇွန်း ခပ်ယူပြီး အုန်းရည်နဲ့ဖျော်စပ်ပြီး ကျောက်ကပ် ဝေဒနာရှင်များအား လုံးတစ်နေ့တစ်ခွက် သောက်သုံးခြင်းဖြင့် ကျောက်ကပ် ရောဂါကို သက်သာပျောက်ကင်းစေ နိုင်ပါတယ်။

ဆေးသောက်သည့် အခါတိုင်းတွင် အထက်ပါဖော်ပြပေးခဲ့တဲ့ ဆေးပြား တစ်ဇွန်းနဲ့ အုန်းစိမ်းရည် တစ်ဖန်ခွက်ကိုဖြင့် ပုံမှန်သုံးရမည်။

ရောဂါရှင်သည် မိမိ၏ဝေဒနာ သက်သာလာသော်လဲ ဆေးကိုမဖြတ် သေးဘဲ ရက်ခြားသောက်ပေးရမည်။

ဤဆေးကို သောက်သုံးနေတဲ့ အချိန်မှာ ဆီးသွားများမယ်နော်။ ဘာမှ မစိုးရိမ်ရပါဘူး။ ကျောက်ကပ်မှာရှိတဲ့ အညစ်အကြေးတွေဟာ ဆီးဘက်ကို လှည့်လာခြင်းမျိုး ဖြစ်ပါတယ်။

စာမျက်နှာ (၂၀၄) သို့

www.burmeseclassic.com

www.burmeseclassic.com

ဗေဒင်တော်

ဆရာကောင်မြင့်

၂၆၊ ၂၇၊ ၃၀။

ထီထိုးရန်ကံအင်အား ။ ။ ၃၊ ၅၊ ၆၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

အထောင်ပေါ်ဘာသာ ။ ။ ကိုစွပ်ညနှာများရှိပါက ယုံကြည်ခင်ဆိုရန်ရှိပါက သိတိုင်ညွှန့်(၆)ခက်ကို ဘုရားတွင် ကပ်လှူ၍ ယုံးမက်(၅)ခက်ကို နှင်၍ သွားပါ။

အင်္ဂါ

စီးပွားရေး ။ ။ လုပ်ငန်းသစ်များ ထူထောင်လိုက ထူထောင်နိုင်ပြီး လုပ်ငန်းတိုးချဲ့လိုကတိုးချဲ့နိုင်ပြီ။ ပစ္စည်းသစ်များ ထုတ်လုပ်လိုက ထုတ်လုပ်နိုင်သောကာလ ဖြစ်သည်။

ချစ်သူရေးရာ ။ ။ ငွေဝင်ကောင်းသော နေရာသို့ ပြောင်းရွှေ့ခွင့် ကြုံရလိမ့်မည်။

အိမ်တွင်းရေးရာ ။ ။ အိမ်၏ စီးပွားရေးကောင်း၍ မိသားတစ်စု ပျော်ရွှင်သာယာမည်။ သားသမီးများ ပညာရေး၊ ကျန်းမာရေး စီးပွားရေးကောင်း၍ မိဘတို့ စိတ်ချမ်းသာရမည်။

အလှူဒါန်း ။ ။ ဘဝကို အချစ်တစ်ခုတည်းနှင့် ဝတ်ည ဆောက်၍မရပါ။ အိမ်ထောင်ကျကိန်းရှိနေသည်။ သတိထားနေထိုင်ပါ။

ပညာရေး ။ ။ အချစ်ရေးကြောင့် ပညာရေးကို မထိခိုက်ပါစေနှင့်။ ပညာရှာသည့်အရွယ်ဖြစ်လျှင် ပညာရှာပါဦး။

ကျန်းမာရေး ။ ။ ကျန်းမာရေး ကောင်းပါသည်။ အားဥပဒ်မရှိပါ။

ဆောင်ရွက်ရမှာ ။ ။ ၃၊ ၆၊ ၁၀၊ ၁၃၊ ၂၀၊ ၂၃၊ ၂၆၊ ၃၀။

ရှောင်ရန်ကိစ္စများ ။ ။ ၄၊ ၇၊ ၁၁၊ ၁၄၊ ၂၁၊ ၂၄၊ ၂၇၊ ၃၁။

ထီထိုးရန် ။ ။ ၂၊ ၅၊ ၈၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

အထောင်ပေါ်ဘာသာ ။ ။ ငွေးနေ့ နံနက်(၉း၁၅)နာရီပုစ္ဆာ "အိတယတိ" ဂါထာတော်ကို (၈)ခေါက် ရွတ်ပြီး အိမ်ရှေ့တွင် သဲခင်း၍ နင်းပြီးသွားပါ။

ဗုဒ္ဓဟူး

စီးပွားရေး ။ ။ နိုင်ငံခြားသားများနှင့် ပူးတွဲ၊ ဖက်စပ်လုပ်ကိုင်ခွင့် ကြုံလိမ့်မည်။ အနိမ့်ဆုံး နိုင်ငံခြားကုမ္ပဏီ၏ ကိုယ်စားလှယ်အဖြစ် လုပ်ကိုင်ခွင့်ကြုံလိမ့်မည်။ ဌာနဆိုင်ရာမှ လုပ်ငန်းများရရှိမည်။

ချစ်သူရေးရာ ။ ။ လုပ်ငန်းတာဝန်များ ထပ်မံပေးလျှင် ကြည်ဖြူသည်ဖြူဖြူ ယူလိုက်ပါ။ မနိုင်သည့်ဝန်ကို ထမ်းတတ်သော်လည်း မိမိ

ပုဏ္ဏား

စီးပွားရေး ။ ။ အခက်အခဲများ တွေ့ကြုံလာသော် စိတ်ပျက်အားငယ်ခြင်း မဖြစ်ပါနှင့်။ မိမိကံဇာတာအရ သူ့အလိုလို ပြေပျောက်သွားပါလိမ့်မည်။ ရိုးရိုးသားသားနှင့် ကြိုးကြိုးစားစား လုပ်ကိုင်ပါ။

ချစ်သူရေးရာ ။ ။ လုပ်ငန်းဆိုင်ရာ ခရီးထွက်ရလျှင် တာဝန်ယူ၍ ထွက်လိုက်ပါ။ မိမိအတွက် အောင်မြင်သော ခရီးဖြစ်သည်။ ငွေကြေးအဝင်ကောင်းပြီး နေရာကောင်းတစ်ခုကို ရရှိလိမ့်မည်။

အိမ်တွင်းရေး ။ ။ မိသားတစ်စု ပျော်ရွှင်ချမ်းမြေ့ရမည့်ကာလ ဖြစ်သည်။ မိသားတစ်စု အပျော်ခရီး၊ ဘုရားဖူးခရီး ထွက်ရလိမ့်မည်။ မိသားတစ်စု ကျန်းမာချမ်းသာမည့်ကာလ ဖြစ်သည်။

အလှူဒါန်း ။ ။ အချစ်ရေးတွင် အောင်မြင်သောကာလဖြစ်၍ မျက်နှာ မပျားပါနှင့်။ တစ်ယောက်ဆို တစ်ယောက် သစ္စာရှိရှိဖြင့် ချစ်ပါ။

ပညာရေး ။ ။ လျှပ်စစ်၊ အီလက်ထရောနစ်၊ ကွန်ပျူတာ စသည် ခေတ်ပေါ်ပညာရပ်ဆိုင်ရာ သင်တန်းတစ်ခုခု တက်ခွင့်ကြုံလိမ့်မည်။ အောင်မြင်တတ်ကျွမ်းလိမ့်မည်။

ကျန်းမာရေး ။ ။ သွေးတိုးရောဂါ၊ နှလုံးရောဂါ ဖြစ်ကိန်းရှိ၍ အုံဆီအအိမ်၊ အငန်များ လျော့စားပါ။

ဆောင်ရွက်ရမှာ ။ ။ ၂၊ ၄၊ ၆၊ ၁၀၊ ၁၃၊ ၁၅၊ ၁၉၊ ၂၁၊ ၂၄၊ ၂၉၊ ၃၀။

ရှောင်ရန်ကိစ္စများ ။ ။ ၃၊ ၅၊ ၈၊ ၁၁၊ ၁၄၊ ၁၆၊ ၂၀၊ ၂၄၊ ၂၆၊ ၂၉၊ ၃၁။

ထီထိုးရန် ။ ။ ၁၊ ၃၊ ၆၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

အထောင်ပေါ်ဘာသာ ။ ။ မွေးနေ့ နံနက်(၉း၃၅)နာရီပုစ္ဆာ "ဥဒေတယတိ" ဂါထာတော်ကို (၉)ခေါက် ရွတ်ပြီး ရေချိုးပါ။

ပြဿနာပတိ

စီးပွားရေး ။ ။ ငွေကြေးလေလုပ်ရေး၊ ငွေကြေးချောင်းဝယ်ရေး လုပ်ငန်းများ အကျိုးအမြတ်များမည်။ ငွေပန်းထိမ်လုပ်ငန်းများ အရောင်းအဝယ်ကောင်းမည်။

ချစ်သူရေးရာ ။ ။ ငွေကြေးကိုင်တွယ်သုံးစွဲရသည့် နေရာတွင် တာဝန်ယူရပါက ငွေစာရင်း၊ ပစ္စည်းစာရင်း၊ ဝင်ငွေထွက်ငွေ၊ ပစ္စည်းအဝင်၊ ပစ္စည်းအထွက်တို့ကို တိကျစွာ လုပ်ထားပါ။

အိမ်တွင်းရေး ။ ။ သားသမီးများ၏ ပညာရေးကံဇာတာ ကောင်းပါသည်။ ပြည်တွင်း၊ ပြည်ပ မည်သည့်ကျောင်းသို့ တက်သည်ဖြစ်စေ အောင်မြင်တိုးတက်မည်။

အလှူဒါန်း ။ ။ အချစ်ရေး အဆင်ပြေမည်။ ရုတ်တရက် လက်ထပ်ရကိန်းကြုံတတ်၍ ပြည့်စုံအောင် အဆင်သင့် စီမံ ဆောင်ရွက်ထားပါ။

ပညာရေး ။ ။ ပညာရေးကံဇာတာ တက်နေပါသည်။ မိမိ ကြိုက်နှစ်သက်ရာ ပညာ၊ ကြိုက်နှစ်သက်ရာ သင်တန်းတက်ပါ။ ထူးထူးချွန်ချွန် အောင်မြင်တတ်မြောက်မည်။

ကျန်းမာရေး ။ ။ အအေးပိ၊ နာစေး၊ ချောင်းဆိုးဖြစ်တတ်သည်။ ညဘက် ရေမချိုးပါနှင့်။

ဆောင်ရွက်ရမှာ ။ ။ ၃၊ ၆၊ ၁၀၊ ၁၂၊ ၁၅၊ ၁၇၊ ၁၉၊ ၂၁၊ ၂၄၊ ၂၆၊ ၂၈၊ ၃၀။

ရှောင်ရန်ကိစ္စများ ။ ။ ၄၊ ၇၊ ၁၁၊ ၁၃၊ ၁၆၊ ၁၈၊ ၂၀၊ ၂၂၊ ၂၅၊ ၂၇၊ ၂၉။

ထီထိုးရန် ။ ။ ၃၊ ၅၊ ၈၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

ကြာသပတေး

စီးပွားရေး ။ ။ ဝန်ထမ်းများ၊ အလုပ်သမားများ ပိုမိုလိုအပ်လာသည့်အတွက် ဝန်ထမ်းများ ခန့်ထားရန် အခွင့်အလမ်းကောင်းများ ရရှိလိမ့်မည်။ ဝန်ထမ်းများ၏ ဝန်ဆောင်မှုကောင်းမွန်ရေးအတွက် ဝန်ထမ်းများ၏ လစာ၊ ဝင်ငွေ တိုးမြှင့်ပေးရန် လိုအပ်လာမည်။

ချစ်သူရေးရာ ။ ။ ချစ်သူရေးတွင် ကြီးကြီးကျယ်ကျယ် ကြွားဝါခြင်းမျိုး မပြုမိစေနှင့်။ ကြွားဝါခြင်းကြောင့် ရန်ဖြစ်ရန် ရှိသည်။ ကြွားဝါခြင်းကြောင့် ရန်ဖြစ်ရန် ရှိသည်။ ကြွားဝါခြင်းကြောင့် ရန်ဖြစ်ရန် ရှိသည်။

အိမ်တွင်းရေး ။ ။ အိမ်ထောင်ရေးတွင် ကြီးကြီးကျယ်ကျယ် ကြွားဝါခြင်းမျိုး မပြုမိစေနှင့်။ ကြွားဝါခြင်းကြောင့် ရန်ဖြစ်ရန် ရှိသည်။ ကြွားဝါခြင်းကြောင့် ရန်ဖြစ်ရန် ရှိသည်။ ကြွားဝါခြင်းကြောင့် ရန်ဖြစ်ရန် ရှိသည်။

အလှူဒါန်း ။ ။ ဘဝတွင် အလှူဒါန်းခြင်းသည် အရေးကြီးသည်။ ဘဝတွင် အလှူဒါန်းခြင်းသည် အရေးကြီးသည်။ ဘဝတွင် အလှူဒါန်းခြင်းသည် အရေးကြီးသည်။

ပညာရေး ။ ။ ပညာရေးတွင် ကြီးကြီးကျယ်ကျယ် ကြွားဝါခြင်းမျိုး မပြုမိစေနှင့်။ ကြွားဝါခြင်းကြောင့် ရန်ဖြစ်ရန် ရှိသည်။ ကြွားဝါခြင်းကြောင့် ရန်ဖြစ်ရန် ရှိသည်။ ကြွားဝါခြင်းကြောင့် ရန်ဖြစ်ရန် ရှိသည်။

ကျန်းမာရေး ။ ။ ကျန်းမာရေး ကောင်းပါသည်။ ကြွားဝါခြင်းကြောင့် ရန်ဖြစ်ရန် ရှိသည်။ ကြွားဝါခြင်းကြောင့် ရန်ဖြစ်ရန် ရှိသည်။ ကြွားဝါခြင်းကြောင့် ရန်ဖြစ်ရန် ရှိသည်။

ဆောင်ရွက်ရမှာ ။ ။ ၂၊ ၆၊ ၁၀၊ ၁၃၊ ၁၇၊ ၂၀၊ ၂၄၊ ၂၈၊ ၃၀။

ရှောင်ရန်ကိစ္စများ ။ ။ ၅၊ ၈၊ ၁၂၊ ၁၅၊ ၁၉၊ ၂၂၊ ၂၆၊ ၂၉။

ထီထိုးရန် ။ ။ ၁၊ ၃၊ ၆၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

အထောင်ပေါ်ဘာသာ ။ ။ မွေးနေ့ နံနက်(၉း၃၀)နာရီပုစ္ဆာ "ဥဒေတယတိ" ဂါထာတော်ကို (၈)ခေါက် ရွတ်ပြီး ရေချိုးပါ။

www.burmeseclassic.com

www.burmeseclassic.com

အရည်အချင်းကို ပြလိုက်ပါ။

အိမ်ထောင်ဖက်ရေး။ ။ အိမ်ထောက်ဖက်အပေါ် သံသယ မဝင်ပါစေနှင့်။ မလိမ္မာ၍ ဖြစ်ရသည်ဟု မှတ်ပါ။

အချစ်ရေး။ ။ချစ်သူ ဝိုင်းဝိုင်းလည်နေတတ်သော်လည်း အချစ်တူ၊ အချစ်ယောင်များ ပါလာတတ်သည်။ ချင့်ချိန်ဆုံးဖြတ်တတ်ပါစေ။

ပညာရေး။ ။ ပညာသင်ကြားနေစဉ် ငွေကြေးဝင်သော လုပ်ငန်း(သို့မဟုတ်)အလုပ်တာဝန်တစ်ခုခုကို လုပ်ကိုင်ရလိမ့်မည်။

ကျန်းမာရေး။ ။ အဆစ်အမြစ်များ နာကျင်ကိုက်ခဲသည့် ဒေနာကိုဆံစားရမည်။ နားလည်တတ်ကျွမ်းသော ဆရာများနှင့်ကုသပါ။

ထောင်ရန်ရက်များ။ ။ ၂၊ ၅၊ ၉၊ ၁၂၊ ၁၉၊ ၂၂၊ ၂၅၊ ၂၉။

ကျဉ်ရန်ရက်များ။ ။ ၃၊ ၆၊ ၁၀၊ ၁၃၊ ၂၀၊ ၂၃၊ ၂၆၊ ၃၀။

ထီထိုးရန်ရက်များ။ ။ ၄၊ ၅၊ ၇၊ ၈၊ ၁၁၊ ၁၄၊ ၁၇၊ ၁၈၊ ၂၁၊ ၂၄၊ ၂၇၊ ၃၁။

ထီထိုးရန်ဂဏန်းများ။ ။ ၂၊ ၅၊ ၈၊ ၉ ဂဏန်းများများ ပါအောင် ရွေးချယ်ပါ။

အထောင်ယောကျ်ား။ ။ ဟေးအန္တရာယ်ကင်းရှင်း၍ ကျန်းမာချမ်းသာစေရန် သမ္မဒေါ်ထာတော်ကြီးအား မွေးနေ့နံနက်(၉း၁၅)နာရီနှင့် ညဦး(၉း၅)နာရီတို့ တွင် (၁၀၈)ခေါက် ရွတ်ပြီး ပူဇော်ပေးပါ။

ကြာသပတေး

စီးပွားရေး။ ။လုပ်ငန်းအမျိုးမျိုး လုပ်ကိုင်ရလိမ့်မည်။ မူရင်းထုတ်ကုန်အပြင် ''အရန်ထုတ်ကုန်များ'' ထုတ်ရမည့် အချိန်ဖြစ်သည်။ မူရင်းအရှိန်ကျလျှင် အရန်ထုတ်ကုန်က ကယ်တင်ပါလိမ့်မည်။

တန်ဆောင်ရောများ။ ။ အထက်လူကြီးများက အပြင်စောင်းတတ်သည်။ အထက်လူကြီး၏ အထင်အမြင်ကြီးမှု ရရှိအောင် လုပ်ပါ။ မိမိဘဝအတွက် ပါးနပ်လိမ္မာမှ အောင်မြင်မှုရရှိလိမ့်မည်။

အိမ်ထောင်ရေး။ ။''ခင်ပွန်းသည်/ဇနီးသည်'' ခရီးထွက်ရလိမ့်မည်။ မိသားတစ်စု ပျော်ရွှင်ကြည်နူးရသော ကာလဖြစ်သည်။ သားသမီးများ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကောင်းမည်။

အချစ်ရေး။ ။ချစ်သူများ၌ အလွေးခေတ်မနေပါနှင့်။ နှလုံးသားဖြင့် ချစ်ပါ။ ဦးနှောက်ဖြင့် စဉ်းစားဆုံးဖြတ်ရွေးချယ်ပါ။

ပညာရေး။ ။ပညာရေးကဲ့ဇာတာတက်သော ကာလဖြစ်ပါသည်။ အတန်းကျောင်းပညာရေးသာမက ကျောင်းပြင်ပ ပညာရေးများကိုပါ လေ့လာလိုက်စားပါ။ ထူးထူးချွန်ချွန် အောင်မြင်ပါလိမ့်မည်။

ကျန်းမာရေး။ ။နာစေးခြောင်းဆိုး ဖြစ်တတ်၍ အစေးမခံပါနှင့်။ ရေချိုးလျှင် ရေနွေးနှင့် စပ်ချိုးပါ။ ညဘက် ရေမချိုးပါနှင့်။

ထောင်ရန်ရက်များ။ ။ ၂၊ ၄၊ ၅၊ ၇၊ ၁၀၊ ၁၃၊ ၁၅၊ ၁၈၊ ၂၀၊ ၂၃၊ ၂၅၊ ၂၈၊ ၃၀။

ကျဉ်ရန်ရက်များ။ ။ ၃၊ ၆၊ ၉၊ ၁၁၊ ၁၄၊ ၁၆၊ ၁၉၊ ၂၁၊ ၂၄၊ ၂၆၊ ၂၉၊ ၃၁။

ထီထိုးရန်ရက်များ။ ။ ၅၊ ၉၊ ၁၂၊ ၁၅၊ ၁၇၊ ၂၀၊ ၂၂၊ ၂၅၊ ၂၇၊ ၃၀။

ထီထိုးရန်ဂဏန်းများ။ ။ ၂၊ ၅၊ ၆၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

အထောင်ယောကျ်ားတြား။ ။ စီးပွားရေး ငွေဆေးကြေးရေး တိုးတက်အောင်မြင်စေရန် "ဒေါ်တာပတိ" ဂါထာတော်ကို မွေးနေ့နံနက်(၉း၁၅)နာရီမှစ၍ (၁၀၈)ရွတ်ပြီး ပူဇော်ပေးပါ။

သောကြာ

စီးပွားရေး။ ။ ရောဘာစေး၊ ပလတ်စတစ်တို့နှင့်လုပ်သော လူဆုံး

ကုန်ပစ္စည်းများ အရောင်းအဝယ်ကောင်းမည်။ လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်ခြင်း။ ရောင်းဝယ်ခြင်း အကျိုးရှိမည်။

တန်ဆောင်ရောများ။ ။မိတ်ဆွေကောင်းများ၏ ကူညီမှုကြောင့် လုပ်ငန်းတာဝန်များ သတ်မှတ်ချိန်မတိုင်မီ ပြီးစီးမည်။ လုပ်ကြံများ၏ ကူညီထောက်ပံ့မှုကြောင့် ရာထူးတက်ဦးမည်။

အိမ်ထောင်ရေး။ ။သားသမီးတို့ ငွေအသုံးအစွဲများသောကြောင့် မိဘနှစ်ပါးစကားများရတတ်သည်။ အိမ်ထောက်ဖက်၏ ကျန်းမာရေးညံ့မည်။

အချစ်ရေး။ ။ကြားစကားတွေကို နားမထောင်ပါနှင့်၊ နားမယောင်ပါနှင့်။ မိမိတို့ချစ်ခြင်းကို ခွဲမည့်အကြောင်းအရာများ ဖြစ်သည်။

ပညာရေး။ ။ ပညာရေးကံဇာတာ တက်နေပါသည်။ လူတွေ့စစ်ဆေးပွဲများ အောင်မြင်ပါလိမ့်မည်။ အဆင့်မြင့်ပညာရေး သင်ကြားခွင့်ရမည်။

ကျန်းမာရေး။ ။ ဆီးချို၊ ဝမ်းချုပ်ရောဂါဖြစ်တတ်သည်။ အပူစာ၊ အစပ်စာများကို မစားပါနှင့်။ ရေများများသောက်ပေးပါ။

ထောင်ရန်ရက်များ။ ။၁၊ ၂၊ ၅၊ ၉၊ ၁၁၊ ၁၄၊ ၁၈၊ ၂၀၊ ၂၃၊ ၂၅၊ ၂၇၊ ၂၉။

ကျဉ်ရန်ရက်များ။ ။ ၂၊ ၃၊ ၆၊ ၁၀၊ ၁၂၊ ၁၅၊ ၁၉၊ ၂၁၊ ၂၄၊ ၂၆၊ ၂၈၊ ၃၀။

ထီထိုးရန်ရက်များ။ ။ ၄၊ ၈၊ ၁၁၊ ၁၄၊ ၁၇၊ ၂၀၊ ၂၃၊ ၂၆၊ ၂၉၊ ၃၁။

ထီထိုးရန်ဂဏန်းများ။ ။ ၁၊ ၃၊ ၆၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

အထောင်ယောကျ်ားတြား။ ။ ဘုရားစင်အား နံ့သာရည်(သို့)ဟုတ်) ရေမွှေးပက်ဖျန်းပေးပါ။

စနေ

စီးပွားရေး။ ။ရင်းနှီးမြှုပ်နှံထားသောပစ္စည်းများ ထုတ်ရောင်းရမည့် ကာလဖြစ်သည်။ အမြတ်များမည်။ အချိန်ကောင်းအခါကောင်းဖြစ်သည်။ ကြိုးစားလျှင် ကြီးပွားမည့်ကာလဖြစ်သည်။

တန်ဆောင်ရောများ။ ။ မိမိ၏ လုပ်ရည်ကိုင်ရည်ကြောင့် လုပ်ငန်းတာဝန်များ ထပ်မံ ချပေးလိမ့်မည်။

အိမ်ထောင်ရေး။ ။ တစ်လင်တစ်မယားစနစ်ပဲ ကောင်းပါသည်။ ဟိုဟိုဒီဒီလျှောက် မစဉ်းစားနေပါနှင့်၊ ငြိမ်ငြိမ်နေပါ။

အချစ်ရေး။ ။ ချစ်သူတွေ ပတ်လည်ဝိုင်းနေသောကာလ ဖြစ်သည်။ ပညာရေး(သို့မဟုတ်)စီးပွားရေး ပြည့်စုံအောင်လုပ်ပြီး။

ပညာရေး။ ။ အချစ်ရေးအောင်မြင်၍ ပညာရေးကို လစ်လျူမမှလိုက်ပါနှင့်။

ကျန်းမာရေး။ ။ သွေးတိုးရောဂါဖြစ်တတ်၍ စိတ်ရောကိုယ်ပါ အနားယူပေးပါ။ အဆီအအိမ်၊ ထောပတ်၊ အငန်များကို လျှော့စားပါ။

ထောင်ရန်ရက်များ။ ။ ၂၊ ၄၊ ၆၊ ၈၊ ၁၂၊ ၁၄၊ ၁၈၊ ၂၀၊ ၂၂၊ ၂၄၊ ၂၆၊ ၂၈၊ ၃၀။

ကျဉ်ရန်ရက်များ။ ။ ၃၊ ၅၊ ၉၊ ၁၁၊ ၁၅၊ ၁၇၊ ၂၁၊ ၂၃၊ ၂၇၊ ၂၉။

ထီထိုးရန်ရက်များ။ ။ ၆၊ ၁၀၊ ၁၃၊ ၁၆၊ ၁၉၊ ၂၂၊ ၂၅၊ ၂၈၊ ၃၁။

ထီထိုးရန်ဂဏန်းများ။ ။ ၂၊ ၄၊ ၆၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

အထောင်ယောကျ်ားတြား။ ။ သံဃာတော်(၇)ပါးအား ဆေးဝါးများလှူဒါန်း

ကျန်းမာ ချမ်းသာပါစေ။

ဆရာ ရောင်ခြည်

www.burmeseclassic.com

www.burmeseclassic.com

"ရွှေ" နှင့် "ငွေ"

ချစ်ပြည်ဝင်း

[လိပ်ပြာ-ဝ]

နတ်မောက်ပြို့နယ်၏ အရှေ့ဘက် (၁၄)မိုင်ကွာခန့်တွင် (...)ကျေးရွာ တည်ရှိပြီး ထိုရွာတွင် **ကိုရွှေဖို**ဟုခေါ်သော လူပျိုကြီး(အသက် ၃၅-နှစ်)တစ်ဦး ရှိလေသည်။ ကိုရွှေဖိုမှာ မိဘနှစ်ပါးလည်း မရှိတော့၊ ဆွေမျိုးမွေးချင်း အရင်းချာလည်း မရှိတော့ဘဲ တစ်ကိုယ်တည်း လူပျိုကြီး ဖြစ်သည်။

ကျွန်တော်သည် ထိုရွာတွင် (...)ရွာတွင် အလုပ်တာဝန်ဖြင့် တစ်ပတ်ခန့်ကြာ

ယခု စာရေးသူ ရေးသားမည့် ဇာတ်လမ်းသည် **လွန်ခဲ့သော နှစ်ပေါင်း(၄၆)နှစ် ၁၉၇၀ ပြည့်နှစ်ခန့်**က အမှန်တကယ် ဖြစ်ပျက်ခဲ့ပြီး ကာယကံရှင်မှာလည်း ယခု ထိ သက်ရှိထင်ရှား ရှိနေသေးသဖြင့် အမည်၊ နာမများကို ပြောင်းလဲပြီး တင်ပြလိုက်ပါသည်။

ထိုကာယကံရှင်နှင့် စာရေးသူ၏ **ဖခင် ဦးကြီးလှ(တရားရေးဝန်ထမ်း၊ အငြိမ်း စား)**တို့မှာ ဆွေမျိုးရင်းချာနယ် လွန်စွာ ခင်မင်ရင်းနှီးကျွမ်းဝင်ပြီး ဖခင် ဦးကြီးလှမှ တစ်ဆင့် စာရေးသူအား ဂဃနဏ ပြောပြခြင်းကို ဖတ်ကောင်းအောင် ရေးသား တင်ပြခြင်းမှအပ ပြုပြင်ဖန်တီး လုပ်ကြံရေးသားချက်တို့ မပါဝင်ကြောင်း၊ ကာယကံရှင်၏ ပြောပြချက် အမှန်များသာ ဖြစ်ပါကြောင်း...။

* * *

www.burmeseclassic.com

www.burmeseclassic.com

နေရရာ ကိုရွှေဦထံမှ သူ၏ အဖြစ်အပျက် ဇာတ်လမ်းကို ကြားသိခဲ့ရသည်။

တစ်ရွာလုံးရှိ ကလေး လူကြီး အားလုံးက ကိုရွှေဦကို **"ဝိညာဉ်ချစ်သူ"** ဟု ပြောကြဆိုကြ ယုံကြည်ကြသဖြင့် ကျွန်တော် စိတ်ဝင်စားခဲ့ရပြီး တမင် မေးမိရခြင်းဖြစ်သည်။ ကျွန်တော်က သူ့ ဥစ္စာဇောင့်မလေး ဘယ်ရောက်သွားပြီလဲ ဟု မေးသောအခါ...

'ဟာဗျာ ကိုကြီးလှကလဲ အလကားပါဗျား ခေတ်ယာဘာတ်ပြစ်ပြီး ဒီကွေ ယုံသလား။ ပေးမနေပါနဲ့ ဟဲ...ဟဲ...ဟဲ'

ရယ်ရွှန်းဇော်ရွှန်းနှင့် ကိုရွှေဦမှာ ရှောင်ထွက်သည်။ သူက ရှောင်လေ ကျွန်တော်က ပိုပြီး သိချင်သောဆန္ဒက ဒီဂရီတက် တက်လာရသည်။

နောက်ဆုံးတွင် ကျွန်တော်က...

'ယုံလို့ မေးတာပါဗျာ၊ တစ်ရွာလုံးကလဲ ပြောနေပြီပဲ။ ပြောပြပါ'

ဟု အမျိုးမျိုး မေတ္တာရပ်ခံ မေးလွန်းမှ မေးသောအခါမှ ကိုရွှေဦက...

'ကဲ...ကိုကြီးလှ ဒီလောက် သိချင်စိတ် အားထီသ ပြင်းပြနေရင် ပြောပြပါ့မယ်။ ယုံပါလို့ တော့ မပြောချင်ပါဘူး၊ ယုံချင်လဲ ယုံပေါ့ ယုံချင်လဲ ယုံနဲ့ပေါ့'

ဟု ဆိုကာ စိတ်ပါလက်ပါပင် ပြောပြပါလေတော့သည်။

* * *

[လိပ်ပြာ-၂]

ကျွပ်က ငုံးတည့်,ငုံးထောင် ဝါသနာကြီးတယ်ဗျ။ စီးပွားဖြစ် ငုံးထောင်ပြီး ရောင်းစားတဲ့အဆင့် မဟုတ်ပါဘူး။ ဝါသနာသက်သက် အပျော်သဘော အပျင်းပြေလောက်ပါပဲ။

တစ်နေ့ ရွာအရှေ့ဘက် တစ်မိုင်ကွာလောက် နမ်းခင်းစပ်မှာ ငုံးထောင်နေတုန်း ငုံးကလဲ ပိုက်ကို တိုးခါနီးမှာ ကျွပ်နောက် မလှမ်းမကမ်းကနေ...

'အို...မုဆိုးကြီး ဘာတွေ လုပ်နေတာတုံး'

ဆိုပြီး လှမ်းအော်မေးလိုက်တဲ့ မိန်းကလေး အသံတစ်သံ ထူးထူးခြားခြား ကြားရလို့ လှည့်ကြည့်လိုက်တော့ ဆံပင်ဖားလျားနဲ့ တော်တော်ချောမောလှပတဲ့ မိန်းကလေးတစ်ယောက်ကို လှမ်းမြင်လိုက်ရတယ်။

ငုံးငှက်ကလဲ လူသံကြားတော့ "ဝိုး" ခနဲ လန့်ပျံသွားတယ်ဗျ။ ပိုက်ကို မတိုးတော့ဘူး။ ကျွပ် တော်တော်လေး စိတ်တိုသွားရတယ်။

အဲဒီ မိန်းကလေးကို စိတ်ဆိုးမာန်ဆိုး အော်မယ်,ငေါက်မယ်လို့ ပြန်လှည့်ကြည့် လိုက်တော့ မတွေ့တော့ဘူး။ ရွာထဲက ကလေးမ တစ်ယောက်ယောက် ဖြစ်မှာပဲ လို့ ကျွပ် ထင်မှတ်ထားလိုက်တယ်။

* * *

[လိပ်ပြာ-၃]

နောက်တစ်နေ့ မနက်မှာလဲ မနေ့က လွှတ်သွားတဲ့ ငုံးငှက်ကို ဒီနေ့ရအောင် ပြန်ထောင်မယ်ဆိုတဲ့ စိတ်နဲ့ ကျွပ်သွားခဲ့တယ်။

အဲဒီနေ့မှာတော့ ထူးထူးခြားခြား **ငုံးငှက်တွေ အကောင်နှစ်ဆယ်လောက်ကို ဖမ်းမိတယ်**။ ကျွပ်ကိုယ်ကျွပ် အံ့သြနေမိရတယ်။ တစ်ခါမှ ကျွပ် ဒီလောက် ငုံးတွေ မရဖူးဘူး။ အလွန်ဆုံးရရင် လေး,ငါး ကောင်ပဲ။

ဖမ်းမိတဲ့ ငုံးငှက်တွေကို ကျွပ် လွယ်အိတ်ထဲထည့်၊ ပိုက်တွေသိမ်းပြီး ရွာထက် ပြန်လှည့်အလာမှာ ကျွပ်နောက်က မိန်းကလေးတစ်ယောက် လိုက်လာတယ်။ ဟုတ်တာပေါ့။ မနေ့က မိန်းကလေးမဲ့။

'ဘယ်နယ်လဲ မုဆိုးကြီး၊ ဒီနေ့တော့ ကျွန်ုပ် သွားပြီမဟုတ်လား။ မနေ့က ကျွန်ုပ်ကြောင့် ငုံးတစ်ကောင် လွတ်သွားပြီး မုဆိုးကြီး ပကျပန္နပြစ်သွားတာသိလို့ ဒီနေ့ ပြန်ပြီး အကြွေးဆပ်လိုက်တာ။

ကျွန်မမှာ ငုံးတွေကို ပြန်ထွေပြီး ပိုက်ထဲ ရောက်အောင် လှည့်ပတ်ဖောင်းပေးရတာ မောလိုက်တာရှင်။ ရေလေးတစ်ပေါက် လောက်များ တိုက်စမ်းပါဦး မုဆိုးကြီးရဲ့' လို့ ပြောတယ်။

ကျွပ်လဲ အံ့သြတကြီး ကြက်သေ,သေ မှင်တက်မိပြီး သတိဝင်လာရတယ်။

'နေပါဦး မင်းက ဘယ်ကတုံး' လို့ မေးလိုက်မိတယ်။

'ကျွန်ုပ်လား။ ကျွန်ုပ်က ဟိုး...မြင်ရဲ့ ရွာပင်မြင်ပြင်ကြီးပေါ်မှာ နေတယ်။ အဲဒီအင်ပေါ်မှာ ကျွန်ုပ်တို့ ဆွေမျိုးသားချင်းတွေ နေတယ်' လို့ ပြောတယ်။ ကျွပ်စိတ်ထဲမှာ အရူးမများလားပဲလို့ တွေးနေတုန်း...

'ကျွန်ုပ မရူးပါဘူး မုဆိုးကြီးရဲ့ ကျွန်ုပနာမည် "ငွေမှန်" လို့ခေါ်တယ်။ မုဆိုးကြီး ကျွန်ုပကို တွေ့ချင်ရင် အက်အဲရိုလို့ အက္ခအည်လိုရင် အဲဒီကွန်ပြင်ထဲက ရှာတော့ထဲလာခဲ့။ ကျွန်ုပတို့နေတဲ့ ရွာပင်က အရိပ်မထွက်ဘူး။ ရွာဆာထဲမှာ အခြေအပင်တွေနဲ့ ရောနေတော့ ကျွန်ုပတို့အပင် အရိပ်မထွက်တာကို သတိမပြုမိကြဘူး။ အဲဒီ ရွာပင်အောက် ရောက်ရင် "ငွေမှန်" ရေလို့လာ ခေါ်ပါက် ကျွန်ုပ ဆင်းတွေ့ပါ။ ကဲပါ လုပ်ပြီး ဇရတိုက်စမ်းပြီး' ပြောပြောဆိုဆို ကျွပ်ခါးက ရောဂူးကို ယူပြီးသောက်တယ်။ ကျွပ်ကတော့ အံ့သြပြီးရင်း အံ့သြရင်း ဖြစ်နေရတာပေါ့။

'ကျေးဇူးပါ မုဆိုးကြီးရေ၊ မုဆိုးကြီးတို့ လူသားတွေဆီက ရေတစ်ပေါက် သောက်ရဖို့ လွယ်တာမဟုတ်ဘူး။ ကိုယ့်ပစ္စည်း ဆိုရင် လူသားတွေက နှမ်းတစ်စေ့တောင် နှမြောတွန့်တိုတတ်ကြတာ။

ကဲ...ကဲ...ငုံးတွေ အမွေးနုတ်ချဦးမှာ၊ ကင်ရ ချက်ရမှာနဲ့ မုဆိုးကြီး အချိန်နောက် ကျနေမယ်။ ကျွန်မလဲ နောက်ပိုင်းက စိတ်ပူနေလိမ့်မယ်။ သွားဦးမယ်နော်'

ဆိုပြီး လှည့်ထွက်သွားတယ်။

ကျွပ်လဲ ရွာဘက်ကို လေး,ငါး,ဆယ် လှမ်း လှမ်းပြီး နောက်လှည့်ကြည့်တော့ မငွေမှန်ကို မတွေ့တော့ဘူး။ ကုန်းမြင့်လေးက ရှာပင်တစ်ပင်မှာတော့ မီးခိုးတန်းလေး လို လှမ်းမြင်ရတယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com

[လိပ်ပြာ-၄]

ကျုပ်အိမ်ကို ပြန်ရောက်တော့ ဥစ္စာစောင့်မလေး ငွေမှုန်နဲ့ တွေ့ခဲ့တာဟာ တကယ်လို့လို၊ **အိပ်မက်လို့လို စိတ်ကထင်တာလို့လို့နဲ့ "လို့လို့ကြီး" ဖြစ်နေရတယ်။** ငုံးအကောင်နှစ်ဆယ် ရခဲ့တာတော့ အမှန်ပဲ။

ဒါနဲ့ ကျုပ်ညီဝမ်းကွဲ မြင့်ငွေကို ခေါ်ပြီး အဖြစ်အပျက် ပြောပြမိတယ်။ မြင့်ငွေက တော့ တဟားဟား ရယ်တော့တာပဲ။ **"တေခြောက်တာ ဖြစ်မှာပါဗျာ"** တဲ့။ မယုံဘူး၊ မဟုတ်ဘူးပေါ့။

ဒီလိုနဲ့ နေလာရင်း ငွေမှုန်နဲ့ ကျုပ်နဲ့ ရင်းနှီးသထက် ရင်းနှီးလာပြီး **နောက်ဆုံး သင်းရည်းစားအဖြစ်ချစ်ကြိုက်သွားခဲ့ကြရတယ်။**

ကျုပ်ကလဲ တွေ့ချင်ရင် ရွာအရှေ့ဘက် ရှားပင်ကြီးအောက်သွားပြီး အော်ခေါ်ပြီး သွားလိုက်တာပဲ။ အဲ...ငွေမှုန်ကလဲ တစ်ခါတလေ ကျုပ်ဆီကို ညဘက်မှာ လာလာတွေ့တတ်တယ်။ အဲ...တစ်ညမှာတော့...

* * *

[လိပ်ပြာ-၅]

တစ်ညမှာ ငွေမှုန် ကျုပ်အိမ် ရောက် လာတယ်။ ရွာမြောက်တံခါးကနေ ရွာလယ်မှာရှိတဲ့ ကျုပ်အိမ်ကိုလာတုန်း...

'ဟာ...ကြယ်တု...ကြယ်တုဟေ့ ဟောဒီက ပြေးနေတာ တွေ့လား ဟိုးမှာ မြင်လား... မြင်လား'

ဆိုပြီး ကလေးတွေက ရွာလယ်လမ်းက အော်တော့ ငွေမှုန်ဟာ သူ့ကို လူတွေမြင် သွားပြီဆိုပြီး အမောဟကော ထိတ်ထိတ် ပျာပျာနဲ့ ကျုပ်အိမ်ထဲ ပြေးဝင်လာတယ်။

'ကိုဇွဲပို ကွန်မကို သေတ္တာထဲ ထည့်ထားပေး ပါ။ လူတွေ ကွန်မကို မြင်သွားပြီ၊ ကြိုက်တု... ကြိုက်တုနဲ့လဲ အော်ကြတယ်'

လို့ မောကြီးပန်းကြီး ပြောရှာတယ်။

'မဟုတ်ပါဘူး ငွေမှုန်ရယ်၊ လူတွေ မင်းကိုမြင်တာ မဟုတ်ပါဘူး။ ကြိုက်တုဆိုတာ အနောက်နိုင်ငံတွေက လကမ္ဘာကို စမ်းသပ်ထောက်လှမ်းဖို့ ကောင်းကင်ကို လွှတ်တဲ့ စက်တစ်မျိုးကို ပြောတာပါ။ တိုက်ဆိုင်သွားတာပါ။ မင်းကိုမြင်လို့ ပြောတာ မဟုတ်ပါဘူး'

လို့ ကျုပ် တတ်သမျှ မှတ်သမျှ ရှင်းပြ မှပဲ ငွေမှုန်ခမျာ "ဟင်း..."ခနဲ သက်မ ချပြီး အမောဖြေနိုင်တော့တယ်။

အဲဒီညမှာပဲ ငွေမှုန်က ကျုပ်ကို သူတို့ အကြီးအကဲနဲ့တွေ့ဖို့ အလည်ခေါ်တယ်။

'လူဖြေတိတ်ရင် ကွန်မတို့ ရွာအပြင်ထွက်ရ အောင်း ကွန်မတို့ အကြီးအကဲက ကိုဇွဲကို တွေ့ချင် မြင်ချင်လို့တဲ့၊ အလည်လိုက်မှာလား၊ ကွန်မ အဲဒါကြောင့် အဖေ့ကြီးလို့ လာဆော်တာ'

'လိုက်မှာပေါ့ကွာ၊ တွေ့ရမှာပေါ့။ နားစမ်းပါဦး'

ဆိုပြီး ကျုပ်နဲ့ ငွေမှုန် အိမ်ရှေ့ခန်းမှာ နေလိုက်ကြတယ်။

* * *

[လိပ်ပြာ-၆]

ကျုပ်ကတော့ တကယ်လို့ပဲ ထင် တယ်။ ခုအချိန် ပြန်တွေးတော့လဲ အိပ်မက် လိုလိုပဲဗျ။ ကျုပ် ငွေမှုန်နဲ့အတူ သူတို့ နေရာကို လိုက်သွားပြီး အကြီးအကဲနဲ့တွေ့ တယ်။

သူတို့ အကြီးအကဲရဲ့အသက်ဟာ ဘယ် လောက်လဲဗို့ ဆန့်ကျင်ဘက်တယ်။ ဦးသိန်း သုံးလုံးထက် ထိပ်ကနေပြီး နှုန်းမက်ကြေး မှာ ဦးသိန်းနဲ့ ထားတယ်။

အကြီးအကဲရဲ့ရေမှာ **ယပ်တောင် တစ်ချောင်း၊ မောင်းတစ်လုံး၊ မောင်းထုလက်ရိုက်နဲ့ တင်းပုတ်တစ်ခု ရှိတယ်။** ယပ်တောင်ကတော့ အထဲမှာ ပုအိုက် • ရင် ဟော့သလို လေခေါ်တာဆိုပြီး တစ် ချက် လေယပ်ပြလိုက်တယ်ဆို တဖွဲဖွဲနဲ့ လေတွေ တိုးဝင်လာတယ်။ လေမလိုအပ် ဘူး၊ မအိုက်ဘူးဆိုရင် ဟော့သလို ပြန် ပိတ်လိုက်တယ်ဆိုပြီး ယပ်တောင်ကို ယပ်လိုက်တယ်ဆို လေငြိမ်ပြီး လေသံလဲ တိတ်သွားတယ်။ မောင်းကတော့ ရန်သူ လာပြီဆိုတာ အချက်ပေးတာတဲ့။

ဟောဒီခွက်ဘက်က ထုရင် "ရန်သူ လာပြီ" လို့ အချက်ပေးတာ။ ဟောဒီ ဘဘက်က ထုရင် ရန်သူကို အပြတ်ရှင်းကြ၊ တိုက်ခိုက်ကြဆိုပြီး ဒီက တင်းပုတ်နဲ့ထုရ တော့တာပဲ။ ငွေမှုန်က ကျုပ်ကို သေသေ ချာချာ စိတ်ရှည်လက်ရှည် ရှင်းပြတယ်။

အခု မကြာမီမှာ သူတို့ အကြီးအကဲဟာ လူဝင်စား ဖြစ်တော့မယ်။ အနားယူတော့ မယ်။ ဒါကြောင့် ကျုပ်ကို အကြီးအကဲရဲ့ နေရာယူဖို့ လာထားတယ်တဲ့။ အဲဒီမှာ ကျုပ် ကြောက်သီးမွေးညှင်းတွေ ဖျင်းခနဲ ထသွား ပြီး တကယ်ကြောက်လန့်သွားတယ်။

'လန့်သွားဟဲ့လား ကိုဇွဲပို၊ ရှင်သေတော့မှ ပါ။ စဉ်းစားပါ။ ရှင်က ဘုန်းကံပြည့်တဲ့လူဆိုတော့ ကွန်မ ဖေါ်ချင်တိုင်း ဖေါ်ရပါတယ်။ ရှင်ကိုယ်တိုင် က သဘောတူပါတယ် ဆိုမှပေါ့'

လို့ ငွေမှုန်က ရှင်းပြတယ်။

'အေးပါဟာ ငါ စဉ်းစားပါဦးမယ်'

လို့ပြောပြီး ကျုပ်တို့ ပြန်ထွက်ခဲ့တယ်။ ပြန်အထွက်မှာ သတိရတာနဲ့ ကျုပ် ငွေမှုန်ဆီ လက်ဆောင်ပစ္စည်း တောင်းလိုက်တယ်။

'ငွေမှုန် နင် ငါ့ကို နင်တို့ဆီက လက်

www.burmeseclassic.com

www.burmeseclassic.com

ဆောင့်ပစ္စည်းတစ်ခုခု ပေးလိုက်စမ်းပါ'

'ဘာလဲ ရှင့်ညီဝမ်းကွဲကို သက်သေပြချင်လို့လား'

အမှန်ပဲ ကျော် ညီဝမ်းကွဲမြင့်ငွေကို ပြချင်နေတာ။ ငွေမှန်ဟာ ကျော် စိတ်ကို သိနေပါလားလို့လဲ အံ့သြမိတယ်။ ကျော် ပြန်တော့ ငွေမှန်က ကြာပန်းလေးတစ်ပွင့် ပေးလိုက်တယ်။

'ရှင့်ညီကို ပြပြီးရင် ဘုရားအိုးမှာ လှူထားလိုက်ပါ။ ခုနှစ်ရက်ရှိရင် အလိုလို ပျောက်သွားလိမ့်မယ်'

လို့လဲ မှာလိုက်တယ်။

ကြာပန်းလေးဟာ အတော် ထူးဆန်းပါတယ်။ ပွင့်ချပ်ပွင့်ဖတ်တွေဟာ **ပွင့်အာလာလိုက်၊ ပြန်ပြီး ငုံအိတ်သွားလိုက်နဲ့ လှုပ်ရှားနေတယ်။** ကြာညိုနဲ့လေးကလဲ တသင်းသင်းပေါ့။ ကျော် သိပ်ကို သဘော ကျမိတယ်။

ကျော်အိပ်ရာက လန့်နိုးတော့ မနက်(၆) နာရီ၊ (၇)နာရီလောက်ရှိနေပြီ။ မျက်နှာသစ်ဖို့ အိမ်ရှေ့ ရေတိုင်ကီနားသွားတော့ ရေစည်ပိုင်းပြတ်ထဲမှာ ပွင့်လိုက်ငုံလိုက် ဖြစ်နေတဲ့ ကြာပန်းလေးတွေ့ရတယ်။

'ဟား...တကယ်ဟ၊ အိပ်မက်ယုတ်ဘူး'

ဆိုပြီး ကျော်ညီဝမ်းကွဲ မြင့်ငွေကို ပြဖို့ သွားခေါ်တော့ နတ်မောက်ကို သွားတယ်။ ညနေမှ ပြန်လာလိမ့်မယ်လို့ သူ့ မိန်းမက ပြောတယ်။

မြင့်ငွေအိမ်ကနေ ပြန်လာပြီး၊ ကျော်စားဖို့ ထမင်း၊ ဟင်း ချက်ဦးမှပဲဆိုပြီး ထမင်းအိုးကိုင်လိုက်တော့ ထမင်းတွေ၊ ဟင်းတွေဟာ ပူပူနွေးနွေး ချက်ပြီးသား တွေ့ရတယ်။ ငုံးသားချက်လဲ တွေ့ရတယ်။

ငွေမှန် ချက်ပြုတ်ခဲ့တာပဲ ဖြစ်မှာပါလို့ တွေးပြီး ထမင်းနဲ့ ငုံးဟင်းကို ခူးခပ် စားလိုက်တယ်။ ဘာမှ မဖြစ်ပါဘူးဗျာ။ စားလို့ကောင်းပဲ့။

အဲဒီညည (၈)နာရီမှာပဲ ကျော်ညီဝမ်းကွဲ မြင့်ငွေ နတ်မောက်က ပြန်လာပြီး ကျော် အိမ်ဘက်ကို ရောက်လာတယ်။

ကြာပန်းလေးကို သေသေချာချာလှည့် ပတ်ကိုင်ကြည့်တယ်။ မယုံတဲ့ ကောင်ကို ပိုပြီး အစွမ်းပြတာလား မဆိုနိုင်ဘူး။ **ကြာပန်းလေးဟာ ပိုပြီး ပြန်ပြန်ငုံထိုက်၊ ပွင့်လိုက်နဲ့ လှုပ်ရှားပြတယ်။** ပြီးတော့ ကြာညိုသင်းနဲ့ကလဲ ပိုပြီး ကြိုင်လှိုင်လာတယ်။

ကျော်ညီဝမ်းကွဲ မြင့်ငွေက ဆေးမှူး သိပ်ပွဲဘွဲ့ရဆိုတော့ ဒါကိုပဲ မယုံသေးဘူး။

'နည်းနည်းတော့ ယုံရမလိုဘဲ အစ်ကိုကြီး ဒါပေမယ့် ဒီပန်းပွင့်လေးဟာ မြေအောက် လိုက်ဂူထဲမှာ ပွင့်တတ်တဲ့ မြေအောင်းပန်း တစ်ပိုးလို့ ခန့်မှန်းရတယ်။ ခုဟာက လေထဲမှာ ဖာတ်မယင်္ကလို့ ပွင့်လိုက်၊ ငုံလိုက် ဖြစ်နေတာ ဖြစ်နိုင်တယ်'

မြင့်ငွေက မယုံတစ်ဝက်, ယုံတစ်ဝက်နဲ့ မှတ်ချက်ချတယ်။ နောက်ဆုံးတော့ မြင့်ငွေက...

'တစ်နေ့နေ့ ကျွန်တော့်ကို အစ်ကိုကြီးရဲ့ ကလေးမလေးနဲ့ တွေ့ပေးစမ်းပါ'

လို့ ဆိုတယ်။

'ဟာ ရတယ် စိတ်ချ၊ တွေ့ရစေမယ်'

လို့ ကျော် ကတိပေးလိုက်တယ်။

* * *

[လိပ်ပြာ-၇]

တစ်နေ့။ ကျော်မှာ ဆန်ကုန်သွားတယ်။ လက်ထဲမှာ ဆန်ဝယ်ဖို့ ပိုက်ဆံကလဲ ပြတ်ခဲနေပြီး အခက်ဖြစ်ရတယ်။ ဒါနဲ့ပဲ နောက်ဆုံးတော့ ငွေမှန်ဆီပဲ သွားပြီး အကူအညီ တောင်းရတယ်။ ငွေမှန်က ဟက်ဟက်ပက်ပက်ရယ်တယ်။

'ဒါလေးများရှင် ကူညီပို့မယ်၊ ဒါပေမယ့် ရှင် ဆန်ဝယ်လွှားရင် ကျွန်မကို ဆဲရမယ်၊ ကျွန်မလဲ လိုက်ခွင့်တယ်'

'ရပါတယ် လိုက်ခဲ့ပါ။ ငါ့မိတ်ဆွေတွေလဲ ပါမှာပါ'

ဒါနဲ့ပဲ နောက်တစ်နေ့မှာ နတ်မောက်ကို ဆန်ဝယ်သွားဖို့အတွက် **"လေးအိမ်ဘူတာ"(ရှေးက "လယ်အင်းဘူတာ" ဟု ခေါ်တွင်သည်။)**ကနေပြီး ရထားစီးမယ်လို့ ငွေမှန်ကို ချိန်းဆိုလိုက်တယ်။

ရွာက အထွက်မှာကတည်းက ကျော်နဲ့ အတူ ဆန်ဝယ်မယ့် ကိုဖိုးကောင်း၊ ကိုလှဟန်၊ ကိုသာမြတို့ကို ကျော်က ငွေမှန် အကြောင်း ပြောလာခဲ့တယ်။ သူတို့ကလဲ ငွေမှန်ကို တွေ့ချင်၊ မြင်ချင်နေကြတယ်။ လေးအိမ်ဘူတာရောက်ရင် တွေ့ရစေမယ်၊ မြင်ရစေမယ်လို့ ကျော်က အာမခံပြီး ပြောလာတာ။

အဲ... လေးအိမ်ဘူတာရောက်တော့ ငွေမှန်ကို မတွေ့ပါဘူးဗျာ။ ကျော်မိတ်ဆွေတွေက ကျော်ကို စိတ်မှ မှန်သေးရဲ့လား လို့တောင် ထင်ကြ ပြောကြတော့တာပဲ။ ကျော်လဲ ရှက်လိုက်တာ မျက်နှာ ဘယ်ထားရမှန်းကို မသိတော့ဘူး။

ဒီလိုနဲ့ ရထားကြီး ထွက်လာပြီး၊ လက်ခုပ်ပင်ဘူတာရောက်မှာပဲ ငွေမှန်နဲ့ သူ့အဖော်နှစ်ယောက် ရထားပေါ် တက်လာတာ တွေ့ရတယ်။

'ငွေမှန်ရာ ငါ့မှာ နင့်ကို လေးအိမ်ဘူတာမှာ တွေ့ယုံလို့ မိတ်ဆွေတွေကို ကြွားလာတာ၊ နင် ဘယ်လိုလုပ်လိုက်တာလဲဟာ၊ လူကို အရှက်ကွဲလို့၊ ငါ့ကို ရူးတယ်တောင် ထင်နေကြတယ်'

'ကိုရွှေဒိုကလဲ တော်မှ မသိဘဲ။ လေးအိမ်ဘူတာမှာ ကျွန်မတို့ကို အနောင့်အယှက်ပေးမယ့် "ဆရာ" တစ်ယောက် စောင့်နေလို့ ရှောင်ခဲ့ရတာတော့။ ကျွန်မကို စိတ်မဆိုးပါနဲ့နော်'

လို့ တောင်းပန်ရှာတယ်။

'ဟော...ဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com

လိုပဲကျုပ်အာမေဍိတ်ပြုလိုက်မိရတယ်။

* * *

[လိပ်ပြာ-၈]

အဲဒီတုန်းက အခု မြို့နယ်ခန်းမကြီး ဆောက်ထားတဲ့ နေရာဟာ နတ်မောက် စေ့းကြီးပဲဗျ။ အဲဒီစေ့းထဲကနေပြီး ဆန်တစ်တင်းဝယ်တယ်။ ငွေမှန်ကိုယ်တိုင်ပဲ ငွေရှင်းတယ်။ ဆန်တစ်တင်းကို တစ်ယောက် ရှစ်ပြည်စီခွဲပြီး ငွေမှန်နဲ့ ကျုပ်နဲ့ ခေါင်းပေါ် ရွက်ပြီး ရွာပြန်ခဲ့တယ်။

ရွာပြန်ရောက်တော့ ငွေမှန်ဟာ ဆန်အိတ်ကို အိမ်ကြမ်းပြင်ပေါ် ဗုန်းခနဲ ပစ်ချပြီး...

'ကျုပ် ကူညီမယ်လို့ ကတိပေးတဲ့အတိုင်း ပြီးပြီ၊ ပြန်မယ်'

လို့ ဆိုပြီး၊ ချက်ချင်း အိမ်ပိုင်းထဲက ထွက်ပြီး ပြန်သွားတယ်။ ''နေပါဦးဟာ၊ နားပါဦး'' ဆိုပြီး ကျုပ် လိုက်ခေါ်ပေမယ့် မရတော့တူး။ ဇွတ်အတင်း ပြန်သွားတယ်။

ကျုပ်အိမ်ပေါ်ပြန်ရောက်လို့ ကြည့်လိုက်တော့ ဆန်(၈)ပြည်စီ ထည့်ထားတဲ့ အိတ်နှစ်အိတ်ဟာ တစ်တင်းခွဲဝင် အိတ်တွေအဖြစ်နဲ့ ဆန်အပြည့်ထောင်လျက် ဖြစ်နေတယ်။ ကျုပ် လွှတ်ကို အံ့သြနေရတယ်။ ဒါ ငွေမှန်ကူညီသွားတာ ဖြစ်မှာပဲလို့ တွေးလိုက်မိတယ်။

အဲဒီလို တွေးနေမိတုန်း ကျုပ်အိမ်ရှေ့ကို ကိုစံညှင်းသား ရောက်လာတယ်။ ဆန်အိတ်တင်လာတဲ့ နွားလှည်းခ လာတောင်းတာ။ **''ဟာ ဘယ်တုန်းက တင်လို့တုံး''** ဆိုတော့...

'မနက်က တင်တာလေဗျာ။ နတ်မောက် စေ့းထဲ ဆိုင်ကနေ အဒေါ်ကစ်ယောက်က ဦးရွှေပိုအိမ် ပို့ပေးပါဆိုလို့ တင်လာရတာ၊ တစ်အိတ် တစ်ဆယ်၊ နှစ်အိတ်တွက် အဖေက နှစ်ဆယ်ပေးလိုက်ပါတဲ့'

ဆိုပြီး ကိုစံညှင်းသားက ဇွတ်အတင်း လှည်းခတောင်းတော့တာပဲ။ ကျုပ် စဉ်းစား နေမိတာက ကျုပ်နဲ့ ငွေမှန်နဲ့ ဆန်ရှစ်ပြည်စီ ခွဲပြီးရွက်လာတာ၊ ခုထိတောင်ဇက်လေးတုန်း။ အဲဒီလို စဉ်းစားနေတုန်းမှာပဲ...

'ပေးလိုက်...ပေးလိုက်... ကျုပ်တင်လာတာ၊ ထော်ကြီးဖို့'

ဆိုတဲ့ ဆောင့်ဆောင့်အောင့်အောင့် ပြောလိုက်တဲ့ ငွေမှန်အသံကို နားထဲမှာ ကြားလိုက်ရတယ်။

'ငါ့မှာ ပိုက်ဆံ မရှိဘူးကွ'

လို့ ငွေမှန်ကို ပြန်ပြောတဲ့အနေနဲ့ အော်လိုက်တော့ ကိုစံညှင်းသားက...

'ဦးလေး လက်ထဲက ပိုက်ဆံတွေ မဟုတ်လို့ မြွေတွေလားဗျာ'

လို့ ပြောတယ်။ ဟုတ်တယ်။ ကျုပ် လက်ထဲမှာ ငွေတွေ၊ ငါးကျပ်တန်, ဆယ်တန်တွေ တစ်ရာနီးပါးလောက် ကိုင်ထားမိပါလားလို့ သတိပြုမိရတယ်။ အဲဒီတော့မှ ကိုစံညှင်းသားကို လှည်းခငွေ နှစ်ဆယ် ပေးလိုက်ရတယ်။

ကျုပ်လဲ ဘာတွေ ဘယ်လို ဖြစ်ကုန်ပြီလဲ။ အိမ်မက်လိုလို၊ တကယ်လိုလို ငါပဲ ရူးနေတာလား၊ အမှတ်မဲ့ ဖြစ်နေတာလား။ တောတွေး,တောင်တွေးနဲ့ စိတ်လေးလေးကြီး ဖြစ်လာပြီး မျက်တောင်တွေ စင်းကျလာတာနဲ့ အိမ်ကြမ်းပြင်ပေါ် အိပ်ချလိုက်မိတော့တယ်။

* * *

[လိပ်ပြာ-၉]

ခရီးကလဲ ပန်းလာတာဆိုတော့ ခေါင်းအုံးနဲ့ ခေါင်းနဲ့ ထိမိတယ်ဆိုရင်ပဲ ကျုပ် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားရတယ်။ အဲဒီလို အိပ်ပျော်နေတုန်းမှာပဲ ငွေမှန်ဟာ မျက်ရည်လည်ခဲ့ရဲ့ ကျုပ်ဆီ ရောက်လာတယ်။

'ကိုဘွမ်မီ ရှင်နဲ့ကျွန်မ ဒီညဟာ နောက်ဆုံးတွေ့ရခြင်းပါပဲ။ သံယောဇဉ်ဇာတ်လမ်း ဒီမှာတင် တစ်ခန်းရပ်လိုက်ကြပို့နော်။ ကျွန်မတို့ အကြိုအကဲရဲ့ ပြစ်ဒဏ်ချမှတ်မှုကို ကျွန်မ ခံရတော့မယ်။ အစကတည်းက ပဖြစ်နိုင်မှန်း သိရက်နဲ့ ကျွန်မ ဇွတ်တိုးမိုက်ခဲ့မိတာပါ။

ဘွန့်ငွေ့ဟာ ဘယ်လို ပေါင်စပ်လို့ ဖောနော လို့ မရတူးဆိုတာ ကျွန်မ ကောင်းကောင်း နားလည်ပါပြီ။ ရှင်ဟာ သိပ်ကို ဘုန်းကံကြီးတဲ့ လူ ဘုန်းကြီးတဲ့ ယောကျ်ားသားတစ်ယောက်ပါ။ ရှင့်ရဲ့ အစောင့်အကြပ်တွေကလဲ အပြဲရှင့်အတွက် ပါရမီအပြည့် ဖြည့်ပေးနေကြပါတယ်။ ကျွန်မ လက်လျှော့ပါပြီ'

ဆိုပြီး ကျုပ်ရှေ့က ငွေမှန် ထပြန်သွားတယ်။

'ထွန်းကား၊ ထွန်းကား၊ ဇောပြီး...ဇောပြီး'

ကျုပ် အော်ခေါ်ပေမယ့် ပါးစပ်က အသံထွက်မလာဘူး။ လည်ချောင်းထဲမှာလဲ တစ်ဆို့ဆို့ကြီး ဖြစ်နေတယ်။ ကျုပ် အားကုန် ဖျစ်ညှစ်လိုက်တော့ လန့်နိုးလာတယ်။ ကျုပ်တစ်ကိုယ်လုံးမှာ ချွေးစေးတွေနဲ့ မောဟိုက်နေရတယ်။

* * *

[လိပ်ပြာ-၁၀]

အဲဒီနေ့ကစပြီး ငွေမှန်ဆိုတာ ကျုပ် ဘဝမှာတကယ်တွေ့ခဲ့သလား။ မိုဉ်ခဲသလား၊ တကယ်ပဲ သမီးရည်းစားတွေ ဖြစ်ခဲ့တာလား စဉ်းစားမရ တွေးမရတော့ဘူးဗျာ။

ကျုပ်ကပဲ စိတ်ကယောင်ချောက်ချား ဖြစ်တာလား၊ တိတိကျကျ ပြောပြဖို့ တော်တော်ခဲယဉ်းပါတယ်။ ကျုပ်ညီမြင့်ငွေက ဆေးမှူးဆိုတော့ အိပ်ဆေးနဲ့ စိတ်ပြိုမ်းဆေးတွေ သောက်ခိုင်းလို့ တစ်လ နီးပါးတော့ သောက်ခဲ့ရသေးတယ်။

ခုတော့လဲ ဘာမှ မဟုတ်ပါဘူးဗျာ။ ကျုပ် ငွေမှန်နေတယ်ဆိုတဲ့ ရှားပင်ကြီး သွားကြည့်တော့လဲ မရှိတော့ဘူးဗျ။ ''ငါ့ဟာ ဟုတ်မှ ဟုတ်ရဲ့လား'' လို့ ကျုပ် သံသယဝင်မိရတော့ကာပဲဗျို့။

ကိုရွှေဒိုသည် အမှန်ပင် အကွက်စေ့ စေ့ဖြင့် ကျွန်တော့်ကို ပြောပြခဲ့ခြင်းပင်။ နားထောင်ရသူ ကျွန်တော့်အနေဖြင့် တကယ် ယုံရတော့မလိုလို ဖြစ်နေရသည်။ မယုံတစ်ဝက်၊ ယုံတစ်ဝက် ယုံရခက်ကြီးပါ ဆိုသလိုပင်။

အဲ... တစ်ခုထိုသည်း ကျွန်ုပ်အတွက် ကျွန်တော် ထွေ့လိုသည်း ထွေ့လျှင် မှင် လိုက်ဖဲ့ပိုက် မြစ်ကမသည်းထိုသော ကြာသန် လေးကိုမွ ထေးကာ ထေးကြည့်ရှုသည်း ကြာသန်လေးသည် တကယ် လှ့ရှာစေ သလား ဆိုသည်းကိုပင်

ကိုမြင့်ငွေမှာ ရှမ်ပြည်နယ်ဘက်သို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်နေရသဖြင့် မတွေ့ရသေး။ တွေ့၍ ကျွန်တော် မေးလျှင် အဘယ်သို့ ဖြေမည်, ပြောမည်။ မသိတတ်နိုင်ပါသေးခေ့။

ကျွန်းမာ ချမ်းသာ လန်းဖြာကြပါစေး

နတ်မောက် လှမြင့်သစ်

www.burmeseclassic.com

www.burmeseclassic.com



အတွေ့အကြုံ

[ဝ]

သံယောဇဉ်ဆိုတာ ရှိတယ်။

ဒါက သက်ရှိလောကတင်မက တမလွန်အထိတောင် သယ်ဆောင်ယှက်နွယ်လေသလား ထင်မှတ်ချင်စရာပါ။

ထင်တာကို မြင်သာအောင် တင်ပြရပါဦးမယ်။

[၂]

အရပ်ထဲမှာ အနေအထိုင်ကလဲ အေး၊ ဇနီးနဲ့ အထက်တန်းကျောင်းသား သားဖြစ်သူကို ရိုးရိုးသားသား ရှာဖွေလုပ်ကိုင်ကျွေးနေတာလဲ ဖြစ်နဲ့မို့ လူချစ်လူခင် များနေသလား မသိဘူး၊ ကိုတင်မောင်ရဲ့ အသုဘက လိုက်ပို့မယ့်သူတွေ ဘတ်(စ်)ကားကြီး ဆယ်စင်းအပြည့် ဖြစ်နေတာယ်။

ထုံးစံအတိုင်း လိုက်ထရပ်ကား တစ်စီးနဲ့ ရပ်ကွက်ဝတ်အသင်းကလဲ သုသာန်ပို့ကားနီးဖြစ်လို့ ရွှတ်ဖတ်နေပါပြီ။

နာရေးမှာ ရေသန့်ဘူးကမ်းတဲ့သူ၊ ဆပ်ပြာမှုန့်ထုပ်ကမ်းတဲ့သူ၊ ယပ်တောင်ကမ်းတဲ့သူနဲ့ ခေါင်းလျှော်ရည်ထုပ် ကမ်းတဲ့သူတွေလဲ လိုက်ပို့မယ့်သူတွေကို ဟိုကားကနေ ဒီကား၊ ဒီကားကနေ နောက်တစ်စင်း ကူးသန်းပြီး လှုပ်ရှားပေးကမ်းလို့။

အဲဒီမှာ နာရေးယာဉ်ဆီမှာက လူတစ်စု ရုံးစုရုံးစု ဖြစ်နေတယ်။ ပြဿနာတစ်ခုခု ဖြစ်နေဟန်ပါပဲ။ အသက်ကြီးတဲ့သူပီပီ အနားသွားကြည့်လိုက်တော့သာ...

'နှစ်ခါရိုက်ပြီးသားပြီး တံခါးပိတ်မယ်လုပ်တိုင်း နောက်ပြန်ပွင့်လျှောကျနေတာ'

ယာဉ်ထဲ အခေါင်းထည့်ရာမှာ ကြုံရတဲ့ အခြေအနေကို တစ်ယောက်က ပြောနေသံ ကြားလိုက်ရတယ်။

တစ်ယောက်ယောက်က အသိပေးလိုက်ဟန်တူပါရဲ့။ ဒီအချိန်မှာပဲ ဝမ်းနည်းပူဆွေးနေဟန်နဲ့ ကိုတင်မောင်ရဲ့အဒေါ် နာရေးယာဉ်နောက်ပိုင်း ရောက်လာပြီး အစွန်းထွက်နေတဲ့ အခေါင်းကို ကိုင်တော့တယ်။

'တင်မောင်မင်း...မပြိန်းနဲ့သားအတွက် ပူမနေနဲ့၊ အိမ်မှာ ဖွင့်ထားတဲ့ ဧည့်ဆိုင်နဲ့ စားလောက်တယ်။ ပြီးတော့ မင်းသားလေးကလဲ စာတော်ပြီသားပဲ။ ဒီနှစ် ဆယ်တန်းအောင်မှာပါ။

ပြောင့်ပြောင့်သွား ကြားလား နောက်ပြီး ငါတို့ကလဲ ယုတို့သားအပေါ်ကို ပစ်မထားပါဘူးဟယ်...ဟီး...ဟီး...ဟီး...'

ပြောလဲပြော ငိုလဲငိုနဲ့ ပြုံတော့တယ်။

အဲဒီမှာ သက်ဆိုင်တဲ့ သူတွေကလဲ အခေါင်းကို ယာဉ်ထဲအသာထိုးသွင်းပြီး တံခါးပိတ်လိုက်ကြတယ်။ လျှောထွက်လာဦးမလားဆိုတဲ့ စိုးရိမ်တဲ့ မျက်နှာကြီးတွေနဲ့ပါ။ ဒါပေမယ့် ပြဿနာထပ်မဖြစ်တော့ပါဘူး။

'ဟာ...ဟင်'

အာမေဋိတ်သံအချို့ သဲ့သဲ့ကြား လိုက်မိတယ်။

ဒါကိုမြင်ပြီး အယူသီးလိုက်တာလို့ ဆိုချင်ပေမယ့်...

'ညော်... နောက်ဆုံးထွက်သက်ရဲ့ တွယ်တာမှု သံယောဇဉ်ကြီးက သွားမဖြောင့်အောင်ကို ချည်ထား ဆွဲထားတုန်းပဲ ဟုတ်ပါရဲ့လား'

ဒီလိုသာ တွေးခဲ့မိသွားရတော့တယ်။

သီလ(ရေတံခွန်လောင်)

www.burmeseclassic.com

www.burmeseclassic.com

ကင်းအားဆေးပါသူလျှင်

ငြိမ်းကြီးဝင်း (သိမ်ဖူတိုက်) မုဆိုးဝင်

ငြိမ်းကြီးဝင်း (၁) မုဆိုးဝင်

မြန်မာနိုင်ငံတွင် လူဦးရေ (၆၅) ရာခိုင်နှုန်းမှာ တောင်သူလယ်သမားများ ဖြစ်ကြပါသည်။

လယ်ကွင်းယာကွင်းထဲမှ အန္တရာယ်များတွင် မြွေဆိုး၏ အန္တရာယ်သာမက ကင်းများ၏ အန္တရာယ်မှာလည်း ကြီးမားလှပါသည်။ မြွေကိုက်လျှင် သေစေနိုင်ပါသည်။ ကင်းကိုက်လျှင် သေတော့မသေပါ။ အလုပ်အကိုင်ပျက် ဒုက္ခရောက်တတ်ပါသည်။

ကင်းဆိုရာ၌ မြန်မာနိုင်ငံတွင် အဓိက ကင်း(၃)မျိုး၏ အန္တရာယ်ရှိပါသည်။ ယင်းတို့မှာ **(၁)ကင်းခြေများ၊ (၂)ကင်းပြဲကောက်၊ (၃)ကင်းပျလေး**တို့ဖြစ်ပါသည်။ အချို့က ကင်း(၃)ကင်း (၁)ကင်း ပြီးသည်ဟု ဆိုကြပါသည်။

ဖြစ်နိုင်ပါသည်။ စာရေးသူအား ကင်းမလက်မည်း(၁)ကင်းပြဲကောက် ထိုးခံရဖူးပါသည်။ ဘာဆေးမှ မကုရဘဲ မနာပါ။ မယောင်ပါ။ သို့သော် စာအုပ်စင်ကြားထဲမှ ကင်းပျလေး ထိုးသောအခါ အတော်ခံရပါသည်။ နေ့တစ်ခါလည်း နောက်တစ်နေ့မှ ပျောက်ပါသည်။ ကင်းခြေများတော့ အကိုက်မခံဘူးပါ။ အကောင်က ကြီးပါသည်။ ပြီးနိုင်မည် မထင်ပါ။

ကင်းခြေများ ကိုက်၌ ဒုက္ခရောက်ဆုတစ်ဦး တွေ့ဖူးပါသည်။ မိုးဦးကျ ထယ်ထဲအဆင်း ကင်းခြေများ ကိုက်ရာ ခြေထောက်တစ်ခုလုံး ရောင်ပြီး အော်နေရပါသည်။ တစ်မိုးတွင်းလုံး အလုပ် မလုပ်နိုင်တော့ပါ။ ကင်းကိုက်သည့်နေရာမှာ အနာဖြစ်ပြီး အတော်ကြာအောင် ကုယူရပါသည်။

ထောတွင်းမှ အချို့ ကင်းခြေများမှာ အသေတစ်ပေခန့်အထိ ရှိပါသည်။ ယင်း ကိုက်လျှင် အကောင်မမြင်ရပါက မြွေကိုက်သည်ဟု ထင်ကြပါသည်။ **ယင်း၏အစွယ်မှာ နှစ်ပေါက် ဖြစ်ပါသည်။ မြွေပွေးကိုက်လျှင် အစွယ်ရာမှာ နှစ်ပေါက် ဖြစ်ပါသည်။**

ကင်းမလက်မည်း (၁) ကင်းပြဲကောက်မှာ မြန်မာနိုင်ငံတွင် သေလောက်အောင် အဆိပ်မပြင်းသော်လည်း သဲကန္တာရနိုင်ငံများတွင် ကင်းပြဲကောက်ထိုးလျှင် သေတတ်သည်ဟု သိရပါသည်။

ကင်းပြဲကောက်မှာ ရှေ့လက်မ နှစ်ချောင်းဖြင့်ညှပ်ပြီး နောက်အမြီးဖြင့် ထိုးပါသည်။ နောက်အမြီးမှာ အဆိပ်ရှိပါသည်။

ကင်းပျလေး၏ ပုံသဏ္ဌာန်မှာ **ကင်းပြဲကောက်အသေးစား** ဖြစ်ပါသည်။ အရွယ်မှာ တစ်လက်မ, နှစ်လက်မခန့်သာ ရှိပါသည်။ စာအုပ်ကြား၊ အိမ်မိုးသက်ကယ်၊ အင်ဖက်များကြားတွင် နေတတ်ပါသည်။

မည်သည့်ကင်းဖြစ်စေ တောင်သူလယ်သမား၊ လယ်ယာလုပ်သားများအား တစ်နည်းတစ်ဖုံ ဒုက္ခပေးတတ်ပါသည်။ ကင်းကိုက်လျှင် မြန်မာဆေးပြီးတို့ အမျိုးမျိုးရှိပါသည်။

ထိုနည်းများစွာတွင် စာရေးသူကိုယ်တွေ့ဖြစ်ရပ်တစ်ခုကို တင်ပြလိုက်ပါသည်။ ယခု ဒီဇင်ဘာလ အတွင်းက မောင်ရင်ကို ခြံရှင်းရင်း ကင်းကိုက်ခံရပါသည်။ ထိုအခါ ကင်းဟု မထင်ပါ။ ခြေထောက်ကို ကိုက်လိုက်ရာ လန့်ပြီးခြေထောက်ကို ခါလိုက်ပါသည်။ ပါးစပ်မှ...

'ကျွန်တော့်ကို မြွေကိုက်ပြီ ကျွန်တော့်ကို မြွေကိုက်ပြီ'

ဟု အော်နေရာ အလုပ် အတူလုပ်နေသော ကိုမျိုးကြည်၏ရှေ့ မြက်ခင်းတွင် အရှည်တစ်ပေခန့် အကောင်ကျသည်ကို မြင်သဖြင့် သွားကြည့်ရာမှ

www.burmeseclassic.com

www.burmeseclassic.com

ကင်းခြေများ ကိုက်မှန်း သိရပါသည်။

သို့သော် မောင်ရင်ကိုမှာ အရမ်း အော်ပြီး ညည်းနေပါသည်။ သို့ဖြင့် စာရေးသူထံ မောင်ရင်ကိုအား ထမ်း ခေါ်လာပါသည်။ စာရေးသူလည်း အစွယ်ရာအားကြည့်ရာ အစွယ်နှစ် ပေါက်ကြား တစ်လက်မခန့် ကွာနေပါ သည်။ ကင်းသာ မရလျှင် မြွေပွေးဟု ထင်စရာ ဖြစ်နေပါသည်။

'မင်းကလဲကွာ ဘာလို့ အော်နေ တာလဲ၊ ယောကျ်ား မဟုတ်ဘူးလား'

'အဘာ... ယောကျ်ားတော့ ယောကျ်ားပဲ၊ ဒါပေမယ့် နာတယ်'

'အေး...မအော်နဲ့ ခုပျောက်မှာ'

'ဟုတ်'

'မျိုးကြည့် **ဟိုင်ဖြူကြီးပင်** အကိုင်း တစ်ကိုင်း ချိုးခဲ့စမ်း'

မျိုးကြည့် ချိုးလာသော ငဖြူကြီး ကိုင်းမှ အရွက်တစ်ရွက်ကို ချိုးလိုက်ပါ သည်။ **ထွက်လာသော အစေးဖြင့် ကင်းကိုက်ၜ် ပေါက်နေသော အပေါက်နှစ်ပေါက်အား သုတ်ပေး လိုက်ပါသည်။** ခြေခုံကိုလည်း လိမ်း ပေးလိုက်ပါသည်။

'ရော့... ရေသောက် ခဏနား လိုက်ဦး'

'ဟုတ်'

ရေသောက်ပြီး မကြာပါ မောင်ရင် ကို မျက်နှာ ကြည့်လင်လာပါသည်။

'အဘာ သက်သာသွားပြီ'

ခဏအကြာ မောင်ရင်ကို အလုပ် ပြန်လုပ်နေပါသည်။ မှန်ပါသည်။ ငဖြူကြီးပင်သည် ကင်းကိုက်ခံရသူ များအတွက် အလွန် အစွမ်းထက်ပါ သည်။ တစ်ကြိမ်မက အကြိမ်များစွာ စာရေးသူ ဆေးပေးဖူးပါသည်။ ငဖြူ ကြီးပင်ကို အချို့က **မုရိုးပင်**ဟုလည်း ခေါ်ကြပါသည်။ လမ်းဘေးတွင် အလေ့ကျ ပေါက်တတ်ပါသည်။

သို့သော် ယင်းအပင်သည် **အရိုး၊ အရွက်၊ အဖြစ်၊ အစေး အားလုံး ဆေးစွမ်းပါသည်။** ယင်းအပင်၏ ဆေးစွမ်းချက်ကို တစ်ခုချင်း ရေးရ လျှင် အလွန်ရှည်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ အများဆုံးသော လယ်သမားများ၊ လယ်ယာလုပ်သား များအတွက် လုပ်ငန်းခွင်တွင် မြွေဆိုး အန္တရာယ်ပြီးလျှင် ဒုတိယအကြီးဆုံး သော အန္တရာယ်ဖြစ်သည့် ကင်းဆိပ် အန္တရာယ်မှ ကင်းဝေးစေရန်အတွက် ရေးသားတင်ပြအပ်ပါသည်။

ကိုထွန်း(မင်းလှ)

၂၀၁၆ ဘွန်စ်၊ ဇူလိုင်လ



ထိုးလိုက ရွေးချယ်ပါ ဤဂဏန်း

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် အောင်ဘာလေထီဖွင့်ပွဲတွင် ထွက်ပေါ်လာနိုင်သည့် ထီဂဏန်းတွဲများ အား အောက်ပါအတိုင်း တွက်ချက်ဖော်ပြ အပ်ပါသည်။

အကြိမ် ၃၃၀
ဇူလိုင်လ + ၇
ခုနှစ် ၂၀၁၆
၂၃၅၃ = ၁၃ = ၄

အကြိမ်၊ လ၊ ခုနှစ် များအား တစ်လုံး တည်းဖြစ်အောင် ပေါင်းပါက (၄)ဂဏန်းရ သည်။ သို့ဖြစ်၍ ၁၊ ၂၊ ၄၊ ၉ ဂဏန်း များများပါအောင် ရွေးချယ်ပါ။ အထူးသဖြင့် ၁၊ ၄၊ ၉ ဂဏန်းများ ဦးစားပေးပါ။

ဥပမာ

စ...ဆုံး	စ...ဆုံး	စ...ဆုံး	စ...ဆုံး
၁...၁	၂...၁	၄...၁	၉...၁
၁...၂	၂...၂	၄...၂	၉...၂
၁...၄	၂...၄	၄...၄	၉...၄
၁...၉	၂...၉	၄...၉	၉...၉

မှတ်ချက် ။ ။ (...)ကွင်းအတွင်းတွင် **၄၊ ၉** ဂဏန်းများ ဦးစားပေး ရွေးချယ်ပါ။

"အကြိမ်"ဂဏန်းမပါဘဲ **"လ"** ဂဏန်းနှင့် **"နှစ်"**ဂဏန်းကိုသာ ပေါင်းပါ က (၇ + ၂ + ၀ + ၁ + ၆)=၁၆=၇ ရသည်။ သို့ဖြစ်၍ "၇" ဂဏန်းကိုလည်း ပစ်ပယ်၍ မရပါ။

သို့ဖြစ်၍...



စ... ဆုံး					
၁... ၁၊	၂၊	၄၊	၇၊	၉
၂... ၂၊	၄၊	၇၊	၉၊	၁
၄... ၄၊	၇၊	၉၊	၁၊	၂
၉... ၉၊	၁၊	၂၊	၄၊	၇

ဤလတွင် **ဗုဒ္ဓဟူးနှင့် စနေ**သားသမီး များ ထီကံပွင့်နေပါသည်။

သို့ဖြစ်၍ မိမိအိမ်တွင် သစ်သီး(၄)မျိုး (သို့မဟုတ်) (၇)မျိုးဖြင့် သစ်သီးဆွမ်းကပ် လှူပြီး နေ့စဉ် မေတ္တာဘုတ်သက်စေ့ ရွတ် ပွား ပူဇော်ပေးပါ။ (၄)ရက် အဓိဋ္ဌာန်ဝင်ပါ။

အထက်ပါအဓိဋ္ဌာန် အောင်မြင်ပြီးမှ မိမိဒေသရှိ စာသင်တိုက်သို့ ဆန်၊ ဆီ၊ ဆေးဝါးများ တတ်နိုင်သမျှ လှူဒါန်းပြီးမှ ထီကံစမ်းရန် ဖြစ်ပါသည်။

အာယူးဂဏန်း

✦၁၄၄၇၉၂ ✦၉၁၂၄၉၂ ✦၂၁၄၂၉၂

ထီကံ မွှဲပါစေး

ဆရာရဲထက် (သုဇေသီ)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

သွား တပ်အစောင့်အရှောက်နှင့်သာ သွားရ၏။

ယခုလည်း အစုလိုက် ဝင်သက် ကာကွယ်ဆေးထိုးရမည်မို့ နံနက်စော စောကပင် တာဝန်ကျရှာမှ ထွက်လာခဲ့ရာ ညနေမိုးချုပ်ခါနီးမှပင် ယခု တည်းခိုရာ လက်ပံကွင်းရွာသို့ ရောက်ရှိသည်။

လုံခြုံရေးအခြေအနေအရ နယ်မြေ ခံ တပ်စခန်းမှူးမှ စခန်းထဲမှာပင် တည်းစေသည်။ အစစအရာရာ ကူညီ စောင့်ရှောက်ပေးသော တပ်ခွဲမှူး၊ စခန်းမှူးနှင့် ရဲဘော်များ၏ ကျေးဇူး ကား ကြီးမားလှပါ၏။ ကျွန်တော်လည်း တွေးရင်း၊ ဆွေးရင်းမှ မေးခဲ့ အိပ်ပျော် သွား၏။

'ဗိုလ်ကြီး... တံခါးဖွင့်ပေးပါဦး။ ကျွန်မ သေရပါတော့မယ်။ ကျွန်မကို ကယ်ပါဦး ဗိုလ်ကြီးတို့ရယ်'

တပ်စခန်း ခြံစည်းအပြင်ဘက်မှ ထွက်ပေါ်လာသော အသံကြောင့် အိပ်ရာမှ လန့်နိုးသွားရပြီး ထထိုင် လိုက်မိ၏။

'ဆေးမှူး... အိပ်ပါသာ အိပ်စမ်းပါ။ ဒီမိုး က လက္ခယ်ညတိုင်း ကြားနေကျအသံပဲ။ နံဘေးမှ တပ်စခန်းမှူးက အသံအုပ် အုပ်နှင့် သတိပေးလိုက်တော့မှ အိပ်ရာ ထဲ ပြန်လှဲချလိုက်၏။

စခန်းပြင်မှ အကူအညီတောင်းကာ ဆယ့်ငါးမိနစ်ခန့် ကြားနေရပြီးနောက် ရပ်သွားပါသည်။

နောက်ထပ် အသံမကြားရတော့မှ ကျွန်တော်လည်း စောင်ကို တင်းအောင် ခြုံ၍ ကြိုးစားအိပ်လိုက်ရာ နှစ်နှစ် ခြိုက်ခြိုက် အိပ်ပျော်သွားပါသည်။

နံနက်ခင်း နေရောင်ခြည်သည် မျက်နှာပေါ်သို့ ကျရောက် လှုပ်နှိုးတော့ မှ အိပ်ရာမှ နိုးလာပါသည်။ မျက်နှာ သစ်၊ သွားတိုက်ပြီး တဲအပြင်သို့ ထွက် လိုက်ပါသည်။

စခန်းရုံးရှေ့ ကွပ်ပျစ်ပေါ်တွင် စခန်း မှူးနှင့် ဘဝ်ခွဲမှူး ဗိုလ်ကြီးဖိုးအောင်တို့ နှစ်ဦးကို လက်ဖက်ရည် ထိုင်သောက် နေသည်ကို တွေ့လိုက်ရပါသည်။

'ဆေးမှူး...လာဗျာ ထိုင် လက်ဖက် ရည်သောက်လိုက်ဦး'

စခန်းမှူးက လက်ဖက်ရည်ခွက်ကို ကမ်းပေးရင်း ပြောလိုက်ပါသည်။

ကျွန်တော်လည်း ကမ်းပေးလာ သော လက်ဖက်ရည်ခွက်ကို လှမ်းယူ လိုက်ရင်း တစ်ဝုံမော့သောက်လိုက်ကာ ညက ကြားရသောအသံနှင့် ပတ်သက် ၍ မေးလိုက်ပါသည်။

'ဒါနဲ့ ညက ဘာဖြစ်တာလဲ ဗိုလ်ကြီး။ အသံက မိန်းမတစ်ယောက် အရေးတကြီးဖြစ်နေလို့ အကူအညီ တောင်းတဲ့ အသံပဲနော်'

'ဆရာက အဲဒီကိစ္စကို စိတ်ဝင်စား နေတာလား'

'ဟုတ်တယ် ဗိုလ်ကြီး၊ အဲဒါကို သိရင် ပြောပြပါလား'

ဟု မေးလိုက်ရာ စခန်းမှူးမှ...

'ကျွန်တော်လဲ ဘေးကတော့မသိဘူး။ ဒီ စခန်းကို ဇရာက်ကတည်းက လက္ခယ်ညတိုင်း ကြားနေကျဆိုတော့ ရိုးနေပါပြီ'

'ဒီစခန်းကို စရောက်ကတည်းကလို့ ဆိုတော့ **ဒီအသံရှင်ဟာ လူမဟုတ် ဘူးဗျို့**'

ကျွန်တော်က ထိတ်လန့်တကြား မေးလိုက်ရာ တပ်ခွဲမှူးဗိုလ်ကြီးဖိုးအောင်မှ သဘောကျစွာဖြင့် တဟားဟား ရယ်မောလိုက်ပါသည်။ ပြီးမှ ကျွန်တော့် ပခုံးကို ပုတ်ကာ...

'အဲဒီလောက်လဲ လန့်မသွားပါနဲ့ ဆရာလေးရယ်၊ ဒီအမျိုးသမီး အကြောင်းကို အမှန်အတိုင်းသာ သိ လိုက်ရင် သနားစရာ တကယ်ကောင်း ပါတယ်'

'ဒါဆိုလဲ အဲဒီအမျိုးသမီးအကြောင်း ကို ဗိုလ်ကြီးသိသလောက် ပြောပြပါ လား'

'ဆရာ အဲဒီလောက် သိချင်မှတော့ ပြောပြပါ့မယ်'

ဟု အစချီကာ အပြုံးလည်း လှ သလောက် နှလုံးလည်း လှကာ တာဝန်ကျပွန်ခဲ့သော သားဖွား ဆရာမလေးတစ်ယောက်၏ ကြေကွဲ ဝမ်းနည်းဖွယ်ရာ ဇာတ်လမ်းတစ်ပုဒ်ကို ပြောပြခဲ့ပါတော့သည်။

မစံဇယ်... အမည်နှင့် လိုက်အောင် ပင် အေးချမ်းသည်။ သိမ်မွေ့သည်။ ပြုံးလိုက်လျှင် ပါးချိုင့်ကလေးနှစ်ဖက် နှင့် ချစ်စဖွယ် အလွန်ကောင်းသည်။ အပြောအဆို အမူအရာကလည်း ယဉ်ကျေးသိမ်မွေ့လှသည်မို့ မြင်သူ တိုင်းက ချစ်ခင်ကြသည်။

မောက်နမ သုံးယောက်တည်းတွင် အငယ်ဆုံးမို့ အစ်ကို့အစ်မများက ဂရုစိုက်ကြသလို မိဘနှစ်ပါးကလည်း အလိုလိုက် အကြိုက်ဆောင်ပေးသည်။

သို့သော်လည်း မစံဇယ်လေး ကတော့ ဒါကို အခွင့်အရေးယူ၊ အစ်ကို နှင့် အစ်မကို ချစ်ခင်လေးစားသလို မိဘစကားကိုလည်း မြေဝယ်မကျ နား ထောင်သည့် သမီးအလိမ္မာလေး ဖြစ် သည်။

ပညာရေးဘက်တွင်လည်း တစ်နှစ် တစ်တန်း မှန်မှန်အောင်ခဲ့သလို အတန်းတိုင်းတွင်လည်း ပထမစွဲခဲ့ သည်ချည်းပင်။

သူမမှာ ငယ်စဉ်ကတည်းက သူနာ ပြု၊ သားဖွားအလုပ်ကို ဝါသနာပါခဲ့ပြီး တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးလျှင် တက္ကသိုလ် ဆက်မတက်ဘဲ သူနာပြု သားဖွား သင်တန်းတက်ရောက်ရန် ရည်မှန်းထားသည်။

သည်လိုနှင့် မစံဇယ်တစ်ယောက် တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင် မြင်ပြီးနောက် သူနာပြု သားဖွား သင်တန်းတက်ဖြစ်သည်။ မိဘနှစ်ပါး နှင့် အစ်ကို့၊ အစ်မတို့မှာ သဘောမတူ သော်လည်း သမီးငယ်လေး စိတ်ဆင်း မည်စိုး၍ ခွင့်ပြုခဲ့ကြရသည်။

သင်တန်းပြီးဆုံး၍ မြန်မာ့ဆိုး တောင်ပိုင်းဒေသရှိ ဝေးလံသီခေါင် သော ကျေးလက်ကျန်းမာရေးဌာန တွင် တာဝန်ကျခဲ့သည်။ နယ်မြေ

www.burmeseclassic.com

www.burmeseclassic.com

မအေးချမ်းဘဲ တောတွင်းလက်နက်ကိုင်များက မင်းမူနေပြီး ဥပဒေ မစိုးမိုးသည်မို့ မိဘနှစ်ပါးနှင့် အစ်ကို,အစ်မတို့က မသွားစေချင်။

သို့သော် မဖွဲ့ဖြိုးသောဒေသ၊ ဝေးလံခက်ခဲသောဒေသတွင် နေထိုင်ကြသော ပြည်သူလူထု၏ အကျိုးကိုမှ သယ်ပိုးလိုသော မစ်ပယ်လေး၏ ဆန္ဒကို မတားဆီးနိုင်ခဲ့ပါ။

သည်လိုနှင့် မစ်ပယ်တစ်ယောက် တာဝန်ကျရာ ကျေးရွာသို့ ရောက်ရှိခဲ့ပြီး ကျေးလက်နေ ပြည်သူတို့၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ထမ်းဆောင်ခဲ့သည်မှာ တစ်နှစ်တင်းတင်း ပြည့်ခဲ့လေပြီ။

ရွာသူ ရွာသားတို့နှင့်လည်း လက်ရည်တစ်ပြင်တည်း နေနိုင်၍ လည်း တစ်ရွာလုံးက ဝိုင်း၍ ချစ်ခင်လေးစားကြပါသည်။

သို့သော်လည်း သူမ ဘဝကို ဖျက်ဆီးမည့် ဆိုးရွားသော ကံကြမ္မာ မှုန်တိုင်းတစ်ခု မကြာမီ တိုက်ခတ်လာစော်မည်ကို ထိုစဉ်က သူမအနေဖြင့် စိုးစဉ်းမျှ မရိပ်မိခဲ့ပါခေ။

* * *

တစ်နေ့ ကျေးလက်ဆေးခန်း၌ ကိုယ်ဝန်ဆောင်လူနာများအား ကြည့်ရှုပေးနေချိန်တွင် ဆေးခန်းဝင်းအတွင်းသို့ တောတွင်း လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ ဝင်ရောက် ရောက်လာပြီး ဆရာမလေးကို ဖမ်းခေါ်သွားကြသည်။

ရွာသူရွာသားများမှာ ကြောက်ရွံ့၍ စိတ်မကောင်းဖြစ်ရုံမျှတစ်ပါး မည်သို့မျှ မတတ်နိုင်ခဲ့ပါခေ။

သည်လိုနှင့် ဆရာမလေး မစ်ပယ်တစ်ယောက် တောတွင်းလက်နက်ကိုင်စခန်းတစ်ခုသို့ ရောက်ရှိခဲ့ရပြီး ဗျားနာနေကြသော တောတွင်း တပ်ဖွဲ့ဝင်များနှင့် ယင်းတို့၏ မိသားစုဝင်များကို ဆေးဝါး ကုသပေးရသော တာဝန်ကို ယူခဲ့ရလေသည်။

လူနာအားလုံး ကျန်းမာလာသော်လည်း သူမကို ပြန်လွှတ်မပေးတော့ဘဲ သောင်းကျန်းသူ ခေါင်းဆောင်၏ အရိုမတူဘဲ အတင်းအဓမ္မ သိမ်းပိုက်ခြင်း ခံရကာ ဘယ်နှစ်ယောက်မြောက် မှန်းမသိရသော မယားငယ်ဘဝကို ရောက်ခဲ့ရပြန်၏။

ဒီလိုနှင့် နှစ်ကာလတွေ ကြာခဲ့ပြီး သမီးလေးတစ်ယောက် ထွန်းကားခဲ့သည်။ သမီးလေး ငါးနှစ်သားအရွယ်တွင် လင်သားဖြစ်သူမှာ တပ်မတော်စစ်ကြောင်းနှင့် တွေ့ဆုံတိုက်ပွဲ ဖြစ်ပွားရာတွင် ကျဆုံးခဲ့ရသည်။

ခင်ပွန်းဖြစ်သူ ကွယ်လွန်ပြီးနောက် သူ့နေရာကို ဆက်ဆံသော တပ်ဖွဲ့ခေါင်းဆောင်၏ ခွင့်ပြုချက်ဖြင့် သမီးလေးကို လက်ဆွဲ၍ တောတွင်းစခန်းမှ ထွက်ခွာလာခဲ့ပြီးနောက် ယခု လက်ပံကွင်းရွာလေး၌ သားသမီးနှစ်ယောက် အခြေချနေထိုင်ကာ တတ်ကျွမ်းသော ဆေးပညာဖြင့် အသက်မွေးခဲ့ကြသည်။

မိဘမောင်နှမများ၏ ဆန္ဒမပါဘဲ မိမိဖြစ်ချင်သောဆန္ဒကို ဦးစားပေးခဲ့ မိ၍ ယခုလို ဒုက္ခရောက်ချိန်တွင် ဇာတိမြေကို မပြန်လိုတော့ဘဲ ကြုံသမျှဒုက္ခကို ခါးစည်းခံမည်ဟု ဆုံးဖြတ်ချက် ချခဲ့သည်။

ဝိပါက်ကြမ္မာ မလွတ်သာဟူသော ဓလေ့လူကြီးတို့၏ စကားအတိုင်း ပစ္စုပ္ပန်၌ မည်သို့ပင် စိတ်ကောင်းမွေး အပြစ်ကင်းသောအလုပ်ဖြင့် အသက်မွေးပါသော်လည်း ကံကြမ္မာက သူမကို မျက်နှာသာ မပေးခဲ့ပါခေ။

နိုင်ငံတော်၏ တောင်နှင့်မြောက် ဆက်သွယ်ပေးမည့် ရထားလမ်းကို ဖောက်လုပ်ရာတွင် လက်ပံကွင်းရွာလေးကိုပါ ဖြတ်သန်းသွားသည်။ ရထားလမ်း ဖောက်လုပ်ရာ၌ အနယ်နယ်အရပ်ရပ်မှ အလုပ်သမားများ၊ လုပ်အားပေးများ လက်ပံကွင်းရာသို့ ရောက်ရှိလာကြသည်။ ယင်းတို့ကို ကာကွယ်ပေးရန် တပ်ခွဲတစ်ခွဲလည်း လက်ပံကွင်းရွာထိပ်၌ တပ်စွဲလာသည်။

ဒေသခံမဟုတ်သည့် အလုပ်သမားများမှာ ပြင်းထန်သော ရာသီဥတုဒဏ်နှင့် ငှက်ဖျားဒဏ်ကိုတို့ကြောင့် အများအပြား ဖျားနာ၍ အချို့မှာ အသက်ဆုံးရှုံးကြရသည်။ ဖြို့နှင့်ဝေးကွာသော အရပ်ဖြစ်၍ ဆေးရုံဆေးခန်းနှင့်လည်း အလှမ်းဝေးလှသလို ကျွမ်းကျင်ဝန်ထမ်းလည်း ရှားပါးလှသည်။

တပ်ခွဲမှူးနှင့် တာဝန်ရှိသူများ၏ အကူအညီတောင်းမှုကြောင့် ဆရာမ မစ်ပယ်တစ်ယောက် မနေသာတော့ဘဲ လူနာများကို ကြည့်ရှုပေးရသည်။

လုပ်ငန်းခွင်ရှိရာသို့ နေ့စဉ်သွားရောက်ရသဖြင့် တာဝန်ရှိသူများ၊ တပ်မတော်သားများနှင့် နေ့စဉ် ထိတွေ့ဆက်ဆံနေရသည်။ ဤအချက်ကပင်လျှင် သူမကို ကံဆိုးမိုးမှောင်ကျစေဖို့ ဖြစ်လာသည်။

ဆရာမ မစ်ပယ်တစ်ယောက် စစ်တပ်ကို ရန်သူ့သတင်းတွေ ပေးနေသည်။ စစ်တပ်အတွက် သူလျှိုလုပ်ပေးနေသည်ဟု မလိုသူအချို့က တောတွင်းအဖွဲ့ထံ သတင်းပို့ကြသည်။

ထို့ကြောင့် တစ်ခုသော လကွယ်ညဉ့် တောတွင်း လက်နက်ကိုင်အဖွဲ့များ မစ်ပယ်ကို ဖမ်းဆီးဖို့ လက်ပံကွင်းရွာအတွင်း ဝင်လာကြသည်။ ဒါကိုသိသော မစ်ပယ်တစ်ယောက် သမီးကလေးကို လက်ဆွဲ၍ တပ်စခန်းရှိရာသို့ထွက်ပြေး၏။

စခန်းသို့ မရောက်မီ ရန်သူများမှ

www.burmeseclassic.com

www.burmeseclassic.com

ဖစ်ဆီးမိသွားပြီး နေရာတွင်ပင် ရက်စက်စွာ သတ်ဖြတ်လိုက်ကြသည်။ စံပယ်၏ အကူအညီတောင်းသံကို တပ်စခန်းမှ အတိုင်းသား ကြားနေရသော်လည်း လမိုက်ရက်မို့ စခန်းအပြင်သို့ ထွက်၍ ကယ်ဆယ်ရန် မတတ်သာခဲ့ပေ။

နံနက်မိုးလင်းတော့မှ စခန်းအပြင် ထွက်၍ ရှင်းလင်းရေးလုပ်တော့မှာ အဝတ်အစားများကင်းမဲ့၍ ဒဏ်ရာဒဏ်ချက်များစွာနှင့် သေဆုံးနေသော သားအမိနှစ်ဦး၏ အလောင်းကို ရင်နှင့်စဖွယ် တွေ့မြင်ခဲ့ရ၏။

ဗိုလ်ကြီးစိုးအောင်သည် ဇာတ်လမ်းကို အဆုံးသတ်လိုက်ပြီးနောက် အာခြောက်သွားဟန်ဖြင့် ရေနွေးကြမ်းတစ်ခွက်ကို ငဲ့သောက်လိုက်ပြီး သက်ပြင်းမောကြီးတစ်ခုကို မှုတ်ထုတ်လိုက်ပါ၏။ သုံးယောက်သား စကားဆက်၍ မဆိုဖြစ်တော့ဘဲ အတွေးကိုယ်စီဖြင့် ခေတ္တငြိမ်သက်နေမိကြ၏။ အတန်ကြာမှ ကျန်တော်က...

'ဗိုလ်ကြီးက ဆရာမမစံပယ်ရဲ့ အကြောင်းကို အတော်လေး သိနေတာပဲ၊ ဘယ်လိုလုပ်ပြီး သိတာလဲ'

'သိဆို သူနဲ့ ကျန်တော်က တစ်ပြိုင်တည်း တစ်ရပ်ကွက်တည်းမှာ အတူနေခဲ့ဖူးတဲ့ ကျောင်းနေဖက်သူငယ်ချင်းဆွေလေ၊ (၁၀) တန်းအောင်ပြီးမှ ကျန်တော်က ဗိုလ်သင်တန်းတက်၊ သူက သားဖွားသင်တန်းတက်ပြီး လူချင်းကွဲသွားတာ'

'ဒါဆို ငယ်သူငယ်ချင်းတွေပေါ့'

'ဟုတ်တယ် ဆရာ သူက ငယ်ငယ်ကတည်းက သဘောသိပ်ကောင်းတာ သူတစ်ပါးကို ကူညီချင်စိတ်လဲ အရမ်းရှိတာ၊ အခုတော့ အဲဒီစိတ်ကပဲ သူ့ကို ဒုက္ခပေးသွားတာပါ'

'ကူညီချင်တဲ့ စိတ်ကြောင့်တော့ မဟုတ်ပါဘူး။ ဒေသခံတွေရဲ့ လူမျိုးရေး အမြင်ကျဉ်းတဲ့ စိတ်ထားကြောင့် ပါ ဗိုလ်ကြီး'

'အေးဗျာ... အဲဒီစိတ်တွေကြောင့်

တစ်ယောက်ကို တစ်ယောက် သတ်ကြဖြတ်ကြနဲ့ ဒီစစ်ပွဲတွေ ဘယ်တော့များမှာ အဆုံးသတ်မယ် မသိတော့ပါဘူးဗျာ'

ဗိုလ်ကြီးစိုးအောင် တစ်ယောက်ညည်းညည်းညူညူ ပြောရင်း ထိုင်ရာမှ ထကာ တဲအတွင်းသို့ ဝင်သွားပါတော့သည်။ ကျန်တော်နှင့် စခန်းမှူးတို့မှာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့် သက်ပြင်းကိုယ်စီ ချလိုက်မိပါတော့သည်။

နေမင်းကြီးသည် တစ်နေ့တာ ထွန်းလင်းပြီးနောက် အနားယူ၍ တောင်တန်းများနောက်ဆီသို့ ဝိုင်စပြုလေပြီ။ ညနေခင်း နေရောင်ခြည်အောက် တွင် ကျန်တော်နှင့် ဗိုလ်ကြီးစိုးအောင်တို့သည် ငြိမ်သက်စွာ ရပ်နေကြ၏။

ကျန်တော်တို့နှစ်ဦးရှေ့တွင် မြေပုံမို့မို့လေးနှစ်ခု ရှိနေ၏။ ဟောင်းနွမ်းဆွေးမြည့်သော သစ်သားပြားပေါ်တွင် မညီညာသော လက်ရေးဖြင့် ရေးထားသော မှတ်တိုင်နှစ်ခုကိုလည်း စိုက်ထူလျက်တွေ့ရှိရပါသည်။

ဆရာမ မစံပယ် အသက်(၃၂)နှစ်
ယဖင် အသက်(၆)နှစ်

ဗိုလ်ကြီးစိုးအောင်သည် မြေပုံရှေ့တွင် ဒူးထောက်ထိုင်ချလိုက်ပြီး တိုးညင်းစွာ စကားဆိုနေပါသည်။

'ညီမအတွက် ရည်စူးပြီး ဘုန်းကြီးကျောင်းမှာ သံဃာတွေကို ဆွမ်းကပ်လှူပြီးပါပြီ ဒီကောင်မှကုသိုလ်ကို အမျှဝေပါတယ်၊ ရောက်ရာ ဘဝက သာဓုခေါ်ပါတော့ ညီမလေးရယ်၊ ဖြစ်လေရာဘဝမှာ ဒီလို အဖြစ်ဆိုးမျိုးနဲ့ပဲ ဘယ်တော့မှ ဖေးတွေ့ရပါစေနဲ့လို့လဲ ဆုတောင်းပါတယ် ညီမလေး ရေ... အမျှ...အမျှ...အမျှ'

အမျှဝေသံဆုံးသည်နှင့် လေပြည်လေညင်းတစ်ချက် တိုက်ခတ်သွားပြီး ဘယ်အရပ်ဆီမှ ရောက်လာမှန်းမသိ ရသော ရောင်စုံလိပ်ပြာနှစ်ကောင်သည် ကျန်တော်တို့နှစ်ဦး၏ ခေါင်းပေါ်၌ အတန်ကြာ လှည့်ပတ် ဝဲပျံနေပြီး နောက် အဝေးသို့ ပျံသန်းထွက်ခွာသွားပါတော့သည်။

ကျန်တော့်ရင်ထဲတွင်လည်း ဆို့နင့်နေကာ အပြုံးလည်းလှသလောက် နှလုံးလည်းလှကာ တာဝန်ကျေပွန်ခဲ့သော သားဖွားဆရာမလေး မစံပယ်လို့ အဖြစ်ဆိုးနှင့် ကြုံခဲ့ရသော မအေးချမ်းသော၊ မဖွံ့ဖြိုးသော ဝေးလံခေါင်းပျားဒေသများတွင် တိုင်းပြည်တာဝန် ထမ်းဆောင်နေသော ပြည်သူ့အကျိုးကို သယ်ပိုးနေသော အခြေခံ ကျန်းမာရေး ဝန်ထမ်းကောင်းများ မည်မျှ ရှိပြီနည်းဟု တွေးမိကာ သက်ပြင်းရှည်ကြီးကို သာချလိုက်မိပါတော့သည်။

[တနင်္သာရီတိုင်း ဒေသကြီးတွင် တာဝန်ထမ်းဆောင်စဉ်က အမှန်တကယ် ကြုံတွေ့ ကြားသိခဲ့ရသော ဖြစ်ရပ်မှန်ကို ဇာတ်လမ်းဖွဲ့ထားခြင်း ဖြစ်ပါ၏။

ကာယကံရှင်များ၏ ဂုဏ်သိက္ခာနှင့် လုံခြုံရေးကို ဦးတွက်၍ နာမည်၊ လူအမည်များကို ပြောင်းလဲထားပါသည်။ တာဝန်ရှိသူများအနေနှင့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းတွင် ရှေ့တန်းစွမ်းစွမ်းတမံ ဆောင်ရွက်နေသော အခြေခံကျန်းမာရေး ဝန်ထမ်းများ ဖြစ်သည့် ကျန်းမာရေးမှူး၊ အသက်သမီးကျန်းမာရေး ဆရာမ၊ သားဖွား ဆရာမ၊ ကျန်းမာရေးကြီးကြပ်သူများ၏ ဘဝကို နားလည်လက်ခံ ကြပါစေဟု ဆန္ဒပြုရင်း...]

နေဇော်(ရွှေဟ)

www.burmeseclassic.com

www.burmeseclassic.com

ခြင်္သေ့ကြီးအာဏာစက်ပုဒ်းကျိုး

ဒိုးမြင့်မြ (ဥပဒေ)

ဒုရဲအုပ်ညွှန့်မောင်မှာ နေ့စဉ် တာဝန်ဝတ္တရား တစ်ခုကဲ့သို့ နံနက်(၅)နာရီ ဆိုလျှင် ဇလွန်ပြည်တော်ပြန်ဘုရားကြီး၏ စမ္မခဏ်ဂါထာတော်ကို သက်စေ့ရွတ်ဆိုလေ့ရှိ၏။

ပြီးလျှင် ရေနွေးသောက်လေ့ရှိ၏။ ကောက်ညှင်းပေါင်းနှင့် ရေနွေးကို အထူးနှစ်သြက်လေ့ရှိ၏။

ရေနွေး သောက်နေစဉ်မှာပင် နှာခေါင်းဖျားသို့ ယင်မကြီး တစ်ကောင် လာနား၏။ လက်ဖြင့် ပုတ်ထုတ်လိုက်ရာ ပျံသွားပြီး ထပ်မံ နှာခေါင်းဖျားတွင် လာနားပြန်၏။ ဒီနေ့ တစ်ခုတော့ တစ်ခုခုပဲ။

နံနက်(၈)နာရီခန့်တွင်...

'ဆရာ... ဒီမှာ ဘုရားကုန်းက ရာအိမ်မှူး သတင်းယူပို့တယ်ဆရာ၊ သူတို့ရွာ ထောင်ဘက် အင်းရေစပ်မှာ အလောင်းတစ်လောင်း တွေ့လို့တဲ့ဆရာ'

'အင်း... ငါ့ဆီ ယင်မကြီးတစ်ကောင် လာလာပြီး ခုနကပဲ သတင်းပို့နေတာကွ၊ ရာအိမ်မှူးကို ဒီကို လွှတ်လိုက်ကွာ၊ ငါ သေချာအောင် နည်းနည်း မေးမြန်းကြည့်လိုက်မယ်'

'မင်းကိုယ်တိုင် မြင်ခဲ့တာ ဟုတ်တယ်နော်'

'မနက်စောစော နွားလွှတ်သွားတဲ့ တူလေးက လာပြောတော့ ကျွန်တော် သွားကြည့်တယ်ဆရာ'

'ဘယ်လို အနေအထား တွေ့ခဲ့ရသလဲ'

'မှောက်လျက်အနေအထား ဆရာ၊ ဒါပေမယ့် စံမြင့်မှန်း သိပါတယ်ဆရာ။ မနေ့ကတည်းက ဒီကောင် ကြက်ငှားပြီး ဘုရားကုန်းရွာနားမှာ ဟိုဘက်ရွာဟောင်း ရွာဘက်က လူတစ်စုနဲ့ အရက်သောက်ပြီး ကြက်ဝိုင်းထောင်ကြောင်း ကြားရတယ်ဆရာ'

သတင်းရရချင်း သေချာစွာ စုံစမ်းပြီး ဒုရဲအုပ်ညွှန့်မောင်တို့အဖွဲ့မှာ သတင်းလာပို့သူ၏ လှေဖြင့်ပင် ငြိမ်းအေး ဘုရားကုန်းရွာဘက်သို့ လိုက်ပါလာခဲ့ကြသည်။

တပည့်ကျော်များ ဖြစ်သော တပ်ကြပ်ကျော်မြင့်နှင့် ရဲတပ်သား သိန်းကျော်တို့ကို လက်နှက်အပြည့်ဖြင့် ခေါ်လာခဲ့လေသည်။ သူ့နှုတ်က စမ္မခဏ်ဂါထာတော်ကြီးကို တဖွဖွ ရွတ်ဆိုနေ၏။

ရှေးလူကြီးသူမများ၏ ပြောပြချက်အရ ဤဂါထာတော်ကြီးမှာ ဘုရားဟော မဟုတ်သော်လည်း မြတ်စွာဘုရား၏ ဒေသနာတော်ကို အခြေခံ၍ လိုလေသေးမရှိအောင် ရွတ်ဖတ်

www.burmeseclassic.com

www.burmeseclassic.com

သရဖျာယ်သူများအတွက် ဘက်စုံပြည့်ဝအောင် ဆောင်ရွက်ပေးနိုင်သည့် အချက်များကို ထုံမွှမ်းရေးဖွဲ့ထားခြင်း ဖြစ်သည်။

သို့ဖြစ်၍ ရွတ်ဆိုသူအတွက် တကယ် အကျိုးရှိသော ဂါထာတော်ကြီးလည်း ဖြစ်သည်။ ယုံယုံကြည်ကြည် ရွတ်ဖတ်ဖို့သာလိုသည်။

အထူးသဖြင့် မေတ္တာအရှုပ်ဖြစ်တော်မူသော ဘုရားရှင်တို့အား **နမော**–ရှိခိုးပါ၏။ **တေသံ**–ထိုမေတ္တာအရှုပ်ဖြစ်တော်မူကုန်သော ဘုရားရှင်တို့၏။ **အာနုဘာဝေန**–မေတ္တာတော်အာနုဘော်အားဖြင့်၊ **ရာဇာဃယ်**–မင်းဘေးကို လည်းကောင်း၊ **စောရဘယ်**–ခိုးသူဘေးကို လည်းကောင်း၊ **ဥဒကဘယ်**–ရေဘေးကို လည်းကောင်း၊ **အဂ္ဂိဘယ်**–မီးဘေးကို လည်းကောင်း **သတ္ထဘယ်** – ဓားလက်နက်ဘေးကို လည်းကောင်း၊ **သမ္မဘယ်**–အလုံးစုံသော ဘေးအပေါင်းတို့ကို လည်းကောင်း၊ **ဇေယျော**–အောင်မြင်နိုင်သည်၊ **ဟောထု**–ဖြစ်ပါစေသတည်းဟူ၍ ဂါထာတော်ကြီးထဲတွင် ပါဝင်လျက်ရှိရာ အန္တရာယ်အပေါင်း မအောင်မြင်စရာ မရှိပါတော့ချေ။

ယခုလည်း ရေလဲရွာ ရဲစခန်းအဝိုင်ရွေ့ငြိမ်းအေး အင်းရေပြင်ကျယ်ကြီး အရှေ့ဘက် ကမ်းစပ်အနီးတွင် လူသေအလောင်းတစ်လောင်း တွေ့ရှိသည်ဆို၍ ရဲစခန်းမှ ကသုတ်ကရက် ထွက်လာခဲ့ကြပြီး လေ့ပေါ်တက်ကာ ငြိမ်းအေး(ဘုရားကုန်း)ရွာဘက်သို့ ချီတက်လာကြခြင်းဖြစ်သည်။

ရေပြင်မှာ လှိုင်းအနည်းငယ် ထနေသည်မှအပ ငြိမ်သက်နေ၏။ လေ့ပဲ့ကိုင်ရဲတကျော်မြင့်မှာ သူ့ဆရာသမား၏ ဂါထာရွတ်ဆိုမှုကို အနောင့်အယှက် မဖြစ်ရအောင် သတိထားလော်လာခဲ့သည်။

ရဲတသ သိန်းကျော်မှာလည်း လေ့ဦးမှ ကျုံးရှ် လော်နေ၏။ **ဇလွန်ပြို့နယ်၏ အရှေ့ဘက်ဆုံးနေရာ**။ ရောဝတီမြစ်အရှေ့ဘက်ကမ်းရှိ ငြိမ်းအေး ဘုရားနှင့် ငြိမ်းအေးရေပြင်ကျယ်ကြီးမှာ နာမည်ကြီး၏။

အင်းကြီးတစ်အင်းဖြစ်ပြီး ပတ်ဝန်းကျင်မှ လူများက ငါးမျှားခြင်းဖြင့် လည်းကောင်း၊ နွေရာသီ စိုက်ပျိုးရန်အတွက် လည်းကောင်း အသုံးချကြလေသည်။

ဘုရားကုန်းရွာသို့ ရောက်လျှင် နံနက် (၈)နာရီနီးနေပြီဖြစ်သည်။ လွန်ခဲ့သည့် (၁)နာရီကမှ သတင်းလာပို့သဖြင့် ယူနီဖောင်းဝတ် သက်ဆိုင်ရာ ရွာလူကြီးခေါ် လေ့ဆွဲချပြီး လော်ခတ်လာခဲ့ကြရခြင်းဖြစ်သည်။

ရေပြင်ကျယ်မှာ အရှေ့အနောက် အနံအားဖြင့် (၂)မိုင်ကျော်ခန့် ကျယ်၏။ ဘုရားကုန်းရွာမှ ရွာသူကြီးကို ခေါ်ပြီး အလောင်းရှိရာသို့ လာခဲ့ကြရာ အသက် (၄၀)ခန့်ရှိယောကျ်ား လူသေအလောင်းတစ်လောင်းကို တွေ့ရ၏။

တကယ်တော့ မြင့်အား အလောင်းပတ်ဝန်းကျင်ကို ရွာလူကြီးများရှေ့တွင်ပင် မြေပုံကြမ်းဆွဲစေလိုက်၏။ အလောင်းကို လှန်ကြည့်လိုက်ရာ ရွာလူကြီး ပြောပြချက်အရ ရွှေသွားခေါ်စံမြင့်ဟု သိရ၏။

ဝဲလည်ပင်းတွင် ပြတ်ရှဒဏ်ရာကြီး တစ်ခု၊ လက်ဖျံတွင် ဒဏ်ရာနှစ်ခု တွေ့ရ၏။ လူသေအလောင်းကို သတ်ပြီးမှ ရေစပ်ရှိရာ ချုံပုတ်များ အကွယ်သို့ဆွဲပြီး ဝှက်ပစ်ခဲ့ခြင်း ဖြစ်သည်။

အလောင်း၏ ပတ်ဝန်းကျင်ကို ရွာဖွေရာ စွပ်ကြောင်းတစ်ခု သဲမြေပြင်ပေါ်တွင် ထင်ကျန်နေခဲ့၍ လိုက်ကြည့်ကြရာ ဘုရားကုန်းရွာသို့ သွားသည့် တောလမ်းပေါ် ရောက်သွား၏။

လမ်းပေါ်တွင် ခုတိခဲ့ပြီးမှ လမ်းအောက်ဘက်သို့ အတင်းဆွဲယူလာခြင်း ဖြစ်နိုင်သည်ဟု ကောက်ချက်ချလိုက်၏။

'ဆရာ ဒီမှာ အကျိုကြယ်သီးလေးတစ်လုံး'

'မြေပုံထဲမှာ အဲဒီကြယ်သီးကောက်ရတဲ့နေရာကို ပေကြိုးဆွဲပြီး အတိအကျ ဖော်ပြလိုက်ကွာ။

ဒီမှာ ယင်မည်းမည်းကြီးတွေ မကြာကြာ ဝဲနေကြတယ်ကွ၊ သေချာရာကြည့်ဦး သွေးကွက် တွေ့လိမ့်မယ်'

'တွေ့ပြီဆရာ၊ ဒီသစ်ရွက်တွေပေါ်မှာ နီနီညိုညို စွန်းနေတဲ့ဥစ္စာ ကွမ်းတံတွေး မဟုတ်ရင် ဩဇာပဲဖြစ်ရမယ် ဆရာ'

'အင်း...မြေကြီးနဲ့ ဖုံးထားခဲ့တာကိုးကွ။ သွေးကွက်တော့ တွေ့ပြီ၊ ဟိုးမှာ တဲတစ်လုံးပါလား မြေပုံထဲ ပါ၊ ပါစေကွာ'

ပေကြိုးတိုင်းပြီး အလုပ်ရှုပ်သွားကြ၏။

ထိုစဉ်တွင် ဒုရဲအုပ်ညွှန့်မောင်မှ သူ့ခါးတွင် ပါလာသည့် သတ္တုရောဘူးကို ဖြုတ်ပြီး အဖုံးဖွင့်ကာ **"ဓမ္မဇောတိကဂါထာတော်ကြီး"** ကို ဥုံခံပြီး (၇)ခေါက်ရွတ်ဆိုကာ ရေကို မန်းမှုတ်လိုက်၏။ ပြီးလျှင် 'အလောင်းနားသို့သွားကာ...

'ဒီမှာ စံမြင့် ဟဲ့ကောင် ဒီနယ်မှာ လုံခြုံရေးကိစ္စအထ ဆောင်ရွက်ဖို့အတွက် အစိုးရက ငါ့ကို လုံခြုံရေးမှူးဆိုပြီးတာဝန်ပေးထားတယ်၊ ဒီနယ်ခြမ်းမှာ ငါ့ရဲ့ မိုင်နက်ထဲမှာ ကျရောက်တဲ့အတွက် ငါ မင်းကို အပြစ်ပေးမယ်၊

မင်းကို သတ်သွားတဲ့လူဟာ ဘယ်သူဆိုတာ မင်းသိရမယ်။ မင်းကို ရက်ရက်စက်စက်တားနဲ့ ခုတ်သတ်သွားတဲ့အလုပ်က မင်း

www.burmeseclassic.com

www.burmeseclassic.com

ကလဲ့စားချေတဲ့အနေနဲ့ လူသတ်သမားကို ပြအောင်ဖမ်းတဲ့ နေရာမှာ ပါကို ကူညီပါ။ (၇)ရက် အချိန်ပေးပါ။

ငါတို့ စုစုပေါင်းထုတ်လို့ လွယ်ကူအောင် မင်းဆာတ် နိုင်ငံလောက် ကူညီဖို့ ငါ မင်းကို တာဝန်ပေးလိုက်တယ်။ ကိုင်း...မင်း အလောင်းကြွားပြီး လူသတ်သမား ဘယ်မှာ ရှိတယ်ဆိုတာ လိုက်ရှာပြီး ဖမ်းပေတော့။ သွား...သွား... ဒါ အမိန့်ပဲ မင်း ငါလွတ်မှ သွားရမယ် သွား...သွား...'

ဟု ပြောရင်း ပြောရင်းမှာပင် ရောဂူးထဲက ရေများကို ဖျန်းရင်း အလောင်းကို ပတ်ပိုက်၍ အထက်ပါ အမိန့်ကို ထုတ်ပြန်နေခြင်းဖြစ်သည်။

နံနက် (၁၀း၀၀)နာရီခန့်တွင် အလောင်းကို ဇလွန်မြို့နယ်ဆေးရုံသို့ ပို့ဆောင်ရန် စီစဉ်ပြီး လူသတ်မှုကိစ္စကို အမှုဖွင့်ဖို့ပါ တစ်ခါတည်း ရဲတက ကျော်မြင့်နှင့် မှာလိုက်ပြီး ဘုရားကုန်းရွာဘက်သို့ ချီတက်ခဲ့လေသည်။

ဘုရားကုန်းရွာမှာ အိမ်ခြေ(၂၀) ကျော်မျှသာ ရှိသဖြင့် အားလုံးသိနေကြသည်။ ဘာမဆို လျှို့ဝှက်ထားစရာမလို သိနိုင်သည့် အနေအထားဖြစ်သည်။

မနေ့က ရွှေသွား(ခ)စံမြင့်မှာ ရွာဟောင်းရွာဘက်မှ ထူး(ခ)ထူးကျော်၊ တင်ထွန်း၊ ဖိုးခွားတို့နှင့်အတူ ကြက်တိုက်နေသည်ကို ရွာသားများ မြင်လိုက်ကြောင်း ပြောပြ၍ ထူးကျော်တို့အုပ်စုကို ခေါ်ခိုင်းလိုက်ရသည်။

နောက်တစ်နာရီခန့်အကြာ ရွာဟောင်းဘက်မှ ဖိုးခွားဆိုသူ ရောက်လာသည်။ သူ့ကို မေးမြန်းစုံစမ်းလိုက်ရာ နှစ်ရွာကြားတောစပ်တွင် ကြက်ဝိုင်းဖြစ်ကြောင်း၊ ထြက်ဝိုင်းတွင် ရွှေသွားခေါ် စံမြင့် ပိုက်ဆံသုံးရာကျော် နိုင်သွားကြောင်း...

ထူး ခေါ် ထူးကျော်က ယခင်က အကြွေးကိုနှိမ်ပြီး ငွေပြန်တောင်းရာမှ တစ်ယောက်တစ်ခွန်း စကားများသည်ကို တွေ့လိုက်ပြီး ကြက်ဝိုင်းအပြီးတွင် သူ့ရွာသို့ပြန်ပြီး သူ့ သူငယ်ချင်းစံမြင့်နှင့်အတူ အရက်သောက်ကျန်နေခဲ့ကြောင်း ပြောပြသည်။

'ဟုတ်ပြီ ဒါဆိုရင် ထူးကျော်မှာ ကြက်ဝိုင်းကိုလာတော့ ဘာလက်နက်များ ယူလာသေးလဲ'

'ကြက်ဝိုင်းလုပ်တဲ့ အရှေ့ဘက်ကွင်းစပ်မှာ လူနေတဲ့တဲဟာ သူ့တဲပါ'

ဟု ပြောသဖြင့် ထိုတဲကို သွားရောက် ရှာဖွေရသေးသည်။

တဲထဲမှာတော့ ဘာမှ ရှာမတွေ့။ သို့သော် တဲနှင့်မနီးမဝေးရှိ ကောက်ရိုးပုံအောက်တွင် သွေးစွန်းနေသော တစ်တောင်သာသာ ဓားမတစ်ချောင်းကို တွေ့ရသည်။ သွေးကို ကောက်ရိုးမျှင်များဖြင့် ပတ်တိုက်ပြီး ဒီအတိုင်း ထိုးထည့်ထားခဲ့ဟန်တူသည်။

ခဏကြာလျှင် ရဲတသ သိန်းကျော်မှာ လူငယ်တစ်ဦးကို ကြိုးတုပ်ခေါ်လာ၏။

'သူက တင်ထွန်းပါ ဆရာ၊ အိမ်ပေါ်ထဲမှာ ခေါ်ပို့ကိုမရဘူး။ အတင်းဆွဲချလာရတယ်။ ဒီကောင် သိနိုင်တယ်ဆရာ၊ ကျွန်တော်ပေးထော့ ဘာမှ ပြန်ပမပြောဘူး'

'ကြိုးဖြေလိုက်ကွာ'

ဟု ပြောပြီး တင်ထွန်းအား မေးမြန်းကြည့်ရာ ကြက်ဝိုင်းစွင် ပါသမျှ ငွေသုံးရောကျော်ကို ရွှေသွားကရည်း နိုင်သွားကြောင်း...

ကြက်မှာ သူ့ကြက်ဖြစ်ပြီး ရွှေသွားကြက်က နိုင်သဖြင့် ကြက်ကို ဆေးထည့်ရန် ရွာဟောင်းသို့ ဖိုးခွားပြန်ပြီး မကြာမီ သူလည်း ပြန်ခဲ့ကြောင်း...

ရွှေသွားထံမှ ယခင် ဖဲကြွေးရရန် ရှိသည်ကို ထူးက တောင်းနေသည်ကို ကြားရကြောင်းများ ပြောပြလေသည်။

'ဒီအတိုင်းဆိုရင် ထူးကျော် (ခ) ထူးအိမ်ကို ဝင်ရောက်ရှာဖွေရမယ်'

ဟု ပြောပြီး ဘုရားကုန်းရွာဘက်သို့ ပြန်လှည့်ခဲ့ကြသည်။ အိမ်ရှေ့အဝင် ဝါးလုံးတန်းပေါ်တွင် နံနက်စောစော လှမ်းထားသည့် ကွက်စိပ်တစ်ပတ်နွမ်း အင်္ကျီတစ်ထည် ကြယ်သီးမှာ ထိပ်ဆုံးက ပြုတ်နေကြောင်း တွေ့ရသည့် အပြင် ညာဘက်ခြမ်းမှာ နီညိုရောင် စွန်းနေသည့် အရာများက လျှော်ဖွပ်ထားတာတောင်မှ သိပ်ပြီး မပျောက်တတ်သေးကြောင်း တွေ့ရသည်။

'ထူး (ခ) ထူးကျော် ဘယ်သွားသလဲ အဒေါ်ကြီး'

'မြို့တက်မယ်ပြောပြီး မနက်အစော' ကြီး တုံးမောင်းခေါက်ချိန် လောက်ကတည်းက လေနဲ့ငြိမ်းအေးရွာဘက် ကူးသွားတာပဲ'

'ဘာတွေ ယူသွားသေးလဲ၊ အဒေါ်ကို ဘာတွေ ပေးထားခဲ့သေးလဲ'

'ဒီမှာ ငွေငါးဆယ် ပေးထားခဲ့တယ်။ သူက ကြက်တစ်ကောင်ပိုက်ပြီး ထသွားတာပဲ။ တခြား ဘာမှတော့ ယူမသွားပါဘူး'

'အဲဒီပိုက်ဆံတွေ ပြပါဦး'

ဟု ပြောပြီး ယူကြည့်လိုက်ရာ

www.burmeseclassic.com

www.burmeseclassic.com

သွေးစွန်းနေကြောင်း တွေ့ရ၍ အကျိုး အကြောင်းပြောပြီး ရှာဖွေပုံစံဖြင့် သိမ်း လာခဲ့လိုက်သည်။

ချက်ချင်း လေ့ဖြင့် ငြိမ်းအေးရွာသို့ ကူးလာခဲ့ပြီး လူသတ်သမား တရားခံ ပုံသဏ္ဌာန်နှင့်တကွ အကြောင်းစုံရေးပြီး ဇလွန်မြို့နယ်မှူးနှင့် မြို့အုပ်မင်းထံ အစီရင်ခံစာဖြင့် တင်ပြရရန် ရေးလိုက် ပြီး လူလွှတ်ပေးပို့လိုက်သည်။

တစ်ဖက်ကလည်း ရွာသို့ပြန်ဝင်လာ ပါက သတင်းပို့နိုင်စေရန် စီစဉ်ထား လိုက်ရသေးသည်။

သိပ်မကြာလိုက်ပါ။ တရားခံ လူ သတ်သမားကို သေသူ ရွှေသွားစံမြင့် ကပဲ ဖမ်းပေးလိုက်သည်ဟု ထင်ရ သည်။ သေသူကပဲ တမလွန်မှလာပြီး လက်စားချေတာလား၊ လူသတ်သမား ဝရမ်းပြေးကပဲ မပြေးနိုင်တာလားတော့ မသိ လူသတ်မှုဖြစ်ပြီး (၅)ရက်မြောက် သည့်နေ့တွင် ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့ မြို့မစခန်းတွင် ထူးကျော်အဝင်လာခံ၍ ဖမ်းမိကြောင်း သတင်းအရ တရားခံကို ဇလွန်မှ သွား ရောက်ခေါ်ဆောင်ခဲ့ရသည်။

အခင်းဖြစ်ကိစ္စကို သူက ဝန်ခံချက် ပေးလေတော့သည်။ ကြက်တိုက်၍ နိုင်သည့် ပိုက်ဆံထဲက သေသူ စံမြင့်ထံ ယခင်ကြွေးဟောင်း ရှစ်ဆယ်ကို သူက မရမက တောင်းသဖြင့် စကားများ ရန်ဖြစ်ကြကြောင်း၊ ယင်းကြောင့် သူ တဲသို့ ခေါ်သွားပြီး အရက်သောက် ကြကြောင်း၊ စံမြင့်က သူ့အား ပိုက်ဆံ ရှစ်ဆယ်ကို ပြန်ပေးပြီးနောက် အရက် တိုက်ရမည်ဟု ပြော၍ ခေါ်လာခြင်း ဖြစ်ကြောင်း...

အရက်မူးလာသည့်အခါ ရွာဟောင်း သို့ လိုက်ပို့မည်ဟုပြောပြီး မိုးချုပ်ခါစ တွင် ခေါ်ထုတ်လာပြီး လူ့အကွယ် ရေစပ်နားအရောက်တွင် ခုတ်သတ် ခဲ့ခြင်းဖြစ်ကြောင်း...

ထို့နောက် နိုင်ထားသည့် ပိုက်ဆံ များကို စံမြင့် အိတ်ထဲမှ နှိုက်ယူကာ အလောင်းကို ရေစပ်နားသို့ ရွှေ့ထား ခဲ့ကြောင်း...

ထို့ငွေထဲမှ တချို့ကို သူ့မိခင်ကိုပေး ထားခဲ့ပြီး ထူးကျော်၏ တိုက်ကြက်ကို လူမြင်လျှင် မှတ်မိမှာစိုး၍ ရွာမှ အစောကြီး လေ့ကြဲဖြင့် အင်းကိုဖြတ်ကာ ဟင်္သာတဘက်သို့ စက်လှေစီးလာခဲ့ ကြောင်း...

ဟင်္သာတမှ ပြည်အဆန် သဘော်ပေါ်အရောက်မှာ လက်ထဲမှ တိုက် ကြက် လွှတ်ပြီး သဘော်ပေါ်မှ ဆင်း ပြေးနေ၍ လိုက်ဖမ်းနေရာ ကြက်မမိနိုင် သဖြင့် သဘော်မမီလိုက်ကြောင်း...

ပြည်ဘက်သို့ မသွားရလျှင် လေးမျက်နှာတွင် အစ်မတစ်ဝမ်းကွဲ တစ်ဦးရှိ၍ လေးမျက်နှာမြို့သို့ သွား ရောက်ခဲ့ကြောင်း...

'လေးမျက်နှာမြို့ ရဲစခန်းအနီးမှာ လက်ထဲက တိုက်ကြက် လွတ်သွားပြီး စခန်းဝင်းထဲ ဝင်ပြေးလို့ လိုက်ဖမ်းရာမှ ကျွန်တော့်ကို လူစိမ်းမှန်းသိပြီး ကြက် တစ်ကောင်ပါ ပါလာသဖြင့် ခေါ်ယူ မေးမြန်းနေစဉ်မှာပင် ဇလွန်က လူသတ်မှုဖြင့် အလိုရှိကြောင်း ကြေးနန်း သတင်း ဝင်လာပါတယ်ဆရာ။ နောက် ဆုံးတော့ ကျွန်တော် ငြင်းမရတာနဲ့ ဝန်ခံလိုက်ရတာပဲ ဆရာ၊ တစ်ခုထူးတာ က ကျွန်တော်ထင်တယ် သူကြက်ဟာ တစ်ခါတစ်ခါမှာ စံမြင့် ဖြစ်ဖြစ်သွား တယ် ထင်တာပဲ ဆရာ။

ကျွန်တော် ရဲစခန်းဝင်းကို ကြက်ဝင် ဖမ်းမလား၊ မဖမ်းသင့်ဘူးထင်ပြီး မဖမ်း တော့ဘဲ ရှောင်ထွက်သွားမလား စဉ်းစားနေစဉ်မှာ ကျွန်တော့်ကို ကြက် က ခေါ်တယ်ဆရာ။

ကြက်က ကျွန်တော် ရဲဝင်းခြံထဲ ဝင်လာအောင် အဝေးရောက်သွားတာ က လက်တစ်လှမ်းစာ လာခေါ်နေ သလိုပဲ၊ ကျွန်တော်လဲ ခါတိုင်းဖမ်းနေ ကျဆိုပြီး ကြိုးကို တက်နင်းပြီး ဖမ်း လိုက်တာ မိမလိုလိုနဲ့ မမိခဲ့ဘူးဆရာ။

ကျွန်တော့်ကို တစ်ယောက်ယောက် က ကြက်ဝင်ဖမ်းဖို့ ရဲစခန်းခြံဝင်းထဲကို ဂါတ်တဲရှိရာဘက်ကို တွန်းပို့နေတာ ခံရတယ်ဆရာ၊ လှည့်ကြည့်တော့လဲ ဘယ်သူမှ ကိုယ့်အနားမှာ မရှိဘူး။

ဒါနဲ့ပဲ ကင်းစောင့်ရဲဘော်လေးက ဘယ်ကလဲလို့ မေးတာကို ဇလွန်က လို့ဖြေတာကို ငြိမ်းအေးကဆိုပြီး လှည့်ခနဲ နှုတ်က ထွက်သွားတယ် ဆရာ။

အဲဒီမှာ ခုနကပဲ ငြိမ်းအေးစခန်းက လူသတ်မှုကိစ္စ ကြေးနန်းပို့တယ်ဆိုပြီး ကျွန်တော့်ကို စခန်းမှူးထံ ကြက်နဲ့အတူ ခေါ်သွားတယ် ဆရာ။

စခန်းထဲမှာလဲရောက်ရော စခန်းမှူးရဟမ္မာ ပဲ ဒီကြက် ကျွန်တော့်ကို နှစ်ချက်ခွပ်ပြီး ရဲရဲပုံတွန်ပြတော့တာပဲ ဆရာရယ်၊ နောက် ဆုံးမှာ ကျွန်တော် အားလုံးကို ဝန်ခံခဲ့ရတာ ပါပဲ ဆရာ'

ဒုရဲအုပ်ညွှန့်မောင် တစ်ယောက် **စမွခတော်ဂါထာတော်ကို ဥူံခံမန်းပြီး (ခြေချုပ်ဂါထာတော်)အဖြစ် အသုံး ပြုနိုင်ခဲ့ခြင်းကြောင့်** ယခု အမှုဖော် ထုတ်နိုင်ခဲ့သည်မှာ အံ့သြစရာတစ်ခုပါ ပေ။

[ရေလဲကျေးရွာရှိ အသက်(၇၅) နှစ် ဒုရဲအုပ်(ငြိမ်း) ဦးညွှန့်မောင် ပြောပြချက် ဖြစ်ပါသည်။]

ဘိုမင်းဖြူ(ဥပဒေ)

www.burmeseclassic.com

www.burmeseclassic.com

အိုးစည်ကို နှံ့ပါးချိတ်ဆဲ နေတော်အပြည့်ရပါစေ

မောင်ရင်ခြေလွန်း
(မအူပင်)

မရောက်တာကြာပြီ ဖြစ်သော ကျွန်တော့်မွေးရပ်မြေ မြို့လေးကို ရောက်ဖြစ်ခဲ့ပြီး ငယ်ပေါင်းသူငယ်ချင်းထွန်းဝေအိမ်၌ တည်းခို ဖြစ်ခဲ့ပါသည်။

ထွန်းဝေနှင့် ကျွန်တော်က ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက ပေါင်းသင်းခဲ့ကြပြီး ကျွန်တော် အိမ်ထောင်ကျ၍ အခြားမြို့ကို ကျွန်တော်တို့ ပြောင်းရွှေ့သွားမှ အနေဝေးခဲ့ကြခြင်း ဖြစ်ပါသည်။

သူတို့မိသားစုနှင့် ကျွန်တော်တို့ မိသားစုက တစ်မိသားစုအကြောင်း တစ်မိသားစုကသိနေကြသော သူတွေ ဖြစ်ပါသည်။

ထွန်းဝေတို့ မိသားစုသည် ကျွန်တော်တို့မိသားစုရှိစဉ်က စီးပွားရေး အဆင်ပြေကြသူများ မဟုတ်ဘဲ တစ်နေ့စာတစ်နေ့ ရှာဖွေစားသောက်နေရသော မိသားစုဖြစ်ပါသည်။

ထွန်းဝေတို့က ဖခင်မရှိတော့၍ ထွန်းဝေက ဆိုက်ကားနင်းပြီး အိမ်စရိတ်ရှာသလို ထွန်းဝေ၏ နှမလေးနှစ်ယောက်ကလည်း မိခင်ဖြစ်သူ ပြုတ်ပေးသော တောက်ညှင်းထုပ်ကို ကားဂိတ်၊ သင်္ဘောဆိပ်တွေမှာ အိမ်စရိတ်ရရန် လိုက်လံရောင်းချသူများ ဖြစ်ပါသည်။

ယခု ထွန်းဝေတို့မိသားစုကို တွေ့ရသည်မှာ စီးပွားရေးအတော်ပြေလည်နေပုံရပါသည်။ ထွန်းဝေကခိုင်နာကား တစ်စီး ကိုယ်ပိုင်ဝယ်ထားပြီး G.T.U ဆိုင်းဘုတ်ကြီးကို မောင်းနှင်နေပါသည်။

ထွန်းဝေ၏ နှမလေးနှစ်ယောက် ကလည်းအရင်ကလို ကောက်ညှင်းထုပ် ရောင်းတော့ဘဲ သူတို့အိမ်ရှေ့မှာပင် ထိုးဆိုင်တစ်ဆိုင် ဖွင့်လှစ်ရောင်းချ နေပါသည်။

ခိုင်ဖြစ်သူကိုလည်း မောင်နှမသုံးယောက်က ဘာအလုပ်မှမလုပ်ခိုင်း တော့ဘဲ ဘုရားသွားကျောင်းတက်၊ တရားရိပ်သာဝင်ဖြင့် နောက်ဘဝ အတွက် မိမိနောက်ပါမည့် ဝိပဿနာ ကုသိုလ်အလုပ်တွေဖြင့်သာ အချိန်ကုန် စေခဲ့ပါသည်။

ကျွန်တော် ထွန်းဝေတို့မိသားစု၏ စီးပွားရေးနှင့် နေထိုင်မှုကိုကြည့်ပြီး အံ့ားကျမိပါသည်။

ကျွန်တော် ထွန်းဝေတို့အိမ်၌ တည်းခိုနေသည်မှာ (၃)ရက်ရှိပြီဖြစ်ပါသည်။ ကျွန်တော် စရောက်သည့်နေ့မှ ယနေ့အထိ ထွန်းဝေတို့အိမ်ကို အကဲခတ်ကြည့်မိရာ ထူးခြားသောအရာ တစ်ခုကို သတိပြုမိပါသည်။

ထွန်းဝေတို့အိမ်၌ သူတို့မောင်နှမသုံးယောက်နှင့် မိခင်ဖြစ်သူသာ နေထိုင်ကြပါလျက်ကလေးကစား၍ အရွယ် အိုးစည်တစ်လုံးကို နံရံ၌ ချိတ်ဆွဲထားသည်ကို ကျွန်တော် သတိထားမိနေခြင်း ဖြစ်ပါသည်။

ထိုအိုးစည်ချိတ်ဆွဲထားသော နံရံတွင်လည်း **"နေတော်အပြည့်ရပါစေ"** ဆိုသော စာတန်းကို ရေးသားထားတာ တွေ့ရပါသည်။

ထိုနေ့ည နေ ကိုထွန်းဝေ ကျောင်းဖယ်ရီကားသိမ်းလာပြီး ရေချိုး ထမင်းစားသောက်ပြီးချိန်၌ ကျွန်တော်ထိုင်နေရာ အိမ်ရှေ့စားပွဲဝိုင်းတွင် ဝင်ထိုင်လိုက်ပြီး...

'ဟော့ကောင်ကြီး ကျော်ဖေ မင်းပျင်းနေပြီလား ကွ။ ငါတို့မောင်နှမတွေက အလုပ်သိပ်များတော့ ည့်သည်ကို ဧည့်ဝတ်မကျေမှာ စိုးတယ်ကွ။ မင်းနေရတာအဆင်ပြေတယ်မှတ်လား'

ထွန်းဝေ၏ ပြောစကားကြောင့် ကျွန်တော်က ထွန်းဝေကို ပြုံးပြလိုက်ပြီး...

'အဆင်ပြေပါတယ်ကွာ။ ငါ့ကို ည့်သည်လို သဘောမထားပါနဲ့ကွ။ တို့တွေက ညီအစ်ကိုမောင်နှမတွေလို နေလာကြတာပဲကွာ'

ကျွန်တော်နှင့်ထွန်းဝေ တွေ့ရာလေးပါးစကားတွေပြောနေရင်းမှ ကျွန်တော် စိတ်ဝင်စားနေသော ထွန်းဝေတို့အိမ် နံရံမှာ ချိတ်ဆွဲထားသည့် အိုးစည်နှင့် နေတော်အပြည့်ရပါစေဆိုတဲ့ စာတန်းအကြောင်းကိုမေးမြန်းပို့ဖြစ်ပါတော့သည်။

'ထွန်းဝေ မင်းတို့အိမ်ကို ငါစရောက်တဲ့နေ့ကတည်းက မင်းတို့အိမ်နံရံမှာ ချိတ်ဆွဲထားတဲ့ အိုးစည်နဲ့ "နေတော်အပြည့်ရပါစေ" ဆိုတဲ့စာတန်းက ဘယ်လိုအဓိပ္ပာယ်သဘော ပို့နဲ့ ချိတ်ဆွဲရေးသားထားတာလဲကွ အဲဒါကို ငါသိချင်နေတာကွ'

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့် အမေးစကားကြောင့် ထွန်းဝေက တစ်ချက်ပြုံးလိုက်ပြီး...

'ဒါလား၊ ဒါက အစီအရင်တစ်ခုပဲကွ၊ လောကီပညာရပ်နည်းအရပေါ့ကွာ။ ကျန်ခဲ့တဲ့ (၁၀)နှစ်လောက်က ရှမ်းပြည်နယ်ဘက်က ရှမ်းဆရာကြီးတစ်ယောက်က အဲဒီအစီအရင်လေးကို ပေးလိုက်တာ။

နေတော်အပြည့်အဝရစေတဲ့ အစီအရင်တဲ့။ ငါလဲရှမ်းဆရာကြီးပြောပြထားတဲ့အစီအရင်နည်းအတိုင်း ဆောင်ရွက်လုပ်ကိုင်ထားတာကွ

'မင်းတွေ့ခဲ့တဲ့ ရှမ်းဆရာကြီးဘာကြောင့် ဒီအစီအရင်ကို လုပ်ခိုင်းခဲ့တာလဲကွ။ မင်းမှတ်မိသလောက် ငါ့ကို ပြောခဲ့ပါလား၊ ထွန်းဝေ'

ကျွန်တော်၏ တောင်းဆိုမှုစကားကြောင့်ထွန်းဝေက စိတ်ရှည်လက်ရှည်ဖြင့်၊ **''အိုးစည်ကို နံရံမှာချိတ်၍ နေတော်အပြည့် အရယူခြင်း''** အစီအရင်ကို ရှင်းပြပါသည်။

'ဒီလိုကွ ငါ ဒီအစီအရင်ကို ဆိုက်ကားနင်းနေရင်းနဲ့ ရခဲ့တာကွ။ တစ်နေ့ ငါဆိုက်ကားနင်းနေတဲ့ ဈေးနားက ဆိုက်ကားဂိတ်ကို ရှမ်းတိုင်းရင်းသားဝတ်စုံနဲ့ ရှမ်းကြီးတစ်ယောက် ရောက်လာပြီး ဆိုက်ကားငှားတယ်ကွ။

မြို့စွန်က ဘုန်းကြီးကျောင်းကို လိုက်ပို့ပေးပါလို့ စကားသံဝဲဝဲနဲ့ ပြောလာတော့ ငါလဲ ဈေးစကားပြောပြီး သူ့ကို လိုက်ပို့တာပေါ့။

လမ်းရောက်တော့ ရှမ်းကြီးက ငါ့ကိုမေးတယ်။ 'စီးပွားရေး အဆင်ပြေလားလို့မေးတော့ ငါက ဆိုက်ကားနင်းစားရကြောင်းနဲ့ ညီမလေး နှစ်ယောက်ကလဲ ကောက်ညှင်းထုပ်ပြုတ် လိုက်ရောင်းရကြောင်း တစ်နေ့လုပ်တစ်နေ့စားရတယ်လို့ ပြောလိုက်တာပေါ့။

ထွန်းဝေ၏စကားတို့ မဆုံးသေးမီ ကျွန်တော်က ထွန်းဝေရဲ့စကားကို ကြားဖြတ်၍...

'မင်းက စီးပွားရေး အဆင်မပြေဘူးဆိုတော့ ရှမ်းအဘိုးကြီးက နေတော်အပြည့်ရမယ့် အစီအရင်ကို ပေးရောလားကွ'

ကျွန်တော်၏ ထင်ကြေးပေးစကားကြောင့် ထွန်းဝေက...

'သူငယ်ချင်းကျင်ဖေရေ အဘရှမ်းဆရာကြီးက အဲဒီအစီအရင်ကို လွယ်လွယ်နဲ့ ပေးတာမှတ်လို့ သေချာမှတ်ထိုးတယ်။ အစီအရင်အတွက် အိုးစည်တစ်လုံး ဝယ်ရမယ်တဲ့။ အိုးစည်ရဲ့ မျက်နှာပြင်သားရေမှာလဲ နေခြည်ဖြာနေတဲ့ နေလုံးပုံ ဆွဲထိုးတယ်ကွ။

ပြီးတော့ အိုးစည်ချိတ်ထားမယ့်နံရံမှာ "နေတော်အပြည့် ရပါစေ" ဆိုတဲ့စာတန်းကို ရေးပြီး အိုးစည်နဲ့အတူ နံရံမှာ ချိတ်ခိုင်းခဲ့တယ်'

'အိုးစည်ရဲ့ မျက်နှာပြင်သားရေမှာ နေခြည်ဖြာနေတဲ့ပုံရေးပြီး ချိတ်ဆွဲခိုင်းတာကိုရော ရှင်းပြသေးလားကွ'

ကျွန်တော်၏ အမေးစကားကြောင့် ထွန်းဝေက...

'အဘရှမ်းဆရာကြီးက ရှင်းပြတာပေါ့ကွ။ **အိုးစည်နဲ့ နံရံဆိုတာ အန္တောတော်နဲ့ စရေတော်အရယူထားတဲ့ကွ။** ဒီလိုကွ ဒီမှာကြည့်'

ဟု ဆိုကာ ထွန်းဝေက စာရွက်လွတ်တစ်ရွက်နှင့်ဘောလ်ပင်တစ်ချောင်းယူ၍ အောက်ပါအတိုင်း ရေးပြပါသည်။

အ - အိုး - စ - စည်
↓ ↓ ↓ ↓
အန္တော-နံ - ရေ - ရံ

အန္တော(ဝီး)တော်+ စရေ(လေ)တော် → နေတော်

ထွန်းဝေ ရေးပြလာသော်ပုံစံက နေလဝိဇ္ဇာပညာရပ်နည်း ပုံစံကဲ့သို့ အန္တော၊ စရေ ဂဇ္ဇေ၊ ဝံသေစသည့် လက်ာတွေနှင့်တူနေ၍ ကျွန်တော်က...

'ထွန်းဝေ မင်းဟာက ငါသိတဲ့ နေလဝိဇ္ဇာပညာရပ်လိုပါပဲလား'

'အဲဒါကတော့ ငါလဲ မသိတူးကွ၊ အဘရှမ်းဆရာကြီးပေးတဲ့ အစီအရပ်၊ အဲဒီအစီအရင်ကြောင့် ငါတို့မိသားစု အဆင်ပြေလာပြီး ခုလိုအခြေအနေ ရောက်ခဲ့တာပဲကွ။

အဘရှမ်းဆရာကြီးက ပြောသေးတယ်ကွ၊ လတော်သိတာ အေးတယ်၊ ငြိုသက်ယယ်အသေတော်တဲ့၊ နေတော်ဆိုတာ ပူယယ်လှပ်ရှားရန်ကန်ယယ်၊ အရှင်တော်တဲ့၊ နေတော်အစီအရင်ကို စီရင်ထားရင် လှပ်ရှားရန်ကန်နေတဲ့ အရှင်တော်ဖြစ်ပြီး အလုပ်အကိုင်တွေဖြစ်ထွန်းပြီး စီးပွားရေး အဆင်ပြေလာလိမ့်မယ်တဲ့ကွ။

အဲဒီအစီအရင်ကို ယုံကြည်မှုကြောင့်ပဲ တို့မိသားစု ခုလို အခြေအနေမျိုး ဖြစ်ခဲ့တယ်လို့ ငါတော့ ယုံကြည်တယ်ကွ'

ဟု ထွန်းဝေက သူ့စကားကို အဆုံးသတ်လိုက်ပါတော့သည်။

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၏ စာဇတ်ပရိသတ်တို့သဲ့သဲ့ကျွန်တော့်သူငယ်ချင်း ထွန်းဝေ ယုံကြည်ပြီး စီးပွားဖြစ်ထွန်းခဲ့သော အဘရှမ်းဆရာကြီးတစ်ဦး၏ အိုးစည်ကို နံရံမှာချိတ်ဆွဲ၍ နေတော်ယူသည့် အစီအရင်ကို ယုံကြည်မှုအပြည့်ဖြင့် စီရင်၍ မိမိတို့၏ အလုပ်အကိုင်များ ဖွံ့ဖြိုးတိုးတက်ကာ စီးပွားဖြစ်ထွန်းနိုင်စေရန် ရေးသားတင်ပြလိုက်ရပါသည်။

မောင်ရင်ထွေး (မန္တလေး)

www.burmeseclassic.com

www.burmeseclassic.com

ဝိုင်းဝိုင်း(မတ္တရာ)

ကလေးအပြစ်ကင်းတဲ့ကျွန်

ဝဏ္ဏီဝန်းညီး

အချိန်ကာလတို့သည် တဖြည်းဖြည်းဖြင့် ကုန်ဆုံး ကုန်လွန်သွားခဲ့ကြ ချေပြီ။ အချိန်ကာလများ ကုန်ဆုံးခြင်းနှင့်အတူ ခုနစ် သက္ကရာဇ်များ ကလည်း ပြောင်းလဲလာခဲ့ကြရ၏။

(၇)နှစ်ဆိုသော အချိန်ကာလသည် ကာယကံရှင်များအနေဖြင့် မေ့မျောက် နေကြပြီဖြစ်သော်လည်း တတ်သည့် ပညာဖြင့် ကူညီပံ့ပိုးပေးခဲ့ရသော ကျွန်ုပ်အတွက်မူ ဝမ်းသာဝီတိဖြစ်ရ ခြင်းနှင့်အတူ မနေ့တစ်နေ့ကကဲ့သို့ ခံစားနေခဲ့ရ၏။

ကျွန်ုပ်တတ်သည့် ပညာဖြင့် ကူညီ လိုက်ရခြင်းဆိုသည့် အကြောင်းအား အကျယ်ချဲ့၍ ရေးသားတင်ပြပါမည်။

ကျွန်ုပ်ပြုလုပ်သော အစီအရင် သည် ဇရုးလူကြီးသူမများ၏ အစီ အရင်ဖြစ်၍ ဖြစ်နိုင်မဖြစ်နိုင်အား စဉ်းစား ဆုံးဖြတ်ကြစေလိုပါ၏။

လွန်ခဲ့သော(၇)နှစ်ခန့်၏ တစ်နေ့ နံနက်(၇)နာရီခန့်တွင် ဖြစ်၏။ ကျွန်ုပ် သည် မတ္တရာပြို့မှ "ဝင်းဝင်း" ဆိုသော လက်ဖက်ရည်ဆိုင်၌ ထိုင်ကြစဉ်...

'ဦးစိုး တစ်ယောက်တည်းလားဗျ' ဆိုသော အသံကြားရသဖြင့် အေးသို့ကြည့်လိုက်ရာ ဆိုက်ကား သမားသန်းအောင် ဖြစ်နေသည်ကို တွေ့ရှိရ၏။

'အေးကွ သန်းအောင်ရ၊ ဒါထက် မင်းက ဒီနေ့ ဆိုက်ကားမနင်းဘူးလား ကွ'

'နင်းပါတယ် ဦးစိုးရာ... ခုဟာက ဆိုက်ကားနင်းနေရင်းနဲ့ မိန်းမက လက်ဖက်ရည်သောက်ချင်တယ်ဆိုလို့ လက်ဖက်ရည် ဝင်ဝယ်တာပါ'

'အေးကွာ လာထိုင်ကွာ၊ မင်းကို ငါ လက်ဖက်ရည်တိုက်ပါ့မယ်။ အပြန် ကျတော့မင်းမိန်းမအတွက် "ပါဆယ်" ယူသွားပေါ့'

'ကျွန်တော်ကိုပဲ တိုက်ပါ့ ဦးစိုးရာ... အိမ်ကမိန်းမအတွက် ပါဆယ်ကိုတော့ ကျွန်တော်ပဲ ပေးပါ့မယ်'

'အေး... အေး... ဒီမှာ ချိုစိမ့်ဝမ်းမော့'

ဟု ကျွန်ုပ်မှ သူသောက်နေကျ အတိုင်း လက်ဖက်ရည်ကို မှာပေး လိုက်၏။

ထို့နောက် နှစ်ယောက်သား လက် ဖက်ရည်သောက်ရင်းဖြင့် သူ့အိမ်ထောင်ရေးကို စကားစပ်မိကြ၏။

'ဦးစိုးရာ... ကျွန်တော့်မိန်းမက မွေးခါနီးနေပြီဗျ။ တစ်ပတ်အတွင်း လောက် မွေးမယ်လို့ သားဖွားဆရာမက ပြောထားတယ်ဗျ။ ဒါပေမယ့် ခက်တာက'

'ဟော့ကောင် သန်းအောင်ရ ဘာက ခက်တာလဲကွ'

'ဒီလို ဦးစိုးရေ... ခု ကျွန်တော့်မှာကလေး က ဘာအကြောင်းကြောင့်မှန်းတော့ မသိ ရဘူး၊ သားလေးမွေးတိုင်း အသက်မရှည် ကြဘူး၊ ဆုံးပါးသွားကြတာချည်းပါပဲ'

'ဒါဆိုရင် ကလေးဘယ်နှစ်ယောက် ဆုံးပါးသွားပြီလဲ၊ တစ်ယောက်မှ အဖတ်မတင်ဘူးလား'

'ဟုတ်ကဲ့ဗျာ ကျွန်တော် စိတ်လော ကြီးသွားပါတယ်။ ကျွန်တော်က သားယောကျ်ားလေး - လိုချင်တာပါ။ သမီးကတော့ တစ်ယောက် အဖတ် တင်ထားပါတယ်။

ယောကျ်ားလေးတော့မွေးပါရဲ့ နှစ် ယောက်ရှိပါပြီး ယောကျ်ားလေးက နှစ်ယောက်စလုံးမွေးပြီး အသက် မရှည်ကြပါဘူး။ ဆုံးပါးသွားကြတာ ချည်းပါပဲ'

'အဲဒါ ဘာကြောင့် အဖတ်မတင် တာလို့ထင်သလဲ'

'ယောကျ်ားလေးဆို အဖတ်မတင် ဘူးဆိုတော့ အကြောင်းတစ်ခုခုကြောင့် လားလို့ပါ။ ကျွန်တော်ကလဲ သား ဇလေးရချင်နေတာ၊ သားလေးမွေးဆိုင်း ကြောကြာမခံဘဲ ဆုံးချည်းနေလေ့

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်မှာ ယူကျုံးမရ ဖြစ်ရတယ်ဗျာ။

ခုလဲ မွေးဆါနီးနေပြီ သားလေးလဲ ရချင်တယ်။ အဖတ်မတင်မှာလဲ စိုးရိမ်တယ်ပေါ့ ဦးစိုးရာ'

ဒါထက် ဦးစိုးဟာ ကိုရစာပေတွေ လဲဖတ်ပြီး အသိအမြင်လဲ ရှိတယ်ဆိုတာ ကျွန်တော်သိပါတယ်။ တကယ်လို့များ ကျွန်တော့်မှာ သားလေးမွေးခဲ့ရင် အဖတ်တင်အသက်ရှည်အောင် ကူညီပေးနိုင်ရင် ကူညီပါဗျာ။ကျွန်တော် ကျေးဇူးမမေ့ပါဘူး'

'ကျေးဇူးတင်တာ မတင်တာ အရေးမကြီးပါဘူးကွာ။ ငါက ဘာမှလဲ မမျှော်ကိုးပါဘူး။ ငါငယ်ငယ် ကိုရင်ဝတ်စဉ်က ငါ့ရဲ့ဆရာတော်ပြောပြခဲ့တဲ့ နည်းတော့ ရှိတယ်ပေါ့ကွာ။

ငါက တပ်မတော်မှာ အမှုထမ်းနေခဲ့တော့ အဲဒီနည်းကို အသုံးလဲ မတည့်ခဲ့ပါဘူး။ မင်းပြောမှပဲ သတိရတော့တယ်။

အဲ...မင်းက ယုံယုံကြည်ကြည်လုပ်မယ်ဆိုရင်တော့ ကလေးအဖတ်တင်မယ့်နည်းကို လုပ်ပေးပါ့မယ်။

ဒါကလဲ မွေးလာတဲ့ကလေးဟာ ယောကျ်ားလေးဖြစ်ဖြစ်၊ မိန်းကလေးဖြစ်ဖြစ် အဖတ်တင်စေတယ်ပေါ့ကွာ။

တစ်နည်းအားဖြင့် မွေးလာတဲ့ကလေးကို **တို့မမြင်ရတဲ့ ''အနောင့်အယှက်ပယောဂ'' က ဘာမှမလုပ်နိုင်အောင် အရံအတားပြုလုပ်ခြင်းပါပဲ'**

'ယုံယုံကြည်ကြည် လုပ်ပါ့မယ်၊ ဆက်ပြောပါ ဦးစိုး'

'အေး...အေး... ဒီလိုရှိတယ်ကွ။ ကလေးမမွေးမီမှာ မင်းမိန်းမနဲ့ သားဖွားဆရာမကို အရင်ပြောထားရမယ်။ မင်းလုပ်ရမယ့် အစီအစဉ်ကို ပေါ့ကွာ။ မွေးပြီးတာနဲ့ မင်းကဆန်ကာထဲ ထည့်ထားတဲ့ကလေးကို...

"ဒီကလေးကို ဝိုင်ပို့ ဒါ ငါ့ ကလေး

ဘယ်သူမှ ဘာမှလုပ်လို့ မရစေရဘူး"

ဆိုပြီး ကြက်တွေအုပ်တဲ့ အုပ်ဆောင်းနဲ့ဖြစ်ဖြစ်၊ ငါးဖမ်းတဲ့ပိုက်ကွန်နဲ့ပဲဖြစ်ဖြစ် အုပ်ထားလိုက်ရမယ် ''စတိနည်း'' ပေါ့ကွာ။

အဲ အုပ်ဆောင်းဖြစ်ဖြစ် ပိုက်ကွန်ကိုဖြစ်ဖြစ် ဒီတစ်ရက်နှစ်ရက်အတွင်း ငါ့ဆီ လာပို့ထားကွာ။ လိုအပ်တဲ့အစီအရင် လုပ်ထားရအောင်လို့၊ မနက်မှာ ပို့ထားရင် ညနေဆို လာယူပေါ့'

'ဟုတ်ကဲ့ ဦးစိုး... ကျွန်တော့်အိမ်မှာ ကြက်အုပ်ဆောင်း သိမ်းထားတာ ရှိလို့ ခဏနေပဲ လာပို့ပါ့မယ်။ ဒါထက် အုပ်ဆောင်းနဲ့ ဘယ်လောက်ကြာကြာ အုပ်ထားရမလဲ'

'တစ်ရက်တော့ အုပ်ထားပေါ့ကွာ။ နို့တိုက်လိုက် အုပ်ထားလိုက်လုပ်ပေါ့ကွာ'

'ဟုတ်ကဲ့... ဒါဆို ကျွန်တော် သွားဦးမယ်နော် ဦးစိုး'

သန်းအောင်က ကျွန်ုပ်အား နှုတ်ဆက်ပြီး သူ့မိန်းမ ''ချိုနွဲး'' အတွက် လက်ဖက်ရည်နှင့် အီကြာကွေး ''ပါဆယ်'' ဝယ်ကာ ဆိုက်ကားနင်း၍ ထွက်သွားလေ၏။

ကျွန်ုပ်လည်း လက်ဖက်ရည်ဖိုးကို သန်းအောင်အတွက်ပါ ရှင်းလိုက်ပြီး အိမ်သို့ ပြန်ခဲ့၏။

ဆယ်အောကြာတွင် သန်းအောင်တစ်ယောက် ဆိုက်ကားပေါ်၌ ကြက်အုပ်ဆောင်းတစ်ခုတင်ကာ ကျွန်ုပ်ထံသို့ ရောက်လာခဲ့၏။

ကျွန်ုပ်မှာလည်း အလုပ်အားနေ၍ အုပ်ဆောင်းကို အစီအရင်လုပ်ရန် အချိန်ရသဖြင့် ညနေပိုင်းဆိုက်ကား သိမ်းချိန်တွင် အုပ်ဆောင်းကို ဝင်ယူရန် မှာကြားလိုက်ရ၏။

သန်းအောင် ထွက်သွားပြီးနောက် ကျွန်ုပ်သည်လည်း လုပ်ငန်း၊ လုပ်တော့၏။ကျွန်ုပ်သည်ကြက်အုပ်ဆောင်းကိုယူ၍ ဘုရားစင်ရှေ့တွင်ချထားကာ ဘုရားကိုရှိခိုးပြီး ငါးပါသီလခံယူဆောက်တည်၏။

ထို့နောက် အပ်ချည်လုံးကိုယူကာ ပဌာန်း(၂၄)ပစ္စည်းကို (၅)ခေါက်ရွတ်ဖတ်၏။ ထို့နောက် ယင်းအပ်ချည်ကြိုးဖြင့် အုပ်ဆောင်းကို (၅)ခေါက်ပတ်ချည်လိုက်၏။

ပြီးနောက် ဘုရားစင်ပေါ်မှ ပရိတ်အပ်ချည်လုံးကိုယူ၍ အုပ်ဆောင်းကို (၃)ပတ်ချည်လိုက်ပြန်၏။

ဤသို့ဖြင့် မွေးဖွားလာမည့် မနုဿကလေးငယ်အား အကာအကွယ်ပေးမည့်အစီအရင်ကို လုပ်ဆောင်၍ ပြီးသွားခဲ့၏။ ကလေးမွေးလာမည့် ''**အမောင့်ပယောဂအန္တရာယ်**'' ကို မူစရာ မလိုတော့ပါချေ။

[redacted]

သို့သော်လည်း ပဌာန်း(၂၄)ပစ္စည်းဖြင့် စည်းချက်ရံထားခြင်း၊ ပရိတ်ချည်ဖြင့် အရံအတားပြုလုပ်ခြင်းကြောင့် ပို၍ပင် စိတ်ချရပြီးဖြစ်ထော်

ညနေပိုင်းတွင် သန်းအောင်ယောက် ကျွန်ုပ်အိမ်သို့ ရောက်လာသဖြင့် အစီအရင်အုပ်ဆောင်းကို လိုက်ပြီး ကလေးမမွေးမီ [redacted] သိမ်းထားရန် မှာကြားလာလိုက်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ကိုရင်ဝတ်စဉ်က ဆရာအုန်းကြီး ပြောစကားအရ ယခုအချိန်တွင် သန်းအောင်ကို လက်တွေ့စမ်းသပ်စေခြင်း ဖြစ်သော်လည်း မုချအောင်မြင်ရမည်ဟု ယုံကြည်မိပါ၏။

ဗုဒ္ဓဘာသာဝင်ပီပီ ဗုဒ္ဓ၏ ပရိတ်တန်ခိုးတော်နှင့် ပဌာန်းတန်ခိုးတော်တို့အား အကြွင်းမဲ့ယုံကြည်ပါ၏။ သန်းအောင်၏ဖနီး ချိုနွင်းမှ သားယောကျ်ားလေး(၂)ဦးဆုံးပါးသွားခြင်းနှင့် ပတ်သက်၍ **"ပုန်းမကျိုရှင်မ"** ဇာတ်ကြောင်းကို သွား၍ သတိရမိ၏။

ဇာတ်ကြောင်းထဲ၌ ကလဲ့စားချေရန် ဆုတောင်းခဲ့ကြသဖြင့် တစ်ဦးမှ ကြက်ဖြစ်လျှင် တစ်ဦးမှ ကြောင်ဖြစ်ပြီး ကြက်မမှပေါက်လာသောကြက်ကလေးများကို စားပစ်ခြင်း၊ တစ်ဦးမှ သမင်ဖြစ်ပြန်လျှင် တစ်ဦးမှ ကျားဖြစ်ပြီး မွေးလာသော သမင်လေးများကို မွေးတိုင်း စားပစ်သဖြင့် "သမင်မွေးရင်း၊ ကျားစားရင်း" ဆိုခဲ့ကြခြင်း...

တစ်ဦးမှ လူမိန်းမဖြစ်ပြန်လျှင် ကျန်တစ်ဦးမှ ဘီလူးမဖြစ်ပြီး မွေးလာသော ကလေးများကို စားပစ်ခြင်းစသည်ဖြင့် ရန်ငြိုးကြီးစွာ တစ်ယောက်တစ်လှည့် ဆုတောင်းပြီး ကလဲ့စားချေခြင်းများ အကြောင်းကို ဖတ်ရှုသိရှိခဲ့ရ၏။

ယင်းတို့နှစ်ဦးမှာ နောက်ဆုံးတွင် ဗုဒ္ဓဘုရားရှင်၏ ရှေ့တော်သို့ရောက်ရှိခါ လူမနှင့် ဘီလူးမတို့ ရန်ငြိုးပြေသွားကြပြီး ဘီလူးမက ပုန်းမကျိုရှင်မအဖြစ် လယ်သမားတို့၏ တင်မြောက်ပဆမ္မကို ခံယူခဲ့ရ၏။

ထို့ကြောင့် ကလေး ခဏာခဏာ အဖတ်မတင်သော မိန်းမတို့မှာ ဘဝဟောင်းက အကြောင်းတစ်ခုခုများ ရှိခဲ့လေသလားဟု ကျွန်ုပ်မှာ စဉ်းစားမိခဲ့ရ၏။

ဤသို့ဖြင့် တစ်ပတ်ခန့်အကြာ နံနက်ခင်း(၇)နာရီခန့်တွင် ကျွန်ုပ်သည် "ဝင်းဝင်း" လက်ဖက်ရည်ဆိုင်၌ ထိုင်နေစဉ်...

'ဦးစိုး... ဦးစိုး'

ဟု ခေါ်သံကြားသဖြင့် လှည့်ကြည့်လိုက်ရာ...

'သန်းအောင်ပါလားကွ၊ လာလေ လက်ဖက်ရည်သောက်ရအောင်'

'ဟုတ်ကဲ့ဗျာ... လက်ဖက်ရည်လဲသောက်ရင်း ဦးစိုးကိုလဲ ပြောစရာရှိလို့ပါဗျာ'

ဟု ပြောရင်း သန်းအောင်သည် ကျွန်ုပ်ထိုင်သော စားပွဲတွင် ဝင်၍ထိုင်ရင်း လက်ဖက်ရည်မှာလိုက်၏။ ကျွန်ုပ်မှ....

'ဘာများ ပြောစရာရှိလို့လဲ သန်းအောင်ရ ပြောကွာ'

'ဒီလိုဦးစိုးရ ကျွန်တော့်မိန်းမ ညတုန်းကပဲ ကလေးမီးဖွားတယ်ဗျ။ ကလေးကလဲ ကျွန်တော်လိုချင်တဲ့ ယောကျ်ားလေးမွေးတယ် ဦးစိုးရဲ'

'အေး...အေး... ကောင်းတာပေါ့ကွာ ဆက်ပြောပါဦး'

'ကျွန်တော်က ဦးစိုးပြောတဲ့ အစီအစဉ်အတိုင်းပဲ ကျွန်တော့်မိန်းမ ချိုနွင်းနဲ့ သားဖွားဆရာမတို့ကို ကြို့တင်ပြီး ပြောထားခဲ့တယ်။

ဒါမှ ချိုနွင်းလဲ သွေးမလန့်ရအောင်လို့လေ။ အဲဒါ မွေးမွေးခြင်း သားဖွားဆရာမက ကလေးကို ဆန်ကောထဲထည့်လိုက်တာနဲ့ ကျွန်တော်လဲ ဦးစိုးပြောတဲ့အတိုင်း လုပ်တော့တာပါပဲ'

'အေး...အေး...မင်းကလေးအဖတ်တင်ပါတယ်ကွာ စိတ်မပူနဲ့တော့ သန်းအောင်ရေ'

'ကျေးဇူးတင်ပါတယ် ဦးစိုးရာ'

သို့နှင့် လအတန်ကြာတွင် သူတို့၏ သားလေးအမည်ပေး ကင်ပွန်းတပ်ကို ကျွန်ုပ်အား လာ၍ ဖိတ်သဖြင့် ကျွန်ုပ်မှာ တက်ရောက်ခဲ့ရသေး၏။

သူတို့သားလေး၏ အမည်ကိုတော့ "ဆောင်းမောင်မောင်" ဟု အမည်ပေးခဲ့ကြ၏။

ဤသို့ဖြင့် ကျွန်ုပ်သည် ကလေးအဖတ်မတင်သူကို ထပ်မံ ကူညီပေးရ၏။ ကျွန်ုပ်တို့ရပ်ကွက်ထဲမှ မောင်ချို တို့ ဇနီးမောင်နှံမှာ ကလေး(၂)ကြိမ် ပျက်စီးခဲ့ပြီးဖြစ်၍ သန်းအောင်၏ ပြောကြားချက်အရ ကျွန်ုပ်ထံသို့ လာရောက် အကြံဉာဏ်ရယူပြီး ကလေးမွေးဖွားချိန်၌ ပိုက်နှင့်အုပ်ပြီး ဖမ်းခဲ့သဖြင့် သားဖွားဆရာမပင် အံ့သြသွားခဲ့ရ၏။

မောင်ချို၏ သားလေးအမည်မှာ **"မောင်ပိုက်ထွေး"** ဖြစ်လေ၏။ မည်သို့ပင်ဆိုစေကာမူ ကျွန်ုပ်ကတော့ ကျွန်ုပ်ထံသို့ ယုံယုံကြည်ကြည်ဖြင့် အကူအညီလာတောင်းပါက ကူညီမည်သာ ဖြစ်ပါ၏။

ယနေ့အချိန်ဆိုလျှင် သန်းအောင်၏ ကလေးနှင့် မောင်ချို၏ကလေးတို့ သည်ပင် (၇)နှစ်အရွယ်ခန့်စီ ရှိကြပေပြီ။ ကာယကံရှင်များကတော့ ကျွန်ုပ်၏ ကူညီမှုကို မေ့ပင်နေကြပေပြီ၊

ကျွန်ုပ်မှာတော့ ယင်းတို့၏ကလေးများကို တွေ့မြင်ရတိုင်း ကျွန်ုပ်၏ ကူညီခဲ့ရမှုကို ဝမ်းသာပီတိဖြစ်ရပါ၏။ ကျွန်ုပ်စီရင်သောဤနည်းသည် ရှေးယခင်ကပင် ရှေးလူကြီးများမှ ကလေးအဖတ်တင်စေရန်အတွက် မွေးဖွားချိန်တွင် ဆောင်းဖြင့်အုပ်ခြင်း၊ ပိုက်ဖြင့်အုပ်ခြင်းများ ပြုလုပ်ခဲ့ကြ၏။

ထို့ကြောင့် ထိုကလေးများကို အမည်မှည့်ခေါ်ရာ၌ မပိုက်၊ မပိုက်အုပ်၊ မောင်ပိုက်၊ မောင်ပိုက်ထွေး၊ မဆောင်း၊ မောင်ဆောင်းစသည်ဖြင့် မှည့်ခေါ်ခဲ့ကြကြောင်းနှင့် ကလေးအဖတ်မတင်သူများအတွက် ဤနည်းများဖြင့် ကလေးအဖတ်တင်စေနိုင်ကြောင်း တင်ပြရေးသားအပ်ပေသတည်း။

ဦးစိုး *(မတ္တရာ)*

မှတ်ချက်။ ။ ကာယကံရှင်များအား ထွေ့ဆုံ မေးမြန်းနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်စန်းရည် (ကျောင်းအုပ်ကြီး)
အခြေခံပညာမူလတန်းကျောင်း
ထူးပေါက်၊ ကာဒိုဖြို့နယ်

ပြေတိုးတဲ့ သံယောဇဉ်ကြားထဲ

ပရိသတ်သားနဲ့ လူသားး

ကြာတော့ ကြာခဲ့ပါပြီ။ ဒါပေမယ့် တိုက်ဆိုင်မှုလေးတွေ တွေ့လာရတော့ ငယ်စဉ်ကလေးဘဝမှာ အစ်ကိုဖြစ်သူ တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက် ကလေးကို ပြန်လည်အမှတ်ရပြီး စာရေးချင်စိတ်တွေ ပေါ်ပေါက်လာသဖြင့် ယခုလို တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

ကျွန်မ အသက် (၁၀)နှစ်ကျော်ကျော် ၂၀၀၈ ခုနှစ်ကဆိုတော့ (၅၀)နီးပါး ကြာခဲ့ပါပြီ။

အစ်ကိုဆိုတာက နှစ်ဝမ်းကွဲပါ။ ကျွန်မဖေဖေနှင့် သူ့ဖေဖေမှာ အမေညီအစ်မအရင်းမွေးတွေ ဖြစ်ကြသဖြင့် ကျွန်မနှင့် အစ်ကိုဆေးမောင်မှာ မောင်နှမနှစ်ဝမ်းကွဲ တော်စပ်ပါသည်။

သို့ရာတွင် ကျွန်မမှာ တစ်ဦးတည်း သောသမီး ဖြစ်သဖြင့် ဝမ်းကွဲအစ်ကို,

www.burmeseclassic.com

www.burmeseclassic.com

အစ်မများကို အရင်းသဖွယ် ခင်မင်တွယ်တာပြီး နှစ်အိမ်တစ်အိမ် အနေနီး ခဲ့ကြပါသည်။

သို့အတွက်ကြောင့် တစ်အိမ်က အဖြစ်အပျက်ကို တစ်အိမ်က အမြဲသိကြား အရေးထား ဖြစ်ခဲ့ကြပါသည်။ အဲဒီအချိန်က **အစ်ကို့ဆေးမောင်၏ အဘဦးမိုးကံ**(ကျွန်မတို့အခေါ် ဘကံ) သေဆုံးသွားခဲ့ပါသည်။

ဘကံ သေဆုံးပြီး မကြာမီမှာပင် သူ့ဆန္ဒအတိုင်း မသေမီ မှာကြားခဲ့သည့် အုတ်ရေအိုးစင် သုံးလုံးတည် တစ်ခုကို အုတ်အမိုး အုတ်အကာဖြင့် တည်ဆောက်ပြီး **ထန်းတောရွှေသိမ် တော်ဘုရား၏ တောင်ဘက်**တွင် ကုသိုလ်ပြုလုပ်ပေးခဲ့ပါသည်။

ကျွန်မတို့ ယခုနေထိုင်သော လှည်း တန်းရှည်သည် ယခင်က ထန်းတော မြောက်ရွာဟု အခေါ်ရှိပြီး အမေကြီး နတ်စင် တည်ရှိရာအရပ်ကို ထန်း တောတောင်ရွာဟု ခေါ်ခဲ့ကြပါသည်။

မြို့ (၁၈)ရပ်ကွက်သတ်မှတ်မှသာ ရွာအခေါ်ပျောက်ပြီး ရပ်ကွက်ဟု သတ်မှတ်ခေါ်ဝေါ်ကြပါသည်။

ရေးလိုရင်းကတော့ ထန်းတော တောင်ရွာနှင့် မြောက်ရွာတို့၏ ရှေး ယခင်က အဆက်အသွယ်နှင့် ဖြစ်ပေါ် လာခဲ့သော ဇာတ်လမ်းလေး၏ လမ်းစ ကို ခင်းပြခြင်း ဖြစ်ပါသည်။

ယခင်က တောင်ရွာမှာ ဘုရားပွဲရှိ လျှင် မြောက်ရွာမှ ဆွမ်းလောင်းပွဲတွင် ကြွရောက်လာကြသော သံဃာတော် များကို လက်ဖက်ရည်အချိုနှင့် မုန့်များ စုပေါင်း ကပ်လှူကြပါသည်။

မြောက်ရွာမှာ ဘုရားပွဲရှိလျှင်လည်း တောင်ရွာမှ တာဝန်ယူပြီး ကပ်လှူကြ ပါသည်။ တစ်ရွာနှင့်တစ်ရွာ ဆွေမျိုး လည်း မကင်းကြပါ။ အဆက်အသွယ်

လည်း မပြတ်ကြပါ။ အထူးသဖြင့် ကျွန်မမိခင်မှာ တောင်ရွာသူဖြစ်ပြီး ဖခင်မှာ မြောက်ရွာသား ဖြစ်ပါသည်။

ဤကဲ့သို့ ဆက်နွယ်မှုများကြောင့် အသွားအလာ မပြတ်ကြ၊ ရင်းနှီးကြ၊ ခင်မင်ကြပါသည်။ သို့အတွက်ကြောင့် လည်း ဤဇာတ်လမ်း စတင်ဖြစ်ပေါ် လာရပါသည်။

တစ်နေ့ အိမ်မှ လုပ်ငန်းကိစ္စတစ်ခု အတွက် အစ်ကိုဆေးမောင်ကို ထန်း တောတောင်ရွာ(ယခင်အခေါ်) ယခု အခေါ် ထန်းတောတောင်ရပ်သို့ လွှတ် လိုက်ပါသည်။

ဦးကြီးတို့မိသားစု အဘကံအတွက် ကုသိုလ်ပြုလုပ်ထားသော ရေအိုးစင် အနီး ရောက်ရှိထွားသည့်အခါ စက်ဘီး ကို နောက်မှ လူတစ်ဦးတစ်ယောက် ဆွဲထားသကဲ့သို့ နင်းမရတဲ့ ရပ်သွားပါ သည်။

ထိုအခါမှ အစ်ကိုဆေးမောင်လည်း စက်ဘီးပေါ်မှ ဆင်းပြီး ဆွဲထားသည့် လူကို ရှာကြည့်ပါသည်။

လူတစ်ဦးတစ်ယောက်မှ မတွေ့ရ သောအခါ စက်ဘီးကို နင်းပြီး စီးရန် ပြုလုပ်သော်လည်း စက်ဘီးမှာ ရှေ့သို့ တိုး၍ မရအောင် ဖြစ်နေသဖြင့် စဉ်းစား ပြီး...

'စက်ဘီးကို ဆွဲထားတာ အဘလား ဟု သား အလုပ်အရေးကိုလို့ တောင်ရွာသွား ဦးပယ်၊ အဘဆွဲထားတာဖြင့် လွှတ်ပေးပါ ဦး အပြန်ကျမှ သားနဲ့ အဘ စကားပြော ရအောင်'

ဟု ပြောလိုက်သည့်အခါ စက်ဘီး တွန်းရှဲ့ရပြီး တောင်ရွာသို့ ဆက်သွားခဲ့ ပါသည်။

အပြန်ကျ ကတိအတိုင်း ရေအိုးစင် မှာ ခေတ္တနားပြီး...

'အဘအတွက် သားတို့မိသားစု ကုသိုလ် ပြုထားတဲ့ ဒီရေအိုးစင်အနားမှာ အဘကို မမြင်ရပေယဲ့ ရှိမကြောင်းသိရတဲ့အတွက် သားစိတ်သောပါတယ်။ သားတို့မိသားစု ကုသိုလ်ပြုသမျှ အမျှ...အမျှ...အမျှ... ပေးဝေပါတယ်'

ဟု ပြောပြီး **"အဘရှိသေးရင် သား စက်ဘီးဆွဲပြပါဦး"** ဟု ဆိုတော့ ဆွဲ ထားပြီး၊ သွားမည့် နှုတ်ဆက်တော့ သက်ပြင်းချသံ ကြားရပါသည်။

ဒါကတော့ လွန်ခဲ့သည့် ၂၀၀၈ ခုနှစ် ကာလ၊ (၄၅)နှစ်ကျော် (၅၀)နီးပါး ကာလက အစ်ကိုဖြစ်သူ တွေ့ကြုံခဲ့ရ သည့် တကယ့်အဖြစ်အပျက်ကလေး ဖော်စပ်ပုပါ။ ယေဘုယ်က ကြားခဲ့ရသည့် အဖြစ်အပျက်ကလေးတစ်ခုကို ပြန် လည်ခံစား တင်ပြလိုက်ရပါသည်။

မှတ်ချက် ။ ။ ထန်းတောရွာ သိမ်တော်ဘုရားသည် ယခင်အခေါ် ထန်းတောမြောက်ရွာ ယခု လှည်း တန်းရပ်နှင့် ယခင်အခေါ် ထန်းတော တောင်ရွာ ယခု ထန်းတောရပ်ကြား တွင် တည်ရှိပါသည်။

ဒေါ်စန်းရည်(ကျောင်းအုပ်ကြီး)
အခြေခံပညာမူလတန်းဇရပ်ကွင်း
ထူးပေါက်၊ ကနီကြီးနယ်

www.burmeseclassic.com

www.burmeseclassic.com



ဝါးမင်းကို အပေါင်အဖျိုမရှိ မြင်ရပုံ

စီးပွားတိုးတက် ကြီးပွားဖက်တဲ့

ဝါးစင်း

ထူးဆန်းသော ဝါးမင်းရှိပါသည်။

ထိုဝါးမင်းမှာ ပုံတွင် မြင်တွေ့ရသည့် အတိုင်း မြက်ပွာဆုဂုတ်ပုံစံပိုလို လူများ တင်ပြီးပေါ်တင်ပြီး အဆင့်ဆင့် တက်ရန် သင့်လို မြင်တွေ့နိုင်ပါသည်။

ဝါးပင်၏အမြင့်မှာ ခုနစ်လက်မခန့် သာရှိပြီး ထို ခုနစ်လက်မအစွေငုံးမှာပင် **တစ်ဆစ်–တစ်ဆစ်လျှင် လူပုံသဏ္ဌာန် ဖြစ်ပေါ်လျက်ရှိပါသည်။** ဘေးပတ်လည်ကို လှည့်ပတ်ကြည့်လျှင် ပုံစံအမျိုးမျိုး မြင်တွေ့ရပါသည်။

ဂန္ဓိရဆန်သော ဝါးပင်(သို့မဟုတ်) ဝါးမင်းအား ကိုယ်တိုင် သွားရောက်ကြည့်ရှုနိုင်ပါသည်။ ဂန္ဓိရလိုက်စားသော ပုဂ္ဂိုလ်များအတွက်လည်း တစ်မျိုးမျိုးတော့ အကျိုးရှိပါလိမ့်မည်။

ထိုဝါးမင်းနှင့်ပတ်သက်သော အစွမ်းရှိပုံ အကျိုးများပုံကို **၂၀၁၅ ခုနှစ်၊ အောက်တိုဘာလထုတ်၊ အမှတ်(၃၅၁)၊ စာမျက်နှာ(၁၅၈)၊ နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကြီးတွင်သရုပ်ဖော်(ဒေသုတော်)** ရေးသားသော **ဝါးမင်းနှင့်ပတ်သက်၍** ဆောင်းပါးကို ဖတ်ရှုလေ့လာနိုင်ပါသည်။

ထူးခြားတာလေးတစ်ခု ရှိသေးသည်။ အဲဒီဝါးမင်းကို ဝါးဆိုင်မှ ဝယ်လာသော ဝါးစည်းထဲမှပါလာတာကို ထူးဆန်းလို့ ဖြတ်ပြီး အိမ်မှာဆောင်ထားတာပါ။

ထိုဝါးမင်းရောက်ကတည်းက သူတို့အိမ်တွင် စီးပွားရေးများ မထင်မှတ်လောက်အောက် တိုးတက်ကြီးပွားခဲ့တာ ယနေ့အထိပင်ဖြစ်ပါသည်။

[ထိုဝါးမင်းရှိရာကို ပြောပြပေးသော သူငယ်ချင်းမျိုးမြင့်ကျော်အား ကျေးဇူးတင်ရှိပါသည်။]

ဝါးမင်းရှိသောနေရာမှာ...

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရဲမွန်ရွာရှိ ဒေါ်နုနုတွေးအိမ်တွင် ဖြစ်ပါသည်။

ဦးသူရဝိုး *(ဝါးဆိုင်ရောင်း)*

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် အထူးအဆန်းများ၊ ထူးခြားဆန်းကြယ်သော ကိုယ်တွေ့အဖြစ်အပျက်များ၊ တန်ခိုးကြီးဘုရားများ၊ ထူးခြားသော ဆရာတော်ကြီးများ၊ အစွမ်းထက် ကိုယ်တွေ့ပရဆေးနည်းဆေးပင်များ၊ ဂန္ဓိရပညာ၊ အဂ္ဂိရတ်ပညာများ၊ ဗေဒင်–နက္ခတ်–လက္ခဏာ ပညာရပ်များနှင့်...

ကိုယ်တွေ့ ပရိတ်တော်အစွမ်းများ၊ အကြောပညာရပ်များနှင့် အခြားဗဟုသုတရစရာများ၊ သာသနာတော်နှင့် အသိ–အလိမ္မာ–ပညာဗဟုသုတတိုးပွားရာများကို လောက–ဓမ္မအကျိုးများစွာကို သယ်ဆောင်ဖြန့်ဖြူး မျှဝေပေးနေသော မဂ္ဂဇင်းကြီးတစ်စောင်ဖြစ်ပါသည်။

သာသနာတော်အကျိုး လောကအကျိုးများစွာကို စုစည်းသယ်ဆောင်ဖြန့်ဝေပေးနေသော နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကြီးအတွက် ထူးဆန်းသော ဝါးမင်းအကြောင်းလေးကို တင်ပြချင်ပါသည်။

ကျွန်တော့်သူငယ်ချင်း မျိုးမြင့်ကျော်၏အစ်မ ဒေါ်နု၏အိမ်တွင် ဝါးပင်မှ

www.burmeseclassic.com

အဖေနဲ့ နှင့်
မြေကြီးများ

ရဲမျိုးသူ (ဖောဓိမြို့)
ခေတ္တ နိဂလာကုန်းဒေခန်း

'မြေကြီးရင် ဆားပက်ထား'

ဟု အဖေနဲ့ဆိုခဲ့သည့် စကားအား အဘမြို့ငှ အားပါးတရ ပြန်၍ ပြောပြနေပါသည်။

အဘမြို့ဆိုသူက ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပုဖွန်မြောင်းရွာဇာတိ ဖြစ်ပါသည်။

ရှေးမီနောက်မီအရွယ်လည်း ဖြစ်၍ ရှေးဟောင်း နောက်ကြောင်းများအား ကိုယ်တိုင်အတွေ့အကြုံများဖြင့် ပေါင်းစပ် ပြောဆိုတတ်သဖြင့် စကားပြောကောင်းလှပါသည်။

လွန်ခဲ့သော အရှိန်ကာလများဟု ဆိုသော်လည်း မြေကြမ်းဖြစ်ခဲ့ဖူးသည့် ဦးနှောက်ကို ယခုတိုင် ပုဖွန်မြောင်းရွာ ဈေးပိုင်းရပ်တွင် ရှိနေဆဲ ဖြစ်ပါသည်။

ထိုမြေကြမ်းကို ဝိဇ္ဇာဓရအစီအရင်များဖြင့် ကောင်းအောင်, ယဉ်အောင် ပြုလုပ်စီရင်ပေးခဲ့သူမှာ အထက်ပုဂ္ဂိုလ် ထူးကြီးအဖြစ် ထင်ရှားခဲ့ဖူးသူ **စမတောင် သာသနာပြုပုဂ္ဂိုလ်ကျော်ဦးသာနွဲ့(ခေါ်)အဖေနွဲ့** ဖြစ်ပါသည်။

ယခင်ကာလက ဆွဲဒလွဲကျေးရွာအုပ်စု၊ ပုဖွန်မြောင်းရွာသို့ ရွှမ်းတိုင်းရင်းသားမိသားစု(၁)စု အခြေချ နေထိုင်ရန် ပြောင်းရွှေ့ ရောက်ရှိခဲ့ဖူးပါသည်။

ထို ရွှမ်းတိုင်းရင်းသားမျိုးနွယ်မိသားစုမှ ထူးခြား ထင်ရှားခဲ့သူမှာ ဦးသာနွဲ့သာ ဖြစ်ပါသည်။ ငယ်စဉ်ကာလ ပုဖွန်မြောင်းရွာတွင် နေထိုင်ဆဲကပင် ကိုယ်ခံပညာများကို လေ့လာသိုက်စားပြီး အင်း၊ အိုင်၊ လက်ဖွဲ့ပညာရပ်များလည်း စိတ်ဝင်တစား ဝါသနာပါလှသည်ဟု ဆိုပါသည်။

အရပ်အမောင်း အလုံးအထည် ထောင့်တင်းကျစ်လစ်ပြီး အသားဖြူသူ ဖြစ်ပြန်၍ လွန်ကြည့်ကောင်းသူ ဟု ပြောပြကြပါသည်။

'အဖေနဲ့အကြောင်း အဘမြို့သိသလောက် ပြောပြပါလား'

'အဲဒီပုဂ္ဂိုလ်အကြောင်း ပြောပြရင် အများကြီးပဲ၊ ရဏ္ဏန်းစင်တောင်ဆရာတော်ကြီးနဲ့ ပတ်သက်တဲ့တပည့်ကြီးလဲ ဟုတ်တယ်'

အဘမြို့ပြောပြသော အဖေနွဲ့အကြောင်းက စုံလင်လှပါသည်။ ရှမ်းပြည်နယ်မှ တော်လှန်ရေးကို အကြောင်းပြုကာ မိဘများ ပုဖွန်မြောင်းရွာသို့ ပြောင်းရွှေ့ရောက်ရှိခဲ့ပုံ၊ အဖေနွဲ့နှင့် အဖေလူတို့ ထူးဆန်းစွာ တွေ့ဆုံကြပုံ...

အဖေနွဲ့ ငယ်စဉ်ဘဝအကြောင်းများအပြင် ရဏ္ဏန်းစင်တောင်ဆရာတော်ကြီး၏ တပည့်ရင်းဖြစ်ခဲ့ရာမှ စမတောင်တော်မြတ် သာသနာပြုလုပ်ငန်းများပါမကျန် (၇)ရက်သားသမီးများအား ကူညီကယ်တင်ခဲ့ပုံတို့ ဖြစ်ပါသည်။

'အဘမြို့ပြောပြမယ့် မြေကြမ်းဇာတ်လမ်းလေး ပြန်ဆက်ပါဦး'

'အဘမြို့ ကိုယ်ထိုင် သိတတ်ခါစ အရွယ်ပေါ့၊ ပုဖွန်မြောင်းရွာမှာ ထူးခြား

www.burmeseclassic.com

www.burmeseclassic.com

စွာ ဒေသဆုံးကြတဲ့ တံငါမိသားစု ရှိခဲ့ဖူးတယ်။ စစ်တောင်းမြစ်ရဲ့ မြစ်လက်တက်ဖြစ်တဲ့ ရွှေဘုံသာချောင်းဟာ ပုဖွန်မြောင်းရွာရဲ့ တာလမ်းကြီးဘေးမှာ ရှိတယ်။

အဖေလုပ်တဲ့ တံငါဟာ ငါးဖမ်းရင်းနဲ့ ငါးစည်ပူ(ငါးပူတင်း)တွေ ဖမ်းလာခဲ့တယ်။ အဲဒီငါးစည်ပူတွေကို ချက်ပြုတ်စားဖို့ကြရာက အဆိပ်မိပြီး မိသားစု(၅)ဦးစလုံး သေဆုံးကြတယ်။

အခေါင်း(၅)လုံးနဲ့ တစ်ပြိုင်တည်း ချတဲ့ အသုဘကို အဘမျက်စိထဲ အခု အထိတောင် မြင်မိသေးတယ်။ အခု အဘပြောပြတဲ့ မြေကြမ်းတဲ့ခြံဟာ တံငါမိသားစုပိုင်ပေါ့'

'အံ့သြစရာ ကြေကွဲစရာကောင်းတဲ့ အဖြစ်အပျက်ပဲ'

'ဟုတ်တယ် ဆွေမျိုးတွေက ကျန်ခဲ့တဲ့ အိမ်ခွဲခြံကို ကုသိုလ်ကောင်းမှု ပြုပေးမယ်ဆိုပြီး ရောင်းချခဲ့ကြတယ်။ အဲဒီနောက်ပိုင်းကစပြီး အိမ်ခွဲခြံ ဝယ်သူတွေ မိသားစုလိုက် စီးပွားပျက်ကြ၊ သေကြနဲ့ တိုက်ဆိုင်တာမျိုး မဟုတ်တော့ဘူး။ တကယ်လို့ ဖြစ်ကြတော့ ပိုင်ရှင်တွေဟာ လက်ဆင့်ကမ်းပြီး လျှော့စျေးနဲ့ ရောင်းကြတော့တယ်။

ထူးထူးခြားခြား အယုံအကြည်မရှိတဲ့ ကိုသံမဏိဆိုတဲ့ လူရွှတ်၊ အဲဒီအိမ်ခြံဝယ်ခဲ့တာ မှတ်မိတယ်။ ကိုသံမဏိက အရက်သောက်တယ်။ ဒါ့အပြင် ခွေးသားပါမကျန် စားတဲ့လူ။

ဖြစ်ချင်တော့ ကိုသံမဏိရဲ့ဇနီး မခင်ဝင်းဟာ အချိန်မတော် ညတိုင်း လိုလို ဝူးဝူးဝါးဝါးနဲ့ ငိုလိုက်ရယ်လိုက် ဖြစ်တော့တယ်။ ဒါကို ကိုသံမဏိက လက်မခံ ရိုက်လားထိုးလားနဲ့ လက်လွန်ပြီး မခင်ဝင်း သေပြန်တယ်။ ကိုသံမဏိလဲ ဇောင်ကျသွားတာပေါ့'

'တော်တော်ဆိုးတဲ့ ကိစ္စတွေပဲ'

'နောက် ဒီမြေနဲ့အိမ်ကို ဝယ်သူမရှိဖြစ်ပြီး အိမ်မာလဲ လူမနေ၊ ကြာတော့ ဆွေမျိုးတွေစုပြီး အိမ်ကို ဖျက်လိုက်ကြတယ်။ အဲလိုဖြစ်နေတုန်း ပုဖွန်မြောင်းကို ပြောင်းလာတဲ့ ကျောင်းဆရာက သေသေချာချာ မြေရာဇင်မသိဘဲ ဈေးပေါ်ပေါ်နဲ့ ဝယ်တယ်။

ကျောင်းဆရာက သူတော်ကောင်း မို့လား မသိဘူး။ အဖေနဲ့ ပုဖွန်မြောင်းကို လာနေချိန်နဲ့ တိုးပြီး မြေရှင်း၊ မြေပြင် ပြုလုပ်ပေးခဲ့တာ'

'အဖေနဲ့ ဘယ်လိုလုပ်ပေးလဲ သိရင် ပြောပြပေးပါလား'

'အဖေနဲ့ ရှိရာကို ကျောင်းဆရာသွားတွေ့ပြီး အကျိုးအကြောင်းပြောပြတော့ **ခြံဝန်းထဲက မြေအားလုံးကို ဆားကြိုပက်ထားလိုက်လို့** မှာပြီး ကြိုပြင်ထားရမယ့်ပစ္စည်းတွေ မှာတယ်။ နောက်တစ်နေ့ အဲဒီခြံကို လာခဲ့မယ်လို့ ပြောလိုက်တယ်'

'ဆားပက်တာ ဘယ်လိုအဓိပ္ပာယ်လဲ'

'အဘလဲ နောက်မှ သိရတာ ရှိနှင့်ခဲ့ပြီး ဆားပက်ပြီး တစ်အတန်နဲ့ မြေပြင်လိုက်တာတဲ့'

'မှတ်သားဖို့ကောင်းတဲ့ အစီအရင်း'

'နောက်တစ်နေ့ အဖေနဲ့ရောက်လာတယ်။ နှင်းအိမ်ကို တော်တော်ယူပြီး အလုပ်တယ်။ အရပ်မျက်နှာနဲ့ ထောင့်(၄)ထောင့်လဲ အလေးထားစာယ်။

ပါးထောင့်နဲ့ သောမအရပ် အရပ်ထောင့်အရပ်(၈)ထောင့်ထဲက ပါး(၄)ထောင့်ကြက်လျှာအလံပြု(၄)လက် စိုက်ထူတယ်။

ကျန် သောပ(၄)ထောင့်ဖြစ်တဲ့ ဟန်ဗဟျူးကြားသပတေးနဲ့ သောကြာအရပ်မှာ အရပ်မျက်နှာအလိုက် စောင့်လှည့်နတ်မင်းကြီး(၄)ပါးကို ရည်မှန်းပြီး အဆုံးဖယောင်းတိုင်တွေ ထွန်းပြီ ပူဇော်

www.burmeseclassic.com

www.burmeseclassic.com

ကြိုးပြင်ဆင်နိုင်းတယ်'

'စိတ်ဝင်စားဖို့ ကောင်းလိုက်တာ'

"ခြင်္သေ့အလယ်တည့်တည့်မှာ ဘုရား(၁)ပွဲ ဝိဇ္ဇာပွဲ(၁)ပွဲ အုန်းဒုက်ပျော်နဲ့ ထိုးခိုင်းတယ်။ အဲဒီအချိန်မှာ ရွာလေ့အတိုင်း ဒါမိုးတွေကို ပတ်သက်ပြီတဝ်းသူ ရွာသူရွာသားအိုးမ ယောကျ်ား(၁၀)ဦးလောက် ရောက်နေပြီး ဖျာခင်းပါမှာ ထိုင်ကြည့်နေကြတယ်။

အဖေနဲ့ ကခြံထဲပတ်ပြီး မြင်အပ်တဲ့ပုဂ္ဂိုလ်တွေကို မေတ္တာပေးတယ်၊ မေတ္တာရပ်တယ်။ နံနက်(၉)နာရီတိတိမှာ 'ထောင့်(၄)ထောင့် အမွေးတိုင်၊ ဖယောင်းတိုင်တွေ ထွန်းညှိပူဇော်စေပြီး၊ အဖေနဲ့ကိုယ်တိုင် ဘုရားရှင်နဲ့ ဝိဇ္ဇာပုဂ္ဂိုလ်တွေအတွက် အမွေးတိုင်၊ ဖယောင်းတိုင် ပူဇော်တယ်။

ဘုရား,တရား,သံဃာတွေကို အာရုံထားပြီး ထိခြင်း(၅)ပါးနဲ့ ကန်တော့တယ်။ "မှတ်မှတ်ရရ ဂုဏ်တော်(၉)ခေါက်တိတိ ရွတ်တယ်။ ပြီးမှ ဝိဇ္ဇာပုဂ္ဂိုလ်ကြီးတွေကို ပဉ္စဖိတ်ပြီး နှုတ်ကပဲ အသံထွက် လျှောက်ထားတယ်။

"(၇)ရက်သားသမီးများ ပိုင်ဆိုင်သော ခြံမြေတွေ ဖကောင်းသော အနောင့်အယှက်များ ရှိနေပါသည်။ မြေစောင်းမျော်ကြောင့် အိုးအိမယူ ကူညီလိုကြောင်း သစ္စာပြုပါ၏"

လို့ လျှောက်ထားတာ။ အဖေနဲ့ အဝိကထားလျှောက်တဲ့ ပုဂ္ဂိုလ်က ရက္ကန်းစင်တောင် ဆရာတော်ကြီးပဲ ကွယ့်။

ရက္ကန်းစင်တောင် ဆရာတော်ကြီးကို နှုတ်က လျှောက်ပြီး ခွင့်ပန်တယ်။

"တပည့်တော် မောင်သန်းပါ ဘုရား... ကျေးဇူးရှင်ဆရာတော်ကြီးကို ခွင့်ပန်ပါတယ် ပို့ဆောတင်ကို အောင်မြင်စွာ နိမိန်းနိုင်အောင် ပို့ဆောတင်ကို ထေးသနားတော်မူပါဘုရား' တဲ့။ ထူးခြားတာကို ချက်ချင်းကြီး ကို ကြုံရတော့တယ်'

'ဘယ်လိုဖြစ်ကုန်လို့လဲ'

'အဖေနဲ့ နောက်မှာ ထိုင်နေတဲ့ ရွာသူရွာသားတွေထဲက ဒေါ်ကြည်ဆိုတဲ့မိန်းမ အကောင်းကြီး ထိုင်နေရာက နာလှပါပြီ၊ ကြောက်လှပါပြီဆိုကာ ငိုပြီး အဖေနဲ့ကို ကန်တော့တယ်'

'အဖေနဲ့က ဘာပြောလဲ အဘမြိုင်'

'သင်တို့မြေ ဖဟုတ်တော့ဘူး ပိုရတိုရချည်း ဆိုရဟုပိုလိုများကလဲ သင်တို့ကို လက်မခံကြတော့ဘူး၊ ယခုင် အပြီတိုင် ထွက်ကြပါ၊ သင်တို့တစ်တွေအတွက် ကုသိုလ်ပြုပေးယ် သာဓုခေါ်ဆိုကြ'

ဒါပဲ ပြောတယ်။

အဖေနဲ့ ပြန်ခါနီး ကျောင်းဆရာကို (၂)ခုမှာကြားတယ်။ တစ်ချက်က သွားလေသူမိသားစုအတွက် သံဃာတော် (၅)ပါး ပင့်ပြီး ကုသိုလ်ပြု အမျှပေး ဝေဖို့ရယ်...

နောက်တစ်ချက်က **ဒုတ္တဒ္(၅) ကျပ်သား ရေမှာဇော် ခြံမြေအနှံ** ပက်ဖျန်းပါတဲ့'

'ဘာဖြစ်လို့ ဒုတ္တာရည် ဖျန်းခိုင်းတာလဲ အဘမြိုင်'

'အဲဒါတော့ အဘလဲ မသိဘူး။ အကြောင်းရှိလို့ ဖြစ်မှာပေါ့'

ထိုသို့ စီရင်ပေးခဲ့ပြီးနောက်ပိုင်း ကြမ်းပါတယ်ဆိုတဲ့ ခြံမြေဟာ ဘာသံမမကြားရတော့ဘူးဟု ဆိုပါသည်။

စဉ်းစားမိသည်က လူသားများမှ အချို့လူတို့သည် စိတ်အစဲ့အလမ်းကြောင့် ဘဝတစ်ပါးသို့ ပြောင်းလဲသည့်တိုင် ပိုင်ဆိုင်ခဲ့ဖူးသည့် ပစ္စည်းဥစ္စာနှင့် နေရာများအား စွဲလမ်းတွယ်တာကြပေသည်။

ဓာဇ်ပြပါအကြောင်းအရာနှင့် ပတ်သက်၍ အကုသိုလ်စိတ်အစဲ့ဖြင့် နိဂုံးမလှ ထူးခြားစွာ သေဆုံးသွားကြသည့် မိသားစု(၅)ဦးအတွက် စိတ်မကောင်းမိပါ။

စာနေသူ ပုဖွန်မြောင်းရွာကြီးသို့ အလည်အပတ် ရောက်ရှိခဲ့ဖူးစဉ် အဖေနဲ့နှင့် မြေကြွင်းအကြောင်း ထူးထူးခြားခြား ကြားသိခဲ့ရ၍ နှစ်ပေါင်း များစွာ ကြာမြင့်ခဲ့သည့် ဇာတ်လမ်းလေးအား ဗဟုသုတဖြစ်စေရန် ရည်ရွယ်ပြီး ဇာတ်အိမ်ဖွဲ့ကာ ရေးသားမိပါကြောင်း ဝန်ခံမိပါသည်။

[ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ကြီးအား အာရုံဖြင့် ဦးခိုက်လျက်...]

ရဲမျိုးသူ(ဗောဓိမြိုင်)
ဒေတ္တ နီလာကုန်းစခန်း

ဓာရဏာ သုတောဆီ ပညာရှင်တို့ခွင့်များ...

ဤဆောင်းပါးပါ" အစီအရင်များမှ ဒုတ္တာကို ရေလောင်းပြီး ခြံမြေအနှံ ဖျန်းပက်ခြင်းမှာ မည်သည့်အကြောင်းကို အခြေခံပါသလဲဆိုတာ သိရှိသူများမှ ဤနက္ခတ္တရာဇ်ခြည်မဂ္ဂဇင်းမှ ပြေကြားပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

လေးစားမှုဖြင့်...

ဦးတော်ဝိုးသိန်း
ဓာတုဗေဒပညာရှင်
နက္ခတ္တရာဇ်ခြည်မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

ဆန်းကြယ်စွာ ကြုံရဆုံရ

ကောင်းနန်းဝင်း

မန်သက်ရွာသူ အစေပါ

ဖွင့်လင်းရာသီရောက်ပြီ။

စိုက်ပျိုးရေး မန်နေဂျာလေးမောင်ခင်တို့ ဌာနဆိုင်ရာတွေ စစ်ကြောင်းကြီး(၅)ကြောင်း ခရီးစဉ်ဖြင့် ခရီးထွက်ကြရတော့မည်။ စစ်ကြောင်းတွင် အုပ်ချုပ်အဖွဲ့တွေ၊ ဌာနဆိုင်ရာအဖွဲ့တွေ၊ လုံခြုံရေးအဖွဲ့တွေနှင့် ကျန်းမာရေးအဖွဲ့တွေ အစုံပါသည်။ သွားရမည့်ဒေသမှာ **မန်သက်ရွာ** ဖြစ်သည်။

မန်သက်ရွာသည် ဟန္တလင်းမြို့နယ်ထဲမှ ရွာကြီးတစ်ရွာဖြစ်သည်။ ဟန္တလင်းမှ (၅၀)ကိုဆိုသည်။ ချောင်ချိမ်းမြစ်အရှေ့၊ ဘက်မှာကိုးမြို့ ဥယျာဉ်အတိုင်း ဆန်တက်မြို့မှ သွားကြရသည်။

ခရီးမှာ အလှမ်းကွာပြီး ရှေးဦးစွာ မိုင်(၄၀)ကွာသည့် နန်တောရွာသို့ သွားရသည်။ နန်တောရွာ၏ တောင်ဘက် (၁၈)မိုင်ခရီးဆက်မှ မန်သက်ရွာသို့ ရောက်လေတော့သည်။

မောင်ခင်တို့စစ်ကြောင်းအဖွဲ့ ဒီရွာကြီးကို ၁၉၆၅ ခုနှစ်၊ ပွင့်လင်းရာသီမှာ ရောက်ခဲ့ကြသည်။ မန်သက်ရွာကို အခြေချပြီးမှ ကိုးတောင်ရွာနှင့် ဆင်နှာမောင်းရွာတွေကို စစ်ကြောင်းထွက်ရမည်ဖြစ်သည်။ သည်ခရီးလမ်းက ကြမ်းပြီး လူကူလီဝန်ထမ်းဖြင့် ခြေကျင် သွားရမည့်လမ်း ဖြစ်သည်။

စစ်ကြောင်းအဖွဲ့တွေ၏ ဝန်ထုပ်ဝန်ပိုးတွေကို သယ်ဖို့ မန်သက်ရွာမှ လူကူလီပေးရသည်။ အလှည့်ကျ လူကူလီတွေထဲမှာ (၁၆)နှစ်အရွယ် ရုပ်သန်သန်နှင့် မိန်းကလေးငယ်နှင့်အတူ အဘွားအိုတစ်ဦးလည်း ပါလာသည်။

အဘွားအိုက **''သမီးကို စိတ်မ... လို့ သူမယ် လိုက်မည်''** ပြောပြီး သ... သမီးငယ် တာဝန်ကျသည့် အထက်... ဆွဲမ,နေသည်။ အားလုံးကလည်း... ကြောင်း စတွက်ဖို့ အသင့်ဖြစ်နေ... ပြီ။ **''အဘွားအိုနှင့် သည်ခရီး ထ...**

www.burmeseclassic.com

www.burmeseclassic.com

ကြောင်း'' စစ်ကြောင်းအဖွဲ့မှ ဝိုင်းတောင်းပန်ကြသည်။

အဘွားအိုကလည်း ပြောမရဆိုမရ ဖြစ်နေသည်။ အဘွားအိုကြီးအတွက်နှင့် ခရီးထွက်ဖို့ အချိန်ဖင့် နေကြရပြီး ကျေးရွာဥက္ကဋ္ဌ ဦးစိန်ခိုကလည်း မပြောရဲ ဖြစ်နေသည်။

ကြာတော့ လူငယ်ဖြစ်သည့် မောင်ခင်က စိတ်တိုလာသည်။ မောင်ခင်က အဘွားကြီးကို ခပ်ကြမ်းကြမ်း ငေါက်ငမ်း ကြိမ်းမောင်းထားခဲ့ပြီးမှ ခရီးထွက်ခဲ့ကြသည်။ အဘွားအိုလည်း ဆဲဆိုကျန်ခဲ့သည်။

ကိုးတောင်နှင့် ဆင်နှာမောင်းရွာ စစ်ကြောင်းပြီးတော့ မန်သက်ရွာသို့ ပြန်ခဲ့ကြသည်။ မန်သက်ရွာရောက်တော့ ညနေ ဇံမင်းစားချိန်ဖြစ်နေပြီ။ ရွာမလေ့အတိုင်း ဝန်ထမ်းဧည့်သည်တွေအတွက် ဥက္ကဋ္ဌအိမ်သို့ ထမင်းပို့ကြရသည်။

ကိုးတောင်ရွာဘက် စစ်ကြောင်းထွက်ခဲ့စဉ်က စကားများခဲ့သူ အဘွားအိုမှလည်း အများနည်းတူ ထမင်းပွဲလာပို့သည်။ ထူးထူးခြားခြား ဝက်သားချဉ်ဟင်းနှင့်ဖြစ်သည်။

စိုက်ပျိုးရေး မန်နေဂျာလေး မောင်ခင်တို့ ထမင်းဝိုင်းတွင် နယ်ပိုင် ဝန်ထောက်ကြီး ဦးအောင်မြင့်၊ တိုက်ပိုင်ဦးသန်းဖေ၊ ဌာနအုပ် ဦးလှဖေတို့ ထိုင်ကြသည်။ သည်ထမင်းဝိုင်းထဲမှာမှ ဝက်သားချဉ်ဟင်းက ပါလာသည်။ ဥက္ကဋ္ဌဦးစိန်ခိုက ဝက်သားချဉ်ဟင်းကို မစားဖို့ တိုးတိုးတိတ်တိတ် လာတားသည်။

နယ်ပိုင်ကြီးနှင့် တိုက်ပိုင်ကြီးတို့က မစားဘဲနေကြသည်။ မောင်ခင်က ''မစားပါနှင့်'' ဟု တားခဲ့သည့်ဟင်းကို မှ ယူစားခဲ့သည်။ ဥက္ကဋ္ဌဦးစိန်ခိုက စိုက်ပျိုးရေးမန်နေဂျာလေး ဝက်သားချဉ်ဟင်းကို မှာ ရွေးပြီး စားနေသည်ကို ကြည့်ပြီး မျက်လုံးပြူးသွားသည်။

''ဒီဟင်းက အယ္လာဘုန်းက ဆရာလေးနဲ့ စကားများတဲ့ အဘွားကြီးအိမ်က ဟင်း အဘွားကြီးက နာယည်ကျက်ပညာသည်ကြီး ဒါကြောင့် မစားပါနဲ့လို့ တားတာပါ''

ဟု ဦးစိန်ခိုက ရှင်းပြခဲ့သည်။ ခုတော့ ဘာမျှ မတတ်နိုင်တော့ စားပြီးနေပြီပဲ။

မန်နေဂျာလေး မောင်ခင်က ဒါမျိုး အယုံအကြည်ရှိသူမဟုတ်၊ သူက အမရပူရသား စိုက်ပျိုးရေးတက္ကသိုလ် ဆင်းဆိုတော့ လက်တွေ့သမား၊ ညစာ ထမင်းစားပြီးသည်နှင့် ဖယောင်းတိုင် မီးထွန်းကာ စစ်ကြောင်း အစီရင်ခံစာ ရေးနေသည်။

အစီရင်ခံစာ ရေးနေဆဲမှာပဲ မောင်ခင်တို့ စိုက်ပျိုးရေးဌာနမှ ကျေးလက်ကြီးပွားရေးမှူး ခေါင်ဆိုင် ချင်းတိုင်းရင်းသား ရန်ဝိုလတ်က **''ဆရာ နေကောင်းရဲ့လား''** ဟု ရုတ်တရက် လာမေးသည်။ မောင်ခင်က **''နေကောင်းပါတယ်''** ဟု ပြန်ဖြေရင်း အစီရင်ခံစာကို ရေးမြဲရေးနေသည်။

တစ်အောင့်လောက် ကြာတော့ ဥက္ကဋ္ဌကတော်က **''ဆရာနေထို့ကောင်းပါတယ်နော်''** ဟု ထပ်မေးလာပြန်သည်။ ဒါကိုလည်း မောင်ခင်က သတိမထား အစီရင်ခံစာကိုသာ ဆက်ရေးနေသည်။ ဥက္ကဋ္ဌကတော် လာမေးပြီး လို့မှ မကြာသေး ဥက္ကဋ္ဌ ဦးစိန်ခိုကိုယ်တိုင်က **''ဆရာ ထကယ် နေကောင်းတာ ဟုတ်ရဲ့လား''** ဟု ထပ်မေးပြန်သည်။

သည်အချိန်မှာပဲ ရွာသူကဲက အဘိုးကြီးတစ်ယောက် ရောက်လာသည်။ အဘိုးကြီး၏ပုံပန်းက ခပ်ဆန်းဆန်း ဖြစ်သည်။ တိုက်ပုံအင်္ကျီအနက်ကို ဝတ်ထားသည်။ ခေါင်းပေါင်းကိုလည်း မောင်ကျက်သရေခေါင်းပေါင်းပုံ ပေါင်းထားသည်။

အဘိုးကြီးက မောင်ခင်ကို သေချာကြည့်ပြီး မောင်ခင့်အနား လာထိုင်ကာ လက်ကို ဆွဲကိုင်နှုတ်ဆက်ပြီး လက်ကောက်ဝတ်ကိုပါ သေချာဆုပ်ကိုင်နေသည်။ ပြီးမှ **''လူ့ဆရာ အုန်းဆေး''** ဟု ပြောကာ ထပြန်သွားသည်။

သည်တော့မှ မောင်ခင်က မယက်မကာ ဖြစ်လာသည်။ **''ခင်ဗျားတို့ ဘာဖြစ်နေထာလဲ''** ဟု မေးလိုက်သည်။ ဦးစိန်က...

'ဆရာ ညနေက အယေးအိမ်မှ ဂက်ဆားချဉ်ဟင်းဆားလို့ အယေး ပြောဆံရပြီး လားအထင်နဲ့ ဆေးဆရာပင့်ပြီး စစ်ကြည့်တာ၊ ဆေးဆရာက "ပင်းတို့လူနေကောင်းတယ်"လို့ ပြောသွားတာပါ'

ဟု ရှင်းပြသည်။

မန်နေဂျာလေးမောင်ခင်ကား စိတ်ဆတ်သူပီပီ ရေးလက်စ အစီရင်ခံစာ

www.burmeseclassic.com

တွေကို တစ်ချထားခဲ့ပြီး စစ်ကြောင်း လုံခြုံရေး လိုက်လာသူ တပ်ရင်း(၅၃)မှ ဒုတပ်ကြပ်တင်မြင့်နှင့် ရွာဆော်ကို ခေါ်လိုက်သည်။ ရွာဆော်ရောက်လာသည်နှင့် အမေပုအိမ်ကို လိုက်ပို့ခိုင်းတော့သည်။

အမေပုအိမ် ရောက်သည်နှင့်...

'ခင်ဗျား အယ့်လား... အသွားတုန်းက ခင်ဗျားနဲ့ စကားများတယ်၊ ညနေကလဲ ခင်ဗျားပို့တဲ့ ဝက်သားချဉ်ဟင်းစားပြီ တယ် ခင်ဗျားတစ်ခုခု လုပ်ထားသလား။ နောက်ပြီး ခင်ဗျားကို ယုံသည်ကြီးလို့ လူတွေက ပြောနေကြတယ်၊ ကျုပ်ကို ချက်ချင်းသေအောင် လုပ်နိုင်ရဲလုပ်၊ မသေဘဲ တစ်ခုခု ဖြစ်ရုံဆိုရင်တော့ ခင်ဗျား မလွယ်ဘူး'

ဟုပြောကာ ဒေါသတကြီး ကြိမ်းမောင်းလိုက်သည်။

အမေပုကတော့ လုံးဝမတုန်လှုပ် **"လူတွေက ဒီလိုပဲ ပြောနေကြတာပါ"** ဟု ငေးလသံပျော့ပျော့နှင့် ပြောနေရှိ စိတ်လျှော့ပြီး ပြန်ခဲ့ရသည်။ ကံကောင်းထောက်မလို့ပဲလား မပြောတတ် အဲဒီနေ့ညက မောင်ခင် ဘာမှ မဖြစ်ခဲ့။

သည်လိုနှင့် နောက်(၃)လလောက် ကြာတော့ မောင်ခင်တို့အဖွဲ့ မန်သက် ရွာဘက် စစ်ကြောင်းထပ်ထွက်ခဲ့ရသည်။ သည်အချိန်က မိုးတွင်းကာလ ဖြစ်သည်။ ရွာရောက်တော့ မောင်ခင်က လေသေနတ်တစ်လက်နှင့် ငှက်ပစ် ထွက်နေခဲ့သည်။

"ဒီလို မိုးတွင်းကာလသူတို့ဒေသမှ ချိုင့်ကွက်တွေက ရွာထဲမှ စပါးကျီဆွယ်မှာ မိုဆိုင်း စပါးစားရင်း ညဘက်ပြည်နေ နေလေ့ရှိကြောင်း၊ တခြားအိမ်မှ စပါးကျီက ချိုးတွေကို ပစ်ရင်ကြေမယ့် အမေပုအိမ်က ချိုးတွေကိုတော့ ပစ်ရဲကြကြောင်း အဲဒီစပါးကျီမှာ ချိုးတွေ ရှိတယ်'

ဟု ရွာဆော်က သတင်းပေးလာသည်။

အမေပုအိမ်မှ စပါးကျီက ချိုးတွေကို ပစ်ဖို့ မောင်ခင်တစ်ယောက်တည်း လေသေနတ်ခွဲပြီး စွတ်ခဲ့သည်။ အမေပုအိမ်ရောက်တော့ **"အမယ်လေး သေရချည့်ရဲ့တော်"** ဟု အော်ပြီး ညည်းနေသံကြားရသည်။ အိမ်ထဲကို အသံပြုပြီး ဝင်ကြည့်လိုက်တော့ အမေပု မျက်စိနာပြီး ကုန်းအော်နေသည်။

မောင်ခင် ဥက္ကဋ္ဌနေအိမ်ပြန်ပြီး စစ်ကြောင်းအဖွဲ့မှ ဆေးတချို့ယူကာ ပြန်လာခဲ့သည်။ အမေပုကလည်း ကုန်းအော်နေဆဲဖြစ်သည်။

မောင်ခင်က အမေပုနား သွားပြီး "အစ်ပီသရီး" ဆေးနှစ်ပြားကို ယုယုယယ သူမြေးမလေး၏ အကူအညီနှင့် စတိုက်လိုက်သည်။ "ကော်မျက်စဉ်း" ကိုလည်း ခတ်ပေးလိုက်သည်။ နောက် နှစ်ရက်ဆက်တိုက် မျက်စဉ်းခတ် ဆေးတိုက်လုပ်ပေးလိုက်သည်။

ဆေးက အစွမ်းထက်လို့ထင်သည်။ နောက်နေ့မှာ အမေပု မျက်စိနာသက် သွားသည်။ အဲဒီနေ့ကစပြီး မောင်ခင်ကို ကျေးဇူးတင်လည်းတင် သားလိုလည်း ခင်သွားသည်။ မန်သက်ရွာဘက် တတိယအကြိမ် ခရီးထွက်ရလေတော့ အမေပုရဲ့အိမ်မှာ မောင်ခင် အတွက် စားအိမ်သောက်အိမ် ဖြစ်သွားပါတော့သည်။

သည်လို ဝင်ထွက်သွားလာ စားသောက်နေတာကို ဥက္ကဋ္ဌကြီးဦးစိန်ခိုနှင့် ရွာသားတွေက ဝိုင်းပြီး တားကြ၊ သတိပေးကြသည်။ စစ်ကြောင်းအဖွဲ့ တွေကလည်း ရှောင်နေကြသည်။ အများပြောကြသလို "တစ်နယ်လုံးရဲ့ ထိပ်ခေါင်ပညာသည်ကြီး" ဆိုတာကို မောင်ခင်ကယုံယုံမှီလည်းအကြောင်း ကမရှိင်လုံ ဖြစ်နေသည်။

သည်လိုနှင့် မိုးရာသီကုန်ပျောက်ကာ ဆောင်းရာသီရောက်လာခဲ့သည်။ သည်ဒေသက ဆောင်းဦးပေါက်မှာ တောင်သူတွေက မြေပစိုက်ကြသည်။ မြေပစိုက်ဖို့ အမတော်ကြေးလည်း ပေးရသည်။ မြေပ အမတော်ကြေးပေးဖို့ ဟုမွဲလင်းမြို့မှ (၁၀)မိုင်ဝေးသည့် ချင်းတွင်းမြစ်ဘေးက **"ငိုဖင်းရွာ"** ကို မန်နေ့ကျလေးမောင်ခင်တို့ စစ်ကြောင်းအဖွဲ့ ထွက်ခဲ့ကြရသည်။

သည်တစ်ခေါက် မောင်ခင်တို့ စစ်ကြောင်းအဖွဲ့မှာ ယစ်မျိုးတိုက်ပိုင် ဦးကောအယ်ိုင်(ကချင်)၊ လဝကမျိုး ဦးထောင်ကိုင်း၊ သမမြို့အုပ် ဦးချစ်တင်မောင်နှင့် သူ့တပည့်နှစ်ဦးတို့ ပါလာသည်။

ငိုဖင်းရွာရောက်တော့ ဥက္ကဋ္ဌ ဦးဖိုးစိန်၊ ဒေါ်တင်မြတို့အိမ်မှာ စတည်းချခဲ့ကြရသည်။ ဦးဖိုးစိန်တို့အိမ်၏ နောက်ဖေးလမ်းကြားမှာ ကုက္ကိုပင် တန်းရှိသဲ့သည်။ ကုက္ကိုပင်တန်းနောက်မှာတော့ ဘုန်းကြီးကျောင်းက ထည်ထည်

www.burmeseclassic.com

www.burmeseclassic.com

ဝါဝါကြီးရှိနေလေသည်။

အမတော်ကြီး စပေးသည့်နေ့ဖြစ်၍ ညထိ အလုပ်လုပ်ကြရပြီး ညဉ့်နက်မှ အိပ်ခဲ့ကြသည်။ လူခြေတိတ်သည့် ည(၂း၀၀)နာရီလောက်မှ ဦးချစ်တင်မောင် အပေါ့သွားဖို့ အိမ်ပေါ်က ဆင်းသွားသည်။

ချက်ချင်းဆိုသလို ဦးချစ်တင်မောင် အိမ်ပေါ်ပြန်တက်လာသည်။ **"စုန်းမီး စုန်းမီး"** ဟု ပြောပြီး မောင်ခင်တို့သုံးဦးကိုနှိုးကာ အိမ်ပေါ်မှ သုတ်သီးသုတ်ပျာ ပြန်ဆင်းသွားသည်။

ဦးထောင်ကိုင်း၊ ဦးကေအလှိုင်နှင့် မောင်ခင်တို့သုံးယောက်လည်း အိပ်ရာမှ အမြန်ထကာ ဦးချစ်တင်မောင် နောက်လိုက်ခဲ့ကြသည်။ ဦးကေအလှိုင်က သူ့ ပွိုင့်တူးတူး သေနတ်ကိုပါ ဆွဲယူလာသည်။ မောင်ခင်တို့ ရောက်လာသည်နှင့် "ဟိုမှာ...ဟိုမှာ" ဆိုပြီး ဦးချစ်တင်မောင်က လက်ညှိုးထိုးပြသည်။

စုန်းမီးက သုံးလုံးတည်းက ကပ္ကဋိပင်ထွက်ကြား တရွေ့ရွေ့ သွားနေသည်၊ မောင်ခင်က စုန်းမီးကို ထေ့ချာလေ့မာရင်းကြည့်နေသည်။ မီးလုံးအတွင်းမှ လူနောက်လုံးပုံပြီး ဆယ်ပြားမှုတ်ဖောင်းကြွနေသလို အရောင်လဲ့ဝင်းသည်။

သည်လို ကြည့်ကောင်းနေချိန်မှာပဲ ဦးကေအလှိုင်က မောင်ခင်ကို သေနတ်ပေးပြီး ပစ်ခိုင်းသည်။ မောင်ခင်ကလည်း စူးစမ်းချင်သူပီပီ သေနတ်ကိုယူကာ ဆီမီးအော်တို ခလုတ်ကို နှိပ်ပြီး မောင်းတင်လိုက်သည်။

တရွေ့ရွေ့သွားနေသည့် မီးလုံးကို လိုက်ချိန်ပြီး ကုက္ကိုပင်ကြီးနှင့် ထပ်မိလျှင် ထပ်မိချင်း မီးလုံးတစ်လုံးရဲ့ အလယ်တည့်တည့်ကို ပစ်ထည့်လိုက်သည်။

ပွိုင့်တူးတူးသံက "ဖောင်း" ခနဲ၊ "ဖောင်း" ခနဲ နှစ်ချက် ဆင့်ထွက်သွားသည်။ ပထမကျည်က လွဲသွားပုံရသည်။ ဒုတိယကျည်က မီးလုံး၏ နောက်ပိုင်းကို ထိမှန်သွားသည်။

ကျည်ထိမှန်သွားသည့် မီးလုံးမှာ အပေါ်သို့ (၄၅)ဒီဂရီလောက် မြောက်တက်သွားပြီး "ရှူး" ခနဲ အော်မြည်ကာ မီးလုံးအားလုံး မျက်စိအောက်က ပျောက်သွားလေတော့သည်။ ထိုညက "စုန်းမီး"ပါ၊ "သရဲမီး"ပါ ငြင်းနေရတာနှင့် အိပ်ပျက်ခဲ့ကြရသည်။

မနက်မိုးလင်းသည်နှင့် ဥက္ကဋ္ဌအိမ်အောက်ထပ်မှ ညဉ့်ခန်းမှာ စားပွဲပိုင်းခင်းပြီး ဧည့်သူတွေကို အမတော်ကြေးငွေ ထုတ်ပေးနေကြသည်။ နေမြင့်၍ (၁၁း၀၀)နာရီလောက်အရောက်မှ ယစ်မျိုးအုပ် ဦးချစ်တီး ငှက်ပစ်ထွက်သွားသည်။ မကြာမီ ဘဲငန်းတစ်ယောက် ဆွဲပြီးပြန်လာသည်။ ပွိုင့်တူးတူးကိုလည်း မောင်ခင် နားလာချထားသည်။

မောင်ခင်က သေနတ်ကိုယူပြီး ကျည်အားလုံး ထုတ်လိုက်သည်။ ကျည်ရှင်းသွားမှ မောင်းတင်မောင်း ဖြုတ်လုပ်နေသည်။ သေနတ်မောင်း ဖြုတ်ချိန် လက်ဆ ငြိမ်,မငြိမ် အကြိမ်ကြိမ်စမ်းနေသည်။ ဆယ်ပြားစွေ့ကလေးကို ချိန်သီးပေါ်တင်ပြီး စမ်းပြန်သည်။ ဆယ်ပြားစေ့က ပြုတ်မကျလက်ဆငြိမ်လှသည်။ မောင်ခင် သဘောကျသွားသည်။

သည်တစ်ကြိမ် စမ်းပြီးလျှင် နားဖို့ဆုံးဖြတ်ပြီး သေနတ်ကို မောင်းတင်လိုက်သည်။ အပေါ်ထပ် တက်သည့် လှေကားမှ သစ်သားတန်းလေးကို လည်း ချိန်လိုက်သည်။ သေချာသည်နှင့် ခလုတ်ကို ဆွဲဖြုတ်လိုက်ရာ "ဖန်း ခနဲ" မြည်ကာ ကျည်တစ်တောင့် ပေါက်ထွက်သွားသည်။

လှေကားလက်ရန်းမှ သစ်သားတန်းလည်း လွင့်စဉ်သွားသည်။ သည်အချိန်အိမ်ပေါ်မှ ဆင်းလာသည့် ဒေါ်တင်မြမှာလည်း "အမယ်လေး" တဲ့ အော်ကာ လှေကားပေါ်မှတလိမ့်ခေါက်ကွေး ကျသွားသည်။

မောင်ခင်လည်း လန့်ပြီး သေနတ်ကို ပစ်ချလိုက်သည်။ လူတွေကလည်း ဒေါ်တင်မြဆီ ပြေးပြီး ဝိုင်းကူ ထူမပေးကြသည်။ ကံကောင်းထောက်မ၍ ဒေါ်တင်မြကို ကျည်မထိခဲ့ပါ။ လူအားလုံးကတော့ ထိတ်လန့်တုန်လှုပ်ကာ အိမ်ပြန်ပြေးကြပါတော့သည်။

ကျည်ဆန်မရှိသည့် သေနတ်မှ ထူးခြားဆန်းကြယ်စွာ ကျည်ထွက်ပြီး သစ်သားတန်းကို ထိမှန် လွင့်စဉ်သွားခဲ့ရသည့်အဖြစ်ကို မောင်ခင်ကိုယ်တိုင် နားမလည်နိုင်အောင် ဖြစ်ကာ အံ့သြတုန်လှုပ်ခဲ့ရလေသည်။ နောက်နေ့မှာတော့ ဦးကေအလှိုင်က ငှက်ပစ်ဖို့ခေါ်၍ ငိုင်းအင်းဘက် ငှက်ပစ်ထွက်ခဲ့ကြသည်။

အင်းနားရောက်သည်နှင့် တောဘဲငန်းကြီးတွေက ရေထဲဆင်းလိုက် ထပျံ လိုက်ဖြစ်နေသည်။ အင်းစပ်မှ ပိတ်စွယ်ငှောကို ကွယ်ကာ ပစ်ကွင်းရှာနေကြသည်။ ဝဲပျံနေသည့် ဘဲငန်း

www.burmeseclassic.com

www.burmeseclassic.com

အုပ်ကြီးကို ကြည့်နေဆဲမှာပဲ တစ်ဖက် အင်းစပ်မှ ဒရယ်တစ်ကောင် ရေသောက်ဆင်းလာသည်။

မောင်ခင်က ဦးကေအလှိုင်ကို ကိုင်ပြီး ''ဟိုမှာ...ဒရယ်၊ ဒရယ်'' ဟု ပြောရင်း လက်ညှိုးထိုးပြသည်။ ဦးကေအလှိုင်က ''ဘယ်မှာလဲ'' ဟု မေးနေသဖြင့် မောင်ခင်က စိတ်မရှည်တော့ဘဲ သေနတ်ကို ဆွဲယူလိုက်သည်။ ပစ်ကွင်းနီးအောင် အင်းထဲဆင်းကာ ပိတ်စွယ်ပင်တွေကြား တိုးသွားသည်။ ဒရယ်လေးကလည်း ခါးလေးကော့ပြီး ခေါင်းလေးမော့နေသည်။

မောင်ခင်က ပိတ်စွယ်ပင်တွေကို ကွယ်ပြီး မတ်မတ်ရပ်ရင်း သေနတ်ကို ကျည်ထိုး မောင်းတင်လိုက်သည်။ ဒရယ်လေး၏ လက်နောက်ကို ချိန်ပြီး ပစ်ဖို့ အသက်အောင့်လိုက်ချိန် ရှေ့ခြေတစ်လှမ်းတိုးလိုစိတ် ပေါက်လာကာ ခြေတစ်လှမ်းတိုးလိုက်ရာ ချောက်ထဲ ကျတော့မလို ဖြစ်သွားပါသည်။

ထိုအခိုက် တိုက်တိုက်ဆိုင်ဆိုင် ဒရယ်လေး၏ နေရာမှာ အမေပုမျက်နှာကြီးက ပေါ်လာသည်။ ပစ်တော့မလို လုပ်ပြီးမှ နောက်ဆုတ်လိုက်ရသည်။ မောင်ခင်လည်း အတော် အံ့သြသွားသည်။

စိတ်ထဲ စွဲလမ်းမှုလည်း မရှိ၊ ဆက်စပ်မှုလည်း မရှိသည့် နယ်မြေတစ်ခုမှာ အမေပုမျက်နှာကြီးက ဘာကောင်နေရာ ပေါ်လာတာ ''ဆန်းတော့ ဆန်းသည်'' ဟု မောင်ခင် တွေးမိသေးသည်။ အလုပ်တွေ အပြီးသတ်သည့် နောက်နေ့မှာပဲ ထူးထူးဆန်းဆန်း တွေ့ကြုံခဲ့ရသည့် ငိုပင်းရွာမှ ပြန်ခဲ့ကြသည်။

ငိုပင်းရွာမှပြန်ပြီး မကြာခင် မောင်ခင်တို့အဖွဲ့ မန်သက်ရွာဘက် ခရီးထွက်ကြရပြန်သည်။ ရွာရောက်လို့ ဥက္ကဋ္ဌ အိမ် ဝင်ရုံရှိသေး အမေပု၏ မြေးမလေးက အိမ်ပေါက်ဝမှာ စောင့်နေတာ တွေ့လိုက်ရ၍ အံ့သြနေမိသည်။

'အစ်ကို...အမေက အရေးကြီးတဲ့ကိစ္စ ပြောပြစရာ ရှိလို့ ခုလိုက်ခဲ့ပါတဲ့'

မောင်ခင်က...

'ဒီကိုလာမှာ အမေပု ဘယ်လိုများ သိပါလိမ့်'

ဟု တွေးရင်း ကျောပိုးအိတ်ချကာ အမေပုအတွက် ယူလာသည့် မုန့်ထုပ်ကို ထုတ်ပြီး ကလေးမနောက်မှ လိုက်ခဲ့ရသည်။

'အမေပုဆီ ရောက်တော့...

'ငါ့သား လောကသစ္စာ နသစ္စာတဲ့၊ ကိုယ် ယုံကြည်ရင်နေပါ၊ သူများယုံကြည်တာ နှစ်လက်တာကို ပနောင်ယွက်ဖျက်ဆီးပါနဲ့'

ဟု ဆီးပြောသည်။ **''အမေ ဘာဖြစ်လို့လဲ''** ဟု မောင်ခင်က ပြန်မေးတော့...

'ပင်း...ငိုပင်းမှာ သေနတ်ပစ်တဲ့ကိစ္စ ပေါင်နဲ့တင်ပါးထိသွားလို့ သူတို့အဖွဲ့က ပင်းကို သတ်ဖို့လုပ်တယ်၊ ဥက္ကဋ္ဌအိမ်မှာလဲ ထိတ်လန့်ပြီး ပြဿနာတက်အောင် လုပ်ပြီ တယ်၊

နောက်ဆုံး ငိုပင်းအင်းထဲ ဆွဲချယူတဲ့ လုပ်တဲ့အချိန်မှာ အမေသိလိုက်လို့ သားချင်းမှာ အမေက ရပ်ပြလိုက်တယ်၊ အဖမ်းကို တွေ့တော့ ဘာမှ မလုပ်ရဲတော့တဲ့ နောက် ဆုတ်သွားပြီး အမေ့နောက် လိုက်လာကြတယ်၊

ဒါနဲ့ အမေက အဲဒီငှဲသား နောင်မဖြစ်စေရဘူး ငါ ကာဝန်ယူတယ်၊ နင်တို့ ဘာမှမလုပ်ကြနဲ့ ပြန်ပြီးသေးကုကြလို့ ပြောပြီး ပြန်လွှတ်လိုက်ရတယ်'

ဟု အမေပုက တိတိကျကျ ပြောပြလိုက်မှ အလန့်ကြီးလန့်ကာ လက်မှာပါလာသည့် မုန့်ထုတ်ပြုတ်ကျပြီး ''ဒါမျိုး မယုံပါ'' ဆိုသည့် မောင်ခင် တစ်ယောက် ပါးစပ်ပေါက်ပိတ်သွားပါတော့သည်။

တင်ဘုန်းဝင်း

ဝန်ခံပန်ကြားလွှာ

အငြိမ်းစား တိုင်းစိုက်ပျိုးရေးမန်နေဂျာ အစ်ကိုကြီးဦးခင်၏ ကိုယ်တွေ့ဖြစ်ရပ်မှန်ကို အစ်ကိုကြီး၏ ဆန္ဒအရ နောင်မှတ်တမ်း ကျန်စေရန် ဒေသမှန်၊ အမည်မှန်တို့ဖြင့် ရေးသားတင်ပြရသည်ကို ခွင့်လွှတ် ကြပါရန် ပန်ကြားအပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ပျံဘိုးမင်းဆောင်ကြီး နှင့်

ကိုယ်တွေ့ဖြစ်ခဲ့ရပုံဆန်းများ

ဝိဇ္ဇလက်ဦးဦး



အဘဘိုးမင်းခေါင် အကြောင်းကို မကြာခဏ ဖတ်ရှုခဲ့ရဖူးပါတ်။တင်ပြသူ ရှိရှုလည်း ကျွန်တော်တို့ ဗဟုသုတ ရခဲ့ကြပါသည်။ သိမီလိုက်သော ပုဂ္ဂိုလ်တို့၏ ပြောပြချက်များကို ဖော်ထုတ်ပေးစေလိုပါသည်ဟု တိုက်တွန်းချင်ပါ၏။

စာရေးသူအနေနှင့် မှတ်သားဖွယ်ကောင်းသော အချက်အချို့ကို ဗဟုသုတလိုလားသူများအတွက် စေတနာမွန်ဖြင့် ဆင့်ပွား တင်ပြလိုက်ပါသည်။

ဘိုးမင်းခေါင်ကြီး ပုပ္ပါးတောင် ကလစ်ပေါ်တွင် ရှိနေစဉ်ကာလ ဘိုးတော်၏ ကိုယ်တိုင်ရေး လက်ရေးမူဖြင့် မန္တလေးမှ ဘိုးစိုးမင်းထံသို့ စာတစ်စောင်ပါးကာ ပုပ္ပါး(မိမိထံ)သို့ လာရန် ခေါ်ယူလိုက်ပါသည်။

ဤအကြောင်းပါသော စာမူရင်းကို ဘိုးစိုးမင်း၏ သားဖြစ်သူ ဦးချစ် **ပုလဲငွေရောင်ရပ် – မန္တလေး။ (တိုင်းရင်းသား ဆရာကြီးက)**က စာရေးသူအား ပြသဖူးရှု ဘိုးတော်၏ လက်ရေးလက်သားကို မြင်ဖူးခဲ့ရပါသည်။ ဦးချစ်ပြောပြခဲ့သော အကြောင်းအရာများကို တင်ပြအပ်ပါသည်။

ဘိုးမင်းခေါင်နှင့် **တပည့်ကြီး (ဦးမင်းစိုး/ ဘိုးစိုးမင်း/ ဘိုးမင်း)**၏ အကြောင်း အတန်ငယ် သိရှိခဲ့ရသမျှ ဆက်လက်ဖော်ပြပါမည်။

* * *

တစ်ခါက ဘိုးမင်းခေါင်က ဘိုးစိုးမင်းအား ပိုက်ဆံ (ငွေ)တစ်မတ်ပေးရှု ပုလဲ–စစ်တောင်းဘက်သို့ ဘုရားသွားတည်ခိုင်းပါသည်။

ဘိုးမင်းစိုးက ဝက်သားဟင်းကို အလွန်ကြိုက်နှစ်သက်သူ ဖြစ်သောကြောင့် **"ခိုင်းသည်ကိုတော့ လုပ်ပါမည်။ မိမိကြိုက်သော အသားဟင်းနှင့် မှန်မှန်ကျွေးပါ"**ဟု ကတိတောင်းသွားသည်။ ဘိုးတော်ကလည်း စိတ်သာခ၍ အတည်မိန့်လိုက်သည်။

ဘုရားတည်နေဆဲ တစ်ရက်သော အခါ ဝက်သားဟင်း မစားရရှု...

'ဘိုးတော်ကို ဝက်သားတော့ မှန်မှန်ပါလို့ ပြောခဲ့တာ အခု စားပဲမစားရ ပြက်လတ်နေပြီကော'

ဟု ညည်းတွားလိုက်မိသည်နှင့် မကြာမီမှာပင် ကရင်တိုင်းရင်းသားကြီးတစ်ယောက်က ဝက်သားတွဲတွေ အထမ်းကြီးနှင့် **ချက်ချင်း**ရောက်လာကြောင်း ပြောပြပါသည်။

တစ်ကြိမ်တွင်လည်း **"ရန်ကုန်မှာ**

နောက်ဆက်တွဲစာမျက်နှာ ၂၄၁

www.burmeseclassic.com

www.burmeseclassic.com

မိုးကောင်းဘုရားတည်ချေ''ဟုဂိုက်ဆံ(ငွေ)တစ်မတ်သာပေး၍ စေခိုင်းပြန်ပါသည်။ ဘိုးစိုးမင်းက ခိုင်းသည့်အတိုင်း သွားခဲ့ပါသည်။

ရောက်လျှင် ပုဆိုး(လုံချည်)တစ်ထည်ကို ဖြန့်ခင်း၍ ထိုင်နေရာ လမ်းဖြတ်သွားဖြတ်လာ သူသူငါငါတွေက...

'ဒါ ဘာလာလုပ်တာတုံး'

'ဘုရားတည်မယ်လို့'

ဤမျှသာ မေးဖြေပြုပေးရုံဖြင့် ထည့်ဝင်လှူဒါန်းခဲ့ကြသည့် အလှူငွေများနှင့် စေတီတည်ပြီးခဲ့ပါသည်။

ဘုရားတည်ပြီးနောက် မန္တလေးအပြန်တွင် လေယာဉ်လက်မှတ်ခ်၍ ပြန်ပို့ပေးကြသည့်အပြင် လှူလိုက်သော ဗန်ကောက်လုံချည်အသစ်များ သံသေတ္တာငယ်တစ်လုံးခန့် ပါလာကြောင်း သိရပါသည်။

ဘိုးတော်သည် တပည့် ဘိုးစိုးမင်း။ မိမိထံမှ ပြန်ခါနီး ခရီးထွက်တော့မည်ဆိုလျှင် ''**ရော့ ဒင်္ဂါး ဒင်္ဂါး**''ဟူ၍ ကြေးနီပို့က်ဆံ တစ်ပြားကို လည်းကောင်း၊ ''**ရော့ ကွင်းသီး ကွင်းသီး**'' ဟုဆိုကာ **ကွမ်းသီး**လုံး တစ်လုံးကို လည်းကောင်း ပြောဆိုပေးတတ်လေ့ရှိကြောင်းလည်း မှတ်သားရပါ၏။

ဘိုးစိုးမင်းက ရိုးရိုးကြီး ပေးတာယူ၊ ကျေးတာစား၊ ခိုင်းတာလုပ်၊ ဆိုသည့် ပုဂ္ဂိုလ်မျိုး။

ဘိုးစိုးမင်း၏သားဖြစ်သူ **ဆရာချစ် (ဦးချစ်–တိုင်းရင်းသား)**က သိပ်အယုံအကြည်မရှိ သံသယစိတ်ဖြင့် ဘိုးမင်းခေါင်ကို သိရှိလေ့လာချင်နေသည်။

ဖခင်ဖြစ်သူသည် ဘိုးမင်းခေါင်က ခေါ်တိုင်းသွား၊ ခိုင်းတိုင်းလုပ်နေကာ သားပစ်၊ မယားပစ် ဖြစ်နေသောကြောင့် တစ်နေ့သောအခါ ကိုယ်တိုင်သွားရောက် စုံစမ်းလေ့လာမည်ဟု ပုပ္ပါးသို့ တစ်ယောက်တည်း ခရီးနှင်လေ၏။

မန္တလေးမှ ထွက်ခဲ့သော ရထားကျောက်ဆည်ဘူတာသို့ ဆိုက်သည်နှင့် ခရီးသွား သူစိမ်းတစ်ယောက် တက်လာကာ ဦးချစ်အနားမှာပင် နေရာယူ ထိုင်လိုက်ပါလာရင်း စကားစပ်မိကြရာ၊ အံ့သြဖွယ် ထိုပုဂ္ဂိုလ်သည်လည်း ဘိုးမင်းခေါင်ထံ သွားရောက်လေ့လာမည့် ပုပ္ပါးခရီးသွားတူ အကြံတူ ဖြစ်နေလေ၏။

ပုပ္ပါးတောင်ကလပ်ပေါ် ရောက်သော် ဘိုးမင်းခေါင်က ထိုင်နေကျပုံစံအတိုင်း ခြေချိတ်၍ ထိုင်နေသည်ကို အဆင်သင့်ပင် တွေ့ကြရ၏။

အကြံတူ နှစ်ဦးသားသည် စကားမစကြသေးဘဲ ဘိုးမင်းခေါင်ကြီးအား ခေါင်းဆုံးခြေဆုံးကြည့်ကာ စူးစမ်းသုံးသပ်နေမိကြ၏။ ''ဥပမိကတော့ ခပ်ကောင်းကောင်း၊ တည်ကြည်ခံ့ညားသော ကွန်ဒြေကြီးနှင့် ထူးတော့ထူးသည်''ဟု တွေးဆနေစဉ်ဘိုးမင်းခေါင်က...

'ကိုယ့်ရှိတဲ့ ပေတံလေးတွေနဲ့ကိုယ် တိုင်းကြ တာကြီးပေါ့ကွာ'

ဟူ၍ အမိန့်ရှိလိုက်သဖြင့် ရှိန်းဖိန်းသွားကြကာ ဦးချစ်တော့မိကြသည်ဟု ဆိုပါသည်။

နောင်သောအခါ ဘိုးမင်းခေါင် အကြောင်းကို ကောင်းစွာသိပြီးဖြစ်သော ဦးချစ်သည် အခါအားလျော်စွာ မကြာ မကြာ ပုပ္ပါးသို့ ရောက်ခဲ့လေသည်။

ဦးချစ်သည် ပုပ္ပါးတောင်ကလပ်ပေါ်၌ ဘိုးမင်းခေါင်နှင့် နီးနီးစပ်စပ်ရှိနေစဉ်ကာလအတွင်း နံနက် ဘိုးတော်မျက်နှာသစ်ရေ သုံးသပ်သောအခါ သစ်ချသော် မျက်နှာသစ်ရေကို ဖလားနှင့် ခံယူမိလေ၏။ ဘိုးတော်က...

'ဒီလိုယုတ်ဘူး ဒီလိုယုတ်ဘူး'

ဟု ပြောဆိုတားမြစ်လေ၏။

ဘိုးတော်သည် မိမိကို ကပ်လှူထားသည့် ဘွဲ့လာဆေးပြင်းလိပ်၊ စီးကရက်တို့ကို သောက်၍ ပြာတော်ခင်ခြွေချလျှင် အနီးရှိလူတွေက စက္ကူစတွေနှင့်ခံယူကာ ထုပ်ယူသွားတတ်ကြောင်း၊ မြင်တွေ့ရပုံနှင့်...

မိမိကိုမူ ဘိုးတော်ကသောက်ပြီး စီးကရက်အကျန် တစ်တိုမျှလောက်ကို အပြဲလှမ်းပေးလေ့ရှိကြောင်း ရှုခဲ့သောက်ခဲ့ရကြောင်း ပြောပြပါသည်။

တစ်ရက်တွင် ပုပ္ပါးတောင်မကြီးပေါ်မှ အပြန်၊ ဘိုးတော်က ရှေ့ကသွား၍ မိမိက နောက်နားက ငှက်ပျောနှစ်ဖိုင်ငါးလုံးလျှိုး၍ ထမ်းခဲ့ရလေ၏။

တောင်ဆင်းခရီးကကြမ်း၊ ငှက်ပျောဝိုင်ကလေးပင်၊ ပခုံးပေါက် လူခမန်း ထမ်းလာရသည်မှာ ကြာလာ၍ လမ်းဘေးတစ်နေရာတွင် ငါးပက်နေကြသည့် ကလေးတစ်သိုက်ထံ ငှက်ပျောခိုင် ကျွေးမည့်အကြောင်း မေးသော် ဘိုးတော်က...

'ဒီလို ယုတ်ဘူး ဒီလို ယုတ်ဘူး'

ဟု တားမြစ်လေသည်။

သို့နှင့် ထမ်းမြဲထမ်းကာ လိုက်ခဲ့ရာ ပုပ္ပါးတောင်ကလပ် တက်ခဲ့တောင်ခြေတွင် တံမြက်လှည်းတန်းသန့်ရှင်းရေး (ဝေယျာဝစ္စ) လုပ်နေသူ တစ်စုကို တွေ့မြင်မှ ဘိုးတော်က...

www.burmeseclassic.com

www.burmeseclassic.com

'ကျွေးလိုက်၊ ကျွေးလိုက်'

ဟု ဆိုသဖြင့် တောင်ကလပ်ပေါ်သို့ ပင်ပင်ပန်းပန်း ထမ်းတက်ရမည့်ဝန်ကျတ်သွားသောဟူ၏။

ဦးလေးချစ်၏ မန္တလေးနေအိမ် ဘုရားစင်ပေါ်တွင် ဘိုးမင်းခေါင်ချီးမြှင့်ခဲ့သည့် မိန်းမကိုင်ပိုက်ဆံအိတ်ကဲ့သို့ ခပ်ပြားပြားပုံစံတစ်ခုကို တင်ထားပါသည်။

ခရီးကြုံ၍ ဝင်ရောက်ခဲ့စဉ် ဦးလေးချစ်က ထိုပိုက်ဆံအိတ်ကို 'ယူပြပြီး အကျိုးအကြောင်း ရှင်းပြသည်ကား...

'ဘိုးတော်က ယေလိုက်တုန်းကတော့ ဗိုက်လဲ အထဲထားကြိုးနဲ့ လာဘ်ရွှင်ငွေဝင်ဖြစ်မှာပဲလေ။

ဘယ်ကလာ ဗိုလ် နယ်က ဆေးကုပြီး ပြန်ရောက်လို့ ဆေးကုဝိုက်ဆံ ဘယ်ဆောက်ရခဲ့ရခဲ့ အိုးအိတ်ထဲ ထည့်ထားလိုက်လို့ကတော့ မကြာပါဘူးဟု တစ်နည်းနည်းနဲ့ ပြန်ပြန်ပြန်ထွက်ကုန်ကြတာပဲ။

ဒါကြောင့် နောက်တော့ ဗိုလဲ ပိုက်ဆံတွေ ထပ်မထည့်တဲ့တော့ဘူး'

ဟု ပြောပါသည်။ ထိုအိတ်ကို စာရေးသူက ဖင်ပြန်ခေါင်းပြန် အတွင်း အပြင် သေချာစွာ စစ်ကြည့်ပါသည်။ မည်သည့် အင်း၊ စမ စသော အမှတ်အသားပါရှိကြောင်း မတွေ့ခဲ့ရပါ။

ဦးလေးချစ်နှင့် ကာလအတော်ကြာမှ ပြန်တွေ့သောအခါ စာရေးသူက ဤသို့ တွေးဆပြောမိပါသည်။

'ဘိုးမင်းခေါင် ချီးမြှင့်တဲ့ အရင်က ဦးလေးချစ် ကျွန်တော့်ကိုပြခဲ့တဲ့ ပိုက်ဆံအိတ် ရှိသေးလား'

'ဟေ့ မင်းက အမှတ်ရှိသေးသကိုး၊ မရှိတော့ဘူး မောင်ရေ၊ မိတ်ဆွေတစ်ယောက်က ဇောင်းလို့ ပေးပစ်လိုက်တာ ကြာပြီကွ။ မင်းက ဘာလုပ်, မလို့တုန်း လိုချင်လို့လား'

ဟု ပြောပါသည်။

'မဟုတ်ပါဘူး ဦးလေးချစ်ရာ၊ ကျွန်တော်က ဒီလို တွေးမိလို့ပါ'

'အေး ဆိုစမ်းပါဦး'

ဟု လိုလိုလားလား မေးပါသည်။

'ဒီလိုပါ ဦးလေးချစ်က ဆေးလဲကု ဆေးဖော်ပြီးလဲ ဈာင်းနေတာဆိုတော့ ဦးလေးချစ်ရဲ့ ဆေးအပျိုးပျိုးကို စက္ကူစလေးတွေနဲ့ ဆေးတစ်ပျိုး နည်းနည်းဆေ ထည့်ထုပ်ပြီး အဲဒီပိုက်ဆံအိတ်ထဲ ထည့်ထားလိုက်ရင်...

ပိုက်ဆံထွေထည့်တိုင်း ထွက်သွားကုန်ကြသလို ဦးလေးချစ်ဆေးတွေလဲ ဈာင်းသူ့ဆေးပျိုးစုံ ပြန်ပြန်ထွက်မှာပဲလို့ ကျွန်တော် တွေးမိလို့ပါ'

'အေးဗျာ၊ မင်းက အတွေးပေါက်သေးတယ်။ ခုတော့ လုက်လွန်ပြီ'

ဟူ၏။

ဦးလေးချစ်သည် နှမြောတွန့်တို တတ်သော ပုဂ္ဂိုလ်မဟုတ်၍ မျက်နှာမှုက်မသွားခဲ့သော်လည်း ကျွန်တော်က ဦးလေးချစ်ကိုယ်စား လွတ်သွားသော ငါးကြီးကြီးအတွက် တစ်မျိုးကြီး ခံစားလိုက်မိပါ၏။

ဦးလေးချစ်သည် တပည့်ဝတ်မပျက်။ ဘိုးမင်းခေါင်အား မကြာ မကြာ ဆုပ်နယ်နှိပ်ပေး ဝတ်ဖြည့်သည့်အခါ တိုင်းပင် ဘိုးတော်က...

'အဟုတ်ဒိုပဲ အဟုတ်ဒိုပဲ'

ဟု ပြောဆို အမိန့်ရှိတတ်ကြောင်း နှင့်...

'အဲဒါလဲ အစက ဗိ သဘောသွား နားမလည်ခဲ့ပါဘူး။ ခုနေခါမှ ဗိ ဆေးကုတဲ့ ရောဂါ လေဖြတ်၊ လေနှိမ်း ကိုယ်တစ်ခြမ်း ယောင့်ဗြောက်၊ လက်ကပြုပ်ခါမျှသို့ အဃာနိပ်ပေးလိုက်၊ လိမ်းဆေး သောက်ဆေးလေး နည်းနည်းပါးပါး ပေးကျွေးရုံနဲ့ ပျောက်ကုန်ကြတာပဲ'

'ဟိုဒီလင်တွေနား ဒီဓိကောင်ကောင်အကြီး ပြောတိုင်း၊ မြင်တိုင်း၊ ပေးတိုင်း ချက်ချင်းဒိုင်းစား နားမလည်သောအထိကို အောက်သားကလား'

စာရေးသူ မေ့ကျန်သွားသော ဘိုးမင်း(ဦးလေးချစ်ဖခင်)အကြောင်းကို ဆက်လက် တင်ပြပါရစေဦး။

အခါတစ်ပါး စစ်ကိုင်းကောင်းမှူ တော်ကြီးတွင် အခြေးသော(ပုဂ္ဂိုလ်ကြီးများ၏တပည့်) မိမိနှင့် ရင်းနှီးသူအချို့ ဆုံမိကြခိုက်တွင်...

'ဘယ်လိုလဲ ဘိုးမင်းခေါင်တပည့်ကြီးရဲ့ ဟောဒီမှာ မြင်လား'

ဟု မိမိတို့ လက်ဝါးနှစ်ဖက်ကို ပွတ်ကာသပ်ကာ လုပ်လိုက်ကြသည့် အခါ ယင်းတို့ လက်ဖဝါးများပေါ်၌ (၀)လုံး တစ်လုံးနှစ်လုံး ပေါ်လာသည်ကို ဘိုးစိုးမင်းတွေ့မြင်ရလေပြီ။

ဘိုးစိုးမင်းက ရိုးရိုးအေးအေးကြီး။ မိမိကိုယ်မှာ မည်သည့်အစွမ်းရှိမှန်း မသိ။ မစမ်းမိ။ ခက်တော့်သည်။ ဤတွင် ဤသို့ ရေရွတ်လိုက်မိသည် ဆို၏။

'ဘိုးတော် သုတကာ့ တပည့်တွေက ယူသာပြကုန်ပြီ၊ တပည့်တော်က ဘာမှလဲ ပြန်လုပ်မပြတတ်တော့ ဒီလိုပဲ ကြည့်နေရ ဟော့မလား'

ဟူ၍...

ထိုအခါ မိမိနားထဲ၌...

'ဖင်ကုန်းပြလိုက် ဖင်ကုန်းပြလိုက်'

ဟူသော ဘိုးတော်၏အသံ ကြားလိုက်မိသောကြောင့် ဖြစ်လိုရာ ဖြစ်စေတော့ဟု မျက်နှာလွှဲ၍ ကိုယ်ကိုလှည့် လိုက်ကာ...

'ဟောဒီမှာ ကြည့် ကြည့်'

ပြောပြောဆိုဆို ဆတ်ခနဲ ဆွဲလှန် ပစ်လိုက်သော ပုဆိုးစ လန်သွားသည် နှင့် ''ဟာ'' ခနဲ အံ့အားသင့်သွားစေသည့် (၀)အက္ခရာစာလုံးများကို ဘိုးမင်း၏ ဖင်တင်ပါး တစ်လျှောက် တပြတ်ကြီး ပေါ်နေသည်ကို တွေ့ကြရသော ဟူ၏။ ။

(စာရေးသူ၏ ထပ်ဆင့်ထင်ပြခဲ့သော ဗဟုသုတများသည် စာဖွဲ့သူတို့အား တစ်စုံတစ်ရာ အကျိုးပြုရာ ရောက်ပါက ကျေနပ်ကြည်နူး ခံစားမိနေမည်သား)

www.burmeseclassic.com

www.burmeseclassic.com

နှင်းဆူလဲက

လူယုံတော်၏ လူခြောက်သို့နောင် (၁)

● ကျော်ဇာဝင်း (ဒေါ်) ဦးမြင့်
[၁၂-၁၂-၂၀၀၄ ရန်ကုန်တိုင်းတွင်
ရိုက်ကူးထားသည်]

ချမ်းသာပြီးသူတို့တွင် လူခြောက်မွေးဖွားတယ်ဆိုတာ မရှိသလောက်ဖြစ်ပါတယ်။ ရှိရှာယ်ဆိုပါဦး အနည်းဖြစ်ပါလိမ့်မယ်။ မိဘတို့ကို တစ်သက်တာ အကျိုးပြုတာဖြစ်ပြီး ကျန်မိသားများကို ဆက်အကျိုးမပြုဘဲ မိဘဆုံးကွယ်လွန်ကြပါက သူတို့ပါ ကျွေးလွတ်သွားကြတယ်။

လူခြောက်တို့တွင် သူတို့နောက်ကြောင်းနဲ့ စွမ်းအားများကို ထိမ်ချုပ်လျှို့ဝှက်လေ့ရှိတယ်။ အကြောင်းကြီးငယ်ရှိမှသာ အိမ်မက်နဲ့ပြောပြလေ့ရှိကြတယ်။

မိခင်ဝမ်းကြောတို့က်က ဗိုလ်ဖတ်

စာရေးသူ လူခြောက်တို့ကို အလေးထား လေ့လာကြည့်တဲ့အခါ အနောက်တိုင်းတို့ အဆိုအရ သန္ဓေတန်းလန်းသေသွားလို့ ဆက်လက် မကြီးထွားတော့တာလို့ ဆိုပါတယ်။

ထူးဆန်းတာကတော့ လူခြောက်မွေးဖွားတိုင်း ယောက်ျားတွေ ဖြစ်နေတာပါပဲ။ လူခြောက်အမဆိုတာ မကြားဘူးသလောက် ရှားပါတယ်။

လူခြောက်မိဘတို့ ပြည့်စုံချောင်လည် ပြည့်စုံလာကြတာ များပါတယ်။ တချို့က ခိုးပေးလို့ ချောင်လည်တာ ဆိုကြပေမယ့် တကယ်တော့ မခိုးကြပါဘူး။

သူတစ်ထူးပစ္စည်း ပျောက်ပြီးမှ မိဘတို့ ချောင်လည်လာကြတာ မဟုတ်ကြဘဲ အလုပ်အကိုင်တို့ကို အကျိုးပေးအောင် မသိနိုင်တဲ့ စွမ်းအားနဲ့ ဖစလို့ ချောင်လည်ကြတာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

လာကြပေမယ့် ပုပ်မသွားကြပါဘူး။ **သူတို့ခန္ဓာကိုယ်ဓလေ့ ပျက်စီးယိုယွင်းပြီဆိုရင် သူတို့ ကွယ်လွန်၍ ဘဝကူးပြီမှတ်ပါ။**

မန္တလေးက လူခြောက်ကို ဦးယူသူ

မန္တလေးအစွန်အဖျား ရပ်ကွက်မှာ နေကြတဲ့ ဇနီးမောင်နှံနှစ်ဦး မြေငှားအိမ်ငှားဘဝနဲ့ ရုန်းကန်ကြပေမယ့် စားရေရှက်ရှိကြပါတယ်။ ကံကောင်းချင်တော့ လူခြောက် မွေးဖွားတယ်။ မသိမသာ စီးပွားဖြစ်လာကြတာ အိမ်ပိုင် မြေပိုင်ဘဝရောက်လို့ လူတန်းစေ့ လာကြတယ်။

ကားသုံးစီးပိုင်တဲ့အပြင် အတွင်း ပစ္စည်းများပါ စုဆောင်းမိလာကြတယ်။ လူခြောက်က စောင်မ,တယ်ဆိုတာ အားလုံး ယုံကြည်ထားကြတယ်။

သူတို့ရဲ့ ဇနီးမောင်နှံကို အားကျပြီး ချောင်လည်ချင်သူတို့ ရှိလာကြတယ်။ ကိုယ်က လူခြောက် မမွေးဖွားပေမယ့် ရတဲ့နည်းနဲ့ လုပ်ယူတာ လွယ်ပါတယ်။ လူခြောက်ကို ခိုးယူမွေးကြသတဲ့။

မကြာပါဘူး။ အိမ်မက်ပေးတိုင်လို့ ပြန်တောင်းယူရတယ်။ ကံဆိုးဝင်ချင်တော့ ခွင့်မလွှတ်နိုင်တဲ့ မိခင်အမှားကြောင့် ဖခင်က တစ်အိမ်လုံး ခွာသွားတယ်။ မိဘနှစ်ပါးလဲ ဘဝပျက်ကွဲကုန်ကြတယ်။

လူခြောက်မွေးဖွားရာမှာ **အသေနဲ့ အရှင်ဆိုပြီး နှစ်မျိုးရှိတယ်**လို့ ဆိုကြပါတယ်။

အိပ်မက်ဖြင့် တုံ့ပြန်လာသူများက အရှင်၊ မတုံ့ပြန်သူက အသေဖြစ်တယ်။ လူခြောက်တကာတို့တွင် မိုးပျံပြီး ကောင်းကင်ခရီးဖြင့် လိုရာသွားကြ

တယ်ဆိုတာ ရှားလွန်းလို့ ကြားပင် မကြားမိပါဘူး။

ယခုတင်ပြမည့် နှင်းပုလဲ လူခြောက်ကတော့ လူခြောက်တကာတို့တွင် သရဖူဆောင်းတဲ့ လူခြောက်ညီနောင် ဖြစ်ပါတယ်။

အိပ်မက်ပေးလာကြတဲ့ လူခြောက်ညီနောင်

သထုံခရိုင်၊ ဘီးလင်းအဝိုင် **နှင်းပုလဲရွာရှိ ဆေးဆရာကြီး ဦးဗိုးသန့်နဲ့ဒေါ်လှခင်တို့မှာ** နေချင်းတူ သမီးလေးဦးရှိတယ်။ မသင်းထုံ၊ မသဲင်းမှုံ၊ မဟာန်ရွှေ၊ မဟာန်ငွေတို့ ဖြစ်ပါတယ်။

ဘီးလင်းချောင်းနံဘေးတွင် အမျှားနည်းတဲ့ ကြံစိုက်ပျိုးကြတယ်။ တဖက်ကလဲ ဆေးဆရာကြီး ဦးဗိုးသန့် ဆေးကုသတဲ့အလုပ်ပေါ်တွင် မိသားစုများ တည်မှီနေကြရတယ်။

ကြံထွက်ကလဲကျ၊ ကြံသကာစေး ကလဲကျလို့ စိတ်ပျက်အားငယ်နေတဲ့ ဒေါ်လှခင်စကားကို ဆရာသန့် မမျှော်လင့်ဘဲ ကြားလိုက်ရတယ်။

'အဖေကြီး... ကျုပ်တို့ သား ယောကျ်ားလေး မွေးဖွားရင် ကောင်းမှာပဲနော်'

'ဒုအားပေါ့ဟာ အမေကြီးရဲ့ ရှိပြီးသား ဆိုရင် ကျုပ်ပါ သက်သာတဲ့အပြင် အားကိုးရသေးတယ်။ နောက်မွေးဖွား ဖို့ မျှော်လင့်နေရင်တော့ စိတ်မောခံပြီး မျှော်မနေနဲ့'

'ဘာဖြစ်လို့လဲ အဲဖေကြီးရဲ့'

'ဩော်... အမေကြီးက သွေးဆုံးတော့မယ့်အရွယ်မို့လား'

'ဒါကြောင့် ပြောတာပါ... ဒီလို အဖေကြီးရေ... ညက အိပ်မက် မက်တယ်။ သားနှစ်ယောက် မွေးဖွားလိမ့်မယ်တဲ့ အဖေကြီးရေ'

'မလှခင်ကလဲ ကဲယောက်ကယက် မက်တာဖြစ်မှာပါ။ ဟုတ်မယ်လို့ မထင်ပါဘူး'

ချီးကပ်

တစ်မနက် ဒေါ်လှခင် တဲရှေ့ ချီးတစ်ကောင် ကျလာတယ်။ အမှတ်မထင် ချီးကို စိတ်ဝင်စားစွာ ကြည့်နေစဉ် စီးပွားရေး မပြေလည်ရာသို့ စိတ်ပြောင်းသွားတယ်။

ဆင်းရဲစွင်းနက်တဲ့ သူတို့မိသားစုများအကြောင်းတွေးရင်း ချီးလဲ ဘယ်ရောက်လို့ ဘယ်ပေါက်တယ်မသိပါဘူး။

ဆရာသန့် ဆေးကုပြန်လာတော့ ချီးအကြောင်း ပြောမိတယ်။

'ချီးကပ်တယ်ဆိုတာ ဆင်ခဲတာရှည်တတ်တယ်။ မကောင်းဘူး သို့ပေမယ့် ကျုပ်တို့ မိသားစုမှာ လုံလောက်စွာ ထက်ရစားရသေးပဲ။ ရာနာသုံးပါးအည်းကပ်ကြတယ်။ ငါးပါး သီလမပြုကြတယ်။

နတ်ထွင်းတဲ့ ခဲတွင်း ဘယ်တော့မှ ပယ်သလို လူထွင်းတဲ့ ထွက်ဆုံလဲ ကောင်းနေရမယ်ထာမှတ်'

www.burmeseclassic.com

www.burmeseclassic.com

'အဖေကြီး ပြောတာမှန်ပါတယ် ကျုပ်တို့မှာ သမီးလေးယောကျ်ားအပြင် လာလတ္တံ့သော သားတော်နှစ်ယောကျ်ားနဲ့ဆို ရှစ်ယောကျ်ားသော မိသားစုကြီး လုံခြုံဝလင်အောင် ရှိရှင်တာပေါ့ အဖေကြီးရေ'

'အမယ်လေးဟဲ့... ကယောကျ်ကယ်ကလာတဲ့ အိပ်မက် မှန်ဆီကြော်နှစ်ချပ် နှုတ်ခမ်းနာနဲ့ တည့်ပါ့မလား ဖြစ်နေပါပေါ့လား ဟား...ဟား ...ဟား'

အသားဖြူဖြူ ဂင်တိုခန့်ချောကြီး ဆရာသုန် သွက်သွက်ခါ ရယ်မောနေပေမယ့် ဖြူဖြူသွယ်သွယ်လေးလုတဲ့ ဆရာကတော် မရယ်မပြုံးနိုင်ပါ။ ယာခင်း ပြောင်းရေကောင်းလေမလား ဆိုတဲ့ သောကနဲ့ အဝေးကို ငံ့းမောနေတာ ဆရာသန် သိအံ့မထင်ပါ။

တစ်ရွာမပြောင်း သူကောင်းမဖြစ်

တစ်ရက်မှာ တိုင်ပင်ကြပြီး တွက်ခြေမကိုက်တဲ့ ကြံခင်းကို အငှားချထားခဲ့တယ်။ မီးရထားလမ်းဘေး မြေရိုင်းကို ခုတ်ထွင်ရှင်းလင်းပြီး ဆေးရွက်ကြီး ပြောင်းဖူး၊ ကြဲ စိုက်ပျိုးကြတယ်။

မြေရိုင်းဖြစ်တဲ့အတွက် အပင်တွေ ရှင်သန်ထွားကျိုင်းတယ်။ တစ်မနက် မမျှော်လင့်တဲ့စကားကို ပြုံးပြုံးကြီး ဆိုလာသူက ဆရာသန်ဖြစ်တယ်။

'အမေကြီး ဟက်တဲ့ အိပ်မက် မှန်နေပြီ ကျုပ် ညကမက်တဲ့ အိပ်မက်က အဆန်းသားဗျ သားတော်နှစ်ပါး ဖွားလိမ့်မယ်၊ အကြီးကို ကျော်ဒင်းအယ်ကို ကျော်မြင့်လို့ ပွဲတိုးတဲ့ ခိုင်ခိုင်လုံလုံကြီးပါလား။ သားတော်တွေဆိုတော့ ရှေးဘုန်းရှေးကံတွေ ပါလာကြမလားပဲ'

'ကျုပ်ပြောတုန်းက အဖေကြီးမယုံဘူး၊ အခုတော့ ကယောကျ်ကယက်လာတဲ့ မှန်ဆီကြော်နှစ်ချပ် နှုတ်ခမ်းနာနဲ့ တည့်ပါမလား ဖြစ်နေပါပေါ့လား'

ဒီတစ်ခါ ရယ်မောသူက ဆရာကတော်ပါ။

တစ်နေ့ လတွေပြောင်းလို့ မရွှင်မပျ ဖြစ်နေတဲ့ ဒေါ်လှခင်ကို ဆရာသန် မေးတယ်။

'နေမကောင်းဘူးလား... ဆေးဝါး အပြည့်အစုံ ရှိတယ်။ ဒီနယ်မှာ နာမည်ရ ဆေးဆရာတစ်ယောကျ်က သူ့ဇနီးကို ပျောက်အောင် မကုနိုင်တဲ့ဆရာ ထင်သွားရင် ကျုပ် သိက္ခာကျနေပါဦးမယ်'

'နေကောင်းပါတယ် ကျုပ်မှာ သန္ဓေခနေပြီတော်ရေ'

'ဒါများ ပျော်ရမယ့်အခါ ဘယ်လို့ ညှိုးငယ်နေရတာလဲ'

'ခါတိုင်း သမီးတွေ လွယ်ရာနဲ့ မတူဘူး သန္ဓေခရုံနဲ့ ရပ်ဆိုးတဲ့ သန္ဓေကြီး လွယ်ရသလို အိုးအိုးအိတ်တိုင် မပေါ်မပေါက်ကြီး ဖြစ်နေလို့ အဖေကြီးရေ'

'ဒါဆို အိပ်မက်အတိုင်း ကျော်ဒင်ကော ကျော်မြင့်ပါ နှစ်ယောကျ်လုံး ခနေကြရောပဲလား'

'အမြွာပူးဆိုရင် မွေးဖွားတဲ့အခါ ကျုပ်တော့ ဒုက္ခပါပဲ'

'မပူပါနဲ့ အမေကြီးရယ် ကျုပ်တို့မှာ နှစ်ဖက်သမားမျိုးတွေမို့လား။ ဘီးလင်းမှာ ဆရာဝန် ရှိနေသားပဲလား။ မပူနဲ့ ကျုပ်တော့, ပျော်နေပြီ။ မနက်ဖြန်က စပြီး စိုက်ခင်းထဲမလားနဲ့တော့၊ အိမ်မှာ အားမွေးနေရစ်ပေတော့'

ပြိုက်ပဟေဠိ

ဒေါ်လှခင်ဝိုက် လှလှပပ ကြီးထွားလာသလောက် ဆရာသန်လဲ အလုပ်ဖြစ်နေတာ နားရတယ် မရှိဘူး။ ဝင်ငွေကောင်းတော့ သောကတွေကင်းတယ်။ စိုက်ခင်းတွေကလဲ ကောင်းပြန်တော့ မိသားစုတွေ စိတ်ချမ်းသာရတယ်။

ကိုယ်ဝန်ရှစ်လအရမှာ, နှစ်ဆမက ကြီးထွားလာတော့ - မိသားစုတွေ မျက်ကလူးဆန်ပျာ ဖြစ်ရတယ်။ ဟိုမေးဒီဇိမး ဟိုပြေးဒီပြေး ဘာလုပ်ရမယ် မသိကြဘူး။

ယင်းအုံရွာရှိ ဆရာသန်ဖခင် ဆရာချက်နဲ့ ဒေါ်လှခင် ဘကြီးဘုန်းကြီးကို ပြကြည့်ရာ...

'မင်းတို့ အရပ်ယလုပ်ကြနဲ့ သားစာရင်းသွေးကြီးဖြစ်နေရင် ဖွားဖွားဖို့ မလွယ်ဘူး။ ဝိဇ္ဇာဒုက္ခရောက်သွားနိုင်တယ်'

ဘီးလင်းဆရာဝန်ထံ ပြခိုင်းၗ ပြကြည့်ရာ ရောဂါမဟုတ်ဘဲ ဂိုးရိုးသန္ဓေဖြစ်တယ်ဆိုလို့ အားလုံး စိတ်အေးသွားကြရတယ်။

ဆရာသန် တစ်ယောကျ်ကတော့ ရောဗဒိုက်ကြီးကို ကြည့်လျက် အမြွာပူးဖြစ်ခဲ့သော် မွေးဖွားတဲ့အခါ ကျုပ်တော့ ဒုက္ခပဲဆိုတဲ့ ဇနီးအသံလေး နားထဲက မထွက်လို့ စိတ်ပူတာ လျော့မသွားဘူး။

www.burmeseclassic.com

www.burmeseclassic.com

နေ့လယ်စေ့နေတဲ့ ဗိုက်ကြီးမွေးဖွားဖို့ ပြင်ဆင်စောင့်ဆိုင်းနေစဉ် ထိတ်လန့်ဖွယ်ရာနှင့် ကြုံရပြန်ရော။ ဇရာမဗိုက်ကြီး ပိန်စပြုလာပါတယ်။

လာမယ့်ဘေး ပြေးတွေ့မယ့် ဆရာသန့် ဘုရားတရင်း ဇနီးနား က မလွှာတော့ပေ။ တစ်ရက်နဲ့တစ်ရက် မတူအောင် ပိန်နေတဲ့ဗိုက် ဆယ်ရက်ခန့်အကြာ နဂိုအတိုင်း ပြန်ချပ်သွားတယ်။

ကျော်ဒင်ကော၊ ကျော်မြင့်ပါ ဘယ်ရောက်ကုန်ကြတယ်မသိဘူး။ မိခင်တော့ ငုပ်ငုပ်ပါးပါး သွားလာနေတယ်။ အမြွာပူးမဟုတ်တော့လို့ စိတ်ပေါ့သွားကြပေမဲ့ ထိတ်လန့်ဆန်းပြားတဲ့ ဖြစ်ရပ်ကြောင့် ညှိုးငယ်နေသူက ဆရာသန့်ပဲ။

လူပျိုတော်

နောက်ထပ် ဘာများဖြစ်ဦးမှာလဲ ဆိုတဲ့ ဧသာဂနဲ့စောင့်နေတဲ့ ဆရာသန့် မမျှော်လင့်တာနဲ့ ကြုံလိုက်ရပုံက ဗိုက်ချပ်ပြား ဒေါ်လှခင် မွေးလိုက်ပါပြီ။ ~~ကျော်ဒင် အမှုဆယ်လက်မ အချင်း နှစ်ဖက်စလွယ်သိုင်း၍ ဦးဆုပ်ဆောင်း လွှာသား ဦးဆုပ်အောက်ခြေက ထွက်နေတဲ့ ဆံပင်များကတော့ နဲနဲလို့ လှပတဲ့ အရပ်အတယ်အတိုင်းပါပဲ။ အသားက မြင်ထိုက်နေတဲ့ ဦးဆုပ်ကလေးနဲ့ ကမ္ဘာ့ ထဲတယ်။ မျက်လုံးများ လှပ်ရှားမြဲတယ်။~~

ဆရာချက်နဲ့ သမားတော်ကြီးများက...

'နင်တို့မိသားစု ကြီးပွားတော့မယ်။ ဒါ အခြောက်ခေါ်တယ်။ အရှင်ဖြစ်တယ်။ နင်တို့ အိမ်မက်အတိုင်း ကျော်ဒင်ဆိုတာသူငယ်သူတော်ကောင်းကလေးတော့ နေရောင် ရက်တစ်ပါတ်လောက် ပြိုလိုတယ်။ ပိုက်ကွန်နဲ့ အုပ်ပြီဖို့ မင်းပဲနဲ့'

ဆိုတဲ့အတိုင်း ပြရတယ်။ ဆရာသန့်၊ ဒေါ်လှခင်တို့ လူခြောက်

ကျော်ဒင်ကို မွေးတယ်ဆိုတဲ့ သတင်းကြောင့် နေ့စဉ် ဧည့်သည်တွေ စည်ကားနေတယ်။

ဆေးလိပ်များလိပ်လို့ မနိုင်သလို ကွမ်းတစ်ပိသာ နေ့စဉ် ကုန်တယ်။

မိခင်နို့တွေ တောင့်တဲ့အခါ ''အဖေကြီးနို့တွေ တင်းလို့ မနေနိုင်တော့ဘူး'' ဆိုလိုက်ရုံနဲ့ ကလေးတစ်ယောက် စို့တဲ့အလား မကြာခင် ပျော့သွားတယ်။

နို့ဖြတ်ချိန်တွင် ဖခင်ကို အခန်းသီးသန့်နဲ့ လိုချင်ရာကို အိပ်မက်နဲ့ တောင်းတယ်။ အခန်းတစ်ခုတွင် **ပေါင်ဒါ၊ ရေမွှေး၊ မွေ့ရာ၊ ခေါင်းအုံးတို့ကို** ထားပေးတဲ့အပြင် ခန့်စီးပါ ထားပေးတယ်။

စီးပွားတက်

ကျော်ဒင် သန္ဓေရပါပြီ ဆိုကတည်းက ဖခင် အလုပ်ပြစ်လာတယ်။ မိသားစု တောက်ပြောင်လာတယ်။ စိုက်ခင်းတွေဖြစ်ထွန်းလို့ စိတ်ချမ်းသာမှု ရှိကြတယ်။

ကျော်ဒင် မွေးဖွားပါပြီ ဆိုပြန်တော့ ဖခင်ဝင်ငွေက ဘယ်တုန်းကမှ မရခဲ့တဲ့ နေ့စဉ် (၂၀)၊ (၂၅)ကျပ်ဆိုတာ ရလာပြန်တယ်။

ဒါကို ဘေးက လူခြောက်ခိုးပေးလို့ စီးပွားဖြစ်တယ်လို့ ဆိုကြတယ်။ မိသားစု ထမင်းဝိုင်းမှာ တစ်ပွဲအဝိုပြင်ပြီး...

'ပို့ဟောင် ထမင်းစားဆို့'

လို့ အစ်မကြီးသင်းအုံက ခေါ်ရတယ်။ မခေါ်တဲ့နေ့ ဖခင်ကို အိပ်မက်နဲ့ တိုင်ပြန်တယ်။

ကျော်မြင့်လာပြီ

ကျော်ဒင်ကို ၁၉၂၇ ဖြည့်နှစ်မွေးပြီး ကျော်မြင့်ကို ၁၉၂၆ ခုနှစ်တွင် ပုံမှန်ကိုယ်ဝန်လွယ်ရာမှ မွေးဖွားပါတယ်။

အချင်း ထစ်ဖက်စလွယ်သိုင်း၍ လူ့လောကထဲစင်လာသူ ညီဖြစ်သူကို အိပ်မက်အတိုင်း ကျော်မြင့်လို့ ကင်ပွန်းတပ်လိုက်ကြတယ်။

ကျောင်းထားရွယ်မှာ ဘကြီးဘုန်းကြီးကျောင်းမှာထားတယ်။ ရှင်ပြု အရွယ်တွင် အဝတ်အစားနဲ့ မိဘတို့က ရှင် (၁၂)ပါး၊ ရဟန်း(၃)ပါး ရည်ရွယ်ပေမယ့် ကျော်ဒင် မပါရင် ပူဆောမှာစိုးလို့ ရှင်(၁၃)ပါးဖြစ်သွားတယ်။

ရှင်လောင်းလှည့်ရာမှာ အထူးစိတ်ဝင်စား ခံရသူက ကျော်ဒင်ဖြစ်နေတယ်။ ကျော်မြင့်မှ ညောင်ယ ဖြစ်လာသူ စာပြန်ပွဲတိုင်း တစ်နှစ် တစ်ကျမ်း (၃)နှစ်ဆက်တိုက် အောင်မြင်တယ်။

ရွှေလှေရွာ မဟာဒုက်မဲနှင့် နှင်းပုလဲရွာမှ ဦးစန်းမောင် မဟာဒုက်မဲ (၂) ကြိမ်ပေါက်တဲ့အတွက် သီလပေးဇရပ်ချခဲ့ရတယ်။

(၂)ကြိမ်လုံး ဝေါနဲ့ပင့်၍ ဝေါနဲ့ပင် ပြန်ပို့ရာ ကျောင်းကို (၃)ပတ်သွားပြီး ဆရာတော်ကို အပ်ခဲ့ကြတယ်။ ဆရာတော်နဲ့ အဘိုးဆရာချက်တို့ ဖခင် အဟောတူပုံက...

www.burmeseclassic.com

www.burmeseclassic.com

မြင်တာနဲ့တစ်ၿိ ဆရာဖြစ်လိမ့်မည်၊ သာသနာ့ဘောင်တွင် နေပါက ကျော်စောလိမ့်မည်၊ ဝတ်ကြောင်နဲ့နေပါက ပေါလွင် ကျော်ကြားမည်၊ အိမ်ထောင်ပြုပါက ထို ကျော်ကြားမှုများ ရမည်မဟုတ်တဲ့'

အသားငါး ပေါတဲ့အရပ်မှာ သက်သတ်လွတ်ပဲဟင်းနဲ့ (၄)ဝါ နေခဲ့တယ်။ ကိုရင်ဦးယ ညစဉ် ပုတီးတစ်ကုံးနဲ့ ဆိတ်ငြိမ်ရာတွင် အလုပ် လုပ်နေသဖြင့် ဆရာတော်က ကျန်ကိုရင်တို့ကို စံနမူနာပြ အတုယူစေခဲ့တယ်။

သို့သော်လဲ အသက်အရွယ်ကြီးရင့်သူ ဖခင်ကြီးကို ကူညီလိုသဖြင့် ကျောင်းထွက်လိုက်တယ်။

လူပျံတော်ညီနောင်

ကျော်ဒင် ညတိုင်း အပြင်ထွက်လေ့ရှိတယ်။ အလယ်ထွက်တာလား။ သူ ရှေ့ရေးအတွက်လားဆိုတာ မသိကြဘူး။

ညစဉ် ထူခြေတိတ်ချိန် အိမ်ရှေ့ကွက်လပ်ကနေရာမှ လျှပ်ရောင်ဝင်းလက်ပြီး သစ်ပင်များမှ အိပ်တန်းဝင်ငှက်တို့ ကျီးပြုတ်တဲ့အလား ဆူညံသွားတာ ညတိုင်း ကြားနေရတယ်။

မိုးလင်းပိုင်း နောက်ဖေးကွက်လပ်မှ ကျီးပြုတ်သံတို့ ကြားရပြန်တယ်။ သူ့ခန်းစီး လှုပ်ယမ်းသွားရင် ဆူရောက်ပြီပေါ့။

အကင်းပါးသူ ဖခင်ကြီးက **"ငါ့သားကျော်ဒင် ညဥ့်နက်အောင် မနေနဲ့ကွယ်"** ဆိုတဲ့အတိုင်း ကျီးပြုတ်သံတို့ စောသွားတယ်။

တစ်ည ကျော်မြင့် အိပ်မက်တွင် ကျော်ဒင်ရောက်လာပြီး "ငါ့ညီ တို့ အလည်သွားကြစို့" ဆိုပြီး ချိုင်းက သိုင်းဖက်တယ်။ ကမ္ဘာတစ်ခုပေါ်က ခုန်လိုက်ရာ လျှပ်ရောင်နဲ့အတူ ထန်းတစ်ပျားအရောက် လိုရာကို သွားကြတယ်။

သူတို့ညီနောင်ရှေ့မှာ နှင်းပိတ်နေတဲ့ အလင်းတန်းရှိနေတာ ဆန်းတယ်။ ရွာတစ်ရွာအဆင်းမှာ ထုံးစံအတိုင်း ကျီးပြုတ်သံများ ဆူညံကျန်ခဲ့တယ်။

ဖြတ်ကျော်လာတဲ့ လမ်းတစ်လျှောက် ထိုနည်းအတိုင်း ဆူညံကျန်ခဲ့တယ်။ သုံးခေါက်လိုက်ခဲ့ရာ ဘုရားပွဲနဲ့ ရွာအလယ်မှ လှုပျံဖြူတို့အိမ်ဝင် မုန့်စား ရေနွေးသောက်ကြတယ်။ နောက်တစ်ရွာကတော့ မျက်နှာစိမ်းတွေဖြစ်လို့ ရေတောင် မသောက်ခဲ့ရဘူး။

နောက်တစ်ခေါက် ရွာတစ်ရွာက အပြန်မှ အိမ်မှာ ပွက်လောရိုက်ကုန်ကြတယ်။ အသက်ရှူသံမကြားတဲ့ ကျော်မြင့်ကို မိခင်ကြီး လှုပ်နှိုးရင်း ငိုနေလို့ အားလုံး ဆူညံကုန်ကြတယ်။ လည်ပင်းအောက်က သွေးကြောခုန်နေတာမြင်မှ ကျော်မြင့် မသေကြောင်း ဖခင်ကြီး ကြေညာလိုက်တယ်။

မကြာပါ အိမ်ရှေ့ကွက်လပ်တွင် လျှပ်ရောင်နဲ့ ကျီးပြုံသံတို့ ကြားရပြီး ကျော်မြင့် အသက်ပြန်ရှူလာတယ်။ ကျော်ဒင် ခေါ်သွားမှန်းသိလို့ မိသားစုများ ကျော်မြင့်နောင်ရေး စိတ်ပူလာကြတယ်။

ရွှေလ ဆက်တင်ပါရန်

အိကင်းဦးမြမောင်
(မန္တလေး)

စာရှည်...သုတသိန္ဓိ...ပညာရှင်အပေါင်းတို့ခင်ဗျား...

ယခုစာမူမှာ (၃-၃-၂၀၀၅)ခုနှစ်နေ့က ရောက်ရှိခဲ့သောစာမူ ဖြစ်ပါသည်။ အကြောင်းကြောင်းကြောင့် မဖော်ပြနိုင်ခဲ့ပါ။

ယခုအချိန်တွင် (၁၁)နှစ်ကျော်ပြီ ဖြစ်ပါသည်။

သို့ဖြစ်၍ ဤဆောင်းပါးနှင့်ပတ်သက်၍ သိရှိသူများမှ ဆက်လက် ရေးသားပေးပို့ပါရန်နှင့် ပညာရှင်များ၏ အတွေ့အကြုံ ယူဆချက်များကိုလည်း ဆက်လက် ရေးသားပေးပို့ပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

ထေရစာရွာဖြင့်...

ဦးကျော်မိုးသိန်း
စာတည်းမှူး
နာဂတ္ထရောင်ခြည်မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

ခမုံဆရာတော်ကြီးနှင့်

ဆန်းကြယ်သော မနောစွမ်းအား

ရောင်းမွေကျော်

ကျွန်တော် ဆယ်ကျော်သက် အရွယ် အလယ်တန်းကျောင်းသားဘဝ ထွင် ခမုံဆရာတော်နှင့်ပတ်သက်သည့် အံ့သြဖွယ် အဖြစ်အပျက်တစ်ခု ကြုံခဲ့ပါသည်။

ကျွန်တော်၏ ဇာတိရွာသည် **ခမုံဆိပ်ရွာ** ဖြစ်ပါသည်။ ခမုံရွာတွင် မြောက်မှ တောင်သို့ ဖြတ်သန်းစီးဆင်းနေသော မြစ်မခမြစ်ရှိပါသည်။

ရွာ၏ အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းကို ပေါင်းကူးဆက်သွယ်ပေးသော မြစ်မခ မြစ်ကူးတံတားလည်းရှိပါသည်။ ခမုံရွာသည် မြစ်မခမြစ်၊ မြစ်ကူးတံတား၊ ဈေးဆူတာတို့ဖြင့် စည်ကားပြီး ကျွန်တော့် အတွက် အလွန်ပျော်စရာကောင်းပါသည်။

ကျွန်တော်ငယ်စဉ်က လူစည်ကားရာနေရာများဖြစ်သော မြစ်ဆိပ်ကမ်း၊ မြစ်ကူးတံတား၊ ဘူတာ၊ ဈေးများဆီသို့ နေ့စဉ်သွားပါသည်။ တစ်နေ့တွင် ကျွန်တော်၏ စိတ်မှာ လန်းဆန်းမှုမရှိ ဖြစ်နေပါသည်။ ထိုနေ့မှာ တပေါင်းလပြည့်နေ့ ဖြစ်ပါသည်။

နှစ်စဉ် တပေါင်းလပြည့်နေ့တိုင်း ခမုံရွာမှ ဘုရားဖူးများသည် ဘိုးခေါင်စုရွာရှိ ရွှေငုံမ်းအေးဘုရားသို့ သွားကြပါသည်။ ခမုံဆရာတော်၏ ဘုရားဖူးအဖွဲ့များကိုလည်း ဆိပ်ကမ်းရှိ စက်လှေများ၊ မော်တော်များပေါ်တွင် တွေ့ရပါသည်။ ထိုအချိန်အထိ ကျွန်တော်၏ စိတ်တွင် ပျော်ရွှင်ခြင်း မရှိပါ။ မြစ်ကမ်းတွင် ငိုင်နေစဲ၊ ရပ်နေစဲဖြစ်ပါသည်။

ထို့နောက် ကျွန်တော်၏စိတ်တွင် ခမုံဆရာတော်အား ဖူးမြော်လိုသော ဆန္ဒ ဖြစ်ပေါ်လာ၍ ဘုရားဖူးများအား မေးကြည့်ပါသည်။ ခမုံဆရာတော်လည်း ပထမဆုံးထွက်သော စက်လှေဖြင့် သွားနှင့်ပြီဖြစ်ကြောင်း သိရပါသည်။ ကျွန်စက်လှေနှင့် မော်တော်များကိုလည်း (၉)နာရီ နောက်ဆုံးထား၍ ထွက်ကြရန် မှာကြားသွားကြောင်း သိရပါသည်။

စက်လှေများ ဆိပ်ကမ်းမှ ထွက်ခွာကြပါပြီ။ နောက်ဆုံးတွင် မော်တော်ကြီး တစ်စီးသာ ကျန်ပါတော့သည်။ ကျွန်တော်သည် နောက်ဆုံးမော်တော်ဖြင့် ဘုရားဖူးလိုက်ရန် ဆုံးဖြတ်လိုက်ပါသည်။ ကျွန်တော်လိုက်သွားသည်ကို အိမ်သားများ မသိကြပါ။ သွားနှင့်ပြီဖြစ်သော ခမုံဆရာတော်လည်း သိမည် မဟုတ်ပါ။

မော်တော်နှင့် စက်လှေပိုင်ရှင်များသည် ခမုံဆရာတော်၏ တပည့်ဒကာရင်းများဖြစ်ပြီး နှစ်စဉ်သွားနေကျ ဖြစ်သဖြင့် ဘိုးခေါင်စုရွာသို့ နေ့ဆွမ်းအခါ

www.burmeseclassic.com

www.burmeseclassic.com

ရောက်ကြရမည်ကိုလည်း သိကြပါသည်။

တပေါင်းလပြည့် ရေတက်ရက်ဖြစ်ခြင်း၊ ရေစုန်ဖြစ်ခြင်းတို့ကြောင့် ခရီးတွင်ပါသည်။ စက်လှေများသည် မြစ်ကမ်းတစ်လျှောက်ရှိ ဘုရားများ ဘုရားဖူးများကို ကမ်းကပ်တင်ကြပါသည်။

ကျွန်တော်စီးသော မော်တော်ကြီးသည် ကမ်းကပ်တင်ခြင်းမပြုဘဲ စက်လှေများကို ကျော်တက်သွားပါသည်။

တစ်ခါးနှင့် တစ်စီး ကျော်တက်သွားတိုင်း စနောက်သံများ ဆူညံသွားပါသည်။ ဘုရားဖူးများအားလုံး ပျော်ရွှင်နေကြသော်လည်း ကျွန်တော်ကတော့ ပျော်ရွှင်မှု မရှိပါ။ မော်တော်ပိုင်ရှင်နှင့် ဘုရားဖူးအားလုံးသည် အသိများဖြစ်ကြသော်လည်း အိမ်ကို ပြောမလာခဲ့ရ၍လား၊ နေ့လယ်စာအတွက်ကြောင့်လား မသိပါ။ စိတ်မှာ အလွန်လေးလံနေပါသည်။

ဘိုးခေါင်စုရွာသို့ ရောက်သည့်အခါ ဘုရားဖူးများသည် ယူလာသော စားသောက်ဖွယ်ရာများကို နေ့ဆွမ်းအဖြစ် ပြင်ဆင်ကြပါသည်။ ခဏဆရာတော်သည် ဘိုးခေါင်စုရွာကျောင်းသို့ ရောက်ရှိနေပြီဖြစ်ပါသည်။

စက်လှေနှင့် မော်တော်ပေါ်ရှိ လူကြီးလူငယ်များသည် ဆရာတော်အား နေ့ဆွမ်းကပ်ရန် ဘိုးခေါင်စုရွာကျောင်းသို့ အပြေးနှင်ကြပါသည်။

အမေများ၊ ကလေးများနှင့် ကျွန်တော်တို့အရွယ် လူငယ်အနည်းစုသာ ကျန်ခဲ့ပါသည်။ စက်လှေနှင့် မော်တော်ပေါ်တွင် နေ့လယ်စာ စားသုံးကြပြီး စားပြီးသူများကလည်း ဝိုင်းပွဲစကားပြောနေကြပါသည်။ ကျွန်တော့်တွင် ထမင်းချိုင့်မပါသော်လည်း အသီးများက ကျွေးသဖြင့် ဆူတို့နှင့်အတူ ထမင်းစားပါသည်။

ကျွန်တော် ထမင်းစားပြီးသည့်အခါ ငါးဆင့်စတီးချိုင့်ကြီးမှ တစ်ဆင့်ကို ရေဆေးပါသည်။ ရေစုန်တွင် ချလိုက်မိပြီး စတီးချိုင့်သည် လက်မှလွတ်၍ ရေစီးနှင့် မျောပါသွားပါတော့သည်။ အခြားစက်လှေများ၊ မော်တော်များမှ လူများက လက်ဆန့်၍ ဝါးထိုး၍ ဆယ်ယူပေးကြသော်လည်း ရေစုန်အတိုင်း ဆက်လက်၍ မျောပါသွားပါသည်။

ဝဲများကြောင့်လည်း ကမ်းစပ်မှ ဝေးရာ မြစ်လယ်သို့ ရောက်သွားပါသည်။ စတီးချိုင့်သည် တန်ဖိုးများပြီး သူတစ်ပါး ပစ္စည်းများ ဖြစ်နေသောကြောင့် ကျွန်တော်သည် အဝတ်အစားများကို ချွတ်ပြီး ရေထဲသို့ အမြန်ခုန်ဆင်းလိုက်ပါသည်။

အများ၏အထင်မှာ ရေလယ်မှ ချိုင့်ကို ကျွန်တော် ဆယ်ယူပြီး စက်လှေများ ရှေ့မှ ရင်ကော့ဖြတ်လျှောက်၍ မော်တော်ကြီးဆီသို့ ပြန်မည်ဟု ထင်ကြပါလိမ့်မည်။ သို့သော် အများအထင်နှင့် ကျွန်တော်၏ဖြစ်ပုံမှာ လွဲပြီး သောဘေးနှင့် ကြုံခဲ့ရပါသည်။

စတီးချိုင့်ကို လက်နှင့် ကိုင်မိချိန်တွင် ခါး၌ အဝတ်မရှိသည်ကို သတိထားမိလိုက်ပါသည်။ ဆယ်ကျော်သက် အရွယ်ရောက်နေပြီဖြစ်သော ကျွန်တော်သည် ရှက်စိတ်ဝင်သွားပြီး ဒုက္ခရောက်ပါတော့သည်။ ရေဆန်ကို အကြိမ်ကြိမ် ကူးခပ်နေမိပါတော့သည်။

မြစ်ကမ်းဘေးတွင် ကြီးပြင်းလာသည့် ကျွန်တော့်ကို ရေကူးကျွမ်းကျင်သည်ဟု သိထားကြပြီး စိတ်ချ၍ ကျွန်တော့်ကို မကူညီကြပါ။ ရေဆန်ကူးနေသော ကျွန်တော့်ကို ဦးရိုးမက,ဘဲ ဖင်လိန်ကနေသည်ဟု ထင်နေပြီး မကူညီခြင်းလည်း ဖြစ်နိုင်မါသည်။

ရေစီးအားသန်သဖြင့် မြစ်လယ်တွင် ကျွန်တော် ကြာကြာမကူးနိုင်တော့ပါ။ အလွန်မောပန်းပြီး စိတ်ကို လျှော့လိုက်မိပါတော့သည်။ နောက်ဆုံး အားကိုးရာသည့်သဘောဖြင့် ရေလယ်မှကုန်းပေါ်သို့ လှမ်းကြည့်မိပါသည်။ စိတ်ထဲတွင်လည်း ဒီတစ်ကြိမ် ကုန်းမြေကို မြင်ရခြင်းသည် နောက်ဆုံးအကြိမ် ဖြစ်လေပြီဟု အားလျော့လိုက်ပါသည်။

ထိုအချိန်တွင် ကုန်းပေါ်မှ မြစ်ကမ်းပေါ်သို့ ပြေးဆင်းလာသော လူအုပ်ကြီးကို တွေ့လိုက်ရပါသည်။ ထိုလူအုပ်ကြီး ဆိပ်ကမ်းနှင့် နီးလာချိန်တွင် စက်လှေနှင့် မော်တော်ပေါ်ရှိ လူများကလည်း ကုန်းပေါ်သို့ တက်ကြပါသည်။ ကျွန်တော်လည်း လူအုပ်ကြီးရှိရာ ကမ်းဘက်သို့ အလိုလို ကူးခပ်နေမိပါသည်။

ခြေထောက် ထောက်မိသောနေရာ အရောက်တွင် စက်လှေများ နောက်မှ တွယ်ကပ်ပြီး မော်တော်ကြီးရှိရာသို့ အရောက်လာနိုင်ခဲ့ပါသည်။ မြစ်ကမ်းရှိ လူများသည် ကုန်းပေါ်မှ ပြေးဆင်းလာသော လူအုပ်ကြီးထံတွင်သာ အာရုံရောက်နေကြပြီး ကျွန်တော့်ကို မမြင်ကြပါ။

ပြေးဆင်းလာသော လူအုပ်ကြီး၏ အမေးစကားများကို ပြန်ပြန်ပြောနေကြသူ

www.burmeseclassic.com

www.burmeseclassic.com

နွယ်ကျေးရွာ စုန်းကဝေစာစဉ်

(၁)

ဝဿန် သက်လွှင်

ထို အောက်လမ်း ပညာများကို ရတနာသုံးပါးနှင့် ဝိပဿနာ-မှုးများခြင်း က ပပျောက်စေနိုင်ပါကြောင်း အသိ ပေးအပ်ပါသည်" ဟု မှတ်ချက်ပြုထား ပါသည်။

စုန်းကဝေပညာသည်များ အထင် အရှား ရှိခဲ့ဖူးသည်မှာ မှန်ပါ၏။ ထိုသို့ သော မကောင်းဆိုးဝါးများကို ရတနာ သုံးပါး ဦးထိပ်ထားလျက် သီလ၊

ဤစာတမ်းကို စတင်ရေးသားသူ ဦးကျော်မိုးသိန်းက လည်း "**စုန်းကဝေများမှာ ယခုအခါ ထိုအောက်လမ်းပညာရှင်များနှင့်အတူ အတော်များများ ကွယ်ပျောက်သွား လောက်ပြီဟု ယူဆပါသည်။ မှတ် တမ်းသဘောမျှသာ ဖော်ပြခြင်း ဖြစ်ပါသည်။** ဥပါဒါန် မစွဲစေလိုပါ။

ဤစာတမ်းရေးသားခြင်း ရည်ရွယ်ချက်ကို ဖော်ပြရာတွင် "**ဝင့်ဝင့်အောင် (ခေတ္တ-ဘားခါး)၏ စုန်းကဝေ ဟူသည်မှာ**" ကို ဖတ်လိုက်ရသည်။

နာဂတ္ထရောင်ခြည်မဂ္ဂဇင်း၏ စာ

www.burmeseclassic.com

www.burmeseclassic.com

သမာဓိ ပြည့်စုံသော ရဟန်းရှင်လူ ပုဂ္ဂိုလ်များက သုတ်သင်ရှင်းလင်း ဖယ်ရှားနိုင်ခဲ့၍ ရှားပါးစ ပြုလာသည် မှာလည်း မှန်ပါ၏။

သို့သော် အချို့သော ကျေးလက် တောရွာများ၌ အကြွင်းအကျန်များ ရှိနေသေးသည်ကို တွေ့မြင်နိုင်သေး၏။

၁၉၉၀ ပြည့်နှစ် ဝန်းကျင်က သံဖြူ ဇရပ်မြို့နယ်တွင်းရှိ မွန်နန္ဒာဘုန်းကြီး ကျောင်းတွင် စုန်းကဝေတစ်ဦး၏ အပင်းသွင်း မှိကပ်ခံနေရသော ဦးပဉ္စင်း တစ်ပါးကို အစ်ကိုဖြစ်သူ အထက်လမ်း ဂိုဏ်းမှ ပယောဂကုဆရာက လာ ရောက်ပြီး ကုသပေးခဲ့သည်။

မှိကပ်နေသော စုန်းကဝေမကို ပညာစွမ်းဖြင့်ခေါ်၍ နှိပ်ကွပ်ဆုံးမ နယ်နှင်လိုက်ပုံကို ကျွန်ုပ်ကိုယ်တိုင် မျက်မြင်တွေ့ခဲ့ရသည်။

စာရေးဆရာ ဝင့်ဝင့်အောင်၏ တပ်ပြထားချက်ကို ယုံကြည်လက်ခံပါ သည်။ ကျွန်ုပ်ကိုယ်တိုင်လည်း တာဝန်အရ နယ်အသီးသီးသို့ သွားလာခဲ့စဉ် အတွင်း စုန်းပူး၊ နတ်ပူး၊ ပရလောက သားဝင်ပူးသည့် ဖြစ်ရပ်များကို တွေ့မြင်ခဲ့ဖူး၏။

တစ်ခါတစ်ရံ တစ်ဆင့်ပြန်ပြော ရေးသားဖော်ပြပါက မယုံနိုင်ဖွယ် အဆန်းတကြယ်များလည်း ကြုံတွေ့ ခဲ့ဖူးပါ၏။

ယခု ဖော်ပြမည့် အဖြစ်အပျက်မှာ ပရလောကသား ကျုံးသွင်းထားသည့် ရွာသူဟု ဆိုကြသော စုန်းကဝေတစ်ဦး က ပြင်ပလောကမှ နယ်ကျော်၍ သာသနာနယ်တွင်း ဝင်လာပြီး ရဟန်း တစ်ပါးကို မှိကာ မျောက်ပြဆန်တောင်း စားရင်း သေစေရန်အထိ ကြံရွယ်ခဲ့ သော မှုခင်းဟုလည်း ဆိုနိုင်ပါသည်။

ထိုဖြစ်ရပ်တွင် ကျွန်ုပ် ဘယ်ပုံ



ပတ်သက်ခဲ့ရသည်ကို ဖော်ပြပေးရန် လိုအပ်လာပါသည်။ ကျွန်ုပ်သည် ပညာ ရေးတစ်ဝိုင်းတစ်စဖြင့် တပ်ထဲသို့ ဝင်ခဲ့ သူဖြစ်၏။

ပညာရေး အားပေးသည့် တပ်ရင်း မှူး၏ စေတနာ မေတ္တာဖြင့် တပ်တာဝန် လည်းထမ်းဆောင်ရင်း တပ်ပြင်၌ ပညာ ဆက်လက်ဆည်းပူးခွင့်ရခဲ့ သည်။ ဘီအက်စီဘွဲ့ရ ကျူရှင်ဆရာ ဦးစိုးတင့်ထံ၌ ပညာသင်ယူရသည်။

ဆရာဦးစိုးတင့်သည် စာသင်ပြ ကောင်းသော ဆရာတစ်ဦးဖြစ်သည်။ သို့သော် အရက်ကို အဖော်ပြုလာရာမှ အချိန်အခါမရှိ သောက်တတ်လာ သည်။ စာသင်ချိန် မမှန်တော့သဖြင့် ဂုဏ်သတင်းလည်း ညှိုးမှိန်စပြုလာ သည်။

၁၉၈၈ ခုနှစ် အရေးအခင်းကာလ၌ ဆရာသည် နိုင်ငံရေးနှင့် ငြိစွန်းပြီး ရှောင်တိမ်းသွား၏။ သာသနာ့ဘောင် သို့ ကူးပြောင်းသွားသည်ဟု ကြားလိုက် ရသည်။

ကျွန်ုပ်လည်း တပ်မှထွက်ခဲ့ပြီး နောက် သံဖြူဇရပ်မြို့နယ် စာဇေလုပ် သားအဖွဲ့၌ အတွင်းရေးမှူးတာဝန် ယူနေချိန် ဆရာ့သတင်းကို အထက်ပါ အတိုင်း ကြားလိုက်ရသည်။

အဖွဲ့အစည်းများ ပြုကွဲစဉ် စာပေ လုပ်သားအဖွဲ့မှာလည်း ကစဉ့်ကလျား ဖြစ်သွားရသည်။ ကျွန်ုပ်လည်း ဌာန တစ်ခုမှ ပြောင်း၍ မြို့နယ် မော်တော် ယာဉ်အသင်းတွင် လက်နှိပ်စက်စာရေး ဝင်လုပ်နေရ၏။ ဆရာဦးစိုးတင့်နှင့် ကျွန်ုပ် အဆက်အသွယ်ပြတ်ခဲ့သည်။ အထီးကျန်ဘဝဖြင့် ကျွန်ုပ်သည် စားတော့ ထမင်းဆိုင်၊ အိပ်တော့ မော်တော်ယာဉ်ရုံးမှာ နံနက်စောစော ထတတ်သော အကျင့်ရှိသဖြင့် နေ့စဉ် နံနက်ပိုင်း လမ်းထွက်လျှောက်သည်။

ထိုသို့ လမ်းလျှောက်ထွက်စဉ် မော်တော်ယာဉ်ရုံး၏ အရှေ့ဘက် ရော်ဘာတောတွင်ရှိသော မွန်နန္ဒာ ကျောင်းမှ ဆရာတော်ကိုယ်တိုင် လူ သွားတောလမ်းတစ်လျှောက် တံမြက် စည်းလှည်းနေသည်ကို တွေ့နေကျဖြစ် သည်။

ကျွန်ုပ်သည် ဆရာတော် မော်လမြိုင်-မုဒုံမြို့သို့ ကြွတိုင်း သွား ရေးလာရေးအတွက် ယာဉ်နေရာ စီစဉ် ပေးခဲ့ရာမှ သိကျွမ်းနေသည်။ ကျွန်ုပ် လမ်းလျှောက်ထွက်ခြင်းကို ဖျက်ပြီး ဆရာတော်ဆီသွား၍ ဦးချသည်။ ဆရာတော်လက်မှ တံမြက်စည်းကို တောင်း၍ နေ့စဉ်လမ်းတစ်လျှောက် လှည်းသည်။

ဤသို့ဖြင့် ကျွန်ုပ်သည် နံနက်တွင် တံမြက်စည်းလှည်းပေးပြီး ရေချိုးကာ မော်တော်ယာဉ်ရုံးအလုပ်များကို လုပ် နေစဉ် တစ်နေ့သော နေ့လယ်ဘက်၌ ဦးပဉ္စင်းတစ်ပါးသည် ရုံးထဲ ဝင်လာ သဖြင့် ကြည့်လိုက်ရာ ကျွန်ုပ် တွေ့နေ သည့် ဆရာဦးစိုးတင့် ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးပဉ္စင်းကို ခုံတစ်လုံးဆွဲ၍ ထိုင်ရန်ပေးလိုက်သည်။ မော်တော်ယာဉ်ဥက္ကဋ္ဌက ဖျော်ရည်မှာ၍ ဆက်ကပ်သည်ကို ဘဉ်းပေးပြီးနောက် ကျွန်ုပ်အားလျှင် သူနှင့်လိုက်ရန် ခေါ်သဖြင့် ဥက္ကဋ္ဌက လိုက်ခွင့်ပေးသည်။

ဆရာဦးပဉ္စင်း၏ လွယ်အိတ်ကို လွယ်လျက် နောက်မှ လိုက်ပါခဲ့ရာ ဆရာသည် မွန်နန္ဒာကျောင်းထဲ ဝင်သွားပြီး ဆရာတော်ရှိရာသို့ ကြွသွားသည်။ ဆရာတော်ကြီးသည် လက်ဖက်ရည်စားပွဲဘေးတွင် တစ်ပါးတည်း ထိုင်နေသည်။

ဆရာဦးပဉ္စင်းနှင့် ကျွန်ုပ် ဆရာတော်ကို ဦးချသည်။ ဆရာတော်သည် မျက်နှာထား ခပ်တည်တည်ဖြင့် ဦးပဉ္စင်းစိုးတင့်ကို ကြည့်နေသည်။

ဆရာတော်နှင့် ဦးပဉ္စင်း ဦးစိုးတင့်တို့အကြား တစ်စုံတစ်ခုသော အကြောင်းကိစ္စ ရှိလိမ့်မည်ဟု ကျွန်ုပ် ခန့်မှန်းနေမိသည်။ ထင်သည့်အတိုင်းပင် ဆရာတော်သည် ကိုးပါးဆေးကို ရေနွေးဖြင့် ဘဉ်းပေးပြီးနောက်...

'ဘယ်လိုလဲ ဦးပဉ္စင်း အင်္ဂလိပ်စာ သင်ပေးမယ်ပြောပြီး ပျောက်သွားလိုက်တာ ခြောက်လကျော်သွားပြီ။ ဆရာတော်ကတော့ စာသင်မယ့် ဦးပဉ္စင်းတွေကို စုထားတယ်။ ဒကာတွေကိုလဲ အသိပေးပြီး စာသင်ဘော(blackboard) နဲ့ မြေဖြူ။ ဘောလ်ပင်၊ စာအုပ်တွေ စီစဉ်ထားတယ်။ ဦးပဉ္စင်း ဘယ်ပျောက်သွားတာလဲ၊ အင်္ဂလိပ်စာ မသင်ပေးနိုင်တော့ဘူးလား'

ဆရာတော်သည် ဦးပဉ္စင်းစိုးတင့်ကို ခပ်မာမာမေးလိုက်ပါသည်။ ဆရာတော်သည် ဝိနိုပိန်ပါးပါး အရပ်ရှည်သလောက် စကားပြောရာတွင် ပြတ်ပြတ်ရှင်းရှင်း ပြောတတ်သော်လည်း စိတ်သဘောထား အလွန်ကောင်းလှ၏။

(ဆရာတော်၏ ဘွဲ့အမည်မှာ ဦးဝိမလ'ဖြစ်ပြီး မွန်နန္ဒာကျောင်းကို စတင် တည်ထောင်သူလည်း'ဖြစ်၏။ လွန်ခဲ့သော (၅)နှစ်ခန့်က ပျံလွန်တော်မူသွားကြောင်း ကြားသိရသည်။) ဆရာတော်၏ တိုက်ရိုက်အမေးစကားကြောင့် ဦးပဉ္စင်းစိုးတင့်မှာ လက်အုပ်ချီလျက် ဆရာတော်ကို မဝံ့မရဲကြည့်ကာ...

'တပည့်တော် ခရီးလွန်သွားလို့ပါ ဆရာတော်၊ တပည့်တော်ကို ခွင့်လွှတ်တော်မူပါ။ တပည့်တော်ရဲ့ ကိုယ်ရေးကိုယ်တာ အကြောင်းကြောင့် မကြာခင် လူထွက်ရပါလိမ့်မယ်။ တပည့်တော် မယင်ပေးနိုင်ပေမယ့်လဲ စာသင်ရေး အစီအစဉ်တော့ ပဗျာ်ပါနဲ့။ ထပည့်တော် အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးဖို့ ဒီအကာကို ခေါ်လာခဲ့တာပါ'

ဟု လျှောက်နေသည်။

ကျွန်ုပ်မှာလည်း ဦးပဉ္စင်းစိုးတင့်၏ စကားထဲတွင် မိမိလည်း ပါနေသဖြင့် ဘုမသိ ဘမသိ ဖြစ်နေသည်။

'စာသင်ပေးမှာပါဘုရား၊ ဒီဒကာက တပည့်တော်ရဲ့ တပည့်အရင်း၏။ အင်္ဂလိပ်စာကို တပည့်တော်ကိုယ်စား သူကောင်းကောင် သင်ပေးနိုင်ပါတယ်။ ဒီကျောင်းက ဦးပဉ္စင်း၊ ကိုရင်တွေ စာတတ်ဖို့ အာမခံပါတယ်ဘုရား၊ တပည့်တော်ကတော့ လူဝတ်လဲပြီး တခြားသွားစရာရှိလို့ ဆရာတော် ခွင့်လွှတ်ပေးပါဘုရား'

ဦးပဉ္စင်းစိုးတင့်၏ ထပ်မံ လျှောက်ထားစကားကြောင့် ဆရာတော်သည် ကျွန်ုပ်ကို မျက်မှန်ဝင့်ကြည့်သည်။ ကျွန်ုပ်မှာလည်း ဆရာဦးပဉ္စင်းသည် မိမိကို ကြိုတင်ပြောထားခြင်းလည်း မရှိ။ ကျွန်ုပ်သဘောဆန္ဒကိုလည်း မမေးဘဲနှင့် ခေါ်လာခဲ့သည်ကို ပသို့မှ နားမလည်နိုင်အောင် ဖြစ်နေသည်။

ဦးပဉ္စင်းစိုးတင့်ကလည်း သူ့အပေါ် နားလည်ခွင့်လွှတ်စေလိုသော မျက်နှာဖြင့် ကြည့်နေသည်ကို သတိပြုမိသည်။

'ဒီဒကာကို ဆရာတော် သိပါတယ်။ ဒကာကရော ဦးပဉ္စင်းစကားအတိုင်း သင်ပေးနိုင်ပါ့မလား၊ သင်ပေးနိုင်မယ်ဆိုရင် ညနေ(၆)နာရီကနေ (၈)နာရီခွဲအထိ သင်ပေးရမှာ၊ ဒကာအတွက် စားသောက်နေထိုင်ရေးကို ဆရာတော် တာဝန်ယူတယ်။ ဆရာတော်ရဲ့ ဦးပဉ္စင်း၊ ကိုရင်တွေ အင်္ဂလိပ်စာတတ်ရင် တော်ပြီ'

ဆရာတော်က ကျွန်ုပ်၏ သဘောထားကို မေးလာသဖြင့် ဆရာ ဦးပဉ္စင်း၏ ကတိစကားမပျက်ရန်နှင့် ဆရာကောင်း တပည့်ပီသစွာ ပညာပါရမီဖြည့်ဆည်းပေးလိုသော ဆန္ဒရှိ သဖြင့် အချိန်လည်း ပေးနိုင်သောကြောင့်...

'တပည့်တော်က ယော်တော်ယာဉ်ရုံးမှာ အိပ်ကပါဘုရား၊ ရုံးနဲ့ကျောင်းလဲ နီးပါတယ်။ ညနေ(၄)နာရီခွဲ ရုံးဆင်းရင် အားနေတော့ သင်ပေးနိုင်ပါတယ် ဘုရား၊ ဦးပဉ္စင်းစိုးတင့် ကိုယ်စား တပည့်တော် တာဝန်ယူ သင်ပေးပါ့မယ် ဘုရား'

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်၏ သဘောဆန္ဒကို လျှောက်ထားလိုက်သောအခါ ဆရာတော်၏ တည်ကြည်သောမျက်နှာသည် ပြုံးရွှင်လာတော့သည်။

'ဒါဖြင့်ရင် ဆရာဘသက် ဘယ်နေ့ကစပြီး သင်ပေးနိုင်မလဲ၊ လာသင်ပေးပါ။ ဦးပဉ္စင်းစိုးတင့်ကိုလဲ ဆရာတော် ခွင့်လွှတ်ပါတယ်။ ကဲ ဆရာစောလဲ စိတ်အေးသွားပြီ ရေချိုးတော့မယ်'

ဆရာတော်သည် စကားနည်းသူဖြစ်သောကြောင့် စကားဖြတ်ကာ အိပ်ခန်းထဲ ဝင်သွားသဖြင့် ကျွန်ုပ်တို့မှာလည်း ဆရာတော်ကို ဦးချ၍ ပြန်ခဲ့ကြရသည်။

အပြန်လမ်းတွင် ဦးပဉ္စင်းစိုးတင့်က ကျွန်ုပ်ကို တပည့်ရင်းဖြစ်၍ ယုံကြည်စိတ်ချပြီး သဘောဆန္ဒ မမေးဘဲ စာသင်ရန် စီစဉ်မိသည်ကို ခွင့်လွှတ်ရန် ပြောပြီး ကျွန်ုပ်တို့ လမ်းခွဲခဲ့ကြသည်။

ထိုနေ့မစ၍ ဦးပဉ္စင်းစိုးတင့်နှင့် ကျွန်ုပ် ပြန်လည်မဆုံဖြစ်တော့ပါ။ (ယခု ကွယ်လွန်ခဲ့ပါပြီ။) ဆရာ. နောက်ဆုံးပြောခဲ့သော စကားကိုတော့ အမြဲကြားယောင်နေမိသည်။

'စိုးတင့်ဆိုတဲ့ ပါကတော့ ဘီအက်စီတွဲရပြီး ဆရာဘာဘင်ဆစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို ယိမ်းထားနိုင်ခဲ့ပေမယ့်၊ ဆရာတော်ကတော့ ငါးကို အကြီးကနေ ဆရာဘသက်လို့ အသိအမှတ်ပြု ခေါ်လိုက်တဲ့အတွက် ငါ ဝမ်းသာတယ်ကွာ'

ဤသို့ဖြင့် ကျွန်ုပ်သည် ဆရာဦးပဉ္စင်း၏ စီစဉ်မှုအရ မွန်နန္ဒာကျောင်းတွင် ညစဉ် (၆)နာရီမှ (၈)နာရီခွဲ၊ တစ်ခါတစ်ရံ(၉)နာရီထိ စာသင်ပြပြီး ရုံးသို့ ပြန်အိပ်ခဲ့သည်။

နောင်တွင် ဆရာတော်က ကျွန်ုပ်ကို ကျောင်းမှာပင် အိပ်စေခဲ့သည်။ သည်တွင် တစ်ကျောင်းလုံးနှင့် ခင်မင်ရင်းနှီးခဲ့သည်။ ဆရာတော်၏ လက်ထက်သုံး တောင်ဝှေးလည်း ဖြစ်ခဲ့ရသည်။

ကျောင်းကိစ္စအဝဝကိုလည်း ဆရာတော် တိုင်ပင်အသိပေးလာလျှင် ကျွန်ုပ် ဆောင်ရွက်ပေးရသည်။

တစ်ည(၉)နာရီခန့်တွင် ဆရာတော် ခေါ်သဖြင့် ကျွန်ုပ် ကျောင်းကြီးပေါ်သို့ တက်ခဲ့ရာ ဆရာတော်က အနားသို့ ခေါ်ပြီး...

'ဆရာဘသက် ဆရာတော်ကို တစ်ခုကူညီပါ။ အောက်ကျောင်းက ဦးပဉ္စင်းအောင်မြင့်စိုးကို သိတယ်ဟုတ်လား။ ဒီဦးပဉ္စင်းမှာ ရောဂါရှိတယ်ထင်တယ်။ သူ့ပါးစပ်က ဘယ်လိုမှ လက်မခံနိုင်တဲ့ အနံ့ဆိုးတွေ ထွက်နေတယ်'

'မှန်ပါ့ ဘုရား'

ဆရာတော်ပြောသည့် ဦးပဉ္စင်းအောင်မြင့်စိုး(ဘွဲ့အမည် မဟုတ်မိတော့ပါ။)မှာ သံဖြူဇရပ်မြို့ ပြည်သူ့ရဲထွက် ဖြစ်ပါသည်။ ကျွန်ုပ်နှင့်လည်း ခင်မင်ပါသည်။

ယခု ဘုန်းကြီးဝတ်နှင့် တွေ့ရသော အခါ ရုပ်ရည်ကျကာ အသားအရေ ခြောက်သွေ့ဝိန်လှီနေပါသည်။

ထိုဦးပဉ္စင်းနှင့် ရဟန်းတစ်ပါး ကျောင်းဆောင်ငယ်တစ်ခုတွင် နေသော်လည်း တစ်ပါးနှင့်တစ်ပါး အပြောအဆို နည်းသည်ကို သတိထားမိသည်။ အခန်း၏ ဟိုဘက်ဒီဘက် ခုတင် တစ်လုံးစီနှင့် နေကြသည်။

စကားသိပ်မပြောသည့် အကြောင်းမှာ ဦးပဉ္စင်းဦးအောင်မြင့်စိုး၏ကိုယ်မှ အထူးသဖြင့် စကားပြောလျှင် ပုတ်လောင်ညှီစော်သည့် အနံ့ဆိုးရနေသဖြင့် ခပ်ဝေးဝေးနှင့် ခပ်ရှောင်ရှောင်နေသည်။

ဦးပဉ္စင်း အောင်မြင့်စိုးမှာလည်း သူ၏ကိုယ်မှ အနံ့ဆိုးကြောင့် သံဃာတော်များ စိတ်အနောင့်အယှက် မဖြစ်စေရန် သူ၏ပန်းကန်ခွက်ယောက်နှင့် ဆွမ်းဟင်းများယူကာ သူ့ကျောင်းခန်း တွင်စားသည်။

ဒကာ၊ ဒကာမ လှူဒါန်းထားသော ဆွမ်းဟင်းလျှာအပြင် သူကြွေကန့်သက်သော အမဲသား၊ ဝက်သားများကို စွေးလူကြမ်းမှာပြီး ဟန်းကောတစ်လုံးနှင့် ကိုယ်တိုင်ချက်ပြုတ်စားသည်။

ချက်ပြုတ်စားပုံမှာလည်း အချိန်အခါမရှိ သူ၏ကျောင်းအောက်၌ မီးဖိုချိ ကိုယ်တိုင်ချက်သည်။ တစ်ခါတစ်ရံ ဆီဆားပင် မထည့်တဲ့ မကျက်တကျက်ကို အငမ်းမရ စားနေသည်။ မီးခိုးမစဲ ရဟန်းမွဲ ဆိုစကားရှိသည်။

လျှာအလိုလိုက်သည့် ဦးပဉ္စင်းဟူပင် တချို့သော ရဟန်းရှင်လူတို့၏ တီးတိုးစကားကိုကြားရသည်။

အများနည်းတူ ကျွန်ုပ်လည်း ဦးပဉ္စင်းကို ခင်မင်သော်လည်း သူ့အနားသို့မကပ် စကားပြောရာရှိလျှင် ခပ်ဝေးဝေးကပင် ပြောသည်။

ကျွန်ုပ်ရောက်စကပင် ပို၍ ပိန်ချုံးကျသွားသော ဦးပဉ္စင်းအောင်မြင့်စိုးကို ကြည့်လျက် ဆေးရုံပြသင့်ကြောင်း လျှောက်ဖူးသည်။ လက်မခံပါ။

နေကောင်းကြောင်း ပြောလျက် အမဲသား၊ ဝက်သားများကို နေ့စဉ်စား၍ ရေလည်းမချိုးသောကြောင့် ပို၍ပင် ညှီစော်နံနေသည်။

ယခု ဦးပဉ္စင်း အောင်မြင့်စိုး အကြောင်းကို ဆရာတော်က စကားစလာသဖြင့် ဘာဆက်ပြောမည်ကို နားထောင်နေဆဲ...

'ဆေးရုံတက်ဖို့ ပြောလဲမရဘူး။ ဆရာတော်က ဒီဦးပဉ္စင်း စိတ်ချမ်းသာဆိုပဲ နေပါစေဆိုပြီး ထားပေးယုံ ညဘက်ဆိုရင် ဗကယီမရှိ ဒါးပန်းကြီးယဟ် လေးငါးသွား နေတယ်။ သူ့ကျွေးတွေဆီ စုံစမ်းပြီး

www.burmeseclassic.com

www.burmeseclassic.com

အကြောင်းကြားပေးပါ ဖြစ်နိုင်ရင် ဆေးပြပေးပါ'

ဦးပဉ္စင်းအောင်မြင့်စိုးက သူ ဘာရောဂါမှ မရှိကြောင်း ပြောသော်လည်း ဆရာတော်က စိုးရိမ်ပူပန်သည်။

နေ့ဘက် ဆွမ်းလာကပ်သော ဒကာများကလည်း ထိုဦးပဉ္စင်း၏ အနေအထိုင်ကိုကြည့်လျက် ရဟန်းတစ်ပါး နှင့်မတူ လူဆန်စွာနေသည့်အကျင့်ကို မြင်တွေ့ပြီး ဝေဖန်ကြသည်ကို ကျွန်ုပ်ကြားသိ မြင်မိပါသည်။ ထို့ကြောင့်...

'တပည့်တော် ဆေးရုံတက် ကုသအောင် ဆောင်ရွက်ပေးပါ့မယ် ဘုရား'

ကျွန်ုပ် တာဝန်ယူ ဆောင်ရွက်ပေးမည့်အကြောင်း လျှောက်ထား၍ နောက်နေ့နံနက်တွင် လူနာစောင့် ရဟန်းတစ်ပါးနှင့် ဦးပဉ္စင်းအောင်မြင့်စိုးကို မော်လမြိုင်သံဃာ့ဆေးရုံသို့ ခေါ်သွားပါသည်။

သံဃာ့ဆေးရုံသို့ ရောက်သောအခါ စမ်းသပ်စစ်ဆေးပြီး ဓာတ်မှန်ရိုက်ကာ ဆေးရုံတင်လိုက်ပါသည်။ လူနာစောင့် ဦးပဉ္စင်း ကျန်ရစ်ပြီး ကျွန်ုပ် ပြန်လာခဲ့ပါသည်။

ဆရာတော်ကို ပြန်လည်လျှောက်ထားသောအခါ ဆေးရုံတက်ရလျှင် ရောဂါပျောက်မည်ဖြစ်၍ ဆရာတော် ကျေနပ်ဝမ်းသာနေသည်။

သို့သော် ဝမ်းသာမှုကား (၂၄)နာရီ တစ်ရက်မပြည့်လိုက်ရဖါ။ ဦးပဉ္စင်းအောင်မြင့်စိုးကို မနေ့နံနက်(၁၀)နာရီခန့်က ဆေးရုံသို့ တင်ခဲ့သည်။

နောက်နေ့နံနက် နေ့လယ်ဘက်တွင် လူနာစောင့်ထားခဲ့သော ဦးပဉ္စင်းသည် ချွေးသီးချွေးပေါက်ကျလျက် မျက်စိမျက်နှာပျက်ကာ ကျောင်းသို့ပြန်ရောက်လာသည်။ ဆရာတော်ထံ ဝင်ရောက်ပြီး...

ဦးပဉ္စင်းအောင်မြင့်စိုး ယနေ့နံနက် (၉)နာရီခန့်က တပည့်တော် ရေချိုးနေစဉ် ဆေးရုံမှထွက်သွားကြောင်း၊ ဆရာဆရာမများနှင့် အနီးဝန်းကျင်တွင် လိုက်ရှာဖွေရာ မတွေ့သဖြင့် ကျောင်းသို့ပြန်ကြွလာသည်ထင်၍ လိုက်လာကြောင်း...

လျှောက်ထားသည့်အတွက် ဆရာတော်မှာ ဦးပဉ္စင်းအောင်မြင့်စိုးအတွက် စိုးရိမ်ပူပန်ခဲ့ရပြန်သည်။

ကျွန်ုပ်ကိုလည်း လူလွှတ်၍ ရုံးဆင်းသည်နှင့် ကျောင်းသို့ အမြန်လာခဲ့ရန် မှာသဖြင့် သွားခဲ့ရသည်။ ကျွန်ုပ် ကျောင်းရောက်ပြီး မကြာမီမှာပင် ဦးပဉ္စင်းအောင်မြင့်စိုး လွယ်အိတ် တစ်လုံးလွယ်လျက် ပြန်ရောက်လာပါသည်။

ဦးပဉ္စင်းအောင်မြင့်စိုးသည် သံဃာ့ဆေးရုံမှ မိမိသဘောဖြင့် တိတ်တဆိတ် ပြန်ဆင်းခဲ့ကြောင်း ဝန်ခံသည်။

ဆေးရုံသို့ပြန်တက်ရန် ဆရာတော် ဖျောင်းဖျသော်လည်း မတက်လို ကြောင်း ငြင်းဆန်သဖြင့် ဆရာတော် လက်လျှော့ပြီး ကျွန်ုပ်ကို ဦးပဉ္စင်းအောင်မြင့်စိုး၏ အစ်ကိုရင်းဖြစ်သူထံ လူလွှတ်ပြီး အကြောင်းကြားခိုင်းသည်။

သည်တွင် ဤဇာတ်လမ်း၏အစတွင် ဖော်ပြခဲ့သည့် ရွာသူမဟု ဆိုအပ်သော စုန်းကဝေအခန်းသို့ ရောက်လာပါတော့သည်။

နောက်တစ်နေ့နံနက်တွင် ဖားအံမြို့နယ်(...)ရွာမှ ဦးပဉ္စင်းအောင်မြင့်စိုး၏ အစ်ကိုဖြစ်သူ ဦးအောင်မြင့်တိုး ရောက်လာသည်။ အသက်(၆၀)ခန့်ရှိပြီး မိန်းမပျိုးတစ်ဦးလည်း ပါလာသည်။ ဦးပဉ္စင်း၏တူမဖြစ်ကြောင်း သိရသည်။

ဦးအောင်မြင့်တိုးသည် ကျောင်းထိုင် ဆရာတော်ကို ဖူးမြော်ဦးချပြီးနောက် ညီတော်စပ်သူ ဦးပဉ္စင်းအောင်မြင့်စိုးကို မြန်မာ့နည်းဖြင့် ကုသမည်ဖြစ်ကြောင်း၊ ရွာသို့ ပြန်ခေါ်သွားမည်ဖြစ်ကြောင်း လျှောက်ထားသည်ကို ကြားရသည်။

ထို့နောက် ကျောင်းကြီးပေါ်မှ တူအရီးနှစ်ယောက် ဆင်းလာပြီး ဦးပဉ္စင်းဦးအောင်မြင့်စိုးကို လာကြည့်သည်။ ထိုစဉ် ဦးပဉ္စင်းသည် သူ့ထုံးစံအတိုင်း ဧကျောင်းအောက်တွင် အမဲသားများ ချက်နေသည်။

'ဦးပဉ္စင်းအောင်မြင့်စိုး အဲဒီတွေ ပစ်ထားပြီး ကျောင်းပေါ်ကတက်လာခဲ့တော့'

ဟု ပြောလိုက်သံကို ကြားရသည်။

ဦးပဉ္စင်းအောင်မြင့်စိုး ဘာမှ မပြောဘဲ ကျောင်းပေါ်သို့ မတက်ချင် တက်

www.burmeseclassic.com

www.burmeseclassic.com

ချင်နှင့်တက်လာသောအခါ...

'တယ်ဦးတော်တို့ ဘာလဲဆိုတာ သိတယ် မဟုတ်လား၊ ဆရာကြီး ဦးအောင်မြင့်ဦးရဲ့ သား ဆရာအောင်မြင့်တို့၊ ဦးပဉ္စင်နဲ့ တယ်ဦးတော်က ညီအစ်ကို ဦးပဉ္စင်ဆရာဂါကို ဒီကနေပဲ ပျောက်အောင်ကုပေးမယ်၊

ကျောင်းအောက်ပဆင်းဘဲ ဒီမှာပဲ ထိုင်နေ အရင်ဘုရားတို့ ခဏ ဓောပ်ချောက်ပေးထား ထားပါ။ ဒီကဆရာကတော့ ဦးတို့နဲ့ လိုက်ခဲ့ ပေးပါ။ ဦးပဉ္စင်အောင်မြင့်စိုးအတွက် စီစဉ် စရာရှိလို့ အပြင်ခဏ သွားကြရအောင်'

တစ်ဆောင်တည်းနေ ဦးပဉ္စင်းကို အပ်နှံပြီး ခုတင်ပေါ်၌ ဦးပဉ္စင်း အောင်မြင့်စိုးကို ထိုင်ခိုင်းထားပါသည်။ ထို့နောက် ကျွန်ုပ်ကိုခေါ်လျက် သူ့အစီ အစဉ်ကို စီစဉ်ပေးမည့်သူများကို ကျွန်ုပ်အား ရှာခိုင်းပါသည်။ သို့နှင့် ကျွန်ုပ်လည်း လည်လည်ဝယ်ဝယ်ရှိ သော လူငယ်တစ်ဦးအား ရှာဖွေပေးပါ သည်။

ထို့နောက် ခြေလက်ဆေးကြော်ပြီး အဖြူရောင်လုံချည် အင်္ကျီများလဲလျက် ဘုရားဆောင်တွင် သောက်တော်ရေ နှင့် အမွှေးတိုင်၊ ဖယောင်းတိုင်များ ထွန်းညှိဆက်ကပ်သည်။ သူ၏ လည်ပင်းတွင် ချိတ်ဆွဲထားသော ပုတီး ကုံးကြီးကို လက်တွင်ပတ်ပြီး ဘုရားရှိမှိုး အမျှတန်းပေးဝေပါသည်။

ထိုအချိန်တွင် ဦးပဉ္စင်းအောင်မြင့်စိုး သည် ကျောင်းအောက်သို့ ဆင်းရန် ထလိုက်သဖြင့် တူမဖြစ်သူက ဦးပဉ္စင်း တစ်ပါးနှင့် ကျွန်ုပ်ကို အကူအညီ တောင်းသဖြင့် ထိုင်ခိုင်းထားလိုက်ရ သည်။

'ငါ အောက်ဆင်းတာ နှတ်တို့ တားဆရာမလို ဘူး ဖယ်ကြ ဖယ်ကြ'

အသံနက်ကြီးဖြင့် အော်လိုက်သဖြင့် ကျွန်ုပ်တို့ လန့်ဖျပ်သွားပါသည်။ ထို အချိန်၌ ဦးအောင်မြင့်တိုးသည် ဘုရား ကို ဦးချပြီးနောက် လှည့်ထိုင်ကာ...

'ခုတင်ပေါ်ကဆင်းပြီး ငါ့ရှေ့မှာ ထိုင်လိုက် စမ်း အခုချက်ချင်း ဆင်းပြီး ထိုင်လိုက်စမ်း'

ဟု ဦးပဉ္စင်းအောင်မြင့်စိုးကို လက်ညှိုးထိုးပြီး ခပ်ထန်ထန်ပြောလိုက် သည်။ ဦးပဉ္စင်း အောင်မြင့်စိုးသည် ပမာဝခန့် အမူအရာဖြင့်...

'ဟား...ဟား...နင်က ဘာဇာတိပို့လို့လဲ ငါ မသိင်းဘူး'

ရွှေလ ဆက်ဖတ်ပါရန်

ဝသုန် သက်လွင်

စာမျက်နှာ (၂၅၀)မှ အဆက်

များ၊ နားထောင်နေကြသူများ အပြန်အလှန် ပြောဆိုနေကြသူအားလုံးကို မော်တော်ပေါ်မှ ကျွန်တော်က မြင်တွေ့နေရပါသည်။ ကျွန်တော်သည် ပြေးဆင်းလာသော လူအုပ်ကြီးကို မြင်လိုက်ရချိန်တွင် ဖြစ်ပေါ်လာသော စိတ်ကူးနှင့် စိတ်ခွန်အားများကြောင့် အသက်ဒေးမှ လွတ်ခဲ့ရပါပြီ။

ကျွန်တော်သည် အဝတ်အစားများ ဝတ်ပြီး ချိုင့်ပိုင်ရှင်ကို ပြန်ပေးလိုက်သည့်အချိန်တွင် **"တွေ့ပြီ၊ တွေ့ပြီ ဟေ့... သူဒီမှာ"** ဟု ဆိုပြီး ကျွန်တော်၏ လက်ကို ဆွဲဖြောက်ပြပါသည်။ အကြောင်းစုံကို သိချင်၍ မေးမြန်းခဲ့ပါသည်။

~~ကျွန်တော် အလှူရောက်ဆုံးသည့်အချိန်တွင် ဆံထားရာတော်က ရေ့ထွက်ကြွ ဟောကြားပြသနေပါသည်။ ထိုင်းဘုရင်ကို အကာအွယ်ကို ထိပြီ ဘုရားရှေ့ဆောင်တွင် ကျွန်တော်သိပါသည်။ မြတ်စွာဘုရား အပြန်တော်၌ ကျွန်တော်ကို ထွေ့ဖောင် ရောက်၊ တရားဟောခဲ့သည်။~~

ဆရာတော်၏အမိန့်ကြောင့် ရွာသားများ ဆွမ်းဒါယကာများ၊ ဒါယိကာမများ မြစ်ဆိပ်သို့ ပြေးဆင်းလာခြင်း ဖြစ်ကြောင်း သိလိုက်ရပါတော့သည်။

ကျွန်တော် အလွန်အံ့သြရပါသည်။ ကျွန်တော် မော်တော်ပေါ် တက်လိုက်ချိန်တွင် ဆရာတော်သည် အစောဆုံးစက်လှေဖြင့် လိုက်ပါသွားနှင့်ပြီဖြစ်သဖြင့် ကျွန်တော် လိုက်ပါလာသည်ကို မသိနိုင်ပါ။

သို့ရာတွင် ကျွန်တော် ဒုက္ခရောက်နေချိန်တွင် ဆရာတော်၏ မနှောအာရုံတွင် ပေါ်လာသဖြင့်သာ ကျွန်တော့်ကို ကယ်တင်ရန် စေခိုင်းခြင်းဖြစ်ပါသည်။

ကျွန်တော် တွေ့ကြုံခဲ့ရသော အံ့သြစရာ အဖြစ်အပျက်များကို မိခင်အား ပြောပြခဲ့ပါသည်။ ထိုအခါတွင် မိခင်ဖြစ်သူ၏ စကားများကို ကြားလိုက်ရသည်မှာ...

'ဒီလိုဆို ဖမြစ်တော့ဘူး နင့်ကို ခမုံဆရာတော်ထံ အပြီးအပိုင် ပြောထားပြီးသားဆိုတော့ ဘုရားကျော်ကြားအောင် ဓောပ်မချင်းနေကြတဲ့ ဘဆောင်က အဖေ့အမိတွေက နင့်ကိုပြန်ခေါ်နေကြပြီထင်တယ်'

ဟူ၍ ဖြစ်ပါသည်။

ထိုအချိန်မှစ၍ ခမုံဆရာတော်၏ မနောစွမ်းအားကို လေးစား ကြည်ညို အံ့သြခဲ့ရသလို **"ငါ့ရဲ့ ဘဝဟောင်းက အဖော်အပေါင်းတွေက ဘယ်သူတွေလဲ၊ ငါဘယ်က လာတာလဲ"** ဟူသည့် အတွေးအရိပ်အယဉ်းကြီး၏ စိုးမိုးမှုကို ခံလိုက်ရပါတော့သည်။

ကော်မင်းအောင်

www.burmeseclassic.com

www.burmeseclassic.com

မြတ်ကျော် (သိဒ္ဓိရာဇာ)
နဝင်းမြို့တော်

ပျားရောဘိုက်ကြီး

နွားတစ်ကောင်းသား ကုန်အောင်စားတဲ့ဘီလူး

"ကျွန်ုပ်အနေဖြင့် ဤစာစုကို မရေမဝိ ဦးစွာ ရေးသားတင်ပြလိုပါသည်။ ကျွန်ုပ် နေထိုင်သော မြို့နယ်အတွင်းမှ ကျေးရွာတစ်ရွာဖြစ်ပါသည်။ ထိုကျေးရွာသည် မြို့နှင့် (၆)မိုင်အဝေးလောက်မှာ တည်ရှိသောရွာဖြစ်သည်။ ကျေးရွာ၏ တည်ထားသည့် အနေအထားမှာ မြို့ချင်းဆက် အဝေးပြေးလမ်းကြီးကို ရွာ၏ အလယ်ဗဟို ပြု၍ တည်ထားသော ရွာတန်းရှည် ဖြစ်ပါသည်။

ရွာမှာ အရှေ့နှင့်အနောက် အလျားရှည်၏။ ရွာ၏ တောင်ဘက်အခြမ်းမှာ မြေနိမ့်ပိုင်းဖြစ်သည့်အတွက် ရောဝတီ မြစ်ရေကြီးချိန်တွင် ရေထိုးလေ့သည်။ မြေနိမ့်ပိုင်း ရေလွှမ်းသဖြင့် ကွန်းတောင်သူများ သီးနှံဖြစ်ထွန်းလေသည်။

ကျေးရွာ၏ မြောက်ဘက်အခြမ်းသည် ကုန်းမြင့်မြေပြန့်အဖြစ် တည်ရှိနေ၍ ကုန်းတောင်သူများ ယာမြေများတွင် သီးနှံစိုက်ပျိုးကြရသောကြောင့် တစ်ရွာလုံးမှာ တောင်သူလုပ်ငန်းဖြင့်

www.burmeseclassic.com

www.burmeseclassic.com

ပင်မစီးပွားရေး လုပ်ကိုင်ပြီး၊ စိတ်နေ စိတ်ထားရိုးသားပြီး သဘောကောင်း သော ကျေးရွာဖြစ်လေသည်။

ကျွန်ုပ်မှာလည်း မရောက်သည်မှာ ကြာပြီဖြစ်၍ တပည့်များမှ လူကိုယ်တိုင် ထာရောက်ဖိတ်ခေါ်သဖြင့် ထိုရွာသို့ သွားရောက်ခဲ့ရပါသည်။ ကျွန်ုပ် ရောက် သွားသည်နှင့် ဓိတ်ဆွေများ၊ တပည့် များအားလုံးတို့က ကျွန်ုပ် တည်းခိုနေ သော မောင်မောင်ဝိုး+မကြူညဝင်းတို့၏ နေအိမ်သို့ စုရုံးပြီး ရောက်ရှိလာကြပါ တော့သည်။

အားလုံးက နွားဆက်စကား ပြော ကြရင်း သူတို့ သိရှိလိုသောအကြောင်း များ မေးမြန်းခြင်းနှင့် တရားဓမ္မများကို ဆွေးနွေးကြပါသည်။ သို့နှင့် တစ်နေ့ တာအချိန်ကို ကုန်လွန်စေပါတော့ သည်။

ညဘက်သို့ အရောက်တွင် ကျွန်ုပ် တို့ လက်လှမ်းမမီကြသော ဝိဇ္ဇာဓရ ကဿီရပညာများနှင့် နယ်လွန်ဖြစ်ရပ်များ။ ပရလောကများအကြောင်းကို ရောက် ရှိသွားလေသည်။

ကျွန်ုပ်၏မိတ်ဆွေကြီးဦးလှိုင်မှ ယခု ကျွန်ုပ် ရေးသားမည်ဖြစ်သော အကြောင်းဖြစ်ရပ်ကို ပြောပြခဲ့ခြင်း ဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေမှာ အသက်အရွယ်အားဖြင့် (၈၀)ကျော် လွန်ပြီး (၉၀)အရွယ်သို့ ချဉ်းနင်းဝင် ရောက်နေပြီ ဖြစ်ပါသည်။

ကျွန်ုပ်မိတ်ဆွေကြီးဦးလှိုင် ကာလ သားခေါင်းပေါက်စအရွယ် အသက် (၁၄)နှစ်၊ (၁၅)နှစ်ခန့်က ရွာမှာ အမှန် တကယ် ဖြစ်ခဲ့သော အကြောင်းရင်းဖြစ် ပြီး အကြောင်းစုံမိတိုင်း မရိုနိုင်သော ဇာတ်လမ်းတစ်ပုဒ်အဖြစ် ယခုထဲက် တိုင် ပြောကြဆိုကြသည်မှာ ရွာသူရွာ သားအားလုံးပင် ဖြစ်ပါသည်။

ဓိတ်ဝင်စားဖွယ် ဖြစ်ရပ်တစ်ခုအနေ ဖြင့် ကိုယ်တိုင်ကိုယ်ကျ မီလိုက်သော သူတစ်ယောက်မှ ပြောပြချက်ကို စာဖတ်သူများ ဗဟုသုတရစေရန် ရည်ရွယ်ပြီး ဤစာစုကို ရေးသား တင်ပြခြင်းဖြစ်ကြောင်း ဦးစွာ ရေးသား လိုက်ခြင်း ဖြစ်ပါသည်'' **စာရေးသူ**

အာတိတ်ကာ ဖြစ်ရပ်

လွန်ခဲ့သော နှစ်ပေါင်း(၎၀)ကျော် အချိန်ကဖြစ်သည်။ ထိုအချိန်က လွတ်လပ်ရေးကို အရယူရန် အပူ တပြင်း ဆောင်ရွက်နေကြချိန်လည်း ဖြစ်လေသည်။ ဒီအချိန်တုန်းက ကျွန်တော်တို့ရွာမှာ တောင်သူများ စီးပွားရေးကောင်းပြီး တစ်ရွာလုံး ဆူပြိုး နေချိန်လည်း ဖြစ်ပါသည်။

ကျွန်တော်တို့ရွာထဲက တောင်သူ တစ်ဦးဖိုင်သည့် ယာမြေတစ်ကွက်မှာ အတော်ကို ထူးဆန်းပါသည်။ ယာမြေ ၏ အနောက်တောင်ထောင့်မှာ ပေါက် နေသည့် ထန်းတစ်ပင်မှာ အခုထက် တိုင် အမြင့်အရပ်(၄)တောင်လောက်ပဲ ရှိပါသည်။ အဖိုလား၊ အမလား ကွဲကွဲ ပြားပြားလည်း မသိရပါ။ အပင်က တော့ စည်ပင်ဝေဆာနေတာပါပဲ။

ဤယာခင်းထဲကို ထွန်ယက်ချိန်မှာ ထွန်ကြိယက်ကြိုဆိုလျှင် ငွေဒင်္ဂါးပြား များ၊ မြေဆေးတံတိုများ၊ နောက် လက်ကောက်၊ နားတောင်း စသည်များ၊ ပုတီးစေ့များ မကြာခဏ ဆိုသကဲ့သို့ တွေ့ရ၊ ရကြတာ သိရပါသည်။

ယာမြေကွက်မှာ ရှစ်ကောလောက် အကျယ်အဝန်း ရှိပါသည်။ ထိုလယ် ယာမြေ၏ အလယ်ဗဟိုလောက်နေရာ မှာ ထွန်ယက်နေတုန်း ထွန်သွားတွေကို ကျောက်တုံးနှင့်တိုက်ပြီး ကျိုးသွား၍ ထိုကျောက်တုံးကို ဖော်ကြည့်ရာမှာ (၃)တောင်လောက်အကျယ် လေး ထောင့်ကျ ကျောက်ဖြူကို တွေ့ရလေ ၏။

သို့နှင့် ကျောက်ဖျာထင်ပြီး တူးဖော် သည့်အခါမှာ ကျောက်ဖျာ မဟုတ်ဘဲ ကျောက်တိုင် ဖြစ်နေသည်ကို တွေ့ရ ပါသည်။ အခင်းယာနီးချင်းတွေ အကူ အညီနှင့် ဆက်တူးလိုက်သည်မှာ (၄၅) တောင် ရောက်သည်အထိ ထိုကျောက် ဖြူတိုင်ကြီး မဆုံးသေးသည်နှင့် ဆက် ပြီး မတူးတော့ဘဲ နေလိုက်ပါတော့ သည်။

ရပ်ထဲရွာထဲက လူကြီးသူမတွေ ပြောစကားအရ ဆက်ပြီး မတူးဝံ့တော့ ပါ။ ပြန်ပြီး မြေဖို့ထားလိုက်ရပါသည်။ ယခု ထိုကျောက်ဖြူတိုင်ကြီး မရှိတော့ ပါ။

ဆရာကြီး ရောက်လာခြင်း

တစ်နေ့မှာ...

အသက်အရွယ် (၅၀)ကျော်လောက် ရှိပြီး အထက်,အောက် အဖြူဝတ်စား ထားသူတစ်ယောက် ကျွန်တော်တို့ရွာ မှ သူကြီးအိမ်ကို ရောက်လာပါတော့ သည်။

ဆရာဆိုသော ဧည့်သည်မှ သူကြီး နှင့် စကားစမြည်ပြောဆိုကြပြီး ဧည့်သည်ဆရာကို ညအိပ်ညဉ့်နေပါ ရွာတွင် နေခွင့်ပြုလိုက်ပါသည်။

ထိုသို့ ခွင့်ပြုပြီး သူကြီးက သူ့အိမ် မှာပင် တည်းခိုခွင့် ပြုထားလေသည်။

သူကြီးကို ဧည့်သည်ဆရာက အောက်ပါအတိုင်း ပြောပြခဲ့၍ သူကြီး က လက်ခံခဲ့ကြောင်း ကျွန်တော်တို့ကို ဆင့်ခေါ်ပြီး ပြောပြတော့မှ သိရခြင်းဖြစ် ပါသည်။

ဆရာကြီးက သူကြီးကို ပြောပြခဲ့ သည်မှာ...

www.burmeseclassic.com

www.burmeseclassic.com

ရွာ၏ အနောက်မြောက်ယွန်းယွန်းတွင် ပျဉ်ရွာတစ်ရွာ တည်ရှိခဲ့ကြောင်း၊ ထိုပျဉ်ရွာမှာ တစ်ရွာလုံး ပျောက်သွားပြီး ဝေမာနိကပြိတ္တာဌာနေ ဖြစ်နေကြောင်း...

ထိုပျဉ်ရွာသည် သူ့ခေတ် အခါက ယန္တရားအတတ်နှင့် အနုပညာများ၊ လက်မှုပညာရှင်များ နေထိုင်ရာ ရွာဖြစ်ပြီး စီးပွားဥစ္စာ အလွန် ချမ်းသာခဲ့သောရွာဖြစ်ကြောင်း ပြောပြပါသည်။

ထိုရွာ၏ အကြီးအကဲ ခေါင်းဆောင်မှာလည်း သီလလုံခြုံသလို၊ တစ်ရွာလုံးကလည်း သီလခြဲကြကြောင်း။ သူတို့ရွာပျောက်သွားပြီး သူတို့ပိုင်သော ရွှေငွေကျောက်သံပတ္တမြား ရတနာအစုစုကို အရှိမေတ္တေယျ ဘုရားရှင် လက်ထက် ရွှေကျောင်းတော် ဆောက်လုပ်လှူဒါန်းရာတွင် ကုသိုလ်ပါဝင်ရန် ဖြစ်ကြောင်းနှင့် ထိုရတနာများကို စောင့်ရှောက်နေရသော ပျဉ်ရွာသိုက်ဖြစ်ကြောင်း ပြောလေသည်။

သူကြီးက ဘုရားသိုက်ဆိုလျှင် မလုပ်လိုကြောင်း ပြောပြရာတွင် ဥဿဝသည်ဆရာက ဘုရားသိုက်နှင့် ကင်းလွတ်သော ရွှေငွေ ကျောက်သံပတ္တမြား များစွာရှိနေပါသည်။

ငွေသားကို လှည်းလေးစီးတိုက်၊ ရွှေထည်များကို လှည်းလေးစီးတိုက်၊ ကျောက်သံပတ္တမြားများကို လှည်းတစ်စီး တိုက်ယူပါ။ စုစုပေါင်း လှည်းကိုးစီး တိုက်ယူနိုင်ပါသည်။ ဒီလို ယူတာကိုပင် မကုန်သေးပါ။

ထို ရရှိလာသော ရတနာတွေကို ရောတွက်ပြီး ငါးပုံ တစ်ပုံကို သာသနာတော်အတွက် ပေးလှူရပါမည်။

ကျန်လေးပုံစာကို တစ်ရွာလုံး ဆူကြွန်မဲ့မြင့် မခွဲခြားဘဲ အတူ အညီ အမျှ ခွဲဝေပေးရန်ကိုလည်း ပြောလေသည်။

ဥဿဝသည်ဆရာက ရတနာများကို လုံးဝမယူဘဲ **"ပြဒါးပြာ"** ဟုဆိုသော ပုလင်းတစ်လုံးကိုသာ ယူမှာဖြစ်ကြောင်း ပြော၍ သူကြီးက သဘောတူခဲ့ကြောင်း သိရပါသည်။

ရွာမှ ဝန်ဖြစ်ဖျတ်လတ်သော လူရွယ်များကိုရွေးပြီ

သူကြီးအိမ်မှ ရွာလုံးကျွတ် စုရုံးရန် မောင်းထုခ်၍ ဆင့်ခေါ်လေတော့သည်။

သက်ကြီးရွယ်လွန်များနှင့် မကျန်းမာသူများက အိမ်စောင့်ကျန်ခဲ့ပြီး တစ်ရွာလုံး သူကြီး၏အိမ်ဝိုင်းမှာ စုရုံးရောက်ကြရလေသည်။

သူကြီးက ဝိန်ကြားလေပြီး

'ကဲ...ရွာသူရွာသားများ အားလုံး စုံကြပြီ ဆိုတော့ အသိပေးရဆောက်မှာပဲ။ အခု အိမ်မှာလာတည်နေတဲ့ အထက်ရာရာကြီးက သိုက်စာရလို့ လိုက်လာခဲ့တာ။ တို့ရွာက မောင်...ရဲ့ ထန်းတစ်ပင်ယာထဲမှာ ဆောင်ရွက်ကြရမှာဖြစ်တယ်။

အဲဒီယာမြေမှာ တစ်ချိန်က ပျဉ်ရွာကြီးဖြစ်ပြီး အဆောက်ပညာရှင်များ စုပေါင်းနေထိုင်ခဲ့တဲ့ ရွာဖြစ်တယ်။

အားလုံး ညီညွတ်ကြမယ်ဆိုရင် တို့တစ်ရွာလုံး ဒီနယ်မှာ အချမ်းသာဆုံးရွာဖြစ်ပြီး ဘုရားအား ကျောင်းအားများ ဖြစ်ကြရမှာ သေချာပါတယ်။

ဆရာက လုပ်ရမယ့်ကိစ္စ အသေးစိတ်ကို ပြောပြလိမ့်မယ်။ အဲဒီကို တိတိကျကျ လိုက်နာဆောင်ရွက်ကြပါ'

ထိုစဉ်က ကျေးရွာကာလသား ခေါင်းဆောင်က...

'ရဝ်ရွာကောင်းစားဖို့၊ အများ ကောင်းစားရေးအတွက် ကျွဲပ်တို့ ကာလသားတွေ တာဝန်ထားပါ။

ဒါပေမယ့်လို့ ဒီလောက်ကြီးတဲ့ လုပ်ငန်းမှာ သူကြီးကိုယ်တိုင် ဦးစီးဦးဆောင်ပြီး လိုက်စေချင်ပါတယ်'

ဟု ပြောတော့ သူကြီးက သူကိုယ်တိုင် လိုက်ပါမည်ဖြစ်ကြောင်း ပြောပြလိုက်ပါသည်။

ဥဿဝသည်ဆရာက...

'ရွာသူရွာသားများခင်ဗျား ကျွန်တော်က ကျွန်တော့်ကိုယ်ကျိုးခြည်း သက်သက် မဟုတ်ပါဘူး။ ကျွန်တော်က တော့ ရတနာတွေ လုံးဝ မယူပါဘူး။ **ပြဒါးပြာတစ်မူးကိုသာ ယူပြီးပြန်မှာပါ။ ယုံကြပါ။**

အခုသိုက်က ပျဉ်ရွာသိုက်လို့ ခေါ်ပါတယ်။ အဲဒီသိုက်မှာ ယက္ခကြီးလို့ခေါ်တဲ့ ဘီလူးတစ်ကောင်က လုံခြုံရေးအတွက် တာဝန်ယူပြီး စောင့်ရှောက်တယ်။

ယက္ခကြီးရဲ့ အရွယ်ပမာဏဟာ ဦးခေါင်းက ချင်းကြားတောင်းလောက်ကြီးတယ်။ ခြေထောက်က (၃)ထွာ ဆိုင်လောက်ရှိပြီး ငါးတစ်ရိုက်လောက် အရပ်အမြင့်တယ်။

မျက်လုံးတွေက မြေသပိတ်တစ်လုံးလောက်အရွယ်ရှိပြီး ဖြူးနေတယ်။ ပါးစပ်က တစ်တောင်ကျော်လောက် ကျယ်တယ်။

အစွယ်တွေက အပြင်ဘက်ပါးစပ်

www.burmeseclassic.com

အပြစ်ဘက်)ကို အထက်အစွယ်နဲ့ အောက်အစွယ်တွေက လက်တစ်မိုက် လောက်စီ ထွက်နေကြတယ်။

အမွေးအမှင်တွေက ထန်းဆစ် ကြောတွေလိုဖြစ်နေတယ်။ မကြောက် ပါနဲ့။ ယက္ခကြီးက နွားသားကြိုက် တယ်။

နွားမတမ်းတစ်ကောင်ကို (၅)ကျပ် ပေးရတယ်လို့ သူကြီးက ပြောတယ်။

ဒီတော့ ဆုဖြိုးတဲ့ နွားမတမ်းတစ် ကောင်ကို ဝယ်ပြီး ဝမ်းတွင်းသား၊ အရိုး အသားတွေကို တစ်ကောင်သား ကုန်အောင် တစ်ပိသာတွဲတွေ တွဲပြီး ထားရမယ်။ ကြိုစီစဉ်ပြီး ထားရမယ်။

ပျူရွာသိုက်ဖြစ်တဲ့ ထန်းတစ်ပင်ယာ ကို ရောက်တာနဲ့ အတောင်(၂၀) စည်းဝိုင်း ဝိုင်းပြီးတာနဲ့ ဆောင်ရွက်ကြ မယ့်သူအားလုံး ဝင်နေရမယ်။

ကန်တော့ပွဲ(၅)ပွဲနဲ့ ပြဖွယ်များ ကျူပ်လုပ်မှာပါ။ ယက္ခကြီး ရောက်လာ တော့ ကျူပ် ခိုင်းသလို အားကောင်း မောင်းသန် လူရွယ်(၂)ယောက်က အသားကျွေးမှုကို ကူညီပါ။

လှည်းကိုးစီးနဲ့ အလွန်သန့်တဲ့ နွား တွေကို က,ထားပြီး ကျူပ် သတ်မှတ် ပေးတဲ့နေရာမှာ ရပ်ပြီး စောင့်နေကြ ပါ။

ဘယ်အကြောင်းနဲ့မှ စည်းအပြင် မထွက်ကြဖို့ အပြင်က လူတွေကလဲ ဒီဝိုင်းထဲ မဝင်ကြဖို့ အနေကြီးပါတယ်'

ဟု ရှင်းလင်း ပြောပြလေသည်။

လပြည့်နေ့ည၌ သွားကြပြီ

သူကြီးဦးစီးသော ရွာသားများနှင့် ညီသည်ဆရာကြီးတို့ ထန်းတစ်ပင် ယာဖြစ်သော "ပျူရွာသိုက်" သို့ အရောက်သွားရန် ပြင်ဆင်ပြီး လပြည့် နေ့ည(၇)နာရီအချိန်လောက်မှာ ရွာ

က တပျော်တပါး ထွက်ခွာသွားခဲ့ကြပါ သည်။

ထိုပျူရွာသိုက်ဟု ပြောသော ထန်း တစ်ပင်ယာခင်းသို့ ရောက်ပါပြီ။ ယာ ခင်း၏ အနောက်တောင်ဘက်မှာ မြောက်ဘက်အတွင်းသို့ နည်းနည်းဝင် သွားပြီးမှ စည်းဝိုင်းကြီး ဝိုင်းလိုက်ပါ တော့သည်။

ပါဝင်ဆောင်ရွက်ရမည့် ယောကျ်ား များ။ သူကြီးနှင့် ဆရာကြီးတို့ စည်းဝိုင်း အတွင်း ရောက်ကြပါပြီ။ အပြင်မှ လှည်းနှင့် အသင့်စောင့်နေကြပြီ။

ဆရာကြီးက ထပ်မံပြီး မှာစရာ စကားများ မှာကြားပြောဆိုပြီးသည်နှင့် လုပ်ငန်းစ,လေတော့သည်။

ဆရာကြီးသည် ကန်တော့ပွဲ(၅)ပွဲ မှ တစ်ပွဲကို ထိပ်မှာထားပြီး ကန်တော့ ပွဲ(၃)ပွဲက ပထမပွဲ၏ နောက်နားမှာ ထားရသည်။ ကျန်တစ်ပွဲကတော့ နောက်ဆုံးတန်း လက်ဝဲဘက်မှာ တည် ခင်းထားလိုက်လေသည်။

ဆရာကြီးက ဖယောင်းတိုင်များ၊ အမွေးတိုင်များ ထွန်းညှိပြီး ဘုရား ကန်တော့လေ၏။ နောက် ကျွန်တော် တို့ နားမလည်သော စကားများဖြင့် ပြောဆို ရွတ်ဖတ်နေလေတော့သည်။

ဆရာကြီး ရွတ်ဖတ်ခြင်း၊ မန်းမှုတ် ခြင်းတို့ ပြုလုပ်နေချိန်တွင် ကျွန်တော် တို့ နားလည်နေသည့် အသံတစ်ခု တော့ ပါ,ပါသည်။ ထိုအသံသည် **"ဦ"** ဟုဆိုသောအသံနှင့် **"ညောင်း"** ဟုဆိုသော အသံများသာ သိသာပါ သည်။

အချိန်အားဖြင့် တစ်နာရီခွဲလောက် တော့ ကြာမြင့်မည် ထင်ပါသည်။ ထို ထန်းတစ်ပင်ယာခင်း၏ အရှေ့မြောက် ဘက်မှနေပြီး ကြေးစည်သံ စတင် ကြားရပါတော့သည်။

ထိုကြားရသော ကြေးစည်သံမှာ လွန်စွာ သာယာနာပျော်ဖွယ်ရှိသော် လည်း ကျွန်တော်တို့တစ်တွေ ကျောစိမ့် နေပါသည်။

'နောင်...ဝေ...ဝေ...
နောင်...ဝေ...ဝေ...
နောင်...ဝေ...ဝေ...'

ကြေးစည်သံ ရပ်သွားပြီး စက္ကန့်ပိုင်း အတွင်းမှာပင် မြေကြီးများ တုန်ခါသွား လေ၏။ စက်ယန္တရားတစ်ခု ဖွင့်လိုက် သလို ဖြစ်သည်။

နောက် ယခုခေတ်မှာ ဒီဒီယိုဇွေ ထည့်ကြည့်ရသည့်အလား တီဒွီဖန် သားပြင်မှာ ကြည်လင်စွာ မြင်တွေ့ရ သလို ယာမြေကြီး ထက်ဝက်ကွဲသထိ ထင်ရပြီး ကြည်လင်ရှင်းလင်းစွာပင် မြင်တွေ့နေရလေသည်။

လွန်စွာ ကြည်ညိုဖွယ် ဘုရားတစ်ဆူ ကို ဖူးမြင်ရ၏။ ထိုရုပ်ပွားဆင်းတုတော် ကို ယနေ့တိုင် မျက်စိထဲက မမှေးသေး မရသလို ကျွန်တော် ဘုရား ရောင်

www.burmeseclassic.com

www.burmeseclassic.com

ခဲ့ဖူး၊ ပူးခဲ့ဖူးပါသည်။ ထိုဆင်းတုတော်များနှင့် လုံးဝ မတူပါ။

ထနောက် ကောင်းကျိုးရတနာအစုံ၊ ကျွတ်ထွက်မြောက်နိုင် ကျေးဇူးတော်များ။ ထွတ်ထည်မြတ်နိုင်ရန် ကျေးဇူးတော်များကို မြင်ရ ထွန်းကြားပြီး

ဘုရားဆင်တုတော်ရှေ့မှ မြေသိတ် ထားတွင် လွန်စွာပြေလွယ်နေသော ဘုရားတစ်ဆူ။ အလွယ်အကူပြင် လက်ဆေးသမ် လောက်ထား အပြီးပြီးပင်။

အချို့မှာ (၂)လောက်မျှလောက်ထား ပြီးပြီ ဖြစ်လေသည်။ ပြီးမြောက်ဆဲဆဲ ထား ဘုရင် ဖြစ်ပေမည်။

ဆရာကြီးက ထိုအချိန်တွင်ပင် ပို၍ ရွှတ်ဖတ်နေလေပြီ။ နောက် အသင့် စီမံထားခဲ့သော ဆန်မန်းပေါက်ပေါက်များကို ကြဖြန့်လေတော့သည်။

ထိုစဉ်တွင် အနောက်မြောက်အရပ် ဆီမှ ဆွဲဆွဲငင်ငင် အူလိုက်သော ခွေးအူသံသည် သွေးငယ်သူများ ထိတ်လန့်သွားစေနိုင်ပါသည်။

ယက္ခကြီး လာပြီ

ချောက်ချားဖွယ် ကောင်းအောင် ခွေးအူသံကြားရချိန်မှာပင် အဝ်ကျသည်ကိုပင် ကောင်းစွာမြင်တွေ့နိုင်လောက်အောင် သာနေသော လမင်းကြီးကတော့ တစ်ချက်မှ လျော့မသွားခဲ့ပါ။

အနောက်မြောက်ထောင့်မှ ဒေလကြမ်းကြမ်း တိုက်လာသဖြင့် ခပ်လှမ်းလှမ်းမှာ ရှိနေကြသော သစ်ပင်ကြီးများပင် ယိမ်းယိုင်ထိုးပြီး နာနာဘာဝများက, နေသလို ဖြစ်နေလေတော့သည်။

'ယက္ခကြီး လာပြီ မကြောက်ကြနဲ့'

သြဇာအပြည့်နှင့် မာန်ပါပါအော် ပြောလိုက်သော ဆရာကြီး၏အသံမှာ တိတ်ဆိတ်နေသော ညဉ့်ကို ဖျက်ဆီး ပစ်လိုက်သလို ဖြစ်သွားလေသည်။

ဟုတ်ပါသည်၊ မည်းမည်းသဏ္ဌာန်

ကြီးတစ်ခု ကျွန်တော်တို့ စုဝေးရောက် ရှိနေသော စည်းဝိုင်းဆီသို့ ဦးတည်ပြီး လျှောက်လှမ်းလာနေပါပြီ။

လပြည့်ညဉ့်၏ လရောင်မှာ လွန်စွာ အားကောင်းသော လျှပ်စစ်မီးဆလိုက် အလုံးတစ်ရာလောက် ထိုးပြထားသလို ယက္ခကြီးဆိုသော ဘီလူးကြီးကို နီးလာလေလေ အထင်အရှား မြင်တွေ့ရလေ ဖြစ်ပါသည်။

နဂိုကနဦးကသာ ကြိုတင်ပြီး ပြောပြထားခြင်း မရှိခဲ့ပါလျှင် ကျွန်တော် တစ်ယောက်တည်းသာ မဟုတ်ပါဘူး။ ယခု ရောက်ရှိနေကြသူများအားလုံး ထွက်ပြေးကြမှာ အမှန်ပါ။

ကျွန်တော်တို့ စုဝေးနေကြသော စည်းဝိုင်းနှင့် လွန်စွာ နီးကပ်အောင်ပင် ယက္ခကြီးဟုခေါ်သည့် ဘီလူးက တိုးကပ်လာနေပါပြီ။

ကျွန်တော်တို့လည်း မကြောက်ဘူး ဆိုသော်လည်း လန့်တော့နေပါသည်။ ဆရာကြီးကတော့ ''ဉှဲ'' ခံပြီး ရွှတ်ဆို နေပါသည်။ ဘာတွေ ရွှတ်နေသည်ကို မသိပါ။

ယက္ခကြီးက ရယ်ပါသည်။ ဘီလူးကြီးရယ်သံမှာ ကြောက်လန့်ဖွယ်ရာ အသံတစ်မျိုး ဖြစ်ပါသည်။ အမဲသား တစ်ပိဿာတွဲများကို စည်းဝိုင်းအတွင်းမှ ဘီလူးကြီးဆီ အရောက် လှမ်းပစ်ပေးနိုင်သော နေရာမှာ ဘီလူးကြီးရပ် နေပါပြီ။

ဆရာကြီး၏ ဂါထာမန္တန်တွေက စွမ်းတာလား၊ ယက္ခကြီးဟု အမည်ရှိသည့် ဘီလူးကြီးကပဲ ရှေ့တိုးမတော့ဘဲ ရပ်တာလားကိုတော့ အတိအကျ မပြောနိုင်ပါ။ ကျွန်တော်တို့အနေနှင့် မသိနိုင်သောအကြောင်း ဖြစ်ပါသည်။

ဘီလူးကြီး ထိုင်လိုက်ပါပြီ။ ဘယ် ဘက်ခြေထောက်ကို ခွေထားပြီး ညာဘက်ခြေထောက်က ဒူးထောင်ပြီး ထိုင်ခြင်း ဖြစ်ပါသည်။

ဆရာကြီး ညွှန်ကြားထားသည့် အတိုင်း အရိုးတစ်ပိဿာတွဲများကို စတင်ပြီး ယက္ခကြီးဟုခေါ်သည့် ဘီလူး ကြီးဆီ ပစ်ပေးရပါပြီ။

ခဏတာပင် အရိုးတွဲများ ကုန်သွား ပါပြီ။ ဆရာကြီးကတော့ မန်းမှုတ်နေ တာ မရပ်သေး၊ မနားသေးပါ။

နောက် ဒုတိယအကြိမ် အမဲဝမ်း တွင်းခစား တစ်ပိဿာတွဲများကို တစ်တွဲပြီးတစ်တွဲ ပစ်ပေးရပါတော့ သည်။ ပါးစပ်ထဲကို အသားတွဲများ ထည့်ပြီး ဝါးလိုက် စားလိုက်တာ နှုတ်ခမ်းထောင့်မှနေပြီး သွေးများပင် စီးကျနေပါသည်။

အမဲသား အတော်ကို ကြွေကုပ်ရပါ သည်။ ကျွန်တော်တို့ လူလိုပြောရလျှင် ဆာဆာနှင့် ဟန်မဆောင်နိုင်အောင် အားရပါးရ စားနေသလို ဖြစ်နေပါ သည်။

တတိယအကြိမ် အမဲအသားများကို တစ်ပိဿာတွဲထားသော အသားတွဲ များကို ကျွေးရလေ၏။ ထိုစဉ်တွင် ဆရာကြီးက ဟန်မာန်အပြည့်နှင့် အမိန့်ပြန်တမ်းများကို ပြန်ကြားပါတော့ သည်။

www.burmeseclassic.com

www.burmeseclassic.com

မြင်ကွင်းနှစ်ခု

ယက္ခကြီးထိုင်နေသော နေရာ၏ အရှေ့ဘက်တွင် လွန်စွာ လှပသော ဘုံဗိမာန်ကြီးများနှင့် ထိုဗိမာန်အတွင်းမှ ရတနာများတို့ကို ကောင်းစွာထင်ရှား မြင်နေကြရပါသည်။

ဖြစ်စဉ်များမှာ ဆရာကြီး ကြုံတွင် ပြောပြထားသည့်အတိုင်း တိကျစွာ မှန်ကန်နေသဖြင့် ကျွန်တော်တို့မှာ ရတနာတွေ ရကြတော့မည်ဟု အပျော်ကြီးပျော်လိုက်၊ မအောင့်ခဲ့ရင် ခက်မယ် ကြောက်စရာကြီးဟု စိုးရိမ်လိုက်နှင့် ပျော်လိုက်၊ ကြောက်လန့်လိုက်နှင့် အပြိုင်ကြနေပါတော့သည်။

နွားမတမ်းတစ်ကောင်သား အရိုး အသားကုန်သွားပါပြီ။ နဂိုက အမဲသား ကိုသာ သဲကြီးမဲကြီးစားနေသော ယက္ခကြီးက မထင်မှတ်စရာ စကားပြောသံကြီးကို ကြားရပါတော့သည်။

ယက္ခကြီးပြောသည့် စကားများသည် ဆရာကြီးဆိုသူကို ဦးတည်ပြီး ပြောနေခြင်းပင် ဖြစ်ပါသည်။ ယက္ခကြီးပြောသည့် စကားများမှာ...

'ယောင်ကွန် ပင်ကိုယ်ပင် အထိုက်အမြန်နဲ့ ရိုးသားတဲ့ ရွာသူရွာသားတွေကို အယုံသွင်းပြီး ပင်လယ်ကြီးညည်ဖေယ်လိုပင် ဆန္ဒပယ်ပြည့် ပါတယ်ကွာ။

ယက္ခကြီးအကြောင်းကို ပင်းကောင်းကောင်းကြီး သိပါတယ်။ ငါ စိတ်ဆိုးခင် အေးအေးထွက်ခင် ပင်း ကောင်းကောင်းပြန်သွားဖေတော့။ ပင်း ပိုက်ဆံ(၅)ကျပ် ထုစ်ပေးပြီး ပိုအကြိုက် အဲဒီသား ကျွန်းထားတဲ့အတွက် အခု ဒုက္ခပေးပါတယ်။ ပြန်ဘဲ ပင်း ဆက်ပြီး ကြိုးစားရင်တော့ ပိုအဆိုးမဆိုနဲ့'

ဟု ပြောလေတော့တဲ့။

ထိုအချိန်မှာပင် ကျွန်တော်အပါအဝင် စည်းဝိုင်းအတွင်းကို ရောက်နေ

ကြသူများ လူပ်လှုပ်ရှားရှား ဖြစ်နေကြပါပြီ။

အပြင်မှာ ရွှေငွေနှင့် ရတနာတွေ သယ်ယူကြမည့် လှည်းသမားတွေနှင့် နွားတွေကလည်း လန့်ပြီး တဖြုန်းဖြုန်း ဖြစ်နေကြပါပြီ။

အံ့သြစရာဖြစ်ရပ် ထပ်တွေ့ကြုံပြီ

ယက္ခကြီးက ပြောဆိုနေသော်လည်း ဆရာကြီးက အဲလျှော့မပေးသေး။ ''ဥ'' ခံသော ဂါထာများကို အားမာန် အပြည့် ရွတ်ဖတ်နေပါသည်။

ဒုးတစ်ဖက်ထောင်ပြီး ထိုင်နေသော ယက္ခကြီးက ညာဘက် ဒူးထောင်ထားသည့် ဖင်အောက်ကို လက်နှိုက်လိုက်ပြီး ဒင်္ဂါးငါးပြားကို ကျွန်ုပ်တို့ စုဝေးရောက်ရှိနေသော စည်းဝိုင်းဘက်သို့ ပစ်ပေးလိုက်လေသည်။

'ယောင်ကွန် ပင်းကျွေးတဲ့ အဲဒီသားဖို(၅)ကျပ်ဖိုးလိုက်တယ်။ အလကားမစား ချင်ဘူး။ ပင်းလဲပြန်တော့ ရွာသားတွေကို ညာနေလို့ ပင်းသက်သာတာ'

ဟုလည်း ပြောလိုက်ရော ဘယ်သူ ကစပြီး စည်းဖောက်ပြီး ထွက်ပြေးလိုက် သည်မသိပါ။

''ဝေါ ဝေါ'' ဟု ကြောက်လန့်ဖွယ် အသံကြီး ကြားလိုက်ရပါသည်။ နောက် ကျွန်တော်တို့ ကရိုက်ဖောင်တို့၊ ရဲလှေတို့ လှည့်သည့် အခါမျိုးလို လွန်စွာ သာယာနာပျော်ဖွယ်ရှိသည့် စူရိယာသံများကို ကြားရပါတော့ သည်။

စောစောက လရောင်အောက် မှာထင်ရှားစွာပင် မြင်တွေ့ နေရသော အမြင်အာရုံများ အားလုံး ပျောက်သွားပါသည်။ လမင်းကြီးမှာလည်း မမျှော်လင့်ဘဲ တိမ်မည်းကြီးတစ်ခု ရုတ်တရက် ပိုးအုပ် သွားပါတော့သည်။

ကျွန်တော့်မှာ အိမ်ကို ဘယ်လို ဘယ်ပုံ ပြန်ရောက်လာသည်ကို မမှတ် မိတော့ပါ။ (၃)ရက်နှင့် အလန့်မပြေ ခဲ့ပါ။ နွားလှည်းများမှ က,ထားသော နွားများမှာလည်း လန့်ပြီး ထမ်းပိုးကျစ် ကို ချိုး၍ လန့်ထွက်ပြေးကြပါသည်။

လူတွေလန့်၊ နွားတွေလန့်နှင့် ပြေးကြခြင်း ဖြစ်ပါသည်။

ထိုသို့ ဖြစ်ပျက်ခဲ့သည့်အတွက် ဆရာကြီးဆိုသူပင် နောက်တစ်နေ့ နံနက်အထိ သူကြီးအိမ် ပြန်လည် ရောက်ရှိမလာတော့ပါ။ ယခု ကျွန်တော် ပြောနေသည်အထိ ဆရာကြီးဆိုသူကို ပြန်မတွေ့ကြရတော့ပါ။

နောက်မှ သူကြီးပြောပြ၍ ဆရာကြီး၏နာမည် အပြည့်အစုံမှာ ''ဦးအောင်ကွန်'' ဟု သိကြရပါသည်။

စာဖတ်သူများ သုတုတိုးပွားကြပါ စေ။ အခွင့်အခါ သင့်မြတ်ခဲ့ပါလျှင် ကိုယ်တွေ့ဖြစ်ရပ်ဆန်းကြယ် ဂဟိရ ပညာရပ်များကို ဆက်လက်ရေးသား တင်ပြပါဦးမည်။

ကောင်းမှုကိစ္စမှန်သမျှ လိုထား တောင့်တတိုင်း ရဒုံပြည့်စုံကြပါစေး

အောင်(သီဖို့ရာစာ)
နဝင်းမြို့တော်

www.burmeseclassic.com

www.burmeseclassic.com

ရေးသားဖြင့်သူ
(ကျောက်စိမ်းတွင်း)

သားအဖနှစ်ဦး မကိုယ်စီ

သားအဖနှစ်ဦး ရွာလယ်မှာ ဆုံမိကြသည်။

'စက်ဖေ မင်းဘယ်သွားမလို့လဲ'

'အဖေဆီသွားမလို့ အဖေကော'

'ငါလဲ မင်းဆီသွားမလို့'

သားအဖနှစ်ဦး ရွာလယ်မှာ ဆုံမိတော့ စကားအချို့အချဲ့ ပြောနေကြသည်။

အဖေဖြစ်သူ **ဦးဘဟိန်းက အသက်(၆၀)ကျော်၊ (ရဝ)နီးပါး** သူကြီးမျိုးရိုးရွာကို နှစ်ပေါင်းများစွာ အုပ်ချုပ်လာခဲ့သူ။ သားဖြစ်သူ **ကိုစက်ဖေမှာ အသက်(၄၀)ကျော် လက်ရှိရွာကို အုပ်ချုပ်နေသော အုပ်ချုပ်ရေးမှူး။**

'အဖေ... ကျွန်တော့်ဆီလာတာ ကိစ္စရှိလို့လား'

ဟု ကိုစက်ဖေက ထပ်မေးလိုက်သည်။

'အေး... ငါ အိပ်မက်,မက်လို့ မင်းဆီလာတာ...

ညက အိပ်မက်ထဲမှာ မင်း ချောင်းတစ်ခုကို ဖြတ်တော့ မြွေအရည်ကြီးတစ်ကောင် လာပြီး မင်းကို ပါက်လိုက်တာ မင်း ချောင်းထဲမှာ လဲကျသွားတယ်။ အဲဒီ မင်းကို သတိပေးမလို့ သွားတာလာတာ ဃတိထား အစား အသောက်လဲလျှော် ကျန်းမာရေးလဲ ရရဲ့ကဲ့'

ဟု သားကို စိုးရိမ်စိတ်ဖြင့် စကားကို တစ်ဆက်တည်း အရှည်ကြီး ပြောလိုက်သည်။

ကိုစက်ဖေကလည်း...

'ကျွန်တော်လဲ ညက အိပ်မက်,မက်လို့ အဖေ့ဆီလာတာ'

ဟု ပြောရာ ဖခင်ဦးဘဟိန်းက...

'အေး မင်းလဲ ဘာအိပ်မက်တာလဲ'

ဟု မေးရာ ကိုစက်ဖေက...

'အဖေ့အိမ်ရှေ့မှာ မဏ္ဍပ်တိုးထားပြီး လူတွေကလဲ စုံနေစုံနေနဲ့ ဆိုတော့ အဖေ့ကို စိုးရိမ်လို့ လာပြောတာ'

ဟု ဖြေကြားလေသည်။

သားအဖနှစ်ဦးမှာ ရွာဦးနှင့် ရွာပြီး နေကြသည်။ ကိုစက်ဖေမှာ ရွာဦးတွင် နေထိုင်ပြီး မိန်းမနှင့် သားတစ်ယောက် ရှိသည်။ လက်ရှိ အုပ်ချုပ်ရေးမှူးဆိုတော့ ချစ်သူ၊ မုန်းသူလည်း ရှိနေနိုင်ပါသည်။ သည်နေ့ာက် ဌာနဆိုင်ရာများ၊ အရောင်းအဝယ်သမားများ၊ ကျောက်သမားများနှင့် ပေါင်းသင်းနေရသဖြင့် အသောက်အစားလည်း မကင်းသလို ဖြစ်နေပါသည်။

သို့ဖြစ်၍ ဖခင်ဖြစ်သူမှာ သားကို အစိုးရိမ်ပို၍ သတိပေးရန်အလာ လမ်း၌ ဆုံခြင်းဖြစ်သည်။ ထို့အတူ သားဖြစ်သူမှာလည်း အသက်(ရဝ)ဝန်းကျင် ဖခင်ဖြစ်သူကို စိုးရိမ်၍ ညက အိပ်မက်ကို ပြောပြ သတိပေးရန်အလာ ယခုလို ရွာလယ် လမ်းမ၌ ဆုံတွေ့စကားပြော

www.burmeseclassic.com

www.burmeseclassic.com

ကြားခြင်းဖြစ်သည်။

သားအဖနှစ်ဦးမှာ တိုက်တိုက်ဆိုင်ဆိုင် တစ်ညတည်း တစ်ဦးကို တစ်ဦး အိပ်မက်နေသလို ဖြစ်နေသည်။

လူတို့၏ထုံးစံအတိုင်း ပြီးတော့လည်း ခပ်အေးအေး ခပ်ပေါ့ပေါ့ ပုံမှန်လူပ်ရှားသွားလာနေမြဲပါ။ ကိုစက်ဖေမှာ ဖခင်ကြီး၏ဆန္ဒအတိုင်း ရွာ၏အနောက်ဘက် **ဥရွေချောင်းတစ်ဖက်ကမ်း (၂)မိုင်၊ (၃)မိုင်အကွာမှာ တဲ့နှစ်ပွန်းရွတ်လို့ ခေါ်တဲ့ ကွင်းကြီးထဲ လယ်ဧက(၁၀)ကျော် ဖော်ထုတ်နေသည်။**

သူ တစ်ယောက်တည်းတော့ မဟုတ်ပါ။ သူ၏ညီနှင့် သူ၏အစ်ကို တို့မှာလည်း လယ်တစ်စားစီ ဖော်နေကြသည်။ အခြားသူ သုံး, လေးဦးလည်း ရှိရာ အုပ်စုတောင်သည်ဟု ဆိုနိုင်သည်။

သူတို့ရွာရှိ လယ်များမှာ ကျောက်စိမ်းများ တူးဖော်ကုန်သဖြင့် လယ်သစ်များ ဖော်ထုတ်နေကြခြင်းဖြစ်သည်။ အလုပ်တွင်စေရန် တဲထိုး တဲဆောက်ကြပြီး အလုပ်သမားများဖြင့် နေထိုင်လုပ်ကိုင်ကြသော်လည်း ကိုစက်ဖေကတော့ အလုပ်သမားဖြင့် မအိပ်ပါ။ ရွာထဲမှသာ လာရောက် လုပ်ကိုင်ခြင်းဖြစ်သည်။

ရွာအုပ်ချုပ်ရေးမှူး ဆိုတော့လည်း ရွာကို ပစ်မထားချင်တာပါမည်။ ညအချိန် လောပန်းများ အခြားအုပ်ချုပ်ရေးမှူးများနှင့် သောက်ချင်တာလည်း ပါမည်။ ထို့ကြောင့် လယ်ဖော်ရာသို့ နံနက်(သို့မဟုတ်) နေ့လယ်လာ ညနေပြန်ခြင်း ဖြစ်သည်။

လယ်ဖော်ရာသို့ သွားတိုင်း ရွာပြီးရှိ ဖခင်အိမ်ကို အသွားအပြန် ဝင်သည်။ အခြေအနေများကို ပြောပြလေ့ရှိသည်။ အိပ်မက်မက်ပြီး တစ်ပတ်ခန့်အကြာတွင် ကိုစက်ဖေသည် နေမြင့်မှ လယ်ဖော်ရာသို့ သွားဖြစ်သည်။ ရပ်ရေးရွာရေးကိစ္စဝိစ္ဆပြီးတော့လည်း ထုံးစံအတိုင်း ဘီယာအရက်တော့ ပါစမြဲပါ။

ပိုင်းပြီးမှ လယ်ဖော်ရာသို့ ထွက်လာခြင်းဖြစ်သည်။ နေမြင့်သဖြင့် ဖခင်အိမ်ပင် ဝင်ခဲ့ခြင်းမရှိပါ။ ပိုးအမီ လယ်ဖော်ပြီးချင်သဖြင့် နွေရာသီ နေပူပူဖြင့်ပင် အားစိုက်နေရသည်။ လုပ်ငန်းခွင်ရောက်တော့ အလုပ်သမားများဖြင့် သစ်ပင်ခုတ်၊ သစ်မြစ်ထုတ် လုပ်ရသည်။ နေကပူ၊ ချွေးကထွက်၊ ရေကငတ်သဖြင့် ခေါင်းပါ မူးနောက်နောက် ဖြစ်ချင်လာသည်။

ကိုစက်ဖေ လုပ်လက်စ ခဏနားလိုက်သည်။ နွေရာသီဆိုတော့ နေကပူပြင်းသည်။ နေ့လယ်(၂)နာရီဝန်းကျင်ဆိုတော့ နေအပူချိန် အမြင့်ဆုံးနီးပါးလို့ ပြောလို့ရသည်။ ကိုစက်ဖေသည် နားနေရာမှ လုပ်လက်စကို ဆက်လုပ်သည်။

ခဏကြာတော့ ခေါင်းက တအားမူးလာသည်။ ခေါင်းထဲမှာ အသံတလံတွေ ဆူညံနေသည်။ တူထုသံတွေလို ဆူညံသည်။

သူ မခံနိုင်တော့သဖြင့် နီးစပ်ရာတဲသို့ ဝင်လာခဲ့သည်။ အကျီအကြောင်း ပြောပြီး ရေတောင်းသောက်လိုက်သည်။ သည်နောက်တော့ သူ သတိလစ်သွားတော့သည်။ နီးစပ်ရာများမှ အကြောင်းကြားသဖြင့် သူ့အစ်ကို၊ ညီနှင့် အလုပ်သမားများ ရောက်လာကြသည်။

ထို့နောက် ရွာကို လှည်းဖြင့် ပြန်သယ်ကြသည်။ ပထမဆုံးရောက်သည့် ရွာပြီးရှိ ဖခင်အိမ်မှာပင် ဖခင်ဆန္ဒအရ ထားလိုက်ကြသည်။ ထို့နောက် တာမခံရှိ ဆရာဝန်ခေါ်ပြီး ကုကြသည်။

ဆေးထိုးပြီး ပုလင်းကြီးချိတ်သော်လည်း ကိုစက်ဖေမှာ ပြန်လည် သတိရလာခြင်း မရှိတော့ပါ။ သတိမရသော်လည်း ချွေးများ သုတ်ပေးရပါသည်။ သေးချွေးပေးရသည်။ သတင်းကြားသဖြင့် လာရောက်ကြည့်ရှုသူများမှာလည်း ပြတ်သည်ဟူ၍ မရှိပါ။

ယခုမှပင် လွန်ခဲ့သော တစ်ပတ်ခန့်က သူတို့သားအဖ မက်ခဲ့သော အိပ်မက်မှာ တကယ်ပင် ဖြစ်ခဲ့လေသည်။ ချောင်းကို ဖြတ်၍ သွားရသော ကိုစက်ဖေမှာ မြွေအပေါက်မခံရသော်လည်း လဲခဲ့ရလေပြီ။

ဖခင်အိမ်မှာလည်း လူတွေ စုရုံးစုံနှင့် ဖြစ်နေပြီ။ နောက်ထပ်(၁၀)ရက်ကြာသော် ကိုစက်ဖေကွယ်လွန်၍ ဖခင်ဦးဘဟိန်း အိမ်ရှေ့၌ မဏ္ဍပ်ထိုးလိုက်ကြလေသည်။

မောင်ဇင်သူ
(ကျောက်စိမ်းတူး)

www.burmeseclassic.com

www.burmeseclassic.com

သိုက်နန်းမှ

ညီမလေးကို ကြိုးနှောင်

စလင်း ဦးကျော်



ဦးဘောဂနှင့် ဒေါ်သူဇာတို့သည် အညာဒေသမှ ရွာကလေးတစ်ရွာတွင် နေထိုင်ကြသည်။ ရွာကလေးမှာ အိမ်ခြေ(၁၆၀)ကျော်ရှိသည်။ ရွာကလေး၏ အနောက်မြောက်ဘက်တွင် ရှည်လျားသော ကုက္ကိုပင်တန်းကြီး ရှိသည်။

ရွာ၏မြောက်ဘက်တွင် ချောင်းရိုးတန်းကြီး ကပ်လျက်ရှိသည်။ ချောင်းရိုးကြီးထဲတွင် ရေများသဲသည် အနောက်မှ အရှေ့သို့ တသွင်သွင် စီးဆင်းလျက်ရှိသည်။ အကျယ် ပေ(၅၀)ဝန်းကျင်ရှိပြီး အနက်မှာ (၁၅)ပေခန့် ရှိသည်။

ဦးဘောဂတို့အိမ်သည် ရွာ၏အရှေ့ပိုင်း မြောက်ဘက်စပ်တွင် ရှိသည်။ အိမ်ပိုင်း၏ မြောက်ဘက်တွင် ချောင်းရိုးကြီး ကပ်လျက်ရှိသောကြောင့် အိမ်မြောက်ဘက်တွင် (ခရိုးတန်း)စောင့်ဝန်းများ မစိုက်ဘဲ၊ အိမ်ပိုင်း၏ ကျန်သော ခဲ့ုးမျက်နှာတွင်သာ စောင့်ဝန်း ခတ်ထားသည်။

ဦးဘောဂနှင့် ဒေါ်သူဇာတို့မှာ သားသမီးလေးယောက် ရှိသည်။ အကြီးဆုံးသမီးကြီးမှာ အိမ်ထောင်မပြုချေ။ ကျန်သားသမီးမှာ အိမ်ထောင်ရှင်များ ဖြစ်ကြသည်။

သားလတ် ကိုထင်ပေါ်သည် တစ်ရွာသူ မချောတင်နှင့် အိမ်ထောင်ကျခဲ့သည်။ သမီးလေးနှစ်ယောက် ဖွားမြင်ခဲ့သည်။ သမီးအကြီး (၆)နှစ်ရွယ် ရောက်သောအခါ မချောတင် တစ်ယောက် တမှိုင်မှိုင် တတွေတွေ ဖြစ်လာသည်။

ကိုထင်ပေါ်သည် ဇနီးအား အကျိုးအကြောင်း မေးကြည့်သောအခါ သူမသည် ဥစ္စာစောင့်ဘဝမှ လာကြောင်း ပြောပြသည်။

ဟိုတဝက မောင်နှမ(၇)ယောက်ရှိပြီး အကြီးဆုံး(၆)ယောက်မှာ ယောကျ်ားကလေးများဖြစ်ပြီး သူမမှာ အငယ်ဆုံး ညီမလေးဖြစ်သည်။ မောင်နှမ(၇)ယောက်စလုံး ရှမ်းတိုင်းရင်းသားများ ဖြစ်ကြသည်။

သိုက်နန်းကို ပြန်လာရန် မောင်ကြီးများက ခေါ်နေသဖြင့် စိတ်ဆင်းရဲကာ မှိုင်တွေနေကြောင်း ပြောပြသည်။ ထိုသို့ပြောပြီး နောက်ပိုင်းတွင် မချောတင်သည် ညအခါများတွင် မကြာမကြာ သတိလစ်ကာ ငိုကြွေးနေတတ်သည်။

ဖခင်ကြီးဦးဘောဂသည် မြန်မာ့ဆေးပညာလိုက်စားထားသူ၊ ဗဟုသုတကြွယ်ဝပြည့်စုံသူ ဖြစ်သောကြောင့် မချောတင် ငိုကြွေးနေခြိန်တွင် စစ်မေးသည်။

ဝင်ပူးသူက သူ၏ညီမလေးကို

www.burmeseclassic.com

www.burmeseclassic.com

သိုက်နန်းသို့ ပြန်ခေါ်ရန် မကြာမကြာ လာရကြောင်း ပြောပြသည်။

ဦးဘောဂသည် မချောတင်အား လာရောက် မနှောင့်ယှက်ရန် တားမြစ်သော်လည်း မရဖြစ်နေသည်။

တစ်နေ့တွင် ကိုထင်ပေါ်သည် မိဘနှစ်ပါးကို တိုင်ပင်ပြီး ရွာထဲမှ ဝတ်အသင်းကို ဖိတ်ကြားသည်။ အိမ်၌ ဘေးအန္တရာယ် ကင်းစင်စေရန် ဝတ်တက်ခြင်းဖြစ်သည်။ အသံချဲ့စက်ဖြင့် ဝတ်တက်ကြသည်။

ဝတ်အသင်း ခေတ္တနားနေစဉ် အိမ်ထုပ်တန်း၌ တွဲလောင်းဆွဲထားသော ကြေးစည်ကြီး အပေါ်ပိုင်းနားတွင် လက်ခလယ်လောက်ရှိသော မြွေဖြူ တစ်ကောင်သည် ကြိုးကို ရစ်ပတ်ကာ ခေါင်းထောင်နေသည်ကို ဝတ်အသင်းသားများနှင့် အိမ်သူအိမ်သားများ အားလုံးမြင်ကြရသည်။

အမျှဝေ မေတ္တာပို့ပြီးသောအခါ ကြေးစည်ကြီး၌ ရစ်ပတ်နေသော မြွေဖြူ ပျောက်ကွယ်သွားသည်။ ဝတ်တက်ပြီးသောအခါ ဝတ်အသင်းအဖွဲ့ ပြန်သွားကြသည်။ အသံချဲ့စက်လည်း သိမ်းလိုက်သည်။

မချောတင်နှင့် သမီးနှစ်ယောက်လည်း အိမ်ပေါ်တွင် အိပ်မောကျနေသည်။ အိမ်ပေါ်နှင့် အိမ်ပိုင်းတစ်ခုလုံး မီးများ ထိန်လင်းနေသည်။ ကိုထင်ပေါ်သည် မအိပ်သေးဘဲ နံနက်စောစော ယာထွန်ထွက်ရန် ဓားဖြင့် ထွန်သွားများကို တပ်ဆင်နေသည်။

ထိုစဉ် အိမ်ပိုင်းတံခါးဝဆီမှ အိမ်ပိုင်းထဲသို့ ဝင်လာသော ခြေသံများကို ကြားလိုက်ရသည်။ ကိုထင်ပေါ်သည် အသံများကြားရာသို့ လှမ်းကြည့်လိုက်ရာ ရှမ်းဘောင်းဘီအနက်များ၊ တိုက်ပုံအင်္ကျီများ၊ ရှမ်းခမောက်များကို ကိုယ်စီဝတ်ဆင်ကာ၊ ရှမ်းဓားလွယ်များကို ကိုယ်စီလွယ်ထားသော လူငယ်(၆) ယောက်ကို တွေ့လိုက်ရသည်။

ကိုထင်ပေါ်သည် ထိုသူတို့ကို မြင်လိုက်လျှင်ပဲ မချောတင်၏ ဟိုဘဝက အစ်ကိုတွေမှန်း သိလိုက်သည်။ ကိုထင်ပေါ်မှ...

'ဟော့လူတွေ ဘာလို့ လာတာလဲ'

'ကျုပ်တို့နှမလေး မချောတင်(ခေါ်) နန်းသိဂီကို လာခေါ်တာ'

'နန်းသိဂီက ကျုပ်မိန်းမ ဖြစ်နေပြီ မထည့်နိုင်ဘူး'

'မထည့်လဲ ခေါ်မှာပဲ'

'ဟော့လူတွေ အခု ရပ်လိုက်'

ရှမ်းဝတ်စုံများနှင့် လူငယ်(၆) ယောက်သည် မချောတင်တို့သားအမိသုံးယောက်အိပ်နေသော အိမ်ဆီသို့ ခြေဦးလှည့်သွားနေသည်။ ကိုထင်ပေါ်သည် ပြောမရသဖြင့် စိတ်တိုလာကာ လူငယ်(၆)ယောက်အား လက်ထဲမှ ဓားနှင့်ခုတ်ရန် အပြေးသွားသောအခါ ထိုလူများ ပျောက်ကွယ်သွားသည်။

ကိုထင်ပေါ် ဝေခွဲမရ ဖြစ်နေသည်။ ခဏကြာသောအခါ မချောတင်တို့ အိပ်နေသော အိမ်ပေါ်မှ "ဝုန်း" ဆိုသောအသံကြီး ပေါ်လာသည်။

ကိုထင်ပေါ်သည် သားမယားဇော ဖြင့် စိတ်ပူကာ အိမ်ပေါ်သို့ အပြေးတက်ကြည့်သည်။ မချောတင်တို့ သားအမိသုံးယောက် နှစ်ခြိုက်စွာ အိပ်ပျော်နေသည်ကို တွေ့ရမှ စိတ်အေးသွားသည်။

ခဏချင်းပင် ကိုထင်ပေါ်သည် တစ်ပိုင်းတည်းနေသော ဖခင်ကြီး ဦးဘောဂနှင့် ဒေါ်သုဇာတို့အိမ်သွားသည်။ အကျိုးအကြောင်း ပြောပြသည်။

"ဝုန်း" ဆိုသော ကျယ်လောင်သည့် အသံကြီးကြားလိုက်သလားဟု မေးကြည့်သည်။ မည်သူမျှ မကြားလိုက်ကြကြောင်း ပြောပြကြသည်။ ထိုအသံကြီးသည် ကိုထင်ပေါ်တစ်ယောက် တည်းသာ ကြားလိုက်ရသော အသံဖြစ်နေသည်။

ဦးဘောဂမှ...

'သား ယောင်ထင်ပေါ် ဟင်းနိုင်ကို ဒီအတိုင်း ထားရို့ မဖြစ်တူး အသက်အန္တရာယ် ဖြစ်နိုင်တယ်။ ပွင့်ဖြူပြိုက ငိုတဲ့ ရွှေရင်ကျော် ဆရာကြီးယောင်လင်း လာမှ အကျိုး အကြောင်းပြောပြပြီး သိုက်ကြီးဖြုတ်ဖို့မှ ဖြစ်လိမ့်မယ်'

ဦးဘောဂနှင့် ဒေါ်သုဇာတို့ရွာတွင် ပိုင်းခြစ်များ တိုးချဲ့လာသည်။ ဦးဘောဂသည် လက်ရှိအိမ်ပိုင်းသည် ကျဉ်းမြောင်းသဖြင့် ထိုအိမ်ပိုင်းကလေးကို ထားခဲ့သည်။ ပိုင်းသစ်များ ထွက်သော ရွာတောင်ပိုင်းသို့ ပိုင်းသစ်ထွက်ခဲ့သည်။

အိမ်ပိုင်းသည် ရွာတောင်ပိုင်း

www.burmeseclassic.com

www.burmeseclassic.com

အလယ်လောက်တွင်ရှိသည်။ အိမ်ပိုင်းစောင့်ဝန်းများကို လုံခြုံအောင် ခတ်ထားသည်။

အိမ်ပိုင်းအသစ်သို့ ရွှေ့ပြောင်းပြီးသောအခါ မချောတင်၌ ငိုယိုကာ ပူးဝင်မှုသည် တစ်ခါတစ်ရံသာ ဖြစ်ပေါ်သည်။ စပါးကောက်လှိုင်းများ နွားလှည်းနှင့် သယ်ယူချိန် တစ်နှေ့၌ ကိုထင်ပေါ်နှင့် မချောတင်တို့သည် သမီးအကြီးကလေးကို ခေါ်ကာ နွားလှည်းနှင့် လယ်တောသို့ သွားကြသည်။

အပြန်တွင် နွားလှည်းပေါ်တွင် စပါးကောက်လှိုင်းများတင်ကာ သားမိသားအဖသုံးယောက် နွားလှည်းစီးကာ ပြန်ခဲ့ကြသည်။ နေဝင်မိုးချုပ်စ အချိန်ဖြစ်သည်။

ရွာဝင်တံခါးနားသို့ ရောက်သောအခါ လှည်းတွင်ထပ်ထားသော နွားကြီးနှစ်ကောင် လန့်၍ ခုန်နေသည်။ ရှေ့သို့ မတိုးဘဲ တရွေ့ရွေ့ နှာမှုတ်နေသည်။ သမီးကလေးက ...

'လှည်းရှေ့မှာ လူဖြူကြီး ရပ်နေတယ်'

ဟု လှည့်ဦးဆီသို့ လက်ညှိုးထိုးပြသည်။

ထိုလူဖြူကြီးကို မချောတင် မြင်နေရသည်။ ကိုထင်ပေါ်တော့ မမြင်ရချေ။ ကိုထင်ပေါ်သည် ကြက်သီးမွေးညင်းများထလာကာ လှည်းပေါ်မှ နွားများကို ဆူပူကြိမ်းမောင်းလိုက်သည်။ သို့မှသာ နွားများ ရှေ့သို့တိုးကာ မူလအခြေအနေအတိုင်း သွားသဖြင့် ရွာထဲသို့ ရောက်ခဲ့သည်။

တစ်နေ့၌ ဦးဘောဂ၏ တူတော် မောင် ရွှေရင်ကျော်ဆရာ ဦးခင်လင်း အိမ်သို့ အလည်ရောက်လာသည်။ ဦးဘောဂမှ...

'ယောင်ခင်လင်းရေ... ဝိုင်ရွာမ မချောတင်

ဟာ ဥစ္စာစောင့် ထင်စားတာလို့ ပြောတယ်။ ကြာသဖြ ဥစ္စာစောင့်တွေ ထင်ပျံပြီး သူတို့ သိုက်နန်းကို ပြန်ခေါ်ဖို့ ပြောပြောနေတယ်။ အဲဒီဥစ္စာသိုက်အစွဲက လွတ်မြောက်အောင် ကုသပေးမယ်ပေါ်'

ဦးဘောဂသည် မချောတင်အား ဆရာဦးခင်လင်း ရှေ့မှောက်၌ ကျုံ့ကျုံ့ထိုင်စေသည်။ ဆရာထံ မချောတင်အား အပ်လိုက်သည်။

ဆရာသည် မချောတင်အား မြတ်စွာဘုရားရှင်ကို ဦးသုံးကြိမ်ချစေသည်။ ဆရာသည် မချောတင်အား ကပ်ရောက်နေသော အစွဲကို ပူးဝင်ရန် အမိန့်ပေးလိုက်သည်။ မချောတင် တစ်ကိုယ်လုံး တုန်လှုပ်ကာ ကျွဲကျွဲပါအောင် ငိတော့သည်။ ဆရာမှ...

'မချောတင်ကို ဝင်ရောက်ပူးတာ ဘယ်သူလဲ'

'ကျွန်တော်ပါ'

'ဘယ်က ကျွန်တော်လဲ'

'မချောတင်(ခေါ်)နန်းသီဂီရဲ့ အစ်ကို လတ်ပါ'

'မင်းနဲ့ နန်းသီဂီဟာ ဘယ်လိုဆက်စပ်နေတာလဲ'

'နန်းသီဂီက ကျွန်တော်တို့ရဲ့ အငယ်ဆုံး ညီမလေးပါ။ ကျွန်တော့် အမည်က စိုင်းလှပိုင်လို့ ခေါ်ပါတယ်။ အစ်ကိုအကြီးဆုံးက စိုင်းလှနိုင်လို့ ခေါ်ပါတယ်။ ကျွန်တော်တို့မှာ မောင်နှမ (၅)ယောက် ရှိပါတယ်။

အစ်ကိုကြီးစိုင်းလှနိုင်က ညီငယ်နှစ်ယောက်နဲ့ သိုက်နန်းတစ်ခုမှာ စောင့်နေပါတယ်။ ကျွန်တော် စိုင်းလှပိုင်က ညီငယ်နှစ်ယောက်နဲ့ အခြားသိုက်နန်းတစ်ခုကို စောင့်နေရပါတယ်။

ညီမလေး နန်းသီဂီက သိုက်နန်းမှာ နေရတာ ပျင်းတယ်ဆိုလို့ လူပြည်ကို ခဏလွှတ်လိုက်တာပါ။ လူပြည်မှာ သားသမီးရရင် ပြန်ခဲ့ပါမယ်ဆိုတဲ့ သူရဲ့ ကတိအတိုင်း ညီမလေးကို ပြန်ခေါ်နေတာပါ'

'နန်းသီဂီကို မင်းတို့ သိုက်နန်းကို ပြန်မထည့်နိုင်ဘူး ကြားလား'

'အဲဒါ ကျွန်တော် မပိုင်ပါဘူး။ အစ်ကိုကြီး စိုင်းလှနိုင်ကို ပြောပါ'

'ဒီလိုဆိုရင် မင်းပြန်သွား၊ မင်း အစ်ကိုကြီး စိုင်းလှနိုင်ကို လွှတ်လိုက်'

ပူးဝင်ခံရသော မချောတင်သည် ခေတ္တအမျှ ငြိမ်နေပြီး ခဏအကြာတွင် တစ်ကိုယ်လုံး တုန်ယင်ကာ ငိုနေသည်။

'အခု ငိနေတာ ဘယ်သူလဲ'

'ကျွန်တော် စိုင်းလှနိုင်ပါ'

စိုင်းလှနိုင်သည် ဝင်ပူးလျှင် ပူးခြင်း ရှိက်ကြီးတင် ငိုယိုနေသည်။ ဆရာမှ...

'မင်းကို ခေါ်ရတဲ့အကြောင်းကတော့ မင်းနှမ နန်းသီဂီနဲ့ အဆက်အသွယ်ဖြတ်ဖို့ ငါဆရာ ခေါ်တာပဲ'

'မဖြတ်ပါနဲ့ ဆရာခင်ဗျာ...ကျွန်တော်တို့ဟာ ရှမ်းပိုင်းရင်းသား ဟော်နမ(၇)ယောက်ပါ။ ကျွန်တော်က အကြီးဆုံးပါ။ ကျွန်တော်နဲ့ ညီနှစ်ယောက်က သိုက်နန်းစောင့်ရမှာ ဆောင့်ပါတယ်။ ညီလတ် စိုင်းလှပိုင်က အငယ် ညီနှစ်ယောက်နဲ့ သိုက်နန်းစောင့်ရမှာ ခဲ့ဆောင့်ရ

www.burmeseclassic.com

www.burmeseclassic.com

ပါတယ်။

ညီမလေးက လူပြည် သွားချင်တယ်ဆိုလို့ ဆောလွတ်လိုက်တာပါ။ အခုသားသမီးတွေရလို့ သူကတိအတိုင်း သိုက်နန်းကို ပြန်ခေါ်ကာပါ။ ဥစ္စာသိုက်တွေလဲ ပြောင်းရတော့မှာပို့ ညီမလေးကို ခေါ်ကာပါ'

'မင်းတို့ ဥစ္စာသိုက်တွေက ဘယ်ကို ပြောင်းကြရမှာလဲ'

'ဒီစကားမျိုး မမေးပါနဲ့၊ ဆရာတို့ အနေနဲ့ သိုက်ပြောင်းရွှေ့တာကို မမေးအပ်ပါဘူး'

'အေးပါကွာ မမေးတော့ပါဘူး။ ဒါပေမယ့် နန်းသိမ်ကို သိုက်ဆီကို ပြန်မထည့်နိုင်ဘူး'

'မလုပ်ပါနဲ့ ဆရာရယ်၊ ကျွန်တော့် ညီမလေးနဲ့ ကွဲကွာနေတာ ကြာပြီဖြစ်လို့ ပြန်ခေါ်ပါရစေ'

'အခု မင်းနှမလေးမှာ လင်နဲ့သမီးတွေနဲ့ ဖြစ်နေတာ၊ သူတို့ချစ်ခြင်းကို မွဲပါနဲ့။ လူ့အဖြစ်ဆိုတာ ရဲပါတယ်။ လူတာရောက်ဒိုက်မှာ ဒါန၊ သီလ၊ ဘာဝနာ စတဲ့ ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ပါစေ'

'ကျွန်တော့်နှမလေးကို မဖြစ်၊ ဖြစ်တဲ့နည်းနဲ့ ခေါ်ရမှာပဲ'

'ငါတို့ကလဲ အခုအချိန်မှာ လုံးဝ ပြန်မထည့်နိုင်ဘူး။ ငါတို့ ဆရာတွေဆိုတာ မကောင်းသူကို ယဉ်ပြီး ကောင်းသူကို ကယ်မယ်ဆိုပြီး ခံယူချက်နဲ့ ဆရာခွင်မှာ ဝင်ခဲ့တာ၊ အခု မင်းတို့ဘဝဟာ ဥစ္စာစောင့်တွေပဲ၊ တစ်နည်းအားဖြင့် ထောနီကပြိတ္တာတွေပဲ၊ အပါယ်လေးဘုံသားတွေဖြစ်တယ်။

နန်းသိမ်ကော လူဘဝ ရောက်နေတယ်၊ လူဘဝရောက်တယ်ဆိုတာ ရှေးဘဝက ကုသိုလ်ကောင်းမှုကြောင့် ရောက်ရတာ၊ လူဘဝမှာ ကုသိုလ်ကောင်းမှုတွေကို ကိုယ်တိုင်ပြုလုပ်ပို့ရတယ်။

နောက်ဆုံး ကြီးစားအားထုတ်မယ်ဆိုရင် မကြာဏ၊ ဖိုလ်ဉာဏ်တောင် ရနိုင်တယ်။

ဟင်းတို့ဘဝနဲ့ နန်းသိမ်ဘဝဟာ အင်မတန်ကွာခြားနေပြီ၊ ဒါကြောင့် ဟင်းတို့ဆီကို ပြန်မထည့်နိုင်ဘူး'

'မလုပ်ပါနဲ့ ဆရာကြီးရယ်... ကျွန်တော်တို့မောင်နှမတွေကို မခွဲပါနဲ့ လားဗျာ'

'မင်းတို့ညီမလေးနဲ့ လုံးဝ မပတ်သက်အောင် သိုက်ကြီးဖြတ်ရမလား။ ဒါမှမဟုတ် သက်တမ်းနဲ့ ဖြတ်မလား အဲဒီနှစ်လမ်း ကြိုက်တာကို ရွေးပေတော့'

'သိုက်နဲ့ လုံးဝ မပတ်သက်အောင်တော့ မဖြတ်ပါနဲ့ သက်တမ်းနဲ့ပဲ သိုက်ကြီးဖြတ်ပါ။ ကျွန်တော်တို့ ညီမလေးကို မခွဲနိုင်ပါဘူး'

'မင်းတို့က သမုဒယဆိုတဲ့ စွဲလမ်းမှုတွေက တယ်များကြတာကိုး၊ မင်းတို့ဟာ စည်းစိမ်ဥစ္စာတွေကို တပ်မက်စွဲလမ်းနေကြလို့ အခုလို ဥစ္စာစောင့်တွေ ဖြစ်နေကြတာပဲ။

မှတ်ထား... စီးပွားချမ်းသာခဲ့ကြတဲ့ သူဌေး၊ သူကြွယ်၊ မင်း၊ မိဖုရား၊ မင်းသမီး၊ မင်းညီမင်းသားတွေဟာ တရားမရဘဲ စွဲလမ်းမှုနဲ့ သေသွားလို့ ဥစ္စာစောင့် ဖြစ်နေကြတာ ဒုနဲ့ဒေးပဲ။

အဲဒီ တပ်မက်စွဲလမ်းမှုတွေ လျော့နည်းသွားအောင် ကြိုးစားကြပေတော့။ မင်းတို့ ညီမလေးနန်းသိမ်ကို အသက်တစ်ရာပြည့်မှ ပြန်ခေါ်ကြ'

'အသက်တစ်ရာတော့ မလုပ်ပါနဲ့ ဆရာရယ်။ ခွဲခွာနေရမှာ ဝေးလွန်းလှပါတယ်'

'ဒါဆို အသက်ကိုးဆယ်(၉၀)ရှိမှ ပြန်ခေါ်ကွာ'

'ဒါလဲ နှစ်က များပါသေးတယ် ခင်ဗျာ'

'အေး...ဒီလိုဆို လူတို့ရဲ့ သက်တမ်းဟာ(၇၅)နှစ် သတ်မှတ်ကြတယ်။ သက်တမ်းစေ့တော့ နေစေရမယ်။ နန်းသိမ်ရဲ့ အသက်(၇၅)နှစ်ပြည့်မှ ပြန်လွှတ်နိုင်မယ်။ ဒါ နောက်ဆုံးစကားပဲ မင်းတို့ ကတိပေးကြ'

ဝင်ပူးနေသော စိုင်းလှနိုင်သည် **"ညီမလေးနဲ့ အချိန်ကြာကြီး ခွဲခွာရတော့မှာပါ"** ဟု ဆိုကာ ချုံးပွဲချင်ကြွေးတော့သည်။ မျက်ရည်များနှင့် နာရည်များစွာ မျက်နှာပြင်ပေါ်တွင် စီးကျကာ စိုရွှဲနေလေသည်။

'ညီမလေးကို ရွာအရှေ့ဘက် ရွာတံခါးနားမှာ လူဖြူကြီးယောင်ဆောင်ပြီး ကောက်လိုင်းလှည်းရှေ့မှာတားပြီး သတိရစေခဲ့ပါတယ်။ အိမ်မှာ ဝတ်အသင်းနဲ့ ဝတ်ရွတ်စဉ်က ကြေးစည်ဆွဲတဲ့ ကြိုးမှာ ဖြေဖြူယောင်ဆောင်ပြီး သတိရစေခဲ့ပါတယ်။

အဲဒီညည ဝတ်ရွတ်အပြီး လူတွေ အိပ်ချိန်မှာ ကျွန်တော်တို့ ညီအစ်ကို(၆)ယောက် ညီမလေးကို တွေ့ဖို့လာခဲ့ပါတယ်။ သူ့ယောကျ်ားက ဓားနဲ့ လိုက်ခုတ်မယ်လုပ်လို့ ပြန်သွားရပါတယ်'

ဦးဘောမ...

'နေပါဦး တို့ရွာ အရှေ့ဖျား အိမ်ဝိုင်းမှာနေတုန်း မင်းတို့ခဏခဏ ဝင်ပူးကြတယ်။ ဒီအိမ်ဝိုင်းရောက်တော့ ဘာလို့ ဝင်မပူးတာလဲ'

'အဲဒါ ဒီလိုပါ...ရွာအရှေ့ဖျားအိမ်ဝိုင်းဟာ

www.burmeseclassic.com

www.burmeseclassic.com

ဂါထာစွမ်းနှင့်

ကြိုးတံတားပုတီး

ဒိုလဖကျော်ကြီး
(ဟင်္သာတ)

အစီအရင်

အချိန်သည်ကား ကြာခဲ့ပါပြီ။ လွန်ခဲ့သော အနှစ်လေးဆယ်ကျော်ကာလက ပုံရိပ်ကလေးတစ်ခု...

ကိုထွန်းကျော်၏ ရင်ထဲမှာ တမြွေမြွေနှင့် ခံစားခဲ့ရသော အတိတ်ကဖြစ်ရပ်ဇာတ်လမ်းကလေးသည် ငွေရောင်ပိတ်ကားပေါ်တွင် အထင်းသား ပေါ်လွင်လာသလို ပေါ်လာလေတော့သည်။

ကိုထွန်းကျော်က အစိုးရလခစား ဝန်ထမ်း၊ မြို့တွင် တာဝန်ထမ်းဆောင်နေရသူတစ်ဦး။ ကိုထွန်းကျော်သည် ငယ်စဉ်ကတည်းက မိဘနှစ်ပါး၏ စကားကို နားထောင်ခဲ့ရာ အိမ်ထောင်ရက်သားကျသည်အထိပင်...

* * *

ထွန်းကျော်သည် အမှုတစ်ခုကြောင့် ထောင်ကျသွားသော ဦးလေးဦးဘအောင်အား အားပေးစကားပြောဆိုပြီး စားစရာအဖြစ် မုန့်နှင့် ငှက်ပျောသီး၊ လက်ဖက်ခြောက်တို့ကို ပေးပြီး အချိန်စေ့သဖြင့် ထောင်အတွင်းမှ ထွက်ခဲ့လေတော့သည်။

ထောင်၏ဘူးဝ အပြင်ဘက်သို့ရောက်သောအခါ ဦးဘအောင် ပေးလိုက်သော ကိုးတံခါး ကြိုးပုတီးတစ်ကုံးကို အသေအချာကြည့်လိုက်ပါသည်။

ထိုအခါ အပ်ချည်ဖြူဖြင့် ထိုးထားသော ပုတီးစေ့ကလေးများသည် ညီညာစွာဖြင့် အစီအရိုးကြပြီး ပုတီး (၁၀၈)လုံးမဟုတ်ဘဲ (၈၁)လုံးသာ ရှိသဖြင့် ဘယ်လိုအကျိုး သက်ရောက်မည်ကို ခန့်မှန်းရ၍ ကြည့်နေပါသည်။

ထိုစဉ် အမော်အဖြစ် လိုက်ပါလာသော သူငယ်ချင်းအောင်စန်းက ယူကြည့်ပြီး...

'မင်း ဦးလေး ပေးလိုက်တဲ့ ကြိုးပုတီးက တကယ် လက်ရာကောင်းတယ်ကွာ၊ ထောင်ထဲမှာလုပ်တဲ့ ပုတီးဆိုတော့ တန်ဖိုးရှိတယ်လို့ ထင်ကြမှာ မဟုတ်ဘူး။

တချို့ ဂန္ဓိရပညာကို အပြည့်အဝ တတ်ကြွတဲ့ ဆရာကြီးတွေ ထိုးတဲ့ ပုတီးဆိုရင် တကယ်စွမ်းဆိုပဲ။ ငါ့အဖေ ထောင်မှူးဘဝက ဓပြောဖူးတယ်ကွ။

ငါ့အဖေက ထောင်သားတွေနဲ့ ရင်းနှီးနေတော့ ဆိုးသူတွေရော၊ ကောင်းသူတွေရော သူနဲ့ဆို အပြဲအဆင်ပြေတာချည်းပဲ။

သူက တရားသမားလေ၊ ထောင်မှူးဆိုပေမယ့် သူက ပုတီးကို လက်ကမချဘူး။ အမြဲစိပ်တယ်။ မင်း ငါ့အိမ်လိုက်ခဲ့ကွာ ထွန်းကျော်၊ ငါ့အဖေနဲ့ဆို မင်းအဆင်ပြေပါလိမ့်မယ်။ မင်းက စာပေဗဟုသုတ လိုက်စားတဲ့သူဆိုတော့ မင်းလိုချင်တဲ့ အချက်အလက်ကလေးတွေလဲ မေးလို့ရတာပေါ့'

ထွန်းကျော်သည် အတန်ငယ် စဉ်းစားပြီး...

'ဒီလိုလုပ်ကွာ အောင်စန်း... ဒီနေ့တော့ နေနည်းနေပြီ၊ ငါလဲ ညဂျူတီဝင်ရဦးမယ်၊ မနက်ဖြန်မှပဲ ငါလာခဲ့မယ်။ ဦးကြီးစံအေးကိုသာ မင်း ကြည့်ပြောထားလိုက်ကွာ ငါ ဆက်ဆက်လာခဲ့မယ်လို့'

အောင်စန်း၏ အဖေ ထောင်မှူးကြီး ဦးစံအေးသည် ပင်စင်စားဘဝနှင့် အနားယူခဲ့သည်မှာ (၂)နှစ်ပင်ကျော်ခဲ့

www.burmeseclassic.com

www.burmeseclassic.com

လေပြီ။

အိမ်ခြံတွင်းတွင် အနားမနေဘဲ ဝါးရိုးတစ် အုန်းလက်တံမြက်စည်းအရှည်ကို လှည်းနေသဖြင့် ထွန်းကျော်တစ်ယောက် မပံ့မရဲဖြင့် ကြည့်ပြီး...

'ဦးလေး ကျွန်တော်လာလည်တာပါ၊ အောင်စန်းတစ်ယောက်ကော မပြင်မိပါလား'

ဦးစံအေးသည် စကားနည်းသူပီပီ...

'အေး... ထိုင်ဦးကွာ သူငယ်၊ မင်း သူငယ်ချင်းအောင်စန်း သူ့အမေကို ဈေးလိုက်ကြိုတယ် ခဏနေ ပြန်လာတော့မှာပါ၊ အဲဒီကွပ်ပျစ်ပေါ်မှာ ရေနွေးရှိတယ်၊ လက်ဖက်လဲရှိတယ်၊ စားသောက်ပြီးစောင့်ဦး သူငယ်ရယ်'

ဆိုပြီး သူ၏ လှည်းလက်စ တံမြက်စည်းကို ဆက်လှည်းနေတော့သည်။

အတန်ကြာမှ ထွန်းကျော်၏အနီးသို့ ဝင်ထိုင်ပြီး ဦးစံအေးကပင် စ၍...

'သူငယ်က ဦးကို မေးစရာရှိတယ် ဆိုတော့ ဘာများလဲကွယ်၊ မေးစရာရှိမေးလေ ဦးလေးလဲ တတ်သရွေ့ မှတ်သရွေ့ ပြောပြရမှာပေါ့'

ထွန်းကျော်သည် ရေနွေးတစ်ခွက်ကို မော့သောက်ပြီး...

'ဒီလိုပါ ဦးလေး၊ ကျွန်တော့်ဦးလေး ထောင်ထဲက မေးလိုက်တဲ့ ကြိုးပုတီးနဲ့ပတ်သက်ပြီး ဦးလေးကို သိချင်တာလေးတွေ မေးချင်လို့ပါ'

ဦးစံအေးသည် ထွန်းကျော်ကို စိုက်ကြည့်ပြီး...

'မှန်း... ပြစ်မင်းပါဦးကွယ် မင်း ဦးလေးပေးတဲ့ ကြိုးပုတီးကုံးလေးကို'

ထွန်းကျော်သည် လက်ကိုင်ပဝါဖြင့် ရှိသေစွာထုပ်ထားသော (၈၁)လုံးကြိုးပုတီးကုံးလေးအား ထုတ်၍ ပြလေသောအခါ...

'ဟာ... ဒီကြိုးပုတီးကလေးက အတော်သပ်ရပ်တာပဲ၊ ငါ ထောင်မှူးဘဝ အသက်သုံးဆယ်ကျော်အရွယ် လောက်တုန်းက ရခဲ့တဲ့ ကြိုးပုတီးလေးနဲ့ တထေရာတည်းပဲ၊ ဒီကြိုးပုတီးလေးကို မင်းဆောင်ထား ကိုယ်နဲ့ မကင်းကွာစေနဲ့၊

ညအိပ်ရာဝင်ရင် ဘုရားကျောင်းဆောင်မှာ ချိတ်ဆွဲထားပြီးမှ အိပ်၊ ဘယ်သွားသွား ဘယ်လာလာ အမြဲဆောင်ထားပေါ့ကွာ

မင်းလာပြတဲ့ ကြိုးပုတီးနဲ့ပတ်သက်ပြီး ဦးလေး ထောင်မှူးဘဝတုန်းက တွေ့ခဲ့တဲ့ ထောင်ကျ ကမ္ဘီရဆရာကြီး တစ်ယောက်ရဲ့အကြောင်းကို ပြောပြမယ်၊ မင်းသေသေချာချာ နားထောင်'

ဟု ဆို၍ အောက်ပါအတိုင်း ပြောပြလေတော့သည်။

ထောင်မှူးကြီး ဦးစံအေးသည် တစ်နေ့တွင် နေ့လယ်(၁၂)နာရီသာသာ ထုမင်းစားပြန်ချိန်တွင် ရုံးခန်းမထောင်ဘူးတံခါးဝသို့ ထွက်ခွာလာပါသည်။

ထိုစဉ် အိပ်ဆောင်ဝင်းအထွက် ထောင်သံတံခါးအနီးတွင် ထောင်မှ ထုတ်ပေးသော ဘာဘူစောင်ခေါ် ချည်စောင်အပြာစင်းတစ်ထည်ကို ခေါင်းမြီးခြုံလျက် တလှုပ်လှုပ် တရွရွဖြင့် ထိုင်နေသော လူတစ်ယောက်ကို တွေ့ရသဖြင့်...

'ဧမ့... ဒါဘယ်သူလဲကွ၊ နေပူထဲမှာ တလှုပ်လှုပ်နဲ့ အဖျားတက်နေတာလား'

မလှမ်းမကမ်းမှ ထောင်ကျအကျဉ်းသားတစ်ဦးက...

'ကပျာကယာ ပြေးလာပြီး မဟုတ်ပါဘူးဆရာ၊ ဘုရားမှာ တံမြက်လှည်းတာဝန်ကျ အဘဦးသံဒိုင်ပါ။ အဓိဋ္ဌာန်ဝင်ပြီး အစီအရင်တစ်ခုလုပ်နေတာပါ။ ကျွန်တော့်ကို စောင့်ခိုင်းထားလို့ ကျွန်တော်စောင့်နေတာပါဆရာ'

စောင်ခြုံထားသူသည် ဘာမှ ပြန်မပြောပါ၊ ပါးစပ်မှ တဟွတ်တွတ်ဖြင့် ဂါထာစုတ်နေသည်ဟု ထင်မိပါသည်။

ဦးစံအေးသည်...

'ဩော်... အဘဦးသံဒိုင်လား နေက ပူသနဲ့ကွာ သံတံခါး နားကပ်ထိုင်ပြီး အဓိဋ္ဌာန်ဝင်ရတယ်လို့ အေးအေး... လုပ်ပစေ လုပ်ပစေ'

ဆိုပြီး အပြင်သို့ ထွက်သွားလေတော့သည်။

နေ့လယ်ခင်းရောက်တော့ အဘဦးသံဒိုင်သည် ထောင်မှူးကြီး၏ ရုံးခန်းတွင်းသို့ ဝင်လာလေသည်။ ဦးစံအေးကပင် စတင်၍...

'အဘ မနေ့က နေပူထဲမှာ စောင်ခေါင်းမြီးခြုံပြီး ဘာအဓိဋ္ဌာန်တွေ ဝင်နေတာတုန်း၊ နည်းကောင်းလေးများရရင် ကျွန်တော့်ကိုလဲ ပေးပါဦး'

အဘဦးသံဒိုင်မှ...

'ဆရာကတော့လုပ်ပြီ ကျွန်တော် အဓိဋ္ဌာန်ဝင်တာက ဆရာ့အတွက်ပါ၊ **ကိုးတံခါးပုတီးလေး** ဆရာ၊ အခုလာမယ့် လပြည့်နေ့မှာ ကိုးတံခါးပြည့်မှာပါ။

ကိုးတံခါးပုတီးက ထောင်နံရံအတွင်းမှာရှိတဲ့ တံခါးဝတွေမှာ စီရင်ရတာပါ ဆရာ၊ အပြင်မှာ စီရင်လို့ မရပါဘူး။ အစီအရင်လေးတွေကိုတော့ ဆရာကို ကျွန်တော် ဆရာစားမချန်ဘဲ ပြောပြပါ့မယ်။

ဆရာကလဲ ဝါသနာတူ ကျွန်တော်ကလဲ ဝါသနာပါဆိုသလို ဓာတ်တူနာမ်တူ ဆေးဘက်ယူဆိုသလိုပေါ့ ဆရာရယ်'

ဦးစံအေးသည် အကျဉ်းသားကြီး ဆရာကြီးဦးသံဒိုင် ပြောသောစကားကို ရယ်ကျဲကျဲဖြင့် ခေါင်းညိတ်လျက်...

www.burmeseclassic.com

www.burmeseclassic.com

'ကျွန်တော် ကိုးတံခါးစိပ်ပုတီးတော့ မကြားဖူးပါဘူး။ ကိုးသချိုင်းသံစား တော့ ကြားဖူးတယ်'

'တစ်မျိုးစီပေါ့ ဆရာရယ်... **ကိုးသချိုင်းသံစားက အပြင်မှာ စီရင်လို့ ရသလို၊ ကိုးတံခါးစိပ်ပုတီးက အတွင်းမှာပဲ စီရင်လို့ ရတာပါ။**'

သူရဲ့အကျိုးအာနိသင်က ကိုယ်လုံတယ်၊ အိမ်လုံတယ်၊ ဘေးရန်အန္တရာယ် အားလုံးကို အထူးကာကွယ်တယ်။

ဆရာအတွက် ကျွန်တော် စီရင်ပြီး အခုပြုလုပ်နေတဲ့ ပုတီးက ပြီးလုတော့ မှာပါ၊ လွယ်မယောင်နဲ့ ခက်ပါတယ် ဆရာ၊ တံခါးတစ်ပေါက်ကို ပုတီး(၉) လုံး အဓိဋ္ဌာန်နဲ့ ထိုးရတာဆိုတော့ တံခါး(၉)ပေါက် ပြည့်တာနဲ့ ပုတီး(၈၁) လုံး ကုံးပြီးသားဖြစ်နေတော့မှာပါ'

'အဓိဋ္ဌာန်ပင်မြို့မှာ ပြိုးကိုင်စက္ကူ လက်မခန့်ကို (၈၁)ရွက် ဂါထာရေးပြီး တစ်ရွက်ကို တစ်ပုဒ်စီ ဂါထာစုတ်ရတယ်။ ပြီးတော့ ဂါထာရေးထဲ့ စက္ကူကို ကြိုးထိုးပေါက်ကလေး ချန်ပြီး နားတောင်အရွယ် လက်ဖြာလေးလို လိပ်ရတယ်။

အဲဒီပိုင်းကိုင်စက္ကူလိပ်ကလေးကို အပေါက် ချည်မျှင်ဟပ်ပြီး အခြားကြိုးပုတီးတွေလို ထိုးရတာပဲ ဆရာရဲ့'

ဒါပေမယ့် ကိုးတံခါးစိပ်ပုတီးခေါင်း (စတီ) အတွင်းမှာ သရဏဂုံသုံးပါးရေးပြီး လိပ်ထွင်းရတယ်၊ ပုတီးခေါင်းကို ဆောင်ဘူး ဟုတ်တံမြိတ်ဂိတ်မှာ ပြီးအောင် ထိုးရတယ်။ ဆောင်ဘူးတံခါးမှာ နောက်ဆုံး ကြိုးသွင်းပြီး ပင်လယ်ကူးပုတီးခေါင်းတပ်ရတယ်။ ပုတီးခေါင်းထိုးစဉ်မှာ သရဏဂုံသုံးပါးကို မပြတ်ရွတ်နေရတယ်။

စိပ်ပုတီးအားလုံး စီရင်ပြီးတဲ့အချိန်မှာ "သိရည်ဖြိ" ဂါထာတော်ကို အခေါက်(၁၀၀) ပြည့်အောင် စုတ်ပြီး သိဒ္ဓိတင်ရတယ်။ အဲဒါမှ

ကိစ္စအထ အောင်မြင်မှာ ဆရာ၊ ကျွန်တော်လဲ လွတ်ရက်က နီးလာတော့ ဆရာနဲ့ ဆွေးနွေးရမယ့်အချိန်ကလေးကို နှမြောပြီပါတယ် ဆရာ'

ဂန္ဓိရအကျင့်သားဆရာကြီး ဦးသံဒိုင်၏ ရိုးသားပွင့်လင်းသော စကားကလေးကို ကြားရသဖြင့် ထောင်မှူးကြီးဦးစံအေးသည် ခေါင်းတညိတ်ညိတ် ဖြစ်နေသည်။

'လူ့ဘဝဆိုတာ အလွန်ဆန်းကြယ်ပါတယ် အဘရယ်၊ မစဉ်းစားအပ်တဲ့ နေရာတွေမှာ စဉ်းစားနေကြရတာဟာ မမှတာတွေပါပဲ၊ အဘတို့အသက်နဲ့ ထောင်နဲ့က မသင့်တော်ပါဘူး။

အသက်တစ်ရာ မနေရပေမယ့် အမှတစ်ရာတော့ တွေ့ကြရတယ်ဆိုတဲ့ စကားအတိုင်း ရယ်သောသူ ငိုသလို၊ ငိုသောသူ ရယ်ရတာဟာ မဆန်းထော့ပါဘူး အဘရယ်။

လောကကြီးရဲ့ နိယာမတရားတွေပါပဲ။ သူများ ဓားခုတ်ရာကို လက်ဝင်မလျှိုနဲ့တော့ အဘ၊ အဘရဲ့ ထောင်သက်က မနည်းတော့ဘူး၊ အမေက မွေး ထောင်ကကျွေးဆိုသလို ဖြစ်နေပြီ။

အဘရဲ့ မဟုတ်မခံတဲ့စိတ်ကို အလိုမလိုက်နဲ့တော့၊ အမည်ခံလူဆိုးကြီး ဘဝကနေ မြန်မြန် လွတ်မြောက်ပါစေလို့ ကျွန်တော် ဆုတောင်းပေးလိုက်ပါတယ်'

* * *

'ဒါပဲ ဦးတူရေ... အဲဒီထောင်ကျတဲ့ ဂန္ဓိရဆရာကြီးက တကယ်တော့ လူဆိုးကြီးမဟုတ်ပါဘူး။ အဲဒီကိုးတံခါး ပုတီးကို ဦးလေးကို စီရင်ပေးသွားပြီး ထောင်ကလွတ်သွားခဲ့တာ ယနေ့အထိ ဆိုပါတော့ကွာ'

သိရည်ဖြိဂါထာ

သိရည်ဖြိ (၈၁) ပုဒ္ဓသေဋ္ဌော
သာရိပုတ္တော စ ဒဂ္ဂိဏော၊
ဝါယဒေ့ဝေ ဟောဂ္ဂလ္လာနော၊
ပုရတော ဝိဂုကတ္တယံ၊
ယွဉ်မေ (မမ) အာနန္ဒော၊
စတ္တဒ္ဒိသာ ဒီဃာသပါ၊
သမန္တာ လောကပါလာ စ၊
ကုန္ဒာ ဒေဝါ သမြဟ္ဘကာ၊
စတေသံ အာနုဘာဝေန၊
သဗ္ဗေ ဘယာ ဥပဒ္ဒဝါ၊
အနေကအန္တရာယာပိ
ဝိနသ္သန္တု အ,သေသတော၊

အနက်အဓိပ္ပာယ်

ဓမ–အက္ခရာနိုပ်တ်၏ **သိရည်ဖြိ**– ဆဲရေးရစ်ဖုံး ထိပ်အဆုံး၌၊ **ဗုဒ္ဓသေဋ္ဌော**– အတိုင်းမသိ ဘိုးမွန်းအဝိတော်မူသော မြတ်စွာဘုရားသည်၊ **တိဋ္ဌတု**– ကြွမြန်း တည်နေတော်မူပါ အရှင်ဘုရား။

ဓမ–အက္ခရာနိုပ်တ်၏ **ဒဂ္ဂိဏော**– လက်ယာပခုံး ညာလက်ရုံး၌၊ **သာရိပုတ္တော စ**– အရှင်သာရိပုတ္တရာ မထေရ်မြတ်သည်၊ **တိဋ္ဌတု**– တည်နေတော်မူပါ အရှင်ဘုရား။

ဓမ– အက္ခရာနိုပ်တ်၏ **ဝါယဒေ့ဝေ**– လက်ဝဲပခုံး ဘယ်လက်ရုံး၌။

www.burmeseclassic.com

မောဂ္ဂလ္လာနော– တန်ခိုးပြင်းထန်အရှင်မောဂ္ဂလာန် မထေရ်မြတ်သည် တည်နေတော်မူပါဘုရား။

မေ–အက္ခရာဝင်၏ **ပုဗ္ဗတော–** နဖူးမှခ လည်ရင်ဝတွင် ရှေ့တခွင်၌၊ **ဝိဋ္ဌကတ္ထယံ–** ဝိဋ္ဌကတ်သုံးပုံသည် တည်နေတော်မူပါဘုရား။

မေ–အက္ခရာဝင်၏ **ပစ္ဆိမေ–** နောက်အဖို့ဟု ဆိုအပ်သော လည်ကုပ်လက်ပြင် ကျောတခွင်၌၊ **အာနန္ဒော၊** တေဒဂ်ငါးဖြာ ရှင်အာနန္ဒာမထေရ်မြတ်သည် တည်နေတော်မူပါဘုရား။

မေ– အက္ခရာဝင်၏ **စတုဒ္ဒီသာ–** လေးမျက်နှာ ကိုယ်အင်္ဂါတို့၌၊ **ဒီဃာသဝါ–** ကိလေသာကင်းစင် ရဟန္တာအရှင်မြတ်တို့ တည်နေတော်မူပါဘုရား။

မေ– အက္ခရာဝင်၏ **သမန္တာ–** ထက်ဝန်းကျင်၊ **ဒီသာ–**အရပ်ဆယ်မျက်နှာမှ၊ **သ,ပြဟ္မကာ–** ပြဟ္မာမင်းနှင့်တကွ၊ **ဣန္ဒာဒေဝါစ–** သိကြားမင်းသည် လည်းကောင်း။ **လောကပါလာစ–** လောကကို စောင့်ရှောက်ကြကုန်သော နတ်မြတ်နတ်ကောင်းတို့သည် လည်းကောင်း တည်နေတော်မူပါအရှင်ဘုရား။

ဓတေသံ– ဘုရား,တရား,သံဃာ, သိကြား,ပြဟ္မာနှင့်တကွ နတ်အပေါင်းတို့၏ **အာနုဘာဝေန–** တန်ခိုးတေဇော်အာနုဘော်တော်တို့ကြောင့်၊ **သဗ္ဗေ–** ခပ်သိမ်းကုန်သော၊ **ဘယာဉပဒ္ဒဝါစ – (၂၅)**ပါးသောဘေး၊ **(၁၆)**ပါးသော ဥပဒ္ဒဝေါတို့သည် လည်းကောင်း၊ **အနေကာ အန္တရာယာဝိ–** တစ်ပါးမက များလှစွာသော အန္တရာယ်ဟူသမျှတို့သည် လည်းကောင်း၊ **အ,သေသတော–** အကြွင်းအကျန် မရှိသောအားဖြင့် **ဝိနဿန္တု–** ကင်းစင်လွင့်ပျောက်မရောက်စေးစွာ ကွာသည်သာ ဖြစ်ကြပါစေသကုန်သတည်း။

[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ဌေး(မဟာဝဂ္ဂါဒီပြန်မဂုဏ်တူး)၊ ဒီယဘာဏက–ဒီယနီကာယကောဗိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။

ရှင်လန်းချမ်းမြေ့ကြွယ်ပါစေ။

ဗိုလ်ကျော်ကြီး(ဟသံတ)

ကျမ်းကိုး

မင်းသူရိန်–အောင်သပြေနှင့် ဗုဒ္ဓဂုဏ်တော်ကိုယ်တွေ့များ ၁၉၉၁။

စာမျက်နှာ (၂၆၈)မှ အဆက်

က အိပ်မြောက်အကိုက် ရောင်ရိုက်ခြင်ကိုလို ဦးတိုက ဓောင်းနှိပ်ပယ်ပုံစားလေး အထက်အောက်အရိုတော့ ကျွန်တော် အရေ ထစေ ဝင်ပြီးထွက်နိုင်တာပေါ့။

အခု အိပ်ပိုင်းက ဓောင်းနှိပ်တွေ ကာရံထားတာ ပိုးအစောင့်တွေက ဝင်ခွင့်မပြုလို့ မဝင်နိုင် ထွက်နိုင်ပါရဲ့။ ဒီကြောင့် ပန်းမဝင်နိုင်ထာပါ

ဆရာမ...

'ဇာ့... နန်းသိဂီကို အသက်(၇၅)နှစ် မပြည့်မချင်း မခေါ်ပါဘူးလို့ ကတိပြုပါ'

ညီမလေး နန်းသိဂီကို့အသက်(၇၅)နှစ် ပြည့်မှ ပြန်ခေါ်ပါမယ်။ (၇၅)နှစ် မပြည့်မချင်း မခေါ်ပါဘူးလို့ ကတိပြုပါတယ်'

ဆရာဝင်းလင်းသည် ရှစ်ဦးနှောင်(၆)ယောက်တို့၏ ကတိစကားကို အထက်ဆရာကြီးများအား တိုင်တည်ပြောကြားလိုက်သည်။ နန်းသိဂီကို လည်း အသက်(၇၅)နှစ်ပြည့်သည်တိုင် အောင် ဥစ္စာစောင့်များ ရန်ဘေးမှ ကင်းဝေးအောင် အဝန်းဝိုင်းလိုက်သည်။

ထို့နေ့မစ၍ နန်းသိဂီခေါ် မချောတင်သည် ငိုခြင်း မှုန်ဝင်ခြင်းများ အလျှင်းမရှိတော့ချေ။ မိသားစုတို့ရွှင်လန်းနေထိုင်ကြရသည်။ယခုအခိုရိုန်တွင် သမီးကြီးပင် ကြီးပြင်းလာပြီး အိမ်ထောင်ရှင်ဖြစ်၍ နေပေပြီ။

မှတ်ချက် ။ ။ ထူးဘဝတွင် ဥစ္စာစောင့်ဘဝမှ လူ့ဘဝသို့ ရောက်နေကြသော အမျိုးသား၊ အမျိုးသမီးများ အများအပြားပင်ရှိသည်။ ထို ပုဂ္ဂိုလ်များသည် ဥစ္စာသိုက်များမှ ခေါ်၍ လူ့ဘဝကို မစွန့်လွှတ်ချင်ပါကသိလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံသော ဆရာများထံတွင် သိုက်ကြီးဖွတ်၍ သို့မဟုတ် သက်တမ်းတိုးရန် ရပါကြောင်းမဟုသုတ ရစေခြင်းငှာ ရည်ရွယ်၍ ရေးသားလိုက်ခြင်း ဖြစ်ပါသည်။

အမည်နာမများ ပြောင်းလွဲထားပါသည်။ ဤဆောင်းပါးဖြစ်ပြောက်အောင် ဖြစ်ရပ်မှန်ကလေးကို ပြောပြကြသော ဆရာကြီးဦးသိန်းဌေး(အင်းတိုက်ရွာ)အား ကျေးဇူးတင်ပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

သမုဒယဏ္ဍိုးဟူသော ထွယ်ဘဒ္ဒမူများကို ပယ်ဆတ်နိုင်ကြပါစေ။

စလင်း ဦးကျော်

စာရှုသူ သုတေသီနှင့် ပညာရှင်များခင်ဗျာ...

ဤဆောင်းပါးပါ ကိုးတံခါးမှတိုးစိုရင်နှည်းကို ပို၍ အသေးစိတ် သိရှိလိုသူများ ဤနက္ခတ္တရောင်ခြည်မဂ္ဂဇင်းသို့ ရေးသားပေးပို့ကြပါရန် မေတ္တာရပ်ခံ မှာကြားအပ်ပါသည်။

ထို့ပြင် ကိုးသင်္ချိုင်းသံတေး စိုရင်နှည်းသိရှိသူ ပညာရှင်များလည်း ပါဝင် ရေးသားပေးပို့ကြပါရန် မေတ္တာရပ်အပ်ပါသည်။

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

ပရဒေသာကန့် ပဋိဟာရ (၁)

ဇာဝနိုဝဲ

လွန်ခဲ့သော ၂၀၁၃ ခုနှစ်၊ (၉)လ ပိုင်းက ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ္တလင်းမြို့၏ အရှေ့ယွန်းယွန်း အလယ်ဗိုလ်မရှိ တောင်ညိုမှ ဆရာထက်အောင်လှိုင် သာသနာပြုရာ မြင်းစိုင်းကြော အဘယပဗ္ဗတတောင်မှ ကမာကူရ ရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ရန် ဇီးကုန်းပြို့မှ ''ရွှေကိန္နရီ'' ရွှေဆိုင်ပိုင်ရှင် **ဦးဝင်းဆွေ(မြသိန်းတန် စေတီတော်မြတ်ကြီး၏ ဂေါပက ဥက္ကဋ္ဌ)** ဦးဝင်းမြင့်(သစ်စက်)၊ ဦးသိန်းမြင့်(ဗိုလ်မှူး/ငြိမ်း)တို့နှင့်အတူ ရောက်ရှိခဲ့သည်။

ဆရာထက်အောင်လှိုင် မိသားစုမှ ဝမ်းသာလိုက်လဲစွာ ကြိုဆိုကြပြီး နံနက်စာကို သက်သတ်လွတ်ဟင်းတို့ဖြင့် ဧည့်ခံကျွေးမွေးကာ ကျွန်တော်တို့အား ကမာကူရ ရုပ်ပွားတော်မြတ်ကြီးနှင့် ပတ်သက်သည့်သမိုင်းကြောင်းကို ရှင်းလင်းပြောပြခဲ့ပါသည်။

(ကမာကူရ ရုပ်ပွားတော်မြတ်ကြီးနှင့် ပတ်သက်၍ သီးသန့်ရေးသား ပူဇော်ထားပြီးဖြစ်သော်လည်း အကြောင်းကြောင်းကြောင့် မတင်ပြနိုင်သေးကြောင်း ဝန်ခံအပ်ပါသည်။)

နေ့လယ်တွင် ကျွန်တော်တို့အဖွဲ့သည် ဆရာထက်အောင်လှိုင်ထံမှ တောင်ညိုတောင်ကြားပေါ်သို့ တက်ခဲ့ကြသည်။ ဆရာထက်အောင်လှိုင်က တပည့်တစ်ယောက်ကို ထည့်ပေးလိုက်သဖြင့် သွားလိုရာများကို ရောက်ရှိခဲ့ဖူ။

ထိုမှ ရွှေဘိုကျောင်းဆရာတော်ကို ဖူးမြော်ကြပြီး အပြန်တွင် တောရဆောက်တည်နေသော **မကြီးမငယ်တောင်မှ ဆရာတော်ဦးဇဋိလ**ကို ဝင်ရောက် ဖူးမြော်ခဲ့ကြသည်။

မှတ်ချက်။ ။ (မကြီးမငယ်တောင် ဆိုသည်မှာ သုံးမြို့ရှင် သတိုးနော်ရထာ၏ သမီးတော်များထံမှ ညီမနှစ်တော်ဖြစ်ပြီး တောင်ပေါ်တက် ပန်း

www.burmeseclassic.com

www.burmeseclassic.com

ရူးရင်း မကြီးတစ်တောင်၊ မယေ်က တစ်တောင် တစ်ယောက်တစ် တောင် ရသမျှ ပန်းတို့ကို သဘာဝ ကျောက်ပျဉ်ကြီးများ၌ ကြိတ်ကာ သွေးခဲ့ကြသောတောင်များ ဖြစ်ကြောင်း။ သို့ကြောင့် ယင်းတောင် နှစ်တောင်ကို မကြီးမယေ်တောင်ဟု ခေါ်ကြောင်း ဒေသခံတောင်ပေါ် သားတို့က ပြောပြသဖြင့် မှတ်သား ခဲ့ရပါသည်။)

'ဒကာကြီးတို့က ဘယ်ကလာခဲ့ကြ သတုံး'

ကျွန်တော်တို့ရောက်သွား ဝတ်ပြည့် ပြီးသည်နှင့် ဆရာတော်က မေးပါ သည်။ ဆရာတော်မှာ သက်တော်(၅၀) ကျော်ပြီဖြစ်သော်လည်း အသက်ကြီးမှု အသက်(၃၀)လောက်ရှိမှ ရဟန်း ဘောင်တက်ခဲ့သည့်အတွက် ဝါတော် က(၂၀)ကျော်မျှသာ ရှိသေးပြီး တည် ကြည်သော ကာယကံကုန္ဒြေတို့နှင့် ပြည့်စုံတော်မူသဖြင့် ကြည်ညိုဖွယ် ဖြစ် ပါသည်။ အရပ်အမောင်းကောင်း၍ အသားတော် မပြူမည်ပိုနှင့် ရူပကာယ တင့်တယ်ပါသည်။

'တပည့်တော်တို့က ဇီးကုန်းကပါ ဘုရား'

'သာဓု...သာဓု...သာဓု ဒကာကြီး တို့နဲ့ ဘုန်းကြီးက တစ်နယ်တည်းသား တွေလို ပြောလို့ရပါတယ်။ ဘုန်းကြီးက မြစ်သာကျွန်းရွာကြီးကပါ နယ်အရ တော့ မိုးညှိမြို့နယ်ပေါ့။ ဒါပေမယ့် ဒကာကြီးတို့ ဇီးကုန်းမြို့နဲ့က သိပ်မဝေး ဘူးလေ'

'တင်ပါ့ဘုရား'

'ဆရာတော်က ဒီမကြီးမယေ တောင်မှာ စက်တည်းက တောရ ဆောက်တည်တာပါလား ဘုရား'

ဦးသိန်းမြင့်က လျှောက်လိုက်၏။

'ဟုတ်ပါတ်း ဒကာကြီး... ဘုန်းကြီးရွာမှာ ပဲ သုဿန္ဘောင်တက်ခဲ့တာပါ။ ဇယ်ပြူပါ ဒါပေမယ့် အသက်(၃၀)ကျော်မှ ရဟန်းဖြစ်ခဲ့ တယ်ဆိုပါတော့။

အင်း...မှန်တာပေါ့ခရင်တော့ ရဟန်းဘဝ ရောက်ခဲ့တာက သာသနာကို ကြည်ညိုလို့ ဟုတ်ပါ့ဘုး ဘယာဘေးတစ်ခုကြောင့် ရှိရှာက ဆွေမျိုးတစ်စုနဲ့ အဖေအမေတို့ရဲ့ ဘုန်းကြီးရဲ့ ဝေနာတစ်ခုကို ဘုရားရာ ကုဖေးရင်း ဒီဘဝရောက်ခဲ့ရတာပါ။

အစကတော့ ခဏလောက်ပဲ ရဟန်းထိုင် ရည်ရွယ်ခဲ့တာပါ။ ဒါပေမယ့် ဆရာကောင်း သမားကောင်းတွေနဲ့ သွားတွေ့လို့ ပတ္ထကိုဖြစ် ကုတော့ပဲ ဆိုရိုးထိ ရဟန်းဘရားကို အားထုတ် နေခဲ့တာ ဆိုပါတော့ ဒကာကြီးရာ'

ဆရာတော်က ထိုသို့ သမ္မဇဉ်စကား ကို မိန့်ကြားသဖြင့် ကျွန်တော်က စာ သမားပီပီ ဆရာတော်၏ စကားကို စိတ်ဝင်စားသွားသည်။ သို့ကြောင့် ဆရာတော်၏ ဘဝဖြစ်စဉ်ကို သိလို သောကြောင့်...

'စိတ်ဝင်စားစရာပါ ဘုရား... ဖြစ် နိုင်ရင်တော့ ဆရာတော်ရဟန်းဘဝ ရောက်ခဲ့ရတဲ့အကြောင်းလေး သိပါရ စေဘုရား'

ဟု လျှောက်ထားလိုက်၏။

ထိုအခါ ဆရာတော်က...

'အိမ်း...သိရပါတယ် ဒကာကြီး။ ဒကာကြီးတို့သိချင်ရင် ဘုန်းကြီး ရဟန်းဘဝ ရောက်ခဲ့ရတဲ့အကြောင်း ကို ပြောပြပါ့မယ်။

ဒကာကြီးတို့... ဘုန်းကြီးတို့ဟာ အသခ်တဓေတ် နိဗ္ဗာန်လျှောပြည်မြတ်ကို မျက်မှောက်မပြုနိုင်သေးသမျှ ကိလေ သဝင်္၊ ကမ္မဝင်္၊ ဝိပါကဝင်္ ဆိုတဲ့ ဝင်္ သုံးပါးမှာ ဖြစ်နေကြရမှာပါ။ ဝင်္သုံးပါး က မလွတ်ကင်းနိုင်ကြလို့ပဲ သံသရာမှာ လည်နေကြရတယ်လေ။

ဘာမှ မသိခဲ့လို့ အဝိဇ္ဇာပစ္စယသခါ ရာ ဆိုတဲ့ ဖြစ်ပျက် ပြုပြင်ပြောင်းလဲမှု တွေဖြစ်ခဲ့ရတာကလား အဲဒီဖြစ်ပျက် ပြုပြင်ပြောင်းလဲမှုကြောင့်ပဲ ဝိညာဉ်တွေ ဖြစ်၊ ဝိညာဉ်ကြောင့် နာမရူပ ဆိုတဲ့ နာမ်ရုပ်တွေပေါ် နာမ်ရုပ်ကြောင့် သဠာယတနဖြစ်၊ သဠာယတနကြောင့် ဖဿ၊ ဖဿပစ္စယာ ဝေဒနာကူး...

အဲဒီခံစားမှု ဝေဒနာကြောင့် တဏှာ ဖြစ်၊ တပ်မက်မှုတဏှာကြောင့် ဥပါဒါန် ပြောင်း၊ ဥပါဒါန်ကမှ ဘဝါဆိုတဲ့ ဘဝဖြစ်၊ အဲဒီ ဘဝါဆိုတဲ့ ဘဝ ကြောင့် ဇာတိတွေ၊ ဇာတိရတော့ ဇရာ၊ ဗျာဓိ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခဒေါမနဿဆိုတဲ့ ဥပါယာသ ဒီး တွေ တောက်လောင်ခံနေကြလေ အဲဒါ ဝင်္သုံးပါးရဲ့ သားကောင်တွေမို့ ပေါ့...

အထူးသဖြင့်တော့ ဝင်္သုံးပါး သား ကောင်တွေဟာ မရှိတာကိုရှာပြီး ရှိတာကို ခွာယယ်နေသူတွေပေါ့။ တကယ်က မရှိတာခွာယယ် ရှိတာ ရှာရမယ် မဟုတ်လား။ အဲဒီမရှိတာကို ရှာပြီး ရှိတာကို ခွာနေသူတွေထဲမှာ ဘုန်းကြီးလဲ ပါခဲ့တယ်။

ဒါကြောင့် သောကမီးတွေ တောက် ပြီး ပူလောင်ပြင်းပြတဲ့ ဝေနာတစ်ခုကို ခံစားခဲ့ရတယ်။ အဖြစ်ကတော့ ဒီလို

www.burmeseclassic.com

www.burmeseclassic.com

ဒကာကြီးရေ...'

ဟု အစချီကာ သူ ရဟန်းဘဝ ရောက်ခဲ့ရပုံကို မိန့်ကြားခဲ့ပါ၏။

* * *

[၀]

ရေစုန်မို့လားတော့ မပြောတတ် စက်ကို မောင်းလိုက်သည် ဆိုရုံမျှလောက်နှင့် စက်လှေက တဝေါဝေါနှင့် ရေပြင်လွှာကို ထိုးခွဲ၍ တရိပ်ရိပ် ပြေး လွှားခဲ့သည်။ ခဏနှင့်ပင် ရန်ကင်းရွာ ကန္တလီရွာ၊ ပေါက်ပင်ဆိပ်ရွာ၊ ဖောင်တင်ရွာတို့ကို ကျော်လွန်ပြီး ကံဇင်းကြီးနှင့် စမ်းအိုင်ရွာတို့ကိုပင် ရောက်ခဲ့ပြီဖြစ်၏။

ကုန်ပို့ပြီးအပြန်မို့ မောင်ကလည်း မောင်နေပြီဖြစ်သည့်အတွက် စက်လှေ မောင်းသမား စိန်ဌေးသည် မကြာမီပင် စက်လှေကို အရှိန်မြှင့်မောင်းလိုက်သည်။

စက်လှေပေါ်၌ စက်လှေပိုင်ရှင်ကလည်း မပါ၊ ဦးပိုင်မှ ထိုင်၍ လမ်းပြလိုက်လှေ့ရှိသော ကျော်မောင်ကလည်း မပါ။ မြို့တွင် အရေးပေါ်ကိစ္စတစ်ခုခုနှင့် ကျန်ခဲ့သည့်အတွက် သူနှင့် တစ်ဆယ့်ရှစ်နှစ်အရွယ်ခန့်ရှိ အမျိုးသမီးငယ်လေးတစ်ယောက်သာ ပါသည်။

လဆန်းရက်မို့ လက ပြည့်ပြည့်ဝဝနီး ဝန်း မဟုတ်သော်လည်း ကြင်စစလေးဖြင့် ရွှန်းရွှန်းမြမြသာလျက် ရှိသည်။ သို့ကြောင့် စိန်ဌေးသည် အင်ဟာတာနှင့် တွဲသုံးဇလှရှိသည့် ဘက်ထရီအိုးလေးကို မမှင့်တော့ဘဲ စက်လှေအမိုးကို ဖွင့်၍ လရောင်ဖြင့်ပင် မောင်းနှင်ခဲ့၏။

စိန်ဌေးသည် နောက်တစ်နေ့ နံနက် မြို့သို့ ပြန်တက်နိုင်ရေးအတွက် တွေးရင်း ရွာကို အမြန်ပြန်ရောက်လိုနေသည်။ ရွာကို ယခုည အချိန်မီရောက်မှ

နောက်တစ်နေ့၌ မြို့သို့ ပြန်တက်နိုင်မည်ဖြစ်သည်။ ဒါမှ စက်လှေခေါက်စားလိုက်နေရသော သူ့အတွက် တွက်ခြေကိုက်မည် ဖြစ်သည်။

တကယ်တော့ စိန်ဌေးက သားရှားသမီးရှားနှင့် စစ်စစ်ပေါက်ပေါက် ရေတွက်ပါမှ သူတစ်ဦးတည်းသာ၊ မွေးထားသည့် မိခင်အိုဖခင်အိုကြီးနှစ်ပါးကို လုပ်ကိုင်ကျွေးနေသူ လူပျိုကြီးဖြစ်သည်။

မိဘများတစ်သက် အိုးအိမ်ထောင်မပြုဘဲ လုပ်ကိုင်ကျွေးမွေးရန် သန္နိဋ္ဌာန်ချထားသူလည်း ဖြစ်ပေသည်။

သို့ကြောင့် မိန်းကလေး မိန်းမငယ်များနှင့် ပတ်သက်လာလျှင် ဝေးဝေးကရှောင်လေ့ရှိပြီး မဟတ်သက်ရအောင်လည်းနေသူဖြစ်၏။

သို့ကြောင့်ပင် စိန်ဌေးက ထိုအမျိုးသမီးငယ်ပါလာသည်ကို ဘဝင်မကျနိုင်ဘဲ ဖြစ်နေသည်။ သို့သော် မည်သည့်အချိန် စက်လှေပေါ် တက်လိုက်မှန်းမသိဘဲ စက်လှေထွက်မှ သိလိုက်ရသဖြင့်သာ မထူးတော့ဟူသော သဘောဖြင့် အောင့်အည်းနေလိုက်ရခြင်းဖြစ်သည်။

[၂]

ည(၁၁)နာရီလောက်ရောက် စက်လှေက မန်ကျည်းပင်နှင့် လယ်တီပေါက် ရောက်လာ၏။

လယ်တီပေါက်ဆိုသည်မှာ သမီးလှစိန်ကုန်းသွားလမ်းရှိ ဆင်အိပ်အင်းကြီးဆီဝင်သော အပေါက်တစ်ဆယ့်ငါးတောင်ခန့်မျှ ကျယ်ဝန်းသည့် ရိုးမြောင်းလေးဖြစ်၏။

ထိုမှထွက်လျှင် သုံး, လေးမိုင်လောက် မြစ်ပြင်ကြီးတစ်မျှ ကျယ်ဝန်းပြီး ရေများ ပြည့်လျှံနေသော ဆင်အိပ်အင်းကြီး ဖြစ်သည်။ ထိုနေရာရောက်တော့ ရေစီးအနည်းငယ် မြန်သဖြင့် လှေက လူးချင်သလိုဖြစ်သွား၏။

'အမေ့'

လှေတစ်ချက် အလူးလိုက်၌ အမျိုးသမီးက တစ်ဖက်ကို စောင်းသွားသဖြင့် လန့်အော်လိုက်သည်။ နောက် စိန်ဌေးကို လှမ်းကြည့်လိုက်၏။ စိန်ဌေးက စက်ကို အရှိန်သတ် ထိန်းလိုက်ရင်း...

'ဘာမှမဖြစ်ပါဘူး မကြောက်ပါနဲ့ ဒီလယ်တီပေါက်က နည်းနည်းကျဉ်းတော့ ရေစီးမြန်လို့ လှေလူးသွားတာပါ'

ဟု ပြောလိုက်သည်။

'ဟုတ်ကဲ့ရှင့်...မြန်စ်က အမှတ်တမဲ့ မိုးလန့်သွားလို့ပါ'

'မင်းနာမည်က မြန်စ်တဲ့လား'

'ဟုတ်ပါတယ်'၊

'သြော်...အင်း'

'ဘာဖြစ်လို့လဲ အစ်ကို'

'ဘာမှ မဖြစ်ပါဘူး၊ ဒီအချိန်ကြီး ကျမှ အဖော်မပါဘာမပါနဲ့ စက်လှေပေါ် တက်လိုက်လာရတယ်လို့၊ ဒါနဲ့ မင်းက ဘယ်ကလာတာလဲ၊ ဘယ်သွားမှာလဲ'

စိန်ဌေးက အလိုမကျသည့်အသံနှင့် ပြောရင်း အမျိုးသမီးငယ်ကို မေးလိုက်၏။

အမျိုးသမီးငယ်က စိန်ဌေး စကား အဆုံး လေသံလေး ခပ်တိုးတိုးနှင့်...

www.burmeseclassic.com

www.burmeseclassic.com

'ဒီလိုပါ အစ်ကို...အစ်ကိုယုံမှာလား တော့ မသိဘူး'

ဟု စကားပလွင့်ခံလိုက်သည်။

'ပြောမှာသာ ပြောပါ'

စိန်ဌေးက စိတ်မရှည်သလို ပြောလိုက်၏။ အမျိုးသမီးငယ်က မျက်နှာလေး မသိမသာ ငုံ့လိုက်သည်။ နောက် တဟင့်ဟင့် ရှိုက်လိုက်သည်။ ခဏကြာမှ...

'မြနှစ်က အေးမြရွှေပြည်မြို့သစ်မှာ နေပါတယ်။ စက်ချုပ်တယ် အစ်ကို၊ အဖေနဲ့အမေကို လုပ်ကိုင်ကျွေးနေသူပါ။ မြနှစ်တို့မှာ မိသားစုများများစားလဲ မရှိပါဘူး အစ်ကိုရယ်။ အဖေရယ်၊ အမေရယ်၊ အစ်မတစ်ယောက်ရယ်ပဲ ရှိပါတယ်။

အစ်မကလွန်ခဲ့တဲ့ သုံးနှစ်လောက်က သမီးလှစိန်ကုန်းကျေးရွာမှာ အိမ်ထောင်ကျသွားတော့ အိမ်မှာ မြနှစ်နဲ့ အဖေတို့အမေတို့ပဲ ကျန်ခဲ့တာပေါ့။ အဖေနဲ့အမေကလဲ အသက်တွေကြီးနေကြတော့ မြနှစ်ကပဲ စက်ချုပ်ကျွေးနေခဲ့ရပါတယ်။

မြနှစ်လေး အပျိုဘဝနဲ့ အဖေနဲ့အမေတို့ကို လုပ်ကိုင်ကျွေးနေရတာကို သဘောကျတယ်၊ ပျော်တယ်။ တစ်ညှက်လုံးလဲ အပျိုကြီးဘဝနဲ့ အမိုးထုတ်သွားမယ်လို့လဲ ဆုံးဖြတ်ထားတယ်။

ဒါပေမယ့် အမေရဲ့မောင်နဲ့ ညီမတွေက မြနှစ်ကို ဒီအတိုင်းနေထိုင်ဘယ်ဖြစ်မှာလဲ မိဘတွေကလဲ အသက်တွေကြီးကုန်ပြီ အားကိုးလေးတော့ ရှိရမယ်။ မိဘတွေ အသေဖြောင့်အောင် မြနှစ်ကို အိုးအိမ်ထောင်ချပေးမယ်ဆိုပြီး အတင်း မြနှစ်သဘောမတူဘဲ အိမ်ထောင်ချဖို့ လုပ်ကြတယ်။

မြနှစ် အိမ်ထောင်မပြုချင်တဲ့ အကြောင်း၊ အဖေနဲ့အမေအသက်ရှိထင်ရှားရှိနေသမျှ အိမ်ထောင်ရေးမစဉ်းစားတဲ့အကြောင်း ပြောပြီး ငြင်းပေမယ့် ဘယ်လိုမှ ငြင်းမရပါဘူး အစ်ကိုရယ်။ ဒါနဲ့ မြနှစ်လဲ ငြင်းမရတဲ့အဆုံး အိမ်က ထွက်ပြေးခဲ့တာပါ'

ဟု မျက်ရည် တစင်းစင်းလေးဖြင့် စိတ်မကောင်းစွာ ပြောပြလေ၏။

မြနှစ်စကားအဆုံး စိန်ဌေးက မြနှစ်ဆိုသော အမျိုးသမီးလေးကို ကြည့်ရင်း စိတ်မကောင်း ဖြစ်သွားသည်။ ထို့အတူ သူ့ဆန္ဒနှင့် ထပ်တူဖြစ်နေသော မိန်းကလေးကို အံ့သြလေးစား၍ လည်းသွား၏။

'ညော်... ဒါဆို မင်းက ခု...'

'မမမြသစ်နေတဲ့ သမီးလှစိန်ကုန်းကို သွားမှာပါ အစ်ကို'

'အင်း... မင်းလဲ ငါလိုပါပဲလား။ ငါလဲ အဖေအိုအမေအိုကြီးတွေကို လုပ်ကိုင်ကျွေးနေရတာ အဖေတို့အမေတို့တစ်သက် မိန်းမ မယူဘူးလို့ ဆုံးဖြတ်ထားတာ'

စိန်ဌေးက တိုက်ဆိုင်လွန်းသော သူတို့နှစ်ယောက်အတွက် အံ့သြစွာ ပြောလိုက်သည်။

ထို့နောက် နှစ်ယောက်သားမည်သည့်စကားမျှ မဆိုကြတော့ဘဲ အတွေးကိုယ်စီဖြင့် ခရီးကိုဆက်ခဲ့ကြသည်။ စက်လှေလေးသည် မန်ကျည်းပင် လယ်တီပေါက်ကိုထွက်၍ ဆင်အိပ်အင်းကြီးထဲရောက်လာသည် ဆင်အိပ်ကြီးလွန်းလျှင် သမီးလှစိန်ကုန်းသို့ ရောက်တော့မည်ဖြစ်၏။

[၉]

သမီးလှနှင့် စိန်ကုန်းက တစ်နာမည်တည်း ပေါင်းခေါ်ထားသော်လည်း တကယ်တော့ သမီးလှက တစ်ရွာ၊ စိန်ကုန်းက တစ်ရွာဖြစ်သည်။ တစ်ရွာနှင့် တစ်ရွာကြားကို အတောင်နှစ်ဆယ် ခန့်လောက် ကျယ်ဝန်းသည့် ချောင်းကခြားထားသည်။

'အင်း... မကြာခင် သမီးလှစိန်ကုန်းကို ရောက်တော့မယ်။ ဒီအင်းကြီးထွက်တာနဲ့ ရွာပဲ။ ဘာတွေပါသေးလဲ၊ အဆင်သင့်လုပ်ထား နောက်ပြီး ဘယ်မှာဆင်းမယ်ဆိုတာလဲ ဆင်းမယ့်နေရာကြိုပြောထားဦး'

စိန်ဌေးက အင်းကြီးမှ ထွက်ခါနီး သဖြင့် မြနှစ်ကို ပြောလိုက်သည် ရွာကြီးကိုလည်း ညိုညိုမှိုင်းမှိုင်းကြီး လှမ်း၍ မြင်နေရပေပြီ...

'ဘာမှမပါဘူး အစ်ကို၊ မြနှစ် အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ ပြေးလာခဲ့တာပါ။ ဆင်းမယ့်နေရာတော့ ရောက်ခါနီးရင် မြနှစ် ပြောပါ့မယ်'

သမီးလှရွာနှင့် စိန်ကုန်းရွာနှစ်ရွာကြားရောက်တော့ သန်းခေါင်ကျော်လောက်ရှိပြီမို့ မပြည့်တပြည့် ဆန်းရက်လက အနောက်ဘက်သို့ အတော်စောင်းစပြုချေပြီ။

စက်လှေလေးသည် လရောင်

www.burmeseclassic.com

www.burmeseclassic.com

မိုင်းမိုင်းအောက်တွင် မှန်မှန်လေး ပြေးနေရာမှ ရွာနှစ်ရွာကြားအရောက် စက်ရှိန်လျော့လိုက်သဖြင့် ရေစီး၌ မျောရုံသာသာ သွားနေ၏။

ရွာနှစ်ရွာအကူး ရွာထိပ်တည့်တည့် အရောက်၌ တံတားလေးရှိသည်။ တံတားက သစ်သားတံတားဖြစ်ပြီး ရွာကူးလမ်းတည့်တည့်တွင် ဖြစ်သည်။ စိန်ဌေးက ထိုတံတားလေးအရောက် စက်လှေက စက်သတ်လိုက်သည်။ ထို ရွာနှစ်ရွာမှ လူစီးတိုင်း။ ကုန်တင်ကုန်ချ တိုင်း သည်တံတားတွင်ပင် ပြုလုပ်နေကြ ဖြစ်၏။

'ဒီနေရာမဟုတ်ဘူး အစ်ကို၊ တံတားအောက်ဘက်က မအူပင်ကြီး နားကျမှ ဆင်းမှာပါ'

မြနှစ်က စိန်ဌေးကို လှမ်းပြောလိုက်သည်။ စိန်ဌေးက လှေကို အောက်ဘက်သို့ အသာဆက်မျောခဲ့၏။ တံတားနှင့်ကိုက် (၁၅၀)လောက်၌ မြနှစ်ပြောသည့် မအူပင်ကြီးက စိန်ကုန်းရွာဘက်ကမ်းတွင် ရှိသည်။

လူနှစ်ပိုက်ခန့်လောက်ရှိပြီး အတော် အစိတ်နှစ်ဆယ်လောက် မြင့်၍ အုပ် အုပ်ဆိုင်းဆိုင်းနှင့် အကိုင်းအလဲက် အရွက်တို့ ဝေဆာသော အပင်ကြီးဖြစ် သည်။ သို့သော် သည်နေရာက ရွာ၏ နောက်ကြောဘက်တွင် ရှိ၍ စိန်ဌေး အတွေ့အကြုံအရ လူဆင်းလေ့တက် လေ့ မရှိသောနေရာ...

မအူပင်ကြီး အောက်တည့်တည့် တွင် စက်လှေကို ရပ်လိုက်သည်။ မအူပင်ဘေးမှ လူသွားလမ်းလေးက သစ်ရိပ် အပြောက်အကြားအောက်၌ ခပ်ရေးရေးပေါ်နေသည်။ သည်နေရာ၌ မြနှစ်က စက်လှေပေါ်မှ ဆင်းလိုက်သည်။

'သွားမယ်နော် အစ်ကို၊ ကံမကုန်ရင်တော့ ပြန်ဆုံကြရဦးမှာပေါ့'

မြနှစ်က နှုတ်ဆက်သလိုလိုနှင့် မသိမသာ ဝမ်းနည်းလိုက်မောသံလေးနှင့် ပြောလိုက်သည်။ စိန်ဌေးကလည်း ဘဝတူဆန္ဒတူ တူနိုင်လွန်းသည့် မြနှစ်ဆိုသော စက်လှေပေါ်၌ တစ်ခဏတာတွေ့ရသည်။ မိန်းကလေးကို ဘာရယ်ကြောင့်မသိ စွဲလမ်းသလိုလို ဖြစ်နေမိသည်။

မိန်းကလေး စက်လှေပေါ်က ဆင်းတော့ ဝမ်းနည်းသလိုလည်း ခံစားလိုက်ရ၏။ ရင်ထဲ ဟာလာဟင်းလင်းကြီး လိုလည်း ဖြစ်သွားသည်။

'အေး...အေး'

စိန်ဌေး စက်လှေကို စက်နှိုးရန် လုပ်လိုက်သည်။ သို့သော် မြနှစ်က မသွားသေးဘဲ မအူပင်ကြီးအောက် ရပ်ရင်း သူ့ကို ကြည့်နေသဖြင့်...

'သွားတော့လေ... ဘာလဲ မင်း မသွားရဲလို့လား။ အေးလေ မထူးပါဘူး ငါပဲ အိမ်အရောက် လိုက်ပို့တာကောင်းပါတယ်'

ဟု ဆိုကာ ဓာတ်ခဲသုံးတောင့်ထိုး ဓာတ်မီးကို ဆွဲကာ စက်လှေကို စက်မနှိုးတော့ဘဲ ကမ်းပေါ်သို့ တက်လိုက်သည်။

သို့သော် အရေးထဲ ဓာတ်မီးက ထိုးမရ မီးမပွင့်သဖြင့် ဝင်လုလု လရောင် မှုန်ပြပြအောက်တွင်ပင် မြနှစ်ကို လိုက်ပို့ရန် လုပ်လိုက်၏။

မြနှစ်၏အစ်မ မြသစ်၏အိမ်က ရွာထဲတွင် မဟုတ်ဘဲ ရွာ၏ နောက်ဘက် သရက်ဥယျာဉ်ကြီးအလယ်တွင် တစ်အိမ်တည်း ထီးထီးကြီးဆောက်ထားသော ပျဉ်ထောင်သွပ်မိုး ဆင်ဝင်နှစ်ထပ်ထိုးအိမ်ကြီးဖြစ်သည်။

လေ့ဆိပ်မှနေ၍ ရွာနောက်ဘက် လမ်းလေးအတိုင်း တောအုပ်လေးကို ဖြတ်ကာ ငါးမိနစ်ခန့် လျှောက်ရသည်။ အိမ်ကြီး၏ ရှေ့အဝင်လမ်းတွင် ထန်းပင်ကြီးနှစ်ပင်ကလည်း လမ်းတစ်ဖက် တစ်ချက် ပေါက်လျက်ရှိသည်။

အိမ်ကြီးရှေ့ရောက်တော့ မြနှစ်က ''မမရေ... မမ'' ဟု လှမ်းခေါ်လိုက်သည်။ အထဲမှ ထူးသံတစ်ချက် ထွက်လာပြီး မြနှစ်နှင့် မတိမ်းမယိမ်း ရုပ်ချင်းခပ်ဆင်ဆင် အမျိုးသမီးတစ်ဦး ထွက်လာသည်။

ထိုအမျိုးသမီး ထွက်လာသည့် အချိန်တွင်ပင် စိန်ဌေးနှာခေါင်းထဲသို့ အက်တက်တက် အပုပ်နံ့တစ်ခုက ထိုးဝင်လာ၏။ သို့သော် ခဏအတွင်း မှာပင် ထိုအပုပ်နံ့ပျောက်ပြီး မည်သည့် အနံ့ဟူ၍ အမျိုးအမည်ခွဲမရသော ရနံ့တစ်ခုက ဝင်လာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

ပွဲတိုက်အကောက်

ဒီလောကကြီး

ကြာတော့ ကြာခဲ့ပါပြီ။ နှစ်တွေ အလီလီပြောင်းပေပါပြီ။ မိတ္တီလာမြို့နဲ့ မနီးမဝေး ရွာလေးတစ်ရွာမှာပေါ့။

ကြက်တိုက် ဝါသနာကြီးလှသူ ကိုသိန်းအောင်ဆိုသူတစ်ယောက် ရှိခဲ့တယ်။ **ယခုတော့ အသက်(၈၀) ကျော်အဘိုးမို့** တစ်ရွာလုံးက အဘိုးသိန်းဟု ခေါ်နေကြပါပြီ။

ကိုသိန်းအောင်၏ ကြက်ဖလေး တစ်ကောင်ဟာ ပွဲပေါင်းများစွာ နိုင်ခဲ့ပါသည်။ ရှုံးပွဲ လုံးဝမရှိခဲ့။

ထိုကြက်ဖလေး ပွဲတိုင်းနိုင်အောင် ဖြစ်လာသည့် အဖြစ်အပျက်လေးကိုတော့ သိသူ နည်းပါးလှသည်။ အဖြစ်အပျက် ဆန်းပြားပုံကား ဤသို့ပါတည်း။

ကိုသိန်းအောင်ဟာ လူငယ်ဘဝကတည်းက ကြက်တိုက်ဝါသနာ ပါခဲ့ပါသည်။ လူငယ်ဘဝကတော့ အမိအဖတို့၏ အုပ်ထိန်းမှုအောက်မှာမို့ ပေါ်ပေါ်တင်တင် ကြက်မတိုက်ရဲ။ ကျိတ်ပိုင်းသာ လုပ်ရသည်။

မိခင်ဖခင်တို့ သိသွားသည့်အခါ နားပူရသည်။ ကျောပူခြင်းတော့ မရှိခဲ့။ အိမ်ထောင်ကျပြီး နောက်ပိုင်းမှာတော့ ထင်ထင်ရှားရှား တိုက်လာသည်။

လောင်းကစားတို့ ထုံးစံအတိုင်း ဝိန်လိုက်ဖောင်းလိုက်ပေါ့။ နိုင်သည့်ပွဲ ရှိသလို ရှုံးသည့်ပွဲကလည်း မရေတွက်နိုင်။ ရှုံးတာနိုင်တာထက် လုပ်ငန်းထိခိုက်၍ ဇနီးသည်နှင့် ရန်ဖြစ်ရသည်ကာ ခဏခဏပင်။

လယ်ယာလုပ်ငန်းတွေ များစွာ လစ်ဟာလာသည်။ ဘာတွေကြွေကြွေ။ ဘာတွေဖြစ်ဖြစ် သိန်းအောင်ကတော့ သူ့ဝါသနာကို တစ်ပြားသားမှ အလျော့မခံ။

တစ်နေ့မှာတော့ ကိုသိန်းအောင် တစ်ယောက် ကြက်ဖက်ကို ပိုက်ကာ ဒေါသတကြီး အိမ်ပြန်ရောက်လာသည်။ ဒေါသကြီးရောပေါ့... ရှုံးလာသည်ကိုး။ အိမ်ရောက်တော့ ကြက်ဖကို ရိုက်သတ်လိုက်သည်။ ကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com

ချက်ကာ အားရပါးရ စားလိုက်သေးသည်။ နိုင်တုန်းကတော့ တပြုံးပြုံးရှိပြီး ရှုံးတော့ ရိုက်သတ် ချက်စားခံရသည့် အဖြစ်လေးက သံဝေဂရစရာလေးပါ။ အဲဒီနောက်ပိုင်း တော်တော်ကြာသည် အထိ ကြက်ဝိုင်းမသွား၍ ဇနီးဖြစ်သူက ကျိတ်ပြီး ကျေးဇူးတင်နေသေးသည်။

ကြက်မတိုက်တော့ဆို အိမ်မှာ အရွယ်ရောက်သည့် ကြက်ဖမှ မရှိတော့တဲ့ကိုး။ ကြက်မတစ်ကောင် ကျန်သေး၍ မျိုးပွားနိုင်သေးသည်မို့ သူ့အတွက် စိတ်ဖြေရသေးသည်။

ကျန်နေသည့် ကြက်မ စ,ဥသည့် ရက်မှာတော့ ကိုသိန်းအောင် တစ်ယောက် အပျော်ကြီး ပျော်နေသည်။ အပျော်ဆုံးနေ့စာရင်းပင် ဝင်နိုင်သည်။ ကိုးလုံးဥပြီးတော့ ကြက်မ ဝပ်သွားသည်။

အချိန်တန်တော့ အကောင်ပေါက်လာတော့ တင်းကျန်(အဆန်ချောင်) မရှိ။ ကိုးကောင်ပေါက်သည်။ ကြက်ကလေးတွေ အထီးအမကွဲချိန်မှာတော့ အဖက တစ်ကောင်သာပါသည်။ ကျန်ရှစ်ကောင်က အမတွေလေ။

အဲဒီကြက်ဖလေးဟာ သူ့ရဲ့ ရှိရင်းစွဲ စိတ်ကို နှိုးဆွလာပြန်သည်။ ကြက်ဖလေးကို အိမ်လည်သွားလည်း ခေါ်သွားသည်။ ယာထွန်သွားလည်း ပါမြဲပင်၊ အိပ်ရာထဲ မသိပ်ရုံခဲကျန်တော့သည်။

အားမနာတမ်း ပြောရရင်တော့ ချစ်လှပါသည်ဆိုသည့် ဇနီးတောင် ကြက်ဖလေးလောက် ဂရုစိုက်မခံရ။

ကိုသိန်းအောင်သည် နေ့ခင်းဘက် ပျိုးနုတ်၊ လယ်ထွန်လုပ်ရသဖြင့် ပင်ပန်းပြီးနှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်။

ညအိပ်စဉ်က (၉)နာရီပင်မထိုးသေး။ နံနက်လေးနာရီ မထိုးတထိုး [နာရီအတိအကျ မသိတာက ကြည့်စရာ နာရီမရှိလို့ပါ။ သူနိုးပြီး ခဏနေမှ ဘုန်းကြီးကျောင်းမှ (၄)နာရီ အုန်းမောင်းခေါက်သည်ကြား၍နိုးသေးသည်။

နွားများကို အစာထကျွေးပြီး ခေတ္တမျှ ပြန်အိပ်နေသေးသည်။ ခါတိုင်း ဤအချိန်ဆို ပြန်အိပ်မရ။ ဒီနေ့မှ မည်သို့ဖြစ်သည်မသိ မှေးခနဲ ပြန်ပျော်သွားသည်။

ထိုစဉ် အသားခပ်မည်းမည်း၊ အရပ်ရှည်ရှည် [ခန့်မှန်းခြေ(၇)ပေခန့်] လူတစ်ယောက် ရောက်လာပြီး သူ့ကို လှုပ်နှိုးသည်။ အိပ်ချင်မူးတူးနှင့် ထလိုက်သည်။

ထသည်ဟု ဆိုသော်ငြားလည်း ငုတ်တုတ်ထိုင်ခြင်းမျှသာ။ ထိုင်သော်လည်း မျက်စိက ဖွင့်မရ၊ မိတ်လျက်သာ ဖြစ်သည်။ လူမည်းကြီးက ပြောသည်။

'ဟေ့ကောင် သိန်းအောင်... မင်း ကြက်တိုက်ဝါသနာပါတယ် မဟုတ်လား'

'ဟုတ်ကဲ့ ဝါသနာပါရုံ ဘယ်ကမလဲ ဝါသနာကြီးတာ'

'မင်းမှာ အခု ကြက်ဖလေးတစ်ကောင်ရှိတယ်နော်'

'ဟုတ်ကဲ့'

'မင်း မနက်လင်းရင် ယာကြီးတောကိုလာမှာ ငါသိနေတယ်။ အဲဒီအခါကျရင် မင်းကြက်ဖလေးကို ယူလာခဲ့'

'ဘာလုပ်ဖို့လဲ'

'ငါ မှော်သွင်းပေးမယ်'

'ဘာဖြစ်လာမှာလဲ'

'တိုက်တဲ့အခါတိုင်း နိုင်စေရမယ်၊ နိုင်ပြီး တိုင်း ကြက်ဖလေးခေါင်းကို ကပ်ပွန်းရည်နဲ့ ဆေးပေးရမယ်'

'ဟာ သိပ်ပျော်တာပဲ'

'မင်း ပျော်တာတော့ ပျော်ပါ။ ဒါပေမယ့် ငါ့ကို ကတိတစ်ခုပေးရမယ်'

'ဘာကတိလဲ'

'အဲဒီကြက်ဖသေပြီး နောက်ပိုင်း လုံးဆကြက်မတိုက်တော့ပါဘူးဆိုတဲ့ ကတိ'

'ပေးပါတယ် ပေးပါတယ်'

'ကဲ...ဒါဆို ငါသွားပြီ'

ဟု ဆိုကာ ပျောက်သွားတော့သည်။

မနက်လင်းတော့ ကိုသိန်းအောင် ယာကြီးတော ယာထွန်သွားသည်။ တစ်နေကုန် နေမည်ဖြစ်၍ ထမင်းထုပ်ထည့်လာခဲ့သည်။ ခါတိုင်းဆို ဇနီးသည်က လိုက်ပို့နေကျဖြစ်သော်လည်း ဒီနေ့တောင်ဘက်ရွာ အလှူသွားမည်မို့ မပို့နိုင်ခြင်းဖြစ်သည်။

နေမွန်းတည့်တော့ ပါလာသည့် ထမင်းထုပ်ကို ဖြေစားလိုက်သည်။ ကိုသိန်းအောင်သည် သူ့အကျင့် အတိုင်း စားဦးစားဖျားကို ကျောက်ပြားပေါ်(သို့မဟုတ်)သန့်ရှင်းသော သစ်ရွက်၊ တစ်ရွက်ပေါ်တင်ကာ ထားလိုက်သည်။

သဘောကတော့ မမြင်အပ်သော ပုဂ္ဂိုလ်များ၊ တိရစ္ဆာန်ငယ်လေးများ စားနိုင်ရန်ဖြစ်သည်။ ယခုလည်း သပ္ပတ်ရွက်ပေါ် တင်ထားလိုက်သည်။ သူလည်း ထမင်းစားပြီးသွားပြီ။ ထမင်းလုံးစီဦးမည်ဟု တွေးကာ တမာပင်အောက်ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

ပွေးအကြောက်

စိတ်ညစ်နေကြသလား

ပွေး။ ညှင်း၊ တင်းတိပ်ဆိုတာ အနှစ် (၁၀)ပါးမှာ တစ်ပါး ပါဝင်တယ်ရယ်လို့ စာရေးသူ ကြားဖူးပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ပွေးအတွက်နဲ့ ကတော့ စိတ်ညစ်ကြဖို့ မလိုတော့ပါ။ စာရေးသူ အိပ်မက်အရ သိရှိထားတဲ့ ဆေးနည်းကောင်းတစ်လက် ရှိပါတယ်။

သောက်ဆေးလဲမဟုတ်၊ လိမ်းဆေးလဲ မဟုတ်ပါ။ ဆေးနည်းကတော့ မခက်ပါဘူး။

၁။ ရရာ **မြေအိုးခြမ်းပဲ့တစ်ခု**ရှာပါ။

၂။ သန့်စင်အောင် ရေဖြင့် ဆေးကြော ပါ။

၃။ ပွေးရဲ့ အရွယ်အစားအကြီး/အငယ် အလိုက် အိုးခြမ်းပဲ့အား (၀)အဝိုင်း ပုံဖဲ့ပါ။

၄။ ယင်းအဝိုင်းတွင် မီးသွေးခဲဖြင့်...

'ဥ် ဗုဒ္ဓဂုဏ်၊ ဓမ္မဂုဏ်၊ သံဃဂုဏ်'

ဟု ရွတ်ဆိုပြီး အထက်မှ အောက်သို့ ထင်အောင် ရေးဆွဲပါ။

* * *



၅။ အထက်ပါအတိုင်း ဒုတိယအကြိမ် ဝဲဘက်မှ ယာဘက်သို့ ဂါထာရွတ်ဆိုပြီး ထင်အောင် ရေးဆွဲပါ။

၆။ ယင်းရေးဆွဲထားသော အဝိုင်းအား လက်ဝါးအတွင်း ထည့်၍...

'ဥ် အရျေားရာဂါ၊ ပွေးအနာ ကွာဆရာ ကွာ ပျောက်ဆရာပျောက်'

ဟု (၇)အုပ်မန်းပြီး ပေါက်နေသော ပွေးပေါ်တွင် မီးသွေးရေးထားသော ဘက်ဖြင့် ဖိကပ်ပါ။

၇။ ပြီးလျှင် ယင်းအိုးခြမ်းပဲ့အဝိုင်းအား လူအသွားအလာများသော လမ်းပေါ်တွင် ပွေးပေါက်နေသူမှ နောက်ပြန် ခေါင်းပေါ်မှ ကျော်၍ပစ်ပါ။

ထိုအိုးခြမ်းပဲ့အဝိုင်းအား ကျော်ဖြတ်သွားသူ၊ တက်နင်းသွားသူများရှိပါက ပေါက်နေသော ပွေးမှာ လုံးဝပျောက်ကင်းသွားပါသည်။

ယင်းနည်းဖြင့် ပွေးပေါက်နေသော အမျိုးသမီး(၃)ဦး၊ အမျိုးသား(၅)ဦး စုစုပေါင်း(၈)ဦးအား စာရေးသူ လက်တွေ့ပြုလုပ် ပျောက်ကင်းခဲ့ပါသည်။

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို ဖတ်ရှုကြသူများ သိရှိနိုင်ကြစေလိုသော ဆန္ဒဖြင့် လက်တွေ့ အသုံးပြုကြည့်နိုင်ကြစေရန် စေတနာအမှန်ဖြင့် ရေးသား လိုက်ရခြင်း ဖြစ်ပါသည်။

စာရှုကြသူများမှ ဝေနေယျ အပေါင်းအား ဤနည်းဖြင့် လက်တွေ့ကုသပေးနိုင်ကြပါစေ။

ကျော်ထင်ရာဇာ(အင်းရွာ)

အဝိုပါဒါသည့် ပုဆိုးစုတ်လေးကိုခင်းလိုက်သည်။ အိပ်ဖို့ဟန်ပြင်ရုံရှိသေး တမာပင်ပေါ်က လူမည်းရှည်ကြီး (နံနက်ပိုင်းက အိမ်လာပြောသွားသော)ဆင်းလာသည်။

လက်ထဲမှာလည်း ကြက်ဖလေးတစ်ကောင်ပါလာသေးသည်။ကိုသိန်းအောင် ကြောက်ရမည့်အစား အံ့သြသွားသည်။

မအံ့သြဘဲ မနေနိုင်တော့ပါ။ လူမည်းရှည်၏လက်ထဲက ကြက်ဖလေးဟာ သူ့ကြက်ဖနှင့် တစ်ရောင်တည်။ တစ်ရွယ်တည်းပါပဲ။သူ့ကြက်ဖသာသူ့နားမှာမရှိလို့ ကတော့သူကြက်ဖလိုပြောမှာအသေအချာပဲ။

လူမည်းရှည်ကြီးက ပြောလာသည်။ ''မင်းကြက်ဖနဲ့ ငါ့ကြက်ဖ စတိုက်ပြီ မင်းသေချာကြည့်ထား'' ဟုဆိုသည်။ ကိုသိန်းအောင် ကြည့်နေရုံကလွဲပြီး ဘာလုပ်ရတော့မှာလဲ။

ကြက်နှစ်ကောင်ဟာ ဘတစ်ပြန် ကျားတစ်ပြန် မမောမပန်း ခွပ်နေကြသည်။ လိုက်ကြည့်နေရင်းကပင် ဘယ်ကြက်ဟာ သူ့ကြက်လည်း မသိတော့ပေ။ အချိန်သိပ်မကြာလိုက် တစ်ကောင် ထွက်ပြေးသွားသည်။ ဘယ်ရောက်သွားမှန်းပင် မသိတော့။ တစ်ကောင်သာ မောဟိုက်ပြီး ကျန်ခဲ့သည်။

ထွက်ပြေးသွားသည့် ကြက်ကို လိုက်ကြည့်စဉ်မှာပင် လူမည်းကြီးလည်း မရှိတော့။ ဘာမှမပြောဘဲ ပျောက်သွားသည်။

ကိုသိန်းအောင်လက်ဝယ် တစ်ကောင်သာ ကျန်တော့သည်။ ထိုကြက်သည် မူရင်းကြက်လား။ လူမည်းရှည်ကြီး ယူလာသည့်ကြက်လားဆိုတာ ကိုသိန်းအောင် မခွဲခြားတဲ့တဲ့။ ဘာပဲဖြစ်ဖြစ် တစ်ကောင် ကျန်သေးရ၍ ဝမ်းသာနေသည်။

ထိုကြက်ဖလေးသည် တိုက်တိုင်း နိုင်သည်။ ပွဲပေါင်းများစွာတိုင်ခဲ့သည်။ အဲဒီကြက်ဖ အသက်ကြီးရင့်ပြီး သေဆုံးသွားသည့်နောက်ပိုင်း သူလည်း ကြက်တိုက်သည့်အလုပ်ကို အပြီးအပိုင် စွန့်လွှတ်ခဲ့ပါသည်။ သူ ကြက်မတိုက်တော့သည်မှာ ဆယ်စုနှစ် (၄)ခုကျော်ကျော်ရှိနေပါပြီ။

(ဤအမည် ချန်လှပ်၍ ကာယကံရှင် အမည်ပြောင်းလွဲဖေးသားထားပါသည်။)

ထီလာကျော်

www.burmeseclassic.com

www.burmeseclassic.com

ကျောက်ဘီလူးအောင်သော

ဘုရားကုန်းသိုက်

မောင်ကံကြွန်း
(ပုသိမ်)

ကျွန်ုပ်တို့ မြန်မာနိုင်ငံမှာ ဗုဒ္ဓဘာသာ ဝင်နိုင်ငံတစ်ခု ဖြစ်ပါသည်။ သို့ဖြစ်သည့် အားလျော်စွာ မြန်မာလူမျိုးများမှာ ရှေးနှစ်ပေါင်းများစွာမှ စ၍ စေတီဘုရားများကို တစ်နိုင်ငံလုံးရှိ နေရာဒေသအသီးသီးတွင် တည်ထားကိုးကွယ်ခဲ့ကြပါသည်။ ထိုအထဲတွင် ပုဂံဒေသမှာ စေတီဘုရား ပေါများသော ဒေသအဖြစ် သိုင်းတွင် ထင်ရှားခဲ့ပါသည်။

ဤသို့ ဒေသအသီးသီးတွင် တည်ထားကိုးကွယ်ခဲ့ကြသော စေတီဘုရားများအနက် အချို့တို့မှာ ကာလကြာမြင့်သောအခါ အိုမင်းဟောင်းနွမ်းရှိပြိုပျက်ကုန်ကြပါသည်။

အချို့မှာ ပြန်လည် မွမ်းမံပြင်ဆင်မှု မရှိသဖြင့် စေတီအုတ်သားများ ကွယ်

www.burmeseclassic.com

www.burmeseclassic.com

ပျောက်၍ ဘုရားကုန်းအရောလေးများ မျှသာ မထင်မရှား ကျန်ရစ်သော နေရာပေါင်းများစွာ ရှိပါသည်။

စေတီဘုရားများ ပြုပျက်ကုန်သော်လည်း ယင်းစေတီဘုရားများ တည်ထားကိုးကွယ်မှုနှင့် အကျိုးအကြောင်း သက်ဆိုင်သည့် မမြင်အပ်သော အစောင့်အရှောက် ပုဂ္ဂိုလ်များမှာမူ ဘုရားကုန်းအတော်များများတွင် ရှိနေတတ်ပါသည်။

ထိုသို့ ဘုရားကုန်းမြေများ အစောင့်အရှောက် ရှိနေခြင်းနှင့် ပတ်သက်၍ ကြုံတွေ့သိရှိဖူးသော ပုဂ္ဂိုလ်များလည်း ကျွန်ုပ်တို့မိုင်ငံ၏ နေရာဒေသအသီးသီးတွင် ရှိနေကြပါလိမ့်မည်။

ကျွန်ုပ်မှာလည်း ထူးဆန်းသော ဘုရားကုန်းပျက်ရာတစ်ခုအကြောင်းကို ကိုယ်တိုင်ကြုံတွေ့ သိရှိခဲ့ရဖူးပါသည်။ ကျွန်ုပ်တို့မိသားစု၏ ဘဝတစ်သက်တာအတွက် အလွန်တရာမှ ထူးခြားဆန်းကြယ်သော အတွေ့အကြုံဖြစ်ရပ်တစ်ခုပင် ဖြစ်ပါသည်။

စာဖတ်သူ ပရိသတ်များလည်း ကျွန်ုပ်တို့မိသားစုနည်းတူ ဗဟုသုတအဖြစ် သိရှိခံစားမှတ်သားနိုင်ကြစေရန် ထူးဆန်းသည့် ကျောက်ဘီလူးစောင့်သော ဘုရားကုန်းသို့က်အကြောင်းကို ရေးသားဖော်ပြလိုက်ရပါသည်။

ကျွန်ုပ်ငယ်စဉ် ခုနစ်သားအရွယ် **၁၃၄၈ ခုနှစ်လောက်က** ကျွန်ုပ်တို့မိသားစုကိုယ်တိုင် ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်တစ်ခု ဖြစ်ပါသည်။

ကျွန်ုပ်တို့မိသားစုမှာ ကျွန်ုပ်၏ ဖခင်ဖြစ်သူ ဦးသန်းဝင်း၊ မိခင်ဖြစ်သူ ဒေါ်အောင်ကြည်ခင်၊ ကျွန်ုပ်၏အစ်မကြီးဖြစ်သူနှင့် ကျွန်ုပ် အပါအဝင် မိသားစုဝင် (၄)ဦး ရှိပါသည်။

ကျွန်ုပ်တို့မိသားစုမှာ ပထမတွင်

ရောဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်ရှိ ''ထိန်တစ်ပင်'' ကျေးရွာတွင် နေထိုင်ခဲ့ပါသည်။ ဤသို့နေထိုင်လာရင်း ၁၃၄၈ ခုနှစ်လောက်တွင် အကြောင်းအမျိုးမျိုးကြောင့် ကျေးရွာ ရှေ့ပြောင်းနေထိုင်ခဲ့ပါသည်။

ကျွန်ုပ်၏ဖခင်မှာ ရောဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်ရှိ ''လျော်ကုန်း'' ကျေးရွာနှင့် ''သပြေကွင်း'' ကျေးရွာတို့ အကြားရှိ ဇကာပေါင်းများစွာ ကျယ်ပြန့်သော လယ်မြေများထဲမှ လယ်မြေကနှစ်ဆယ်ကို လယ်သမားကြီးတစ်ဦးထံမှ ဝယ်ယူပြီး ပြောင်းရွှေ့နေထိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်ုပ်တို့ ဝယ်ထားသော လယ်ခွင်၏ အရှေ့မြောက်ဘက်အရပ်တွင် ဝါးခြံကြီးတစ်ခြံ ရှိပါသည်။ တောင်ဘက်အရပ်တွင် ချောင်းသေးသေး လေးတစ်ချောင်း ရှိပါသည်။

ချောင်းပေါက်၍ ထွက်လာသော မြေများကို ဖို့ထားသော ချောင်းကမ်းနားပေါင်ပေါ်တွင် စိမ်းစိုရွှည်လျားသော ငှက်ပျောတောကြီး တစ်တောလည်း ရှိပါသည်။

လယ်ခွင်၏ အရှေ့ဘက်တည့်တည့်တွင် **''လျော်ကုန်း'' ကျေးရွာ** ဖြစ်၍ အနောက်အရပ် တည့်တည့်တွင် **''သပြေကွင်း'' ကျေးရွာ** ဖြစ်ပါသည်။

ကျွန်ုပ်တို့ ဝယ်ယူထားသော ဇကာ နှစ်ဆယ် လယ်ခွင်၏ အလယ်တည့်တည့်

ဒီပါးလောက်တွင် ပတ်လည် ဆ(၃၀) လောက်ကျယ်သော လယ်မြေဟုတ် သည့် ကုန်းမြေတစ်ခု ရှိပါသည်။ ယင်း ကုန်းမြေမှာ ကျန်သော လယ်မြေသား များထက် ပိုမြင့်သော ပုံသဏ္ဌာန် ရှိပါ သည်။

ထိုသို့ ပတ်လည် ပေ(၃၀)လောက် ကျယ်သော ကုန်းမြေ၏ အနောက်ဘက်ခြမ်းတစ်ဝက်မှာ ညီညာပြန့်ပြူး၍ သစ်ပင်၊ ဝါးပင်များ မရှိသဖြင့် အိမ်ဆောက်၍ ရနိုင်သော အနေအထား ရှိပါသည်။

ထိုကုန်းမြေ၏ အရှေ့ဘက်ခြမ်းတစ်ဝက်မှာမူ ကျန်နေရာများထက် အမြင့်ဆုံးဖြစ်၍ ကုန်းကမူပေါ်တွင် ကုက္ကိုပင်ကြီးတစ်ပင်၊ မဏိဩဇဟပင်ကြီးတစ်ပင်၊ ဆေးရိုးပင်အိုကြီးက တစ်ပင်နှင့် ဝါးပင်၊ ပိန်းပင်၊ နွယ်ပင်များ ပေါက်ရောက်နေသဖြင့် ထိုကုန်းမြေနေရာမှာ ချုံနွယ်များဖြင့် ရွှမ်းထွေးနေပါသည်။

ကုန်းကမူ ထိပ်ပေါ်တည့်တည့်တွင်မူ အုတ်နီခဲဟောင်း အဝိုင်းအစများကို တွေ့ရပါသည်။

ထို ပေပတ်လည်(၃၀)ခန့်ရှိသော ကုန်းမြေ၏ ပြန့်ပြူးညီညာသော အဝိုင်းတွင် ကျွန်ုပ်တို့မိသားစု အိမ်ဆောက်၍ နေထိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုသို့ နေထိုင်လာရာ (၃)လခန့်အကြာတွင် ညတွဲ့ည၏ တစ်နာရီ အချိန်လောက်တွင် ဖြစ်ပါသည်။

ကျွန်ုပ်၏ဖခင်မှာ အိမ်အပြင်ဘက်တွင် ရေနံဆီမီးခွက်ထွန်းညှိ၍ ပန်းကန်စင်တစ်ခု ပြုလုပ်နေခဲ့ပါသည်။ ထိုအချိန်တွင် ကျွန်ုပ်ဖခင်မှာ ကြောက်မက်ဖွယ်ကောင်းသော ''ဝူး ဝူး ဝူး ဝူး ဝူး'' မြည်သံကြီးကို အဆက်မပြတ် ကြားခဲ့ရပါတော့သည်။

ထိုအသံမှာ လေမုန်တိုင်းဝှိုက်ခတ်

www.burmeseclassic.com

www.burmeseclassic.com

ခါနီး ထွက်ပေါ်လာသော လေဟီသံကြီးနှင့် ဆင့်တူ၍ ကြောက်လန့်ဖွယ်ကောင်းလှပါသည်။

ကျွန်ုပ်ဖခင်မှာ တစ္ဆေခြောက်ခံရသည်ဟု ထင်မှတ်သွားပါသည်။ ထို့နောက် ကျွန်ုပ်ဖခင်မှ အိမ်ထဲသို့ ပြန်ဝင်လာ၍ ဓာတ်မီးနှင့် ဝှက်ကြီးတောင်ဓား တစ်လက်ကို ယူကာ အိမ်အပြင်ဘက်သို့ ပြန်ထွက်သွားပြီး ကြောက်မက်ဖွယ်ကောင်းသော အသံကြီးလာရာဘက်ကို နားစွင့်၍ အကဲခတ်နေခဲ့ပါသည်။

ကျွန်ုပ်၏ ဖခင်မှာ မိမိတစ်သက်တာတွင် မကြားစဘူးသော အသံမျိုးဖြစ်၍ အဝေးမှ လာသလော၊ အနီးမှ လာသလော ခွဲခြား၍ မရနိုင်ဘဲ ဖြစ်နေခဲ့ပါသည်။

လက်ထဲတွင် ဓာတ်မီးပါသော်လည်း ဘေးပတ်ဝန်းကျင်ကို ထိုးမကြည့်သေးဘဲ မည်သည့်အသံလော သိလိုဇော ဖြင့် ဟီသံကြီးလာရာ အရပ်ကိုသာ သံကြီးမဲကြီး နားစွင့်၍ ခန့်မှန်းနေပါသည်။

သို့ဖြင့် ကျွန်ုပ်ဖခင်မှာ အသံကို နားစွင့်၍ ခဏအကြာတွင် မိမိခြေထောက် ရပ်နေသော အောက်ဘက်သို့ မျက်နှာလွှဲလိုက်ရာ ခြေထောက်နားတွင် အဖြူရောင် ခပ်ရေးရေးကို မထင်မရှား မြင်လိုက်ရပါသည်။

သို့ဖြစ်၍ ဓာတ်မီးဖြင့် ထိုးကြည့်လိုက်ရာ ဒေါသထွက်၍ ကုတ်ဖဲ့နပန်း သတ်မည့်ဟန် ပြုနေသော ကြောင်ကလေးကို တွေ့မြင်ရပါသည်။

ထိုကြောင်လေးမှာ ကျွန်ုပ်တို့ မွေးထားသော ဖြူဝါရောင်စပ်သော ကြောင်ကျားလေး ဖြစ်ပါသည်။ မာန်ဖီနေသော ကြောင်ကလေး၏ ရှေ့တည့်တည့်၌ ပတ်ဝန်းကျင်ကို ဓာတ်မီးဖြင့်

ထိုးကြည့်လိုက်သောအခါ ခေါင်းထောင်ကာ မာန်ဖီ၍ အော်နေသော မြွေကြီးတစ်ကောင်ကို မြင်တွေ့လိုက်ရပါတော့သည်။

ကျွန်ုပ်ဖခင်မှာ အလွန်တရာမှ ကြောက်လန့် တုန်လှုပ်သွားပါသည်။ မြွေကြီးမှာ ကြောင်ကလေးနှင့် နှစ်ပေခန့်အကွာလောက်တွင်သာ ရှိနေခြင်း ဖြစ်ပါသည်။

အကယ်၍ ကျွန်ုပ်ဖခင်မှာ ဓာတ်မီး မထိုးဘဲ ရှေ့သို့ အနည်းငယ် ဆက်သွားမိခဲ့လျှင် မတွေးဝံ့စရာပင် ဖြစ်ပါသည်။

မြွေကြီးမှာ ဓာတ်မီးအလင်းရောင်ကို မြင်၍ ခဏကြာသောအခါ ကြောက်မက်ဖွယ်အသံကြီးမှာ တိတ်သွားပါတော့သည်။ အံ့သြစရာပင် ဖြစ်ပါသည်။

စောစောက ကြားခဲ့ရသော ကြောက်မက်ဖွယ်အသံကြီးမှာ အဆိုပါ မြွေကြီး ကြောင်ကလေးကို စိတ်ဆိုး မာန်ဖီ၍ အော်နေခြင်းသာ ဖြစ်ပါသည်။

အဖေမှာ ဓာတ်မီးကို ကျွန်ုပ်အား ကိုင်ထားစေ၍ မြွေကြီးကို ထိုးပြစေပါသည်။ ထို့နောက် အိမ်အဝင်အဝန်းရှိ ထီးရိုးပါးအဆစ်ပိတ်ဖြင့် ပြုလုပ်ထားသော တုတ်ကိုယူ၍ မြွေကြီး၏နားထင် တည့်တည့်အား ချိန်၍ ရိုက်ချလိုက်ပါတော့သည်။

သေချာစွာ ထိမှန်သွားသဖြင့် မြွေကြီးမှာ အနည်းငယ် စောင်းလွဲသွား၍ လူးလိမ့်နေပါသည်။ အဖေမှာ ရှေ့တိုးသွား၍ မြွေကြီး၏ ဦးခေါင်းပိုင်းကို ဓလေ့ငါးချက် ဆင့်ရိုက်လိုက်ပါသည်။

မြွေကြီးမှာ ဦးခေါင်းတစ်ခုလုံးကို အရိုက်ခံလိုက်ရသဖြင့် ခဏမျှသာ လူပ်ရှားနိုင်၍ ငြိမ်သက်သွားပါတော့သည်။ ညအချိန်မတော် ဖြစ်သဖြင့် ကျွန်ုပ်တို့သားအဖမှာ မြွေကြီး၏ အနားကို သွား၍ ကပ်မကြည့်တော့ဘဲ သေပြီး အထင်ဖြင့် ထားခဲ့၍ ရေမိုးချိုး ပြန်အိပ်ပါတော့သည်။

နံနက်မိုးလင်းသောအခါ မြွေကြီးကို သွားကြည့်ရာ သေ၍ တောင့်နေပါသည်။ တိုတိုတုတ်တုတ်နှင့် ညှိပုပ်ရောင်အကွက်များ ထနေသော မြွေပွေးကြီးတစ်ကောင် ဖြစ်ပါသည်။

ပါးစပ်ကို တုတ်နှင့် ထိုး၍ ဖြဲကြည့်ရာ သွားမြီးခွဲလျှင် မတွေးဝံ့စရာပင် ဖြစ်နေသော အစွယ်နှစ်စုံကို ကြောက်မက်ဖွယ် မြင်တွေ့ရပါသည်။

ထိုအစွယ်မျိုးဖြင့်သာ အကိုက်ခံလိုက်ရလျှင် လွယ်မည်မထင်ပါ။ ကျွန်ုပ်၏ဖခင်မှာ မြွေကြီး၏ ဦးခေါင်းကို ဖြတ်၍ မြေမြှုပ်ပစ်လိုက်ပါသည်။ ကျန်ရှိသော ကိုယ်လုံးပိုင်းကို ချိန်ခွင်ဖြင့် ချိန်ကြည့်ရာ နှစ်ပိဿာ ခြောက် ဆယ်ကျပ်သား ရှိပါသည်။

မြွေကြီး၏ ကိုယ်လုံးပိုင်းကို အနီးပတ်ဝန်းကျင်ရှိ လည်ပင်းကင်ဆာရောဂါ ရှိသူက သူ့အတွက် ဆေးဖက်ဝင်သည်ဟု ပြောသဖြင့် ပေးပစ်လိုက်ပါသည်။

ပတ်ဝန်းကျင် အိမ်နီးနားချင်း မိတ်ဆွေများက ကျွန်ုပ်၏ဖခင် ညဘက်က ကြားခဲ့ရသော လေပြင်းတိုက်ခတ်သံနှင့် ဆင်တူသော အော်သံကြီးမှာ အမှန်တကယ်ပင် ယင်းမြွေပွေးကြီး မာန်ဖီ၍ အော်သောအသံဖြစ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တွေ့နှင့် ယှဉ်၍ ပြောပြကြပါသည်။

ထို့ပြင် မြွေပွေးများမှာ ထိုကဲ့သို့ အော်သံပေးရိုးထုံးစံ သိပ်မရှိကြောင်း ထူးဆန်းသည်မှာ ယင်းမြွေပွေးတို့၏ မာန်ဖီ၍ အော်သောအသံမှာ အလွန်ကျယ်လောင်ငြားသော်လည်း လူတိုင်းကြားကြရလေ့မရှိဘဲ လူတစ်ဦး၊ နှစ်ဦးသာကွက်၍ ကြားရတတ်ကြောင်း ကိုယ်တွေ့ကြုံဖူးသူများက ပြောပြကြပါသည်။

မြွေပွေးကြီးမှာ ရိုးရိုးမြွေလား အစောင့်မြွေလား မပြောတတ်ပါ။ အန္တရာယ်ပေးနိုင်သော သတ္တဝါ ဖြစ်သဖြင့် ကျွန်ုပ်ဖခင်က အသေသတ်ပစ်လိုက်ပါသည်။

မြွေကြီးကို သတ်ပစ်လိုက်သည့် ကိစ္စနှင့်ပတ်သက်၍လည်း ဘာမျှ ထူးထူးခြားခြား မကြုံတွေ့ရပါချေ။ ထို့ကြောင့် နှစ်ချောင်းပူး အစွယ်နှစ်စုံပါသော မြွေပွေးကြီးမှာ ရိုးရိုးမြွေသာ ဖြစ်နိုင်ပါသည်။

သို့ဖြင့် မြွေကြီး၏ မာန်ဖီသံ ကြားရပြီးနောက် မှေလောက်ပျောက်လောက် ရှိသည့်အချိန် (၆–လခန့်အကြာ)တွင် ကျွန်ုပ်ကိုယ်တိုင် ထူးခြားမှုတစ်ခုကို ကြုံရပါတော့သည်။

ကျွန်ုပ်၏ဖခင်မှာ အိမ်ခေါင်းရင်း ဘက်ရှိ ဘုရားကုန်းဟု ထင်ရသော ကုန်းကမ္ဘကို ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းထားသဖြင့် ဘုရားကုန်းပတ်ဝန်းကျင်မှာ သန့်ရှင်းသပ်ရပ်နေပါသည်။

ကျွန်ုပ်တို့ မောင်နှမနှစ်ယောက်မှာ ကလေးဘဝ အရွယ်သာ ရှိသေးသဖြင့် ယင်းဘုရားကုန်းပေါ်တွင် သွားရောက် ဆော့ကစားလေ့ ရှိပါသည်။

တစ်နေ့တွင် ကျွန်ုပ်မှာ ဆော့ကစားရင်း ဆေးရိုးပင်အိုကြီးအောက်တွင် အမှတ်တမဲ့ အပေါ့သွားမိခဲ့ပါသည်။ ထိုသို့ အပေါ့သွားခဲ့သည့်နေ့၏ ညတွင် အိမ်ရာဝင်၍ ည(၁၁)နာရီခန့်ရောက် သောခါ ကျွန်ုပ်၏ ခန္ဓာကိုယ်တစ်ခုလုံး ယားယံလာပြီး အဖုအပိမ့်ကြီးများ ထွက်လာပါသည်။

အလွန်ထူးဆန်းသည်မှာ ယားယံလွန်းသဖြင့် ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်၍ ကုတ်မည်ပြုလျှင် မျက်စိထဲတွင် ဘာမျှ မမြင်ရတော့ဘဲ ခြေလက်များမှာလည်း အယားပြေရန် ကုတ်ဖို့ မဆိုထားနှင့် တုတ်တုတ်ပင် လှုပ်၍ မရတော့ပါ။ ထို့ပြင် ပါးစပ်မှလည်း စကားပြောရန် ဟ၍ မရတော့ပါ။

သို့ဖြင့် ကျွန်ုပ် ဤသို့ ခံစားရသည်ကို အိပ်ပျော်နေသော အဖေနှင့်အမေတို့ပင် မသိလိုက်ပါ။ ထိုသို့ ပြင်းထန်စွာ ယားယံသော ဒဏ်ကို တစ်ညတာ ခံစားလိုက်ရပြီး နံနက်မိုးလင်းခါနီး ကျမှသာ သတိရ လှုပ်ရှား၍ ရလာပါတော့သည်။

ယားယံမှု မရှိတော့သော်လည်း ညဘက်က ယားယံထားသော ဒဏ်ကြောင့် ဆီးသီးအရွယ်ခန့် အဖုအပိမ့်ကြီးများမှာ မိုးလင်းချိန်ထိ ရှိနေပါသေးသည်။

ကျွန်ုပ်မှ အဖေနှင့်အမေတို့ကို အကျိုးအကြောင်း ပြောပြလိုက်ရာ ကျွန်ုပ်ဖခင်က ဘုရားကုန်းဆေးရိုးပင်အိုကြီးရှိ အစောင့်အရှောက်များက ဖမ်းစားဒဏ်ခတ်သည်ဟု ယူဆပါသည်။

ထို့ကြောင့် အမွေးနုံသာရည်များ စိမ်၍ အောင်သပြေခက်ဖြင့် ဆေးရိုးပင်ကြီးကို ဖျန်းပက်၍ ခွင့်လွှတ်ပေးပါရန် တောင်းပန်စကား ဆိုပါသည်။

ပြီးမှ အိမ်ပေါ်သို့ ပြန်လာပြီး ဆီနှင်းလက်(၃)ဆုပ်ကိုယူ၍ ဘုရားကုန်းပတ်ပတ်လည်ကို တစ်ပတ် ပတ်မိအောင် ဆန်များ ကြဲပက်ရင်း တောင်းပန်စကား ထပ်ဆိုပါသည်။

ထိုသို့ ပက်၍ ပို့သော ဆန်တချို့ကို ပါးစပ်တွင် ထည့်၍ ညက်အောင်ဝါးပြီး လျှင် ဆိုင်ရာပုဂ္ဂိုလ်များကို အမိဋ္ဌာန်ပြု တောင်းပန်၍ ကျွန်ုပ်တစ်ကိုယ်လုံးကို လူးပေးလိုက်ပါသည်။

ထိုသို့ လူးပြီး၍ (၂)နာရီခန့်ကြာသောအခါ ကျွန်ုပ်ကိုယ်ပေါ်ရှိ အဖုအပိမ့်ကြီးများမှာ ထူးခြားစွာ သက်သာပျောက်ကင်းသွားပါတော့သည်။

ထိုအဖြစ်အပျက်ကို ထောက်၍ ကျွန်ုပ်တို့ မိသားစုမှာ အိမ်ခေါင်းရင်း ဘက်ရှိ ကုန်းကမ္ဘကို ဘုရားကုန်းမြေ နေရာဟု သဘောပေါက် မှတ်ယူလိုက်ကြပါသည်။

နောက်တစ်ဖန် ကြုံရသော အဖြစ်အပျက်တစ်ခုမှာ မိုးဦးကျကာလအချိန်တွင် ဖြစ်ပါသည်။ ကျွန်ုပ်ဖခင်မှာ နံနက်စောစောတွင် ရေနွေးကြမ်းသောက်၍ အဆာပြေ ထမင်းကြမ်းစားပြီးလျှင် ဘုရားကုန်းဘေး ပတ်ဝန်းကျင်ရှိ မျိုးစပါး ကြဲပြီးခါစ ပျိုးခင်းများအား ရေအခြေအနေကြည့်ရန် သွားခဲ့ပါသည်။

ပျိုးခင်းများအနားသို့ ရောက်သော အခါ မျှော်လင့်မထားသော အရာတစ်ခုကို မြင်တွေ့လိုက်ရပါသည်။ ပျိုးခင်းထဲတွင် နှစ်ပေခန့်ကျယ်သော အစင်းအကြောင်းတစ်ခုကို မြင်တွေ့လိုက်ရခြင်းဖြစ်ပါသည်။

အစင်းကြောင်းထင်နေသော နေရာတွင် ပေါက်ခါစ ပျိုးပင်လေးများ ပိတ်ကုန်ပါသည်။ အစင်းကြောင်းရာကြီးမှာ ဘုရားကုန်းအစပ်နားမှသည် ပျိုးခင်းအားလုံးကို ကန့်လန့်ဖြတ်၍ သွားရာ ချောင်းကမ်းနားထိ ရောက်ဆိ

www.burmeseclassic.com

သည်။

အစင်းရာကြီးမှာ နှစ်ပေထူလောက် ကြီးသော အရာဝတ္ထုတစ်ခုကို ပျိုးခင်းထဲသို့ ဖြတ်၍ တရွတ်တိုက်ဆွဲထားသော ပုံစံကဲ့သို့ ဖြစ်နေပါသည်။ အစင်းကြောင်းရာ တစ်လျှောက်ရှိ ပိပြားသွားသော ပျိုးပင်များမှာ ပျက်စီးကုန်ပါသည်။

သို့ဖြင့် ထိုအကြောင်းကို အနီးပတ်ဝန်းကျင်ရှိ မိတ်ဆွေများကို ပြောပြလိုက်ရာ ချောင်းတစ်ဖက်ကမ်းရှိ ကရင်တိုင်းရင်းသားအဘိုးအိုကြီး အဘိုး ''ဒလန်''မှ ကျွန်ုပ်တို့မိသားစုအား အကြောင်းစုံကို ရှင်းပြပါသည်။

ပျိုးခင်းထဲတွင် ပျိုးပင်များပိလဲ၍ အစင်းထင်နေသော အရာမှာ ကျွန်ုပ်တို့ အိမ်ခေါင်းရင်းရှိ ဘုရားကုန်းမှ ချောင်းတစ်ဖက်ကမ်းရှိ အခြားဘုရားကုန်းတစ်ခုဆီသို့ လပြည့်ညများတွင် ဘုရားစောင့် မြွေကြီးတစ်ကောင် ဖြတ်သွားဖြတ်လာ ပြုလုပ်လေ့ရှိသဖြင့် ထင်ကျန်ခဲ့သော မြွေဗိုက်ရာဖြစ်ကြောင်းနှင့်...

တစ်ခါတစ်ရံ အချို့သူများမှာ မြွေဗိုက်ရာသာမကဘဲ အစောင့်မြွေကြီးကို အကောင်အထည်လိုက် မြင်တွေ့ရတတ်ကြောင်း အဘိုး ''ဒလန်''မှ ရှင်းပြပါသည်။

ပျိုးခင်းထဲတွင် ထင်ကျန်ခဲ့သော မြွေဗိုက်ရာမှာ နှစ်ပေခန့်ရှိသဖြင့် အတော်ပင်ကြီးမားသော ဇရာမြွေကြီးတစ်ကောင်ပင် ဖြစ်ပါသည်။

နွေဦးပေါက်၍ စပါးများရိတ်သိမ်းပြီးချိန်တွင် ကျွန်ုပ်တို့သားအဖမှာ တစ်ခါတစ်ရံ ခွေး ''နွှတ်မဲ'' ကြီးကို ခေါ်၍ လယ်ထဲတွင် ကြွက်လိုက်တူးပါသည်။

အချို့ ထွက်ပြေးလွတ်မြောက်သွားသော ကြွက်များမှာ ဘုရားကုန်းပေါ်ရှိ

ကဏန်းတွင်းဟောင်းများထဲတွင် ဝင်အောင်း၍ ပုန်းနေတတ်ပါသည်။

ထိုသို့ ကြွက်ဝင်သွားသော တွင်းများကို တူးကြည့်လျှင် ခဏကြာသော အခါ ကြွက်များကို မတွေ့ရတော့ဘဲ အဆိုပါ တွင်းများထဲမှ မြွေဟောက် အော်သံများကို ''တရှိန်ရှိန်''နှင့် ကြားရတတ်ပါသည်။

ထိုသို့ အတွေ့အကြုံများကြောင့် ကျွန်ုပ်တို့မိသားစုမှာ ဘုရားကုန်းပေါ်တွင် တူးခြင်း၊ ဆွခြင်း၊ အပင်စိုက်ခြင်းများ လုံးဝ မပြုလုပ်တော့ပါ။

ထိုသို့ နေသည့်တိုင်အောင် တစ်ခါတစ်ရံ လပြည့်ညများတွင် အိမ်ရှေ့မြေပြင်ပေါ်သို့ လူကြီးခြေသလုံးအရွယ် ခန့်ရှိ ငန်းတော်ကျား မြွေကြီးတစ်ကောင်ရောက်လာပြီး လူးလိုမ့်ဆော့ကစားနေတတ်ပါသည်။

ထိုအခြင်းအရာကို မြင်လျှင် ကျွန်ုပ်ခွေး ''နွှတ်မဲ''ကြီးမှာ ဖိနပ်ချွတ်မှ အိမ်ရှေ့သို့ ပြေးဆင်းသွားပြီး ငန်းတော်ကျားမြွေကို ကိုက်မည့်ဟန်ပြု၍ လိုက်ဟောင်ပါသည်။

သို့သော် ငန်းတော်ကျားမြွေကြီးမှာ ''နွှတ်မဲ''ကြီးကို ဘာမျှ ပြန်မလုပ်ဘဲ မိမိဘာသာ ပြေးလွှားလူးလိုမ့်ဆော့ကစားနေပါသည်။ မြွေကြီးမှာ ဆော့ကစား၍ ဝ၊ သွားလျှင် ဘုရားကုန်းပေါ်ရှိ ကုက္ကိုပင်ကြီးအောက်ဘက်ဆီသို့ ပြန်လည်ဝင်ရောက် ပျောက်ကွယ်သွားလေ့ရှိပါသည်။

နောက်ပိုင်းတွင် လပြည့်ညများ၌ ''နွှတ်မဲ''ဟောင်သံ မကြားသဖြင့် ပြတင်းပေါက်မှ အိမ်ရှေ့မြေပြင်ပေါ်သို့ ချောင်းကြည့်လျှင် အလွန်ထူးဆန်းစွာပင် နွှတ်မဲကြီးမှာ ငန်းတော်ကျားမြွေကြီးကို မဟောင်တော့သည့်အပြင် အပြန်အလှန် နောက်ပြောင်ဆော့ကစားနေသည်ကို အံ့ဩဖွယ်မြင်တွေ့ရပါသည်။

လပြည့်ညများတိုင်းလိုလိုပင် တွေ့မြင်နေကျဖြစ်သဖြင့် ယင်းတို့(၂)ဦး အသိမိတ်ဆွေ ဖြစ်သွားကြခြင်းပင် ဖြစ်လိမ့်မည်ဟု ကျွန်ုပ်တို့မိသားစု ယုံကြည်လက်ခံခဲ့ပါသည်။

အကယ်၍ အချို့သော လပြည့်ညများတွင် မြွေသူတော်ကြီးရောက်မလာခဲ့လျှင် ကိုယ်လုံးကောင်ထည်မမြင်ရသော ပရလောကသားတစ်ဦး ရောက်လာပြီး ဖိနပ်ချွတ်တွင် အိပ်နေသော ကျွန်ုပ်တို့ခွေး ''နွှတ်မဲ''ကြီးကို လာရောက် စ,နောက်ခေါ်ယူ၍ ဆော့ကစားလေ့ ရှိပါသည်။

နွှတ်မဲကြီးမှာ ပရလောကသား ရောက်လာသည်နှင့် တစ်ပြိုင်နက် အိပ်နေရာမှ ချက်ချင်းထပြီး အိမ်ရှေ့ အပြင်ဘက်သို့ ခုန်ဆင်းပြေးသွားကာ အဆက်မပြတ် လိုက်ဟောင်ပါသည်။

မမြင်ရသော ပရလောကသားမှာ လယ်နှစ်ကွက်လောက် ကျော်ထိ ''နွှတ်မဲ'' ကြီးကို ပြေးလွှားခေါ် ဆောင်သွားပါသည်။ နွှတ်မဲကြီးကလည်း ထက်ကြပ်မကွာ နောက်မှလိုက်၍ ဟောင်ပါသည်။

ထို့နောက် ပရလောကသားက နွှတ်မဲကြီးကို ပြန်လိုက်သဖြင့် နွှတ်မဲမှာ ကြောက်လန့်ပြီး နောက်သို့ အဆက်

www.burmeseclassic.com

www.burmeseclassic.com

မပြတ်ရှည်ဟောင်းကာ အိမ်ဘက်ဆီသို့ ပြန်ပြေးလာပါသည်။

ထိုအခြေအနေကို ပြတင်းပေါက်လှပ် ချောင်းကြည့်နေသော ကျွန်ုပ်တို့မောင်နှမမှာ ပရလောကသားကို မမြင်ရသော်လည်း နွတ်မဲကြီး အပြင်ပြေးထွက်သွား၍ ဟောင်လိုက်၊ နောက်လှည့် ဟောင်၍ အိမ်ထဲသို့ ပြန်ပြေးဝင်လာလိုက် အကြိမ်ကြိမ် ပြုလုပ်နေသော အမူအရာကိုကြည့်၍ နွတ်မဲကြီး တစ်ဦးတစ်ယောက်နှင့် ဆော့ကစားနေသည်ဟု ကောင်းစွာ သဘောပေါက်ပါသည်။

ဤသို့ နွတ်မဲကြီးနှင့် ပရလောကသားတစ်ဦးတို့ အပြန်အလှန် လိုက်တမ်းပြေးတမ်း ဆော့ကစားနေသည်မှာ လပြည့်ညတ၏ သန်းခေါင်ယံအချိန်မှသည် အရုဏ်တက်မိုးလင်းခါနီး အချိန်ထိပင် ကြာပါသည်။

သို့သော်လည်း ပရလောကသားမှာ နွတ်မဲကြီးကို ဘေးဥပဒ် တစ်စုံတစ်ရာမျှ မပြုလုပ်ပါချေ။ မိုးလင်းသောအခါ နွတ်မဲမှာ ဟောင်ရလွန်းသဖြင့် အသံများပင် ဝင်ဒနတထ်ပါသည်။

အိပ်ရေးပျက်သဖြင့်လည်း နံနက်မိုးစင်စင်လင်းသည်ထိ အိပ်ရာမှ မထသေးဘဲ ခွေလျက်သား ဆက်အိပ်နေလေ့ ရှိပါသည်။ မခံမရပ်နိုင်အောင် အစာဆာမှသာ အိပ်ရာမှ ထလာ၍ အစာလာတောင်းတတ်ပါသည်။

ကျွန်ုပ်တို့မိသားစုမှာ ဘုရားကုန်းအနီးတွင် အိမ်ဆောက်၍ နေထိုင်လာခဲ့ဘည်မှာ နှစ် နှစ်ပင်ကျော်လာခဲ့ပါပြီ။ ထိုချိန်ထိတိုင်အောင်ပင် ဘုရားကုန်းအနီးတွင် ထိုဘုရားကုန်းနှင့် ပတ်သက်သော ထူးဆန်းမှုများကို တစ်ခါတစ်ရံ ကြုံတွေ့နေရမြဲသာ ဖြစ်ပါသည်။

တစ်ခုသောနှစ်၏ နွေဦးကာလ အချိန်တွင်ဖြစ်ပါသည်။ ထိုအချိန်တွင် ကျွန်ုပ်တို့ မိသားစုမှာ မိုးစပါးများ ရိတ်သိမ်းပြီး၍ တလင်းကိုင်ပြီးသော အချိန်ကာလ ဖြစ်ပါသည်။

သို့ဖြစ်၍ စပါးရောင်း၍ရသော ငွေများ လက်ထဲတွင် ရှိနေသဖြင့် ငွေရွှင်နေသော အချိန်လည်း ဖြစ်ပါသည်။ အလုပ်အားလပ်သော အချိန်လည်း ဖြစ်နေပါသဖြင့် မူလနေရပ်ဖြစ်သော "ထိန်တပင်" ကျေးရွာရှိ ဆွေမျိုးများဆီသို့ အလည်အပတ် သွားရန် ဆုံးဖြတ်ခဲ့ပါသည်။

မိသားစုလိုက် ခရီးသွားမည်ဖြစ်သဖြင့် ရွာထဲရှိ အသိမိတ်ဆွေတစ်ဦးကို ဆန်နှစ်တင်း လက်ဆောင်ပေး၍ ကျွန်ုပ်တို့အိမ်ကို ညအိပ်၍ စောင့်ပေးရန် မှာထားခဲ့ပြီး နွားလှည်းဖြင့် အလည်အပတ်ခရီးစဉ်ကို နှင်ခဲ့ပါတော့သည်။

ကျွန်ုပ်တို့ မိသားစုမှာ ထိန်တပင်ရွာသို့ရောက်လျှင် အဘိုးနှင့် အဘွားတို့အိမ်သို့ ဦးစွာ ဝင်ပါသည်။ အသင့်ဝယ်လာသော အဝတ်အစား တစ်စုံစီနှင့် မုန့်ဝဲသရေစာတို့ဖြင့် အဘိုးနှင့် အဘွားကို ကန်တော့ပါသည်။

ထိုအချိန်တွင် ရွာဦးဆရာတော် ကျောင်းဘက်ဆီမှ တေးသံရှင့် ဟသ်တထွန်းရင် သီဆိုထားသော "ပစ္စည်းမဲ့ချက်ကြီး" တေးသံသာကို အထင်းသား ကြားနေရပါသည်။

ထုံးစံအတိုင်း ရွာထဲရှိ လယ်သမားကြီးများ မိုးစပါး ရိတ်သိမ်းပြေပြီး ချိန်ဖြစ်၍ အလှူငွေများ စုပေါင်းထည့်ဝင်ကာ ရွာဦးကျောင်းနှင့် ဘုရားတန်ဆောင်းများကို ပြုပြင်မွမ်းမံနေကြခြင်းသာ ဖြစ်ပါသည်။

ကျွန်ုပ်တို့မိသားစုမှာလည်း ရွာဦးကျောင်းဆရာတော်ကြီးကို သွားရောက် ဖူးမြော်ကြည်ညိုချ၍ သက်နံ့းတစ်စုံကို ဆရာတော်ကြီးအား ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

သို့ဖြင့် ကျွန်ုပ်တို့မိသားစုမှာ ဆွေမျိုးများနှင့် အသိမိတ်ဆွေများအိမ်သို့ လှည့်လည်သွားလာ လည်ပတ်နေခဲ့ရာ ငါးရက်တာမျှပင် ကြာခဲ့ပြီဖြစ်သည်။ ထို့ကြောင့် အိမ်အပြန်ခရီးကို ပြန်လည်စတင်ခဲ့ပါတော့သည်။

ကျွန်ုပ်တို့မိသားစုမှာ ညနေ(၆)နာရီခန့်တွင် အိမ်ကို ပြန်ရောက်ခဲ့ပါသည်။ သို့သော် ခရီးစထွက်စဉ်က အိမ်စောင့်ပေးရန် ထားခဲ့သူများကို တစ်ယောက်မျှ မတွေ့ရဘဲ အိမ်မှာ တိတ်ဆိတ်နေပါသည်။

အိမ်ပြန်ရောက်ချိန်မှာလည်း နေနည်း၍ မိုးချုပ်စ ပြုနေပြီဖြစ်၍ ရွာထဲရှိ အိမ်စောင့်ပေးရန် မှာထားခဲ့သူများကို အကျိုးအကြောင်း သွား၍ မမေးဖြစ်တော့ပါ။ သို့ဖြင့် နံနက်မိုးလင်းသောအခါ အိမ်ကို ညအိပ်စောင့်ပေးရန် ကတိခံထားခဲ့သော မိတ်ဆွေမှာ ကျွန်ုပ်တို့အိမ်သို့ ရောက်လာခဲ့ပါသည်။

ထို့နောက် ခရီးသွားရက်ပြည့်သည်အထိ အိမ်ကို ညအိပ်စောင့်ပေးနိုင်ခဲ့

www.burmeseclassic.com

www.burmeseclassic.com

သည့်အထွေက် စိတ်မကောင်းဖြစ်မိကြောင်း၊ အရေးကြီးသော ပစ္စည်းပစ္စယများကို သူတို့၏အိမ်သို့ ယူဆောင်၍ သိမ်း ဆည်းပေးထားပါကြောင်း၊ ယခုကဲ့သို့ ခရီးရက်ပြည့်သည်ထိ အိမ်ကို ညအိပ်စောင့် မပေးနိုင်ခဲ့ခြင်းမှာလည်း ညအချိန်၌ အိမ်ထဲတွင် အခြောက်အလှန့်ခံရ၍ဖြစ်ကြောင်း ရှင်းပြပါသည်။

အံ့သြစရာပင် ဖြစ်ပါသည်။ ကျွန်ုပ်တို့မိသားစု ယခုအိမ်ရာတွင် နေထိုင်လာခဲ့သည်မှာ အထော်ပင် ကြာမြင့်ခဲ့ပါပြီ။ အခြောက်အလှန့်ဟူ၍ တွေတွေထူးထူးတော့ မကြုံတွေ့ရဘူးသေးပါ။

အိမ်စောင့်ပေးခဲ့သူ၏ ပြောပြချက်အရ ညအချိန်၌ အိမ်အောက်ထဲတွင် မြွေတွန်သံများကို ကြားရပြီးနောက် အိမ်တစ်အိမ်လုံး သွက်သွက်ခါအောင် လှုပ်ယမ်းနေခဲ့ကြောင်း၊ ထို့ကြောင့် ငလျင်လှုပ်သည်ထင်၍ အိမ်ပေါ်မှ အိမ်အောက်သို့ ဆင်းကြည့်ခဲ့ကြောင်း...

ငလျင်လှုပ်ခြင်း လုံးဝမဟုတ်ဘဲ အိမ်တစ်လုံးတည်းသာ သီးသန့် လှုပ်နေခြင်းဖြစ်၍ ကြောက်လန့်ပြီး ရွာထဲသို့ ညတွင်းချင်း ပြန်ပြေးခဲ့ရကြောင်း ပြောပြပါသည်။

ကျွန်ုပ်တို့မိသားစုမှာမူ အိမ်စောင့်ပေးသူ၏ ပြောပြချက်ကို ယုံရခက်၊ မယုံရခက် ဖြစ်နေခဲ့ပါသည်။

သို့ဖြင့် အလည်အပတ်ခရီးမှ ပြန်ရောက်လာခဲ့ပြီး တစ်လခန့်အကြာ နေ့တစ်နေ့၏ နေ့ခင်းကြောင်တောင် အချိန်တွင် အိမ်နောက်ဖေးဘက်ရှိ ကြက်ခြံထဲမှ ဝပ်ကြက်မကြီး တစ်ကောင်မှာ အမှတ်တမဲ့ အိမ်ပေါ်သို့ တက်လာပြီး ထုပ်တန်းပေါ်သို့ ခုန်တက်လိုက်ပါသည်။

ထို့နောက် ကြက်မကြီးမှာ

အနောက်အရပ်သို့ လှည့်ကာ ထူးဆန်းစွာပင် ကြက်ဖကွဲသို့ သုံးကြိမ်သုံးခါ တွန်ပါတော့သည်။

ထိုသို့ တွန်ပြီးသည်နှင့် တစ်ပြိုင်နက် အိမ်တစ်အိမ်လုံး သွက်သွက်ခါအောင် တုန်လှုပ်ပါတော့သည်။ ထိုအခါ ကျွန်ုပ်ဖခင်မှာ ငလျင်လှုပ်သည်ထင်၍ အိမ်အောက်သို့ ဆင်းကြည့်ရာ မြေကြီးမှာ လုံးဝမလှုပ်ပါ။

ပတ်ဝန်းကျင်ရှိ သစ်ပင်များနှင့် အိမ်ရှေ့ရှိ ရေစည်ထဲမှ ရေမျက်နှာပြင်ကို အကဲခတ်ကြည့်ရာတွင်လည်း ဘာမျှ ထူးခြားမှုမရှိပါ။ အိမ်တစ်လုံးတည်းသာ ကွက်၍ လှုပ်ခါနေခြင်းဖြစ်ကြောင်း အံ့သြဖွယ်ကောင်းစွာ မြင်တွေ့ရပါတော့သည်။

အိမ်တစ်အိမ်လုံး လှုပ်ခါနေခြင်းမှာ ဆယ်မိနစ်ခန့်ပင် ကြာပါသည်။ ထို့ကြောင့် ဘုရားကျောင်းပေါ်ရှိ ညောင်ရေအိုးများနှင့် ဘုရားသောက်တော်ခွက်များပင် ပြုတ်ကျကုန်ပါသည်။

ထိုအခါကျမှ အိမ်စောင့်ပေးခဲ့သူမိတ်ဆွေ၏ ပြောပြချက်များမှာ အမှန်တကယ်ပင်ဖြစ်ကြောင်း သိရလိုက်ပါတော့သည်။

ကျွန်ုပ်ဖခင်မှာ ထိုကိစ္စကို အိမ်မြေရာမသန့်ရှင်းမှုကြောင့် ဖြစ်ရသည်ဟု ယူဆပါသည်။ ထို့ကြောင့် အလွန်တရာမှ သိကွာသမာမိပြည့်ဝသော အင်္ဂါရုဏဗေဒင်ဆရာကြီးတစ်ဦးအား အိမ်သို့ ပင့်ဖိတ်၍ အကျိုးအကြောင်း ပြောပြကာ တွက်ချက်ကြည့်ခဲ့ပါသည်။

ထိုအခါ ဗေဒင်ဆရာထံမှ ထူးဆန်း၍ အံ့သြဖွယ်ကောင်းသော အဖြေစကားကို ကြားရပါတော့သည်။ ကျွန်ုပ်တို့ အိမ်ဆောက်ထားသော မြေနေရာမှာ ဘုရားကုန်းသိုက်တစ်ခု ဖြစ်ကြောင်း...

~~ထိုဘုရားသိုက်ဝတ္ထုင် ဈာပနပြုကြီး တစ်ကောင်နှင့် ကျောက်ဘီလူးတစ် ကောင်တို့ ထောင်ကြပ်နေကြကြောင်း၊ ယခုကဲ့သို့ အိမ်ကို လှုပ်ခါ၍ ခြောက်လှန့်ခြင်းများလည်း အိမ်ဆောက်ထား သော နယ်မိုးမိတ်မှာ ဘုရားသိုက်ကို ထောင်သော ကျောက်ဘီလူး ဇနပတိုရာ နယ်မိုးမိတ်နှင့် မလွတ်သောကြောင့် လွတ်အောင် တွေ့ပေးရန် ခြောက်လှန့်၍ အသိပေးခြင်းမြှင်းကြောင်း...~~

အကယ်၍ အိမ်ကို မရွှေ့လိုလျှင် ယင်းကျောက်ဘီလူးရုပ်ကို ပွဲ(၃၇)ပွဲတင်၍ တူးထုတ်ပစ်နိုင်ကြောင်း ဗေဒင်ဆရာကြီးမှ ရှင်းပြပါသည်။

သို့သော်လည်း ကျွန်ုပ်တို့မိသားစုမှာ ကြောက်တတ်လျှင် ဘေးကင်းသည်ဟုယူဆကာ အိမ်ကို နေရာရွှေ့ပြောင်း၍ ဆောက်ပေးလိုက်ပါသည်။

ထိုသို့ အိမ်ကို ရွှေ့ဆောက်ပေးလိုက်သည့်နေ့မှစ၍ ယခုထိတိုင် ကျောက်ဘီလူးစောင့်သော ဘုရားကုန်းသိုက်နှင့် ပတ်သက်၍ ထူးဆန်းမှုများနှင့် ခြောက်လှန့်မှုများကို ကျွန်ုပ်တို့မိသားစု တစ်ကြိမ်တစ်ခါမျှပင် မတွေ့မကြုံကြရပါတော့ချေ။

သမ္မေသဏ္ဌာ ထိုရာဆန္ဒ ပြည့်စုံကြပါစေး

မောင်ကထွန်း(ပုသိမ်)

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၆ ခုနှစ်၊ ဇူလိုင်လတွင် ဆူကြီးများ ဆွတ်ခူးနိုင်ပို့

ဇူလိုင်လတွင် ဖွင့်လှစ်မည့် အောင်ဘာလေထီဆုငွေများနှင့် နီးစပ်ကံထူးနိုင်ကြစေရန် **၆၊ ၁၈ ၃၊ ၂** ဂဏန်းခြေများကို **၀၊ ၎၊ ၁၊ ၁၀** အက္ခရာများနှင့် တွဲဖက်၍ ကံစမ်းပါ။

ဂဏန်းတူ အပူးအထပ် အလိုရှိပါက ထိုဂဏန်း(၄)လုံးအနက် နှစ်လုံးထက် ပို၍ပါဝင်သော ထီလက်မှတ်ကို ရွေးချယ်သင့်သည်။

မိမိတို့ မွေးလရာသီအလိုက် ကံအခွင့်အလမ်းများကို အောက်တွင် ကြည့်ပါ။

* * *

မွေးလရာသီ	ပန်း	အရောင်	အရပ်	လာဘ်ပွင့်နေ့	ဥစ္စာ	တောနက်မျက်	စပ်တူထိုးရန်	ရှောင်ရန်
ဝိသာခရာသီ ဟတ်ဂျာမဏီဂျာ	၁	နီ	အရှေ့	ပဒ္မဗူး	စပ်	ပတ္တမြား	ကြာသပတေး	အင်္ဂါ
ဗြိသဘရာသီ တိုရီဂျာမဏေဂျာ	၄	စိမ်း	မြောက်	တနင်္ဂနွေ	ရောနှော	မြင်	တနင်္လာ	ပဒ္မဗူး
မေထုန်ရာသီ မေဂျာမဏ္ဍန်ဂျာ	၆	မြ	အရှေ့တောင်	စနေ	ချဉ်	စိန်	အင်္ဂါ	စနေ
ကရကဋ်ရာသီ ဂွန်ဂျာမဏူဂျာ	၃	ပန်း	တောင်	တနင်္လာ	ခဲ	သန္လာ	ဟောကြာ	တနင်္ဂနွေ
သိဟ်ရာသီ ဒူဂျာမဏြဂျာ	၉	မြို့	အရှေ့မြောက်	အင်္ဂါ	ငန်	ကြောင်	ပဒ္မဗူး	ကြာသပတေး
ကန်ရာသီ ဆြဂျာမဏက်ဂျာ	၇	နက်	အနောက်	ဟောကြာ	ဖန်	နီလာ	ပဒ္မဗူး	ဟောကြာ
တုရာသီ ဈက်ဂျာအောက်ဂျ	၀	နက်	အနောက်	ဟောကြာ	ဖန်	နီလာ	ပဒ္မဗူး	ဟောကြာ
ဓြိဿရာသီ အောက်ဂျာမဏီဂျာ	၈	ဝါ	အရှေ့မြောက်	ပဒ္မဗူး	ရွှံဆိပ်	ဥဿဖရား	တနင်္ဂနွေ	တနင်္လာ
ဓနုရာသီ ဇီဂျာမဒီဂျာ	၃	ပန်း	တောင်	တနင်္လာ	ခဲ	သန္လာ	ဟောကြာ	တနင်္ဂနွေ
မကာရရာသီ ဒီဂျာမဏ်ဆူ	၆	မြ	အရှေ့တောင်	စနေ	ချဉ်	စိန်	အင်္ဂါ	စနေ
ကုံရာသီ ဝန်ဂျာမဏေဆ	၈	မြောက်ကျား	အနောက်ဆောင်	ကြာသပတေး	ပုဒ်ထိုး	ဂေါ်မိတ်	စနေ	ပဒ္မဗူး
မိန်ရာသီ မေဆူမဟတ်ဂျာ	၂	မြို့	အနောက်မြောက်	အင်္ဂါ	ငန်	ပုလဲ	ပဒ္မဗူး	ကြာသပတေး

ဥပမာ။ ။ မိသရာသီမွား (မတ်လ ၂၁ ရက်မှ ဧပြီလ ၂၀ ရက်အတွင်း မွေးသူ)တို့အတွက် (၁) ဂဏန်း၊ အနီရောင် အရှေ့အရပ်၊ ပဒ္မဗူးနေ့စပ်သော သမီးများနှင့် ပေါင်းစပ်၍ ကံစမ်းသင့်ပါဟု ယူဆနိုင်ပေသည်။

ဤလတွင် ထီကံထူးနိုင်ကြသူတို့မှာ သောကြာသားသမီးများ ဖြစ်ကြသည်။ တနင်္ဂနွေနှင့် ကြာသပတေးသားသမီးတို့သည်လည်း အတန်အသင့် များပြားသောဆုငွေများကို မျှော်လင့်နိုင်ကြသည်။

ထီလက်မှတ်အရောင်းဆိုင် တည်ရာနေရာကို ရွေးချယ်လိုပါလျှင်...

လေကောင်းလေသန့် ရရှိသောနေရာ၊ ကန်ရေပြင်ကျယ်အနီးနေရာ၊ လွင်ပြင်ပန်းခြံများအနီး ကုန်းမြင့်ထက်နေရာ၊ ရသေ့ရဟန်း ကျောင်းသခ်မ်းများအနီးနှင့် တရားရုံးများအနီး ရောင်းချသောဆိုင်များ၌ ရွေးချယ် ကံစမ်းသင့်သည်။

တွန်းလှည်း၊ စက်ဘီး၊ မော်တော်ယာဉ်စသည်ဖြင့် ရောင်းချသော ရွှေ့လျားထီဆိုင်များလည်း ဆုကြီးများ ဆွတ်ခူးနိုင်သည်။

ထီကံမြှင့်ယခြော် ပြုလိုပါက...

အနီရောင်ကို ဖိနပ်၊ ခြေနင်း၊ ပုဆိုး၊ ထဘီစသည်ဖြင့် အောက်ခံပြုကာ ပန်းရောင်အင်္ကျီ၊ ထီး၊ ခေါင်းစည်း ပုဝါ၊ လက်ကိုင်ပုဝါစသည်ဖြင့် အထက်ဆောင်၍ ထီကံစမ်းပါ။

အတိတ်ကံဆိုးများ ပျောက်ကွယ်၍ ရရန်ရှိသော ငွေကြေး လာဘ်လာဘများ လွယ်ကူစွာ ဝိုင်ဆိုင်ကြပါလိမ့်မည်။

ထီဆုကြီးများ ဆွတ်ခူးနိုင်ကြပါစေ

ထက်မင်းကျော်စွာ

www.burmeseclassic.com

www.burmeseclassic.com

ရဲတိုက်သူ (ဖောမိမြို့)
ခေတ္တာ နီလာကုန်းစခန်း

ရသေ့ရှင် ပြောပြသည့်

တာတ်သိမ်းခြင်း

'ဆရာတို့... ပြင်ဦးလွင်ရောက်ပြီ ဘယ်ကိုပို့ပေးရမှာလဲဗျ'

'ကျွန်တော်တို့ မိုးကြိုးပစ်ရွာကို သွားမှာပါ'

မန္တလေးမှ ပြင်ဦးလွင်သို့ ဘင်ကား အငှားစီးပြီး ရောက်လာခဲ့ကြပါသည်။ လွန်ခဲ့သော (၁၀)နှစ်တာကာလ မိတ်ဆွေဖြစ်သူ ကိုမိုးဆွေမှ တာဝန်ဖြင့် မန္တလေးသို့ရောက်ခိုက် ပြင်ဦးလွင်မြို့ နယ်ရှိ မိုးကြိုးပစ်ရွာမှ ရှမ်းတိုင်းရင်းသား အဘထံ သွားလိုကြောင်း အဖော်အဖြစ် လိုက်ပါပေးပါရန် ဖိတ်ခေါ်၍ သာ လိုက်လာခဲ့ခြင်းဖြစ်ပါသည်။

မိုးကြိုးပစ်ရွာရှိ ရှမ်းတိုင်းရင်းသား အဘအိမ်သို့ ချောချောမောမော ရောက်ခဲ့ကြပါသည်။ ရှမ်းတိုင်းရင်းသား အဘ ရောဂါဝေဒနာရှင်များအား အိမ်ဦးခန်းတွင် ဆေးကုပေးနေသဖြင့် ည့ခန်းတွင် ထိုင်ကာ ကြည့်နေမိပါသည်။

မိတ်ဆွေ ကိုမိုးဆွေက **"အဲဒါ ပယောဂကုနေတာဗျ"**ဟု ဆိုပါသည်။ အသက်(၄၅)နှစ်အရွယ် ယောကျ်ားတစ်ဦးအား ပြောနေသည်မှာ...

'အဘက ငှါးသားဖြစ်နေတဲ့ ဆရာဝါဝေဒနာကို ကုသပေးမယ်။ ငှါးသားဝိုင်တဲ့ အဃက် အိုး အိမ်၊ စည်းစိမ်၊ နာရီ အကြိုပိုမကျန် အဘကို အပ်မလား'

'အပ်ပါ့မယ်အဘ'

ရှမ်းတိုင်းရင်းသားအဘ ညာဘက်လက်ကို ဝှေ့ကာ ဝေဒနာရှင်အား ယောကျ်ား၏ ဦးခေါင်းထက် လက်သီး ဆုပ်လျက် ဟန်မာန်ပါပါ အမိန့်ပေးကာ စစ်မေးနေပါတော့သည်။

ကုရား၊ တရား၊ သံဃာတို့အား ဦးထိပ်ထားကာ ဝိဇ္ဇာပုဂ္ဂိုလ်အား တိုင်တည်ပြီး ဆေးကုသနေခြင်းဖြစ်ပေသည်။ ကျွန်တော်မှ...

'ကိုမိုးဆွေ... အဲဒီညာလက်လေးဝှေ့ပြီး လေထဲ ဆုပ်ကိုင်လိုက်တာ ဘာလုပ်တာလဲဗျ'

'ကျွန်တော်သိတာတော့ **အဲဒီလူရဲ့ တာတ်ကို သိမ်းတာဗျ**'

တာတ်သိမ်းသည်ဆိုသော စကား မကြာခဏ ကြားဖူးပါသည်။ သို့သော် မိမိဉာဏ်အသိ လိုက်၍ မမှီခဲ့ပါ။ ထို စကားရပ်အား ထိုက်သင့်သမျှ သိရန် အကြောင်းတစ်ခု ပေါ်ပေါက်ခဲ့ပါသည်။

သစ်ထုတ်လုပ်ရေး တာဝန်ဖြင့် မဟာမြိုင်တော၊ ပလွင်တောင်အရပ် ရောက်ခဲ့၍သာ ဖြစ်ပါသည်။ ငယ်စဉ်က ပင် တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ မဟာမြိုင် ခရီးသည်ကြီး စာအုပ်ကို ဖတ်ရှုမိ၍ မြန်မာနိုင်ငံရှိ ကန့်ရဆန်းကြယ်လှသော မဟာမြိုင်တောကြီးအကြောင်း စိတ်ဝင်စားမိပါသည်။

သစ်တောဝန်ထမ်း ကိုလှမြင့်၏

www.burmeseclassic.com

www.burmeseclassic.com

လမ်းညွှန်ခေါ်ဆောင်မှုဖြင့် **ဘရသေ့ ရှင်ပညာဒီပထံ** ရောက်ရှိ ဖူးမြော်ခွင့် ရခဲ့ပါသည်။ ကြည်ညိုဖွယ်ရာ်အသွင် ကြည့်လင်အေးပြသော ရသေ့ရှင်အား ဖူးမြော်ကန်တော့ရသည်မှပင် ဝမ်းသာ ဝိတိ ရရှိပါတော့သည်။

တောကြီးမြိုင်ကြီးအလယ် တစ်ဦး တစ်ယောက်တည်း သီတင်းသုံးကာ တရားရှာဖီးကြသည့် သူတော်စင်များ တကယ်ရှိပါလားဟု အံ့သြမိပြန်ပါသည်။

'ဒကာကြီးဦးလှမြင့် ညည့်သည်ပါ လာတာလား'

'တင့်ပါဘုရား... ဘရသေ့ကို ရောက်တုန်း ဝင်ကန်တော့ရင်း မိတ်ဆွေပါ ခေါ်ခဲ့တာပါ ဘုရား'

'တပည့်တော် ဦးအောင်မြတ်ပါ ဘုရား။ သစ်တောဌာနကပါ ဘုရား'

ထိုမှစ၍ ခရီးကြုံတိုင်း ဘရသေ့ထံ ဝင်ရောက် ဖူးမြော်ကန်တော့ရင်း တပည့်ရင်းပမာ ဖြစ်ခဲ့ရပါသည်။

ထူးခြားသော မဟာမြိုင် တောကြီးမှ ဝိဇ္ဇာရှင်များအကြောင်း ဗဟုသုတ မေးမြန်းရင်း စိတ်ဝင်တစားရှိခဲ့ဖူးသည့် ဓာတ်သိမ်းခြင်းသဘောအား မေးလျှောက်မိပါသည်။

'ဓာတ်သိမ်းဆိုတာ ဘယ်လိုမျိုးလဲ ဘုရား'

ရသေ့ ။။'ဝိဇ္ဇာအသိက လာတဲ့ စကားအသုံး အနှုန်းပဲ ဒကာကြီး။ ဘရသေ့ သိသလောက်တော့ ပြောပြမယ်။ ဘရသေ့မှာ ကျမ်းဂန်စာပေအသိထက် ဆရာရသေ့တွေ သင်ကြားပေးတဲ့ ထိုက်သင့်တဲ့ အသိတော့ ရှိပါရဲ့၊ **ဓာတ်သိမ်းခြင်းအမှုကို တာဝန်ယူ ဆောင်ရွက်သူဟာ အသိအတတ်ကြီးသူတွေ ပြုလုပ်တဲ့ကိစ္စရပ်ပဲ ဒကာကြီး။**

ဓာတ်သိမ်းခြင်း အမျိုးမျိုးရှိတယ်။ အတတ်ရှင်ဟာ သက်ရှိသက်မဲ့တွေကို ပါ သိမ်းယူနိုင်တဲ့ အစွမ်းထက်တဲ့ စိတ် ဖြစ်စဉ်လို့ ဆိုနိုင်တယ်။ စိတ်အတတ်ကြီးလို့ ပြောနိုင်သလို. တစ်နည်း **ကသိုဏ်းစွမ်းအားလဲ** ဖြစ်တယ်' **ဦးအောင်မြတ်**။ ။'မှတ်သား ရအောင် မိန့်ကြားပါဦး ဘုရား'

ရသေ့ ။။'လူသားတွေဟာ ဝါသနာ ဗီဇအမျိုးမျိုး ပါလာကြသလို စိတ်စွမ်းအားရှာဖွေလို သူတွေဟာလဲ ဆင်းရဲ ချမ်းသာကို စိတ် မဝင်စားဘဲ အစွမ်းသတ္တိ တကယ်ရှိတဲ့ စိတ်တန်ခိုးစွမ်းအားကို ဟိုရှေးကာလ တည်းက ရှာဖွေကျင့်ကြံခဲ့ကြတယ်။

စိတ်အကျင့် ကျင့်သူဟာ စိတ်ကို ဖြူစင်အောင် အမြဲတမ်း မွေးမြူလေ့ ကျင့်ရတယ်။ ရောင့်ရဲတင်းတိမ် တတ်ရ တယ်။ ကိုယ့်စိတ်ကို ကိုယ်ပြန်ဦးလဲ မလိမ်ရပြန်ဘူး။

အဲဒီမှာ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ မူ(၃)ရပ် အခြေခံနေတယ်။ စနစ်ကျတဲ့ လက်တွေ့အသိအတတ်တွေကို ဆရာ ရှင်တွေထံက နည်းနိဿယ အမှန်ရဖို့ လဲ လိုတယ်။

ပြောရရင်တော့ ဝိဇ္ဇာကျင့်စဉ်တွေပဲ ဒကာကြီး။ ခုပြောပြတာ ဒကာကြီး လျှောက်ထားတဲ့ တတ်သိမ်းခြင်း သဘောနဲ့ ပတ်သက်နေလို့ပဲ'

ဦးအောင်မြတ်။ ။'တင်ပါ့ဘုရား၊ မိန့်ကြား တော်မူပါဦး ဘုရား'

ရသေ့ ။။'စိတ်အကျင့် ကျင့်ကြသူဟာ ဗုဒ္ဓဘုရား ရှင်ကိုယ်တော်မြတ်ကြီးကို အာရုံထား ပြီး ဂုဏ်တော်ကို မပြတ်မွှားများကာ စိတ်ကို ကြည့်လင်အောင် ထိန်းသိမ်း ရတယ်။

စိတ်ကျင့်စဉ်မှာ အဓိက အလင်းကို အကြောင်းပြုတယ်။ အလင်းစွမ်းအား ရှင်ကြီးဖြစ်တဲ့ နေ,လ စသည်ဖြင့် စကြဝဠာတစ်ခုလုံးကို ခြုံငုံး ကြည့်ရင်း အရှ ဘရသေ့တို့နေတဲ့ ကမ္ဘာကအစ လည်ပတ်ခြင်းသဘောကို ဒကာကြီး မြင်ပါလိမ့်မယ်။

အဲဒီ လည်ပတ်ခြင်းသဘောကို အခြေခံတာမို့ ကျင့်ကြသူရဲ့ မျက်စိ အာရုံမှ မျှတတဲ့ အလင်းစွမ်းအားကို ရယူကာ လည်ပတ်ခြင်းက စတင်ကျင့် တာပဲ။

စနစ်တကျ အာရုံမှာ အလင်းစွမ်း အားကို လည်ပတ် ထိန်းကြောင်းနိုင်ပြီ ဆိုရင် ကသိုဏ်းဝန်း စတည်နိုင်ပြီ ဆိုရမှာပေါ့။ အဲဒီစိတ်စက် လည်ပတ် နေနိုင်တာကို ကိုယ်တိုင်သာပဲ အာရုံ အသိ မျက်စိအကြည့်နဲ့ မြင်နိုင်တာ၊ အမြဲမပြတ် လည်ပတ်နေတာကို ပထဝီ ကသိုဏ်းဝန်းကြီးလို့ ခေါ်တာ။

ပြောရရင် ကသိုဏ်းစိတ်စွမ်းအား ရရှိသူဟာ ကိုယ်ဟာကို အလင်းရှိသူ လို့ ထင်ကြတာ၊ ဘာကြောင့်ကျွန်ုပ်ကြသလဲ မေးရင် တကယ်စွမ်းအား သတ္တိရှိလို့သာပဲပေါ့။ အကျိုးအကြောက် ရောက်မှုရှိလို့သာ ကျင့်ကြံအားလို့

www.burmeseclassic.com

www.burmeseclassic.com

ဒကာကြီးမှတ်ပါ။

ဝိုင်ဝိုင်နိုင်နိုင် စိတ်စွမ်းအားထူးကို ရသူတို့မှသာ ဓာတ်သိမ်းတယ်ဆိုတဲ့ ကိစ္စရပ်ကြီးကို လုပ်နိုင်တယ်။

ပါးစပ်ကပြော ဟန်ပါပါနဲ့ သိမ်းနေကြပေမယ့် တကယ်စွမ်းအားရှိမှု၊ မရှိမှု ကွာခြားပြီးဆိုတာ ဒကာကြီး တွေးနိုင်ပြီမဟုတ်လား'

ဦးအောင်မြတ်။ ။'တွေးနိုင်ပြီ ဘုရား၊ လုပ်နိုင် ခဲတဲ့ အကြောင်းပါပဲဘုရား'

ရသေ့ ။။'ဒကာကြီးကို ကျေပ်ပြောပြမယ်။ ဓာတ်သိမ်းသူပုဂ္ဂိုလ်ရှင်ဟာ ရုပ်၊ နာမ်သဘာဝကို သိသလို၊ နာမ်သဘောကိုလဲ သိတယ်။ လူသာမန်မမြင်နိုင်တဲ့ နာမ်ဓိပ်အင္ဂေ့အလိုင်းကို မြင်နိုင်တယ်။

ဒါ့အပြင် အဆင့်မြင့် နာမ်ဓာတ်တွေနဲ့လဲ စကားပြောနိုင်တယ်။ ဥပမာ။ ။ ဓာတ်သိမ်းနိုင်တဲ့ ပုဂ္ဂိုလ်လူသား အတတ်ဟာ မြေကြမ်း၊ အိမ်ကြမ်း ကြမ်းတယ်ဆိုတဲ့ မြေအနှောင့်အယှက်များတယ်ဆိုတဲ့နေရာတွေကို နိုင်နင်းပြီး အနှောင့်ပယောဂတွေအပြင် အောက်နတ်တွေကို ပါနိုင်သူပဲ။

မကောင်းတဲ့ ဓာတ်လုံး အင်းစမ် အစီအရာကိုပါ ဖျက်ဆီးနိုင်စွမ်းရှိသူပဲ၊ ဓာတ်ခံမကောင်းတဲ့ လူပုဂ္ဂိုလ်တို့ရဲ့ ယုတ္တိအတတ်ကိုပါ ချက်ချင်း ဖျက်ဆီးသိမ်းပိုက်နိုင်တယ် ဒကာကြီး'

ဦးအောင်မြတ်။ ။'စိတ် စွမ်းအား တကယ် ထက်ပြီဆိုတော့ ကိုယ်တိုင်ယုံကြည်မှုရှိသွားတော့ တာပေါ့ဘုရား'

ရသေ့ ။။'ဓာတ်သိမ်း ရတာ အကြောင်းအမျိုးမျိုး ရှိတယ်။ လူတွေဟာ စိတ်စွဲလမ်းမှုတွေကြောင့် တစ်ဘဝမှ တစ်ဘဝကို ကူး

စက်သည့်တိုင် လူစွဲ၊ ဟစ္စည်းစွဲ၊ နေရာစွဲတွေရှိသလို ဘဝခြားပေမယ့် သံယောဇဉ်ကြီး မပြတ်နိုင်ကြဘူး။ ရန်ငြိုးရန်စတွေပါ ပါလာပြန်တယ်။

အဲဒီအစွဲအလမ်းတွေဟာ ကောင်းသည်၊ မကောင်းဆည် မမြင်တော့ဘူး။ ဘုရားတည် ကျောင်းဆဲဆက်တာက အစ နေရာအစွဲကြောင့် အနှောင့်အယှက်လိုက်ပေးတော့တာ။ ဒါတွေကို ဖယ်ရှားရှင်းလင်းပေးနိုင်သူဟာ **''ကသိုဏ်း အတတ်ရှင်၊ စိတ်တန်ခိုးရှင် ဓာတ်သိမ်းသူ''**ပဲ ဒကာကြီး'

ဦးအောင်မြတ်။ ။**'လူ ပုဂ္ဂိုလ်ချင်း ဓာတ်သိမ်း တာကရောဘုရား'**

ရသေ့ ။။'အချို့ လူပုဂ္ဂိုလ်တွေဟာ မမြင်နိုင်တဲ့ လောကီအတတ်တွေ လွဲမှားစွာ တတ်မြောက်နေကြတယ်။ အဲလို တတ်နေတာကို မိမိအတတ်ကို အထင်ကြီးနေကြပြန်တယ်။

ပြောရရင်တော့ ဗုဒ္ဓရှင်ရဲ့ လမ်းစဉ်နဲ့ သွေဖည်ပြီး မကောင်းတဲ့အတတ်တွေ ရှိနေသူမို့ လမ်းကြောင်းမှန်ပေါ် ရောက်အောင် ထိုလူသားပုဂ္ဂိုလ်ရဲ့ စိတ်သဏ္ဌာန်ကို ချုပ်ကိုင်ထိန်းသိမ်းလိုက်တာပဲ'

ဦးအောင်မြတ်။ ။'တင်ပါဘုရား ဓာတ်သိမ်းတယ် ဆိုတာ ပုဂ္ဂိုလ်တိုင်း၊ ဆရာတိုင်းအတွက်မဟုတ်ဘူးပေါ့ဘုရား'

ရသေ့ ။။'အမှန်ပဲ ဒကာကြီး၊ တကယ်ကို ဘဝအဆက်ဆက် ပါရမီအရင်းခံကြောင့် ကျင့်စဉ်စခန်းပြီးမြောက်သူ ပုဂ္ဂိုလ်ရှင်ကြီးတွေသာ ဓာတ်သိမ်းနိုင်သလို တကယ်လဲ အစွမ်းကြီးလှတယ်။

ဒါဆို ဒကာကြီး ဓာတ်သိမ်းတယ် ဆိုတဲ့သဘောကိုထိုက်သင့်သလောက် သဘောပေါက်ပြီလား။

အဲဒါကြောင့် တကယ်အစွမ်းထက်တဲ့ စိတ်အတတ်ဖြစ်တဲ့ ဓာတ်သိမ်းတယ်စကားကို လူတွေအတော်များများ ပြောကြတာပဲဒကာကြီး။ **အမှန်တော့ ဆရာရှင်ပုဂ္ဂိုလ်ထွေရဲ့ ဟိတ်ကို ယူနေကြတာပဲ'**

စဉ်းစားမိပါသည်။ ဓာတ်သိမ်းခြင်း ဆိုသည့်စကားတွင် တာဝန်ခံခြင်း၊ တာဝန်ယူခိုင်းခြင်းများ ရှိနေခဲ့ပြီး တကယ်သိ၊ တကယ်တတ်မြောက်သူတို့အတွက်သာ ဖြစ်ပေလိမ့်မည်။

စိတ်တန်ခိုးရရှိသူသည် လူအများကောင်းကျိုး ဖြစ်ထွန်းရန်အတွက်သာ ဝင်ရောက်တာဝန်ယူ ကယ်တင် ရှင်းလင်းပေးခြင်းသာ ဖြစ်ပေလိမ့်မည်။

အမှန်တကယ် လောကီစည်းစိမ်ချမ်းသာကို ရယူသိမ်းပိုက်ခြင်း မဟုတ်နိုင်ပါဟု တွေးရင် ဘရသေ့ရှင်ပညာဒီပအား ဦးခိုက် ကန်တော့မိပါတော့သည်။

ကျေးဇူးတော်ရှင် မဟာဓာတုမိဖြိုင် ဆရာတော်ကြီးအား အာရုံဖြင့် ဦးခိုက်လျက်...

ရဲမျိုးသူ(ဓာတုမိဖြိုင်)
ခေတ္တနိလာကုန်းစခန်း

www.burmeseclassic.com

www.burmeseclassic.com

အိမ်အိုကြီးမှာ

ထူးခြားအိပ်မက်များ

ကိုစန်း



လူ့ဘဝတစ်လျှောက်လုံး အိပ်မက် မမက်ဘူးသူဟူ၍ ရှိလိမ့်မည်မဟုတ်ပါ။

စာရေးသူဆိုလျှင် အိပ်မက်ယဉ် သည်ဟု ဆိုနိုင်ပါသည်။ အကြောင်းမှာ တစ်ရက်ခြား၊ နှစ်ရက်ခြား အိပ်မက် မက်တတ်သလို ညစဉ်မက်သည့်အခါ များလည်း ရှိပါသည်။

တစ်ညတည်း အများအစားမတူ သော အိပ်မက် သုံး၊ လေးများလည်း မက်ခဲ့ဖူး၏။ ရံဖန်ရံခါ နေ့လယ်ပိုင်းတွင်ပင် မက်တတ်လေသည်။ အချို့ အိပ်မက်တွင် ဖြစ်ပြီးအကြောင်းများ ပါဝင်နေတတ်သလို မဖြစ်ဘူးသေး သည့်အကြောင်းများလည်း ပါဝင်တတ် သည်။

အိပ်မက်တွင် သိကျွမ်းဖူးသည့် ဆွေမျိုးမိတ်သင်္ဂဟများနှင့် တွေ့ကြုံဖြစ်ပျက်သည့် အကြောင်း များလည်း ပါ၏။ တစ်ကြိမ်တစ်ခါမျှ မသိမြင်ဘူးသည့်သူများနှင့်လည်း တွေ့ ကြုံရတတ်သည်။

စာရေးသူ တစ်သက်တာ မက်ခဲ့ဖူး သည့် အိပ်မက်များအနက် ယခုချိန်ထိ ထူးထူးခြားခြား အမှတ်ရနေဆဲ အိပ် မက်နှစ်ခုရှိပါသည်။

တစ်ခုမှာ ယခင်က လုံးဝမရောက် ဘူးသည့် အရပ်ဒေသကို သွားရသည် ဟု မက်၏။ များမကြာခင် အိပ်မက်ထဲ မှ အရပ်ဒေသသို့ ရောက်သွားခဲ့သည်။

ဘယ်အချိန်က ရောက်ဖူးပါလိမ့်ဟု စဉ်းစားသော်လည်းမရ၊ မရောက်ဘူး သည်မှာ သေချာသော်လည်း လမ်း များ၊ အဆောက်အအုံများ၊ သစ်ပင်ကြီး များကို ကောင်းစွာ မှတ်မိနေ၏။

အထပ်ထပ်စဉ်းစားလေ့မှ အိပ်မက် ထဲတွင် ရောက်ဖူးသည့် အရပ်ဒေသ ဖြစ်နေသည်ကို တအံ့တသြ အမှတ်ရ တော့သည်။

နောက်အိပ်မက်တစ်ခုတွင်မူ စာရေး သူကိုယ်တိုင် ကွယ်လွန်သွားသည်ဟု မက်၏။ စာရေးသူအား မြေမြှုပ်သင်္ဂြိုဟ် ကြ၏။ အသုဘပို့ဆောင်သူများ ပြန် သွားပြီးနောက် တစ်ဦးတည်း မြေပုံ အနီးတွင် ကျန်ခဲ့၏။

ဝမ်းနည်းရကောင်းမှန်းမသိ၊ နေအိမ် သို့ ပြန်ရန်လည်း သတိမရ၊ လက်ထဲ တွင်မူ ဇနီးသည် ထည့်ပေးလိုက်သည့် ထမင်းချိုင့်ကလေးအား ကိုင်လျက်။

ထိုနေ့ ညနေစောင်းအချိန် မြုပ်နှံ ထားသော မြေပုံပေါ် ထိုင်၍ ထမင်းစား နေစဉ် အနီးရှိ အင်ကြင်းပင်ပေါ်မှ နာနာဘာဝများ ဆင်းလာပြီး ထမင်း ချိုင့်ကို လုမည့်ဟန်ပြင်၍ အော်ဟစ် မောင်းထုတ်ရာမှ လန့်နိုးခဲ့လေသည်။

ထို့အတူ အများသူငါတို့သည်လည်း ထူးခြားဆန်းပြားသော အိပ်မက်များ မက်ဖူးကြပါလိမ့်မည်။ စာရေးသူ၏ သမီးငယ်မက်သော အိပ်မက်သည် လည်း တစ်မူထူးခြားသည်ဟု ဆိုနိုင်ပါ သည်။

သူမ၏ အိပ်မက်တွင် မကြာခဏ ပါဝင်နေသော ဟိုဂျိလ်သည် ပြီးခဲ့သော ဘဝက ပဋ္ဌာန်းဆက်ရှိသူပေလော၊ သို့ တည်းမဟုတ်...

* * *

စာရေးသူ၏ အိမ်ထောင်စုတွင် အားလုံးပေါင်းမှ သုံးယောက်တည်း သာ ရှိသည်။ စာရေးသူ ဇနီးဖြစ်သူ ဒေါ်ညိုဝင်းနှင့် သမီးငယ် သင်းသင်း ထိုက်တို့ ဖြစ်၏။

စာရေးသူတို့မိသားစုသည် **ပဲခူး တိုင်းဒေသကြီး သာယာဝတီမြို့နယ် ရှိ ဓမ္မရပ်မြေ သစ်ရာကုန်းရွာမှ** အကြောင်းအမျိုးမျိုးကြောင့် ၂၀၀၁ ခုနှစ်၊ မေလတွင် မင်းလှမြို့သို့ ပြောင်း ရွှေ့ခဲ့ကြပါသည်။

မင်းလှမြို့အရောက်တွင် လက်တလောအားဖြင့် အိမ်ငှားနေထိုင်ကြ ရန် စီစဉ်ကြပြီး မိတ်ဆွေတစ်ဦး၏

www.burmeseclassic.com

www.burmeseclassic.com

အကူအညီဖြင့် တောင်ဘက်မြို့သစ် (...)လမ်းရှိ အိမ်တစ်အိမ်အား ငှားရမ်းနေထိုင်ခဲ့ကြ၏။

အိမ်မှာ အိမ့်အိုကြီးတစ်လုံးဖြစ်ပြီး စာရေးသူတို့မိသားစုအနေဖြင့် ဆိုလျှင် လိုအပ်သည်ထက် ပိုမို ကျယ်ဝန်းသည်ဟု ဆိုရပါမည်။

အိမ်ကြီးမှာ အခြားတစ်နေရာမှ ပြောင်းရွှေ့ ဆောက်လုပ်ထားဟန်ရှိ၏။

တိုင်လုံးကြီးများ ဆင့်၊ ခါးပန်း ထုပ်၊ လျောက်၊ ဒိုင်းမြားများမှာ ထုကြိုး ထည်ကြိုးများ ကြီးမားသဖြင့် ယခု ခေတ်အချိန်အခါမျိုးတွင် မည်သို့မျှ မရနိုင်သည့် သစ်ကြီးပါးကြီး (ဆိုဗင်ကြီး) များဖြစ်သည်။

အိမ်ပုံစံမှာ အများသူငါလို အိမ်မျိုး မဟုတ်၊ အိမ်အကြောင်း ကောင်းစွာ နားမလည်၍ တိတိကျကျ မပြောနိုင် သော်လည်း တစ်မူထူးခြားသော အိမ်ပုံစံမျိုးဟုသာ ပြောပြတတ်ပါမည်။ **ထူးခြားသည်မှာ အဆိုပါ အိမ်ကြီးတွင် ဘုရားကျောင်းဆောင် မရှိခြင်းပင်**။

ထိုအိမ်သို့ရောက်ပြီး နေထိုင်စတွင် အနီးဝန်းကျင်ရှိသူများမှ စာရေးသူတို့အား ကြည့်ပုံမှာ ထူးခြားသည်ဟု ထင်ရသည့်ပြင် တစ်ခုခု ပြောလိုဟန် ရှိကြ၏။

သို့သော်လည်း မျိုသိပ်ထားပုံရသည်ဟု ထင်မြင်မိပါသည်။ ဘာအကြောင်းဟုတော့ မခန့်မှန်းနိုင်ပါ။ (၆)လခန့်အကြာတွင် အနောက်ဘက် နေအိမ်မှ စိန်စိန်ဆိုသူ ကလေးမနှင့် မိသားစုပမာ ရင်းနှီး ကျွမ်းဝင်ခဲ့သည်။ တစ်နေ့ စိန်စိန်မှ...

'လေးလေးနဲ့ မမကို မိဘတွေလို အောက်မေ့လို့ ပြောရဦးမယ်'

ဟု စကားစလာပါသည်။

'ဆိုစမ်းပါဦး ဘာအကြောင်းများလဲ'

'သမီးတို့ ဒီရပ်ကွက်ထဲရောက်တာ (၈)နှစ်လောက်ရှိပြီ၊ လေးလေးတို့ မရောက်ခင်က ဒီအိမ်ကြီးမှာ မိသားစု သုံးစု ပြောင်းပြီး နေထိုင်ဖူးတယ်။ သိပ်ပြီး ကြာကြာ မနေနိုင်ကြဘူး။

ပထမမိသားစုက (...)ဌာနက ဝန်ထမ်းမိသားစုတွေ (၆)လလောက်ပဲ နေပြီး ပြောင်းသွားကြတယ်။ သိရသလောက်တော့ နေ့လယ်ပိုင်းမှာ တောင် မည်းမည်းအရိပ်ကြီးတစ်ခုကို ရိပ်ခနဲ ရိပ်ခနဲ မကြာခဏ တွေ့ရသတဲ့။

အဲဒါနဲ့ မနေရဲလို့ ပြောင်းသွားကြ တာ၊ နောက်ပြောင်းလာတဲ့ မိသားစုကြ တော့ တစ်နှစ်နီးပါးလောက် နေသွား ကြတယ်။

အဲဒီမိသားစုက အိမ်မှာ အရက် ရောင်းကြတယ်။ ရန်ကလဲ ဖြစ်သလား မမေးနဲ့၊ ဝုန်းဒိုင်းကို ကြနေတာပဲ။ သမီးနဲ့ မအေနဲ့ ဖြစ်လိုက်၊ လင်မယား ချင်းဖြစ်တာက တစ်မျိုး၊ ရန်မဖြစ်တဲ့ နေ့ရယ်လို့ မရှိဘူး လေးလေးရယ်၊

ဒီအနားက လူတွေဆို စိတ်ကို ညစ်နေတာပဲ။ အပြောအဆိုကလဲ တစ်အိမ်သားလုံး ကြမ်းမှ ကြမ်း။ သမီး တို့ဖြင့် အတော်သည်းခံနေရတယ်။

အဲဒီမိသားစု တစ်နှစ်လောက်နေပြီး ဒီအိမ်မှာ စီးပွားရေးလုပ်လို့ မရဘူး၊ ရှိတာလေးတွေ ကုန်တော့မယ်၊ အိမ် အကျိုးမပေးဘူးဆိုပြီး ပြောင်းသွားကြ တယ်။

နောက်ဆုံးရောက်လာတဲ့ မိသားစု က သုံးယောက်တည်းပဲ ရှိတယ်။ မိန်းမ သားတွေချည်းပဲ။ အဲဒီမိသားစု ကတော့ အေးကြပါတယ်။ ရှိပူနီးတောင် မသိရဘူး။

သမီးအကြီးမက စေ့းရောင်းတယ်။ အငယ်မက မူလတန်းပြဆရာမလေး၊ တစ်နေကုန် အဘွားကြီးတစ်ယောက်ပဲ အိမ်မှာရှိတာ၊ (၅)လလောက်ကြာ တော့ ဘယ်လိုဖြစ်တယ် မသိဘူး အဘွားကြီး အကောင်းသားကနေ စိတ်ဖောက်ပြန်သွားတယ်။

(၂)လလောက်ကြအောင် ဆရာနဲ့ ကျိတ်ပြီး ကုနေသေးတယ်။ နောက် တော့ ပိုဆိုးလာလို့ ဆွေမျိုးတွေရှိတဲ့ ရွာကို ပြောင်းသွားကြတယ်။ အဲဒီ နောက် ဘယ်သူမှ မနေတော့လို့ ပိတ် ထားရတာ သုံးနှစ်လောက်ရှိပြီ'

စိန်စိန်၏စကားကြောင့် စာရေးသူ ၏ဇနီးနှင့် သမီးတို့ မျက်လုံးပြူးမျက် ဆန်ပြူးဖြစ်နေကြ၏။

ဘယ်လိုလဲဆိုသည့် သဘောဖြင့် စာရေးသူကို မော့ကြည့်နေကြသည်။ စာရေးသူ မမြင်ယောင်ဆောင်ပြီး စိန်စိန်အား...

'အဲဒီတော့...'

'လေးလေးတို့ရော ဘာမှ မထူးခြားဘူးလား သမီးကတော့ လေးလေးတို့နဲ့ မိသားစုလို ဖြစ်နေပြီဆိုတော့ အရင်လူတွေလို ဖြစ်မှာ စိုးတယ်'

'ဘာမှ ထူးခြားမှုမရှိပါဘူး၊ တို့ မိသားစုက ဟိုးအရင်ကတည်းက ဝတ် မပျက် ဘုရားမှန်မှန်ရှိခိုး မေတ္တာပို့၊ အမျှဝေနေလို့လားမသိဘူး။ ဘာမှ ထူးခြားတာ မတွေ့ရဘူး'

'ကောင်းပါတယ် လေးလေးရယ်၊ လူအနေအထိုင်နဲ့ စိတ်သဘောထား လဲ ကွာတာ ပါ,ပါလိမ့်မယ်။ ဒါပေမယ့် ခြံထဲက ထူးခြားမှုကတော့ သမီးကိုယ် တွေ့ပဲ'

'ပြောပါဦး'

'သမီး ဒီရောက်စက္ကဲ့ အိပ်မက်,မက် ဖူးတယ်။ အိပ်မက်ထဲမှာ ဟိန္ဒူလူမျိုး ကုလားမလေးတစ်ယောက် သမီးဆီ ရောက်လာတယ်။ ဆာရီနီနီလေး ခြုံ ထားတာ သိပ်လှတာပဲ အသက်(၂၀) လောက် ရှိမယ်ထင်တယ်။ သမီးကို ခင်လို့ သူတို့ဆီလိုက်လည်ဖို့ ခေါ်တယ်။ သမီးကလဲ လိုလိုချင်ချင်ပဲ ထလိုက် သွားတယ်။ ကောင်မလေးက သမီး လက်ကိုဆွဲပြီး လေးလေးတို့ ခြံ အနောက်တောင်ထောင့်အရပ်ကို ခေါ် သွားတယ်။

အဲဒီနားရောက်တော့ အပြင်မှာ

www.burmeseclassic.com

www.burmeseclassic.com

တကယ်မရှိတဲ့ တွင်းပေါက်အကြီးကြီး တစ်ခုတွေ့ရတယ်။ တွင်းဝမှာ အောက်ကိုဆင်းတဲ့ အုတ်လှေကားထစ်တွေ တွေ့တယ်။

သမီးတို့နှစ်ယောက် လှေကား အတိုင်း တော်တော်လေး ဆင်းသွား တော့ နောက်ဆုံး ခန်းမကျယ်ကြီးတစ်ခု တွေ့ရတယ်။

နန်းတော်ဆောင်ကြီးများလား မှတ် ရတယ်။ မီးထွန်းထားတာ မတွေ့ရပေ မယ့် နေ့ခင်းကြောင်တောင်လို လင်း ထိန်နေတာပဲ၊ ခန်းမကြီးကလဲ ကြီး ကျယ်သလောက် အရမ်းခမ်းနားတာပဲ၊ တိုင်လုံးကြီးတွေ၊ ညောင်စောင်းတွေ၊ ထိုင်ခုံတွေနဲ့ အသုံးအဆောင်မှန်သမျှ ရှေးတွေချည်းပဲ။

ဘယ်နေရာကြည့်ကြည့် အရောင် တလက်လက်နဲ့ ဒါပေမယ့် လူတစ် ယောက်မျှ မတွေ့ရဘူး။ ကောင်မလေး က သမီးကို အခန်းတော်တော်များများ ကို လိုက်ပြတယ်။

ပြသရွေ့ အံခန်းတွေထဲမှာ ရွှေဇင်း တွေ၊ လက်ဆောင်လက်စား စိန်ရွှေရတနာ တွေဆိုတာ နည်းမှတ်လို့ အံ့သြဖို့ ကောင်းတာက အဲဒီပစ္စည်းတွေကို သမီး လိုချင်တပ်မက်စိတ် နည်းနည်း လေးမှ မရှိတာဘဲ။

အခုနေသာဆို ဘယ်ရမလဲ၊ အနည်းဆုံး ကောက်ပြီးကိုင်တော့ ကြည့်မိမှာပဲ။ အဲဒီလို လိုက်ကြည့်နေ တုန်း ဝတ်ဖြူစင်ကြယ် ဝတ်ထားတဲ့ အသက်(၈၀)ကျော်လောက် အဘကြီး တစ်ဦး ရောက်လာပြီး သမီးကို ပြန်ပို့ ပေးဖို့ ပြောတယ်။

ကောင်မလေးကလဲ ခေါင်းညိတ်ပြ ပြီး **''လာ... နောက်မှ တစ်ခါလာ ခေါ်ဦးမယ်''** ဆိုပြီး ပြန်ပို့ပေးတယ်။ တွင်းဝကို မရောက်ခင်မှာဘဲ သမီး လန့်နိုးသွားတယ်။ အိပ်ရာနိုးတော့ ကြောက်စိတ်လုံးဝမရှိတာ အံ့သြမိ တယ်။ ဘာမှ မဖြစ်သလိုဘဲ'

'နောက်ကော ရောက်သေးလား'

'ဟင့်အင်း နောက်ပိုင်း အဲဒီလိုတစ်ခါမှ ယက်တော့ဘူး။ အဲဒီအကြောင်း သမီးတို့ ဆရာတော်ကို လျှောက်တော့ "ဥစ္စာသိုက်" လို့ ပြောတယ်။

ဘယ်လိုမှ မဖြေပဘူး၊ ကိုယ်နဲ့ မဆိုင်သလို နေပါ၊ ဖေဖေ့ဘက်ပါလို့ ပြောပြီး လက်ဖွဲ့ပေးတစ်ခု လုပ်ပေးတယ်'

ဆိုကာ လည်ပင်းတွင် ဆွဲထား သော လက်ဖွဲ့အား ထုတ်ပြပြီး ဆက် ပြန်ပါသည်။

'နောက်ပြီး လေးလေးတို့ ခြံအရှေ့ မြောက်ထောင့်က အုန်းပင်အောက်မှာ ည(၁၀)နာရီလောက်ဆို ဝတ်ဖြူ စင်ကြယ်နဲ့ ဖိုးသူတော်တစ်ပါး ရပ်နေ တာ နှစ်ကြိမ် မြင်ခဲ့ဖူးတယ်။ ဘာလဲ တော့ မသိဘူး'

စာရေးသူ အတွေးပွားရပါပြီ။ စိန်စိန် ပြောပြချက်အရ အိမ်တွင်းမှာရော ခြံ တွင်းမှာပါ အစောင့်အရှောက် သို့ မဟုတ် မမြင်အပ်သော ပုဂ္ဂိုလ်များရှိ ပေလိမ့်မည်။

ယခင်က နေသူများ ကြာကြာမနေ နိုင်ဘဲ အ ကြောင်းအမျိုးမျိုးကြောင့် ပြောင်းရွှေ့သွားကြရသည် မှန်သော် လည်း စာရေးသူတို့မိသားစုအား တစ်စုံ တစ်ရာ အရိပ်အယောင် မပြသလို အန္တရာယ်မပေးသည်မှာတော့ အမှန် ပင်။

မည်သို့ ကွာခြားမှုရှိနေသနည်း၊ ဘာကြောင့်ပါနည်း။ သည်ကြားထဲ ဇနီးနှင့် သမီးဖြစ်သူတို့က ဆက်မနေရဲ တော့သဖြင့် အခြားအိမ်တစ်အိမ် ရှာ ရန် တောင်ဆိုလာကြပြန်သည်။ထို့ ကြောင့် အမြန်ဆုံး ရှာပေးပါမည်ဟု နှစ်သိမ့်ထားခဲ့ရလေသည်။

ဇနီးနှင့် သမီးသာမဟုတ် စာရေးသူ ကိုယ်တိုင် ထိုအိမ်ကြီးတွင် နေရသည် မှာ မွန်းကျပ်သလိုရှိသဖြင့် နောက်ထပ် အိမ်ရှာသော်လည်း တော်တော်နှင့် အဆင်မပြေ။

ထို့ကြောင့် မိသားစုအား ရတနာ သုံးပါးကိုသာ အပြဆည်းကပ် နှလုံး သွင်းရန် သဘောပေါက်အောင် ရှင်းပြ ပြီး ခါတိုင်းထက် ဘာသာရေးဘက် တွင် အာရုံစိုက်၍ အိမ်တွင်းအိမ်ပ၊ ခြံတွင်းခြံမှ မြင်အပ်မြင်အပ် ပုဂ္ဂိုလ် များအား လေးလေးနက်နက် မေတ္တာ ပို့သကာ သင်တို့ကို ကျွန်ုပ်တို့မှ အနောင့် အယှက်မပေးသလို ကျွန်ုပ်တို့မိသားစု ကိုလည်း အနောင့်အယှက် မပေးဘဲ လွတ်လပ်စွာ နေထိုင်ကြရန် မေတ္တာ ရပ်ခံခဲ့ပါသည်။

ထိုသို့ မေတ္တာရပ်ခံချက်ကြောင့်ပဲ လားမသိ၊ ထူးခြားမှု တစ်စုံတစ်ရာ မတွေ့ရပေ။ ထို့ကြောင့်လည်း နောက် ထပ် အိမ်ရှာရန် တောင်းဆိုကြသည့် ဇနီးနှင့် သမီးဖြစ်သူတို့၏ အရေးဆိုသံ များလည်း တဖြည်းဖြည်း ငြိမ်သက် သွားလေသည်။

ထိုသို့ နေလာရာမှ တစ်နှစ်ခန့် အကြာတွင် သမီးဖြစ်သူမှ ထူးဆန်း သော အိပ်မက်တစ်ခု မက်ကြောင်း ပြောပြပါသည်။ အိပ်မက်ထဲ၌ သူမ သည် အိမ်ရှေ့ကွက်လပ် (ခြံအတွင်း) တွင် အမျိုက်များ မီးရှို့နေစဉ် အိမ်ရှေ့ ခြံဝပေါက်ဝမှ...

'သမီးရေ...သမီးရေ'

ဟု ခေါ်သံကြားသဖြင့် လှမ်းကြည့် ရာ အထက်အောက် ပိတ်ဖြူဝတ်ဆင် ထားသည့် အသက်(၈၀)ကျော်အရွယ် ဟိန္ဒူလူမျိုး အဘိုးအိုတစ်ဦးကို တွေ့ရ

www.burmeseclassic.com

www.burmeseclassic.com

သည်ဆို၏။

အဘိုးအိုမှာ ဖြူဖွေးနေသည့် ဆံပင်များအား နောက်စေ့တွင် ထုံးထားပြီး မုတ်ဆိတ်ကျင်စွယ်များကလည်း ရင်ဘတ်တစ်ခုလုံး ဖုံးအုပ်နေသည်အထိ ရှည်လျားသည်တွေ့ရ၏။

အဘိုး၏ ဦးခေါင်းထက်တွင် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ စံပယ်လျက်ရှိသည့် ရွှေရောင်တဖိတ်ဖိတ်တောက်နေသော ကျောင်းဆောင်တစ်ခု ရွက်ထားသည်ကိုလည်း တွေ့ရသည်။

အဘိုး၏ပုံသဏ္ဌာန်မှာ သူတော်စင်တစ်ဦးဟု ယုံကြည်ရသဖြင့် ''အဘိုး ဝင်ခဲ့ပါ'' ခေါ်လိုက်ရာ ခြံတံခါးဝမှ ဝင်လာခဲ့သည်။ အနီးသို့ရောက်မှ အဘိုး၏ အခြားလက်တစ်ဖက်တွင် ရွှေ ငါးကြင်းကြီးနှစ်ကောင် ပါလာသည်ကို တွေ့ရသည်ဆို၏။

အဘိုးမှ ငါးနှစ်ကောင်ကို မီးကင်ပြီး တစ်ကောင်ကို ဘုရားရှင်ထံ ကပ်လှူ၍ ကျန်တစ်ကောင်ကို ''တို့မြေးအဘိုး စားကြတာပေါ့'' ဆိုကာ စားကြကြောင်း။ ငါးကင်မှာ မွှေးကြိုင်ပြီး အထူး အရသာရှိလှကြောင်း။ ငါးကင်စားပြီးနောက် အဘိုးသည် ကျောင်းဆောင်ကို ရွက်လျက်၊ လမ်းအတိုင်း အနောက်ဘက်သို့ တရွေ့ရွေ့ ပြန်သွားသည်ကို မြင်မက်ကြောင်း ပြောပြပါသည်။

သမီး၏အိပ်မက်နှင့် ပတ်သက်၍ စာရေးသူ မည်သို့မျှ အဓိပ္ပါယ် မကောက်ယူတတ်ပါ။ ဇနီးဖြစ်သူကမူ ဂဏန်းနိမိတ်ကောက်ယူခဲ့၏။

သို့သော် စာရေးသူတို့မိသားစုမှာ အစိုးရမှ ဖွင့်သည့် အောင်ဘာလေထီကိုပင် ထိုးလေ့မရှိသဖြင့် ဇနီးသည်ကိုယ်တိုင် ကောက်ယူသော နိမိတ်ဂဏန်းအား အလေးမထားဘဲ ကိုယ်နှင့် မဆိုင်သလို နေခဲ့ကြသည်။

ထိုနေ့ ညနေ(၄)နာရီကျော်ခန့်တွင် ဇနီးသည်၏ အတိတ်ကောက် ဂဏန်းမှန်ကန်ကြောင်း ကြားရသိတော့သည်။

ထို့နောက် (၂)လခန့်အကြာတွင် သမီးဖြစ်သူမှ ဟိန္ဒူ အဘိုးအိုအား အိပ်မက်မက်ပြန်လေသည်။ အဘိုးသည် ယခင်တစ်ခေါက်ကဲ့သို့ ဘုရား ကျောင်းဆောင်ကို ရွက်လျက် ခြံဝသို့ရောက်လာ၏။

သမီးမှ အဘိုးလာလေဟု ခေါ်၍ ခြံထဲသို့ဝင်လာကာ ပါလာသည့် သီးမွှေးငှက်ပျောသီး နှစ်လုံးအနက် တစ်လုံးကို ဘုရားရှင်အား ကပ်လှူ၍ တစ်လုံးကို သမီးအားပေးပြီး စားခိုင်းသည်ဟု မက်ပြန်လေသည်။

ထိုအခါတွင်လည်း ဇနီးဖြစ်သူမှ အတိတ်ဂဏန်းကောက်ပြန်ရာ ထိုနေ့ညနေတွင် မှန်ကြောင်း ကြားသိရပြန်သည်။ သို့သော် စာရေးသူတို့ မိသားစုများမှာ ကိုယ်နှင့် မဆိုင်သလို ပင် နေခဲ့ကြသည်။

ထိုသို့ သမီးဖြစ်သူမှ ဟိန္ဒူအဘိုးအား မကြာခဏ အိပ်မက်မက်နေသည့်ကြားမှ ဇနီးဖြစ်သူကလည်း တစ်ညတွင် အသက်(၁၂)နှစ်ခန့် အရွယ် ဟိန္ဒူကလေးမလေး တစ်ယောက် ရောက်လာပြီး သူမ၏ ကျောပြင်နှင့် ထိအောင်ကပ်လျက် ဝင်အိပ်ကြောင်း...

''ဘယ်က လာသလဲ''ဟု မေးရာ **''ချမ်းသာ ချမ်းသာ''**ဟု သီချင်းဆိုကာ ကပြပြီး ထွက်သွားကြောင်း။ နောက်များမကြာမီ အိမ် အလယ်ခန်းတွင် အသက်(၅၀)ခန့်ရှိ ဟိန္ဒူအမျိုးသမီးတစ်ဦး အဝါရောင် ရွှေချည်ထိုးဆာရီကို ဝတ်ကာ ဝတ်ကာ ကနေရာမှ သူမကို ဆာရီဖြင့် အုပ်လိုက်သည်ဟု မြင်မက်ကြောင်း ပြောပြန်ပါသည်။

ကြာတော့ တစ်ခါက စိန်စိန်ပြောပြဖူးသော ဥစ္စာသိုက်နှင့်များ ပတ်သက်နေမည်လားဟု သမီးနှင့် ဇနီးအတွက် စိုးရိမ်ပူပန်လာမိတော့သည်။ သို့သော် စာရေးသူ၏အတွေးကို ဇနီးနှင့် သမီးအား ဖွင့်မပြောဘဲ ဘာသာရေးအလုပ် ကိုသာ စူးစူးစိုက်စိုက်လုပ်ပြီး မေတ္တာပို့ အမျှဝေခြင်းကို တွင်တွင်ကြီး အားစိုက် လုပ်နေမိပါသည်။ ထို့ကြောင့်ပင် ထင်ပါသည်။ နောက်ပိုင်းကာလများတွင် ဟိန္ဒူလူမျိုးများနှင့် ပတ်သက်သည့် အိပ်မက်များမက်သည်ဟု မကြားရတော့ပေ။

ထိုအိမ်ကြီးတွင် နောက်ထပ် နှစ်, နှစ်ခန့် နေထိုင်ပြီးနောက် လက်ရှိ နေထိုင်ရာလမ်းနှင့် (၇)လမ်းကျော်မှ အိမ်တစ်လုံးနှင့် အရောင်းအဝယ်တည့်သဖြင့် ဝယ်ယူပြောင်းရွှေ့ခဲ့ကြပါသည်။

အိမ်သစ်သို့ ပြောင်းရွှေ့ရောက်ရှိပြီး လူသစ်စိတ်သစ်ဖြင့် ပေါ့ပါး ရွှင်လန်းစွာ နေထိုင်၍ လေးနှစ်ခန့်အကြာတွင် ဟိန္ဒူအဘိုးအို ရောက်ရှိလာပြန်သည်ဆို၏။

သမီးဖြစ်သူမှ ခါတိုင်းကဲ့သို့ အဘိုးလာလေဟု မခေါ်ဘဲ မေတ္တာပို့ အမျှပေးဝေလိုက်သဖြင့် ညှိုးငယ်သောမျက်နှာနှင့် နေ့ကွေးစွာ အနောက်တက်သို့ ပြန်သွားကြောင်း ပြောပြ သိရပါသည်။

ထိုနေ့မှစ၍ ယနေ့ထိ ဇနီးဖြစ်သည်လည်းကောင်း၊ သမီးဖြစ်သူလည်းကောင်း ဟိန္ဒူလူမျိုးများနှင့် ပတ်သက်သည့် အိပ်မက်များ မမက်တော့ပေ။

ထိုအတူ စာရေးသူတို့ လေးနှစ်ကျော်ကြာအောင် နေထိုင်ခဲ့ဖူးသည့် ထူးခြားမှုများနှင့် အိမ်အိုကြီးမှာလည်း နေရသူမရှိသဖြင့် ယခုအချိန်ထိ သော့ခလောက်တန်းလန်းနှင့် စံပြန်းနေရဆဲ ဖြစ်ပါကြောင်း...

ကိုစနေ

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ဒွန္ဒစ် ဌလိုင်လ

ကျန်းမာရေး အတွက်

အကြံပေးချက်

✦ ဇလိုင်လတွင် မိဿရာသီဖွား(မတ်လ ၂၁ ရက် မှ ဧပြီလ ၂၀ရက် အတွင်း မွေးသူ)တို့သည် ပထဝီဓာတ်စာကို အားပြုစားသုံး၍ အာပေါဓာတ်စာများကို လျှော့ပေါ့ရှောင်ကြဉ်ပါ။

✪ ပထဝီဓာတ်စာများ ။ ။ ကြက်၊ ချိုး၊ ခါ၊ ဆတ်၊ ချေ၊ သမင်၊ ဒရယ်၊ ဆိတ်၊ ဝက်ပေါင်သား၊ အမဲ(နွားသား)သား၊ ဖွတ်၊ ပုတာတ်၊ လင်းမြွေသား၊ စပါးကြီးမြွေသား၊ ပုရစ်၊ ပလူး၊ ဝါးခွန်၊ ငါးကြင်း၊ ငါးစင်ရိုင်း၊ ငါးစင်စပ်၊ ပုစွန်၊ ငါးသလောက်၊ ငါးပတ်၊ ငါးရွှန်း၊ ငါးမြွေထိုး။

ဆိတ်နို့၊ ကျွဲနို့၊ နွားနို့၊ ထောပတ်၊ ပိန်းဥ၊ ကိုင်းဥ၊ မျောက်ဥ၊ ကန်စွန်းဥ၊ ဒန့်သလွန်၊ ဥသျှစ်၊ မာလကာ၊ ဒူးရင်း၊ မန်ကျည်းမှည့်၊ ပိုးစာရွက်၊ မုန်လာဥ၊ ကောက်ညှင်း၊ ရွှေဖရုံသီး၊ မြေပဲ၊ ပဲလွန်း၊ ပဲကြီး၊ အုန်းသီး၊ သစ်ကြားသီး၊ စားတော်ပဲ။

✪ အာပေါဓာတ်စာများ ။ ။ ရေကြက်၊ ရေမြွေ၊ ကျွဲသား၊ ကြွံသား၊ ဝက်သုံးထပ်သား၊ လိပ်သား၊ ခရု၊ ကဏန်း၊ ကနားမော၊ ငှိုင်းသား၊ ဘဲသား၊ ငန်းသား၊ ဖားသား၊ ငါးလင်ပန်း၊ ငါးပတ်၊ ငါးဖယ်၊ ငါးသိုင်း၊ ငါးခူ၊ ငါးကျည်း၊ ငါးရံ့၊ ငါးဝက်မ၊ ငါးသင်းအုံ၊ ကကူရံ့၊ ကဘီလူး၊ ကသပေါင်း၊ ကသပိုး၊ ငါးသလဲထိုး။

စပျစ်သီး၊ ဆီးချိုသီး၊ လိမ္မော်သီး၊ ရှောက်ချိုသီး၊ သရက်သီး၊ ဘွားသီး၊ သခွားသီး၊ ကျောက်ဖရုံသီး၊ ဖရဲသီး၊ ကြက်မောက်သီး၊ နာနတ်သီး၊ ပုံလုံသီး၊ သတော်သီး(နှ)၊ ဖီးကြမ်းငုတ်ပျော၊ ကနဖော့၊ မန်ကျည်းသီးစိမ်း၊ လယ်ပဒူ၊ အောင်မဲညို၊ ခဝဲ၊ သပွတ်၊ မင်းဂွတ်သီး၊ ကြက်သွန်နီ၊ ကျောက်ပွင့်၊ ရေညို၊ စားတော်ပဲ၊ ကြဲရည်၊ အုန်းရည်၊ မဲဇလီကြီး၊ ဖလံတောင်ငုံး၊ သရက်ကင်း(ရေ)၊ တော်သလင်းဖူး၊ ဂေါ်ဖီထုပ်၊ နံနံ၊ ဆိပ်ဖူး၊ ပုံးရည်ကြီး။

✦ ဗြိဿရာသီဖွား (ဧပြီလ ၂၁ရက်မှ မေလ ၂၀ရက်အတွင်း မွေးသူ)တို့သည် ဝါယောဓာတ်စာကို အဓိက စားသုံး၍ တေဇောဓာတ်စာကိုများကို လျှော့ပေါ့စားသောက်ပါ။

✪ ဝါယောဓာတ်စာ။ ။ ငါးခုံးမ၊ ငါးမြင်း၊ ငါးမြစ်ချင်း၊ ကဘီလူး၊ ကကတစ်၊ ကြက်ဥ၊ ဘဲဥ၊ လိပ်ဥ၊ ငှက်ဥ။

ကင်ပွန်းရွက်၊ မာလာဖူး၊ ပုတာတ်စာ၊ သရက်ကင်း(ဥ)၊ ခွေးတောက်၊ သပွတ်ခါး၊ ကြောင်လျှာ၊ သတော်သီးရင့်၊ တမာရွက်၊ ရင်းပြား၊ ရှားစောင်းခါး၊ လက်ဖက်၊ ကန့်ကလာ၊ ကြက်ဟင်းခါး၊ မဲဇလီ၊ ဆီးဖြူသီး၊ ဖန်ခါးသီး။

မုန်လာရွက်၊ သခွတ်ပွင့်၊ လက်ပံပွင့်၊ ဆူးပုပ်၊ ကစော့ခါး၊ ကြောင်ပန်းရွက်၊ စပါးလင်း၊ မန်ကျည်းမှည့်၊ ဟင်းနုနယ်၊ မုန်ညင်းစိမ်း။

✪ တေဇောဓာတ်စာ ။ ။ မြွေပွေး၊ မြွေဟောက်သား၊ ငါးပြေး၊ ငါးဖမ်းမ၊ ငါးဘဲန်း၊ ကဘီလူး၊ ကကတစ်၊ ငါးကြင်း၊ ငါးသလောက်၊ ကြောင်သား၊ ကြွက်သား၊ ရှဉ့်သား၊ ကြွက်သား။

ဒူးရင်းသီး၊ ရဲယိုသီး၊ ရဲယိုရွက်၊ သတော်သီးမှည့်၊ ဩဇာသီး၊ စောင်းလျားသီး၊ မရန်းသီး၊ သံပုရာသီး၊ ရှောက်သီး၊ ဆီးချဉ်သီး၊ ဆီးချဉ်သီး၊ ကနစိုသီး၊ လက်လုပ်ချဉ်မျိုးစုံ၊ မုန်လာဥ၊ မွှီ၊ မျှစ်၊ ကြက်သွန်ဖြူ၊ ပိတ်ချင်း၊ ငရုတ်ကောင်း၊ ငရုတ်သီး၊ ကရဝေး။

သစ်ကြံပိုး၊ လေးညင်း၊ ပတဲကော၊ ကန့်ချပ်နီ၊ ပင်စိမ်း၊ ဒန့်သလွန်ရွက်၊ တောင်သလဲရွက်၊ ပေါက်ပန်းဖြူ၊ ပေါက်ပန်းနီ၊ ကြိတ်မှန်ရွက်၊ ဝါရွက်၊ လဲလှရွက်၊ ချဉ်ပေါင်ရွက်၊ ကင်ပွန်းရွက်၊ ဝဉ၊ အင်ဉ၊ ပလောပီနံဥ။

✦ မေထုန်ရာသီဖွား(မေလ ၂၁ရက်မှ ဇွန်လ ၂၀ရက်အတွင်း မွေးသူ)တို့သည် အာပေါဓာတ်စာကို အားပြု၍ ပထဝီဓာတ်စာကို လျှော့ပေါ့ရှောင်ကြဉ်သင့်သည်။

✦ ကရကဋ်ရာသီဖွား(ဇွန်လ ၂၁ ရက်မှ ဇူလိုင်လ ၂၁ရက်အတွင်း မွေးသူ)တို့သည် တေဇောဓာတ်စာကို အဓိက စားသုံး၍ ဝါယောဓာတ်စာများ သတိပြု လျှော့ပေါ့ပါ။

✦ သိဟ်ရာသီဖွား(ဇူလိုင်လ ၂၂ရက်မှ သြဂုတ်လ ၂၁ ရက်အတွင်း မွေးသူ)တို့သည် ပထဝီဓာတ်ကို အဓိက စားသောက်၍ အာပေါဓာတ်စာကို ဆင်ခြင်စားသုံးပါ။

✦ ကန်ရာသီဖွား (သြဂုတ် ၂၂ရက်မှ စက်တင်ဘာ ၂၁ရက်အတွင်း မွေးသူ)တို့သည် ဝါယောဓာတ်စာကို အဓိက စားသုံး၍ တေဇောဓာတ်စာကို သတိထား လျှော့စားပါ။

✦ တူရာသီဖွား(စက်တင်ဘာ ၂၂ ရက်မှ အောက်တိုဘာ ၂၂ရက်အတွင်း မွေးသူ)တို့သည် အာပေါဓာတ်စာကို ဖြည့်စွက်စားသောက်၍ ပထဝီဓာတ်စာကို လျှော့ပေါ့စားသောက်ပါ။

✦ ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂၃ ရက်မှ နိုဝင်ဘာလ ၂၁ရက် အတွင်း မွေးသူ)တို့သည် တေဇောဓာတ်စာကို အားပြုစားသုံး၍ ဝါယောဓာတ်စာကို သတိထား ဆင်ခြင်ပါ။

✦ ဓနုရာသီဖွား(နိုဝင်ဘာ ၂၂ ရက်မှ ဒီဇင်ဘာ ၂၀ရက်အတွင်းမွေးသူ)တို့သည် ပထဝီဓာတ်စာကို အဓိကစားသုံး၍ အာပေါဓာတ်စာကို လျှော့ပေါ့စားသုံးပါ။

✦ မကာရရာသီဖွား(ဒီဇင်ဘာ ၂၁ရက်မှ ဇန်နဝါရီ ၁၉ရက်အတွင်း မွေးသူ)တို့သည် ဝါယောဓာတ်စာကို ဖြည့်စွက်စားသုံး၍ တေဇောဓာတ်စာကို လျှော့ပေါ့ရှောင်ကြဉ်ပါ။

✦ ကုံရာသီဖွား (ဇန်နဝါရီ ၂၀ရက်မှ ဖေဖော်ဝါရီ ၁၈ရက် အတွင်းမွေးသူ)တို့သည် အာပေါဓာတ်စာ အားပြုစားသုံး၍ ပထဝီဓာတ်စာကို ရှောင်ကြဉ် လျှော့ပေါ့ပါ။

✦ မိန်ရာသီ(ဖေဖော်ဝါရီလ ၁၉ ရက်မှ မတ် ၂၀ရက်အတွင်း မွေးသူ)တို့သည် တေဇောဓာတ်စာကို အားပြုစားသုံး၍ ဝါယောဓာတ်စာကို ဆင်ခြင်သုံးဆောင်ပါ။

အာရောဂျဆုလာဘ်နှင့် ပြည့်ဝကြပါစေ

ဆေးသုတေသီ

www.burmeseclassic.com

www.burmeseclassic.com

ထိုက်သိုင်စောကပါ

ယုံစကားပါ ဒိုးကွက်

ရှိသေးစဉ်...

'ဘာဖြစ်လာသလဲ'

ဟု အမေက မေးပါသည်။

'သစ်တိုက်ကအပြန် ချောက်ထဲကျလို့ လူတွေတော့ ဘာမှမဖြစ်ဘူး' ဟု လေးလေးစိန်ကဖြေရာ အဖေရော အမေပါ အံ့အားသင့်သွားကြပါသည်။'

'မောင်ကို မောင်းတာလား'

အဖေက မေးပါသည်။

'မောင်ကိုက တဲမှာနေခဲ့တာ'

လေးလေးစိန်က ဖြေသည်။ မောင်ကို (စာရေးသူက ကိုကိုကြီးဟု ခေါ်သည်)သည် အမေ့တူဝမ်းကွဲ တော်စပ်ပြီး ကားမောင်း စက်ပြင်တတ်သဖြင့် သူ့ကို အားကိုးအားထားကြသည်။ အဖေရော အမေပါ သဘောပေါက်သော်လည်း အမေက သူတူမို့ အပြစ်မမြင်ပါ။

'မင်းက ဘယ်သွားနေလဲ'

အဖေက ဆက်မေးပြန်သည်။

'ကျွန်တော် ရွာထဲသွားတယ်'

လေးလေးစိန်က ဖြေသည့်အခါကြမှ အမေက...

'နင့်ကို ငါပြောထားတယ်။ တဲမှာပဲ နေပါဆို ရွာထဲကို ခဏခဏ သွားနေတယ်'

ဟု သူ့မောင်ဝမ်းကွဲတော်သူကို ဆူပါသည်။

ထိုစဉ်က စာရေးသူသည် ငယ်ရွယ်လွန်ခဲ့သော နှစ်ပေါင်း ငါးဆယ်ကျော်က ဖြစ်သည်။ ပြည်သူ့ပိုင် မသိမ်းသေးခင်ကာလမို့ သစ်ကုန်သည်များသည် အစိုးရက သတ်မှတ်ထားသော ပင်ထောင်ရိုက်ပြီးသား သစ်ကွက်များကို လေလံဆွဲဝယ်၍ ကိုယ်ပိုင်သစ်ခုတ်/ထုတ်နိုင်ကြပါသည်။

စာရေးသူ၏ မိဘများက သစ်ကုန်သည်များ ဖြစ်ကြသည်။ တစ်နေ့တွင် အမေ့မောင်ဝမ်းကွဲဖြစ်သော လေးလေးစိန်သည် ကျောက်ကြီးမှ သဘော်အစုန်ဖြင့် ရောက်လာသည်။

ထိုစဉ်က ကိုယ်ပိုင်ကားဖြင့် သစ်ထုတ်နေချိန် ဖြစ်သည်။ ရွှေကူမြို့ အောက်ဘက်ရှိ ကျောက်ကြီးရွာတွင် ကားစခန်းချထားသည်။ လေးလေးစိန်လာခြင်းမှာ အကြောင်းထူးရှိမည်ကို အဖေနှင့် အမေက အတပ်သိလိုက်သည်။

လေးလေးစိန်ရောက်လာပြီး ထိုင်ခါ

www.burmeseclassic.com

www.burmeseclassic.com

သူ ဖြစ်သည့်အလျောက် အဓိပ္ပာယ် မပေါက်ပါ။ ဘာမဆိုင်ညာမဆိုင် လေးလေးစိန်ကို အမေက ဆူရတယ်ဟု ထင်မိပါသည်။

'နင်မရိုတုံး တဲမှာ ဘာတွေဖြစ်နေကြသလဲ။ မှန်မှန်ပြောစမ်း'

အမေက ဒက်ခနဲဆို သိပြီးဖြစ်သည့် အတွက် အထာနှင့် မေးလိုက်ပါသည်။ စာရေးသူက ဘာမှ နားမလည်ပါ။

'ကျွန်တော်မရိုတုန်း ရွာထဲက ထက်သား တစ်တွဲ လာပို့တယ်။ ယောင်ကိုက တစ်နေရာမှာ ချိတ်ထားလိုက်လို့ ဖျောလို့ ချိတ်ထားခဲ့တယ်။ ကျွန်တော် ရွာထဲကပြန်မှ သိရတာ'

လေးလေးစိန်က ရှင်းပြပါသည်။

'မောင်ကိုက ပြန်ယူသွားလို့ မပြောလိုက်ဘူးလား။ ဝက်သား မစားရတာ သိရဲ့သားနဲ့'

အမေက ဝင်မေးပါသည်။

'ဟုတ်တယ် ကျွန်တော် ပို့ခိုင်းလိုက်တာထင်လို့တဲ့။ မောင်ကိုက စားလဲ မစား၊ ကိုင်လဲမကိုင်တာကို ချိတ်ခိုင်းထားလိုက်တာတဲ့'

လေးလေးစိန် ရှင်းပြပြီးခါရှိသေး...

'တင်ကြိုင် မလာဘူးလား'

ဟု အမေက ဖောက်မေးလိုက်ရာ လေးလေးစိန်သည် ချက်ချင်း မဖြေသေးဘဲ ဖြေရန် စဉ်းစားလိုက်သည်။ ပြီးမှ...

'လာသွားတယ်၊ ကျွန်တော်နဲ့တော့ မတွေ့လိုက်ဘူး'

လေးလေးစိန်က တွေးတွေးဆဆ ဖြေပါသည်။

'ဒါကြောင့် ကားရုံမှာ ကိုရီ မရှိရင် မဖြစ်ဘူး။ ခဏ၊ ခဏ မပြန်ခဲ့နဲ့ ပြောထားတာ၊ အခုတော့ ကိုရီ မရှိတာနဲ့ ဖြစ်ပြီ'

ဟု အမေက အဖေ့အား အပြစ်ချတော့သည်။ အဖေကလဲ...

'ဘာဆိုင်လဲကွာ ငါ့ လာလာခိုက်နေရတာ။ မင့်တူနဲ့ မင့်မောင်ပြောမရတိုင်း ဟင်း...'

ဒေါသထွက်ကာ အမေ့ကို မျက်နှာကြီး နီရဲပြီး ပြန်အော်တော့သည်။ လေးလေးစိန်က ငြိမ်နေသည်။ စာရေးသူက စိတ်ထဲတွင် ကားရုံကို ဝက်သားတွဲ လာပို့တာနှင့် တင်ကြိုင်လာတာနှင့် ဘာဆိုင်သလဲပေါ့။

* * *

အဖေနှင့် လေးလေးစိန်တို့ နောက်နေ့မနက် သင်္ဘောအဆန်ပြင့် ကားစခန်းရှိသော ကျောက်ကြီးရွာသို့ လိုက်သွားကြသည်။ တစ်ပတ်၊ ဆယ်ရက်ခန့်ကြာသောအခါ အဖေပြန်လာသည်။ ကားသည် သစ်တင်ထားလျက် မောင်းလာစဉ် တောင်စောင်းအကွေ့မှာ ဘီးချော်ပြီး ချောက်ထဲ ဘီးတစ်ခြမ်းရောက် ကားစောင်းသွားခြင်း ဖြစ်သည်။

ကံကောင်းထောက်မသည်မို့ လမ်းဘေးတွင် သစ်ပင်ကြီးများရှိသဖြင့် ကားသည် ချောက်ထဲ ထိုးကျမသွားဘဲ သစ်ပင်ကြီးများ မှီပြီး ကန့်လန့် ဖြစ်သွားသည်။ ကားပေါ်ပါလာသော ယောကျ်ား၊ မိန်းမများက ခုန်ချမြန် လိုက်ကြ၍ ဘာမှ မဖြစ်ခဲ့ကြပါ။

ထိုစဉ်က ကျောက်ကြီးတွင် သစ်တိုက်ကားစခန်းများ ရှိကြသည်။ ရွာမှ ယောကျ်ား၊ မိန်းမ ပျိုပျိုရွယ်ရွယ်တို့ တောထဲလိုက်၊ မျှစ်ချိုး၊ မို့ရွာ၊ သက်ငယ်ရိတ်ကြသည်။

အလုပ်နားရသော ညအခါတွင် ရွာထဲရှိ သက်ငယ်ပျစ်ကြသော အပျိုတွေရှိရာသို့ သွားကြ၊ စကားပြောကြသည်။ ဒီလိုနှင့် ကားသမားများနှင့် ရွာထဲရှိ အပျိုများ ရင်းနှီးနေကြပါသည်။ အဲဒီတုန်းကတော့လည်း စိတ်အပန်းဖြေစရာ ပျော်စရာကြီးပေါ့။

နွေရာသီ ကျောင်း နှစ်လပိတ်တော့ စာရေးသူလည်း အဖေနှင့်အတူ ကျောက်ကြီးသို့ လိုက်သွားရသည်။ အဖေက စာရေးသူအား ကားစခန်းတွင် ထားခဲ့ပြီး စာရေးသူအား စပိုင်လုပ်ထားကာ ကသာသို့ ပြန်သွားသည်။

ထိုအခါကျမှ ''တင်ကြိုင်'' ဆိုသူမှာ ရွာမှ အပျိုဟိုင်းကြီးဖြစ်ပြီး ကိုကိုကြီးကို အပိုင်ကြံနေသူ ဖြစ်သည်။ ကိုကိုကြီးက သားနှင့် မယားနှင့် အိမ်ထောင်သည် ဖြစ်သော်လည်း သားမယားများနှင့် ခွဲခွာနေရသည်ဖြစ်၍ ယောကျ်ား ဆိုတော့လည်း...၊ ကိုကိုကြီးက မိုးကုတ်မှ ဖြစ်ပြီး ဇနီး၊ သားသမီးများလည်း ရှိပါသည်။

စာရေးသူက ငယ်သေးသဖြင့် နားမလည် မသိမသာဖြင့် ပ,ထုတ်သည်။ ရွာထဲသို့ သွားခိုင်းသည်။ သို့သော်ကြာတော့လည်း သိရပါသည်။ ကိုယ့်ထက်အကြီးတွေဖြစ်၍ ဘာပြောနိုင်ပါမည်နည်း။ အဖေတို့ အမေတို့က မေးလျှင် ပြန်ပြောလိုက်ပါသည်။

ဝက်သားတွဲကို ကားရုံမှာ လာချိတ်

www.burmeseclassic.com

www.burmeseclassic.com

တာနှင့် ကားက ချောက်ထဲကျတာ ဘာမှ ဆက်စပ်မှုမရှိဟု ထင်သည်။ လေးလေးစိန်ကို မေးကြည့်ရာ....

'မင်္ဂဇေနဲ့ ဟောဂိုတို့ သွားယင်ခဲ့ကြတာပဲ။ ဒီကားက မှန်တွေးက တရုတ်တစ်ယောက် ပိုင်တာတဲ့။ ခင်ဗျားတို့ ဂက်သားမစားကြရင် ဒီကားက ကောင်းတယ်။ စားရင် တစ်ခုခု ဖြစ်တာပဲလို့ ပြောလိုက်သတဲ့။ သူတို့လဲ ဟောဂိုကြီးက ဒီကားကို ဝယ်ခဲ့တာလို့ ပြောတယ်'

ဟု ပြန်ပြောသဖြင့် စာရေးသူ၏ မိဘဝိုင်ကားသည် ဝက်သား မကြိုက်သောကားဖြစ်ကြောင်း သိရပါသည်။

'နိုင်ငံခြားကလာတဲ့ကား မြန်မာနိုင်ငံရောက်မှ ဘယ်နတ်က ဝင်ကပ်ရသလဲ။ ကျွန်တော်တော့ မယုံဘူးဗျာ'

ဟု လေးလေးစိန်ကိုရော၊ အဖေနှင့် အမေတို့ကိုပါ ပြောခဲ့သေးသည်။

သို့ဖြင့် ထိုနှစ် ထိုရာသီ သစ်တိုက် လုပ်ငန်း ပြီးခဲ့ပါပြီ။

* * *

နောက်နှစ်ဆက်၍ ဆောင်းအကုန် နွေဦးတွင် ကျောက်ကြီးရွာ၌ပင် သစ်တိုက်လုပ်ငန်း လုပ်ကြပြန်ပါသည်။ နွေရာသီကျောင်းပိတ်ရက်တွင် စာရေးသူက ကားရံစောင့်အဖြစ် သွားနေရပြန်ပါသည်။

သစ်တိုက်ကား ထွက်သွားသော အခါ စာရေးသူနှင့် လေးလေးစိန်တို့ နှစ်ဦးသာ ကျန်ခဲ့သည်။

တစ်နေ့တွင် ပြန်ရောက်နေကျ အတိုင်း ရောက်မလာ။ နံနက် ဆေလီဆေလင်း လေးနာရီခန့် တောသို့ တက်သွားလျှင် နေ့လယ် ဆယ့်တစ်နာရီ (သို့မဟုတ်) ဆယ့်နှစ်နာရီခန့် ပြန်ရောက်သည်။ သစ်ချပြီး ရေချိုး၊ ထမင်းစားကြသည်။ နေ့လယ် နှစ်နာရီခန့်တွင်

တောသို့ ပြန်တက်ကြသည်။

ထိုနေ့က ကားသံကို နားစွင့်နေရင်းက အချိန် နောက်ကျနေပြီဖြစ်၍ လေးလေးစိန်က...

'ကားက ဘာဖြစ်ပြန်ပြီလဲ'

ဟု ပြောရင်း စိတ်တထင့်ထင့်ဖြင့် စောင့်နေကြပါသည်။ ညနေ လေးနာရီလောက်မှ ပြန်ရောက်လာကြသည်။

ကားက ဘရိတ်ပေါက်ပြီး ရပ်မရတော့ဘဲ ဂီယာနှင့်ထိန်းပြီး မောင်းလာရာမှ တောင်ဆင်းတစ်ခုတွင် လမ်းဘေးရှိ သစ်ပင်ကြီးတစ်ပင်ကို ဝင်တိုက်လိုက်ရသည်။

သစ်လုံးတွေပေါ်မှ လိုက်လာခဲ့ကြသော ရွာက ယောကျ်ားကြီး တစ်ယောက်နှင့် မိန်းမကြီးတစ်ယောက်မှာ ကြောက်အားလန့်အားဖြင့် ခုန်ချရာ တလိမ့်ခေါက်ကွေး ဖြစ်ကုန်ကြသည်။

သစ်တင်သစ်ချလိုက်သော ကားသမားများကတော့ အကြောင်းသိပြီး မကြောက်သဖြင့် ခုန်မချကြပေ။

ခုန်ချသူ ယောကျ်ားကြီးနှင့် မိန်းမကြီးမှာ အနာတရ ဖြစ်ကုန်ကြသည်။ အထူးသဖြင့် ယောကျ်ားကြီးမှာ တော်တော်နှင့် မထနိုင်ပေ။ သူ၏ လွယ်အိတ်ထဲ၌ တောဝက်သား ကျပ်တင်ခြောက် တစ်တုံး ပါလာသည်။

ထိုတောဝက်သားတုံးကို သစ်တင်သစ်ချလိုက်သူ ကိုဖေမောင်က စိတ်တိုတိုနှင့် အဝေးသို့ လွှင့်ပစ်လိုက်သည်။ ကားမောင်းသူ ကိုကိုကြီးက ဘရိတ်ရှူး၊ ဘရိတ်ပိုက်၊ ဘရိတ်ဆီအိုးတို့ကို စစ်ဆေးကြည့်ပြီး ဘရိတ်ပိုက်ကို ဆပ်ပြာနှင့်အုံ၊ အဝတ်စဖြင့် ပတ်စည်းပြီး ကားစခန်းအရောက် တဖြည်းဖြည်း မောင်းလာခဲ့ရသည်။

ခုန်ချလိုက်သည့်အတွက် မထနိုင်သော ယောကျ်ားကြီးကိုလည်း သစ်တုံးများပေါ်သို့ မ,ပြီး တင်ခေါ်ခဲ့ရသည်။

* * *

ဤသို့အားဖြင့် ဝက်သားကြောင့်ဟု ရိုးစွပ်ရသော ဖြစ်ရပ်နှစ်ခုကို စာရေးသူ ကိုယ်တိုင် သိခဲ့ရပါသည်။ မိဘများက ယုံကြည်သော်လည်း စာရေးသူက မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်ရပါသည်။

ကြာခဲ့ပြီဖြစ်သော်လည်း ပြန်လည် တွေးမိတိုင်း ဘဝင်မကျပါ။ အဖေနှင့် အမေတို့က ပြောသည်မှာ ရိုးရောလေ့အရ ယုံကြည်ရာ နတ်တို့ကို စောင့်ရှောက်ပါ၊ မ,စပါ စသည်ဖြင့် အပ်ကြသည်လည်း ရှိသည်။

ဘုရားကန်တော့ပွဲများ တင်ပြီး သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တို့အား အပ်ကြသည်လည်း ရှိသည်။

ထို့ကြောင့် ထိုသို့ အပ်ကြရာတွင် စွဲမှီပြီးနေကြသော နတ်များလည်း ရှိပါလိမ့်မည်။ ဤသို့သော စာရေးသူသည် ယုံထားလိုက်ပါသည်။

အားလုံး ပဃောဂ အနှောင့်အယှက် ကင်းဝေးကြပါစေး

ဇီးကွက်

www.burmeseclassic.com

www.burmeseclassic.com

ခိုးလင်းဝင်းဦး
(မြန်အောင်)

ဆိုးရာဆိုးကြောင်း အသေးများ

ယနေ့ ကျေးလက်ပြည်သူတို့၏ လူမှုနေထိုင်ရေးသည် ရေကြည်ရာ မြက်နုရာဆိုသလို အလုပ်အကိုင် အဆင်ပြေသောနေရာများသို့ ရွှေ့လျား (စီးမျော)နေကြသည်။

မြို့ပြစက်မှုဇုန်များသို့ လည်း ကောင်း၊ မြန်မာနိုင်ငံအောက်ပိုင်းရှိ ဆီအုန်းခြံ၊ ရော်ဘာခြံများသို့ လည်း ကောင်း တချို့ ငွေကြေးအဆင်ပြေသူများ(သို့မဟုတ်) ပွဲစားနှင့်ညှိ၍ ထိုင်း၊ မလေးရှား စင်ကာပူ စသော နိုင်ငံရပ်ခြားများသို့ အလုပ်လုပ်ရန် ထွက်ခွာနေကြသည်။

အဆင်ပြေသွားသူများ ရှိသလို အဆင်မပြေ၍ လူပ်လေမြိုပ်လေ

www.burmeseclassic.com

www.burmeseclassic.com

သဘောမျိုးဖြစ်ကာ ကြွေးတွေထပ်ပြီး တင်သွားသူများလည်း ရှိကြသည်။

နေရာဒေသ အနှံ့အပြား အသီးသီးသို့ သွားရောက် လုပ်ကိုင်ကြရာတွင် ကိုယ့်ရပ်ကိုယ့်ဒေသမဟုတ်၍ နယ်ခံအစောင့်အရှောက်၏ သဘောတရား (သက်ရှိလူများနှင့် မမြင်အပ်သော ပရလောကသား၊ နတ်၊ ကွင်းပိုင်၊ တောင်ပိုင် ဘယ်သူစောင့်သည့် နေရာ၊ ဘယ်ဝါ စောင့်သည့်နေရာ စသဖြင့်)နှင့် ရေ,မြေ,ပထဝီ အနေအထားတို့ကို မသိ မကျွမ်းကျင်၍ ဒုက္ခရောက်ကြရသည်။

ရှေးဘုရင်တို့လက်ထက်က တစ်ဦးတစ်ယောက်ကို မှားပြီး သတ်မိကာ နောင် မှားမှန်းသိ၍ သနားသဖြင့် အပိုင်စားပေးခဲ့သော နေရာ၊ ဘယ်သူတော့ ဒီအင်းကို လုပ်လာတာ သူသေတော့ ဒီအင်းမှာ အင်းစောင့်ကြီးဖြစ်နေတယ်။

ဒီတော့ ဒီတောင်မှာ ဘယ်သူတော့ ခြံလုပ်နေတာ သူသေတော့ တောင်ပိုင်ကြီးဖြစ်နေတယ် စသော နေရာပေါင်းစုံတို့ကို မြန်မာနိုင်ငံအနှံ့အပြားတွင် တွေ့နေရပါသည်။

ဤလို ဖြစ်ရပ်မျိုးကား ဗုဒ္ဓဘာသာကိုးကွယ်သော ကိုယ့်နိုင်ငံတွင် မဟုတ် အခြားဘာသာနှင့် အခြားနိုင်ငံခြားတို့တွင်လည်း ထိုအယူမျိုးတွေ ရှိပါသည်။

ဘုရားဟော တရားတော်အရ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် အုပ်ချုပ်သော ကံတို့ကြောင့်သာလျှင် ဘဝ(ခန္ဓာ)သစ်တို့ ဖြစ်ကြရပါသည်။

ဘုရားရဟန္တာတို့၏ ပြုလုပ်သော ကံကား အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် အုပ်ချုပ်မှု ကင်းလေသောကြောင့် ဘဝ(ခန္ဓာ)သစ်မဖြစ်ရတော့တဲ့ ကုသိုလ်အကုသိုလ်တို့သည် အဟောသိကံ ဖြစ်



ပြီး ဘဝဇာတ် ချုပ်ငြိမ်း ရုပ်သိမ်းသော နိဗ္ဗာန်သို့သာ စံဝင်ရခြင်းဖြစ်ပါသည်။

စာရေးသူအပါအဝင် စာဖတ်သူများပါ ပုထုဇဉ်ပီပီ၊ အဝိဇ္ဇာ၊ တဏှာ ဥပါဒါန်တို့၏ အုပ်ချုပ်မှုအောက်က ကံတွေလုပ်လေသမျှ ဘဝသစ်တွေ ဖြစ်ရဦးမည်သာ ဖြစ်သည်။

ထိုသို့ ဘဝသစ်ဖြစ်ရာတွင်လည်း သုဂတိဘုံတွင်ဖြစ်ပါက ဘုရား၊ တရား၊ သံဃာ(သာသနာ)တော်တို့နှင့် တွေ့နိုင်၍ ကျွတ်လမ်းလွှတ်လမ်း မြင်နိုင်သေးသည်။ အပါယ်လေးဘုံသို့ ကျရောက်သွားလျှင်ကား သုဂတိဘုံသို့ ပြန်ရောက်ရန် အတော် ခဲယဉ်းသွားပေသည်။

ဘဝဇာဏ်ဟူသော အဓိပ္ပါယ်က ဖြစ်လေရာဘဝကို ခင်မင်တွယ်တာတတ်သည့်သဘော ဖြစ်၏။

ဥပမာ...ဝန်ထမ်း၊ သူဌေး၊ ဘုန်းကြီး၊ စာရေးဆရာ၊ အနုပညာရှင်၊ အရောင်းအဝယ်သမား၊ လက်လုပ်လက်စား၊ တစ္ဆေ၊ သရဲ၊ ကွင်းပိုင်၊ တောင်ပိုင်၊ အင်းစောင့်... စသည်ဖြင့် သူတို့ကလည်း ရောက်ရာဘဝသို့ ခင်တွယ်ကြသည်။

ဤကဲ့သို့ ခင်တွယ်နေကြရသည်မှာ အဝိဇ္ဇာတဏှာတို့၏ လက်သည်တရားခံကြောင့်သာ ဖြစ်၏။

လောကီလူသားပီပီ ရောက်ရာဘဝကို ခင်မင်တွယ်တာ ကျင်လည်ကြရာတွင် မိမိပတ်ဝန်းကျင်နှင့် ပြေလည်အောင်၊ အဆင်ပြေအောင် နေကြရသည်။ အဆင်မပြေမှုများရှိပါက ဒုက္ခရောက်ကြရသည်။ ဆင်းရဲဒုက္ခရောက်ကြရသည့် အကြောင်းနှစ်ခုကို အနည်းငယ် တင်ပြချင်ပါသည်။

* * *

'ကျွန်တော့်နာမည် စိုးနိုင်ပါ။ မြန်အောင်မြို့နယ်၊ ခွေးတောက်ကုန်းရွာမှာနေပါတယ်။ အလုပ်ကတော့ လက်လုပ်လက်စားပါ။ သူများအိမ်မှာလဲ စင်ငှား(သူရင်းငှား)ရပါတယ်။

ကျပန်း အလုပ်သမားဆိုတော့ အလုပ်က ပုံမှန်မရှိဘူးလေ။ ဒါကြောင့် သူများအိမ် လယ်လုပ်တော့ တစ်မိုးတွင်း စပါးလေးဆယ်(တင်း)ရတယ်။ မိုးတွင်း အသုံးလိုလို့ ယူသုံးတော့ ငွေရှစ်သောင်းရတယ်။ ကြိုယူတော့ ဈေးနှိမ်တာပေါ့။ စပါးတစ်တင်း နှစ်ထောင်ပဲ ပေးတယ်။

သကြန်ကျော်လောက် ကတည်းက နွားချေးခု၊ ထင်းလုပ်၊ နွားတင်းကုပ်ဆောက်၊ ထင်းစင်မိုးနဲ့ စလုပ်လိုက်ရတာ လယ်စိုက်ပြီးဘဲ့အထိ သုံးလခွဲလောက် လုပ်ရတယ်။ လယ်ပြီးတော့ ကိုယ့်အဝတ်ထုပ် (ကြွပ်ကြွပ်အိတ်) ဆွဲပြီး ဘာတစ်ပြားမှ မကျန်တော့တဲ့ လက်ချည်းပြန်ခဲ့ရတယ်။

အဲ... အိမ်ရှင်(လယ်သမား)က သနားလို့ ပုဆိုးကြမ်းတစ်ထည်၊ အင်္ကျီ (ပုံတိုက်ဆဲက) တစ်ထည်ဝယ်ပြီး ဘောက်ဆူးချတယ်။ အဲဒါနဲ့ တစ်နှစ်ပြီးရော၊ စပါးပေါ်ချိန်ကျ လယ်သမားက စားဖို့တဲ့ ကောက်ညှင်းဆန် တစ်ပြည်၊ နှစ်ပြည် ခေါ်ပေးတယ်။

အဲဒီလို ခေါ်ပေးတော့ ကိုယ်ကလဲ မနေနိုင်ဘူးလေ ကောက်ရိုးလေးဆွဲပေးခဲ့၊ ရေလေးခပ်ပေးခဲ့မှ အိမ်ရှင်ကကြည်ဖြူတယ်။ ဒီလိုနဲ့ သံသရာလည်လာတာ နှစ်ပေါင်း မနည်းတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com

ဒီအလုပ်တွေ စိတ်ကုန်နေတာ ကြာပြီ။ ဒါနဲ့ တစ်နေ့တော့ ယောက်ဖရဲ့ အဆက်အသွယ်နဲ့ ရော်ဘာခြံမှာ အလုပ်, လုပ်ဖို့ သွားရတယ်။

ယောက်ျား လေးထောင်၊ မိန်းမ သုံးထောင်ဆိုတော့ မဆိုးပါဘူး။ တစ်လ တစ်သိန်းနှစ်သောင်းလောက် ရမယ်ပေါ့၊ ဘာပဲဖြစ်ဖြစ် စားပြီး သောက်ပြီး လေး, ငါးခြောက်သောင်း တော့ ကျန်မှာပေါ့။

အလုပ်ဆင်းလို့ လေး, ငါးရက် လောက်ရတော့ ညပိုင်း ထမင်းစားဖို့ ပြင်နေတုန်း... **"ဟော...သူတို့လာပြီ၊ သူတို့လာပြီ"** ဆိုပြီး ထမြေးကြအိုးတွေ၊ ဇလုံတွေ၊ (ဆန်)ဆန်ကောတွေ၊ ဝါးလုံးတွေ တီးကြခေါက်ကြ မီးပုံကြီးထဲ ဝါးဆစ်တွေ ပစ်ထည့်ပြီး ဖောက်ကြတယ်။

ဒီတော့မှ **"ဘာဖြစ်တာလဲ၊ ဘာလာတာလဲ"** မေးတော့မှ **"အဲဒါ ဆင်တွေ လာတာတဲ့"** ဒန်အိုးတွေ ခေါက်ကြဆိုလို့ ထမင်းတွေ အမြန်လုပ်ပြီး တုတ်နဲ့ ခေါက်တာ ထမင်းတွေ မှောက်ကျလို့ နောက်မှ အသစ်ပြန်ချက်စားရတယ်။ ဒန်အိုးတွေလဲ ပိန်တူးကုန်လို့ တူ(ဆိတ်ချို)နဲ့ ထုပြီး ပြန်ဆန့်ရတယ်။

သိပ်မကြာဘူး။ ဆင်တွေ ပြန်လှည့်သွားတယ်။ သူတို့ကို တုတ်တွေ၊ ဓား တွေး၊ လုံတွေနဲ့ မပစ်မခတ်ရာဘူးတဲ့၊ ပစ်ရင်ခတ်ရင် လူကို အန္တရာယ်ပြုတယ်။

သူတို့က အစောင့်အရှောက်ကြီးတယ်တဲ့၊ ဆင်ကို ဘာကောင်က စောင့်တယ် မသိဘူး။ ကျွန်တော်လဲ မမေးရဲလို့ မမေးလိုက်ဘူး။

ဆင်တွေက ကလေးကို ချစ်တယ်တဲ့၊ ဆင်တွေလာရင် ကလေးတွေကို အသံမကြား (ငိုသံမကြား)ရအောင် ပါးစပ်တွေ ပိတ်ထား နို့တွေ အတင်း ချပ်တိုက်ထားရတယ်။

နို့မို့ သူတို့က ကလေးသံကြားရင် ကလေးဆီလာပြီး ကလေးကို ပွတ်သီး ပွတ်သပ်နဲ့ ဆော့(မြူ)နေရော သတ်တော့ မပစ်ဘူး။ လူကြီးတွေကတော့ လွတ်အောင်ပြေးရတယ်။

နောက် ဆယ်ရက်လောက်ကြာတော့ တစ်ခါ လာပြန်တယ်၊ ဒန်အိုးတွေခေါက် ဝါးဆစ်တွေဖောက်ပေါ့ဗျာ။ အမျိုးမျိုး အသံပေးကြတာပေါ့။ သူတို့က ပြန်ချင်ယောင်ဆောင်ပြီး တစ်ဖက်ကနေ ပြန်လှာတာဗျ။

အိမ်တစ်အိမ်က ဆန်အိုးထဲကို နှာမောင်းနဲ့ ဆန်တွေ လှမ်းနှိုက်နေတာ အိမ်ရှင်အမျိုးသမီးက မြင်တယ်။ ဆင်နှာမောင်းကို ဖြတ်ရိုက်လိုက်တာ အဲဒီဆင်က လန့်အော်တော့ ဘေးက ဆင်တွေ ဝိုင်းလာပြီး အဲဒီမိန်းမကို နင်းသတ်၊ ကျန်တဲ့ တဲ(အိမ်)တွေကိုပါ နှင်း, ပစ်တာ စာစီတဲတန်းလုံး ပြားချပ်ကုန်ရော။ လူတွေလား လူတွေကတော့ လွတ်ရာကို ခွေးပြေးတက်ပြေးပြေးရတာပေါ့ဗျာ။ အဲဒီညည ထမင်းကို ငတ်ရော...

ဆင်တွေက ခဏခဏလာတာဆိုပဲဗျာ။ အဲဒါနဲ့ ရတဲ့ပိုက်ဆံလေး ကြွေးတွေဆပ်ပြီး ပြန်လာတာ အိမ်ကို တစ်ပြားမှ မပါဘူး။ ပြောပါတော့၊ အဲ... ရွာမှာပဲ သူရင်းငှားဘဝမှာ ကျင်လည်ရဦးတော့မှာပေါ့ဗျာ'

* * *

- ခြံ(ယာ)တွေ လုပ်ကိုင် စားနေရတာ ဘာမှ မကြီးမွားလို့ ရှိတာတွေ ထုခွဲ ဖဲပါင်နဲ့ ရှာဖွေလို့ မင်္ဂလေးရှားကို အလုပ် လုပ်ဖို့ သွားတာလေ...

သိတဲ့အတိုင်းပဲ... ကိုယ့်မှာ ကွဲ, နွားမရှိတော့ စက်နဲ့ ငှားထိုး မျိုး(မြေပဲ)ပဲ ဝယ်ရတယ်။ ပြောင်း(ဖူး) စိုက်တော့ရော နွားချေးဝယ်ရ၊ ဓာတ်မြေဩဇာဝယ်ရ မြေတင်ခနဲ့ ဘာကျန်လို့လဲ ကိုယ့်မှာ မရှိရင် ဓာတ်မြေဩဇာ အကြွေးဝယ်၊ အတိုးနဲ့မှတ် မြေပဲတင်း တိုးပေးယူ စိုက်တော့ ဆယ်တင်းဟူရင် တင်းနှစ်ဆယ်ပြန်ပေးရတာနဲ့ ဘာကျန်တော့မှာလဲ။

ဒီကြားထဲ မိုးခေါင်ရင် ကြေးတင်ပြန်ရော၊ ဒါနဲ့ခြံတွေကို စိတ်ပျက်ပြီး မလေးကို သွားလုပ်တာ။

သူငယ်ချင်းတွေရှိတယ်။ တစ်လကို နှစ်သိန်းလောက် အိမ်ကို တင်ပေးကြတော့ တစ်နှစ်ဆို နှစ်ဆယ်ကျော်ပေါ့။ အဲဒါနဲ့ မလေးကို သွားဖြစ်တာ။

လုပ်ရတော်တော့ တောစပ်မှာပေါ့။ အစောင့်အရှောက် ဘာညာကွိုကွလား မယုံဘူး၊ ကြောက်လဲ မကြောက်ဘူး။ မကြောက်လို့လဲ ကျွန်တော်တို့ လင်မယားနှစ်ယောက် အင်မတန် နာမည်ကြီးတဲ့ အော်ရော ညောင်ပင်ကြီး(အော်ရောဂုက်များရှိ၍) အောက်မှာ နှစ်ယောက်တည်း နေတာပေါ့ဗျာ။

ညောင်ပင်ကြီးကလဲ ရွာပေါ်ကျော် နေတာ ကြောက်လဲ ကြောက်စရာကြီးပေါ့။ ဒါပေမယ့် ကျွန်တော်က မကြောက်လို့ မယုံလို့ နေတာလေ။

အဲ... ဒါပေမယ့် ရွှေရင်ကျော်ဂိုဏ်း ကိုတော့ ယုံတယ်။ အဖေကလဲ ရွှေရင်ကျော်ဂိုဏ်းဝင်၊ ကျွန်တော်ကလဲ

www.burmeseclassic.com

www.burmeseclassic.com

ရွှေရင်ကျော်ဂိုဏ်းဝင်ပဲ၊ အဘဘိုးတော်တွေက စောင့်ရှောက်တယ် ဆိုတာတော့ ယုံတယ်ဗျာ။

ဓလေးကိုရောက်တော့ ကြောက်ခြင်မှာ လုပ်ရတယ်။ ညတိုင်း ကြောက်သူခိုးတွေ လာတယ်ဗျ။ တောစပ်နားမှာဆိုတော့ အလွယ်တကူ ဝင်ခိုးတာပေါ့ဗျာ။

တစ်နေ့တော့ သူခိုးနှစ်ယောက် ကျွန်တော့်လက်ချက်နဲ့ မိသွားတော့ သူဌေးက ယုံပြီး သူ့အိမ်မှာ လူယုံတော် အဖြစ် ခေါ်ထားလိုက်ရော။

သူတို့က လိပ်ဆိုရင် လာဘ်ကောင်တဲ့။ အရေးတယူထားတာ၊ တမွှန်တမြိတ်ထားတာ၊ လိပ်တွေကလဲ သိပ်ပေါတာ။ ဝယ်သူတွေလဲ ရှိတယ်။ ဈေးကောင်းတယ်။ လိပ်တွေကို မဖမ်းရဘူးတဲ့၊ လိပ်တွေကို ဖမ်းရင် အန္တရာယ်နဲ့ တွေ့ရတယ်လို့ ပြောတယ်။

ကျွန်တော်က အယုံအကြည်မရှိဘူးလေ၊ လိပ်တွေ ဖမ်း၊ ဖမ်းပြီး ခိုးရောင်းတာပေါ့။ တစ်နေ့တော့ လိပ်တွေ ဖမ်းရောင်းတာ သူဌေးနဲ့ တွေ့(မိ)သွားတယ်။

'ဟဲ့ကောင်လေး... ယုပ်နဲ့တဲ့ မင်းတော့ အကွေ့ရောက်မှာပဲ မင်းသတိထားနေ'

လို့ ပြောပါလေရော။

ညဲနေပိုင်း တစ်နေ့ သူငယ်ချင်း တစ်ယောက်က...

'ဟေ့...နိုင်လင်းထွန်း လာဦးကွ... မြန်မြန်လာကွ။ တို့မြန်မာ့တပ်မတော်နဲ့ ဖုန်ကြားရှင်အဖွဲ့ လောက်ကိုင်မှာ ချနေတာ ကြည့်ချင်ရင် အမြန်လာကွ။ လိုင်းပေါ်တက်လာတယ်'

ဆိုလို့ တောစပ်ဘေးနားက ပြေးအသွားမှာ တောထဲက ပြေးထွက်လာတဲ့ မြွေတစ်ကောင်ကို မရှောင်နိုင်ဘဲ တက်နင်းမိပါရော။

သူ့နင်းမိတော့ ကိုက်တာပေါ့။ မြွေကို သူငယ်ချင်းတွေက သတ်ပြီး ဟန်းဆက်နဲ့ မြွေကို ရိုက်ထားတယ်။ ခုတော့ စက်လေးလို့ ဖျက်ပစ်လိုက်ပြီ မြွေကိုက်တာ မကြောက်ပါဘူး။ ကျွန်တော်က ရွှေရင်ကျော်ပဲ ပျောက်တယ်။ ဒါပေမယ့် သူဌေးက ဆေးကုပေးပါတယ်။ ကျွန်တော်ကတော့ ယုံတယ် သူ ကုမပေးလဲ မြွေဆိပ်မတက်ဘူးဆိုတာ သိနေတယ်။

ကျွန်တော်တို့ဆီမှာ ဒီလိုမြွေမျိုး တစ်ခါမှ မမြင်ဖူးဘူးလို့ သူဌေးကို မေးကြည့်တော့ **"နတ်တိုက်တာတဲ့၊ အဲဒါ နတ်မြွေတဲ့ဗျ"**။

မည်သို့ပင်ဆိုပစေ ရိုးရိုးမြွေပဲ ဖြစ်စေ၊ နတ်မြွေပဲ ဖြစ်စေ သူတို့ ပိုင်ရာဆိုင်ရာဒေသမှာ ရောမ,ရောက်ရင် ရောမ,လို ကျင့်မှ အန္တရာယ်ကင်းနိုင်ပါကြောင်း သင်ခန်းစာရစေရန် တင်ပြလိုက်ခြင်းဖြစ်ပါသည်။

ဝန်ခံချက်။ ။မြန်အောင်မြို့နယ်၊ ရွေးတောက်ကုန်းရွာမှ စိုးနိုင်နှင့် ကုန်းတလုံးရွာမှ နိုင်လင်းထွန်းတို့၏ တကယ့်အဖြစ်အပျက်များသာ ဖြစ်ပါကြောင်း။



သမ္မာဆန္ဒ ပြည်ဝကြယ်စေး

စိုးလင်းအောင်(မြန်အောင်)

စာမျက်နှာ (၁၀၄)မှ အဆက်

ဟစ်ကြ၊ စကြ၊ နောက်ကြနဲ့ အရှိန်မထိန်းနိုင်တဲ့ နောင်နောင့်ဆိုင်ကယ်က သစ်ပင်ကြီးကို ဝင်အောင်းပါတော့တယ်။

နောက်မှာထိုင်တဲ့ သူငယ်ချင်းရော နောင်နောင်ပါ လွင့်စဉ်ကျပြီး နေရာမှာပဲ ပွဲချင်းပြီး သေဆုံးသွားကြတယ်။ အသက်နှစ်ဆယ်ကျော်သာ ရှိသေးတဲ့ သားသမီးတွေအတွက် မိဘများ ရင်ကွဲပက်လက် ဖြစ်ကြရတာပေါ့။

ရက်လည်ဆွမ်းသွတ်ပြီးတဲ့ ညမှာ နောင်နောင့် မိခင်ကအိပ်မက်တစ်ခုမြင်မက်ခဲ့တယ်။ အိပ်မက်ထဲမှာ နောင်နောင်က...

'မေမေ...သားကိုကူညီ။ အဲဒီသစ်ပင်ကြီးမှာ သားမရှည်းကျန်ခဲ့တယ်။ သားမရှည်းကို သွားယူပေးပါ မေမေရယ်'

လို့ ပြောပြီး ပျောက်ကွယ်သွားတယ်။ နောင်နောင့်မိခင်လဲ "ဘာ မရှည်းလဲ သားရယ်" လို့တောင် မေးချိန်မရလိုက်ဘဲ လန့်နိုးသွားခဲ့တယ်။

နောက်နေ့မနက်မှာ မိဘအရာရှိများနဲ့ နောင်နောင့်သူငယ်ချင်းများ သစ်ပင်ကြီးဆီ သွားခဲ့ကြတယ်။ အနီးဝန်းကျင်မှာ မရှည်းတစ်ခုမှ ရှာမတွေ့တဲ့ သစ်ပင်ကြီးရဲ့ ပင်စည်ထဲတွင် နစ်မြုပ်ပြီး ပုဂ္ဂိုလ်ဆိတ်များ တက်နေတဲ့ နောင်နောင်ရဲ့ အရိုးစလေးကို တွေ့ခဲ့ကြတယ်။

မိခင်မှာ ယူကျုံးမရဖြစ်ပြီး ဝမ်းနည်းကြောကွဲစိတ်ကြောင့် သတိလစ်မေ့မြောသွားခဲ့တယ်။ နောင်နောင်ဖခင်နဲ့ သူငယ်ချင်းများက အရိုးစလေးကိုယူပြီး နောင်နောင့်မြေပုံပေါ်သို့ သွားရောက်ပို့ဆောင်ပေးခဲ့ကြတယ်။

'ဖြစ်လေရာ ဘဝတိုများ ငါတို့သူငယ်ချင်း ဒီလိုအဖြစ်ဆိုးနဲ့ မကြုံတွေ့ရပါစေနဲ့လို့ ဆုတောင်းပေးလိုက်ပါတယ်ကွာ'

ယခုအချိန်တွင် လူဆယ်ယောက် တိတိရဲ့ ဝိညာဉ်စွန့်ခွာခဲ့ရာ နေရာရှိ သစ်ပင်ကြီးမှာ မရှိတော့ပါ။ နေဖြူမြို့မှ ဆရာတော်၊ သံဃာတော်များနဲ့ မြို့ပြည်ဖများမှ ယင်းနေရာတွင် အန္တရာယ်ကင်း ဟရိတ်တရားတော်များ ရွတ်ဖတ်မှုတော်ရှိ မြင်အပ် မမြင်အပ်သော ပုဂ္ဂိုလ်သတ္တဝါများအားနှင်ထုတ်ဖယ်ရှားပြီး ယင်းသစ်ပင်ကြီးကို အမြစ်မှ ခုတ်လှဲထိုက်ပြုဖြစ်ပါတယ်။

သစ်ပင်ကြီးမရှိတော့သော်လဲ ထိုနေရာတွင် **"အန္တရာယ်ကွေ့"** ဆိုသော ဆိုင်းဘုတ်လေးက တာဝန်ကျေမှုနှစ်စွာ သတိပေးလျက် ရှိပါတယ်။ လူတိုင်းသည် စည်းကမ်းရှိစွာနဲ့ သတိတရား လက်ကိုင်ထားမှသာလျှင် အန္တရာယ်ကင်းရှင် လိုရာခရီးသို့ အဆင်ပြေချောမွေ့စွာ ရောက်နိုင်ပေမည်။

ခင်သစ္စာ(ဆက်သွယ်ရေး)

www.burmeseclassic.com

www.burmeseclassic.com

ဒဂုံသစ္စာ
(ဆက်သွယ်ရေး)

သားပဝေဏီးလေး ယူဒေးပါ

BURMESE CLASSIC .com

"ဝိ...ဝိ...ဝိ..ဝိ" ဆိုတဲ့ လူနာတင် ယာဉ်ရဲ့ အသံကို ကြားတိုင်း ဘယ်သူ ဘယ်ဖြစ်ပြန်ပြီလဲဆိုတဲ့ စိုးရိမ်စိတ် ကလေး ဖြစ်မိတာအမှန်ပါ။

အခုရက်ထဲ ဒီအသံကို မကြာခဏ ကြားနေရပြီး ဖြစ်လိုက်တဲ့ ဆိုင်ကယ် အက်ဆီးဒင့်၊ ကားအက်ဆီးဒင့်။ မြင်လိုက်ရတဲ့ မြင်ကွင်းတွေက သွေးသံရဲရဲ အနီဘုံတွေ၊ ကြားလိုက်ရတဲ့ သတင်းတွေက စိတ်မချမ်းမြေ့ဖွယ် အမင်္ဂလာ သတင်းတွေ။

ဒီလထဲမှာ ဒီလိုသတင်းတွေ ဆက်တိုက်ကြားနေရပြီး ယာဉ်မတော် တဆူမှုတွေကလဲ တရားရုံးမှာ ဒုန့်ဒေး။

ကျွန်မ နေထိုင်တဲ့ ဓနုဖြူမြို့နဲ့ ဇလွန်မြို့က (၁၆)မိုင်သာ ကွာဝေးပြီး အသစ်ဝင်းထားတဲ့ လမ်းမကြီးကလဲ သာယာချောမွေ့နေတော့ ဆိုင်ကယ်တွေ၊ ကားတွေကို အရှိန်ပြင်းစွာ မောင်းနှင်နေကြတာကြောင့်လား၊ ဒါမှမဟုတ် အန္တရာယ်ကွေ့လို့ခေါ်တဲ့ အဲဒီ နေရာကပဲ ခြောက်လှန့်နေလို့လား ဝေခွဲမရအောင် ဖြစ်ရပါတယ်။

ဓနုဖြူမြို့နဲ့ (၂)မိုင် အကွာလောက်မှာ လယ်ဦးရွာဆိုတာရှိတယ်။ အဲဒီ အနားက အန္တရာယ်ကွေ့ကို လယ်ဦးကွေ့လို့လဲ ခေါ်ကြတယ်။ ဂယ်ကွေ့ကြီး မဟုတ်ပေမယ့် တစ်တောင်ဆစ်ချိုးကွေ့တစ်ခုပေါ့။

ကွေ့နားမှာ အလွန်ကြီးမားတဲ့ ကုက္ကိုပင်ကြီးတစ်ပင်ရှိတယ်။ ပြီးတော့ လမ်းဘေးမှာ တန်းစီ စိုက်ပျိုးထားတဲ့ မလေးရှား ပိတောက်ပင်တွေလဲ ရှိတယ်။ ကားတွေ၊ ဆိုင်ကယ်တွေက အရှိန်မထိန်းနိုင်ဘဲ ကုက္ကိုပင်ကြီးကို ဝင်တိုက်ပြီး သေလိုက်ကြတဲ့လူတွေ မနည်း။ ခုဆို ဆယ်ယောက်တိတိရှိပြီပေါ့။ ဒါကြောင့် တချို့က ဒီကုက္ကိုပင်ကြီးကို မရဏာသစ်ပင်လို့တောင် ခေါ်ကြတယ်။

ဓနုဖြူနဲ့ ဇလွန်အကြားက လယ်ဦးကွေ့နားရောက်ရင် ကြက်သီးမွေးညင်း ထတဲ့အထိ ကြောက်ရွံ့နေကြတယ်။ လူတွေက စည်းကမ်းမဲ့ မောင်းနှင်ကြလို့ အန္တရာယ်ကြုံတွေ့ရပေမယ့် ကုက္ကိုပင်ကြီးမှာ မမြင်ရတဲ့ ဝိညာဉ်တွေ ရှိနေတယ်လို့ လူအများက ထင်မြင်ယူဆကြတယ်။

တစ်နေ့ ဇလွန်မှ ဘုရားဖူးပြီးပြန်လာတဲ့ နောင်နောင်တို့ သူငယ်ချင်းတစ်ရုံး လူခြောက်ယောက် ဆိုင်ကယ်သုံးစီးနဲ့ ပေါ့။ လူငယ်သဘာဝ ပေါ့အော်ကြ၊

စာမျက်နှာ (၃၀၃) သို့

www.burmeseclassic.com

www.burmeseclassic.com

ပြဒါးသေ ရွေ ရသာယနအားဆေးကြိုး

ရောဂါဝေဒနာဖြစ်စေသော လိုဗီးလွန်မီးများကို ပြဒါးသေရွေ၏ သတ္တိဖြင့် လူသား၏ ကျန်းမာမှုကိုပေးစွမ်းနိုင်သော ဥသွာအန္တေဂတ် ရရှိစေကာ သမဝမ်းမီးအဖြစ် ပြောင်းလဲပေးနိုင်သဖြင့် အစာကြေ၊ အစာကျက်၊ ခံတွင်းလိုက် အရသာပေါ် စားဝင်ကောင်းမှုများ ဖြစ်ပေါ်ခြင်း၊ ဓာတ်စင်ဓာတ်ကောင်းများဖြစ်ပေါ်ခြင်း၊ သွေးအား၊ သားအား၊ သုက်အား၊ ဓာတ်အား၊ ကိုယ်ခံစွမ်းအား၊ ကာမအားများ ထူးခြားစွာ တိုးတက်ခြင်း၊ အရွယ်နုပျိုရုပ်ရည်လှပ စိုပြည်လာခြင်း၊ ကိုယ်တွင်ဖြစ်သောရောဂါ၊ စိတ်တွင်ဖြစ်သောရောဂါများကို ပျောက်ကင်းစေခြင်း၊ သတိမှတ်ဉာဏ်၊ ပညာဉာဏ် အတွေးအခေါ် အရည်အသွေးတိုးတက်ဖွာခြင်း မသန့်သောဓာတ်များကြောင့် ရရှိလာသော ဘေးထွက်ဆိုးကျိုးများကို ရှင်းပေးခြင်း မျက်စိအမြင်စွမ်းအား တိုးတက်ခြင်းစသော ကောင်းကျိုးတရားများကို ရရှိနိုင်သည်။

ပြဒါးသေ၏ အကျိုးတရားများနှင့် ရသာယနအားဆေးကို မစားမီ လိုက်နာရန် လိုအပ်ချက်များကို မြန်မာ့အာယုဗွေဒ သိမ်ဖြူဆရာတော် အရှင်နာဂသေနာဘိဝံသ၏ ဓာတ်သမုဒ္ဒရာကျမ်းကြီးနှင့် ဆရာအောင်၏ ဓာတ်လေးပါးအဖွင့် ဆေးကျမ်းကြီးများမှ ကောက်နှုတ်ပြီး **Shwe Pyar Thati Reinforcing Foundation fb** နှင့် **Sa Sa U Kyaw Myint Fb** များမှာ ဖော်ပြထားပါသည်။

[နေ့စဉ် စားသုံးမှုပြုနေပါက (၃)လတွင် ပြောင်းလဲမှုကို တွေ့ရမည်ဖြစ်ပြီး တစ်နှစ်ပြည့်ပါက သိသာထူးခြားစွာ ပြောင်းလဲနေမည်ကို ကိုယ်တိုင်ကိုယ်ကျ တွေ့ရပါမည်။]

ထွက်ရပ်ပေါက်ဆရာတော် ဦးကောဇ္ဇာညာ၏ ရွှေဓာတ်လုံးကို-လုံထဲထည့်ပါသည်။ ဓာတ်လုံးပေါ်တွင် ပြဒါးရည်တစ်မတ်သားတင်ပြီး ဖော်မံကာ ဖွဲမီးဖြင့် ကိုယ်တိုင်မီးပေးခဲ့သည်။ ညနေ(၆)နာရီတွင် မီးပေး၊ နံနက်(၇)နာရီတွင် ထုတ်ယူလိုက်တဲ့အခါ ရာဇမတ်ကွက်ပုံ ရွှေတစ်မတ်သား ကျလာပါတယ်။ ပြဒါးရည်ထဲ ထည့်တော့ ပြဒါးရည်မှာ ငုတ်သွားပါသည်။ နောက်ပြဒါးရည် တစ်မတ်သား ထပ်မံတင်ပြီး ဒုတိယအကြိမ် မီးပေးပါသည်။ နောက်ထပ် တစ်မတ်သား ကျလာပါသည်။ ရာဇမတ်ကွက်ပုံ ဖြစ်ပါတယ်။ ပုံထဲမှာ အောက်က ပြဒါးဓာတ်လုံးဖြစ်ပါသည်။ ပြဒါးနီရွှေဓာတ်လုံး၊ အပေါ်ကကြေးကနေ ဖြစ်လာတဲ့ ဇမ္ဗူရာဇ ရွှေဓာတ်လုံးဖြစ်ပါသည်။

(ဆေးစားနေသောသူများ သွေးအားပြည့်အောင် စောင့်ရှောက်နေထိုင်နည်းစာအုပ် လက်ဆောင်ပေးသည်။) ***အိမ်အရောက် ပို့ပေးသည်။***

တစ်လစာ ၂၀၀၀၀/ကျပ်

(မြန်မာ့အာယုဗွေဒ သိမ်ဖြူဆရာတော် အရှင်နာဂသေနာဘိဝံသ၏ တပည့်)

ရွှေပြာသတ္တိ စစဦးကျော်မြင့်(တ/ဆ ၂၈၉၂၊ B.A, C.T.M.P) စစတိုင်းရင်းအထူးကုဆေးခန်း

အမှတ် -၅၂၄၊ မော်ဘီလမ်း၊ (၇)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့

ဖုန်း - ၀၉ ၅၁၅၆၁၃၆၊ ၀၉ ၂၅၄၀၇၅၀၃၅၊ ၀၁ ၉၆၉၉၇၇၉

www.burmeseclassic.com